ကျောင်းသားအများဆောင်

ရွှေလက်ဆောင်

# စာရေးခြင်းစုံ ၁၀၀

တက္ကသိုလ်
အသီးသီးမှ
ဆရာကြီး၊
ဆရာမကြီး
၁၄ ဦး၏

အတွေးစုံ၊
အရေးစုံ၊
လက်ရာစုံတဲ့
စာရေးစုံ ၁၀၀

ဒေါ်ခင်မြင့်ကြည်
တွဲဖက်ပါမောက္ခ(ငြိမ်း)မြန်မာစာ
စီစဉ်သည်၊

ကျောင်းသားအများဆောင်

# ရွှေလက်ဆောင်

တက္ကသိုလ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီး ၁၄ ဦး၏

# စာရေးစဉ်စုံ ၁၀၀

၁။ ဦးထွန်းသန်း ပါမောက္ခ (ငြိမ်း) မြန်မာစာ ရန်ကုန်ပညာရေးတက္ကသိုလ်
၂။ ဒေါ်ခင်သန်းဦး ပါမောက္ခ၊ ဌာနမှူး မြန်မာစာ၊ ပုသိမ်တက္ကသိုလ်
၃။ ဦးလှမြင့် ပါမောက္ခ (ငြိမ်း) မြန်မာစာ ရေနံချောင်းဒီဂရီကောလိပ်
၄။ ဒေါ်ခင်ထားမေ(မေသူထား) ပါမောက္ခ(ငြိမ်း) မြန်မာစာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
၅။ ဒေါ်လှလှဌေး ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) မြန်မာစာ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်
၆။ ဒေါ်ခင်စုစုလှိုင် ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) မြန်မာစာ ဒဂုံတက္ကသိုလ်
၇။ ဒေါ်ညွန့်ညွန့်ဝေ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) မြန်မာစာ လှိုင်ကော်တက္ကသိုလ်
၈။ ဒေါ်ခင်ထားရီ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ရန်ကုန်စီးပွားရေးတက္ကသိုလ်
၉။ ဒေါက်တာလှလှအောင် ပါမောက္ခ၊ မြန်မာစာ ဘားအံတက္ကသိုလ်
၁၀။ ဒေါ်ခင်မြင့်ကြည် တွဲဖက်ပါမောက္ခ(ငြိမ်း)၊ မြန်မာစာ တောင်ငူတက္ကသိုလ်
၁၁။ ဒေါ်ချိုချို တွဲဖက်ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) မြန်မာစာ မိတ္ထီလာတက္ကသိုလ်
၁၂။ ဒေါ်လင်းဝေရည် ပါမောက္ခ၊ မြန်မာစာ ဘားအံတက္ကသိုလ်
၁၃။ ဦးအောင်ကျော်မင်း တွဲဖက်ပါမောက္ခ(ငြိမ်း) မြစ်ကြီးနားတက္ကသိုလ်
၁၄။ ဒေါ်မိုးသီတာနှင်း ကထိက ပုသိမ်တက္ကသိုလ်

KYAW KYAW WIN

ရွှေလက်ဆောင်
စာပေဖြန့်ချိရေး
အမှတ်-၂၃၃/၂၃၅(၃၂)လမ်းအထက်။ ဖုန်း - ၃၇၉၀၂၂၊ ၃၇၅၃၅၇၊ ၃၇၄၆၃၈
အမှတ်-၄၄၈၊ရွှေဘုံသာလမ်းအထက်။ ဖုန်း - ၀၁ ၃၇၅၂၄၃။

ကျောင်းသားအများဆောင်

ရွှေလက်ဆောင်

တက္ကသိုလ်အသီးသီးမှ ဆရာကြီး၊ ဆရာမကြီး ၁၄ ဦး၏

# စာရောင်စုံ ၁၀၀

တက္ကသိုလ်စုံမှ ပါမောက္ခ ဆရာ၊ ဆရာမကြီးများ၏
လုပ်သက်တစ်လျှောက် ဖတ်မှတ်စုဆောင်းထားသော
သုတစုံစုံ၊ အချက်အလက်စုံစုံ အတွေးသွက် အရေးသွက်
စာစီစာကုံးကောင်းများ

ရွှေလက်ဆောင်
စာပေဖြန့်ချိရေး
အမှတ်-၂၃၃/၂၃၅၊ (၃၂)လမ်းအထက်။
ဖုန်း - ၀၁ ၃၈၉၀၂၂၊ ၃၇၅၃၅၇၊ ၃၇၄၆၃၈
အမှတ်-၄၄၈၊ ရွှေဘုံသာလမ်းအထက်
ဖုန်း - ၀၁ ၃၇၅၂၄၃

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စိစစ်ထုတ်ဝေသူ | ဦးအောင်မြင့် (၀၀၆၆၈) |
| | ၁၀၃၊ ၉၂လမ်း၊ |
| | မင်္ဂလာတောင်ညွန့် |
| ရွှေလက်ဆောင်မှတ်ပုံတင် | ၃၁၂၃/၂၀၀၃ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ရွှေလက်ဆောင် စာပေ |
| | အော့(ဖ်)ဆက် (၀၁၃၇၈) |
| | အမှတ် (၃၀/၃၁)၊ မင်းသိဒ္ဓိကျော်စွာလမ်း |
| | စက်မှုဇုန် (၂)၊ ဒဂုံဆိပ်ကမ်းစက်မှုမြို့။ |
| မျက်နှာဖုံး | ကျော်ကျော်ဝင်း |
| ကွန်ပျူတာစာစီ | ရွှေလက်ဆောင် |
| ဖြန့်ချိရေး | ရွှေလက်ဆောင် စာပေ |
| | အမှတ် ၂၃၃/၂၃၅၊ ၃၂ လမ်း (အထက်) |
| ဖုန်း | ၀၁-၃၈၉၀၂၂၊ ၃၇၅၃၅၇၊ ၃၇၄၆၃၈ |
| | အမှတ်၄၄၈၊ ရွှေဘုံသာလမ်း (အထက်) |
| ဖုန်း | ၀၁-၃၇၅၂၄၃ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| ထုတ်ဝေခြင်း | ၂၀၁၈၊ ဧပြီလ |
| အုပ်ရေ | ၁၀၀၀ |

တန်ဖိုး ၃၀၀၀ ကျပ်

# အမှာစာ

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာမေးခွန်းလွှာတွင် အမှတ်အများဆုံးပေးထားသော စာစီစာကုံးကို ထူးချွန်အမှတ်ရအောင် ဖြေဆိုစီကုံးနိုင်တတ်ရန်ရည်ရွယ်၍ မြန်မာစာသင် ဆရာကြီး၊ ဆရာမကြီး (၁၇) ဦး၏ အဖတ်အမှတ် အတွေးအမြင်စုံ၊ ဗဟုသုတစုံတို့မှ အနှစ်ထုတ်၊ ဉာဏ်ဆီညှစ် ရေးသားစီကုံးထားသော စာစီစာကုံး အပုဒ် (၈၀)ကို ၂၀၁၄ အောက်တိုဘာလ တွင် "လက်ရာမွန်စာစီစာကုံးများ" အမည်ဖြင့် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် မြန်မာစာသင် ဆရာကြီး၊ ဆရာမကြီး (၁၄)ဦး၏ စာစီစာကုံး အပုဒ် (၁၀၀)ကို စုစည်းထုတ်ဝေလိုက်ပါသည်။ ခေါင်းစဉ်တူသော်လည်း ရေးသူမတူသဖြင့် အချက်အလက် အတွေးအမြင်ရှုထောင့်မတူ၊ စီကုံးဟန်မတူ ကွဲပြားခြားနားနေပါသည်။ သုတစုံစုံ၊ အတွေးနှင့်အရေးအသား အတင်အပြစုံစုံတို့ကို လေ့လာမှတ်ယူနည်းမှီးစေလိုသော စေတနာမွန် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

နည်းမှီးအတုယူဖွယ် စာစီစာကုံးကောင်းများကို ဖတ်မှတ်လေ့လာနည်းယူသူတိုင်း တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာ စာစီစာကုံးမေးခွန်းတွင် ထူးချွန်မှတ်ရအောင် စီကုံးနိုင်ပြီး ဂုဏ်ထူးပန်းပန်ဆင် အောင်ပွဲဝင်နိုင်ကြမည်မှာ မလွဲပါတည်း။

၁၄ ၉၁၅.၈

ဒေါ်ခင်မြင့်ကြည်
တွဲဖက်ပါမောက္ခ (ငြိမ်း)၊ မြန်မာစာ

# မာတိကာ


## ၁။ ဦးထွန်းသန်း

ပါမောက္ခ(ငြိမ်း)၊ မြန်မာစာ၊ ရန်ကုန်ပညာရေးတက္ကသိုလ်

၁။ အလိမ္မာစာမှာရှိ ........ ၁
၂။ လေးစားမိသော ပုဂ္ဂိုလ်တစ်ဦး ........ ၅
၃။ အိမ်သာလို့ ညွှန်လာ ........ ၈
၄။ လူငယ်နှင့် ကိုယ်ကျင့်တရား ........ ၁၂
၅။ မြွတ်ဆရာတို့၏ ဂုဏ်ကျေးဇူး ........ ၁၆
၆။ သစ္စာတရား ........ ၂၀
၇။ သွေးလှူရသော ပီတိ ........ ၂၄

## ၂။ ဒေါ်ခင်သန်းဦး

ပါမောက္ခ/ဌာနမှူး၊ မြန်မာစာ၊ ပုသိမ်တက္ကသိုလ်

၈။ ခရီးသွားခြင်းအကျိုး ........ ၂၇
၉။ မေတ္တာတရား ........ ၃၄
၁၀။ ရင်းနှီးချစ်ကြည် ပြည်သစ်တည် ........ ၄၀
၁၁။ မြန်မာ့နှစ်သစ်ကူးပွဲတော် ........ ၄၅
၁၂။ ဆရာကန်တော့ပွဲမြင်ကွင်း ........ ၅၀
၁၃။ ဆောင်းရာသီ အလှ ........ ၅၅
၁၄။ လူငယ်နှင့်မျိုးချစ်စိတ်ဓာတ် ........ ၆၀

## ၃။ ဦးလှမြင့်

ပါမောက္ခ(ငြိမ်း)၊ မြန်မာစာ၊ ရေနံချောင်း ဒီဂရီကောလိပ်

၁၅။ သတင်းစာဖတ်ခြင်းအကျိုး ........ ၆၆
၁၆။ မေ့မရနိုင်သော မြင်ကွင်းတစ်ခု ........ ၇၁
၁၇။ မိတ်ဆွေပေါများခြင်းအကျိုး ........ ၇၅
၁၈။ ကျန်းမာပျော်ရွှင် တို့ပြည်တစ်ခွင် ........ ၈၀
၁၉။ ရိုးသားဖြောင့်မတ်ခြင်း ........ ၈၄
၂၀။ ရိုင်းပင်းကူညီစိတ် ........ ၈၉
၂၁။ လူငယ်နှင့်အနာဂတ် ........ ၉၄

# မာတိကာ

## ၄။ ဒေါ်ခင်ထားမေ (မေသူထား)

ပါမောက္ခ(ငြိမ်း)၊ မြန်မာစာ၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်


၂၂။ ကိုယ်ကျင့်တရား ...... ၉၉

၂၃။ စွဲထင်ရစ်သော ဝမ်းနည်းဖွယ်မြင်ကွင်းတစ်ခု ...... ၁၀၆

၂၄။ ဆောင်းဦးနံနက်ခင်းအလှ ...... ၁၁၃

၂၅။ ဘုရားပွဲဈေးမြင်ကွင်း ...... ၁၁၇

၂၆။ ကျွန်ုပ်၏ ဝါသနာ ...... ၁၂၃


## ၅။ ဒေါ်လှလှဌေး

ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာ၊

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်


၂၇။ ဘုရားဖူးခရီးတစ်ခေါက် ...... ၁၂၈

၂၈။ ဂုဏ်ယူဖွယ် မြန်မာ့ယဉ်ကျေးမှုများ ...... ၁၃၉

၂၉။ မွေးရပ်မြေသို့တစ်ခေါက် ...... ၁၄၇

၃၀။ သုတရတနာ ဘဏ်တိုက်များ ...... ၁၅၇

၃၁။ မြန်မာ့ရိုးရာပွဲတော်တစ်ခု ...... ၁၆၃

၃၂။ လူငယ်နှင့်အနုပညာ ...... ၁၇၁

၃၃။ မိုးနှောင်းရာသီမြင်ကွင်းများ ...... ၁၇၈


## ၆။ ဒေါ်ခင်စုလှိုင်

ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာ၊ ဒဂုံ တက္ကသိုလ်


၃၄။ ဖူးပွင့်ဝေစီ နွေရာသီ ...... ၁၈၄

၃၅။ ဂုဏ်ယူဖွယ် ကျွန်ုပ်တို့ကျောင်း ...... ၁၈၇

၃၆။ ကိုယ်ချင်းစာတရား ...... ၁၉၀

၃၇။ မိတ်ဆွေကောင်း ...... ၁၉၃

၃၈။ ကျေးလက်ရှင်ပြုပွဲတစ်ခု ...... ၁၉၆

၃၉။ တိမ်သဘင်ကျင်းချိန် ...... ၁၉၉

၄၀။ သတိတရား ...... ၂၀၂

# မာတိကာ


## ၁၃။ ဦးအောင်ကျော်မင်း

တွဲဖက်ပါမောက္ခ (ငြိမ်း)၊ မြန်မာစာ၊ မြစ်ကြီးနားတက္ကသိုလ်

၈၇။ ပညာဂုဏ်ရောင် ထွန်းလင်းပြောင် ........ ၃၉၄

၈၈။ လူငယ်နှင့်အားကစား ........ ၃၉၈

၈၉။ မေ့မရသော အကျွန်ုပ်ဆရာတစ်ဦး ........ ၄၀၂

၉၀။ တို့ပြည် တို့ချစ်မြတ်နိုးသည် ........ ၄၀၅

၉၁။ မိုးသည်းသော နွေမြင်ကွင်း ........ ၄၁၀

၉၂။ ချွေတာသုံးစွဲသင့်သောရေ ........ ၄၁၄

၉၃။ မြစ်ကမ်းခြေ ဆည်းဆာအလှ ........ ၄၁၈

## ၁၄။ ဒေါ်မိုးသီတာနှင်း

ကထိက၊ ပုသိမ်တက္ကသိုလ်

၉၄။ မြန်မာ့ရေအလှ မြေအလှ ........ ၄၂၃

၉၅။ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း ........ ၄၂၆

၉၆။ သုတရှာရာ စာကမ္ဘာလေးများ ........ ၄၂၉

၉၇။ သာယာသော ဆည်းဆာညနေချမ်း ........ ၄၃၃

၉၈။ ရောက်ဖူးသော ကျေးရွာတစ်ရွာ ........ ၄၃၇

၉၉။ လမ်းလျှောက်ခြင်းအကျိုး ........ ၄၄၂

၁၀၀။ အရှက်ဦးမြင်ကွင်း ........ ၄၄၅


ဤ စာရေးစုံ ၁၀၀ စာအုပ်ကိုပြုစုရာတွင် ပါဝင်ရေးသားခဲ့သော

ဆရာမကြီး ဒေါ်ခင်ထားမေ

(ပါမောက္ခငြိမ်း၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်)

နှင့်

ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝေ (ပါမောက္ခဌာနမှူး (ငြိမ်း) လှိုင်ကော်တက္ကသိုလ်)

တို့သည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသောကြောင့်

ရွှေလက်ဆောင်စာပေမှ ဝမ်းနည်းကြေကွဲကြောင်း

မှတ်တမ်းတင်အပ်ပါသည်။

# မာတိကာ


## ၁၀။ ဒေါ်ခင်မြင့်ကြည်

တွဲဖက် ပါမောက္ခ(ငြိမ်း)၊ မြန်မာစာ၊ တောင်ငူ တက္ကသိုလ်

၆၂။ မမေ့နိုင်သော အကျွန့်ဆရာများ ............ ၃၀၄
၆၃။ အနန္တကျေးဇူးရှင် ............ ၃၀၉
၆၄။ နှစ်သက်ဖွယ်ရာ ရိုးရာဓလေ့များ ............ ၃၁၃
၆၅။ ဝါကျွတ်ချိန် ............ ၃၁၇
၆၆။ ကြုံတွေ့ခဲ့ရသော အလှူပွဲတစ်ခု ............ ၃၂၁
၆၇။ ရှေးဟောင်းအမွေအနှစ်တန်ဖိုး ............ ၃၂၅
၆၈။ နှစ်သက်မိသော စာဆိုတစ်ဦး ............ ၃၃၀
၆၉။ ယနေ့လူငယ်တို့ အခန်းကဏ္ဍ ............ ၃၃၄
၇၀။ ဆရာကောင်းတပည့် ............ ၃၃၈
၇၁။ သစ်ပင်စိုက်ပျိုး ပြည်သူ့အကျိုး ............ ၃၄၂
၇၂။ ပညာမြင့်မှ လူမျိုးတင့်မည် ............ ၃၄၈

## ၁၁။ ဒေါ်ချိုချို

တွဲဖက်ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာ၊ မိတ္ထီလာ တက္ကသိုလ်

၇၃။ မြန်မာ့ရိုးရာ ပွဲတော်တစ်ခု ............ ၃၅၂
၇၄။ အနှစ်သက်ဆုံးရာသီ ............ ၃၅၅
၇၅။ မိုးဦးကာလကျောင်းဖွင့်ချိန် ............ ၃၅၈
၇၆။ ရိုးသားကြိုးစားလူငယ်များ ............ ၃၆၀
၇၇။ မမေ့နိုင်သော မွေးရပ်မြေ ............ ၃၆၂
၇၈။ ပညာရည်ချွန် ဆုပေးပွဲမြင်ကွင်း ............ ၃၆၅
၇၉။ နံနက်ဆည်းဆာ ............ ၃၆၉

## ၁၂။ ဒေါ်လင်းဝေရည်

ပါမောက္ခ၊ မြန်မာစာ၊ ဘားအံ တက္ကသိုလ်

၈၀။ သည်းခံသောစိတ် ............ ၃၇၃
၈၁။ လရောင်ရွှန်းပ ညတစ်ည ............ ၃၇၆
၈၂။ မိုးသောက်ချိန်အလှ ............ ၃၇၈
၈၃။ ပင်လယ်ကမ်းခြေသို့တစ်ခေါက် ............ ၃၈၁
၈၄။ သူငယ်ချင်းကောင်း ............ ၃၈၄
၈၅။ တိုင်းရင်းသားတို့ပျော်ရာမြေ ............ ၃၈၇
၈၆။ ဆောင်းနှင်းဝေဝေ ............ ၃၉၁

# မာတိကာ


## ၇။ ဒေါ်ညွန့်ညွန့်ဝေ

ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာ၊ လှိုင်ကော် တက္ကသိုလ်

၄၁။ ဖွဲ့ရှိခြင်းအကျိုး ........ ၂၀၅
၄၂။ ကျေးလက်စာကြည့်တိုက် ........ ၂၀၉
၄၃။ စကားအရာပျားသကာ ........ ၂၁၂
၄၄။ ဘုရားပွဲတော်တစ်ခု ........ ၂၁၆
၄၅။ သဘာဝပတ်ဝန်းကျင်အလှ ........ ၂၂၀
၄၆။ ဆောင်းနှောင်းရာသီမြင်ကွင်းများ ........ ၂၂၅
၄၇။ စာပေရေချမ်းစင်၏အကျိုး ........ ၂၂၈

## ၈။ ဒေါ်ခင်ထားရီ

ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ မြန်မာစာ၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်

၄၈။ ကြိုးစားမှု၏ရလဒ် ........ ၂၃၂
၄၉။ စာကြည့်တိုက်မှာ သုတရှာ ........ ၂၃၈
၅၀။ နှုတ်ချိုသျှိုတစ်ပါး ........ ၂၄၆
၅၁။ မေ့မရသော သူငယ်ချင်းတစ်ဦး ........ ၂၅၂
၅၂။ နွေရာသီကျောင်းပိတ်ရက်များ ........ ၂၆၀
၅၃။ ကျွန်ုပ်၏အိမ်နီးချင်းများ ........ ၂၆၉
၅၄။ ညီညွတ်ခြင်းအကျိုး ........ ၂၇၆

## ၉။ ဒေါက်တာလှလှအောင်

ပါမောက္ခ၊ မြန်မာစာ၊ ဘားအံ တက္ကသိုလ်

၅၅။ အလှဝေဖြာ ပြည်မြန်မာ ........ ၂၈၂
၅၆။ သစ်ပင်စိုက်ပျိုးအလှတိုး ........ ၂၈၅
၅၇။ မြန်မာ့ရိုးရာအားကစားများ ........ ၂၈၈
၅၈။ လူငယ်နှင့်စာဖတ်ခြင်း ........ ၂၉၁
၅၉။ ဆရာနှင့်တပည့် ........ ၂၉၄
၆၀။ ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့ ........ ၂၉၇
၆၁။ ကျောင်းစဖွင့်သောနေ့မြင်ကွင်း ........ ၃၀၁

အလိမ္မာစာမှာရှိ

- အလိမ္မာဟူသည်
- အလိမ္မာ စာမှာရှိ ဆိုရိုးအဓိပ္ပာယ်
- စာဖတ်ခြင်းအကျိုး၊ သာဓကများ
- စာကောင်း၊ ပေကောင်းများဖတ်သင့်ပုံ
- မိမိအမြင်

## အလိမ္မာစာမှာရှိ

အလိမ္မာဟူသည်ကို မြန်မာအဘိဓာန်တွင် နှစ်မျိုးပြထားပါသည်။ တစ်ခုမှာ 'ကျွမ်းကျင်တတ်မြောက်ခြင်း' ဖြစ်၍၊ နောက်တစ်ခုမှာ 'ယဉ်ကျေးစွာပြုမူဆက်ဆံတတ်ခြင်း' ဟူ၍ဖြစ်ပါသည်။ ဤတွင် ဒုတိယအဓိပ္ပာယ်မှာ ပို၍ကောင်းပါသည်။ အနေအထိုင်အပြောအဆို စသည်တွင် ယဉ်ကျေးသိမ်မွေ့မှု ဖြစ်ပါသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ ယဉ်ကျေးသိမ်မွေ့လာခြင်းပင် ဖြစ်ပါသည်။

'အလိမ္မာစာမှာရှိ' သည် ဆိုရိုးစကားတစ်ခုဖြစ်ပါသည်။ 'အလိမ္မာ စာမှာရှိ' ဆိုရိုး၏အဓိပ္ပာယ်မှာ 'စာဖတ်လျှင် လိမ္မာယဉ်ကျေးမည်' ဟူ၍ ဖြစ်ပါသည်။ ထိုသို့ ဆိုရိုးသည် အသိအလိမ္မာ၊ အတွေးအမြင်၊ အဆုံးအမ၊ နည်းပေးလမ်းပြမှုစသည့် ပညာ၊ ဗဟုသုတများကိုပေးပါသည်။ ထို့ကြောင့် စာဖတ်ခြင်းဖြင့် လူတော်လူကောင်းများ ဖြစ်လာနိုင်ပါသည်။ ယဉ်ကျေးလိမ္မာသူများဖြစ်လာနိုင်ပါသည်။ ဆင်ခြင်ဉာဏ်ရှိသူများ၊ အောင်မြင်သူများ ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် စာဖတ်ဖို့လိုပါသည်။ စာဖတ်လျှင် များစွာအကျိုးရှိပါသည်။ မလိမ္မာသူကို လိမ္မာစေပါသည်။ မယဉ်ကျေးသူကိုလည်း ယဉ်ကျေးစေပါသည်။ မသိမ်မွေ့သူကိုလည်း သိမ်မွေ့စေပါသည်။ အသိမရှိသူကို အသိရှိစေပါသည်။ အတွေးအမြင်မှားနေသူကိုလည်း မှန်စေပါသည်။ စိတ်ထားမကောင်းသူကိုလည်း ကောင်းစေပါသည်။ စာသည် ဖတ်သူ၏ဘဝကို ပြောင်းလဲစေနိုင်စွမ်းရှိပါသည်။ ထို့ကြောင့်စာဖတ်လျှင် အကျိုးများစွာရှိကြောင်း ဆိုခဲ့ခြင်းဖြစ်ပါသည်။

ပုဂံခေတ် နရပတိစည်သူမင်းသည် ဒေါသကြီးပါသည်။ သို့သော် အနန္တသူရိယ၏ 'သူတည်း တစ်ယောက် ကောင်းဖို့ရောက်မူ' ချီ လင်္ကာလေးပိုဒ်ကို

ဖတ်ရသောအခါ 'နောက်နောင် ငါ့အမျက်တော်ရှိ၍ သတ်လေဟု မိန့်သော်လည်း ချက်ချင်းမသတ်နှင့်။ တစ်လ လေးသီတင်းထား၍ စစ်ကြောဘိ။ သေတန်မှ သေပါစေ' မိန့်၍ နောင်တကြီးစွာရကာ ဒေါသကို ချုပ်နိုင်ခဲ့ပါသည်။

ထို့ပြင် ဦးကျည်ပွေ့ခေါ် ရှင်ဒိသာပါမောက်သည် တစ်နေ့ကို တံပူတစ်ထောက် စာဖတ်ခဲ့သောကြောင့် အသက် ၆၀ ကျော်မှ နရသီဟပတေ့မင်း လက်ထက်တွင် 'ဒါယကာမင်းကြီး၊ တစ်ခါက ငါ့ကို ကျည်ပွေ့အတက်ပေါက်မှ စာတတ်လိမ့်မည်ဟု ဆိုလိုက်သည်ကို မှတ်မိပါသလော။ အေး ယခု ကျည်ပွေ့အတက် ပေါက်လာပြီ။ မမြင်သလော'ဟု မိန့်ရဲကာ ပညာရှင်ကြီးဖြစ်ခဲ့သည်ကို သမိုင်းတွင် အထင်အရှား တွေ့ရပါသည်။

အင်းဝခေတ် ဝန်ဇင်းရွာအသည်သား စာတိုညံ့သည် စာရူးပေရူးတစ်ယောက် ဖြစ်ပါသည်။ မင်းကြီးစွာစော်ကဲက မိတ္ထီလာကန်ပေါင်ပေါ်ရှိ မိန်းမရုပ်နှင့် နတ်ကွန်း နတ်နန်းတစ်ခုနှင့်ပတ်သက်၍ နတ်ကွန်းမဟုတ်ကြောင်း၊ အနော်ရထာမင်းကြီး၏ မိဖုရားငယ်၊ ရှမ်းစော်ဘွားကြီး သမီး အထိမ်းအမှတ်သာ ဖြစ်ကြောင်း သေသေချာချာ လျှောက်ထားခဲ့ပါသည်။ စာဖတ်များပြီး ဗဟုသုတများ၍ မင်းကြီးကခေါ်သွားပြီး နောင်အခါ ဝန်ဇင်းမင်းရာဇာဟု ပညာရှင်ကြီးဖြစ်ခဲ့ပါသည်။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက် ယောမင်းကြီး ဦးဖိုးလှိုင်သည် လည်း စာနှင့်မျက်နှာ မခွာ၊ စာဖတ်သူတစ်ဦးဖြစ်ပါသည်။ ယောမင်းကြီးကြောင့် မိုးကုတ်နယ်မြေကဲ့သို့သော မရှုနိုင်မကယ်နိုင် ပြဿနာများစွာကို ဖြေရှင်းပေးနိုင် ခဲ့ပါသည်။

မျက်မှောက်ခေတ် ပန်းတနော်ဦးသန့်သည် ဘွဲ့ရသူတစ်ဦး မဟုတ်ပါ။ သို့သော် စာမည်မျှဖတ်ထားသည် မသိပါ။ ကမ္ဘာ့နိုင်ငံအားလုံးက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် တစ်ညီတစ်ညွတ်တည်း တင်မြှောက်ခဲ့ပါသည်။ စာကား ဤသို့ဖတ်သူတိုင်းကို အကျိုးပြုပါသည်။ စာဖတ်ခြင်း၏အကျိုးကား များလှ ပါသည်။

အမေရိကန်နိုင်ငံသား အေဗရာဟင်လင်ကွန်းသည် ချမ်းသာသူ၏သား တစ်ယောက် မဟုတ်ပါ။ လျှပ်စစ်မီးမသုံးနိုင်၍ ညတိုင်း လမ်းဘေးမီးတိုင်တွင် စာဖတ်ရသူဖြစ်ပါသည်။ စာဖတ်များ၍ နောင်အခါ အမေရိကန်နိုင်ငံ၏ သမ္မတကြီး ဖြစ်လာပါသည်။

အီတလီနိုင်ငံဖွား အမေရိကန် နယူးယောက်မြို့၌ ကြီးပြင်းလာသော စာတုဗေဒ သိပ္ပံဆရာ တစ်ယောက်သည် တစ်နေ့တွင် မိတ်ဆွေစာတုဗေဒ အရာရှိ တစ်ဦးက စာအုပ်ကြီးတစ်အုပ် လက်ဆောင်ပေးခဲ့ပါသည်။ ထိုစာအုပ်ထဲတွင် အခြား စာများအပြင် ပါမောက္ခမက်မူလာ ဘာသာပြန်ထားသည့် ဓမ္မပဒနှင့် အဿဃောသရေး ဗုဒ္ဓဝင်ပါရှိပါသည်။ စာဖတ်အလွန်များသူပီပီ ထိုစာများကိုလည်း အငမ်းမရဖတ်မိ ပါသည်။ ထိုသူက 'ဓမ္မပဒစာအုပ်က ကျွန်ုပ်ဘဝကို ပြောင်းလဲ ပေးလိုက်ပါသည်။ မည်သူမျှ ကျွန်ုပ်ထံ ဗုဒ္ဓဘာသာတရားဟောရန်မလာခဲ့' ဟု ပြောပါသည်။ ထိုသူမှာ အီတလီဘုန်းတော်ကြီး ကမ္ဘာလှည့် ဓမ္မကထိက ဦးလောကနာထဖြစ်ပါသည်။

စာဖတ်ခြင်းဖြင့် ဤသို့ဘဝကိုလည်း တိုးတက်ပြောင်းလဲစေသကဲ့သို့ ဘဝ လမ်းကြောင်းကိုလည်း ပြောင်းလဲစေပါသည်။ အိုင်းစတိုင်း၊ အယ်ဒီဆင်၊ ဂရေဟမ် ဘဲလ်၊ ရိုက်ညီနောင်စသည့် သိပ္ပံပညာရှင်များနှင့် စွန့်စားတီထွင်သူများ၊ မဟတ္တမ ဂန္ဓီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဂျိုဆေရီဇော် စသော နိုင်ငံခေါင်းဆောင်များ၊ တဂိုး၊ ဂေါကီ၊ သခင်ကိုယ်တော်မှိုင်းစသော စာရေးဆရာကြီးများ စီးပွားရေးပညာရှင်ကြီးများ စသည် တို့သည် စာအလွန်ဖတ်ကြသူများဖြစ်ပါသည်။ စာဖတ်ခြင်း အကျိုးပြသာဓက များ ဖြစ်ပါသည်။

စာများဖတ်ရာတွင် စာကောင်းပေကောင်းများကို ဖတ်သင့်ပါသည်။ ဆရာ ဇေယျကမှ 'ဘယ်စာ အကောင်းဆုံးလဲ ဟူသောအမေးသည် လောက၌ မရှိချေ။ အကြောင်းသော်ကား ထိုအမေးအတွက် အဖြေမရှိသောကြောင့် ဖြစ်ပေသည်။ လောကမှာ မှန်လျှင်ကောင်းချည်းပင်ဖြစ်လေသည်။ မကြိုက်သောစာ၊ နားမလည်သော စာ၊ သဘောမပေါက်နိုင်သော စာများသာရှိပေသည်။ မကောင်းသော စာဟူ၍ မရှိချေ။ ဖတ်သူအပေါ်၊ အသုံးချသူအပေါ်၊ အသုံးချနည်းအပေါ်၌သာ တည်လေသည်။ သုံးတတ်၊ ဖတ်တတ်လျှင် ကောင်းသည်ချည်းဖြစ်ပေသည်' ဟု ဆိုပါသည်။

ဆရာဇော်ဂျီကလည်း စာကောင်းပေကောင်းဖတ်ရခြင်းအကျိုးကို ပြထားပါ သည်။ 'စာကောင်း၊ ပေကောင်းဖတ်ရခြင်းသည် ဘဝအကွက်ကိုမြင်ရခြင်းသာ ဖြစ်သည်။ ဘဝအကွက်ကို မြင်ရခြင်းသည်လည်း စာကောင်းပေကောင်းကို ဖတ်ရ ခြင်းသာဖြစ်သည်ဟု ယူဆလာတတ်ပါသည်'ဟု ဆိုပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ သည် ထိုကဲ့သို့သော စာကောင်းပေကောင်းများကို ဖတ်ကြရမည်ဖြစ်ပါသည်။

'အလိမ္မာစာမှာရှိ' ဟူသော ဆိုရိုးစကားကို ကျွန်ုပ်တို့သည် အမြဲတမ်း လက်ကိုင်ထားရပါမည်။ စာဖတ်၍ လိမ္မာယဉ်ကျေးလာအောင် ပြုရပါမည်။ နိုင်ငံတော်က အားထားရသော နိုင်ငံသားများဖြစ်လာအောင်လည်း စာဖတ်ခြင်းဖြင့် ကြိုးစားရပါမည်။ စိတ်ထားကောင်း၍ အသိအလိမ္မာ ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်လာကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

လေးစားမိသော ပုဂ္ဂိုလ်တစ်ဦး

- ❑ 'လေးစား၊ လေးစားမိ' ဟူသည်။
- ❑ မိမိလေးစားသူ အများအပြားရှိပုံ။
- ❑ ၄င်းတို့အထဲမှ မိမိလေးစားသူတစ်ဦး၏ အမည်၊ အလုပ်အကိုင်၊ ပုံပန်း၊ စိတ်ထား စသည်။
- ❑ ထိုပုဂ္ဂိုလ်နှင့် မိမိဆက်ဆံမှု။
- ❑ လေးစားဖွယ်အရည်အချင်းများ၊ လေးစားရသည့်အကြောင်းများ။
- ❑ မိမိအမြင်။

## လေးစားမိသော ပုဂ္ဂိုလ်တစ်ဦး

'လေးစား' ဟူသည် 'ရိုသေသည်၊ အလေးထားသည်' ဖြစ်ပါသည်။ 'လေးစားနှင့် ကြည်ညို' တို့သည်လည်း အဓိပ္ပာယ်တူပါသည်။ 'ကြည်ညို'၏ အဓိပ္ပာယ်မှာ 'ရိုသေလေးစားသည်။ အလေးအမြတ်ပြုသည်' ဟု ဖြစ်ပါသည်။ ထို့ကြောင့်လည်း လေးစားနှင့်ကြည်ညိုကိုတွဲ၍ 'လေးစားကြည်ညို၊ ကြည်ညိုလေးစား' ဟု လက်ခုပ်လက်ဝါး ရေးတတ်ပါသည်။ တစ်ဖန် 'လေးစား' နှင့် 'လေးစားမိ'သည်လည်း အဓိပ္ပာယ်မတူပါ။ 'လေးစား'သည် လေးစားကြောင်း သာမန်မျှသာ ဖော်ပြ၍ 'လေးစားမိ'တွင်မူ 'ထူးထူးခြားခြားလေးစား၊ ပို၍ လေးစားသည်' ဟု အဓိပ္ပာယ်ရမည်ထင်ပါသည်။

ကျွန်တော်လေးစားသူ အများအပြားရှိပါသည်။ မိဘများလည်းရှိပါသည်။ ဝ လုံးတန်းမှ ယခုအထိ သင်ပေးသော ဆရာ၊ ဆရာမများလည်း ရှိပါသည်။ ကျွန်တော်၏ အစ်ကိုများ၊ အစ်မများလည်း ရှိပါသည်။ ဦးကြီး၊ ဦးလေး၊ ဘကြီး ဘထွေးတို့လည်းရှိပါသည်။ ဒေါ်ကြီး၊ မိကြီး၊ ဒေါ်လေးတို့လည်း ရှိပါသည်။ ကျွန်တော့်ထက် အသက်အားဖြင့် ကြီးသူများ၊ ဂုဏ်အားဖြင့် ကြီးသူများလည်း ရှိပါသည်။ လေးစားသူများကိုဖော်ပြနေလျှင် ပြီးနိုင်မည်မထင်ပါ။ ကျွန်တော့်တွင် လေးစားသူများစွာရှိကြောင်းသာ ဖော်ပြရမည်ဖြစ်ပါသည်။

၄င်းတို့အထဲမှ ကျွန်တော် လေးစားသူတစ်ဦး ရှိပါသည်။ ကျွန်တော်လေးစားမိသူတစ်ဦး ဖြစ်ပါသည်။ လေးစားမိသူ၏ အမည်မှာ ဦးပန်းအောင်ဖြစ်ပါသည်။ ဦးပန်းအောင်ကို ကျွန်တော်တို့အားလုံးက ဦးလေးပန်းဟုသာ ခေါ်ကြပါသည်။

ဦးလေးပန်း၏ အသက်မှာ ၄၅ နှစ်ကျော်ဖြစ်ပါသည်။ အလုပ်အကိုင်မှာ မူလတန်းပြ ဆရာဖြစ်ပါသည်။ ပုံပန်းသဏ္ဌာန်မှာ မပိန်မဝပါ။ အရပ်အမောင်းမှာ မပုလွန်းသကဲ့သို့ မရှည်လွန်းပါ။ အသားအရောင်မှာလည်း မမည်းလွန်း မဖြူလွန်းပါ။ ညိုရောင်ဖက်သန်းသည်ဟု ဆိုနိုင်ပါသည်။ အနည်းငယ် ပိန်သယောင်ထင်ရသော်လည်း ကြည့်ကောင်းပါသည်။ ထည်ထည်ဝါဝါ ခံ့ခံ့ညားညားရှိပါသည်။ မျက်နှာကလည်း အမြဲတမ်းပြုံးနေသည်ကိုသာ တွေ့ရပါသည်။ ဒေါသတကြီးပြောနေပုံ၊ စိတ်တိုင်းမကျ၍ မကျေမနပ်ဖြစ်နေဟန်ကို မတွေ့ရဖူးပါ။ ဦးလေးပန်းသည် သန့်သန့်ရှင်းရှင်း ဝတ်တတ်ပါသည်။ လည်ကတုံး ရုပ်အင်္ကျီအဖြူကို အမြဲဝတ်ပါသည်။ စိတ်ထားမှာ ရိုးသားပါသည်။ စိတ်သဘောကောင်းပါသည်။ စိတ်နှလုံးလည်း နူးညံ့သိမ်မွေ့ပါသည်။ အသက် ၄၅ နှစ်ကျော်လာပြီဖြစ်သော်လည်း သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ဖြစ်ပါသည်။

ဦးလေးပန်းနှင့် ကျွန်တော်တို့ဆက်ဆံရေးမှာ ပြေပြေလည်လည်ရှိပါသည်။ ငယ်စဉ်က ကျွန်တော့် ဆရာဖြစ်ခဲ့သကဲ့သို့ ကျွန်တော့်အိမ်နီးနားချင်းလည်း ဖြစ်ပါသည်။ ဦးလေးပန်းသည် သဘောကောင်း၍ သူ့သမီးမှာလည်း ကျွန်တော့်သူငယ်ချင်းဖြစ်ရကား ကျွန်တော်တို့အိမ်နှင့် ဦးလေးပန်းတို့အိမ်သည် နှစ်အိမ့်တစ်အိမ်ဖြစ်ခဲ့ရပါသည်။ ငယ်စဉ်ကတည်းက ဦးလေးပန်း အမြဲပြောလေ့ရှိသော စကားများရှိပါသည်။ '<u>ရိုးသားပါ၊ မဆန်းပါနှင့်၊ သိမ်မွေ့ပါ၊ ကိုယ်ချင်းစာ ညှာတာပါ</u>' ဟူ၍ ဖြစ်ပါသည်။

ဦးလေးပန်း၏ လေးစားဖွယ် အရည်အချင်းများကား များလှပါသည်။ ကျောင်းလှုပ်ရှားမှုများ အားလုံးလောက်မှာ သူပါသည်ချည်းဖြစ်ပါသည်။ ရပ်ကွက်လှုပ်ရှားမှုများတွင်လည်း သူကသာ ဦးဆောင်ပါသည်။ သာရေးများတွင်သာမက နာရေးများကိုလည်း ကိုယ်ဖိရင်ဖိဆောင်ရွက်တတ်ပါသည်။ သန့်ရှင်းရေးတွင်လည်း သူ၊ သွေးစုပေါင်းလှူဒါန်းရေးတွင်လည်း သူ၊ ဘေးဒုက္ခတစ်ခုခုကြုံ၍ သွားရောက်ကူညီလှူဒါန်းရာတွင်လည်း သူ၊ သူ့အိမ်တွင် ပညာဒါနလုပ်ထားသည်မှာလည်း သူဖြစ်ပါသည်။ ဆင်းရဲသူများကိုဦးစားပေး၍ ဖွင့်ထားပါသည်။ ပညာတတ်ကြီးများဖြစ်စေချင်ပါသည်။ အလင်းတံခါးကို ဖွင့်ပေးခြင်းဖြစ်ပါသည်။ ထိုအချက်များသည် လေးစားဖွယ်အရည်အချင်းများဖြစ်ပါသည်။

ဤအချက်များသည်ပင် ကျွန်တော်လေးစားရသည့်အကြောင်းများလည်း

ဖြစ်ပါသည်။ ထိုအထဲတွင် ကျွန်တော်အလေးစားမိဆုံးမှာ ဦးလေးပန်း၏ စိတ်ထား ရိုးသားခြင်း၊ သိမ်မွေ့ခြင်းနှင့် ကိုယ်ချင်းစာ ညှာတာခြင်းဖြစ်ပါသည်။ ကျွန်တော် သည် သူရိုးသားသကဲ့သို့ ရိုးသားရန် နမူနာယူပါသည်။ ရိုးသားရန် ကြိုးစားရသည်မှာ ပင်ပန်းပါသည်။ ကျွန်တော့်အမူအရာ၊ အနေအထိုင်အပြောအဆို သိမ်မွေ့အောင် ကြိုးစားရသည်မှာ မလွယ်လှပါ။ သို့သော် ကျွန်တော်သည် မဖြစ်ဖြစ်အောင် ကြိုးပမ်းပါသည်။ သိမ်မွေ့၊ မသိမ်မွေ့ကိုမူ အချိန်က အဖြေပေးပါလိမ့်မည်။ ထို့ထက်ခက်သည်ကား ကိုယ်ချင်းစာ ညှာတာခြင်း ဖြစ်ပါသည်။ လူဆိုသည်မှာ အတ္တသမားမဟုတ်လား။ ကျွန်တော်သည် အတ္တကြီးသည်ကို ပါးသွားအောင်၊ ပါးရာမှ မရှိတော့အောင် ကြိုးစားနေပါသည်။

ဤသို့သောသူမျိုးကို ကျွန်တော်တို့စံနမူနာထားရမည်ဖြစ်ပါသည်။ ဦးလေး ပန်းကဲ့သို့ လူတစ်ယောက်ဖြစ်လာအောင် ကျွန်တော်တို့အားလုံး ကြိုးစားသင့်ပါသည်။ ထိုသို့ကြိုးစားရင်း လိမ္မာသောသူ၊ ယဉ်ကျေးသိမ်မွေ့သောသူ၊ ရိုးသားသူ၊ ကိုယ်ချင်း စာနာ၊ ညှာတာထောက်ထားတတ်သော သူတစ်ယောက် ဖြစ်လာစေသင့်ပါသည်။ ထိုကဲ့သို့သော လူများ လောကလူ့ရွာတွင် ပေါများလာပြီဆိုလျှင် ဤလောက၊ ဤကမ္ဘာကြီးသည် အေးချမ်းသာယာလာမည်မလွဲဖြစ်ပါသည်။ ထိုသို့ဖြစ်လာအောင် ကြိုးစားကြပါဟု တိုက်တွန်းအပ်ပါသည်။ ။

အိမ်သာလျှို့ ညော်လာ

- ❑ စကားပုံ၏ တိုက်ရိုက်အဓိပ္ပာယ်နှင့် ဆိုလိုရင်းအဓိပ္ပာယ်။
- ❑ အိမ်နှင့် နိုင်ငံ။
- ❑ မြန်မာနိုင်ငံ၏ သဘာဝအလှများ၊ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရှေးဟောင်းအမွေအနှစ်များ။
- ❑ စားနပ်ရိက္ခာကြွယ်ဝမှု၊ မြန်မာတို့၏စိတ်ထားအလှ။
- ❑ နိုင်ငံရပ်ခြားမှ ညော့်သည်များလာရောက်ပုံ။
- ❑ နိုင်ငံအိမ်ကြီးကို ပိုမိုလှပတိုးတက်အောင် တိုင်းရင်းသားအားလုံး ဆောင်ရွက်သင့်ပုံ။
- ❑ မိမိအမြင်။

## အိမ်သာလျှို့ ညော်လာ

ဤစကားပုံသည် မြန်မာတို့၏ ဓလေ့စရိုက်ကိုညွှန်ပြနေသော စကားပုံကလေး ဖြစ်ပါသည်။ စကားပုံ၏ တိုက်ရိုက်အဓိပ္ပာယ်မှာ 'အိမ်၏ အခြေအနေ သာယာကောင်းမွန်သဖြင့် ညော့်သည်အရောက်ပေါက်များသည်' ဟူ၍ဖြစ်ပါသည်။ ဆိုလိုရင်းမှာ 'ထိုကဲ့သို့ တိုင်းပြည်မြို့ရွာ အေးချမ်းသာယာလျှင် အရပ်လေးမျက်နှာမှ ရှင်လူအများ ဝင်ထွက်သွားလာမှုများသည်' ဟူ၍ဖြစ်ပါသည်။

စကားပုံတွင် သာယာကောင်းမွန်သောအိမ်ဟုသာ ရေးထားသော်လည်း အိမ်ကိုသာ ပြောဆိုလိုသည်မဟုတ်ပါ။ အိမ်ဆိုသည်မှာ နေရန်ဆောက်လုပ်ထားသော အဆောက်အအုံပင်ဖြစ်ပါသည်။ လူသားတို့အတွက် အလိုအပ်ဆုံးအရာသုံးမျိုး ရှိပါသည်။ စားရေး၊ ဝတ်ရေး၊ နေရေးဖြစ်ပါသည်။ နေရေးအတွက် အိမ်သည် မရှိမဖြစ် လိုအပ်ပါသည်။ ထို့အတူ ကျွန်တော်တို့ လူသားများအတွက် နိုင်ငံသည်လည်း မရှိမဖြစ်ပါ။ မြန်မာနိုင်ငံသားတို့အတွက် မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံသည် မရှိမဖြစ်ပါ။ ထိုသို့ မှီတင်းနေထိုင်ရာတူသောကြောင့် အိမ်နှင့်နိုင်ငံကို တင်စားရေးသားထားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသားများသည် မိမိတို့နေထိုင်ရာ အိမ်ကလေးများကို နေချင့်စဖွယ် ကောင်းအောင် သထားတတ်ပါသည်။ မိမိတို့ကိုယ်တိုင်လည်း သာယာ

ချမ်းမြေ့ရသကဲ့သို့ လာလည်ကြသော ဧည့်သည်များကိုလည်း သူစိမ်း သူကျွက်မရွေး စိတ်ချမ်းသာစေချင်ပါသည်။ မိမိတို့ တတ်နိုင်သမျှ အကောင်းဆုံး၊ အမှန်ဆုံးတို့ဖြင့်လည်း ဧည့်ဝတ်ပျူငှာ ပြုတတ်ပါသည်။ ထို့အတူ နိုင်ငံတော်ကိုလည်း အေးချမ်းသာယာ၍ နှလုံးမွေ့လျော်ဖွယ်ကောင်းအောင် ပြင်ဆင်ထားပါသည်။ မြန်မာနိုင်ငံ၏ သဘာဝအလှ များ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာ လက်ရာများ၊ ရှေးဟောင်းအမွေအနှစ်များ၊ စားနပ်ရိက္ခာကြွယ်ဝမှု၊ မြန်မာတို့၏ စိတ်ထားအလှများဖြင့် လာသူ ဧည့်သည်များကိုလည်း ဧည့်ဝတ်ပျူငှာပြုပါလိမ့်မည်။

မြန်မာနိုင်ငံသည် သဘာဝအလှများပေါကြွယ်သော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မြောက်ဖျားတွင် နှင်းဖုံးတောင်တန်းကြီးများ၊ ခါကာဘိုရာဇီ၊ ဖွန်ကန် စသောတောင်မြင့်များ၊ ဧရာဝတီမြစ်အစ မေခ၊ မလိခမြစ်ဆုံ၊ ဧရာဝတီမြစ်ကျဉ်းလေး ရှိပါသည်။ ကချင်ပြည်နယ် အင်းတော်ကြီးအိုင်ရှိပါသည်။ ရှမ်းပြည်နယ်တွင် ရှမ်းကုန်းပြင်မြင့်နှင့် အင်းလေးအိုင်တို့ ရှိပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ပြင်ဦးလွင်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မင်းဝံတောင်ရိုး၊ ပုပ္ပားတောင် စသည့်တောင်တန်း၊ တောင်ကုန်း များလည်း ရှိပါသည်။ ရခိုင်ကမ်းရိုးတန်း တစ်လျှောက် ငပလီကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေများ ရှိသကဲ့သို့ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် စက်စဲကမ်းခြေ၊ မောင်းမကန် ကမ်းခြေစသော အပန်းဖြေစခန်းများရှိပါသည်။ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင် မြစ်ကြီးလေးသွယ်ကလည်း မြန်မာနိုင်ငံ၏ သဘာဝအလှကို ဖော်ပြနေပါသည်။

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအနုပညာလက်ရာများလည်း ပေါများပါသည်။ ဗမာ၊ ကချင်၊ ချင်း၊ ရှမ်း၊ မွန်၊ ရခိုင်၊ ကယားစသော တိုင်းရင်းသားတို့၏ လက်မှုအနုပညာများ ငွေထည်လုပ်ငန်း၊ ယွန်း လုပ်ငန်း၊ ရွှေချည်ထိုး၊ ငွေချည်ထိုးလုပ်ငန်း၊ လွန်းတစ်ရာအချိတ်လုပ်ငန်း၊ ရွှေဆိုင်းလုပ်ငန်းများရှိပါသည်။ မြန်မာတစ်မျိုးသားလုံး၏ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ စသည့်အနုပညာများလည်း ရှိပါသည်။ ခေတ်ဟောင်း၊ ခေတ်လယ်၊ ခေတ်သစ် ခေတ်အဆက်ဆက် ယဉ်ကျေးမှုအနုပညာလက်ရာများကို ဟန်လင်း၊ မော်စာ၊ မြောက်ဦး၊ ပုဂံ စသော မြို့တော်ဟောင်းများ၊ မော်စာပြတိုက်၊ မြောက်ဦးပြတိုက်၊ ပုဂံပြတိုက်၊ အမျိုးသား ယဉ်ကျေးမှုပြတိုက် စသည်များတွင် တွေ့နိုင်ပါသည်။

ရှေးဟောင်း အမွေအနှစ်များလည်းရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း သန်းလေးဆယ်လောက်က ရှိခဲ့သော ပရိုင်းမိတ်ရုပ်ကြွင်းများကို ပုံတောင်ပုံညာ ဒေသတွင် တွေ့နိုင်ပါသည်။ ဟန်လင်း၊ သရေခေတ္တရာ၊ မြောက်ဦးမြို့ဟောင်းများ၊ ပုဂံယဉ်ကျေးမှုနယ်မြေ၊ မန္တလေးနန်းတော်၊ မြို့ရိုး၊ ကျုံး၊ ရွှေဘို အလောင်းဘုရား နန်းတော်၊ ပဲခူးဘုရင့်နောင် ကမ္ဘောဇသာဒီ နန်းတော် စသည်တို့ရှိပါသည်။

ရှေးဟောင်းအမွေအနှစ်၊ အနုပညာလက်ရာများကို ပုဂံရှိ ဓမ္မရံကြီးဘုရား၊ သဗ္ဗညုဘုရား၊ အာနန္ဒာ ဘုရား စသည်တို့တွင် လေ့လာနိုင်သကဲ့သို့ စေတီဘုရား၊ ဝူကျောင်း၊ တန်ဆောင်းပြာသာဒ်များတွင်လည်း လေ့လာနိုင်ပါသည်။ ကျိုက်ထီးရိုး ဘုရားကဲ့သို့ အံ့ဘွယ်ထူးခြား ဘုရားများရှိသကဲ့သို့ နိုင်ငံတော် မျက်နှာဖြစ်သော ရွှေတိဂုံစေတီတော်တို့မှာလည်း အနုပညာလက်ရာများကို လေ့လာနိုင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံသည် 'ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ' သော စားနပ်ရိက္ခာ ဖူလုံသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ ဖူလုံရုံမျှမက ပိုလျှံသောနိုင်ငံလည်းဖြစ်ပါသည်။

မြန်မာတို့အတွက် ထူးခြားသောအချက်မှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ မည်သည့် လူမျိုးမှာမှ မရှိသော၊ မြန်မာ့အပြုံးနှင့် မြန်မာ့စိတ်ထားအလှပင် ဖြစ်ပါသည်။ မြန်မာတို့သည် ဧည့်သည်နှင့်ပတ်သက်လျှင် ထူးပါသည်။ ကျီးသာလျှင် ဧည့်လာမည်၊ လက်ဖက်အရိုးထောင်လျှင် ဧည့်လာမည် စသည်ဖြင့် နိမိတ်ဖတ်တတ်ပါသည်။ ဧည့်သည်တို့ကိုလည်း အပြုံးဖြင့် ဧည့်ဝတ်ပျူငှာ ပြုတတ်ပါသည်။ နွေးနွေးထွေးထွေးလည်း ဆက်ဆံတတ်ပါသည်။ ဧည့်ဝတ်လည်း ကျေပွန်တတ်ပါသည်။ သဒ္ဓါတရားလည်း ထက်သန်တတ်ပါသည်။ ကူညီရိုင်းပင်း တတ်ပါသည်။ 'ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား' တတ်ပါသည်။ ကိုယ်ချင်းစာ တရားလည်း ထားတတ်ပါသည်။ စိတ်ထားအလှနှင့် ပြည့်စုံလှပါသည်။

ထိုသို့ သဘာဝအလှ၊ ယဉ်ကျေးမှုအနုပညာ လက်ရာများ ပြည့်စုံမှု၊ ရှေးဟောင်းအမွေအနှစ်များဖြင့် ပေါကြွယ်မှု၊ စားနပ်ရိက္ခာပေါများမှု၊ နိုင်ငံတော် အေးချမ်းသာယာမှု၊ မြန်မာတို့၏ စိတ်ထားအလှရှိမှုတို့ကြောင့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှ ကမ္ဘာလှည့်ခရီးသည်များ ဝင်လာမစဲ တသဲသဲဖြစ်လာရပါသည်။ နှစ်စဉ် တိုး၍တိုး၍သာ လာပါသည်။ အိမ်သာ၍ ဧည့်လာခြင်းဖြစ်ပါသည်။ ဧည့်များလေလေ၊ နိုင်ငံခြားဝင်ငွေ များလေလေဖြစ်ပါသည်။ နိုင်ငံခြားဝင်ငွေ

ပွားလေလေ၊ နိုင်ငံတော်အတွက် အကျိုးများလေလေ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို 'မီးခိုးမထွက်သော စက်ရုံ' ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ မှီတင်းနေထိုင်ရာ နိုင်ငံတော် အိမ်ကြီးကို တင့်တယ်သည်ထက် ပိုမိုတင့်တယ်အောင်၊ လှပသည်ထက် ပိုမိုလှပအောင်၊ ခံ့ညားထည်ဝါသည်ထက် ပိုမိုခံ့ညားထည်ဝါလာအောင်၊ ပျော်မွေ့ဖွယ် ကောင်းသည်ထက် ပိုမိုပျော်မွေ့ဖွယ်ကောင်းအောင် ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူ ပြည်သားအားလုံးက ဝိုင်းဝန်းဆောင်ရွက်သင့်ပါသည်။ ဝိုင်းဝန်းဆောင်ရွက်ရမည်လည်း ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်မှသာ မီးခိုးတိတ်သောစက်ရုံမှ နိုင်ငံခြားငွေ အများအပြား ရရှိမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဤစကားပုံက မြန်မာတို့၏ ဧည့်ဝတ်ကျေပွန်မှုကို ဖော်ပြနေပါသည်။ မြန်မာ့စိတ်ရင်း၊ မြန်မာ့ရင်တွင်းကိုလည်း ဖော်ပြနေသော စကားပုံဖြစ်ပါသည်။ နိုင်ငံတော်၏အကျိုးအတွက် အိမ်သာအောင် စီမံဆောင်ရွက်ရပါမည်။ ဧည့်လာအောင်လည်း ကြံဆောင်ရပါမည်။ အိမ်သာမှသာ ဧည့်သည်လာမည်ဖြစ်ပါသည်။ ။

လူငယ်နှင့် ကိုယ်ကျင့်တရား

- ❑ လူငယ်ဟူသည်၊ ကိုယ်ကျင့်တရားဟူသည်။
- ❑ လူတိုင်းကိုယ်ကျင့်တရားစောင့်ထိန်းရန်လိုအပ်ပုံ။
- ❑ လူငယ်နှင့် ကိုယ်ကျင့်တရား။
- ❑ ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း၊ မစောင့်ထိန်းခြင်း၏ အကျိုးအပြစ်သာဓကများ။
- ❑ မိမိအမြင်။

## လူငယ်နှင့် ကိုယ်ကျင့်တရား

လူငယ်ဟူသည် 'ပျိုမျစ်နုနယ်သော အရွယ်ရှိသူ' ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်ဟူသည် မူလတန်းကျောင်းသားအရွယ်၊ အလယ်တန်းကျောင်းသား အရွယ်၊ အထက်တန်းကျောင်းသားအရွယ်စသော ကျောင်းသားလူငယ်အားလုံး ပါဝင်ပါသည်။ လူငယ်သည် အသက်အရွယ်ငယ်ရွယ်သူ ဖြစ်သည့်အလျောက် တက်ကြွသည်။ဖျတ်လတ်သည်၊ ရဲရင့်သည်။ သို့သော် အတွေ့အကြုံ နည်းပါးသေးသည်။ ဗဟုသုတ အကြားအမြင်လည်း မကြွယ်ဝသေးပါ။ အတွေးအမြင်လည်း နည်းပါးပါသေးသည်။ ထို့အတွက် ပုံသွင်း၍အကောင်းဆုံး ဖြစ်ပါသည်။

ကိုယ်ကျင့်တရားဟူသည် ကိုယ်နှုတ်နှလုံးစောင့်စည်းမှု အကျင့်သိက္ခာဖြစ်ပါသည်။ ကိုယ်ကျင့်တရားကို 'အကျင့်၊ စာရိတ္တ၊ အကျင့်သီလ' နှင့်လည်း အလဲအလှယ် အသုံးပြုပါသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ကို စောင့်စည်းမှု၊ ကံသုံးပါးစောင့်စည်းမှုသည် ကိုယ်ကျင့်တရားဖြစ်ပါသည်။ ကိုယ်ကျင့်တရားတွင် ရိုးသားဖြောင့်မတ်ခြင်း၊ သီလရှိခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ စိတ်နေစိတ်ထားကောင်းမွန်ခြင်း၊ ကိုယ်နှုတ်နှလုံးယဉ်ကျေးသိမ်မွေ့ခြင်း၊ သနားကရုဏာမေတ္တာစိတ်များ ပြည့်စုံ ခြင်း စသည်တို့ပါဝင်ပါသည်။ ကိုယ်ကျင့်တရားသာရှိလျှင် လူတိုင်းက ချစ်ခင်မြတ်နိုးကြပါသည်။ ရိုသေလေးစားကြပါသည်။ ကြည်ညိုကြပါသည်။

ထို့ကြောင့် လူတိုင်းကိုယ်ကျင့်တရား စောင့်ထိန်းရန်လိုအပ်ပါသည်။ 'လူမှာအကျင့် ပန်းမှာအပွင့်' ဆိုရိုးစကားအတိုင်း လူမှာ အကျင့်ကောင်းပါမှ တန်ဖိုးရှိပါ

သည်။ ပန်းမှာလည်း အပွင့်ကောင်းပါမှ တန်ဖိုးရှိပါသည်။ တန်ဖိုးရှိသော လူများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရပါမည်။

ထိုသို့ တန်ဖိုးရှိသော လူငယ်များဖြစ်လာအောင် ပထမဆုံး ပြုစုပျိုးထောင်ပေးရမည့်သူများမှာ 'ပုဗ္ဗာစရိယ မိနှင့်ဘ' တို့ဖြစ်ပါသည်။ မိဘတို့ ပုံသွင်းကောင်းလျှင် ကောင်းသကဲ့သို့ လူကောင်းလူတော် လူလိမ္မာလူယဉ်ကျေးကလေးများ ဖြစ်လာပါမည်။ ပုံသွင်းမကောင်းလျှင် မကောင်းသကဲ့သို့ လူဆိုးလူသွမ်း၊ လူမိုက်၊ လူရိုင်းကလေးများ ဖြစ်လာနိုင်ပါသည်။ အကြောင်းမှာ 'အမိယုတ်က နုတ်ကြမ်း၍ အဖယုတ်က လက်ကြမ်း' တတ်၍ဖြစ်ပါသည်။ လူငယ်တို့၏ နောက်ဆရာမှာ စာသင် ကျောင်းမှ ဆရာများဖြစ်ပါသည်။ ထိုဆရာများသည်လည်း 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားစဉ်စိုက် ဖြောင့်ဖြောင့်လိုက်၏' ဟူသော ကဗျာ အတိုင်း လူငယ်များကို ကိုယ်ကျင့်တရားကောင်းနှင့်ပြည့်စုံ၍ အဖိုးတန်သော လူငယ် ကလေးများဖြစ်အောင် ပြုစုပျိုးထောင်ပေးရပါမည်။ သို့မှသာ ကိုယ်ကျင့်တရားနှင့် ပြည့်စုံသော လူငယ်များပေါ်ထွန်းလာကာ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါလိမ့်မည်။ ထို့ကြောင့် လူငယ်နှင့်ကိုယ်ကျင့်တရားသည် 'ရေနှင့်ကြာပမာ' အမြဲပင် ဆက်စပ်နေပါသည်။

ကျွန်တော်တို့ နိုင်ငံတွင် လူငယ်ဦးရေမှာ နိုင်ငံတော်လူဦးရေ၏ ထက်ဝက်ကျော်ကျော်ရှိပါသည်။ 'ယနေ့လူငယ် နောင်ဝယ်လူကြီး' ဟူသော စကားကဲ့သို့ ယနေ့လူငယ်တို့သည် လူကြီးများ၏နေရာတွင် အစားထိုး ဝင်ရောက်ရမည်။ ထိုအစားထိုးရမည့် လူငယ်များသည် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး 'ပညာပြည့်ဝ၊ နှလုံးလှ' သူများဖြစ်နေဖို့လိုပါသည်။ ထို့ကြောင့်လည်း ကျောင်းများတွင် စိတ်ဓာတ်ကောင်းသော လူငယ်များ၊ စည်းကမ်းကောင်းသော လူငယ်များ၊ ပညာကောင်းသော လူငယ်များ ပေါ်ထွန်းလာအောင် 'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ' ဟူသော ဆောင်ပုဒ်ဖြင့် ပြုစုပျိုးထောင်ပေးနေကြပါသည်။ ကျောင်းသားလူငယ်များကို မိမိကိုယ်ကိုကောင်းအောင်၊ မိမိအတန်းကိုကောင်းအောင်၊ မိမိကျောင်းကို ကောင်းအောင်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားသူများ ဖြစ်လာစေရန် လေ့ကျင့်ပေးပါသည်။ အထူးသဖြင့် ကိုယ်ကျင့်တရားကောင်းအောင် ပြုစုပါသည်။ ကိုယ်ကျင့်တရားကောင်းသူများရှိသော လူငယ်များရှိလာမှသာ တိုင်းပြည်အတွက် အားထားလောက်သော လူငယ်များ ဖြစ်လာပါမည်။

'ရေမရှိကန်၊ ဆန်မဲ့စပါး၊ တရားမဲ့မင်း၊ ခိုးကင်းမီး' တို့သည် အချည်းအနှီးသာ ဖြစ်ပါသည်။ ထို့ကြောင့် လူဖြစ်ပါလျက် ကိုယ်ကျင့်တရားမရှိသည့် လူသည်လည်း အချည်းအနှီးသာဖြစ်ပါသည်။ ဆန်ကုန်မြေလေး၊ တန်ကြေးမရှိသူသာဖြစ်ပါသည်။ အကျင့်သိက္ခာစောင့်ထိန်းသူ၊ ကိုယ်ကျင့်တရား ကောင်းသူတို့ကို လူတိုင်းကနှစ်လိုချစ်ခင်ကြပါသည်။ လေးစားကြည်ညိုကြပါသည်။ အကျင့်သိက္ခာ မစောင့်ထိန်းသူ၊ ကိုယ်ကျင့်တရား မရှိသူတို့ကိုမူ လူတိုင်းက ရွံမုန်းကြပါသည်။

ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း၏ အကျိုးကားများပါသည်။ သေရိဝါဏိဇဇာတ်၊ ရွှဲကုန်သည် နှစ်ဦးအကြောင်းတွင် ဘုရားလောင်းရွှဲကုန်သည်မှာ ရိုးသားဖြောင့်မတ်သောကြောင့် သိန်းတန်ရွှေခွက်ကို ရခဲ့ပါသည်။ ထို့နောက် သီလဝီမံသကဇာတ်လာ ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားကို မင်းကြီးက အခြားသော ပုဏ္ဏားများထက် ပို၍မြတ်နိုးခြင်းမှာ အကျင့်သီလရှိ၍ ဒါနပြုလေ့ ရှိသောကြောင့်ဖြစ်ပါသည်။ တေလပတ္တဇာတ်တော်တွင် ဘုရားအလောင်းသည် ဗာရာဏသီ၊ ဗြဟ္မဒတ်မင်း၏ သားတစ်ထောင်၏ ညီအငယ်ဖြစ်ပါသည်။ ဤပြည်တွင် မင်းမဖြစ်နိုင်၊ တက္ကသိုလ်ပြည်သို့သွားလျှင် နောင်ခုနစ်ရက်မြောက်နေ့၌ မင်းဖြစ်သည်။ သို့သော် မိမိကိုယ်ကိုစောင့်ထိန်းနိုင်မှသာ ဖြစ်မည်ဟု ပစ္စေကဗုဒ္ဓါတို့က မိန့်ပါသည်။ မိန့်သည့်အတိုင်း မိမိကိုယ်ကို စောင့်ထိန်းနိုင်၍ မင်းဖြစ်ခဲ့ရပါသည်။

ထို့အတူ တိဋ္ဌမုဋ္ဌိဇာတ်လာ နမ်းဖြူတစ်ဆုပ် တစ်ခုပ်ယူစားသော ဗြဟ္မဒတ်မင်း၏ သားကို ဒိသာပါမောက္ခဆရာကြီးက နောင်ဤသို့ မပြုဝံ့အောင် ဝါးခြမ်းဖြင့် သုံးချက်ရိုက်ဆုံးမခဲ့ပါသည်။ ဤဆုံးမချက်ကြောင့် နောက်ဆုံးတွင် 'သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်' ဖြစ်မလာတော့ဘဲ ဘုရင်ဖြစ်ခဲ့ရပါသည်။ တစ်ဖန် သီလဝီမံသကဇာတ်လာ ဘုရားအလောင်း တပည့်ကြီးသည် ဒိသာပါမောက္ခ ဆရာကြီး၏ သမီးအတွက် မည်သည့်လက်ဆောင်ပစ္စည်းမှ ယူမလာဘဲ မေးသောအခါ 'ခိုးခြင်းသည် မကောင်းမှုဖြစ်ပါသည်။ မကောင်းမှု ဟူသမျှ ဆိတ်ကွယ်ရာမရှိပါ' ဟု ဆိုပါသည်။ ကိုယ်ကျင့်တရား ကောင်းသော ဘုရားလောင်းမှာ ဒိသာပါမောက္ခ၏ သမီးကိုရခဲ့ခြင်း ဖြစ်ပါသည်။

ဤသာဓကများကိုထောက်၍ 'ကောက်သော် မစားလောက်၊ ဖြောင့်သော် စားမနိုင်' ဟုသော စကားပုံအတိုင်း ဖြောင့်မှန်လျှင် စားမကုန်နိုင်အောင် ကြွယ်ဝ

ပေါပါမည်။ ကိုယ်ကျင့်တရားစောင့်ထိန်းလျှင် လိုရာဆန္ဒပြည့်ဝမည်။ လူအများ၏ လေးစားမြတ်နိုးကြည်ညိုခြင်းကို ခံရမည်ဖြစ်ပါသည်။

ကိုယ်ကျင့်တရားမရှိလျှင် အပြစ်များစွာရပါမည်။ ရွှဲကုန်သည်နှစ်ဦးတွင် ဒေဝဒတ်လောင်း ရွှဲကုန်သည်မှာမူ ကောက်ကျစ်စဉ်းလဲ၍ သိန်းတန်ရွှေခွက်ဆုံးရှုံးရုံသာမက သွေးအန်၍ အသက်ပါဆုံးရှုံးခဲ့ရပါသည်။ သီလဝီမံသကဇာတ်လာ ပုရောဟိတ်ပုဏ္ဏားကြီးသည် ရွှေပန်းတိမ်အိမ်မှ တစ်နေ့အသပြာတစ်ကျပ် တစ်ကျပ်ယူခဲ့ရာ သုံးရက်မြောက်နေ့တွင် သူခိုးဟု ရိုက်ပုတ်ကာ မင်းထံအပ်ခြင်း ခံရပါသည်။ တေလပတ္တဇာတ်လာ မင်းသားလေး၏ လူငါးယောက်မှာ မိမိကိုယ်ကိုမိမိ မထိန်းသိမ်းနိုင်၍ ဘီလူးစာဖြစ်ခဲ့ရပါသည်။

သုရာဃဋဇာတ်လာ သားအရက်သမားသည် ဖခင်သိကြားမင်းပေးထားသော လိုတရအိုးကို မထိန်းသိမ်းနိုင်၍ အိုးကွဲကာ ဆင်းရဲတွင်းပြန်နစ်ရပါသည်။ ထို့အတူ သီလဝီမံသကဇာတ်လာ ဒိသာပါမောက္ခဆရာကြီး၏ တပည့်များသည် ဆရာကြီးသမီးအတွက် လက်ဆောင်ပစ္စည်းများကို အိမ်မှမသိအောင် ယူလာခဲ့၍ ကိုယ်ကျင့်တရားပျက်သောကြောင့် ဆရာကြီးသမီးနှင့် လွဲခဲ့ရပါသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားမဲ့လျှင် အကျိုးနည်းမည်ဖြစ်ပါသည်။ သေသော်သေမည်၊ မသေလျှင်လည်း မလှမပ၊ မလေးမစား၊ မကြည်မညို၊ မမြတ်မနိုး၊ မချစ်မခင်ဖြစ်ရုံသာမက ရွံရှာမုန်းတီး အထင်သေးခြင်းပင် ခံရပါမည်။

ထို့ကြောင့် မိမိတို့ကိုယ်ကျင့်တရားကောင်းများကို မိမိတို့ စောင့်ထိန်းကြရပါမည်။ အထူးသဖြင့် စောင့်ထိန်းရမည်မှာ လူငယ်များဖြစ်ပါသည်။ စောင့်ထိန်းနိုင်ရန်လည်း ကျောင်းသားလူငယ်များကို စာရိတ္တမောင်မယ်ဆုများ ပေး၍လည်းကောင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ မင်္ဂလာမောင်မယ်သင်တန်းများ၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်၍လည်းကောင်း ပြုပြင်ပေးပါသည်။ လူငယ်များကလည်း ကိုယ်ကျင့်တရားကောင်းသော လူငယ်များ၊ အကျင့်သိက္ခာရှိသော လူငယ်များဖြစ်အောင် ကြိုးစားအားထုတ်သင့်ပါသည်။

ကိုယ်ကျင့်တရားကောင်းသော လူငယ်များ တိုးတက်များပြားလာသည်နှင့်အမျှ ကျွန်တော်တို့နိုင်ငံ၏အနာဂတ် အရေးသည်လည်း စိတ်အေးရမည် ဖြစ်ပါသည်။ အနာဂတ်အရေးစိတ်အေးရအောင် ကျွန်တော်တို့လူငယ်များကို ကိုယ်ကျင့်တရားကောင်းများ ကိန်းအောင်းနေအောင် ပြုစုပျိုးထောင်ရပါမည်။ လူငယ်နှင့် ကိုယ်ကျင့်တရားကား အလေးထားဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ။

မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူး

- မြတ်ဆရာဟူသည်၊ ဂုဏ်ကျေးဇူးဟူသည်။
- မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူး။
- မြတ်ဆရာတို့ သွန်သင်ဆုံးမလမ်းညွှန်ပုံ။
- ကျေးဇူးဆပ်သင့်ပုံ။
- မိမိအမြင်။

## မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူး

'မြတ်ဆရာ' ဟူသောစကားတွင် 'မြတ်' ဟူသောပုဒ်နှင့် 'ဆရာ' ဟူသော ပုဒ်နှစ်ခု ပေါင်းထားခြင်းဖြစ်ပါသည်။ 'မြတ်'၏ အဓိပ္ပာယ်မှာ 'ဂုဏ် အရည်အချင်း သာလွန်ကောင်းမွန်သော' ဖြစ်ပါသည်။ 'ဆရာ' ဟူသည် 'ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ' ဖြစ်ပါသည်။ ထို့ကြောင့် 'မြတ်ဆရာ' ဟူသည်မှာ 'ဂုဏ်အရည်အချင်း သာလွန်ကောင်းမွန်သော ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသူ' ဖြစ်ပါသည်။ 'ဂုဏ်ကျေးဇူး' တွင်လည်း 'ဂုဏ်' နှင့် 'ကျေးဇူး' စကားနှစ်ခွန်းကို ပေါင်းထားပါသည်။ 'ဂုဏ်'သည် 'သက်ရှိသက်မဲ့တို့၏ အရည် အချင်း၊ အစွမ်းသတ္တိ' ဖြစ်၍ 'ကျေးဇူး' မှာ 'တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု၊ ကောင်းကျိုး'ဖြစ်ပါသည်။ ဤနေရာတွင် 'ဂုဏ်'တစ်ခု၊ 'ကျေးဇူး' တစ်ခုမယူရပါ။ ဤတွင် ဂုဏ်၊ ကျေးဇူးတို့သည် 'ကျေးဇူး'ကိုပင် 'ဂုဏ်ကျေးဇူး' ဟု အဓိပ္ပာယ်တူနှစ်ခုကိုထပ်သုံးထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဓိပ္ပာယ်မှာ တစ်ဦးက အခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု၊ ကောင်းကျိုးသာ ဖြစ်ပါသည်။

မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးမှာ များမြတ်လှပါသည်။ မြတ်ဆရာတို့သည် အနန္တဂုဏ်ရှင်တစ်ပါး ဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူ၍ အနန္တောအနန္တ ငါးပါးအဝင်ဖြစ်ပါသည်။ အနန္တောအနန္တ၏ အဓိပ္ပာယ်မှာ အဆုံးအပိုင်း အခြားမရှိဟု သိရပါသည်။ ထို့ကြောင့် အဆုံးအပိုင်းအခြား မရှိသော ဂုဏ်ရှင်ငါးပါး တွင် ပါဝင်ပါသည်။ ဘုရားနှင့် တစ်ဂိုဏ်းတည်းထားသကဲ့သို့ မိဘတို့နှင့်လည်း တစ်ဂိုဏ်းတည်း ထားကြပါသည်။ ဂုဏ်တော်ကျေးဇူးတော်ကား မည်သည်နှင့်မျှ

နိုင်း၍၊ တိုင်း၍မရနိုင်ပါ။ သုံးလူထွတ်ထား မြတ်ဘုရားသည်ပင် ဆရာတစ်ဆူဖြစ်ပါသည်။ ဘုရားဂုဏ်တော်ကိုးပါးတွင် 'သတ္ထာ ဒေဝ မနုဿာနံ ဂုဏ်တော်တစ်ပါးပါဝင်ပါသည်။ ဗြဟ္မာနတ်လူသုံးဘုံသူတို့အား ပစ္စုပ္ပန် သံသရာနှစ်ဖြာ အကျိုးဖွံ့ဖြိုးစေခြင်းဟု ကောင်းမြတ်သော အဆုံးအမကို ပေးတော်မူတတ်သော ဆရာတစ်ဆူဖြစ်တော်မူပါသည်ဟူသော ဂုဏ်တော်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတို့၏ ဂုဏ်ကျေးဇူးမှာ အနန္တ ဖြစ်ပါသည်။

ဆရာတို့သည် တပည့်သားမြေးများအပေါ်တွင် မိဘများကဲ့သို့ မေတ္တာအပြည့် ကရုဏာအပြည့်ဖြင့် ပညာသင်ကြားပေးပါသည်။ <u>ဝါသနာ၊ စေတနာ၊ အနစ်နာ</u> ဟူသောနာသုံးနာဖြင့် ဖြစ်ပါသည်။ ထို့ကြောင့်လည်း မန်လည်ဆရာတော် ဘုရားက 'မဟာသုတကာရီ၊ မဃဒေဝလင်္ကာသစ်'တွင် 'ရှေးရှု မေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့' ဟူ၍ ဆရာတို့၏ ကျေးဇူးကို ဖော်ထုတ်တင်ပြထားပါသည်။

မြတ်ဆရာတို့သည် တပည့်များကို ကျောသားရင်သားခွဲခြား၍ သင်ကြားပြသ၊ သွန်သင်ဆုံးမ လမ်းညွှန်ပြသူများ မဟုတ်ပါ။ တပည့်များအားလုံးကို ရင်မှဖြစ်သော သားကဲ့သို့ သဘောထားသူများ ဖြစ်ပါသည်။ တပည့်အားလုံးကို မေတ္တာ၊ စေတနာ အရင်းခံ၍ အတတ်ပညာများကို သင်ကြားပေးကြပါသည်။ တပည့်များ၏ ပညာ တိုးတက်မှုအတွက်သာ အားပေးစကားပြောကြားပေးပါသည်။ အာစရိယမုဋ္ဌိဟူသော ဆရာလက်ဆုပ်၊ ဆရာစားချန်၍သင်ပေးသူများလည်း မဟုတ်ပါ။ အတတ်ပညာကို အကြွင်းမထား သင်ကြားပေးပါသည်။ တပည့်များအား သိစေချင်၊ တတ်စေချင်သော စေတနာဖြင့် အတတ်ပညာများကို မမေ့နိုင်သော နည်းလမ်းများကိုရှာဖွေ၍လည်း သင်ကြားပေးကြပါသည်။ ကျန်းမာရေးကအစ အစားအသောက် အနေအထိုင်၊ အပြောအဆို စသည်တို့အထိ သင့်တင့်ကောင်းမွန်အောင် သွန်သင်ဆုံးမလမ်းညွှန်ပြကြပါသည်။ အပြစ်ရှိလျှင်လည်း မျက်နှာမလိုက်ဘဲ အပြစ်အလျောက်ဆုံးမတတ်ပါသည်။ <u>အိုးထိန်းသည်သည် အိုးကိုကွဲစေလို၍ ပုတ်ခတ်သည် မဟုတ်။ အိုးကောင်းဖြစ်အောင်သာ ပုတ်ခတ်ခြင်းဖြစ်</u>ပါသည်။

ထို့ပြင် တပည့်တို့၏ တိုးတက်ရေး၊ ပညာတတ်မြောက်ရေး၊ လိမ္မာယဉ်ကျေးစေရေး စသည်တို့အတွက် ဆရာတို့သည် အမြဲအာရုံစိုက်ကာ အားပေးစကားပြောကြားကြပါသည်။ ဆရာတို့သည် 'အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်

ဆီးကာ၊ သင့်ရာအပ်ပို့' ကြပါသည်။ 'ဝ' လုံးတန်း သင်ဆရာ၊ အလယ်တန်းပြဆရာ၊ အထက်တန်းပြ ဆရာတို့သည် ဆရာကြီးဦးဖေမောင်တင်၏ 'တပည့်သည် ဆရာထက် လက်စောင်းထက်စေရမည်' ဟူသော အဆိုအမိန့်အတိုင်း ဆရာထက်တော်သော၊ ထက်သောတပည့်များဖြစ်လာအောင် တပည့်တို့ ဘဝမြင့်မားလာအောင်သာ လုပ်ဆောင်ကြပါသည်။

ထို့ကြောင့် မြတ်ဆရာတို့၏ ကျေးဇူးဂုဏ်ကို မမေ့သင့်ပါ။ မြန်မာတို့ကား မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို တစ်သက်လုံးမမေ့ကြပါ။ 'အာစရိယဂုဏော အနန္တော' ဟု ညတိုင်းရွတ်ဆို၊ ကန်တော့ကြပါသည်။ မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ကမ္ဘာကလည်း သိလာပါပြီ။ ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၆၆ နှစ်က 'ကမ္ဘာ့ဆရာများနေ့' ဟူ၍ အောက်တိုဘာ ၅ ရက်နေ့ကို သတ်မှတ်ခဲ့ပါသည်။ အောက်တိုဘာ ၅ရက်နေ့တိုင်း ကမ္ဘာ့ဆရာများနေ့ဟု ကျင်းပကြပါသည်။ မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ထိုနေ့တွင် မမေ့မလျော့ အောက်မေ့ကြပါသည်။

မြတ်ဆရာတို့၏ ကျေးဇူးကိုမမေ့သင့်ရုံသာမက ကျေးဇူးကို ပြန်ဆပ်သင့်ပါသည်။ ကျေးဇူးပြန်ဆပ်ရာတွင်လည်း မိမိတို့တတ်နိုင်သည့် နည်းလမ်းများဖြင့် ဆပ်သင့်ပါသည်။ သုံးလူ့ထွတ်ထား မြတ်စွာဘုရားသည်ပင် ဗုဒ္ဓဘုရားရှင်ဖြစ်တော်မူသောအခါ ယခင်က ဆရာများဖြစ်ခဲ့သော အာဠာရနှင့် ဥဒကရသေ့ကြီးများကို ကျေးဇူးဆပ်ရန် ဒိဗ္ဗစက္ခုဖြင့် ရှာဖွေခဲ့ပါသည်။ ရသေ့ကြီးများ ကွယ်လွန်နှင့်ပြီဖြစ်၍ ကျေးဇူးတုံ့ပြန်မဆပ်ရပါ။ ကျွန်တော်တို့ ကျောင်းသားကျောင်းသူများကမူ ယခုအခါ သင်သမျှ စာများရအောင်၊ ပေးသမျှသင်ခန်းစာများကို မပျက်မကွက်ပြုလုပ်ကာ ကျက်သင့်သည်ကို ကျက်၊ မှတ်သင့်သည်ကိုမှတ်၍ တပည့်ကောင်း၊ တပည့်မွန်၊ တပည့်ချွန်များဖြစ်အောင် ကြိုးစားပြ၍ ဆရာတို့ ပီတိဖြစ်လာအောင် ကျေးဇူးဆပ်ရပါမည်။ ထို့ပြင် သီတင်းကျွတ်ကျောင်းမပိတ်မီ သို့မဟုတ် ကျောင်းကြီးမပိတ်မီ အတန်းလိုက် အတန်းလိုက် ဆရာကန်တော့ပွဲများပြုလုပ်၍လည်း မြတ်ဆရာတို့ ကျေးဇူးကို ဆပ်ကြပါသည်။

ထို့ပြင် တပည့်ဟောင်းများ၊ တပည့်ကြီးများက မူလတန်းသင်ပေးသော မြတ်ဆရာများ၊ အလယ်တန်း သင်ပေးသော မြတ်ဆရာများ၊ အထက်တန်း သင်ပေးသော မြတ်ဆရာများကို 'မြတ်ဆရာပူဇော်ပွဲ၊ ဆရာကန်တော့ပွဲ၊ အာစရိယ ပူဇော်ပွဲ' စသည်ဖြင့် နာမည်အမျိုးမျိုးမှည့်ခေါ်ကာ ပူဇော်ပွဲများဖြင့် ကျေးဇူးဆပ်နေကြပါသည်။

ဝတ္ထုပစ္စည်းများဖြင့် ကျေးဇူးဆပ်ရုံသာမက သာရေး၊ နာရေး ထောက်ပံ့မှုများ၊ ကျန်းမာရေးအထောက်အကူပြုများဖြင့်လည်း ကျေးဇူးဆပ်နေကြပါသည်။ ဆရာများအပေါ် သိတတ်မှု၊ ကျေးဇူးဆပ်တတ်မှုကား မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံတွင်မျှ မရှိခဲ့ပါ။ မြန်မာနိုင်ငံတွင်သာ ရှိပါသည်။

ထို့ကြောင့် မြတ်ဆရာတို့ ဂုဏ်ကျေးဇူးကား ကြီးကျယ်များပြားလှပါသည်။ ထိုဂုဏ်ကျေးဇူးကို ကျွန်တော်တို့သည် အမြဲသတိရနေသင့်ပါသည်။ သတိရနေရုံမျှဖြင့်လည်း မကျေနပ်သင့်ပါ။ မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို တုံ့ပြန်ဆပ်ရမည်ဖြစ်ပါသည်။ ကျေးဇူးဆပ်နည်းနှစ်နည်းရှိသည်ဟု ဆိုပါသည်။ နှုတ်ဖြင့် ဖော်ထုတ်ချီးမြှင့်ခြင်းနှင့် ကိုယ်ထိလက်ရောက်တစ်စုံတစ်ရာဖြင့် တုံ့ပြန်ကျေးဇူးဆပ်ခြင်းတို့ဖြစ်ပါသည်။ ထိုနှစ်မျိုးစလုံးဖြင့် ကျေးဇူးသိ၍ ကျေးဇူးဆပ်ခြင်းကား အကောင်းဆုံးဖြစ်ပါသည်။ ကိုယ်ထိလက်ရောက် ကျေးဇူးမဆပ်နိုင်သေးလျှင် နှုတ်ဖြင့်ကျေးဇူးတင်ကြောင်းကို အကြောင်းတိုက်ဆိုင်တိုင်း ဖော်ပြပြောဆိုရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းသားကျောင်းသူများအနေဖြင့်မူ အထက်တွင် ဆိုခဲ့သကဲ့သို့ ကျေးဇူးဆပ်ခြင်းနှင့် နှုတ်ဖြင့်ကျေးဇူး တင်ကြောင်းကို အကြောင်းတိုက်ဆိုင်တိုင်း ထုတ်ဖော်ပြောဆိုခြင်းဖြင့် ကျေးဇူးဆပ် ရမည်ဖြစ်ပါသည်။ ကျေးဇူးသိတတ်၍ ကျေးဇူးဆပ်တတ်သော တပည့်များဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရပါသည်။ သို့မှလည်း ကတညုတ မင်္ဂလာတရားနှင့် ပြည့်စုံသော တပည့်ကောင်းများဖြစ်လာမည် ဖြစ်ပါသည်။ ။

သစ္စာတရား

- သစ္စာတရားဟူသည်
- သစ္စာတရားသည် အလွန်အစွမ်းထက်ပုံ
- သစ္စာရှိသောကြောင့် အောင်မြင်ပုံ၊ သာဓကများ
- သစ္စာမရှိသောကြောင့်ဆိုးကျိုး၊ သာဓကများ
- မိမိအမြင်

## သစ္စာတရား

'သစ္စာဆိုသည်ကား ဘဝကမ္ဘာအသင်္ချေကြာသော်လည်း တစ်ခါတစ်ရံမျှ မဖောက်ပြန် မှန်ကန်သောသဘောကို ဆိုသည်'ဟု လယ်တီဆရာတော်ဘုရားက ဆိုပါသည်။ မြန်မာအဘိဓာန်တွင် သစ္စာကို 'အမှန်တရား၊ မှန်ကန်သောစကား၊ နိုင်ငံနှင့် လူမျိုးစသည်အပေါ်တွင် ထားရှိသော စောင့်သိရိုသေမှု' ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ ထို့ကြောင့် သစ္စာတရားဟူသည် 'ဘဝကမ္ဘာအသင်္ချေကြာသော်လည်း တစ်ရံတစ်ဆစ်မျှ မဖောက်ပြန်မှန်ကန်သော သဘောတရား၊ အမှန်တရား၊ မှန်ကန်သောစကား၊ နိုင်ငံနှင့် လူမျိုး စသည်ပေါ်တွင်ထားရှိသော စောင့်သိရိုသေမှု သဘောတရား'ဟု ဆိုနိုင်မည်ထင်ပါသည်။

အမှန်တရားတွင် မှန်ကန်သောစကားလည်း ပါပါသည်။ ထို့ကြောင့် ပေလေးပင်၊ ရှင်လေးပါးအဝင် ရှင်မဟာသီလဝံသက 'အမှန်ကိုဆိုသည်လည်း သစ္စာ၊ မမှန်ကို ရှောင်ကြဉ်သည်လည်း သစ္စာ၊ အမြိုက် နိဗ္ဗာန်ချမ်းသာသည်လည်း သစ္စာ' ဟူ၍ ပြခဲ့ပါသည်။ အမှန်ကိုဆိုသောစကား၊ မမှန်သည်ကိုရှောင်ကြဉ်ခြင်းတို့သည် သစ္စာများဖြစ်ပါသည်။

သစ္စာတရားသည် အလွန်အစွမ်းထက်ပါသည်။ ရှင်မဟာသီလဝံသက 'သစ္စာစကားဖြင့် တန်ဆာဆင်အပ်သော နှုတ်များသည် ပြောဆိုတိုင်းအောင်မြင်၍ စကားအရာတွင် သိဒ္ဓိပေါက်သည်' ဟုဆိုပါသည်။ သိဒ္ဓိပေါက်သည်ဆိုသည်မှာ 'လိုရာကိစ္စပြီးမြောက်သည်'ဟုဆိုပါသည်။ ထို့ပြင် 'သစ္စာနှင့်တူ၍ကိုးကွယ်ရာ ဖြစ်ဖူးသည် မရှိ။ သစ္စာနှင့်တူ၍ အံ့ဖွယ်သရဲသောအကျိုးကို ဆောင်ဖူးသည်မရှိ' ဟုလည်း ဆိုပါသည်။ အံ့ဖွယ်သရဲသောအကျိုးဆိုသည်မှာ 'အထူးအံ့ဩဖွယ်သော အကျိုး'

ဖြစ်ပါသည်။ 'မင်းမှာသစ္စာ၊ လူမှာကတိ' ဟူသော ဆိုရိုးစကားလည်း ရှိပါသည်။ မင်းမှာသစ္စာစောင့်ရသည်။ လူမှာလည်း ကတိတည်ရပါသည်။ ထိုသို့ ကတိသစ္စာ တည်ပြီးလျှင် 'ကတိသစ္စာ၊ တည်သောအခါ၌ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏' ဟု နွယ်မြက်သစ်ပင်အားလုံးသည် ဆေးဖက် ဝင်၍ ရောဂါများကင်း ပျောက်စေနိုင်စွမ်းရှိပါသည်။ တစ်ဖန်သစ္စာသာ ရှိပြီဆိုလျှင် 'သစ္စာဆိုသီး၊ သေတပြီးလျက်၊ ရှင်ကြီးရှင်ပြန်၊ နတ်မဟန်တည့်' ဟု မန်လည် ဆရာတော်က မဃဒေဝလင်္ကာသစ်တွင် ဆိုထားပါသည်။ သေပြီးသူပင် ပြန်ရှင်ရ သည်ဟုဆိုပါသည်။

ထို့ကြောင့် သစ္စာရှိသူသည် အရာခပ်သိမ်းအောင်မြင်ပါသည်။ ထိုသူကို အားလုံးက ချစ်ခင်လေးစားပါသည်။ ကြည်ညိုကြပါသည်။ ကူလည်း ကူညီကြ ပါသည်။ နန္ဒိဝိသာလဇာတ်တော်တွင် နန္ဒိဝိသာလ နွားလားကြီးသည် ကောင်းသော စကား၊ မှန်သောစကားပြောသည့် ပုဏ္ဏားကြီးကို အသပြာနှစ်ထောင်ရအောင် လုပ်ပေးပါသည်။ ဝဋ္ဋကဇာတ်တွင် ဘုရားလောင်းငုံးငယ်သည် ခြေများရှိသော်လည်း မသွားနိုင်သောကြောင့် အတောင်များရှိသော်လည်း မပျံနိုင်သေးကြောင်း မှန်သော သစ္စာစကားဆိုသောကြောင့် တောမီးသည် ဆယ့်ခြောက်မင်း ပယ်စာကွင်းသွား၍ အသက်ချမ်းသာရာ ရခဲ့ပါသည်။ မစ္ဆဇာတ်လာ ငါးမင်းသည်လည်း မိုးခေါင်၍ ရေများခန်းခြောက်လာသောအခါ 'ငါသည် ဇာတ်တူသားစားသည့်အမျိုး၌ ဖြစ်သော် လည်း မည်သည့်ငါးကိုမျှ မစားစဖူး။ အခြားသတ္တဝါများကိုလည်း မသတ်စဖူး' ဟု သစ္စာစကားကိုဆို၍ မိုးရွာစေပါသည်။

သုပ္ပါရကဇာတ်တော်တွင် သုပ္ပါရကဘုရားလောင်းမျက်မမြင် သင်္ဘောသူကြီး သည် ဗလဝါမုခ သမုဒ္ဒရာသို့ လမ်းလွဲ၍ ရောက်သွားပါသည်။ ဤသမုဒ္ဒရာရောက်သော သင်္ဘောအားလုံးနစ်၍ သေသည်သာ ဖြစ်ပါသည်။ မိမိ၏သီလကိုဆင်ခြင်ကာ သစ္စာပြုသောအခါ တစ်နေ့ချင်းပင် မိမိဆိုက်ရောက်ရမည့် ကူးတို့ဆိပ်သို့ ဘေးမသီ ရန်မခ ပြန်ရောက်ခဲ့ပါသည်။ မြွေဆိပ်တက်နေသော သားငယ်ကို ကဏှဒီပါယနရသေ့ နှင့် မိဘနှစ်ပါးတို့သည် မှန်သောသစ္စာစကားဆို၍ မြွေဆိပ်ကျစေကာ သားငယ် အသက်ချမ်းသာရာ ရခဲ့ပါသည်။ သိဝိဇာတ်လာ သိဝိမင်း မျက်စိနှစ်လုံးကိုထုတ်လှူပြီး အလှူအကြောင်းကိုအမှန်အတိုင်းဆိုကာ သစ္စာပြုသောကြောင့် မျက်စိများ ပြန်မြင် ခဲ့ရပါသည်။

ထို့အတူ သမ္ဗုလာဇာတ်တော်တွင် သမ္ဗုလာမင်းသမီးသည် ခင်ပွန်းသည် သောတ္ထိသေနမင်းသား၏ နူရာကို သစ္စာဆို၍ ဦးခေါင်းမှရေလောင်းချရာ နူနာပျောက်ကင်း ချမ်းသာရာရခဲ့ပါသည်။ သုဝဏ္ဏသာမ ဇာတ်တော်တွင်လည်း မိဘများ၊ ဗဟုသုန္ဒရီနတ်သမီးတို့၏ သစ္စာစကားကြောင့် သုဝဏ္ဏသာမသည် မြားဆိပ်များကျကာ အသက်ရှင်ရုံသာမက၊ မိဘနှစ်ပါးလည်း မျက်စိနှစ်ကွင်း အလင်းရကာ 'သားရွှေအိုးထမ်း' လာသည်ကို မြင်လာရပါသည်။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားက '<u>သစ္စာနှုတ်သီး၊ မန္တန်ကြီးကား သေပြီးသော်မှ ရှင်ပြန်ရ၏</u>' ဟု ဆိုသကဲ့သို့ အကျိုးထူးလှပါသည်။

သစ္စာမရှိသောသူကို လူတိုင်းက မနှစ်သက်ပါ။ ရွံမုန်းပါသည်။ လူ့လောကတစ်ခုလုံးကလည်း ဝိုင်းကြဉ်ကြပါလိမ့်မည်။ မချစ်မကြည်ညို၊ မလေးစားပါ။ သစ္စာမရှိသောကြောင့် ဘေးဒုက္ခအဖုံဖုံ ဆိုးကျိုးသာကြုံရပါသည်။ တဏ္ဍုလနာဠိဇာတ်လာ ဗြဟ္မဒတ်မင်းသည် လောဘကြီး၍ မဖြောင့်မမှန် ဘုရားလောင်း ရာပြတ်ကိုဖြုတ်၍ ရာပြတ်မိုက် တစ်ယောက်ကို ခန့်ထားပါသည်။ မြင်းငါးရာကိုလည်း ဆန်တစ်ကွန်းစား၊ ဗာရာဏသီတစ်ပြည်လုံးကိုလည်း ဆန်တစ်ကွန်း စားထိုက်ကြောင်း ဆုံးဖြတ်ရာ အမတ်အားလုံးက ပြက်ရယ် ပြုကြပါသည်။ မင်းလည်းအရှက်ရ၊ ထိုရာပြတ်မိုက်လည်း အလုပ်ပြုတ်ခဲ့ပါသည်။ မမှန်ကန်ခြင်း၏ အကျိုးဆက်ဖြစ်ပါသည်။

လောသကဇာတ်လာ ကဿပဘုရားလက်ထက် ဝန်တို့သည် ကျောင်းထိုင်ရဟန်းတစ်ပါးသည် အာဂန္တု ရဟန္တာမထေရ်ကို မနာလိုဖြစ်ပြီး ကျောင်းဒကာက ရဟန်းနှစ်ပါးလုံးဆွမ်းစားပင့်သည်တွင် အာဂန္တုမှာ အအိပ်ကြီးကျောင်း၊ ကျောက်စည်တီး၊ တံခါးခေါက်ပါသော်လည်း မနိုးကြောင်း မဟုတ်မမှန် ဆိုစကားကြောင့် ငရဲ၌ အနှစ်တစ်သိန်းခံရကာ ဘဝငါးရာ ဘီလူးဖြစ်ပါသည်။ ဘဝငါးရာ ခွေးဖြစ်ခဲ့ရပါသည်။ လူဖြစ်သော် ဆင်းရဲသား မိတ္တဝိန္ဒကဖြစ်ကာ ဘဝအားလုံး စားရမဲ့မဲ့ သောက်ရမဲ့မဲ့ မကောင်းကျိုးသာ ခံစားရပါသည်။

သာဠိယဇာတ်လာ ဆေးဆရာတစ်ဦးသည် သစ်ခေါင်းတွင် အိပ်နေသောမြွေကို ဆက်ရက်ဟု လိမ်ညာ၍ သူငယ်တို့ကို တက်ယူစေရာ ဘုရားလောင်းသူငယ်က မြွေမှန်းသိသောအခါ အောက်သို့လျှင်မြန်စွာပစ်ချလိုက်ပါသည်။ မြွေသည် ဆေးဆရာလည်ပေါ်ကျ၍ မြွေခဲကာ သေရပါသည်။

စေတိယဇာတ်တော်တွင် ပိုဆိုးပါသည်။ စေတိယမင်းသည် ကောင်းကင်ပျံနိုင်

သည်။ ကိုယ်မှ စန္ဒကူးနံ့လှိုင်သည်။ ခံတွင်းမှ ကြာညိုနံ့သင်းသည်။ အရပ်လေးမျက်နှာတွင် နတ်သားလေးယောက်စောင့်သည် ဟူသော တန်ခိုးလေးမျိုးရှိပါသည်။ သို့သော် "အစ်ကိုကို ညီ၊ ညီကို အစ်ကို" ဟု မဟုတ်မမှန် ပြောဆိုမှုကြောင့် အရှင်လတ်လတ် မြေမျိုခံရကာ အဝီစိငရဲသို့ ကျရောက်ရပါသည်။

မမှန်မကန်ပြုလုပ်ကြလျှင် အနည်းဆုံး ပြက်ရယ်ပြုကဲ့ရဲ့ခံရမည်။ ဘဝအဆက်ဆက်လည်း ဆင်းရဲဒုက္ခမျိုးစုံ ကြုံရပါမည်။ မျက်မှောက်ဘဝတွင်လည်း အသေဆိုးနှင့် တွေ့ရပါမည်။ အရှင်လတ်လတ်လည်း မြေမျိုကာ သံသရာတွင်လည်း ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးပါးတွင် ခံစားရပါမည်။

ထို့ကြောင့် မှန်ကန်သော စကား၊ မှန်ကန်သော အလုပ်များကိုသာ ပြောဆိုလုပ်ကိုင်ကြရမည် ဖြစ်ပါသည်။ မမှန်မကန်သည်ကို မပြောမဆို၊ မလုပ်မကိုင်သင့်ပါ။ မှန်ကန်သည်ကိုသာ ပြောဆိုလုပ်ကိုင် ခြင်းသည် သစ္စာတရားနှင့် ပြည့်စုံခြင်းလည်း ဖြစ်ပါသည်။ သစ္စာတရားဖြင့် အရာရာတွင် အောင်မြင်ကြီးပွားနိုင်ပါသည်။ လူတိုင်းကလည်း နာလို၊ လူတိုင်းကလည်း ကြည်ညိုနှစ်သက်၊ ချစ်ခင်ကြသည့် သစ္စာတရားကို လက်ကိုင်ထားရမည်ဖြစ်ပါသည်။ အစွမ်းတန်ခိုးလည်းကြီးသည့် သစ္စာတရားအတိုင်း မှန်မှန်ကန်ကန်ပြောဆို ကျင့်ကြံနေထိုင်ကြရန် အရေးကြီးလှပါသည်။ ပြောဆိုကျင့် ကြံနေထိုင်ကြပါဟုလည်း တိုက်တွန်းအပ်ပါသည်။ ။

သွေးလှူရသောပီတိ

- ❑ သွေးသည် လူတို့အတွက် အသက်ဖြစ်ပုံ
- ❑ သွေးအမျိုးအစား များစွာရှိပုံ
- ❑ သွေးလှူရန် ကျန်းမာသန့်ရှင်းသော သွေးဖြစ်ရန်လိုပုံ
- ❑ မိမိသွေးဖြင့် တစ်ပါးသူ အသက်ကိုကယ်တင်နိုင်ပုံ
- ❑ မိမိခံယူချက်နှင့် အမြင်

## သွေးလှူရသောပီတိ

သွေးသည် လူတို့အတွက် အသက်ဖြစ်ပါသည်။ 'သွေးသည် အသက်၊ အသက်သည် သွေး' ဟူသော ဆောင်ပုဒ်လည်းရှိပါသည်။ သွေးထွက်များသော လူနာများ၊ သွေးသွန်လွန်သော လူနာများ စသည်တို့မှာ အရေးတကြီးသွေးလိုပါသည်။ သွေးသွင်းရန်လိုသော ထိုကဲ့သို့သော လူနာများအတွက် သွေးသည် အရေးကြီးလှပါသည်။ အရေးတကြီးသွေးရရန်မှာ သွေးလှူသူများရှိမှသာ ရနိုင်ပါသည်။ ထိုလူနာများ အသက်ရှင်သန်ရေးအတွက် အဖိုးအတန်ဆုံးလက်ဆောင်မှာ သွေး ဖြစ်ပါသည်။ သွေးလှူဒါန်းခြင်းသည် ကိုယ်တွင်းမှ အသွေးအသားတို့ကို ထုတ်၍ပေးခြင်းဖြစ်ပါသည်။ ထိုသွေးသည် လူတို့အတွက် အသက်ပင်ဖြစ်ပါသည်။

လူတို့တွင် သွေးအမျိုးအစား များစွာရှိပါသည်။ အဓိကသွေးအုပ်စုမှာ လေးအုပ်စု ရှိပါသည်။ အေအုပ်စု၊ ဘီအုပ်စု၊ အိုအုပ်စုနှင့် အေဘီအုပ်စုတို့ဖြစ်ပါသည်။ အေဘီသွေးအုပ်စုသည် အရှားပါးဆုံးသွေးအုပ်စု ဖြစ်သည်ဟုဆိုပါသည်။ အို သွေးအုပ်စုမှာ အများဆုံးအုပ်စုဖြစ်၍ အခြားသွေးအုပ်စုများကိုလည်း အလှူပေးနိုင်သော အလှူရှင်သွေးအုပ်စုဟု ဆိုပါသည်။

သွေးလှူရန်မှာ ကျန်းမာသန့်ရှင်းသော သွေးဖြစ်ရန်လိုပါသည်။ လှူမည့်သူမှာ ကျန်းမာနေရမည်။ ကျန်းမာနေရမည်ဆိုသည်မှာ ကူးစက်ရောဂါများ၊ အထူးသဖြင့် အိပ်ချ်အိုင်ဗွီကဲ့သို့ရောဂါများ၊ အဖျားရောဂါများ၊ တီဘီရောဂါများ စသည်တို့မရှိရပါ။ မူးယစ်ဆေးဝါးများ သုံးစွဲထားသူများမဖြစ်ရပါ။ ဤသို့ ကျန်းမာနေသော်လည်း သွေးပေါင်မပြည့်လျှင်လည်း သွေးလှူ၍မရပါ။ ဒေါင်ဒေါင်မြည်ကျန်းမာနေရမည်ကို ဆိုလိုပါသည်။ ဒေါင်ဒေါင်မြည် ကျန်းမာနေပြီဆိုလျှင် သန့်ရှင်းသော သွေးလည်း

ရပါပြီ။ ထို့ကြောင့် သွေးလှူရန် ကျန်းမာသန့်ရှင်းသော သွေးဖြစ်ရန် လိုသည်ဟု ဆိုခြင်းဖြစ်ပါသည်။

မိမိသွေးဖြင့် တစ်ပါးသူအသက်ကို ကယ်တင်နိုင်ပါသည်။ 'သွေးတစ်စက်၊ လူ့အသက်'ဟု ဆိုကြပါသည်။ တကယ်ပင် မိမိတို့သွေးတစ်စက်သည် အမှန်တကယ် သွေးလိုအပ်နေသူ လူနာများအတွက် အသက်ကယ်လိုက်နိုင်ပါသည်။ သွေးလှူခြင်း သည် အသက်ရှင်သန်ရေးအတွက် ကိုယ်တွင်းမှ သွေးကို ထုတ်ပေးသည့် ဇီဝိတဒါန ဖြစ်ပါသည်။ စွန့်ခြင်းကြီးငါးပါးတွင် အင်္ဂပရိစ္စာဂ ခြေလက်စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို စွန့်ခြင်းတစ်ပါး ပါပါသည်။ သမ္မာသမ္ဗောဓိဆုပန် အလောင်းတော် များ လိုက်နာကျင့်ကြံ အားထုတ်သည့် ပါရမီဖြည့်ခြင်းတစ်ပါးဖြစ်ပါသည်။ သွေးလှူ ခြင်းသည် ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုကို လှူခြင်းဖြစ်၍ လူတိုင်းမလှူနိုင်သော မွန်မြတ်သည့် အလှူတစ်ခုလည်း ဖြစ်ပါသည်။

ယနေ့ခေတ်သည် သိပ္ပံတိုးတက်နေသော ခေတ်ကြီးဖြစ်သည့်အားလျော်စွာ အတုပြုလုပ်၍ရသော ပစ္စည်းများ များစွာရှိပါသည်။ အတုပြုလုပ်၍ မရနိုင်သေးသော ပစ္စည်းများလည်း ရှိပါသည်။ ထိုမတုနိုင်သေးသော ပစ္စည်းများအနက် သွေးသည် ထိပ်ဆုံးမှ ပါဝင်နေဆဲ ဖြစ်ပါသည်။ သွေးသွင်းကုသမှုခံယူရမည့် လူနာအတွက် 'သွေးအစစ်' ရရန်လိုပါသည်။ သွေးအစစ်ရရန် သွေးလှူရှင်များရှိရန်လိုပါသည်။ စေတနာသွေးလှူရှင်များ ပိုမိုတိုးပွားများပြားလာအောင် ကြံဆောင်ကြိုးစားကြရပါ မည်။ မြန်မာနိုင်ငံအတွက်မူ ယနေ့ခေတ်တွင် ကျောင်းအလိုက် ကျောင်းသားများ၊ အသင်းအဖွဲ့များ၊ လူငယ်အသင်းအဖွဲ့များ၊ အမျိုးသမီးအသင်းအဖွဲ့များ၊ ရွှေပါရမီ ကဲ့သို့သော အဖွဲ့များက လေးလတစ်ကြိမ်သွေးလှူနေကြပါသည်။ ကမ္ဘာတွင်လည်း ကမ္ဘာ့သွေးလှူရှင်များနေ့ဟု ၂၀၀၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် စတင်၍ အခမ်းအနားများ ကျင်းပနေပါသည်။

ထိုနေ့ကား သူငယ်ချင်းမ တစ်ယောက်၏ မွေးနေ့ စနေနေ့ဖြစ်ပါသည်။ ကျွန်တော်တို့သည် ခုနစ်ယောက်အုပ်စု ဖြစ်ပါသည်။ မိန်းကလေး နှစ်ယောက်၊ ယောကျ်ားလေး ငါးယောက်ဖြစ်ပါသည်။ သူ့မွေးနေ့ကို ထူးထူးခြားခြား ကျင်းပ လိုသည် ဆိုပါသည်။ ထိုနေ့တွင် သွေးလှူကြမည်။ အားလုံး သဘောတူဆုံးဖြတ် လိုက်ပါသည်။ အခြားသူငယ်ချင်းများ ခံစားချက်တော့ မသိ။ ကျွန်တော့်မှာ ကြောက်စိတ်ဖြင့် ရင်ဖိုနေရပါသည်။ ပထမတွင် သွေးသန့်မသန့် စစ်ပါသည်။ အားလုံးအောင်၍ ဝမ်းသာကြပါသည်။ ယောကျ်ားကလေး သူငယ်ချင်းနှစ်ယောက်မှာ သွေးပေါင်ချိန် ပြည့်မပြည့် စစ်သောအခါ သွေးပေါင်ချိန် ၆၀ ကျော်လေးသာရှိ၍

မအောင်ပါ။ သွေးပေါင်ချိန်ပြည့်မှလာလှူရန် မှာပါသည်။ ကံ့ကောင်းထောက်မစွာ ကျွန်တော်တို့ ငါးယောက်မှာ ဤအဆင့်ကိုလည်း ကျော်လွှန်ခဲ့ရပါသည်။ သွေးလှူသည်မှာ လွယ်သည်ဟု ကျွန်တော့်အထင်မှာ ယခုမှ မလွယ်မှန်းသိရပါတော့သည်။

ကုတင်ပေါ်တက်၍ ပက်လက်လှန်သည်အထိ ကျွန်တော့်ရင်မှာမူ တဒိတ်ဒိတ် ခုန်နေပါသည်။ ကျွန်တော် ကြောက်နေပါသေးသည်။ ကျွန်တော့်စိတ်ကို မိမိသွေးဖြင့် သွေးလိုနေသော လူနာ၏အသက်ကို ကယ်နိုင်ပြီဟု စိတ် အတင်းပြောင်းယူပါသည်။ အစတွင် မရပါ။ သွေးဖောက်ပြီး သွေးအိတ်ထဲသွေးများ ကျနေသည်ကို သိပါသည်။ သွေးများ ဒလဟောစီးဆင်းသွားသည်ကိုကြည့်ပြီး စိတ်မည်သို့ဖြစ်သွားသည်မသိပါ။ ကြောက်နေသော စိတ်များလည်း ပျောက်သွားပါသည်။ တစ်ယောက်ယောက်၏ အသက်ကိုလည်း ငါကယ်နိုင်ပြီ၊ ငါကယ်နိုင်ပြီဟု တွေးကာ ဝမ်းသာသွားပါသည်။ အသက်မသေပါစေနှင့်၊ အချိန်မီပါစေ။ လိုအပ်နေသူတွေလည်း ရပါစေဟု ကုသိုလ်ပွားများနေမိပါသည်။ ထိုအခါ ဝမ်းသာရုံသာမက စိတ်ထဲအေးသွားသည်ဟု ထင်ပါသည်။ စိတ်လည်း လန်းဆန်းတက်ကြွလာသည် ထင်ပါသည်။ ထိုအရာသည် ပီတိဟု ဆိုလျှင် ကျွန်တော်ပီတိဖြစ်နေပါသည်။ သွေးအိတ်ပြည့်ပြီဟုဆိုသည်ကို မြန်လှချည့်ဟုထင်ပါသည်။ ချက်ချင်းမထနိုင်းပါ။ တစ်ခဏ နားနေရပါသည်။

ပြီးမှထခိုင်းသောအခါလည်း တက်ကြွလန်းဆန်းနေသည်ကို တွေ့ရပါသည်။ ကျွန်တော်ပျော်နေပါသည်။ ကျွန်တော့်ကိုယ်ကို ကျွန်တော်ထိုသို့ဖြစ်နေသည်ကို အံ့သြနေမိပါသည်။ ကျွန်တော် သွေးလှူရသည့်အတွေ့အကြုံနှင့် ပီတိဖြစ်ရပုံ ဖြစ်ပါသည်။

ကျွန်တော်ပီတိဖြစ်သကဲ့သို့ ပီတိဖြစ်ချင်လျှင်၊ ကျွန်တော်ပျော်နေသကဲ့သို့ ပျော်ချင်သည်ဆိုလျှင် သွေးလှူကြပါဟု ကျန်းသူငယ်ချင်းများကို ပြောပြမည်။ ကျွန်တော့်ပတ်ဝန်းကျင်မှ ခင်မင်ရာ၊ ခင်မင်ကြောင်း လူများကိုလည်း ကြေညာမောင်းခတ်မည်။ မည်သည့်ပီတိ၊ မည်သည့်အပျော်နှင့်မျှ မတူကြောင်း ကိုယ်တွေ့ကြုံမှ ယုံပေမည်ဖြစ်ကြောင်း ပြောပြမည်။

ထို့ကြောင့် ကျန်းမာရေးကောင်းသောသူများ၊ အများအကျိုးသယ်ပိုးရန် မိမိတို့၏ ကိုယ်ကျင့်တရားကို ထိန်းသိမ်းတတ်သူများဖြစ်လာစေရန် သွေးလှူဒါန်းကြပါဟု တိုက်တွန်းအပ်ပါသည်။ သို့မှသာ သွေးလိုအပ်နေသူများအတွက် သွေးသွင်းကုသခြင်းဖြင့် အသက်ဆက်နိုင်မည်ဖြစ်ပါသည်။ သင့်သွေး တစ်စက်ဖြင့် အသက်ကယ်ကြပါဟု ဆိုရမည်ဖြစ်ပါသည်။ ။

ခရီးသွားခြင်းအကျိုး

- သဘာဝအလှအပများခံစားလို၍ခရီးထွက်ကြပုံ
- ခရီးသွားခြင်း၏အကျိုးတရားများ
- ပုဂံမြေသို့ခရီးထွက်ခဲ့ပုံ
- မြင်ကွင်းအသစ်အဆန်းများနှင့်ခံစားချက်များ
- သုတအစုံစုံရရှိခဲ့ပုံများ

## ခရီးသွားခြင်းအကျိုး

မြန်မာနိုင်ငံ၏ တည်နေပုံအနေအထားတွင် တောင်စဉ်တောင်တန်းကြီးများလည်းပါဝင်သည်။ မြန့်ပြူးသော မြေပြန့်လွင်ပြင်များလည်း ပေါများသည်။ ပင်လယ်သမုဒ္ဒရာများဖြင့်လည်း ဝန်းရံထားသည်။ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း စသည့် မြစ်ချောင်းအသွယ်သွယ်ကလည်း တသွင်သွင်၊ တငြိမ့်ငြိမ့်စီးဆင်းနေသည်။ မြန်မာပြည်သူများအနေနှင့် စိမ်းပြာညို့မှောင်သော တောင်ပြာတန်းအလှကိုလည်း ခံစားနိုင်သည်။ စိမ်းစိမ်းလဲ့လဲ့နှင့် ဘယ်ညာယိမ်းနွဲ့နေသော စပါးခင်းများနှင့် ပြည့်လျှမ်းသောလယ်တောများ၏ ရှုခင်းကလည်း ဘဝအမောပြေစေသည်။ လှိုင်းပန်းစာကြွများပမာ ကမ်းခြေသို့ပြေးလွှားရိုက်ခတ်လာတတ်သော ပင်လယ်ကမ်းခြေအလှများကိုလည်း ကြည့်ရင်း ပန်းဖြေနိုင်သည်။ မြန်မာ့မြေ၏ အလှတရားများကို ခံစားနိုင်ရန် အိမ်၌ချည်း နေ၍မဖြစ်ပါ။ ခရီးသွားရပါသည်။ ဘိုးဘွားအမွေအနှစ်ဖြစ်သော ဘုရား၊ ပုထိုးစေတီစသည့် အနုပညာလက်ရာများကိုလည်း လေ့လာနိုင်ပါသည်။ သဘာဝအလှအမျိုးမျိုးကို ခံစားရန်နှင့် မြန်မာ့ယဉ်ကျေးမှုလက်ရာများကို လေ့လာနိုင်ရန် အားလပ်ရက်များတွင် ခရီးထွက်သင့်ပါသည်။

ခရီးသွားခြင်းဖြင့် အကျိုးရှိနိုင်ပါသည်။ ကင်းဝန်မင်းကြီးသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံများသို့ သံတမန်အဖြစ် တာဝန်ယူကာ သွားရောက်ခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်ရောက်လာသောအခါ ခရီးသွားအတွေ့အကြုံများ ရေးမှတ်လာသည်ကို ပြင်သစ်သွားမှတ်တမ်း၊ လန်ဒန်သွား မှတ်တမ်းများအဖြစ် မြန်မာစာပေသမိုင်းတွင် မှတ်တမ်းတင်စာပေများထွန်းကားစေခဲ့ပါသည်။ မြန်မာပြည်သူများအနေနှင့် တိုင်းတစ်ပါးဆိုင်ရာ ဗဟုသုတများ ရရှိ

စေခဲ့ပါသည်။ ကင်းဝန်မင်းကြီးကိုယ်တိုင်လည်း ခရီးသွားခြင်းဖြင့် အနောက်နိုင်ငံများ၏ ခေတ်မီတိုးတက်လျက်ရှိပုံ အဝဝကို သိရှိခဲ့သည့်အလျောက် မိမိနိုင်ငံအားနည်းချက်များကို နားလည်ခဲ့သည်။ ယောအတွင်းဝန် ဦးဖိုးလှိုင်၊ ကနောင်မင်းသားကြီးတို့နှင့် နိုင်ငံခေတ်မီဖွံ့ဖြိုးရေးကို ဆောင်ရွက်လိုသည့် ဆန္ဒရှိခဲ့သည်။ ပြင်သစ်၊ အင်္ဂလိပ်တို့နှင့်လက်နက်အရာ၌ ယှဉ်ပြိုင်နိုင်စွမ်း မရှိမှန်းသိရှိခဲ့သည့်အလျောက် အင်္ဂလိပ်တို့နှင့်စစ်မပြုရန်၊ အကြည်အသာဆက်ဆံရင်း ငြိမ်းချမ်းရေးယူရန် လျှောက်တင်ခဲ့ပါသည်။ သို့ရာတွင် အနောက်နိုင်ငံများ၏ အခြေအနေကို မသိသည့် တိုင်းတာမင်းကြီး၊ လှေသင်းအတွင်းဝန်တို့ကမူ စစ်တိုက်ရေးကိုအားသန်ခဲ့ပါသည်။ ဦးခြိမ့်သည်လည်း အီတလီသို့သွားရောက်ခဲ့ပြီး အီတလီသွား မှတ်တမ်းရေးသားခဲ့ပါသည်။

ကျွန်တော်သည် နွေကျောင်းပိတ်ရက်များတွင် ခရီးထွက်ချင်ပါသည်။ မိသားစုခရီးထွက်ရန် စိတ်အားသန်ခဲ့သော်လည်း ဖေဖေနှင့်မေမေသည် ရုံးအလုပ်၊ ကျောင်းအလုပ်များနှင့် မအားကြပါ။ ကျွန်တော်၏ ဦးလေးဖြစ်သူမှာ မြန်မာစာဌာနက ဆရာတစ်ဦးဖြစ်ပါသည်။ ဦးလေးက ပုဂံသို့ ဘုရားဖူးသွားမည်ဆိုလျှင် ကျွန်တော်လည်း ဖေဖေနှင့်မေမေကိုခွင့်တောင်း၍ လိုက်ခဲ့ပါသည်။ ဒီဇင်ဘာကျောင်းပိတ်ရက်ဖြစ်၍ ပူပြင်းသော ပုဂံဒေသသို့သွားရန် အဆင်ပြေပါသည်။ ဘုရားဖူးယာဉ်နှင့်အတူ ဦးလေးနှင့် သူ၏သူငယ်ချင်း ဦးမောင်မောင်ပါ လိုက်ပါခဲ့ပါသည်။ ခရီးလမ်းအစတွင် လမ်းတစ်ဖက်တစ်ချက်ရှုခင်းများသည် စိမ်းစိုနေပါသည်။ စပါးခင်းများမှာမူ ရိတ်သိမ်းစပြုနေပေပြီ။ တဖြည်းဖြည်းနှင့် အညာမြေနှင့် နီးလာသည့်နှင့်အမျှ အပူငွေ့ နွေးနွေးကို ခံစားကြရပါသည်။ ရှုခင်းများမှာလည်း သွေ့ခြောက်လာပါသည်။ ထန်းတောညို့ညို့များကိုမူ မြင်တွေ့နေရပါသည်။ မြန်မာ့ယဉ်ကျေးမှုမြို့တော် ပုဂံသို့ နီးလာသည်နှင့် စိတ်လှုပ်ရှားလာပါသည်။ မြို့နှင့်နီးလာသည်နှင့် ခပ်လှမ်းလှမ်းတွင် ဘုရားအိုများကိုတွေ့လာရပါသည်။ အချို့ဘုရားများက ပကတိအတိုင်း ခေတ်သမိုင်းကို အနှစ်သာရရှိရှိ သက်သေပြုလျက်ရှိပါသည်။ အချို့မှာမူ ဆေးအသစ်များ မွမ်းမံလျက် အရောင်သစ်နှင့် အသွင်ဟောင်းရောလျက်ရှိနေပါသည်။ အဝေးမှမြင်ရသည့် ရှုခင်းကပင် ပုဂံတစ်ခေတ်ကို လွမ်းစိတ် ဝေစေပါတော့သည်။ အနော်ရထာ၏ ပုဂံ၊ ကျန်စစ်သားမင်း၏ ချစ်လှစွာသောပုဂံသည် ယဉ်ကျေးမှုအနုပညာ ခိုင်မာလှသော သူ့သမိုင်းကို သက်သေခံပါတော့သည်။

ကားနှင့်သွားနိုင်သော်လည်း ကျွန်တော့်ဦးလေးက မြင်းလှည်းနှင့် သွားရသည်မှာ ပို၍အရသာရှိသည်ဟုဆိုကာ မြင်းလှည်းနှင့် သွားပါသည်။ ပုဂံရာဇဝင်ကို ပြောရင်း ငြင်းကြခုန်ကြ၊ စကားအခြေအတင်ပြောကြရသည်။ မြင်းလှည်းသမားများသည် သူတို့၏ခရီးသည်များအားရှင်းပြရန် ပုဂံရာဇဝင်ကို လေ့လာထားကြသည်။ သူတို့သည် ပုံပြောကောင်းသူများ ဖြစ်ကြသည်။ ရာဇဝင်ကိုဖတ်၍ သိခြင်းမဟုတ်ဘဲ တစ်ဆင့်စကားတစ်ဆင့်ကြားပြီး သိခြင်းဖြစ်၍ တစ်ခါတစ်ရံတွင် ရာဇဝင်ထက်ပို၍ ဒဏ္ဍာရီဆန်နေတတ်သည်။ ယုတ္တိမရှိသော်လည်း နားထောင်၍ ကောင်းလှသည်။ မြင်းလှည်းဆရာပြောသမျှ ပုဂံပုံပြင်များကို ဦးလေးက သဘောကျနေသည်။ မြင်းခြေသံတခွပ်ခွပ်ကို ကြားနေရသည်မှာလည်း အရသာတစ်မျိုးပင်။ ကျွန်တော်တို့သည် အတိတ်ခေတ်ဟောင်းကို ပြန်သွားနေရသယောင် ခံစားမိပါသည်။

အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းနှစ်ပါး၏ ကောင်းမှုတော် ရွှေစည်းခုံသည် အခြားပုဂံဘုရားများကဲ့သို့ ဂူဘုရားမဟုတ်သည်မှာ ထူးခြားလှပါဘိ။ မြေပြင်ပေါ်တွင် ရွှေတောင်ကြီးပေါက်နေသကဲ့သို့ ထင်မှတ်ရပါသည်။ အရှည်းကြီးတို့၏အယူကို တော်လှန်၍ မြတ်ဗုဒ္ဓ၏ ဓမ္မစစ်ဖြင့် ပုဂံသားတို့ ကိုးကွယ် ယုံကြည်မှုဖြစ်စေရန် အရှင်မြတ် ရှင်အရဟံနှင့်အတူ စွမ်းဆောင်ခဲ့သော အနော်ရထာမင်း၏ ဂုဏ်ရည်ကို ကြည်ညိုမိသည်ဟု ဦးလေးက ပြောပါသည်။ မိစ္ဆာအမှောင်ကို ဓမ္မအလင်းရောင်ဖြင့် ရွှေရောင်ဝင်းစေခဲ့သည်ဟု မြင်မိပါသည်။ ရွှေစည်းခုံကိုဖူးရင်း အနော်ရထာမင်းအား မှန်းဆ၍ မေတ္တာပို့အမျှဝေပါဟု ဆိုပါသည်။ ကျွန်တော်သည် ရာဇဝင်တစ်ကွက်ကို သိလိုက်ရပါသည်။ ပုဂံသာသနာကို အစပျိုးထွန်းပစေခဲ့သော အနော်ရထာမင်းကို မှန်းဆ၍ မေတ္တာပို့ရင်း ရွှေစည်းခုံကို ကြည်ညိုဦးခိုက် ကန်တော့လိုက်ပါသည်။

ကျွန်တော်သည် ပတ်ဝန်းကျင်ကိုကြည့်လိုက်တိုင်း ရှေးဟောင်းဘုရားများကို မြင်နေရသည့်အတွက် ဝမ်းသာသလိုလို၊ ဝမ်းနည်းသလိုလို ခံစားမိပါသည်။ အတိတ်ခေတ်မြန်မာတို့က ဘာသာ သာသနာကို ကြည်ညိုပုံမှာ ဝမ်းသာစရာကောင်းလှပါသည်။ ဘုရားအိုများကိုကြည့်၍ ဝမ်းနည်းမိသလိုလို ရှိပါသည်။ ရှေးပုဂံကောင်းစားစဉ်က မုဆိုးမပင် ဘုရားတည်နိုင်သည်ဟု ဦးလေးက ပြောပါသည်။ အလောင်းစည်သူ၏ ကောင်းမှုတော် သဗ္ဗညုဘုရားသည် မြင့်မားလှပါသည်။ သဗ္ဗညုဘုရားသည် ဂူဘုရားဖြစ်ပါသည်။ အတွင်းလှေကားများဖြင့် အဆင့်ဆင့်တက်ရပါသည်။ တန့်ကြည့်တောင်တွင် နေလုံးနီကြီး မေးတင်နေချိန် ရှုခင်းသည်

ကြည့်၍မဝနိုင်အောင် သာယာလှပါသည်။ ဘုရားဖူးဧည့်သည်များထဲတွင် နိုင်ငံခြားသား ဧည့်သည်များလည်း ပါရှိပါသည်။ နေဝင်ချိန်ရှုခင်းကို သဗ္ဗညုအပေါ်မှနေ၍ တစိမ့်စိမ့်ကြည့်ရှု ခံစားနေကြပါသည်။ ကျွန်တော်သည် အုံ့သြခြင်းနှင့်အတူ နီဝါရောင်တောက်နေသော နေဝင်ချိန်အလှကို ငေးမော ကြည့်နေမိပါသည်။

အာနန္ဒာသည် ကျွန်စစ်သားမင်း၏ ကောင်းမှုတော်ဖြစ်ပါသည်။ 'အနုမှာ အာနန္ဒာ' ဆိုသည့်အတိုင်း အနုပညာလက်ရာမှာ ထူးခြားပြောင်မြောက်လှပါသည်။ ဂူဘုရား၏အထွတ်သည် လုံးလုံးသွယ်သွယ်နှင့် တင့်တယ်လှသည်။ ဂူဘုရားအတွင်းရှိ မတ်ရပ်ရုပ်ပွားတော်များ၏ မျက်နှာတော်များမှာ ပြုံးရိပ် ပြေးနေပါသည်။ ဘုရားဖူးများနောက်သို့ တကောက်ကောက်လိုက်၍ ပိုက်ဆံတောင်းနေကြသော ကလေးငယ်များကလည်း အခကြေးငွေနှင့်ထိုက်တန်အောင် ဘုရားများအကြောင်းကို ပြောပြပေးနေပါသည်။ "ဒီဘုရားက ပိုပြုံးတယ်" ဟု ဝဲတဲတဲ အသံလေးများဖြင့် ပြောကြပုံမှာချစ်စရာ သနားစရာ ကောင်းလှပါသည်။ ဘုရားရှင်၏ မျက်နှာတော်ဝင်းလဲ့ပုံကို ဘုရားဖူးတို့မြင်နိုင်ရန် အလင်းရောင်ဝင်ပေါက်များ စနစ်တကျ စီစဉ်ထားနိုင်ခဲ့ပါသည်။ အလွန်မြင့်မားသော ရုပ်ပွားတော်များဖြစ်၍ ဘုရားဖူးတို့ကို ဦးခိုက်ဝပ်စင်း၍ ကန်တော့လိုက်သောအခါတွင် ရင်တွင်းရှိ လောဘ၊ဒေါသ၊မာန်မာနများသည် ဘုရားရှင်၏ မေတ္တာစက်တော်အောက်တွင် ငုံ့လျှိုးပျောက်ကွယ်၍ သွားသည်ဟု ခံစားရပါသည်။ မျက်နှာတော်ကိုပြန်၍ မော်ဖူးလိုက်တိုင်း ရင်ထဲမှာ စင်ကြယ်အေးမြ သွားပါသည်။ အနုပညာလက်ရာ မြောက်လွန်းသည့် အတွက် "အနုမှာ အာနန္ဒာ" ဟုတွင်ကြောင်း သိခဲ့ရပါသည်။

ကျွန်တော်တို့၏ မြင်းကလေးအမည်မှာ "ကျွန်စစ်သား" ဖြစ်ပါသည်။ မြင်းလှည်းဆရာသည် သူ့စိတ်ကူးနှင့်သူ မှည့်ခေါ်ထားဟန်တူပါသည်။ "ကဲ-ကျွန်စစ်မင်းရေ အစွမ်းပြလိုက်စမ်း" ဟု ကြိမ်ကလေး ဝင့်ကာဝင့်ကာနှင့် ဆိုတတ်ပါသည်။ မြင်းအမည်ကို ကျွန်စစ်သားဟုမှည့်ထားသည်ကိုမူ ကျွန်တော် မနှစ်မြို့ကပ်ပါ။ မြင်းလှည်းလေးသည် ပုဂံအနှံ့ ပြေးသွားနေရာတွင် ဘယ်နေရာရောက်ရောက် လှမ်းမြင်နေရသည်။ ရှုခင်းမှာ ထူထူထပ်ထပ်၊ နီနီညိုညိုအရောင်နှင့် ဂူဘုရားဖြစ်ပါသည်။ အလွန်ထုထည်ထူထပ်ပြီး ကြီးမားလှပါသည်။ ထိုဘုရားသို့ ရောက်သောအခါ ဦးလေးက "ထုမှာဓမ္မရံကြီး"ဟု ဆိုပါသည်။ ထုထည်ကြီးမားရာတွင် ဓမ္မရံကြီးသည် အကြီးဆုံးဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဂူဘုရားထဲသို့ဝင်သွားသည်နှင့်

ထုထည်ကြီးမားလှသော အုတ်ထုကြီးကြောင့် အေးစိမ့်သွားပါသည်။ နံရံကပ် လှေကားများလည်းရှိသည်။ ဦးလေးနှင့်အတူ ဂူဘုရားအတွင်း စကြံများကို လှည့်လာနေမိသည်။ ပုဂံမင်း နရသူ တည်ထားသောဘုရားဖြစ်သည်။ နရသူသည် မင်းစည်းစိမ်အတွက် ခမည်းတော် အလောင်းစည်သူမင်းကြီးကို ရွှေဂူကြီးဘုရား အတွင်း၌ လုပ်ကြံခဲ့သည်။ နောင်တော် မင်းရှင်စောကိုလည်း အဆိပ်ခတ်၍ သတ်ခဲ့သည်။ အလောင်းစည်သူမင်းကြီးကို ကုလားမင်းက ဆက်သထားသော ကုလားမင်းသမီးကိုလည်း သတ်ခဲ့သည်။ ကုလားမင်းကြီးက ကုလားရှစ်ယောက်ကို လွှတ်၍ လုပ်ကြံစေသည်။ ကုလားသတ်၍ သေရသောကြောင့် ကုလားကျမင်းဟု ခေါ်တွင်ခဲ့သည်ဟု ဦးလေးက ပြောပြသည်။ အလှူရှင်၏ စိတ်ထားမကြည်လင်၍ပင် ထင်ပါသည်။ ရွှေစည်းခုံ၊ အာနန္ဒာတို့ကို ဖူးရသည်နှင့်အတူ ဓမ္မရံကြီးတွင် ကျွန်တော်၏ စိတ်များသည် လေးလံထိုင်းမှိုင်းနေပါသည်။

ရွှေဂူကြီးဘုရားကို ဖူးရသောအခါ အလောင်းစည်သူမင်းကြီးသည် ဘုန်း တန်ခိုးအလွန်ကြီးမားပါလျက် သားဆိုး သားမိုက်တစ်ယောက်ကြောင့် အသက်ဆုံး ခဲ့ရသည်မှာ သံဝေဂရစရာ ကောင်းပါသည်။ ပုဂံကောင်းကင်တွင် တိမ်တို့သည် ကြည်လင်နေသည်။ ဆည်းဆာချိန်ဖြစ်၍ နီဝါဝါတိမ်များသည် ဟိုတစ်စု၊ သည်တစ်စု နှင့် ရှိနေပါသည်။ ပုဂံ၏နေဝင်ချိန်ကို ငေးမောရင်း အလောင်းစည်သူမင်းကြီး၏ နေဝင်ချိန်ကိုပြန်၍ တွေးနေမိပါသည်။ "ငါ၏ ဘေးလောင်းတော်၊ ဘိုးလောင်းတော် တို့သည် ငါကဲ့သို့ ဘုန်းတန်းခိုး ကြီးကြပါ၏လော"ဟု မာနတရားဖြင့် နှုတ်ဝစီ ပြစ်မှားမိခဲ့သော အလောင်းစည်သူမင်းကြီး၏ အမှားကြောင့် မျက်စိကွယ်ခဲ့ရပုံကိုလည်း တွေးမိပါသည်။ ပုဂံဘုရားများသမိုင်းသည် လူ့စရိုက်အမျိုးမျိုးကို သိစေပါသည်။ ဆင်ခြင်စရာ၊ သံဝေဂပွားစရာ၊ သင်ခန်းစာယူစရာများကိုလည်း ပေးအပ်ခဲ့ပါသည်။

ပုဂံ၏ဆောင်းသည် ရာသီဥတုကြည်လင်နေသည်။ ထနောင်းပင်၊ တမာပင် ရိပ်တွေက ပုဂံ၏အေးရိပ်ကို ဆောင်နေကြသည်။ တမာနံ့သင်းသော လေညင်းလေပြည် လေးတွေက အမောပြေစေသည်။ ဘုရားတစ်ဆူပြီးတစ်ဆူဖူးရသည်မှာ အထူးအဆန်း ချည်းဖြစ်၍ မငြီးငွေ့နိုင်ပါ။ ထမင်းစားချိန်တွင် ထမင်းဆိုင်တစ်ဆိုင်ကို ဝင်၍စားကြ ပါသည်။ ကြက်သား၊ ဝက်သားဟင်းများအပြင် အရံဟင်းများမှာ မြန်မာဆန်လှပါ သည်။ မန်ကျည်းရွက်သုပ်၊ ပဲကြီးနှပ်၊ ငရုတ်သီးကြော်၊ မြေပဲကြော်များပါသည်။ ပုဂံကြက်ကြော်ကလည်း ကြွပ်ရွမွှေးသင်း နေပါသည်။ ထမင်းစားပြီးသောအခါ

ထန်းဆုပ်ခဲဖြူဖြူဖွေးဖွေးကို ရေနွေးကြမ်းနှင့်တွဲ၍ အချိုပွဲစားကြသည်။ ပုဂံထမင်းဟင်းများသည် မြန်မာမှု အငွေ့အသက်များ ပါဝင်နေပါသည်။ ပုဂံနှင့်လိုက်ဖက်လှပါသည်။ လေအဝှေ့တွင် တမာပွင့်ကလေးများ စားပွဲပေါ်သို့ လွင့်ကြွေကျလာပါသည်။ ပုဂံကောင်းကင်ပြာတွင် တိမ်ဖြူတိမ်လိပ်များသည် အစုလိုက်အဖွဲ့လိုက် ပုဂံဘုရားများကို ဦးခိုက်နေကြပါသည်။ ဆီးပင်ရိပ်ဆီမှ ချိုးကူသံသည် ချိုမြလှပါသည်။

ဖူးဘုရားပေါ်မှနေ၍ ဧရာဝတီမြစ်ကမ်းခြေအလှကို ရှုမြင်နိုင်သည်။ လေပြည်လေးတဖြူးဖြူးတွင် ပြောင်းခင်းလေးတွေ တလူးလူးတလိမ့်လိမ့်နှင့် ယိမ်းနွဲ့နေကြသည်။ လှေငယ်လေးများ တရွေ့ရွေ့ လှော်ခတ်သွားနေကြသည်။ သာသနာရေးအတွက် ဆိပ်ကမ်းမှ ရေထဲအထိဆင်း၍ တရုတ်ပြည်မှ ပင့်ဆောင်လာသော စွယ်တော်ကို ပင့်ဆောင်ကြိုဆိုခဲ့သည့် အနော်ရထာမင်းကို မြင်ယောင်မိပါသည်ဟု ဦးလေး၏သူငယ်ချင်းက ပြောပြပြန်သည်။ ထိုနေရာတွင် အမှတ်တရအဖြစ် လောကနန္ဒာစေတီကို တည်ထားခဲ့သည်။ သာသနာရေးအတွက် အနော်ရထာသည် ချစ်ကြည်ရေးကိုလည်း ဆောင်ရွက်ခဲ့ရသည်။ ပိဋကတ်သုံးပုံရရှိခြင်းဖြင့် ရဟန်းသံဃာတို့ စာပေပရိယတ္တိထွန်းကားစေရန် သထုံဘုရင် မနူဟာမင်းနှင့်လည်း စစ်ပြုခဲ့ရသည်။ စစ်ရှုံးရာတွင် မနူဟာသည် ပုဂံ မြင်းကပါအရပ်တွင် မနူဟာဘုရားကို တည်ထားခဲ့သည်။ အကျဉ်းသားဘဝဖြင့် စေတီတည်ခဲ့ရာတွင် ဘုရားဖူးတို့အား အလှူ့ရှင်၏ ကျဉ်းကျပ်သောခံစားမှုကို ဖြစ်ပေါ်စေသည်။ အာရုံခံ တန်ဆောင်းအတွင်း၌ ရုပ်ပွားတော်သုံးဆူတို့သည် ကျဉ်းကျဉ်းကျပ်ကျပ် ရှိလှသည်။ ဘုရားဖူးတို့သည် ဘုရားများကိုဖူးရန်သွားလာရာ၌ ကျဉ်းကျပ်မှုကိုခံစားရသည်။ ပုဂံခေတ်အနုပညာရှင်တို့သည် အလှူ့ရှင်တို့၏ စိတ်ကိုပါ အနုပညာလက်ရာ၌ ပေါ်အောင်ထည့်သွင်း ဖန်တီးနိုင်ခဲ့ကြပါသည်။ ထို့ကြောင့်ပင် ဆရာ ဇော်ဂျီက '<u>ပုဂံမြို့ဟောင်းနှင့် ကျွန်တော့်စာတမ်း</u>' ၌ ပုဂံရှိ အနုပညာလက်ရာများနှင့် ပတ်သက်၍ ထိုခေတ်၏အကြောင်းကိုလည်းကောင်း၊ ထိုမင်း၏ အကြောင်းကိုလည်းကောင်း၊ ကောင်းစွာနားလည်သော 'ပန်းရံပုံတို့၏ လက်ရာပင်ဖြစ်လေစွ' ဟု ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။

ပုဂံသည် ရှေးဟောင်းယဉ်ကျေးမှု မြို့တော်ဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း၏ ထနောင်းတော၊ ဧရာဝတီမြစ် ဆိပ်ကမ်းအလှများ၌ ခရီးသည်တို့အား ဘဝအမော ပြေစေသည်။ ရှေးဟောင်းယဉ်ကျေးမှုအနုပညာအရိပ်များက မြန်မာတို့အဖို့ ဂုဏ်ယူဝမ်းမြောက်စေသည်။ ကြည်နူးအားတက်စေသည်။ ဘုရား၊ ပုထိုးများ

တွင် ပုဂံသားတို့၏ ပန်းရံ၊ ပန်းပု၊ ပန်တော့၊ ပန်းချီ၊ ပန်းတမော့လက်ရာများကို တွေ့မြင်နိုင်သည်။ လောကထိပ်ပန် ဂူဘုရားအတွင်းရှိ ဓာတ်ကြီးဆယ်ဘွဲ့ မင်စာများက ပုဂံသားတို့၏ ဓာတ်လမ်းတင်ပြမှုအတတ်ပညာနှင့် ပန်းချီပညာကို သိရှိစေသည်။ ကျွန်တော်သည် ဗဟုသုတပြည့်စုံသူများနှင့် ခရီးသွားခြင်းဖြင့် ရာဇဝင်ဗဟုသုတ အမျိုးမျိုး ရရှိခဲ့ပါသည်။ ပုဂံတစ်ခေတ်၏ ယဉ်ကျေးမှု လက်ရာများကို သိခွင့်ရသည့်အပြင် ဘဝအသိများလည်း တိုးခဲ့ရပါသည်။ အခြားဒေသများသို့ သွားခြင်းဖြင့်လည်း ဘဝအတွေ့အကြုံ၊ အသိအမြင် ကျယ်ပြန့်လာနိုင်သည်ဟု ယုံကြည်မိပါတော့သည်။ ။

မေတ္တာတရား

- မေတ္တာတရားသည်အေးမြပုံ
- ဗုဒ္ဓဘုရားရှင်သည် မေတ္တာစိတ်ကြောင့် ဘုရားဖြစ်ရန် ကျင့်ကြံခဲ့ပုံ
- မေတ္တာရှင်များ၊ မိဘတို့မေတ္တာ၊ ဆရာတို့မေတ္တာ
- မေတ္တာရှေ့ထားဆက်ဆံလျှင် အစစအောင်မြင်နိုင်ပုံ
- ကိုယ်ချင်းစာစိတ်နှင့်တွဲယှဉ်နေပုံ
- မေတ္တာဖော်ပြသာဓကများ

## မေတ္တာတရား

မီးကိုရေနှင့်ငြိမ်းသတ်ရသကဲ့သို့ လူသားတို့၏စိတ်၌ ဖြစ်ပေါ်နေသော လောဘ၊ ဒေါသ၊ မောဟ စိတ်တို့ကို မေတ္တာတည်းဟူသောရေစင်ဖြင့် ငြိမ်းသတ်ရပါသည်။ ဟုန်းဟုန်းတောက်နေသော စစ်မီးတို့ကို မေတ္တာဖြင့်သာ ငြိမ်းစေနိုင်သည်။ မေတ္တာဆိုသောပါဠိစကားသည် ချစ်ခြင်းပင်ဖြစ်သည်။ လူသားအချင်းချင်း တစ်ဦးအပေါ် တစ်ဦး ချစ်သောမျက်စိဖြင့် ရှုကြည့်ကြလျှင် လောက၏အနိဋ္ဌာရုံစစ်ဘေးနှင့် ကင်းဝေးပေမည်။ သုံးလောကထွတ်ထား မြတ်ဗုဒ္ဓဘုရားရှင်သည် သံသရာဆင်းရဲ၌ ကျင်လည်နေကြရသော သတ္တဝါတို့ကို ကယ်တင်လိုသည့် မေတ္တာစိတ်ကြောင့် မင်းစည်းစိမ်ကိုလည်း စွန့်နိုင်ခဲ့သည်။ စကြာဝတေးမင်းစည်းစိမ်ကိုလည်း မမက်ဘဲ ဘုရားအဖြစ်သို့ရောက်အောင် ကျင့်ကြံအားထုတ်တော်မူခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာသည် မေတ္တာစိတ်ပွား၍ သတ္တဝါတို့၏ ဆင်းရဲဒုက္ခများကို ငြိမ်းအေးစေခဲ့သည်။ ကြီးမားသော မဟာကရုဏာရှင်ဖြစ်၍ ပုထုဇဉ်တို့၏သောကမီး အဖြာဖြာကို တရားရေအေးတိုက်ကျွေးဆုံးမ၍ နိဗ္ဗာန်ပြုတော်မူသည့် အချိန်တိုင်အောင် သတ္တဝါတို့အား မဟာကရုဏာထား မေတ္တာပွား၍ သောကအပူ ငြိမ်းစေခဲ့သည်။ ရန်သူများအားလည်း မေတ္တာပွားခြင်းဖြင့် အောင်မြင်တော်မူခဲ့ပါသည်။ ဘဝ အဆက်ဆက် ဒေဝဒတ်၏ ရန်သူဖြစ်ခဲ့၍ ဘုရားအဖြစ်ပွင့်တော်မူအံ့ ဆဲဆဲတွင် အန်တုဖက်ပြိုင်၍ ပလ္လင်လုရန်ကြံသည့် မာရ်နတ်ရန်ကိုလည်း အောင်မြင်တော်မူခဲ့ပါသည်။ ရဟန်းတော်ကြီး ဦးဥတ္တမသာရသည် မေတ္တာစိတ် ပွားနေသည့်အတွက် တောတောင်ထဲ၌နေသော်လည်း သားရဲတိရစ္ဆာန်တို့သည် ရန်မမူခဲ့ကြပေ။

မဟာကရုဏာရှင် မာသာထရီဆာက မေတ္တာတရားသည် အိမ်မှာစခဲ့သည်ဟု ဆိုခဲ့ပါသည်။ မာသာထရီဆာသည် ၁၉၇၉ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရခဲ့သည်။ သူသည် ယူဂိုဆလပ်နိုင်ငံသူ ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း လူမျိုးမတူ၊ ဘာသာမတူသည့် အိန္ဒိယနိုင်ငံရှိ ဒုက္ခသည်တို့အား မေတ္တာပေးခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ကိုးလ်ကတ္တားမြို့မှစတင်၍ ကမ္ဘာတစ်ဝန်း၌ ဒုက္ခသည်စခန်း ငါးရာကျော် ဖွင့်ခဲ့သည်။ မိဘမဲ့များ၊ အငတ်ဘေးကြုံနေရသူများ နူနာရောဂါအပါအဝင် ရောဂါအမျိုးမျိုး ခံစားနေရသူများအတွက် ကွန်းခိုရာစခန်းများဖွင့်လှစ်ပေးခဲ့သည်။ သေအံ့ဆဲဆဲတွင် သမ္မာကျမ်းစာကို နားထောင်သွားလိုသူအတွက် ဆန္ဒပြည့်ဝစေခဲ့သည်။ မသေမီ ဂင်္ဂါမြစ်ရေကိုသောက်သွားလိုသူကိုလည်း အလိုဖြည့်ပေးခဲ့သည်။ ၁၉၁၀ခုနှစ်မှ ၁၉၉၇ခုနှစ်အထိ အသက် ၈၇နှစ်အထိ လူ့လောက၌ နေထိုင်သွားရာတွင် မိမိ၏ ဘဝတစ်ခုလုံးကို အမျိုးဘာသာမခွဲခြား ဒုက္ခသည်လူသားများအတွက် ပေးဆပ်သွားခဲ့ပါသည်။

မေတ္တာတရားသည် အိမ်မှာစသည်ဟူသော မာသာထရီဆာ၏အဆိုမှာ လူဟူ၍ ဖြစ်လာလျှင် မိဘရင်ခွင်သို့ ဦးစွာခိုဝင်ကြရသည်။ ကလေးအရွယ်တွင် မိဘ၏ ညင်သာနွေးထွေးသော မေတ္တာဓာတ်ကို ခံစားရမှသာ စိတ်ရောကိုယ်ပါ ကောင်းစွာဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု ဆိုလိုပါသည်။ မိဘနှစ်ပါး အိမ်ထောင်ရေး အဆင်မပြေလျှင် အချင်းချင်းခိုက်ရန်ဒေါသဖြစ်ကြမည်။ အိမ်ထောင်ရေးပဋိပက္ခများကြောင့် သားသမီးများအားလုံးကို နွေးနွေးထွေးထွေး မေတ္တာမပေးနိုင်ကြပေ။ မိဘနှစ်ပါး၏ ရန်ဖြစ်သံများကြောင့်လည်း ကလေးဘဝတွင် စိတ်ဒဏ်ရာ ရနိုင်ပါသည်။ စိတ်ဒဏ်ရာမှတစ်ဆင့် လက်တစ်ဖက် သေခြင်း၊ ခြေတစ်ဖက် မသန်စွမ်းခြင်းဆိုသည့် ကိုယ်ကာယချို့တဲ့မှုများအထိ ဖြစ်နိုင်ပါသည်။ တက္ကသိုလ် ဘုန်းနိုင်၏ အမျိုးသားစာပေဆုရ နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့်ဝတ္ထုတွင် မိဘနှစ်ပါး၏ အိမ်ထောင်ရေး ပဋိပက္ခကြောင့် ဇာတ်ဆောင်မွန်မွန်သည် လက်တစ်ဖက်သေသွားခဲ့ပါသည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရကလည်း သားသမီးတို့၏ဘဝတွင် ကာယ၊ စိတ္တနှစ်ပါးလုံး ဖွံ့ဖြိုးတိုးတက်စွာ ကြီးပြင်းလာရန်မှာ မိဘများသည် အရေးပါကြောင်းကို "လက်ဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗစရိယ၊ မိနှင့်ဘ" ဟု ဖွဲ့ဆို ညွှန်ပြထားသည်။

မိဘနှစ်ပါးသည် ငယ်ရွယ်သော မိမိ၏ရင်သွေးများကို စိတ်ဒဏ်ရာမရအောင် ဆင်ခြင်ရပါမည်။ ကလေးငယ်များအား လုပ်ကိုင်ကျွေးမွေးရုံနှင့် မပြီးပါ။ မေတ္တာ

ပေးရပါမည်။ မိဘမေတ္တာကို ရင်ထဲ၌သာထား၍ မဖြစ်ပါ။ ကလေးငယ်များ ခံစားနားလည်လာအောင် ယုယကြင်နာမှုများပေးကြ၊ ပြကြရပါသည်။ ဆင်းရဲလွန်း၍ ဝမ်းစာရှာရသောကြောင့် သားသမီးများကို မေတ္တာမပေးနိုင်သူများရှိပါသည်။ မိဘနှစ်ပါးစလုံးချမ်းသာပါလျက် လောဘကြောင့် သားသမီးများအတွက် အချိန်မပေးနိုင်သည့်အတွက် သားသမီးများမေတ္တာငတ်ကြရသည်။ ထိုသို့သော ကလေးများသည် ကြီးပြင်းလာသောအခါ မေတ္တာရေကြည်ပြတ်၍ နှလုံးသားခြောက်ခန်း၊ မေတ္တာပန်းများ မပွင့်နိုင်ကြတော့ပေ။ မေတ္တာပန်းများမပွင့်ဘဲ မေတ္တာရေစင်မဲ့ ကန္တာရနှလုံးသားတွင် ကန္တာရအပင်မျိုးဖြစ်သည့် ဆူးပင်ဆူးပန်းများသာ ရှင်သန်ပေါက်ရောက်နေပေမည်။

ရက်စက်ကြမ်းကြုတ်သော နှလုံးသားပိုင်ရှင်များသည် ငယ်စဉ်က မေတ္တာမိုးခေါင်၍ နှလုံးသား၌ ဆူးပေါက်ခဲ့သူများဖြစ်သည်။ မေတ္တာငတ်ရာမှာ မေတ္တာဆိုသည့်အရသာကိုမသိ။ မေတ္တာမရခဲ့ဖူး၍ မေတ္တာကိုမခံစားတတ်ပေ။ မေတ္တာဆိုသည်မှာ ချိုသလား၊ ချဉ်သလားမသိပါ။ မေတ္တာမသိ၍ မေတ္တာကိုလည်း မပေးတတ်ပါ။ မေတ္တာရေစင်ကင်း၍ သွေ့ခြောက်ကွဲအက်နေသော နှလုံးသားသည် ရက်စက်ကြမ်းကြုတ်ရန် ဝန်မလေးတော့ပေ။ ဂျာမနီ နာဇီပါတီခေါင်းဆောင် အဒေါ့ဖ်ဟစ်တလာ (Adoft Hitler) ၏ငယ်ဘဝသည် ကြမ်းတမ်းလှသည်။ ဖခင်ဖြစ်သူတွင် အိမ်ထောင်သုံးဆက်ရှိသည်။ ဖခင်သည် ကြမ်းတမ်းသူ၊ ဘုကျသူ၊ အလိုမကျ ဖြစ်နေသူဖြစ်သည်။ ဖခင်နှင့်ကျောင်းစာညံ့ဖျင်းသော ဟစ်တလာသည် အမြဲတမ်းရန်ဖြစ်နေခဲ့ကြသည်။ ဖခင်ကွယ်လွန်သောအခါတွင်လည်း ဟစ်တလာ၏ငယ်ဘဝသည် မလှပခဲ့ပေ။ ဟစ်တလာသည် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာသောအခါ ဂျူးလူမျိုး သန်းပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်အထိ နှလုံးသား၌ ဆူးပေါက်ခဲ့သည်။ မိမိ၏စိတ်ဒဏ်ရာကြောင့် လူသတ်မှုများစွာကို ကျူးလွန်ခဲ့ပြီး မိမိ ကိုယ်ကို အဆုံးစီရင်သွားသည်အထိ အရှုံးကြီးမားခဲ့သည်။ ဟစ်တလာ၏ သမိုင်းသည် အကျည်းတန်လွန်းလှပါသည်။

ပင်ကိုအားဖြင့် မေတ္တာတရားရှိသော်လည်း ပတ်ဝန်းကျင်၏ လှုံ့ဆော်မှု၊ သံသယစိတ်များမှုတို့ကြောင့်လည်း မေတ္တာတရားပျက်ပြယ်တတ်ပါသည်။ အင်္ဂုလိမာလ၏ ဆရာသည် တပည့်အပေါ်ချစ်ခင်သော်လည်း ပတ်ဝန်းကျင်က လှုံ့ဆော်သောကြောင့် တပည့်ဖြစ်သူ အင်္ဂုလိမာလအပေါ် ဇနီးဖြစ်သူနှင့် သံသယပွားခဲ့သည်။

အင်္ဂုလိမာလကို ဓနီးသည်နှင့်ဝေးဝေး၌နေစေရန် လက်ညှိုးတစ်ထောင် ပြည့်အောင် ဖြတ်ခဲ့ရမည်ဟု စေခိုင်းခဲ့သည်။ ဆရာ၏အမှန်းတရားကြောင့် အင်္ဂုလိမာလသည် လူသတ်သမားကြီး ဖြစ်ခဲ့ရသည်။ ဗုဒ္ဓဘုရားရှင်၏ မေတ္တာစိတ် နှင့် ဆုံတွေ့ပြီး အကျွတ်တရားရသွားခဲ့ပါသည်။ ဆရာတို့သည့် ဥပျာဉ်မှူးနှင့် တူပါသည်။ ပန်းပျိုးသောလက်များကို ပိုင်ဆိုင်ကြပါသည်။ မိမိတပည့်အား ဘိန်းပန်းကဲ့သို့ အဆိပ်ပန်းမဖြစ်စေရန် ဂရုပြုရပါမည်။ မိဘနှစ်ပါး အဆင်မပြေလျှင် မေတ္တာချို့တဲ့သော တပည့်များကို ဆရာ့မေတ္တာဖြင့် ပြုစုပျိုးထောင် ရှင်သန်လန်းဆန်း စေရပါမည်။ ဆရာတို့တွင် ပညာပြည့်ရုံနှင့် မပြီးပါ။ မေတ္တာနှင့်ပါ ဖြည့်ဆည်းပေးရပါသည်။ ဆွံ့ အ နားမကြားသော '<u>ဟယ်လင်ကဲလား</u>' အား ဆရာမသည် မေတ္တာ ကရုဏာထားသည့် လူသားတစ်ယောက်ပီပီ လူသား၏အခွင့်အရေးများကို ခံစားနိုင်အောင် စိတ်ရှည်လက်ရှည် ပညာသင်ပေးပါသည်။ ဟယ်လင်ကဲလားသည် ဘွဲ့ရခဲ့သည်။ အဖိုးတန်စာအုပ် စာတမ်းများကို ပြုစုရေးသားနိုင်သည်အထိ အခွင့်အရေးများကို ရယူနိုင်ခဲ့ပါသည်။

မည်သည့်လုပ်ငန်းတွင်မဆို မေတ္တာထား၍ ဆောင်ရွက်ခြင်းဖြင့် လောကဝန်းကျင်ကို သာယာချမ်းမြေ့စေပါသည်။ မေတ္တာတရားသည် လူသားတိုင်း၏ နှလုံးသား၌ ရှိနေပါသည်။ အချို့က မေတ္တာကိုမေ့လျော့ပြီး ဒေါသကိုရှေ့တန်းတင်နေကြပါသည်။ အချို့ကမိမိလုပ်ငန်းမှာ အာဏာပြရမည့်လုပ်ငန်း မဟုတ်ဘဲ အာဏာပြကြပါသည်။ စပယ်ယာအချို့သည် ခရီးသည်များကြောင့် မိမိဘဝရှင်သန်နေရသည်ကို မေ့လျော့ကာ ကားပေါ်သို့ရောက်သည်နှင့် မိမိကိုယ်ကို အုပ်ချုပ်သူအကြီးအကဲ စိတ်ဝင်၍ ခရီးသည်များကို အာဏာပြကြသည်။ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုဆက်ဆံကြသည်။ ကားခငွေများကို တိုးတောင်းခြင်း၊ ပြန်မအမ်းခြင်းဖြင့် လာဘ်ယူကြသည်။ ဒရိုင်ဘာများသည် မာနတက်၍ သူနိုင်ကိုယ်နိုင် အပြိုင်မောင်းသည့်အတွက် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားကာ ပြည်သူလူထု ခရီးသည်များ အသက်ဆုံးရှုံးကြရသည်။

တိုင်းပြည်ခေါင်းဆောင်များအနေနှင့်လည်း ပြည်သူလူထု၏ထောက်ခံမှုသည် အရေးပါသည်။ မိမိအနေနှင့် မိမိပြည်သူများအပေါ် မေတ္တာစိတ်၊ စာနာစိတ် ရှိရမည်။ ၁၉၄၉ခုနှစ်က ရှမဝမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ရဲဘော်မင်းဆွေ ရေးသားသည့် ကိုယ်တွေ့ဖြစ်ရပ်ဝတ္ထုလေးမှာ မမေ့နိုင်လောက်အောင် စွဲလမ်းနှစ်သက်ဖွယ်

ဖြစ်ပါသည်။ ဝတ္ထုအမည်မှာ "ဗိုလ်ချုပ်မျက်မှောင်" ဖြစ်ပါသည်။ ဝတ္ထုပါဖြစ်ရပ်မှာ ၁၉၄၃ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူ ရဲဘော်မင်းဆွေသည် ပြည်လမ်းရှိ စစ်ဝန်ကြီးရုံးတွင် ကင်းကျနေပါသည်။ လေကြောင်းရန်အချက်ပေး ဥသြမှုတ်လိုက်သည်နှင့် စစ်ဝန်ကြီးရုံးရှိ တပ်မတော် အရာရှိအားလုံး အေးကျင်းများရှိရာသို့ ပြေးလွှားဆင်းသက်ကြသည်။ စစ်ဝန်ကြီးရုံးမှ ဥလိုင်းဝပွင့် ဗိုလ်တစ်ယောက်က ကင်းဗိုလ်အား ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကို အစောင့်စစ်သားနှစ်ယောက်အား စောင့်နိုင်းရန် အမိန့်ပေးပါသည်။ ရဲဘော်မင်းဆွေနှင့် အဖော်တစ်ယောက်သည် စောင့်နေရပါသည်။ ဗုံးကြဲသည့် လေယာဉ်များ စဲသွားပြီးနောက် ဗိုလ်ချုပ်သည် သူ့အခန်းသို့ ပြန်ရောက်လာပါသည်။ ဗုံးကြဲနေသည့်အချိန်ကတည်းက စောင့်နေရကြောင်းကို သိသောအခါ တာဝန်ပေးသူ အဆင့်ဆင့်ကို စစ်ဆေးပါသည်။ တာဝန်ပေးသူကို "မင်းတို့ ဗိုလ်တွေဟာ ရဲဘော်တစ်ယောက်ရဲ့ တန်ဖိုးကို ဘာမှမသိဘူး။ မင်းတို့ ကိုယ်လောက်သာ တန်ဖိုးရှိတယ်ထင်တယ်။ အမိန့်ကို အလွဲသုံးစား လုပ်ခဲ့ကြလို့ ရဲဘော်တွေဟာ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးကုန်ရတယ်။ အခုမင်းတို့တစ်တွေက ဗုံးကျင်းထဲဝင်နေပြီး ဒီရဲဘော်တွေကိုတော့ ဒီရုံးပေါ်မှာ ဗားစာခံအဖြစ်ထားခဲ့တယ်"ဟုပြောကြားခဲ့ပါသည်။ မေတ္တာစိတ်သည် ကိုယ်ချင်းစာစိတ်နှင့်လည်း အပြန်အလှန် မှီတွယ်နေပါသည်။

ရဲဘော်မင်းဆွေက ဝတ္ထုတွင် "ယခုသော် ဗိုလ်ချုပ်မှာ ကျွန်တော်တို့ထင်သကဲ့သို့ သေလမ်းမျိုးကို အမိန့်မပေးခဲ့ရုံမျှမက ရဲဘော်တစ်ယောက်၏အသက်ကို မိမိသားရင်းတစ်ယောက်ကဲ့သို့ စိုးရိမ်ကြောင့်ကြ ကရုဏာမေတ္တာထား ကြီးမားလှပါသည်။ ရဲဘော်တစ်ယောက်အား သေလမ်းသို့အမိန့်မပေးရက်သော စေတနာမှာ ထင်ရှားလှပေသည်" ဟု ရေးသားတင်ပြခဲ့ပါသည်။ ဗိုလ်ချုပ်ကျဆုံး သွားပြီဖြစ်သော်လည်း ထိုနေ့ကကြည့်ခဲ့သည့် ဗိုလ်ချုပ်၏မျက်မှောင်ကို တစ်သက်လုံး မေ့လိမ့်မည်မဟုတ်ပါဟု ရေးသားထားပါသည်။ ဗိုလ်ချုပ်သည် မိမိရဲဘော်များနှင့်တကွ ပြည်သူလူထုအပေါ် မေတ္တာတရားကြီးမားလှပါသည်။ ထို့ကြောင့်လည်း မြန်မာပြည်သူတို့က ဗိုလ်ချုပ်ရာပြည့်နှစ်တစ်ရာတိုင်သည့်တိုင် မမေ့နိုင်ကြခြင်း ဖြစ်ပါသည်။

"သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျသို့ မိဘတို့ဝမ်း၊ ငြိမ်း စတမ်း" ဟူသောအဖွဲ့သည် မိဘမေတ္တာဘွဲ့ ဖြစ်ပါသည်။

အဇာတသတ်မင်းသားငယ်စဉ်တွင် တကျွန်းခူနာပေါက်သည်ကို အနာသက်သာစေရန် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးက အာခံတွင်း၌ ငုံ၍ထားခဲ့သည်။ မင်းသားအိပ်ပျော်နေစဉ်တွင် ပြည်ကိုမျိုချခဲ့သည်။ ဗိမ္ဗိသာရမင်းကြီး၏ ဖခင်မေတ္တာမှာ ရင်ခုန် လှုပ်ရှားဖွယ်ကောင်းလှပါသည်။ မိဘဘက်မှ မေတ္တာပေးခဲ့သော်လည်း မင်းစည်းစိမ်ကိုမက်ပြီး မကောင်းသော အပေါင်းအသင်း ဒေဝဒတ်၏ သွေးဆောင်မှုကြောင့် ခမည်းတော်၏ မေတ္တာကို ဥပေက္ခာပြုကာ ရက်စက်နိုင်ခဲ့သည်။ အဇာတသတ်၌ သားတော်လေး ဥဒယဘဒ္ဒ ရလာသောအခါတွင် ဖခင်၏မေတ္တာကို နားလည်ခဲ့သည်။ ခမည်းတော်ကို သေအောင်နှိပ်စက်ခဲ့သည့်အမှားအတွက် မခံစားနိုင်လောက်အောင် ပူလောင်ကျွမ်းမြေ့ခဲ့ရပါသည်။ မဟာကရုဏာမေတ္တာတော်ရှင်မြတ် ဗုဒ္ဓကသာ အဇာတသတ်၏အပူကို ငြိမ်းစေခဲ့ပါသည်။

မေတ္တာတရားနှင့်အချိန်သည် ဝယ်ယူ၍မရ၊ သုံးစွဲ၍သာရသည်ဆိုသောစကားရှိပါသည်။ မေတ္တာသည် ဝယ်ယူစရာမလိုပါ။ သူတော်ကောင်းတို့၏စိတ်တွင်း၌ သယံဇာတပစ္စည်းပမာ အလိုလိုရှိနေပြီး ဖြစ်ပါသည်။ အခမဲ့ရသောမေတ္တာကို ပေါပေါများများသုံးရန်သာ လိုပါသည်။ လောက၌ မေတ္တာကိုမတော်င့်တသူ မရှိပါ။ အေးစက်သောအချိန်တွင် နွေးထွေးမှုပေးနိုင်ပြီး ပူပြင်းသောအချိန်တွင် အေးမြမှုကိုပေးနိုင်သည်။ မေတ္တာတရားကို လက်ကိုင်ထားခြင်းဖြင့် သာယာချမ်းမြေ့သော ဘဝများကိုပိုင်ဆိုင်နိုင်ကြမည် ဖြစ်ပါသည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးအပါအဝင် လူ့ဘောင်လောက၏ အရေးကိစ္စများတွင် မေတ္တာစိတ်မွေးမှသာ နှလုံးအေးနိုင်ကြမည်ဖြစ်ပါတော့သည်။ ။

ရင်းနှီးချစ်ကြည်ပြည်သစ်တည်

- ❑ တိုင်းရင်းသားတို့ချစ်ကြည်ရင်းနှီးမှုရှိပါမှပြည်သစ်တည်နိုင်ပုံ
- ❑ မြန်မာ့သမိုင်းတွင် တိုင်းရင်းသားညီညွတ်ရေးတည်ဆောက်ခဲ့ပုံများ
- ❑ ရှေးမင်းတို့တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ခဲ့ပုံများ
- ❑ တိုင်းရင်းသားတို့ညီညွတ်မှုဖြင့်လွတ်လပ်ရေးရခဲ့ပုံများ
- ❑ တိုင်းရင်းသားတို့အဆက်ဆက် တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးသင့်ပုံ
- ❑ ပြည်သစ်တည်ဆောက်နိုင်ရန် တိုင်းရင်းသားတို့ညီညာစွာလက်တွဲကြရန် လိုအပ်ပုံ

## ရင်းနှီးချစ်ကြည်ပြည်သစ်တည်

အသက်အရွယ်ကြီးရင့်ကုန်သော လူကြီးများ၏နေရာတွင် မျိုးဆက်သစ်လူငယ်များနှင့် အစားထိုး၍ လူသစ်တည်ကြရသည်။ နိုင်ငံ၏ ပခုံးပြောင်းတာဝန်ကို မျိုးဆက်သစ်များသို့ လွှဲပြောင်းပေးကြရမြဲဖြစ်သည်။ ထိုကဲ့သို့လူသစ်တည်နိုင်မှသာ ပြည်သစ်ဆောက်နိုင်ပေမည်။ ပြည်သစ်တည်ရာ၌လည်း ရှေးကျသော အတိတ်၌ကျန်ခဲ့ပြီးဖြစ်သောစိတ်ဓာတ်မျိုး၊ အရည်အသွေးမျိုးနှင့်မတူ တစ်မူကွဲပြားစွာတည်ဆောက်ကြရမည်ဖြစ်ပါသည်။ 'တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏' ဆိုသည့်စကားအတိုင်း မြန်မာ့မြေပေါ်တွင်ရှိသည့် 'ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း' ဆိုသည့် ပြည်ထောင်စုသားများနှင့် စုပေါင်းတည်ဆောက်ရပါမည်။ ထိုသို့စည်းလုံးညီညွတ်ရေး စိတ်ဓာတ်စုစည်းမိစေရန် ပြည်ထောင်စုသားအချင်းချင်း မေတ္တာပေး၍ သစ္စာသွေးဖြင့် ရေးကြရပေမည်။ အချင်းချင်း ရင်းနှီးချစ်ကြည်မှုသာ ပြည်သစ်တည်နိုင်မည်ဖြစ်ပါသည်။

အမိမြန်မာနိုင်ငံ၏ အနောက်ဘက်တွင် ရခိုင်ရိုးမတောင်တန်းကြီးသည် စိမ်းစိုညို့မှိုင်းလျက် ရှမောဖွယ်သွယ်တန်းနေပါသည်။ မြန်မာနိုင်ငံ၏အလယ်ပိုင်းတွင် ပဲခူးရိုးမတောင်တန်းသည် သစ်တောသစ်ပင်တို့ဖြင့် စိမ်း၍မဆုံး၊ ညို၍မကုန်အောင် ရှိနေပါသည်။ မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင် ရှမ်းတောင်တန်းကြီးများ

သည် 'မြူဆိုင်းကာညို၊ ရွှေတိုင်းမှာစို' ၏ သဘာဝအတိုင်း လှပစွာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်နှင့် တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမကွေ့ဆိုသည့် ရေပြင်ကျယ်များနှင့် နယ်နိမိတ် သတ်မှတ်ထားပါသည်။ မြန်မာ့မြေရှိ စိမ်းချင်တိုင်းစိမ်း၊ ညိုချင်တိုင်း ညိုနေသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်တို့တွင် သွေးရင်းသားရင်းတိုင်းရင်းသားများ မှီတင်းနေထိုင်လျက်ရှိပါသည်။ ယင်းတောင်တန်းကြီးများဖြင့် မြန်မာနိုင်ငံ၏ မြောက်ဘက်နှင့် အရှေ့ဘက် နယ်နိမိတ်များကို သတ်မှတ်ထားသည်ဟုလည်း ဆိုနိုင်ပါသည်။

ရခိုင်ကမ်းရိုးတန်းတွင် ငပလီသည် ပင်လယ်ကမ်းခြေအလှတွင် ထူးခြားလှပါသည်။ နိုင်ငံခြားသားများ အမြဲလိုလို လာရောက်လည်ပတ်ကြသည်။ အပန်းဖြေ၍ ကမ်းခြေအလှကို ခံစားကြသည်။ ကမ်းခြေအလှကြောင့်ပင် ဟိုတယ်ကြီးများနှင့် ထည်ဝါနေပါသည်။ ငပလီသည် ရခိုင်တိုင်းရင်းသားတို့၏ နယ်မြေအတွင်း၌ တည်ရှိသော်လည်း မြန်မာနိုင်ငံအရပ်ရပ်ရှိ တိုင်းရင်းသားအားလုံး လာရောက်၍ အပန်းဖြေကြသည်။ မြန်မာ့မြေသည် တိုင်းရင်းသားအားလုံး ပိုင်ဆိုင်သည်။ ကချင်ပြည်နယ်ရှိ မြစ်ဆုံအလှကို ကချင်လူမျိုးသာမက ဗမာအပါအဝင် တိုင်းရင်းသားအားလုံး လာရောက်လည်ပတ်ကြည့်ရှုကြသည်။ မေခ၊ မလိခ မြစ်နှစ်မြွာ ပေါင်းဆုံ၍ ဧရာဝတီသည် သမိုင်းစဉ်ဆက် စီးဆင်းလျက်ရှိသည်။ ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး၏ ချစ်ခြင်းတို့ပေါင်းစည်းလျက် ဧရာဝတီကို စိုးပိုင်ထားကြသည်။ မြန်မာ့မြေကိုကာကွယ်ထားကြသည်။

မိုးမှာမြသွေး၊ ဆောင်းမှာရွှေရည်ဟုဆိုရအောင် ရာသီပြောင်းတိုင်း အလှတစ်မျိုးပြောင်းသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်မြေပြန့်ရှိ လယ်တောများသည် ပြည်ထောင်စုသားအားလုံးအတွက် စားရေရိက္ခာ စုစည်းရာ မြန်မာ့စပါးကျီဖြစ်သည်။ ပြည်ထောင်စုသားတိုင်း၏ စိတ်ထဲတွင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သည့် သွေးရင်းသားရင်းများဟု ခံယူကြရသည်။ အေးအတူပူအမျှ မျှဝေခံစားကြမည်ဆိုသော အတွေးရှိနေရမည်။ မြေပြန့်တွင် တိုးတက်၍ တောင်ပေါ်သားတို့မှာ မတိုးတက်လျှင် လက်ပိုက်ကြည့်နေ၍ မရပါ။ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဆိုသကဲ့သို့ တောင်ပေါ်သားတို့၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဝဝ ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းဆောင်ရွက်ပေးရပါမည်။ မြန်မာ့သမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးစားပေးသော မင်းများလက်ထက်၌ တိုင်းပြည်တိုးတက်ဖွံ့ဖြိုး

သည်။ ပုဂံအနော်ရထာမင်းလက်ထက်တွင် ပိဋကတ်သုံးပုံကို သထုံမင်းထံ အနော်ရထာမင်းက တောင်းဆိုရာမှ ဗမာနှင့်မွန်တို့ စစ်ဖြစ်ခဲ့ကြသည်။ သထုံ မနူဟာမင်းကို ဖမ်းဆီးလာခဲ့သည်။ အကျဉ်းသားဘဝတွင် မနူဟာမင်းသည် ပုဂံတွင် မနူဟာဘုရားကို တည်ထားခဲ့ပါသေးသည်။

အနော်ရထာမင်းလက်ထက်တွင် ဖြစ်ပွားခဲ့သော မွန်ဗမာစစ်ပွဲကို ကျန်စစ်သားမင်းလက်ထက်တွင် အငြိုးအမျက် ပြေစေခဲ့သည်။ အရိမဒ္ဒနပူရခေါ် ပုဂံပြည်တွင် မွန်၊ ပျူ၊ ဗမာတို့သည် အင်အားများသော လူမျိုးစုများအဖြစ် ရှိနေကြသည်။ ကမ်းယံ၊ သက်တို့လည်းရှိပါသည်။ မွန်၊ ဗမာ သွေးစည်းချစ်ကြည်မှ ပြည်သစ်တည်နိုင်မည်ဟု ယုံကြည်ခဲ့သော ကျန်စစ်သားမင်းသည် မိမိသမီးတော် ရွှေအိမ်စည်ကို မွန်သွေးပါသော စောလူးမင်း၏သား စောယွန်းနှင့် ထိမ်းမြား ပေးခဲ့သည်။ မိမိ၏နန်းတက်ပွဲကိုလည်း မွန်ယဉ်ကျေးမှုဓလေ့ထုံးစံအတိုင်း ကျင်းပခဲ့ သည်။ ရွှေစည်းခုံကျောက်စာကို မွန်ဘာသာနှင့်ရေးထိုးခဲ့သည်။ မွန်တို့နှင့် ချစ်ကြည် ရင်းနှီးမှုကိုယူ၍ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုထွန်းကားသော ပြည်သစ်ကို တည်ခဲ့ ပါသည်။ ပျူ၊ မွန်၊ ဗမာယဉ် ကျေးမှုများကိုလည်း ပေါင်းစည်း၍ ယဉ်ကျေးမှုအသစ်များ ထွန်းကား စေခဲ့ပါသည်။

ကျန်စစ်သားမင်း၏ 'ရင်းနှီးချစ်ကြည်၊ ပြည်သစ်တည်'သည့် လမ်းစဉ် ကို လိုက်နာကျင့်သုံးသူမှာ မြန်မာ့လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စကားပြောမကောင်းသော်လည်း စေတနာ စစ်မှန်၍ ကိုယ်ကျင့်တရားကောင်းမွန်သည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးကို စည်းရုံးနိုင်ခဲ့သည်။ ပြည်သူတစ်ရပ်လုံးဆိုရာ၌ တိုင်းရင်းသားလူမျိုးများလည်း ပါဝင်သည်။ ဖက်ဆစ်ဂျပန်ကို တော်လှန်ပြီးနောက် ဗြိတိသျှတို့အနေနှင့် လွတ်လပ် ရေးကို ပေးရတော့မည့်အခြေအနေသို့ ရောက်နေသည်။ ဗြိတိသျှနယ်ချဲ့တို့သည် မြေပြန့်ကိုသာ လွတ်လပ်ရေးပေးပြီး တောင်ပေါ်ဒေသများကို ချန်ထားခဲ့လိုသည်။ ပြည်ထောင်စုသားအချင်းချင်းကို အခွင့်အရေးတူမပေးဘဲ သွေးခွဲသည့်စနစ်ကို သုံးချင်သည်။ ဗိုလ်ချုပ်ကမူ တိုင်းရင်းသားအားလုံးပိုင်ဆိုင်သော အမိမြေပေါ်တွင် တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှနေလိုသည်။ ဗြိတိသျှတို့က လွတ်လပ်ရေး အတွက် ပထမအဆင့်အနေနှင့် အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုရာတွင် တိုင်းရင်းသားအားလုံးက အတူနေထိုင်ရန် သဘောတူကြောင်း စာချုပ်ပြရမည်ဟု

ဆိုပါသည်။ ထိုအချက်ကိုလက်ခံခဲ့ပြီး အောင်ဆန်းအက်တလီ စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံး ပြည်မ၊ ပြည်နယ်မခွဲခြားဘဲ လွတ်လပ်ရေးရရန်အတွက် ဗိုလ်ချုပ်သည် ကချင်၊ ကရင်၊ ရှမ်းစသည့် ပြည်ထောင်စုသားတို့နေထိုင်ရာဒေသများသို့သွား၍ စည်းရုံးခဲ့ရသည်။ ဗိုလ်ချုပ်ပြောဟောသည့် စကားများထဲတွင် လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ၊ မည်သူ့ကိုမဆို မကြောက်မရွံ့နှင့်။ ၄င်းတို့က တောင်တန်းလူမျိုးများကိုမေးခဲ့လျှင် တောင်တန်းလူမျိုးများက လွတ်လပ်ရေးကို လိုချင်တယ်လို့ ပြောရမည်ဖြစ်ကြောင်း ခြောက်လျှင်လည်း မကြောက်ကြနှင့် ချော့လျှင်လည်း မပျော့ကြနှင့်။ တောင်တန်းလူမျိုးများသည် မြန်မာပြည်မရှိ ပြည်သူတို့ကဲ့သို့ တူညီသောအဆင့်အတန်းကို လိုချင်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ဒါကို ယနေ့ပြောလိုက်ရင် နက်ဖြန်အဆွေတို့ လွတ်လပ်ရေး ရမည်ဖြစ်ကြောင်း'' တို့ပါဝင်ပါသည်။ ထို့ကြောင့်ပင် ငြိမ်းချမ်းရေးကို ရအောင်ကြိုးပမ်းရာ၌ လက်နက်မသုံးဘဲ စွမ်းဆောင်နိုင်သူများမှာ မြန်မာ့သမိုင်းတွင် ကျန်စစ်သားနှင့် ဗိုလ်ချုပ်အောင်ဆန်းသာ ရှိသည်ဟု သမိုင်းပညာရှင်တို့က ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

ကျန်စစ်သားနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ ချစ်ကြည်ရေးအမွေ၊ သွေးစည်းညီညွတ်မှုများသည် မြစ်မင်းဧရာဝတီကဲ့သို့ပင် ခေတ်အဆက်ဆက် ပြည်ထောင်စုသားတို့၏ သွေးထဲသားထဲ၌ စီးဆင်းနေရပါမည်။ ပြည်သစ်တည်ရာတွင် အတွေးသစ် အမြင်သစ်၊ အားသစ်မာန်သစ်ရှိရပါမည်။ ဗမာတစ်မျိုးသားတည်း၏ အတွေးထက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်း ဆိုသည့် တိုင်းရင်းသားတို့၏ အတွေးများပေါင်းစည်း ပါဝင်ခြင်းဖြင့် ထက်မြက်သောအတွေးအမြင်များ ရနိုင်ပါသည်။ လမ်းဖောက် တံတားဆောက်ရာတွင် တိုင်းရင်းသားအားလုံး၏ ဦးနှောက်များ၊ လက်များနှင့် ပေါင်းစည်းတည်ဆောက်ရပါမည်။ စပါးစိုက်ရာတွင်လည်း တောင်ပေါ်ရော မြေပြန့်ပါ ခေတ်မီနည်းစနစ်နှင့် အင်ပြည့်အားပြည့်၊ စေတနာအပြည့်နှင့် စိုက်ရပါမည်။ နိုင်ငံအနှံ့ ပြည်သူ့ကျန်းမာရေးအတွက် ဆေးရုံဆေးခန်းများ တည်ဆောက်ပေးရပါမည်။ မြေပြန့်မှ ဗမာဆရာဝန်သည် ချင်းတောင်တန်း၊ ကချင်တောင်တန်း၊ ရှမ်းတောင်တန်းရှိ တိုင်းရင်းသားများ၏ ဆရာဝန်လည်း ဖြစ်ရပါမည်။ ပြည်နယ်အသီးသီး၌ စာသင်ကျောင်းများ၊ တက္ကသိုလ်များ တည်ဆောက်၍ ဆရာများသည်လည်း နေရာမရွေး အမျိုးသားရေး အဖြစ် သွားရောက်သင်ကြားပေးရပါမည်။

ရှေးမြန်မာမင်းများလက်ထက်ကပင် အိမ်နီးနားချင်း နိုင်ငံအချင်းချင်း စစ်ရေးမက်ရေးကင်းဝေးစေရန် ငြိမ်းချမ်းရေးယူကြရပါသည်။ မဟာမိတ်ဖွဲ့ကြပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံအချို့တွင် တစ်နိုင်ငံတည်းနေ လူမျိုးအချင်းချင်းနှင့် အိမ်နီးချင်းနိုင်ငံများရှိ လူမျိုးတို့သည် စစ်မက်ဖြစ်ပွားလျက်ရှိပါသည်။ အကြမ်းဖက်မှုများလည်း ရှိပါသည်။ ချစ်ခြင်းမေတ္တာ ပျက်ပြယ်သည်နှင့် အချင်းချင်း ရန်သူဟု မြင်ကြသည်။ သူ့မြေကိုယ့်မြေ၊ သူ့အာဏာ၊ ကိုယ့်အာဏာဟု လောဘတက်ကာ ဒေါသလည်း ဖက်လာကြသည်။ ပြည်သူများအနေနှင့် စစ်ဘေး ဒုက္ခကို ရင်ဆိုင်နေကြရပါသည်။ အချို့နိုင်ငံများတွင် စစ်ကြောင့်ခေတ်အဆက်ဆက် တန်ဖိုးထားခဲ့ကြသော ယဉ်ကျေးမှုအနုပညာလက်ရာများ၊ အဆောက်အအုံများပင် ပျက်စီးဆုံးရှုံးကြရပါသည်။ ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသများတွင် စစ်ဘေးစစ်ဒဏ် သင့်နေကြပါသည်။ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများအနေနှင့် အချင်းချင်း ရင်းနှီးချစ်ကြည်မှုရယူရန် အာဆီယံအဖွဲ့ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအချင်းချင်း ရင်းနှီးချစ်ကြည်စွာဖြင့် တစ်ဦးအရေးကို တစ်ဦးက ဖေးမကူညီမှသာ အာရှတိုက်၏ ငြိမ်းချမ်းရေးသည် အရှည်တည်ပါလိမ့်မည်။ မဖွံ့ဖြိုးသေးသော နိုင်ငံများ၊ ဖွံ့ဖြိုးရန်အားယူဆဲနိုင်ငံများကို ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက လက်တွဲခေါ်ယူသင့်ပါသည်။ လက်တွဲဝန်းရံ အာဆီယံအဖွဲ့၏ ဦးဆောင်မှုဖြင့် အာရှနိုင်ငံ အသီးသီးသည် လူသစ်တည်၍ ပြည်သစ်ဆောက်နိုင်ကြမည် ဖြစ်ပါသည်။

နိုင်ငံတိုင်းသည် ရာဇဝင်ထဲမှာကျန်နေခဲ့၍ မဖြစ်ပါ။ လူမျိုးတိုင်းသည်လည်း ရာဇဝင်ထဲ၌ နေရစ်ခဲ့၍မဖြစ်ပါ။ ရာဇဝင်ကို သိရုံနှင့်မပြီးပါ။ ရာဇဝင်ကို သစ်လွင်စေရပါမည်။ ရာဇဝင်သစ်လွင်စေရန် ပြည်တွင်း၌ ပြည်ထောင်စုသားအချင်းချင်း လောဘတက်နေ၍ မဖြစ်ပါ။ ညီတူညီမျှ မျှဝေစံစားကြရပါမည်။ အခွင့်အရေးတူလျှင် စိတ်တူကိုယ်တူဖြစ်၍ ရင်းနှီးချစ်ကြည်လာကြမည် ဖြစ်ပါသည်။ ရင်းနှီးချစ်ကြည်မှု၊ ညီညွတ်မှုအားကိုယူ၍ ရာဇဝင်အဟောင်းထဲမှ ရုန်းထွက်ရပါမည်။ မြန်မာ့သမိုင်းတွင် အမြော်အမြင်ကြီးမားသော ကျွန်စစ်သားနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏ လမ်းစဉ်ကို လိုက်ကြရပါသည်။ မေတ္တာလက်များကမ်းမှသာ ပြည်သူတို့စိတ်နှလုံးကြည်ရွှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြမည်ဖြစ်ပါသတည်း။ ။

## မြန်မာ့နှစ်သစ်ကူးပွဲတော်

- နှစ်သစ်ကူးပွဲတော်ဟူသည်
- သင်္ကြန်ပွဲတော်ရည်ရွယ်ချက်
- သင်္ကြန်သမိုင်း
- မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်ပုံ
- သင်္ကြန်ပွဲတော်ကျင်းပပုံများ
- အလှူဒါနပြုကြပုံများ
- မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ယဉ်ကျေးစွာကျင်းပသင့်ပုံ။

# မြန်မာ့နှစ်သစ်ကူးပွဲတော်

တစ်ဆောင်းကြွေ၍ တစ်နွေပြောင်းသည်နှင့် အလှဟောင်းတို့ပြယ်၍ အလှသစ်တို့ ဝေဆာလာမြဲ ဖြစ်ပါသည်။ နွေအပူငွေ့ကြောင့် ရွက်ဟောင်းတို့လွင့်ကြွေ မြေခကြလေပြီ။ ရွက်ကြွေတို့နေရာတွင် ပုရစ်ဖူးတို့က သစ်ထူးဟန်ပြလာကြပါ သည်။ ပုရစ်ဖူးများနှင့်အတူ မြန်မာတို့သည် အသစ်ကူးပြောင်းမည့် နှစ်ဦးကို ကြိုဆိုကြပါတော့သည်။ တောအုပ်ညို့ညို့ဆီမှ ဥဩသံချိုချို ပျံ့လွင့်လာချေပြီ။ ကံ့ကော်ရနံ့ သင်းပျံ့ပျံ့ကိုလည်း ခံစားကြရလေပြီ။ မြန်မာတို့သည် တန်ခူးလဟု သိလိုက်သည်နှင့် နှစ်သစ်ကူးပွဲတော် ဖြစ်သည့် မြန်မာ့သင်္ကြန်ကို မှန်းဆလွမ်းတ မိကြပါတော့သည်။

မြန်မာ့သင်္ကြန်ပွဲတော်ကို အတာကူးသည့်နှစ်ဦးတန်ခူးလတွင် ကျင်းပကြ ပါသည်။ "တာ"၏ အနက်မှာ အချိန်၊ လ၊ နှစ်ဖြစ်သည်။ "ကူး" မှာ ကူးပြောင်းခြင်းဖြစ်သည်။ တနင်္ဂနွေဂြိုဟ်မင်းသည် ရက်ပေါင်းသုံးဆယ်ပြည့်လျှင် တစ်ရာသီမှ တစ်ရာသီသို့ ကူးပြောင်းခြင်းကို သင်္ကြန်ဟုခေါ်သည်။ ရက်ပေါင်း သုံးဆယ်စီရှိသော လဆယ့်နှစ်လပြည့်၍ တစ်နှစ်ကြာလျှင် မိန်ရာသီမှ မိဿရာသီ သို့ ကူးပြောင်းသည်ကို မဟာသင်္ကြန်ကျသည်ဟုဆိုပါသည်။ ပူးပြင်းသော နွေရာသီ နှင့် အေးမြသည့် အတာရေစင်ပက်ဖျန်း၍ ရေကစားကြသည့် သင်္ကြန်ပွဲတော်သည် လိုက်ဖက်လှပါသည်။ သင်္ကြန်၏ ရည်ရွယ်ချက်များကလည်း နှစ်သက်စရာဖြစ်ပါ သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ရန် ရည်ရွယ်ပါသည်။

စိတ်မာတ်အညစ်အကြေးများကိုဖယ်ရှားစွန့်ပစ်၍ သန့်စင်သော စိတ်သစ်ဖြင့် နှစ်သစ်ကို ကြိုဆိုခြင်းဖြစ်သည်။ ရေကဲ့သို့ မကွဲပြား တစ်သားတည်း ဖြစ်စေရန်လည်း ရည်ရွယ်ပါသည်။

သင်္ကြန်ပွဲတော်သည် အိန္ဒိယနိုင်ငံ သာကီဝင်မင်းများလက်ထက်ကပင် စခဲ့သည်ဟု ဆိုကြပါသည်။ ပုပြင်းသွေ့ခြောက်သည့် နွေဦးရာသီ တန်ခူးလသို့ ရောက်လျှင် သာကီဝင်မင်းမျိုးတို့သည် ဒေဝဒဟပြည်အနီးရှိ ရေကန်ကြီးတွင် အတာရေသဘင်ပွဲ ဆင်နွှဲခဲ့ကြပါသည်။ ထိုသင်္ကြန်ယဉ်ကျေးမှုကို ပုဂံခေတ်၌လည်း ဆက်လက်ကျင်းပခဲ့ကြပါသည်။ ပုဂံမင်း နရသီဟပတေ့ လက်ထက်တွင် နန်းတော်မှသည် မြစ်ဆိပ်အထိ တဲနန်းဆောက်လုပ်စေခဲ့သည်။ လူမမြင်အောင် ကာရံထားသည်။ ထိုတဲနန်းဥမင်မှတစ်ဆင့် မိဖုရားမောင်းမတို့နှင့်အတူ မြစ်ဆိပ်သို့ ကြွတော်မူ၍ ရေကစားတော်မူကြောင်း ရာဇဝင်ကျမ်းများ၌ ပါရှိပါသည်။ နရသီဟပတေ့မင်းသည် မိဖုရားစောလုံကို ပရိသတ်အလယ် ရွှဲရွှဲစိုအောင် ရေလောင်းစေသည့်အတွက် စောလုံက အဆိပ်ခပ်ခဲ့သည်။ ထိုအကြောင်းကို ဘုရင်မင်းမြတ်သိရှိပြီး စောလုံကို ကွပ်မျက်ခဲ့ပါသည်။ နရသီဟပတေ့မင်းနှင့် စောလုံတို့၏ သင်္ကြန်ဇာတ်လမ်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက "ဆွေကလျာမဒီတွေကို ချစ်စိတ်စမ်းလိုတဲ့ အားရယ်နှင့်၊ ရောဝတီမြစ်ဆိပ်ကမ်း တစ်ခိုသို့ သွားပါလို့၊ ရွှေနန်းအစဉ်အလာ ရေဖျန်းမင်္ဂလာ ကစားစဉ်က၊ ရွှေအားတော် ဗလောင်ဆန်လို့မို့၊ တစ်ဆောင်စံ စောလုံပက်စဉ်က" စသည့် လေးချိုးကြီးကို ရေးဖွဲ့ခဲ့ပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ကဗျာအဆုံးတွင် "ချောဂုဏ်နဲ့နွဲ့ရာတဲ့၊ စောလုံရဲ့ ပုဂံရာဇဝင်တရား" ဟု ရေးဖွဲ့ထားပါသည်။ စောလုံ၏ ပုဂံရာဇဝင်သည် ခေတ်အဆက် ဆက် သင်္ကြန်ချစ်သူများအတွက် ဆင်ခြင်စရာဖြစ်ပါသည်။ နှစ်သစ်ကူးတွင် စိတ်သစ် လူသစ်နှင့် ရေသဘင်ပွဲ ဆင်နွှဲရာ၌ ချစ်ခင်ရင်းနှီးမှုရှိရပါမည်။ တစ်ဦးနှင့်တစ်ဦး မောင်ရင်းနှမပမာ သဘောထား၍ ရေဖျန်းပက်ရာတွင် ခွင့်လွှတ်သည်းခံကြရပါမည်။ ရေပက်ကြမ်းခြင်းဖြင့် ရန်ဖြစ်နိုင်ပါသည်။ မူးယစ်သေစာ သောက်စားခြင်းဖြင့် ကိုယ်၊ နှုတ် အမူအရာများ ကြမ်းတတ်ပါသည်။ ယာဉ်တိုက်မှုများ ဖြစ်တတ်ပါသည်။ ထိုင်းနိုင်ငံတွင် နှစ်ကူးပွဲတော်၌ ရေကစားကြရာတွင် မတော်တဆ ယာဉ်တိုက်မှုများ ဖြစ်ပွားကာ အသေအပျောက်များခဲ့ပါသည်။ မြန်မာသင်္ကြန်ပွဲ၌လည်း ထိုဖြစ်ရပ်များ ရှိနေပါသည်။ နှစ်သစ်ကူးပွဲတော်တွင် ဖြစ်ရပ်ဆိုးများကင်းဝေးစေရန် မူးယစ်

ဆေစာသောက်စားခြင်းကို ရှောင်ကြဉ်ကြရပါမည်။ မြန်မာ့ယဉ်ကျေးမှု ပွဲတော်ဖြစ်သည့်အလျောက် ယဉ်ကျေးမှုကို ထိန်းသိမ်းရပါမည်။

ရှေးခေတ်သင်္ကြန်ပွဲတော်တွင် ငွေဖလားထဲ၌ သပြေခက်များကိုထည့်၍ သပြေခက်ကလေးနှင့် အတာရေစင် ပက်ဖျန်းကြပါသည်။ ယနေ့ခေတ်တွင် မီးသတ်ပိုက်များဖြင့် ရေပက်ကြပါသည်။ ကိုလိုနီခေတ် စာဆိုရွှေတိုင်ညွန့်၏ သပြေခက်နှင့် ရေပက်သီချင်းတွင် "မွေးသဖခင်ကို ခွင့်ပန်ကာ လောင်းရပါတယ်ရှင်၊ မွေးသမိခင်ကို ခွင့်ပန်ကာ လောင်းရပါတယ်ရှင်" ဟု ပါရှိသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ မိဘကိုခွင့်တောင်းပြီးမှ သပြေခက်နှင့်ရေပက်သည့် မြန်မာသင်္ကြန်အစစ် ယဉ်ကျေးမှုအနှစ်ကို တွေ့ရပါသည်။ ငွေဖလားနှင့် ရေ ကစားခြင်းကိုပင် ရေပက်ကြမ်းသည်ဟု ခံစားမိပုံကိုလည်း ရွှေတိုင်ညွန့်က "ငွေဖလားကြီးနဲ့ ရေကစားတာ အလွန်ကြမ်းသနော်၊ စံပယ်ပန်းတွေတောင် ကြွေကုန်ပါပေါ့" ဟု ရေးဖွဲ့ခဲ့ပါသေးသည်။

သင်္ကြန်မိုးပြေးလေး ရွာသွန်းလိုက်သည်နှင့် မြေသင်းနံ့များ သင်းပျံ့လာပါသည်။ မိုးဦးကို မျှော်နေသော ပိတောက်ရွှေဝါတို့ ဖူးပွင့်ကြလေသည်။ မြေသင်းနံ့နှင့် ပိတောက်နံ့ရောသော နွေဦးလေပြည်သည် သင်းပျံ့နေပါသည်။ တစ်နှစ်တာလုံး လွမ်းနေကြရသည်။ သင်္ကြန်ရောက်တော့မည် ဆိုသောအသိနှင့် မြန်မာတို့ ပျော်ကြလေပြီ။ ရပ်ရွာအလိုက် လူငယ်များစုဝေး၍ မဏ္ဍပ်ဆောက်သူက ဆောက်ကြသည်။ မဏ္ဍပ်ကို အလှဆင်သူကဆင်ကြသည်။ သီချင်းတိုက်သူက တိုက်ကြသည်။ သင်္ကြန်တေးသံများကလည်း နေရာအနှံ့မှာပျံ့လွင့်နေသည်။ မြန်မာအမျိုးသမီးများ၏ ဆံကေသာထက်တွင် ပိတောက်တွေ ဝင့်နေသည်။ လတန်ခူး၏ ရွှေရည်လူးသော ပိတောက်တို့ ပွင့်ချင်တိုင်းပွင့်နေသည်။ ပိတောက်နံ့တို့က သင်းပျံ့ကြိုင်လှိုင်နေသည်။ ပိတောက်လမ်းသည် လျှောက်လှမ်းချင်စရာ ကောင်းလှပါသည်။ လေယူရာတလွင့်လွင့် ပိတောက်ပွင့်လေးတွေကို ကြည့်နေရင်းမှာပင် သင်္ကြန်နေ့များသို့ ရောက်ခဲ့လေသည်။

တိုင်းမြို့ကြီးများ၌ သင်္ကြန်အကြိုနေ့တွင် ဗဟိုမဏ္ဍပ်တွင် ဖွင့်ပွဲကျင်းပသည်။ အသင်းအဖွဲ့လိုက်ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များသည် အသွေးစုံ၊ အရောင်စုံ၊ အဆင်စုံဝတ်စုံအမျိုးမျိုးဖြင့် နေရာယူထားကြပါသည်။ "ဟောတစ်ရုံ၊ ဟောတစ်ရုံ၊ ပန်းမျိုးစုံလို့ညီ" ဆိုသည့် သင်္ကြန်သီချင်းစာသားကဲ့သို့ ရောင်စုံပန်းရုံများပမာ အလှမျိုးစုံလှပါဘိသည်။ မြို့မငြိမ်း၏ မန်းတောင်ရိပ်ခိုသီချင်းနှင့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ ညီညီညာညာ ကကြပါသည်။ သင်္ကြန်အကျနေ့တွင် နေရောင်ခြည်အောက်၌

ရေပက်ခံကားများ၏အသံများ၊ မြူးမြူးကြွကြွတေးသံများကို နေရာအနှံ့ ကြားနေရပါသည်။ ရေပက်မဏ္ဍပ်များရှေ့တွင် ရေပက်ခံကားများသည် ရပ်လျက် ကခုန်သီဆို၍ ရေပက်ခံနေကြသည်။ ရွှေဝါရောင်ပိတောက်ခက်များပါသည့် အဆင်၊ ပိတောက်ရောင်အသွေးကဲ့သို့ ရွှေရည်ဝင်းအိနေသည့် အဆင်တူညီ ဝတ်စုံများနှင့် ယိမ်းပျိုဖြူလေးများသည် ယိမ်းနွဲ့စွာ ကပြနေကြသည်။ အနီရောင်၊ အပြာရောင်၊ ခရမ်းရောင် အသွေးအရောင်စုံ ယိမ်းဝတ်စုံများကလည်း တစ်ရှိုးစီလှပကြသည်။ သင်္ကြန်ရေအေးအေးကို အပက်ခံပြီးလျှင် သင်္ကြန်မုန့် ရွှေရင်အေးကိုစားကာ သင်္ကြန်ယိမ်းလေးကို ကြည့်နေရခြင်းသည် နှစ်သစ်ကူး၏အရသာထူးပင် ဖြစ်ပါသည်။ သင်္ကြန်တေးနှင့်သင်္ကြန်ယိမ်းသည် လိုက်ဖက်လှပါသည်။ ကံ့ကော်နှင့် ပိတောက်နံ့သင်းသော နွေလေရူးနှင့်လည်း လိုက်ဖက်လှပါသည်။

အကျွေးအမွေးနှင့် ဒါနပြုလိုသူတို့ကလည်း မုန့်လုံးရေပေါ်များ လုံးကြသည်။ မုန့်လုံးရေပေါ် ချိုအိအိနှင့် အုန်းသီးဖတ်မွှေးမွှေးများသည် သင်္ကြန်၏အရသာတစ်ခုပင် ဖြစ်ပါသည်။ မုန့်လက်ဆောင်း၊ သာကူတို့ကိုလည်း တစ်အိမ်မှ တစ်အိမ်သို့ လိုက်လံဝေငှကြသည်။ မွန်ဒေသများတွင် ဖယောင်းနံ့သင်းသော သင်္ကြန်ထမင်းနှင့် ငါးခြောက်ကြော်တို့ကို သင်္ကြန်အစားအစာအဖြစ် ကျွေးမွေးကြသည်။ သံဃာတော်များအားလည်း မြန်မာမုန့်များကို ဆက်ကပ်လှူဒါန်းကြသည်။ ကုသိုလ်ပြုလိုသူတို့က သက်ကြီးဝါကြီးများကို ခေါင်းလျှော်ပေးသည်။ ခြေသည်း လက်သည်း လှီးပေးသည်။ နှစ်သစ်ကူးပွဲတော်တွင် မြန်မာတို့၏ ရိုးသေဂါရဝဖြင့် ကုသိုလ်ပြုကြပုံမှာ ကျက်သရေမင်္ဂလာရှိလှပါသည်။ မြန်မာတို့သည် နှစ်သစ်ကူး ပွဲတော်ကို ကောင်းမှုကုသိုလ်အစုစုဖြင့် ကြိုဆိုလေ့ရှိကြသည်။ သူ့အသက်ကို လွှတ်ခြင်းဆိုသည် ကုသိုလ်ပြုပွဲမှာ မွန်မြတ်လှပါသည်။ ဗုဒ္ဓဘာသာမြန်မာပီသ လှပါသည်။ ရပ်ထဲရွာထဲတွင် ငွေအလှူခံပြီး နွားလွှတ်ပွဲကျင်းပသည်။ ငါးလွှတ်ပွဲ ကျင်းပသည်။

စပေါင်းညီညာစွာ ဆောင်ရွက်တတ်သော မြန်မာတို့သည် နွားလွှတ်ပွဲကို စုပေါင်းဆောင်ရွက်သည်။ ဘေးမဲ့လွှတ်မည့်နွား၏ ကျောကုန်းပေါ်တွင် အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။ ချိုများတွင် ပိတောက်ပန်းများ ပန်ဆင်ပေးထားသည်။ အိုးစည်ဗုံမောင်းတီးကာ ကခုန်၍ နွားလွှတ်ပွဲကို လှည့်လည်ကြသည်။ ထို့ပြင် ဘုရားပုထိုးစေတီများသို့ စုဝေးသွားရောက်ပြီး ဘုရားရေသပ္ပာယ်ကြသည်။ ရေသပ္ပာယ်ရန်သွားသည့်ရှုခင်းကို ဆရာဇော်ဂျီက "<u>အခါတော်သင်္ကြန်တွင်း၊ သီချင်းသံချိုချို့၊ ကိုလှပျို ဒိုးပတ်ဝိုင်းပေမို့ ရပ်တွင်းမှာ ဆူညံသံပေါ့၊ အလှူခံ ပျော်တဲ့ပွဲကိုလ၊ နွဲ့နေကျတို့ပြည်မှာ</u>" ဟု သရုပ်ဖော် ရေးဖွဲ့ခဲ့ပါသည်။ နှစ်ဆန်းတစ်ရက်နေ့တွင်

မိမိမြို့ရွာ ရပ်ကွက်အတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းစေရန် ပရိတ်တရားတော် နာယူကြသည်။ နံနက်ခင်းတွင် ကျောင်းနေသံဃာတော်များနှင့် ဒုလ္လဘရဟန်းများ ဆွမ်းခံထွက်ကြသည့်ရှုခင်းမှာ ကြည်နူးဖွယ်ဖြစ်ပါသည်။

သင်္ကြန်အတက်နေ့တွင် ရေပက်ခံသူများ အစွမ်းကုန်ပျော်ရွှင်ကြသည်။ တစ်မြို့လုံး၌ ရေပက်ခံကားတို့၏ အော်သံဟစ်သံများကို ကြားနေရသည်။ ရေပက်ခံ မဏ္ဍပ်၊ သင်္ကြန်မဏ္ဍပ်များ၌ လူများပြည့်လျှံနေသည်။ မျက်မှောက်ခေတ်တွင် မူးမူး ရူးရူးနှင့်လိုက်၍ တေးဆိုနေကြသူများလည်း ပါဝင်သည်။ မူးရူးနေသော သင်္ကြန်ပွဲ ဆင်နွှဲသူများသည် မြန်မာ့နှစ်သစ်ကူး ယဉ်ကျေးမှုကို သရုပ်ပျက်စေပါသည်။ သင်္ကြန်မဏ္ဍပ်စင်မြင့်ထက်မှ ဖျော်ဖြေသူအနုပညာရှင်တို့၏ ဝတ်စားဆင်ပုံမှာ တစ်နှစ်ထက်တစ်နှစ် မြန်မာ့ယဉ်ကျေးမှုများ လျော့ပါးလာပါသည်။ သီဆိုသည့် သီချင်းများမှာလည်း ယဉ်ကျေးသည့် သင်္ကြန်သီချင်းများ မဟုတ်တော့ပါ။ ပရိသတ်၏စိတ်ကို လှုပ်ရှားမြူးကြွအောင် လှုံ့ဆော်သည့် သီချင်းများသာဖြစ်နေ ပါသည်။ <u>သင်္ကြန်နှစ်ဦး တူးပို့တူးပို့</u>ဆိုသည့် သင်္ကြန်တေးလေးသည် ချစ်စရာ ကောင်းပါသည်။ "<u>မြူမှောင် ဝေကင်း</u>" သီချင်းသည် သင်္ကြန်နှင့် လိုက်ဖက်ပါသည်။ "<u>နှစ်သစ်ကူးမို့ ချစ်ဦးကိုရှာဖွေ၊ ဘယ်ရပ်ဌာနေ၊ ဘယ်ဆီများသွားပါလိမ့် နေစိမ့်တဲ့ သူရေ</u>" ဆိုသည့် နှစ်သစ်ချစ်ဦး သီချင်းကလည်း လွမ်းစရာကောင်းပါသည်။ "<u>ရာပုံတော်မင်းသားကြီး</u>" ကလည်း သင်္ကြန်၏ လွမ်းတေးတစ်ပုဒ်ပင်ဖြစ်ပါသည်။ မြို့မငြိမ်း၏ "<u>မြန္မာ ရေသို့ညိုရစ်ကာသန်းလို့ ရွှေမန်းတောင်ရိပ်ခိုသူခို၊ ပျိုဖြူ မေရယ် ...</u>" ဆိုသည့် မန်းတောင်ရိပ်ခိုသီချင်းမှာ မြန်မာ့သင်္ကြန်၊ မြန်မာ့ဟန်နှင့် လိုက်ဖက်ပြီး ယဉ်ကျေးလှပါသည်။

မြန်မာတို့သည် သင်္ကြန်ကိုချစ်ကြပါသည်။ နှစ်သစ်ကူး အခါသမယကို သင်္ကြန်ရေသဘင်ပွဲတော်နှင့် ကြိုဆိုလိုကြပါသည်။ သင်္ကြန်ချစ်သူများအနေနှင့် မြန်မာ့သင်္ကြန်ကို မြန်မာ့ဟန်နှင့် ဆင်နွှဲသင့်ပါသည်။ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် ချစ်ခင်ရင်းနှီးမှုတိုးပွားစေသောသင်္ကြန်၊ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသော သင်္ကြန်အဖြစ် ဆင်နွှဲသင့်ပါသည်။ မြန်မာ့ယဉ်ကျေးမှု ယိမ်းဝတ်စုံလေးများကို ဖယ်၍ ဘောင်းဘီကျပ်၊ စကတ်တိုတို့ဖြင့် အော်ဟစ်ခုန်ပေါက်၍ မပျော်သင့်ပါ။ အနုပညာရှင်များက ဦးဆောင်ယဉ်ကျေးပြမှသာ မြန်မာ့သင်္ကြန်သည် ယဉ်ကျေး လှပသည့် နှစ်သစ်မင်္ဂလာပွဲတော်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ။

**ဆရာကန်တော့ပွဲမြင်ကွင်း**

- ❑ ဆောင်းရာသီသည် ဆရာကန်တော့ပွဲရာသီဖြစ်ပုံ၊ ဆရာကန်တော့ပွဲကျင်းပရန် စီစဉ်ကြပုံ။
- ❑ ကန်တော့ခံဆရာများနှင့် တပည့်တို့မြင်ကွင်းစုံစုံ၊
- ❑ နှစ်ဦးနှစ်ဖက်ပြုံးပန်းဝေကြပုံများ၊
- ❑ အစီအစဉ်ကြေညာပုံ၊ ကြည်နူးဖွယ်မြင်ကွင်းဖြစ်ပုံ
- ❑ ဆရာ ဆရာမကြီးများ၏ ဩဝါဒစကားဆိုကြပုံများ
- ❑ အကျွေးအမွေးဖြင့် ဧည့်ခံပုံ၊
- ❑ ရင်ထဲတွင် စွဲထင်ကျန်ရစ်သည်များ။

## ဆရာကန်တော့ပွဲမြင်ကွင်း

ဆောင်းဦးရာသီသို့ ကျရောက်သည်နှင့် နှင်းပွင့်များသည် ဖြူစင်ခြင်းအလှတရားနှင့်အတူ ကမ္ဘာမြေကို အေးမြစေပါသည်။ ကျေးဇူးတရားနှင့်မကင်းသောဤလောက ကမ္ဘာမြေ၌လည်း ဆရာ့ကျေးဇူးမြင်းမိုရ်ဦးသို့ အထူးအလေးထားကြသောတပည့်များသည် ဖြူစင်ခြင်းအလှတရားများကို ခင်းကျင်းတင်ပြကြပါတော့သည်။ နံနက်ခင်းသတင်းစာများ၌ နိုင်ငံအချင်းချင်း စစ်ဖြစ်ခြင်း၊ မတော်တဆ ထိခိုက်မှုများဖြစ်ပွားခြင်း၊ ဖမ်းဆီးခံရခြင်း၊ သဘာဝအန္တရာယ် အသွယ်သွယ်ကို ရင်ဆိုင်ရခြင်းစသည့် လောဘ၊ ဒေါသနှင့်သောကသတင်းများကို ဖတ်ရှုကြရပါသည်။ တန်ခိုးအာဏာအတွက် အပြိုင်အဆိုင် အနိုင်ကြဲကြသော သတင်းများအလယ်တွင် အထွန်းပဆုံး၊ အရွှန်းမြဆုံးသတင်းမှာ ဆရာကန်တော့ပွဲကျင်းပမည့်သတင်းနှင့် ဖိတ်ကြားသည့်သတင်းများသာ ဖြစ်ပါတော့သည်။

သွေ့ခြောက်သောဆောင်းရာသီသည် ပွင့်လင်းရာသီဖြစ်သည့် ဆရာရောတပည့်များပါ ဆရာကန်တော့ပွဲကျင်းပရာသို့ သွားလာရန်လွယ်ကူသည်။ ဆရာကန်တော့ပွဲသတင်းကို ဖတ်ရရုံနှင့်ပင် ဆရာအိုများခမျာ တက်တက်ကြွကြွ ရှိလာကြသည်။ ကြည်နူးပီတိဖြစ်ကြရသည်။ တပည့်တို့မှာလည်း ဆရာ ကန်တော့ပွဲအတွက်ရန်ပုံငွေရှာရန် ခရီးထွက်ကြသည်။ ကျင်းပရန် အစီအစဉ်များ ရေးဆွဲကြသည်။

ကျွန်မ၏ကျောင်းသည် (    )၊ (    )ဖြစ်ပါသည်။ ကျွန်မတို့ ကျောင်းတွင်

သင်ကြားပို့ချပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ထယ့်များက ကန်တော့သည့်ပွဲကျင်းပလျှင် ကျွန်မတို့ကဲ့သို့ ဒသမတန်းကျောင်းသား ကျောင်းသူများသည် ပါဝင်ကူညီကြရပါသည်။ မနှစ်က ဆရာကန်တော့ပွဲကို ခမ်းခမ်းနားနားကျင်းပခဲ့ကြပါသည်။ ဒသမတန်းမှ ကျောင်းသားများက အခမ်းအနား ကို ပြင်ဆင်ပေးကြပါသည်။ အငြိမ်းစား ဆရာကြီးတစ်ဦး ရေးဖွဲ့ထားသည့် ကဗျာလေးကိုလည်း အခမ်းအနား အဝင်ဝတွင် ရွှေစာလုံးဖြင့် ပုံဖော်ထားပါသည်။ "အတက်အဆင်း၊ ဤလမ်းခင်းစုံ၊ ချစ်ခြင်းမေတ္တာ၊ စေတနာနှင့်၊ ပညာမီးအိမ်၊ လင်းထိန်စေသား၊ တပည့်များလည်း၊ အားသစ်အင်သစ်၊ ပညာခေတ်တွင်၊ အနှစ် ရှိစေ၊ ယဉ်ကျေးစေသား" ဆိုသည့် စာသားများကို လိုက်၍ဖတ်နေမိပါသည်။ ကြွရောက်လာသော ကန်တော့မည့် ကျောင်းသားကျောင်းသူဟောင်းများသည် ဆရာကြီး၏ကဗျာလေးကို အစအဆုံး ဖတ်နေကြပါသည်။ "ခွဲသွားလေကြ သောကာလတွင်၊ ဆရာ့မျက်ရည်၊ ပီတိတွေသည် စမ်းရေအသွင် အေးစေချင်" ဆိုသော အဆုံးသတ်စာသားလေးက လွမ်းစရာကောင်းလှပါသည်။

ကန်တော့ကြမည့် ကျောင်းသားကျောင်းသူဟောင်းများမှာ အသက် သုံးဆယ်ကျော် လေးဆယ် နီးပါးမှ အသက်ခြောက်ဆယ်ခန့်အထိ ပါဝင်ပါသည်။ အတန်ငယ် ရင့်ကျက်သောအသွင်များနှင့် အိုမင်းစပြုနေသောအသွင်များကို တွေ့ရ သည်။ တပည့်များသည်ပင် အချို့ကခေါင်းကိုင်းစပြုနေသည်။ အချို့က ဗိုက်ကြီးရွဲနေ သည်။ ဆံပင်ဖြူများက ကျိုးကျိုးကျားကျားနှင့် ဇရာ၏ပုံရိပ်များကို မြင်နေရသည်။ အသက်လေးဆယ်ခန့်အရွယ်များသည် အငယ်ဆုံးများဖြစ်ကြ၍ တက်တက်ကြွကြွ လှုပ်ရှားနေကြသည်။ အသက်ကြီးရင့်သူများမှာ မျက်နှာများကပြုံးနေသော်လည်း လှုပ်ရှားဟန်က နှေးကွေးနေပြီ။ တစ်မြို့တစ်နယ်စီ ဝေးကွာနေရာမှ ပြန်လည်ဆုံစည်း ကြသည့်အတွက် စကားတွေပြော၍ မကုန်အောင် ရှိနေကြသည်။ တစ်ခန်းလုံးသည် စကားသံများဖြင့် ပြည့်လျှံနေသည်။ အချို့ကလည်း တစ်ဦးကိုတစ်ဦး မှတ်မိအောင် ကြိုးစားနေကြသည်။ မှတ်မိသွားကြသောအခါတွင် အားရဝမ်းသာနှင့် အမည်ကို အော်ခေါ်လိုက်ကြသည်။ အချို့ကလည်း အားပါးတရဖက်ရင်း နှုတ်ဆက်ကြသည်။

ကန်တော့ခံမည့်ဆရာကြီး၊ ဆရာမကြီးများကို ကျွန်မတို့ကျောင်းသူလေး များက ဆီးကြိုပေးကြရပါသည်။ ကန်တော့ကြမည့် တပည့်များကလည်း ကြိုဆိုကြ ပါသည်။ အသက် ၆ဝမှ ၉ဝနီးပါး အရွယ်အထိ ပါဝင်ကြပါသည်။ အသက်၆ဝကျော်

အငြိမ်းစားယူကာစ ဆရာကြီး၊ ဆရာမကြီးများမှာ သန်သန်မာမာ ရှိကြသေးသည်။ လှုပ်ရှားဟန်မြန်၍ စကားသံများ မာကြသေးသည်။ တပည့်တွေနှင့်လည်း နွေးနွေးထွေးထွေးရှိကြသေးသည်။ အသက် ၇၀ ကျော် ဆရာကြီးဆရာမကြီးများမှာမူ အသွားအလာ နှေးကွေးနေကြပြီ။ အဖေးအမလည်း လိုအပ်နေကြပြီ။ အသက် ၈၀ ကျော် ဆရာကြီးများမှာ ပို၍အတွဲလိုပါသည်။ အချို့ဆရာကြီး ဆရာမကြီးများမှာ အလွန်ပင် အင်အားချည့်နဲ့နေကြသည်။ အားတင်း၍ လျှောက်လှမ်းနေကြရသည်။ ဆရာကြီးတစ်ယောက်မှာမူ ဘီးတပ်ကုလားထိုင်ဖြင့်လာပါသည်။ ဆရာကြီး ဆရာမကြီးများမှာ အင်အားချည့်နဲ့ နေသော်လည်း အပြုံးမချည့်နဲ့ပါ။ အပြုံးများမှာဝေဖြာပြီး မျက်လုံးများမှာ ဖိတ်ဖိတ် တောက်နေကြပါသည်။

ဆရာဆရာမကြီးများကို တပည့်များကချဉ်းကပ်၍ နှုတ်ခွန်းဆက်သ ကြပါသည်။ ဆရာ ဆရာမကြီးများသည် တပည့်များကိုမှတ်မိကြသည်မှာ အံ့သြလောက်ပါသည်။ အချို့တပည့်ကြီးများက ဆရာ၏ခြေကို ဦးခေါင်းဖြင့်ထိတိုက်၍ ကန်တော့နေပါသည်။ ဆရာကြီး၊ ဆရာမကြီးများက တပည့်များ၏ အလုပ်အကိုင်ကို မေးသည်။ အုပ်ချုပ်ရေးအရာရှိ၊ ဆရာ၊ ကုန်သည်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ အနုပညာသည် စသည်ဖြင့် တပည့်များ၏ အလုပ်အကိုင်များမှာ စုံလှပါသည်။ တပည့်တို့၏ဘဝကို သိလိုက်ရဆိုင်း ဆရာကြီး ဆရာမကြီးများ ပြုံးကြသည်။ အပြုံးများက ဇရာအိုအရွယ်နှင့်မလိုက်အောင် ရွှန်းလက်တောက်ပနေပါသည်။ တပည့်ကြီးများကလည်း မိမိတို့အသက်အရွယ် ရာထူးများကို မေ့ကုန်ကြသည်။ ကျောင်းသားအရွယ် ကလေးငယ်များပမာ ဆရာတို့ခြေရင်းတွင် ဝပ်စင်းနေကြသည်။ ထိုမြင်ကွင်းမှာ မြင်ရသူတို့အား မျက်ရည်ကျလုလု၊ ကြည်နူးမှု ဖြစ်စေပါသည်။

ဆရာကြီး၊ ဆရာမကြီးများစုံသောအခါ အခမ်းအနားမှူးက အစီအစဉ်များ ကြေညာပါသည်။ ကျောင်းသူလေးတစ်ဦးက မြတ်ဆရာတို့ကျေးဇူးကို ဖွဲ့သီထားသည့် တေးထပ်ကိုဆို၍ အခမ်းအနားကိုဖွင့်လှစ်ပါသည်။ တပည့်တစ်ဦးက ကန်တော့ကြိုးကိုတိုင်ပေးပြီး တပည့်အားလုံးက လိုက်ဆိုကာ အာစရိယဆရာများကို ရိုသေစွာ ပူဇော်ကန်တော့ကြပါသည်။ လက်ဆယ်ဖြာအုပ်မိုး၍ ကျေးဇူးရှင်ဆရာများကို ကန်တော့ပြီးနောက် တပည့်တစ်ဦးက မြတ်ဆရာသီချင်းနှင့် ပူဇော်ပါသည်။ ကန်တော့သည့် ငွေသားနှင့် ကန်တော့ပစ္စည်းများထည့်ထားသော အိတ်များကို တပည့်များက လိုက်၍ပေးကြပါသည်။ ဦးချကန်တော့ကြပါသည်။ ဆရာများကလည်း

ဆုပေးကြပါသည်။ ထို့နောက် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားပါသည်။ တပည့်များထဲမှာ ဆရာကန်တော့ပွဲရန်ပုံငွေအဖြစ် လှူဒါန်းငွေများကို ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီနှင့် ဘဏ္ဍာရေးမှူးက လက်ခံရယူပါသည်။ ကန်တော့ခံဆရာကြီးတစ်ဦးက ဩဝါဒဆုံးမစကား ပြောကြားပေးပါရန် ပန်ကြားပါသည်။ ဆရာကြီးသည် တစ်ခေါင်းလုံး ဖွေးဖွေးဖြူနေပါသည်။ ကျောင်းသားလေးတစ်ဦးက တွဲခေါ်လာပေးပါသည်။ ဆရာကြီးမှာ ပိန်လှီန်းလှပါသည်။ စကားပြောနိုင်သည့် အင်အားမှ ရှိပါ့မလားဟုတွေးမိပါသည်။ ဆရာကြီး၏ မင်္ဂလာပါတပည့်တို့ဆိုသည့် အသံသည် ခန်းမကြီးတစ်ခုလုံးကို လွှမ်းသွားပါသည်။ ဩဝါဒစကားများမှာလည်း အလွန်မှတ်သားစရာ၊ နာယူချင်စရာ ကောင်းလှပါသည်။ ဆရာကြီးသည် ပုံပြင်သာဓကများ၊ အဆိုအမိန့်များကို ကိုးကား၍ တစ်နာရီကြာ ဆုံးမဩဝါဒပေးသွားပါသည်။ တပည့်အားလုံးသည် ခေါင်းဖြူ၍ ဗိုက်ရွှဲနေကြသော်လည်း မူကြိုတန်းကလေးများပမာ ဆရာကြီးမျက်နှာကို ငေးမောကြည့်လျက် ငြိမ်သက်စွာ နားထောင်နေကြပါသည်။ ဆရာကြီး၏ စကားပြီးဆုံးသွားသောခါ လက်ခုပ်သံများကို ကျယ်လောင်စွာကြားလိုက်ရပါသည်။ အသံမာသော ဆရာကြီးသည် ဖြည်းဖြည်းချင်း လျှောက်လှမ်းလျက် သူ့နေရာသို့ ပြန်လျှောက်လာနေပါသည်။

တပည့်ကျောင်းသားများကိုယ်စား တပည့်တစ်ဦးက ဆရာများ၏ကျေးဇူးတရားအကြောင်းကို ပြန်လည်တုံ့ပြန် ပြောဆိုပါသည်။ တပည့်ကလည်း ဆရာ့လိုပင်ခေါင်းဖြူနေပါသည်။ လမ်းလျှောက်လာပုံကလည်း ဆရာနှင့်မခြား၊ ချည့်ချည့်နဲ့နဲ့နေးနေးကွေးကွေးရှိလှသည်။ ဆရာ့ကျေးဇူးသိတတ်သည့် ပြယုဂ်ဖြစ်သော ဆရာကန်တော့ပွဲများကို မြန်မာနိုင်ငံသာ တွေ့နိုင်သည်။ ကျေးဇူးဆပ်ခွင့်ရခြင်းအတွက် ဝမ်းမြောက်လှကြောင်းပြောကြားသည်။ အဆုံးသတ်တွင် "ပင်လယ် သမုဒ္ဒရာကဲ့သို့ တပည့်များအပေါ် အကောင်းအဆိုးမရွေး လက်ခံပေးတတ်သော ဆရာများကို အမြဲကျေးဇူးတင်လျက်ရှိပါသည်။ ဆရာများသည် "ပင်လယ်သမုဒ္ဒရာပင် မနှိုင်းသာ တုမရှိသော လောက၏ သမုဒယသခင်၊ ကျေးဇူးရှင်များဖြစ်ကြောင်း" ပြောဆိုခဲ့ပါသည်။ အပြောကောင်းလွန်းသည့် တပည့်သည် ဆရာကောင်းတပည့် ပီသလှပါသည်။

အခမ်းအနားပြီးဆုံးသောအခါ အကျွေးအမွေးဖြင့် ဧည့်ခံပါသည်။ ဆရာများကို ကျွေးမွေးဧည့်ခံရင်း စကားတပြောပြောရှိနေကြသည်။ အချိန်ကာလတွေ

မည်မျှပင်တိုက်စားပါစေ။ ဘဝတွေမည်သို့ပင် ခြားနားပါစေ၊ ကျောင်းသားအရွယ် ငယ်ကတည်းက သံယောဇဉ်နှောင်ဖွဲ့ခဲ့ကြသော ဆရာနှင့်တပည့်တို့၏ ခိုင်မြဲသော မေတ္တာတရားသည် မှေးမှိန်ကွယ်ပျောက်မည်မဟုတ်ပါပေ။ ဘဝအခြေအနေအရ ဝေးကွာခဲ့ရသော ဆရာတပည့်တို့ ပြန်လည်ဆုံစည်းကြရသော အာစရိယပူဇော်ပွဲသည် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံလှသည့် မြင်ကွင်းဖြစ်ပါသည်။ ဆရာကန်တော့ပွဲနေ့က ဆရာများ၏အပြုံးနှင့် တပည့်များ၏အပျော်များသည် မြင်ရသူတိုင်း၏နှလုံးသားတွင် စွဲတင်ကျန်ရစ်စေမည့် မြင်ကွင်းများပင် ဖြစ်ပါတော့သည်။ ။

ဆောင်းရာသီအလှ

- တစ်ဆောင်းသစ်လာပုံ
- ဆောင်းရာသီမြင်ကွင်းစုံစုံ
- ကုသိုလ်ရေးပြုကြပုံများ
- ဆောင်းအလှဖွဲ့ ကဗျာအလှ စာအလှများ
- ကျင်းပသောပွဲတော်များ

## ဆောင်းရာသီအလှ

အငိုသန်သောကလေးငယ်၏ မျက်ရည်များပမာ မိုးသံလေသံ ဆူဆူညံညံနှင့် ရွာသွန်းချတတ်သည့်မိုးသည် အငိုတိတ်လေပြီ။ မိုးရာသီတစ်လျှောက်လုံး လွှမ်းမိုးထားသော တိမ်ညိုတိမ်မည်းတို့နေရာတွင် ပြာလွင်သော ကောင်းကင်ကြည်ကြည်ကို မြင်ရသည်။ ကန်ရေပြင်၌ စိမ်းညိုသောရေတို့ပြည့်လျက် ကြာပန်းဖြူဖြူတို့က မိုးနှောင်းပန်းအဖြစ် ပွင့်နေကြသည်။ ကြာပန်းနံ့သင်းသော လေညင်းနှင့်အတူ ကြာပွင့်များသည် ဘယ်ညာယိမ်းနွဲ့နေသည်။ မိုးသံတိတ်သည်နှင့် နှင်းဖွဲဖွဲတို့သည် ကမ္ဘာမြေပြင်ပေါ်သို့ တိုးတိတ်ညင်သာစွာ ချတ်နင်းဝင်ရောက်လာကြသည်။ မိုးရေကို တမ်းတနေသော သစ်ရွက်များနှင့်ပန်းများကို နှင်းရည်စက်များ တိုက်ကျွေးနေကြသည်။ မိုးရေစက်များနှင့် စိမ်းစိုလန်းဆန်းနေခဲ့သော သစ်ရွက်များသည် နှင်းပွင့်နှင်းစက်များနှင့်အတူ စိမ်းစိုလန်းဆန်းကြပေတော့မည်။ တစ်မိုးပြေး၍ တစ်ဆောင်းဖွေးခဲ့ပြန်ပါပြီ။

ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းသည် မိုးတစ်ဝက်၊ ဆောင်းတစ်ဝက် ရောနေသောကြောင့် မိုး၏အငွေ့အသက်ကို ခံစားရဆဲဖြစ်သကဲ့သို့ ဆောင်း၏အငွေ့အသက်ကိုလည်း ထိတွေ့ခွင့်ရပေပြီ။ ဆောင်းဦးကာလဖြစ်၍ သီတင်းကျွတ်လထက်ပို၍ ကောင်းကင်သည် မြူတိမ်ကင်းစင်နေသည်။ တိမ်ပြာသောနေ့များ၏အလှကို ခံစားနိုင်သည်။ လပြည့်ညများတွင် ကြည်လင်သောကောင်းကင်၌ စန္ဒာလမင်းသည် ငွေကြယ်ပွင့်ကလေးများနှင့်အတူ ရှုန်းရှုန်းမြနေသည်။ ငွေလရောင်များသည် တန်ဆောင်မုန်းလရာသီ၏ ရာသီပန်းဖြစ်သော ရွှေဝါရောင်ခဝဲပန်းများနှင့် မဲဇလီပွင့်

များပေါ်သို့ ဖြန့်လွှမ်းထားသည်။ တသုန်သုန်ဆော်သွင်း တိုက်ခတ်စပြုလာသော မြောက်ပြန်လေကြောင့် အနွေးထည်၊ ခြုံစောင်လွှမ်းကြရပေပြီ။ ခေါင်းစွပ်ဦးထုပ် ကလေးများနှင့် ကလေးများကို တွေ့ရသကဲ့သို့ အဘိုးအဘွားများကိုလည်း ခေါင်းစွပ် ဦးထုပ်၊ လည်ပတ်ကိုယ်စီ၊ အနွေးထည်ထူထူများနှင့် မြင်တွေ့ကြရသည်။ အမျိုး သမီးများ၊ လုံမပျိုများသည် အဆင်စုံ၊ အသွေးစုံ၊ ပုံစံမျိုးစုံသွင်းထားသော နွေးထွေး သော ဆောင်းရာသီဖက်ရှင်များကို ဆင်ယင်ထားကြသည်။ ဆောင်းဝတ်စုံများကြောင့် ဆောင်းရာသီ၏ အသွေးအရောင်၊ အမြင်ရှုခင်းတို့သည် သစ်ဆန်းနေသည်။

နေအိမ်များ၊ သစ်ပင်ပန်းမန်များသည် နှင်းဇာပဝါ ခြုံထားကြသည်။ တန်ဆောင်မုန်းလပြည့်ညတွင် မြန်မာပြည်၏ နေရာအနှံ့၌ ဆီမီးများထွန်းညှိကြ သည်။ ရှေးအခါက တန်ဆောင်းမုန်းလ၏ နက္ခတ်ဖြစ်သော ကြတ္တိကာနက္ခတ်ကို ဆီမီးပူဇော်ခြင်းဖြစ်သည်။ ဗုဒ္ဓသာသနာထွန်းကားချိန်တွင်မူ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီကိုရည်စူး၍ ဆီမီးထွန်းညှိ ပူဇော်ခြင်းဖြစ်သည်။ တာဝတိံသာရှိ စူဠာမဏိစေတီကိုရည်ညွှန်း၍ မီးပူဇော်ခြင်းဖြစ်၍ ရှေးအခါက မြင့်မားသော တိုင်ပေါ်တွင် ဆီမီးထွန်းလေ့ရှိသည်။ ယနေ့ခေတ်၌လည်း တန်ဆောင်မုန်းလတွင် မီးပုံးရောင်စုံများ၊ ဆီးမီးခွက်များ၊ ဖယောင်းတိုင်များ၊ လျှပ်စစ်ရောင်စုံ မီးလုံး မီးပွင့်များနှင့် နေအိမ်အဆောက်အအုံများကို အလှဆင်တတ်ကြသည်။ ကောင်းကင်၌ စန်းငွေလက ထိန်ထိန်သာနေသည်။ လောကမြေပြင်၌ မီးရောင်စုံများနှင့် လင်းလက် ရွှန်းဖြာနေသည်။ ဆောင်းဦးလ၏ညများသည် နှင်းမှုန်များကို ထွင်းဖောက်၍ မီးရောင်စုံအခင်းအကျင်းနှင့် လှချင်တိုင်းလှနေသည်။

ငွေလရောင်အောက်တွင် လူငယ်များစု၍ မဲဇလီဖူးများကိုခူးကြသည်။ မဲဇလီဖူးသုပ်ကို ပန်းကန်ပြားများတွင်ထည့်၍ ပျော်ပျော်ပါးပါး စားသောက်ကြသည်။ တေးသီချင်းများဆိုကြသည်။ တန်ဆောင်မုန်းလပြည့်ညတွင် ဆေးပင်စောင့်နတ်များ သည် မဲဇလီပင်စောင့်နတ်ထံ လာရောက် စုဝေးခစားကြသည့်အတွက် တန်ဆောင်မုန်း လပြည့်ညကို ဆေးပေါင်းခသည့်လဟု ယုံကြည်ကြသည်။ "မြိုင်မြိုင်ဆိုင်ဆိုင်၊ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်၊ ကထိန်ပွဲနဲ့ပါတဲ့ လတန်ဆောင်တိုင်"ဆိုသည့် လွတ်လပ်ရေးခေတ်က သီချင်းသံကိုလည်း ညများတွင် ကြားနေရတတ်သည်။ ရပ်ကွက်အလိုက်၊ ရုံးဌာနများ၊ ကျောင်းများ အလိုက် ကထိန်ပွဲများကျင်းပကြ သည်။ ပစ္စည်းမျိုးစုံချိတ်ဆွဲဆင်ယင်ထားသော ပဒေသာပင်များကို ထမ်းပိုး၍

အိုးစည်ဒိုးပတ်ဝိုင်းများနှင့် ဘုန်းကြီးကျောင်းဆီသို့ သယ်ဆောင်သွားသည့် ရှုခင်းကလည်း ကြည်နူးစရာပင်ဖြစ်သည်။ "ဦးရွှေရိုးနှင့် ဒေါ်မိုး"အကသည်လည်း ရှုခင်းတွင်ပါဝင်သည်။ ရွှေတိဂုံစေတီတော်တွင် ကျင်းပသည့် မသိုးသင်္ကန်းကပ်ပွဲမှာလည်း စည်ကားလှပါသည်။ မြန်မာတို့သည် ဆောင်းဦးကို ပျော်ရွှင်စွာကြိုဆိုရင်း အလှူဒါနပြုကြသည်။ သဒ္ဓါတရား အလှကိုလည်း တွေ့နိုင်သည်။

နံနက်ခင်း၏နေရောင်ကိုပင် မမြင်သာအောင် ဆီးနှင်းတို့ပိတ်ဖုံးလွှမ်းခြုံထားသည့် ဆောင်းအလယ် လနတ်တော်၊ ပြာသို၏အလှမှာလည်း ကြည်နူးဖွယ်ဖြစ်သည်။ တောမြိုင်တစ်ခွင်တွင် နတ်ပန်းသဇင်တို့ ပွင့်ကြလေပြီ။ တသုန်သုန်ဆော်မြူးတိုက်ခတ်နေသော မြောက်ပြန်လေနှင့်အတူ သဇင်ပန်းရနံ့ခိုတွဲလိုက်ပါလာသည်။ ဝန်ကြီးပဒေသရာဇာကမူ နတ်တော်လ ဘွဲ့အဲချင်းတွင် "နှင်းစီစီချမ်းမြလေ၊ မိုင်းဝေရီရီ၊ မိဂသီနှင့်၊ တိမ်ဆီမိုးလ၊ ရွှန်းရွှန်းပလျှက်၊ မွှေးပျံ့ကြည်လင်၊ နန်းလုံးရွှင်လျှင်၊ သဇင်ကြိုင်မွှန်း"ဟု ဖွဲ့ဆိုခဲ့ပါသည်။ နှင်းရည်သောက်သုံး၍ ဆောင်းပန်းရောင်စုံတို့ပွင့်ကြသည်။ ဆောင်းပန်းခွာညိုတို့သည် လပြာသိုတွင် နှင်းရိပ်ခို၍လန်းဆန်းနေသည်။ နွေအပူရိပ်မသန်းသေး၍ တောတောင်တစ်ခွင်သည် စိမ်းညို့ရောင်မှိုင်းလျက် လှချင်တိုင်းလှနေသည်။ သဘာဝ၏ နောက်ခံအောက်တွင် ပုလုကွေးလေး ကျေးငှက်လေးများသည် အရွယ်မတိုင်မီဥ္စပင် ချစ်ပွဲဆင်နေကြသည်။ တောတောင်နှင့် ကျေးငှက်တို့၏အလှကို စာဆိုမယ်ခွေကနတ်တော်လဘွဲ့အဲချင်းတွင် –

"တောင်လည်းသာမော
တောလည်းဖျိုနု မြအထုမှ
ပုလုကွေးလေး ငှက်တစ်ဆေးလည်း
ချစ်ရေးကြင်လို့"ဟု ဖွဲ့သီခဲ့ပါသည်။

နံနက်ခင်းဈေးများတွင် ဆောင်းသီးနှံတို့ လှိုင်နေပါသည်။ ဂေါ်ဖီထုပ်နှင့် ဂေါ်ဖီပန်းပွင့်များသည် အိမ်ရှင်မတို့အား ကြိုဆိုနေသည်။ မုန်လာဥတွဲများ၊ မုန်ညင်းရွက်စိမ်းစိမ်းများ၊ ဆလတ်ရွက် လတ်လတ်ဆတ်ဆတ်များသည်လည်း ဆောင်းရာသီ သီးနှံပြပွဲပမာ အားရစရာကောင်းလှသည်။ မေမြို့ပန်းရောင်စုံများဖြင့် မြန်မာ့ရုံးစင်များသည် တင့်တယ်ပေတော့မည်။ သစ္စာပန်းရောင်စုံများကလည်း တစ်မျိုးလှသည်။ ရာသီစာသီးနှံများ၊ ပန်းရောင်စုံများက လှပ ပေါများလှသည်။

အိမ်ရှင်မများ ဈေးသည်များ၊ အလုပ်သွားသူများအဖို့ အချမ်းဒဏ်ကိုခံစားကြရသည်။ မြောက်ပြန်လေက အသည်းကြွေလုမတတ် အေးသည်။ အအေးဒဏ်ကိုမမှုသည့် ငှက်ကလေးများကမူ ဟိုသည်သည်ပင် ခုန်ပျံကူးသန်းလျက် ပန်းဝတ်မှုန်တို့ကို ဆွတ်ခြွေစားသုံးနေကြသည်။ ဆောင်းရာသီ၏အချမ်းနှင့် ကျေးငှက်တို့၏သဘာဝ အလှကို စာဆိုမယ်ခွေက ပြာသိုလဘွဲ့အဲချင်းတွင်-

"အသည်းဆွတ်ကြွေ ချမ်းလေပြေနှင့်

တောခြေတောင်ယံ ငှက်ပေါင်းပျံလို့

ဝတ်ဆံယော်ချူသည် မီးပူပူကင်မဝသည့် လပြာသိုဆောင်း" ဟု ဖွဲ့ဆိုခဲ့ပါသည်။

အချမ်းလည်းရှင့်၊ ဆီးနှင်းလည်းဆင့်သည် ဆောင်း၏ အလယ်လဖြစ်သည့် တပို့တွဲလတွင် ပတ်ဝန်းကျင်တစ်ခွင်လုံးသည် မှိုင်းပြာမှုန်ရီနေသည်။ မျှော်ရှုလေ တိုင်းမှာ နှင်းဇာပဝါ လွှမ်းဖြန့်ထားသည်။ စိမ်းသောမြေက်ခင်းများပင် ဖြူဖွေးသော ငွေဖြူရောင်မြက်ခင်းများဟု ထင်ရလောက်အောင် နှင်းပွင့်များက ဖုံးလွှမ်းထားသည်။ သစ်ပင်၊ ပန်းပွင့်၊ သစ်ကိုင်း အိမ်ခေါင်းမိုး နေရာလပ်မကျန် နှင်းအာဏာ လွှမ်းထားသည်။ တပို့တွဲတွင် ဆီးနှင်းရည်ရွှန်းသကဲ့သို့ နှင်းပေါက်ကျသံများကိုလည်း ကြားနေရသည်။ ထိုအချမ်းကိုမမှုနိုင်သော ထန်းတက်သမားတို့သည် ထန်းရည်နှင်းကြရပေသည်။ နှင်းငွေ့ကိုလုံ၍ တမာရွက်နုများ ထွက်လာသည်။ ကျေးများဥကြသည်။ အဖြူရောင်နှင်းပွင့်များကိုတော်လှန်၍ ပေါက်ပန်း လဲပန်းတို့သည် ရဲရဲနီသော အသွေးဖြင့် ဖူးပွင့်လာကြသည်။ တစ်တောင်လုံးဝင်း၍ တစ်တောင်လုံးလင်းခဲ့ပေပြီ။

တပို့တွဲလသည် အေးလွန်းသည့်တွက် ဗုဒ္ဓဘုရားရှင်ပင် လက်တော် ကင်ရသည်ဟု ဆိုကြပါသည်။ တပို့တွဲလတွင် ဘုရားရှင်အား နံ့သာတုံးများကိုရှို့၍ မီးပူဇော်ကြသည့်ပွဲကို ရှေးမြန်မာတို့ ကျင်းပခဲ့ပါသည်။ မီးဖုံးပွဲဟု ခေါ်ပါသည်။ မြန်မာတို့သည် အေးလွန်းသောဆောင်း၏ သဘာဝကိုပင် ကုသိုလ်ရေးဖြင့် အလှဆင်ခဲ့ကြပါသည်။ တပို့တွဲလ၏ ထမနဲပွဲတော်မှာလည်း ဆောင်းရာသီ၏အအေးဓာတ်ကို အနွေးဓာတ်ဖြင့် ခုခံကာကွယ်ရန်နှင့် ပျော်ရွှင်စွာကုသိုလ်ဒါနပြုရန် ကျင်းပသော ပွဲတော်ဖြစ်ပါသည်။ ကောက်ညှင်း၊ ဆီ၊ မြေပဲ၊ အုန်းသီး၊ ချင်း ဆိုသည့် အပူဓာတ်ရှိသည့် အစာများကိုပေါင်းစည်းပြီး အင်အားစိုက်ထုတ်၍ ပျော့ပျောင်းစေးကပ်လာသည်အထိ ထိုးကြရသည်။ ထမနဲပွဲတွင် ယောက်ျားရော မိန်းမများပါ

ပါဝင်ဆင်နွှဲကြသည်။ ယောကျာ်းများက အင်အားသုံး၍ ယောက်မကြီးများဖြင့် ထိုးမွှေကြရသည်။ ထမနဲထိုး၍ မိတ်ဆွေများကို ဖိတ်ခေါ်ကျွေးလေ့ရှိသည်။ ထမနဲထုပ်များကိုလည်း ကမ်းလေ့ရှိသည်။ ထမနဲအိုးကျက်သည်နှင့် ဘုရားနှင့်သံဃာတော်များအား ကပ်လှူခြင်းဖြင့် ကုသိုလ်ယူကြသည်။ အသင်းလိုက် အဖွဲ့လိုက် ထမနဲထိုးပြိုင်ပွဲများကို ကျင်းပရာတွင် အိုးစည်၊ ဒိုးပတ်ဝိုင်းများနှင့် တီးမှုတ်ကာအားပေးသူက အားပေးကြသည်။ ခွန်အားစိုက်ထုတ်သူများက အင်နှင့်အားနှင့် ထိုးမွှေကြသည်။ အမျိုးသမီးများက အသင်းလိုက် လက်ခုပ်များတီးကာ အော်ဟစ်အားပေးကြသည်။ ထမနဲပွဲ၏ရှုခင်းသည် မြန်မာ့မြေ၏ဆောင်း အလှတစ်ပါးပင်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်သူ၊ အားပေးသူ၊ အလှူပြုသူနှင့် ထမနဲလက်ဆောင်ရသူများအားလုံး ပျော်ကြရသည်။ ဆောင်းနှင်းမှုန်များကြားမှ ညီညွတ်ရေးနှင့် သဒ္ဓါတရား အလှများကို ရှုမြင်နိုင်သည်။ ကိုယ်တိုင်ပါဝင် ခံစားနိုင်ပေသည်။

ဆောင်းလရာသီ၏အလှသည် သွေ့ခြောက်သောအလှဖြစ်သည်။ အေးမြသောအလှဖြစ်သည်။ သဇင်နံ့၊ ဆောင်တော်ကူးပန်းနံ့၊ ခွာညိုနံ့တို့ သင်းမွှန်နေသည့် မွှေးမြုံ့သော ရာသီလည်းဖြစ်သည်။ ရှမ်းတောင်တန်း၊ ချင်းတောင်တန်းတို့တွင် ချယ်ရီတို့ ပွင့်၍ ထာဝရမြူးဆိုင်းနေသောရာသီဖြစ်သည်။ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်များဖြင့် စည်ကားမြိုင်ဆိုင်လှသည်။ ကောက်သစ်ပွဲတော်၊ ထမနဲပွဲတော်တို့ဖြင့် ပျော်မွေ့စရာကောင်းသည် ကထိန်ပွဲတော်ဖြင့် သဘာဝအလှူပဒေသာ၊ ပေပေဖြာသော ရာသီလည်းဖြစ်သည်။ ဆောင်းရာသီ၏သဘာဝ အဖြူရောင်အလှတွင် မြန်မာတို့သည် သဒ္ဓါတရားအလှဖြင့် ပေါင်းစည်းကာ ဆောင်း၏အလှကို မို၍ မွေ့ပျော်စရာ ဖန်တီးနိုင်စွမ်းကြပါပေသည်။ ။

လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်

- ❑ လူငယ်နှင့်မျိုးချစ်စိတ်ယှဉ်တွဲနေသင့်ပုံ။
- ❑ ကျောင်းသားလူငယ်တို့မျိုးချစ်စိတ်ထက်သန်ကြပုံ။
- ❑ စာပေအနုပညာများကလည်း လှုံ့ဆော်ပေးပုံ။
- ❑ မြန်မာ့မျိုးချစ်လူငယ်တို့ စွမ်းဆောင်ခဲ့သောကဏ္ဍ။
- ❑ မျိုးချစ်လူငယ်တို့ကြောင့် အမျိုးသားစည်းလုံးမှု တည်ဆောက်နိုင်ပြီး မြန်မာ့ လွတ်လပ်ရေးအသီးအပွင့်ခံစားကြရပုံ။

## လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်

လူငယ်တို့သည် နုနယ်ပျိုမျစ်သည်။ ကျန်းမာကြံ့ခိုင်သန်စွမ်းသည်။ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝနိုင်ပါသည်။ ပညာလိုလျှင် ပညာရနိုင်သည်။ ဥစ္စာလိုလျှင် ဥစ္စာရနိုင်သည်။ ထိုကဲ့သို့သော ကျန်းမာကြံ့ခိုင်သည့် လူငယ်တို့၏ အင်အားဖြင့် နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ယူရမည်ဖြစ်ပါသည်။ လူငယ်တို့သည် ကိုယ်ကာယကျန်းမာကြံ့ခိုင်ရုံသာမက စိတ်ကောင်းစိတ်မြတ် ရှိရန်လည်း လိုအပ်ပါသည်။ မိမိကိုကျွေးမွေးစောင့်ရှောက်သော မိဘ၏ကျေးဇူးကို သိရပါမည်။ မိဘမောင်နှမများကို ချစ်ရပါမည်။ ထိုမှတစ်ဆင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်ရပါမည်။ နိုင်ငံနှင့်လူမျိုးကို အဖြူရောင်နှလုံးသားနှင့် နှစ်နှစ်ကာကာချစ်မှ မျိုးချစ်စိတ်ရှိသည်ဟု ဆိုရပါမည်။

မိမိလူမျိုးကို မိမိ၏မိသားစုပမာချစ်ခင်မှ တကယ်ချစ်သည် မည်ပါသည်။ တကယ်ချစ်မှ မျိုးချစ်စိတ် မည်ပါသည်။ မျိုးချစ်စိတ်ရှိသူသည် အများအကျိုးဆောင်သူဖြစ်၍ ပရဟိတစိတ်ရှိသူလည်းဖြစ်ပါသည်။ ပရဟိတစိတ်သည်လည်း မေတ္တာစိတ်ကို အခြေခံပါသည်။ မြန်မာတို့ စည်းကမ်းဖောက်လျှင် ထီးနန်းပျောက်ရသည့်ဘဝတွင် မျိုးချစ်လူငယ်တို့သည် ရွှံ့နွံထဲမှဖူးပွင့်လာသော ရွှေကြာပွင့်ပမာ ပေါ်ထွက်လာခဲ့ကြပါသည်။ မျိုးချစ်စိတ်ရွှေကြာပွင့်များ၏အလှသည် သူ့ကျွန်ဘဝဆိုသည့် နွံကို ကျော်ဖြတ်နိုင်ခဲ့ကြပါသည်။ ဗြိတိသျှနယ်ချဲ့တို့က မြန်မာတို့အား အဆင့်မြင့်ပညာသင်ခွင့်နည်းပါးစေရန် တက္ကသိုလ်ကောလိပ် ဥပဒေကို ပြင်ခဲ့ကြသည်။ မြန်မာတို့အသိစိတ်နိမ့်လေ နယ်ချဲ့တို့က စိုးမိုးအုပ်ချုပ်ရန် လွယ်ကူလေ

ဖြစ်ပါသည်။ မြန်မာ့လူငယ်တို့သည် အနာဂတ်ပညာရေးအတွက် ဘဝနှင့်ရင်း၍ ရဲရင့်စွာ သပိတ်မှောက် တိုက်ပွဲဝင်ခဲ့ကြသည်။ ကောလိပ်ကျောင်းသား လူငယ်များ၏ မျိုးချစ်စိတ်သည် သမိုင်းကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ပါသည်။

ထိုခေတ် ကောလိပ်ကျောင်းသားများ၏ဘဝတွင် ဘီအေအောင်ပြီးလျှင် လုပသောအနာဂတ်ရှိနေသည်။ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်ရာထူးများနှင့် အခွံအညား နေနိုင်သည်။ မိမိတို့အကျိုးကိုစွန့်၍ မြန်မာနိုင်ငံသားတို့ပညာရေး အခွင့်အလမ်း ပွင့်လန်းလာစေရန် ကောလိပ်ကျောင်းမှ ထွက်ခဲ့ကြသည်။ အမျိုးသားပညာဝန် ဦးဖိုးကျားသည် ၁၉၂၀ ကောလိပ် ကျောင်းသပိတ်ဖြစ်စဉ်က ဘီအေ အောက်တန်း တွင် ပညာသင်နေသည်။ ထိုသပိတ်ခေါင်းဆောင် (၁၁)ဦးတွင် ဦးဖိုးကျားပါဝင်သည့် သပိတ်ပြီးဆုံးသွားသောအခါတွင် အခြားသူများက ကောလိပ်ကျောင်းသို့ ဆက်တက် ကြသည်။ ဘွဲ့ရပြီးနောက် မြို့ပိုင်၊ နယ်ပိုင်များ ဖြစ်လာကြသည်။ သပိတ်အပြီးတွင် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည်။ ဦးဖိုးကျားသည် အမျိုးသားကျောင်း များ၏ ပညာဝန်ဖြစ်လာသည်။ ကောလိပ်ပညာကိုဆက်၍မတက်တော့ဘဲ အမျိုးသား ရေးကို ဦးစားပေးခဲ့သည်။ အမျိုးသားပညာဝန်အနေနှင့် အခွင့်အရေးများစွာ မရ သော်လည်း မြန်မာအမျိုးသားတို့ ပညာရေးအတွက် ကြီးမားသောတာဝန်ကို သယ်ဆောင်ခဲ့သည်။ ကိုယ်တွေ့ဝတ္ထုများဖြင့်လည်း လူငယ်များလိမ္မာယဉ်ကျေး၍ အတွေးအသိမှန်အောင် လမ်းပြပေးခဲ့သည့် မျိုးချစ်ပုဂ္ဂိုလ် ဖြစ်ပါသည်။

လူငယ်များတွင် မျိုးချစ်စိတ်ကိန်းအောင်းလာစေရန် မိဘဆရာသမားများက ဆုံးမပေးရမည်။ သမိုင်းဆရာများက မြန်မာ့သမိုင်းကို အလေးအနက်ထားလာ အောင် ပြောပြရမည်။ ပုဂံခေတ်တွင် ကျန်စစ်သားမင်းကြီးသည် တိုင်းတစ်ပါးသား ပဋိက္ကရားမင်းသားနှင့် သမီးတော်ရွှေအိမ်စည်၏ ချစ်ခြင်းကို ခွင့်မပြုခဲ့ဘဲ မွန်သွေး ပါသော စောလူးမင်း၏သား စောယွမ်းနှင့်ထိမ်းမြားပေးခဲ့သည်။ လူငယ်များအနေ နှင့် အမျိုးကိုစောင့်စည်းခြင်းဖြစ်သည်လည်း မျိုးချစ်စိတ်ရှိခြင်းပင်ဖြစ်ပါသည်။ ခေတ်အဆက်ဆက် မြန်မာတို့၏ ရဲစွမ်းသတ္တိ၊ သူ့ကျွန်မခံဇာတိမာန်၊ ဘုန်းတန်ခိုး တောက်ပခဲ့ပုံတို့ကို မိဘဆရာသမားများက ပြောဟောပြရမည်။ စာပေအနုပညာရှင်၊ ဂီတစာဆိုတို့ကလည်း လူငယ်များ၏ နှလုံးသား၌ မျိုးချစ်စိတ် အသိတရားများ စွဲမြဲနေရန်နှင့် မျိုးချစ်စိတ်တေးသံသာများ ရိုက်ခတ်ပျံ့လွင့်နေစေရန် စာပေများရေးဖွဲ့ ကြရမည်တော့ သီချင်းများသီကုံးကြရပါမည်။

တိုလိုနီခေတ်တွင် ဝိုင်အမ်ဘီအေ သခင်တင်က "ကမ္ဘာမကြေ၊ ဗမာတစ်တွေ၊ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါငါတို့ပြည်၊ တို့ဗမာ တို့ဗမာပြည်ကို၊ တိုင်းရင်းသား အကုန်အစင်၊ တို့ပြည်လို့မှတ်ထင်၊ တို့ဝတ္တရားပင်၊ တို့ဗမာသခင်" စသည့် စာသား များ ပါဝင်သော တို့ဗမာသီချင်းကို ရေးဖွဲ့ခဲ့သည်။ မြန်မာလူငယ်တို့၏ စိတ်ကို တေးဂီတအနုပညာဖြင့် မြှင့်တင်ပေးခဲ့သည်။ စာဆိုရွှေတိုင်ညွန့်၏ "ဒါတို့တိုင်း တို့ပြည်၊ တို့ဗမာပြည်၊ မြင့်မြတ်တဲ့ဂုဏ်ကျက်သရေ ကျုပ်တို့ရဲ့ ရွှေထီးရွှေနန်း တင့်ဆန်းနေ" ဆိုသည့် ဓာတ်မာန်သီချင်းမှာလည်း လူငယ်တို့၏မျိုးချစ်စိတ်ကို ဟုန်းခနဲထ၍ တောက်လောင်လာစေပါသည်။ "အာဇာနည် ဗုဒ္ဓဘာသာ အမျိုးသား တိုင်းပြည်"ဟူသော စာသားကလည်း လူငယ်တို့၏ရင်၌ ဓာတ်မာန် အညွှန့်အခက် တို့ လွှန့်တက်လာစေပါသည်။

မလွတ်လပ်သောဘဝတွင် လွတ်လပ်ရေးကိုရှာဖွေရပါသည်။ လွတ်လပ်ရေး အတွက် တိုက်ခိုက်ရပါသည်။ လူငယ်များ၌ မျိုးချစ်စိတ်ရှိမှသာ လွတ်လပ်ရေး တိုက်ပွဲဝင်မည်ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် အမျိုးသားကျောင်းထွက် ဘွဲ့ရတစ်ဦး ဖြစ်ပါသည်။ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် ဖြစ်နိုင်ပါသည်။ သို့ရာတွင် ကျောင်းဆရာ ဘဝ၊ စာရေးဆရာဘဝ၊ စာကြည့်တိုက်မှူးဘဝ၌ မွေ့ပျော်ခဲ့သည်။ မျိုးချစ်စိတ်ကို ရင်မှာပိုက်၍ လူငယ်များ၏နှလုံးအိမ်၌ မျိုးချစ်စိတ်အလှပန်းများ ပွင့်လန်းလာစေသည်။ မိမိအသက်ရှင်စဉ်တွင် မိမိသေသွားသည့်တိုင် ကောင်းကျိုး ဖြစ်ထွန်းကျန်ရစ်အောင် ဆောင်ရွက်သင့်ပုံကို "သင်သေသွားသော် သင်ဖွားသော မြေ၊ သင်တို့မြေသည်၊ အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။ သင်၏မျိုးသား၊ စာစကားလည်း ကြီးပွား တက်မြင့် ကျန်ကောင်းသင့်၏" ဟု သင်သေသွားသော်တွင် ရေးဖွဲ့တင်ပြခဲ့သည်။

မျိုးချစ်စာရေးဆရာများသည် တာဝန်ကျေခဲ့ကြပါသည်။ လူငယ်များစိတ်ကို အနုပညာဖြင့် စည်းရုံးဆွဲဆောင်နိုင်ခဲ့ကြသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် လေးချိုးကြီးများဖြင့် အတိတ်ခေတ်မြန်မာတို့ ဘုန်းမီးနေလတောက်ပခဲ့ဟန်ကို ပြန်ပြောင်း ပြောပြခဲ့သည်။ ၁၉၂၀ ကောလိပ်ကျောင်းသပိတ်တွင် စာရေးဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မျိုးချစ်ကျောင်းသားတို့ဘက်က မိမိရှိနေကြောင်းကို အသိပေးခဲ့သည်။ ယူနီဘာစီတီအက်ဥပဒေကို သပိတ်မှောက်သည့် အကြောင်း ဖွဲ့ဆိုသည့် လေးချိုးကြီး၌ "ထီမထင် ကျောင်းတော်သားတွေတို့၊ အမည်အစဉ်မှာ ခေါင်းပေါ်အဖျားတွင်မှ၊ မင်းရှိဆရာကို စာရင်းတို့ကာထားလိုက် ကြပေတော့"

ဟု ရေးဖွဲ့ခဲ့ပါသည်။ ကျောင်းသားလူငယ်များဘက်မှ ရုပ်တည်ကာ မျိုးချစ်စိတ် အရှိန်အဟုန်ကိုမြှင့်တင်ကာ မျိုးချစ်စိတ်အရှိန်အဟုန်ကို မြှင့်တင်ပေးခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာများအနေဖြင့် ကိုယ်ပိုင်ယူနီဗာစီတီတွေ အများအပြား တည်ထောင်မည်ဖြစ်ကြောင်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "မြှောက်လိုက်မတွဲ၊ မောက်လိုက်မဟဲ့လို့၊ ဆောက်လိုက်မဲ့ယူနီဗာစီတီတွေများ" ဟု ရေးဖွဲ့ပြီး လူငယ်များအားတက်စေခဲ့ပါသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ၁၉၂၀ ကောလိပ်ကျောင်းသပိတ်သည် အရေးပါသည်။ မြန်မာတို့၏ အိပ်ပျော်စ ပြုနေသော မျိုးချစ်စိတ်ကို လှုပ်နှိုးပေးလိုက်သည်ဟုဆိုရမည်။ ထိုသပိတ် နောက်ပိုင်းတွင် အမျိုးသားရေးစိတ်ဓာတ်အရှိန်အဟုန် ပြင်းထန်လာခဲ့သည်။ အမျိုးသားရေးတိုက်ပွဲများ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာစေခဲ့ပါသည်။ ဦးဖိုးကျားကဲ့သို့ မျိုးချစ်လူငယ်များပါဝင်သည့်အပြင် ကောလိပ်မရောက်သေးသည့် ကျောင်းသားလူငယ်များတွင်လည်း မျိုးချစ်စိတ်နိုးကြားလာခဲ့သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကဲ့သို့ မျိုးချစ်လူကြီးများက အားပေး ကူညီခဲ့ကြသည်။

မျိုးချစ်စိတ်သည် ပင်ကိုဇာတိစိတ်နှင့်လည်းဆိုင်ပါသည်။ တိုင်းတစ်ပါးလက်အောက် ရောက်ခဲ့ရသူများအနက် ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးချစ်စိတ်ပြင်းထန်သူဖြစ်ပါသည်။ ငယ်စဉ်ကလေးဘဝမှစ၍ မလွတ်လပ်သောဘဝအတွက် နာကျင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် ပညာကို အေးအေးဆေးဆေး မသင်နိုင်ခဲ့ပေ။ လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်ကို အသက်အရွယ်နှင့် မလိုက်အောင် ဆင်နွှဲခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ တာဝန်များကိုယူ၍ လူငယ်တို့အားမျိုးချစ်စိတ် ထက်သန်လာအောင် ဦးဆောင်မှုပေးခဲ့သည်။ အများသူငါ ကျောင်းသားများကဲ့သို့ မော်ကြွားပျော်ပါးရန် အတွေးမရှိ။ အပေါင်းအသင်းများနှင့်လည်း အချိန်မဖြုန်းနိုင်။ သူ၏အတွေးအသိထဲတွင် နိုင်ငံရေးမှတစ်ပါး အခြားမရှိ။ သူ့နိုင်ငံသူ့လူမျိုး လွတ်လပ်ရေးမှတစ်ပါး အခြားမရှိ။ ပြင်းထန်သော မျိုးချစ်စိတ်အတွေးများ၏ ဖိစီးမှုကြောင့် လူချင်းချင်းတွေ့လျှင်ပင် နှုတ်ဆက်ရမည်ကို မေ့နေတတ်သည်။ နိုင်ငံရေးတစ်ခုတည်းအတွက်သာ တွေးတောတတ်သူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လူမှုဆက်ဆံရေးကို မေ့လျော့သည်အထိ ပြင်းထန်သောမျိုးချစ်စိတ်ဖြင့် နိုင်ငံလွတ်လပ်ရေးအတွက်သာ အာရုံစူးစိုက်ထားပုံကို ဒဂုန်တာရာက "အောင်ဆန်း သို့မဟုတ် အရိုင်းရုပ်ပုံလွှာတွင်

သူသည် ရှိင်း၏၊ ကြမ်း၏၊ ကြောင်၏၊ ကိစ္စမရှိ၊ သူသည် ခံ့ညှိခန့်ဆောင်မှ ဂုဏ်သရေရှိလူကြီးလူကောင်း မဟုတ်။ နိုင်ငံရေးတစ်ခုတည်းကိုသာ စိုက်လိုက်မတ်မတ် ဆောင်ရွက်သည့် နိုင်ငံရေးသတ္တဝါတည်း''ဟု ရေးသားထားပါသည်။

လွတ်လပ်ရေးအတွက် တရုတ်ပြည်အမွိုင်သို့စွန့်စားသွားရာတွင် ဆွေမျိုးလည်းမရှိ၊ ကျောထောက်နောက်ခံလည်းမရှိဘဲ စွန့်စားသွားလာခဲ့ပါသည်။ ငွေကြေးအရလည်း ရဲဘော်များက စရိတ်အဖြစ်စုပေးလိုက်သော ငွေ ၂၀၀ ကျပ်သာပါသည်။ အလုပ်အစီအစဉ်အရလည်း တိတိကျကျမရှိခဲ့ပေ။ ထိုစဉ်က ဗိုလ်ချုပ်၏အတွေးကို ဗိုလ်ချုပ်ကိုယ်တိုင်ရေးသားခဲ့သည်။ ဗမာ့လွတ်လပ်ရေး အရေးတော်ပုံဆောင်းပါး၌ ''အဘယ်သို့ပင်ဖြစ်စေ၊ ငါသည် အကယ်၍သေသွားသည့် တိုင်အောင် မြတ်သောသေခြင်း၊ နိုင်ငံအတွက် သေခြင်းဖြစ်သည်ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ရတော့၏'' ဟု ရေးသားခဲ့ပါသည်။ ထိုနည်းဖြင့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဂျပန်ပြည်၌ ဖွဲ့စည်းနိုင်အောင် မျိုးချစ်စိတ်က တွန်းအားပေးခဲ့ပါသည်။ မျိုးချစ်စိတ်သည် မိမိအပြင် အခြားသူများကို ချစ်တတ်၊ စာနာတတ်သည့် စိတ်နှင့်လည်း ဆက်စပ်နေသည်။ ဗိုလ်ချုပ်သည် ငယ်စဉ်ကပင် ဆင်းရဲသားများကိုသနားသည်။ မိမိမှာ နိုင်ငံအကြီးအကဲအနေဖြင့် ညစာစားပွဲတွင် အကောင်းအမွန်များ စားခွင့်ရသော်လည်း မိမိရဲဘော်များမစားရသည့်အတွက် မိမိလည်း မစားရက်ခဲ့ပေ။ မျိုးချစ်စိတ်မည်သည် ချစ်စိတ်ကျယ်ပြန့်ရသည်။ မျိုးချစ်စိတ်ရှိသူသည် ခေါင်းဆောင်ဖြစ်လာလျှင် နိုင်ငံသားတိုင်းအားလုံးကိုချစ်တတ်ရပါမည်။ မြန်မာပြည်မကိုသာလွတ်လပ်ရေးပေးပြီး တောင်တန်းဒေသများကို နယ်ချဲ့က မပေးချင်သော်လည်း ဗိုလ်ချုပ်က ပြည်ထောင်စုသားအားလုံးလွတ်လပ်ရေးရအောင် စွမ်းဆောင်ပေးခဲ့သည်။ ဗိုလ်ချုပ်က ''ကျွန်တော်တို့ ဗမာပြည်ကြီးက လွတ်လပ်ရေး ရပြီးတော့ ခင်ဗျားတို့တောင်တန်းဒေသနဲ့ ပြည်နယ်တွေလွတ်လပ်ရေးမရဘဲ ကျွန်နေရင်၊ ခင်ဗျားတို့နယ်ထဲမှာ အင်္ဂလိပ်တွေ အမြောက်ကြီးတွေလာပြီးထောင်နေရင် ကျွန်တော်တို့ရတဲ့ လွတ်လပ်ရေးဟာ အလကားဖြစ်မှာပဲ၊ ဒါကြောင့် ကျွန်တော်တို့ကတော့ ခင်ဗျားတို့ တောင်တန်းဒေသ ပြည်နယ်သားတွေနဲ့ သိပ်ပြီး ပေါင်းချင်တာပါ'' ဟု တိုင်းရင်းသားတို့အား ပြောခဲ့ပါသည်။ မျိုးချစ်စိတ်သည် လူငယ်များ၌ရှိသင့်သည်။ ''ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ၊ ဆန်းမှာဆုံပေါင်း၊ ခေါင်းဆောင်သဘော၊ မင့်သားချောကို၊ ဟောလိုက်ပါဘိ၊ ပြောပါဘိ'' ဆိုသည် ဆရာဇော်ဂျီ၏ ကဗျာပါအတိုင်း မျိုးချစ်စိတ်သည် သမာဓိ၊

ပညာ၊ သတ္တိတို့နှင့်ပေါင်းစည်းဖွဲ့စပ်ထားသော အစစ်အမှန်မျိုးချစ်စိတ် ဖြစ်သင့်ပါသည်။

လူငယ်များ အတွေးအသိမှန်ကန်စေရန် လူကြီးမိဘ ဆရာသမားများကလည်း လမ်းပြရပါမည်။ ဆုံးမပဲ့ပြင်ရုံသာမက မိမိတို့ကိုယ်တိုင်ကလည်း မျိုးချစ်စိတ်ရှိသော လူကြီးများအဖြစ် စံပြဖြစ်စေရပါမည်။ လူငယ်များကိုယ်တိုင်ကလည်း စာကောင်းပေမွန်တို့ကို ဖတ်ရှု၍ မျိုးချစ်စိတ် ထက်သန်သော နိုင်ငံသားကောင်း ဝီသအောင် ကျင့်ကြံအားထုတ်သင့်ပါတော့သတည်း။ ။

**သတင်းစာဖတ်ခြင်းအကျိုး**

- သတင်းစာဟူသည်
- လူတိုင်းသတင်းစာကို စိတ်ဝင်စားသဖြင့် သတင်းစာ၏အရေးပါပုံ
- နေ့စဉ်ဖြစ်ပျက်သမျှ သတင်းများကိုသိလိုမှုအရ သတင်းစာများ ပေါ်ပေါက်လာပုံနှင့် အမြဲဖတ်သင့်ပုံ
- မိမိ၏အတွေးအမြင်

## သတင်းစာဖတ်ခြင်းအကျိုး

"သတင်းစာဟူသည် ပြည်တွင်းပြည်ပများ၏ ဖြစ်ပျက်ကြားသိအပ်သော အကြောင်းအရာများကို နေ့စဉ်ပုံနှိပ်ထုတ်ဝေနေသော စာစောင်ဖြစ်သည်" ဟူ၍ မြန်မာ့သတင်းစာဆရာကြီးများက မိန့်ဆို သတ်မှတ်ခဲ့သည်။ နိုင်ငံခြားသတင်းစာ ဆရာကြီးများ၏ အဆိုအမိန့်အရ သတင်းစာဟူသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူသော အရပ်ဒေသများ၏ ပြည်တွင်းပြည်ပသတင်းများကို နေ့စဉ်ဖော်ထုတ် တင်ပြသော စာစောင်ဖြစ်သည်ဟု မှတ်သားသိရှိရပေသည်။

နိုင်ငံခြားသတင်းစာဆရာကြီး တစ်ဦးဖြစ်သော အက်(ဖ်)ဘီဆန်ဘွန်းက သတင်းစာဟူသည် ကျွန်ုပ်တို့နေထိုင်ရာ လူ့လောကကြီး၏ တစ်နေ့အဖို့ ရာဇဝင်ပင် ဖြစ်သည်။ ထို့ကြောင့် လွန်လေပြီးသောမှတ်စု၊ မှတ်တမ်းများထက် ကျွန်ုပ်တို့အဖို့ ယနေ့သတင်းပေးသောသတင်းစာက ပို၍အရေးပါ အရာရောက်သည်ဟု မိန့်ဆိုခဲ့ သည်။ မြန်မာ့သတင်းစာဆရာကြီး လူထုဦးလှကလည်း သတင်းစာ၏ တန်ဖိုးကို "သတင်းစာများသည် သမိုင်းကိုပြောပြနေကြသည်"ဟူ၍ လမ်းညွှန်မိန့်ကြားခဲ့ သည်။ သတင်းစာ၏တန်ဖိုးကို စာရေးဆရာ ရွှေကိုင်းသား ဆရာတော် ဦးသောဘိတ ကလည်း "သတင်းစာသည် တိုင်းပြည် အဖြစ်အပျက်၊ ကမ္ဘာ့ အဖြစ်အပျက်များကို နေ့စဉ်ဖော်ပြလျက်ရှိသောကြောင့် ယခုကာလ၏အဖြစ်အပျက်တို့သည် နောင်နှစ်ပေါင်း များစွာကြာသည့်အချိန်တွင် သတင်းအဖြစ်သို့ တန်ဖိုးမြင့်လာမည်"ဟူ၍ မိန့်ဆိုခဲ့ သည်။

သတင်းစာတန်ဖိုး အကျိုးကျေးဇူးနှင့် အရေးပါပုံတို့ကို မြန်မာသတင်းစာ အစဦးဖြစ်သော ရတနာပုံ နေပြည်တော်သတင်းစာကို ဦးဆောင်ထုတ်ဝေခဲ့သည့်

မန္တလေး(ရတနာပုံ)ခေတ်၊ မင်းတုန်းမင်းကြီး၏ ငါဘုရင်မကောင်းလျှင် မကောင်းသလို ငါ့ကိုရေး၊ မိဖုရားတွေမကောင်းလျှင် မိဖုရားတွေကိုရေး၊ သားတော်သမီးတော်၊ မင်းညီမင်းသားတွေ နည်းလမ်းမကျလျှင် မကျသလိုရေး၊ လွှတ်တော်တရားသူကြီးတွေ လွဲမှားလျှင် လွဲမှားသလိုရေး၊ မြို့ဝန်မတရားလျှင် မြို့ဝန်ကိုရေး၊ မင်းတို့သတင်းစာမှာ ဘာအပြစ်မှ မရှိစေရဟူသော အမိန့်တော်သည် သတင်းစာ၏ နိုင်ငံနှင့် လူမျိုးအတွက် အရေးပါမှု သတင်းစာလွတ်လပ်မှုကို ဖော်ကျူးနေသော ခေတ်ရှေ့ပြေး အဆိုအမိန့်တစ်ရပ်ဖြစ်သည်။

လူသားတိုင်းသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရှင်သန်ဖွံ့ဖြိုးရန် အရေးကြီးသည်။ လူ၏ခန္ဓာကိုယ် ကျန်းမာသန်စွမ်း ဖွံ့ဖြိုးရေးအတွက် အစာအာဟာရသည် အဓိကဖြစ်သည်။ အာဟာရဖြစ်စေသော အစားအသောက်များကို စားသုံးခြင်းဖြင့် ကာယစွမ်းရည်ကို ပြည့်ဖြိုးစေသည်။ ထိုနည်းတူ စိတ်ဓာတ် စွမ်းအားဖြစ်စေသော အသိဉာဏ်ပညာ၊ အတွေးအမြင်၊ ဗဟုသုတများ ဖွံ့ဖြိုးရှင်သန်စေရေးအတွက် စာပေဗဟုသုတများ ပြည့်စုံရန်လိုအပ်သည်။ ထို့ကြောင့် လူသားတိုင်း စိတ်အာဟာရ ပြည့်စုံစေရေးအတွက် စာပေ၊ ဗဟုသုတများ ကမ္ဘာနှင့်ပြိုင်ဆိုင်ရာ ဗဟုသုတများ၊ သတင်းဖြစ်ရပ်များကို သိရှိနေရန် လိုအပ်ပေသည်။ ကမ္ဘာနှင့်ပြိုင်ဆိုင်ရာ သတင်းဖြစ်ရပ်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် အတွက် နေ့စဉ်ထုတ်သတင်းစာများ၏ အခန်းကဏ္ဍသည် အထူးအရေးပါသောနေရာမှ ရပ်တည်နေသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေနေသော သတင်းစာများမှာ နိုင်ငံတော်အစိုးရ ဦးစီးထုတ်ဝေနေသည့် မြန်မာ့အလင်း သတင်းစာနှင့် ကြေးမုံသတင်းစာ မြန်မာဘာသာ သတင်းစာနှစ်စောင်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေနေသော နယူးလိုက်(ဖ်)အော့မြန်မာသတင်းစာနှင့် ပုဂ္ဂလိက နေ့စဉ်သတင်းစာ အဖြစ် စံတော်ချိန်၊ ဒီမိုကရေစီ (တူဒေး)၊ ဒေးလီးအလဲဗင်း စသည်တို့ဖြစ်ကြသည်။ မျက်မှောက်ခေတ် နေ့စဉ်သတင်းစာများထုတ်ဝေခြင်း၏ အဓိကရည်ရွယ်ချက်မှာ သတင်းပြန့်ကြားရေးနှင့် ပညာပေးတို့ကိုဦးတည်လျက် စာဖတ်ပရိသတ်များ၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာစာပေဆိုင်ရာ ဗဟုသုတအတွေးအမြင်များ၊ ကမ္ဘာ့သတင်းများ၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်ဖြစ်သည်။

နေ့စဉ်သတင်းစာများတွင် အယ်ဒီတာ့အာဘော်- (သို့မဟုတ်) စာတည်း

ရှုထောင့်၊ အမြို့မြို့ အနယ်နယ်၏ သတင်းအထွေထွေများ၊ ပညာပေးနှင့်အကြံပြု ဗဟုသုတဆောင်းပါးများ၊ နိုင်ငံတော် အကြီးအကဲများ၏ နိုင်ငံနှင့်လူမျိုးအတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများ၊ တွေ့ဆုံမေးမြန်းမှုသတင်းများ၊ သာရေး၊ နာရေး ကြော်ငြာများ၊ ရုပ်ရှင်၊ ဂီတသတင်း သီချင်းစသော အနုပညာသတင်းများ၊ မိုးလေဝသ သတင်းများ၊ မြန်မာနှင့်ကမ္ဘာ့အားကစားသတင်းများ စသည်ဖြင့် ကဏ္ဍ အသီးသီးကို ဝေဝေဆာဆာ တင်ပြထားသည်။

သတင်းစာများတွင် ကမ္ဘာနှင့်မြန်မာ၏ နေ့စဉ်ဖြစ်ပျက်နေသော သတင်း အထွေထွေကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်တင်ပြ ရေးသားနေသောကြောင့် သတင်းစာဖတ်ပရိသတ်များသည် သိသင့်သိထိုက်သော သတင်းနှင့် ဗဟုသုတများကို သိရှိခွင့်၊ လေ့လာမှတ်သား ရရှိစေနိုင်သည်။ ထို့ကြောင့် လူတိုင်းသည် သတင်းစာကို နေ့စဉ်ဖတ်ရှုသင့်ပေသည်။ သတင်းစာအတွင်းအပြင် စာပေများနှင့်မတူ ထူးခြားသော အကြောင်းတစ်ရပ်မှာ သတင်းအယ်ဒီတာ၏ ဆောင်းပါး (ဝါ) စာတည်း ရှုထောင့် (ဝါ) သတင်းစာခေါင်းကြီးပင်ဖြစ်သည်။

သတင်းစာ အယ်ဒီတာအာဘော် (ဝါ) စာတည်းရှုထောင့် (ဝါ) ခေါင်းကြီး များတွင် နိုင်ငံရေး၊ ကာကွယ်ရေး၊ တည်ဆောက်ရေး၊ ငြိမ်းချမ်းရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ အလုပ်သမားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုကိစ္စ များ၊ ကျန်းမာရေး၊ ဘာသာသာသနာရေး၊ ယဉ်ကျေးမှုစသည့် အကြောင်းအရာများကို သုံးသပ်ဝေဖန် အကြံပြုချက်များဖြင့် ရေးသားဖော်ပြထားသည်။ ထို့ကြောင့် သတင်းစာအယ်ဒီတာ အာဘော်များသည် စာဖတ်ပရိသတ်များကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဗဟုသုတကို ဖြစ်စေသည်။ သာဓကအားဖြင့် ကြေးမုံသတင်းစာမှ ကျန်းမာရေးဆိုင်ရာ အယ်ဒီတာ အာဘော်ပုဒ်ကို တင်ပြလိုပေသည်။

"အလုပ်လုပ်ရာတွင် အချိန်ကြာမြင့်စွာထိုင်၍ အလုပ်မလုပ်သင့်ကြောင်းကို ကြာကြာမထိုင်သင့်" ဟူသော ခေါင်းစီးဖြင့် မိမိတို့နှင့် မိမိတို့လုပ်ငန်းများ တိုးတက်ရာတိုးတက်ကြောင်း လုပ်ကိုင်နေကြသူ အပေါင်းတို့သည် မိမိတို့လုပ်ဆောင် ဖွယ်ရာများကို အချိန်ကြာမြင့်စွာ လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့၏အသက်နှင့် ကျန်းမာရေးကို ငဲ့ညှာသောအားဖြင့် အလုပ်လုပ်မှု နာရီအနည်းငယ်ကြာတိုင်း အနေအထိုင် ပြောင်းလဲကြပါရန်၊ ကိုယ်လက် လှုပ်ရှားမှုများ နေ့စဉ်ပြုလုပ်ကြပါရန်နှင့်

မိမိတို့အလုပ်နှင့် သင့်လျော်လိုက်ဖက်မည့် လုပ်မှုကိုင်မှုပုံစံများကို ပြောင်းလဲကျင့်သုံး လုပ်ကိုင်တတ်ရန် လိုအပ်ပါကြောင်း အသိပေး နှိုးဆော်လိုက်ရပေသည်'' ဟူ၍ မှတ်သားလိုက်နာသတိပေးပြင်ဆင်ဖွယ် အကြံပြုတင်ပြရေးသားထားသည်။

ပြည်တွင်းသတင်းများတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာသတင်းများ၊ နိုင်ငံ့ခေါင်းဆောင်များ၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသတင်းများ၊ လူမှုကယ်ဆယ်ရေးသတင်းများ၊ ကျန်းမာရေးဆိုင်ရာ သတင်းများ၊ စာပေယဉ်ကျေးမှုအနုပညာ ရုပ်ရှင်ဂီတဇာတ် သဘင်၊ အားကစား သတင်းများ၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများ၊ တွေ့ဆုံဆွေးနွေးမှုများ စသည်ဖြင့် ကဏ္ဍအစုံအလင်ကို ဓာတ်ပုံ၊ သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားသောကြောင့် စာဖတ်ပရိသတ်များအတွက် ဗဟုသုတ အစုံစုံကို သတင်းစာတစ်စောင်ကို တစ်နေ့လျှင် တစ်ကြိမ်ဖတ်ရှုံမျှနှင့် သိသင့်သိထိုက်သော ဗဟုသုတများကို သိရှိနိုင်ပေသည်။

သတင်းစာသည် ပြည်ပနှင့်ကမ္ဘာ့အကြောင်းအရာများ၏ အရေးကြီးသော သတင်းဆက်သွယ်ရေး မီဒီယာဖြစ်သောကြောင့် အချိန်နှင့်အညီ ဖြစ်ပျက်ပြောင်းလဲနေသော ပြည်ပနှင့်ကမ္ဘာ့သတင်းဆိုင်ရာ ဗဟုသုတများကို သိရှိခွင့်ရရှိစေသည်။ ထို့ကြောင့် ''သတင်းစာကို တစ်နေ့မဖတ်ဖြစ်သူသည် ကမ္ဘာကြီးနှင့် ၂၄ နာရီ အဆက်ပြတ်နေသူ''ဟူ၍ တင်စားပြောဆိုခဲ့ကြသည်။

ယနေ့မျက်မှောက်ခေတ်သတင်းစာလောကနှင့် သတင်းစာဖတ်ပရိသတ်၏ အနေအထားသည် မြင့်မားတိုးတက်နေသည်။ သတင်းစာဖတ် ပရိသတ်တို့၏ သတင်းနှင့်ပတ်သက်သော စိတ်ဝင်စားမှုသည် အရှိန်အဟုန်မြင့်မားနေသည်။ သတင်းစာပါ သတင်းအချက်များကို သုံးသပ်ဝေဖန် ဆွေးနွေးခြင်းများကို အပြုသဘော တပြေးညီဆောင်ရွက်တတ်ကြသည်။ ပြည်သူ့ဆန္ဒထုတ်ဖော်မှု၊ ပြည်သူ့အာဘော် အသုံးကဏ္ဍများမှတစ်ဆင့် ဖော်ထုတ်တင်ပြခဲ့ကြသည်။ ထို့ကြောင့် မြန်မာသတင်းစာဖတ် ပရိသတ်ကြီး၏ တိုးတက်ဖွံ့ဖြိုးနေသော ဉာဏ်ရည်၊ ဗဟုသုတများနှင့်အညီ သတင်းစာတို့၏အပြင်အဆင် အတင်အပြ အရေးအသားတို့ သည်လည်း ပြည်သူတို့နှင့် ရင်းနှီးကျွမ်းဝင်၊ အံဝင်ခွင်ကျဖြစ်စေရန် အရေးကြီးလှပေသည်။

သတင်းစာတို့သည် ပြည်သူတို့၏အသံ ပြည်သူတို့၏ဆန္ဒနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရမည်ဟူသော ရည်ရွယ်ချက်နှင့်အညီ ပြည်သူအကျိုး ပြုကာ အရည်အချင်းနှင့် အရည်အသွေးမြင့်မားစေသော စာဖတ်ပရိသတ်၏ အတွေးအမြင်ကို ရင့်ကျက်စေသော ပြည်သူ့သတင်းစာအဖြစ် စတုတ္ထမဏ္ဍိုင်တွင် နိုင်မြဲစွာရပ်တည်လျှောက်လှမ်းခြင်းဖြင့် သတင်းစာ၏ဂုဏ်ရည်နှင့် သတင်းစာဖတ် ပရိသတ်၏ သတင်းစာဖတ်ခြင်း၏ အကျိုးကျေးဇူး အာနိသင်များကို ဖွံ့ဖြိုးရှင်သန် လာစေမည်ဖြစ်ပေသည်။ ။

မမှမရနိုင်သောမြင်ကွင်းတစ်ခု

- လူတိုင်းတွင် မမှမရသောမြင်ကွင်းများရှိကြပုံ
- မြင်ကွင်းကိုဖော်ပြပြီး အဘယ်ကြောင့် မမှမရကြောင်း ကျိုးကြောင်းဖြင့် ရေးသားရန်
- မြင်ကွင်းကို အသေးစိတ်သရုပ်ဖော်ရန်
- မြင်ကွင်းမှရရှိသော ခံစားချက်နှင့် ဘဝသင်ခန်းစာ
- အကျိုးသက်ရောက်မှုများ

## မမှမရနိုင်သောမြင်ကွင်းတစ်ခု

လူတိုင်းတွင် တစ်သက်တာမှတ်တမ်းအတွင်း၌ ပျော်စရာ၊ ကြည်နူးဖွယ်ရာ၊ နှစ်သက်ဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာ၊ ဝမ်းမြောက်ဖွယ်ရာဖြစ်ရပ်များ၊ မြင်ကွင်းများကို အနည်းနှင့်အများ တွေ့ကြုံခံစားရသူတိုင်းတွင် ပျော်ရွှင်မှု၊ ကြည်နူးမှု၊ နှစ်သက်မှု၊ ထိတ်လန့်မှု၊ အံ့သြမှု၊ ဝမ်းနည်းဝမ်းသာမှု စသည်တို့ကို ဖြစ်ပေါ်စေသည်။ ထိုသို့ခံစားမှုဖြစ်စဉ်များကို ရသဖြစ်သည်ဟူ၍လည်းကောင်း၊ ရသစာပေ ဟူ၍လည်းကောင်း ဝိသေသပြုခဲ့ကြသည်။

ကျွန်ုပ်တို့ဘဝသက်တမ်း တစ်လျှောက်တွင်ပျော်စရာ၊ ကြည်နူးစရာ၊ နှစ်သက်စရာ၊ ထိတ်လန့်စရာ၊ အံ့သြစရာ၊ ဝမ်းနည်းစရာ၊ ဝမ်းမြောက်စရာဖြစ်ရပ်များ မြင်ကွင်းများကို ကြုံတွေ့ခံစားခဲ့ရပါသည်။ ယင်းသို့သော မြင်ကွင်းများအနက် ကျွန်ုပ်တို့တစ်သက်တာ၌ မမေ့နိုင်အောင် ရင်တွင်း၌စွဲထင်ကျန်ရစ်ခဲ့သော ကိုယ်တွေ့မြင်ကွင်းတစ်ခုကို တင်ပြလိုက်ပါသည်။ ကျွန်တော်သည် ငယ်ရွယ်စဉ် မူလတန်းကျောင်းသားဘဝ၌ မြို့နှင့်အလှမ်းဝေးသော ကျေးရွာကြီးတစ်ရွာ၌ နေထိုင်ခဲ့ရပါသည်။ ထိုကျေးရွာကြီးတွင် အိမ်ကြီးအိမ်ကောင်းအချို့နှင့် သာမန်အိမ်၊ တဲအိမ်ငယ်များနှင့်နေထိုင်သော ရွာသူရွာသားများသည် ပျော်ရွှင်စွာနေထိုင်ကြပါသည်။ ထူးထူးခြားခြားပင် ရွာဦးထိပ်ဘုန်းကြီးကျောင်းအနီးရှိ သရက်ပင်ကြီး တစ်ပင်အောက်၌ အလွန်ဆင်းရဲသော လယ်သမားမိသားစုသုံးဦးသည် တဲငယ်ကလေးတွင် နေထိုင်ကြသည်။

တစ်ခုသော မိုးရာသီလလယ် ဝါခေါင်လတွင် ထူးထူးခြားခြားပင် ရာသီဥတု ဆိုးရွားခဲ့ပြီး အနောက်တောင်ထောင့်မှ မည်းမှောင်နေသည့် မိုးသားတိမ်လိပ်များသည် တရွေ့ရွေ့ထက်လာပါသည်။ ကောင်းကင်တစ်ခွင်တွင် နယ်ရှစ်ခွင်လုံး တိမ်မင်တုံး၊ မိုးလုံးအိသို့ဟူသော စာဆိုတော် ဦးကြင်ဥ၏ ညည်းချင်းနှင့်အညီ ဖုံးလွှမ်းနေသည်။ ထို့ကြောင့် အရပ်ရှစ်မျက်နှာသို့ ကြည့်လိုက်တိုင်း နေရာအနှံ့၌ မည်းမှောင်လျက်ရှိသည်။ ခဲသားရောင်ထနေသော ကောင်းကင်တစ်ခွင်လုံးရှိ တိမ်မည်းများနှင့်အတူ လျှပ်ပန်း လျှပ်နွယ်များသည် ပြိုးပြိုးပြက်ပြက်နှင့် မကြာခဏ ဝင်းလက်လျက်ရှိနေသည်။ လျှပ်ရောင်များနှင့်အတူ ကြောက်မက်ဖွယ်ရာ မိုးခြိမ်းသံများ မိုးကြိုးပစ်သံများ သည်လည်း အဆက်မပြတ် အုန်းဒိုင်းဟူသော အသံများနှင့် ဆူညံနေသည်။ မည်းမှောင်သော တိမ်ဆိုင်များ၊ လျှပ်ရောင်များ၊ မိုးခြိမ်းသံနှင့်မိုးကြိုးပစ်သံများ ကြောင့် ကျွန်ုပ်တို့နေထိုင်ရာ ကျေးရွာသည် သိမ့်သိမ့်တုန်ခါနေသကဲ့သို့ဖြစ်နေသည်။ သစ်ပင်၊ ဝါးပင်ကြီးများ မြင့်မားသော အုန်းပင် ထန်းပင်ကြီးများသည်လည်း အနောက်တောင်လေကြမ်းနှင့်အတူ ဘယ်ညာယိမ်းထိုးလျက်ရှိသည်။

လေကြမ်း၏အရှိန်အဟုန်ဖြင့် တိုက်ခတ်နေမှုကြောင့် ကောင်းကင်မှ တိမ်မည်းများ၊ မြေပြင်မှ သစ်ပင်ကြီးများသည် ဆောက်တည်ရာ မဲ့သကဲ့သို့ ယိမ်းယိုင်ပြိုလဲမတတ်ဖြစ်နေသည်။ ကျွန်တော်သည် နေအိမ်အပေါ်ထပ် ပြတင်း ပေါက်မှ ပြင်ပလောက၏ သဘာဝဖြစ်ရပ်များကို ချောင်းမြောင်းကြည့်ရှုရင်း ငယ်ရွယ်သူပီပီ ကြောက်ရွံ့စိတ်၊ တုန်လှုပ်စိတ်၊ ထိတ်လန့်စိတ်များ အလွန်အမင်း ဖြစ်ပေါ် ခံစားနေမိသည်။ ရင်တွင်း၌ တထိတ်ထိတ်ခုန်လျက် မျက်စိမှိတ်ကာ နှုတ်မှကျက်မှတ်မိသမျှ ဘုရားတရားကို ရွတ်ဆိုနေမိပါသည်။ ကြောက်ရွံ့စိတ် ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်ရပ် မြင်ကွင်းများကြောင့် ဘုရားစာကိုပင် မှန်မှန် ကန်ကန် မရွတ်ဆိုနိုင်အောင် စိတ်လှုပ်ရှားနေမိပါသည်။

ဤသို့ မိမိကိုယ်တိုင် ကြောက်ရွံ့တုန်လှုပ်မှု ခံစားနေရချိန်မှာပင် ကျွန်တော်၏ မျက်စိအစုံသည် ရွာဦးဘုန်းတော်ကြီးကျောင်းအနီးရှိ သရက်ပင်အိုအောက်၌ရှိသော မခိုင့်တခိုင် ယိုင်တိုင်တိုင်ဆောက်ထားသော တဲအိုသို့ လှမ်းမျှော်ကြည့်မိပါသည်။ ထိုယိုင်တိုင်တိုင်တဲအိုး၌ ဆင်းရဲသားလယ်သမား ဓနီးမောင်နံ့နှင့် လယ်သမား ယောက်ျား၏ မိခင်အိုကြီးတို့ စုစုပေါင်း သုံးယောက် နေထိုင်ကြပါသည်။ ယိုင်တိုင်တိုင် တဲအိုကလေးသည် ပြင်းထန်သော လေဒဏ်၊ မိုးဒဏ်ကြား၌

ယိမ်းယိုင်လှုပ်ရှားနေသည်။ တဲနယ်နိမိတ်အနီးတွင်ရှိပြီး တဲအိမ်အပေါ်သို့ ပင်စည်အကိုင်းအခက်များနှင့် အုပ်မိုးနေသော သရက်ကိုင်းများသည်လည်း ဘယ်ယိမ်းညာယိမ်းဖြင့် လှုပ်ရှားနေသည်။ ကျွန်တော်၏ စိတ်အတွေးများသည် ထိုသရက်ပင်ကြီး၏ အောက်တွင်ရှိသော ယိုင်တိယိုင်တိုင် တဲအိုအတွင်း၌ စုပေါင်းနေထိုင်လျက်ရှိသော လယ်သမားမိသားစုအတွက် အတွေးစိတ်ဖြင့် ပူပန်သောက ရောက်ရှိသွားခဲ့သည်။ မတော်တဆ မိုးဒဏ်လေဒဏ်ကြောင့် သရက်ပင်အိုကြီးသည် ယိုင်တိုင်တိုင်တဲအိုအပေါ်သို့ကျသွားလျှင် ဒုက္ခပါပဲ ဟူသော အတွေးပူပန်စိတ်သည် ရင်တွင်းသို့လျှပ်တစ်ပြက်ဝင်ရောက်လာခဲ့သည်။

သို့သော် ကျွန်တော်ပူပန်သောကစိတ်၏ အတွေးမဆုံးမီမှာပင် ကျွန်တော့်မျက်စိရှေ့ မြင်ကွင်းတည့်တည့်၌ သရက်ပင်အိုကြီးသည် လေကြမ်း၏ ဝှေ့ရမ်းတိုက်ခိုက်မှုနှင့်အတူ အမြစ်မှကျွတ်ထွက်၍ သရက်ပင်အိုတစ်ပင်လုံးသည် ယိုင်တိုင်တိုင်တဲအိုလေးအပေါ်သို့ ရုတ်တရက်လဲကျသွားသည်။ မှောင်မိုက်အတွင်း၌ မတ်တတ်ရပ်နေသော ဆင်ကြီးတစ်ကောင်သည် ဘုန်းခနဲလဲကျသကဲ့သို့ သရက်ပင်အိုကြီး၏ တဲငယ်အပေါ်ပိကျသွားသော ကျယ်လောင်သည့် အသံဆိုးကြီးကို ရုတ်တရက်ကြားရပါသည်။ ကျွန်တော်သည် ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် မျက်စိစုံမှိတ်လျက် ကြောက်လန့်တကြား အသံကျယ်ကျယ် အော်ဟစ်မိပါသည်။

ကျွန်တော်သည် ထိုကြောက်ရွံ့ထိတ်လန့်ဖွယ်မြင်ကွင်းကို ဆက်လက်မကြည့်ရဲတော့ပေ။ မျက်စိကိုစုံမှိတ်၍ ကိုယ်ခန္ဓာများ တဆတ်ဆတ်တုန်လှုပ်ကာ ယိုင်တိုင်တိုင်တဲအတွင်း၌ နေထိုင်ကြသော အဘွားအို၏မျက်နှာ ဆင်းရဲသားလယ်သမားဇနီးမောင်နှံတို့၏ မျက်နှာတို့ကို မြင်ယောင်နေမိပါသည်။ ယင်းမြင်ကွင်းသည် ကျွန်တော်၏ဘဝတစ်သက်တာ၌ ငယ်ရွယ်စဉ် မူလတန်းကျောင်းသားအရွယ်က ကိုယ်တိုင်မြင်တွေ့ခံစားရသော မေ့မရနိုင်သော မြင်ကွင်းအဖြစ် ရင်တွင်း၌စွဲငြိလျက်ရှိခဲ့သည်မှာ ယခုအချိန်ထိတိုင်အောင်ပင် ဖြစ်ပါသည်။

ထိုသို့သော ကျွန်ုပ်တစ်သက်တာ၏ ထိတ်လန့်ရင်ခုန် မမေ့နိုင်စရာ မြင်ကွင်းသည် ကျွန်ုပ်အတွက် ပြန်လည်တွေးမိတိုင်း အမှတ်ထင်ထင် အတိတ်၏အရိပ်ဖြစ်ရပ်မြင်ကွင်းအဖြစ် ခံစားစွဲငြိ လျက်နေပေသည်။ ထိုဖြစ်ရပ်ဖြစ်စဉ်ငယ်ဘဝ မမေ့နိုင်ပေ။ မြင်ကွင်းနှင့်အတူ ယိုင်တိုင်တိုင်တဲအိုအတွင်းမှ အဘွားနှင့် ဇနီးမောင်နှံကကြမ္မာ

ကိုလည်း ဆက်၍မတွေးချင်အောင် ခံစားခဲ့ရပါသည်။ ကျွန်ုပ်၏ မေ့မရသော မြင်ကွင်း တစ်ခုဖြစ်သည်။ တစ်ခုသော မိုးရာသီ၏ ညတစ်ညမှ မိုးသည်းလေထန်၍ ကံကြမ္မာရိုင်းနှင့် ကြုံတွေ့ခံစားခဲ့ရသော ယိုင်တိုင်တိုင်တဲအိမ်အတွင်းမှ မိသားစု၏ဖြစ်ရပ်များကို "သဗ္ဗေသတ္တာ ကမ္မ သကာ" ဟူသော ဗုဒ္ဓ၏ အဆုံးအမနှင့်အညီ ခံယူလျက် ဆုတောင်း အမျှဝေမှုကိုသာ ကျွန်ုပ်တတ်စွမ်းသမျှ ပြုမိပါတော့သည်။ ။

မိတ်ဆွေပေါများခြင်းအကျိုး

- ❑ မိတ်ဆွေဟူသည်
- ❑ မိတ်ဆွေကောင်းပေါများရန်လိုအပ်ပုံ
- ❑ မိတ်ဆွေကောင်းပေါများခြင်းကြောင့် ရရှိသောအကျိုးနှင့်သာဓကများ
- ❑ မိတ်ဆွေဆိုးများကြောင့် ရရှိသောအကြောင်းနှင့်သာဓကများ
- ❑ ခံစားချက်နှင့်အတွေးအမြင်များ

## မိတ်ဆွေပေါများခြင်းအကျိုး

မိတ်ဆွေဟူသည် 'မိတ္တ'ဟူသော ပါဠိဘာသာစကားနှင့် 'ဆွေ'ဟူသော မြန်မာစကားတို့ကို ပေါင်းစည်း၍ မြန်မာမှုပြုထားခြင်းဖြစ်သည်။ 'မိတ်' ဟူသည် 'မိတ္တ' ဟူသော ပါဠိစကားမှဆင်းသက်လာပြီး အဆွေခင်ပွန်း၊ သင့်မြတ်သော အတွဲအဖက်ဟူ၍အဓိပ္ပာယ်ရှိသည်။ 'ဆွေ'ဟူသည် ဂရိဘာသာစကားဖြစ်ပြီး အဓိပ္ပာယ်မှာ ခင်မင်သူရင်းနှီးသူ ဆွေမျိုးဟူ၍ဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေဟူသည် ခင်မင်သောသူ၊ ရင်းနှီးသောသူဟူ၍ဆိုလိုသည်။

လူသားတို့သည် ပေါင်းသင်းဆက်ဆံရေး သတ္တဝါများ ဖြစ်သည်ဟူ၍ ပညာရှင်များမိန့်ဆိုထားသည်။ လူသည်တစ်ဦးတစ်ယောက်တည်း နေထိုင်သည် ထက် လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံမှု၊ အသိုင်းအဝိုင်းနှင့် နေထိုင်ဆက်ဆံမှုပြုကြသည်။ အသိုင်းအဝိုင်းဟူသည် ပတ်ဝန်းကျင်၊ လူ၏အသိုင်းအဝိုင်းနယ်ပယ်၌ တတ်စွမ်းသမျှ ဝင်ဆံ့နေထိုင်ဆက်ဆံ၍ လျှောက်လှမ်းရမည်ဖြစ်သည်။ လူ၏ ပတ်ဝန်းကျင်၊ လူ၏အသိုင်းအဝိုင်းတွင် အကောင်းနှင့်အဆိုးတို့သည် ဒွန်တွဲနေသည့်နည်းတူ မိတ်ဆွေအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်တွင်လည်း မိတ်ဆွေကောင်းနှင့် မိတ်ဆွေဆိုးဟူ၍ ရှိတတ်စမြဲပင်ဖြစ်သည်။

လူတို့သည် မိတ်ဆွေအသိုင်းအဝိုင်း၊ မိတ်ဆွေပေါများမှုဖြင့် လူမှုဆက်ဆံရေး နယ်ပယ်၌ ကျင်လည်ရာတွင် မိတ်ဆွေကောင်းပေါများရန် အလွန်အရေးကြီးသည်။ မိတ်ဆွေကောင်းဟူသည် အခက်အခဲများ ဘဝပြဿနာများ၊ အရေးကိစ္စများ ဖြစ်ပေါ် တွေ့ကြုံ ရင်ဆိုင်လာသည့်အချိန်တိုင်း မိမိဘက်မှရပ်တည် ကူညီဖေးမ၍ ကောင်းရာကောင်းကျိုးကို လမ်းညွှန်ပြောပြမယ့် အားပေးဆောင်ရွက်တတ်သူဖြစ်သည်။

လောကနီတိကျမ်းများတွင် မိတ်ဆွေကောင်းတို့၏ ဂုဏ်ရည်များအဖြစ် မကောင်းသော အကျင့်တို့မှ တားမြစ်ခြင်း၊ ကောင်းသော အကျိုးကျေးဇူးများကို တိုက်တွန်းခြင်း၊ မလိုအပ်သော အကြောင်းအရာကိစ္စများကို လုံခြုံစွာလျှို့ဝှက်ပေးခြင်း၊ တစ်ပါးသူ၏ ဂုဏ်ကျေးများကို အခါမလပ် ဖော်ထုတ်ပြောဆိုတတ်ခြင်း၊ အခက်အခဲနှင့် ဆိုးကျိုးများ တွေ့ကြုံခံစားနေရချိန်တွင် စွန့်ခွာရောင်တိမ်းခြင်းမပြုဘဲ ရက်ရောစွာ ပေးကမ်းထောက်ပံ့ကူညီခြင်း ဟူသောဂုဏ်ကျေးဇူးများနှင့် ပြည့်စုံနေသူဖြစ်သည် ဟူ၍ လမ်းညွှန်ခဲ့သည်။ မိတ်ဆွေကောင်းတို့၏ ဂုဏ်ရည်နှင့် လူမှုကျင့်ဝတ်ကို "သေတူရှင်ဖက် ဆောင်ရွက်မကင်း အချင်းချင်းတွင် ကိစ္စကြီးငယ်ရှိခါဝယ်လည်း မဖယ်မသွေ ညီညာကုန်း၍ ရုန်းကြလေ" ဟူ၍ ရှေးပညာရှင်စာဆိုတော် ကြီးများက လမ်းညွှန် မိန့်ကြားခဲ့သည်။

လောကတွင် လူသားတို့သည် မိတ်ဆွေကောင်းဟူသော ကလျာဏမိတ္တကို ရွေးချယ်ပေါင်းသင်း ဆက်ဆံကာ မိတ်ဆွေတုမိတ်ဆွေဆိုး၊ မိတ်ဆွေယုတ်ဖြစ်သော ဗာလမိတ္တဲ့တို့ကို ဝေးစွာရှောင်ကြဉ်မှသာလျှင် မိတ်ဆွေပေါများခြင်း၏ အကျိုးကို ရရှိခံစားနိုင်မည်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ပရိတ်တော်ကြီး (၁၁)သုတ်၏ မင်္ဂလသုတ်တော်၌ ပညာရှိ သူတော်ကောင်း ဖြစ်သော မိတ်ဆွေကောင်း မိတ်ဆွေစစ်တို့ကို ရွေးချယ်ပေါင်းသင်း၍ မိတ်ဆွေတု၊ မိတ်ဆွေဆိုးဖြစ်သော လူမိုက်များ၊ စိတ်ယုတ်စိတ်ဆိုး ရှိသူတို့ကို ဝေးစွာရှောင်ကြဉ် ကြရန် အထင်အရှားလမ်းညွှန်ခဲ့သည်။

မိတ်ဆွေကောင်းပေါများခြင်းသည် "အေးမြသောသစ်ပင်ရိပ်တွင် ခိုလှုံရခြင်း၊ ညနေခင်းဆည်းဆာရိပ်တွင် နားနေခြင်း၊ အေးမြသောရေချမ်းစင်တွင် သောက်သုံးခွင့်ရခြင်း" ဟူသော အကျိုးတရားများကဲ့သို့ ရရှိခံစားစေနိုင်သည်ဟူ၍ ဆိုရိုးစကားရှိခဲ့သည်။ ယင်းဆိုရိုးစကားများအနက် "မိတ်ဆွေကောင်းပေါများခြင်းသည် ညနေခင်းဆည်းဆာရိပ်တွင် နားနေခြင်းနှင့်တူသည်" ဟူသော အဆုံးအမသည် နက်နဲ၍ အနှစ်သာရပြည့်ဝသော အဆုံးအမလမ်းညွှန်ချက် တစ်ရပ်ဖြစ်သည်။ လူ့ဘဝတတိယအရွယ် နေညိုအိုမင်းချိန်တွင် မိမိအား မိတ်ဆွေကောင်း၊ မိတ်ဆွေစစ် စေတနာဖြင့် ကူညီထောက်ပံ့ဆောင်ရွက်ပေးသူသည် အရွယ်သုံးပါး၌ လေးစား နှစ်သက်ဖွယ် အကောင်းဆုံးသော မိတ်ဆွေစစ် မိတ်ဆွေကောင်းဖြစ်ကြောင်း ရည်ညွှန်းခြင်းပင် ဖြစ်သည်။

လူသားတို့သည် အရွယ်သုံးပါးလုံးတွင် မိတ်ဆွေပေါများခြင်း အထူးသဖြင့် မိတ်ဆွေကောင်းပေါများခြင်းသည် အရေးကြီးလှသည်။ ပထမအရွယ် လူငယ်ဘ၀တွင် မိတ်ဆွေကောင်းပေါများခြင်းကြောင့် ဘ၀ရည်မှန်းချက်နှင့် အသိပညာ၊ အတတ်ပညာများ ပြည့်စုံစေနိုင်သည်။ မိတ်ဆွေဆိုးနှင့် ပေါင်းသင်းမိလျှင် ဘ၀ရည်မှန်းချက်များ ဆုံးရှုံးမှုဖြစ်စေနိုင်သည်။ ထိုနည်းတူ ဒုတိယအရွယ် လူလတ်ပိုင်းတွင်လည်း မိတ်ဆွေများအနက်မှ မိတ်ဆွေကောင်းများကိုပေါင်းဖက်၍ မိတ်ဆွေဆိုးများကို ရှောင်ကြဉ်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေးကိစ္စများမှသည် စာရိတ္တမဏ္ဍိုင်ကို ခိုင်မြဲစေနိုင်သည်။ ထိုနည်းတူ တတိယအရွယ် ဖြစ်သော ဘ၀နေဝင်သည့် အချိန်တွင်လည်း မိတ်ဆွေကောင်း ပေါများမှုကြောင့် လောကီနှင့် လောကုတ္တရာ နှစ်ဖြာသော အကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်သည်။ လောကတွင် မိတ်ဆွေပေါများသော်လည်း မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ရရှိရန် ခဲယဉ်းတတ်ပုံကို "စိန်ကဲ ကျောက်ကဲ ထိုနှစ်ကဲထက် လူကဲခတ်ရ ခက်ခဲလှသည်" ဟူ၍ ဆုံးမစကားထားရှိခဲ့သည်။ ထို့ကြောင့် လူ့ဘ၀၌ အရွယ်သုံးပါးလုံးတွင် မိတ်ဆွေကောင်းပေါများခြင်းသည် အထူးအရေးပါလိုအပ်ပေသည်။

လူမှုပေါင်းသင်း ဆက်ဆံရေးနယ်ပယ်တွင် မိတ်ဆွေကောင်းပေါများခြင်းကြောင့် ဘ၀၏အကျိုး ကျေးဇူးများ ရရှိခံစားခဲ့ရသော သာဓကအထောက်အထားအမြောက်အမြားကို လေ့လာသိရှိနိုင်ပေသည်။ မူလတန်းအဆင့် မြန်မာဖတ်စာအုပ်မှ မိတ်ဆွေကောင်းသုံးဦးဖြစ်သော ခေါက်ရှာငှက်၊ သမင်နှင့်လိပ်တို့၏ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေကောင်းပီသစွာ ပေါင်းသင်းဆက်ဆံအကျိုးပြုမှုကြောင့် မုဆိုး၏ ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့ရကြောင်း သင်ရိုးစာပုံပြင်သည် ပထမအရွယ် စာသင်သား လူငယ်များအား မိတ်ဆွေကောင်း ပေါများခြင်း၏အကျိုးကျေးဇူး သင်ရိုးစာကို ဖော်ပြလမ်းညွှန်ခဲ့သည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အချိန်က ဘုရားရှင်၏ လက်ယာရံရှင်သာရိပုတ္တရာ အလောင်းတော်ဖြစ်သော ဥပတိဿလုလင်နှင့် လက်ဝဲရံရှင်မောဂ္ဂလာန် အလောင်းတော်ဖြစ်သော ကောလိတလုလင်တို့သည် မိတ်ဆွေကောင်းပီသစွာပင် အရှင်အဿဇိမထေရ်မြတ်ထံမှ ဗုဒ္ဓတရားတော်မြတ်ကို နာကြားရသောအခါ ဥပတိဿလုလင်သည် ကောလိတလုလင်ကို ပြန်လည်မျှဝေခံစား အကျိုးကျေးဇူး

များ ပေးခဲ့သည်။ မိတ်ဆွေကောင်းတို့၏ ဂုဏ်ရည်နှင့် အကျိုးကျေးဇူးကြီးမားမှု၏ ထင်ရှားသောမှတ်ကျောက်ဖြစ်သည်။

မိတ်ဆွေပေါ်များသော်လည်း မိတ်ဆွေကောင်းကို မပေါင်းဖော်ဘဲ မိတ်ဆွေဆိုးကို ပေါင်းဖော်မိသဖြင့် ဘဝပျက်ရသော အနိဋ္ဌာရုံဖြစ်ရပ် သာဓကများလည်း အထင်အရှားရှိခဲ့သည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ရာဇဂြိုလ်ပြည်၏ အိမ်ရှေ့မင်းသား အဇာတသတ်သည် မိတ်ဆွေဆိုး ဒေဝဒတ်နှင့် အပေါင်းအသင်းများယှဉ်းခဲ့သောကြောင့် ဖခင်ကိုသတ်ဖြတ်ခဲ့သော ပဉ္စာနန္တရိယ ကံကြီးထိုက် ပြုမှားခဲ့သည်။ ဘုရားရှင်လက်ထက်၌ နိဗ္ဗာန်သို့ရောက်နိုင်သော အခွင့်အရေးကောင်းကြီးကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ သံသရာတွင်လည်း ငရဲတွင် ကျရောက်ခံစားနေရသည်။

ထိုနည်းတူ မြန်မာ့သမိုင်း၌ ဖြစ်ရပ်များတွင်လည်း ပုဂံခေတ်တွင် စောလူးမင်းသည် မိတ်ဆွေကောင်းဖြစ်သော ကျန်စစ်သားကိုပစ်ပယ်၍ မိတ်ဆွေ ဆိုးဖြစ်သော ငရမန်ကန်းကို အားကိုးခဲ့သောကြောင့် ဘဝပျက်ကာ အသက်ဆုံးရှုံးခဲ့ရသည်။ တောင်ငူခေတ်တွင်လည်း အရည်အချင်းနှင့်ပြည့်စုံသော တပင်ရွှေထီး မင်းသည် သေရည်သေရက်ချက်သော မိတ်ဆွေဆိုးနှင့် ပေါင်းသင်းမိ၍ အရက်သေစာ၏ ကျေးကျွန် ဖြစ်ခဲ့သည်။ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ မြန်မာစာပေသမိုင်းတွင် ရတုဘုရင် နတ်ရှင်နောင်ဟူ၍ မော်ကွန်းဝင်ခဲ့သော နတ်ရှင်နောင်သည်လည်း နယ်ချဲ့ဇင်ကာ (ခေါ်) ဒီဗရစ်တို မိတ်ဆွေဆိုးနှင့် ပေါင်းသင်းဆက်ဆံမိခဲ့သောကြောင့် မြန်မာ့သမိုင်းကြောင်း၌ သမိုင်းသစ္စာဖောက် အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ကြောင့် လူမှုဆက်ဆံရေးနယ်ပယ်၌ မိတ်ဆွေပေါများခြင်းသည် အကျိုးများသော်လည်း မိတ်ဆွေစစ်နှင့် မိတ်ဆွေဆိုးကို ခွဲခြားသိမြင် ပေါင်းသင်းဆက်ဆံရန် အရေးကြီးပုံကို ညောင်ရမ်းခေတ် စာဆိုအကျော် တောင်ဖီလာဆရာတော်ကြီး၏ ယသဝဍ္ဎနဝတ္ထုတော်ကြီး၌ "မကောင်းသော အဆွေခင်ပွန်း၊ မကောင်းသောအပေါင်းအဖော်နှင့်သာ ပေါင်းဖက်၍ မကောင်းသောအမူအကျင့် မကောင်းသော အရပ်၌ နေထိုင်၊ စီးပွားရှာသူတို့သည် ပစ္စုပ္ပန်နှင့် သံသရာအကျိုးစီးပွား နှစ်ပါးပျက်စီးဆုံးရှုံးစေသည်။ ထိုသို့သော မကောင်းလက္ခဏာမပြသော မိတ်ဆွေစစ် မိတ်ဆွေကောင်းများကိုသာ ရွေးချယ်ပေါင်းသင်းအပ်၏ဟူ၍ လမ်းညွှန်ဆုံးမခဲ့သည်။

လောကနီတိကျမ်းတွင်လည်း "မျက်ကွယ်၌ ကျေးဇူးကို ချေဖျက်တတ်၍

မျက်မှောက်၌ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သော မိတ်ဆွေမျိုးသည် အဆိပ်တို့၌ကျရောက်သော ဖျားရည်ကဲ့သို့ဖြစ်သည်ဟူ၍ ဆုံးမထားပေသည်။

ထို့ကြောင့် "မကောင်းမှုကိုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိကိုယ်တိုင်လည်း စိတ်ကောင်းထား၍ မိတ်ဆွေကောင်းများကိုသာ ရှာဖွေပေါင်းဖော်ခြင်းဖြင့် မိတ်ဆွေပေါများခြင်း၏ အကျိုးကျေးဇူးကို ရရှိခံစားရမည်ဖြစ်ပေသည်။ "ခွေးတောက်မြစ်ယှက် စိုက်ရောဖက်က သရက်ပင်မင်း သီးချိုကင်း၏" ဟူသော ဆုံးမလမ်းညွှန်မှု၏ အနှစ်သာရနှင့်အညီ လူမှုပေါင်းသင်းဆက်ဆံရေး နယ်ပယ်၌ မိတ်ဆွေပေါများမှုတွင် မိတ်ဆွေဆိုးများကို ရှောင်ကြဉ်၍ မိတ်ဆွေကောင်းပေါများရေးကို အလေးထား၍ ပေါင်းသင်းဆက်ဆံဆောင်ရွက် လုပ်ကိုင်ကြရမည်ဖြစ်ပေသည်။ ။

## ကျန်းမာပျော်ရွှင်တို့ပြည်တစ်ခွင်

- ☐ ကျန်းမာပျော်ရွှင်ခြင်းသည် လာဘ်တစ်ပါးဖြစ်ပုံ
- ☐ ကိုယ်ရောစိတ်ပါ ကျန်းမာပျော်ရွှင်ရန် အရေးကြီးပုံ
- ☐ ကိုယ်ရောစိတ်ပါ ကျန်းမာပျော်ရွှင်လျှင် တိုင်းပြည်တစ်ခွင်တွင် အရာရာအောင်မြင်မှုရနိုင်ပုံ
- ☐ ကျန်းမာပျော်ရွှင်သော ပြည်ထောင်စုသားကောင်းများသည် တိုင်းပြည်တစ်ခွင်၏ အဓိက မဏ္ဍိုင်ဖြစ်ပုံ
- ☐ ကျန်းမာပျော်ရွှင်မှုဖြင့် တိုင်းပြည်နှင့်လူမျိုး၏ အကျိုးမြင့် တင်ဆောင်ရွက်နိုင်ပုံ

# ကျန်းမာပျော်ရွှင်တို့ပြည်တစ်ခွင်

ကျန်းမာခြင်းဟူသည် အနာရောဂါများကင်းဝေးခြင်း နေထိုင် ကောင်းခြင်းဖြစ်သည်။ ပျော်ရွှင်ခြင်းဟူသည် လူသားတို့၏ စိတ်ရောကိုယ်ပါ ကြည်နူးစွာခံစားရခြင်းဖြစ်သည်။ ထို့ကြောင့် ကျန်းမာပျော်ရွှင်ခြင်းသည် လူတို့၏စိတ်ရောကိုယ်ပါ ကျန်းမာ၊ ချမ်းသာစွာ ခံစားနစ်သက်မှုရရှိခြင်း ဖြစ်သောကြောင့် ကျန်းမာပျော်ရွှင်ခြင်းသည် လူသားတိုင်း၏ လာဘ်တစ်ပါးဖြစ်သည်။ ကျန်းမာပျော်ရွှင်သော ပြည်သူပြည်သားတို့၏ စွမ်းအင်နှင့်စွမ်းရည်များသည် မိမိတိုင်းပြည်နှင့် လူမျိုးတို့အတွက် အထူးပဓာနကျပေသည်။ ကျန်းမာပျော်ရွှင်မှုများဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးစသော တိုင်းပြည်တစ်ခွင်၏ အကျိုးစီးပွားများကို ရွက်ဆောင်နိုင်မည်ဖြစ်သည်။

ကျန်းမာပျော်ရွှင်ခြင်းသည် လူတို့၏ လာဘ်တစ်ပါးဖြစ်ခြင်းကို ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကာလကပင် "အာရောဂျပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်" ဟူ၍ မိန့်ကြားလမ်းညွှန်ခဲ့သည်။ ထို့ကြောင့် ခေတ်အဆက်ဆက်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် ကောင်းမှုကုသိုလ်များ ပြုလုပ်သည့်အခါတိုင်း၌ ကိုယ်ကျန်းမာ၍ စိတ်ပျော်ရွှင် ချမ်းသာမှုရရှိစေရန် ဆုတောင်းမှုပြုလေ့ရှိကြသည်။ လူကြီးသူမများ၏ ဆုတောင်း မေတ္တာပို့သမှုပြုရာတွင်လည်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ပျော်ရွှင်ချမ်းသာခြင်းနှင့် ပြည့်စုံစေရန်

ဆုပေးမှုပြုလေ့ရှိကြသည်။ ယင်းသို့ ဆုတောင်းမှု၊ ဆုယူမှု၊ ဆုပေးမှုအစဉ်အလာသည် လူသားတို့အတွက် ကိုယ်ရောစိတ်ပါ ကျန်းမာပျော်ရွှင်မှု၏ အရေးကြီးပုံ မှတ်ကျောက် ဖြစ်သည်။

ကိုယ်ရောစိတ်ပါ ကျန်းမာပျော်ရွှင်မှု၏ အရေးကြီးပုံကို "မကျန်းမာနေသော ဘုရင်ဖြစ်ရခြင်းထက် ကျန်းမာပျော်ရွှင်နေသော သူဆင်းရဲဖြစ်ရခြင်းသည် ပိုမို မြင့်မြတ်သည်" ဟူ၍ အဆိုအမိန့်ပြုထားခဲ့ကြသည်။ ထို့ကြောင့် လူသားတို့ဘဝတွင် ပစ္စည်းဥစ္စာ ဂုဏ်ယူပြည့်စုံနေခြင်းထက် ကျန်းမာပျော်ရွှင်ခြင်းသည် ပိုမိုပဓာန ကျသည်။ သို့သော် ကျန်းမာပျော်ရွှင်ခြင်းကို ဆုတောင်းနေရုံ၊ တောင့်တနေရုံဖြင့် ရရှိပြည့်စုံလာစေနိုင်မည်မဟုတ်ပေ။ "အတ္တာဟိ အတ္တနော နာထော" ဟူသော "မိမိကိုယ်သာ ကိုးကွယ်ရာ" ဟူသော ဆိုရိုးစကားနှင့်အညီ မိမိကိုယ်တိုင်လည်း ကျန်းမာရေးအသိ ကျန်းမာရေးသတိများဖြင့် နေထိုင်စားသောက် ပြုမူကျင့်ကြံ ဆောင်ရွက်မှသာလျှင် ကျန်းမာပျော်ရွှင်သော လူမှုရေးသုခကို ရရှိနိုင်မည် ဖြစ်သည်။ "လူ့ဘဝသည် ရခဲလှသည်" ဟု ဆိုကြသည်။ ရခဲလှသောလူ့ဘဝတွင် ကျန်းမာ ပျော်ရွှင်သော လူ့ဘဝကို ရပ်တည်ဖြတ်သန်း လျှောက်လှမ်းနိုင်မှသာလျှင် ဘဝတန်ဖိုး ရှိပေမည်။ ဘဝအသိနှင့် ဘဝသတိယှဉ်တွဲလျက် ကျန်းမာပျော်ရွှင်သော ကိုယ်ရော စိတ်ပါကျန်းမာပျော်ရွှင်သော လူ့အသိုင်းအဝိုင်းဖြင့် မိမိ၏တိုင်းပြည် မိမိ၏လူမျိုး အတွက် တိုးတက်ဖွံ့ဖြိုး စည်ပင်သာယာရေးကို ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် မျက်မှောက်ခေတ်ဆေးပညာလောကတွင် ကျန်းမာပျော်ရွှင်ခြင်းသည် တိုင်းပြည် တစ်ခွင်၏ မဏ္ဍိုင်ဖြစ်ကြောင်းကို "ကျန်းမာပျော်ရွှင်ခြင်းသည် လူတစ်ဦးချင်းစီ၏ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများမှသည် မိသားစု၊ လူမျိုး၊ တိုင်းပြည်၏ ကာယသုခ စိတ္တသုခ၊ လူမှုရေးသုခများကို စွမ်းစွမ်းတမံ အောင်မြင်စွာ အကျိုး ဖြစ်ထွန်းစွာ ဆောင်ရွက်မှုကို ပြုလုပ်စေနိုင်သည်" ဟူ၍ ဝိသေသပြုခဲ့သည်။

လူတိုင်းသည် ကျန်းမာပျော်ရွှင်မှုပြည့်စုံနေလျှင် လူမှုကိစ္စအဝဝကို အောင်မြင် စွာ ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းရှိသည်။ လူတိုင်းအတွက် အရေးပါသော ကျန်းမာ ပျော်ရွှင်မှုကို လူတစ်ဦးချင်းစီ အလေးထားလိုက်နာကျင့်သုံးရေး၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ မြို့ပြ၊ ပြည်ရွာ၊ နိုင်ငံနှင့်လူမျိုး၏ ကျန်းမာပျော်ရွှင်မှု အာနိသင်များကို အဆင့်ဆင့်တည်ဆောက်ပြုစု ဆောင်ရွက်အောင်မြင် အကျိုးဖြစ်ထွန်းလာစေမည် ဖြစ်သည်။

ကျန်းမာပျော်ရွှင်၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာမှုရှိသော လူငယ်၊ လူလတ်၊ လူကြီးတို့၏ စုပေါင်းညီညွတ်မှုအားဖြင့် နိုင်ငံနှင့်လူမျိုး၏ ကိစ္စရေးရာ အဖြာဖြာတို့ကို အောင်မြင်စွာလုပ်ကိုင် ဆောင်ရွက်နိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ အဓိကကျသော အခြေခံအင်အားစုသည် ကျန်းမာပျော်ရွှင်သော ကာယ၊ ဉာဏ၊ စိတ္တသုခပြည့်စုံသော နိုင်ငံသားတို့၏ စည်းရုံးရေးအင်အားပင်ဖြစ်သည်။ မြန်မာ့သမိုင်းကြောင်းတွင် ကျန်းမာပျော်ရွှင်သော နိုင်ငံသားများကိုမဏ္ဍိုင်ပြု၍ နိုင်ငံတော်နှင့် တိုင်းပြည်ထူထောင်ရေး၊ ကာကွယ်ရေးလုပ်ငန်းများဖြင့် အလေးထား ဆောင်ရွက်မှုပြုခဲ့ကြောင်း သမိုင်းအထင်အရှားရှိနေသည်။ သာဓကအားဖြင့် ကုန်းဘောင်ခေတ်ဦးကတည်းက မြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သော အလောင်းဘုရား ဦးအောင်ဇေယျသည် မြင်းရည်တက် သူရဲကောင်း (၆၉)ဦးကို ကျန်းမာကြံ့ခိုင် ပျော်ရွှင်သော စိတ်ဓာတ်လုပ်ရပ်များ အခြေခံလျက် ရွေးချယ်ကာ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်စေခဲ့သည်။

ထိုနည်းတူ ကုန်းဘောင်ခေတ်နှောင်း မန္တလေးရတနာပုံခေတ်၊ မင်းတုန်းမင်းလက်ထက်တွင်လည်း အိမ်ရှေ့ကိုယ်တော်ကြီး ကနောင်မင်းသားကြီးသည် နိုင်ငံခြားပညာတော်သင် လူငယ် (၈၀) ကျော်ကို ရွေးချယ်စေလွှတ်ရာ၌ အရပ်အမောင်းဖြပေကျော်၍ ကျန်းမာသန်စွမ်းပြီး ပညာဉာဏ်ထက်မြက်သူတို့ကိုသာ ဦးစားပေး ရွေးချယ်လျက် ကျန်းမာပျော်ရွှင်သော တိုင်းပြည်ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ကျန်းမာကြံ့ခိုင်၍ ပျော်ရွှင်သော ပြည်ထောင်စုသားကောင်းများသည် နိုင်ငံနှင့် လူမျိုးအတွက် လေးစားအားထားရသူတို့ ဖြစ်ကြသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်၌ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလဖယ်နှင့် ညောင်ဦးဖီး သူရဲကောင်းလေးဦး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု၊ ကိုယ်ရောစိတ်ပါ ပျော်ရွှင် တက်ကြွမှုဖြင့် တိုင်းပြည်တာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုသည် သမိုင်းဝင်ထင်ရှားခဲ့သည်။ ပုဂံသားတို့၏ ကျန်းမာပျော်ရွှင်တို့ပြည်တစ်ခွင် စွမ်းဆောင်ချက်၊ စွမ်းရည် တို့ဖြင့် ပုဂံနေပြည်တော်ကြီးသည် သမိုင်းကြောင်း၌

“လာစမ်းဟဲ့ မေ့သား၊ အမယ်မင်းထွားလိုက်တာ
စစ်သားကြီးလုံးလုံး၊ ဗိုလ်မှူးကြီးရှုံးလောက်ရဲ့
ပခုံးနဲ့လက်ပြင်၊ ကျောပြင်ကသံချောင်း
တစ်နှစ်တွင်းမှာ ချက်ချင်းပဲပြောင်းရော

ကောင်းလိုက်ပေ့ မယ့်သား ဤဇမ္ဗူ တစ်လူ့ရှားလောက်ရဲ့" ဟူ၍ ဖွဲ့ဆို မှတ်တမ်းတင်ခဲ့သည်။

မျက်မှောက်ခေတ်တွင်လည်း ကျန်းမာပျော်ရွှင်သော ပြည်ထောင်စုသားကောင်းများ လူငယ်အင်အားစုများ၏ အခန်းကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝပြောစည်ပင်ရေးအတွက် မဏ္ဍိုင်ဖြစ်သည်။ ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းသော၊ စိတ်ဓာတ်ရေးရာ တည်ကြည်ဖြူစင်ကြံ့ခိုင်သော၊ စာရိတ္တမဏ္ဍိုင် အခြေခိုင်သော လူငယ်တို့၏စည်းလုံးညီညွတ်မှု ခေတ်ရေးခေတ်ရာ အမြင်သစ် အတွေးအမြင်တို့သည် အနာဂတ်တိုင်းပြည်အတွက် အင်အားသစ်များပင်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်ပျော်ရွှင်မှုသည် တိုင်းပြည်နှင့်လူမျိုး၏ ပဓာနကျသော မဏ္ဍိုင်ကြီးဖြစ်သည်။ လှည်းဘီးတစ်ခုတွင် လှည်းပန်းတောင်းများသည် လှည်းဘီး၏ ဗဟိုမဏ္ဍိုင်ဖြစ်သော လှည်းဝင်ရိုးတွင် စုစည်းနေသကဲ့သို့ နိုင်ငံသားကောင်းများဖြစ်သော လှည်းပန်းတောင်းတို့သည် ကျန်းမာကြံ့ခိုင်ပျော်ရွှင်မှုတည်းဟူသော ကိုယ်ခန္ဓာကျန်းမာသန်စွမ်းခြင်း၊ စိတ်ဓာတ်ရင့်ကျက် တည်ငြိမ်ကြံ့ခိုင်ခြင်း၊ စာရိတ္တမဏ္ဍိုင် မယိမ်းမယိုင်နိုင်မာခြင်းဟူသည့် လှည်းဝင်ရိုး၌ ဆုံစည်းဗဟိုပြု၍ လှည်းဘီးကို လည်ပတ်ကာ ခရီးပန်းတိုင်ကို အရောက်လှမ်းသကဲ့သို့ ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းကိုင် ချီတက်ကြရမည် ဖြစ်ပေသည်။

ထို့ကြောင့် မျက်မှောက်ခေတ်လူငယ်များနှင့် နိုင်ငံသားတိုင်းသည် ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော၊ ကိုယ်ရောစိတ်ပါ နိုးကြားတက်ကြွ လန်းဆန်းသော စွမ်းရည်တို့ဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင် ပျော်ရွှင်သောလက်များ၊ ခွန်အားစိတ်ဓာတ်များဖြင့် တိုင်းပြည်တစ်ခွင်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် ရေးရာအဖြာဖြာကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရ မည်ဖြစ်သည်။ တိုင်းပြည်၏ မဏ္ဍိုင်သည် ကျန်းမာပျော်ရွှင်သော နိုင်ငံသားတို့၏ စွမ်းရည်မှတ်ကျောက်တွင် အခြေခံလျက်ရှိသည်။ ။

ရိုးသားဖြောင့်မတ်ခြင်း

- ရိုးသားဖြောင့်မတ်ခြင်းဟူသည်
- လူတိုင်းရှိသင့်သောစိတ်ထားဖြစ်ပုံ
- လူမှုနယ်ပယ်တိုင်းတွင် ရိုးသားဖြောင့်မတ်ခြင်းလိုအပ်ပုံ
- ရိုးသားဖြောင့်မတ်သည့် စိတ်ထားရှိခြင်း၊ မရှိခြင်း၏အကျိုးအပြစ်များ
- စာတွေ့ကိုယ်တွေ့သာဓကများ
- မိမိသဘောထားအမြင်

# ရိုးသားဖြောင့်မတ်ခြင်း

ရိုးသားခြင်းဟူသည် ရိုးဖြောင့်မှန်ကန်ခြင်းဟူ၍ဖြစ်သည်။ ဖြောင့်မတ်ခြင်းဟူသည် ဖြောင့်မှန်တည့်မတ် ရိုးသားခြင်းဟူ၍ ဖြစ်သည်။ ထို့ကြောင့် ရိုးသားဖြောင့်မတ်ခြင်း၏ အဓိပ္ပာယ်နှင့်အနှစ်သာရမှာ လူသားတို့၏ ကံသုံးပါးဟူသော အမှုကိစ္စများ၌ ရိုးဖြောင့်ခြင်း၊ မှန်ကန်ခြင်း၊ တည့်မတ်ခြင်း ဟူသော ဝိသေသနှင့် ဂုဏ်ဒြပ်ပြည့်စုံမှုဖြစ်သည်။

ရိုးသားဖြောင့်မတ်ခြင်းသည် လူတိုင်းတွင် ရှိသင့်သော စိတ်ထားဖြစ်သည်။ လောကီနှင့်လောကုတ္တရာ ဟူသော နှစ်ဖြာသောအကျိုးစီးပွားနှင့် ပြည့်စုံလိုသူတိုင်းသည် ရိုးသားဖြောင့်မတ်ခြင်းကို တန်ဖိုးထားဆောင်ရွက်ရမည်ဖြစ်ပေသည်။ လူတို့၏ ကံသုံးပါး အမှုကိစ္စသုံးပါးဖြစ်သော ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာတို့သည် ရိုးသားဖြောင့်မတ်ဖြူစင်စွာ ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် ပစ္စုပ္ပန်ကာလ၏ အကျိုးစီးပွားကို သော်လည်းကောင်း၊ အနာဂတ်ကာလ၏ အကျိုးစီးပွားများကို သော်လည်းကောင်း အနာဂတ်ကာလ၏ အကျိုးစီးပွားများကို သော်လည်းကောင်း အောင်မြင်မှုရရှိပေမည်ဖြစ်သည်။

မြန်မာမှုနယ်ပယ်တွင် "ရိုးသားလျှင်စားမကုန်၊ ကောက်ကွေ့လျှင် စားမလောက်" ဟူသော ဆိုရိုးစကားရှိသည်။ ရိုးသားဖြောင့်မတ်မှု ကိုယ်ကျင့်တရားကောင်းမွန်မှုဖြင့် ဘဝတွင်လုပ်ကိုင်စားသောက်လျှင် ဘဝတစ်သက်တာပတ်လုံး၌ စိတ်ချမ်းသာပျော်ရွှင်မှုကို ရစေနိုင်သည်။ မရိုးဖြောင့်သော၊ မတရားသော နည်းများဖြင့် စီးပွားရှာခဲ့လျှင် ဘဝတစ်နပ်စာမျှသာ အကျိုးခံစားရမည် ဖြစ်သည်။ လူ

လောက၏ အလှတရားတွင် ရိုးသားဖြောင့်မတ်ခြင်းဟူသော ရိုးဂုဏ်သည် ခေတ်အဆက်ဆက် မရိုးနိုင်သော ဂုဏ်ဒြပ် ဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းသည် လူတိုင်းရှိအပ်သော ကိုယ်ကျင့်တရားဖြစ်သည်။ လူတိုင်းသည် ဘဝသက်တမ်း တစ်လျှောက်၌ ရိုးသားဖြောင့်မတ်ခြင်းဟူသော ကိုယ်ကျင့်တရား၊ ကိုယ်ကျင့်သိက္ခာ၊ စိတ်နေစိတ်ထား၊ ကိုယ်ရည်ကိုယ်သွေးများကို မွေးမြူလေ့ကျင့်ဆောင်ရွက်ရမည်။ ကိုယ်ကျင့်တရားကောင်း၊ ကိုယ်ကျင့်သိက္ခာကောင်းသည် ကိုယ်ရည်ကိုယ်သွေး ရှိသူတို့သည် မိမိတို့၏ ပစ္စုပ္ပန်ကာလအခြေအနေကို အရင်းတည်လျက် အနာဂတ် ကာလနှင့် အနာဂတ်ဘဝကို မြင့်မြင့်မားမား ရည်ရွယ်ချက်ကြီးမားစွာ အရောက် လျှောက်လှမ်းနိုင်သူတို့ဖြစ်ကြသည်။ ရိုးသား ဖြောင့်မတ်ခြင်းဟူသော ကိုယ်ကျင့် သိက္ခာကောင်း အရင်းတည်၍ လုပ်ဆောင်သူတိုင်းသည် အမြင့်သို့ရောက်သည်နှင့်အမျှ အတ္တဟိတနှင့် ပရဟိတဟူသော မိမိအကျိုးနှင့် အများအကျိုးတို့ကို မျှမျှတတလု ပ်ကိုင်ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်ထူးများအဖြစ် ရပ်တည်နိုင်ခဲ့ကြသည်။ ထိုသူတို့ သည် လူသေသွားသော်လည်း နာမည်မသေသော ဂုဏ်ဒြပ်ကို ပိုင်ဆိုင်သူတို့ ဖြစ်ကြသည်။

သာဓကအားဖြင့် ၁၉ရာစုနှစ်ဦးပိုင်း၌ အမေရိကန်နိုင်ငံတွင် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော အေဘရာဟာမ်လင်ကွန်းသည် ငယ်ရွယ်စဉ်က အလွန် ဆင်းရဲခဲ့သည်။ သို့သော် ရိုးသားဖြောင့်မတ်ခြင်း ဟူသော ကိုယ်ကျင့်တရားကောင်းကို မွေးမြူ၍ ဖြူစင်သောစိတ်ထားဖြင့် ဘဝကို ရုန်းကန်ကြိုးစားခဲ့သည်။ မြင့်မားသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များကိုထားရှိ၍ ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့မှုများ ကြောင့် အမေရိကန်သမ္မတရာထူးကို ပြည်သူအများ၏ ရွေးချယ်တင်မြှောက်ခြင်းဖြင့် ရရှိခဲ့သည်။ ကမ္ဘာ့သမိုင်းတွင်လည်း ရိုးသားဖြောင့်မတ်၍ ကိုယ်ကျင့်တရား ဖြူစင် သော ပုဂ္ဂိုလ်ကြီးအဖြစ် ဥဒါန်းတွင်လျက် ရှိနေသည်။

ထိုနည်းတူ မြန်မာ့သမိုင်းကြောင်းတွင်လည်း ပုဂံခေတ်လယ်ပိုင်းမှ ကျန်စစ် မင်းသားသည် အနော်ရထာမင်း နတ်ရွာစံချိန်၌ စောလူးမင်းလက်ထက် ပုဂံ နေပြည်တော် ဖရိုဖရဲဖြစ်နေချိန် ထီးနန်းကို အလွယ်တကူသိမ်းယူရရှိနိုင်သော်လည်း စောလူးမင်းသက်တော်ထင်ရှားရှိနေသေးသည့်အတွက် ထီးနန်းကို လက်ခံသိမ်းယူခြင်း မပြုခဲ့။ ရိုးသားဖြူစင်သော စိတ်ရင်းကောင်းဖြင့် ကျန်စစ်သားသည် အသက်စွန့်လျက် စောလူးမင်းကို ကယ်ဆယ်ခဲ့သည်။ ကယ်ဆယ်၍မရသည့် အဆုံးတွင်မှ စောလူးမင်း

နတ်ရွာစံပြီးသည့်အချိန်မှ ပုဂံထီးနန်းကို လက်ခံအုပ်စိုးခဲ့သည်။ ကျန်စစ်သားမင်း စိတ်ဓာတ်နှင့် လုပ်ရပ်သည် ရိုးသားဖြောင့်မတ်ခြင်း ဂုဏ်ဒြပ်နှင့် ဝိသေသကို ဖော်ညွှန်းပြသလျက်ရှိနေသည်။

ကုန်းဘောင်ခေတ်နှောင်း မန္တလေးရတနာပုံခေတ်တွင် အမျိုးသားရေး စာဆိုကြီးအဖြစ် ထင်ရှားခဲ့သော ယောအတွင်းဝန် ဦးဖိုးလှိုင်သည် ရိုးသားဖြောင့် မတ်ခြင်း ဟူသောဂုဏ်ဒြပ်ကို သေတစ်ပန်သက်တစ်ဆုံး တန်ဖိုးထား ဆောင်ရွက်ခဲ့ သူဖြစ်သည်။ ယင်းသို့သော ဂုဏ်ဒြပ်ပြည့်စုံမှုကို စာရေးဆရာကြီး မောင်ထင်၏ ယောမင်းကြီးစိတ်ဓာတ် ဆောင်းပါး၌ ဖော်ထုတ်တင်ပြထားသည်။ ယောမင်းကြီး ဦးဖိုးလှိုင်သည် မင်းတုန်းမင်းကြီးအကြိုက် မြှောက်ပင့်ပြောဆိုနေကြသော မှူးမတ် များ၏ အတ္တအကျိုးစီးပွား အခြေခံသော ပြောဆိုလုပ်ဆောင်နေမှုများကြောင့် တိုင်းပြည်နစ်နာ ဆုံးရှုံးနေရမှုများကို မင်းတုန်းမင်းအား ရဲဝံ့စွာပြောဆိုလျှောက်ထား ခဲ့သည်။ မင်းတုန်းမင်းက အမျက်ထွက်၍ ယောမင်းကြီး၏ ဖခင်အား ထိုးသတ်ခဲ့ သောလှံဖြင့် ထိုးသတ်ရန်ပြုသောအခါ ယောမင်းကြီးက ရင်ကိုကော့ပေးလျက် ထိုးတော်မူပါဟု လျှောက်တင်ခဲ့သည်။ ဤဖြစ်ရပ်သည် ယောမင်းကြီးဦးဖိုးလှိုင်၏ မိမိအကျိုးထက် တိုင်းပြည်နှင့်လူမျိုး၏ အကျိုးအတွက်ထားရှိသော ရိုးသားဖြောင့် မတ်သည့် စိတ်ထားနှင့် အရည်အသွေးတို့၏ မှတ်ကျောက်ပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ငယ်ရွယ်စဉ်ဘဝကပင် စိတ်သဘောထားဖြူစင် ရိုးသားဖြောင့်မတ်ခဲ့သည်။ ရိုးသား ဖြောင့်မတ်မှု ဂုဏ်ရည်ကို ငယ်ရွယ်စဉ်ဘဝမှသည် တက္ကသိုလ်ကျောင်းသား ဘဝ နိုင်ငံ့ခေါင်းဆောင်ဘဝအထိ ရာသက်ပန် ရိုးမြေကျ ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ခဲ့သည်။ ရိုးသားဖြောင့်မတ်ခြင်းဟူသော စိတ်ကောင်းနှလုံးလှ စိတ်ထား အပြောအဆို၊ အပြုအမူလုပ်ရပ်များဖြင့် မိမိ၏အတ္တကိုယ်ကျိုးအတွက် ဥပေက္ခာ ပြုလျက် တိုင်းပြည်နှင့်လူမျိုး၏ လွတ်လပ်ရေးအတွက် အသက်ကိုစတေး၍ ရွက်ဆောင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်ခြင်း ဂုဏ်ဒြပ် ဝိသေသသည် မြန်မာ့သမိုင်းတွင်သာမက ကမ္ဘာ့သမိုင်းတွင်လည်း ဥဒါန်းတွင်လျက် ရှိနေပေသည်။ စိတ်ထားဖြူစင်၍ ရိုးသားဖြောင့်မတ်သော ပုဂ္ဂိုလ်ထူးများကို ဗုဒ္ဓ မြတ်စွာဘုရားသည် ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသူ၊ သီလနှသံတိရှိသူဟူ၍ ချီးကျူးခဲ့သည်။ မိမိ၏အတ္တအကျိုးစီးပွား တစ်ခုတည်းကို အခြေခံလျက် မည်သူ

သေသေ တေမာလျှင်ပြီးရော စိတ်ထားဖြင့် ဆောင်ရွက်နေသူများကိုမူ ဒုက္ခာနုဿတိ ကိုယ်ကျင့်တရားပျက်စီးသူဟူ၍ ရှုတ်ချခဲ့သည်။ စိတ်ထားမဖြူစင်ဘဲ ရိုးသားဖြောင့်မတ်ခြင်း မရှိသူသည် အနှစ်မရှိသော သစ်တုံးနှင့်တူသည်။ အနှစ်မရှိသောသစ်တုံးသည် အလယ်ခေါင်အူချောင်းအတွင်းသို့ ရေဝင်နိုင်ပြီး ကြာလျှင် ဆွေးမြည့်ပျက်စီးသွားရသည်။ ထိုနည်းတူ ရိုးသားဖြောင့်မတ်ခြင်း မရှိသူသည် မြင့်မြတ်သော ရည်မှန်းချက်မရှိ၊ ရည်ရွယ်ချက်အနှစ်သာရမရှိ၊ ဆူလွယ်နပ်လွယ် ဖြစ်သည်။ တစ်နပ်စားဉာဏ်သာ ရှိသည်။ ထို့ကြောင့် ရိုးသားဖြောင့်မတ်ခြင်း၏ တန်ဖိုးကို "ရိုးသားဖြောင့်မတ်ခြင်းမရှိဘဲ ဟန်ဆောင်လျက် ကျင့်ကြံပြောဆိုသော ကြောင်သူတော်ပုဂ္ဂိုလ်များသည် အတွင်းကပုပ်နေသူများ ဖြစ်သည်ဟု ဆိုအပ်၏" ဟူ၍ မြတ်စွာဘုရားရှင်ကိုယ်တိုင် ဟောကြားဆုံးမခဲ့သည်။

ဘဝတွင် ရိုးသားဖြောင့်မတ်စွာ လုပ်ဆောင်၍ ဘဝ၏မြင့်မားတိုးတက်မှုများကို ကြံစည်ဆောင်ရွက် သင့်ကြောင်းကို စာရေးဆရာကြီး နတ်မောက်ဘုန်းကျော်က ကိုယ်လုပ်စရာရှိမှုများကို စွဲမြဲစွာလုပ်ပါ။ မတွေဝေပါနှင့်၊ မိမိကိုယ်ကို ရောင်းမစားပါနှင့်၊ မိမိပတ်ဝန်းကျင်၊ မိမိလူမျိုး၊ မိမိတိုင်းပြည် အကျိုးရှိမည့် လုပ်ငန်းတစ်ခုခုကို လုပ်ပါ။ သေသွားလျှင်သော်မှ နာမည်ကျန်ရစ်ဦးမည်။ "လုပ်စရာရှိလျှင် ယခုကပင် စတင်ပြီး ထလုပ်အားမလျှော့လေနှင့်" ဟူ၍ လမ်းညွှန်ခဲ့သည်။ လောကီလူ့ဘဝတွင် ရိုးသားဖြောင့်မတ်ခြင်း၊ စိတ်ထားကောင်းမြတ်ခြင်း၊ ကိုယ်နှုတ်နှလုံးအမှုအရာ ဖြောင့်မတ်ခြင်းဟူသော စိတ်ကောင်းစေတနာ ကောင်းများ အရင်းခံလျက် မိမိအကျိုး မိသားစုအကျိုး၊ အများအကျိုးဟူသော အတ္တနှင့် ပရဗျူဟစွာ ဆောင်ရွက်မှုဖြင့် နိုင်ငံ၊လူမျိုးနှင့် မိမိဘဝမြင့်မားတိုးတက်မှု ရည်မှန်းချက်များ မျှော်မှန်းချက်များကို ပြည့်စုံ၍ အကျိုးများနေမည်ဖြစ်ပေသည်။ မိမိ၏ကောင်းသောလုပ်ရပ် စိတ်ရင်း စေတနာများသည် ဂုဏ်ဒြပ် ဝိသေသအဖြစ် မှတ်တမ်းဝင်လျက် ရှိနေမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် လူသေသွားသော်လည်း အမည်မသေသော လောကီဂုဏ်ရည် ပိုင်ဆိုင်သူများအဖြစ် သမိုင်းမှတ်တမ်းတင် ခံရမည်ဖြစ်ကြောင်းကို ဆရာဇော်ဂျီ၏ သင်သေသွားသော်ကဗျာ၌

**သင်သေသွားသော်**

**သင်ဖွားသောမြေ သင်တို့မြေသည်**

**အခြေတိုးမြင့် ကျန်ကောင်းသင့်သည်** ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

ရိုးသားဖြောင့်မတ်ခြင်းသည် လောကီအကျိုးကျေးဇူးကိုသာ ပြည့်စုံသည်သာမက လောကုတ္တရာ အကျိုးစီးပွားများကိုလည်း ရရှိခံစားစေမည်ဖြစ်ကြောင်းကို ဗုဒ္ဓ၏အဆုံးအမ လမ်းညွှန်ဟောကြားမှုများတွင် အထင်အရှားသိမြင်နိုင်ပေသည်။ ရိုးသားဖြောင့်မတ်ခြင်း၏ လောကီနှင့်လောကုတ္တရာ အကျိုးနှစ်ဖြာ ခံစားရရှိစေမှုကို အင်း၀ခေတ် စာဆိုကျော်ရှင်မဟာသီလဝံသက အတ္တဟူသော ကိုယ်ခန္ဓာဂုဏ်ကျေးဇူးသည် ပစ္စုပ္ပန်မျက်မှောက်ကာလ တစ်ခဏပင်လျှင် ပျက်စီးတတ်၏။ သီလသမာဓိ စသော ကောင်းမြတ်သည့် စိတ်ဓာတ်ကောင်းတို့၏ ဂုဏ်ကြောင့်ဖြစ်သော ကျေးဇူးတို့သည်ကား ကမ္ဘာအဆုံးတိုင်အောင်တည်ရှိ ကုန်အံ့ဟူ၍ မိန့်ကြားခဲ့သည်။

ထို့ကြောင့် လူသားတိုင်းသည် ရိုးသားဖြောင့်မတ်ခြင်းဟူသော ဂုဏ်ဒြပ်ဝိသေသဖြင့် ဘဝကို ရိုးရိုးသားသား ကြိုးကြိုးစားစား၊ ဖြောင့်ဖြောင့်မတ်မတ်၊ မှန်မှန်ကန်ကန်ကျင့်ကြံပြောဆို လုပ်ကိုင် ဆောင်ရွက်ကာ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ အရောက်လှမ်းလျှောက်ကြရမည်ဖြစ်သည်။ "ရိုးသားဖြောင့်မတ်ခြင်းသည် လူသားတို့၏ နှလုံးပုံရိပ်ဖြစ်သည်။ ရိုးသားဖြောင့်မတ်ခြင်းသည် ထာဝရမရိုးနိုင်သော အရိုးသားဆုံးသော နှလုံးလှစိတ်ထားနှင့် လုပ်ရပ်ဖြစ်သည်" ဟူ၍ ပညာရှိ သူတော်ကောင်းများ မိန့်ကြားလမ်းညွှန်ခဲ့ခြင်းဖြစ်ပေသည်။ ။

ရှိုင်းပင်းကျညီစိတ်

- ရှိုင်းပင်းကျညီစိတ်သည် မြန်မာတို့၏ အမူအကျင့်နှင့်ဓလေ့စရိုက်ဖြစ်ပုံ
- ယင်းစိတ်ကိုမွေးမြူသင့်ပုံ
- တစ်ကိုယ်ကောင်းစိတ်ကိုဖယ်ရှား၍ အများအကျိုးဆောင်ရွက်သင့်ပုံ
- ရှိုင်းပင်းကျညီခြင်းဖြင့် အစစအောင်မြင်နိုင်ပုံနှင့်သာဓကများ
- မိမိအတွေးအမြင်နှင့်စံယူချက်

# ရှိုင်းပင်းကျညီစိတ်

ရှိုင်းပင်းကျညီစိတ်သည် မြန်မာတို့၏ ခေတ်အဆက်ဆက်နှင့် ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်း အမွေပေး ထိန်းသိမ်းစောင့်ရှောက် ကျင့်ကြံဆောင်ရွက်ခဲ့သော အမူအကျင့်ကောင်းနှင့် ဓလေ့စရိုက် ဖြစ်သည်။ ရှိုင်းပင်းကျညီဟူသော ဝေါဟာရသည် မြန်မာဝေါဟာရစစ်စစ်ဖြစ်သည်။ ရှိုင်းပင်းဟူသော စကား၏အဓိပ္ပာယ်မှာ ကူညီသည်၊ ထောက်ပံ့သည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် အနှစ်သာရ အနက်အဓိပ္ပာယ်တူညီသော ရှိုင်းပင်းနှင့်ကူညီဟူသော မြန်မာဝေါဟာရစကားနှစ်ရပ်ကို ပေါင်းစည်း၍ မြန်မာ့လူမှု ဆက်ဆံရေးနယ်ပယ်၏ ခေတ်အဆက်ဆက်တွင် ရှိုင်းပင်းကူညီစိတ်ကို တန်ဖိုးထားကျင့်သုံး ဆောင်ရွက်ခဲ့ကြသည်။

ရှိုင်းပင်းကူညီစိတ်သည် ကိုယ်ကျင့်တရားကောင်းဖြစ်သည်။ ကိုယ်ကျင့်တရားဟူသည် ကိုယ်နှုတ်နှလုံး စောင့်စည်းမှု၊ အကျင့်သိက္ခာဖြစ်သည်။ ကိုယ်ကျင့်တရား၏ အနှစ်သာရသည် ကိုယ်အမူအရာ (ကာယကံ)၊ နှုတ်အမူအရာ (ဝစီကံ)၊ စိတ်အမူအရာ (မနောကံ)ဟူသော အမူအရာသုံးပါးဖြစ်သည်။ လူတစ်ဦးသည် ကိုယ်အမူအရာ ယဉ်ကျေးမှုဖြင့်လည်းကောင်း၊ စိတ်အမူအရာ ယဉ်ကျေးမှု စိတ်နေစိတ်ထားဖြင့်လည်းကောင်း၊ နှုတ်အမူအရာယဉ်ကျေးမှု အပြောအဆို ယဉ်ကျေးသိမ်မွေ့ချိုသာမှုဖြင့်လည်းကောင်း တစ်စုံတစ်ဦးနှင့် လူအများကို ကူညီထောက်ပံ့ဆောင်ရွက်မှုပြုလျှင် ထိုသူသည် ရှိုင်းပင်းကူညီစိတ်ရှိသူ၊ စိတ်ကောင်းရှိသူဖြစ်သည်ဟု ဝိသေသပြုခဲ့ကြသည်။ ထိုသို့ရှိုင်းပင်း ကူညီမှုဟူသော စိတ်ကောင်းရှိရန် မေတ္တာတရားသည် အဓိကဖြစ်သည်။ မေတ္တာတရားထားရှိနိုင်မှသာလျှင် ရှိုင်းပင်းကူညီစိတ်ကို မွေးမြူ

နိုင်မည်။ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် မေတ္တာတရားနှင့် ကိုယ်ကျင့်တရားကောင်းဖြစ်သော ရိုင်းပင်းကူညီစိတ်ကိုမွေးမြူ၍ အရာရာကို မေတ္တာရှေ့ထား လုပ်ကိုင်ဆောင်ရွက်သင့်ကြပေသည်။

ရိုင်းပင်းကူညီစိတ်ရှိရန် မေတ္တာတရားသည် အထူးအရေးပါသည်။ မေတ္တာတရားကို ဗုဒ္ဓမြတ်စွာ ဘုရားရှင်သည် ဗြဟ္မဝိဟာရတရား ဗြဟ္မစိုရ်တရားဟူ၍ မိန့်ကြားခဲ့သည်။ ဗြဟ္မစိုရ်တရားဟူသည် ကိုယ်စိတ်နှစ်ဖြာ အေးမြကြည်လင်ခြင်း၊ သိမ်မွေ့ခြင်းပင်ဖြစ်သည်။ ရိုင်းပင်းကူညီစိတ်သည် တစ်ကိုယ်ကောင်းစိတ် တစ်ကိုယ်ကောင်း အကျိုးစီးပွားဟူသော အတ္တဟိတကိုဖယ်ရှား၍ အများ၏အကျိုးစီးပွားကို ဖြစ်ထွန်းရန် ကူညီလုပ်ကိုင်ဆောင်ရွက်သော ပရဟိတအကျိုးပြု စိတ်ထားကောင်းဖြစ်သည်။ ရိုင်းပင်းကူညီစိတ်တွင် သူတစ်ပါးအကျိုးရှိအောင် ချမ်းသာသုခရရှိအောင် စိတ်လက်ကိုယ်ပါ ကြည်နူးစွာ ကူညီဆောင်ရွက်ပေးမှုသည် ကာယကံမြောက် ရိုင်းပင်းကူညီစိတ်ဖြစ်သည်။ သူတစ်ပါးကို ညှာတာစွာ ချစ်ခင်ချိုသာ နှစ်သက်ဖွယ် စကားတို့ဖြင့်ပြောဆို၍ ရိုင်းပင်းကူညီမှုသည် ဝစီကံ ရိုင်းပင်းကူညီမှုဖြစ်သည်။ စိတ်ရင်းစေတနာမှန်ဖြင့် သူတစ်ပါးကို ချမ်းသာသုခရရှိစေရန် ကူညီရိုင်းပင်းမှုသည် မနောကံ ရိုင်းပင်းကူညီမှုပင်ဖြစ်သည်။

ကမ္ဘာလောကကြီးအတွင်းရှိ လူသားအားလုံး၏ အကျိုးပြု လေးများအနက် ရိုင်းပင်းကူညီခြင်းဟူသော မေတ္တာလေးသည် အထက်မြက်ဆုံးဆေးဖြစ်သည်။ ရိုင်းပင်းကူညီခြင်းဟူသော မေတ္တာသိဒ္ဓိလေးဖြင့် လောကီနှင့်လောကုတ္တရာကိစ္စ အဖြာဖြာတို့ကို အောင်မြင်မှုရရှိစေရန် စွမ်းဆောင်နိုင်ပေသည်။ ရိုင်းပင်းကူညီစိတ်သည် လူသားတို့တွင်သာမက သက်ရှိတိရစ္ဆာန်လောကကိုလည်း အကျိုးပြုနေသည်။ ကျီးသတ္တဝါ၏ အချင်းချင်းရိုင်းပင်းကူညီစိတ်ထားရှိမှုသည် လူသားတို့အတွက် အတုယူဖွယ်ဖြစ်သည်။ ကျီးသတ္တဝါတို့သည် မိမိတို့၏ ကျီးသတ္တဝါတစ်ကောင် (သို့မဟုတ်) အသိုက်အမြုံကိုဖျက်ဆီးသူကို ရိုင်းပင်းကူညီစိတ်ဖြင့် ဝိုင်းအုံ၍ အကာအကွယ်ပေးတတ်ကြသည်။ ထိုနည်းတူ ပျားသတ္တဝါတို့သည်လည်း မိမိတို့၏ အမျိုးအနွယ်နှင့် နေရာဌာနတို့ကို ထိပါးစော်ကားလာခဲ့လျှင် ရိုင်းပင်းကူညီစိတ်ဖြင့် ဝိုင်းဝန်း ချေမှုန်း ကာကွယ်တတ်မှုများသည် လူသားတို့၏ အတုယူဖွယ်ဖြစ်သည်။

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ငါးရာ့ငါးဆယ်ဇာတ်တော်လာ ဒုကနိပါတ်ပါ ဂဇ္ဇ ဇာတ်တော်တွင် နွံနစ်သော ခြသေ့်ကို ရိုင်းပင်းကူညီစိတ်ရှိသော

မြေခွေးသည် ကူညီစောင့်ရှောက်ကယ်တင်ပေးခဲ့သောကြောင့် ခြသေ့်သည် အသက်ဘေးမှ ကင်းဝေးခဲ့ရသည်။ မြေခွေး၏ ရိုင်းပင်းကူညီစိတ်ဟူသော စိတ်အလှကြောင့် မြေခွေးနှင့်ခြသေ့်မိသားစုတို့သည် သားစဉ်မြေးဆက် ခုနစ်ဆက်တိုင်တိုင် အတူတကွ အေးအတူပူအမျှ အပြန်အလှန် ရိုင်းပင်းကူညီစိတ်ဖြင့်နေထိုင်၍ ဘဝသုခ ထူထောင်ခဲ့ကြသည်ဟူ၍ မိန့်ကြားခဲ့သည်။ ထိုနည်းတူ ကျွန်ုပ်တို့ ငယ်ရွယ်စဉ်အခါက သင်ကြားခဲ့ရသော မြန်မာဖတ်စာအုပ်မှ ခေါက်ရှာငှက်၊ သမင်နှင့် လိပ်ဟူသော မိတ်ဆွေသုံးဦးသည် တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီမှုဟူသော မေတ္တာစိတ်ဖြင့် ကူညီဆောင်ရွက်ခဲ့မှုများကြောင့် မုဆိုးဘေးအန္တရာယ်မှ ကင်းလွတ်၍ အသက်ချမ်းသာရမှုဟူသော ဘဝသုခကိုရရှိစေခဲ့သော သင်ခန်းစာသည်လည်း ရိုင်းပင်းကူညီစိတ်အာနိသင်များပင်ဖြစ်သည်။

ရိုင်းပင်းကူညီခြင်း၏ အကျိုးအာနိသင်နှင့် ဂုဏ်ဒြပ်ဝိသေသများကို မြန်မာ့စာပေသမိုင်းကြောင်း၌ စာဆိုပညာရှင်ကြီးများသည် ဆုံးမစာများ၌ ဖော်ထုတ်လမ်းညွှန် ဖွဲ့ဆိုခဲ့ကြသည်။ အင်းဝခေတ် စာဆိုကျော် ဆရာတော် ရှင်မဟာရဋ္ဌသာရသည် လက်သစ်တောင်တာဆုံးမစာ၌ ရိုင်းပင်းကူညီစိတ် ဆောင်ရွက်ခြင်း၏ တန်ဖိုးကို

"သေတူရှင်ဘက် ဆောင်ရွက်မကင်း အချင်းချင်းတွင် အခင်းကြီးငယ်ရှိခါဝယ်လည်း မဖယ်မသွေ ညီညာကုန်း၍ ရုန်းကြလေ" ဟူ၍လည်းကောင်း ရိုင်းပင်းကူညီခြင်း၏ အနှစ်သာရကိုလည်း

"ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို စွဲသုံးသောထွေ မှန်လှစေ" ဟူ၍လည်းကောင်း လမ်းညွှန်ဆုံးမခဲ့သည်။

ရိုင်းပင်းကူညီစိတ်မရှိလျှင် အကျိုးမဲ့မှု ဆုံးရှုံးမှုကြုံတွေ့ရမှုများကို သာဓကအမြောက်အမြားဖြင့် အထင်အရှား လေ့လာသိရှိနိုင်ပေသည်။ ထင်ရှားသောသာဓကတစ်ရပ်အဖြစ် အမျိုးသားရေးလွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးဖခင်ကြီးဖြစ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လူကြီးနှင့်လူငယ်ဆောင်းပါးတွင် လွတ်လပ်ရေးနှင့် နိုင်ငံတော်၊ လူမျိုးရေးတွင် လူငယ် လူလတ်နှင့် လူကြီးတို့သည် ရိုင်းပင်းကူညီစိတ်ဖြင့် ကျရာနေရာ၊ နိုင်ရာတာဝန်ကို ထမ်းဆောင်ကြရန် အရေးကြီး

ပုံကို "လူငယ်၊ လူလတ်နှင့်လူကြီးတို့သည် သူတော်သည် ငါတော်သည် သူတတ်သည် ငါတတ်သည်ဟု အငြင်းမပွား အချင်းမများကြဘဲ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားတို့ရေးအတွက် ရိုင်းပင်းကူညီစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။ ရိုင်းပင်းကူညီစိတ်မရှိဘဲ အပြန်အလှန်အခြေအတင်ငြင်းခုန် အချင်းများနေလျှင် နွားကွဲလျှင်ကျားကိုက်ဟူသော ဆိုထုံးနှင့်အညီ အကျိုးမရှိ ဆုတ်ယုတ် ဆုံးရှုံးမှုကြုံတွေ့ခံစားရမည်ဟု ရိုင်းပင်းကူညီခြင်း၏ ကောင်းကျိုးနှင့် ရိုင်းပင်းကူညီခြင်းမရှိသည့်ဆိုးကျိုးကို နှိုင်းယှဉ်သာဓကပြ သတိပြုစေခဲ့သည်။

မျက်မှောက်ခေတ်ကမ္ဘာတွင် ရိုင်းပင်းကူညီစိတ်၏ မှတ်ကျောက်အဖြစ် ကြက်ခြေနီအသင်းကြီးကို စံနမူနာ မှတ်ကျောက်ပြုခဲ့ကြသည်။ ပထမကမ္ဘာစစ်ပြီး (ခရစ်နှစ် ၁၉၁၄-၁၉၁၈ခုနှစ်)အပြီးတွင် ကမ္ဘာ့လူသားတို့၏ စစ်ဘေးအန္တရာယ်ဆိုးကြောင့် တွေ့ကြုံရသော အနိဋ္ဌာရုံဖြစ်ရပ်များကို ရိုင်းပင်းကူညီစိတ် ပြည့်ဝသော ဟင်နရီဒူးနန့်သည် စစ်ဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်နေကြသော လူမျိုးဘာသာမရွေးဘဲ မေတ္တာစေတနာ၊ ကရုဏာ ရိုင်းပင်းကူညီစိတ်ဖြင့် ကူညီမှုပြုခဲ့သည်။ ယင်းသို့ ကူညီစိတ်ရှိမှုတွင် စံပြုအပ်သော ဟင်နရီဒူးနန့်ဦးဆောင် တည်ထောင်ခဲ့သည့် ရိုင်းပင်းကူညီရေးအသင်းကြီးကို ကမ္ဘာ့ကြက်ခြေနီအသင်းကြီးဟူ၍ ဝိသေသပြုခဲ့သည်။ မြန်မာနိုင်ငံကလည်း ရိုင်းပင်းကူညီလူမှုရေး ကြက်ခြေနီအသင်းကြီး၏ အသင်းဝင်အဖြစ် ၁၉၂၀ ခုနှစ်မှ စတင်ဝင်ရောက်ခဲ့သည်။ ကြက်ခြေနီအသင်းဝင်များ၏ ရိုင်းပင်းကူညီစိတ်ဖြင့် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ပရဟိတလုပ်ငန်းများကို ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက် ရှိပေသည်။ ထိုသို့ရိုင်းပင်းကူညီ ကြက်ခြေနီ ပရဟိတလုပ်ငန်းကိုဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံမှ ကြက်ခြေနီ အသင်းခေါင်းဆောင် စိုင်းအောင်လှိုင်မြင့်သည် ၁၉၇၇ခုနှစ်တွင် ဟင်နရီဒူးနန့်၏ ကြက်ခြေနီ ဂုဏ်ပြုဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ထို့ကြောင့် ရိုင်းပင်းကူညီစိတ်သည် လူသားတိုင်းအတွက် ကိုးကွယ်သည့် ဘာသာမရွေး၊ အသားအရောင် မရွေး၊ အဆင့်အတန်းမရွေး ဆောင်ရွက်ပေးနိုင်သော မေတ္တာစိတ်၊ ငြိမ်းချမ်းရေးစိတ် ဖြစ်သည်။ ရိုင်းပင်းကူညီစိတ်ဖြင့် ဘဝကို ဖြတ်သန်းလျှောက်လှမ်းပုဂ္ဂိုလ်များသည် သက်ရှိထင်ရှားရှိသည့်အချိန်တွင်လည်း လေးစားကြည်ညိုခြင်းခံကြရသည်။ သေဆုံးသွားလျှင်လည်း ဂုဏ်ဒြပ်၊ အမည်၊ ဝိသေသ

အထင်အရှားကျန်ရှိကာ နှောင်းလူတို့၏ အလေးအမြတ် တန်ဖိုးထား ဂုဏ်ဒြပ်နှင့် ပြည့်စုံသူတို့အဖြစ် မော်ကွန်းဝင်လျက်ရှိသည်။ ကမ္ဘာ့သမိုင်းကြောင်းနှင့် မြန်မာ့သမိုင်းကြောင်း၌ မီးအိမ်ရှင်နိုက်တင်ဂေး၊ ဟင်နရီဒူးနန့်၊ မာသာထရီဇာ၊ အမေရိကန်သမ္မတလင်ကွန်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း စသည်တို့သည် ရိုင်းပင်းကူညီစိတ်ရှိသော ဂန္ထဝင်ပုဂ္ဂိုလ်ကြီးအဖြစ် သမိုင်းနိဒါန်းတွင်လျက်ရှိနေပေသည်။ ။

## လူငယ်နှင့်အနာဂတ်

- ☐ လူငယ်နှင့်အနာဂတ်ဟူသည်
- ☐ လူငယ်တိုင်းတွင် အနာဂတ်ရည်မှန်းချက်ပန်းတိုင်ရှိသင့်ပုံ
- ☐ အနာဂတ်ရည်မှန်းချက်ရောက်အောင် မလျှော့သောဇွဲဖြင့် ကြိုးပမ်းသင့်ပုံ
- ☐ အနာဂတ်ရည်မှန်းချက်ရောက်အောင် လူငယ်တို့အားထုတ်ပုံ ဖြစ်ရပ်များ သာဓကများ
- ☐ မိမိ၏အတွေးအမြင်

# လူငယ်နှင့်အနာဂတ်

လူငယ်ဟူသည် အနာဂတ်၏ခေါင်းဆောင်လောင်းများ ဖြစ်ကြသည်။ လူငယ်တို့၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးမှုဖြင့် နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်သည်။ လူငယ်တို့သည် ကာယခွန်အား ပြည့်စုံရမည်။ ဉာဏစွမ်းရည်ထက်မြက်ရမည်။ စာရိတ္တဟူသော ကိုယ်ကျင့်တရားကောင်းများရှင်သန်ရမည်။ ထိုသို့သော ကာယ၊ ဉာဏ၊ သတိတရား၊ ဇွဲ ၊ လုံ့လ၊ ဝီရိယ ဟူသော ကိုယ်ရည်ကိုယ်သွေးများ ပြည့်စုံထက်မြက်စေရန် မိမိကိုယ်ကို မိမိလေ့ကျင့်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ အနာဂတ်ဟူသည် အနာဂတဟူသော ပါဠိဘာသာစကားမှ ဆင်းသက် မြန်မာမှုပြုထားခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ ဖြစ်လတ္တံ့သော၊ ရောက်လတ္တံ့သော ကာလဟူ၍ဖြစ်သည်။

နိုင်ငံတော်၏ အင်အားစုတွင် လူငယ်၏အင်အားစုသည် သုံးပုံတစ်ပုံ ဖြစ်သည်။ ထိုသို့သော အင်အားစုကြီးဖြစ်သည့် ယနေ့လူငယ်အင်အားစုသည် နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ရမည့် လူငယ်တို့တွင် ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ စိတ်ဓာတ်စွမ်းအား၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးစွမ်းအား ပြည့်စုံစေရန်လိုအပ်ပါသည်။ လူငယ်၏ သဘောသဘာဝသည် ရှင်သန်သည်၊ နုပျိုသည်၊ တက်ကြွသည်၊ လန်းဆန်းသည်၊ တိမ်းလွယ် ယိမ်းလွယ်သည်။ သူငယ်ချင်း အပေါင်းအသင်းများကို တွယ်တာသည်။ ရှင်သန် တက်ကြွနိုးထနေသော ရွက်သစ်၊ ရွက်ညွှန့်၊ ရွက်နု၊ ပုရစ်ဖူးများ အသွင်ရှိသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့် လူငယ်တို့သည် မိမိအတွက် ကောင်းမွန်၊ ဖြောင့်မှန်၊ တရားမျှတသော အနာဂတ်ရည်မှန်းချက်ပန်းတိုင် ရှိရမည်။ ထိုမှတစ်ဆင့် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ကောင်းမွန်၊ ဖြောင့်မှန်၊ တရားမျှတသော အနာဂတ်နိုင်ငံတော်ကောင်း တည်ဆောက်ရေး တစ်တပ်တစ်အား ပါဝင်ထမ်းဆောင်ရန် အနာဂတ်ရည်မှန်းချက် ပန်းတိုင်များထားရှိရမည်ဖြစ်သည်။ လူငယ်တို့သည် အနာဂတ်၏ ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်လောင်းဖြစ်သည်ဟူသော ဝိသေသကို "မြေအုတ်တို့ ပြိုလေလျှင် ကျောက်အုတ်တို့ဖြင့် ခိုင်ခံ့စွာအစားထိုး တည်ဆောက်ရမည်" ဟူသော ဆိုရိုးစကားဖြင့် လမ်းညွှန်အမွေပေးခဲ့သည်။

မြန်မာ့သမိုင်းကြောင်းခေတ်အဆက်ဆက်တွင် လူငယ်တို့သည် အမျိုးသားရေး စိတ်ဓာတ်ဖြင့် နိုင်ငံနှင့်လူမျိုး၏ အဓိကအင်အားဖြစ်ကြောင်း အနာဂတ်၏ အမာခံ အင်အားဖြစ်ကြောင်း ခံယူကျင့်သုံး ဆောင်ရွက်ခဲ့သည်။ လမ်းညွှန်ဆောင်ရွက်ခဲ့သည်။ ပုဂံခေတ်တွင် အနော်ရထာမင်းလက်ထက်၌ လူငယ်ပုဂံသားတို့၏ အင်အားစုထက်မြက်ခဲ့သည်။ လက်ရုံးရည်၊ နှလုံးရည်ပြည့်စုံသော လူငယ်ခေါင်းဆောင် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဟူသော လူငယ်သူရဲကောင်းလေးဦး၏ စွမ်းရည်နှင့် ပြည်သူတို့စည်းလုံးညီညွတ်မှု စွမ်းရည်ကြောင့် ပုဂံနေပြည်တော်သည် ပထမမြန်မာနိုင်ငံတော်ကြီး ထူထောင်နိုင်ခဲ့သည်။ ပုဂံ၏ အနာဂတ်နိုင်ငံရေး၊ သာသနာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်တို့ကို တည်ဆောက်နိုင်ခဲ့ကြောင်း အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက

**"ရာဇဝင်မှာစာတင်လို့ကျူးခဲ့ကြ**

**ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးနယ်ကိုရွှေဖီး**

**ရွှေထီးလောင်းမင်းကျန်စစ်**

**ထီမထင်အောင် ပြည်ခွင်ကိုချစ်ခဲ့ကြ"** ဟူ၍ လူငယ်နှင့် အနာဂတ်တန်ဖိုးကို ဖော်ထုတ်တင်ပြခဲ့သည်။

လူငယ်သည် အနာဂတ်၏ ခေါင်းဆောင်လောင်းဖြစ်သည်ဟူသော အတွေးအမြင်ကို ကုန်းဘောင်ခေတ်နှောင်း၊ မန္တလေးရတနာပုံခေတ် မင်းတုန်းမင်းကြီး၏ ညီတော် အိမ်ရှေ့ကိုယ်တော်ကြီး (ကနောင် မင်းသားကြီး)သည် ခေတ်ရှေ့ပြေး အမြင်ဖြင့် လက်ခံကျင့်သုံးခဲ့သူဖြစ်သည်။ အိမ်ရှေ့ကိုယ်တော်ကြီး (ကနောင် မင်းသားကြီး)သည် နိုင်ငံတော်ကို အနောက်နိုင်ငံသားတို့၏ အောက်ကျနောက်ကျ

မခံလိုသောကြောင့် ပညာတော်သင်လူငယ် (၈၀)ကို ရွေးချယ်ရာ၌ အရပ်အမြင့် လေးတောင်(ခြောက်ပေ)ကျော်သူနှင့် ဉာဏ်ပညာထက်မြက်သူများကို အဓိကထား ရွေးချယ် စေလွှတ်ခဲ့သည်။ အိမ်ရှေ့ကိုယ်တော်ကြီး စကားပြေကိုရေးသားခဲ့သော စာရေးဆရာကြီးမဟာဆွေ (နေသူရိန်)က လူငယ်သည် အနာဂတ်အင်အားနှင့် ခေါင်းဆောင်ဖြစ်ကြောင်းကိုလည်း အမောင်တို့ အပျော်အပါးကို တန်းရှိတ်ထား ပြီးလျှင် အမောင်တို့သားစဉ်မြေးဆက် ကောင်းစားရေးအတွက် ကြိုးစားကြစမ်း ပါလော့။ အဘယ်ကြောင့် လူပေါ်ကြော့၊ လူပျော်၊ လူရှင်ကလေးတွေအဖြစ်နှင့် နေလိုကြသနည်း။ ငါတို့လူမျိုးသည် လူများကို အရှုံးပေးလိုသောလူမျိုးမဟုတ်။ သွေးနက်အောင်ပြုပြင်ကြလော့ဟူ၍ တိုက်တွန်းလှုံ့ဆော်ခဲ့သည်။ ထိုနည်းတူ ကိုလိုနီခေတ်တွင်လည်း အမျိုးသားပညာဝန် ဦးဖိုးကျားသည် အမျိုးသားနေ့ စကားပြေဖြင့် နယ်ချဲ့ကိုလိုနီစနစ်ဆိုးဖြင့် ကျောင်းသားလူငယ်တို့၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်မှု၊ ဖိနှိပ်ချုပ်ချယ်ခဲ့မှုများကို တော်လှန်သော အတွေးအမြင်ဖြင့် မြန်မာတို့သည် ငွေး၊ ငွား သစ်တုံးများမဟုတ်ကြ။ ဇာတိမျိုးရိုး နှင့်လူဖြစ်ကြောင်း မြန်မာ့မာန်ကို ပြကြသောအချက်တည်းဟူ၍ ကျွန်နှင်းပြားစိတ်မှ သခင်မင်းသားစိတ်သို့ ပြန်လည်လာမှုတည်း ဟူ၍ လူငယ်တို့၏ အနာဂတ်အင်အားနှင့် ခေါင်းဆောင်ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။

မျက်မှောက်ခေတ်တွင် လူငယ်သည် အနာဂတ်၏ အင်အားစုဖြစ်သည်။ ခေါင်းဆောင်လောင်း၊ ခေါင်းဆောင်ကောင်း ဖြစ်သည်။ မျိုးဆက်သစ်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်တို့၏ အခန်းကဏ္ဍသည် နိုင်ငံတော်အနာဂတ်ကို ဖန်တီးရှင် စွမ်းဆောင်ရှင်များ ဖြစ်ကြ၏ဟူ၍ လူငယ်ဝိသေသနှင့် ဂုဏ်ဒြပ်တို့ကို ရာသက်ပန်လှုံ့ဆော် စည်းရုံးအားပေး တိုက်တွန်းခဲ့သည်။ အမျိုးသားရေးစာဆိုတော် များတွင် ဆရာဇော်ဂျီ၊ ဆရာဦးအောင်သင်းနှင့် ဆရာလူထုစိန်ဝင်းတို့သည် ဂန္ထဝင် ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။ အနာဂတ်ရည်မှန်းချက်ရောက်အောင် မလျှော့သော သတ္တိ၊ ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစား၍အားထုတ်ရန် စိတ်ရောကိုယ်ပါ အားပေးရပ်တည် လုပ်ဆောင်ခဲ့ကြသည်။

အမျိုးသားရေးစာဆိုကြီး ဆရာဇော်ဂျီသည် လူငယ်တို့၏ အနာဂတ်ရည်မှန်း ချက်ရောက်အောင် မလျှော့သောသတ္တိ၊ လုံ့လတို့ဖြင့် ကြိုးပမ်း အားထုတ်ဆောင်ရွက်ရန် ညီသစ်ဆင်းကဗျာစုဖြင့် ရေးဖွဲ့တင်ပြ အားသစ်လောင်း ပေးခဲ့သည်။ ဆရာဇော်ဂျီသည်

ညီသစ်ဆင်းကဗျာစုတွင် လူငယ်နှင့်လူလတ်၏ ဝိသေသကို ရည်ရွယ်ချက် အသက် (၂၀) အရွယ် လူငယ်များ၏ စိတ်နှလုံးအလှ၊ လုပ်အားအလှ၊ နိုင်ငံအလှ စသည့် ဘက်စုံအလှများ ဖွံ့ဖြိုးတိုးတက်စေရန် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း၊ မင်း၏သက်ရွယ်၊ မင်းသားငယ်သည် သက်(၂၀)ပင် ပြည့်ခဲ့ပြီး ဟူ၍ နိဒါန်းပြုလျက် ရေးဖွဲ့လမ်းညွှန်ခဲ့သည်။

မျက်မှောက်ခေတ်လူငယ်တို့အား အနာဂတ်၏သားကောင်းများဖြစ်စေရန် မျက်မှောက်ခေတ် လူငယ်မျိုးဆက်သစ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ အတွေးအခေါ် အသိအမြင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်တို့ တိုးတက်စေဖို့ ဟူသော ခံယူချက်၊ ကြွေးကြော်ချက်ကို ရာသက်ပန်ခံယူလျက် အမျိုးသားရေး စာပေတာဝန်ကို ဦးဆောင်ထမ်းရွက်ခဲ့သော ဆရာကြီး (ဦးအောင်သင်း)၏ စာပေလမ်းညွှန်မှုများ ဟောပြောမှုများသည်လည်း လူငယ်နှင့် အနာဂတ်၏မှတ်ကျောက်တင်ရတနာများပင်ဖြစ်သည်။ ထိုနည်းတူ မျက်မှောက် ခေတ်လူငယ်များအား အမျိုးသားရေး၊ နိုင်ငံရေး၊ ပညာရေးအသိအမြင် ဖွံ့ဖြိုး တိုးတက်စေရန် အနာဂတ်နိုင်ငံတော်ကြီးကို စိတ်ရင်းကောင်း၊ စေတနာကောင်းများဖြင့် ထုဆစ်တည်ထောင်နိုင်ရေးအတွက် ဆရာကြီး လူထု(ဦး)စိန်ဝင်း၏ လမ်းညွှန် မှာကြားချက်များသည်လည်း လူငယ်နှင့် အနာဂတ်၏ အင်အားများပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း နိုင်ငံတော်နှင့် လူမျိုးရေးတာဝန် ထမ်းဆောင်ရာ၌ လူငယ်တို့၏ အင်အားသည် အဓိကကျကြောင်း၊ လူငယ်တို့၏အားမာန်သည် အနာဂတ်၏ အားမာန်နှင့် အင်အားများဖြစ်ကြောင်းကို "လူငယ်တို့သည် မိမိကိုယ်ကို အထင်ကြီးပြီး ကိုယ့်တာဝန်ကိုယ်မလုပ်ဘဲနှင့် စကားများမနေဘဲ မိမိတို့နောင်ရေးကို မျှော်တွေး၍ မြန်မာပြည်၏အနာဂတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိစေမည့် တကယ့်အလုပ်များကို လုပ်ကိုင်ကြရန် တိုက်တွန်းမိန့်ကြားခဲ့သည်။

ထို့ကြောင့် နှပျိုလန်းဆန်း ထက်မြက်တက်ကြွ နိုးကြားရှင်သန်သော ဝိသေသပိုင်ရှင်လူငယ်များသည် မိမိနှင့်တိုင်းပြည်လူမျိုးအတွက် အနာဂတ်ကောင်းများ၊ ရည်မှန်းချက်ပန်းတိုင်များ ရှိနေရမည်။ ယင်းအနာဂတ်ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် သတ္တိ၊ ဇွဲ၊ လုံ့လစသော အားမာန်တို့ဖြင့် လျှောက်လှမ်း ချီတက်ရမည်။ လူငယ်အနာဂတ် အောင်ပန်းဆင်နိုင်ရေးလမ်းညွှန်အဖြစ် ကဗျာ ဆရာမကြီး

ငွေတာရီ၏ သူရဲကောင်းသုံးယောက်နှင့်ခရီးသည်ကဗျာမှ "သဟဲဖော်သို၊ သတ္တိရှိပြီး၊ ချစ်သည့်သဟာ၊ ဓွဲလည်းပါ၍ မကျာထပ်လောင်း၊ ငယ်ကပေါင်းသည့် ဆွေကောင်းလုံ့လ တူတကွတည့် ဘေးကတူယှဉ် ပါခဲ့လျှင်သော်၊ ငါ့တွင်သေချာ၊ အောင်ဖို့ရာတည်း" ဟူသော လမ်းညွှန်ချက်ကို ခံယူချက်ထားရှိရန် လူငယ်နှင့် အနာဂတ်ပန်းတိုင်ကို တက်ညီလက်ညီ ကြိုးပမ်းအားထုတ်ရောက်ရှိရန် ကြိုးပမ်း ...ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

## ကိုယ်ကျင့်တရား

- ကိုယ်ကျင့်တရားဟူသည်
- အရှက်အကြောက်နှစ်ပါးဖြစ်သော လောကပါလတရားနှစ်ပါးသည် ကိုယ်ကျင့်တရား၏ အရင်းခံမူလဖြစ်ပုံ
- လူ့အဖွဲ့အစည်း၌ ကိုယ်ကျင့်တရားကောင်းရန်အရေးကြီးပုံ
- မြန်မာတို့သည် ကိုယ်ကျင့်တရားကို တန်ဖိုးထားတတ်ကြပုံ
- ကိုယ်ကျင့်တရားမရှိခြင်း၏ အပြစ်များ
- ကိုယ်ကျင့်တရားကောင်းခြင်း၏ အကျိုးများ
- ကိုယ့်ကျင့်တရားကောင်းကို ကျင့်သုံးလျက် မိမိတိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသင့်ပုံ

## ကိုယ်ကျင့်တရား

"ကိုယ်ကျင့်တရား" ဟူသောဝေါဟာရကို "ကိုယ်နှုတ်နှလုံးစောင့်စည်းမှု အကျင့်သိက္ခာ"ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုထားပါသည်။ လူသားတို့ပြုမူဆောင်ရွက်သောကိစ္စများ၌ မှန်ကန်မျှတစွာကျင့်သုံးဆောင်ရွက်ခြင်းသည် 'ကိုယ်ကျင့်တရား' ပင်ဖြစ်ပါသည်။

ကိုယ်ကျင့်တရားသည် လောကလူ့ဘောင်၏ အလင်းရောင်ဖြစ်သည်။ ကောင်းမြတ်သော ကိုယ်ကျင့်တရားက ဤလောကကမ္ဘာကြီးကို သာယာအေးချမ်းအောင် စောင့်ရှောက်ပေးသည်။ လောကကို စောင့်ရှောက်ပေးသော ကိုယ်ကျင့်တရားကို လောကပါလတရားဟုခေါ်သည်။ ထိုနှစ်ပါးမှ 'ဟိရီ' နှင့် 'ဩတ္တပ္ပ' တရားနှစ်ပါးပင်ဖြစ်၏။ မှန်ကန်မျှတမှုမရှိသည့် ကိစ္စတို့ကို ပြုမူဆောင်ရွက်ရမည်ကို ရှက်ခြင်းသည် 'ဟိရီ'ဖြစ်၍ မှန်ကန်မျှတမှုမရှိသည့် ကိစ္စတို့ကို ပြုမူဆောင်ရွက်ရမည်ကို ကြောက်ခြင်းသည် 'ဩတ္တပ္ပ'ဖြစ်သည်။ ထို'ဟိရီဩတ္တပ္ပ' မည်သော ရှက်ခြင်း ကြောက်ခြင်းတရားနှစ်ပါးက လူ့ဘုံလောကကို ဖရိုဖရဲမဖြစ်အောင် စောင့်ရှောက်ပေးသောကြောင့် လောကပါလတရားဟု ခေါ်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လောကပါလတရားသည် ကိုယ်ကျင့်တရား၏ အရင်းခံမူလဖြစ်သည် ဟုဆိုလျှင် ရမည်ထင်ပါသည်။

သတ္တလောကတွင် လူနှင့် တိရစ္ဆာန်တို့၏ ခြားနားချက်မှာ ကိုယ်ကျင့်တရား ရှိခြင်းနှင့် မရှိခြင်းပင်ဖြစ်သည်။ တိရစ္ဆာန်လောကတွင် ကိုယ်ကျင့်တရားမရှိသော်လည်း လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားကောင်းရန် အထူးအရေးကြီးပါသည်။ လူ့လောက ကမ္ဘာကြီးသာယာအေးချမ်းမှုအတွက် ကိုယ်ကျင့်တရားကောင်းရှိရန် အမှန်လိုအပ်ပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စောင့်စည်းကာ မှန်ကန်မျှတစွာ ရှက်ဆောင်ခြင်းသည် ကိုယ်ကျင့်တရားကောင်းပင် ဖြစ်ပါသည်။ ဘဝကိုသီလနှင့် ဆောက်တည်သည် မည်ပါ၏။ မြတ်သောအကြံ၊ မှန်သောအကျင့်၊ မြင့်သောနှလုံး ရှိသူကို ကိုယ်ကျင့်တရားကောင်းသူ၊ စာရိတ္တခိုင်သူဟု သတ်မှတ်ပြီး ကိုယ်ကျင့်တရားမကောင်းသူကို စာရိတ္တယိုင်သူဟု သတ်မှတ်ကြသည်။

ကိုယ်ကျင့်တရားကောင်းခြင်းမကောင်းခြင်းသည် စိတ်နှင့်သက်ဆိုင်သည်။ လူတစ်ကိုယ်တွင် စိတ်ကသာ မူလဖြစ်သည်။ စိတ်ကောင်းသည် ကိုယ်ကျင့်တရားကောင်းကို ဦးဆောင်သည်။ စိတ်ယုတ်သည် ကိုယ်ကျင့်တရားယုတ်ကို ဦးဆောင်ပါသည်။ စိတ်ကောင်းစိတ်လှ ရှိသူတို့သည် ကာယကံ၊ ဝစီကံ၊ မနောကံကို ကောင်းစွာထိန်းသိမ်းလေ့ရှိသည်။ လောဘ၊ ဒေါသ၊ မောဟနည်း၍ မိမိကိုယ်တိုင်ရော မိမိပတ်ဝန်းကျင်ကိုပါ အေးချမ်းမှုကို ပေးတတ်ပါသည်။ စိတ်မလှသူ ကိုယ်ကျင့်တရားပျက်သူတို့မှာမူကား လောဘ၊ ဒေါသ၊ မောဟဖုံးကာ မိမိစိတ်ကို မထိန်းသိမ်းနိုင်သဖြင့် မိမိနှင့်မိမိ၏ပတ်ဝန်းကျင်ကိုပါ ပူလောင်စေပါသည်။ ကိုယ်ကျင့်အဘိဓမ္မာကျမ်းကို ရေးသားပြုစုခဲ့သော အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ရှင်ဇနကာဘိဝံသ မိမိ ကျောင်းတိုက်ရှိ စာသင်သားတို့ကို စည်းကမ်းဆယ်ချက်ပြဋ္ဌာန်းထားသည်။ ယင်းဆယ်ချက်အနက် <u>ပထမဆုံးနံပါတ် (၁) နေရာ၌</u> "<u>စိတ်ကောင်းရှိဖို့ကပထမ</u>" စိတ်ကောင်းမွေးမြူရန် စည်းကမ်းပေးခဲ့သည်။ 'စိတ္တေန နီယတေ လောကော" "စိတ်သည် လောကကိုဖန်ဆင်းတည်ဆောက်သည်" ဟု ဘုရားဟော ရှိခဲ့သည့်အတိုင်း ကိုယ်ကျင့်တရားကိုဦးဆောင်သော စိတ်ကောင်းထားရှိရန်အရေးကြီးလှပါသည်။

ကိုယ်ချင်းစာစိတ်၊ ညှာတာသနားစိတ်၊ ကူညီရိုင်းပင်းလိုစိတ်၊ ကျေးဇူးသိတတ်စိတ်၊ တာဝန်ဝတ္တရားသိတတ်စိတ်၊ သည်းခံစိတ်တို့သည် ကိုယ်ကျင့်တရားကောင်း၏ လက္ခဏာများဖြစ်ပါသည်။ ကန်တော်မင်းကျောင်းဆရာတော်က

လောကသာရဆုံးမစာ၌ 'ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း' ဟုလည်းကောင်း၊ ရှင်မဟာရဋ္ဌသာရကလည်း လက်သစ်တောင်တာဆုံးမစာ၌ 'ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လုစေ' ဟုအထင်အရှားဆုံးမထားခဲ့ပါသည်။ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ "အပြစ်မရှိ ကျင့်သောသူကား တရားနှင့်လျော်စွာ အသက်မွေးသည်မည်၏။ တရားနှင့်မလျော် အသက်ရှင်၏ တရားကို ကျင့်လျက်သေ၏။ ထိုအသက်ရှင်သောသူထက် သေသောသူက မြတ်၏။ တရားနှင့်မလျော် အသက်ရှင်သောသူဖြစ်မှုကား အပြစ်အတိရှိ၍ အပါယ်လေးပါးရှိုး:မပြုနှစ်လေ၏" ဟုမြတ်စွာဘုရားက အာဇွာဝကဘီလူးကို ဟောမိန့်ခဲ့ကြောင်း အင်းဝခေတ်စာဆိုရှင်မဟာသီလဝံသက ပါရာယနဝတ္ထုတွင် ရေးသားထားသည်ကို မှတ်သားရဖူးပါသည်။

မြန်မာတို့ကား ဗုဒ္ဓမြတ်စွာ၏အဆုံးအမနှင့်အညီ ကိုယ်ကျင့်တရားကို တန်ဖိုးထားတတ်ကြသူများဖြစ်ပါသည်။ မိမိတို့သားသမီးမြေးမြစ်များကို ငယ်စဉ်အခါကတည်းကပင် ကိုယ်ကျင့်တရားကောင်းရန် သွန်သင်ဆုံးမလေ့ရှိကြသည်။ ငါးပါးသီလစောင့်ထိန်းရန် ဘုရားဟောနိပါတ်ပုံပြင်များ ပြောပြခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ရန် ပြုစုပျိုးထောင်ပေးကြသည်။ ဓမ္မပဒ ယမကဝဂ်လာ စုန္ဒဝက်ထိုးသမားဝတ္ထုတွင် စုန္ဒမည်သော ဝက်သတ်သမားသည် သူသေခါနီးဆဲဆဲ၌ ဝေဒနာခံရင်း ရက်စက်စွာသူသတ်ခဲ့သော ဝက်တိရစ္ဆာန်များ သေခါနီးမှအော်သကဲ့သို့ အသံမျိုးဖြင့် အော်ဟစ်ကာ သေရှာလားရပြီး အပါယ်ငရဲသို့ ကျရပုံကိုပြောပြကာ ပါဏာတိပါတကံကို စောင့်ထိန်းစေသည်။ သီလဝီမံသနလတ်ဝတ္ထုတွင် ဘုရားအလောင်းနှစဉ်တစ်ဘဝ၌ ဒိသာပါမောက္ခ ဆရာကြီးက တပည့်အားမိမိ၏ သမီးနှင့် လက်ထပ်ထိမ်းမြားပေးမည်ဖြစ်ကြောင်းပြောကာ အိမ်သို့ပြန်လွှတ်လိုက်သည့် ဘုရားအလောင်းတပည့်မှလွဲ၍ ကျန်တပည့်အားလုံးက အိမ်မှခိုးလာခဲ့သော ဥစ္စာရတနာများကို ဆရာကြီးထံ အသီးသီးအပ်နှံကြသည်။ ဘာပစ္စည်းမှ ပါမလာသော ဘုရားလောင်းတပည့်ကို အကျိုးအကြောင်းမေးမြန်းသည်။ ထိုအခါ ဘုရားအလောင်းက မိမိသည် ဆရာကြီး၏ သမီးကို နှစ်သက်စုံမက်သော်လည်း ခိုးဝှက်သော အဒိန္နာဒါနကံကို မချိုးဖောက်လို၍ မိမိအိမ်မှ ဘာပစ္စည်းမျှ ခိုးဝှက်မလာခဲ့ကြောင်း ပြောပြကာ ကိုယ်ကျင့်တရားရှိုးသားသော ဘုရားအလောင်းတပည့်အား သမီးနှင့် ထိမ်းမြားပေးလိုက်သည်။

ဤသည်ကား သူတစ်ပါးပစ္စည်းကို မခိုးဘဲ အဒိန္နဒါနကံကို စောင့်ထိန်း၍ ရှိးသားမှုကြောင့် ရရှိသော အကျိုးပင်ဖြစ်ပါသည်။

သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်းကား လူမှုရေးတွင် စက်ဆုပ်ဖွယ်ကောင်းလှသည်။ ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရကံဖြစ်သည်။ ကဿပဘုရားရှင်လက်ထက်က သူဌေးသားလေးဦးသည် အပျော်ကြူး၍ သူတစ်ပါးသားမယားကို ပြစ်မှားကြသည်။ ထိုသူလေးဦး သေသောအခါ ငရဲသို့ကျလေ၏။ အဝီစိငရဲ၌ အနှစ်နှစ်သောင်းမျှ ခံရပြီးနောက် ငရဲအိုးအဝသို့ ပြန်ရောက်လာခိုက်တွင် ငရဲ၌ကြာရှည်စွာခံစားနေရ၍ မည်သည့်အခါတွင် လွတ်ပါအံ့နည်းဟု နောင်တစကားများကို တစ်ယောက်တစ်မျိုးဆိုကြ၏။ သို့သော် သူတို့ပြောချင်သော စကားများကို ဆုံးအောင်မဆိုနိုင်၊ "ဒု-သ-န-သော" ဟူသော အစ စကားလေးလုံးကိုသာ တစ်ဦးတစ်ဦးလျှင် အစတစ်လုံးစီမျှသာကို ပြောနိုင်ပြီး ငရဲအိုးအဝတွင် ကြာရှည်မနေရဘဲ ငရဲအိုးထဲသို့ ပြန်နစ်သွားရပြန်သည်။ ထိုသူတို့ အော်သံကိုကြားရသော ပသေနဒီကောသလမင်းကြီးသည် တစ်ညဥ့်လုံး အိပ်မပျော်ဘဲ ထိတ်လန့်ရကာ နောက်နေ့တွင် မြတ်စွာဘုရားထံသွားရောက် လျှောက်ထားမေးမြန်းမှ ဘုရားက ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်သောကြောင့် ငရဲ၌ ခံနေရသော ထိုငရဲသားလေးဦး၏ အတိတ်ဇာတ်ကို ဟောပြောဆုံးမတော်မူခဲ့သည်။

ဘုရားလက်ထက်က ဣသိဒါသိမည်သော ထေရီမအလောင်းသည် အတိတ်ဘဝဟောင်းတစ်ခု၌ ရွှေပန်းထိမ်ဆရာတစ်ဦးဖြစ်ခဲ့ကာ သူတစ်ပါးသားမယားကို ပြစ်မှားမိသောကြောင့် ငရဲ၌ နှစ်ပေါင်းများစွာခံရသည်။ ငရဲသားဘဝမှ လွတ်ပြီး၍ ဆိတ်ထီးဘဝ၊ နွားထီးဘဝရသောအခါတွင် အကြိမ်ကြိမ် သင်းကွပ်ခံရသည်။ လူဖြစ်လာသောဘဝများမှာလည်း ယောကျ်ားမဟုတ်၊ မိန်းမ မဟုတ်သော နပုန်ပဏ္ဍုက်အဖြစ်ကိုရပြန်သည်။ ဘုရားလက်ထက် မိန်းမစင်စစ်ဖြစ်ရသောအခါမှာလည်း ယောကျ်ားသုံးဆက်ရပြီး ခင်ပွန်းယောကျ်ားများ၏ စွန့်ပစ်ခြင်းကို အကြိမ်ကြိမ်ခံရပြန်သည်။ နောက်ဆုံး၌ သံဝေဂကြီးစွာရပြီး ရဟန်းမပြုကာ တရားအားထုတ်သဖြင့် "ဣသိဒါသီ" ထေရီမ ဖြစ်သွားကြောင်း ထေရီဂါထာအဋ္ဌကထာ၌ လာရှိသည်ကို မှတ်သားရပါသည်။

စက္ခုပါလထေရ်သည် အတိတ်ဆေးသမားဘဝက မျက်စိဝေဒနာရှင် မိန်းမတစ်ဦးကို ဆေးကုပေးရာ ဝေဒနာပျောက်သော်လည်း လူနာမိန်းမက ဆေးဖိုးဝါးခ

မပေးလိုသဖြင့် မျက်စိမှာထူးခြားမှုမရှိ၊ တိုး၍သာအနာသည်းကြောင်း လိမ်ညာ၍ ပြောသည်။ ထိုအခါဆေးဆရာက လိမ်ညာပြောသည်ကိုသိ၍ မျက်စိကန်းသော ဆေးကို ခတ်ပေးလိုက်ရာ အပြီးတိုင်မျက်စိကွယ်သွားလေသည်။ သမားကျင့်ဝတ်ကို မစောင့်စည်းသော ဆေးဆရာသည် ဘုရားရှင်လက်ထက်၌ မျက်စိမမြင်သော စက္ခုပါလမထေရ်ဘဝသို့ ရောက်ရရှာ၏။ "ဝဋ်အမြဲ၊ ငရဲအပ"ဟူသောစကားသည် မှန်ကန်လှပါသည်။

မုသာဝါဒကံသည် သာမန်အားဖြင့် တွေးလျှင် အရေးမပါလှဟု ထင်မှတ်ရသော်လည်း တကယ်တမ်းပြောဆိုဆောင်ရွက်ရာတွင် ဝစီကံကိုလည်း သတိပြု၍ ထိန်းသိမ်းသင့်လှသည်။ ရှေးအတိတ်ကာလက စေတီယတိုင်းတွင် မင်းပြုသော 'စေတီယ'မည်သော မင်းသည် တန်ခိုးလေးပါးနှင့်ပြည့်စုံပြီး ကောင်းကင်၌ပင် ပျံနိုင်သူဖြစ်သည်။ ထိုမင်းသည် ဘုရားအလောင်းမင်းဆရာ ပုရောဟိတ်က မုသားမဆိုရန် အကြိမ်ကြိမ်တားမြစ်သည့်ကြားက နားမထောင်ဘဲ မုသားဆိုသောကြောင့် မြေမျိုခြင်းခံရကာ ငရဲသို့ရောက်ရပုံကို ငါးရာ့ငါးဆယ် ဇာတ်တော်လာ 'စေတီယ'ဇာတ်တွင် အထင်အရှားတွေ့ရပါသည်။

အရက်သေစာသောက်စားခြင်းသည် သတိတရားချွတ်ချော်ကာ အမှားများကို ကျူးလွန်တတ်သည်။ ကိုယ်ကျင့်တရားကို ဖျက်စီးတတ်သည်။ အရက်သေစာ သောက်စားမူးယစ်လေ့ရှိသော ဗြဟ္မဒတ်မင်းသည် လူမှန်းသူမှန်းမသိအောင် မူးယစ်ပြီး မိမိ၏သားငယ်လေးကို အရက်နှင့်မြည်းရန်သတ်ခိုင်းကာ အရက်နှင့်မြည်းသည်။ နောက်တစ်နေ့ အမူးပြေသောအခါမှ ညကသားလေးကို သတ်၍စားခဲ့မိကြောင်းသိရှိကာ ယူကျုံးမရ ပူဆွေးသောကရောက်ရပုံကို ဘုရားဟောကျမ်းဂန်၌ အထင်အရှားတွေ့ရပါသည်။ ထို့ကြောင့် စာဆိုရှင်မဟာရဋ္ဌသာရက 'သေရည်သေရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့်၊ ရှောင်ကြပါလေ၊ သူတော်ဟောသည့် အဆိပ်ရည်' ဟု တားမြစ်ဆုံးမခဲ့သည်။

လူမှုပတ်ဝန်းကျင်တွင် ဟုတ်သောအကြံ မှန်သောအကျင့် ရှိသူတို့သည်ကားရိုးသားဖြောင့်မတ်သူများဖြစ်သည်။ ဘဝရပ်တည်မှုအတွက် စီးပွားရှာရာတွင် ဖြောင့်မတ်မှန်ကန်သင့်ပေသည်။ "မှန်ကန်ရိုးသားခြင်းကြောင့် စီးပွားဖြစ်ချင်မှ ဖြစ်မည်။ မရိုးဖြောင့်လျှင်ကား ဧကန္တစီးပွားပျက်တတ်သည်။" ဟုဆရာကြီး

ပီမိုးနင်း၏စီးပွားရေးလမ်းညွှန်အဆိုအမိန့်ကို လိုက်နာသင့်လှသည်။ ဒေဝဒတ်အလောင်း ရွဲကုန်သည်သည် ရွှေခွက်ကို ရနိုင်သောအခွင့်အရေးရှိပါလျက် မတော်လောဘဝိသမစိတ်ကြောင့် ရွှေခွက်ကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ဘုရားအလောင်း ရွဲကုန်သည်မှာမူ ရိုးသားမှန်ကန်သော သမ္မစိတ္တကြောင့် ဒေဝဒတ်လောင်းရွဲကုန်သည် မျက်နှာလွှဲခဲ့သော ရွှေခွက်ကို ဝယ်ယူရရှိသွားခဲ့သည်။ ယနေ့ခေတ် စီးပွားရေးလောကတွင် ဘေးအန္တရာယ်ကိုလျစ်လျူရှုလျက် ဆေးဝါးအတုပြုလုပ်ရောင်းချနေသူများ၊ အစားအသောက်များထဲတွင် ဘေးအန္တရာယ် ဖြစ်စေသောဓာတုဆိုးဆေးများကို ထည့်သုံးခြင်း၊ မသန့်သောဆီများဖြင့် ကြော်လှော်ရောင်းချနေကြခြင်းစသည် ဝိသမလောဘဓောဖြင့် စီးပွားရှာမှုများကို ရှောင်ကြဉ်သင့်ပေသည်။ မြန်မာစကားပုံတွင်ရှိသော '<u>ကောက်သော်မစားလောက်၊ ဖြောင့်သော်စားမကုန်</u>' ဟူသော ဆိုရိုးစကားကို သတိချပ်ရန်လိုပါသည်။ 'အရောင်းအဝယ်၊ အသွယ်သွယ်တွင်၊ လိုဖွယ်ရရန် ဖိုးထိုက်တန်လျှင်၊ မှန်သည်ကိုလို၊ လောဘတိုက်၍၊ လူမိုက်မဆိုရစေနှင့်' ဟုရှင်မဟာရဋ္ဌသာရက လက်သစ်တောင်သာ ဆုံးမစာ၌ ဆုံးမထားသည်ကို မှတ်သားရပါသည်။

ကိုယ်ကျင့်တရားသည် လူ့တန်ဖိုးကို ဖြတ်ပေးသည့် မှတ်ကျောက်သဖွယ်ဖြစ်ပါသည်။ ကိုယ်ကျင့်သိက္ခာရှိသောသူကို လူအများက လေးစားယုံကြည်ကြသည်။ အကြီးအကဲတင်မြှောက်လိုကြသည်။ ကိုယ်ကျင့်တရားပျက်ပြားသူ၊ လောဘ၊ ဒေါသ၊ မာန်မာန ရှိသူကို လူအများရွံမုန်းကြသည်။ လူ့အသိုင်းအဝိုင်းမှ ပယ်ထုတ်လိုကြသည်။ သီလ၊ သမာဓိ သိက္ခာပြည့်စုံသူတို့ကို အောင်မြင်မှုရလာဒ်များက အမြဲကြိုဆိုလျက်ရှိသည်။ လုပ်သမျှအောင်၊ ဆောင်သမျှ ပြီးစီးနိုင်သည်။ မည်မျှပင်ခက်ခဲသောအလုပ်ကိစ္စဖြစ်စေကာမူ နောက်ဆုံး၌ အောင်မြင်ပေါက်မြောက် နိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏ သီလ၊ သမာဓိ၊ သိက္ခာတို့ဖြင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည်။ လူသေသော်လည်း နာမည်မသေပါ။ သူ၏ကိုယ်ကျင့်တရားကို စံနမူထားကာ မြန်မာပြည်သူပြည်သားတို့ ဦးထိပ်ပန်ဆင်နေရဆဲဖြစ်ပါသည်။ ထို့ကြောင့် လူတစ်ယောက်၏သမိုင်းကြောင်းသည် ထိုသူ၏ ကိုယ်ကျင့်တရားပင်ဖြစ်သည်ဟု ဆိုလျှင်ဆိုနိုင်မည်ထင်ပါသည်။ ဆရာဇော်ဂျီက '<u>ရိုးဂုဏ်၊ မြင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည် လူ့ဘုံလောက၊ နှစ်သာရတည်း</u>' ဟုမိန့်ခဲ့ပါသည်။

ယနေ့လူသားတို့ကမ္ဘာတွင် ကိုယ်ကျင့်တရားကောင်းသူ ဦးရေများပါက တိုင်းပြည်နှင့် လူမျိုးသည် အမှန်ပင် အေးချမ်းသာယာပါလိမ့်မည်။ ကိုယ်ကျင့်တရားကို တစ်ဦးချင်းစီ၊ မိသားစု တစ်စုချင်းစီ၊ ရပ်ကွက် တစ်ခုချင်းစီ၊ တိုင်းနိုင်ငံ တစ်ခုချင်းစီက စောင့်ထိန်းကြမည်ဆိုပါလျှင် ငြိမ်းချမ်းသာယာ ဤကမ္ဘာကြီးကို တည်ဆောက်နိုင်မည်ဟု ဓကန်ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုးစား၍ ကောင်းကျိုးကိုယ်၌တည်စေကာ ကိုယ်ကျင့်တရားကောင်းကို ထားရှိအပ်လှပါသတည်း။ ။

စွဲထင်ရစ်သောဝမ်းနည်းဖွယ်မြင်ကွင်းတစ်ခု

- ❑ လူတိုင်း၌ မေ့မရသော မြင်ကွင်းများရှိတတ်ပုံ
- ❑ မြင်ကွင်းကို အသေးစိတ်သရုပ်ဖော်ရေးသားရန်
- ❑ အဘယ်ကြောင့် စွဲထင်ရစ်ကြောင်း ကျိုးကြောင်းပြရေးသားရန်
- ❑ မြင်ကွင်းမှ ရရှိသောခံစားချက်နှင့် အတွေးအမြင်

## စွဲထင်ရစ်သောဝမ်းနည်းဖွယ်မြင်ကွင်းတစ်ခု

လူ့ဘဝတည်းဟူသော လောကဇာတ်ခုံကြီးပေါ်တွင် လူသားအားလုံးသည် ဘဝဇာတ်ကွက် မြင်ကွင်းအဖုံဖုံကို ရှုမြင်ကြရ၊ တွေ့ကြုံကြရစမြဲဖြစ်သည်။ ပျော်ရွှင်ဖွယ် မြင်ကွင်း၊ တက်ကြွဖွယ်မြင်ကွင်း၊ ဝမ်းနည်းဖွယ်မြင်ကွင်း၊ လွမ်းဆွတ်ဖွယ် မြင်ကွင်း၊ စက်ဆုပ်ဖွယ်မြင်ကွင်း စသဖြင့် မြင်ကွင်းအဖုံဖုံကို မြင်ကြရရှုကြရမြဲ ဖြစ်ပါသည်။ ဤသို့သော မြင်ကွင်းများထဲတွင် အချို့မြင်ကွင်းများမှာ မေ့မေ့ ပျောက်ပျောက် ဖြစ်သွားတတ်သော်လည်း အချို့မြင်ကွင်းများမှာ မေ့ပျောက်မရလောက် နိုင်အောင် စွဲထင်ကျန်ရစ်သော မြင်ကွင်းများလည်း ရှိတတ်ပါသည်။ အထူးသဖြင့် ဝမ်းသာစရာမြင်ကွင်းများထက် ဝမ်းနည်းစရာ မြင်ကွင်းတို့က ပို၍စွဲထင်ကျန်ရစ် တတ်ပါသည်။

ကျွန်မဘဝတွင် မေ့မရနိုင်အောင် စွဲထင်ကျန်ရစ်သော မြင်ကွင်းတစ်ခုရှိနေ ပါသည်။ ကျွန်မစွဲထင်ကျန်ရစ်သော မြင်ကွင်းမျိုးကို လူတော်တော်များများလည်း မကြာခဏတွေ့မြင်ဖူးကြမည် ဖြစ်ပါသည်။ သို့သော် ကျွန်မအဖို့မှာမူ တစ်သက်တာ မေ့ပျောက်မရနိုင်သော ဝမ်းနည်းကြေကွဲမှုမျိုးကို ခံစားခဲ့ရသော မြင်ကွင်းဖြစ်နေပါ သည်။ ထိုမြင်ကွင်းကား ကျွန်မ၏အချစ်ဆုံးဆရာ ဦးသောင်းတင့်၏ ဈာပနမြင်ကွင်း ပင်ဖြစ်ပါသည်။

ဆေးရုံ၊ တရားရုံး၊ သုသာန်တို့သည် မစည်ကားအပ်သောနေရာများဖြစ်သည် ဟုဆိုကြပါသည်။ ဤနေရာကား မစည်ကားအပ်သောနေရာများတွင် တစ်ခု အပါအဝင်ဖြစ်သော သုသာန်မြေအရပ်ပင်ဖြစ်ပါသည်။ သို့သော် ထိုနေ့က မစည် ကားအပ်သော သချိုင်းသုသာန်မြေတွင် လူများစည်ကားနေပါသည်။ အသုဘ

ပို့ဆောင်လာကြသည့် လူကြီး၊ လူလတ်၊ လူငယ် အရွယ်စုံလှသည်။ ထူးခြားသည်မှာ လူကြီးပရိသတ်ထက် ကျောင်းသားလူငယ်၊ လူရွယ်ပရိသတ်က ပိုများနေခြင်းပင်ဖြစ်သည်။ သေဆုံးသူမှာ ကျွန်မတို့ကျောင်းမှ ဆရာဦးသောင်းတင့်ဖြစ်ပါသည်။ ဆရာသည် ပရိသတ်လူပုံအလယ်တွင် အေးချမ်းငြိမ်သက်စွာ အိပ်စက်လဲလျောင်းနေသည်။ ဆရာ့ကိုယ်ပေါ်တွင် တိုက်ပုံအဖြူနှင့် ကျောင်းစိမ်းရောင် ပိုးတွဲပုဆိုးကို လွှမ်းထားသည်။ အဖြူရောင်နှင်းဆီပွင့်များနှင့် စံပယ်ပန်းပွင့်ဖြူဖြူများက ဆရာ့ကိုယ်ပေါ်တွင် နားခိုလျက်ရှိသည်။ ဆရာ့ခေါင်းရင်းက စင်မြင့်ပေါ်တွင် အဖြူရောင်သစ်ခွပန်းပွင့်များနှင့် ဂန္ဓမာပန်းဖြူဖြူတို့တွဲစပ်ထားသော ပန်းခြင်းကြီးက နေရာယူလျက်။ ပန်းခြင်းကြီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ပန်းခြင်းကြီးငယ်များက ခြံရံလျက်ရှိသည်။ အလယ်ခေါင်က ပန်းခြင်းဖြူဖြူကြီးတွင် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၏ လွမ်းသူ့ပန်းခြင်းဟုလည်းကောင်း ဘေးကပန်းခြင်းငယ်ရွယ်လတ်များတွင်လည်း ဘယ်အတန်းဘယ်အတန်းက တပည့်များ၏ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းဟူသော စာတမ်းများကို အသီးသီးချိတ်ဆွဲထားသည်။ ကျွန်မသည် ဆရာ့ရုပ်အလောင်း အပြင်အဆင်များကိုကြည့်ရင်း "သေပန်းပွင့်တယ်ဆိုတာ ဒါမျိုးကိုပြောတာထင်ပါရဲ့"ဟု တွေးလိုက်မိပါသည်။ ပန်းခြင်းပန်းခွေများရှေ့တွင် ၈လက်မ × ၁၂လက်မအရွယ် ဓာတ်ပုံထဲမှ ဆရာ၏ တည်ကြည်ခန့်ညား၊ ယောကျ်ားပီသသောမျက်နှာက သူ၏နောက်ဆုံးခရီးကို ပို့ဆောင်ရန်လာကြသူအားလုံးကို ကျေနပ်စွာ နှုတ်ဆက်နေသည်သို့။

ခန်းမထဲတွင် လူတွေတစ်စတစ်စ များလာသည်။ လာရောက်ကြသူများက ဆရာလဲလျောင်းနေရာ စင်ဘေးမှ တစ်ယောက်ပြီးတစ်ယောက် ရပ်ကြည့်သွားကြသည်။ ဆရာ၏ဇနီးဖြစ်သူသည် လေးနှစ်ခန့်အရွယ် သားကလေးကိုချီလျက်မတ်တတ်ရပ်ကာ ဆရာ့ရုပ်အလောင်းကို တွေတွေကြီး စိုက်ကြည့်နေသည်။ ပါးပြင်ဝယ် မျက်ရည်များစီးကျလျက်ရှိသည်။ ဘေးမှာရှိသော ပရိသတ်များက သူမကို ကရုဏာသက်စွာ ငေးကြည့်နေကြသည်။ ဇနီးသည်မှာ ဆရာနှင့်စာလျှင် အသက်တော်တော်ငယ်သေး၍ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်သွားရသည်ကို သနားမဆုံးဖြစ်နေကြသည်။ ဤအချိန်တွင်ချီထားသော သားငယ်လေးက "မေမေ - ဖေဖေအိပ်နေတာကြာပြီ။ မထသေးဘူးလား။ နှိုးလိုက်တော့လေ၊ ကျောင်းနောက်ကျတော့မယ်" ဟုပြောလိုက်ရာ မိခင်ဖြစ်သူမှာ ရှိုက်ကြီးတငင် ငိုပါတော့

သည်။ ဆရာ့ကိုချစ်သော ကျွန်မတို့တပည့်များမှာလည်း "ငိုချင်လျက်လက်တို့" ဆိုသကဲ့သို့ မျက်ရည်ဖြိုင်ဖြိုင် ဖြေမဆည်နိုင်ဖြစ်ကြရပါတော့သည်။

ထိုခဏ၌ ရုတ်ရုတ်သဲသဲနှင့် အလောင်းနားမှ လူများရှဲသွားသည်။ ဆရာ၏ ယောက္ခမဆိုသူ အမျိုးသမီးကြီးတစ်ဦးဝင်လာ၍ ဖြစ်ပါသည်။ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါးအရွယ်မျှရှိပြီး။ အသားဖြူဖြူခန့်ခန့်ထည်ထည် ရှိလှသည်။ ကိုယ်ပေါ်တွင် ဆင်မြန်းထားသော လက်ဝတ်ရတနာများကို ကြည့်ခြင်းအားဖြင့် ကြွယ်ဝသောအသိုင်းအဝိုင်းမှဖြစ်မှန်း ထင်ရှားပါသည်။ မျက်နှာထားကား ခပ်တင်းတင်းပင်။ အလောင်းကို တွေတွေကြီးစိုက်ကြည့်ပြီးနောက် ကလေးချီထားသော ဆရာကတော်ဘက်သို့လှည့်လိုက်ကာ " ခု-နာရေးကိစ္စတွေပြီးရင် ညည်းတို့သားအမိကို အမေလာခေါ်မယ်။ အမေ့အိမ်ကိုပြောင်းနေရမယ်။ မိဘစကားနားမထောင်တော့ ခုလိုဆင်းဆင်းရဲရဲနေရရုံမက ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ရပြီပေါ့။ မိဘကို ခြေစုံကန်ထွက်သွားတဲ့မိန်းမ။ အားကိုးလိုက်ဦးလေ- ဒီယောကျ်ားကို။ ခုတော့ ဘယ်နှယ်ရှိစ၊ မိဘဆီပဲပြန်အားကိုးရတော့မှာ မဟုတ်လား။ ကလေးတစ်ယောက်က အဆစ်ပါသေး၊ ရော့- ညည်းယောကျ်ားသင်္ဂြိုဟ်စရိတ်"ဟု ပြောပြောဆိုဆို ငွေစက္ကူထုပ်တစ်ထုပ်ကို သမီးဖြစ်သူလက်ထဲသို့ အတင်းထိုးထည့်လိုက်သည်။ ဘေးမှ ပရိသတ်များကလည်း ငေးမောကြည့်နေကြသည်။ ထိုမိန်းမကြီးကို ဖေးမခေါ်လာသော သားဖြစ်သူက "မေမေကလဲဗျာ- တော်ပါတော့။ လူတွေကြားမှာ ပြောမနေပါနဲ့၊ မြင်လို့မကောင်းပါဘူး" ဟုတားကာ တစ်ဆက်တည်းမှာပင် "ညီမလေး… ရက်လည်ပြီးရင် ညီမလေးတို့ကို ကိုကိုလာခေါ်မယ်နော်" ဟုပြောပြောဆိုဆို အဘွားကြီးကို အလောင်းစင်ဘေးမှ ဆွဲခေါ်သွားလေသည်။ ပြီးနောက်ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ဆလွန်းကားပေါ်သို့တက်ကာ ထွက်သွားကြလေတော့သည်။

သင်္ဂြိုဟ်ရန် အချိန်နီးသည်ထက် နီးလာပြီ။ လူတွေလည်း လှုပ်လှုပ်ရွရွဖြစ်လာသည်။ ကြေးစည်ထုသံ တနောင်နောင်ကိုလည်း ကြားနေရပြီ။ ကိုးတန်းဆယ်တန်းမှ ကျောင်းသားကြီးတစ်သိုက်သည် ဘေးတစ်ဘက် တစ်ချက်စီရှိ ခေါင်းရင်းနှင့် ခြေရင်းဘက်မှ မတ်တတ်ရပ်ကာ အခင်းပိတ်စအစွန်းများကို ကိုင်မလိုက်ကြပြီး ဆရာ့ကို ခေါင်းတလားအတွင်းသို့ ညင်သာစွာထည့်လိုက်ကြသည်။ ပြီးနောက် အဖုံးကိုပိတ်လိုက်ကြသည်နှင့်တစ်ပြိုင်နက် ရှိုက်ကြီးတငင်ငိုသူငို၊ တရှုတ်ရှုတ်ငိုသူငိုနှင့် ဖြစ်ကုန်တော့သည်။ "ဥမ်း"ဟူသော ရေအိုးခွဲသံနှင့်အတူ

ဆရာ၏ နောက်ဆုံးခရီးစတင်ချေပြီ။ ကြေးစည်အဖွဲ့ဦးဆောင်လျက် ရှေ့ဆုံးမှ ကျောင်းသားတစ်ယောက်က ဆရာ့ဓာတ်ပုံကို သူ့ရင်မှာကပ်လျက် သယ်ဆောင်လာသည်။ သူ့နောက်ကကပ်လျက် ပန်းခြင်းပန်းခွေများကိုင်ဆောင်ထားသော ကျောင်းသားကျောင်းသူများပါလာသည်။ သူတို့နောက်တွင်မှ ဆရာ့ခေါင်းတလားကို ကျောင်းသားတစ်စုက ထမ်းလာသည်။ ဆရာ့ကိုချစ်သော ကျောင်းသားများက ပေနှစ်ဆယ်အစိတ်စီအကွာတွင် တစ်ဖွဲ့စီဖွဲ့ထားကာ အလှည့်ကျထမ်းပိုးလာကြသည်။ သုသာန်ဝန်ထမ်းများကို မထမ်းစေရ။ တွန်းလှည်းနှင့် တွန်းမပို့စေရ။ သူတို့ဆရာကို နောက်ဆုံးဂါရဝပြု ကျေးဇူးဆပ်သည့်အနေဖြင့် သူတို့ကိုယ်တိုင်ကိစ္စအဝဝကို ဆောင်ရွက်မည်ဆိုကာ အသီးသီးတာဝန်ယူကြခြင်းဖြစ်သည်။

သည်လိုနှင့် တရွေ့ရွေ့လိုက်ပါပို့ဆောင်ရင်း သင်္ဂြိုဟ်မည့်နေရာရှေ့သို့ ရောက်လာကြပြီ။ အသင့်စောင့်နေသော အလောင်းတင်ရန်တွန်းလှည်းပေါ်သို့ ခေါင်းတလားကို အသာအယာတင်လိုက်ကြသည်။ ထို့နောက်တပည့်အားလုံး အချင်းချင်းမတိုင်ပင်ဘဲ ရုတ်တရက် 'ဝုန်း' ကနဲ ထိုင်ချလိုက်ကြကာ မြေပြင်ပေါ် ပုဆစ်တုပ်ထိုင်သူကထိုင်၊ ဆောင့်ကြောင့်ထိုင်သူကထိုင်ကာ နောက်ဆုံးကန်တော့ခြင်းဖြင့် ကန်တော့လိုက်ကြသည်။ ထိုအချိန်တွင် ကျွန်မရင်၌ ကြေကွဲဝမ်းနည်းမှုမှာ ပြောမပြနိုင်အောင် ခံစားရပါသည်။ မျက်ရည်များကြားမှ ကြည့်နေရင်းပင် သုသာန်ဝန်ထမ်းများက ဆရာ့ကို သင်္ဂြိုဟ်စက်ခန်းအတွင်းသို့ တွန်းယူခေါ်ဆောင်သွားပြီး စက်ခန်းတံခါးကြီးကို 'ဂျိန်း' ကနဲ ပိတ်လိုက်ပေပြီ။ ပို့ဆောင်သူအားလုံးလည်း ဆရာ့ကိုထားရစ်ခဲ့ကြပြီး ကားပေါ်သို့ အသီးသီးတက်ကာ ပြန်ခဲ့ကြသည်။ ဆရာ၏ ဘဝနိဂုံးကား ဤတွင်ပင် အပြီးတိုင်ချုပ်ငြိမ်းလေပြီတည်း။

ကျွန်မသည် အိမ်အပြန်ကားပေါ်တွင် ဆရာ့အကြောင်းကို တစိမ့်စိမ့်တွေးလာမိသည်။ ဆရာသည် ကျွန်မတို့ကျောင်းကို မူလတန်းပြဆရာလေးအဖြစ် ရောက်လာသည်။ ကျွန်မတို့ လေးတန်း၏ အတန်းပိုင်ဆရာဖြစ်လာသည်။ ဘာသာရပ်အားလုံးကို ဆရာတစ်ဦးတည်း တာဝန်ယူသင်ကြားရသည်။ ဆရာသည် စာသင်ကောင်းသလောက် စေတနာကလည်း ကောင်းလှပါသည်။ အထူးသဖြင့် အင်္ဂလိပ်စာနှင့် သင်္ချာသင်ကြားရာတွင် ကျောင်းသားများ နားလည်အောင်သင်ကြားရာ၌ ပါရမီထူးချွန်သူဟု ဆိုရပါမည်။ ထိုနှစ်က ကျွန်မတို့လေးတန်းအစိုးရစစ်ကို တန်းလုံးကျွတ်အောင်ကြသည်။ ကျွန်မတို့အလယ်တန်းအဆင့် ရောက်သောအခါမှာလည်း ဆရာ့ကို

ငါးတန်းနှင့် ခြောက်တန်းတွင် အင်္ဂလိပ်စာသင်ကြားရန် တာဝန်ပေးခံရသဖြင့် ကျွန်မတို့နှင့်ဆရာ အတန်းစဉ်ကပ်ပါလာသောကြောင့် ပျော်ရပါသည်။ အင်္ဂလိပ်စာအခြေခံလည်း ခိုင်ခိုင်မာမာရလာကြသည်။ ဆရာသည် ကျွန်မတို့တပည့်များအပေါ် ညီယယ်ညီမယယ် အရင်းအချာပမာ ချစ်ခင်ကြသည်။ ပျော့ပျော့တစ်ခါ မာမာတစ်လှည့် ဆုံးမသွန်သင်သည်။ ကျောင်းသားများကသာမက ကျောင်းသားမိဘများကပါ ဆရာ့ကို အားထားချစ်ခင်ကြသည်။ လေ့လာရေးခရီးများထွက်ရာတွင် ဆရာ လိုက်ပါမည်ဆိုလျှင် သားသမီးများကို စိတ်ချလက်ချထည့်လွှတ်သည်။

ဆရာကား အညာသားဖြစ်သည်။ မိဘများမှာ တောင်သူလယ်သမားများဖြစ်သည်။ ဆရာအသက် (၃)နှစ်အရွယ်လောက်တွင် ဖခင်မှာ ပိုးထိပြီးကွယ်လွန်သွားသဖြင့် ဖတဆိုးလေးဘဝဖြင့် ကြီးပြင်းလာခဲ့ရသည်။ ရွာဦးကျောင်းဆရာတော်က ဘုန်းကြီးကျောင်းသားအဖြစ်မွေးစားကာ ပညာသင်ပေးသည်။ ဉာဏ်ထက်မြက်လွန်းသူဖြစ်၍ မြို့နယ်ခရိုင်တို့တွင် စာပေထူးချွန်ရုံမက ဘက်စုံထူးချွန်သူအဖြစ် ထင်ရှားသည်။ ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာဖြင့် ထူးချွန်စွာအောင်သည်။ ထိုအခါ ဆရာတော်ကပင် ရွာအထောက်အပံ့တချို့ကိုယူ၍ မိမိကိုယ်ပိုင်အထောက်အပံ့နှင့်ပေါင်းကာ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးစေသည်။ ဘွဲ့ရသောအခါ ကျွန်မတို့ကျောင်းသို့ ဆရာအဖြစ် ရောက်လာသည်။ ကျောင်းတွင်ဆရာလုပ်ရင်း စာပေးစာယူစနစ်ဖြင့် ပညာရေးဘွဲ့ဖြစ်သော B.Ed ဘွဲ့ကို ကြိုးစားယူကာ မူလတန်းပြမှ အထက်တန်းပြဆရာအဖြစ် ရာထူးတစ်ဆင့်ပြီး တစ်ဆင့်တက်လာသည်။ ဆရာသည် ဘဝကိုရုန်းကန်ရင်း တက်လမ်းရှာကာ နေလာသည်မှာ ကွယ်လွန်ချိန်အထိပင်။ မူလတန်းဆရာဘဝဖြင့် ကျောင်းရောက်ချိန်က လူပျို လူလွတ်ဖြစ်၍ ကျောင်းစောင့်နေရန်အတွက် ဆောက်ထားသော နှစ်ခန်းတွဲ အဆောက်အအုံငယ်ကလေးတွင် ကျောင်းစောင့်အဖိုးကြီးနှင့် တစ်ယောက်တစ်ခန်းစီ နေခွင့်ကို ဆရာမကြီးက ခွင့်ပြုပေး၍ သေဆုံးသည့်နေ့အထိ ဆရာသည် ကျောင်းဝင်းအတွင်းမှာပင် နေသွားရှာသည်။ ဆရာအိမ်ထောင်ပြုချိန်မှာ နောက်ကျသည်။ သူအသက်လေးဆယ်ပြည့်ပြီးမှ အိမ်ထောင်ပြုသည်။ အိမ်ထောင်ဖက်သက်လျာမှာ သူ့ထက် ဆယ်နှစ်ကျော်မျှငယ်သည်။ ငွေကြေးကြွယ်ဝသော အသိုင်းအဝိုင်းမှဖြစ်၍ မိန်းခလေး၏မိဘများက အမွေပြတ် စွန့်လွှတ်ထားသည်။ ထို့ကြောင့် ဆရာတို့ဇနီးမောင်နှံသည် ကျောင်းထဲက အိမ်ငယ်ကလေးမှာပင်နေကာ ပျော်ရွှင်သော မိသားစုလေးဘဝကို ထူထောင်ကြ

သည်။ ဆရာ့အမျိုးသမီးသည် ကျောင်းဈေးတွင် မုန့်နှင့်အအေးရောင်းခြင်းဖြင့် အိမ်၏ စားအိုးကိုဖြည့်သည်။ သားငယ်လေးတစ်ဦး ထွန်းကားလာသောအခါ ရွာမှာနေသော မိခင်အိုကြီးကိုပါ ခေါ်ထားပြန်ရာ ဆရာတို့မိသားစု သိုက်သိုက်ဝန်းဝန်း စိုစိုပြည်ပြည် ဖြစ်လာခဲ့သည်။

ခုအခါမှာကား ဆရာတို့မိသားစု အသိုက်အမြုံလေးပျက်လေပြီ။ ဆရာသည် သူချစ်သောမိသားစုနှင့် ချစ်သောတပည့်များကို နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာထားရစ်ခဲ့ပြီ။ ဆရာဆုံးသောနေ့ကို ပြန်မြင်ယောင်လာမိပြန်သည်။ ထိုနေ့ညနေ ငါးနာရီလောက်တွင် "ဆရာဦးသောင်းတင့် ရုတ်တရက် လဲကျပြီး ဆုံးသွားလို့တဲ့" ဟူသော သတင်းဆိုးကြီးသည် ကျောင်းပတ်ဝန်းကျင်ရှိ ကျွန်မတို့ အရပ်ထဲသို့ တစ်ခဏချင်းပြန့်နှံ့သွားသည်။ သတင်းရရှိသော တပည့်အားလုံး ဆရာ့အိမ်သို့ ပြေးကြသည်။ "ဘယ်လိုဖြစ်ရတာလဲ"ဟူသော အသံများကလည်း ဆူညံနေသည်။ သေမင်းသည် ဆရာ့အား နှလုံးရောဂါဆိုသော လက်နက်ကိုပြ၍ မရဏနိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။ နှလုံးကြောင့် စာသင်ရင်း မောသလိုရှိကာ မကြာမကြာရပ်နား သင်ကြားရသည်ကို ကာယကံရှင်ရော ဘေးကပါ သတိမထားမိခဲ့ကြ။ ဆရာကွယ်လွန်ချိန်၌ ဆရာ့အသက်မှာ ငါးဆယ်ပင်မပြည့်တတ်သေးပါ။ ကျွန်မတို့ကျောင်းအဖို့ ကြီးမားလှသော ဆုံးရှုံးမှုကြီးဖြစ်ပါ၏။ နာရေးရက်မလည်ခင်မှာ ကျောင်းသားအချင်းချင်း သတင်းဖြန့်ကြသည်။ နိုင်ငံခြားတွင်နေထိုင်ကြသော တပည့်ဟောင်းကြီးများ၊ ပညာသွားသင်နေသော ကျောင်းသားများက ဒေါ်လာငွေများ လှမ်းပို့ကာ နာရေးကူကြသည်။ လက်ရှိကျောင်းသားများ၏ မိဘများကလည်း ကူညီပံ့ပိုးကြသည်။ ညဘက်များတွင် ကျောင်းသားကြီးများက အသုဘအိမ်ကို မီးအလင်းမအိပ်ကြဘဲစောင့်ကြသည်။ ထူးခြားချက်မှာ ညဘက်ဖဲဝိုင်းမရှိခြင်းပင် ဖြစ်သည်။ ဆရာသည် ဖဲရိုက်ခြင်း၊ လောင်းကစားခြင်းကို မကြိုက်သောကြောင့် တပည့်များက ဆရာ့စကားကို နောက်ဆုံးနာခံသောအားဖြင့် မည်သူမျှ ဖဲမရိုက်ကြဘဲ စောင့်ကြရန် သဘောတူ တိုင်ပင်ထားကြ၍ ဖြစ်သည်။ ဆရာ့နာရေးကိစ္စအားလုံးသည် စည်စည်ကားကားနှင့် ချောချောမောမော ပြီးဆုံးသွားပါသည်။

'တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား အားရှိပါ၏' ဟူသောဆိုစကားကို ကြားရတိုင်း ဆရာ့ဘဝ ရုပ်ပုံလွှာကို ပြေးပြေးပြီးမြင်နေမိသည်။ ဆရာ့မှာ တပည့် မရှားသည်ကို ဆရာ့နာရေးက သက်သေထူလိုက်သည်။ တစ်ပြားမရှိသည်လည်း

မှန်၏။ ဆရာသည် စေတနာဆရာ၊ နှာသုံးနာနှင့် ပြည့်ဝသော ဆရာဖြစ်သည်။ ဆရာသည် ကျူရှင်မပြ။ စာမလိုက်နိုင်သော၊ စာတော်သော တပည့်များကို ညနေကျောင်းချိန်အပ အပိုချိန်ခေါ်ကာ အခမဲ့စာသင်ပေးသည်။ ကျူရှင်ဆရာ မဟုတ်၍ ငွေကြေး ကသီ၏။ တစ်ခါတစ်ရံ မိသားစုထဲမှ တစ်ဦးတစ်ယောက် မကျန်းမမာဖြစ်လျှင် ဟိုမှသည်မှပင် ချေးငှားရသည့်အခါများပင်ရှိကြောင်း ကြား သိရသည်။ ပီတိကိုစားနေသောဆရာသည် အားမရှိသည်မှာ အမှန်ဖြစ်ပါသည်။ ထို့ကြောင့်ပင် နှလုံးအားနည်းသည်ကို ဂရုမထားနိုင်ဘဲ ဆုံးပါးသွားရခြင်း ဖြစ်သည် ဟု ထင်ပါသည်။

ကျောင်း၏ မိဘဆရာအသင်း ကိစ္စအဝဝမှန်သမျှ ဆရာက အပင်ပန်းခံ၍ ဆောင်ရွက်သည်။ ကျောင်းသားမိဘများကလည်း ဆရာ့ကို ချစ်ခင်ကြ အားကိုးကြ သည်။ ဆရာလုပ်သက်ရင့်လာသည်နှင့်အမျှ တပည့်တော်တော်များများ လူလား မြောက်သွားကြပြီ။ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာဆရာမများ၊ နိုင်ငံရပ်ခြားတိုင်းတစ်ပါးတွင် အခြေချနေသူများ မနည်းပြီ။ လက်လုပ်လက်စားဆင်းရဲသား၊ ဆိုက္ကားသမားမကျန် အလွှာစုံမှာရှိနေသည်။ ဆရာသည် တပည့်ချမ်းသာလျှင် ဝမ်းသာ၍ တပည့်ဆင်းရဲသည်ကိုတွေ့လျှင် ဝမ်းနည်းတတ်သူဖြစ်သည်။ စီးပွားရေး မပြေလည်သော တပည့်များတွေ့လျှင် ကြီးပွားနေသောတပည့်များထံသွား၍ သူတို့၏သူငယ်ချင်း မည်သူမည်ဝါဆင်းရဲ နေကြောင်း၊ အချင်းချင်း၏ဘဝကို ကူညီထောက်ပံ့ပေးရန် မြှင့်တင်ပေးရန် မေတ္တာ ရပ်ခံပေးသည်။ တပည့်တို့၏ငွေကြေး အချေးအငှားကိစ္စတို့တွင် ကြားက အာမခံ ပေးလိုက်သေးသည်။ ဆင်းရဲချမ်းသာ တပည့်အားလုံး၏ အရေးသည် သူ့အရေးလို သဘောထားသော ဆရာကားမရှိတော့ပြီ။

ကျွန်မသည် ဆရာဂုဏ်ကျေးဇူးကို အမြဲမမေ့နိုင်သကဲ့သို့ ဆရာ၏ နောက်ဆုံး ခရီး မြင်ကွင်းများကိုလည်း စွဲထင်ကျန်နေပါသည်။ တွေးလိုက်တိုင်း မြင်ယောင်၊ မြင်ယောင်တိုင်းဝမ်းနည်းရ၊ လွမ်းရပါသည်။ ဆရာဆိုသည်မှာ ဘဝအနေမမြင့်၊ ဓန အခြေမတင့်သော်လည်း ဘဝမှာ အသရေတင့်သူများပါတကားဟု အတွေးမျှင်တန်း နေမိပါတော့သည်။ ။

ဆောင်းဦးနံ့နက်ခင်းအလှ

- ဆောင်းရာသီရောက်လာပုံ
- ဆောင်းရာသီနှင့် ငွေနှင်းတို့၏ သဘာဝအလှ
- နံနက်ခင်းနှင်းထုကြားမှ နေထွက်လာပုံ
- ဆောင်းဦးနံနက်ခင်းတွင် သတ္တလောက၊ ဩကာသလောက လှပ်ရှားမှု မြင်ကွင်းများ
- ရာသီပန်းများပွင့်ကြပုံ၊ ဆောင်းသီးနှံများပေါ်များပုံ
- ဆောင်းဦးနံနက်ခင်းတွင် ကထိန်ပွဲများ လှည့်လာပုံ
- မိမိ၏ခံစားချက်နှင့် အတွေးအမြင်

## ဆောင်းဦးနံ့နက်ခင်းအလှ

ဥတုသုံးလီ ရာသီရဟတ်ကား တစ်ပတ်ပြီးတစ်ပတ် အဆက်မပြတ် လည်နေသည်။ တစ်နွေညှိုး၍ တစ်မိုးပြောင်းပြီး တစ်ဆောင်းသစ်လာပြန်ချေပြီ။ ဆောင်းမင်းသမီးသည် သူ့အလှည့်ကျပြီဖြစ်၍ အဖြူရောင်နှင်းဝတ်လွှာကို ခြုံလျက် မြောက်ပြန်လေဆိုင်းချက်နှင့်အတူ လောကဓာတ်ဇာတ်ခုံပေါ်တွင် ကကြိုးဆင်လျက် အသုံးတော်ခံနေသည်။ ဆောင်းဦးရာသီသို့ ရောက်ပြန်ပြီတကား။

သီတင်းကျွတ်လ ရောက်သည်နှင့်တစ်ပြိုင်နက် ချမ်းမြမြအအေးဓာတ်က လောကမြေပြင်ကို စတင်ထွေးပတ်စပြုလာသည်။ တန်ဆောင်မုန်းလ ရောက်သောအခါမှာကား ဆောင်းဦးရာသီကာလသို့ ဗီဗီပြင်ပြင်ဝင်လာပါတော့သည်။ ဆောင်းဦးနံနက်ခင်းကား နွေရာသီနံနက်ခင်း၊ မိုးရာသီနံနက်ခင်းတို့ထက် ပိုလှသည်ဟု ထင်ပါသည်။ နွေရာသီနံနက်ခင်းက နေထွက်လာသည်နှင့် တစ်ပြိုင်နက် အိုက်စပ်စပ်နှင့် ခြောက်သွေ့သည်။ မိုးရာသီနံနက်ခင်းများကလည်း အုံ့ပျပျနှင့် မကြည်မလင် စိုစိုထိုင်းထိုင်းရှိတတ်သည်။ ဆောင်းရာသီ၏ နံနက်ခင်းတွင် နှင်းမှုန်ထုကြားမှ ဖောက်ထွင်း ထိုးဆင်းလာသော နေခြည်ရောင်တန်းများ၏ သဘာဝအလှကို ဘယ်ရာသီ၏ နံနက်ခင်းအလှကမှ မီနိုင်မည်မထင်ပါ။ အအေးဓာတ်လွှမ်းခြုံထားသော လောကဓာတ် မြေပြင်ကို နေရောင်ခြည်တန်းတို့က ထွေးပွေ့လိုက်သောအခါ သတ္တလောက၊ ဩကာသလောက အားလုံး နိုးထလှုပ်ရှား လာပါတော့သည်။

ဝေလီဝေလင်း မိုးမလင်းတစ်လင်းအချိန်တွင် "ပဲပြုတ် ပဲပြုတ်"ဟူသော ပဲပြုတ်သည် ဒေါ်ပုကြီး၏ အသံက နိဗ္ဗာန်ဆော်၏အသံကဲ့သို့ နှင်းထုကြားမှ အိမ်ဝင်းထဲသို့ ထိုးဖောက်ဝင်လာသံကို ကြားနေရသည်။ သူ့ခမျာ အခြားသူများကဲ့သို့ ဆောင်းအေးအေးတွင် အိပ်ရာထဲမှာ စောင်ခြုံ၍ ကွေးမနေနိုင်အားရှာပေ။ သံဝါ ဖြောက်ဖြောက် ဆီးနှင်းပေါက်တို့ကို အန်တု၍ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် တစ်လမ်းဝင်တစ်လမ်းထွက် အော်ဟစ်ကာ ပဲပြုတ်ရောင်းနေသည်။ အအေးဓာတ်ကြောင့် သူ့ပါးစပ်မှာလည်း သူ့ပဲပြုတ်တောင်းထဲမှ ပဲပြုတ်များနှင့်အပြိုင် အငွေ့တထောင်းထောင်း ထလျက်ရှိသည်။ ကျွန်တော်သည် ပဲပြုတ်သည်၏အသံကြောင့် အိပ်ရာမှ နိုးထလာပြီး အိမ်ရှေ့ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ အိမ်အပြင်ဘက်တွင် အိပ်တန်းထလာသော ငှက်ကလေးများ၏ တီတီတာတာ ကျီကျီကျာကျာအသံများက နံနက်ချိန်ခါတေးသံသာပမာ ဆူညံလျက်နေတော့သည်။

သီတင်းကျွတ်လပြည့်ကျော်သည်နှင့် မိုးရက်များယွန်း၍ ဆောင်းရက်တို့ စွန်းလာခဲ့ပြီးဖြစ်သည်။ "ဆောင်းလရက်လျှင်၊ ရာသီဝင်က၊ လျှံထင်ဝင်းဝါ၊ သူရိယာလျှင်၊ တောင်ညာအနား၊ လှည့်၍သွားသော်၊ နေ့အားကားနည်း၊ ညဥ့်အားသည်းခဲ့" ဟူသော စာဆိုနဝဒေးကြီး၏ စာအဖွဲ့အတိုင်း နေ့တာတို၍ ညဥ့်တာရှည်သော ဆောင်းရက်များတွင် နေမင်းကြီးကား တော်တော်နှင့်ရောက်မလာနိုင်။ နေခြည်ဖြာမှ နွေးမည်ကြောင့် နေမင်းအလာကို လူသားတို့ တမ်းတစောင့်မျှော်ကြရသည်။ သို့နှင့် အရှေ့မိုးကုတ်စက်ဝိုင်းကြီးဆီ နေမင်းကြီးသည် ပန်းနုရောင်မိုးသားပြင်ကိုဖြတ်၍ လောကမြေပြင်သို့ သက်ဆင်းလာသည်။ ငွေနှင်းမှုန်တို့ကြားမှ မြေပြင်သို့ ဖြာကျနေသော နေခြည် ရောင်စဥ်တန်းတို့၏ သဘာဝအလှအောက်တွင် လှုပ်ရှားသွားလာနေသော လူသားတို့၏ လုံ့လစွမ်းအားများကိုလည်း အားတက်ဖွယ် တွေ့မြင်ရပါသည်။

ငွေနှင်းတို့ကြားမှ ထိုးကျလာသော နံနက်ခင်း နေခြည်နုအောက်တွင် ဘုန်းတော်ကြီးများ တန်းစီလျက် ဆွမ်းခံထွက်လာကြသည်။ ဆွမ်းခံကြွလာသော ဘုန်းတော်ကြီးများ ရှေ့မှ "ဆွမ်းတော်ဖို့" ဟုဆော်ဩကာ ဘုန်းကြီး ကျောင်းသားလေးများက လိုက်ပါလာကြသည်။ ဆွမ်းကွမ်းထည့်ရန် ချိုင့်များ၊ ဆိုင်းထမ်းများ သယ်ဆောင်ကာ လိုက်ပါလာသော မြင်ကွင်းကား ကြည်ညိုဖွယ်၊ ကြည်နူးဖွယ်လည်း ကောင်းလှသည်။ ထမင်းချိုင့်ကလေးများကို ဆွဲလျက် ကျောပိုးအိတ်များကိုယ်စီ

လွယ်လျက် ကျောင်းသွားနေကြသော ကျောင်းသား လူငယ်လေးများ၏ မြင်ကွင်းများကလည်း ဆောင်းနံနက်ခင်း၏ ကျက်သရေကို ဆောင်နေသည်သို့ ရှိပါသည်။

ဆောင်းဦးနံနက်ခင်း၏ ကျက်သရေဆောင်အလှတစ်ခုကို ပြရဦးမည်ဆိုလျှင် မြန်မာ့လယ်ယာစပါးခင်းများကို လက်ညှိုးညွှန်ပြရမည်ဖြစ်ပါသည်။ လယ်ယာစပါးခင်းများသည် မိုးရာသီက ဆင်မြန်းခဲ့သော မြစိမ်းရောင်ဝတ်လွှာရုံကို ခွာချပြီး ရွှေဝါရောင်ဝတ်ရုံကို ပြောင်းလဲဝတ်ဆင်လိုက်ပေပြီ။ "ဖုံးတုံးလုံးတုံးတန်ဆောင်မုန်း" ဟူသောဆိုစကားအတိုင်း စပါးနှံတို့မှာ အဆန်ပြည့်နေကာ ခေါင်းညွတ်နေသည်။ စပါးခင်းတို့သည် နေခြည်အောက်တွင် ရွှေရည်တောက်နေတော့သည်။ ဆောင်းနှောင်းကာလရောက်လျှင် ရွှေဝါရောင်စပါးပုံကြီးများအသွင်ဖြင့် မကြာမီမြင်ရပေဦးတော့မည်။ ဤရွှေဝါရောင်စပါးခင်းကြီးများကား မြန်မာပြည်၏ အလှ၊ မြန်မာပြည်၏ အဆင်တန်ဆာဖြစ်သည်။ ပတ္တမြား ကျောက်သံတမျှ တန်ဖိုးကြီးလှပါသော စပါးကောက်နှံတို့ကား မြန်မာ့လယ်ယာဦးကြီးများ၏ ဘဝလည်းမည်ပါသည်။ မြန်မာ့ရိက္ခာ၊ မြန်မာ့စီးပွားအတွက် အားတက်ဖွယ်လည်း ဖြစ်ပါသည်။

ဆောင်းရာသီကား သီးနှံလှိုင်လှိုင်ပေါသောရာသီဖြစ်သည်။ လိမ္မော်သီး၊ ဂေါ်ရခါးသီး၊ ဂေါ်ဖီပန်း၊ မုန်လာ၊ မုန်ညင်း၊ ရွှေပဲသီး စသောဆောင်းထွက်သီးနှံများကို တောင်းနှင့်တစ်နည်း၊ တွန်းလှည်းနှင့်တစ်မျိုး၊ ထမ်းပိုးနှင့်တစ်သွယ် သယ်ဆောင်လာသော ဈေးသည်များကိုလည်း နံနက်ဝေလီဝေလင်းတွင် တွေ့မြင်ရသည်။ တောင်းကြီး တောင်းငယ်များထဲတွင် ဂန္ဓမာ၊ ဒေလီယာ၊ သစ္စာပန်း၊ နှင်းဆီပန်း စသောပန်းများက အစည်းလိုက် အစည်းလိုက် ရောင်စုံ အလှချင်းပြိုင်နေကြသည်။ ဤမြင်ကွင်းမှာလည်း ဆောင်းဦးနံနက်ခင်း၏ ပန်းချီကားတစ်ချပ်ဟု ဆိုချင်ပါသည်။

ဝါလကင်းလွတ်သည့် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့သည် ဆောင်းဦးရာသီဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ဗုဒ္ဓဘာသာ မြန်မာတို့သည် လှူကထိန်သင်္ကန်းနှင့် မဂ်လမ်းကို ဆုပန်ရွယ်ကာ ကထိန်ခင်းကြသည်။ ကထိန်ခင်းမည့် ကျောင်းသင်္ခမ်း၊ ကထိန်ခင်းမည့် စုရပ်နေရာသို့ ကထိန်သင်္ကန်း၊ ကထိန်လှူရန် ပစ္စည်းပရိက္ခရာတို့ကို နံနက်ခင်းပိုင်းတွင် ပို့ဆောင်တတ်ကြသည်။ ပဒေသာပင်များတွင် အလှူပစ္စည်းတို့ကို မြိုင်မြိုင်ဆိုင်ဆိုင် ချိတ်ဆွဲထားသည်မှာ သဒ္ဓါပေါက်စရာကောင်းလှသည်။ အတီးအမှုတ်အကာအခုန်များဖြင့် စီတန်းလှည့်လည်လာသော မြင်ကွင်းမှာ ပျော်စရာကောင်းလှသည်။

မြန်မာလူမျိုးတို့၏ သဒ္ဒါတရား၊ မြန်မာများ၏ ပျော်ပျော်ရွှင်ရွှင် နေတတ်သော မလေ့စရိုက်တို့ကို ကထိန်ရာသီ ဆောင်းဦးနံနက်ခင်းများက ပြသဖော်ကျူးနေပါသည်။

ဆောင်းဦးနံနက်ခင်းတို့၏ ချမ်းအေးပုံကား ချမ်းပုံမှာ ကမ်းကုန်သော ဆောင်းလလယ် နတ်တော်၊ ပြာသိုလ၏ ချမ်းအေးပုံလောက်မပြင်းထန်ပါ။ အေးပင် အေးသော်လည်း နှစ်သက်ဖွယ်ကောင်းလှပါသည်။ မိုးလေခြောက်သွေ့သွားပြီဖြစ် သောကြောင့် လူကြီးလူငယ်များသည် ကျန်းမာရေးအတွက် နံနက်စောစော လမ်းလျှောက်ထွက်နိုင်လာကြပြီ။ မိမိတို့ဝါသနာအလျောက် ကိုယ်လက်လှုပ်ရှား အားကစားမျိုးစုံ လုပ်ဆောင်နေကြသည့် မြင်ကွင်းမှာလည်း ဆောင်းဦးနံနက်ခင်း၏ ရွှင်လန်းတက်ကြွဖွယ် အလှတရားများဖြစ်သည်။

ဆောင်းဦးနံနက်ခင်း၏ အလှပုံရိပ်ကို ကြည့်ရှုခံစားရင်း "မပူပေါင် နောက်ဆီက ချမ်းသော်လည်း အဖြူစောင်ခေါက်ထည်ကြမ်းလောက်ကို ခြုံလျက်သာ အအေးဒဏ်ကိုခုခံနေရသော လယ်စောင့်တဲအတွင်းမှ ဦးကြီးတို့ ဘဝကိုလည်း စာနာ နေမိသည်။ အအေးဒဏ်ကို လုံခြုံစွာကာကွယ်နိုင်သော အဆောက်အအုံထဲမှာ ရှိနေပါလျက် ခန်းဆောင်ရွှေရဝေအတွင်းမှ ချမ်းပေါင်လေ" ဟုအားတင်းနေရသော "ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့၊ မန်းတုန်အောင် လမ်းဆုံကသာ ဟစ်ချင်တော့၊ သည်ခေတ် သည်လိုဟာဖြင့် ၊ သည်ကိုယ်မှာ သေသေလှပါပေါ့" ဟု အဖြစ်သည်း နေသော စာဆို အချုပ်တန်းဆရာဖေကြီးကိုလည်း ပြေး၍မြင်ယောင်မိပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဆောင်းဦးနံနက်ခင်း၏ သဘာဝအလှသည်ကား၊ လှပခြင်း ကြည်နူးခြင်း၊ ရွှင်လန်းတက်ကြွခြင်းတို့ဖြင့် ဖွမ်းထုံနေသော ပန်းချီကားတစ်ချပ်ဟု ဆိုလိုက်ချင်ပါတော့သည်။ ။

ဘုရားပွဲဈေးမြင်ကွင်း

- မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ ဘုရားပုထိုးစေတီပေါများသော တိုင်းပြည်ဖြစ်ပုံ
- မြန်မာ့ဓလေ့အစဉ်အလာအရ ဘုရားပွဲများကျင်းပလေ့ရှိပုံ
- သွားရောက်ခဲ့ဖူးသော ပွဲတော် (ဘုရားအွဲ့၊ တည်နေရာ၊ ကျင်းပသည့်ရက်ကာလအရှည်)
- ဘုရားပွဲအခင်းအကျင်း၊ ဘုရားပွဲလာပရိသတ်ပြည်သူစည်ကား များပြားလှပုံ
- ဈေးဆိုင်တန်းများ၊ ဖြေဖျော်ရေးပျော်ပွဲရွှင်ပွဲများ
- ဘုရားပွဲတွင်တွေ့မြင်ရသော မြန်မာ့စိတ်ဓာတ်
- မိမိအမြင်နှင့် ခံစားချက်

## ဘုရားပွဲဈေးမြင်ကွင်း

မြန်မာနိုင်ငံကား ထေရဝါဒဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ နိုင်ငံဖြစ်သည်နှင့်အညီ ဘုရားတန်ဆောင်း ကျောင်းကန်စေတီပုထိုး ပေါများလှသော တိုင်းပြည်ဖြစ်ပါသည်။ မြို့အနှံ့ရွာအနှံ့ မည်သည့်ဒေသမှာမဆို စေတီပုထိုးတို့ကို လက်ညှိုးထိုးမလွဲ ဖူးတွေ့နိုင်သည်။ မြန်မာ့ဓလေ့အစဉ်အလာအရ မြို့ရွာတိုင်း၌ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲများကျင်းပလေ့ရှိပါသည်။ ရှေးကာလကတည်းကပင် ဘုရားမရှိသော ရွာသိမ်ရွာငယ်ကလေးများ၌ လယ်ယာလုပ်ငန်းသိမ်းပြီးချိန် အထူးသဖြင့်တပေါင်းလတွင် သဲပုံစေတီများတည်ကာ သဲပုံစေတီပွဲများကို ပျော်ပျော်ပါးပါး ကျင်းပလေ့ရှိပေသည်။ မြန်မာနိုင်ငံနှင့် စေတီပုထိုး၊ မြန်မာလူမျိုးနှင့် ဘုရားပွဲတော်များကား ခွဲခြားမရသော ယဉ်ကျေးမှုပြယုဂ်များပင် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် မိမိတို့၏ ရပ်ရွာဘုရားပွဲများကို အစည်ကားဆုံးဖြစ်အောင် အားထုတ်ကျင်းပလေ့ရှိသည်။ ပင်ကိုစိတ်ရင်းကပင် စေတနာသဒ္ဓါထက်သန်သော စိတ်စရိုက်ရှိကြသူများ၊ ပျော်ပျော်ပါးပါး ပူးပေါင်းဆောင်ရွက်တတ်သော ဓလေ့စရိုက်ရှိကြသူများဖြစ်ရာ ပွဲရက်မတိုင်မီကပင် ကြိုတင်၍ ငွေကြေးစုဆောင်းကြသည်။ စုပေါင်းလုပ်ဆောင်ကြသည်။ ရပ်ရွာ၏ ငွေကြေးအင်အား၊

စီးပွားရေးအင်အားအလျောက် တောဘုရားပွဲ၊ မြို့ဘုရားပွဲများကာ ဆယ့်နှစ်လ ရာသီကာလပတ်လုံး ခြိမ့်ခြိမ့်သဲပါပေ၏။ ဘုရားပွဲ၏ ကာလအတိုင်းအတာကလည်း သုံးလေးငါးရက်ကြာသော ဘုရားပွဲရှိသကဲ့သို့ တစ်လ၊ နှစ်လမှစ၍ သုံးလ၊ လေးလ ကြာသည်အထိ ရက်ရှည်ကျင်းပသည့် နိုင်ငံကျော် ဘုရားပွဲများလည်းရှိပါသည်။

ကျွန်မရောက်ဖူးသော ဘုရားပွဲတော်များအနက် အမှတ်ထင်ထင်အရှိဆုံး ဘုရားပွဲကား 'ရွှေစက်တော်ဘုရားပွဲ' ဟုခေါ်သော မန်းစက်တော်ရာ ဘုရားပွဲပင် ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ တစ်ပြည်လုံးအတိုင်းအတာနှင့် လာရောက် ဆင်နွှဲကြသော ပွဲတော်ကြီးဖြစ်ပါသည်။ ထို့ကြောင့် မြို့ဘုရားပွဲလည်း မမည်။ တောဘုရားပွဲဟုလည်း မဆိုသာပါ။ ဘုရားတည်ရှိရာနေရာကား မြန်မာပြည် အလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းမှာရှိပါသည်။ ဘုရားပွဲ ကာလကလည်း ရှည်ကြာပါသည်။ တပို့တွဲလပြည့်ကျော်မှ သင်္ကြန်ရက်များအလွန် တန်ခူးလကုန်အထိဖြစ်သည်။ ပွဲတော်၏ အခင်းအကျင်းကလည်း ကျယ်ဝန်းလှသည်။ ဘုရား၏ သမိုင်းကြောင်းကလည်း ထင်ရှားကြီးမားလှပါသည်။ မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားပွဲများတွင် ထိပ်ဆုံးမှ နေရာယူထားသော ပွဲတော်ကြီးဖြစ်သည်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဤနေရာ ဤဒေသနသို့ ဒေသစာရီ ကြွချီရောက်လာခဲ့ဖူးသည်။ နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်ကြောင့် ဤနေရာ၌ မြတ်စွာဘုရားက မိမိ၏ခြေတော်ရာကို ချထားခဲ့သည်။ မန်းချောင်းဘေးတွင် ခြေတော်တစ်ဆူ အထက်ဘက်တောင်ကုန်းမြင့်ပေါ်တွင် ခြေတော်ရာတစ်ဆူ ချထား ပေးခဲ့သည်။ ဂေါတမဘုရား၏ ခြေတော်စက်နှစ်ဆူ ရှိသောကြောင့် ရွှေစက်တော် ဘုရားဟု တွင်သည်။ မန်းချောင်းနံဘေးတွင် ဖြစ်သောကြောင့် မန်းစက်တော်ရာ ဟုလည်း ခေါ်ကြသည်။ မြတ်စွာဘုရား၏ ခြေတော်ရာစစ်နှစ်ဆူရှိသော နေရာမှာ ရေမြေတောတောင်သဘာဝကလည်း အလွန်တရာ လှပသာယာကြည်နူးဖွယ် ကောင်းလှသည်။ ထို့ကြောင့်လည်း ဘုရားပွဲကာလတစ်လျှောက်လုံး မြန်မာပြည် အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသော ပြည်သူအများနှင့် စည်ကားလှသော ဘုရား ပွဲကြီးပင်ဖြစ်ပါသည်။

မန်းစက်တော်ရာဘုရားပွဲအကြောင်းကို ငယ်စဉ်ကပင် ဘွားဘွားနှင့် မေမေတို့ ပြောစကားအရ သွားဖူး၊ ရောက်ဖူးချင်စိတ် ပြင်းပြခဲ့ပါသည်။ ကျွန်မ ဆယ်တန်း စာမေးပွဲဖြေအပြီး တစ်ခုသော တပေါင်းလရောက်သောအခါမှ ကျွန်မ၏ ဆန္ဒပြည့်ဝ

တော့သည်။ ကျွန်မတို့မိသားစုသည် မန္တလေးမြို့မှ ရွှေစက်တော်ဘုရားပွဲရှိရာ မကွေး တိုင်းဒေသကြီးဆီသို့ ကားဖြင့်ခရီးနှင်ခဲ့ကြသည်။ ခရီးလမ်းတစ်လျှောက် မကွေးမြို့သို့ ရောက်သောအခါ မြသလွန်စေတီတော်ကို ဝင်ရောက်ဖူးမြင်ကြပါသည်။ မကွေးမှတစ်ဖန် ဧရာဝတီမြစ်တစ်ဖက်ကမ်းကိုကူး၍ မင်းဘူးစက္ကိန်းတဲစေတီကို ဖူးမြော်ကြပြီး ရွှေစက်တော်ဘုရားသို့ ခရီးဆက်ကြပါသည်။ လမ်းတစ်လျှောက်တွင် ကိုယ်ပိုင်ယာဉ်များ၊ စုပေါင်းဘုရားဖူး ဟီးနိုးယာဉ်ကြီးများ ဘုရားဖူးလှိုင်းကားများလည်း ဘုရားပွဲဆီသို့ ဦးတည်မောင်းနှင်နေသည်ကို တွေ့ရသည်။ အညာဒေသလည်းဖြစ်၊ နွေရာသီလည်းဖြစ်၍ ဖုန်တထောင်းထောင်းကြားမှ ကားကြီးကားငယ်များကို ဟွန်းတတီတီ တီးကာ ကျော်ဖြတ်မောင်းနှင်လာခဲ့ကြပါသည်။ မန်းစက်တော်ရာနှင့် နီးလာသည်နှင့်အမျှ တောရိပ်တောင်ရိပ်ရှုခင်းများကို မြင်တွေ့ရသောအခါ လမ်းခရီးမှ ပင်ပန်းလာသမျှ ရှင်လန်းလာရတော့သည်။

ဘုရားပွဲခင်းသို့ စဝင်ရောက်လိုက်သည်နှင့်တစ်ပြိုင်နက် ကွေ့ဝိုက်ရစ်ခွေ စီးဆင်းနေသော မန်းချောင်းနှင့် ချောင်းဘေးတစ်လျှောက်ရှိ ပွဲဈေးတန်းကြီးက ကျွန်မတို့ကို ဆီးကြိုနှုတ်ဆက်နေပါသည်။ မန်းချောင်းကြီးသည် အထက်ခြေတော်ရာရှိရာ တောင်ကုန်းအခြေနှင့် အောက်ခြေစက်တော်ရာအလယ်က မြေကြီးတစ်ကောင်ပမာ ကွေ့ဝိုက်စီးဆင်းလျက်ရှိသည်။ ချောင်းရေကလည်း ကြည်လင်လှပါဘိ။ ချောင်းထဲမှ သဲ၊ ကျောက်စရစ်ခဲကလေးများကိုပင် မြင်နေရသည်။ ဘုရားဖူးများ ညအိပ်ညနေတည်းခိုရန် ဆောက်လုပ်ထားသော ယာယီတဲတန်းကြီးကလည်း ချောင်းဘေးဝဲယာနှစ်ဘက်တွင် အစီအရီ။ တဲတန်းကြီး ရှည်လျားလိုက်ပုံက ချောင်းအညာခပ်ဝေးဝေးမှစ၍ ချောင်းအောက်ပွဲခင်းအဝင် အထက်စက်တော်ရာ တောင်ခြေအထိပင်။ ချောင်းအတွင်းမှာလည်း ကလေးလူကြီး အရွယ်စုံတို့ ပျော်ရွှင်စွာရေချိုးနေသည်ကို မြင်ရသောအခါ ချက်ချင်းပင် ရေထဲဆင်းကူးချင်စိတ်များ ပေါ်လာမိပါသည်။ ကျွန်မတို့မိသားစုသည် ဤမြင်ကွင်းများကို ဖြတ်ကျော်ပြီး ချောင်းအညာခပ်ကျကျရှိ တည်းခိုစရာ တဲနှစ်လုံးငှားရမ်းကာ စခန်းချလိုက်ကြပါသည်။

ညနေစောင်းအချိန်၌ မန်းချောင်းရေတွင် တဝကြီးစိမ်ကာ ရေမိုးချိုးပြီး ပွဲဈေးခင်းဆီသို့ ထွက်ခဲ့ကြပါသည်။ နေဝင်ရီးရီ မှောင်စပျိုးချိန်ဖြစ်၍ ပွဲဈေးခင်းတစ်လျှောက် လျှပ်စစ်မီးများ ထိန်ထိန်ညီးနေပြီ။ ရှေးဦးစွာ အောက်စက်တော်ရာကို ဝင်၍ဖူးကြသည်။ ခြေတော်ရာရှိရာအဆောက်အဦ တန်ဆောင်းကြီး အတွင်းဝယ်

ပန်းသည်များက သူ့ထက်ငါ အလုအယက်အနားတိုး၍ ပန်းရောင်းကြသည်။ ခြေတော်ရာပုံတော်များ၊ ဘုရားသမိုင်းစာအုပ်များရောင်းသည့် ဆိုင်ရှေ့မှာ လူများစုပုံလျက်။ ခြေတော်ရာကို ရွှေချရန် ရွှေဆိုင်းရောင်းသည့် ရွှေဆိုင်းဆိုင်မှာလည်း ရောင်း၍လက်မလည်နိုင်အောင်ရှိသည်။ ခြေတော်ရာအနီးတွင်မူ လူအများတိုးကာ ဖေ့ကာ ရွှေချနေကြသည်။ ဘုရားအလှူခံပုံးဘေးက နိဗ္ဗာန်ဆော် အဘကြီးကလည်း ကြေးစည်တနှောင်နှောင်တီးရင်း အောင်မြင်သောအသံဖြင့် ဆုပေးနေသည်။ ကျွန်မတို့မိသားစုသည် ဘုရားဖူးမြော်ပြီး အဆောက်အဦးအပြင်ဘက်သို့ ထွက်လာခဲ့သည်။ အပြင်ဘက်တွင် မုန့်ငါးကြပ်တင်ခြောက်များကို ဝယ်ပါယူပါ တကြော်ကြော်အော်၍ ရောင်းနေသော ဈေးသည်တို့၏ အသံများကလည်း ညံမစဲအောင်ရှိတော့သည်။

အောက်စက်တော်ရာရှေ့မှ ဈေးဆိုင်တန်းများကို ကျော်ဖြတ်ကာ အထက်စက်တော်ရာရှိရာ တောင်ပေါ်သို့ တက်ခဲ့ကြသည်။ တောင်ပေါ်အမြင့်ဆီမှ စီး၍မြင်ရသော တောင်အောက်ရှိ ဘုရားပွဲဈေးခင်းကြီးကား လှပလွန်းပါသည်။ မီးရောင်ထိန်ထိန်ညီးနေသော ပွဲဈေးဆိုင်တန်းများ၊ မန်းချောင်းရေအပြင်ပေါ်၌ ရေသောက်ဆင်းနေသော ဖိုးရွှေလမင်း၏ လရောင်ကြောင့် တဖျပ်ဖျပ်လက်နေသော မန်းချောင်း၏ ရှုခင်းကား မြင်ကွင်းအားလုံးတို့အပေါ် သရဖူဆောင်းနေသည်ဟု ခံစားမိပါသည်။

အထက်စက်တော်ရာ တောင်ပေါ်စောင်းတန်းတစ်လျှောက်မှာလည်း ဈေးသည်များနှင့် ပြည့်လျက်ရှိသည်။ စက်တော်ရာခြေတော်ရာပုံများ၊ ဘုရားသမိုင်းစာအုပ်များ၊ ဓာတ်ပုံများ၊ နံ့သာဖြူကရမက်ကအစ ဆေးဘက်ဝင်အပင်များ ဘုရားပွဲတော်အမှတ်တရစာတန်းပါ အဝတ်အထည်များ၊ ကစားစရာ အရုပ်များ၊ အလှကုန်များ၊ အအေးဆိုင်၊ လက်သုပ်ဆိုင်မှစ၍ စားသောက်ဖွယ်အစုံ ရောင်းသောဆိုင်များကလည်း အစီအရီရောင်းနေကြသည်။ ကျွန်မတို့သည် အထက်ခြေတော်ရာနှင့် တောင်ပေါ်ရှိဘုရားများကို ဖူးမြော်ပြီး တောင်အောက်သို့ ပြန်ဆင်းခဲ့ပါသည်။

တောင်ခြေရှိဈေးဆိုင်တန်းများက တောင်ပေါ်ဈေးဆိုင်များထက် ပိုစုံသည်။ ရောင်းကုန်များကို ဆိုင်ခန်းများ၊ ရှေ့မျက်နှာစာနှင့် ဆိုင်အတွင်းဝယ် အစီအရီခင်းကျင်းပြသထားသည်။ အထူးသဖြင့် အညာဒေသထွက်ပစ္စည်းများ ဖြစ်သည်။ အထည်တန်းတွင် အသင့်ချုပ်ပြီး ကျားဝတ်၊ မဝတ် ခေတ်မီအထည်များက ဝယ်သူကို မျက်စပစ်ကာ ခေါ်နေသည်။ ဆိုင်အတွင်းမှာလည်း ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတို့၏ တိုင်းရင်းသားရိုးရာဆင်ချည်ထည် အဝတ်အထည်များကို ခင်းကျင်း

ထားသည်။ အညာဒေသထွက်ချည်ထည်စောင် တဘက်ဆိုင်များ၊ သနပ်ခါးတုံးအစ အသုံးအဆောင်ပစ္စည်းရောင်းသည့် ဆိုင်ခန်းများကို တွေ့ရပြန်သည်။ အိုးခွက်ပန်းကန် ခွက်ယောက်အစုံ မီးဖိုချောင်သုံးပစ္စည်းများ၊ ကြိမ်၊ နီး၊ ဝါးတို့ဖြင့် ရက်လုပ်ထားသော မြန်မာ့ရိုးရာပစ္စည်းများ၊ ခြင်း၊ တောင်း၊ စကော၊ စကာ အရွယ်မျိုးစုံ နီး၊ ခမောက်၊ ဦးထုပ်မျိုးစုံ၊ ကော်ဇော၊ ဖျာအရောင်စုံတို့ကြားတွင် ရောက်နေသည်မှာ ရောင်စုံ ပန်းခင်းထဲ ရောက်နေသလောဟုပင် ထင်မိစေသည်။ ဓား၊ ကတ်ကြေး၊ ပေါက်တူး၊ ပေါက်ပြား၊ တူရွင်းမှအစ သံထည်အမျိုးမျိုး၊ လယ်ယာသုံးပစ္စည်းမျိုးစုံ လိုလေသေး မရှိ။ မရနိုင်သည့်အရာမရှိသော ကုန်စုံတံပွဲဈေးခင်းကြီး ဖြစ်ပါတော့သည်။

ဟိုဝင် သည်ထွက်နှင့် အချိန်ကုန်မှန်းမသိအောင် ဈေးဓောရင်းလျှောက်ကြရာ ဗိုက်ဆာသည်နှင့် စားသောက်ဆိုင်တန်းများရှိရာသို့ ရောက်လာကြတော့သည်။ တောခေါင်ခေါင်နေရာတွင်ရှိသော ဘုရားပွဲဖြစ်သော်လည်း မြို့နှင့်မခြား မြို့အစား အစာများ အကုန်ရနိုင်ပါသည်။ တရုတ်ဟင်းလျာ၊ ဒံပေါက်၊ ခေါက်ဆွဲမှ အစ အပူစာ၊ အအေးစာ အစုံမှာယူစားသောက်နိုင်ပါသည်။ စားသောက်ဆိုင်ကြီးများ၏ မလှမ်းမကမ်းတွင် အညာဒေသလုပ် မုန့်ပဲသွားရည်စာမျိုးစုံ၊ ဝက်မြေစာဥ၊ မျှစ်ခြောက်များကို တောင်းကြီး တောင်းငယ်များဖြင့် မြေပြင်မှာချကာ ရောင်းသည့် တောသည်များရှေ့တွင် တမက်တမောဝယ်ယူနေသော မြို့နေအိမ်ရှင်မများကို မြင်တွေ့ရသည်။ ဈေးဆစ်သူကဆစ်၊ အလေးပြည့်ပေးရန် တောင်းသူကတောင်း၊ အဆစ်တောင်းသူကတောင်းနှင့် ရှုပ်ယှက်ခတ်နေတော့သည်။ “ဘုရားရှေ့မှာ ဈေး ရောင်းနေကြတာနော်။ အလေးခိုးရင် ရှင်တို့ သံသရာမှာ ကံပါလိမ့်မယ်” ဟူသော မြိမ်းခြောက်သည့် အသံတစ်သံကိုလည်းကြားလိုက်ရသေး၏။ ဤဘုရားပွဲဈေးခင်း ကြီးကာ <u>တောစုပါမတ်ကက်ကြီးတစ်ခုဟူ</u>၍ပင် ဆိုထိုက်တော့သည်။

စားသောက်ဝယ်ခြမ်းပြီးလျှောက်လာရာ ပျော်ပွဲရှင်ပွဲရှိရာသို့ ရောက်လာ ပြန်သည်။ ပိုက်ဆံပေး၍ ကိုယ်ဆိုချင်သော သီချင်းကို မိုက်ခွက်ကိုင်ဆိုနိုင်သော ကာရာအိုကေဆိုင်ရှေ့ဝယ် ဖိုးဆိုချင်တို့ တန်းစီစောင့်ကာ တစ်ပုဒ်ပြီး တစ်ပုဒ်၊ တစ်ယောက်ပြီးတစ်ယောက် သံကုန်ဟစ်နေကြသည်။ အဆိုကောင်းသူတို့၏ တေးသံကိုလည်း နားထောင်ရ၏။ တောင်တစ်လုံး မြောက်တစ်လုံးနှင့် ခွေးအ လှည်းနင်း အသံရှင်တို့၏ အဆိုများကလည်း လေမှာလွင့်ပျံဝဲလျက်ရှိသည်။ မိုးကာ ရွက်ဖျက်ရုံတစ်ခုရှေ့တွင် ဒရမ်တစ်လုံးကို တဒုန်းဒုန်းထုကာ ပရိသတ်ကိုဝင်ကြည့်ရန်

ခေါ်နေသည်ကို တွေ့ရပြန်သည်။ ရုံ၏နံရံ မိုးကာဖျင်ပေါ်တွင် ခြေလက်အင်္ဂါထူးဆန်းသည့် လူထူးလူဆန်း၊ တိရစ္ဆာန်အထူးအဆန်းများ ရုပ်ပုံများကို ရေးဆွဲပြထားသည်။ စိတ်ဝင်စားသူ လူတော်တော်များများ ဝင်ကြည့်ကြသည်။ တချို့ကလည်း အပြင်ဘက်က အရုပ်များကိုသာကြည့်၍ ပြန်သွားကြသည်။ ပိတ်ခန်းစီးလေးများ ကာရန်ထားသော ဗေဒင်လက္ခဏာဟောခန်းလေးများကလည်း ဘေးမှာကပ်လျက်ရှိသည်။ ပုလင်းလေးများ ၊ အရုပ်ကလေးများထောင်ထား၍ ခပ်လှမ်းလှမ်းမှ သားရေကွင်းများ၊ မြှားလေးများဖြင့် မှန်အောင်ပစ်ပေါက်ကစားကာ မှန်လျှင် အရော်အစားပေးသော လောင်းကစားမျိုးဆန်းဆန်း ဆိုင်လေးများကိုလည်း မလှမ်းမကမ်း မှောင်ရိပ်မကျတကျနေရာများ၌ လှမ်းမြင်ရပါသေးသည်။ ကျွန်မတို့လူစုသည် ဆူညံနေသော သဒ္ဒါရုံများကို နားဆင်ရင်း ပွဲဈေးမှ အကြော်အလှော်ဂန္ဓာရုံရနံ့များကို ရှူရှိုက်ရင်းနှင့် ညဦးနက်လာသည့်အခါမှ တည်းခိုရာသို့ ပြန်လာခဲ့ကြပါသည်။

ရွှေစက်တော်ဘုရားပွဲကား ရက်ရှည်လများကျင်းပသည့်ပွဲဖြစ်ခြင်း၊ လူနေမြို့ရွာနှင့် အတန်ငယ်ဝေးလံသော တောတောင်ရေမြေသဘာဝ သာယာသောနေရာ၌ရှိခြင်း၊ နိုင်ငံတဝှန်းမှ ပြည်သူများ ညအိပ်ညနေအချိန်ပေးကာ ဆင်နွှဲရခြင်း၊ ဘုရားတန်ခိုးတော် ထင်ရှားကြီးမားခြင်းတို့မှာ ထူးခြားသောအချက်များဖြစ်သည်။ သက်ဆိုင်ရာအာဏာပိုင်တို့က ဘုရားပွဲလုံခြုံရေးကို အထူးတာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးသည်။ ခင်းကြီးခင်းငယ်ဖြစ်ပွားခြင်းမရှိပါ။ အထူးသဖြင့် စကု၊ စလင်း၊ မင်းဘူး၊ မကွေးစသော မြို့များတွင် သီတင်းသုံးသော ဆရာတော်သံဃာတော်များက ပွဲတော်ကိုအထူးတာဝန်ယူ စောင့်ရှောက် ထိန်းကြပ်ပေးကြသဖြင့် အေးအေးချမ်းချမ်းရှိသော ပွဲဖြစ်သည်။ မြန်မာလူမျိုးတို့၏ အလှူအတန်း သဒ္ဓါတရားထက်သန်မှုကို ဤဘုရားပွဲများတွင် တွေ့မြင်ရသည်။ ပျော်ပျော်ရွှင်ရွှင် နေတတ်သောလူမျိုး၏ ဓလေ့စရိုက်များကိုပါ မြင်နိုင်ပါသည်။

ပွဲတော်မှ အပြန်ခရီးတွင်

"ဘယ်မြေဟာ စေတီပေါ်မယ်လဲ
ဘယ်ပြေဟာအပျော်ကြောမယ်လဲ
စိတ်ဓာတ်ဇောဗမာမှာဖြင့်
သံသရာဂရုထားသူမို့
ပါးလိုက်ကြပျော်ပျော်သာ" ဟူသော ဆရာဇော်ဂျီ၏ ကဗျာအဖွဲ့ကို ကြားယောင်နေမိပါတော့သည်။ ။

ကျွန်ုပ်၏ ဝါသနာ

- ဝါသနာဟူသည်
- လူတိုင်းတွင် ဝါသနာအမျိုးမျိုးရှိကြပုံ၊ ဝါသနာကောင်းနှင့် ဝါသနာဆိုးများ
- မိမိ၏ဝါသနာ
- ဝါသနာကြောင့် စိတ်ပျော်မွေ့ရပုံ
- ဝါသနာကောင်းကို ရှင်သန်ဖွံ့ဖြိုးအောင် အားထုတ်ပျိုးထောင်သင့်ပုံ

## ကျွန်ုပ်၏ ဝါသနာ

'ဝါသနာ' ဟူသည် စွဲမြဲနေသော အလေ့အကျင့်ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုထားပါသည်။ ထိုစွဲမြဲနေသော အလေ့အကျင့်ဆိုရာတွင် လူတစ်ဦးချင်းစီ၏ စိတ်ဆန္ဒသဘောနှင့် သက်ဆိုင်နေပါသည်။ မိမိ၏နှစ်သက်ပျော်ရွှင်သော စိတ်ဆန္ဒဖြင့် ကိုယ်တိုင်အကြိမ်ကြိမ် လိုလိုလားလား ပြုမူဆောင်ရွက်ခြင်းကို ဝါသနာဟု ဆိုရလျှင် ပို၍ပြည့်စုံမည်ထင်ပါသည်။ နှစ်သက်ရာ အလုပ်တစ်ခုခုကို စိတ်က နှစ်သက်ပျော်ရွှင် လိုလားနေလျှင် ထိုအလုပ်မျိုးကို အကြိမ်ကြိမ်ဆောင်ရွက်လာတတ်သည်။ စွဲစွဲမြဲမြဲပြုလုပ်ရာမှ အလေ့အကျင့်တစ်ခုကဲ့သို့ ဖြစ်လာတော့သည်။ ဤသည်ကိုပင်'ဝါသနာ'၊ 'ဝါသနာပါသည်'ဟု သတ်မှတ်ပြောဆိုကြခြင်း ဖြစ်ပါသည်။

လူတိုင်းတွင် ဝါသနာတစ်မျိုးစီ ရှိတတ်ကြပါသည်။ ကျန်းမာသန်စွမ်းမှုကို လိုလားသူတို့က အားကစားဝါသနာပါသည်။ စာအုပ်စာပေတောမှာ မွေ့လျော်သူတို့က စာဖတ်ဝါသနာပါကြသည်။ ဂီတသံစဉ်ရေစီးကြောင်းတွင် မျောပါနေချင်သူတို့က အဆိုအတီးဝါသနာပါကြသည်။ ဆိုင်းသံဗုံသံကြားက မရိုးမရွဖြစ်ကာ လက်မြှောက်၊ ခြေမြှောက် ခုန်ပေါက်ချင်သူတို့က အကဝါသနာပါကြသည်။ ရုပ်ပုံလှလှ၊ ရှုခင်းလှလှလေးများကို နှစ်သက်သူတို့က ပန်းချီဝါသနာ၊ ဓာတ်ပုံဝါသနာပါကြသည်။ ထူးထူးဆန်းဆန်းတံဆိပ်ခေါင်းစုသော ဝါသနာရှင်များလည်း ရှိသည်။ ကား၊ ရေဒီယို၊ ကက်ဆက်စသော လျှပ်စစ်ပစ္စည်းများကို ပြုပြင်ရန် ဝါသနာပါသူတို့လည်း ရှိပါသေးသည်။ ထိုဝါသနာများကား ဝါသနာကောင်းများဖြစ်ကြသည်။ မိမိကိုသာမက မိမိပတ်ဝန်းကျင်ကိုပါ အကျိုးပြုသော ဝါသနာကောင်းများဖြစ်ပါသည်။

လောကကြီးတွင် မကောင်းသော အမှုကိစ္စတို့ကိုပြုလုပ်ရန် ဝါသနာပါသူများလည်း ရှိပါသေးသည်။ အရက်သေစာသောက်စား မူးယစ်တတ်သော ဝါသနာ၊ အပျော်အပါးလိုက်စားတတ်သော ဝါသနာ၊ တဟီးဟီးတဟားဟားနှင့် ပျော်ပါးပေါ့တန် အချိန်ကုန်ခံတတ်သော ဝါသနာ၊ အလောင်းအစားကြူးသည့် ဝါသနာ၊ ဂိမ်းဆိုင်များသို့သွား၍ အလုပ်ပျက်အကိုင်ပျက် ဂိမ်းဆော့သည့်ဝါသနာ စသည့် မကောင်းသော ဝါသနာများလည်းရှိကြပါသည်။ ထိုဝါသနာများကာ လူကို ကောင်းကျိုးမပြု ဆိုးကျိုးဖြစ်စေသော ဝါသနာများဖြစ်ကြသည်။

ကျွန်မ၏ဝါသနာကား <u>အဆိုအက</u> ဝါသနာဖြစ်သည်။ အဆိုတစ်မျိုးတည်းကိုသာမက အကပါတွဲ၍ ဝါသနာပါသူဖြစ်ပါသည်။ ကျွန်မသည် သီချင်းသံကြားလျှင် စူးစူးစိုက်စိုက်နားထောင်ကာ သံစဉ်အလိုက်များကို မှတ်သားသည်။ သီချင်းစာသားများကို အပြေးအလွှားလိုက်ရေးသည်။ အကြိမ်ကြိမ်နားထောင်သည်။ လိုက်ပြီးဆိုသည်။ ဘေးမှာရှိနေသူတို့ကပင် 'တော်ပါတော့၊ ရပ်ပါတော့၊ နားပူလှပြီ' ဟုတောင်းပန်မှ အားနာပါးနာနှင့် ရပ်တော့သည်။ ကျွန်မသီချင်း ကြိုက်ပုံကလည်း အမြင်ကတ်လောက်အောင် လွန်လွန်းပါသည်။ ရှေးဟောင်းမဟာဂီတကို တန်ဖိုးထားပြီး နှစ်သက်ပါသည်။ မဟာဂီတလာ ပတ်ပျိုး၊ ယိုးဒယားမဟာ ဂီတကို တန်ဖိုးထားပြီး နှစ်သက်ပါသည်။ မဟာဂီတလာ ပတ်ပျိုး၊ ယိုးဒယားများထဲက စကားလုံးလှလှလေးများကို သဘောကျသည်။ ခေတ်ဟောင်းသီချင်းများဆိုလျှင်လည်း ကြိုက်လိုက်ပြန်သေးသည်။ ပြည်လှဖေ၊ မေရှင်၊ ခင်မောင်ရင်၊ မအေးမိ၊ မကြည်အောင်၊ စိန်ပါတီတို့ကား ကျွန်မ၏ အသဲစွဲခေတ်ဟောင်းအဆိုတော်များဖြစ်သည်။ ကာလပေါ်သီချင်းများကိုလည်း အလွတ်မပေးနိုင်ပါ။ မြန်မာသံပီပီသသနှင့် စာသားအဓိပ္ပာယ်ကောင်းကောင်း၊ သံစဉ်ကောင်းကောင်းတို့ကို နားထောင်ရလျှင် ဘဝင်ငြိမ့်ပြီး ပီတိစိမ့်နေတော့သည်။ ထူးဆန်းသည်မှာ ခေတ်လူငယ်ဖြစ်သော်လည်း ခေတ်ပေါ်စတီရီယိုတေးများအပေါ် စွဲစွဲလမ်းလမ်း မရှိခြင်းပင်ဖြစ်ပါသည်။ စတီရီယိုသီချင်းတိုင်းကို မကြိုက်ပါ။ နှစ်သက်သော စတီရီယိုသီချင်း နည်းပါသည်။ သီချင်းစာသားအဓိပ္ပာယ်ရှိ၍ ဆိုပုံဆိုပေါက်ကောင်းသော စတီရီယိုတေးအချို့ကိုမှ နှစ်သက်တတ်ပါသည်။

သီချင်းဆိုချင်သော ဝါသနာမှာ ကျွန်မအသက်(၇)နှစ် အရွယ်လောက်ကတည်းက စခဲ့သည်ဟုဆိုနိုင်ပါသည်။ ကျွန်မပထမတန်းဖြေအပြီး နွေကျောင်းပိတ်

တွင် ဖေဖေ မေမေတို့က အစ်ကိုကြီးကို ရှင်ပြုပေးပြီးအလှူလုပ်ပါသည်။ အလှူမှာ ဆိုင်းမထည့်ဘဲ တရားပွဲထည့်သည်။ တရားပွဲမစမီ အသံချဲ့စက်မှ သီချင်းများဖွင့်သည်။ ကျွန်မသည် သီချင်းဖွင့်သည့်စက်နားတွင် မတ်တတ်ရပ်ပြီး နားထောင်ရင်း သီချင်းများကို တိုးတိုးလေးလိုက်ဆိုမိသည်။ ထိုအခါအသံချဲ့စက်ကိုင်နေသော ဦးကြီးက "ညည်း သီချင်းဆိုချင်သလား၊ ဆိုချင်ရင်ဆိုလေ" ဟု ပြောကာ မိုက်ခွက်ကို လှမ်းပေးသည်။ ကျွန်မကလည်း မဆိုင်းမတွပင် မိုက်ခွက်ကိုလှမ်းယူပြီး ကိုယ်ရသော သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ ဆိုလိုက်ပါတော့သည်။ အတီးမပါ ပလာသက်သက် ကလေးသံစူးစူးနှင့် ဆိုလိုက်သောအသံကို ကြားရသောအခါ အလှူအတွက် ချက်ပြုတ်လုပ်ကိုင်နေသောသူများမှာ တအံ့တဩ ထွက်ကြည့်ကြသည်။ အချို့ကတော့ ကျွန်မ၏ သီချင်းဆိုရဲသောသတ္တိကို ချီးကျူးကြသော်လည်း ရှေးရိုးသမား အဘွားဖြစ်သူကမူ "မိန်းကလေးနေရာမှာ မိန်းကလေးလို မနေဘူး" ဟု အပြစ်ဆိုပါသည်။

အဆိုအကမျိုးရိုးမရှိပါဘဲလျက် အဆိုအကဝါသနာပါနေသည်မှာ တော်ရုံတန်ရုံမဟုတ်ပါ။ ကျွန်မကား ဆိုင်းသံဗုံသံကြားရလျှင် မရိုးမရွဖြစ်ကာ ကချင်ခုန်ချင်လာသည်။ ဂီတသံဆိုင်းသံကြားလျှင် ကချင်တာ ကျွန်မအစဉ်အလာ ဟုဆိုရလောက်အောင် လက်မြှောက် ခြေမြှောက်ဖြစ်လာတော့သည်။ တီဗွီမှလာသော မူဟန်သွယ်လျ မြန်မာအကများကို မလွတ်တမ်းကြည့်သည်။ တချို့ကကွက်များကို အတုခိုးကာ ကကြည့်သည်။ သင်္ကြန်ရက်များမှာဆိုလျှင်ကား တီဗွီနားက မထတော့ချေ။ ယိမ်းအကများကို ကြည့်ရသည်မှာ ထမင်းမေ့ဟင်းမေ့ပင်။

အကဝါသနာကြီးပုံနှင့်ပတ်သက်၍ ကျွန်မ၏ အဖြစ်ကလေးတစ်ခုကို ပြောပြပါဦးမည်။ ကျွန်မတို့မြို့လေးတွင် တန်ဆောင်မုန်းလရောက်လျှင် ဘုံကထိန်ပွဲ ကျင်းပလေ့ရှိပါသည်။ ရပ်ကွက်အသီးသီး၊ဌာနအသီးသီး၊ကျောင်းအသီးသီးက ပဒေသာပင်များကို ကထိန်ပွဲကျင်းပရာ ပွဲခင်းဆီသို့ အတီးအမှုတ်အကအခုန်များဖြင့် ပို့ဆောင်လေ့ရှိသည်။ ကထိန်ရက် နီးသောအခါ ကျောင်းက ပဒေသာပင်ပို့ဆောင်လျှင် ယိမ်းကကြရန် သူငယ်ချင်းတစ်သိုက် တိုင်ပင်မိကြသည်။ ထိုအစီအစဉ်ကို ခေါင်းဆောင်သူမှာ ကျွန်မဖြစ်သည်။ ကျောင်းအုပ်ဆရာမကြီးထံ တင်ပြသောအခါ ဆရာမကြီးက ဝမ်းပန်းတသာလက်ခံသည်။ တီးဝိုင်းငှား၊ အကသင်ဆရာမ ငှားပြီးကာမှ ကျွန်မကို အိမ်က ကခွင့်မပြုဟု ဆိုလာတော့သည်။ ကန့်ကွက်သူများမှာ အဘွား၊ မေမေနှင့်

ကိုကိုတို့ ဖြစ်သည်။ "အရွယ်ကလေးရလာပြီ အသက်ဆယ့်သုံးလေးနှစ်ဆိုတာ ငယ်တော့တဲ့အရွယ်မဟုတ်၊ မိန်းကလေးပီပီ နေရမည်။ ပြီးတော့ ရှစ်တန်းအစိုးရစစ် ဖြစ်၍ အရေးကြီးသည်။ စာပဲလုပ်ရမည်" ဟု ဆိုကြသည်။ ခက်ပေပြီ။ ခေါင်းဆောင် လုပ်သူက မကနိုင်တော့ဟုဆိုသောအခါ သူငယ်ချင်းများကလည်း စိတ်ဆိုးကြသည်။ ထိုအခါ ကျွန်မက အိမ်ကို အကျပ်ကိုင်ရတော့သည်။ "ကခွင့်မပေးလျှင် စာမေးပွဲကို ကျအောင်ဖြေပစ်လိုက်မည်။ စာမကြိုးစားတော့၊ အကယ်၍ ကခွင့်ပြုလျှင် စာမေး ပွဲကို ဂုဏ်ထူးပါအောင်ဖြေမည်" ဟုစစ်ကြေညာလိုက်သည်။ ဤပြဿနာကို ဖေဖေကဝင်၍ ဖြေရှင်းပေးပါသည်။ ကျွန်မကို "စကားအတိုင်းသာ ကတိတည်ပါစေ၊ က လိုက က နိုင်သည်" ဟုခွင့်ပြုလိုက်ပါသည်။ လူငယ်တို့၏ သဘာဝကို နားလည်သော ခေတ်မီသော ဖေဖေ၏စကားကို ရှေးရိုးသမား ဘွားဘွားနှင့် မေမေ တို့ သဘောတူလိုက်ကြရသည်။ ကျွန်မကလည်း အစိုးရစစ် ရှစ်တန်းစာမေးပွဲကို ဂုဏ်ထူးများနှင့် အောင်ရန် အသေအလဲကြိုးစားရသည်။ ဖေဖေ့ကိုပေးထားခဲ့သည့် ကတိအတိုင်း ရှစ်တန်းစာမေးပွဲကို ဘာသာစုံဂုဏ်ထူးနှင့် အောင်မြင်ခဲ့ပါသည်။

ကျွန်မတို့မြို့ကလေးတွင် ကျောင်းပေါင်းစုံ ဘက်စုံဖွံ့ဖြိုးရေးပြိုင်ပွဲများ ပြုလုပ်လေ့ရှိပါသည်။ အားကစားပြိုင်ပွဲများ၊ အနုပညာစွမ်းရည်ပြိုင်ပွဲများ စသည်တို့ ပြိုင်ကြရသည်။ သည်တစ်ခါတွင် အိမ်ကို အသိမပေးရဲပြီ။ အထက်တန်းကျောင်းသူ အစ်မဖြစ်သူထံမှ ရင်ဖုံးအင်္ကျီလက်ရှည်တစ်ထည်ကိုငှားသည်။ မေမေ၏သေတ္တာထဲမှ ကြိုးကြိုးချိတ်လုံချည်နှင့် ပဝါတစ်ထည်ကို တိတ်တိတ်ကလေးယူပြီး ပြိုင်ပွဲဝင်သည်။ ပြိုင်ပွဲဝင်သီချင်းမှာ ကချေသည် သီချင်းဖြစ်သည်။ အငို၊ အရယ်တို့ဖြင့် သရုပ် ဆောင်ကြရသော ကချေသည်တို့၏ဘဝကို ဖော်ကျူးထားသော သီချင်းဖြစ်သည်။ သီချင်း စာသားထဲမှာပါသည့်အတိုင်း ငိုလိုက်ရယ်လိုက် အရှိက်အဟဲများဖြင့် သီဆိုကာ ပြိုင်ပွဲဝင်ရာ ပထမဆုရရှိလိုက်ပါသည်။ ကျောင်း၏ ဂုဏ်ကိုလည်း ဆောင်နိုင်ခဲ့ပါသည်။

ဂီတဝါသနာသည် ကောင်းသောဝါသနာများထဲတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဂီတဝါသနာသည် ကိုယ်ရောစိတ်ပါ ကြည်လင်ပေါ့ပါး လန်းဆန်း စေပါသည်။ ဂီတနှင့်ပျော်မွေ့နေရလျှင် မောသည်ပန်းသည်ဟု မထင်မှတ်ရ၊ ဝါသနာပါရာကို လုပ်ရသဖြင့် စိတ်အလိုဆန္ဒပြည့်ဝနေသောကြောင့် ဦးနှောက်ကို ဖွံ့ဖြိုးစေပါသည်။ အနုပညာသည် ဝါသနာရှင်ကိုသာမက ပတ်ဝန်းကျင်ရှိလူအများ၏

စိတ်ကိုပါပျော်ရွှင်မှုကို ပေးစွမ်းနိုင်ပါသည်။ "ဂီတစွမ်းအား ပြည်ထွန်းကား" ဟူသောအဆိုလည်းရှိပါသည်။ ဂီတပညာသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု ပြဒါးတိုင်ဟုလည်း ဆိုနိုင်ပါသည်။ နိုင်ငံအချင်းချင်း ဆက်ဆံရာနိုင်ငံနှင့် အနုပညာစွမ်းရည်ချင်းပြသဖလှယ်ရသည်များလည်း ရှိပါသည်။ နိုင်ငံတော်က ကျင်းပသည့် ညစာစားပွဲများတွင် ယဉ်ကျေးမှု အဆိုအက အနုပညာရပ်များဖြင့် မပါမဖြစ် ထည့်သွင်းဧည့်ခံပုံတို့မှာလည်း ဂီတ၏တန်ဖိုး၊ ဂီတ၏ ဂုဏ်ဒြပ်ဟု ဆိုနိုင်ပါသည်။

ယနေ့ခေတ်တွင် နိုင်ငံတော်က 'ဆို-က-ရေး-တီး' ပြိုင်ပွဲကြီးများ ကျင်းပပေးကာ သုခုမအနုပညာစွမ်းအားကို မြှင့်တင်ပေးနေသည်။ နိုင်ငံ၏အနုပညာရပ်များကို မတိမ်ကောအောင် မပျောက်ပျက်အောင် ထိန်းသိမ်းပေးနေသည်။ ယနေ့တိုးတက်နေသော အင်တာနက်ခေတ်ကြီးတွင် တိုင်းတစ်ပါးယဉ်ကျေးမှုများကလည်း ထိုးဖောက်ဝင်ရောက်လာသောအခါ သရုပ်ပျက် အဆိုအကများ ဝင်ရောက်လာသည်။ သူတို့၏ အနုပညာထဲမှ ကောင်းသည်တို့ကိုယူ၍ ပယ်သင့်သည်ကို ပယ်ရပေမည်။ သစ်တိုင်းလည်းမကောင်းပါ။ ဟောင်းတိုင်းလည်းမညစ်ပါ။ ထို့ကြောင့် အဟောင်းကိုလည်း မပစ်ပယ်။ အသစ်နယ်ကိုလည်း ချဲ့ထွင်နိုင်ရမည်ဟု ယူဆမိပါသည်။

လူတိုင်း၌ဝါသနာနှင့်ယှဉ်၍ ဘဝရည်မှန်းချက် အသီးသီးရှိကြပါသည်။ မဖြစ်မှနေရော၊ ဆရာဝန်လုပ်မည်၊ အင်ဂျင်နီယာလုပ်မည်ဟု ရည်မှန်းသူကများလှပါသည်။ လူကြီးများက ကျွန်မကို "ကြီးလာလျှင်ဘာလုပ်မလဲ၊ ဘာဖြစ်ချင်လဲ" ဟုမေးလာသောအခါ ကျွန်မက ဆယ်တန်းအောင်လျှင် ယဉ်ကျေးမှုတက္ကသိုလ်တက်မည်။ ယဉ်ကျေးမှုဌာနတွင် အရာရှိလုပ်မည်ဟု ဖြေလေ့ရှိပါသည်။ ကျွန်မသည် မိမိဝါသနာပါရာ ပညာရပ်ကို ဆည်းပူးပြီး တိုင်းပြည်နှင့် လူမျိုးအတွက် တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းအားထုတ်မည်ဟု ရည်ရွယ်ထားပါသည်။ ဝါသနာပါရာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်လျှင် ဘဝတွင် အောင်မြင်မှုများ ရလိမ့်မည်ဟု အခိုင်အမာယုံကြည်မိပါသည်။ ။

ဘုရားဖူးခရီးတစ်ခေါက်

- ❑ ခရီးသွားခြင်းအမျိုးမျိုးနှင့် မြန်မာတို့၏ဓလေ့
- ❑ ခရီးသွားရန် အကြောင်းဖန်လာပုံ
- ❑ ကြိုတင်ပြင်ဆင်ပုံ
- ❑ လမ်းခရီးအတွေ့အကြုံ
- ❑ ဘုရားဖူးမြင်ကွင်းနှင့် ခံစားချက်များ
- ❑ ကြည်နူးဖွယ်အမှတ်တရများ
- ❑ ကုသိုလ်ယူခဲ့ပုံ
- ❑ မိမိအမြင်

## ဘုရားဖူးခရီးတစ်ခေါက်

မျက်မှောက်ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်းရှိ လူအသီးသီးသည် ခရီးထွက်သည့် အလေ့အထများစွာ ရှိလာကြသည်။ ပြည်တွင်းပြည်ပနေရာအနှံ့ သွားလာနေပြီဖြစ်သည်။ ထိုသို့သွားရာ၌ ခရီးထွက်ခြင်းအကြောင်းအရာ မျိုးစုံရှိသည်။ တာဝန်အရသွားရသောခရီး၊ သာရေး၊ နာရေးအရ ဆွေမျိုးမိတ်ဆွေများထံ သွားရသောခရီး၊ ဒေသန္တရဗဟုသုတရရန် အလည်ထွက်သောခရီး၊ အပန်းဖြေအနားယူရန် သွားသောခရီး၊ ဘုရားဖူးရန်ထွက်သောခရီးဟူ၍ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ခရီးသွားလာခြင်းကိစ္စကို အချိန်ပေးပြီး ဆောင်ရွက်လာကြသည်။ ထို့ကြောင့် ခရီးသွားလာခြင်းလုပ်ငန်းများ တိုးတက်လာသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးများလည်း ကောင်းမွန်လာရသည်။

ဗုဒ္ဓဘာသာမြန်မာယဉ်ကျေးမှုအောက်တွင် ကြီးပြင်းလာကြသော မြန်မာတို့သည် ဘာသာတရား ကိုင်းရှိုင်းကြသည်။ သဒ္ဓါတရားထက်သန်ကြသည်။ အလှူရေစက် လက်နှင့်မကွာ ပြုလုပ်လိုကြသည်။ ထို့ကြောင့် အိမ်မှာပူဇော်ထားသည့် ဘုရားဆင်းတုတော်ကို ဆွမ်း၊ ပန်း၊ ရေချမ်းနေ့စဉ်ဆက်ကပ်နေရသည်နှင့် မကျေနပ်နိုင်ကြပါ။ နိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားများကိုလည်း လှည့်လည် ပူဇော်ချင်ကြသည်။ ထို့ကြောင့် ကျွန်ုပ်၏အဘွားရှိစဉ်က ကားကြီးတစ်စင်းငှားပြီး တစ်နှစ်လျှင်တစ်နေရာ ဘုရားဖူးသွားလေ့ရှိပါသည်။ သူပဋ္ဌင်းခံထားသော သံဃာတော်များ၊

ဆွေနီးမျိုးစပ်များ၊ ပတ်ဝန်းကျင်လူများကို ခေါ်သွားပြီး ဘုရားဖူး ကုသိုလ်လုပ်လေ့ ရှိပါသည်။

ကျွန်ုပ် ငါးတန်းရောက်သည့်နှစ်၌ပင် အဘွားဆုံးသွားခဲ့ရသည်။ နိုင်ငံ့ ဝန်ထမ်းများဖြစ်သော ဖေဖေ၊ မေမေတို့က အဘွား၏ကုသိုလ်မျိုး ဆက်၍မဆောင်ရွက် နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ ခရီးမထွက်ဘဲ နေခဲ့ရသည်မှာ (၄)နှစ်ကျော်ခဲ့ပေပြီ။ ကျွန်ုပ် ဒသမတန်းရောက်သည့်နှစ်၌မူ သီတင်းကျွတ် ကျောင်းပိတ်ရက်တွင် ပုဂံ၊ ညောင်ဦးသို့ ဘုရားဖူးလိုက်ပို့မည်ဟု ဖေဖေက ပြောလိုက်သဖြင့် အားလုံးပျော်ရွှင် သွားကြသည်။ ကြိုတင်စိတ်ကူးယဉ်ပြီး ခရီးထွက်လျှင် ယူမည့်ပစ္စည်း၊ ဝတ်မည့် အဝတ်အစား တို့အတွက် လိုအပ်သည်များကို စာရင်းပြုစုထားကြသည်။ ကျွန်ုပ်တို့ မောင်နှမသုံးယောက်အတွက် လိုအပ်သမျှ ဖြည့်ဆည်းပေးမည့်သူမှာ မေမေဖြစ်၍ မေမေ့ထံ စာရင်းစာရွက်များ ပေးထားကြသည်။

ကျွန်ုပ်တို့ မောင်နှမသုံးယောက်တွင် ဆေးတက္ကသိုလ်တက်နေသော မမ၊ အင်ဂျင်နီယာတက္ကသိုလ်တက်သော ကိုကိုနှင့် ကျွန်ုပ်၏ကျောင်းအားလပ်ရက်ကို ချိန်ဆပြီး ဖေဖေနှင့်မေမေက ခွင့်ယူပါသည်။ သီတင်းကျွတ်လဆန်း (၁၃)ရက်နေ့ ညနေတွင် ရွှေတိဂုံဘုရားသို့ ဦးခိုက်ရန်ထွက်ခဲ့ကြသည်။ ထိုအကျင့်သည် မွေးဖွား ပေးခဲ့သည့် အကျင့်ကောင်းတစ်ခုဖြစ်ပါသည်။ ညအိပ်ညနေ ခရီးထွက်မည်ဆိုပါက မသွားခင်နေ့တွင် ရွှေတိဂုံဘုရားသို့ ခရီးသွားမည့် လူအားလုံးနှင့် စီးမည့်ကား သွားပြီး ဘုရားကို ဦးခိုက်ရပါသည်။ ဝိဇယစေတီ ရှေ့ကုန်းမြင့်လေးမှ ရွှေတိဂုံဘုရား သို့ ဦးတည်၍ ယာဉ်မောင်းက ကားကို သုံးခါ ဦးတိုက်ရပါသည်။ စီးသူအားလုံးက မြေပေါ်ဆင်းပြီး ရွှေတိဂုံကို ရှိခိုးကန်တော့ရပါသည်။

ရွှေတိဂုံစေတီတော်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ကိုးကွယ်မှီခို အားထားရာ ဖြစ်သည်။ လေးဆူဓာတ်ပုံရွှေတိဂုံစေတီမြတ်သည် ကြီးမားတင့်တယ် ပြီး မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အထွတ်အမြတ်လည်း ဖြစ်သည်။ မြန်မာတို့၏ စေတနာ၊ သဒ္ဓါတရားတို့စုဝေးရာ ဗိမာန်ဟုလည်း ဆိုနိုင်ပါသည်။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဝေ့စရိုက် ဝိသေသလက္ခဏာတို့ ပေါင်းစုရာ နေရာလည်း ဖြစ်၏။ မြန်မာမှုအလှတို့ ခြယ်မှုန်းအပ်သော စေတီတော်မြတ်ကြီးလည်းဖြစ်၍ ဖူး၍ မဝနိုင်လောက်အောင် အာရုံစူးစိုက် ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ခဲ့ကြ သည်။ သွားရေးလာရေး အဆင်ပြေချောမွေ့ရန် ဆုတောင်းခဲ့ကြသည်။

ကျွန်ုပ်တို့မိသားစုသည် နောက်နေ့ နံနက် ၄နာရီတွင် အိမ်ကထွက်ခဲ့ကြသည်။ နံနက်စောစော လေနုအေး၏အရသာကို ခံစားလို၍ ကားတံခါးများဖွင့်ပြီး လေကို အားပါးတရ ရှူရှိုက်ကြသည်။ ရန်ကုန်မြို့အထွက် စားသောက်ဆိုင်ကြီးတွင် ဝင်၍ နံနက်စောစောကို စားကြသည်။ မြို့ပြင်ကအထွက်တွင်မူ မှောင်နေသေးသဖြင့် ကားတံခါးများပိတ်ပြီး၊ တရားခွေဖွင့်ကာ တရားနာကြပါသည်။ တစ်နာရီခန့် အကြာတွင် လင်းရောင်ဖျိုးလာသဖြင့် ပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရင်း အရုဏ်ဦးအလှကို ခံစားနေကြရသည်။ စိမ်းနုရောင်သန်းနေသော လယ်ကွင်းများကို တမျှော်တခေါ် တွေ့မြင်နေရသည်။

ကျွန်ုပ်သည် နဝမတန်းကသင်ခဲ့ရသော ဝန်ကြီးပဒေသရာဇာ၏ **'ဝသန်ကာလ မိုးကျတည့်လျှင်'** ကဗျာလေးကို သတိရလိုက်မိသည်။

**"ဝသန်ကာလ၊ မိုးကျတည့်လျှင်**
**ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်**
**လက်တွဲငယ်ခြေငင်၊ ကိုယ်တွင်အဝတ်**
**ပုဆိုးအင်္ကျီ၊ စုတ်ပြဲပြီ**
**ချည်နီစောင်းတွတ်တွတ်ကယ်နှင့်လေး...."**

ဟူသောကဗျာကို အသံထွက်၍ ရွတ်နေမိသည်။ လယ်သမားကြီးတို့ ဆင်းရဲပင်ပန်းခဲ့ပြီး စိုက်ထားသော စပါးနှံများ အဆီပြည့်စပြုလာပေပြီ။ "ဖုန်းတုန်း လုံးတုန်း တန်ဆောင်မုန်း" ဟုဆိုသော်လည်း သီတင်းကျွတ်လဆွဲပင် သက်နုစပါးများအနှစ်ပြည့်နေပေပြီ။ ထို့ကြောင့် ဖေဖေက ကျွန်ုပ်တို့မောင်နှမ တစ်တွေကို ကြည့်ရန်ပြောပြီး "အနှစ်ပြည့်သည့် စပါးနှံသည် ခေါင်းငိုက်မြဲ" ပဲဟု သက်သေပြ၍ မာနထောင်လွှားမှုကင်းရန် ဆုံးမနေသည်။

ကျွန်ုပ်တို့မိသားစုသည် အရှေ့ရိုးမတောင်တန်းဆီမှ နီနီရဲရဲထွက်ပေါ်လာသော နေလုံးကြီး၏အလှကို စူးစူးစိုက်စိုက်ကြည့်ရင်း ဓာတ်ပုံရိုက်ကြသည်။ နီရာမှ ဝါ၊ ဝါရာမှဖြူ၊ ဖြူရာမှ စူးစူးရှရှ အရောင်များ ဖြာထွက်လာသော နေလုံးကြီး၏အားမာန်သည် ပတ်ဝန်းကျင်သဘာဝအလှများကို မီးမောင်းထိုးပြသကဲ့သို့ ရှိနေတော့သည်။ ငွေတာရီ၏အလှရှိရာ ကဗျာလေးကို သတိရမိပြန်သည်။

**"တောင်စောင်း တောင်ထိပ်၊ စေတီရိပ်ဝယ်**
**ဆွေမိတ်တူစုံ၊ ဖူးရတုံသော်**

**အာရုံသန့်စင်၊ ကြည်ဘဝင်နှင့်**

**မိခင်မြေမြ၊ သာလေစွဟု**

**နှုတ်ကဖန်ဖန်၊ ဆိုမိသံသည်**

**မိုးယံပွဲတင်ထပ်လိမ့်တည်း....'** ဟု ကျွန်ုပ်ရေရွတ်မိပြန်သည်။ ကျယ်ဝန်းလှသော နေပြည်တော် အဝေးပြေးလမ်းမကြီးတစ်လျှောက် ကားဆရာက အပြေးမောင်းနေသဖြင့် ဖေဖေက တစ်ချိန်လုံးသတိပေးနေသည်။ ကိုကိုနှင့်မမက သူတို့သီချင်းနှင့် သူတို့ငြိမ့်နေကြသည်။ ကျွန်ုပ်ကသာ မေမေ့ကို ကဗျာတွေ ရွတ်ပြရင်း ပတ်ဝန်းကျင်အလှကို ခံစားပြနေမိသည်။

နံနက် (၇) နာရီကျော်ခန့်တွင် စားသောက်ဆိုင်တန်းများရှိရာ (၁၁၅) မိုင်သို့ရောက်၍ လူရောကားပါ မိနစ် (၄၀)ခန့် နားကြသည်။ ဖေဖေက နေပြည်တော် ဥပ္ပါတသန္တိစေတီကို ဝင်၍ ဖူးမည်ပြောသဖြင့် ကျွန်ုပ်တို့ အလွန်ပျော်သွားသည်။ တိရစ္ဆာန်ဥယျာဉ်ကိုပါသွားချင်သည်ဟု ကျွန်ုပ်ကပူဆာရာ နောက်မှ သီးခြားလိုက်ပို့မည်ဟုပြောသည်။ သွားချင်စရာနေရာများလွန်းသဖြင့် သီးသန့်အချိန်ယူပြီး လိုက်ပို့မည် ပြောသည်။ ကျွန်ုပ်နှုတ်ခမ်းစူနေသည်ကို မေမေက ချော့ပြီး ကိုကိုနှင့် မမက လှောင်နေပါသည်။

ကျွန်ုပ်တို့မိသားစုခရီးဆက်ခဲ့ရာ နံနက် (၁၀)နာရီကျော်ခန့်တွင် နေပြည်တော်သို့ဝင်ပါသည်။ ရာဇဌာနီ လမ်းမကြီးအတိုင်းလာခဲ့ရာ ပျဉ်းမနားမြို့၏ အနောက်မြောက်ဘက် (၂)မိုင်ကျော်ခန့်အကွာတွင် ဥပ္ပါတသန္တိ ကုန်းတော်မြတ်ပေါ်၌ စံနေတော်မူသော စေတီတော်မြတ်ကြီးကို ဖူးမြော်လိုက်ရပါသည်။ ကျယ်ဝန်းသော နေပြည်တော်၊ ခမ်းနားသည့်အဆောက် အအုံများနှင့်လိုက်ဖက်စွာ တင့်တယ်သပ္ပာယ်လှသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဖူးတွေ့လိုက်ရသည့်အခါ တအံ့တသြဖြစ်ရပါသည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် ပုံစံတူပြီး ဉာဏ်တော် (၁) ပေလျှော့၍ တည်ထားသည်ဟု သိရပါသည်။

**"ဥပ္ပါတသန္တိ"** ဟူသော အဓိပ္ပာယ်မှာ **"ဖြစ်ပေါ်တွေ့ကြုံလာသည့် ဘေးအန္တရာယ်အားလုံး ငြိမ်းအေးစေခြင်း"** ဟု အနက်ရပါသည်။ အတိတ်ကောင်းနိမိတ်ကောင်းနှင့်တည်ထားသော ဘုရားသခင်၏ သရီရဓာတ်တော်များကို ဌာပနာထားသော ဓာတုစေတီဖြစ်ပါသည်။ မြန်မာ့အနုလက်ရာ ပန်း (၁၀)မျိုးပညာရပ်များနှင့် ဗုဒ္ဓဘာသာဝင် မြန်မာ့ယဉ်ကျေးမှု အနုလက်ရာများ စုဝေးတည်ရှိရာ စေတီတော်

မြတ်ကြီးသည် **"မြန်မာ့သုခုမအနုပညာပြတိုက်ကြီး"** ဟုပင် ဆိုနိုင်လောက်ပါပေသည်။

ကျွန်ုပ်တို့မိသားစုသည် ကြည်ညိုလွန်းသဖြင့် လက်ယာရစ် သုံးကြိမ်ကန်တော့ပြီး ဝတ္ထုငွေများလှူကာ မိနစ်သုံးဆယ်ကြာ တရားရှုမှတ်ခဲ့ကြပါသည်။ ပြီးမှ ရန်ကုန်၊ မန္တလေးလမ်းမကြီးအတိုင်း ခရီးဆက်ခဲ့ကြရာ ညောင်ဦးသို့ ညနေ (၅) နာရီခန့်တွင် ရောက်ပါသည်။ ဖေဖေက ကြိုတင်စီစဉ်ထားသည့်အတိုင်း ညောင်ဦးမြို့ရှိ **"တော်ဝင်နှင်းဆီ"** တည်းခိုခန်းမှာ တည်းပါသည်။ တည်းခိုခန်းမျှော်စင်ပေါ်တက်၍ ကျွန်ုပ်တို့မောင်နှမသုံးယောက် ပုဂံအလှကိုကြည့်ပါသည်။ ပုဂံမင်းအဆက်ဆက် တည်ထားခဲ့သော သာသနိက အဆောက်အအုံများဖြစ်သည့် ဘုရား၊ ပုထိုး၊ ဂူ၊ ကျောင်း၊ စေတီဟောင်းများနှင့် နီနီရဲရဲအုတ်များသည် ကုန်းမို့မို့များထက်၌ လက်ညှိုးထိုးမလွဲအောင်ရှိလေသည်။ သာသနိက အဆောက်အအုံပေါင်းမြောက်မြားစွာ တည်ထားလှူဒါန်းခဲ့ကြရာ **"လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း"** ဟုပင် ဆိုရိုးစကားရှိခဲ့ပါသည်။ ကိန်းဂဏန်းအားဖြင့်ဆိုရသော် (၄၄၄၆) ဆူဖြစ်သည်။ ရှေးဟောင်းသုတေသနဦးစီးဌာန၏ စစ်တမ်းအရ ယခုအချိန်၌ သာသနိက အဆောက်အအုံပေါင်း (၂၂၁၇) ဆူ စာရင်းတင်နိုင်သောကြောင့် **"ကျောင်းကြီးအုတ်နီ"** ဟု ဆိုရိုးပြုကြကြောင်း တည်းခိုခန်းပိုင်ရှင် ဦးလေးသောင်းက ရှင်းပြသည်ကို ကျွန်ုပ်တို့မိသားစု နားထောင်ရပါသည်။

ညစာ ထမင်းစားသောက်ပြီးချိန်တွင် တည်းခိုခန်း၏ ဧည့်ခန်းကျယ်ကြီးထဲ၌ အေးအေးဆေးဆေး အနားယူရင်း ပုဂံဘုရားများအကြောင်း ဦးလေးသောင်းက Power Point နှင့် ရှင်းပြသည်ကို ကြည့်ရှု မှတ်သားရပါသည်။ မြေပြင်သို့မဆင်းမီ ကြိုတင်သိရှိထားရန် စနစ်တကျစီစဉ်ထားသည်မှာ ကျေနပ်ဖွယ်ပင်ဖြစ်ပါသည်။ တည်းခိုသူအားလုံးထဲမှ စိတ်ဝင်စားသူများ နားထောင်ကြည့်ရှုနိုင်ရန် ည (၈) နာရီမှ (၁၀) နာရီအတွင်း နေ့စဉ်ပြသပေးခြင်းဖြစ်သည်ဟု ပြောပါသည်။ ပုဂံ၊ ညောင်ဦး မြေပုံနှင့် တန်ခိုးကြီးဘုရားများ သမိုင်းအကျဉ်းချုပ်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးထားသော လက်ကမ်းစာစောင်လေးများကို ဝေငှပေးပြီးမှ ရုပ်ရှင်ကြည့်သကဲ့သို့ ပိတ်ကားကို ကြည့်ရသဖြင့် ပိုမိုနားလည်ပြီး ကုသိုလ်လည်းရ အကျိုးလည်း ရှိပါသည်။

ကျွန်ုပ်တို့မိသားစုသည် နောက်နေ့နံနက်တွင် တည်းခိုခန်းနှင့်နီးရာ ရွှေစည်းခုံ

စေတီတော်သို့ ဦးစွာသွားရောက် ဖူးမြော်ပါသည်။ အနော်ရထာမင်းကြီးသည် အနယ်နယ်အရပ်ရပ်သို့ ချီတက်သိမ်းသွင်းပြီး အပြန်ခရီး၌ သရေခေတ္တရာသို့ရောက်ရှိစဉ် ဒွတ္တဘောင်မင်းကြီးတည်ခဲ့သည့် စေတီမြတ်မှ ဗုဒ္ဓ၏နဖူးသင်းကျစ်တော်ဓာတ်နှင့် ညှပ်ရိုးတော်ဓာတ်တို့ကို ရတနာအတိပြီးသော ပြာသာဒ်နှင့်အတူ ဆင်ဖြူတော်တွင် တင်၍ ပင့်ဆောင်ခဲ့သည်။ ထို့နောက် မင်းကြီးသည် ဗုဒ္ဓ၏မွေတော်ဓာတ်တော်များ ကိန်းဝပ်လိုသောအရပ်၌ ဆင်ဖြူတော် ဝပ်ပါစေသော်ဟု အဓိဋ္ဌာန်ပြုရာ၊ ဆင်ဖြူတော် သည် ယခုရွှေစည်းခုံ ဘုရားတည်ရာ သဲစည်းခုံ၌ ဝပ်လေသည်။ မင်းကြီးသည် ဆင်ဖြူဝပ်ရာနေရာ၌ ဗုဒ္ဓ၏နဖူးသင်းကျစ်တော်၊ ညှပ်ရိုးတော်နှင့် တရုတ်ပြည်မှ ပင့်ဆောင်ခဲ့သော မြဆင်းတုတော်တို့ကို ဌာပနာပြီး ရွှေစည်းခုံကို တည်ခဲ့သည်ဟု သိရပါသည်။

အနော်ရထာနတ်ရွာစံပြီးနောက် တည်ဆောက်ရန်ကျန်နေသော အပိုင်းများကို ကျန်စစ်သားက ဆက်လက်တည်ထားခဲ့သည်။ ရွှေစည်းခုံစေတီကို ကျောက်အုတ် တို့ဖြင့် ထုဆစ်စီဆင့်ကာ သေချာထပ်လျက် တည်ခဲ့ခြင်းဖြစ်သည်။ ထိုကျောက်အုတ် တို့ကို ပုဂံအရှေ့တောင်ဘက် (၇)မိုင်အကွာ တုရွင်းတောင်မှ စေတီတည်ရာအရောက် ပြည်သူလူထု (၃)တန်းတန်းလျက် လက်ဆင့်ကမ်းသယ်ယူခဲ့သည်ဟု သိရသည်။ ထို့ပြင် လူတစ်ရစ်၊ နတ်တစ်ရစ်တည်သည်ဟုလည်း သိရသည်။ ယနေ့ခေတ်တွင် **"ထုမှာ ဓမ္မရံ၊ ဉာဏ်တော်မှာ သဗ္ဗညု၊ အနုမှာ အာနန္ဒာ၊ တန်ခိုးမှာ ရွှေစည်းခုံ"** ဟု၍ စာချိုးကာ ပူဇော်ခဲ့ကြသည်။ တန်ခိုးကြီးဘုရားဖြစ်၍ မေမေနှင့်မမဆရာဝန် သားအမိက တရားအားထုတ်နေကြသည်။

ရွှေစည်းခုံဘုရား ပရဝုဏ်အတွင်းတွင် ဗိသုကာလက်ရာ ဆန်းကြယ်သော ပန္နက်သဲဂူ(၄)လုံးရှိသည်။ ဘုရားရှေ့မျက်နှာ နတ်လမ်းလှေကားထိပ်မှ (၈)ပေ အကွာတွင် ကျောက်ခွက်ရေချိန်တစ်ခုရှိသည်။ ၎င်းမှာကျန်စစ်သားမင်းကြီး ခေတ်က ဗိသုကာများအနေဖြင့် ဘုရားကြီးတည့်မတ်မှု ရှိမရှိ ချိန်သည်ဟု ရှေးအစဉ်အလာ ဆိုစကားရှိပါသည်။ ဖေဖေနှင့် ကိုကို အင်ဂျင်နီယာသားအဖက ဗိသုကာမျက်လုံး များနှင့် ဆန်းစစ်လေ့လာနေကြသည်။

ကျွန်ုပ်တစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေသဖြင့် ဦးလေးသောင်း က ရွှေစည်းခုံ မွန်ကျောက်စာရှိရာ ကျောက်စာတိုင်သို့ ခေါ်သွားပြီး ကျန်စစ်သား မင်းကြီး၏ အမြော်အမြင်ကြီးမားမှုတို့ကို ရှင်းပြပါသည်။ အနာဂတ် ပုဂံပြည်အတွက်

လုပ်ဆောင်ချက်တို့ကို ရေးထိုးထားသည့် ကျောက်စာဖြစ်ရာ စည်းရုံးရေးကို အထောက်အပံ့ဖြစ်စေသည်။ သိုင်းဝိုင်းဖွဲ့နွဲ့ဆွဲဆောင်ရေးသားထားသော အလင်္ကာအဆင်တန်ဆာအရေးအသားတို့ကြောင့် ကဗျာဆန်လှသည်။ **"အလှဆုံး ကမ္ဘာ့စာပေများတွင် ပါဝင်နိုင်သည်"** ဟုပင် သိလိုက်ရာ ကျောက်စာ၏တန်ဖိုးနှင့် ရှေးမင်းတို့၏ အမြော်အမြင်ကြီးပုံကို ကြည်ညိုမိပါသည်။

ထို့နောက် ကျွန်ုပ်တို့မိသားစုသည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဖြစ်သော ပုဂံမြို့ဟောင်းသို့ ကူးတော့မည်ဖြစ်ရာ မြို့အဝင် သရပါတံခါးကို ဦးစွာ လေ့လာကြသည်။ တံခါးကြီး၏ ထုထည်ခိုင်ခံ့မှု၊ ထွင်းထုထားသော ရုပ်လုံးပန်းပုတို့ကို အင်ဂျင်နီယာသားအဖက အသေးစိတ်လေ့လာကြပြန်သည်။ ကျွန်ုပ်တို့သားအမိသုံးယောက်က ဓာတ်ပုံအမျိုးမျိုးရိုက်ကြသည်။ ၄င်းနောက် အညာအစားအစာအကောင်းဆုံးဟု နာမည်ကြီးသော ထမင်းဆိုင်သို့ဝင်ပြီး နံနက်စာ စားကြသည်။ တစ်ယောက်စာ တစ်ခါစား ဟင်းခွက်ကလေးများ ခွက် (၁၀)ခန့် လာချပေးသဖြင့် ကျွန်ုပ်တို့မိသားစု ကြိုက်ရာဟင်းကို ဝမ်းသာအားရယူစားကြသည်။ တစ်ခွက်ကုန်လျှင် တစ်ခွက်လာဖြည့်ပေးသည်။ ရန်ကုန်မှာ **'ဒင်းဆန်း'** စားရသကဲ့သို့ ဖြစ်သည်။ ထိုနေ့က ထမင်းစားကောင်းသည့် အရသာကို ကျွန်ုပ်တို့မိသားစု မည်သည့်အခါမှ မေ့တော့မည် မထင်ပါ။

ကျွန်ုပ်တို့မိသားစုသည် နံနက်စာစားပြီးသည်နှင့် **'အနုမှာ အာနန္ဒာ'** ဟု နာမည်ကြီးသော ကျန်စစ်မင်းတည်ထားခဲ့သည့် ဘုရားသို့သွားခဲ့သည်။ အာနန္ဒာသည် ပုဂံမြို့အတွင်းပိုင်း၌ တည်ထားခြင်းဖြစ်သည်။ တာဝတိံသာနတ်ပြည်မှ နန္ဒမူလိုဏ်ဂူပုံသဏ္ဌာန်ကိုယူ၍ တည်ဆောက်ထားသည်ဟုဆိုပါသည်။ အာနန္ဒာဂူဘုရားကြီး၌ မတ်ရပ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးလေးဆူကို အလယ်ဗဟိုမဏ္ဍိုင်တွင် အရပ်လေးမျက်နှာသို့ မျက်နှာမူလျက်ပြုလုပ်ပူဇော်ထားသည်။ ထူးခြားချက်မှာ မတ်ရပ်ဗုဒ္ဓဆင်းတုကြီးလေးဆူ၏ ဝဲယာ၌ ရဟန္တာခုနစ်ပါးနှင့် ကျန်စစ်သားပုံ၊ ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ပုံတော်များထားရှိခြင်းဖြစ်ပါသည်။ ဖေဖေတို့အင်ဂျင်နီယာသားအဖက ဓာတ်ပုံများ အမျိုးမျိုးလှည့်ရိုက်ပြီး မှတ်တမ်းတင်နေကြပါသည်။

ဤစေတီ၌ မေမေတို့ဆရာဝန်သားအမိက ကျွန်ုပ်နှင့်လိုက်ပြီး စဉ့်ကွင်းစာများကို ဓာတ်ပုံရိုက်ပေးသည်။ အာနန္ဒာဘုရား၏အပြင်ဘက်စကြံတွင် တောင်ဘက်မုခ်မှ အနောက်ဘက်မုခ်အထိ လက်ဝဲလက်ယာဖက်တွင် မာရ်နတ် စစ်သည်တော်များ၏

ရုပ်ကြွ စဉ့်ကွင်းများကို လက်နက်အမျိုးမျိုး စွဲကိုင်လျက် သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ စဉ့်ကွင်းစာများကိုမူ မွန်ဘာသာ၊ ပါဠိ ဘာသာဖြင့် ရေးထိုးထားသည်။ စဉ့်ကွင်းရုပ်ပုံတိုင်းသည် အချိုးအစားကျနလှသည်။ ပုဂံခေတ် လက်မှုပညာရှင်၊ စာပေပညာရှင်တို့၏ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားမှုကို ဖော်ပြနေသည်ဟု မေမေက မှတ်ချက်ပေးပါသည်။ ကျွန်ုပ်ကမူ **'စဉ့်ကွင်းစာ'** ကျက်ထားပြီးဖြစ်၍ ရန်ကုန် ရောက်လျှင် မြန်မာစာဆရာမနှင့် သူငယ်ချင်းများကိုပြရန် ဓာတ်ပုံနှင့် သေချာ မှတ်တမ်းတင်ထားပါသည်။

ထို့နောက် **'ထူမှာ ဓမ္မရံ'** ဟုကျော်ကြားလှသော ဓမ္မရံကြီးဘုရားသို့ သွားပါသည်။ အာနန္ဒာဘုရားမှာ ရပ်ခဲ့ရ၊ လျှောက်ခဲ့ရသည်က များလွန်းလှသဖြင့် ကျွန်ုပ်တို့ သားအမိသည် တစ်နေရာတည်းမှာပင်ထိုင်ပြီး ဘုရားအာရုံပြုကြပါသည်။ ကိုကိုတို့ သားအဖက ဘုရားကို လက်ယာရစ်တစ်ပတ်ပတ်ပြီး ဓာတ်ပုံရိုက်ကြပါသည်။ သူတို့၏ ဗိသုကာပညာရပ်စကားများဖြင့် ဆွေးနွေးနေကြပါသည်။ ကျွန်ုပ်ကမူ အလှူခံဌာနတွင် အလှူထည့်ရင်း သမိုင်းကြောင်းစာအုပ် ဝယ်ခဲ့ပါသည်။

ထိုမှတစ်ဆင့် ကျွန်ုပ်တို့သည် သဗ္ဗညုစေတီသို့ သွားကြသည်။ အထက် ပစ္စယာမှ ပုဂံမြို့ဟောင်းတစ်ခွင်ကို လေ့လာကြသည်။ စေတီ၊ ပုထိုး၊ ဂူဘုရားစသော သာသနိကအဆောက်အအုံများကို တပြန့်တပြော ဖူးမြင်ရသည်။ အောက်ဘက်သို့ ကြည့်လျှင် ဧရာဝတီမြစ်ကြီးသည် ငြိမ့်ညောင်းညင်သာစွာ စီးဆင်းနေသည်။ မိုးကုန် နေပြီဖြစ်၍ ရေအပြင်သည် ပြန့်ပြူးကြည်လင်နေသည်။ သဲသောင်ပြင်သည် တောတန်းနှင့် မျဉ်းပြိုင်သွယ်တန်းနေသည်။ နေဝင်ခါနီးဖြစ်၍ အနောက်ဘက် ကောင်းကင်သည် နီဝါရောင်သန်းနေသည်။ ဗူးဘုရားသို့သွားရန် ကိုကိုကပြောသဖြင့် ကျွန်ုပ်တို့မိသားစု နေဝင်ချိန်အလှကိုကြည့်ရန် ဧရာဝတီ ကမ်းနဖူးက ဗူးဘုရားသို့ အပြေးသွားခဲ့ပါသည်။

ကျွန်ုပ်တို့မိသားစု ဗူးဘုရားသို့ရောက်ချိန်သည် ညနေငါးနာရီခွဲခန့် ရှိနေပြီ ဖြစ်၍ ဘုရားပတ်လည်၌ နိုင်ငံခြားသား အများအပြားနေရာယူထားသည်ကို တွေ့ရ သည်။ မြန်မာအနည်းငယ်မျှသာ ရှိသည်။ အားလုံးက ဧရာဝတီမြစ်တွင်းသို့ စိတ်ဝင်တစားကြည့်နေကြသည်။ နေခြည်ဟပ်နေသော ရေပြင်ထက်၌ လှေသင်္ဘော များ ဖြတ်သန်းသွားနေသည်မှာ လှိုင်းတွန့်လေးများ အပြိုင်းပြိုင်းထ၍ တွန့်လိမ်နေ သည်ကို တွေ့ရသည်။ ဘယ်ဘက်သဲသောင်စပ်၌ ပန်းချီဆရာ အများအပြား

စုတ်ချက်တင်နေသည်ကို တွေ့ရသည်။ ခပ်ဝေးဝေးမှုန်ပျပျ မြင်ရသည့်နေရာ၌ ရေချိုးဆိပ်ရှိဟန်တူသည်။ ရေချိုးသူ၊ ရေခပ်သူများကို လှမ်းတွေ့ရသည်။ **'နေညိုချိန် တိမ်တောက်လို့ ပျိုကြောက်တဲ့အချိန်'** ရောက်နေပေပြီ။

ပုဂံပတ်ဝန်းကျင်တစ်ခွင်၌ ထုံးဖြူဖြူဖွေးနေသည်။ စေတီပုထိုးတို့၏ ထီးတော်၊ စိန်ဖူးတော်များကို နေရောင်ဟပ်ပြီး ရောင်ခြည်များလျှံထွက်နေသည်မှာ ပြိုးပြိုးပြက်ပြက်နှင့် သပ္ပာယ်လှပါသည်။ အနောက်ရိုးမတောင်တန်းတွင် နေလုံးကြီး မေးတင်နေပေပြီ။ တောင်ရိုးတောင်ရိပ်၊ ရွာရိပ်တို့သည် ရေပြင်၌ ထင်ဟပ်နေကြသည်။ **'မိုးစာကုန်၊ ဆီခန်းချိန်'** **'နေဝင်ချိန်'** ဟု အဘိုးအို၊ အဘွားအိုများကို တင်စား ပြောကြသည်ကို သတိရလာသည်။ လွမ်းသလိုလို၊ ငိုချင်သလိုလို ဖြစ်လာရသည်။ မေ့မေ့လက်ကို အားပါးတရ ဆုပ်ကိုင်ထားမိသည်။ မေမေကတော့ နေလုံးကြီးကို ကြည့်ပြီး **'ဥဒေါင်းမင်း ဂါထာ'**ကို ရွတ်နေပေပြီ။ ဖေဖေတို့သားအဖက အရုပ် ရှစ်မျက်နှာလှည့်၍ ဓာတ်ပုံရိုက်နေသည်။ မမကမူ သူ့ သူငယ်ချင်း တစ်ယောက်နှင့် တွေ့ပြီး စကားလက်ဆုံကျနေသည်။ စာပန်းချီခြယ်၍ မရနိုင်သော ဆွတ်ပျံ့ကြည်နူး ဖွယ် အလှဟု ကျွန်ုပ် ခံစားလိုက်မိပါသည်။

ကျွန်ုပ်တို့မိသားစုသည် ဗူးဘုရားကအပြန် ထမင်းဆိုင်၌ ထမင်းဝင်စားပြီး၊ အလိုတော်ပြည့်ဘုရားသို့ဝင်ကာ ငွေလှူ တရားထိုင်ကြပါသည်။ (၁)နာရီခန့် အကြာ တွင် နံနက်စောစောထရမည်ဖြစ်၍ စောစောအနားယူကြရန် ဖေဖေက သတိပေး သဖြင့် ပြန်ခဲ့ကြပါသည်။ တည်းခိုခန်းရောက်သည်နှင့် ကျွန်ုပ်တို့ မောင်နှမ သုံးယောက်သည် ရေချိုးပြီးအိပ်ပါတော့သည်။ ဒိုင်ယာရီရေးသည့် အလေ့ရှိသော ဖေဖေ၊ မေမေတို့ကမူ သူတို့၏ ရောက်ပြီးခရီးစဉ်နှင့် သွားရဦးမည့် ခရီးစဉ်ကို ရေးဆွဲနေကြသည်။

ကျွန်ုပ်တို့မိသားစုသည် နောက်နေ့ နံနက်တွင် (၄)နာရီထပြီး ရွှေစည်းခုံ စေတီတော်နှင့် လောကနန္ဒာဘုရားသို့သွားပြီး အရုဏ်ဆွမ်းကပ်ပါသည်။ ဧရာဝတီ မြစ်ကိုဖြတ်ကာ တန့်ကြည့်တောင်စေတီသို့သွား၍ ဆွမ်းကပ်ပါသည်။ မွန်းမတည့်မီ စွယ်တော်လေးဆူကို အမီဖူးရန် စီစဉ်ထားသည့် ကားများဖြင့် သွားရသည်မှာ ပျော်စရာကောင်းလှပါသည်။ **'တုရင်းတောင်စေတီတော်'** ကို ဖူးရင်း တောင်ခြေမှ မြကန်ကို ကြည်နူးဖွယ်တွေ့ရပါသည်။ ယခုအခါ၌ တောင်ပေါ်မှ ရေများမကျတော့

သဖြင့် ဧရာဝတီမြစ်ရေကို ပိုက်နှင့်တွယ်ပြီး ဖြည့်ပေးထားသည်ကိုတွေ့ရပါသည်။ တစ်ဖက်ဆည်ကန်တောင်ရိုးကို အင်္ဂတေများဖြင့် ဆေးရောင်ခြယ်ထားပါသည်။ တောင်ပေါ်မှစီးကျခဲ့ဖူးသည့် ရေစီးကြောင်းများကိုလည်း လှမ်းမြင်နေရပါသည်။ အမည်မသိရှေးစာဆိုရေးထားသော-

"မြကန်သာ
တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်
ဘုံဝတီသာ၊ နန္ဒာပေလော
တူစွဟုတ္တာ...."

ဟူသည့် ကဗျာလေးကိုမူ မြကန်အနီး ကားလမ်းဘေးတွင် ဆိုင်းဘုတ်ကြီးထောင်လျက် ရေးထားသည်ကို တွေ့ခဲ့ရသည်။ ပုဂံခေတ်သဘာဝအလှနှင့် တင့်တယ်သော မြကန်သည် မျက်မှောက်ခေတ်၌မူ ပကာသန အလှနှင့် ကြည့်ရှုဖွယ်ဖြစ်နေရသည်ဟု ကိုကိုက မှတ်ချက်ချသည်။ ကန်ကိုရေဖြည့်ပြီး ထိန်းထားရသည့် တာဝန်ကပင် ကြီးလွန်းလှကြောင်း မေမေက ပြောပြနေသည်။

ထို့နောက် ကျွန်ုပ်တို့မိသားစုသည် ငှက်ပစ်တောင်ဘုရား၊ ကန်တော့ပလ္လင်ဘုရားတို့သို့သွားကြပြီး နီးရာဆိုင်မှာပင် ထမင်းဝယ်စားကြပါသည်။ ထမင်းစားပြီးသည်နှင့် မေမေသွားချင်သော တစ်ဝဂူဘုရားကို ရှာလိုက်ရသည်မှာ အချိန်အတော်ယူခဲ့ရသည်။ ကျွန်ုပ်သွားချင်သော လောကထိပ်ပန် ဂူဘုရားကိုမူ အလွယ်တကူတွေ့ပြီး ဇာတ်ကြီးဆယ်ဘွဲ့ မင်စာများကို သေသေချာချာဓာတ်ပုံရိုက်ပြီး ယူခဲ့ရ၍ ကျေနပ်မိသည်။ ထို့နောက် မီးမလောင်ကျောင်း၊ နတ်လှောင်းကျောင်း၊ ပုထိုးသားများစေတီ၊ ငွေကြွနားတောင်းစသောဘုရားများသို့ သွားခဲ့သည်။

ထို့ပြင် ကျန်စစ်သားမင်းတည်ခဲ့သော နဂါးရုံဘုရား၊ အပယ်ရတနာဘုရား၊ ပုဆစ်တုပ်ဘုရားတို့ကို ဖူးရသည့်အခါ ကျန်စစ်သား၊ အပယ်ရတနာ၊ ပဉ္စကလျာဏီမင်းသမီးတို့၏ အသွင်ကို မြင်ယောင်လာရသည်။ တုရင်းတောင်ရောက်စဉ်ကလည်း အလောင်းစည်သူမင်းကြီးကို သတိရမိသည်။ နဝမတန်း၊ တက္ကသိုလ်ဝင်တန်းမှာ သင်ရသောစာများသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၏ အငွေ့အသက်များ

ပါဝင်နေသည်။ ဆရာ၊ ဆရာမများဦးစီး၍ ကျောင်းသူကျောင်းသားများကို ဤနေရာသို့အရောက် လေ့လာရေးပို့ပေးပြီး ရှင်းပြပါက မျိုးချစ်စိတ်ဓာတ်များ ပိုမိုထက်သန်လာနိုင်သည်ဟု ကျွန်ုပ်တွေးနေ မိသည်။

ကျွန်ုပ်တို့မိသားစုသည် **'တော်ဝင်နှင်းဆီ'**၌ တတိယညအိပ်ပြီး နောက်နေ့ နံနက်၌ (၈)နာရီလောက်မှ ထကြသည်။ တည်းခိုခန်းက ကျွေးသည် နံနက်စာကို စားပြီး ရန်ကုန်သို့ပြန်တော့ဖြစ်၍ အထုပ်အပိုးများတင်၍ **'အမျိုးသား ယဉ်ကျေးမှု ပြတိုက်'**သို့ ဝင်ခဲ့ကြပါသည်။ ပြတိုက်အတွင်းမှ ကျောက်စာ၊ မင်စာ၊ ပေ ပုရပိုက်စာများကို လေ့လာကြသည်။ ရှေးအသုံးအဆောင်ပစ္စည်းများ ရုပ်ထုများကို လေ့လာရသည်။ ပြတိုက်ရှေ့တွင် ဓာတ်ပုံရိုက်ကြသည်။ နံနက် (၁၁)နာရီ လောက် ရောက်မှ ပုဂံညောင်ဦးနယ်မြေက ထွက်ခဲ့ကြရသည်။ အပြန်လမ်း၌ တစ်မြို့ ရောက်တိုင်း ဖေဖေနှင့် မေမေက လက်ဆောင်ပေးရန် ပစ္စည်းများ ဆင်းဝယ်သည်။ ကျွန်ုပ်တို့မောင်နှမသုံးယောက်က စိတ်ဝင်စားမှုမရှိတော့ဘဲ အိပ်လျက်သာ ပြန်လာ ကြပါတော့သည်။ ဤဘုရားဖူးခရီးတစ်ခေါက်သည် ကျွန်ုပ်အတွက် သုတ၊ ရသ အစုံအလင်ရရှိခဲ့သော အမှတ်ထင်ထင် ခရီးတစ်ခေါက်ပင် ဖြစ်ပါတော့သည်။ ။

ဂုဏ်ယူဖွယ်မြန်မာ့ယဉ်ကျေးမှုများ

- ☐ ယဉ်ကျေးမှုဟူသည် ယဉ်ကျေးမှုစံနှုန်းသတ်မှတ်ပုံ။
- ☐ စာပေယဉ်ကျေးမှု၊ လူမှုဆက်ဆံရေးယဉ်ကျေးမှု။
- ☐ ဝတ်စားဆင်ယင်မှု၊ ရက်ကန်းပညာ။
- ☐ ဗိသုကာပညာ၊ ပန်းဆယ်မျိုးအနုပညာလက်ရာ။
- ☐ သဘင်ပညာ၊ မြန်မာ့ဂီတ။
- ☐ ရာသီပွဲတော်ယဉ်ကျေးမှု၊ အားကစားယဉ်ကျေးမှု။
- ☐ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရန် ကြိုးပမ်းနေပုံ။
- ☐ မိမိအမြင်။

## ဂုဏ်ယူဖွယ်မြန်မာ့ယဉ်ကျေးမှုများ

ယဉ်ကျေးမှုဟူသည် "သိမ်မွေ့ပြေပြစ်သော အပြုအမူ၊ လူမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာစေသော တတ်သိလိမ္မာမှု၊ အစဉ်အလာထိန်းသိမ်းလာခဲ့သော ဓလေ့ထုံးတမ်း၊ ကျင့်ဝတ်၊ နှုတ်မှုလက်မှု အတတ်ပညာ" ဟူ၍ မြန်မာအဘိဓာန်တွင် အနက်ဖွင့်ထားပါသည်။ ထို့ကြောင့် လူသားများ အစဉ်အလာ ပြုလုပ်သုံးစွဲခဲ့သည့် ပစ္စည်းမှန်သမျှသည် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုဖြစ်သည်။ ကိုင်တွယ်ထိတွေ့၍ မရသော ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံ လူမှုဆက်ဆံရေး ဓလေ့စရိုက်များသည် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ ယဉ်ကျေးမှုကိုယ်စီ ရှိကြပေသည်။ ၎င်းတို့အနက် ဗုဒ္ဓ၏အဆုံးအမကို အခြေခံသည့် မြန်မာ့ယဉ်ကျေးမှုသည် နူးညံ့သိမ်မွေ့လှ၍ ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

မြန်မာတို့၏ ယဉ်ကျေးမှုကို တန်ဖိုးထားသည့်စံနှုန်းမှာ သည်းခံခွင့်လွှတ်တတ်ခြင်း၊ ကျေးဇူးတရားသိတတ်ခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း၊ ငြိမ်းချမ်းရေးကို တန်ဖိုးထားခြင်း၊ သနားကြင်နာတတ်ခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်းဟူသည့် ဟိရိဩတ္တပ္ပတရား စောင့်ထိန်းခြင်းတို့ ဖြစ်သည်။ ထိုစံနှုန်းများကြောင့်ပင် မြန်မာ့ယဉ်ကျေးမှုသည် ဂုဏ်ယူဖွယ် ဖြစ်နေရသည်။

ယဉ်ကျေးမှုအစစ်သည် လူ့အနှစ်အမြုတေရတနာပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ်ပိုင် ယဉ်ကျေးမှုများဖြင့် ရပ်တည်နေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီး၌ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများ ရှိပြီးဖြစ်၍ စာပေ၊ ဂီတ၊ သမိုင်းအစဉ်အလာ စသည်တို့တွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအစုစုတို့ ထင်ဟပ်လျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးသည် မည်မျှသေးငယ်သည်ဖြစ်စေ၊ မည်မျှလူဦးရေ နည်းပါးသည်ဖြစ်စေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိခြင်းကို ဂုဏ်ယူကြသည်။ ကိုယ်ပိုင်ပစ္စည်းကို သုံးစွဲရခြင်းသည် အငှားပစ္စည်းသုံးစွဲရသကဲ့သို့ မျက်နှာမငယ်၊ ဂုဏ်မငယ်၊ မိမိကိုယ်ကိုယုံကြည်စိတ်ချစွာ ခေါင်းမော့ရပ်တည်နိုင်သောကြောင့်ဖြစ်သည်။ မြန်မာတို့တွင် မြန်မာ့ဟန်နှင့် မြန်မာဆန်သော မြန်မာ့ယဉ်ကျေးမှုရှိ၍ ဂုဏ်ယူကြရသည်။

ပုဂံခေတ်အခါက မြန်မာတို့သည် မွန်၊ မြန်မာ၊ ပါဠိ၊ သက္ကတစကားများကို သင့်လျော်သလို ရေးသားခဲ့ကြသည်။ မြန်မာစာပေဟူ၍ သီးသီးသန့်သန့် ပေါ်ပေါက်လာစေရန် ကြိုးစားအားထုတ်ခဲ့ကြသည်မှာ ဂုဏ်ယူဖွယ်ဖြစ်သည်။ မြန်မာသက္ကရာဇ် (၄၇၅) ခုနှစ်ကရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာတွင် မြန်မာစာပေအရေးအသားဖွံ့ဖြိုးမှု၊ တန်ဆာဆင်စွမ်းရည် တိုးတက်မှုတို့ကို တွေ့မြင်ရသည်။ သားလိမ္မာ၏ ကျေးဇူးသိတတ်မှုကို မှတ်တမ်းတင်ထားသည်မှာ ဂုဏ်ယူဖွယ် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။

ပင်းယခေတ်တွင် ရေးထိုးမှတ်တမ်းတင်ခဲ့သည့် စာပေများကို မှတ်ကျောက်ပြု၍လည်း ပင်းယခေတ်တွင် နီတိကျမ်းစာပေဆိုင်ရာ ယဉ်ကျေးမှုများ၊ မြန်မာ့ကျောက်စာဆိုင်ရာယဉ်ကျေးမှုများ၊ ကဗျာ၊ လင်္ကာဆိုင်ရာယဉ်ကျေးမှုများ တိုးတက်လာကြောင်း သိရှိနိုင်သည်။

ထို့အတူ အင်းဝခေတ်စာပေများတွင် တွေ့ရှိချက်အရ အင်းဝခေတ် မြန်မာ့အနုပညာ၊ မြန်မာ မင်းခမ်းမင်းနား၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာထုံးဓလေ့အစဉ်အလာတို့ကို သိနိုင်သည်။ ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ထည်ထည်ဝံ့ဝံ့နေကြပုံကို တွေ့ရသည်။

"အခါသမယ၊ ရောက်လာကလည်း၊

ဌာနဘုရား၊ ကျောင်းကန်သွားသော်၊

ဝတ်စားဆင်ယင်၊ ထမ်းစင်သန်လျှင်း၊

စီးနင်းတစ်သွယ်၊ အံ့ဖွယ်ရိပ်စက်၊

ကျိုင်းချင်းယှက်မျှ" ဟူသောအဖွဲ့အရ ရထားဆင်မြင်းထမ်းစင် သန်လျှင်း စီးနင်းသွားကြပုံ၊ အဆင်တန်ဆာများ ဝတ်စားကြပုံ၊ ကျိုင်းများဆောင်လေ့ရှိပုံ ဂုဏ်ယူဖွယ်ယဉ်ကျေးမှုကို တွေ့ရပါသည်။

တောင်ငူခေတ်တွင်တွေ့ရသော စာဆိုရှင်သံခို၏ ရတနာပြောင်မွန်ဆင်တော်မော်ကွန်းမှ ဆင်ဖမ်းခြင်း ဓလေ့သည်လည်း မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။ ဆင်၊ မြင်း၊ လှေ၊ လှည်း၊ ဂူလီသဘင်တို့သည် လူမျိုး၏ ကာကွယ်ရေး၊ ကျန်းမာရေးတို့ကို မြင့်မားစေသော ယဉ်ကျေးမှုဖြစ်သကဲ့သို့ ဦးသျှောင်ထုံးနည်းဆိုင်ရာ ယဉ်ကျေးမှု မြန်မာ့ရိုးရာ ပဟေဠိဂုဏ်မှု၊ တရားစီရင်မှုဆိုင်ရာ ယဉ်ကျေးမှု တို့သည်လည်း ဂုဏ်ယူဖွယ် ယဉ်ကျေးမှုများပင်ဖြစ်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ဗုဒ္ဓ၏ အဆုံးအမကို နာခံသည့်အတွက် နူးညံ့သိမ်မွေ့ကြသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား (၄)ပါးကိုနှလုံးသွင်း၍ နေထိုင်တတ်ကြသည်။

**"ဟုတ်သောအကြံ၊ မှန်သောအကျင့်၊**

**သင့်သောအယူ၊ ဖြူသောနှလုံး**

**သူတော်ထုံး....**" ကိုစွဲသုံးကျင့်ကြံကြသည်။ ငါးပါးသီလကို လုံခြုံအောင် ထိန်းသည့်အတွက် အမှုအခင်းဖြစ်ပွားမှုနည်းသည်။ ကြီးသူကိုရိုသေ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတတ်ကြသည်။ အမျိုးဂုဏ်ကို စောင့်ထိန်းလျက် အချင်းချင်း ရိုင်းပင်းကူညီတတ်ကြသည်။ ကျေးဇူးတရားသိတတ်ကြသည်။ သဒ္ဓါတရား ထက်သန်လျက် ဒေသ့ဝတ်ကျေတတ်ကြသည်။ ၎င်းတို့သည်ပင် ကြည်နူး ဂုဏ်ယူဖွယ်မြန်မာ့ ယဉ်ကျေးမှုများဖြစ်သည်။

အရှေ့တိုင်းနိုင်ငံဖြစ်သည့် မြန်မာ့ဓလေ့သည် ယဉ်ကျေးသိမ်မွေ့ ဖြူစင်လှသည်။

**"တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊**

**မခါးရအောင်၊ သတိဆောင်၍**

မောင်တို့ဆိုလေ၊ ဖျားသကာကဲ့သို့ ချိုလှစေ”

ဟူသည့်အတိုင်း နှုတ်၏ယဉ်ကျေးမှု ရှိကြသကဲ့သို့ ကိုယ်အမူအရာလည်း ယဉ်ကျေးသိမ်မွေ့ကြသည်။

“အရှင်မိဘာ၊ ရှေ့သို့ကျသော်၊

ကုန်းကွတုပ်ပျပ်၊ ယိုင်ဝပ်ညွှတ်ထိုင်၊

နောက်ယိုင်ရှောင်သွား၊ သွားမှုလာမှု၊

ယဉ်နုလှစေ....” ဟူသော ရှေးစာဆိုတို့၏ အဆုံးအမများသည် မြန်မာ့ယဉ်ကျေးမှုကို ပုံကိုင်ပေးထားသကဲ့သို့ ဖြစ်နေသည်ကပင် ဂုဏ်ယူဖွယ် ဖြစ်ပါတော့သည်။

မြန်မာတို့၏ လူမှုဆက်ဆံရေးတွင် မိဘနှင့် သားသမီးဆက်ဆံရေး၊ ဆရာနှင့်တပည့်ဆက်ဆံရေး၊ မိတ်ဆွေအပေါင်းအသင်းဆက်ဆံရေးတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးက စံပြုလေးစား တန်ဖိုးထားရလောက်သည့် ဂုဏ်ယူဖွယ် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။ ချစ်ခြင်းမေတ္တာရေးတွင်လည်း အမျိုးသားက အမျိုးသမီးကို သုံးနှစ်သုံးမိုး ပိုးပန်းရသော ဓလေ့၊ လက်မထပ်မီတွင် ပဝါတစ်ကမ်း လက်တစ်လှမ်းနေထိုင်ထိန်းသိမ်းရသော ဓလေ့များရှိသည်။ အိမ်ထောင်မကျမချင်း မိမိတို့စောင့်ထိန်းအပ်သော ကိုယ်ကျင့်တရားကို မဖောက်ဖျက်ခြင်းသည် မြတ်နိုး ဂုဏ်ယူတန်ဖိုးထားရသော မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။

ယဉ်ကျေးမှုရှိသည့် လူမျိုးတိုင်းတွင် ကိုယ်ပိုင်အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှုရှိသည်။ မြန်မာ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် စတင်ခဲ့ကြောင်း သမိုင်းအထောက်အထားများရှိသည်။ မြန်မာ အမျိုးသမီးများ၏ ကိုယ်ပိုင်အဝတ်အစားဖြစ်သော မြန်မာထဘီနှင့် မြန်မာအင်္ကျီသည် ပူအိုက်သော မြန်မာရာသီဥတုနှင့်လည်း လိုက်ဖက်ဆီလျော်သည်။ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်သည်။ အမျိုးသမီးတို့၏ ကိုယ်ခန္ဓာအလှကို လုံခြုံလှပစွာပေါ်လွင်စေသော ပုံစံလည်းရှိသည်။ မြန်မာတို့၏ စိတ်ဓာတ်ယဉ်ကျေးမှု ဖြစ်သောဟီရိဩတ္တပ္ပတရားကိုလည်း ကောင်းစွာထိန်းသိမ်းထားသည်။ ကျက်သရေမင်္ဂလာဂုဏ်သိက္ခာနှင့်လည်း ပြည့်စုံတင့်တယ်စေသည်။ ထိုသို့သော ဆင်ယင်ထုံးဖွဲ့မှုဖြစ်ပေါ်စေရန် ထောက်ပံ့ပေးသော ရက်ကန်းပညာမှာ ဂုဏ်ယူဖွယ် မြန်မာမှုပညာရပ်ပင် ဖြစ်ပါသည်။

ရက်ကန်းပညာအစသည် အလွန်ရှေးကျလှ၏။ အပယ်ရတနာလိုဏ်ဂူ ဘုရားတွင်းရှိ ပန်းချီဆေးရေး အုတ်ချပ်များတွင် နတ်သမီးကြိုးကြီး ချိတ်ထဘီကိုတွေ့ရသဖြင့် ကျောက်စာဝန်ဦးမြက ပုဂံခေတ်ကပင် မြန်မာ့ရက်ကန်းပညာ စနေပြီဟု ယူဆပြထားသည်။ ထို့အတူ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင်-

**"ဗိုင်းမှုဝါမှု၊ ညီစေတုသို့၊**

**ဖန်ပြုဖျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ၊**

**မဆိတ်မည်၊ ချည်ဝင့်သံလည်း၊**

**တရံမပြတ်၊ ချားရဟတ်နှင့်"** ဟူသော အဖွဲ့အရ အင်းဝခေတ်ရက်ကန်းပညာ၏ ကျယ်ပြန့်လာမှုကို တွေ့နိုင်သည်။

၎င်းပြင် ညောင်ရမ်းခေတ်ဝန်ကြီး ပဒေသရာဇာ၏ သူဇာပျို့တွင်

**"ရွှေချည်ချယ်ဘက်၊ လက်ချိတ်ရက်သည်**

**ကပ်ကွက်ကျူးကျော်၊ ဝတ်လဲတော်ကို...."** ဟု တွေ့ရသည့်အတွက် အချိတ်ဆင်ဆန်းများ ရက်လုပ်နေပြီဟု ကောက်ချက်ချနိုင်ပြန်သည်။

ကုန်းဘောင်ခေတ်အလောင်းမင်းတရားနှင့် ဆင်ဖြူရှင်မင်းလက်ထက်တို့၌ မဏိပူရကသည်းတို့ကိုအောင်နိုင်ပြီး ပြည်မြို့အနီးတွင် ရက်ကန်းပညာများ လက်ဆင့်ကမ်း သင်ခဲ့ကြောင်း မှတ်တမ်းများလည်းတွေ့ရသည်။ မင်းတုန်းမင်း လက်ထက်တွင် ညီတော်အိမ်ရှေ့စံ ကနောင်မင်းသား၏ ကြိုးပမ်းမှုကြောင့် ရက်ကန်းစက်ရုံများ တည်ဆောက်နိုင်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုတွင် ရှေးခေတ်နန်းတွင်းသုံး လွန်းရာကျအချိတ်များမှာ မက်မောဖွယ်ဖြစ်သကဲ့သို့ ကျေးလက်ဒေသရှိ ပျိုဖြူများမှာလည်း ချည်ထည်များကို ဝတ်ဆင်သဖြင့် ပင်ဖြူပင်နီများ ခေတ်စားလာခဲ့သည်။

ထို့ကြောင့် မြန်မာစာပေတွင် ရက်ကန်းပညာဆိုင်ရာစကားပုံ ဆိုရိုးစကားများစွာရှိခဲ့ရသည်။ ယောကျ်ားစာမတတ်လျှင် အကန်း၊ မိန်းမမှာ ရက်ကန်းမတတ်လျှင် အသုံးမကျဟု ကဲ့ရဲ့တတ်ကြသည်။ ၎င်းတို့ကို-

'စာပေ မကျွမ်း၊ ယောကျ်ားနမ်း၊

သူကန်းနှင့်သာတူတော့သည်။

ရက်ကန်းနှင့်ဗိုင်း၊ လက်နှင့်ရိုင်း

လူတိုင်း မုန်းတတ်သည်....'ဟု ဆိုရိုးစကားများ တွင်ကျယ်ခဲ့ရသည်။

မျက်မှောက်ခေတ်တွင် ရက်ကန်းကျောင်းများဖွင့်လှစ်ပြီး ခေတ်မီတီထွင်သော ဒီဇိုင်းဘာသာရပ်များနှင့် သင်ကြားပေးနေပြီဖြစ်သည်။ ထို့ကြောင့် မြန်မာ့မှု ရက်ကန်းပညာမှာ မြန်မာတိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာယဉ်ကျေးမှု အနုပညာရပ်ပင်ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းထားသည့် ရိုးရာလက်မှုပညာရပ် (၁၁၉) ရပ်တွင် လွန်းရာကျော် ကြိုးကြိုးချိတ် ရက်ကန်းလုပ်ငန်းသည် နိုင်ငံခြားသားများ စိတ်ဝင်စားသောပညာရပ် တစ်ခုဖြစ်၍ ဂုဏ်ယူရပါသည်။

မြန်မာ့ယဉ်ကျေးမှုတွင် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု၏ ထည်ဝါခဲ့ပုံကို ပျူခေတ်လက်ရာများဖြစ်ကြသည့် ဘုရားစေတီ၊ ကျောက်စာ၊ ရွှေငွေကြေးလက်ရာများနှင့် ပျူဂီတတို့ကိုကြည့်လျှင် မှန်းဆသိရှိနိုင်သည်။ ပုဂံဒေသတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများကို လေ့လာလျှင် ပုဂံခေတ် ဗိသုကာပညာရှင်တို့၏ လက်ရာအစွမ်းနှင့် စိတ်ကူးဆန်းကြယ်မှု၊ သဒ္ဓါတရားထက်သန်မှုတို့ကို အံ့ဩ ဂုဏ်ယူဖွယ် တွေ့နိုင်သည်။

ထို့အတူ ရှေးမြန်မာတို့သည် မိမိတို့၏ ကုသိုလ်တော်များဖြစ်သည့် ဂူဘုရားစေတီတို့တွင် ဇာတ်နိပါတ်ရုပ်ပုံများကို နံရံဆေးရေးပန်းချီများဖြင့် လှပဆန်းကြယ်စွာ ရေးခြယ်ထားသည်မှာလည်း မျက်မှောက်ကာလ နိုင်ငံခြားဧည့်သည်များ တအံ့တဩ လေ့လာရသည့် ဂုဏ်ယူဖွယ်လက်ရာများပင် ဖြစ်ပါသည်။

'လှည်းဝင်ရိုးသံ၊ တညံညံ
ပုဂံဘုရားပေါင်း....' ဟူ၍လည်းကောင်း၊
'သဇင်ပန်းခိုင်၊ တမြိုင်မြိုင်
ရခိုင်ဘုရားပေါင်း....' ဟူ၍လည်းကောင်း ဆိုရိုးရှိသည့်အတိုင်း မြန်မာပြည်တစ်ဝန်း နေရာတိုင်းတွင် ဘုရားပုထိုးစေတီ အဆူဆူကို ဖူးတွေ့နိုင်သည်။ မြန်မာ့အနုပညာလက်ရာ ပန်းဆယ်မျိုးဖြစ်သော ပန်းပဲ၊ ပန်းတိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်းပညာ လက်ရာများကို ထိုစေတီပုထိုးများ၌ တွေ့နိုင်သည်မှာလည်း ဂုဏ်ယူဖွယ်မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်ပါသည်။

ရှေးအခါက ထီးသုံးနန်းသုံးဖြစ်ခဲ့သော မြန်မာ့သဘင်ပညာသည်လည်း

ကိုယ်ပိုင် ယဉ်ကျေးမှုပင်ဖြစ်သည်။ 'ဓာတ်သမားလာလျှင် မှတ်သားစရာပါရမည်။ ဓာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်' ဟူသည့်အတိုင်း ဓာတ်သဘင်သည် အသိအလိမ္မာ ပညာပေးနိုင်သော ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ သိမ်မွေ့ငြိမ့်ငြောင်း လှသည့် 'အငြိမ့်' အကသည်လည်း နူးညံ့လှသော ဂုဏ်ယူဖွယ် မြန်မာ့ယဉ်ကျေးမှု ပင် ဖြစ်သည်။

ထို့ပြင် မြန်မာ့ဆိုင်းဝိုင်းသည် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ဂီတဖြစ်သည်။ ဆိုင်းဝိုင်းသည် ဂီတမျိုးစုံကို တီးခတ်နိုင်သည်သာမက အမြင်အားဖြင့်လည်း ခန့်ညားထည်ဝါလှသည်။ မြန်မာ့အခမ်းအနားများ၏ ကျက်သရေဆောင်လည်း ဖြစ်သည်။ အခမ်းအနား၏ အခြေအနေကိုလိုက်၍ ဂီတအမျိုးမျိုးကို တီးခတ်သည့် 'ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်' ကို အခြေခံသော မြန်မာ့ဂီတသည် ယဉ်ကျေးသိမ်မွေ့လှသည်။ တူရိယာငါးပါးဖြစ်သော စည်၊ ဓောင်း၊ မောင်း၊ နှဲ၊ ပတ္တလားဟူသည့် တီးမှုတ်ရသောပစ္စည်းများတွင် စည်တော်သည် မြန်မာ့ယဉ်ကျေးမှု အတွက် အရေးပါသောတူရိယာဖြစ်သည်။ စည်တော်သံကြားလျှင် မြန်မာ့ရိုးရာ မင်းခမ်းမင်းနားကို သတိရစေသည်။ ထို့ပြင် မြန်မာ့စောင်းသံသည် ငြိမ့်ညောင်း သာယာပြီး ကမ္ဘာကအသိအမှတ်ပြုရသော တူရိယာတစ်မျိုးပင်ဖြစ်သည်။ ၎င်းအပြင် မြန်မာ့ပတ္တလားသည်လည်း သိမ်မွေ့သော တူရိယာဂီတတစ်မျိုးဖြစ်၍ ဂုဏ်ယူဖွယ် မြန်မာ့ယဉ်ကျေးမှုများပင် ဖြစ်ပါတော့သည်။

မြန်မာလူမျိုးတို့ အချိန်အခါအလိုက် အမြတ်တနိုးကျင်းပလေ့ရှိသော ရာသီ ပွဲတော်များမှာလည်း ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ဓလေ့ကို ဖော်ကျူးပေးထားခြင်း ပင်ဖြစ်သည်။ မြန်မာ့ရိုးရာပွဲတော် အစဉ်အလာကို လက်ဝဲသုန္ဒရအမတ်ကြီးက သာဓိနပျို့တွင် အောက်ပါအတိုင်း ရေးခဲ့ဖူးပါသည်။

'သင်္ကြန်တာကျူး၊ နှစ်ဦးညောင်ရေ
စာပလွေခင်း၊ ပဉ္စင်းတော်ခံ
စာရေးတံနှင့် မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံး
ဂူလုံးသဲပုံ၊ ဓနုစုံစီလျှဉ်
ဤသို့ယှဉ်သား၊ လစဉ်ပြမြဲ

ဆယ့်နှစ်ပွဲတည့်....' ဟူ၍ ဘာသာယဉ်ကျေးမှုက မြန်မာ့လူ့အဖွဲ့အစည်းကို သိမ်မွေ့ယဉ်ကျေးစေရန် နှီးဆော်ထိန်းပေးထားသကဲ့သို့ပင် ရှိနေကြောင်း ဖော်ပြထားသည်။ တန်ခူးသင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာတော်ပြန်ပွဲ၊ ဝါဆိုလ ပဥ္စင်းခံပွဲ၊ ဝါခေါင်လ စာရေးတံဆွမ်းလောင်းပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ မီးမြင်းမိုရ်ပွဲ၊ တန်ဆောင်မုန်းလ ကထိန်သင်္ကန်း၊ မသိုး သင်္ကန်းကပ်ပွဲ၊ နတ်တော်လ နတ်သဘင်ပွဲ၊ ပြာသိုလ မြင်းခင်းသဘင်ပွဲ၊ တပို့တွဲလ ထမနဲပွဲ၊ တပေါင်းလ သဲပုံစေတီပွဲစသော အခါရာသီအလိုက် ပွဲသဘင်များ ဆင်ယင်ကျင်းပခြင်း၊ သားရှင်ပြု သမီးနားသမင်္ဂလာများ ကျင်းပခြင်းတို့သည် ဂုဏ်ယူဖွယ်မြန်မာ့ယဉ်ကျေးမှုများပင် ဖြစ်ပါသည်။

ထို့ပြင် မြန်မာ့အားကစားနည်းတစ်ခုဖြစ်သော ဂူလီကစားနည်းသည် ကမ္ဘာ့ဖလားဘောလုံးပွဲများကဲ့သို့ အဆင့်အတန်းမြင့်သော နည်းစနစ်တစ်ခု ဖြစ်ခဲ့သည်။ ဒူး၊ ခြေ၊ ဖျား၊ ခြေဖနောင့်တို့ကို အသုံးပြု၍ ကြိမ်ဖြင့် ပြုလုပ်ထားသော ခြင်းလုံးကို မြေပေါ်သို့ မကျစေရန် အချိတ်အဆက်မိမိအပေးအယူပြုလျက် ခတ်ရသော မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားနည်းသည်လည်း ကျန်းမာကြံ့ခိုင်မှုကိုဖြစ်စေသော ဂုဏ်ယူဖွယ်မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။

ထို့အတူ မြန်မာ့သနပ်ခါး၊ မြန်မာ့အစားအစာတို့သည်လည်း ရာသီဥတုနှင့် မျှတအောင် နေတတ်စားတတ် ခြယ်သတတ်သော ဂုဏ်ယူဖွယ်မြန်မာ့ ယဉ်ကျေးမှုများပင် ဖြစ်ပါသည်။ ထို့ကြောင့် မျက်မှောက်ကာလတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရန် မြန်မာ့ရိုးရာလူမှုရေး အစဉ်အလာအလေ့အထ၊ ရိုးရာဓလေ့များ၊ ရိုးရာလက်မှုပညာရပ်များ စုစုပေါင်း (၂၅၄) ခုကို တင်ပြထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း အသိအမှတ် ပြုကြမည့် မြန်မာ့ယဉ်ကျေးမှုပြတိုက်ကြီးသည် မြန်မာလူမျိုးများအတွက် ဂုဏ်ယူဖွယ်ရာများအဖြစ် ထာဝရရပ်တည်နေမည် ဖြစ်ပါတော့သည်။ ။

မွေးရပ်မြေသို့ တစ်ခေါက်

- ❑ မွေးရပ်မြေနှင့်ခွဲခွာနေရပုံ။
- ❑ မွေးရပ်မြေသည် မည်သည့်ဒေသဖြစ်ပုံ။
- ❑ မွေးရပ်မြေသို့ သတိရပုံ။
- ❑ မွေးရပ်မြေသို့ တစ်ခေါက်ပြန်ဖြစ်ခဲ့ပုံ။
- ❑ လမ်းခရီးအတွေ့အကြုံ။
- ❑ မွေးရပ်မြေ၏ပြောင်းလဲနေပုံ။
- ❑ တွေ့ကြုံရသော ဝမ်းသာဖွယ်၊ ဝမ်းနည်းဖွယ် ခံစားချက်များ။
- ❑ မမေ့နိုင်လောက်သော ခံစားချက်ကြောင့် ဘဝအပြောင်းအလဲဖြစ်ရပုံ။
- ❑ မိမိအမြင်။

## မွေးရပ်မြေသို့ တစ်ခေါက်

လူသားတိုင်းအတွက် ဇာတိချက်ကြွေ မွေးရပ်မြေဟူသည် မမေ့ကောင်းသော နေရာဌာနပင်ဖြစ်၏။ မွေးမိခင်ကို ချစ်သကဲ့သို့ ဇာတိမြေကိုချစ်ရမည်ဟု ပညာရှင်များက မိန့်ဆိုကြသည်။ ကျွန်ုပ်သည် မွေးမိခင်ကို အလွန်ချစ်သကဲ့သို့ ဇာတိမြေကိုလည်း အလွန်ချစ်ခင်ပါသည်။ မူလတန်း၊ အလယ်တန်းတွင် ကျောင်းတက်ရစဉ်က ငယ်သူငယ်ချင်းများနှင့် သေတစ်ပန်သက်တစ်ဆုံး အတူနေရမည်ဟုပင် ထင်မှတ်ခဲ့မိသည်။ သို့သော် ပျော်ရာမှာမနေရ၊ တော်ရာမှာနေရမည့် လောကဓံတရားကြောင့် ရန်ကုန်မြို့ကြီးသို့ ကျွန်ုပ် ရောက်ခဲ့ရသည်မှာ (၂)နှစ်ပင်ကျော်ခဲ့ပေပြီ။ ပြီးခဲ့သည့် နွေရာသီကျောင်းပိတ်ရက်က မွေးရပ်မြေသို့တစ်ခေါက် အလည်ပြန်ဖြစ်ခဲ့သည်။ ထိုအချိန်ကပျော်ရွှင်မှုသည် စာစီ၍မရသကဲ့သို့ ကြည်နူးမှုသည်လည်း ဖော်ပြ၍မရနိုင်လောက်အောင် စိတ်လွတ်ကိုယ်လွတ်ပင် ရွှင်မြူးခဲ့ရပါသည်။

ကျွန်ုပ်၏ မွေးရပ်မြေမှာ မကွေးတိုင်းဒေသကြီး မိကျောင်းရဲ မြို့ကလေးဖြစ်ပါသည်။ မြို့ကလေးဟုခေါ်ရသည်မှာ အိမ်ခြေ(၁၀၀၀)ခန့် လူဦးရေ(၅၀၀၀)ကျော်မျှသာရှိသောကြောင့်ပင် ဖြစ်ပါသည်။ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းဘေးမှာရှိပြီး ဆိပ်ကမ်းအလွန်လှသဖြင့် အစုန်အဆန်သင်္ဘောကြီး၊ သင်္ဘောလေးများ ညအိပ်ရပ်နားကြသည်။ သင်္ဘောဆိပ်အတက်တွင် ဈေးရှိသည်။ အညာကုန်ပစ္စည်း၊

အောက်ကုန်ပစ္စည်း အစုံအလင်ရပြီး ရေခဲမရိုက်သော အသားငါး လတ်လတ်ဆတ်ဆတ်၊ အသီးအရွက် လတ်လတ်ဆတ်ဆတ်များကို အနီးအနားရွာများက လာရောက်ရောင်းသဖြင့် မိကျောင်းရဲဈေးက ငါးနှင့်ပုဇွန်သည် နာမည်ကြီးသည်။ သင်္ဘောဈေးသည်များက ကြိုတင်မှာထား ဝယ်ယူကြသည်။ မိကျောင်းရဲသည် ကိုလိုနီခေတ်က တောင်တွင်းကြီးမြို့၏ ဆိပ်ကမ်းမြို့လေး ဖြစ်ခဲ့ရသည်ဟု လူကြီးများက ပြောပြလေ့ရှိသည်။ တောင်တွင်းကြီးမြို့သည် ကုန်းတွင်းဘက်ကျသဖြင့် ရေလမ်းခရီးဖြင့် ကုန်တင်ကုန်ချ ပြုလုပ်ရမည့် ပစ္စည်းအတွက် (၃၆)မိုင်အကွာရှိသော မိကျောင်းရဲမြို့လေးကို သုံးခဲ့သည်။ သင်္ဘောတင် ပစ္စည်းများကို ကားများနှင့်လာ၍ သယ်ယူလေ့ရှိသည်။ ထို့ကြောင့် တောင်တွင်းကြီးမြို့နှင့် မကွေးမြို့ကြားရှိ မိကျောင်းရဲ လမ်းခွဲလမ်းသည် အင်္ဂလိပ်အစိုးရလက်ထက်ကပင် ဖောက်ခဲ့သော ကတ္တရာလမ်းဖြစ်၍ အလွန် ကောင်းလှပါသည်။

မိကျောင်းရဲဟု အမည်တွင်ခဲ့သည်မှာလည်း ပုဂံခေတ်ကတည်းကပင်ဖြစ်သည်။ အနော်ရထာမင်း နတ်ရွာစံပြီး သားတော်စောလူးနန်းတက်သည်။ ငရမန်ကန်း ပုန်ကန်သဖြင့် ရင်ဆိုင်စစ်ထိုးကြရာ စောလူးရှုံးခဲ့သည်။ မိကျောင်းရဲ၏ အနောက်မြောက်ဘက်ရှိ ဧရာဝတီမြစ် ရေလယ်ခေါင်ကျွန်းပေါ်တွင် ငရမန်ကန်းက တပ်ကို အခိုင်အမာချပြီး စောလူးမင်းကို ဖမ်းချုပ်ထားသည်။ မှူးမတ်တို့က အနော်ရထာလက်ထက်ကပင် တိမ်းရှောင်နေသော ကျန်စစ်သားကို လိုက်ရှာပြီး နန်းအပ်ကြသည်။ ကျန်စစ်သားက “ငါ့အရှင်၏ သားရှိသရွေ့ ငါမင်းမလုပ်”ဟု ပြန်ပြောပြီး စောလူးမင်းကို သွားကယ်သည်။ ထိုသို့သွားကယ်ရာ၌ ကျန်စစ်သားက နောက်တော်ပါတပ်ကို မိကျောင်းရဲ၌ တပ်ချထားသည်။ ရေလယ်ကျွန်း၏ အနေအထားကို ကိုင်တိုင်လေ့လာပြီးမှ ညဉ့်လယ်ယံတွင် တစ်ဦးတည်းသွား၍ စောလူးကိုကယ်ခဲ့သည်။ အချုပ်ခန်းကို ဖောက်ပြီး စောလူးအား ကျောပေါ်ထမ်း၍ ကယ်ထုတ်ခဲ့ပါလျက်၊ စောလူး၏ အထင်လွဲပြီး အော်ဟစ်အကူအညီတောင်းမှုကြောင့် ရွံ့ညွှံထဲတွင်ပစ်ချခဲ့ရသည်။ ငရမန်ကန်းကလည်း စောလူးကို ချက်ချင်းသတ်ပစ်ခဲ့သည်။

ကျန်စစ်သား၏တပ်များ မိကျောင်းရဲတွင် တပ်ချထားစဉ်၊ ဆိပ်ကမ်းလှသော နေရာဖြစ်၍ တပ်သားများ မြစ်ထဲဆင်း၍ ရေချိုးကြသည်။ ရေနက်တွင်းများရှိ၍ မိကျောင်းများအောင်းနေတတ်သည့်နေရာဖြစ်ရာ၊ ရေချိုးရေကူးသည့် တပ်သားများကို မိကျောင်းဆွဲခြင်း မကြာခဏခံရသည်။ “မိကျောင်းများ ရဲတင်းလွန်းလှပါလား”

ဟု ကျွန်စစ်သားက မှတ်ချက်ချပြီး ညှိနေရာကို "မိကျောင်းရဲ"ဟု ခေါ်စေရမည်ဟု မိန့်မှတ်ခဲ့ကြောင်း သမိုင်းဆရာ ဦးဘမောင်က ကျွန်ုပ်တို့ ပဥ္စမတန်းက ရှင်းပြဖူးသည်။ ကျွန်ုပ်တို့ ဆဋ္ဌမတန်းတွင် လှေငါးစီးနှင့် ကျောင်းသူကျောင်းသားများကိုခေါ်ပြီး ငရမန်ပုန်ကန်သည့်ကျွန်းသို့ လိုက်ပို့ခဲ့သည်။

ထိုစဉ်က ကျွန်ုပ်တို့အလွန်ပျော်ခဲ့ပါသည်။ လှေလှော်ရေး မသွားဖူးသေး၍ ဆရာတာဝန်ယူပြီး လိုက်ပို့သည့်ကို ကျွန်ုပ်တို့အသစ်အဆန်းဖြစ်ခဲ့ရသည်။ ထမင်းချိုင့်ကိုယ်စီ၊ မုန့်မျိုးစုံတို့နှင့် ပျော်ပွဲစားထွက်ရသကဲ့သို့လည်း ဖြစ်ခဲ့ရသည်။ ဆရာ (၂)ယောက် ဆရာမ (၃)ယောက်နှင့် သူငယ်ချင်းတစ်စုသွားခဲ့ရသော ထိုခရီးသည်လည်း မမေ့နိုင်စရာပင်ဖြစ်သည်။ ကျွန်းပေါ်တွင် ကျွန်စစ်သား၏ အလှူတော်စာရင်းရေးထားသောကျောက်စာ (၂)ချပ်၊ လှံထောက်စေတီ၊ လှံဝဲစေတီ၊ လှံတင်ခုံတို့ကိုလည်း တွေ့ခဲ့ရသည်။ ကျွန်စစ်သားမင်းဖြစ်သည့်အခါ သူ၏ အောင်မြင်နေရာတိုင်းကို ဘုရားတည်ခဲ့သည်ဟု ဆိုသည်။ ငရမန်ကန်းအား အနိုင်ရအောင်တိုက်ပြီး ထိုကျွန်းကို ပြည်တော်သာကျွန်းဟု အမည်ပေးခဲ့ကြောင်းလည်း မှတ်သားခဲ့ရသည်။

ကျွန်ုပ်တို့ မိကျောင်းရဲမြို့လေးတွင် အထက်တန်း ကျောင်းတစ်ကျောင်း၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ တပ်ရင်းတစ်ရင်း ရှိသည်။ ရှေးကျသောဘုရားများနှင့် ဘုန်းကြီးကျောင်း(၇)ကျောင်းရှိသည်။ တောင်တွင်းလမ်းနှင့် မြို့မလမ်းဟူ၍ အဓိက လမ်းမကြီး (၂)လမ်းသာရှိသည်။ ထိုလမ်း (၂)လမ်းကြားတွင် လမ်းသွယ်လေးများ အရှည်လိုက်အတန်းလိုက် စနစ်တကျဖောက်ထားသည်မှာ အလွန်လှပြီး မှတ်ရလွယ် ရှာရလွယ်ကူပါသည်။ လမ်းသွယ်တိုင်းသည် ကား (၂) စီးရှောင်ရလွယ်အောင် ကျယ်ပါသည်။ ကျွန်ုပ်တို့ငယ်စဉ်က သူငယ်ချင်းများစု၍ မကြာခဏ မုန့်လုပ်စားလေ့ရှိရာ တစ်အိမ်ဝင်တစ်အိမ်ထွက်နှင့် လမ်းတကာလျှောက်ပြီး တရုန်းရုန်းနေခဲ့ကြသည်ကို မကြာခဏပြန်လည်တမ်းတမိသည်။

ကျွန်ုပ်သည် မူလတန်းနှင့်အလယ်တန်းကို မိကျောင်းရဲကျောင်းတွင် တက်ခဲ့ပါသည်။ သတ္တမတန်း စာမေးပွဲဖြေပြီးချိန်၌မူ ရန်ကုန်တွင်နေသော မကြီးက အငယ်ဆုံးသမီးဖြစ်သော ကျွန်ုပ်ကို တက္ကသိုလ်ဝင်တန်းတွင် အမှတ်ကောင်းကောင်းနှင့် အောင်ရန် အဋ္ဌမတန်းကပင် ရန်ကုန်သို့ ခေါ်ထားချင်သည်ဟု မိဘ များထံခွင့်ပန်ပြီးခေါ်ခဲ့သဖြင့် ကျွန်ုပ် ရန်ကုန်ရောက်ခဲ့ရသည်။ ဇာတိမြို့လေးမှာ နေစဉ်က ပေါ့ပေါ့နေ ပေါ့ပေါ့စား အောင်မှတ်ရရုံနှင့်ကျေနပ်ပြီး သတ္တမတန်း အောင်လာသော

ကျွန်ုပ်သည် ရန်ကုန်မြို့ကြီးရောက်သည်နှင့် စက်ရုပ်တစ်ရုပ်ကဲ့သို့ လှုပ်ရှားရတော့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ကထိက ဆရာမလည်းဖြစ်၊ ဗိုလ်မှူးကြီး ကတော်လည်းဖြစ်သော မမကြီး၏စည်းမျဉ်း စည်းကမ်းများအောက်တွင် လှုပ်၍မရလောက်အောင် ကျွန်ုပ်ကြိုးစားရပါတော့သည်။

ကျွန်ုပ်သည် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတွင် တက်ခွင့်ရသဖြင့် ပညာကို အပြိုင်အဆိုင်ကြိုးစားချင်စိတ်များ ဖြစ်ပေါ်လာရသည်။ တစ်လထက်တစ်လ မိမိကိုယ်ကို အားမရစိတ်များနှင့် ပို၍ပို၍ကြိုးစားလာမိသည်။ ပဲ၊ နှမ်း ပွဲရုံထောင်ထားသော ဖေဖေက မေမေနှင့်အတူ ရန်ကုန်သို့ သုံးလတစ်ကြိမ်လာတတ်သဖြင့် မမကြီးက ကျွန်ုပ်ကိုနယ်သို့ ပြန်ခွင့်မပေးပါ။ မိဘကိုချစ်လျှင် လွမ်းလျှင် စာကြိုးစားရမည်။ ၂၁ ရာစုပညာခေတ်ကို အမီလိုက်နိုင်ရန် အချိန်ကို အကျိုးရှိရှိအသုံးချ တတ်ရမည်ဟု မကြာခဏဆုံးမသည်။ ကျောင်းပိတ်ရက်တွင်လည်း အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာ သင်တန်းများကို တက်ခိုင်းသဖြင့် အငွေ့မတန်းဖြေပြီး နွေရာသီက အိမ်သို့မပြန်ခဲ့ရပါ။

ကျွန်ုပ် နဝမတန်းစာမေးပွဲဖြေအပြီး နွေရာသီ၌မူ ဖေဖေ၊ မေမေတို့က ပဋ္ဌင်းခံပွဲလုပ်မည့်ရက်ကို လှမ်းပြောသဖြင့် မမကြီးမိသားစုနှင့်အတူ ကျွန်ုပ်သည် မွေးရပ်မြေသို့ ပြန်ခွင့်ရခဲ့ပါသည်။ ပြန်ရမည်ဟု သိကတည်းက မမကြီးဈေးသွားတိုင်း ကျွန်ုပ်လိုက်ခဲ့ပါသည်။ သူငယ်ချင်းများအတွက် ဆံညှပ်ကလစ်ဆန်းလေးများ၊ ခါးပတ်လှလှလေးများ၊ ဖုန်းဟန်းဆက်တွင် အလှချိတ်သော ပစ္စည်းဆန်းလေးများဝယ်၍ စုထားခဲ့ပါသည်။ ဆရာ၊ ဆရာမများကို ကန်တော့ရန် မုန့်ပုံးများ၊ ဟောလစ် ပုလင်းများဝယ်ထားခဲ့ပါသည်။ ဖေဖေ၊ မေမေကစ၍ ခြံစောင့်အဘိုးကြီးအဆုံး၊ မည်သူ့အတွက် မည်သည့်ပစ္စည်းပေးမည်ဟူသော လျာထားချက်ဖြင့် ဝယ်ရထုပ်ရသည်ကို အလွန်ပျော်နေမိသည်။

မွေးရပ်မြေသို့ပြန်သည့်နေ့တွင် ရာသီဥတုအပူသက်သာစေရန် နံနက် စောစောထွက်မည်ဟု မမကြီးက စီစဉ်ခဲ့ခြင်းကြောင့် နံနက် ၄နာရီတွင် အိမ်က ကားနှင့်ထွက်ခဲ့ကြပါသည်။ ကားပေါ်ရှိ နောက်ဆုံး(၂)ခုံကို နောက်မှီများဖြန့်ချပြီး ကုတင်သဖွယ် ဆက်ပေးထားသဖြင့် ကျွန်ုပ်နှင့် (၅)နှစ် အရွယ် တူမလေးတို့သည် တစ်ခါတည်း တုံးလုံးလှဲပြီး အိပ်၍လိုက်ကြပါတော့သည်။ နံနက်လင်းရောင်ဖျိုးချိန်တွင် ကျွန်ုပ်နိုးလာပြီး မှန်အပြင်က အရုဏ်ဦးအလှကို ငေးကြည့်နေမိသည်။

ဘေးပတ်ဝန်းကျင် လယ်ယာခင်းများ၊ သစ်ပင်တောတောင်များကို တဖြည်းဖြည်း ကြည်ကြည်လင်လင် တွေ့လာရသည်။

စိမ်းလဲ့မြေပြင်နှင့် ပြာလဲ့ကောင်းကင်တို့ကြား၌ ငှက်ကလေးများ အစုလိုက်၊ အအုပ်လိုက်ပျံတက် သွားလာနေကြသည်ကိုလည်း တွေ့ရသည်။ လုပ်ငန်းခွင်ဝင်မည့် တောင်သူများလည်း လှည်းနှင့်တစ်မျိုး၊ ခြေလျင်လျှောက်၍တစ်ဖုံ သွားနေသည်ကို လည်း တွေ့ရသည်။ ငွေတာရီ၏အလှရှိရာ ကဗျာလေးသင်ခဲ့ရသည်ကို သတိရလိုက် မိသည်။

"ဤယနေ့သော်၊ ချမ်းမြေ့ကြည်လင်၊
စိတ်ဝယ်ရွှင်တည့်၊ မြေပြင်ကျယ်ဝင်း၊
လယ်ယာခင်းနှင့် အင်းအိုင်မြစ်ချောင်း
ရှုမညောင်းတည့်...." ဟူသည့်အတိုင်း အမိမြန်မာပြည်၏ မြေလက်ရှုခင်းကို ကြည်နူးနေမိသည်။

ထိုသို့ကြည့်နေရင်း ရွာတစ်ရွာကိုဖြတ်လာစဉ် သံဃာတော်များတန်းစီ၍ ဆွမ်းခံကြွလာသည်ကို တွေ့လိုက်ရာထထိုင်ပြီး ဦးတော်တင်လိုက်မိသည်။ ဤ အချိန်၌ မေမေလည်းအရုဏ်ဆွမ်း လောင်းနေလောက်ပေပြီဟု တွေးမိပြီး မေမေ့ကို အမြန်တွေ့ချင်လာသည်။ ကားထဲ၌ 'ချမ်းမြေ့ပါစေ'သီချင်းကို မမကြီးက ဖွင့်ထား သည်။ သီချင်းအေးအေးလေးကို နားထောင်ရင်း ပတ်ဝန်းကျင် လင်းရောင်ပျို့နေ ပုံကို ကြည့်ရသည်မှာကြည်နူးဖွယ်ပင်ဖြစ်ပါသည်။ 'ရောင်ခြည် တစ်ထောင် အလင်း ကိုဆောင်သော နေမင်းကြီး ထွက်ပေါ်လာပုံကို မမြင်လိုက် မရှိရလေအောင် ထ၍ ကြည့်ကြကုန်လော့'ဟူသော သိပ္ပံမောင်ဝ၏ နိဗ္ဗာန်ဆော် စကားပြေမှ နှိုးဆော်သံ ကိုလည်း ကြိုတင်ဖတ်ထားပြီးဖြစ်၍ ကြားယောင်လာသည်။

ကျွန်ုပ်သည် အရှေ့ရိုးမတောင်တန်းဆီသို့ စူးစူးစိုက်စိုက် ကြည့်နေမိစဉ် မှာပင် ပတ္တမြားလုံးကြီးကဲ့သို့ နီရဲနေသည့် နေလုံးကြီး ဖြည်းဖြည်းချင်း ပေါ်လာနေ ပါပြီ။ လူငယ်တို့၏ အားမာန်ကို တက်သစ်စနေမင်းနှင့် နှိုင်းပြခဲ့သော မြန်မာစာ ဆရာမ၏အသံကိုလည်း ကြားယောင်လာသည်။ မမကြီးက နေလုံးကြီးကိုကြည့်ပြီး ဥဒေါင်းမင်း ဂါထာရွတ်နေသကဲ့သို့ ကိုကိုကြီးက ဓာတ်ပုံရိုက်နေပါသည်။ နေလုံး ကြီးသည် ကြည့်ရင်းနှင့်ပင် အနီရင့်ရင့်မှ ပန်းနုရောင်ပြောင်းလာသည်။ ထိုမှအဝါ ရောင်၊ ထိုမှအဖြူရောင်၊ ထိုမှစူးရှသောအရောင်များသို့ပြောင်းလာပြီး လင်းထိန်ဖြာဝေ

သွားရာ စူးစူးရှရှဖြစ်လာပြီး မကြည့်နိုင်တော့ သဖြင့် ပတ်ဝန်းကျင်သို့ အမြင်ပြောင်းလိုက်ရသည်။

ကျွန်ုပ်အိပ်ငိုက်နေမိစဉ်မှာပင် လက်ပံတန်းရောက်လာပြီဖြစ်၍ ကားရပ်ပြီး ဆီထမင်းနှင့်ငှက်ကြော်၊ ကြက်ကြော်များစားရသည်မှာ အရသာရှိလွန်းလှပါသည်။ ကားပြန်ထွက်သည်နှင့် ကျွန်ုပ်မအိပ်တော့ပါ။ ပတ်ဝန်းကျင်ကိုကြည့်ရင်း သူငယ်ချင်းများနှင့်တွေ့ပြီး မည်သည့်နေရာများသို့ သွားလည်ကြမည်။ မြစ်ဆိပ်တွင် မြစ်ထဲဆင်း ရေကူးကြမည်။ အရှေ့ဆိပ်သို့သွားပြီး ကျောက်စရစ်ကောက်ရင်း ဓာတ်ပုံရိုက်ရမည် စသည့်အတွေးမျိုးစုံနှင့် ကြည်နူးနေမိသည်။

ပြည်မြို့သို့ရောက်သည်နှင့် ထမင်းဆိုင်မှာနားပြီး နံနက်စာစားကြပါသည်။ မောင်မခေါ်ပဲဟင်းချို၊ ငါးလေးနှင့် ပုဇွန်သေးအိုးကပ်ဟင်း၊ ကုက္ကိုရွက်သုပ်၊ သရက်သီးသုပ် စသည့် အညာဟင်းလေးများကို နှစ်နှစ်ခြိုက်ခြိုက်စားလိုက်ရ၍ ဗိုက်ပြည့်ပြီးကားထွက်သည်နှင့် အိပ်ပျော်သွားရပြန်သည်။ နွားနို့ပေါသည့် 'ပြလို့' ရောက်သည်နှင့် မမကြီးကနှိုးပြီး နွားနို့တိုက်ပြန်သည်။ မလိုင်အိုးများလည်း ဝယ်ခဲ့ကြသည်။ အောင်လံပြီးလျှင် ဆင်ပေါင်ဝဲလမ်းခွဲဘက်ကသွားမည်ဟု ကိုကိုကြီးပြောနေသံကြား၍ မေးကြည့်ရာ အလွန်အံ့သြခဲ့ရသည်။ တောင်တွင်းကြီးသို့မသွားတော့။ ဖြတ်လမ်းဖောက်ထားပြီးဖြစ်၍ မိုင်(၄၀)ခန့် ပိုသက်သာသွားသည်။ အချိန် (၂)နာရီခန့်စော၍ ရောက်မည်ပြောသဖြင့် ပိုပျော်သွားခဲ့သည်။ ဇာတိမြေသို့ မရောက်ခဲ့သည့် (၂)နှစ်ကျော်အချိန်၏ ပြောင်းလဲတိုးတက်မှုကိုလည်း ကျေနပ်သွားရသည်။

ဤသို့ အောင်လံကျော်လာသောအခါ ဆင်ပေါင်ဝဲမြို့ပြင်လမ်းကပတ်ပြီး သစ်ရာကောက်ရွာကြီးသို့ ရောက်သည်။ ထို့နောက် မကွေးနှင့်မိကျောင်းရဲလမ်းခွဲရောက်ရာ ကတ္တရာလမ်းတစ်လျှောက် လမ်းချဲ့ထား သည်ကို တွေ့ရသည်။ လမ်းခွဲမှ (၅)မိုင်ခန့်အလွန်တွင် အနိမ့်၊ အမြင့်နှင့် အကွေ့ခုနစ်ကွေ့သို့ရောက်သည်။ အမြင့်သို့တက်လိုက်သည့်အချိန်တွင် မိကျောင်းရဲစစ်တပ်က တိုက်အိမ်လေးများ အနောက်ဘက်ကမ်းက မလွန်အကြီးစား စက်မှုလုပ်ငန်းအဆောက်အအုံများကို လှမ်းမြင်ရသည်။ ထူးခြားသည်မှာ စစ်တပ်အလွန်တွင် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ကူးပေးထားသည့် ဧရာဝတီမြစ်ကူး တံတားကြီးကိုတွေ့ရခြင်းဖြစ်သည်။

တံတားကြီးကိုတွေ့ပြီးသည်နှင့် ကားပေါ်ရှိ ကျွန်ုပ်တို့အားလုံး ပျော်ရွှင်လာပြီး စေတုပ္ပအကွေ့၏အမြင့်တွင် ကားကိုခေတ္တရပ်ကြသည်။ ဧရာဝတီမြစ်နှင့် တံတား

အလှ၊ အနောက်ရိုးမတောင်တန်းနှင့် အဆောက်အအုံများ၏အလှကို ဓာတ်ပုံရိုက်ယူကြသည်။ ညနေစောင်းမှ တံတားကြီးသို့သွားကြမည်ဟု ကိုကိုကြီးက ပြောရင်းကားကိုဆက်ထွက်ခဲ့ကြသည်။ မွေးရပ်မြေသို့မရောက်ခဲ့သည့် (၂)နှစ်ကြာ ကာလ၏တိုးတက်မှုပါလားဟု ကျွန်ုပ်ကျေနပ်ရပြန်သည်။

ကျွန်ုပ်၏မွေးရပ်မြေသို့ တစ်ခေါက်အပြန်လမ်းတွင် တိုးတက်မှုများကိုသာတွေ့နေရခြင်းသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ အချိန်နှင့်အမျှ ကြိုးစားနေကြခြင်းကြောင့်ဖြစ်မည်။ တစ်ဦးစီက မိမိဘဝ တိုးတက်ရေးကြိုးစားနေပါက အားလုံးတိုးတက်လာမည် ဖြစ်ပေသည်ဟု ကျွန်ုပ်ဉာဏ်မီသမျှ တွေးနေမိသည်။ မိကျောင်းရဲမြို့အဝင်တွင် ရှားတောချောင်းရှိသည်။ ရှားတောတံတားကိုဖြတ်ပြီးမှ မြို့သို့ဝင်သည်။ မြို့အဝင်ညာဘက်တွင် တပ်ရင်း(၈၈)ရှိသည်။ ထို့နောက် ဒီပင်္ကရာဘုရား၊ ထို့နောက်ညာဘက်မှာ အထက်တန်းကျောင်း၊ ဘယ်ဘက်မှာ ဆေးရုံကိုတွေ့ရသည်။

အထက်တန်းကျောင်းကိုတွေ့လိုက်ရသည်နှင့် ကျွန်ုပ်သည်ပြန်မရနိုင်သောငယ်ဘဝကို တမ်းတမိရင်း မျက်ရည်ဝဲရသည်။ ထို့နောက် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ လောကမာရဇိန်ဘုရား၊ ရဲစခန်း၊ တရားရိပ်သာနှင့် ဘုန်းကြီးကျောင်းများလွန်သည်နှင့် ငါးအိမ်ကျော်တွင် ကျွန်ုပ်တို့အိမ်ရှိသည်။ ဖေဖေနှင့်မေမေ ထွက်ရပ်နေသည်ကို လှမ်းမြင်ရပြီ။ ကျွန်ုပ်ငြိမ်ငြိမ် မထိုင်နိုင်။ ထရပ်နေမိသည်။ ကားရပ်လိုက်သည်နှင့် မေမေ့ရင်ခွင်ထဲ အပြေးဝင်ပြီး ဖက်လိုက်ရသည့် နွေးထွေးမှုသည်မည်သည်နှင့်မျှ နှိုင်းယှဉ်၍ မရနိုင်ပါ။ ကျွန်ုပ်ကြိုက်သော ခါသားဟင်းငရုပ်သီးစပ်စပ်၊ မန်ကျည်းရွက်ချဉ်ရည်၊ ငါးသလောက်ဥကြော်၊ ဂုန္ဒန်ထုပ်ကြီး မီးဖုတ်သုပ်ကိုချက်ထားကြောင်း မေမေကပြောပြနေသဖြင့် မေမေ၏ပါးနှစ်ဖက်ကို ကျွန်ုပ်အားရပါးရ ဖက်နမ်းလိုက်ပါသည်။ တူမလေး၏ 'ဖွားဖွား' ဟူသော ခေါ်သံကြားမှကလေးကိုဦးစားပေးရမည်ကို သဘောပေါက်ပြီး ခြံထဲသို့ပြေးဝင်ကာ အားလုံးကိုအော်ဟစ်နှုတ်ဆက် လိုက်ပါသည်။

ငယ်သူငယ်ချင်းများလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသဖြင့် အားလုံးကို လက်ဆွဲခေါ်ပြီး လူကြီးများနှင့်ဝေးရာ အိမ်ပေါ်ထပ် လသာဆောင်မှာ သင်ဖြူးခင်း ထိုင်လိုက်ကြသည်။ ပါလာသည့်မုန့်များ ချကျွေးပြီးတစ်ယောက်အကြောင်း တစ်ယောက်မေးရပြောရသည်။ အထူးသဖြင့် ရန်ကုန်သူကျွန်ုပ်က ရန်ကုန်ကျောင်းသူ ကျောင်းသားများ၏ ကြိုးစားကြပုံ၊ ကျွန်ုပ်အမီလိုက်

နေရပုံတို့ကို အားရပါးရပြောပြရာ သူတို့အားလုံး တက်ကြွလာကြသည်။ ခွေမျိုးများရှိရာ မြို့ကြီးများသို့ ကျောင်းသွားနေမည်ဟု အသီးသီးပြောကြသည်။

ညနေ (၆)နာရီခန့်တွင် သူငယ်ချင်းများနှင့်အတူ ဆရာ၊ ဆရာမများ အိမ်သို့လည်ကန်တော့ကြသည်။ တစ်အိမ်ရောက်တိုင်း ဆုံးမစကားများကို နားထောင်၊ ကျွေးသမျှမုန့်ကိုစား၊ တဟီးဟီးတဟားဟားနှင့် လျှောက်လိုက် ဝင်လိုက်သွားကြပြီး ည ၉နာရီလောက်ရောက်မှ လူစုခွဲခဲ့ကြသည်။ အိမ်ရောက်သည်နှင့် ဖေဖေ၊ မေမေတို့နှင့်အတူ အိပ်မည်ပြောပြီး ကုတင်ပေါ်တက်၍ အိပ်နှင့်လိုက်သည်မှာ ဖေဖေ၊ မေမေတို့ မည်သည့်အချိန်ဝင်အိပ်သည်ကိုပင် မသိလိုက်ပါ။ အိပ်ရာက နံနက်နိုးလာချိန်၌ အိပ်ရာမထကြသေးဘဲ ဖေဖေနှင့် မေမေကို ရန်ကုန်မှာ ကျောင်းတက်ရသည့်အကြောင်း၊ အစွမ်းကုန်ကြိုးစားနေသည့်အကြောင်းများကို အားရပါးရ ပြောပြနေမိသည်။ တူမလေးနိုးလာပြီး ကုတင်ပေါ်တက်လာသဖြင့် နေရာလုပြီး မေ့မေ့ကိုတစ်လဲ၊ ဖေဖေ့ကိုတစ်လဲ လုဖက်ရသည်မှာလည်း ပျော်စရာကောင်းလှသည်။

ကျွန်ုပ်အိပ်ရာထသည်နှင့် သူငယ်ချင်းများနှင့် ဈေးသို့သွားပြီး ထမင်းသုပ်၊ မုန့်ပျားသလက်၊ ရွှေရင်အေးများ စားသောက်ကြသည်။ ထို့နောက် စုမွန်အဖေ၏ ကားနှင့် ဧရာဝတီမြစ်ကူး မလွန်တံတားသို့ သွားကြသည်။ အသွားလမ်း (၃) လမ်း၊ အပြန်လမ်း (၃) လမ်းနှင့် ရန်ကုန်ပြည်လမ်းမကြီးကဲ့သို့ တံတားက ကျယ်ပါ၏။ အောက်မှာ ရထားလမ်းနှင့် လူသွားလမ်းရှိသည်။ တောင်တွင်းကြီးနှင့် သရက်သို့ သွားသောရထားက နေ့စဉ်ရှိသည်ဟု သူငယ်ချင်းများက ပြောပြသည်။ အသွားအပြန် တစ်နေ့ (၂)ကြိမ် ထွက်ပေးနေ၍ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းသွားလာမှု လွယ်ကူနေကြသည်။ လူသွားလမ်း၌လည်း ဆိုင်ကယ်များ အဆက်မပြတ်သွားလာနေသည်ကို တွေ့ရသည်။ ကောင်းသောပြောင်းလဲမှုများကို တွေ့ရ၍ အလွန်ပျော်ရွှင်ပြီး သူငယ်ချင်းတစ်စု ဓာတ်ပုံများရိုက်ကြသည်။

ထိုသို့သူငယ်ချင်းတစ်စု စိတ်လက်ပေါ့ပါးစွာ အော်ဟစ်ပြောဆိုပြေးလွှားဆော့ကစားပြီး နံနက် ၉ နာရီကျော်ခန့်တွင် မိကျောင်းရဲသို့ပြန်လာ၍ ရေချိုးဆိပ်သို့ဆင်းကာ အားပါးတရ ရေကူးကြပါသည်။ ၁ နာရီကြာမျှ ရေကစားနေရာမှ အိမ်က အခေါ်လွှတ်သဖြင့်သာ မြစ်ဆိပ်ကတက်ခဲ့ရသည်။ ရေဆော့၍ မဝကြသေးပါ။ ရေချိုးဆိပ်နှင့် ဈေးဆိပ်အတူတူဖြစ်၍ ဆူညံရေဆော့နေသော ကျွန်ုပ်တို့ကို လူအများဝိုင်းကြည့်နေကြသဖြင့် အပျိုပေါက်အရွယ်လေးများဖြစ်နေသော ကျွန်ုပ်တို့ကို မိဘ

များက ခေါ်နိုင်းခြင်း ဖြစ်ပါသည်။ ထိုအခါမှ ထိန်းရသိမ်းရမည့်အရွယ်ရောက်နေပြီဖြစ်ကြောင်း ကျွန်ုပ်တို့အသိဝင်လာရပါသည်။

နောက်တစ်နေ့တွင် အိမ်ကအလှူရှိသဖြင့် ဘုန်းကြီးကျောင်းတွင် လှူဒါန်းရနေကြရသည်။ ညနေဘက်တွင် ကျောက်စရစ်တုံးလေးများ ကျောက်ကမ်းပါးယံကြီးများနှင့် အလွန်လှသည့်အရှေ့ဆိပ်သို့ သွားကြပါသည်။ ထိုနေရာသည် ရေနက်တွင်းများ၊ ရေဝဲများရှိသည့်နေရာဟု သိထားကြပြီး မည်သူမျှ ရေမချိုးကြပါ။ ကျွန်စစ်သားဓါး၏ရဲမက်များ ရေနစ်ကြသည့်နေရာဟု မိကျောင်းရဲ မြို့သူမြို့သားများက မှတ်ယူထားကြပါသည်။ အနောက်ရိုးမတောင်တန်းနေဝင်ချိန်၌ မြစ်ကမ်းစပ်ဆင်းပြီး ဓာတ်ပုံရိုက်ရသည်ကို မရိုးနိုင်ကြပါ။ ဧည့်သည်များလာတိုင်းလည်း ဤနေရာတွင် ဓာတ်ပုံရိုက်ကြပါသည်။ ဤနေရာ၏အလှသည် မြဝတီဓာတ်ပုံပြိုင်ပွဲ ပထမဆုပင် ရခဲ့ဖူးသည့် ရှုခင်းအလှရှိရာ ဆိပ်ကမ်းဖြစ်ပါသည်။

ထိုနေ့က နေလုံးပျောက်မှ အိမ်သို့ပြန်ခဲ့ကြသည်။ နောက်နေ့ အရုဏ်တက်ချိန်၌မှ မေမေ၊ မမကြီးတို့နှင့်အတူ မြို့ပေါ်ရှိစေတီများသို့သွားပြီး အရုဏ်ဆွမ်းကပ်ရသည်။ ဘုန်းကြီးကျောင်းတိုင်းသို့သွားပြီး သင်္ကန်းကပ်ကြသည်။ တစ်နေကုန်မိသားစုနှင့်သာ အတူနေဖြစ်သည်။ ညနေ ၃နာရီလောက်တွင် သူငယ်ချင်းအားလုံးရောက်လာကြ၍ စုမွန်တို့ခြံထဲမှာ သွားထိုင်ကြသည်။ စုမွန်မေမေလုပ်ကျွေးသောမုန့်မျိုးစုံကိုစားရင်း အေးအေးဆေးဆေး စကားပြောဖြစ်ကြသည်။ မနက်ဖြန်တွင်ခွဲရတော့မည်ဖြစ်၍ တက္ကသိုလ်တွင်ပြန်ဆုံနိုင်ရန် တက္ကသိုလ်ဝင်တန်းတွင် အစွမ်းကုန်ကြိုးစားကြရန် တိုင်ပင်ကြသည်။ မကွေးမှာ သွားနေချင်သူ၊ မင်းလှမှာ သွားနေချင်သူ၊ ဘော်ဒါသွားနေချင်သူ တစ်ယောက်တစ်မျိုးကို ရန်ကုန်သူ ကျွန်ုပ်က ဆရာလုပ်၍ မိဘနှင့်တိုင်ပင်ပြီး ဆုံးဖြတ်ကြရန် အကြံဉာဏ်ပေးခဲ့သည်။ မြို့သူမြို့သားများ၏ ကြိုးစားမှုကို အတုယူဖွယ် ပြောပြ၍ အားမာန်ပေးခဲ့သည်။

ကျွန်ုပ်တို့သူငယ်ချင်းတစ်စု လူစုခွဲချိန်၌ တစ်ယောက်စီကိုဖက်ရင်း မျက်ရည်ဝဲခဲ့ရသည်။ တက္ကသိုလ်ဝင်တန်း အမှတ်ကောင်းရန် (၆)ဘာသာ ဂုဏ်ထူးရရန်အစွမ်းကုန်ကြိုးစားကြမည်။ ကြိုးစားမှုသည် ကိုယ့်အလုပ်၊ အောင်မြင်မှုသည်ဆုလာဘ်ဖြစ်ရမည်ဟု မှတ်စုစာအုပ်ကလေးများပေါ်မှာ ရေးပေးပြီး လက်ဆောင်ပေးခဲ့သည်။ စာမေးပွဲဖြေအပြီး ဧွေရာသီမှာပြန်ဆုံရန် ကတိပေးခဲ့သည်။

နောက်တစ်နေ့နံနက် ၄နာရီတွင် ရန်ကုန်သို့ပြန်ရတော့မည်။ ဖေဖေနှင့်မေမေကို

ကန်တော့စဉ်၌ ကျွန်ုပ် စိတ်မထိန်းနိုင်တော့ပါ။ မေ့မေ့ပေါင်ပေါ် ခေါင်းချ၍ ရှိုက်ကြီးတငင် ငိုမိပါသည်။ ဖေဖေက တည်တည်ငြိမ်ငြိမ် ဆုပေးသော်လည်း မေမေ၏ဆုပေးသံများက တုန်နေပြီး မျက်ရည်များစီးကျနေသည်။ ရန်ကုန်သို့ (၂) လ တစ်ခါလာမည်ဟု ကတိပေးစကားများပြောပြီး ကျွန်ုပ်ကိုကားပေါ်ထိ လိုက်ပို့ပေးကြသည်။ အလာတုန်းကကဲ့သို့ပင် ကျွန်ုပ်နှင့် တူမလေးသည် အိပ်၍လိုက်ကြပါသည်။ မမကြီးနှီးလျှင် ထသည်။ ကျွေးလျှင်စားသည်။ စက်ရုပ်တစ်ရုပ်ကဲ့သို့ ပြန်လည်လှုပ်ရှားရဦးမည့်ဘဝကို တွေးပြီး မွန်းကျပ်နေမိသည်။

သို့သော် မွေးရပ်မြေသို့ တစ်ခေါက်ထဲပြန်ခဲ့ရာမှ ကိုယ့်ကိုယ်ကို ရင့်ကျက်လာသကဲ့သို့ ကျွန်ုပ် ခံစားလာရသည်။ ဘဝဟူသည် ရုန်းကန်လှုပ်ရှားခြင်းပင်ဖြစ်သည်။ နယ်ကလူများက မြို့တက်လာပြီး ကြိုးစားကြသည်။ မိဘက ပံ့ပိုးပေးသည်။ သားသမီးများက ကြိုးစားကြသည်။ ရန်ကုန်သူ (၂) နှစ် လုပ်ပြီးချိန်၌ မမကြီးတို့ မိသားစု အချိန်နှင့်အမျှ အလုပ်လုပ်နေပုံ၊ ပတ်ဝန်းကျင်လူငယ်အားလုံး ကြိုးစားနေကြပုံတို့ကိုကြည့်ပြီး ကျွန်ုပ်တက် ကြွလာရသည်။ ပတ်ဝန်းကျင်ကြောင့် အရောင်ပြောင်းခဲ့ရသည်။ ဤခေတ်ကြီးကား မသိသူကျော်သွား သိသူဖော်စားသော ခေတ်ဖြစ်၏။ သိသူဖြစ်ရန် အချိန်၏တန်ဖိုးကို နားလည်ရပေမည်။ မိမိဇာတိမြေ၊ မိမိဇာတိနိုင်ငံတိုးတက်ရေးအတွက် တစ်ဦးချင်းစီကကြိုးစားပြီး လူတော်လူကောင်းများဖြစ်နေကြလျှင် မြန်မာနိုင်ငံသည် ကမ္ဘာနှင့်ရင်ပေါင်တန်းလိုက်နိုင်သော နိုင်ငံကြီးဖြစ်လာမည်မှာ မုချကေန်ပင်ဖြစ်ပါတော့သည်။ ထို့ကြောင့် ကျွန်ုပ် အစွမ်းကုန်ကြိုးစားတော့မည်ဟု သန္နိဋ္ဌာန်ချလိုက်ပါတော့သည်။ ။

သုတရတနာဘဏ်တိုက်များ

- ❑ သုတရတနာဘဏ်တိုက်ဟူသည်။
- ❑ စာဖတ်ရန်လိုအပ်ပုံ။
- ❑ စာကြည့်တိုက်၏ ရည်ရွယ်ချက်။
- ❑ စာကြည့်တိုက်အမျိုးမျိုးရှိပုံ။
- ❑ စာကြည့်တိုက်၏တန်ဖိုး။
- ❑ စာဖတ်သူကို ဝန်ဆောင်မှုပေးပုံ။

## သုတရတနာဘဏ်တိုက်များ

'သုတ' ဟူသည့် အကြားအမြင်များခြင်း၊ 'ရတနာ' ဟူသည် နှစ်သက်မြတ်နိုးဖွယ်အရာ၊ 'ဘဏ် တိုက်' ဟူသည် အဖိုးတန်ရတနာများသိမ်းဆည်းထားရာ အဆောက်အအုံဖြစ်သည်။ ထို့ကြောင့် အကြားအမြင် ဗဟုသုတရရှိဖွယ်ရာ၊ တန်ဖိုးထားအပ်သော အသိတရားများ စုစည်းတည်ရှိရာနေရာသည် သုတ ရတနာဘဏ်တိုက်တစ်နည်းအားဖြင့် စာကြည့်တိုက်ပင် ဖြစ်သည်။

စာဟူသည် လူ့သမိုင်းအဖြစ်အပျက်များ တီထွင်မှုများကို အက္ခရာဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ပြည်သူ့နီတိများ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးများ၊ အပ်တစ်ချောင်းမှစ၍ ဒုံးပျံကြီးအထိ တီထွင်ခဲ့ပုံများ၊ မြို့ရွာအကြောင်းမှသည် ကမ္ဘာကြီးတစ်ခုလုံးအကြောင်းထိ စာပေတွင် မှတ်တမ်းတင်ထားပါသည်။ စာပေတွင်လည်း သုတစာပေနှင့် ရသစာပေဟူ၍ နှစ်မျိုး ရှိသည်။ လူတိုင်းသည် အသိပညာ၊ အတတ်ပညာဗဟုသုတကိုပေးသော သုတစာပေနှင့်ချစ်ခင်ခြင်း၊ သနားခြင်း၊ ပျော်ရွှင် ခြင်းစသည့် ခံစားမှုကိုပေးသော ရသစာပေနှစ်မျိုးလုံးကို ဖတ်မှ ဘဝတိုးတက်မှုကို ရမည်ဖြစ်သည်။

ဆရာကြီးဗိုမှိုးနင်းက 'စိတ်ကို အသိဉာဏ်က အုပ်စိုး၏၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၍ ဗဟုသုတကို စာပေက အုပ်စိုး၏' ဟု ရေးသားခဲ့ပါသည်။ အသိဉာဏ်ရင့်သန်ရန် စာဖတ်ရမည်ဟုဆိုလိုခြင်းဖြစ်ပါသည်။ စာဖတ်ရာ၌လည်း အသက်အရွယ်အလျောက် ဖတ်သင့်သောစာများရွေးချယ်ရန် အရေးကြီးလှပါသည်။ စာရိတ္တကို ဖြူစင်မွန်မြတ်စေသည့် ပြည်သူ့နီတိစာပေများ ဓာတ်နိပါတ်တော်များ၊

သူရဲကောင်းပုံပြင်များ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိများ၊ မဂ္ဂဇင်းများ၊ သတင်းစာများသည် လေ့လာသင့်သော စာအမျိုးအစားများပင်ဖြစ်သည်။

တစ်ဦးတစ်ယောက်ချင်း၏ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုကို စာဖတ်ခြင်းဖြင့် လေ့ကျင့်ယူနိုင်ပါသည်။ စာအုပ်များသည် ခေတ်အဆက်ဆက်မှ နေရာဒေသအသီးသီးမှ လူအမျိုးမျိုး အကြောင်းအရာ အမျိုးမျိုး၏ မှတ်တမ်းများပင် ဖြစ်သည်။ စာဖတ်ခြင်းဖြင့် သမိုင်းကိုသိနိုင်သည်။ သမိုင်းကိုသိခြင်းဖြင့် ကောင်းမွန်လှပသော အနာဂတ်ကို ဖန်တီးနိုင်မည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို နားလည်မှု တန်ဖိုးထားတတ်မည်ဖြစ်သည်။ တန်ဖိုးထားပါမှလည်း ယင်းတို့ကို ကာကွယ် စောင့်ရှောက်ထိန်းသိမ်းကြမည် ဖြစ်သည်။ ထို့ကြောင့် လူတိုင်းအတွက် စာဖတ်ခြင်းသည် အရေးကြီးလှပါသည်။

မျက်မှောက်ကာလ (၂၁) ရာစုပညာခေတ်တွင် ကျောင်းတွင်းပညာရေးသာမက ကျောင်းပြင်ပညာကို အလေးထား သင်ယူနေကြရသည်။ ထို့ကြောင့် စာကြည့်တိုက်များသည် အရေးပါလာ၏။ ကမ္ဘာပေါ်တွင် လွန်ခဲ့သည့်နှစ်ပေါင်း (၄၅၀၀)ခန့်ကပင် ဘေဘီလုံးနီးယားနိုင်ငံ၌ ပထမဆုံး စာကြည့်တိုက်ပေါ်ပေါက်ခဲ့သည်။ မြန်မာနိုင်ငံတွင်မူ အနော်ရထာမင်းလက်ထက်က ပေါ်ပေါက်ခဲ့သော အနော်ရထာမင်း ပိဋကတ်တိုက်သည် အစောဆုံးဖြစ်၏။ ဘိုးတော်ဘုရားခေါ် ဗဒုံမင်း၏ ပိဋကတ်တိုက်၊ မင်းတုန်းမင်း၏ ပိဋကတ်တိုက်၊ စလေဦးပုည၏ ရတနာဃရပိဋကတ်တိုက်တို့သည် သမိုင်း၌ ထင်ရှားသော စာကြည့်တိုက်များပင်ဖြစ်သည်။

စာကြည့်တိုက်များဖွင့်ကြသည့် ရည်ရွယ်ချက်မှာ စာပေဝါသနာရှင်များအတွက် စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုနိုင်စေရန် ခေတ်အစဉ်လိုက် ထင်ရှားခဲ့သော ဂန္ထဝင်စာအုပ်များ၊ ခေတ်ဟောင်းခေတ်သစ် သတင်းစာများ၊ သမိုင်းအစဉ်အဆက် ဂျာနယ်များ၊ လက်ရေးမူ ပေစာ၊ ပုရပိုက်စာများကို ထိန်းသိမ်းထားရှိရန် ဖြစ်သည်။ စာကြည့်တိုက်တည်းဟူသော သုတရတနာ ဘဏ်တိုက်များက ပြည်သူပြည်သားများ အသိပညာဖွံ့ဖြိုးရန် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ရန် စိတ်ဓာတ်ရင့်ကျက်ရန်၊ ဝေဖန်ပိုင်းခြားနိုင်စွမ်း မြင့်မားစေရန်၊ နိုင်ငံတော်အတွက် သားကောင်း သမီးကောင်းများ ပေါ်ထွန်းလာနိုင်စေရန် အထောက်အပံ့ပေးနေပါသည်။

ကမ္ဘာပေါ်တွင် နိုင်ငံတော်စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ တက္ကသိုလ် စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ကလေးစာကြည့်တိုက်၊

နယ်လှည့်စာကြည့်တိုက်၊ အီလက်ထရွန်း နစ်စာကြည့်တိုက်ဟူ၍ စာကြည့်တိုက် အမျိုးမျိုးရှိသည်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၌မူ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်ကောလိပ်နှင့် ကျောင်းစာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ အထူးစာကြည့်တိုက်များ၊ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ နယ်လှည့်စာကြည့်တိုက်များကို တွေ့ရပေမည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် ကျေးလက်စာကြည့်တိုက်ပေါင်း ခြောက်သောင်းကျော်ရှိလာခြင်းသည် မြန်မာလူမျိုးတို့၏ ဉာဏ်အလင်းပွင့်လင်းလာမှု ပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်၌ ကျေးလက်စာကြည့်တိုက်တည်ထောင်နိုင်ခြင်းတွင် မြန်မာနိုင်ငံက ပထမဆုံးနိုင်ငံဟု အသိအမှတ်ပြုထားကြပါသည်။ ထို့ကြောင့် အမှောင်ခွင်း၍ အလင်းဆောင်နိုင်ရန် စာကြည့်တိုက်များက အလင်း အားပေးနေပြီဖြစ်သည်။

လူသားတိုင်းသည် ရုပ်ခန္ဓာအတွက် အစာအာဟာရကောင်းကို မှီဝဲရ၏။ စိတ်အသိဉာဏ်အတွက် စာပေအာဟာရကောင်းကို မှီဝဲရပါသည်။ အစာတော်လျှင် တစ်ခဏသာဖြစ်ပြီး စာငတ်လျှင်မူ တစ်ဘဝလုံး ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် အင်းဝခေတ်စာဆိုကျော် ရှင်မဟာရဋ္ဌသာရက-

**"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို**
**ရှာ၍မပြတ် အိမ်တွင်ဖတ်**
**ဖတ်ပြန်သော်ကား ဖတ်ဖန်များက**
**သားမယားပင် သိမြင်ကွင်းကွာ**
**မလိမ္မာလည်း စာပေစကား**
**နေ့တိုင်းကြားက ထူးခြားလိမ္မာ**
**ရှိသည်သာတည်း....**" ဟူ၍ စာဖတ်ရန် တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ 'အလိမ္မာစာမှာရှိ' 'စာအုပ်စာပေ လူ့မိတ်ဆွေ' ဟူ၍ မြန်မာ့လူမှုရေး ပတ်ဝန်းကျင်တွင် ပြောဆိုဆုံးမလေ့ရှိပါသည်။

စာဖတ်ခြင်းသည် အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်ပါသည်။ ဘဝ၏ ရင့်ကျက်တည်ငြိမ်မှုကို ဖြစ်စေသည်။ စာရေးဆရာကြီးဓေယျက 'စာပေ'တွင် မကောင်းသောစာပေ၊ မလေ့လာအပ်သော စာပေဟူ၍မရှိပါ။ ထိုစာပေမှရအပ်သော ဗဟုသုတကိုသာ သုံးအပ်သည်။ မသုံးအပ်သည်၊ ဆောင်သင့်သည်၊ ရှောင်သင့်သည်

ချင့်ချိန်ဝေဖန်ခြင်းသာလျှင် အရေးကြီးသည်ကို မှတ်အပ်သည်' ဟု မိန့်ဆိုခဲ့ပါသည်။ ထို့ကြောင့် စာဖတ်မှသာ မိမိအတွက်၊ ပတ်ဝန်းကျင်အတွက် နိုင်ငံအတွက် အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နိုင်မည်သာဖြစ်သည်။ ထိုသို့ စာဖတ်နိုင်ရန် သုတရတနာ ဘဏ်တိုက်များကို အားကိုးကြရသည်။

စာကြည့်တိုက်ဆိုသည်မှာ ယဉ်ကျေးမှု၏မှတ်တိုင်၊ တိုးတက်မှု၏ပြယုဂ်ပင် ဖြစ်၏။ မြန်မာနိုင်ငံတစ်ဝန်း ကျောင်းအလိုက်၊ ကျေးရွာအလိုက် စာကြည့်တိုက်များစွာ ရှိနေပြီဖြစ်၍ စာအုပ်မျိုးစုံကိုလည်း ငှားရမ်း ဖတ်ရှုနိုင်ကြပြီဖြစ်သည်။ စာကြည့် တိုက်ထဲတွင် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်သူသည် လူမှုရေးဆိုင်ရာ အတွေး အခေါ်ဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ၊ ဆေးသိပ္ပံဆိုင်ရာ၊ အင်ဂျင်နီယာအတတ်ပညာဆိုင်ရာ၊ အတ္တုပ္ပတ္တိဆိုင်ရာ၊ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း ဖြစ်စဉ်တို့နှင့် ပတ်သက်ပြီး အသိပညာ၊ ဗဟုသုတအမြောက်အမြားကိုရစေပါသည်။ ထို့ကြောင့် စာကြည့်တိုက်များသည် ဘဝတစ်သက်လုံး သုံး၍မကုန်နိုင်သော သုတ ရတနာ ဘဏ်တိုက်များပင်ဖြစ်ပါသည်။

စာကြည့်တိုက်သည် သူ့ထံလာရောက် ပညာရှာသူများကို အကျင့်စာရိတ္တ မြင့်မား တိုးတက်အောင် ဆောင်ရွက်ပေး၏။ မိမိနှင့်ဆိုင်သည့် ပညာရပ်နယ်ပယ်တွင် ထူးချွန်သူဖြစ်အောင်ပံ့ပိုးပေး၏။ နိုင်ငံတော်အတွက်အဘက်ဘက်က အရည်အချင်း ပြည့်စုံသော ပြည်သူ့ဝန်ထမ်းကောင်းများ၊ ဆရာဝန်များ အင်ဂျင်နီယာများ၊ စစ်ဗိုလ် ကြီးများ၊ လူချွန်လူကောင်းများ၊ နိုင်ငံ့ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်ဆောင်ရွက် ပေး၏။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လျက် ဆုံးဖြတ်ချက်မှန်သူများ ဖြစ်စေရန် လမ်းညွှန်ပေး၏။ ထို့ကြောင့် အားကိုးထိုက်သော ရတနာသိုက်ပင် ဖြစ်ပါတော့သည်။

စာကြည့်တိုက်ဟူသည် လိုချင်သော အကြောင်းအရာအချက်အလက် ရရှိနိုင် သော နေရာ၊ စိတ်အပန်းဖြေနိုင်သော နေရာဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ စာကြည့်တိုက်အမျိုးအစားအလိုက် သဘောသဘာဝခြားနားမှုရှိသော်လည်း အခြေခံ ရည်ရွယ်ချက်မှာ စာဖတ်သူကို ထိရောက်သောဝန်ဆောင်မှုပေးနေခြင်းပင်ဖြစ်သည်။

ကလေးစာကြည့်တိုက်များသည် ကလေးများအား ငယ်စဉ်ကတည်းက စာကြည့်တိုက်နှင့် ရင်းနှီးအောင်၊ စာဖတ်အလေ့အကျင့်ရရှိအောင် ပျိုးထောင်ပေးခြင်း ပင်ဖြစ်သည်။ ကလေးစာကြည့်တိုက်တွင် ကလေးများစိတ်ဝင်စားသည့် ကလေး ဂျာနယ်များ၊ ပုံပြင်၊ ကာတွန်း၊ ဉာဏ်စမ်းပဟေဠိ၊ သင်ကြားရေးအထောက်အကူပြု

စာအုပ်များထားရှိပေသည်။ ကလေးများ လွတ်လပ်ပျော်ရွှင်စွာ စာဖတ်နိုင်အောင် စီစဉ်ထားပေးသည်။ ကလေးများကို ငယ်စဉ်မှပင် စာကြည့်တိုက်နှင့် ရင်းနှီးစေခြင်း၊ စာဖတ်အလေ့အကျင့် ပျိုးထောင်ထားပေးခြင်းဖြင့် ယင်းကလေးများ ကြီးပြင်းလာသောအခါ စာဖတ်ဝါသနာစွဲမြဲ နေမည်ဖြစ်သည်။ ရန်ကုန်မြို့၌ လူစည်ကားသော တော်ဝင်စင်တာ၊ စိန်ဂေဟာတို့တွင် ကလေးများ လွတ်လပ်ပျော်ရွှင်စွာ ဖတ်ရှုနိုင်ရန် ကလေးကြိုက်ကာတွန်းပုံပြင်စာအုပ်များ လွယ်ကူစွာလေ့လာနိုင်သည့် အင်္ဂလိပ်ပုံပြင် စာအုပ်များ၊ ပုံဆွဲစာအုပ်များနှင့် ပြင်ဆင်ထားပေးသော ကလေးစာကြည့်တိုက်များ သည် အလွန်ကောင်းသော သုတရစာနာ ဘဏ်တိုက်ကလေးများပင် ဖြစ်ပါတော့သည်။

တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များသည် တက္ကသိုလ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများနှင့် သုတေသီပညာရှင်များအတွက် ရည်ရွယ်လျက် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ မိမိတို့နှင့် ဆက်စပ်သောဘာသာရပ်များကို ကျယ်ကျယ် ပြန့်ပြန့်လေ့လာနိုင်စေမည့် စာအုပ်စာတမ်းများ၊ လူငယ်လူရွယ်များ အတွေးအခေါ် အယူအဆနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေမည့် စာအုပ်စာတမ်းများ၊ သုတေသီ ပညာရှင်များ ရည်ညွှန်းကိုးကားနိုင်မည့် စာအုပ်စာတမ်းများကို အဓိကထား စုဆောင်းပေးထားပါသည်။

ပြည်သူ့စာကြည့်တိုက်သည် ပြည်သူများဗဟုသုတရရှိစေမည့်၊ အသိပညာ တိုးတက်မြင့်မားစေမည့် စာအုပ်စာတမ်း အမျိုးအစားစုံလင်စွာ စုဆောင်းထား ပေးပါသည်။

အမျိုးသားစာကြည့်တိုက်သည် အခြားစာကြည့်တိုက်များနှင့် ကွဲပြားချက်မှာ နိုင်ငံအတွင်း ထုတ်ဝေသမျှ စာအုပ်စာတမ်းအားလုံး စုံလင်အောင်စုဆောင်းခြင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာမှ ရေးသား ထုတ်ဝေသော စာအုပ်စာတမ်းများကိုလည်း စုဆောင်းထားရှိခြင်းဖြစ်သည်။ အခြား စာကြည့်တိုက်များတွင် မရနိုင်သော စာအုပ်စာတမ်းများ၊ ခေတ်အဆက်ဆက်က ထုတ်ဝေခဲ့သော မြန်မာ့သမိုင်း၊ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာအုပ် စာတမ်းများ စသည်တို့ကို မည်သူမဆို လွတ်လပ်စွာဖတ်ရှုနိုင်ပါသည်။ ယခုခေတ် စာကြည့်တိုက်များသည် စာအုပ်များ၊ မှတ်တမ်းများ၊ သတင်းအချက်များ၊ အသံဖိုင် များ၊ ဗီဒီယို၊ ဒီဗွီဒီများဖြင့် သမိုင်းမှတ်တမ်းများကိုထားရှိရာ စာဖတ်သူများ

အသိပညာ၊ အတတ်ပညာ၊ လေ့လာရန်ဘဏ်တိုက်များဖြစ်လာပါသည်။ အင်တာနက်စာကြည့်တိုက်၊ ဒီဂျစ်တယ် စာကြည့်တိုက်များလည်း ပေါ်ပေါက်လာနေပြီဖြစ်သည်။

မျက်မှောက်ကာလတွင် စာပေပွဲတော်များဖြစ်သည့် နယုန်လစာပြန်ပွဲ၊ နတ်တော်လ စာဆိုတော်ပွဲနေ့များတွင် စာကြည့်တိုက် ပရိမိုးရှင်းသဘောများလည်း လုပ်ဆောင်ပေးလာကြသည်။ နိုင်ငံတကာစာအုပ်များနေ့ မတ်လ (၁၄)ရက်၊ နိုင်ငံတကာကလေးများ စာပေနေ့ ဧပြီ (၂)ရက်၊ နိုင်ငံတကာစာကြည့်တိုက်မှူးများနေ့ဧပြီ (၁၃) ရက်၊ နိုင်ငံတကာ မိခင်ဘာသာစကားနေ့ မေ (၃) ရက်၊ နိုင်ငံတကာပြတိုက်နေ့ မေ (၁၈)ရက်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ စက်တင်ဘာ (၈) ရက်၊ နိုင်ငံတကာ အင်တာနက်နေ့ အောက်တိုဘာ (၂၉)ရက် စသည့်စာဖတ်သူများနှင့် သက်ဆိုင်သည့်နေ့များတွင် အမှတ်တရဆိုင်းဘုတ်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးများ၊ စာဖတ်ပွဲတော်များ၊ ဟောပြောပွဲများ ကျင်းပပေးခြင်းအားဖြင့် စာကြည့်တိုက်ဝန်းကျင်ရှိ ပြည်သူများကို စာဖတ်ချင်စိတ်များ တိုးတက်လာအောင် ဆွဲဆောင်ပေးနေပြီဖြစ်သည်။

စာကြည့်တိုက်တွင် သုတေသီများအတွက်လိုအပ်သော ရည်ညွှန်း အထောက်အထားများ ရရှိနိုင်သကဲ့သို့ လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ရဟန်းသံဃာများ လေ့လာဖတ်ရှုလိုသော စာအုပ်စာတမ်းများအားလုံးကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်စာကြည့်တိုက်များ၊ နယ်လှည့်စာကြည့်တိုက်များသည် ပြည်သူအများ စာကြည့်တိုက်ကို အသုံးပြုလိုစိတ်ရှိလာရန်၊ စာဖတ်ချင်လာရန်၊ စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်နေကြပြီဖြစ်သည်။ ထို့ကြောင့် ပြည်သူအသီးသီးသည် သုတရတနာ ဘဏ်တိုက်များ၏ တန်ဖိုးကို နားလည်လျက် တန်ဖိုးထားသုံးစွဲခြင်းအားဖြင့် မြန်မာနိုင်ငံသည် စိတ်ဓာတ်ရင့်ကျက်သူတို့နေထိုင်ရာ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာမည်မှာ မလွဲကေန်ပင် ဖြစ်ပါတော့သည်။ ။

မြန်မာ့ရိုးရာပွဲတော်တစ်ခု

- မြန်မာ့ရိုးရာပွဲတော်များရှိပုံ။
- သင်္ကြန်ပွဲ၏ထူးခြားမှု။
- သင်္ကြန်နှင့်ပတ်သက်သော အယူအဆများ။
- ခေတ်အဆက်ဆက်ဆင်နွှဲကြပုံ။
- မျက်မှောက်ခေတ်ကာလသင်္ကြန်ပွဲကြိုတင်ပြင်ဆင်မှု။
- သင်္ကြန်တွင်းပျော်ရွှင်မှု။
- ကိုယ်တိုင်ပါဝင်ဆင်နွှဲပုံ။
- ကုသိုလ်ယူပုံ။
- မိမိအမြင်။

## မြန်မာ့ရိုးရာပွဲတော်တစ်ခု

ဗုဒ္ဓဘာသာမြန်မာယဉ်ကျေးမှုအောက်တွင် ကြီးပြင်းလာသော မြန်မာတို့သည် အစဉ်အလာယဉ်ကျေးမှုအရ ဘာသာယဉ်ကျေးမှုနှင့် ဆက်နွယ်နေသော ရိုးရာပွဲတော်များ ကျင်းပလေ့ရှိကြသည်။ မြန်မာ့ပြက္ခဒိန် နှစ်အရ (၁၂)လရှိရာ လစဉ်လတိုင်းပင် အလှူဒါနများကို အခါအားလျော်စွာ ပြုလုပ်တတ်ကြသည်။ မြန်မာတို့သည် သဒ္ဓါတရားထက်သန်သော လူမျိုးများဖြစ်သည့်အလျောက် အလှူရေစက်လက်နှင့်မကွာ ရက်ရောစွာ ပေးကမ်းလှူဒါန်းတတ်ကြသည်။

ထိုသို့မြန်မာလူမျိုးတို့ အချိန်အခါအလိုက် အမြတ်တနိုးကျင်းပလေ့ရှိသော ရိုးရာပွဲတော်များမှ ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ဓလေ့ကို ဖော်ကျူးပေးသကဲ့သို့ပင် ရှိသည်။ မြန်မာ့ရိုးရာပွဲတော်အစဉ်အလာကို လက်ဝဲသုန္ဒရအမတ်ကြီးက သာဓိနဖွဲ့တွင် အောက်ပါအတိုင်း ရေးခဲ့ဖူးပါသည်။

"သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ
စာပလွှေခင်း၊ ပဥ္စင်းတော်ခံ
စာရေးတံနှင့် မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန် ကထိန်နတ်ကျင်း
မြက်ခင်းထွက်ဝင် သဘင်မီးပုံး
ဝါလုံးသဲပုံ စေ့စုံစီလျှဉ်
ဤသို့ယှဉ်သား လစဉ်ပြမြဲ

**ဆယ်နှစ်ပွဲတည့်....**" ဟူ၍ ဘာသာယဉ်ကျေးမှုက မြန်မာလူ့အဖွဲ့အစည်းကို သိမ်မွေ့ယဉ်ကျေးသော လူမျိုးအဖြစ် ရောက်စေသဖြင့် ယဉ်ကျေးမှုကို အစဉ်ထိန်းရန် နှိုးဆော်ပေးသကဲ့သို့ ရှိသည်။

ထိုသို့သော ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ခူးလတွင်ကျင်းပသည့် ရိုးရာသင်္ကြန်ရေသဘင်ပွဲတော်သည် အလွန်ထူးခြားခမ်းနားပြီး ပျော်ရွှင်ဖွယ်လည်း ကောင်းလှပါသည်။ သင်္ကြန်ဟူသော ဝေါဟာရသည် "**သင်္ကြန္တ**" ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာစကားဖြစ်သည်။ အချို့ပညာရှင်များက 'သင်္ကန္တ' ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသည်ဟုလည်း ယူဆကြသည်။ မည်သို့ပင်ဖြစ်စေ 'သင်္ကြန်' ဟူသော ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဖြစ်သည်။ သင်္ကြန်ကျသည်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။ ထိုသို့ကူးပြောင်းချိန်တွင် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်သို့ပါမသွားစေရန် ရေသဘင်ပွဲဆင်နွှဲကြခြင်းဖြစ်သည်။

အခြားအယူအဆတစ်ခုမှာ ကမ္ဘာဦးကာလတွင် ကဝိလမိုင်းခေါ်သော ဗေဒင်ပညာရှင်တစ်ဦး ရှိခဲ့သည်။ သိကြားမင်းနှင့် အာသီအမည်ရှိသော ဗြဟ္မာမင်းတို့သည် ဗေဒင်ဆိုင်ရာ ပြဿနာတစ်ရပ်နှင့်ပတ်သက်၍ အငြင်းပွားခဲ့ကြသည်။ ဗေဒင်ပညာရှင် ကဝိလမိုင်းဆရာကြီးထံ အဆုံးအဖြတ်ခံယူရန် သဘောတူကြသည်။ သဘောတူညီချက်တွင် နိုင်သူကရှုံးသူ၏ ဦးခေါင်းကိုဖြတ်ရန် ကတိပြုကြသည်။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးသည်။ သိကြားမင်းက ဗြဟ္မာမင်း၏ဦးခေါင်းကို မဖြတ်လိုသော်လည်း ပြုခဲ့သည့် ကတိအတိုင်း ဗြဟ္မာမင်းသည် အဓိဋ္ဌာန်ဖြင့် မိမိဦးခေါင်းကိုပြတ်စေခဲ့သည်။

ပြတ်သွားသော ဗြဟ္မာဦးခေါင်းကို ပင်လယ်သမုဒ္ဒရာအတွင်းသို့ ပစ်ချပါက ရေများ ခန်းခြောက်သွားမည်။ မြေပြင်ပေါ်သို့ ပစ်ချပါကလည်း မီးဟုန်းဟုန်း တောက်လောင်မည်ဖြစ်သည်။ သို့အတွက် သိကြားမင်းသည် နတ်သမီး ခုနစ်ဖော်အား အလှည့်ကျပွေ့ချီထားစေသည်။ နတ်သမီးတစ်ဦးလက်မှ တစ်ဦးသို့ ပွေ့ချီပြောင်းရွှေ့ပေးသောကာလသည် လူတို့အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သော အချိန်နှင့်ညီမျှသည်။ ထိုသို့ လွှဲပြောင်းပေးခြင်းကို သင်္ကရာဇ် ဦးခေါင်းပြောင်းသည်ဟုခေါ်ကာ အတာသင်္ကြန်ပွဲများ ကျင်းပခြင်းဖြစ်သည်ဟု ယူဆခြင်းလည်းရှိသည်။

သကျသာကီဝင်မင်းတို့သည် ကပိလဝတ်ပြည်တွင် နေထိုင်ကြစဉ်ကပင် ရေပက်ဖျန်း ရေကစားလေ့ ရှိကြသည်။ မြန်မာနိုင်ငံရောက် သာကီဝင်မျိုးနွယ်တို့သည်လည်း ရေပက်ဖျန်းကစားခြင်းကို ပြုလုပ်မည်ဟု ယူဆရပါသည်။ ပုဂံခေတ်တွင် နရသီဟပတေ့မင်းလက်ထက်၌ ရေပက်ဖျန်းသဘင်ကျင်းပသည်ကို သမိုင်းဝင်မှတ်တမ်းများအရ သိရပါသည်။ ကျီစားသန်ရာမှ ရန်ငြိုးဖွဲ့လုပ်ကြံမှုကြောင့် မိဖုရားစောလုံ အသတ်ခံရသည်အထိ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက သင်္ကြန်ဘွဲ့လေးချိုး ရေး၍ ပြည်သူများကို သတိပေးခဲ့သည်။

**"ရွှေနန်းအစဉ်အလာ ရေဖျန်းမင်္ဂလာကစားစဉ်က**

**ချစ်အားအတော်ဗလောင်ဆန်လို့**

**တစ်ဆောင်စံ 'စောလုံ'ပက်စဉ်က**

**သွက်သွက်လည်ကြမ္မာငင်ဖို့**

**ရက်စက်တယ်ခမျာထင်လို့မို့**

**အစာတွင် အဆိပ်သေမယ့်ဆေးရယ်နဲ့**

**မဟာဘုရင်ကို တိတ်တိတ်လေးသေဟဲ့လို့ ကျွေးလေတော့"**

ဟူ၍ ဘုရင်ကိုသတ်ရန် ကြံစည်မှုကြောင့် စောလုံအသတ်ခံလိုက်ရသည်။ အကျီစားသန် ရန်ဖြစ်တတ်ကြောင်း သင်္ကြန်ပွဲကို သတိပေးထားခြင်းဖြစ်သည်။

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကျချိန်သည် ပူအိုက်သော လရာသီဖြစ်သဖြင့် ရေပက်ဖျန်းခြင်းသည် အေးမြစေလို၍ ဖြစ်သည်။ တစ်ဖက်သားအား အရှက်တကွဲ အကျိုးနည်းစေလိုခြင်း၊ ကာယကံမြောက်ပျက်စေလိုခြင်း၊ နစ်နာစေလိုခြင်း စသည့် မည်းညစ်သောစိတ်ထား၊ မကောင်းသော ရည်ရွယ်ချက်များ အလျှင်းမရှိကြပါ။ ဖြူစင်သန့်ရှင်းသော စေတနာဖြင့် တစ်ဖက်သားချမ်းမြေ့ရွှင်လန်းစေရန် ရေပက်ဖျန်းခြင်းသာဖြစ်သည်။

သင်္ကြန်ကာလတွင် ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်ကပ်လှူခြင်း၊ စေတီသာကျွေးမွေးခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဇရပ် တန်ဆောင်းများအား သန့်ရှင်းခြင်း၊ ဥပုသ် သီတင်းသီလ ဆောက်တည်ခြင်း စသည့် ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက သင်္ကြန်ပိတ်ရက်နှင့်ဆက်လျက် ရုံးပိတ်ရက် (၁၀)ရက်ရအောင် ပိတ်ပေးထားခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများ စိတ်အေးချမ်းသာစွာ အနားယူနိုင်ကြသည်။

(၁၀)ရက်တရားစခန်းဝင်သူများ၊ ဆွေမျိုးများထံ ခရီးထွက်သူများ နောက်ဆံမတင်းဘဲ မိမိဆန္ဒကို အကောင်အထည်ဖော်နိုင်ကြသည်။

ထို့ပြင် မိဘသက်ကြီးရွယ်အိုများအား ရေကန်တော့ခြင်း၊ ဦးခေါင်းလျှော် ပေးခြင်း၊ ခြေသည်း လက်သည်း လှီးဖြတ်ပေးခြင်း၊ တံတားအိုများ ပြုပြင်ခြင်း၊ အိုမင်းသော ကျွဲ၊ နွားများအား ဘေးမဲ့လွှတ်ခြင်း၊ ရေနည်းငါးများအား ရေများရာ မြစ်ချောင်းများသို့ လွှတ်ပေးခြင်းများပြုလုပ်ကြသည်။ ထို့ကြောင့် ဆရာဇော်ဂျီက သူ့ခေတ်သူ့အခါတွင် မြင်တွေ့ရသော သင်္ကြန်ပွဲအကြောင်းကို "တစ်ခုသော သင်္ကြန် ခါ" ကဗျာဖြင့် ရေးစပ်မှတ်တမ်းတင်ထားခဲ့သည်။

**"နှစ်သစ်ကူးတဲ့၊ တန်ခူးခါမှာ**
**ဒါနကတဝေဝေ၊ ရေတွေက တရွှဲရွှဲ**
**ပျော်ပွဲက တဝေဝေ၊ ကဲလို့သာ ဆင့်ရော့**
**အရွယ်သင့်အရွယ်ငယ်၊ မြန်မာတွေထည်လိုက်ကြ...."**

ဟူ၍ သင်္ကြန်ကာလမြန်မာတို့ အူမြူးကြပုံကိုပေါ်လွင်အောင် သရုပ်ဖော်ပြခဲ့သည်။

မျက်မှောက်ကာလ သင်္ကြန်ပွဲတော်တွင် သရုပ်ပျက်ယဉ်ကျေးမှုများ ဝင်ရောက်လာမည်ကို စိုးရိမ်သဖြင့် နိုင်ငံတော်က စနစ်တကျထိန်းထားပေးသည်။ မြို့ကြီးများတွင် မဏ္ဍပ်ဆောက်လိုသူများက မြို့တော်တာဝန်ရှိသူများထံ ခွင့်ပြုမိန့် တောင်းခံရသည်။ ခွင့်ပြုမိန့်ရသည်နှင့် ကြိုတင်လက်မှတ်များ ရောင်းချတော့သည်။ မဏ္ဍပ်ထိုင်လိုသူ၊ ရေပက်လိုသူ၊ မည်သည့်ရက်မှာ ပျော်လိုသူ စာရင်းပေး၍ လက်မှတ်ဝယ်ထားကြသည်။ ထို့အတူ တရားစခန်းဝင်လိုသူများကလည်း မည်သည့် ရက်မှာ မည်သည့် တရားစခန်းဝင်လိုကြောင်း ကြိုတင်စုံစမ်းစာရင်းပေး ကြရသည်။ ကောင်းမှုကုသိုလ်လုပ်လိုသူ များသကဲ့သို့ အပျော်ကဲလိုသူများကလည်း များလှ ပါသည်။

သင်္ကြန်အကြိုနေ့တွင် အိမ်တိုင်းလိုပင် သန့်ရှင်းရေးလုပ်ပြီး အတာအိုးများ ထိုးလျက် သိကြားမင်းကို ကြိုဆိုကြသည်။ (၇)ရက် သားသမီး၏ မွေးနေ့မွေးနံ အညွှန်းများကို အတာအိုးတွင်ထိုးပြီး အိမ်ပေါက်ဝ မြင့်သောနေရာတွင် ထားကြ သည်။ သိကြားမင်းသည် အကျနေ့တွင် လူ့ပြည်သို့ဆင်းလာပြီး အတက်နေ့တွင် နတ်ပြည်သို့ ပြန်တက်သည်။ မကောင်းသူ၊ ကောင်းသူခွဲခြား၍ စာရင်းယူသွား သည်ဟု လူကြီးများက ပြောကြားသည်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊

ဖြူအောင်စိတ်ကိုထားစေလိုသည့် စေတနာနှင့် ဆုံးမလမ်းညွှန်ခြင်းဖြစ်ပါသည်။ (၇)ရက်သားသမီးကျန်းမာချမ်းသာစေရန် ဆုတောင်းပေးကြသည်။

ထိုသင်္ကြန်အကြိုနေ့တွင် မြို့အသီးသီးရှိ မြို့တော်ဝန် မဏ္ဍပ်များတွင် နိုင်ငံတော်အကြီးအကဲများက သင်္ကြန်ဖွင့်ပွဲကျင်းပပေးပါသည်။ အားလုံး "မြန်နွှာ" သီချင်းဆို၍ တစ်ဦးကိုတစ်ဦး ရေပက်ဖျန်းကြပါတော့သည်။ သင်္ကြန်လက်ဆောင်မိုး ရွာလိုက်သည်နှင့် ပိတောက်ပန်းများကလည်း ဝေဝေဆာဆာ ပွင့်လာကြပြီဖြစ်သည်။ ထို့ကြောင့် ဆရာဇော်ဂျီက-

**"တို့စရိုက် တို့ဘာသာ**

**နှစ်ဆန်းခါ ပိတောက်ကြွားချိန်မို့**

**ကစားကာ ရေကြည်ကြည်နဲ့**

**ပီပေသည် မြန်မာမျိုးကိုလ**

**တိုးဆင့်၍ ချစ်ခဲ့တာ....**" ဟု မြန်မာ့သရုပ်ကို စာပန်းချီခြယ်ပြခဲ့ခြင်းဖြစ်သည်။

သင်္ကြန်အကြိုနေ့တွင် ရေပက်ခံကားများ စတင်ထွက်လာကြပြီဖြစ်သကဲ့သို့ မဏ္ဍပ်များကလည်း ဆိုကြ၊ ကကြ ရေပက်ကြပြီဖြစ်သည်။ ထို့ကြောင့်

**"သင်္ကြန်နှစ်ဦး တူးပို့တူးပို့**

**တူးသံမြူးသာယာ၊ သင်္ကြန်မယ်များ**

**တူးပို့တူးပို့ တူမားရဲ့နော်ဗျာ....**" ဟူသော သီချင်းသံ၊ မြန်နွှာသီချင်းသံ၊ ရှာပုံတော်မင်းသားကြီး သီချင်းသံများကို လမ်းမကြီးများပေါ်၌ ကြားနေရပြီဖြစ်သည်။

သင်္ကြန်အကျနေ့၌မူ **"လောင်း...လောင်း လောင်းလိုက်ပါ၊ ရွှဲအောင် လောင်းလိုက်ပါ"** ဟူသော သင်္ကြန်တေးသံနှင့်အညီ ရွှဲရွှဲစိုအောင် လောင်းပက်၍ ဆော့ကစားကြပါတော့သည်။ ကလေးသူငယ်များက အိမ်အနီး ပတ်ဝန်းကျင်တွင် ရေပြွတ်ကိုယ်စီနှင့် လမ်းသွားလမ်းလာများကို ရေပက်ကစားနေကြသည်။ "သင်္ကြန်ကျလို့ ရေပက်တယ် စိတ်မဆိုးနဲ့ အဒေါ်ကြီးရယ်" ဟု နှုတ်ကအော်လျက် ကြီးသူ၊ ငယ်သူ မရွေးဘဲ လမ်းပေါ်ထွက်သမျှ ရေပက်တတ်ကြသည်မှာ တောရောမြို့ပါမကျန် ပင်ဖြစ်သည်။ ပက်သူကရွှင်မြူးသကဲ့သို့ အပက်ခံရသူကလည်း ကြည်နူးစွာခံယူရသည်သာဖြစ်သည်။ လူပျို၊ အပျို၊ လူလတ်ပိုင်းများကမူ အမိုးဖွင့်ထားသော ရေပက်ခံ

ကားများဖြင့်၊ ဆိုကြ၊ ကကြ၊ အော်ဟစ်ကြနှင့် မြူးတူးပျော်ပါးစွာ ရေပက်ခံထွက်ကြသည်။ မဏ္ဍာပ်တစ်ခုရှေ့ရောက်လျှင် ကားများပိတ်နေပြီး ဖြည်းဖြည်းချင်းထွက်ကြရသည်။ နာမည်ကြီး အဆိုတော်များ ဆိုနေချိန်နှင့် တိုက်ဆိုင်နေလျှင် ရှေ့ကားကရပ်ကြည့်နေသဖြင့် နောက်ကားများ အချိန်ကြာကြာ ပိတ်မိနေတတ်သည်။ သို့သော် စိတ်မဆိုးကြဘဲ ကားတစ်စီးနှင့်တစ်စီး နောက်ပြောင်ကျီစယ်ရင်း ပျော်မြူးနေတတ်ကြသည်။

သို့သော် တစ်ခါတစ်ရံ အပျော်လွန်ပြီး အရက်မူးလာတတ်သည့် လူငယ်များလည်း တွေ့ရတတ်သည်။ မလုံမခြုံဝတ်လာတတ်သော မိန်းကလေးများ၏ ကားနှင့်တွေ့လျှင် မူးသူနှင့်ကဲသူ ရန်ပွဲတွေ့တတ်ကြသည်က များသည်။ ထို့ကြောင့် သင်္ကြန်ပွဲတော်ရက်တွင် မိန်းကလေးများက မကလက်ရန် လိုသကဲ့သို့ ယောကျ်ားလေးများကလည်း စည်းစောင့်ရန်လိုအပ်ပါသည်။ မောင်နှင့်နှမ မကြားဝံ့မနာသာ စကားများကို မဆိုသင့်သကဲ့သို့ မောင်နှင့်နှမ မကြည့်ရဲစရာ ဝတ်စားဆင်ယင်မှုများကိုလည်း ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

သင်္ကြန်အကြတ်နေ့၌မူ ပွဲတော်ရက်က အရှိန်ရလာပြီဖြစ်၍ ရေပက်ခံကားများ ပိုမိုများလာတတ်သည်။ ရပ်ကွက်တိုင်း၌လည်း စတုဒိသာကျွေးပွဲများ ရှိလာသည်။ ရွှေရင်အေး၊ မုန့်လုံးရေပေါ်၊ ကြာဇံချက် စသည့်မုန့်မျိုးစုံကို အိုးကြီးများနှင့်ချက်လျက်၊ ခုံတန်းရှည်များချထားပြီး လာသမျှလူကို ကျွေးတတ်ကြသည်မှာလည်း မြန်မာတို့၏ စေတနာထက်သန်မှုပင်ဖြစ်သည်။ အိမ်ကဘုရားကို ရေသပ္ပာယ်သကဲ့သို့ စေတီပုထိုးများသို့ သွား၍လည်း ရေသပ္ပာယ်တတ်ကြသည်။ ဘုန်းကြီးကျောင်းများသို့သွား၍ ရေလှူတတ်ကြသည်။ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းများ လှီးဖြတ်ပေးခြင်းဖြင့် ကုသိုလ်ယူကြသည်။

ထို့နေ့တွင် ရခိုင်ရေကစားမဏ္ဍာပ်များ၌ လှေထဲမှာ ရေထည့်ပြီး အမျိုးသား၊ အမျိုးသမီးမျက်နှာချင်းဆိုင်၍ ယဉ်ယဉ်ကျေးကျေး ရေကစားကြသည်။ နိုင်ငံတော်အကြီးအကဲများ၊ သံရုံးဝန်ထမ်းများ ပါဝင်ကစားလာကြသည်။ မွန် ရေကစားမဏ္ဍာပ်၌ ငွေဖလားနှင့် ရေလောင်းပြီး မွန်သင်္ကြန်ထမင်းကျွေးသည်။ ဖယောင်းနံ့သင်းနေသော ထမင်းရေဖျော်နှင့် ငါးခြောက်ထောင်း သရက်သီးဟင်းတို့ကို နှစ်နှစ်ခြိုက်ခြိုက် စားတတ်ကြသည်မှာလည်း ရွှင်မြူးဖွယ်ပင်ဖြစ်သည်။

သင်္ကြန်အတက်နေ့တွင် နှစ်ဟောင်း၏ နောက်ဆုံးရက်ဖြစ်၍ သက်ကြီး

ရွယ်အိုများ၊ ဘာသာတရားကိုင်းရှိုင်းသောသူများက တရားနှင့် အေးချမ်းစွာနေ၍ နှစ်သစ်ကိုကြိုဆိုကြသည်။ အပျော်ကဲလိုသူများကမူ သင်္ကြန်နောက်ဆုံးရက်ဖြစ်၍ အစွမ်းကုန်ကဲကြတော့သည်။ ကသူ၊ ဆိုသူများက အားမရနိုင်ဘဲ မဏ္ဍပ်တစ်ခုပြီး တစ်ခုပြောင်းပြီး ဆိုကြ၊ ကကြ ဖျော်ဖြေကြသည်။ ရေပက်ခံထွက်သူများကလည်း မမောမပန်းနိုင် မဏ္ဍပ်အစုံသွားနိုင်ရန် အပင်ပန်းခံကြသည်။ အသံများဝင်၊ အသားများမည်းလောက်အောင် နေလောင်ခံကြသည်။ အပူတလှည့်အအေးတစ်ခါနှင့် သင်္ကြန်ပြီးမှ အိပ်ရာထဲလဲချင်လဲပါစေ အားသွန်ခွန်စိုက် ပျော်ကြတော့သည်။

ကျွန်ုပ်တို့မိသားစုတွင် ဖေဖေ၊ မေမေတို့က စည်းကမ်းလုပ်ထားပေး၍ သင်္ကြန်ပျော်ရမည့်အချိန်ကို အသားကျနားလည်ပြီးဖြစ်ပါသည်။ သင်္ကြန်အကြိုနေ့တွင် မိသားစုအားလုံး အိမ်သန့်ရှင်းရေးလုပ်ရသည်။ အထူးသဖြင့် ဘုရားခန်းကို ရှင်းသန့်အောင်လုပ်ပြီး ဘုရားရေသပ္ပာယ်ကာ မွှေးသောပန်းများ ဝေနေအောင်ထိုး၍ ခန်းလုံးပြည့် ကော်ဇောကြီးများ ခင်းထားရသည်။ ညနေ(၆)နာရီခွဲတွင် မိသားစုအားလုံး သီလယူပြီး ပရိတ်ကြီး(၁၁)သုတ်နှင့် ပဋ္ဌာန်းကို ညီညီညာညာ ရွတ်ပြီး ဘုရားကိုပူဇော်ရပါသည်။ သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ဖေဖေကိုယ်တိုင် ရေပက်ခံထွက်ရန် လိုက်ပို့ပါသည်။ ဝမ်းကွဲအိမ်သို့ အစ်မများပါခေါ်၍ တပျော်တပါး သွားကြပါသည်။ နံနက်စာကို နေ့လည် (၂) နာရီလောက်ရောက်မှ အပြင်ဆိုင်မှာ ကျွေးပါသည်။

သင်္ကြန်အကြတ်နေ့၌မူ ကျွန်ုပ်တို့လမ်းထိပ်က မဏ္ဍပ်မှာပင်ထိုင်ပြီး ရေပက်ခွင့်ပေးပါသည်။ သင်္ကြန်အတက်နေ့၌မူ မိသားစုအားလုံး (၉)ပါးသီလယူ၍ ဥပုသ်ဆောက်တည်ရပါသည်။ နှစ်ဆန်း (၁)ရက်နေ့ အရုဏ်တက်ချိန်၌မူ သစ်သီး (၉)မျိုး၊ မုန့် (၉)မျိုးတို့နှင့် ဘုရား၏ဂုဏ်တော် (၉)ပါးကို ရည်စူးပြီး ဆွမ်းကပ်ရှိခိုး ပူဇော်ရပါသည်။ သံဃာတော်များကို ဆွမ်းလောင်းရပါသည်။

ကိုးပါးသီလကို ဆက်ထိန်းကြပြီး တစ်နေ့လုံး တရားတိပ်ခွေများကို ဖွင့်ထားပါသည်။ ကျွန်ုပ်တို့ မောင်နှမသုံးယောက်က ဖေဖေနှင့်မေမေကို ကန်တော့ပြီး မောင်နှမများကလည်း ကြီးစဉ်ငယ်လိုက် ကန်တော့ကြရပါသည်။ အငယ်ဆုံးဖြစ်သော ကျွန်ုပ်က မုန့်ဖိုးအများဆုံးရပါသည်။ ရတနာသုံးပါးကို ကြည်ညိုပြီး ယဉ်ကျေးမှုကို မြတ်နိုးတတ်သည့် ကျွန်ုပ်တို့မိသားစုသည် အေးချမ်းသာယာပြီး ကြည်နူးဖွယ် ကောင်းလှပါသည်။

ရိုးရာပွဲတော်တိုင်း၏ အနှစ်သာရကိုနားလည်ရန် ဖေဖေ၊ မေမေတို့က အမြဲရှင်းပြပါသည်။ မြန်မာတို့သည် နှစ်ဆန်းတစ်ရက်နေ့တွင် လမ်းတိုင်း၌ ပရိတ်အိုးများထားပြီး သံဃာတော်များ ပရိတ်ရွတ်ကြပါသည်။ ရိုးရာပွဲတော်ကြီး ပြီး၍ အေးချမ်းတိတ်ဆိတ်စွာ ဘာဝနာတရားပွားများလျက် ကုသိုလ်ယူသည့် ရက်ဟုလည်း ဆိုနိုင်ပါသည်။ မိသားစုအချင်းချင်း အကုသိုလ်နည်းရန် အသွားအလာ၊ အပြောအဆို အပြုအမူ ထိန်းသိမ်းကြသည်။ လူမျိုးတိုင်းသည် နှစ်ဆန်းတစ်ရက်နေ့ကို အလေးအမြတ် ထားတတ်ကြသကဲ့သို့ မြန်မာတို့လည်း အလေးအမြတ်ထားကြပါသည်။

လွတ်လပ်မှုကိုတန်ဖိုးထားသော မြန်မာတို့သည် နှစ်ဆန်းတစ်ရက်နေ့တွင် ဘေးမဲ့လွှတ်ပွဲများ ကျင်းပကြသည်။ အနှောင်အဖွဲ့ အခိုင်းအစေအဖြစ်နေရသော သတ္တဝါများကိုဝယ်၍ တောတွင်းသို့သွားပြီး ဘေးမဲ့လွှတ်ပေးကြသည်။ ညနေပိုင်းတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပကြသည်။ ညတွင် ဘုရားဆင်းတု ရုပ်ပွားတော်များကို ကားပေါ်တင်၍ ရပ်ကွက်တိုင်း၊ လမ်းတိုင်းလှည့်လျက် အပူဇော်ခံရင်း ပရိတ်ရွတ်ပေးကြသည်။ ချမ်းမြေ့ဖွယ်ကောင်းလှသည့် မြန်မာ့ရိုးရာများပင် ဖြစ်ပါသည်။ ကျွန်ုပ်သည် မြန်မာ့ရိုးရာပွဲတော်တိုင်းကို နှစ်သက်မိသည်။ သို့သော် ရိုးရာသင်္ကြန်ပွဲသည် ရက်အကြာဆုံး ဖြစ်ပြီး ပျော်ရွှင်မှုလည်းဖြစ်၊ ကြည်နူးမှုလည်းရ၊ ကုသိုလ်လည်းပြည့်ဝစွာရသော အချိန်အခါဖြစ်၍ အမျှော်လင့်ရဆုံး ရိုးရာပွဲတော် တစ်ခုပင် ဖြစ်ပါတော့သည်။ ။

လူငယ်နှင့် အနုပညာ

- ❑ လူငယ်ဟူသည်၊ အနုပညာဟူသည်။
- ❑ အနုပညာနှင့် မကင်းနိုင်ကြပုံ။
- ❑ မျက်မှောက်ခေတ် အနုပညာလမ်းကြောင်းများ ပွင့်လင်းလာပုံ။
- ❑ အနုပညာ၏စွမ်းဆောင်နိုင်မှုစွမ်းရည်။
- ❑ လူငယ်နှင့် အနုပညာဆက်စပ်မှု။
- ❑ မိမိအမြင်။

# လူငယ်နှင့် အနုပညာ

လူငယ်ဟူသည် မိုးဆမ်းပန်းကဲ့သို့ လန်းဆန်း၏။ တက်သစ်စနေကဲ့သို့ အားမာန်အပြည့်ရှိ၏။ လူငယ်သည် အနာဂတ်၏ ကြယ်ပွင့်ဖြစ်၏။ တိုင်းပြည်တာဝန်ကို ပခုံးပြောင်းယူကြမည့်သူများဖြစ်၏။ ထို့ကြောင့် ဆရာဇော်ဂျီက **'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ် ဖြစ်အပ်ရာသည်၊ စိတ်ကရည်လော့'** ဟု အားမာန်ပေး ထားခြင်းဖြစ်သည်။ လူငယ်တို့၏ ပင်ကိုသဘောသည် ဖျတ်လတ်သည်။ သွက်လက်သည်။ ရဲရင့်သည်။ ရိုးသားပွင့်လင်းသည်။ အရာရာကို စူးစမ်းလေ့လာလိုစိတ် ရှိသည်။

လူငယ်ဟူသည် အသက် (၁၂)နှစ်မှ (၂၅)နှစ်အတွင်း အရွယ်ဟု သတ်မှတ်နိုင်ပါသည်။ ကိုလိုနီခေတ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းကမူ လူကြီး၊ လူငယ် သတ်မှတ်ချက်အတွက် အသက် (၄၀)အထက်ကို လူကြီး၊ အသက် (၄၀) အောက်ကို လူငယ်ဟူ၍ ခွဲခြားပြခဲ့သည်။ လူကြီး၊ လူငယ်အတွေး အခေါ် အယူအဆ မျှမျှတတ ရှိကြရန် တစ်ဖက်စွန်းသို့ မရောက်ရန် ညှိနှိုင်းပေးခဲ့သည်။ ထို့ကြောင့် တိုင်းပြည် တစ်ပြည်တွင် လူကြီးတို့သည် အဓိကကျသကဲ့သို့ လူငယ်တို့သည်လည်း အရေးပါ အရာရောက်ကြသည်သာ ဖြစ်သည်။ လူကြီးတို့၏ ဦးဆောင်မှုကို လေးစားရမည် ဖြစ်သကဲ့သို့ လူငယ်တို့၏ စွမ်းရည်ကိုလည်း အသိအမှတ်ပြုကြရပေမည်။

လူငယ်တို့သည် အားကစားကို စိတ်ဝင်စားသကဲ့သို့ အနုပညာကိုလည်း ခုံမင်တတ်ကြသည်။ အနုပညာဟူသည် စိတ်ကူးဉာဏ်စွမ်းဖြင့် ဖန်တီးရပြီး စိတ်ဖြင့် အရသာခံစားနိုင်သော ပညာရပ်ဖြစ်သည်။ အနုပညာတွင် စာပေ၊ ဂီတ၊ ပန်းချီ၊

ပန်းပု၊ ဓာတ်သဘင်၊ အငြိမ့်အကတို့ပါဝင်ပေသည်။ အနုစာပေဟူရာ၌ ရွှင်လန်းခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းစသော ခံစားမှု အရသာဖြစ်ပေါ်လာအောင် ဖန်တီး ရေးဖွဲ့ထားသော စာပေပင်ဖြစ်သည်။ လူငယ်တိုင်းသည် ဝါသနာကိုအရင်းခံ၍ အနုပညာရပ်တစ်ခုခုကို စူးစူးစိုက်စိုက်လုပ်တတ်ကြသည်သာ ဖြစ်သည်။

ပုထုဇဉ်လူသားမှန်လျှင် စာပေ၊ ဂီတ၊ အနုပညာရပ်တစ်ခုခုကို လုပ်သင့်သည် ဖြစ်သည်။ ၎င်းကို ညောင်ရမ်းခေတ် စာဆို ဝန်ကြီးပဒေသရာဇာက

**'စာပေဝတ္ထု၊ ရတုကဗျာ**

**ဖျို့လင်္ကာနှင့် သာသည့်သီချင်း**

**အဲစောင်းငြင်းကို မကင်းမပြတ်**

**ဖတ်ရွတ်လေ့ကျက်**

**တီးမှုတ်လျက်သာ နေကောင်းစွာ....'** ဟု လမ်းညွှန်ပြခဲ့ပေသည်။ စိတ်၏ နူးညံ့သိမ်မွေ့မှုကို အနုပညာက ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် အနုပညာ တစ်ခုခုကို စိတ်ဝင်စားနေရမည်။ လူသားတို့သည် မိမိဘဝရပ်တည်နိုင်ရေး၊ တိုးတက်ရေးတို့အတွက် ကြိုးစားရုန်းကန်နေချိန်တွင် စိတ်၏အပန်းဖြေရာအဖြစ် အနုပညာရပ်တစ်ခုခုကို လုပ်နေမှသာ လောကဓံတရားကို ခံနိုင်ရည်ရှိမည်ဖြစ်သည်။

ထို့ကြောင့် အနုပညာသည် စိတ်၏သက်သာရာ၊ စိတ်၏ဖျော်ဖြေရာ ဖြစ်လာရသည်။ ယနေ့ခေတ် လူငယ်များအတွက် အနုပညာလမ်းများပွင့်လင်း လာပြီဖြစ်သည်။ စာဖတ်ဝါသနာပါသူသည် စာဖတ်ခြင်းဖြင့် ပျော်မွေ့တတ်သည်။ စာဖတ်ခြင်းဖြင့် အသိအမြင်ဗဟုသုတများကြွယ်ဝလာကာ ထူးချွန်ထက်မြက်သူ ဖြစ်လာနိုင်ပါသည်။ ဘဝကို ရင့်ကျက်တည်ငြိမ်စွာ ရုန်းကန်နိုင်သူ ဖြစ်လာပါမည်။ ကမ္ဘာလောကကြီး အကြောင်းနားလည်လာပြီး လူ့ဘောင်လောကတိုးတက်လာအောင် လုပ်ဆောင်လိုစိတ်များ ဖြစ်ပေါ်လာပေမည်။

ထို့ကြောင့် မျက်မှောက်ကာလတွင် စာကြည့်တိုက်အမျိုးမျိုး ဖွင့်ပေးသကဲ့သို့ အထက်တန်းကျောင်းများ၊ ကောလိပ်သိပ္ပံတက္ကသိုလ်များ၌ စာပေပြိုင်ပွဲအမျိုး အစားမျိုးစုံကို မကြာခဏကျင်းပပေးနေပြီဖြစ်သည်။ စာပေဟောပြောပွဲ၊ ကျပန်း စကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲများကျင်းပလျက် လူငယ်များ စာများများဖတ်ပြီး အသိဉာဏ်စွမ်းရည်တိုးတက်ရန် ကြံဆောင်ပေးနေခြင်းဖြစ်သည်။ 'မိမိနိုင်ငံ မိမိ လူမျိုး၏သမိုင်းကြောင်းကို သိရန်၊ ခံယူချက်မှန်ကန်ရန် နေ့ထူးနေ့မြတ်များဆိုင်ရာ

အကြောင်းအရာ စာပေပြိုင်ပွဲများ ပြုလုပ်ပေးသည်မှာ ထူးခြားအောင်မြင်မှုများ ရှိလာရပါသည်။ လူငယ်များစာဖတ်ရှိန် မြင့်လာသည်။

ယနေ့ခေတ်သည် အသံထက်မြန်သော ခေတ်ဖြစ်သည်။ ကမ္ဘာကြီးသည် ကမ္ဘာ့ရွာဟုခေါ်ရလောက်အောင် ကျဉ်းမြောင်းသွားပြီဖြစ်သည်။ နည်းပညာခေတ်တွင် ဆက်သွယ်ရေးလုပ်ငန်းများ မြန်ဆန်လာသည်နှင့်အမျှ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အနုပညာများမှတစ်ဆင့် တိုင်းခြားယဉ်ကျေးမှုများ ကူးစက်လာခဲ့ရသည်။ သရုပ်ပျက်ယဉ်ကျေးမှုများ ဩဇာကြီးလာလျှင် အမျိုးသား ယဉ်ကျေးမှုများ ပပျောက်သွားနိုင်သည်။ ထိုသို့မပျောက်ပျက်ရန် ထိန်းရမည်မှာ လူငယ်တို့၏ တာဝန်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရည်ရွယ်ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ပြုလုပ်ပေးနေပြီဖြစ်ပါသည်။ တိုးတက်သော နိုင်ငံများတွင် အနုပညာကျောင်း၊ အနုပညာသိပ္ပံ၊ အနုပညာ တက္ကသိုလ်များ ဖွင့်လှစ်ပေးသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ယဉ်ကျေးမှုတက္ကသိုလ်၊ ပန်းချီကျောင်း၊ မြန်မာ့အနုလက်ရာ ပန်းဆယ်မျိုးသင်တန်းကျောင်းများ ဖွင့်လှစ်ထားပါသည်။ ရိုးရာယဉ်ကျေးမှု အနုပညာများကို လူငယ်များ ဆက်လက် ထိန်းသိမ်းနေကြပြီဖြစ်သည်။

တေးဂီတဟူသည် နားအရသာခံစားခြင်းပင်ဖြစ်သည်။ တေးသည်လည်းကောင်း၊ ဂီတသည်လည်းကောင်း သီချင်းဟု မြန်မာအဘိဓာန်က အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ သံရှည်ဖြင့်ဆွဲငင်၍ သီဆိုရသောကြောင့် ဂီတဟုခေါ်ကြောင်းလည်း ဆိုကြပါသည်။ သီဆိုခြင်းနှင့် တီးမှုတ်ခြင်းနှစ်မျိုးကို ပေါင်းစပ်လျှင် တေးဂီတ ဖြစ်လာပါသည်။ စောင်း၊ တယော၊ မယ်ဒလင်၊ ပတ္တလား၊ စန္ဒရားနှင့် ဂီတ၊ ပလွေ စသည့် ဂီတပစ္စည်းများကို တီးမှုတ်လိုက်သောအခါ သာယာငြိမ့်ညောင်းသော အသံများထွက်လာပြီး နားဝင်ပီယံ ဖြစ်လာရပါသည်။

မြန်မာ့တေးဂီတ၏ သမိုင်းတစ်ခေတ်ကို ဆန်းစစ်ကြည့်ပါက သီချင်းကြီး၊ ကာလပေါ်တေးနှင့် စတီရီယိုတေးဟု ကွဲပြားလာသည်။ ထိုမှတစ်ဆင့် လူငယ်တေး၊ ဓမ္မတေး၊ စစ်ချီတေး၊ ဇာတိမာန်တေး၊ အချစ်တေး၊ အလွမ်းတေး၊ တိုင်းရင်းသားတေးစသည်ဖြင့် ခက်မများစွာ ဖြာထွက်လာပါသည်။ မျက်မှောက်ကာလတွင်

အသံလွှင့်ဌာနအသီးသီးက လူငယ်များအား ဂီတဘက်တွင် နည်းမှန်လမ်းမှန် ကျွမ်းကျင်လာစေရန် ကဏ္ဍအသီးသီးဖြင့် လမ်းညွှန်ပေးနေပြီဖြစ်သည်။ **'ဆိုကြမယ် ပျော်ကြမယ်' 'အိမ်မက်ဆုံရာ' 'ကြယ်ကလေးတွေရဲ့ မိုးကောင်းကင်' 'ဂီတ တံခါးလေးဖွင့်ပါအုံး'** ဟူသော အစီအစဉ်များနှင့် မျိုးဆက်သစ် လူငယ်များအား ဝါသနာပါရာလမ်းကြောင်းကို လျှောက်လမ်းနိုင်ရန် လမ်းဖွင့်ပေးနေသည်မှာ ကောင်းမွန်လှပါသည်။

ဂီတသည် ရိုင်းသူကို ယဉ်စေ၏။ ဥတေနမင်း၏စောင်းသံကို ကြားရလျှင် ဆင်ရိုင်းများပင် ယဉ်ကျေးလာစေသည်ဟုဆိုပါသည်။ ဂီတာတီးခတ်သံကို ကြားရလျှင် လေ့ကျင့်ထားသော ပင်လယ်ဖျံများ လာရောက်နားထောင်လေ့ရှိသည်ဟုလည်း ဖတ်ဖူးပါသည်။ လောကနတ်သည် စည်းစုပ်ကိုတီး၍ ရန်မီးကို ငြေစေသော နတ်အဖြစ်ထင်ရှားပါသည်။ လူငယ်တို့သည် တေးဂီတကို ခံစားတတ်ကြပါသည်။ အလွမ်းသီချင်းကို နားထောင်လျှင် လွမ်းနေတတ်မည်။ မြူးကြွသောတေးသံကို နားဆင်ရလျှင် လူငယ်တို့၏စိတ်သည် တက်ကြွလာ၏။

စတီရီယိုတေးများခေတ်စားလာသောအခါ လူငယ်ထုအတွင်းသို့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များ နိုးကြားလာရသည်။ **'ရဲရဲတောက်တို့ဗမာပြည် သတ္တိခဲတွေ ×××× ရာဇဝင်ထိုးလောက်အောင်စွမ်းပေ ×××× တို့တိုင်းတို့ပြေ(ပြည်)** ဟူသော **'ရဲမြန်မာ'** သီချင်းသံကိုကြားလိုက်ရလျှင် သွေးများပူလာပြီး ကြက်သီးများ တဖြန်းဖြန်းထလာရပါသည်။ **'ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ပဲအသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်'** ဟူသော ဗမာ့လွတ်လပ်ရေး သီချင်းသံကို နားထောင်ရသည့်အခါ အဘိုးအဘွားများ၏ လွတ်လပ်ရေးအတွက် ကြိုးစားခဲ့ရပုံများကို မြင်ယောင်လာရပါသည်။

ထို့အတူ အဖသတ်သား အဓာတသတ်အား ရည်ညွှန်းဖွဲ့ဆိုထားသည့် မကြည်အောင်၏ **'မိဘမေတ္တာ'** သီချင်းသံသည် ရင်နင့်အောင်ခံစားရသော တေးဖြစ်ပါသည်။ ဖခင်၏မေတ္တာသဘောကို ချစ်ပါသလောဟု မေးသောအခါ ဝေဒေဟီ ဖြေမဆည်နိုင်ဖြစ်ရပုံ၊ ကလေးဘဝခူနာပေါက်စဉ် **'မောင့်ဖခင် အာခံတွင်းမှာသွင်းကာ သိပ်ခဲ့သည် ×××× ချစ်လှတဲ့သားပေမို့ အမေရင်ထုကာ မရှုရက်နိုင်သည် ×××× မင့်အနာ မသတီလောက်စရာပ ပြည်ပေါက်တာတောင် မျိုကာချရှာသည်'** ဟူသော သီချင်းဆိုသံကို ကြားရသည့်အခါ မျက်ရည်စို့ရပါသည်။ လူငယ်တို့သည် ဓမ္မတေး

နှင့်လည်း မဝေးစေသင့်ပါ။ **'ထူးမခြားနား'** သည် ဗုဒ္ဓမြတ်စွာကိုဂီတဖြင့် ကြည်ညို ခြင်းဖြစ်သည်ကို လူငယ်များနားလည်သင့်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လူငယ်တို့၏ စံပြပုဂ္ဂိုလ်ဖြစ်ပါသည်။ **'မေ့ဖျောက် ၍ မရနိုင်သော အောင်ဆန်း'** စာအုပ်တွင် ဗိုလ်ချုပ်သည် ဂီတကို ချစ်ကြောင်းဖော်ပြ ထားပါသည်။ **'အမျိုးသားတွေ နိုးကြားလာကြသည် ××× ကြိုးစားလာကြသည် ×××× ကူညီကာဝိုင်း တို့တိုင်းတို့ပြည် ××× သာယာပေတော့မည်'** ဟူသော ခေတ်ဆန်းချိန်သီချင်းကို မကြာခဏဆိုညည်းတတ်ကြောင်း ဖတ်ရပါသည်။ လူငယ် သည် ဂီတနှင့်မကင်းပါ။ ဂီတနှင့် ကင်းဝေးပါက မေတ္တာတရား ခေါင်းပါးသူဖြစ်သွား ပေမည်။ ဂီတသံကြား၍ လိုက်ညည်းလိုက်ရလျှင်ပင် စိတ်လက်ပေါ့ပါးမှုကို ဖြစ်စေ ပါသည်။

မျက်မှောက်ကာလ အာဆီယံအားကစားပြိုင်ပွဲများတွင် မြန်မာ့ခြေစွမ်းသည် မျက်နှာမငယ်ရတော့ပါ။ ဘောလုံးပြိုင်ပွဲများအပြီးတွင် **'နိုင်ပြီ၊ တို့ဗမာနိုင်ပြီ'** ဟူသောသီချင်းကိုကြားလျှင် အားလုံးမနေနိုင်ကြတော့ပါ။ တီဗွီကိုအသံချဲ့ပြီး လိုက်ဆိုမိကြပါတော့သည်။ မေလာ၏ **'ပိုးသွင်းကောင်းတဲ့ ကိုကို'** သီချင်းကို အမျိုးသမီးတိုင်းလိုလို သီဆိုတတ်ကြသည်။ ထို့အတူ ဒီဇင်ဘာအားကစားတွင် နံနက်စောစောကြားရသော **'စောစောအိပ်လို့ ××× စောစောထလို့ ××× စောစော လမ်းလျှောက်ကြပါစို့'** ဟူသော သီချင်းသံကိုကြားလျှင် မအိပ်နိုင်ကြတော့ဘဲ အားမာန်များတက်ကြွလာကာ ပြေးလိုစိတ်များ ပေါ်ပေါက်လာရပါသည်။ ဂီတ၏ ဆွဲဆောင်အားကား ကြီးမားလွန်းလှပါသည်။

ယခုအခါ နိုင်ငံ့ဂုဏ်ဆောင်အနုပညာရှင်လူငယ်များ အသီးသီးပေါ်ပေါက်လာ နေပြီဖြစ်သည်။ မိုးစက်ပိုင်၊ ခွန်းသံဇော်တို့သည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်ပင် ယှဉ်ပြိုင် နိုင်ခဲ့သည်။ ဝိုင်းလမင်းအောင်ကဲ့သို့ မြန်မာသံပိုင်နိုင်အောင်ဆိုနိုင်သော လူငယ်များ ရှိသကဲ့သို့ စိုင်းစိုင်းခမ်းလှိုင်၊ ဘန်နီဖြိုး၊ လွှမ်းပိုင်ကဲ့သို့သော အမျိုးသားအဆိုတော်များ အေသင်ချိုဆွေ၊ စန္ဒီမြင့်လွင်၊ မိစန္ဒီတို့ကဲ့သို့သော အမျိုးသမီးလူငယ် အဆိုတော် များသည်လည်း ခေတ်နှင့်အညီ ရင်ပေါင်တန်း လိုက်နိုင်အောင် သီဆိုနိုင်ကြသူများ ဖြစ်သည်။

ဂီတနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ပျူခေတ်ကပင် တူရိယာ (၂၀)ကျော် ရှိနေပြီဖြစ်သည်။ ပုဂံခေတ်၌ ဆိုကရေးတီးပြိုင်ပွဲများတွင် ခြောက်နှစ်အရွယ်

ကလေးငယ်များသည်ပင် ဆိုင်းဝိုင်းနှင့်ရင်ဆိုင်နေသည်ကို တွေ့ရသည်မှာ လူငယ်တို့၏စွမ်းရည်ကို ပြနေခြင်းပင်ဖြစ်ပါသည်။

မြန်မာ့ပန်းချီသည် ပြဒါးလင်းဂူ နံရံဆေးရေးပန်းချီက စသည်ဟု ယူဆကြသည်။ ပုဂံခေတ် ပန်းချီပညာသည် အလွန်အဆင့်မြင့်ခဲ့သည်။ မျက်မှောက်ကာလလူငယ်များ၏ ဆေးရေးပန်းချီ၊ ကျောက်စီ ပန်းချီကားချပ်များသည် အဆင့်မြင့်လာပြီး နိုင်ငံခြားသားများ တန်ဖိုးထားဝယ်ယူကြသည့် ပစ္စည်းများဖြစ်လာခဲ့ပါပြီ။ တစ်ကိုယ်တော်ပန်းချီပြပွဲ၊ စုပေါင်းပန်းချီပြပွဲများပြုလုပ်ပြီး အရောင်းပွဲတော်များပြုလုပ်လာကြပြီဖြစ်ပါသည်။

မြန်မာ့ဆိုင်းလောကတွင် စိန်ဗေဒါသည် ဖခင်ကြီးဖြစ်ခဲ့ပါသည်။ ဆိုင်းအမျိုးမျိုးကိုတီထွင်၍ သာယာငြိမ့်ညောင်းသော သံစဉ်များကို ကြံ့ဆတီထွင်နိုင်ခဲ့ပါသည်။ စိန်ဗေဒါ၏အနုပညာကြောင့်ပင် မြန်မာ့ဆိုင်းလောကသည် ကမ္ဘာကျော်သွားခဲ့ရသည်။ ရှေးယခင်က သဘင်သည်များကို ဖက်ခွက်စားဟူ၍ ခေါ်ပြီး လူတန်းစားခွဲခြားခဲ့ကြပါသည်။ ယခုခေတ်၌မူ မြန်မာ့ရိုးရာအိုးစည်၊ ဒိုးပတ်စသောအနုပညာ တူရိယာများကို လူငယ်တို့သည် တလေးတစားတန်ဖိုးထားလာကြသည်။

နိုင်ငံတော်အဆင့် ကျင်းပပေးသည့် ဆိုကရေးတီးပြိုင်ပွဲများတွင် လူငယ်များသည် ရွှေတံဆိပ်၊ ငွေတံဆိပ်အသီးသီးဖြင့် အနုပညာနယ်ပယ်အမျိုးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ပြီး ဆွတ်ခူးနိုင်ကြပြီဖြစ်သည်။ စင်စစ်အားဖြင့် စာသင်ကျောင်းများသည် လူငယ်တို့အတွက် အနုပညာပျိုးခင်းသဖွယ်ဖြစ်ခဲ့ရသည်။ ဂီတချိန်၊ ပန်းချီချိန်၊ အကချိန် စသည်ဖြင့် ကျောင်းစာနှင့်တွဲလျက် ဝါသနာပါရာ အနုပညာများကိုပြုလုပ်နိုင်ရန် ပျိုးထောင်ပေးခဲ့သည်။ အားကစားဝါသနာပါသူ၊ အချက်အပြုတ်၊ အချုပ်အလုပ်ဝါသနာပါသူ စသည်ဖြင့် ကဏ္ဍအမျိုးမျိုးခွဲလျက် ဝါသနာကိုလမ်းဖွင့်ပေးခဲ့ရာမှ ထူးချွန်သူများဖြစ်လာရသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှ တက္ကသိုလ်ရောက်သည်အထိ အဆင့်မြင့်လာပြီး စာပေဆည်းပူးရာနေရာတိုင်းသည် ဝါသနာဖော်ထုတ်ရာနေရာများလည်းဖြစ်လာရသည်။

မျက်မှောက်ကာလ ၂၁ရာစု ကမ္ဘာကြီးတွင် လူငယ်တို့သည် မိမိဝါသနာပါရာ အနုပညာအား ထူးချွန်အောင် တီထွင်ဆန်းသစ်ပါက အကျိုးကျေးဇူးများရလာနိုင်ပါသည်။ လူငယ်နှင့်အနုပညာသည် ဆက်စပ်နေ၏။ မြန်မာ့ဒိုးပတ်သံသည်

မြန်မာတို့အတွက် အားမာန်ကိုဖြစ်စေသကဲ့သို့ မြန်မာလူငယ်တိုင်းသည် မြန်မာနိုင်ငံအတွက် အားထားရာဖြစ်ပါသည်။ ထို့ကြောင့် မြန်မာလူငယ်တိုင်းသည် မြန်မာ့အနုပညာ ရိုးရာအစဉ်အလာများကို ထိန်းသိမ်းရင်း ဆန်းသစ်တီထွင်မှုများနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များကို စောင့်ရှောက်သွားကြလိမ့်မည်ဟု ယုံကြည်မိပါတော့သည်။ ။

မိုးနှောင်းရာသီမြင်ကွင်းများ

- ❑ မိုးနှောင်းချိန်ခါရောက်လာပုံ
- ❑ တော်သလင်းလမိုးနှောင်းချိန်၏ သဘာဝအလှ
- ❑ လှေပြိုင်ပွဲကျင်းပကြပုံ
- ❑ လှေနှင့်ပတ်သက်သော မှတ်သားဖွယ်များ
- ❑ သီတင်းကျွတ်လရောက်ရှိလာပုံ
- ❑ ပတ်ဝန်းကျင်မြင်ကွင်းနှင့် ပွဲတော်များကျင်းပကြပုံ
- ❑ ရိုးရာကိုထိန်းသိမ်းကြပုံ
- ❑ မိမိအမြင်

## မိုးနှောင်းရာသီမြင်ကွင်းများ

တစ်နှစ်တွင် တစ်မိုးသစ်ခဲ့ရာမှ တစ်ဆောင်းသို့ပင် ပြောင်းပေဦးတော့မည်။ မြန်မာပြည်သူတို့သည် တန်ခူးလ သင်္ကြန်ကျချိန်က သင်္ကြန်မိုးကိုမျှော်ပြီး ပိတောက်နှင့် ကြည်နူးခဲ့ရသည်။ ရင်ခတ်၊ ကံ့ကော် မွှေးရနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်ခဲ့ရသည်။ ထို့နောက် **'ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်'** အောင်ပူနေပါသော်လည်း စံကားစိမ်း၊ စံကားဝါ၊ စံပယ်၊ မြတ်လေး မွှေးရနံ့တို့ဖြင့် ကျေနပ်ခဲ့ရသည်။ **'နယုန်မိုးသေး၊ မြတ်သားမွှေး'** ချိန်ရောက်ပြန်တော့လည်း ပတ်ဝန်းကျင် ရွက်ကိုင်းခြောက်တို့တွင် အစို့အညှောက်ကလေးများ ထွက်လာသည်ကိုကြည့်ပြီး ရွှင်လန်းကြရပြန်သည်။ ၎င်းနောက် **'ဝါဆိုဝါခေါင် ရေဖောင်ဖောင်'** ဟူသည့် အတိုင်း ဝသန်ကာလမိုးကျသည်နှင့် အားမာန်များတက်ကြွလာရပြန်သည်။

မြန်မာနိုင်ငံအတွက် မိုးရာသီသည် အဓိကအရေးပါသော ရာသီဖြစ်ပါသည်။ မိုးဦးကို မျှော်ရသကဲ့သို့ မိုးလယ်ကိုဂရုစိုက်ရပါသည်။ ဆန်စပါးကို အဓိကထားစားကြသော မြန်မာပြည်သူတို့သည် သီးနှံများစိုက်ပျိုးပြီးချိန် မိုးနှောင်းကိုလည်း သတိထားကြရပါသည်။ စိုက်ခင်းများကို အရိပ်တကြည့်ကြည့် နှင့် ပေါင်းနုတ်၊ ပိုးသတ်လုပ်ပေးကြရပါသည်။ ဤသို့နှင့် **'ရင်းမာလှိုင်မြဲ၊ ခိုင်လုံးတွဲ'** သည် တော်သလင်းနှင့် **'ကြာမျိုးလည်းစို၊ ဖူးပွင့်ပို'** သည့် သီတင်းကျွတ်ကာလ မိုးနှောင်းချိန်ခါသို့ ရောက်လာ ရတော့သည်။ မိုးနှောင်းရာသီ၏အလှသည် ဆွတ်ပျံ့ကြည်နူးစိတ်ကူးယဉ်ဖွယ် အလှပင် ဖြစ်ပါတော့သည်။

'တော်သလင်းမြစ်တွင်း သင်ဖြူးခင်း' ဆိုသည့်အတိုင်း မိုးနှောင်းကာလ တော်သလင်းလ အချိန်အခါ၌ မြစ်ချောင်းရေပြင် တည်ငြိမ်ပြန့်ပြူးနေတတ်သည်။ တစ်ခါတစ်ရံ မိုးနှောင်းရေကြီးတတ်သည်များလည်းရှိသည်။ ကိုင်းပင်များ ပွင့်ချိန်ဖြစ်၍ **'တော်သလင်း ကိုင်းဖွေးဖွေး ရေဖွေးဖွေး'** ဟုလည်း ဆိုတတ်ကြသည်။ ထို့ကြောင့် စာဆိုတော်ဦးယာက ဆယ့်နှစ်လရာသီဘွဲ့လူးတားတွင် ကန်ရာသီတော်သလင်းလဘွဲ့ကို ဖွဲ့ဆိုပြခဲ့သည်။

**'ပန်းရွှေရင်းမာ၊ လှိုင်စွာပျံ့သင်း**
**တော်သလင်းဟု မြစ်တွင်းသဘင်**
**လှေပွဲဆင်၍ လက်သင်လှော်ကား**
**ရွှေလှေများတို့ ကစားလူးလာ**
**စုန်ကာဆန်တက် ဝိုင်း၍သက်က**
**ရွှေတက်ပြိုးပြောင် ပုံတောင်စည်မောင်း**
**ရေကြောင်းမြစ်လယ် ပျော်ဖွယ်အုံ့ချီး**
**မှတ်တီးကြေညာ သည်ပွဲသာတွင်**
**မြည္စာရွှေရုပ် ပုံသွင်းဆုပ်သို့....'** ဟူ၍ ရှေးမြန်မာမင်းများလက်ထက် တော်သလင်းလ၌ လှေပြိုင်ပွဲကျင်းပပုံကို ဦးယာက သရုပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။

မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ထည့်ဝါစွာ နေခဲ့ကြသည်။ မြန်မာ့ရိုးရာ လှေသဘင်ပွဲများကိုလည်း မင်းခမ်းမင်းနားနှင့်တကွ တခမ်းတနား ကျင်းပခဲ့ကြသည်။ ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်တွင် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်လာစဉ် ဖောင်တော်ဆိုက်ကပ်သည့် အရပ်တိုင်း၌ ရေခင်းတော်ကျင်းပပြီး လှေပြိုင်ပွဲများ ပြုလုပ်ခဲ့ပါသည်။ တောင်ငူခေတ် ဘုရင့်နောင်လက်ထက်မှာလည်း ရွှေနန်းအသစ်တက်သည့်အခါ ခုနစ်ရက်တိတိ ပွဲလမ်းသဘင် ခင်းကျင်းခဲ့ပြီး လှေပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ဆင်ယင်ကျင်းပပြုလုပ်ခဲ့သည်ဟု မှတ်သားရပါသည်။

မြန်မာဘုရင်များ လက်ထက်က ကျင်းပလာခဲ့သည့် လှေသဘင်ပွဲတော်ကို တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်ဖြင့် မျက်မှောက်ကာလတွင်လည်း နှစ်စဉ်ကျင်းပပါသည်။ လှေလှော်အားကစား နည်းသည် တိုင်းရင်းသားမျိုးနွယ်စုများနှင့် စည်းလုံးညီညွတ်စွာ စုပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စု သမ္မတ

မြန်မာနိုင်ငံတော်အတွက် ရိုးရာအားကစားနည်း တစ်ခုဖြစ်ပါသည်။ လှေလှော်နည်း (၃၇) နည်းရှိသည်။ လူအများစုပေါင်းလှုပ်ရှားရသော အားကစားနည်းဖြစ်၍ စည်းလုံးညီညွတ်ခြင်း၊ ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းခြင်း၊ စိတ်ဓာတ်အင်အား ကောင်းမွန်ခြင်းတို့ဖြင့် ပြည့်စုံစေပါသည်။

မျက်မှောက်ကာလ တက္ကသိုလ်ကောလိပ်များတွင် လှေလှော်အသင်းများဖွဲ့၍ ပြိုင်ပွဲများ ပြုလုပ်ပေးလေ့ရှိပါသည်။ တိုင်းနှင့်ပြည်နယ်အသီးသီး၌လည်း ပြိုင်ပွဲများ အဆင့်ဆင့်ပြုလုပ်၍ အားကစားအဖွဲ့က လူတော်လူကောင်းများ ရွေးချယ်ပါသည်။ ထို့နောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်စေပါသည်။ ဆု တံဆိပ်များ ဆွတ်ခူးပေးသည့် မြန်မာ့ဂုဏ်ဆောင် အားကစားနည်းတစ်ခုပင် ဖြစ်ပါ သည်။ ထို့ကြောင့်မိုးနှောင်းကာလ၏ သူရဲကောင်းမွေးရာ ဇာတိမာန်တက်ကြွဖွယ်ရာ ပွဲတော်သည် တော်သလင်းလ လှေပြိုင်ပွဲကျင်းပချိန်ပင် ဖြစ်ပါတော့သည်။

ရှေးအခါက ဘုရင့်ရေတပ်မတော်သည် လှေဖောင်ယာဉ်များဖြင့် ဖွဲ့စည်း ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လှေနှင့်ပတ်သက်၍ ဆိုရိုးစကားမှတ်သားဖွယ်ရာ များစွာရှိခဲ့ပါသည်။ **'လှေခွက်ချည်းကျန် အလံမလှဲ'**၊ **'တက်ညီလက်ညီ'**၊ **'လှိုင်းကြီး လှေအောက်'**၊ **'မရဲဘဲနှင့်လှေကျွဲကြီးကိုစီး'**၊ **'လှေအဆင်း မြင်းအတက်'**၊ **'လှေနံ နှစ်ဖက်နင်းသူ'**၊ **'ငါ့လှေငါထိုး ပဲခူးရောက်ရောက်'**၊ **'ကျော်တော့လှေသူကြီး ညားတော့ လှေထိုးသား'**၊ **'ဖိန်းကောဦးထောင် ကျောက်ဆောင်နဲ့ တိုက်မိမယ်'**၊ **'ခတ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီးရောက်'**၊ **ပဲ့နင်းတော့ ဦးကထောင် ဦးနင်းတော့ ပဲ့ကထောင်'**၊ **'လှေနံဓားထစ်'**၊ **'ရေစုန်မှာ လှေကြုံစီးသူ'** ဟူသော ဆိုရိုးစကား များသည် လှေလောကမှ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ရှေးအခါက မြန်မာ့လှေခေတ် သည် အရေးပါအရာရောက်လှသည်။ မျက်မှောက်ခေတ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု တစ်ရပ်ဖြစ်သော လှေပြိုင်ပွဲကို မိုးနှောင်းရာသီ တော်သလင်းလတွင် အားမာန်တက်ကြွ စွာ ကျင်းပနေဆဲ၊ အားပေးနေဆဲ ပင်ဖြစ်ပါသည်။

ဤမိုးနှောင်းကာလတွင် ဝါကျွတ်ချိန်ကို ရွှေလည်တိုင်ဖော့ရိုးကျိုးမတတ် မျှော်လင့်နေကြသူများရှိသည်။ ဝါတွင်း သုံးလပတ်လုံး ရဟန်းသံဃာများသည် တစ်နေရာတည်း၌သာ သီတင်းသုံးကြရသကဲ့သို့ သူတော်စင်များသည်လည်း တရား ရိပ်သာများသို့ဝင်၍ ဘာဝနာတရား ပွားများအားထုတ်ကြသည်။ ထို့ကြောင့် **'ဝါတွင်းမှာ လက်မထပ်ကောင်း'** ဟူ၍ ဗုဒ္ဓဘာသာမြန်မာလူငယ်များကို လူကြီး

တို့က ဆုံးမထားသည်။ ချစ်သူစုံတွဲများ၊ စေ့စပ်ထားသူများ မပေါင်းဖော်နိုင်ကြသေး၍ သီတင်းကျွတ်ချိန်ကို လက်ချိုးရေတွက်နေကြရခြင်းဖြစ်သည်။

ဘဝခရီးလမ်းကို အတူတကွလက်တွဲလျှောက်လှမ်းကြတော့မည့် စုံတွဲများ စိတ်ကူးယဉ်နေကြပေပြီ။ ကြိုတင်ပြင်ဆင်မှုများဖြင့် အလုပ်ရှုပ်နေချိန်လည်း ဖြစ်သည်။ မင်္ဂလာခန်းမ ငှားရ၊ အဝတ်အစားချုပ်ရ၊ ဖိတ်စာရိုက်ကြ၊ နေထိုင်ရမည့်အိမ် အတွက် ပြင်ဆင်မှုပြုရ၊ မင်္ဂလာခရီးစဉ်ရွေးရနှင့် မော၍မောရမှန်းမသိ၊ ပင်ပန်းနေကြရသော မိုးနှောင်းကာလအချိန်အခါလည်း ဖြစ်ပါတော့သည်။

ဤသို့နှင့် မိုးနှောင်း၏ နောက်ဆုံးလဖြစ်သော သီတင်းကျွတ်လသို့ ရောက်လာပေပြီ။ **'သီတင်း ကျွတ်ပြီ တူရာသီ၊ အဿဝဏီရှိန်ဝါ၍ရွှန်း။ ကြာမျိုးလည်းစုံ၊ မီးမြင်းမိုရ်၊ ဗဟိုအချာထွန်း....'** ဟု ကင်းဝန်မင်းကြီး စာဖွဲ့ခဲ့သည့်အတိုင်း ကြာပန်း၊ ခဝဲပန်းတို့ ဖူးပွင့်ဝေဆာလာသည်။ မိုးပေါက်၊ မိုးစက် တို့နေရာတွင် နှင်းမှုန်ပါးပါး ကျရောက်လွှမ်းခြုံလာပြီဖြစ်သည်။ နေထိုင်၍ ကောင်းသောရာသီ၊ သွားလာ၍ ကောင်းသောရာသီသို့ ရောက်လာပေပြီ။ တူရာသီ သီတင်းကျွတ်လ၌ အဿဝဏီနက္ခတ် ထွန်းလင်းပြီး မီးမြင်းမိုရ်ပွဲ ကျင်းပကြတော့မည်။

သီတင်းကျွတ်လကို ပလ္လင်ဆေးမိုးရွာသွန်းချိန်ဟုလည်း ဆိုကြသည်။ ဘုရားဆွမ်းတော်တင်ကြသော သင်ပုတ်ပလ္လင်ကို ဆေးကြောသည့်အနေဖြင့် နောက်ဆုံးမိုးတစ်ပြိုက်နှစ်ပြိုက် ရွာသွန်းတတ်သည်။ တောင်သူဦးကြီးတို့သည် လေယူရာ ယိမ်းနွဲ့နေသော စပါးပင်တို့နှင့် တမျှော်တခေါ် ကျယ်ဝန်းလှသည့် လယ်ကွင်းပြင်ကြီးကို ကြည့်မဝရှုမဝ ကြည်နူးနေရချိန်လည်းဖြစ်သည်။

သီတင်းကျွတ်လတွင်ကျင်းပသော ဆီမီးပွဲတော်ကို မီးမြင့်မိုရ်ပွဲ၊ တာဝတိံသာပွဲဟုလည်း ခေါ်ကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သင်္ကဿမြို့သို့ ပြန်လည်ကြွချီလာသည်ကို ရည်စူးပြီး ဆီမီးပူဇော်သောပွဲတော် ကျင်းပကြခြင်းဖြစ်သည်။ မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့် ညနေပိုင်းတွင် ဂေါတမဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွချီခဲ့သည်။ မယ်တော်မိနတ်သားနှင့်တကွ နတ်ပြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲဟောကြားတော်မူခဲ့သည်။ သီတင်းကျွတ်လပြည့် နေ့မှ ပြီးဆုံးတော်မူပြီး လူ့ပြည်သို့ ပြန်ကြွခဲ့ခြင်းဖြစ်သည်။

ပုဂံခေတ် မြင်းကပါဂူပြောက်ကြီးဘုရား၏ နံရံဆေးရေးပန်းချီကားတွင် သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ကြွချီဆင်းသက်ပုံကို ရေးဆွဲထားသည်။ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြား စောင်းတန်း သုံးသွယ်လည်းပါရှိသည်။ ဆီမီးခွက်များလည်းတွေ့ရသည်။ထို့ကြောင့် ပုဂံခေတ်ကပင် သီတင်းကျွတ်ဆီမီးထွန်းပွဲတော် ကျင်းပကြမည်ဟု မှန်းဆရပါသည်။

မျက်မှောက်ကာလတွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို လဆန်း (၁၄)ရက်၊ လပြည့်၊ လပြည့် ကျော် (၁)ရက် ဟူ၍ (၃)ရက် ကျင်းပကြသည်။ အိမ်တိုင်းတွင် ရောင်စုံမီးပုံများထွန်းပြီး မီးသွယ်မီးဆိုင်းအမျိုးမျိုးတို့ဖြင့် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိဘုရားကို မှန်းပြီး မီးပူဇော်ကြပါသည်။ မီးပုံးပျံလွှတ်ခြင်း၊ မီးရှူးမီးပန်း လွှတ်ခြင်းများလည်း ပြုကြသည်။

မိုးနှောင်းကာလ သီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းတော်များသည်လည်း ပဝါရဏာပွဲတော်ကျင်းပ ကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန် တိုက်တွန်းခြင်းဟု အဓိပ္ပာယ်ရသည်။ သိက္ခာ ဝါတော်အကြီးဆုံး မထေရ်ကြီးကစ၍ ထေရ်စဉ်၊ ဝါစဉ်အလိုက် သံဃာများကိုဖိတ်ကြားပြီး အပြစ်ကို မြင်သော်၊ ကြားသော် ပြောဆိုသတိပေးပါရန် ပြောကြားပုံသည် ကြည်ညိုဖွယ် ကောင်းလှပါသည်။ ဘုရားရှင်၏ ပညတ်တော်အစဉ်အလာသည် မွန်မြတ်ထူးခြား ကြည်ညိုဖွယ်ပင် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုအောက်တွင် ကြီးပြင်းလာရသော မြန်မာတို့ သည် ဝယဝုဒ္ဓိဟူသော အရွယ်ကြီးသူ၊ ဂုဏဝုဒ္ဓိဟူသော ဂုဏ်ကြီးသူ၊ ပညာဝုဒ္ဓိ ဟူသော ပညာကြီးသူတို့ကို ရိုသေကြသည်။ အနန္တောအနန္တငါးပါးကို ဦးထိပ်ထား ကြသည်။ ထို့ကြောင့် ထိုသီတင်းကျွတ်ကာလတွင် မိဘဘိုးဘွား ဆရာသမားတို့ကို တပည့်သားမြေးတို့က ဆေးဝါးများ၊ မုန့်များ၊ အထည်အလိပ်များနှင့် ကန်တော့ ကြသည်။ မောင်နှမဆွေးချင်းမိသားစုဝင်များလည်း တစ်ဦးကိုတစ်ဦး ကြီးစဉ်ငယ်လိုက် ကန်တော့ကြသည်မှာ ချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ ကြီးသူတို့၏ ဆုပေးသံ၊ ငယ်သူတို့၏ **'ပေးသည့်ဆုနှင့် ပြည့်ရပါစေ'** ဟူသော ဆုတောင်းသံတို့သည် ကြည်နူးဖွယ်အသံများပင် ဖြစ်ပါတော့သည်။

ဤကာလတွင် တောရွာမြို့ပါမကျန် ဝတ်ကောင်းစားလှများ ဝတ်လျက် မီးထွန်းပွဲတော် လှည့်လည်ကြသည်။ မြို့ကြီးများတွင် မဏ္ဍပ်များ၊ ပွဲစင်များဖြင့် နာမည်ကြီးအဆိုတော်များက ဖျော်ဖြေကြသည်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ

များလည်း ကျင်းပကြသည်။ မိုးလင်းပေါက်ကပြသည့် ဇာတ်ပွဲများလည်းရှိသည်။ ဘုရားပွဲတော်များတွင် ဈေးဆိုင်တန်းကြီးများခင်းလျက် ဇာတ်ရုံကြီးများဆောက်ပြီး နာမည်ကြီး ဇာတ်ပွဲများ ရုံသွင်းကပြကြသည်မှာလည်း သီတင်းကျွတ်ရိုးရာ အစဉ်အလာတစ်ခုပင်ဖြစ်သည်။

မိုးနှောင်းကာလ သီတင်းကျွတ်လပြည့်ကျော် (၁)ရက် ရောက်သည့်နှင့် ဝါကျွတ်သွားပေပြီ။ မိုးလွတ်လုနီးပါး ရာသီ၊ ဝါလကင်းလွတ်သောရာသီဖြစ်၍ သံဃာတော်များလည်း ခရီးသွားလာခွင့်ရကြသည်။ ကျောင်းသားလူငယ်များလည်း ပထမအကြိမ်စာမေးပွဲကြီးဖြေဆိုပြီး ကျောင်းပိတ်ချိန်ဖြစ်၍ ခရီးထွက်ကြသည်။ ချစ်သူစုံတွဲများလည်း မင်္ဂလာဖိတ်စာများဝေပြီး ဘဝခရီးလမ်းကို စတင်ကြပေပြီ။ ငှက်ကလေးများပင် မိုးလွတ်လေလွတ် ပျော်ရွှင်စွာပျံသန်းနေကြပေပြီ။ နိုင်ငံခြားရောက် မြန်မာတို့သည်ပင် မှန်းဆပြီး အလွမ်းစာပါးတတ်ကြသည်။ ငယ်သူငယ်ချင်းများ ပြန်ဆုံပြီး ဆရာကန်တော့ပွဲများ ကြီးကျယ်ခမ်းနားစွာ ကျင်းပကြသည်။ ဆရာများထံ လေယာဉ်လက်မှတ်ပို့ပေးပြီး နိုင်ငံခြားသို့ ပင့်ဆောင်ခေါ်ယူလျက် ကျင်းပသည့် ကန်တော့ပွဲများပင် ရှိလာခဲ့ပေပြီ။

ထို့ကြောင့် မိုးနှောင်းရာသီမြင်ကွင်းများသည် အခြားသော ရာသီမြင်ကွင်းများထက် ထူးခြားမွန်မြတ်သော မြင်ကွင်းများဟုဆိုနိုင်ပါသည်။ ကျေးဇူးရှင်များကို ကျေးဇူးဆပ်သော မြင်ကွင်းသည် မြန်မာတစ်ပြည်လုံး လောဘ၊ ဒေါသ၊ မောဟ နည်းပြီး ချမ်းမြေ့ကြည်လင်အေးချမ်းမှုအပြည့်ရှိနေသော အချိန်ဟုပင် ဆိုနိုင်ပါသည်။ လူငယ်တိုင်းသည် ရိုးရာအစဉ်အလာကိုထိန်းပြီး မိုးနှောင်းကာလ ဝါကျွတ်ချိန်တိုင်းကို ကျက်သရေမင်္ဂလာရှိစွာ ပြုမူတတ်ရပေမည်။ ရိုသေကျိုးနွံစွာ ကုသိုလ်ယူတတ်ရပေမည်။ ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ ဖဝါးအစုံကို ဦးခိုက်လျက် ဆုံးမစကားကို နားထောင်ရင်း ဆုပေးသံကို နာခံရင်းနှင့်ပင် ဘဝလမ်းကြောင်းကို ဖြောင့်မတ် မှန်ကန်စွာလျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါသည်။

မိုးနှောင်းရာသီမြင်ကွင်းများကား မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဟန်နှင့် မြန်မာဆန်သော နှစ်သိမ့်ကြည်နူးဂုဏ်ယူဖွယ်မြင်ကွင်းများပင် ဖြစ်ပါတော့သည်။ ။

ဖူးပွင့်ဝေစီနွေရာသီ

- ❑ ရာသီသုံးပါးအနက် နွေရာသီ၏သဘာဝကို မိတ်ဆက်ခြင်း
- ❑ နွေအဝင်သရုပ်ကို စာကိုးများဖြင့် သရုပ်ဖော်ခြင်း
- ❑ နွေးဦးအစ တပေါင်းလတွင် ဗုဒ္ဓ၏ဒေသစာရီခရီးကြွပုံကို သုတအဖြစ် ဖော်ပြခြင်း
- ❑ နွေသဘာဝတွင် ဖူးပွင့်သည့်ရာသီပန်းကြည်နူးစရာ သင်္ကြန်ပွဲတော်ကို ပုံဖော်ခြင်း
- ❑ ဗုဒ္ဓ၏ ဖွားပွင့်ဟော စခဲ့သည် ကဆုန်လ၏ပွဲတော်နှင့် ရာသီသဘာဝကို မီးမောင်းထိုးပြခြင်း
- ❑ မြတ်နိုးတမ်းတဖွယ် နွေသရုပ်ကို လွမ်းမောဖွယ်စာသားများဖြင့် နိဂုံးမှတ်တမ်းတင်ခြင်း

## ဖူးပွင့်ဝေစီနွေရာသီ

ဗုဒ္ဓဘာသာဝင်တို့ပျော်စံရာ မြန်မာပြည်တစ်ခွင်တွင် လောကီ၊ လောကုတ္တရာ နှစ်ဖြာရှိသည့်အနက် လောကီသဘာဝကို အလေးထား၍ ပုံဖော်ပြကြသည့် သုံးရာသီမြင်ကွင်းတွင် နွေရာသီ၏သရုပ်သကန်ကို အဟုတ်အမှန် မီးမောင်းထိုးပြရပေတော့မည်။ မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး မြင်ကွင်းအလှသဘာဝမှာ တစ်မျိုးစီ ထူးခြားလှပ သာယာကြပေသည်။ ယင်းတို့အနက် နွေရာသီ၏သဘော သဘာဝအလှအပ၊ အနုအရွတို့သည်ကား စာပန်းချီခြယ်၍ မမီနိုင်ဟု ဆိုရပေမည်။

ဆယ့်နှစ်လရာသီရှိသည့်အနက် တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန် လေးလကို နွေရာသီဟု သတ်မှတ်ကြသည်။ တပေါင်းလကို နွေဦးအစဟု လည်းကောင်း၊ တပေါင်းသာခေါင် လများနောင်ဟု လည်းကောင်း၊ နေ့ပူလို့ညချမ်း တပေါင်းလသရမ်းဟု လည်းကောင်း၊ ရာသီကြက်ဆောင်း လတပေါင်းဟု လည်းကောင်း၊ တပေါင်းလကူး မိုးသားကြူးဟုလည်းကောင်း အမျိုးမျိုးအဖုံဖုံ ဖိုဂြိုဟ်ပြခဲ့ကြ၏။

တပေါင်းလသည် ဆောင်းတစ်ဝက် နွေတစ်ဝက်လဖြစ်၍ နေ့ပူပြီး ညချမ်းသည်ဟု စာဆိုတို့က မှတ်ယူခဲ့ကြသည်။ ရာသီတကာ့ ရာသီထဲတွင် အသာယာဆုံးလဖြစ်၍လည်း "ရာသီကြက်ဆောင်း လတပေါင်း"ဟု ဆိုခဲ့ကြသေးသည်။ တပေါင်း

လသည် မိန်ရာသီဖြစ်၍ တပေါင်းနွေဦး မင်းလွင်ကလည်း မြူးသည်။ နွေဦးပေါက်သဖြင့် လေရူးကလည်း နှောက်သည်။ နွေအဝင်လေနှင့် သစ်ရွက် ဝေ့ဝေ့ဝဲ၏။ တပေါင်း၏နွေရူးတွင် သစ်ရွက်ခြောက်များ မြေတွင်လူးနေ၏။ အနီတွင် အဝါစွက်၍ တစ်မျိုးလှနေသော သစ်ရွက်ကလေးများကို

'သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်

သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့' ဟု စာဆိုတော် ရှင်ဥတ္တမကျော်က မြင်ခဲ့သည်။ နွမ်းရော်နေသော သစ်ရွက်၊ နီနေသောသစ်ရွက်၊ ရွှေရောင်တစ်ဝက် စပ်ဖက်နေသော သစ်ရွက်။ ဤသစ်ရွက်ကလေးများ ရောင်စုံခြယ်နေသောကြောင့် 'ရဂုံမြိုင်တွင် တောလုံးလင်း' ဟု စာဆိုက ဖွဲ့ထားပြန်သည်။

စာဆိုတို့သည် ဤအချိန်၌ သစ်ရွက်ကို မျက်စိကျ၏၊ တိမ်ကိုမြတ်နိုး၏၊ လေကိုချစ်၏၊ တိမ်ပြေးသဖြင့် မိုန်မှေးသောအတွေးပေါ်၏။ ထို့ကြောင့် စာဆိုရှင်ဥတ္တမကျော်၏ နွေဦးတောလားတွင် "တိမ်ညိုမိလ္လာ၊ တိမ်စူကာနှင့် တိမ်ပြာရောယှက်၊ မရှန်းဖက်၍၊ တိမ်သက်တန့်ရောင်၊ အဝါဘောင်ဝယ် မှောင်ခဲ့တစ်ခါ ပြာခဲ့တစ်ချို့၊ ညိုခဲ့တလီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က၊ လေးဘက်လုံးခြုံ၊ တိမ်ဂမ္ဘုန်လည်း နဂါးရုံကြွေ၊ ရန်ချင်းတွေ့သော် ခိုးငွေ့လွတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့" ဟူသော စုတ်ချက်များကို တွေ့ရလေသည်။

နွေဦးအစ တပေါင်းလသည် သာယာမှုအပေါင်း ခညောင်းလျက်ရှိ၏။ တောခြေသို့ ကြည့်လိုက်ပြန်သော် မြိုင်မှာမြိုင်အလျောက် လွမ်းလောက်အောင် ဖန်ဘိ၏။ ငှက်မှာငှက်အလျောက် လွမ်းစရာပွားဘိ၏။ မြစ်မှမြစ်သို့ အလွမ်းဆို့စရာ ကောင်းလှ၏။ ကျက်သရေအပေါင်း ခညောင်းလှသော တပေါင်းလ အခါသမယတွင် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ဖခမည်းတော်နှင့် ဆွေတော်မျိုးတော်များရှိရာ ကပိလဝတ်နေပြည်တော်သို့ တောခရီးမှဖြတ်သန်းကာ ဒေသစာရီ ကြွချီတော်မူခဲ့၏။ တောကြီးတောင်ကြီးထဲတွင် မြတ်စွာသော သုံးလူ့ရှင်သည် နောက်ပါရဟန်းများခြံရံလျက် တစ်နေ့ တစ်ယူဇနာ ကြွချီတော်မူစဉ် သဘာဝအခြေနေများ၊ တောပန်းများ၊ တောသတ္တဝါများအားလုံး ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပူဇော်ကြ၏။ ပန်းတို့သည်လည်း အခါမဲ့ပွင့်ကြ၏။ ငှက်ခတ်သမားမုဆိုးများပင် လေးမြားလက်နက်များ ဝှက်၍ ဗုဒ္ဓဘုရားအား ပူဇော်ခဲ့ကြ၏။ သိကြားမင်း၏ မိဖုရားလေးပါးလည်း တောတောင်သို့ ဆင်းသက်၍ မြတ်စွာဘုရားကို ဝတ်ပြုကြည်ညိုခဲ့ကြ၏။

နွေဦးအစတွင် ပေါက်ပန်း၊ လဲပန်းတို့ ဖူးပွင့်ဝေရီကြည်နူးစေခဲ့သလို ကျေးငှက် သာရကာစသည်တို့လည်း ပင်ပေါ်ထက်ဝယ် သဘင်ဆင်ယင် ကျင်းပခဲ့ကြသည်။ နွေသရုပ်ကို ပီပီပြင်ပြင်ဖွင့်ပြနိုင်သော တန်ခူးလရာသီတွင် ရွှေပိတောက်တို့ အစုလိုက်အခဲလိုက် ပွင့်ကြသလို ရေသဘင်ပွဲကိုလည်း ခြိမ့်ခြိမ့်သဲဆင်နွှဲကြ၏။ ကံ့ကော်၊ ရင်ခတ်တို့ ဖူးပွင့်ခဲ့ကြ၏။ နွေအပူရှိန်၏ဒဏ်ကို ခုခံသောအားဖြင့် တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကြ၏။ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသော အခါသမယလေးပင်။

နွေသရုပ်တွင် အပူရှိန်အမြင့်ဆုံးလကား ကဆုန်လပင်ဖြစ်တော့၏။ ဗုဒ္ဓ၏ ဖွား၊ ပွင့်၊ ဟော၊ စံ ဟူသော အမှတ်တရများဖြင့် ပြည့်နေသောကြောင့် လထူး လမြတ်လည်း ဖြစ်၏။ ကဆုန်လကား သဗ္ဗညုတဘုရား ဖွားမြင်တော်မူရာ၊ ဘုရားအဖြစ် ပွင့်တော်မူရာ၊ တရားဟောတော်မူရာ၊ ပရိနိဗ္ဗာန်စံတော်မူရာများ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်သောကြောင့် လမြတ်ဟုခေါ်ရပေမည်။ ရှင်ချစ်မြတ်စွာ ပွင့်တော်မူရာ မဟာဗောဓိညောင်ပင်ကို ရေသပ္ပာယ်ပြီး ပူလောင်မှုများငြိမ်းအေးအောင် ဆောင်ရွက်ကြသော ဓလေ့များရှိခဲ့၏။ ညောင်ရေသွန်းပွဲကို စည်ကားစွာ ကျင်းပလေ့ရှိ၏။ နွေရာသီ၏ အပူဆုံးလဟု သတ်မှတ်ရပေမည်။

လနယုန်သည်ကား နွေအဆုံး မိုးအစလဟု ပြောရပေမည်။ နယုန်မိုးသေး၊ မြတ်သားမွေးလသည် အပူရှိန်လျှော့ကျပြီး အအေးဓာတ် စတင်ထိတွေ့ရသော ကာလပင်ဖြစ်၏။ မုလေးပန်း၊ စံပယ်ပန်းတို့ သင်းပျံ့သောလဖြစ်၏။ စာတော်ပြန်ပွဲများလည်း ရှေးခေတ်က ကျင်းပခဲ့၏။ ဖူးပွင့်ဝေစီ နွေရာသီတွင် ကြည်နူးစရာအဖုံဖုံ၊ ဘဝင်မြူးစရာအထွေထွေ သုတအဖြာဖြာများဖြင့် ပြည့်လျှက်ရှိ၏။ သဲပုံစေတီပွဲ၊ သင်္ကြန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ စာတော်ပြန်ပွဲ စသည့် မမေ့နိုင်စရာ ဘာသာရေးပွဲတော်များကြောင့်လည်း 'နွေရာသီ' သဘာဝကို ကလောင်ချ၍ ရေးဖွဲ့ပါက အံ့ချီးမကုန်နိုင်ဟု ဆိုရပေမည်။ ။

ဂုဏ်ယူဖွယ်ကျွန်ုပ်တို့ကျောင်း

- ❑ 'ကျောင်း' ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ဖွင့်ဆိုချက်
- ❑ စာသင်ကျောင်းဟူသည် ဤလောက၌ မရှိမဖြစ်အရေးကြီးပါသည်။
- ❑ ကျောင်းပေါင်းများစွာရှိသည့်အနက် ကျွန်ုပ်တို့ကျောင်းမှာ တုနှိုင်း၍ မရလောက်အောင် ကြီးမားသော ဂုဏ်ဒြပ်များနှင့် ဝင့်ထည်လျက်ရှိပါသည်။
- ❑ ကျွန်ုပ်တို့ကျောင်းမှ စွမ်းဆောင်ခဲ့သော ဂုဏ်အရည်အချင်းများ
- ❑ မမေ့နိုင်သောအဖြစ်အပျက်များကြောင့် ကျွန်ုပ်တို့ကျောင်းကို တမ်းတစွဲလမ်းကြောင်း

## ဂုဏ်ယူဖွယ်ကျွန်ုပ်တို့ကျောင်း

'ကျောင်း' ဟူသော ဝေါဟာရမှာ အတတ်ပညာသင်ယူရာဌာနဟု လောကီအရ အနက်ရပေသည်။ ရသေ့ရဟန်းတို့ သီတင်းသုံးရာအဆောက်အအုံ ဟုလည်း လောကုတ္တရာသဘောအရ အနက်စောကြောမိပေသည်။ လူ့ဘဝ လူ့လောကတွင် 'ကျောင်း' ဟူသော ဝေါဟာရမှာ မရှိမဖြစ် အရေးကြီးပေသည်။ လောကီလူသားတို့၏ ဘဝအစ ကလေးအရွယ်မှစတင်၍ အမေ့ကျောင်းတွင် ဘဝအတွေ့အကြုံယူကြရပြီး မူကြိုအရွယ်တွင်လည်း ကျောင်းပရဝုဏ်တွင် ပညာရှာမှီးကြရလေသည်။ ကျောင်းနေချိန် (၅)နှစ်အရွယ်မှစ၍ ဘွဲ့ရသည်အထိ ပညာရည်နို့သောက်စို့ရသော မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ တက္ကသိုလ်ကျောင်းဟု ကျောင်းအသီးသီး၏ တန်ဖိုးအဆင့်ဆင့်ကို ချင့်တွက်ကြရပေမည်။

ကျွန်ုပ်တို့ကျောင်းကို အဝေးကပင်မြင်နိုင်ပါသည်။ မြန်မာနိုင်ငံ၏ အကျော်ကြားဆုံးဖြစ်သော ဝန်ကြီးများရုံးနှင့် အတန်ပင်နီးပါသည်။ အနော်ရထာ လမ်းမကြီးပေါ်တွင် တည်ရှိသည့် သုံးထပ်တိုက်ကျောင်းကြီး ဖြစ်ပါသည်။ ရှေ့တူရူတွင် သတင်းနှင့်စာနယ်ဇင်းဌာနကြီး ရှိခဲ့ဖူး၍ ယခုမူ ရွှေ့ပြောင်းသွားပါပြီ။ ဘေးတစ်ဖက်တွင် ပန်ချာပီဆစ်ခ်လူမျိုးများ၏ ဘုရားကျောင်းလည်းရှိပါသည်။ အထက (၆) ဗိုလ်တထောင် ယောကျ်ားလေးကျောင်းနှင့်လည်း မနီးမဝေးဖြစ်ပါသည်။ သိမ်ဖြူလမ်းမကြီး ခြားထားပါသည်။ အထက (၅) ဗိုလ်တထောင်သည် ကျားနှင့်မ ရော

ထားသော ကျောင်း၊ စည်းကမ်းတွင် တစ်ပြေးတည်းနေသော ကျောင်းတော်ကြီးလည်း ဖြစ်ပါသည်။ အားကစားကွင်းမရှိ၍ ကျောင်းတော်သူ ကျောင်းတော်သားများမှာ အားကစားလေ့ကျင့်ခွင့်မရဘဲ စာဘက်ကိုပို၍ အာရုံစိုက်ရသောကြောင့် ကျောင်းနေ ပျော်၍ စာတော်သူများ ဖြစ်ကြပါသည်။ နေရာအပြည့် ကျောင်းအပြည့် ဆောက်ထား သောကြောင့် ကျောင်းချိန် နှစ်ကြိမ်ခွဲတက်ရပါသည်။ အတန်းလိုက် နံနက် ၇ နာရီမှ ၁၂နာရီတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ၅နာရီ တစ်ကြိမ် ခွဲ၍ ကျောင်းတက်စေပါသည်။ ကျောင်းလွှတ်ရာတွင်လည်း အတန်းအားလုံး တစ်ပြိုင်တည်းမလွှတ်ဘဲ တစ်တန်းပြီးမှ တစ်တန်း လွှတ်ရသောကြောင့် ကျောင်းတက်ချိန်၊ စာမေးချိန်မှာ အခြားကျောင်း များထက် ပို၍ရပါသည်။

အထက (၅) ဗိုလ်တထောင်သည် ကျောင်းစည်းကမ်းကြီးသည်ဟု ရန်ကုန် တိုင်းတွင် ကျော်ကြားပါသည်။ ကျောင်းပရဝုဏ်မရှိဘဲ သုံးထပ်တိုက်အပြည့်ဆောက် ထားသောကြောင့် ကျောင်းသားကျောင်းသူများ ထိန်းသိမ်းရာတွင် ကျစ်လျစ် သိပ်သည်းမှုရှိပါသည်။ ကျောင်းပတ်ဝန်းကျင်မရှိသောကြောင့် တစ်ပိုင်တစ်နိုင် ထိန်းသိမ်းနိုင်ပါသည်။ ဆရာ၊ ဆရာမများသည် မိမိအတန်းတွင်းရှိ ကျောင်းသား ကျောင်းသူများကို ပိပိရိရိသွန်သင်ဆုံးမနိုင်သလို စာမေးရာတွင်လည်း တစ်ဦးမှ မလွတ်စေဘဲ ထိထိမိမိသင်ကြားနိုင်ပါသည်။ ထို့ကြောင့် အထက (၅) ဗိုလ် တထောင်၏ စည်းကမ်းကြီးမှု၊ ပညာထူးချွန်မှုမှာ အံ့သြဘနန်း ကျော်ကြားပါသည်။ ကစားကွင်းမရှိဘဲ၊ စာပို၍ကျက်ရ၊ လေ့ကျင့်ခန်းများ မလုပ်ရသောကြောင့် ပညာ ရေးတွင် ထူးချွန်ထက်မြက်သူများပါသည်။ တိုင်းအလိုက်။ မြို့နယ်အလိုက် ထူးချွန် ထက်မြက်သူများကို မွေးထုတ်ပေးနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းတွင်လည်း (၆) ဘာသာဂုဏ်ထူးရှင် အများဆုံး၊ ဆေးတက္ကသိုလ်ဝင်ခွင့်ရသူ ထုနဲ့ဒေး ဖြစ်ကြောင်း တစ်တိုင်းတစ်ပြည်လုံး သိကြပါသည်။

ကျောင်းနေပျော်၍ စာတော်သောကြောင့် ဤကျောင်း၏ ဂုဏ်သတင်း ကြီးမားမှုနှင့် စွမ်းဆောင်မှုများကို ပြော၍မကုန်နိုင်ဟု ဆိုရပေလိမ့်မည်။ အရည် အချင်းပြည့် ဆရာ၊ ဆရာမများကလည်း စာသင်ကြားရာတွင် မခိုမကပ်ကြပါ။ ကျောင်းအုပ်ကြီးကလည်း ဟာကွက်မရှိအောင် ညွှန်ကြားပါသည်။ ကျောင်းပရဝုဏ်မှာ သုံးထပ်တိုက်တစ်လုံးတည်းသာဖြစ်၍ ကျောင်းအပ်သူများ တစ်နှစ်ထက်တစ်နှစ် များပြားလာသောကြောင့် ကျောင်းဝင်ခွင့်ကို စနစ်တကျစိစစ်ရပါသည်။ ဂုဏ်သတင်း

မွေးသောကြောင့်လည်း ဤကျောင်းတွင် ပညာရည်နှိ သောက်စို့ လိုသူများ အနန္တပေပင်၊ သမ္မတကြီးက ဆုငွေသိန်းချီ ချီးမြှင့်သော သချာဆု၊ အင်္ဂလိပ်စာဆုများကိုလည်း ဤကျောင်းမှ ကျောင်းသားကျောင်းသူများ အောင်မြင်စွာ ဆွတ်ခူးခဲ့ပါသည်။ ခေတ်နှင့်အညီ ကင်းထောက်တပ်ဖွဲ့ဝင်သူများလည်း ရှိခဲ့ပါသည်။ အခြားကျောင်းနှင့်ယှဉ်လျှင် ခေါင်းမော်၍ နေနိုင်ပါသည်။ စာတော်ရုံသာမက ဗဟုသုတရှာဖွေမှုနှင့် အတတ်ပညာပိုင်းမှာလည်း ခေသူများ မဟုတ်ကြပါ။

ကျွန်ုပ်တို့၏ကျောင်း အထက (၅) ဗိုလ်တထောင်မှာ လူသိများကျော်ကြားရုံသာမက စည်းလုံး ညီညွတ်မှု၊ စိတ်နေသဘောထားမြင့်မြတ်မှု၊ သည်းခံခွင့်လွှတ်မှုစသော စိတ်ပိုင်းဆိုင်ရာ အတုယူဖွယ် များလည်း ရှိခဲ့ပါသည်။ ကျောင်းပရဝုဏ်မရှိ၊ ကစားကွင်းမရှိသောကြောင့် အနီးနားကျောင်းဖြစ်သော အထက (၆) ဗိုလ်တထောင် ယောကျ်ားလေးကျောင်းက မုန့်စားချိန်ကျောင်းလွှတ်ချိန်တွင် ကျောင်းသားသဘာဝ လာရောက်၍ စခြင်း၊ ပြောခြင်း၊ မခံချင်အောင်ပြောခြင်းများရှိခဲ့ပါသည်။ သို့တစေ၊ မုန့်စားချိန်ကို တစ်ပြိုင်တည်းမလွှတ်ဘဲ အတန်းလိုက်လွှတ်သော အထက (၅) ဗိုလ်တထောင်၏ စည်းကမ်းရှိမှုကြောင့် ရန်မဖြစ်ကြပါ။ ဆရာ၊ ဆရာမများ၏သွန်သင်ဆုံးမမှုနှင့် အခြေအနေမပေးမှုတို့ကြောင့် ဗိုလ်တထောင် (၅) ကျောင်းတွင် ကျောင်းသားရန်ဖြစ်ပွဲဟူသည် ဘယ်သောအခါမျှ ပေါ်လာမည် မဟုတ်ပါ။ စာတော်သော ကျောင်းစည်းကမ်းရှိသော ကျောင်းအဖြစ် ထာဝရဂုဏ်ယူဝင့်ကြွား၍သာ ရှိနေတော့မည်တကား။ ။

ကိုယ်ချင်းစာတရား

- ကိုယ်ချင်းစာတရားဟူသည်
- အသိဉာဏ်ရှိသော လူသားများသာ ကိုယ်ချင်းစာတရား၏သဘောကို နားလည်ကျင့်သုံးနိုင်ပုံ
  ကိုယ်ချင်းစာတရားကို လက်ကိုင်ထားသော သူတော်စင်များအကြောင်း သာဓက
- လောကီကိစ္စအဝဝတွင် ကိုယ်ချင်းစာတရားသည် မရှိမဖြစ်အရေးပါပြီး အသေးအဖွဲ့ကအစ ကြီးကြီးမားမား ပြဿနာအထိ လိုအပ်ကြောင်း လောက၏အေးချမ်းမှု၊ ကြီးပွားချမ်းသာမှုများကို အထောက်အကူပြုပုံ
- ကိုယ်ချင်းစာတရား ကင်းမဲ့မှုကြောင့် ကမ္ဘာကြီးတွင် စစ်မီးများ တဟုန်းဟုန်းတောက်လောင်ပြီး ကမ္ဘာစစ်ကြီးများဖြစ်၍ လောကကို အကျည်းတန်စေပုံ
- ကိုယ်ချင်းစာတရား၏ အကျိုးကျေးဇူးများ၊ ရလာဒ်များကြောင့် ကမ္ဘာလောကကြီး အေးချမ်း သာယာပုံ

## ကိုယ်ချင်းစာတရား

ကိုယ်ချင်းစာတရားဟူသည်မှာ အသိဉာဏ်ရှိသော လူ့လောကတွင် သဘာဝ တရားအရ မရှိမဖြစ် ပေါ်ပေါက်လာခဲ့သော တရားဖြစ်ပါသည်။ အဟိတ် တိရစ္ဆာန် များမှာ တစ်ကောင်နှင့်တစ်ကောင် ကိုက်သတ်ကြ၊ သတ်ကြဖြတ်ကြ၊ စားကြနှင့် ရန်ပွဲများဆင်နွှဲ၍ အသက်ရှင်နေထိုင်ကြပါသည်။ သူ့ကိုကိုက်၍ သူနာသလို၊ ကိုယ်လည်းနာကျင်မည်ဟူသော အတွေးမရှိကြပါ။ ထို့ကြောင့် အသိဉာဏ်ရှိသော လူသားများမှာ ကမ္ဘာဦးကတည်းက မိမိခံစားသလို တခြားလူလည်း ခံစားနိုင်သည်။ သူ့ကို ညှဉ်းဆဲရိုက်ပုတ်ပါက သူနာသလို၊ ကိုယ်လည်းနာကျင်မည်ဟု တွေးတော တတ်လာကြပါသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ခံစားနားလည်ပေးသော သဘောပင်ဖြစ်ပါသည်။ အချုပ်ဆိုရသော် မိမိကိုယ်နှင့်ထပ်တူ စာနာနားလည် ခံစားပေးသော တရားသဘောကို ကိုယ်ချင်းစာတရားဟု ဆိုလိုပေသည်။

လူ့လောကီတွင် လူအမျိုးမျိုးစိတ်အထွေထွေ ရှိတတ်ကြပါသည်။ အဆင့်အတန်းမှာလည်း မတူညီကြပါ။ တချို့မှာ ချမ်းသာပြီး အထက်တန်း အဆင့်ဖြစ်၍ တချို့မှာ ဆင်းရဲပြီး အောက်တန်းစားအဆင့်ဟု သတ်မှတ်ကြပါသည်။ သို့သော် လူတန်းစားများကို ပြင်ပဗဟိဒ္ဓအဆင်အယင်ဖြင့် ခွဲခြားသတ်မှတ်ခြင်းကား မမှန်မကန်ပါ။ စိတ်ဓာတ်အဆင့်အတန်းကို အဓိကထား၍ ထည့်တွက်ကြရပါမည်။ လူဆင်းရဲသော်လည်း "လူနေချုံကြား စိတ်နေဘုံဖျား" ဟူသော ဆိုရိုးစကားအတိုင်း စိတ်ထားကောင်းသူ၊ ကိုယ်ချင်းစာတရား လက်ကိုင်ထားသူ၊ လူဆင်းရဲများလည်း များစွာပင်။ ကိုယ်ချင်းစာတတ်သူကို လူတိုင်းချစ်ခင်လေးစားကြပေသည်။ စိတ်သဘောထား ကောင်းသူ၊ ဖြူစင်သူဟု ကင်ပွန်းတပ်ကြပေသည်။

မဟော်သဓာဇာတ်တော်လာ သားလုခန်းတွင် ကလေးခိုးယူသော လူယောင်ဆောင် ဘီလူးမနှင့်မိခင်ရင်းတို့ သူ့ကလေး၊ ငါ့ကလေးဟု အငြင်းပွားရာမှ မဟော်သဓာ သုခမိန်ထံ အဆုံးအဖြတ်ခံရန် ရောက်ကြ၏။ မဟော်သဓာက မိခင်နှစ်ဦးကိုသာ လုခိုင်း၏။ သူ့ကလေး၊ ငါ့ကလေးဟု အပြိုင်အဆိုင် ကလေးကို ဆွဲကြရာတွင် ကလေးနာကျင်၍ ငိုသည်ကို မကြည့်ရက်နိုင်သော မိခင်ရင်းမှာ စာနာစိတ်၊ မိခင်စိတ်ကြီးမားသဖြင့် ကလေးကိုလွှတ်ပေးလိုက်၏။ ကိုယ်ချင်းစာစိတ် ကင်းသော လူယောင်ဆောင် ဘီလူးမမှာ ကလေးကိုအမိအရ အနိုင်လု၏။ ကိုယ်ချင်းစာစိတ် ကင်းမဲ့လွန်း၏။ သူ့ဝမ်းမှလွယ်မွေးသော ကလေးဖြစ်ပါက ဤသို့ပြုမူမည်မဟုတ်၊ ထို့ကြောင့် မဟော်သဓာက အရှုံးပေးသော မိန်းမမှာ ကိုယ်ချင်း စာနာစိတ်ရှိရုံသာမက မိခင်၏မေတ္တာစိတ်လည်း ကြီးမားသောကြောင့် မိခင်ရင်းဟုဆုံးဖြတ်ပြီး ကလေးကို ပြန်ရယူစေ၏။

ကိုယ်ချင်းစာတရားမှာ လောကုတ္တရာတရားသဘော၏ အခြေခံ အရင်းမြစ်ဖြစ်၏။ လောကီလူ့ဘောင်တွင် နေထိုင်သူများ အေးအေးချမ်းချမ်းနေထိုင်နိုင်ရန် လူမှုရေးသဘောတစ်ခုအဖြစ် လက်ကိုင်ထား ကျင့်သုံးနေခြင်းဖြစ်၏။ ရပ်ကွက်ထဲတွင် ကလေးချင်းဆော့ကစားရာမှ ရန်ဖြစ်ကြ၊ သတ်ပုတ်ကြ၏။ မိဘများဝင်ရောက်လာပြီး အမှားအမှန်မခွဲခြားဘဲ သားသမီးကို အတ္တကြီးစွာချစ်သောသဘောဖြင့် ဝင်ရောက်ရန်ဖြစ်ရာ ကလေးပွဲမှ လူကြီးရန်ဖြစ်ပွဲသို့ ပြောင်းလဲမှုများကြုံဖူး၏။ မိမိသားသမီးကို ချစ်သလို၊ အခြားမိဘများလည်း ချစ်ကြသည်။ ချစ်သော်ငြားလည်း မိမိတို့သားသမီး၏ စိတ်ဓာတ်အနိုင်ယူလိုမှု ရှိမရှိကို ဆန်းစစ်

ပြီးမှ ရန်ပွဲကို ငြိမ်းသတ်ပေးရမည်။ အဓိကမှာ ကိုယ်ချင်းစာတရား လက်ကိုင်ထားရန် ဖြစ်သည်။ မိမိသားသမီးလွန်ပါက တစ်ဘက်ကို တောင်းပန်ရမည်။ နောင် ဤကဲ့သို့ မဖြစ်စေရန် ရိုက်နှက်ဆုံးမသင့်က ဆုံးမရမည်။ လိမ္မာရေးခြားရှိစေရန် ငယ်စဉ်ကတည်းက စာနာစိတ်ကို ထမင်းစားရေသောက်ပမာ နားသွင်းပေးရပေမည်။ ငယ်ဘဝမှစ၍ အိုမင်းရင့်ရော်သည်အထိ ဘဝကို အေးချမ်းစွာ လျှောက်လှမ်းတတ်စေရန် 'ကိုယ့်စိတ်နှင့်နှိုင်း မရှိုင်း' ဟူသော သဘောတရားကို သွင်းပေးရမည်။

အိမ်ထောင်သည်ဘဝရောက်နေကြသော လူလတ်ပိုင်းတို့မှာလည်း လင်နှင့်မယား ဆိုးတူကောင်းဖက် တိုင်တိုင်ပင်ပင်နေထိုင်သွားကြရပေမည်။ ငါတကောကောပြီး၊ ငါလုပ်တာအမှန်ဟု တဖွတ်ထိုး တယူသန် ဆက်ဆံပါက အိမ်ထောင်ရေး သာယာမည်မဟုတ်ချေ။ တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းနေထိုင်ခြင်းသည် စာနာစိတ်ကို မွေးဝေခြင်းဖြစ်၏။ လင်မယားကွဲကြသည်မှာ ကိုယ်ချင်းစာစိတ် ကင်းမဲ့မှုက အဓိက ကျပေသည်။

ကမ္ဘာကြီးတွင်လည်း ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ ဘာသာရေးစစ်ပွဲများ ဆင်နွှဲခဲ့ကြသည်မှာ ကိုယ်ချင်းစာစိတ် ကင်းမဲ့သောကြောင့် ဖြစ်ပေသည်။ ယခုအချိန်တွင် တာလီဘန်များ၏ ရက်စက်ယုတ်မာမှုကြောင့် တစ်ကမ္ဘာလုံး မီးဟုန်းဟုန်းတောက်ခဲ့ပေသည်။ တာလီဘန်တို့၏ ကိုယ်ချင်းစာတရား ကင်းမဲ့မှုကြောင့် အမေရိကန်၊ ပြင်သစ်၊ အင်္ဂလန်စသော နိုင်ငံကြီးများ ပူးပေါင်း၍ နှိမ်နင်းကြရပေသည်။ ဒုတိယကမ္ဘာစစ်က ဟစ်တလာသည်လည်း ဂျူးတို့ကို ကိုယ်ချင်းမစာဘဲ ရက်ရက်စက်စက် သတ်ခဲ့မှုကြောင့် ဘဝနိဂုံး အကျည်းတန်ခဲ့ရပေသည်။

ဘာသာတိုင်းလက်ခံ ကျင့်သုံးခဲ့သော ကိုယ်ချင်းစာတရားသည် လူ့လောကီအတွက် အဖိုးအနဂ္ဃ ထိုက်တန်ပေသည်။ လက်တွေ့ကျင့်သုံးရန် ထင်သလောက် မလွယ်ကူသော်လည်း လေ့ကျင့်ဖန်များပါက အကျိုးရလဒ်များ ရှိလာပေမည်။ လူသားအကျိုးအတွက်၊ လူ့သမိုင်းအတွက်၊ လူသားတိုင်း ကိုယ်ချင်းစာတရားကို လက်ဆုပ်လက်ကိုင်ပြုသွားမည်ဆိုပါက ကမ္ဘာကြီးသည် ထာဝရ အလှတရားများဖြင့် ဖုံးလွှမ်းနိုင်ပေတော့မည်။ ။

## မိတ်ဆွေကောင်း

- မိတ်ဆွေကောင်းဟူသည်
- အသက်တစ်ရာမနေရ၊ အမှုတစ်ရာ တွေ့ရတတ်သော လူ့လောကတွင် မိတ်ဆွေကောင်းသည် မရှိမဖြစ် လိုအပ်ပုံ။ အဇာတသတ်မင်းသားသည် ဆရာတင်မှားပြီး မိတ်ဆွေကောင်းနှင့် မကြုံခဲ့သောကြောင့် အဖသတ်သားဖြစ်ပြီး ငရဲကျခဲ့ရပုံ
- ဘုရားဟောကျမ်းဂန်တွင် ကလျာဏမိတ္တ၏ အရေးပါပုံ။ ပါရာယနဝတ္ထုတွင် ရှင်သာရိ ပုတ္တရာအလောင်းနှင့် ရှင်မောဂ္ဂလန် အလောင်းကို ဆရာများ၊ မိတ်ဆွေများ၍ တရားမရနိုင်ကြောင်း၊ ဗုဒ္ဓအလောင်းတော်နှင့် တွေ့မှသာ တရားအမှန်ရပုံ
- မိတ်ဆွေကောင်းတွင် ရှိထိုက်သောအရည်အချင်းများ၊ ကြီးပွားတိုးတက်သူတိုင်း မိတ်ကောင်း ဆွေကောင်းရှိရန်လိုပုံ၊ မိတ်ဆွေဆိုးကြောင့် ဒုက္ခရောက်ပုံ
- ထိပ်တန်းသို့ ရောက်သူတိုင်းလိုပင် မိတ်ကောင်း၏ အကျိုးပြုမှုကို ရယူပုံ၊ လောကီလောကုတ္တရာ နှစ်ဖြာလုံးတွင် မိတ်ဆွေကောင်း၏ အရေးပါပုံ

---

## မိတ်ဆွေကောင်း

လူ့ဘဝဟူသည် အဝိဇ္ဇာ၊ တဏှာတည်းဟူသော ကိလေသာတရားများနှင့် ပြည့်လျှက်ရှိ၏။ လူအများစုမှာ လက်ရှိဘဝတွင် တပ်မက်မှုများနှင့် မွေ့လျော်လျှက်ရှိ၏။ အကောင်းကိုတွေ့ကြုံရသလို အဆိုးကိုလည်းကြုံရ၏။ တစ်ယောက်တည်းလည်း နေ၍မရ။ အပေါင်းအသင်းများ၊ မိတ်ဆွေများ၊ ဆွေမျိုးမိဘများနှင့် တွေ့ကြုံဆက်ဆံရမြဲဖြစ်၏။ မိမိ ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခဖြစ်ချိန်တွင် အကျိုးအမြတ်ကို မမျှော်ကိုးဘဲ အနစ်နာခံကာ ကူညီဖေးမ လုပ်ဆောင်ပေးသောသူကို မိတ်ဆွေကောင်းဟု သတ်မှတ်ကြသည်။ ဒုက္ခရောက်ချိန်၊ နာချိန်တွင် အဝေးသို့ ထွက်ပြေးတိမ်းရှောင်ပြီး သာချိန်၊ စည်းစိမ်ရမည့်အချိန်တွင် အခွင့်အရေးအတွက် ချဉ်းကပ်သူကား မိတ်ဆွေတုဟု သမုတ်ကြပါသည်။ မိတ်ဆွေကောင်းဟူသည် ဤသံသရာလောက၌ ရှာ၍

အခက်ဆုံးဖြစ်၏။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းဆက်ဆံရပါက ဘဝသည် အဟောဝတ 'ချမ်းသာလေစွ' ဟု ဖရဏာပီတိ ဝှမ်းဆီထိ ခံစားရပေမည်။

လူ့လောကတွင် အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာ တွေ့ရတတ်၏။ ဤတွင်ကူညီရန်အတွက် မိတ်ဆွေကောင်းလို၏။ မိတ်ဆွေတုနှင့် မိတ်ဆွေကောင်းကို ခွဲခြားတတ်ရန်လိုအပ်၏။ အမှန်မှာ မိတ်ဆွေကောင်းတို့သည် ပြုနိုင်ခဲသောအမှုကို ပြုပေး၏။ ကူညီရန်ခက်ခဲသောအလုပ်ကို လုပ်ဆောင်ပေး၏။ မိမိ ပြောမှားဆိုမှားရှိသည်ကိုလည်း သည်းခံနိုင်စွမ်းရှိ၏။ မိမိတွင် ဘေးအန္တရာယ် ဖြစ်စေ၊ အခက်အခဲများဖြစ်စေ ကြုံတွေ့ပါက ဖြစ်နိုင်သောနည်းဖြင့် ကိုယ်ကျိုးစွန့်၍ ကူညီဆောင်ရွက်ပေး၏။ ထိုသို့သော စိတ်ထားမျိုးဖြင့် မိမိဒုက္ခကို မျှဝေခံစားနိုင်သူအား မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ဟုဆိုရပေမည်။ ဗုဒ္ဓဝင်မှာ အဇာတသတ်မင်းအကြောင်း ကြားဖူးကြပေလိမ့်မည်။ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်တွင် အဇာတသတ်မင်းမှာ ဖခင်ဗိမ္ဗိသာရမင်းအား ဆရာဒေဝဒတ်၏ အမှောင့်ပယောဂကြောင့် အဖသတ်မင်းအဖြစ် သမိုင်းတွင်ပြီး အပါယ်ငရဲကျခဲ့ရ၏။ ဒေဝဒတ်သည် အဇာတသတ်အတွက် ဘေးရန်ဆီးကာပေးသော ဆရာ မဟုတ်သည့်အပြင် မိတ်ဆွေယုတ်လည်းဖြစ်ကြောင်း သမိုင်းသက်သေ ရှိခဲ့ဖူး၏။

ဘုရားဟောကျမ်းဂန်များတွင် ကလျာဏမိတ္တအကြောင်းကို ထည့်ဟောလေ့ရှိ၏။ လူ့ဘဝ တိုးတက်ရန်၊ လောကီမှ လောကုတ္တရာအထိ အောင်မြင်စွာဖြတ်သန်းနိုင်ရန် မိတ်ကောင်းဆွေမြတ်လိုအပ်၏။ သားသမီးများအတွက် မိဘတို့မှာ လက်ဦးဆရာဖြစ်သလို၊ မိတ်ဦးဆွေဦးလည်းဖြစ်၏။ အချို့လူများက မိဘများနှင့် သူငယ်ချင်းပေါင်းပေါင်းသည်ဟု ပြောကြ၏။ ဆုံးမသွန်သင်မှု ကျွမ်းကျင်သောမိဘများမှ လိမ္မာယဉ်ကျေး ထူးချွန်ထက်မြက်သော သားသမီးများ ပေါက်ဖွားလာလေ့ရှိ၏။ ပုခက်လွှဲသောလက်သည် ကမ္ဘာကိုလွှမ်းနိုင်သည် မဟုတ်တုံလော၊ ရှင်သာရိပုတြာလောင်းနှင့် ရှင်မောဂ္ဂလာန်လောင်းတို့သည် ဘဝအစ၌ မိဘများကြွယ်ဝမှုများစွန့်၍ တရားရှာကြ၏။ တရားမပြည့်ဝသော ဒိဋ္ဌိဆရာများ၊ မိတ်ဆွေတုများနှင့်တွေ့၍ တရားစစ်တရားမှန်ကို မသိခဲ့ရချေ။ ဘုရားနှင့်တွေ့မှ ဗုဒ္ဓ၏တရားစစ်ကို သိရှိပြီး ရဟန္တာများ ဖြစ်ခဲ့ကြောင်း 'ပါရာယနဝတ္ထု' တွင် အထင်အရှားဖော်ပြထား၏။

မိတ်ဆွေကောင်းနှင့် ကြုံတွေ့သူတိုင်း လိုအင်ဆန္ဒပြည့်ဝခဲ့ကြောင်းကို ငါးရာ့ငါးဆယ်နိပါတ်တော်လာ သုမုခစစ်သူကြီးအကြောင်းကို မီးမောင်းထိုးပြပါအံ့။

'သုပတ္တ'ဇာတ်တော်တွင် ဘုရားလောင်း 'သုပတ္တ' ကျီးမင်းသည် 'သုဖဿ' မိဖုရားကြီးနှင့် ကျီးရှစ်သောင်းခြံရံလျက် ဗာရာဏသီပြည်ကို မှီ၍နေ၏။ တစ်နေ့သော် 'သုဖဿ' ကျီးမိဖုရားကြီးက ဗာရာဏသီမင်း၏ ပွဲတော်ထမင်းကို စားလို၏။ ထိုအခါ သုမုခကျီးစစ်သူကြီးသည် စားတော်ကဲလက်မှ စားတော်ထမင်းကိုလု၍ မိဖုရားအားကျွေးခဲ့၏။ တစ်ကိုယ်လုံးမည်းနက်နေသော ကျီးသည် အရှင်သခင်အတွက် ဤမျှရဲရင့်ပြီး နှလုံးသားဖြူစင်သည်မှာ အမှုထမ်းကောင်း မိတ်ကောင်းပီသမှု၏ ပြယုဂ်ပင်ဖြစ်၏။

ရှေးအခါက ခေါင်းမရှိသော ပုဇွန်လုံးသည် မိမိ၏မိတ်ဆွေ လယ်သမားအား ကိုက်သည့်မြွေနှင့် အကိုက်ခိုင်းသည့် ကျီးကန်းကို လည်ပင်းမှဖမ်းကိုင်လျက် မြွေအားအဆိပ်ကို ပြန်စုပ်ယူစေပြီး ဦးခေါင်းကို ဖြတ်ပစ်လိုက်၏။ ပုဇွန်လုံးသည် လယ်သမား၏အသက်ကို ကယ်ခဲ့သောမိတ်ဆွေစစ်ဖြစ်၏။ ဒုတိယ မြန်မာနိုင်ငံကို တည်ထောင်ခဲ့သော တပင်ရွှေထီးသည် မိတ်ဆွေတုနှင့်ပေါင်းမိသဖြင့် အသက်တိုရ၏။ သို့သော် ဘုရင့်နောင်မှာ မိတ်ဆွေစစ်ဖြစ်သော ဗညားဒလတို့နှင့် ပေါင်းမိ၍ မြန်မာ့အင်ပိုင်ယာကို တိုးချဲ့နိုင်ခဲ့၏။ စစ်သွေးစစ်ရှိန် မြင့်မားခဲ့ရ၏။ စောလူးမင်းသည် မိတ်ဆွေတု ငရန်မန်ကန်းနှင့် ပေါင်းမိသဖြင့် အသက်ဆုံးရ၏။ ထို့ကြောင့် ကာလီဒါသ ဆရာကြီးက "အသက်တစ်ရာနေရသည့်တိုင် မိတ်ကောင်းဆွေကောင်း ဘယ်နှစ်ယောက်တွေ့ရသလဲဆိုတာ လက်ချိုးရေကြည့်ပါက လက်တစ်ဖက်ပင် ပြည့်မည်မဟုတ်ပါ" ဟု ပြောခဲ့၏။

ထို့ကြောင့် မိတ်ဆွေစစ်ကား ဤလောက၌ ရှာမှရှား၏။ အတုအယောင်များနှင့်သာ ပြည့်လျက်ရှိ၏။ မိတ်ဆွေစစ်ရရန် လူ့သဘာဝကိုလည်း စောကြောတတ်ရမည်။ လူကဲခတ်သဘာဝကိုလည်း စောကြောတတ်ရမည်။ လူကဲခတ်ကျွမ်းကျင်ရမည်။ "သံပြာ၊ သားမဲ၊ သွားကြဲ၊ ပုကွ၊ နီစွအသား၊ ဆံကားခွေလိပ်၊ တင်ကောက်ချိပ်နှင့် ပခုံးဆင်ခြေလျှော သူ့သဘောသည် မနောမဖြောင့် ကောက်ကောက်ကွေ့ကွေ့တည့်' ဟု စာချိုးထားခဲ့၏။ သဘောမနောဖြောင့်ရုံသာမက အနစ်နာခံ ကိုယ်ကျိုးစွန့်တတ်သော လူတိုဖြောင့်များသာ မိတ်ဆွေကောင်းလက္ခဏာနှင့် ပြည့်စုံပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံးကို အလှဆင်နိုင်ပေမည်။ ။

ကျေးလက်ရှင်ပြုပွဲတစ်ခု

- ❑ မြန်မာ့ရိုးရာဓလေ့တစ်ခုဖြစ်သော ရှင်ပြုပွဲမှာ ဆယ့်နှစ်လရာသီအနက် ပွင့်လင်းချိန်၊ ငွေရှင်ချိန်များတွင် တောရော၊ မြို့ပါ ကျင်းပလေ့ရှိပုံ
- ❑ ကျေးရွာများတွင် စပါးပေါ်ချိန်၊ ငွေပေါ်ချိန်တွင် ကျောင်းပိတ်ချိန် နွေရာသီ၌ သားလုရတနာများကို ရှင်ပြုပွဲအဝင် အကြိုတစ်ရက် ရှင်လောင်းလှည့်သော အလှူကြီးရက်၊ ကျွေးမွေးဧည့်ခံသော ရှင်ပြုပွဲတစ်ရက်ဟူ၍ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ကျင်းပကြပုံ၊ ရှေးစာဆိုများ၏ ကဗျာစာကိုးများ သာဓကများ
- ❑ ရှင်ပြုပွဲအပြီး နောက်ဆက်တွဲအကျိုးဆက်များ
- ❑ ကျေးလက်ရှင်ပြုပွဲမှ ရရှိသောအကျိုးကျေးဇူးများ

## ကျေးလက်ရှင်ပြုပွဲတစ်ခု

မြန်မာလူမျိုးတို့သည် အလှူရေစက် လက်နှင့်မကွာသောဓလေ့ ရှိကြ၏။ 'တစ်မူးရလို့ တစ်ပဲလှူ၊ ဒို့ရှမ်းတောင်သူ၊ တူနိုင်းရို့လား' ဟူသော ဆိုရိုးလည်း ရှိခဲ့ဖူး၏။ ပြဟ္မစိုရ်တရား လက်ကိုင်ထားသောသူများလည်းဖြစ်၏။ ပေးကမ်းခြင်းသည် မျက်နှာချစ်ဆေးဟူသော သဘောကို ကျင့်သုံးကြ၏။ ကျေးရွာများတွင် ဧည့်သည်လာပါက ဟင်းအကောင်းဆုံးချက်ကျွေးပြီး ကျေးရွာထွက် စားသောက်ဖွယ်များဖြင့် စေတနာထက်သန်စွာ ဧည့်ဝတ်ပြုကြ၏။ ရိုးသားပြီး လှူဒါန်းလေ့ရှိသော ကျေးလက်မြန်မာပြည်သူတို့မှာ ရင်နှစ်သည်းချာများကို သင်္ကန်းထိန်းနိုင်ချိန်၌ ပဗ္ဗဇိတရှင်ပြုမင်္ဂလာ ကျင်းပလေ့ရှိသည်။

ကျေးရွာများတွင် စပါးပေါ်ချိန်၊ ငွေပေါ်ချိန်၌ သားရှင်ပြုရန် ပြင်ဆင်ကြ၏။ တပို့တွဲ၊ တပေါင်းတွင် စပါးရိတ်သိမ်းပြီးရောင်းချကြ၍ ငွေရှင်ချိန်ဖြစ်၏။ ရင်သွေးသားငယ်တို့မှာလည်း နွေရာသီကျောင်းပိတ်ချိန်နှင့် တိုက်ဆိုင်ကြ၏။ ရှင်ပြုပေးမည်ဟုရည်ရွယ်ပြီး သားများကို ရွာဦးဘုန်းကြီးကျောင်းပို့၍ သင်္ကန်းတောင်းစာကျက်နိုင်းကြ၏။ လူပျိုဖော်မဝင်တဝင်အချိန်တွင် ချစ်သူရည်းစားများလည်း မရှိတရှိ အချိန်ဖြစ်၏။ ယောကျ်ားလေးများ၏ စိတ်ကူးယဉ်ချိန်၊ အချစ်သွေးကြွချိန် ဖြစ်၍ မိဘစကားနားထောင်ပြီး သာသနာ့ဘောင် ဝင်မည်ဖြစ်သော်လည်း ချစ်သူကို

မခွဲခွာလိုပေ။ သက်န်းတောင်းအကြိမ်ကြိမ် ကျက်သော်လည်း စိတ်ဝင်စားမှုနည်း၍ ဆရာဘုန်းကြီး ခေါင်းခေါက်ခြင်းကို မကြာခဏ ခံကြရ၏။

ကျေးလက်တောရွာတွင် ရှင်ပြုပွဲကျင်းပမည်ဆိုပါက အလှူဝင်ရက်၊ အလှူ ဝတ် လှည့်ရက်၊ အလှူကြီးရက်ဟူ၍ (၃) ရက်ကျင်းပလေ့ရှိ၏။ အလှူဝင်ရက်တွင် ရှင်ပြုပွဲကျင်းပမည့်အိမ်သို့ တစ်ရွာလုံးလာကြ၍ ရိုင်းပင်းကူညီ ချက်ပြုတ်ကြရ၏။ ကျေးရွာတွင်းရှိ အိမ်တိုင်းသို့လည်း အလှူရှင်က ပဲပင်ပေါက်ဖောက်ပြီးသား တစ်ပြည်၊ ဆန်တစ်ပြည် ပေးလှူလေ့ရှိပါသည်။ အလှူဝင်ရက်တွင် လာသမျှ ကူညီသူများကို ထမင်း၊ ငါးခြောက်ကြော်၊ ပဲတီချဉ်ဖတ်၊ ဗလာဟင်းရည်တို့ဖြင့် ညှိခံကျွေးမွေးလေ့ရှိ၏။ အလှူဝတ်လှည့်မည့်ရက်တွင် ရွာရှိအပျိုချောများကို ကွမ်းတောင်၊ ပန်းတောင်ကိုင်ရန်အတွက် ရွေးချယ် တာဝန်ပေးကြ၏။ ပန်းတောင် ကွမ်းတောင်ကိုင်ထဲတွင် မောင်ရင်လောင်း၏ ချစ်သူလည်း ထိပ်ဆုံးက ပါတတ်၏။ ဗြောတီးမည့်အဖွဲ့၊ ရွဲလိုက်မည့်အဖွဲ့များမှာလည်း ပါးစပ်တပြင်ပြင် ဟန်တကြွကြွ ရှိကြ၏။ အလှူဝတ်လှည့်ရန် တန်းစီပြင်ဆင်ကြပေသည်။ မောင်ရင်လောင်း၏ မိခင်မှာ အုန်းပွဲငှက်ပျောပွဲရွက်၍ ထိပ်ဆုံးမှ ပါဝင်၏။ ဖခင်မှာ တိုက်ပုံခေါင်းပေါင်းနှင့် ကြော့ကြော့မော့မော့ရှိလှ၏။ ယင်းနောက်တွင် ရွာမှလူကြီးလူကောင်းများ၊ အမျိုး သမီးကြီးများ တန်းစီကြ၏။ ကွမ်းတောင်၊ ပန်းတောင်ကိုင်အပျိုများမှာ နောက်မှ တန်းစီလိုက်ကြရ၏။ မောင်ရင်လောင်းမှာ မြင်းပေါ်တွင် ရှင်းလောင်း အဝတ်အစား ဖြင့် သားသားနားနား ရှိလှ၏။ ဗြောအဖွဲ့က မောင်ရင်လောင်းနှင့် ကပ်လျက်ရှိပြီး 'ပလုပ်တုတ်တုတ်ဗြုန်း' ဟု တီးလိုက်သည်နှင့် ရှင်ပြုပွဲမှာ အသက်ဝင်လာပြီး ဆူဆူညံညံအသံများ ထွက်လာ၍ ပွဲစည်လာပါတော့သည်။

"ပလုပ်ဗြုန်းရယ်နဲ့ တောင်ကုန်းရွာသာစခန်းဆီက ဒေါ်ရွှေမေ၊ ဦးရေချမ်း ရယ်တို့၊ ဆန်းလိုက်တဲ့ ဗြောသံစည်" ဟု ဆရာမင်းသုဝဏ်က ဗြောသံကဗျာတွင် ကျေးလက်ရှင်ပြုပွဲ သရုပ်ဖော်ရေးဖွဲ့ခဲ့ပါသည်။

ဗြောတီးသံများနှင့်အလှူလှည့်ပွဲမှာ ဆူညံစည်ကားနေစဉ်၊ ကာလသား တစ်သိုက်ကလည်း မောင်ရင်လောင်းနှင့် ကွမ်းတောင်ကိုင်တို့အကြောင်း အတွင်းသိ ဖြစ်သောကြောင့် 'ကညာပုံ ကြာမုံ ညွှတ်ဟာဖြင့် ယမ်းယောင်ကာ ကွမ်းတောင် လွှတ်လိုက်တော့' ဟု ညာသံပေး၍ ဆိုလိုက်ပါတော့သည်။ မောင်ရင်လောင်းကလည်း ကိုယ်ရင်ဝတ်ရန် စိတ်မပါတော့ဘဲ မြင်းပေါ်ကနေ ကွမ်းတောင်ကိုင်ကို စောင်းငဲ့ ကြည့်နေစဉ် ကွမ်းတောင်ကိုင်ကလည်း ယောင်ယမ်းကာ ကွမ်းတောင်ကို လွှတ်ချ တော့မလို ဖြစ်သွားပါတော့သည်။ ဤမြင်ကွင်းမှာ ရယ်စရာကောင်းသော်လည်း

ချစ်နာကျနေသော ချစ်သူနှစ်ဦးအတွက် ရင်နင့်စရာကောင်းလှပါသည်။ 'ရွှဲ' လိုက်သောအဖွဲ့ကလည်း ရှင်လောင်းရဲ့အမေ၊ နို့သီးကရှည်' ဟု တိုင်လိုက်သောအခါ ပရိသတ်က 'ရွှဲ' ဟု ဝိုင်းအော်ကြပါသည်။ မောင်ရှင်လောင်းမှာ လူဖျိုပေါက်ဖြစ်၍ ရှင်မပြုရခင်အထိ မိခင်ကို နို့စို့နေကြောင်း တစ်ရွာလုံးအသိဟု ဖွင့်ချကြပါသည်။ ချစ်သူရှိနေသော်လည်း နို့နှမစင်သော မောင်ရှင်လောင်းအကြောင်း သိရသောအခါ ရယ်စရာကောင်းသလို သနားစရာလည်း ကောင်းနေပါသည်။

တစ်မနက်လုံး ရှင်လောင်းလှည့်အပြီးတွင် အလှူဝတ်လှည့် လိုက်ပါသူများ အားလုံး အလှူမဏ္ဍပ်သို့ဝင်၍ အလှူထမင်းဟင်းများ အဝစားကြပါသည်။ ဝက်သားတုံးကြီး လက်သီးဆုပ်လောက် အားရပါးရ စားနိုင်ကြ၏။ ပဲတီချဉ်၊ ပဲဟင်း၊ မုန်ရောင်ဟင်းချိုတို့ဖြင့်လည်း ဟင်းအမယ်စုံလှ၏။

တန်ခူးလတွင် အလှူပွဲကျင်းပဖြစ်ပါက 'ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ၊ ပျော်ပွဲက တဝင့်ဝင့်၊ အရွယ်သင့်အရွယ်ငယ်၊ မြန်မာတွေ ထယ်လိုက်ကြ' ဟု ဆရာဇော်ဂျီစာဖွဲ့သလို မြန်မာ့အလှူပွဲကို မြင်တွေ့နိုင်ပါသည်။

နေ့ (၁)နာရီခန့်တွင် အလှူရှင်အပါအဝင် ကျေးရွာရှိလူအားလုံးနီးပါး အလှူမဏ္ဍပ်ထဲတွင် တရားနာကြ၏။ သာခုခေါ်သံ၊ အမျှဝေသံများနှင့် ကြည်နူးစရာ ကောင်းလှ၏။ သာခုခေါ်အပြီးတွင် ပလုပ်တုတ်တုတ်ဟူသော ဗြောတီးသံမှာ အထက်ဘဝဂ်တိုင်အောင် ညံတက်သွားပါတော့သည်။ မောင်ရှင်လောင်းများလည်း ကိုရင်ဝတ်ပြီး ဘုန်းကြီးကျောင်းတွင် ခုနစ်ရက်၊ ခုနစ်လီ သီလစောင့်ထိန်း တရား ဘာဝနာ ပွားများရပါသည်။ ကွမ်းတောင်ကိုင်မှာ ဆွမ်းပို့သွားရင်း ကြေကွဲနေရပုံကို မျက်လုံးဖြင့် ပြသသွားပါသည်။ မစွမ်းရင်းရှိသဖြင့် ကစွန်းခင်းငြိခဲ့ရသော ကိုရင်မှာ ရှင်မဟာရဋ္ဌသာရအကျော်လို "သန်းခေါင်မဟူ၊ အတူယှဉ်တွဲ၊ သန်လွဲမခန့်၊ ကိုယ်သက်စွန့်၍ ဝေးခွန့်ခရီး၊ ချုံကြီးတောစုံ၊ ဝါရုံဝါးထွေး၊ သစ်ကျားဘေးကို၊ မကွေးဆံဖျား၊ မလေးစားတည့်" ဟု ကဗျာမစပ် စာမဟာပ်နိုင်ပါ။ လည်လိမ်၍ အံကြိတ်ခါ ကိုရင်ဝတ်ကို စွဲမြဲအောင်တောင့်ခံထားရပါသည်။

'ကျေးလက်အလှူ' ပြုပုံမှာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသလို၊ ကြည်နူး စရာ အဖုံဖုံ၊ ပျော်ရွှင်စရာအနန္တနှင့်ကြုံဆုံခဲ့ကြရပါသည်။ တစ်ရွာလုံး စည်းလုံးညီညွတ် ကြသလို မြန်မာ့ရိုးရာ ဓလေ့စရိုက်ကိုလည်း မျိုးဆက်သစ်များသို့ အောင်မြင်စွာ လက်ဆင့်ကမ်းခဲ့ကြပါသည်။ ဓမ္မဝီရရသ၊ ဟာသရသ၊ သိင်္ဂါရရသ အစုံစုံကို ကြုံတောင့်ကြုံခဲ ခံစားရပါသည်။ ။

တိမ်သဘင်ကျင်းချိန်

- နေဝင်လျှင် တိမ်တောက်လို၊ ပျိုကြောက်တဲ့ဒီအချိန်တွင် တိမ်၏ အလှသဘာဝကို မိုးကောင်းကင်တွင် စတင်တွေ့ရှိရပုံ။ တိမ်သဘင် ဟူသည် မိုးထက်ယံတွင် တိမ်တို့စုဝေး၍ ပွဲသဘင်ဆင်ယင်ကျင်းပနေချိန် ဖြစ်ပုံ။ ကောင်းကင်၏တိမ်သဘာဝအလှ။
- မိုးသားကင်းစင်၍ သာယာနေသော တန်ဆောင်မုန်းလအခါသမယတွင် တိမ်တောက်လေ့ရှိပုံ။ တိမ်ရောင်စုံတို့ ပေါ်ထွန်းကြောင်း။
- တိမ်အလှဆင်ချိန်တွင် လူသားတို့၏အတွေးနှင့် သဘာဝအလှ ကဗျာ စာကိုး။
- တိမ်တောက်ချိန် ညနေချမ်းအခါသမယတွင် ဖိုးလမင်း တိမ်အလှကို ဖြည့်စွက်ပုံ။
- တိမ်ပြေးချိန်မှိန်မှေးသော အတွေးအပေါ်ရပုံ။

---

## တိမ်သဘင်ကျင်းချိန်

မိုးလေကင်းစင်၍ ရာသီလသဘာဝအရ အဖွဲ့တစ်ခွင်တွင် တိမ်ကင်းစင် နေချိန်ရှိသလို နွေဦးအခါသမယ တိမ်အလှကိုဖော်ကျူးသော ကောင်းကင်သဘာဝ ကိုလည်း မြင်တွေ့ရစမြဲပင်ဖြစ်သည်။ 'နေဝင်လျှင် တိမ်တောက်လို့ ပျိုကြောက်တဲ့ ဒီအချိန်' ဟူသော စာချိုးမှာ တိမ်ရောင်စုံများ ကွန့်မြူးပြီး အထူးထွန်းတောက်နေသော သဘောကို လှစ်ပြခြင်းပင် ဖြစ်ပါသည်။ ဆေးရောင်စုံခြယ်သထားသလို တိမ်ညို၊ တိမ်ပြာ၊ တိမ်စုကာစသော တိမ်တို့ စုဝေး၍ ပွဲသဘင်ဆင်ယင်ကျင်းပလျက်ရှိသော မိုးကောင်းကင်၏ တိမ်တောက်ချိန်ကို ကြည်နူးဖွယ်တွေ့ရှိနိုင်ပါသည်။

တစ်ခါတစ်ရံ လူတို့၏အတွေးသည် ကောင်းကင်ပေါ်သို့ ပျံတက်သွား တတ်၏။ မိုးပြာရောင်ဟု သမုတ်လေ့ရှိသော ကောင်းကင်တစ်ခွင်တွင် တိမ်တို့သည် အစိုးမရ၊ အရောင်စုံပြောင်းလဲလျက်ရှိ၏။ မိုးတအုန်းအုန်းသံကြားရသော မိုးလ များတွင် တိမ်မည်းများသာမြင်တွေ့ရ၏။ မိုးအကုန် ဆောင်းအကူး တန်ဆောင်မုန်း လများတွင် ကောင်းကင် ကြည်လင်သာယာလျက်ရှိ၏။ နက္ခတ်စုံ ပေါ်ထွန်းသောကာလ လည်းဖြစ်၏။ သို့တစေ တိမ်အလှကို ရှာဖွေဖော်ကျူးရာတွင် နွေအဝင်သဘာဝ

တပေါင်းအလှက ပိုကဲနေကြောင်းကို တောရကျောင်းမျော် ဆရာတော်ရှင်ဥတ္တမကျော်က တောလားပန်းချီကားတွင် ဤသို့ စာဖွဲ့ခဲ့၏။

'တိမ်ညိုမိလ္လာ၊ တိမ်စုကာနှင့်
တိမ်ပြာရောယှက်၊ မရန်းဖက်၍
တိမ်သက်တန့်ရောင်၊ အဝါဘောင်ဝယ်
မှောင်ခဲ့တခါ၊ ပြာခဲ့တချို့
ညိုခဲ့တလီ၊ ရီခဲ့တဖုံ
မှုန်ခဲ့တချက်၊ ယှက်နန်ထက်က
လေးဘက်လုံးခြုံ၊ တိမ်ဂဠုန်လည်း
နဂါးရုံကြွေ၊ ရန်ချင်းတွေ့သော်
ခိုးငွေ့လွတ်ပြိုင် ဂုဏ်ချင်းဆိုင်ခဲ့' ဟူသော တိမ်ပန်းချီစုတ်ချက်များကို တွေ့ရလေသည်။

မရန်းရဲ့အကွက်အကွက်နှင့် တစ်ခြမ်းမနက်တနက် တိမ်ကတစ်မျိုး၊ မီးခိုးက တစ်လီ၊ အနီက တစ်ခဲ၊ အမည်းက တစ်ခါ၊ အပြာက တစ်ဖုံ၊ အဝါပါစုံလျက်၊ အမှုန်က တစ်ချက်နှင့် ဂဠုန်ငှက်၏ နဂါးသုတ်ခန်းများသည် တပေါင်းအဇ္ဈာ၏ မညောင်းညာနိုင်သော အပေါင်းသဟာများဖြစ်လေသည်။

တပေါင်းလ၏ တိမ်အလှကို တစ်ခါတစ်ရံ မိုးသားကဖုံးအုပ်၏။ ကောင်းကင်သည် 'အပျို့ရှုယ် ရှုယ်မစေ့ခင်က ငယ်မလေ့ဂေါ်ရီ၊ လေလိုနုနယ်၏။ လွမ်းဖွယ် ဖွယ်တည့်၊ တိမ်တောင်များက ရစ်ဝိုင်းခြုံသိုင်းလျက်၊ တိုင်းရှစ်ဘုံလင်းချည်၊ မှောင်ချည်နှင့် တိမ်ပျို့ပြေးလွင့် အလွမ်းဆင့်၊ နွမ်းရင့်ဖျာပါ ပွားတော့သည်။ ချစ်ရသူနှင့် ဝေးကွာနေသူများသည် တိမ်ပြေးသဖြင့် မိုန်မှေးသောအတွေး ပေါ်၏။ တိမ်နှင့်အတူ ချစ်သူရှိရာဌာနသို့ အသော့နှင်လို၏။ တိမ်ရောင်ပြောင်းပြန်သလို သူ့အပေါ်ထားရှိသော ချစ်စိတ်တို့ မပြောင်းမပြန်စေလို၊ ရင်ထိတ်ကာဆုတောင်းနှင့်၏။ အချို့သော သူတို့မှာ တိမ်အလှသဘာဝကို ရှုစားရင်း ကြည်နူး၏။ ပျော်မြူး၏၊ နှစ်ကိုယ့်တစ်စိတ် အတွေးပေါ်ကြ၏။ တိမ်ရောင်စုံတို့၏ ဖြစ်ပျက်သဘောကြောင့် ချစ်သူတို့ ကြေကွဲကြ သူရှိသလို၊ မြတ်နိုးနှစ်သက်ကြသူများလည်း ရှိ၏။

အကာလ ညအခါတွင် အဇ္ဈာတစ်ခွင်ကောင်းကင်ပြင်သို့ ငေးမော ကြည့်ရှု ကြသူများလည်း မနည်းကြပါ။ တိမ်ရောင်စုံများကြားတွင် ဖိုးလမင်းများ အခြေအရံ

များကြားမှ ထွက်ပေါ်လာသည့် သတ္တဘာဂ ဖူးစာရေးနတ်မင်းကြီးနှင့် တူလှပါတော့သည်။ စန္ဒာလမောင်ကို တိမ်ရောင်စုံက မီးမောင်းထိုးပြထားသဖြင့် ပိုပြီးကျက်သရေရှိလှ၏။ **'လှလိုက်တဲ့ လမင်း'** ဟု ရှုမောသူတိုင်း တတွတ်တွတ် ပြောဆိုကြ၏။ တိမ်တောင်တိမ်စိုင်၊ တိမ်ခဲများက အရောင်ပုတ်ပြီး လမင်းက ငွေရောင်တောက်သဖြင့် တအံ့တသြငေးမောရပြန်၏။ တိမ်ပြေးသောအခါ လမင်းကလည်း ပိုဝေးရာသို့ ရွေ့သွားသဖြင့် တွေးတောရပြန်၏။ တိမ်၏ သဘောအလှမှာ ဖိုးရွှေလမင်းကြောင့် ပြီးပြည့်စုံသော သဘာဝပန်းချီကားသဖွယ် ခံစားရပြန်၏။ တပေါင်းလ၏ မညောင်းညာနိုင်သော အပေါင်းသဟာဖြစ်သည့် တိမ်ပန်းချီကို ဘယ်ပန်းချီရေး၍မမီနိုင်တော့ပါ။ တစ်ခါတစ်ရံ တိမ်သက်တန့်ရောင် ပေါ်ထွက်လေ့ ရှိပါသည်။ သက်တန့်ဟူသည် အရောင်ခုနစ်မျိုး ရောမွှေထားသဖြင့် မည်းသည့် အရောင်ကပိုကဲနေသောကြောင့် မမြင်မတွေ့ရနိုင်ပါ။ ထို့ကြောင့် သက်တန့်ပေါ်နေ သည်ဟုပြောလေ့ရှိပြီး ကောင်းကင်မှ ခေတ္တခဏကြည့်ကြပါသည်။

တိမ်သဘင်စုဝေးနေချိန်တွင် တိမ်ရောင်စုံတို့၏ ထွန်းတောက်ပုံ၊ ညဦးနက်လေလေ တိမ်အလှတို့က ဆွဲဆောင်လေလေ ဖြစ်ရပုံတို့ကို ကြုံဖူးမှသာ ယုံကြည်ပေမည်။ စာဆိုရှင်ဥတ္တမကျော်၏ တိမ်အလှ စာဖွဲ့ပုံကိုအတွေးနှင့် သိနိုင်သော်လည်းပကတိမျက်စိဖြင့် တိမ်အလှရှုပုံတော်ဖွင့်သူတို့မှာ နှလုံးပီတိ ဝမ်းဆီထိကြရ၏။ မေ့ပျောက်ရန် မရနိုင်သော နှလုံးသားပုံရိပ်ပင်ဖြစ်တော့သည်။ ။

သတိတရား

- ☐ သတိတမန် ဉာဏ်မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့အုပ်
- ☐ သတိသမ္ပဇဉ် - သတိဉာဏ်ဆင်ခြင်ခြင်း
- ☐ သတိပဋ္ဌာန် - သတိကပ်၍ တည်ခြင်း၊ သတိမလွတ်ခြင်း
- ☐ သတိဝီရိယ - ဆင်ခြင်ဉာဏ်ရှိသောသတိ၊ သတိဉာဏ်အဆင်အခြင်
- ☐ ရာဇဝင်အကိုးအကား ဗုဒ္ဓဝင်ဇာတ်တော်များ၊
- ☐ သတိတရား၏ သဘောတရားကိုအဓိပ္ပာယ်ဖွင့်ဆိုချက်
- ☐ လောကီလူ့ဘုံတွင် သတိတရား၏ အရေးပါအရာရောက်ပုံကို ဇာတ်နိပါတ်များ ကိုးကားချက်။
- ☐ သတိတရားနှင့်ပတ်သက်သော ဆိုရိုးစကားများ
- ☐ သတိလွတ်စေသည့်အကြောင်းတရားများ
- ☐ တောင်ဖီလာဆရာတော်၏ ယသဝဍ္ဍနဝတ္ထုလာ သတိတရား၏ အကျိုးပြုပုံ

## သတိတရား

သတိဟူသည် ပါဠိစကားဖြစ်၍ အောက်မေ့ခြင်း၊ အမှတ်ရခြင်းဟု အဓိပ္ပာယ်ရ၏။ 'သမာဓိနှင့် သတိခိုင်ကျည်၊ သံမြို့တည်သို့' ဟု ဘူရိဒတ်လင်္ကာကြီးတွင် ဖော်ပြပါရှိ၏။ သတိတရားကို အချိန်ကြာကြာ ထိန်းသိမ်းထားနိုင်လျှင် သမာဓိရသည်ဟု လောကုတ္တရာတရားသဘောတွင် ဖော်ပြထားသည်။ လောကီ လူ့ဘုံတွင်လည်း ခပ်သိမ်းသောအရာ၌ သတိတရားသည်လိုအပ်၏။ ခပ်သိမ်းသောအမှုကိစ္စတို့၌ သတိ သမ္ပဇဉ်မကင်းဘဲ လုံ့လပြုသော် အကျိုးကိုခံရ၏။ သတိသမ္ပဇဉ်မရှိဘဲပြုမှုက အကျိုးလည်းမခံရ၊ အပြစ်သော်လည်း ရောက်ရ၏။

သတိ၏အရေးပါပုံကို ဖွင့်ဆိုပြရပါမည်။ ညဉ့်မိုက်လာသောအခါ၌ စောင်းတီးစောင်းတောင် မညီမညွတ် ချောက်ကမ်းပါး၊ ချောင်းနား၊ မြစ်နား၊ တွင်းကျင်းရှိသောအရပ်သို့ ယောကျ်ားတစ်ယောက်သည် သတိသမ္ပဇဉ် မလွတ်မူ၍ တောင်ဝှေးစမ်း၍ ဖြည်းဖြည်းညင်းညင်းသွားသော် လိုရာအရပ်သို့ရောက်၏။ သတိလွတ်၍ မစူးမစမ်း သွားချေမူကား ချောက်ကမ်းပါးတွင် ကျ၍သေသော်လည်း သေရာ၏။ မသေ

သော်လည်း သေလောက်သော အနာတွေ့ခြင်း၊ အင်္ဂါချို့တဲ့ခြင်း တို့ဖြစ်ရာ၏။ ထို့အတူ မင်းခစား ယောကျ်ားတို့သည်လည်း နေ့ညမပြတ် သတိသမ္ပဇဉ်ပြု၍ စူးစမ်းဆင်ခြင်ပြီး မင်းရိပ်မင်းခြည်သိပါက မင်း၏ ချီးကျူးခြင်းကို ခံရ၏။ သတိလွတ်၍ မေ့မေ့လျော့လျော့ သောက်ကြူး၊ လောင်းကြူးဖြစ်လျက် လျှပ်ပေါ်လော်လီပါက မင်းပေးသော အပြစ်ဒဏ်ကို မုချခံရပေမည်။

ဂတိ (၃၁)ဘုံတွင်ကျင်လည်ကြကုန်သော ပုထုဇဉ်ကို သတိတရား လွတ်စေသည့် အကြောင်းတရားများကို ဖော်ပြပါအံ့၊ နှစ်လိုဖွယ်၊ တပ်မက်ဖွယ် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို ကြုံလတ်သောအခါ၌လည်းကောင်း၊ ကြောက်မက်ဖွယ်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့ကို ကြုံလတ်သောအခါ၌လည်းကောင်း၊ အမျက်ထွက်သောအကြောင်း၊ စိုးရိမ်အပ်သော အကြောင်း ရှိလတ်သောအခါ၌လည်းကောင်း၊ ဆင်းရဲကို မတွေ့ဖူးသောသူသည် ဆင်းရဲကိုတွေ့လတ်သောအခါ၌လည်းကောင်း၊ မရဖူးသောစည်းစိမ်ကို ရလတ်သော အခါ၌လည်းကောင်း အလွန်ချုပ်နိုင်ခဲ၏။ ထိုသို့သောအခါ၌ အကျိုးအကြောင်းကို မျှော်၍ သတိသမ္ပဇဉ်နှင့် ချုပ်တည်းရပေမည်။ မချုပ်တည်းနိုင်မူကား အကျိုးစီးပွားယုတ်၍ ဒုက္ခတွေ့ရတတ်၏။

'တေလပတ္တဇာတ်' ၌ မင်းသားကျွန်ငါးယောက်တို့သည် အရှင်၏ ကြိုတင်သတိပေးချက်ကို နားမထောင်ဘဲ ဘီလူးမတို့၏ အာရုံငါးပါးကို သတိမချုပ်နိုင်ဘဲ မက်မောမိသဖြင့် ပျက်စီးလေကုန်၏။ မင်းသားကမူ အထူးထူး အပြားပြားသော ဘီလူးမတို့၏ အာရုံကိုသတိတရားဖြင့် ချုပ်တည်းနိုင်သဖြင့် မင်းအဖြစ်သို့ ရောက်ရ၏။

ဥမ္မာဒန္တီဇာတ်တော်တွင် လက္ခဏာဖတ်ရန်လာသော ပုဏ္ဏားတို့ စားသောက်နေစဉ် ဥမ္မာဒန္တီကိုမြင်၍ သတိလွတ်ကာ မတည်မတံ့ရှိ၍ လည်ကိုင်၍ချလေ၏။ သိဝိရာဇ်မင်းကြီးလည်း ရထားစီး၍ နက္ခတ်ပွဲ သဘင်ထွက်ရာ၌ လေသာပြတင်းမှနေ၍ ဥမ္မာဒန္တီ ပန်းဆုပ်ကြဲလေသည်ကိုမြင်၍ အရပ်မျက်နှာမှန်းမသိ မတည်မတံ့ ရှိချေ၏။ နန်းတော်သို့ပြန်၍ တိုက်တွင်း၌ မြည်တမ်းလျက် သူရူးကဲ့သို့ ရှိဖူးချေ၏။ သို့သော် ပညာကြီးသော အလောင်းတော်ဖြစ်သောကြောင့် သတိပြန်ရပြီး ဥမ္မာဒန္တီ၏ ခင်ပွန်းအဘိပါရကာ စစ်သူကြီးက 'ဥမ္မာဒန္တီ'ကို လက်ဆောင်ဆက်၏။ သို့သော်လည်း ယူတော်မမူဘဲ သတိဖြင့် တဏှာစိတ်ကို ချုပ်တော်မူ၏။

ဗာရာဏသီပြည်၌ သုဇာတာသူကြွယ်သားသည် ရှင်ရသေတို့ထံ၌ ဇမ္ဗူသပြေသီးကို စားရချေသော် တစ်ပါးသော အစားအစာကို မစား၊ တပ်မက်သည်ဖြစ်၍ အသက်ကုန်ဖူး၏။

အထက်ပါသာဓကများအရ တပ်မက်သောအာရုံကို မရသော် အကျိုးမရှိ၊ သူတစ်ပါးကဲ့ရဲ့သော ဘေးဒဏ်သင့်၍ အပါယ်သို့လားရတတ်၏။ ထို့ကြောင့် သတိတရားဖြင့် ချုပ်ထိန်းအပ်၏။

သတိလွတ်စေသည့် အကြောင်းတရားများကို ဆက်လက်ဖော်ပြပါအံ့။ ကြောက်လန့်တတ်သော သူတို့သည် ဘီလူး၊ ပြိတ္တာ၊ ခြသေ့၊ ကျားသစ်အစရှိသည်ကို မြင်၍သော်လည်းကောင်း၊ အသံကြား၍ သော်လည်းကောင်း၊ ကြောက်လန့်တုန်လှုပ် သတိမချုပ်တည်းနိုင်၍ ပျက်စီးခြင်းရောက်ကုန်၏။ စစ်မြေ အရပ်၌ ဓားသွားဖွေးဖွေး၊ အသွေးချင်းချင်း၊ မြင်လတ်သော် သတိမချုပ်နိုင်ရှိကုန်၏။ မင်းရှေ့၌ အချေအတင် လျှောက်လဲသည်ရှိသော် သတိမထိန်းနိုင်ဘဲ ကြောက်ရွံ့တုန်လှုပ်လျက် ပြောမှားဆိုမှားရှိတတ်၏။ ဤသို့သော ကိစ္စများတွင် သတိချုပ်တည်းနိုင်ပါက ဘေးရန်လွတ်ခြင်း၊ ကျော်စောခြင်း၊ စည်းစိမ်ချမ်းသာရခြင်းတို့ ဖြစ်ကုန်၏။ သတိမမူ ဂူမမြင်၊ သတိမူက မြူမြင်၏။

စာပေနယ်အသီးသီးတွင် သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့အုပ်'ဟု ဆိုရိုးပြုကြ၏။ သတိတရားကိုမြဲမြံစွာ လက်ကိုင်ထား၍ လောကီ၊ လောကုတ္တရာနယ်ပယ် နှစ်ဖြာလုံးတွင် အသုံးပြုပါက ကောင်းကျိုးဖြစ် ထွန်းနိုင်ပါသည်။ 'ပညာရှိသော်လည်း၊ သတိဖြစ်ခဲ့သည်' ဟူသော ဆိုရိုးအရ ပညာရှိများမှာလည်း သတိလွတ်တတ်၍ အမှားကြီးများ ကျူးလွန်နိုင်သောကြောင့် နှိုးဆော်ထားခြင်းဖြစ်ပါသည်။ လောကီတွင် ထင်ပေါ်၍ ဇမ္ဗူတလူလုပ်လိုသူတိုင်း သတိတရားကို ခါးဝတ်ပုဆိုးပမာ မြဲမြံကြရပေမည်။ လောကုတ္တရာနယ်မြေတွင် ဉာဏ်စဉ်အဆင့်ဆင့်ရပြီး မဂ်ဖိုလ်နိဗ္ဗာန် ရောက်လိုသူတိုင်း အကြီးစားသတိဖြစ်သည့် သမာဓိကို နှလုံးသားထဲတွင် ထာဝရထည့်ထားရပေမည်။ ။

ဇွဲရှိခြင်း၏ အကျိုး

- 'ဇွဲ' ဟူသည်
- ရခဲလှသော လူ့ဘဝတွင် ဇွဲသည်မဖြစ်မနေလိုအပ်ပုံ
- ကမ္ဘာဦးလူတို့ ဇွဲကိုနေရာတကျသုံး၍ ဘဝအဆင့်ဆင့်တိုးတက်လာပုံ
- ဇွဲရှိခြင်း၏ သာဓကများ

## ဇွဲရှိခြင်း၏ အကျိုး

သဘာဝတရားသည် မိမိတည်ဆောက်ထားသော ကမ္ဘာ့အိမ်ကြီးတွင် သတ္တဝါကြီးအမျိုးမျိုးကို ဖန်တီးခဲ့သည်။ ၎င်းတို့သည် ပူခြင်း၊ အေးခြင်းဒဏ်၊ ဆာလောင်ခြင်းဒဏ်၊ အချင်းချင်းကြီးနိုင်ငယ်ညှဉ်း ဒဏ်များဖြင့် ရစ်ပတ်လုံးထွေးကာ တဖြည်းဖြည်းမျိုးသုဉ်းသွားကြသည်။ သဘာဝကပင် လူသားများကို ဖန်ဆင်းပြန်သည်။ လူသားများ ဆာလျှင် စားစရာရအောင်ရှာသည်။ ပူခြင်း၊ အေးခြင်းဒဏ်ကိုကြံဖန်ကာကွယ်သည်။ ဘဝရပ်တည်မှုအတွက် အရာရာကို မဖြစ်မနေ ကြိုးစားလုပ်ဆောင်သည်။ စွဲစွဲမြဲမြဲ အောင်မြင်အောင် လုပ်ဆောင်နိုင်သော ဤစွမ်းရည်ကိုပင် 'ဇွဲ' ဟု ခေါ်ဝေါ်ကြပါသည်။

လူသားသည် ကျောက်ဂူထဲတွင် နေထိုင်၊ ကျောက်လက်နက်ဖြင့် အမဲလိုက်စားသော ကျောက်ခေတ်မှသည် ကြေးခေတ်၊ သံခေတ်များကို ကျော်လွှားအောင်မြင်ကာ ကမ္ဘာကိုစိုးမိုးနိုင်လာသည်။ 'မြေစမ်း ခရမ်းပျိုး' ဟူသော စကားရှိ၏။ လူသားတို့ကား 'လေစမ်း၍ လမ်းတိုး' ကာ အာကာသထဲသို့ ထိုးဖောက်ဝင်၏။ လကမ္ဘာကို အမေရိကန်တို့ ခြေချနိုင်ခဲ့သည်မှာ ကြာပေပြီ။ စကြဝဠာတွင် အပျော်ခရီးထွက်ရန်ပင် ပြင်ဆင်နေ ကြပါပြီ။ ဤအခြေအနေရောက်အောင် တော်တန်ရုံအချိန်ကာလဖြင့် ရရှိသည်မဟုတ်ပါ။ လေယာဉ်ပျံစတင် ဖန်တီးသူများသည် လေထဲတွင် အကြိမ်ကြိမ်ပျံခဲ၊ အကြိမ်ကြိမ်ပျက်၊ အကြိမ်ကြိမ်ဆုံးရှုံးပြီး အကြိမ်ကြိမ်ပျက်ကျ ဒုက္ခများစွာကြုံပြီးမှ ရလာသော လေယာဉ်ဖြစ်ပါသည်။ တိရစ္ဆာန်များဆွဲသော လှည်း၊ ရထားတို့ဖြင့် သွားလာနေရာမှ ပိုမိုကောင်းမွန်အဆင်ပြေစေရန် ဇွဲဖြင့်တီထွင်ကြသည်။ ရေနွေးငွေ့၊ ကျောက်မီးသွေးငွေ့ဖြင့် မောင်းသောရထား၊ လျှပ်စစ်ရထား၊ ကျည်ဆန်ရထား စသည်တို့ အဆင့်ဆင့် တိုးတက် ပေါ်ပေါက်လာသည်။ ဘိုးဘွားဘီဘင်မှ

သား၊ မြေး၊ မြစ်၊ တီ၊ တွတ်တိုင်အောင် လူသားမျိုးနွယ်အဆင့်ဆင့် လက်ဆင့်ကမ်းပေးခဲ့သော 'ဖွဲ့' ဟူသည့် ရတနာကြောင့် လိုရာဆန္ဒပြည့်ဝခဲ့ကြသည်။ ဖွဲ့သာမရှိခဲ့ပါက ဆိုခဲ့သော သတ္တဝါကြီးများနည်းတူ လူမျိုးနွယ်လည်း ပျက်သုဉ်းခဲ့မည်သာဖြစ်ပါသည်။

လူ့ဘဝသည် ရခဲလှပါသည်။ ရပြန်တော့လည်း တစ်ခဏသာဖြစ်၏။ ထိုတစ်ခဏအတွင်း အသက်တစ်ရာသာ မနေရရှိမည်။ အမှုတစ်ရာတွေ့ရသည် ဆိုသောစကားအတိုင်း သာယာချမ်းမြေ့ဖြောင့်ဖြူးသော ဘဝလမ်းဟူ၍ နည်းပါးလှပါသည်။ တစ်နည်းအားဖြင့် ဘဝတစ်ခုရရှိခြင်းသည်ပင် တိုက်ပွဲတစ်ခုစတင်ခြင်း ရနိုင်ပါသည်။ မွေးဖွားလာစက ကလေးငယ်သည် ငြိမ်နေ၍ ဆာလောင်မှုကို မဖြည့်စွမ်းနိုင်၊ ဖွဲ့နဘဲဖြင့် ငိုပြရလေသည်။ မူလတန်း ကျောင်းသားဘဝမှ အတန်းအသီးသီးကို ဖြတ်ကျော်နေပြီး ဘွဲ့ရရှိသည့်တိုင် ဖွဲ့ကို ရင်းရပြန်သည်။ ဘဝပြဿနာအခက်အခဲအသီးသီးကိုလည်း ဖွဲ့ရှိရှိနှင့် ဖြေရှင်းကြရပါသည်။

မြတ်စွာဘုရားရှင်သည် ဘုရားလောင်းဇနကမင်းသားဘဝ သင်္ဘောပျက်ဖူးသည်။ အခြားသင်္ဘောသားများကဲ့သို့ အားငယ်ငိုကြွေးအရှုံးပေးခြင်း မပြုဘဲ သမုဒ္ဒရာ ပြင်ကျယ်ကြီးတွင် ခုနစ်ရက်တိုင်တိုင် လက်ပစ်ကူးနေရာ မဏိမေခလာနတ်သမီး၏ ကယ်တင်ခြင်းခံရသည်။ နတ်သမီးသည် ဘုရားလောင်း၏ 'ဖွဲ့' ကို ချီးမြှောက်ခြင်းဖြစ်ပါသည်။ ဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုသော မခန့်မှန်းနိုင် ကြောက်မက်ဖွယ် ကောင်းလောက်အောင် ရှည်လျားလှသော ကာလကြီးတစ်လျှောက်လုံး ပါရမီဖြည့် ကျင့်ခဲ့ရသည့်တိုင် နောက်ဆုံးဘဝတွင် ဒုက္ကရစရိယာခြောက်နှစ် ကျင့်ရပြန်သေးသည်။ 'ဘုရားမဖြစ်သမျှ ဤနေရာမှ မထ' ဟူသောဖွဲ့ဖြင့် အားထုတ်ပါမှ ဘုရားအဖြစ်သို့ ရောက်ရလေသည်။ အတုမရှိသော အနန္တတန်ခိုးတော်ရှင် ဘုရားသခင်ပင်လျှင် 'ဖွဲ့' ကိုရင်းမှ အောင်မြင်မှုရပါသည်။ သာမန်လူသားတို့အဖို့ကား ဆိုဖွယ်ရာမရှိပါ။ 'ဖွဲ့' သာမရှိလျှင် အရာရာကို အောင်မြင်ပြီးမြောက်ရန် ခက်ခဲပါလိမ့်မည်။

ကမ္ဘာဦးလူသားတို့သည် မိုးထိမြင့်မားသော တောင်ကြီးများပိတ်ဆီးကာ သန်းနေလျှင် လက်မှိုင်ချ၍မနေပါ။ ကုတ်တွယ်တက်၊ လျှောက်လမ်းများဖောက်လျက် 'တောင်ကြီးဖဝါးအောက်' ဖြစ်စေသည်။ တောင်ကိုရစ်ဝေ့ပတ်ကွေ့ မနေရအောင် ဥမင်လိုဏ်ခေါင်းဖောက်ပြန်သည်။ အချိန်ပိုသက်သာ၊ ခရီးပိုတွင်စေရန် တောင်ကို

အလယ်မှ မုန့်စိမ်းပေါင်းတုံးကြီးကိုပိုင်းသလို ပိုင်းချ၍လည်း လမ်းများဖောက်ကြပါသေးသည်။ ချောင်းတွေ့လျှင် သစ်လုံးသစ်ပင်ဖြင့်ကူးဖြတ်၏။ မြစ်တွေ့လျှင် တံတားဆောက်၏။ ပင်လယ်ရေပြင်ကြီးများကိုကူးရန် လှေ၊ သင်္ဘောများတည်ဆောက်ကြသည်။ 'တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီး လှေအောက်' သည် ဇွဲရှိခြင်း၏ အကျိုးကြောင့်ပေါ်ပေါက်လာသော စကားပုံ ဖြစ်ပါသည်။

စာမတတ် ပေမတတ်ဘဝဖြင့် နှစ်ပေါင်း ၆၀ ကုန်လွန်ခဲ့ပြီး တတိယအရွယ်ရောက်မှ ပိဋကသုံးပုံ သင်ယူရသော အရှင်ဒိသာပါမောက္ခသည် ကျမ်းဂန်တတ်ပညာရှိတစ်ဆူအဖြစ် ရောက်ရှိရန် ဇွဲကို အရင်းပြုခဲ့ရသည်။ မိတ္ထီလာနယ် ဝန်ဇင်းရွာသား မောင်ညိုသည် လယ်ထွန်နွားကျောင်းရင်း စာပေမပြတ် လေ့လာဆည်းပူးသောကြောင့် တစ်နေ့တွင် ပညာရှိအမတ်ကြီးဖြစ်ရကြောင်း အများသိကြပါသည်။ ထိုခေတ်က မောင်ညို၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ လူများသည် စာပေဖတ်ရှုခြင်းကို အားမပေး၊ ကဲ့ရဲ့ရှုံ့ချခြင်းပင် ပြုကြသေးသည်။ မောင်ညိုသာ ဇွဲမရှိခဲ့လျှင် မြန်မာ့သမိုင်းတွင် ဝန်ဇင်းမင်းရာဇာ ဟူ၍ ပေါ်မလာနိုင်ပါ။

နန်းကျဘုရင်ကြီး ကွမ်းဆော်ကြောင်ဖြူသားတော် အနော်ရထာမင်းသားငယ်သည် နောင်တော် စုက္ကတေးမင်းထံတွင် ဇွဲရှိရှိသည်းခံအမှုထမ်းရင်း မင်းအဖြစ်ရောက်ရှိရုံမျှမက ပထမမြန်မာနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့ပါသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဒုတိယမြန်မာနိုင်ငံကိုလည်းကောင်း၊ တတိယ မြန်မာနိုင်ငံကို အလောင်းမင်းတရားကြီးကလည်းကောင်း တည်ဆောက်ပေးခဲ့ကြသည်။ ထိုမြန်မာနိုင်ငံသည် ခေတ်တစ်ခေတ်၏ အုပ်ချုပ်သူမင်းနှင့် ပြည်သူတို့ လုံ့လအားမာန်မရင့်သန် ညံ့ဖျင်းမှုကြောင့် နှစ်ပေါင်းတစ်ရာ သူတစ်ပါးကျွန်ဘဝ ရောက်ခဲ့ရသည်။ နယ်ချဲ့ကိုလည်းကောင်း ဖက်ဆစ်ကိုလည်းကောင်း မြန်မာပြည်သူတို့ ဇွဲရှိရှိဖြင့် ဆန့်ကျင်ခဲ့ကြရသည်။ အသက်သွေးချွေးများ ပေးဆပ်ခဲ့ကြရသည်။ ဗိုလ်တေဇခေါ်ကိုအောင်ဆန်း ဦးဆောင်၍ စစ်ပညာကို ကြိုးစားသင်ယူကြရသည်။ သင်တန်းဆရာများ၏ ညှဉ်းပန်းစော်ကားမှုဒဏ်ကို သည်းခံခဲ့ကြရသည်။ ဗိုလ်ချုပ်ဦးဆောင်သော ထိုခေတ်ပြည်သူတို့ ဇွဲကြောင့် ကျွန်ုပ်တို့ လွတ်လပ်ရေးရရှိခဲ့ခြင်း ဖြစ်ပါသည်။

ကဗျာစာဆို ဆရာမ ဌေးတာရီက ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကို သူရဲကောင်းသုံးယောက်ဟု တင်စား၍

'သဟဲဖော်ညို၊ သတ္တိရှိပြီး

ချစ်သည့်သဟာ၊ ဇွဲလည်းပါ၍
မကွာထပ်လောင်း၊ ငယ်ကပေါင်းသည့်
ဆွေကောင်းလို့လ၊ တူတစ်ကွတည့်
ဘေးကတူယှဉ်၊ ပါခဲ့လျှင်မူ
ငါ့တွင်သေချာ၊ အောင်ဖို့ရာတည့်' ဟု ဖွဲ့ဆိုထားသည်။

ကန္တာရခရီးလမ်းသည် အနိမ့်အမြင့်အကွေ့အကောက်များပါသည်။ လူ့ဘဝခရီးလမ်းသည်လည်း ကံတရား၏ အရစ်အဝှေ့၊ လောကဓံ၏ အထုအထောင်းများ ရှိစမြဲဖြစ်ပါသည်။ ပျော့ညံ့သူတို့သည် ကြုံလာသောအခက်အခဲကို လွယ်လွယ်နှင့် အရှုံးပေးတတ်ကြသည်။ လူဖြစ်ရကျိုးမနပ်ပါ။ ပြဿနာ အခက်အခဲများကို လက်တွေ့ရင်ဆိုင်ဖြတ်ကျော်ကာ အောင်မြင်မှုရယူသင့်ပါသည်။ မရသေးပါက ထပ်ခါထပ်ခါ ကြိုးစားလျှင် မလွဲမသွေရပါလိမ့်မည်။ စည်းကမ်းဇွဲရှိခြင်း၏ အကျိုးတရားပင်ဖြစ်ပါတော့သည်။ ။

ကျေးလက်စာကြည့်တိုက်

- ❑ အသိပညာကိုစာပေမှရပုံ
- ❑ စာမတတ်၍ ကျေးလက်ပြည်သူတို့ကြုံခဲ့ရသည့်ဒုက္ခများ
- ❑ မြို့ပြကျေးလက်ကွာဟမှုမရှိစေရန် စာကြည့်တိုက်များထားရှိသင့်ပုံ

## ကျေးလက်စာကြည့်တိုက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ခဲ့သည်။ ယခုအခါ စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းနေပေသည်။ စိုက်ပျိုးထွန်ယက်ရာ လယ်မြေများသည် လည်းကောင်း စက်မှုလက်မှုဇုန်များသည်လည်းကောင်း မြို့တွင်းမြို့လယ်ထက် ကျေးလက် အပိုင်း အခြားမှာသာရှိသည်က များပါသည်။ ထို့ကြောင့် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိ အစစအရာရာတူညီမှုရှိရန် အရေးကြီးပါသည်။ မြို့ပြပြည်သူတို့ကဲ့သို့ ကျေးလက် ပြည်သူတို့ လူမှုရေး စီးပွားရေး အမြင်ကျယ်စေရန် အသိပညာပေးဖို့ လိုအပ်ပါသည်။ အသိပညာကို စာပေမှရနိုင်ပါသည်။

စာပေသည် လူတစ်ဦးချင်းကို အသိပညာထက်မြက်စေသည်။ လူ့တစ်စုကို တရားမျှတသော နိုင်ငံသားများ ဖြစ်စေသည်။ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုး စေသည်။ ပုဂံခေတ်မှစတင်ခဲ့သော မြန်မာစာပေသည် ခေတ်အဆက်ဆက် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့ရာ ယခုဆိုလျှင် ပြည်သူတို့သည် စာပေ၏ အကျိုးကျေးဇူးကိုခံစားနေကြပြီဖြစ်ပါသည်။ သို့သော် မြို့ကြီးပြကြီးတွင်သာ စာကြည့်တိုက်များရှိခဲ့ပြီး ကျေးလက်ပြည်သူတို့သည်ကား တစ်နိုင်ငံလုံး၏ စားဝတ် နေရေးအတွက် ရန်းကန်ဖန်တီးပေးရင်း စာပေနှင့် ဝေးကွာခဲ့ကြရသည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်များ တွင် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုတို့သာမက အမျိုးသမီး စာဆိုလည်း အများအပြား ပေါ်ထွန်းခဲ့ပါသည်။ သို့သော် နောက်ပိုင်းတွင် စာပေဟူသည် အမျိုးသားများနှင့်သာ သက်ဆိုင်သယောင် ယူဆလာကြပါသည်။ အထူးသဖြင့် ကျေးလက်တောရွာများတွင် မိန်းကလေးများဆိုပါက သေစာရှင်စာလောက် ဖတ်တတ်လျှင်တော်ပြီဟုပင် ပြောဆို ကြပါသည်။ စာပေဗဟုသုတနည်းသောအခါ လူမှုရေး၊ ကျန်းမာရေးတို့တွင် ခေတ်

အမြင်မရှိကြပါ။ စောစီးစွာအိမ်ထောင်ကျ၊ လူမှုဒုက္ခအဝဝတွင် လုံးချာလိုက်ရင်း ဘဝသက်တမ်း ကုန်ဆုံးသွားကြရသည်။

ဆိုခဲ့သောအကြောင်းကြောင့် ကျေးလက်ပြည်သူများ ခေတ်မီတိုးတက်စေရန် စာဖတ်ရမည်။ စာဖတ်နှုန်းလည်း မြင့်မားရမည်ဖြစ်၏။ စာတတ်မြောက်မှုသည် လက်မွန်မဆွကပင် ရှိခဲ့ပြီးဖြစ်သောကြောင့် စာဖတ်ရန်သာလိုပါသည်။ မြို့ကြီးပြကြီး စာကြည့်တိုက်များသို့ရောက်ရန် အလှမ်းဝေးသော ကျေးလက် လူထုအတွက် ကျေးလက်စာကြည့်တိုက်များ ထူထောင်ပေးရပါမည်။

စာမတတ်မှု စာတတ်သော်လည်း မဖတ်မှုကြောင့် ကျေးလက်နေသူတို့ ခံစားရသော ဒုက္ခအဝဝတွင် ရှေးရိုးစွဲ အယူအဆအလွဲများလည်း ပါဝင်ပါသည်။ ဥပမာ စမ်းရေသောက်လျှင် ငှက်ပျောသီးစားလျှင် ငှက်ဖျားဖြစ်တတ်သည်။ မြွေပေါက်ခံရသူအား မြွေဆိပ်ပြယ်စေရန် ပေါက်သောမြွေ၏ အမြီးကိုဖြတ်၍ မျိုစေရမည် စသည်တို့ဖြစ်ပါသည်။ စာပေဗဟုသုတရှိသူသည် ခြင်ကြောင့် ငှက်ဖျားရောဂါဖြစ်ကြောင်း သိပါမည်။ မြွေပေါက်ခံရသူကို ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုပြီး ဆေးရုံသို့ အမြန်ဆုံးပို့မည်ဖြစ်ပါသည်။

ကျေးလက်စာကြည့်တိုက်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအသိအမြင် ရင့်သန်စေသော စာမျိုးစုံထားရှိပါသည်။ ကျေးရွာသူကျေးရွာသားများ မည်မျှပင် အလုပ်များစေကာမူ စာကြည့်တိုက်ရှိလျှင် စာဖတ်ဖြစ်ပါသည်။ ယခင် ခေတ်များ မှာကဲ့သို့ ဗေဒင်လက္ခဏာ၊ နက္ခတ္တပညာအစစ်အမှန် မတတ်ကျွမ်းသော ဆရာတု ဆရာယောင်များ၏ လိမ်လည်လှည့်ဖြားမှု၊ ရွှေအတုကို ရွှေအစစ်နှင့် ပရိယာယ်ဆင်ကာ လဲလှယ်ယူမှု၊ အလုပ်အကိုင်ရအောင် လုပ်ပေးမည်ဆိုကာ ရောင်းစားခံရသည့် လူကုန်ကူးမှုများမှ လွတ်မြောက်ကြရပါသည်။

ပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာ အလောင်းအလျာ မောင်ညိုသည် လယ်ထွန်ရင်း၊ နွားကျောင်းရင်း စာပေလေ့လာရာတွင် စိတ်ဖြောင့်လက်ဖြောင့် ရှိခဲ့သည်မဟုတ်ပါ။ သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ ကဲ့ရဲ့ပြစ်တင်မှုကြားမှ ကြိုးစား အညီးပူးခဲ့ရခြင်းဖြစ်ပါသည်။ ထို့အတူကျေးလက်ပြည်သူအများစုသည် စာဖတ် ခြင်းမှာ မိမိတို့နှင့်မဆိုင်သလို ထင်လာကြသည်။ စာဖတ်ခြင်းကို အပြစ်ဟူ၍ပင် ယူဆလာကြ၏။ အမှန်စင်စစ် ကျေးလက်တောင်သူလယ်သမားတို့၏ ရိုးစင်းမှုကို အခွင့်ကောင်းယူကာ ကိုလိုနီနယ်ချဲ့၏ ဖိနှိပ်ချုပ်ချယ်မှု၊ အတိုးကြီးစားသည့် ချစ်တီး

လူတန်းစားများ ခေါ်သွင်းလာမှုတို့ကြောင့် ခါးသီးသော ကိစ္စများစွာ ကြုံခဲ့ရသည်။ စာဖတ်ရန်ဝေးစွ စာမတတ်မှုကြောင့်ပင် ပိုင်ဆိုင်မှုအသီးသီး ချစ်တီးတို့ထံ အပ်လိုက်ရသည့်အဖြစ်ဆိုးများရှိခဲ့သည်။ စာမတတ်မဖတ်မှုကြောင့် အိမ်ထောင်သားမွေး ကိစ္စများကို အချိန်မတိုင်မီကြုံတွေ့၊ သားမြေးများပွားစီးကာ စီးပွားရေးကျပ်တည်းကြသည်။

အချို့ကျေးလက်လူငယ်များသည် ဗီဒီယိုရုံများနှင့်သာ ရင်းနှီးခဲ့ကြပါသည်။ အကြားအမြင် ဗဟုသုတနည်းသောကြောင့် စိတ်ကြွလွယ်သကဲ့သို့ စိတ်ဓာတ်ကျလွယ်သည်။ ပြဿနာအဝဝကို အရိုင်းဆန်ဆန် ဖြေရှင်းလိုကြသည်။ ကျေးလက်စာကြည့်တိုက်များ ပေါ်လာသောအခါ စာကြည့်တိုက်ဘက် ခြေဦးလှည့် ဖြစ်လာပါသည်။ စာဖတ်မှုကြောင့် အမြင်ကျယ်လာကြကာ မြို့ပြလူငယ်တို့နှင့် တန်းတူတွေးခေါ်စဉ်းစားတတ်လာကြပါသည်။ ယဉ်ကျေးမွန်ရည်လာကြသည်။ ပရဟိတလုပ်ငန်းများလည်း လုပ်ကိုင်ဆောင်ရွက်လာကြပါသည်။

ကျေးလက်ပြည်သူတို့သည် မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိပေရာ မြို့ပြကျေးလက် ကွာဟမှုမရှိသင့်ပေ။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ပညာရေး စီးပွားရေးဖွံ့ဖြိုးမှုတို့အပြင် ကျေးရွာ၏ စာကြည့်တိုက်များ စနစ်တကျထားရှိရေးသည် အရေးပါသော ကိစ္စဖြစ်လာပါသည်။

ကျေးလက်စာကြည့်တိုက်များကြောင့် ဗဟုသုတ၊ အတွေးအမြင် ကျယ်ပြန့်လာသည်။ မြို့ပြကျေးလက် ကွာခြားမှုမရှိတော့ပါ။ အရေးအကြောင်းရှိက မြို့သို့ အပန်းတကြီး သွားရန်မလို၊ ကိုယ့်ဒေသမှာပင် ဆောင်ရွက်ရရှိနိုင်လာပါသည်။ မောင်ညိုတို့ခေတ်ကကဲ့သို့ စာကိုတကြောင့်ကြကြ ဖတ်ရန်မလို၊ တစ်ရွာလုံး မစိုးမနောင့် မကြောင့်မကြ လေ့လာနိုင်ကြပြီ ဖြစ်ပါသည်။ ကျေးလက်စာကြည့်တိုက်များသည် နှစ်ဆယ့်တစ်ရာစု ဘိုးရာဇာများ ပေါ်ထွက်လာရန် အလားအလာရှိသော ဌာနများ ဟုဆိုသင့်ပါသည်။ ။

စကားအရာပျားသကာ

- လူ့လောကတွင် စကားပြောဆိုမှုအရေးပါပုံ
- ချိုသာသောစကားကြောင့် ရရှိသောအကျိုး
- စိတ်ရင်းစေတနာမကောင်းလျှင် စကားပြောဆိုမှု ကြမ်းတမ်းပုံ
- ယနေ့ခေတ် လူမှုဆက်ဆံရေးတွင် ချိုသာစွာပြောဆိုရန် လိုအပ်ပုံ

## စကားအရာပျားသကာ

လူ့ဘုံလောက၌ လူတစ်ဦးနှင့်တစ်ဦးဖြစ်စေ၊ အသင်းအဖွဲ့တစ်ဖွဲ့နှင့် တစ်ဖွဲ့ဖြစ်စေ နိုင်ငံအချင်းချင်းဖြစ်စေ ကူးလူးဆက်ဆံကြရာတွင် အရေးပါသော အရာနှစ်မျိုးရှိပါသည်။ အစားနှင့်စကားဖြစ်၏။ မိမိတို့လိုရာကိစ္စများကို ပြီးမြောက်အောင်မြင်စေရန် ဆွေးနွေးပြောဆိုရာတွင် စားကောင်းသောက်ဖွယ်များဖြင့် တည်ခင်းဧည့်ခံရပါသည်။ ယဉ်ကျေးပျူငှာသော စကားများကိုရွေးချယ်၍ ချိုသာစွာပြောဆိုကြရပါသည်။

ချိုသာသောစကားကို ပြောဆိုနိုင်ရေးသည် လွယ်ကူသယောင်ရှိသော်လည်း ရံဖန်ရံခါ ခက်ခဲပါသည်။ စကားကောင်းပြောဆိုနိုင်ရန် ပင်ကိုစိတ်ထား ကြည်လင်သန့်စင်ရပါမည်။ စိတ်အမူအရာသန့်စင်မှ နှုတ်အမူအရာနူးညံ့၍ ကိုယ်အမူအရာယဉ်ကျေးမည်ဖြစ်ပါသည်။ ကိုယ်နှုတ်နှလုံးသုံးပါးလုံးတွင် နှုတ်အမူအရာ ယဉ်ကျေးခြင်းသည် အောင်မြင်မှုအတွက် အရေးပါသောအရာဖြစ်၏။ ကြမ်းတမ်းစွာပြောဆိုသူကို မည်သူမျှမနှစ်သက်၊ ချိုသာသိမ်မွေ့စွာ ပြောဆိုသူကိုသာလျှင် ချစ်ခင်နှစ်သက်ကြပေသည်။ ချိုသာစွာပြောဆိုခြင်းတည်းဟူသော ပီယဝါစာ လောက ဆက်ဆံရေးအဆင်ပြေစေသောအရာ မရှိပါ။

ချိုသာသော စကားကို လူတို့မဆိုထားနှင့် တိရစ္ဆာန်များပင် နှစ်သက်ကြောင်း မြတ်စွာဘုရားရှင်က နန္ဒိဝိသာလဇာတ်တွင် ဟောကြားတော်မူပါသည်။ ကြမ်းတမ်းစွာ ပြောဆိုတတ်ပြီး အမြဲနိုက်ရန် ဖြစ်ပွားလေ့ရှိကြသည့် ဆဗ္ဗဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားခြင်းဖြစ်၏။

တက္ကသိုလ်ပြည် ဂန္ဓာရမင်းလက်ထက်၌ ဘုရားလောင်းသည် နွားအမျိုး၌ဖြစ်၍ နန္ဒိဝိသာလ အမည်ရှိ၏။ သခင်ဖြစ်သူ ပုဏ္ဏားကြီးက သားကဲ့သို့ မွေးမြူသောကြောင့်

နန္ဒိဝိသာလက ကျေးဆပ်လိုသည်။ မိမိသည် ခွန်အားဗလနှင့် ပြည့်စုံသောကြောင့် လှည်းအစီးတစ်ရာကို ရုန်းနိုင်ကြောင်း အသပြာတစ်ထောင်လောင်းရန် ပုဏ္ဏားကြီးအား ပြောသည်။ ပုဏ္ဏားကြီးသည် ကျောက်ခဲအပြည့် တင်ထားသော လှည်းအစီးတစ်ရာအနက် ထိပ်ဆုံးလှည်း၏ လှည်းဦးတွင်ထိုင်ကာ မိမိနွားကို ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်း၍ လှည်းဆွဲစေပါသည်။ နန္ဒိဝိသာလက မဆွဲဘဲနေသောကြောင့် အသပြာတစ်ထောင်ဆုံးရသည်။ နန္ဒိဝိသာလက မိမိဤအိမ်၌ နေစဉ်ကစ၍ အကျိုးပျက်စီးရာပျက်စီးကြောင်း တစ်စုံတစ်ရာမပြုခဲ့ပါဘဲလျက် အကြိမ်းအမောင်းခံရသည်။ ယခုထပ်၍ အသပြာနှစ်ထောင်အလောင်းအစားပြုလော့ဟု ဆိုကာ လှည်းဆွဲစေသည်။ မိမိအားလည်းချိုသာစွာ ပြောဆိုရန်ပြောကြားပြီး လှည်းဆွဲသောကြောင့် အသပြာနှစ်ထောင် ပိုင်ဆိုင်သွားပါသည်။

စကားချိုသာမှုကြောင့် ကောင်းကျိုးခံစားရသကဲ့သို့ ကြမ်းတမ်းမှုကြောင့် ဆိုးကျိုးခံစားရသည်လည်း ရှိပါသည်။ ဘုရားလောင်းရွှေကုန်သည်သည် စကားကို ချိုသာစွာပြောဆိုသည့်အပြင် စိတ်ရင်းစေတနာမှန်သောကြောင့် ညစ်ပေ၍ ရေညှိတက်နေသော ရွှေခွက်ကြီးကိုရရှိခဲ့သည်။ ဒေဝဒတ်လောင်းရွှေကုန်သည် သည်ကား အပြောအဆို ရိုင်းစိုင်းကြမ်းတမ်းသည့်ပြင် ကောက်ကျစ်စဉ်းလဲသူ ဖြစ်သောကြောင့် ရွှေခွက် ဆုံးရှုံးကာ ရင်ကွဲ၍အသက်သေခဲ့ရပါသည်။ ဤဇာတ်လမ်းကို ကြည့်ပါက အပြော အဆိုချိုသာ ယဉ်ကျေးမှုသည် ပင်ကိုအတွင်းစိတ်နှင့်လည်း သက်ဆိုင်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ရိုးသားဖြောင့်မတ်၍ စိတ်ထားမှန်ကန်သူသည် ချိုသော စကားကိုပြောမည်သာဖြစ်ပါသည်။ များသောအားဖြင့် ကြမ်းတမ်းစွာပြောဆိုတတ်သူများသည် စိတ်ထားမတည် အတွင်းကောက်သူများ ဖြစ်နေတတ်ပါသည်။

ထူးခြားချက်အနေနှင့် အတွင်းစိတ်သဘောကောက်ကျစ်စဉ်းလဲပြီး ချိုချိုသာသာ ပြောဆိုတတ်သူများလည်း ရှိပါသေးသည်။ ၄င်းတို့မှာ ပရိယာယ် မာယာများသူများဖြစ်ပါသည်။ မိမိတို့ အလိုအတိုင်းဖြစ်ပါက သကြားအုပ်ထားသော ဆေးခါးပမာ ပူလောင်စပ်ခါးသော စကားများ ပေါ်ပေါက်လာတတ်ပါသည်။ စကားပြောမာစေကာမူ စိတ်ရင်းချိုသာသော ကြံနှင့်တူသူများလည်း ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ပန်းပေါင်းစုံ ရနံ့သင်းပျံ့သည့် နွေပျားရည်ကဲ့သို့ စေတနာဖြင့် အပြော စကားထပ်တူကျသူများသည်သာ အများနှစ်သက်ခြင်းခံရပြီး အရေးကိစ္စ အဝဝအောင်မြင်ကြရပါသည်။

စကားကို ပျားသကာကဲ့သို့ချိုစေရန် ယဉ်ကျေးစွာပြောဆိုရမည်ဖြစ်ပါသည်။ ယဉ်ကျေးစွာပြောဆိုခြင်းသည် ခက်ခဲလှသည့်အလုပ်မဟုတ်ပါ။ လေ့ကျင့်ပျိုးထောင်ယူ၍ ရနိုင်ပါသည်။ ဘုရားဟော ၃၈ ဖြာမင်္ဂလာတရားတော်တွင် တစ်ပါးအပါအဝင် ဖြစ်သော 'သုဘာသိတာ' ကောင်းသောစကားဆိုခြင်း ပြုရပါမည်။ ကောင်းသော စကားဆိုသည်မှာ-

- စိတ်ဝမ်းကွဲပြားသူများကို ညီညွတ်အောင်ပြောဆိုခြင်း
- ချစ်ခင်နှစ်သက်ဖွယ်ဖြစ်အောင်ပြောဆိုခြင်း
- မှန်ကန်ဖြောင့်မတ်စွာပြောဆိုခြင်း
- သဘာဝကျ၍ ယုတ္တိရှိခြင်းတို့ဖြစ်ပါသည်။ ကောင်းသောစကား ပြောဆိုခြင်းသည် ယဉ်ကျေးပါသည်။ ယဉ်ကျေးစွာပြောဆိုခြင်းသည် နားဝင်ချိုပါသည်။ နားဝင်ချိုသောစကားဖြင့် ရန်သူကိုပင် မိတ်ဆွေဖြစ်အောင် ပြုစွမ်းနိုင်ပါသည်။ ချိုသာသောစကားပင်ဖြစ်စေကာမူ ဘုရားအစရှိသော သူတော်ကောင်းတို့ မနှစ်သက်သည့် ဝစီကံလေးပါးကိုလည်း ရှောင်ကြဉ်ရပါမည်။ ၎င်းတို့မှာ -

- မုသာဝါဒခေါ် လိမ်ညာပြောဆိုခြင်း
- ပိသုဏဝါစာခေါ် ချစ်ခင်သူများကြား ကုန်းချောသောစကားပြောဆိုခြင်း
- သမ္ဖပ္ပလာပဝါစာခေါ် သိမ်ဖျင်း၍အနှစ်ကင်းမဲ့သော စကားကိုဆိုခြင်း
- ဖရုသဝါစာခေါ် ကြမ်းတမ်းသောစကားကိုဆိုခြင်းတို့ ဖြစ်ပါသည်။

ချိုသာစွာပြောဆိုစေကာမူ စကားအသုံးအနှုန်း ရန့်ရင်းကြမ်းတမ်းလျှင် ဖရုသဝါစာ ဖြစ်ပါသည်။ လူဆိုးဗိုလ်များ၊ အရက်သမားများ၊ မူးယစ်ဆေးသုံးစွဲသူများ လေအေးအေးလေးနှင့် 'ခနိုးခနဲ့' ပြောခြင်းများပါဝင်ပါသည်။ ယင်းကဲ့သို့ ပြောဆိုကြသူတို့၏ စကားများသည် 'ပျားစွဲသောနှုတ် ဆိပ်သုတ်နှလုံး' ဆိုသကဲ့သို့ အဆိပ်ရှိသော အန္တရာယ်မကင်းသော စကားများဖြစ်ပါသည်။

ယနေ့ခေတ်အခါတွင် ချိုသာမှုမရှိသော စကားသံများကို နေရာအတော်များများတွင် ကြားသိနေရပါသည်။ ခရီးသည်တင် ကားမောင်းသူနှင့် ယာဉ်နောက်လိုက်များ၊ ဘဏ်၊ ဆေးရုံနှင့် ရုံးဌာနအချို့မှ ဝန်ထမ်းစသူတို့သည် မောက်မာစွာ ပြောဆိုလေ့ရှိကြသည်။ ယဉ်ကျေးချိုသာစွာ ပြောဆိုခြင်းသည်သာ ဆက်ဆံရေးကောင်း၍ လုပ်ငန်းများအဆင်ပြေစေမည် ဖြစ်ပါသည်။ ဈေးရောင်းသူများ၏ ကုန်ပစ္စည်းချင်း တူစေကာမူ အပြောချိုသောဈေးသည်ထံတွင် ဝယ်ယူသူ များပါသည်။

ဈေးရောင်းသူသာမက ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဝန်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ စသဖြင့် မည်သူမဆို ချိုသာယဉ်ကျေးစွာ ပြောဆိုသင့်ပါသည်။

မိဘဆရာသမားက အကျိုးသင့်အကြောင်းသင့် ချိုသာစွာဆုံးမလျှင် သားသမီး၊ တပည့်တို့လိုက်နာ ကြမည်သာ။ ခေါင်းဆောင်ကောင်းတို့၏ စည်းရုံး ပြောဆိုနိုင်မှုအပေါ် မူတည်၍ လက်အောက်ငယ်သားများ စည်းကမ်းရှိတာဝန်သိ ကြမည်။ စကားပြောချိုသာခြင်းသည် အကြီးအကဲတို့၏ အရည်အချင်းတစ်ရပ်ဖြစ် သလို လက်အောက်ငယ်သား တပည့်တို့အတွက်လည်း ချစ်ခင်နှစ်သက်ယုံကြည်မှုကို ခံယူရစေသောအရာ ဖြစ်သည်။

လူကြီးလူလတ်လူငယ် မည်သူမဆို သာယာချမ်းမြေ့သော လူ့ဘောင်လောက ကို ရေရှည်လက်တွဲ တည်ဆောက်သွားကြရန် သကာနှင့်တူသော စကား၊ ချိုမြ ကြည်သာဖျော့ငွာသော စကားများကို ပြောဆိုကြရပါမည်။ ။

ဘုရားပွဲတော်တစ်ခု

- ဘုရားဖူးသွားရန် ကြုံကြိုက်လာပုံ
- မြောက်ပိုင်းရှမ်းပြည် တောင်ပေါ်ခရီး
- ဘုရားပွဲတော်နေရာ
- ဘုရားပွဲဈေးမြင်ကွင်း
- ဘုရားပွဲတော်ကျင်းပပုံ
- အပြန်ခရီးနှင့်အတွေး

## ဘုရားပွဲတော်တစ်ခု

ယမန်နှစ်က ဖခင်၊ မိခင်တို့၏ လုပ်ငန်းကိစ္စပေါ်ပေါက်လာ၍ တစ်ကြောင်း၊ ဘုရားဖူးထွက်ရန် တစ်ကြောင်း ကျွန်တော်တို့မိသားစု မန္တလေးမြို့သို့ ရောက်ခဲ့ကြပါသည်။ မိခင်ဘက်မှ ဆွေမျိုးများအိမ်တွင် တည်းပါသည်။ ဆွေမျိုးများက မဟာမုနိဘုရားကြီးနှင့် မန္တလေးမြို့အနီး ဘုရားများသို့ လိုက်ပါပို့ဆောင်ပေးကြပါသည်။ မန္တလေးမြို့ထဲတွင် 'ဘော်ကြို ...ဘော်ကြို' ဟူသောအသံများ ကြားနေရ၏။ သီပေါဘော်ကြိုဘုရားပွဲသို့ သွားရန်ခေါ်နေသံများဖြစ်သည်။ မိခင်၏မောင်များဖြစ်သော အိမ်ရှင်ဦးလေးနှစ်ယောက် ဘော်ကြိုပွဲသွားရန် အစီအစဉ်ရှိသည်။ ကျွန်တော်လည်း ရောက်ဖူးချင်၍ လိုက်ပါခွင့်ရရန် မိဘများ၏ခွင့်ပြုချက်ဖြင့် ဘော်ကြိုဘုရားပွဲသို့ ရောက်ဖူးရန်အကြောင်းဆိုက်လာပါသည်။

ဦးလေးများဖြစ်ကြသော ဦးကျော်၊ ဦးမော်တို့နှင့် ကျွန်တော်သည် ရတနာမှန်လုံ အဲယားကွန်းအိပ်စပရက်ကားကြီးဖြင့် ရှမ်းပြည်နယ်၏ တောင်ကုန်း တောင်တန်းများကို ကျော်ဖြတ်ကြပါသည်။ ပြင်ဦးလွင်ခေါ် မေမြို့အတက်လမ်းမှာ အကွေ့အကောက် များလှသည်။ ကြည့်ရှု၍လှပသလို သည်းထိတ်ရင်ဖိုဖွယ်လည်း ဖြစ်ပါသည်။ ငယ်စဉ်ကကြားဖူးသော သီချင်းတစ်ပုဒ်ကို သတိရမိ၏။ ရှမ်းပြည်နယ်မြောက်ပိုင်းလမ်းဆိုးပုံကို ဖွဲ့ထားခြင်းဖြစ်ပါသည်။

**"အိုး...မြောက်ပိုင်းလမ်း....**

**ကျွန်တော်လေ ရွှေဗီချိန်ခါ လက်ဖက်ပေါ်တဲ့အခါမှာ....**

**ဂျီအမ်စီလိုကားကြီးမျိုး မန္တလေးဘက်သို့ ကုန်တင်ကာသွားမယ်...**

လမ်းတွေကဆိုး.... ချိုင့်တွေကပေါ ခေါင်းလေးများပြန်နေအောင် မောင်းတယ်" ဆိုပါသည်။

ယခုအခါတွင်မူ **"အိုး....မြောက်ပိုင်းလမ်း....ခုတော့ ကောင်းနေပြီ"** ဟူသော သီချင်းသစ် တစ်ပုဒ်ပေါ်လာသည့်အတိုင်း လမ်းများအလွန်ကောင်းနေပါသည်။ နောင်ချိုမြို့၏ အရှေ့ဘက်တွင် နာမည်ကျော် ဂုတ်ထိပ်တံတားရှိသည်ဟု ပြောကြသည်။ ရထားလမ်းမှာဖြစ်သည်။ ကျွန်တော်တို့က ကားလမ်းခရီး ဖြစ်သောကြောင့် မဆုံလိုက်ပါ။ သို့သော် ဂုတ်တွင်းဟုခေါ်သော တောင်ကြားခရီးကို ဖြတ်ရပါသည်။ နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးမှ မိုးထိအောင်မြင့်မားသော တောင်ကမ်းပါးရံကြီးကို သုံးကြိမ်သုံးလီခန့် ကွေ့လိမ်ရစ်ပတ်ထားသော လမ်းဖြစ်ပါသည်။ လွန်စွာကြောက်မက်ဖွယ်ကောင်းသော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် အန္တရာယ်မရှိပါ။ ကျွန်တော်တို့သည် ကျောက်မဲမြို့တွင် တစ်ထောက်နားကြသည်။ ဦးလေးတို့နှင့် ကျောင်းနေဘက်ဖြစ်သော စိုင်းသန်းမောင်အိမ်တွင် တည်းပါသည်။ ဘော်ကြိုပွဲသို့ သူကလိုက်ပို့ပေးမည်ဖြစ်ပါသည်။

နောက်နေ့တွင် ဦးလေးနှစ်ယောက်၊ စိုင်းသန်းမောင်နှင့် ကျွန်တော်တို့သည် ဘော်ကြိုသွားမည့် လိုက်ထရပ်ခေါ် ခရီးသည်တင်ကားပေါ်တက်ကြသည်။ ကျွန်တော်တို့ လေးဦးလည်းတက်၊ လူပြည့်လျှင် ကားလည်းထွက်ပါသည်။ ကားစပယ်ယာက **'ဆွဲဆရာရေ့၊ လူပြည့်ပြီ၊ ဘော်ကြို....ဘော်ကြို'** ဟု အော်နေသည်။ စိုင်းသန်းမောင်က **'လူပြည့်ပြီးလည်း ပြောတယ်။ ဘော်ကြို.... ဘော်ကြို အော်နေသေးလား'** ဟု ပြောသောအခါ ကားသမားလေးက ရယ်မောလျက် **'အကျင့်ပါနေလို့ အစ်ကိုရေ ဒီအချိန်ကျရင် ဒီလိုအော်လိုက်ရမှ အရသာရှိတာ'** ဟု တုံ့ပြန်ပြောဆိုပါသည်။

ကားသည် မြူခြေဆိုင်းသော တောင်ကုန်းများကို ကွေ့လိုက်၊ ပတ်လိုက်၊ ကျော်လိုက် မောင်းနေပါသည်။ ဒုဋ္ဌဝတီမြစ်သည်ကား၏ ဘယ်ဘက်ရောက်သွားလိုက်၊ ညာဘက်ရောက်သွားလိုက်၊ ကားသွားနေရာ တံတားအောက်ရောက်လိုက်ရှိပါသည်။ ကျေးရွာများကိုဖြတ်သည့်အခါ တောင်ယာမီးခိုးများကြားမှ ရောင်စုံမြေကွက်ကြီးများကို တွေ့ရသည်။ ဝါတားကာလာခေါ် ရေဆေးဘူးထဲမှ ရောင်စုံကွက်တုံးများနှင့်တူပါသည်။ စိမ်းပြာပြာအကွက်များမှာ ဂျုံစိုက်ခင်းများ၊ အဝါရောင်အကွက်များမှာ ပန်းနှမ်းနှင့် နေကြာဟု ပြောကြပါသည်။ အနီရောင် အကွက်များမှာ မစိုက်ရသေးသော မြေနီများဖြစ်၏။ မကြာမီ ဘော်ကြိုဘုရားပွဲ ကျင်းပရာ သီပေါမြို့

သို့ ရောက်ပါတော့သည်။

ဒုဋ္ဌဝတီမြစ်ထဲတွင် အပျော်စီးလှေများကို တွေ့ရ၏။ ကားလမ်း၏တစ်ဘက် ပွဲတော်ကျင်းပရာနေရာတွင် ပရာဒို၊ တောင်းအေ့၊ ပါဂျဲရိုးစသော ကားများရပ်ထား သည်။ ဆိုင်ကယ်များဖြင့် တဖုံးဖုံး လာသူတွေလည်း လာကြသည်။ ကျွန်တော် သိထားသလို နွားလှည်းများဖြင့်လာသည်ကို မတွေ့ရပါ။ ထော်လာဂျီများကိုသာ တွေ့ရပါသည်။

ကွင်းပြင်ကြီးထဲရှိ စင်မြင့်ပေါ်တွင် လျှပ်စစ်ဂီတာများ ဆောင်းဘောက်(စ်) များဖြင့် ခေတ်ပေါ်သီချင်းများ သီဆိုနေကြသည်။ ပလောင်လူငယ်များအဖွဲ့ဟု သိရပါသည်။ ယခင်အခါက စိုင်းထီးဆိုင်တို့ လာဆိုဖူးကြောင်း၊ ယခု စိုင်းဆိုင်မောဝ် လာရောက် ဖျော်ဖြေမည်ဖြစ်ကြောင်း ကြားသိရသည်။ **"အို…မြောက်ပိုင်းလမ်း…. ခုတော့ ကောင်းနေပြီ"** ဆိုသော သီချင်းကိုဆိုမည်ထင်ပါသည်။ ပွဲတော်လာသူ တို့သည် ပွဲခင်းထဲမှာပင် မိုးလင်းသွားကြသည်။ မအိပ်ကြဟု ဆိုပါသည်။ ရှမ်းဇာတ်၊ ပလောင်ဇာတ်၊ မြန်မာစတိတ်ရှိုးများ ပါရှိမည်ဖြစ်၏။ ကျွန်တော်တို့သည် လူအုပ်နှင့် ပိတ်နေပြီး ပြန်ထွက်ရန်ခက်မည်စိုးသောကြောင့် ပွဲခင်းထဲမဝင်ဘဲ ပွဲဈေးတန်း လျှောက်ကြပါသည်။

ကျွန်တော်တို့ ရောက်နေချိန်မှာ ဘော်ကြိုပွဲတော် အဖိတ်နေ့ညဖြစ်၏။ ပွဲဈေးတွင် **'၁၅၀၀-၁၅၀၀'** ဟု အော်နေသံကြား၍ ကြည့်လိုက်ရာ ဘောင်းဘီများ ရောင်းနေသည်ကိုတွေ့ရပါသည်။ ကောင်းဘွိုင်ဦးထုပ်၊ အမျိုးသမီးနှင့်ကလေး ဆောင်းရာသီဦးထုပ်များလည်း ပါသည်။ လှပသောရောင်စုံပန်းပွင့်ကြီးများ ရိုက်နှိပ် ထားသည့် အိမ်ရာခင်းများ၊ သိုးမွေးစောင်များ၊ မျက်နှာသုတ်ပဝါများမှာ တရုတ် နိုင်ငံမှလာသော ပစ္စည်းများဖြစ်ကြသည်။ စတီးဖြင့်ပြုလုပ်ထားသော ချိုင့်၊ ဇလုံ၊ အိုးခွက်များ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ အချွေးထည်အမျိုးမျိုး၊ အသင့်ချုပ်ပြီး ရှမ်းအင်္ကျီများ တောင်သူသုံးပစ္စည်းများသာမက စီဒီချပ်များ၊ ရှမ်း သီချင်းစာအုပ်များ ရောင်းသည့်ဆိုင်များကို တွေ့ရပါသည်။

စားသောက်ဆိုင်တန်းတွင် ကောက်ညှင်းကျည်တောက်များ၊ ဝက်သားချဉ်၊ ခေါ်ပုတ်စသည်များ ရောင်းချနေသည်။ ရှမ်းအမျိုးသမီးလေးများသည် ကောက်ညှင်း ကျည်တောက်များကို သိုင်းကစားသည့်ဟန်ဖြင့် သယ်သွားကြသည်။ ကျွန်တော်တို့ သည် ရှမ်းခေါက်ဆွဲပူပူနွေးနွေးကို သွားစားကြသည်။ ကျောက်မဲ လက်ဖက်ခြောက်

ခါးခါးနှပ်ထားသော ရေနွေးကြမ်းကို သောက်ကြပါသည်။ ပလောင် အမျိုးသမီးလေးများ ရောင်းချနေသော ဆိုင်တစ်ဆိုင်တွင် ကျေးရွာသားအချို့ ဝိုင်းဖွဲ့ လက်ဖက်စားနေကြ၍ ကျွန်တော်တို့လည်းဝင်ထိုင်ပါသည်။ ပလောင် အမျိုးသမီးအစ်မကြီးများက လက်ဖက်သုပ်များ လာချပေးပြီး သူတို့ကုသိုလ်ပြုခြင်း ဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဘော်ကြိုဘုရားပွဲသို့ လာရောက်၍ လက်ဖက်သုပ်၊ ရေနွေးကြမ်းဒါနပြုကြကြောင်း ပြောပြပါသည်။ တိုင်းရင်းသားတို့သည် ရိုးသားရုံမျှမက သဒ္ဓါတရားလည်း ထက်သန်ကြပါသည်။

ဘုရားဖူးရန် ဘော်ကြိုဘုရားပရိဝုဏ်တွင်းသို့ ဝင်ကြပါသည်။ လေးဘက်လေးတန် ကာထားသော ပတ်လည်တံတိုင်းများ၏ ထိပ်အနားတစ်လျှောက် စေတီရံများ စီတန်းတည်ထားသည်။ နောက်ခံတောင်ပြာတန်းကြီးများနှင့် စီရရီတန်းနေသော ရွှေစေတီတော်လေးများမှာ ကြည်ညိုဖွယ် သပ္ပာယ်လှပါသည်။ ဘော်ကြို(မုဋ္ဌောစေတီ)၏ အတွင်းဘက်မုခ်လေးခုတွင် နရပတိစည်သူမင်း တည်ထားခဲ့သော ရတနာချာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာမာန်အောင်စသော ရှေးဟောင်းရုပ်ပွားတော်များရှိပါသည်။ ကျွန်တော်တို့သည် ရတနာမာန်အောင်ဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါသည်။ ပွဲတော်လာသူ ဘုရားဖူးတို့ ရွှေသင်္ကန်းကပ်လှူဖန်များသောကြောင့် ရုပ်ပွားတော်ကြီးများမှာ ရွှေတုံးရွှေခဲများ 'ဖိန်း' နေပါသည်။

လပြည့်နေ့ အရုဏ်တက်ချိန်တွင် ကျွန်တော်တို့ အရုဏ်ဆွမ်းဆက်ကပ်ပြီး သပြေပန်းများလည်း ဝယ်ယူတင်လှူကြပါသည်။ လပြည့်နေ့တွင် ပိုမိုစည်ကားပြီး အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားများဖြင့် ပျော်ရွှင်ဖွယ်ကောင်းလှပါသည်။ မြန်မာပြည်မှ ဗီဒီယိုသမားများ၊ ရုပ်ရှင်အဖွဲ့များ၊ ပန်းချီဆရာ၊ ဓာတ်ပုံသမားများလည်း ရောက်ရှိလာပါသည်။

ဘော်ကြိုဘုရားပွဲမှ မန္တလေးသို့အပြန်တွင် လိမ္မော်သီးများ၊ စတော်ဘယ်ရီသီးများ ဝယ်ခဲ့ကြပါသည်။ သဘာဝအသီးများဖြစ်၍ အေးမြနေပြီး ချိုလှပါသည်။ သူတို့ဒေသထွက် အသီးလေးများကဲ့သို့ ရိုးသားအေးမြချိုသာသော တိုင်းရင်းသားများ၏ ဘုရားပွဲတော်တစ်ခုဖြစ်ပါသည်။ ။

သဘာဝပတ်ဝန်းကျင်အလှ

- သဘာဝကို အဓိပ္ပာယ်ဖွင့်ဆိုချက်
- သဘာဝပတ်ဝန်းကျင်မှရရှိသော စားဝတ်နေမှုအစုစု
- မြန်မာနိုင်ငံအနှံ့အပြားရှိ သဘာဝပတ်ဝန်းကျင်အလှများ
- သဘာဝ၏ကျေးဇူးကိုသိပြီး တုံ့ပြန်သင့်ပုံ

## သဘာဝပတ်ဝန်းကျင်အလှ

သက်ရှိအရာအားလုံး၏ ဘဝဖြစ်တည်မှုကို ကာကွယ်စောင့်ရှောက်ပေးသည်မှာ သဘာဝဖြစ်၏။ ထို့ကြောင့် အပြန်အလှန်သဘောအားဖြင့် သဘာဝကိုလည်း ကျွန်ုပ်တို့က တုံ့ပြန်စောင့်ရှောက်ကြပါသည်။ သဘာဝဆိုသည်မှာ လူတို့၏ဆောင်ရွက်စီမံမှုမပါဘဲ သူ့အလိုလို ရှိနှင့်ပြီးသော ဝန်းကျင်တစ်ခုဖြစ်ပါသည်။ လူများ၊ သတ္တဝါများ၊ အပင်များကိုမွေးဖွားပေးသည့် သဘာဝသည် သားသမီးဖြစ်သော လူသားများ **'ရေကန်အသင့် ကြာအသင့်'** ဖြစ်စေရန် ပတ်ဝန်းကျင်အလှများ ဖန်တီးပေးထားလေသည်။

ကျွန်ုပ်တို့မှီတင်းနေထိုင်ရာ ကမ္ဘာကြီးကို နေချင်စဖွယ်ဖြစ်စေရန် သဘာဝပတ်ဝန်းကျင်ပုံစံအမျိုးမျိုး ဖန်တီးပေးသည်။ ပထဝီဝင်အရ လတ္တီတွဒ်မျဉ်းများအရ အပူပိုင်း၊ အအေးပိုင်း၊ အနွေးပိုင်း သင့်သလို ပိုင်းခြားထားပေးသည်။ မိခင်တစ်ဦး၏ မေတ္တာ၊ စေတနာအရ ပေါ်ထွက်လာသော ပြုစုယုယမှုတို့ကို သားသမီးများက မီအောင် မဖြည့်ဆည်းနိုင်။ ထို့အတူ သဘာဝ၏ ဆန်းကြယ်သော အလှများကိုလည်း လူသားတို့ အမီ မဖန်တီးနိုင်ပါ။

**'အုန်းသီးထဲရေ ဘယ်သူထည့်ထားသလဲ'** ဆိုသောစကားကို ကျွန်ုပ်တို့ငယ်စဉ်က ရယ်စရာ ဟာသတစ်ခုအဖြစ် မှတ်ယူခဲ့ကြပါသည်။ အမှန်စင်စစ် သဘာဝ၏ဆန်းကြယ်မှုကို ဖော်ပြခြင်းဖြစ်၏။ အုန်းပင်စည်၊ အုန်းလက်၊ အုန်းရွက်၊ အုန်းပွင့်၊ အုန်းသီးဆန်၊ အုန်းရည်၊ အုန်းခွံ၊ အုန်းဆံမျှင် တစ်ခုမျှပင် ပစ်စရာမလိုအောင် အသုံးဝင်လှပါသည်။ အုန်းတောကြီးများ အနားသတ်ထားသော ပင်လယ်ကမ်းခြေတို့သည် လှပသာယာသည်။ ထို့အတူ ထန်းပင်စည်၊ ထန်းလက်၊ ထန်းရွက်၊ ထန်းသီးဆန်၊ ထန်းရည်ရရှိသည့် ထန်းတောကြီးများသည်လည်း သဘာဝ၏ လက်ဆောင်ဖြစ်သည်။

သဘာဝသည် သူ၏သားသမီးများ လိုလေသေးမရှိ၊ အလိုရှိလျှင် လိုရာရစေရန် အချိန်ပိုင်းခြား စည်းကမ်းထား၍ ဖြည့်ဆည်းပေးပါသေးသည်။ သောက်သုံးရေဝဝလင်လင်ရရှိပြီး စိုက်ပျိုးစွမ်းအား မြင့်မားစေရန် မိုးရာသီတွင် မိုးရေ ရရှိစေသည်။ သက်တံ၊ လျှပ်ပန်းလျှပ်နွယ်၊ တိမ်စွယ်တိမ်လိပ်၊ ပိတောက်၊ စံပယ်၊ စံကား၊ ပုန်းညက်လက်ဆောင်များပါသေးသည်။ စိမ်းမြဝေဆာ၍ မြေကမ္ဘာတွင် အစိုဓာတ်လုံလောက်စွာရပြီဆိုပါက မိုးရေကိုလျှော့ချ၍ အေးမြသော ဆောင်းကိုဖြစ်စေသည်။ မြောက်ပြန် လေညင်း၊ ဝေသောနှင်းနှင့် သဇင်၊ ခွာညိုများ ကမ်းပေးပြန်သည်။ အစိမ်းနုရောင်နွေဦးကို ဖန်ဆင်းပေးပြန်သောအခါ ချိုးကလေးက ကူပါသည်။ ဥသြက လွမ်းအောင်ချဲ့ပါသည်။ ယခုအခါ လူတို့၏ ဂရုပြုမှုမှုလျော့ပါးသောကြောင့် မိုး၊ ဆောင်း၊ နွေတို့ စည်းဖောက်ချင်သလို ဖြစ်လာကြပါသည်။ မိုးက ရွာရမည့်အချိန် မရွာဘဲ အခါမဟုတ်ဘဲ ရွာလိုရွာပါသည်။ နွေက ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဆောင်းရာသီတွင်ဝင်၍ ပူနေပြန်သည်။

ကျွန်ုပ်တို့၏နိုင်ငံသည် သဘာဝ၏ချစ်မြတ်နိုးမှုကို အထူးခံယူရသည်ဟု ဆိုရပါမည်။ ကမ္ဘာအရပ်ရပ်၌ သီးခြားစီရှိကြသော ပင်လယ်ကမ်းခြေဒေသများ၊ တောင်တန်းများ၊ ကုန်းပြင်မြင့်များ၊ နှင်းခဲသောဒေသများ၊ အပူပိုင်းလွင်ပြင်များ စသည့်အရာအားလုံး ကျွန်ုပ်တို့နိုင်ငံမှာရှိနေပါသည်။ သစ်တောကြီးများစွာကိုလည်း ပိုင်ဆိုင်လိုက်ပါသေးသည်။ ချင်းပြည်နယ်ကိုကြည့်လျှင် နာမည်ကျော်အသည်းပုံရိဒ်ကန်၊ အထက်ဘဝဂ်မှနေ၍ ချောက်ကမ်းပါးကျောက်သားများကို အဆင့်ကိုးဆင့်ဒလိမ့်ခေါက်ကွေး ဖြတ်သန်းလျက် အောက်သို့စိုက်ဆင်းသွားသော ဘုံတလာရေတံခွန်၊ ခေါ်နူးစုမ်ခေါ် ဝိတိုရိယတောင်ခေါ် နတ်မတောင်ကြီးတို့သည် သဘာဝ အလှများ ဖြစ်ပါသည်။ မြန်မာနိုင်ငံမြောက်ဖျားရှိ ဂန်လန်ရာဇီ၊ ဖုန်ကန်ရာဇီ၊ ခါကာဘိုရာဇီ၊ လုံခမရွှဒင် စသောတောင်ထွတ်ကြီးများသည် ရေခဲများကိုထမ်းထားကြသည်။ လွန်စွာလှပသည်သာမက ပြည်သူတို့ သုံးရေအမြဲရစေရန် ရေစုဆောင်း သိမ်းဆည်းထားပေးသည်နှင့် တူပါသည်။

အပြောကျယ်လှသော မဟာမြိုင်တောကြီး၊ အလောင်းတော်ကဿပ ဆားမဲ့တော၊ ဖိုဝင်တောင်၊ စစ်ကိုင်း မင်းဝံတောင် စသောတောင်တန်း တောတန်းတို့သည် စစ်ကိုင်းတိုင်း၏ သဘာဝပတ်ဝန်းကျင်အလှများဖြစ်ကြသည်။ ပုဂံဒေသ၏

နေထွက်ချိန်အလှကိုမူ နိုင်ငံခြားဧည့်သည်များ အထူးတလည် လာရောက်ကြည့်ရှု ခံစားကြပါသည်။

* မန်းသေလာတောင်တော်မြင့်က
  လွမ်းချင့်လို့မျှော်လိုက်လျှင်
  ရှမ်းတို့တောင်စဉ်။
* မွေ့တိုင်းဝဠာခွင် စာမျှင်နှင့်ခြုံလွှား
  ဝေမှိုင်းပြာလွင် ကြာလျှင်ဖြင့် မှုန်ဝါး
* မြစ်မင်းဧရာဝတီက
  ရစ်ဆင်းခွေကာသီလို့
  ရွှေဝါရည် နေခြည်သွန်းတယ်
  လွမ်းဖို့ဆပွား။

ဆိုသောကဗျာလေးကိုကြည့်ပါက မန္တလေးတောင်ရှုခင်း၊ ရှမ်းရိုးမတောင်ပြာပြာနှင့် မြစ်မင်းဧရာဝတီ သဘာဝအလှများကို တွေ့ရပါမည်။

မဖြစ်နိုင်သည်ကိုဖော်ပြထားသည့် **'တောင်ထိပ်ကြာပေါက်'** ဟူသော စကားရှိပါသည်။ သို့သော် ရှမ်းကုန်းပြင်မြင့်ပေါ်ရှိ အင်းလေးကန်ကြီးထဲတွင် အင်းလယ်က ရွှေကြာပန်းများ ဝေဆာလှပါ၏။ ကြာရိုးမှ ချည်မျှင်ထုတ်၍ သင်္ကန်းနှင့်အဝတ်အထည်များပင် ရက်လုပ်နိုင်လောက်အောင် ပေါများလှပါသည်။ ပြင်ဦးလွင်၊ ကလော၊ ဟိုပုံး၊ ပင်းဒယ စသည့် ရှမ်းပြည်မြောက်ပိုင်း တောင်ပိုင်းနှင့် တစ်ဆက်တည်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တစ်လျှောက် သဘာဝကျောက်လိုဏ်ဂူကြီးများ အများအပြားရှိ၏။ ဥမင်လိုဏ်ခေါင်း ရှည်ကြီးများ တွင် အကွေ့အကောက်အနိမ့်အမြင့် လမ်းကျဉ်းများလည်းရှိသည်။ ထုံးကျောက်မြေမှ ကျောက်စက်ရေများ နှစ်သန်းပေါင်းများစွာ ပြောင်းလဲမှုကြောင့် ပန်းဆွဲ ပန်းခိုင်ကြီး များသဏ္ဍာန်၊ သစ်ပင်သစ်တောကြီးများ၊ ကျောက်စက်မိုးမျှော်၊ ကျောက်စက်တိုင်တို့ ဖြစ်ပေါ်နေကြသည်။ ဆင်ချည်တိုင်၊ မြင်းချည်တိုင်၊ နတ်သမီးရက်ကန်းစင်စသဖြင့် တိုင်းရင်းသားတို့ စိတ်ကူးဉာဏ်ကွန့်ရာ သဘာဝအလှများပင်ဖြစ်၏။ ကျဉ်းလိုက် ကျယ်လိုက်၊ မတ်စောက်လိုက်ဖြင့် အေးစိမ့်လှသော ဂူလမ်းကြောင်း နံရံများတွင် မရေမတွက်နိုင်သော ဗုဒ္ဓဆင်းတုတော်များသည် ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်စွာ ရှိကြပါသည်။

နတ်ပြည်နတ်ရွာတိုင်အောင် ထိုးဖောက်နေသလားဟု ထင်မှတ်ရသည့် ဇင်းကျိုက်တောင်ထွတ်တွင် လည်းကောင်း၊ တောင်စွန်းမှချောက်ထဲပြုတ်ကျလု မတတ် တည်းတည်းလေးတင်နေသည့် ကျောက်လုံးကြီးပေါ်တွင်လည်းကောင်း စေတီတော်များ တည်ထားကိုးကွယ်ကြပါသေးသည်။ ကရင်ပြည်နယ်၏ သဘာဝ အလှဖြစ်သော ဇွဲကပင်တောင်ကြီးသည် ရှုထောင့်အမျိုးမျိုးမှကြည့်လျှင် မတူညီ သော မြင်ကွင်းများဖြစ်ပေါ်စေသည်။ ထီးထီးမားမားရှိလှသော ထိုတောင်ထိပ်ကြီး၏ ထိပ်တွင်လည်း စေတီတော်ရှိပါသည်။

ရခိုင်ပြည်နယ် နတ်မြစ်ဝမှ မော်တင်စွန်း၊ ထိုမှတစ်ဖန် မုတ္တမကွေ့၊ မုတ္တမမှ မြိတ်ကျွန်းစုများအထိ ရှည်လျားလှသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် သဘာဝ အပန်းဖြေ ကမ်းခြေများ ရှိကြသည်။ ငပလီသည် နာမည်ကျော်ပါသည်။ ချောင်းသာ၊ ငွေဆောင်၊ လက်ခုပ်ကုန်း၊ ကျိုက္ကမီ၊ စက်စဲ၊ မောင်းမကန် စသည်တို့သည် မြန်မာ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အလှများဖြစ်ကြသည်။ တနင်္သာရီတိုင်း သန္တာ ကျောက်တန်းများ၊ ပင်လယ်အော်များ၊ ရေလက်ကြားများ၊ ထူထပ်သောတောင်ကုန်း များရှိသည့် လန်ပိကျွန်းတွင် ငှက်မျိုးစုံ၊ တွားသွားသတ္တဝါမျိုးစုံ လမုပင်၊ ပင်လယ်မြက်၊ ရေမှော်မျိုးစိတ်အမျိုးမျိုး တွေ့ရသည်။ လန်ပိကျွန်းတွင် အဏ္ဏဝါ အမျိုးသားဥယျာဉ် တည်ထောင်ထားပါသည်။

ယခုအခါ ကမ္ဘာတစ်လွှားတွင် လူသားတို့၏ မတော်လောဘများကြောင့် ဆူနာမီကဲ့သို့သော အန္တရာယ်ဆိုးကြီးများ၊ မုန်တိုင်းမွှေ၊ ရေကြီး၊ နှင်းခဲပိတ်၊ တောမီး လောင်၊ မီးတောင်ပေါက် စသော သဘာဝကျိန်စာများ ခံစားလာကြရသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း စည်းကမ်းမဲ့မှု၊ မတရားလောဘထားမှုတို့ကြောင့် ကျွန်း တောကြီးများ လွင်တီးခေါင်ဖြစ်၊ စိမ်းလန်းသော တောင်ကုန်းများ တောင်ကတုံး ဖြစ်ခြင်း ကြုံလာရသည်။ နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝ၏ သတိပေးချက်ကို အရေးထား၍ပြုပြင်ကြရပါမည်။

သမ္မာကျမ်းစာ၌ပါရှိသော ဧဒင်ဥယျာဉ်ဆိုသည်မှာ သဘာဝကို ဥယျာဉ်နှင့် တင်စားထားခြင်းဖြစ်၏။ ကျွန်ုပ်တို့အဖို့မူကား သဘာဝမိခင်ဟူသော စကားအတိုင်း လူသားတို့ရှင်သန်ရပ်တည်ရန် မွေးဖွားစောင့်ရှောက်ပြုစုသော မိခင်အဖြစ် မှတ်ယူ ကြပါသည်။ မိမိအားမွေးကျွေးသော မိခင်ကျေးဇူးကို ဆပ်ရသကဲ့သို့ လူသားမျိုးနွယ် တစ်ခုလုံး ဘဝလှပသာယာရေးအတွက် ဖန်တီးပေးသည့်သဘာဝ မိခင်ကျေးဇူးကို

တို့ပြန်ရပါမည်။ လျော့ပါးသွားသော သဘာဝပတ်ဝန်းကျင်အလှကို ပြန်လည်ဖြည့်တင်းခြင်းဖြင့် ပေးဆပ်ကြရပါမည်။

သဘာဝပတ်ဝန်းကျင် အလှမပျက်စီးအောင် ကာဘွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူမည့် သစ်ပင်များစွာစိုက်၊ လောင်စာအသုံးလျှော့ချခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများဖွဲ့၍ ကာကွယ်စောင့်ရှောက်ကြသည်ကိုလည်း တွေ့နေရပါသည်။ လူတစ်ဦးချင်းအနေဖြင့်လည်း သဘာဝကို ချစ်မြတ်နိုး၍ တစ်နိုင်တစ်ပိုင် ကျေးဇူးဆပ်သင့်ပါ၏။ ။

ဆောင်းနှောင်းရာသီမြင်ကွင်းများ

- ဆောင်းနှောင်းရာသီသဘာဝ
- တောတောင်ရေမြေပတ်ဝန်းကျင်
- တိုက်ခတ်သောလေ
- ရွက်ဟောင်း၊ ရွက်သစ်
- ပွင့်သောပန်း၊ လူတို့လုပ်ငန်းများ
- မိုးကောင်းကင်၊ နေ၊ လ
- အမြင်အတွေး

## ဆောင်းနှောင်းရာသီမြင်ကွင်းများ

သဘာဝသည် လွန်စွာဆန်းကြယ်ပါသည်။ နီ၊ ဝါ၊ ပြာတည်းဟူသော မူလအရောင်သုံးမျိုးတည်းနှင့် ခုနစ်ရောင်ဖြစ်အောင် ရောစပ်ကာ သက်တံကိုဖန်တီးပါသည်။ ပူသောနွေ၊ ရေများသောမိုးကာလ၊ အေးမြသောဆောင်း သုံးရာသီကိုလည်းရောမွှေကာ တက်ကြွလှုပ်ရှားဖွယ် မိုးဦး၊ ကြည်နူးဖွယ် ဆောင်းဦးပေါက်၊ လေရူးနှောက်သော မိန်ရာသီများအဖြစ် ရာသီဖြန့်ကြက်တတ် ပါသေးသည်။ ဆောင်းဦးသည် ကြည်နူးဖွယ်ကောင်းသလောက် ဆောင်းနှောင်းက လွမ်းစရာဖြစ်ပါသည်။ ဆောင်းနှောင်းရာသီမြင်ကွင်းများကြောင့် ဖြစ်မည်ထင်ပါသည်။

မိုးဦးက မုတ်သုံလေသည် အရှေ့မြောက်ဘက်ကုန်းတွင်းသို့ တောင်စဉ်အထပ်ထပ် ရေအတန်တန်ကျော်ကာ **'ဒရောသောပါး'** ဝင်သွားခဲ့သည်။ မြောက်ကန္တာရနှင်းမြေနိုင်ငံမှ အချို့တန်၍အိမ်ပြန်လာသော မြောက်ပြန်လေသည် အေးအေးဆေးဆေးရှိပါသည်။ သို့သော် တောင်ဘက်မှ တစ်ကြော့ပြန်လာချင်သော တောင်ပြန်လေကလည်း တသုန်သုန် **'ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်'** ဆိုသလို တိုက်ခတ်နေရာ လေရူးပွေနေပါတော့သည်။

လေရူးအငွေ့ကြောင့် တစ်ဝက်တစ်ပျက်စိမ်းနေသေးသော ရွက်ဝါလေးများ အခြေမခိုင်နိုင်တော့ဘဲ ကြွေရရှာသည်ကို ရှင်ဥတ္တမကျော်က

**'လေခမြေသက်၊ ချာန်ဝိတက်သို့**

**သစ်ရွက်ရော်ရီ၊ ဂုဏ္ဍနီဝယ်**

သိဂီတစ်ဝက်၊ ဖက်၍ဆေးထုံ

ခြယ်သောပုံသို့' ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

ဝေ့ဝေ့ဝဲဝဲ ကြွေလွင့်ရှာသော ရွက်ဝါများနေရာတွင် အစားထိုးရန် ထွက်ပြူလာသည့် ပုရစ်ဖူးလေးများမှာ သနားဖွယ်ရှိလှပါသည်။ အစိမ်းရောင်ပီပီ မပေါ်သေးသောကြောင့် ရွှေဖြင့်ရေးထားသကဲ့သို့ အစီအရီရှိပုံကို ဦးယာက

'ပုရစ်ကယ်ရွှေ၊ ပင်တိုင်းစုကြသည်

နည်းစြစင်ငယ်တဲ့လေ....'ဟု အဲချင်းဖွဲ့ပါသည်။

ပုရစ်ဖူးကလေး အလိပ်ပြေစပြန့်စရှိသောအခါ ပန်းနုရောင်ဖျော့ဖျော့နှင့် ဆောင်းနှောင်းရာသီကို အလှဆင်ပါသည်။ အချို့သော သစ်ပင်သစ်ကိုင်း အရိုးပြိုင်းပြိုင်းများထက်တွင် အစိမ်းရောင်လွင်သော ရွက်သစ်တို့ ဝေလာနေသည်။ ပန်းနုရောင် ဆောင်းနှောင်းနှင့် ဖက်ဖူးရောင်ရွှေဦးတို့ ပေါင်းဆုံမိကြပါသည်။ ဆောင်းတွင်းပန်းဖြစ်သော သဇင်လက်ကျန်လေးများ မကုန်သေးမီ အင်ကြင်းပွင့်နီနီလေးများကလည်း ဖူးစပြုနေပြီဖြစ်သည်ကို ညည်းချင်းစာဆို ဦးကြင်ဥက

'သဇင်ကြွင်းငယ်နှင့်

အင်ကြင်းသန္တာညွန့်ငယ်တို့

ဖူးကွန့်ကိုက်စည်' ဟုဆိုထားပါသည်။

ဆောင်းဦးတန်ဆောင်မုန်းလတွင် ကောင်းကင်သည် ပြာစင်ကြည်လင်လှပါသည်။ နတ်တော်၊ ပြာသို ဆောင်းလယ်တွင်ကား နှင်းမှုန်လေးများဝေ၍လာတော့သည်။ တပို့တွဲလပြည့်ကျော်လောက်တွင်မူ နှင်းတို့က မာယာများတတ်ပါ၏။ နံနက်လင်းခါစ နေဝန်းနီကြီးထွက်လာသည်ကို စောင့်ပါသေးသည်။ တဖြည်းဖြည်းနှင့် နှင်းထုများ၊ ဖြူဖွေးလာကာ ပြိုပိအိကျမတတ် လောကဓာတ်တစ်ခွင်လုံးကို ပိတ်ဖုံးသွားစေပါသည်။ တစ်ဖန် ထိုနှင်းထုကြောင့် ဖြူဖျော့အားလျော့သွားသောနေသည် နှင်းကွဲသည်နှင့် တစ်ပြိုင်နက် အတိုးချ ပူပြပါတော့သည်။ ထိုအခါ 'တံလျှပ်' ခေါ် အပူငွေ့များက မြေအပြင်ကို ရေထင်ရအောင် လက်လက်ထပြစားကြပြန်သည်။ မြူမင်းလွင်တို့ကြောင့် နေလတို့၏အသွင်အပြင်သည် ထူးခြားပါသည်။ နေဝင်ချိန်များတွင် အနောက်ဘက်ကျွန်းသို့ ငုပ်လျှိုးခါနီး နေမင်း၏ ကြက်သွေးရောင်သည် ဆောင်းနှောင်းရာသီတွင် ပို၍ထင်ရှားပါသည်။ ငွေဝန်း

သော်တာသည် တန်ဆောင်မုန်းလမှာကဲ့သို့ ဘော်ငွေရောင်မဟုတ်ဘဲ နီညို့ညို့ ရှိပါသည်။ မှိုင်းညို့သောဆောင်းနှောင်းရာသီမှာ လွမ်းမောဖွယ်ရာ ဖြစ်ပါ၏။

ဆောင်းနှောင်းရွက်ကြွေတောများသည် ထီးရွက်ပိတ်စ မတင်ရသေးသော ထီးခရိုင်များသဖွယ် ကျိုးတိုးကျဲတဲ ရှိနေကြသည်။ အပင်အားလုံး အရွက်ကြွေဆဲကား မဟုတ်ပါ။ အချို့အပင်တို့သည် အရွက်မမြင်ရအောင် လိမ္မော်ရောင်အပွင့်များ ပင်လုံးကျွတ်ပွင့်ကြသည်။ ရဲရဲနီနေသော ပေါက်ပွင့်များဖြစ်၏။ အဝေးမှကြည့်လျှင် မီးတောက်မီးလျှံများနှင့်တူသောကြောင့် **'တော၏ မီးလျှံ'** ဟု တင်စားကြပါသည်။ ပေါက်နှင့်အတူ လဲ(လက်ပံ)တို့ကလည်း ရဲရဲနီပွင့်ကြသည်။ လက်ပံပွင့် ဝတ်မှုန် ဝတ်ရက် လာစားကြသော ဆက်ရက်တို့၏အသံ ညံစာစာရှိလှပါသည်။

ဆက်ရက်တို့ ပျော်နေသလောက် သူ့ရဲဘောနည်း၍ သူ့ကိုယ်သူထုတ်ဖော် မပြဝံ့သော ဥဩကလေးကမူ လွမ်းတေးသီ၍နေပါသည်။ တောအုပ်တစ်နေရာမှ ပေါ်ထွက်လာသော ချိုးကူသံကလေးမှာ ငြိမ်းချမ်းရေးတေးသံပမာ ချိုသာလှ၏။

နံနက်ခင်းတွင် **'ရေငွေ့ခြောင်းခြောင်း၊ နှင်းနှင့်လောင်း'** တတ်သော၊ ညနေချမ်းများတွင် တောမီးကလောင်၊ တောင်မီးလည်းရှို့၍ ဆိုင်းညို့မှိုင်းဝေနေသော ဤရာသီမှာ လွမ်းစရာကောင်းသည်မှာ မှန်ပါသည်။ သို့သော် မြသားလယ်ယာတို့မှာ ရွှေပုံရွှေတောင်ကြီးများပေါက်၍ စပါးတို့ မို့မောက်နေသော မြင်ကွင်းက ပျော်ဖွယ် အတိဖြစ်ပါသည်။ ရေစစ်ရေကျချိန် သောင်များပေါ်ထွန်းလာသောကြောင့် မြေပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်စသည့် ကိုင်းစိုက်ခင်းများမှာ စိမ်းစိမ်းစိုစိုနှင့် ရှုမငြီး နိုင်စရာဖြစ်ပါသည်။ ညဦးချမ်းအခါ မြစ်ပြင်တစ်ကြောတွင် လှေငယ်လေးများဖြင့် ဝမ်းစာရှာနေသော ရေလုပ်သားများကို တွေ့ရပါသေးသည်။ ငါးကြင်း၊ ငါးတန်တို့ မြူးတူးရွှင်ပျသော အခါဖြစ်ပါ၏။

ဆောင်းနှောင်းရာသီမြင်ကွင်းများတွင် ရွက်ကြွေနှင့်ရွက်သစ် ရောနေ၏။ တောင်လေနှင့် မြောက်လေ နှောနေ၏။ နှင်းမှုန်နှင့် မြူခိုး ရောထွေးမှိုင်းဝေနေ၏။ သို့သော် စပါးပေါ်ချိန် အလှူဒါနပေါများချိန်၊ ဗြောသံတခြိမ့်ခြိမ့်ဖြင့် ပျော်ရွှင်ဖွယ် ကာလလည်းဖြစ်ပါသည်။ ဆောင်း၏ အအေးလျော့ပါးကာ နွေအပူလည်း မမြင့်သေးသည့် ကြည်နူးဖွယ်ရာ ဆောင်းနှောင်းချိန်ခါဖြစ်ပါတော့သည်။ ။

**စာပေရေချမ်းစင်၏အကျိုး**

- ❑ ရေချမ်းစင်၏သဘော
- ❑ စာပေဗဟုသုတအတွက် ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ပုံအချို့
- ❑ စာမဖတ်ဖြစ်ခြင်းအကြောင်းများ
- ❑ စာပေရေချမ်းစင်များပေါ်လာပုံ
- ❑ စာပေရေချမ်းစင်၏ အကျိုးကျေးဇူး

## စာပေရေချမ်းစင်၏အကျိုး

လူတို့သည် အသက်ရှင်သန်ရေးအတွက် အာဟာရမှီဝဲရသကဲ့သို့ ဉာဏ်ပညာထက်မြက်ရေးအတွက် စိတ်အာဟာရ မှီဝဲရပါသည်။ စာပေဗဟုသုတအမြော်အမြင်တို့သည် အစွမ်းထက်သော စိတ်အာဟာရဖြစ်၏။ တစ်ဝမ်းတစ်ခါးအတွက် ပြေးလွှားရှာဖွေနေရသော ခေတ်အခါတွင် စိတ်အာဟာရဖြစ်သော စာပေတို့ကို လေ့လာဆည်းပူးရန် သီးသန့်အချိန် မပေးနိုင်ကြတော့ပေ။ ဘဝဆိုသည်မှာ ဘာသာရပ်မျိုးစုံကို သင်ယူနေရသော ကျောင်းတော်ကြီးဖြစ်ရာ ထိုကျောင်းကြီးအတွက် စာအုပ်စာပေလိုအပ်သည်။ ဤကဲ့သို့သော ခေတ်၏လိုအပ်ချက်ကို ဖြည့်ဆည်းရန်ပေါ်ပေါက်လာသော အရာများသည်ကား **'စာပေရေချမ်းစင်များ'** ပင်ဖြစ်ပါသည်။

ရေချမ်းဟုခေါ်သော သန့်ရှင်းကြည်လင်သည့် သောက်သုံးရေသည် အိမ်တိုင်းတွင်ရှိပါသည်။ ခရီးသွားများသည် ကားသောက်သုံးရေကို ဘူး၊ ပုလင်းစသည်တို့ဖြင့် သယ်ဆောင်သွားကြရသည်။ ခရီးရှည်အတွက် လုံလောက်မှုမရှိပေ။ ထို့ကြောင့်ခရီးသွားများ အဆင်သင့် ထပ်မံဖြည့်ယူနိုင်သည့် ရေကြည်ရေသန့်တို့ကို လမ်းခုလတ်၊ လမ်းဆုံလမ်းခွတို့၌ ရေအိုးတွင်ထည့်ကာ စင်ကလေးများဖြင့် ထားရှိကြသည်။ လေးစားချစ်ခင်ဖွယ် မြန်မာ့ဓလေ့ဖြစ်ပါသည်။ ယခုအခါ ရင်ပူရေဆာဝမ်းဟာခြင်းကို ငြိမ်းအေးစေမည့် ရေချမ်းစင်ကလေးများပမာ ခရီးသွားတို့ အမောပြေ အပျင်းပြေစေမည့် Mini Book Centre ခေါ် စာအုပ်စာပေ တည်နေရာကလေးများရှိလာသည်။ ခရီးသွားများအချိန်အလဟဿမဖြစ်၊ စိတ်အာဟာရလည်း ပြည့်ဝစေမည့်အတွက် ၎င်းတို့ကို **'စာပေရေချမ်းစင်များ'** ဟု ခေါ်ဆိုထိုက်ပါပေသည်။

**'အလိမ္မာစာမှာရှိ'** ဆိုစကားနှင့်အညီ ပညာရပ်ပေါင်းစုံနှင့်ပတ်သက်သော စာအုပ်စာပေများ ထားရှိရသည့်နေရာသည် စာကြည့်တိုက်များဖြစ်ကြသည်။ စာကြည့်တိုက်ကပေးသော အသိပညာဖြင့် နောင်လာနောက်သားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာကြရမည်။ အသိအမြင်ကျယ်ပြန့်လာကြရသည်။ စာပေဝါသနာရှင်သန်ကာ ဗဟုသုတပြည့်စုံပြီး အမှားအမှန် ဝေဖန်နိုင်စွမ်းရှိလာမည် ဖြစ်ပါသည်။

ယခုအခါ ဥရောပနိုင်ငံများတွင် House Of Litrature ခေါ် စာပေအိမ်များ ခေတ်စားလာသည်ဟု သိရပါသည်။ စာဖတ်ခြင်းအပါအဝင် စာပေရေးရာကိစ္စရပ်များ ဖွံ့ဖြိုးစည်ပင်ရေးအတွက် လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်သည်။ စာပေသမားများ တွေ့ဆုံ၍ စာပေအရေး၊ နိုင်ငံအရေးများ ဆွေးနွေးကြရာ နေရာဖြစ်လာသည်။ အထပ်များရှိပါက စာပေဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ကျင်းပရာနေရာကတစ်ထပ်၊ စာအုပ်များထားရှိဖတ်ရှုရန်တစ်ထပ်၊ ကလေးများ စာဖတ်ခန်းက တစ်ထပ်စသဖြင့် ခင်းကျင်းထားသည်ဟု ဆိုပါသည်။ အောက်ဆုံးထပ်တွင် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ ထည့်သွင်းထားပါသည်။

မြန်မာနိုင်ငံတွင်လည်း ကိုလိုနီခေတ်က **'ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ကြမည်'** ဟူသော ဆောင်ပုဒ်နှင့်အတူ နဂါးနီစာအုပ်အသင်းကြီး ပေါ်ပေါက်ခဲ့ဖူးပါသည်။ လွတ်လပ်ရေးခေတ်တွင် **'အမှောင်ခွင်း၍အလင်းဆောင်အံ့'** ဟူသော ဆောင်ပုဒ်ဖြင့် ဘာသာပြန်စာပေအသင်းကြီး ပေါ်ထွက်လာသည်။ **'အသင်းတိုက်'** ဟု ခေါ်သည့် စာအုပ်စာပေများ ဖတ်ရှု၊ ငှားရမ်းနိုင်သည့် နေရာကလေးများလည်း တွေ့လာရပါသည်။

အခက်အခဲအမျိုးမျိုးရှိကြသော ပြည်သူတို့သည် စာကြည့်တိုက်များဆီသို့ ဦးမလှည့်နိုင်ကြပါ။ မြို့ပြတွင်နေသူ၊ ကျေးလက်နေသူအားလုံးလိုလိုသည် နေ့စဉ်စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ် စသဖြင့် 'သုတ်သုံးကျမ်းကျေသည်' ဟု ဆိုရလောက်အောင် ပြေးလွှားလှုပ်ရှားနေကြပါသည်။ စားဝတ်နေရေး၊ သားသမီးအရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ သာရေးနာရေး စသော ကိစ္စရပ်များအတွက် ခရီးသွားနေကြရသည်။ လူဦးရေထူထပ်လာသော ခေတ်အခြေအနေအရ ယာဉ်၊ ရထား၊ ကား စသည်တို့ကိုစောင့်ရင်း အချိန်ကုန်ကြရသည်။ ကား၊ ရထားပေါ်တွင် အချိန်ထပ်မံပေးရပြန်သည်။ သွားလာရာနေရာသို့ ရောက်ပြန်ပါကလည်း ဆောင်ရွက်ရမည့်ကိစ္စအတွက် မိမိအလှည့်ကိုစောင့်ရင်း အချိန်ဖြုန်းတီးသလိုဖြစ်ရပြန်ပါသည်။

ထိုအခြေအနေမျိုးတွင် အချိန်အကျိုးမဲ့မဖြစ်ရအောင် လူတိုင်းအတွက် ဟာနေသော ကွက်လပ်ကိုဖြည့်ရန် 'သူတို့' ရှိလာပါပြီ။

မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်များစွာကပင် စာမတတ်သူပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ထားခဲ့မှုကြောင့် စာမတတ်သူမရှိသလောက် ဖြစ်နေခဲ့ပါသည်။ သို့သော် စာမဖတ်သူများပေါ်များလှပါသည်။ စာမဖတ်ကြခြင်းမှာ အကြောင်းအမျိုးမျိုး ရှိသော်လည်း ဆင်းရဲနွမ်းပါးမှု၊ စာအုပ်စာပေဝယ်ယူ ဖတ်ရှုရန် ငွေကြေးမပြည့်စုံမှုများ ပါဝင်ပါသည်။ အချို့သော ငွေကြေးချမ်းသာ ကြွယ်ဝသူများနှင့် ပညာတတ်များလည်း စာမဖတ်ကြပါ။ အချိန်မပေးနိုင်ခြင်းသည် အဓိကအကြောင်းကဲ့သို့ ဖြစ်နေပါ သည်။

ခရီးသွားတို့ ရပ်နားစရာနေရာလေးများတွင် ရေချမ်းစင် အမောအပန်းပြေစေ သည်။ အင်အားသစ် ပြည့်ဝစေသည်။ ထို့အတူ ဘဝနေပူပူတွင် လျှောက်လှမ်းနေကြ ရသော ပရိယေသန ခရီးသွားများအတွက် အကျိုးဆောင်ရန် 'သူတို့' ရောက်လာ ချေပြီ။ သူတို့ကား ရေချမ်းစင်ပမာတင်စားရသည့် စာအုပ်စာပေ ဖတ်ရှုနိုင်ရာ ဌာနကလေးများ ဖြစ်ကြပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူအများဖတ်ရှုနိုင်ရန် စာပေရေချမ်းစင် အကြီးစားများ၊ နံရံကပ်စာပေရေချမ်းစင်ကလေးများကို လေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ မီးရထား ဘူတာနှင့် လူစည်ကားရာ ဘဏ်၊ ဈေး၊ ဆေးရုံ ဆေးခန်းများ၊ အလုပ်ဌာနများတွင် ထားပေးပါသည်။ ယာဉ်၊ ရထားဆိုက်ကပ်၊ ထွက်ခွာချိန်ကိုစောင့်ရင်း၊ ဘဏ်တွင် ငွေထုတ်ရန်စောင့်ရင်း ဖတ်လိုသော စာအုပ် များကို ဖတ်နိုင်ပါသည်။ စာဖတ်ဝါသနာပါသူများအဖို့ ငွေကြေးမကုန်ကျဘဲ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ကြပါသည်။ စာဖတ်ဝါသနာ မပါသူများမှာလည်း အချိန်ကို အသုံးချ၍ဖြစ်စေ၊ အပျင်းပြေဖြစ်စေ ယူငင်ဖတ်ရှုရာမှတစ်ဆင့် အကျင့်ရ လာကာ မဖတ်ရမနေနိုင် ဖတ်မိသွားကြပါသည်။

<u>၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့</u>တွင် ရန်ကုန်ဘူတာကြီး၌ စာပေ ရေချမ်းစင်ကို စတင်ဖွင့်လှစ်ပါသည်။ ခရိုင်မြို့ကြီး ၅၀ရှိ လူစည်ကားရာ နေရာများ တွင်လည်း အများအပြားဖွင့်လှစ်ထားရှိပါသည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ မြို့ကြီးပြကြီး၊ မြို့ငယ်ရွာငယ်၊ ကျေးလက်တောရွာမကျန် စာပေ ရေချမ်းစင်များ ဖွင့်လှစ်ထားရှိနိုင်လာပါသည်။ လစဉ်လတိုင်း လဆန်းရက်များတွင် စာအုပ်အသစ် များလဲလှယ်ပေးပါသည်။ ယခင်အခါများ ကဆိုလျှင် ဘူတာရုံကြီး

များတွင် ရုပ်မြင်သံကြားစက်ကို တစ်ချိန်လုံး ဖွင့်ထားသည်။ အရုပ်အသံက မပီပြင် ရထားတွက်ဆိုက်ချိန် အသံဗလံများကလည်း ဆူညံနေရာ စောင့်ဆိုင်းနေသော ခရီးသွားများ၏ နားမျက်စိကို အနှောင့်အယှက်ဖြစ်စေပါသည်။ လေဆိပ်၌ လေယာဉ်နှင့်လိုက်ပါရန် သို့မဟုတ် ခရီးသည်ကြိုရန် စောင့်ဆိုင်းနေကြသူများအဖို့ ရုပ်မြင်သံကြားမှ ခေတ်ပေါ်အက၊ ခေတ်လွန်ဝတ်စားဆင်ယင်မှုများ ပါရှိသော ကြော်ငြာများကြောင့် စိတ်ရှုပ်စရာ ဖြစ်ရပါသည်။ စာပေရေချမ်းစင်များ ရှိလာသောအခါ နှစ်သက်ရာစာကို ရွေးချယ်ဖတ်ရှုနိုင်သောကြောင့် အထက်ပါဒုက္ခများ ကင်းဝေးရပါသည်။

စာပေရေချမ်းစင်များတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ လူမှုရေး၊ ဘာသာရေး၊ နည်းပညာ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာ စသဖြင့် ပညာရပ်ဆိုင်ရာ စာပေများ၊ သုတရသစာပေများအပြင် နိုင်ငံပိုင်သတင်းစာ၊ ပုဂ္ဂလိကပိုင် သတင်းစာများလည်းထားရှိပါသည်။ ကာတွန်းနှစ်သက်သော ကလေးများအတွက် ရောင်စုံကာတွန်းဂျာနယ်များ ထားပေးသည်ကိုလည်း တွေ့နိုင်ပါသည်။ အချို့သောကာတွန်းများသည် ခေတ်ပေါ်အကြောင်းအရာများကို မျက်ခြည်မပြတ် ရေးဆွဲထားခြင်း၊ ဗဟုသုတနှင့် ဉာဏ်စမ်းကဏ္ဍများ ပါရှိခြင်းတို့ကြောင့် လူကြီးများပင် နှစ်ခြိုက်ကြပါသည်။

စာပေရေချမ်းစင်ကြောင့် စာမဖတ်သူပေါ်များသည့်အဖြစ်မှ ကင်းဝေးရပါသည်။ စာဖတ်အားနည်းသော လူငယ်များ၊ စာဖတ်ချင်စိတ် ဖြစ်ပေါ်စေမည့်နေရာများ ဖန်တီးပေးနိုင်ပါသည်။ ယနေ့လူငယ် အချို့၏ သည်းခံစိတ် နည်းပါးမှု၊ ပြဿနာကို အရိုင်းဆန်ဆန်ဖြေရှင်းလိုမှုများကို စာအုပ်စာပေက ထိန်းကွပ်ပေးနိုင်ပါလိမ့်မည်။ အချိန်ကုန်သွားသော နေရာတွင် ပညာဗဟုသုတအစားထိုး၍ အသုံးချနိုင်ခြင်းကြောင့် အချည်းနှီးမဖြစ်တော့ပေ။ ဤကား စာပေရေချမ်းစင်၏အကျိုးဖြစ်ပါတော့သည်။ ။

ကြိုးစားမှု၏ရလဒ်

- ❑ မည်သည့်အကြောင်းကိစ္စရပ်မဆို ကြိုးစားအားထုတ်မှုရှိမှ ရည်မှန်းချက်အောင်မြင်နိုင်ပုံ
- ❑ ကြိုးစားအားထုတ်မှုကြောင့် ခံစားရသော အကျိုးတရား သာဓကများ
- ❑ ကြိုးစားအားထုတ်မှုမရှိသူတို့ တွေ့ကြုံခံစားရသော ဆိုးကျိုးအပြစ်များ ထုံးပုံသာဓကများ
- ❑ မိမိအတွေးအမြင်

## ကြိုးစားမှု၏ရလဒ်

လောကတွင် မည်သည့်အရာကိုမျှ မလာကားမရ။ တန်ရာတန်ကြေး ပေးကြရသည်။ တစ်စုံတစ်ရာကို အလိုရှိပါက ထိုအရာကိုရစိမ့်သောငှာ မိမိ၏ အင်အားဖြင့် ခွန်အားစိုက်ထုတ်ကာ လုံ့လပြု ကြိုးပမ်းရသည်။ ဇွဲသတ္တိ၊ လုံ့လ၊ ဝီရိယရှိမှသာ လိုရာကိုလှမ်းကိုင်နိုင်မည့်ရလဒ်ကောင်းကို ရနိုင်သည်။ ကြိုးစားအားထုတ်ရာ၌ အစွမ်းကုန်ကြိုးစားရန်လိုသည်။ **'ဒူးလောက်တင်မှ ရင်လောက်ကျ'** ဆိုသကဲ့သို့ အတတ်နိုင်ဆုံးကြိုးစားမှသာ တန်ရုံသင့်ရုံကျတတ်သဖြင့် ရလဒ်ကောင်းရရန်အစွမ်းကုန်ကြိုးစားဖို့လိုအပ်သည်။ ထိုသို့မကြိုးစားပါမူ **'မှန်းချက်နှင့် နှမ်းထွက်မကိုက်'** ဖြစ်တတ်သည်။

**'ကြိုးစားက ဒိုးပြားရ'**

**'ကြိုးစားက ဘုရားဖြစ်'** .... ဟူသော မြန်မာ့ဆိုရိုးတို့က ကြိုးစားမှု၏ ရလဒ်ကို သက်သေပြနေပါသည်။ အချို့လူတို့သည် ရလဒ်ကောင်းကိုရလိုသော်လည်း မကြိုးစားလိုကြ။ ကံကိုသာယိုးမယ်ဖွဲ့၍ ကံကောင်းမည့်အချိန်ကိုသာ ဘာမှမလုပ်ဘဲ စောင့်စားလိုကြသည်။ **'ကံထမ်းလာတာ အမြင်ရ၊ လုံ့ထမ်းလာ တာသာမြင်ရ'** ဟု ဆိုကာ ကံကိုယုံသည်။ **'ကံသာအဓိ ကံသာအဓ'** ဟု ယူဆကာ အားမထုတ်လို။ သို့ဆိုလျှင် ရလဒ်ကောင်းကိုရနိုင်လိမ့်မည်မဟုတ်။ အလုပ်တစ်ခုကို လုပ်မည်ဆိုက ရေသာခိုနေ၍မရ၊ ကိုယ်တိုင်အားထုတ်ရသည်။ အတ္တာဟိ အတ္တနောနာထော မိမိကိုယ်သာကိုးကွယ်ရာ ဟူသည့်အတိုင်း ကိုယ်တိုင်ကြိုးစား လုပ်ကိုင်ရမည်။ စောတာ အားစိုက်ရုံမျှသာမဟုတ်ဘဲ ရေရှည်ဇွဲနှင့် လုံ့လဝီရိယ စိုက်ထုတ် လုပ်ကိုင်

မှသာ မျှော်မှန်းထားရာကို ရရှိနိုင်မည်ဖြစ်သည်။ စာဆိုငွေတာရီက

'အို…. ဘာကိုထောက်ကြောက်ရမလဲ

သဟဲဖော်ညီ သတ္တိရှိပြီ ချစ်သည့်သဟာ

ဇွဲလည်းပါ၍ မကွာထပ်လောင်း ငယ်ကပေါင်းသည့်

ဆွေကောင်းလုံ့လ တူတကွတည့်….' ဟူ၍ လူတစ်ဦးတွင် ရှိအပ်သည့် အရည်အသွေးကို ဖော်ပြထားရာ သတ္တိ၊ ဇွဲ၊ လုံ့လရှိက လိုရာခရီးကို အရောက်လှမ်းနိုင်ရုံသာမက မိမိမျှော်မှန်းထားသည့် အောင်ပန်းသရဖူကို အလွယ်တကူ ဆွတ်ယူနိုင်မည်ဖြစ်ပေသည်။

မဟာဇနကမင်းသားသည် ကြိုးစားမှု၏ရလဒ်ကြောင့် အခြားသူများ သင်္ဘောမုန်တိုင်းမိချိန်၌ ငိုယိုမနေ။ ဉာဏ်နှင့်ယှဉ်ကာ ကြိုတင်ပြင်ဆင်သမှုပြုသည်။ လင်းယဉ်တိုင်ထိပ်ပေါ်တက်ကာ ခုန်ချခဲ့သည့်အတွက် အခြားသူများ ငါးမန်းစာ လိပ်စာ ဖြစ်သွားခိုက် သူကလွတ်မြောက်ခဲ့သည်။ ပင်လယ်ထဲတွင် ရဲရဲရူးရူး ကူးခပ်နေချိန် မဏိမေခလာနတ်သမီးက လာကယ်သည်ကိုပင် ကိုယ့်အားကိုယ်ကိုး ကြိုးစားကူးခပ်သည်။ ခြေကုန်လက်ပန်းကျမှ ဆယ်ယူ၍ ကျောက်ဖျာပေါ်တင်ပေး ခဲ့ရသည်။ ထို့ကြောင့် မိမိဖခင်နိုင်ငံကို ပြန်လည်ရရှိရုံမျှမက လှပသော မင်းသမီးနှင့် ရွှေအိုးမြောက်မြားစွာကို ပိုင်ဆိုင်နိုင်ခဲ့သည်။ ကြိုးစားမှုကြောင့် ရလဒ်ကောင်းရခဲ့ သည်။ မိမိလှည်းဘီး နွံနစ်နေသော လှည်းသမားတစ်ယောက်သည် ကိုယ်တိုင်လှည်းကို တွန်းမပို့ မကြိုးစားဘဲ နတ်ကိုအားကိုးတကြီးတကာ လာကယ်ပါဟု ပြောဆိုနေ သည်။ နတ်မင်းက ကိုယ်ထင်ပြ၍ ကိုယ်ကိုယ်တိုင် ကြိုးစားလုပ်ဆောင်မှုမရှိသူကို မိမိက ကယ်မမည် မဟုတ်ဟုပြောမှ ကိုယ်တိုင်ထ၍တွန်းသည်။ ထိုအခါမှ နတ်မင်း ကလည်း ကူညီမသည့်အခါမှ လှည်းဘီး နွံထဲကျွံရာမှ လွတ်မြောက်သွားခဲ့သည်။ ကိုယ်ကိုယ်တိုင်ကြိုးစားမှုမရှိဘဲ ရလဒ်ကောင်းမျှော်လင့်နေခြင်းကား အချည်းအနှီး သာ ဖြစ်ပေလိမ့်မည်။

'ဝါယာလုံ့လကြိုးပမ်းကာ

ရလိမ့်ဉာဏ်ပညာ….' ဟု ရှင်မဟာသီလဝံသက ဆုံးမထားပါသည်။ ကြိုးစားအားထုတ်မှုမရှိက ဉာဏ်ပညာမရနိုင်။ စာမကြိုးစားဘဲ စာမေးပွဲ အောင်လိမ့် မည်မဟုတ်။ စာမေးပွဲအောင်လိုက ကျောင်းမှန်မှန်တက် ဆရာ့ဆရာမများ သင်ရသော သင်ခန်း စာများကို မှန်မှန်လေ့ကျက်သွားက စာမေးပွဲအောင်မည် ဟူသော ရလဒ်ကိုမျှော်မှန်း၍

ရနိုင်မည်။ ကျောင်းလည်း မှန်မှန်မတက်၊ စာလည်းမကျက်ဘဲ အချိန်တန်က စာမေးပွဲအောင်၍ အတန်းတက်နိုင်လိမ့်မည်ဟု ယုံကြည်နေသည့် ကျောင်းသားကား ဦးနှောက်မကောင်း သူသာဖြစ်ပေလိမ့်မည်။ ကြိုးစားအားထုတ်မှု ဆန္ဒ၊ လုံ့လ၊ ဝီရိယ မရှိဘဲ စာမေးပွဲကို အောင်နိုင်လိမ့်မည် မဟုတ်ပါ။ စာက ကျက်မှတ်ကြိုးစားမှ ရသည်။ သင်္ချာက ကြိုးစားတွက်ချက်မှ တော်သည်။ အားထုတ်မှုမရှိဘဲ ရလဒ်ကောင်းကို ရလိုခြင်းက ရူးမိုက်ရာကျသည်။ လယ်သမားဦးကြီးများသည် မိမိတို့လယ်စပါး အထွက်ကောင်းဖို့ ကြိုးစားရသည်။ နဖူးကချွေး ခြေမကျအောင် အလုပ်လုပ်ကြရသည်။ စိုက်ပျိုးဖို့ ထွန်ရေးပြင်၊ ပျိုးကြဲ၊ ပျိုးထောင်၊ ကောက်စိုက် စသောလုပ်ငန်းအဆင့်ဆင့်ကို အချိန်နှင့် အခါနှင့် လုပ်ရသည်။ **'မိုးလွန်မှ ထွန်ချ'** ၍မရ၊ **'အချိန်နှင့် ဒီရေသည် လူကို မစောင့်'**။ ထို့ကြောင့် မိမိတို့လုပ်ရမည့် အလုပ်များကိုအချိန်အခါမလင့်အောင် ကြိုတင်ပြင်ဆင်ကာ အချိန်မီစနစ်တကျ လုပ်ဆောင်ကြပါမှ ရလဒ်ကောင်းရ၍ စပါးတောင်လိုပုံနိုင်မည်ဖြစ်သည်။ နေပူတုန်း စပါးလှန်းရမည်ကို နေဝင်မှစပါးလှန်း၍ မရ။ အချိန်ရှိခိုက် လုံ့လစိုက်ထုတ် လုပ်ဆောင်ပါမှ မှန်းချက်နှင့် စပါးထွက်ကိုက်မည်ဖြစ်သည်။

စစ်သည်တော်များအနေနှင့်လည်း ကြိုးစားမှုရှိမှ ရလဒ်ကောင်းရနိုင်မည်။ ကြိုးစားမှုမရှိက **'စစ်ရောက်မှ မြားချွန်'** နေလျှင် အသက်အန္တရာယ်ပင်ကြုံနိုင်သည်။ စစ်မရောက်မီ မြားချွန်ထားရမည်။ အရာရာသတိဝီရိယရှိမှသာ ရန်သူကို အောင်နိုင်မည်ဖြစ်ရကား ပျင်းရိနေ၍မရ။ ပျင်းရိခြင်း (၆)ပါး ဖြစ်သော

**အေးသည်၊ ပူသည်**

**ပြည့်အင့်သည်၊ ဆာသည်**

**မိုးချုပ်သည်၊ စောသေးသည်....** ဟူ၍ အချိန်ကိုရွှေ့နေ၍မရ။ အချိန်တိုင်း နေရာတိုင်း ကြိုးစားမှုရှိမှသာ ရလဒ်ကောင်း ဆောင်ကြဉ်းပေးနိုင်မည့် သားကောင်း စစ်သည်ပီသစွာ နိုင်ငံအကျိုးကို သယ်ပိုးနိုင်မည်။ ထိုသို့ကြိုးစားမှုလည်း ရှေ့တန်းမှနေ၍ မိသားစုထံ ပြုံးပန်းလှိုင်လှိုင်ဖြင့် ပြန်လာနိုင်မည် မဟုတ်ပါလော။ ထို့အတူ စက်ရုံအလုပ်ရုံ လုပ်သားများအနေနှင့်လည်း တက်ညီလက်ညီကြိုးစား၍ ကိုယ့်တာဝန် ကိုယ်ကျေပွန်မှ ထုတ်ကုန်အရည်အသွေးမီမည်။ သို့မှလည်း ကုန်ထုတ်လုပ်ငန်းဖြင့် နိုင်ငံဘဏ္ဍာငွေကို ပိုမိုရရှိလာစေနိုင်မည်။ လူသားတိုင်းသည် ပထမအရွယ် ပညာရှာရသည်။ ဒုတိယအရွယ်တွင် ဥစ္စာရှာရသည်။ တတိယအရွယ်တွင်

တရားရှာရသည်။ သို့ပါလျက် ငယ်စဉ်က မကြိုးစား၊ ဝါယမ မစိုက်ထုတ်ဘဲ ပျင်းရိနေလျှင် ပညာမရ၊ ဥစ္စာမရ၊ တရားလည်း မရှာနိုင်သောကြောင့် အနေမတတ် အသေမမြတ်ဖြစ်တတ်ရကား လူဖြစ်ရှုံးသွားနိုင်သည်အထိ ရလဒ်ဆိုးနှင့် တိုးတတ်ရကား လူဖြစ်လာက ကြိုးစားကာ ပညာရှာ၊ ဥစ္စာရှာ၊ တရားရှာ၍ လူဖြစ်ကျိုးနပ်စေသင့်သည်။ **'ပညာဟူသည် မြတ်ရွှေအိုး ဥစ္စာဟူသည် မျက်လှည့်မျိုး'** ဟူသော စကားအတိုင်း ပညာမကြိုးစားက ကုဋေ (၈၀)ကြွယ်ဝသော သူဌေးသားပင်လျှင် **'ကောင်သေလင်းတကျ၏တည်း'** ဟူသော ရလဒ်ဆိုးနှင့် တိုးခဲ့ရသည်။ ပုဂံပြည်တွင် နရသီဟပတေ့မင်းလက်ထက် အသက် ၆၀ကျော်မှ ရဟန်းပြုသော ရဟန်းကြီးတစ်ပါးသည် စာပေသင်ရန် ပုရပိုက်နှင့်ကဲ့ကူဆံ အလှူခံရာ မင်းကြီးက ကျည်ပွေ့အတက်ပေါက်မှ စာပေတတ်တော့မည်ဟု ပြက်ရယ်စကားဆိုလိုက်၏။ ရဟန်းကြီးသည် ထိုအခါမှစ၍ သဒ္ဒါသင်္ဂြိုဟ် ကျမ်းများကို နေ့စဉ် အပတ်တကုတ်ကြိုးစားသင်ကြားလေ့လာခဲ့ရာ မကြာမီ ကျမ်းတတ်တစ်ဆူဖြစ်လာသည်။ ဆရာတော်ကြီးသည် ကြိုးစားမှုရလဒ်ကြောင့် ထင်ပေါ်၍ စင်တော်က အကောက်ခံခဲ့ရသည်။

ထင်ရှားကျော်ကြားသော သိပ္ပံရှင်ကြီးများစွာတို့သည် သူတစ်ပါးအိပ်စက်နေချိန်၌ မအိပ်မနေဘဲ ကြိုးစားပမ်းစား လေ့လာရှာဖွေသုတေသနပြုကာ လူ့အသုံးအဆောင်ပစ္စည်းများ၊ လျှပ်စစ်မီးလုံး၊ တယ်လီဖုန်းအစရှိသည့်တို့ကို တီထွင်ခဲ့ကြသည့်အတွက် ကမ္ဘာ့သူ၊ ကမ္ဘာ့သားများ ယခုကဲ့သို့ လိုအပ်သောအရာ အလုံးစုံနှင့် ပြည့်စုံနေခြင်းဖြစ်သည်။ ထိုသို့သော လေ့လာရှာဖွေ သုတေသနပြုရခြင်းသည် တစ်ကြိမ်တစ်ခါတည်းနှင့် ပြီးမြောက်အောင်မြင်ခဲ့သည်မဟုတ်။ အကြိမ်ပေါင်း ရာထောင်ချီ၍ ကြိုးစားခဲ့ရခြင်းဖြစ်သည်။ မလျှော့သောဇွဲလုံ့လရှိ၍သာ အောင်မြင်မှုသရဖူကိုဆောင်းနိုင်ခဲ့ကြခြင်းပင်။

**ယောကျ်ားတစ်ခွန် လူရည်မွန်**

**မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း**

**မလွတ်စတမ်း ရမြဲလမ်း....'** ဟုဆိုထားသည့်အတိုင်း မိမိတို့လှမ်းလိုသည့် ပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့ပြီး သကာလလိုအပ်သည်တို့ကို ရယူပိုင်ဆိုင်နိုင်ခဲ့ကြသည်သာ။ လူကိုမဆိုထားဘိ။ တိရစ္ဆာန်ပင့်ကူလေးပင် ကြိုးစားမှုရှိကြောင်း ဘုရစ်ဘုရင်ကြီးသိရှိကာ စံနမူနာယူခဲ့သည်။ စစ်ရှုံးဘုရင် ဘရစ်သည် ဂူကြီးထဲတွင် ဝင်ရောက်ပုန်းအောင်းနေသည်။ စစ်ရှုံးကာ မိမိတပ်သားများနှင့် တကွဲတပြား

ဖြစ်သွား၍ စိတ်ညစ်နေကာ လှဲနေခိုက် ဂူခေါင်မိုးမှ ပင့်ကူတစ်ကောင် ပင့်ကူမျှင် တန်းလန်းနှင့် အောက်သို့ ကျလာသည်။ ပြန်တက်သည် ပြုတ်ကျသည်၊ ပြန်တက်၍ ရောက်ခါနီးမှ ပြုတ်ကျပြန်သည်။ ပထမအကြိမ် တက်မရ၊ ဒုတိယအကြိမ်ပြုတ်ကျ၊ တတိယအကြိမ်အောက်ဆုံးသို့ ပြုတ်ကျနှင့် အခေါက်ခေါက်အခါခါ ပြန်တက်လိုက်၊ ကျလိုက်နှင့် ဆယ်ကြိမ်မြောက် ကြိုးစားတက်မှ ပင့်ကူအိမ်ထဲပြန်ရောက်သွားတော့သည်။ ဤသည်ကို ကြည့်၍ တီရစ္ဆာန်ပင် မိမိလိုရာရောက်အောင် ကြိုးစားအားထုတ်နိုင်သည်။ မိမိကဲ့သို့ လူသားကား ကြိုးစားတိုက်က မနိုင်စရာမရှိ၊ ပြန်တိုက်မည်ဟု ပင့်ကူလေးကို အတုယူကာ ပြန်လှူစုပြီးတိုက်ရာ အောင်မြင်မှုကိုရရှိခဲ့သည်။ ဤကား ကြိုးစားမှု၏ ရလဒ်ပင်တည်း။

**'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်'** စိတ်ဓာတ်မျိုးမွေးမြူနိုင်ရမည်။ **'လှိုင်းကြီး လှေအောက်၊ တောင်ကြီးဖဝါးအောက်'**ဟု ခံယူထားသင့်သည်။ **'လှေခွက်ချည်းကျန် အလံမလှဲ'** ဟူ၍ ခိုင်မာစွာ ကြံဆောင်က အောင်မြင်ရမည်သာ။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် သာသနာမသန့်စင်၊ အရည်းကြီးများ လွှမ်းမိုးသည်။ အရည်းကြီးတို့သည် ရေငုပ်၊ တုံးခုန်၊ ဖယ်ခတ်ရုံမက ကြည်ညိုဖွယ်တစ်စက် ကာယ်မျှမရှိ။

**'ရှေးအတီတေ ပုဂံပြည်တွင် ဆံကေသာလက်လေးသစ်**
**မှတ်ဆိတ်မွေး ဗရပျစ် မဲညစ်သည့် စီဝရံနှင့်**
**တာတေလ်အကျင့်ဆိုး ရှင်သိုးတကာ့ထိပ်ခေါင်ကြီး**
**ရှင်မထီး....'** ဟူ၍ စာချိုးရလောက်အောင် သွင်ပြင်မှောင်ညစ်နေသည်။ ဤသည်ကို အနော်ရထာမင်းစောက ကြိုးစား၍ ပပျောက်အောင်ဆောင်ရွက်သည်။ ပန်းဦးလွှတ်သည်ဆိုကာ သတို့ သမီးများကို သိမ်းပိုက်ခြင်းများပင် ပြုလုပ်ရကား အကျင့်စရိုက်များကို မည်သူမျှမနှစ်သက်။ စက်ဆုပ် ရွံရှာကြသည်။ ထိုစဉ်တွင်ပင် **'နော်ရထာထံ အရဟံခုန်ပျံကျလာ ဝဲ'** ဟု စိန္တကျော်သူဆိုထားသည့် အတိုင်း ရှင်အရဟံရောက်လာ၍ ဆရာတော်ကို ကိုးကွယ်ဆည်းကပ်ကာ အရည်းကြီးများကို ဖယ်ခတ်ခဲ့သည်။ နော်ရထာ၏ ကြိုးပမ်းမှုရလဒ်ကောင်းကြောင့် ယနေ့ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာရောင်ဝါ ထွန်းပနေနိုင်ခြင်းဖြစ်သည်။ ထို့အတူ နယ်ချဲ့တို့ လက်အောက်ရောက်ခဲ့ရသော မြန်မာနိုင်ငံကြီးကို မျိုးချစ်စာနည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုပေါင်းညီညာလက်တွဲ တွန်းလှန်နိုင်မှုကြောင့်သာ လွတ်လပ်

ရေးရှိကာ ကိုယ့်မင်းကိုယ့်ချင်း နေထိုင်နိုင်ခဲ့ကြခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ် **"သခင်မျိုးဟေ့ တို့ဗမာ"**ဟု ကြွေးကြော်သော လူငယ်များက အသက်ကိုပင်စတေး၍ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။ ဤသည်မှာ ကြိုးစားမှု၏ ရလဒ်ကောင်းပင် ဖြစ်ပါသည်။

ကြိုးစားမှုမရှိက ရလဒ်မကောင်းနိုင်ကြောင်း ဟင်္သာကိုးသောင်းဇာတ်ဝတ္ထုက သာဓကပြနေပါသည်။ ဟင်္သာကိုးသောင်းနေသော ဂူဝကို ရောမပင့်ကူကြီးက အိမ်ဖွဲ့လိုက်ရာ ထွက်ပေါက်ပိတ်သွားတော့သည်။ ဟင်္သာအပေါင်း စုစည်းပြီး တွန်းလှန်တိုက်ဖျက်က ပင့်ကူအိမ်ပျက်စီးကာ လွတ်မြောက်နိုင်သည်။ သို့ပြား ကြိုးစားမှုမရှိ၊ ဇာတ်တူစားရင်း စားရင်း ဟင်္သာများ သေကျေပျက်စီးကြတော့သည်။ ကြိုးစားမှုမရှိသော ငုံးများကား မုဆိုး၏ပိုက်ကွန်မှ ရုန်းထကာ ပျံသန်းကြသဖြင့် လွတ်မြောက်သွားကြခြင်းကား ကြိုးစားမှုရလဒ်ကောင်းကို ခံစားရခြင်းမည်ပါ၏။ တစ်ယောက်အားနှင့် ကြိုးစားမရ တစ်သောင်းအားနှင့် ကြိုးစားက မအောင်မြင်မရှိ အောင်မြင်ရသည်သာ။ ကြိုးစားက မဖြစ်နိုင်သည့် အရာမရှိပါ။ ကြိုးစားမှု ရလဒ်က အံ့သြဖွယ်ကောင်းလှသည်။ ဘီလုံးငှက်မလေး၏ဥများကို နင်းချေပစ်သော ဆင်ရိုင်းကြီးကို သေးငယ်လှသော ဘီလုံးငှက်၊ ယင်၊ ဖားတို့စုစည်းကာ ပြန်လည်ဂလဲ့စားချေနိုင်ခဲ့သည်။ ကြီးမားလှသော ဆင်ရိုင်းကို သေးငယ်သော ငှက်၊ ယင်၊ ဖားတို့ ပူးပေါင်းကြိုးစားမှုကြောင့် သေစေနိုင်သည်မှာ အံ့သြဖွယ်ပင်။

ချာလီးဂွတ်ရီးယားဆိုသူ၏ ကြိုးပမ်းမှုရလဒ်ကလည်း အထူးပင် ဂုဏ်ယူထိုက်လှသည်။ ရာဘာနှင့်ပတ်သက်၍ ပစ္စည်းများစွာ ထုတ်လုပ်ပေးခဲ့သူ ဖြစ်သည်။ အကြိမ်ကြိမ်စမ်းသပ်ကာ ရာဘာထုတ်ကုန်များ အရည်မပျော်စိမ့်ဌာ အနေဆင်းရဲ၊ အစားဆင်းရဲ၊ အိပ်ပျက်ခံကာ စမ်းသပ်ခဲ့သည်မှာ အကြိမ်ပေါင်းများစွာ မိမိသာမက မိမိမိသားစုပါ ဆင်းရဲဒုက္ခကြုံရသည်။ သူ၏ကြိုးစားမှုကြောင့် နောက်ဆုံးတွင် ရာဘာထုတ်ကုန်များ အရည်မပျော်အောင်လုပ်နိုင်ခဲ့သည်။ သူကိုယ်တိုင်ကား မခံစားလိုက်ရ၊ ကျန်းမာရေးချို့တဲ့ကာ သေသွားရှာသော ဂွတ်ရီးယားကား လူသေသော်လည်း နာမည်မသေခဲ့သည်မှာ သူ၏ကြိုးစားမှု ရလဒ်ကြောင့်ပင်။

လောကရှိလူသားတိုင်း မိမိတို့၏ ကြိုးစားမှုရလဒ်ဖြင့် လောကကိုအလှဆင်ဖို့ ကြိုးစားသင့်ကြသည်။ တစ်ထောင့် တစ်နေရာတွင် မိမိကြိုးစားမှုအရာထင်က လူဖြစ်ရကျိုးနပ်မည်သာ။ ။

**စာကြည့်တိုက်မှာ သုတရှာ**

- ☐ စာကြည့်တိုက်ကို သုတရတနာဘဏ်အဖြစ် တင်စားကြပုံ
- ☐ စာကြည့်တိုက်အမျိုးမျိုး
- ☐ စာကြည့်တိုက်တွင် စာပေလေ့လာဖတ်မှတ်မှုများကြောင့် ရရှိသော အကျိုးတရားများ
- ☐ သာဓကများ
- ☐ စာဖတ်သောကမ္ဘာ့နိုင်ငံများ စာကြည့်တိုက်များထားရှိကြပုံ
- ☐ စာဖတ်သောနိုင်ငံသားတို့ကြောင့် နိုင်ငံတိုးတက်အောင် အကျိုးတရား ခံစားကြရပုံ
- ☐ အကျိုးတရားသုခစုံပေးသော ပညာဘဏ်တိုက်စာကြည့်တိုက်များတွင် သုတစုံရှာသင့်ပုံ

## စာကြည့်တိုက်မှာ သုတရှာ

စာကြည့်တိုက်ဟူသည် ခေတ်အဆက်ဆက်က ပေါ်ထွက်ခဲ့သော စာပေဆိုင်ရာ ကျမ်းဂန်၊ မှတ်တမ်းမှတ်ရာ၊ စာအုပ်အမျိုးမျိုး၊ မဂ္ဂဇင်းမျိုးစုံ နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်စသည်တို့ကို စနစ်တကျ ခွဲခြားစုစည်း သိမ်းဆည်းပေးထားရာ အဆောက်အအုံဖြစ်သည်။ ထိုနေရာသို့ ဆင်းရဲချမ်းသာ လူတန်းစားမရွေး သွားရောက်၍ ကြိုက်နှစ်သက်ရာကို ကောက်ကိုင်ဖတ်ရှု၍ ရနိုင်သည်။ ငှားလိုက စာငှားကတ်ပြုလုပ်ပေးကာ ရက်သတ်မှတ်၍ ငှားခွင့်ပြုသည်။ ရက်လွန်က ရက်လွန်ကြေးပေးဆောင်ရသည်။ စာကြည့်တိုက်တွင် စာကြည့်တိုက်စည်းကမ်းများရှိသည်။ ကျယ်လောင်စွာ စကားမပြောရ။ ရှားပါး စာအုပ်များကို စာကြည့်တိုက်တွင်း၌သာ ဖတ်ရှုရသည်။ သုတရှာသူများအတွက် စာကြည့်တိုက်တွင် အကြားအမြင် ဗဟုသုတကို စုံလင်စွာ ရှာဖွေဖတ်ရှု လေ့လာနိုင်ပါသည်။ စာကြည့်တိုက်ကို သုတ ဘဏ္ဍာတိုက်ကြီးဟုပင် တင်စားနိုင်သည်။

တက္ကသိုလ်တိုင်း၊ ကျောင်းတိုင်း၊ မြို့တိုင်း၊ ကျေးရွာတိုင်းတွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိသည်။ တည်နေရာအလိုက် စာကြည့်တိုက်အမည်အမျိုးမျိုး ကွဲပြားသည်။ ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်များ

စာကြည့်တိုက်၊ နိုင်ငံတော်စာကြည့်တိုက်၊ အမျိုးသား စာကြည့်တိုက်၊ စာပေဗိမာန် စာကြည့်တိုက်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် မြန်မာစာဌာန စာကြည့်တိုက်၊ ရုံးစာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ ပြန်ကြားရေးဌာန စာကြည့်တိုက်၊ ရပ်ကွက်စာကြည့်တိုက်၊ တပ်မတော်စာကြည့်တိုက်၊ ရွှေလှားစာကြည့်တိုက် စသည် စသည်ဖြင့် အမည်အမျိုးမျိုးဖြင့် ကျောင်းသား ကျောင်းသူ၊ ရုံးသားရုံးသူ၊ စက်ရုံ လုပ်သားကြီးများ၊ စစ်သည်များအားလုံးတို့ကို ဗဟုသုတအဖုံဖုံ ရသမျိုးစုံကိုခံစားရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးသည်ကို တွေ့ရပါသည်။ အချို့စာဖတ်ဝါသနာပါသူများက မိမိနှစ်သက်ရာစာအုပ်များ ဝယ်ယူဖတ်ရှုသိမ်းဆည်းကာ ကိုယ်ပိုင် စာကြည့်တိုက်အဖြစ် ဖွင့်လှစ်ထားသည် ကိုလည်း တွေ့နိုင်သည်။ တက္ကသိုလ်တိုင်းတွင် တက္ကသိုလ်စာကြည့်တိုက်ကြီးအပြင် ဘာသာရပ်အလိုက်လည်း ဌာနတိုင်းတွင် စာကြည့်တိုက်ဖွင့်လှစ်ပေးထားသည်။ သို့မှလည်း ဌာနပြည့်စုံသည်မည်၏။ စာကြည့် တိုက် မရှိသောဌာနကား ဖွံ့ဖြိုးတိုးတက်လိမ့်မည်မဟုတ်။ ထို့အတူ စာအုပ်များစုံလင်စွာ ထားရှိပါလျက် ငှားရမ်းပေးသူမရှိကလည်း အချည်းနှီးသာ ဖြစ်ပေလိမ့်မည်။ ဆရာဆရာမများ အလှည့်ကျ တာဝန်ယူကာ ကျောင်းသားကျောင်းသူများ ဖတ်ရှု၍ သုတရှာနိုင်စိမ့်သောငှာ ငှားရမ်းပေးသင့်ပါသည်။ စာကြည့်တိုက် ပညာသင်တန်းများ ဖွင့်ပေးသင့်သည်။

စာကြည့်တိုက်ဟူသည် စာအုပ်များကို ပိတ်လှောင်ထားရာထောင် မဖြစ်စေရ။ ရှားပါးစာအုပ်များ ပျောက်ဆုံးမည် စိုးသည်ဟုအကြောင်းပြလျက် သော့ခတ်သိမ်းထားခြင်းမျိုးမဖြစ်စေသင့်။ အားလုံးဖတ်ရလေအောင် နေ့စဉ်ဖွင့်ထားပေးမှ အကျိုးကျေးဇူးရှိကြောင်း နောင်လာနောင်သားများ တိုးတက်မှုရှိအောင် ပြုလုပ်ပေးသင့်ကြောင်း အရှင်ဆန္ဒမိကက မိန့်မြွက်ခဲ့သည်။ စာကြည့် တိုက်တွင် စာအုပ်မျိုးပေါင်းထောင်သောင်းမကရှိသည်။ အချို့စာအုပ်များကား အဖိုးတန်ဈေးကြီးလွန်း၍ လူတိုင်းကိုယ်ပိုင် ဝယ်ယူမဖတ်ရှုနိုင်ပါ။ စာကြည့်တိုက်သည်သာ အားထားရာဖြစ်ရကား ဆင်းရဲချမ်းသာမရွေး တန်းတူအခွင့်အရေးရသော နေရာဖြစ်ပါသည်။ ထိုနေရာတွင်သာ ဖတ်လိုသမျှ တစ်စုတစ်စည်းတည်း ရနိုင်သောကြောင့် သုတရှာလိုသူတို့ နားမိ ပျော်မွေ့ရာဟုပင် ခေါ်ဆိုနိုင်ပါသည်။ စာကြည့်တိုက်ကိုသွားလျှင် သွားသည့်သူ အတွက် အချိန်နှင့်အမျှ သုတကို စုံလင်စွာရရှိနိုင်သည်။ အင်တာနက်ဆိုင်ထိုင်က ဂိမ်းဆော့လိုစိတ်၊ ချက်တင်ဝင်လိုစိတ်၊ အခြားသောကမ္ဘာ အမြောက်အမြား၏

ဆွဲဆောင်မှုကြောင့် အာရုံပြားနိုင်သည်။ စာကြည့်တိုက်တွင်ကား စာအုပ်ကိုသာ တစိုက်မတ်မတ် ဖတ်ရှုနိုင်ခြင်းကြောင့် ပို၍အကျိုးများသည်။ 'စာအုပ်စာပေ လူ့မိတ်ဆွေ'၊ 'အလိမ္မာစာမှာရှိ' ဟု ဆိုထားပါသည်။

စာအုပ်များကို ဖတ်မှတ်လေ့လာမှသာ ဗဟုသုတအကြားအမြင် စုံလင်နိုင်သည်။ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးနှင့်သက်ဆိုင်သမျှ စာအုပ်များ စာကြည့်တိုက်တွင် အကုန်အစုံရနိုင်သည်။ ထိုင်ရာကခြေမကြွဘဲ နိုင်ငံပေါင်းစုံ ဗဟုသုတအစုံအလင်ကို စာကြည့်တိုက်မှရနိုင်သည်။ စာအုပ်များငှားရမ်းဖတ်ရှုခြင်းအားဖြင့် နိုင်ငံပေါင်းစုံကို အလည်ရောက်သည့်နှယ် အမြင်ကျယ်နိုင်သည်။ ဒေသန္တရဗဟုသုတသာမက ဘာသာစကားအသုံးအနှုန်းများဖြစ်သည့် ဘာသန္တရဗဟုသုတများကိုလည်း စာအုပ်ထဲမှ လေ့လာရနိုင်ပါသည်။ သတင်းစာဟောင်းများ ပြန်ပြောင်းလေ့လာခြင်းဖြင့် နှောင်းခေတ်က မိမိမသိ မမီခဲ့သည်များကို ဗဟုသုတရနိုင် သိနိုင်သကဲ့သို့ လက်ရှိအခြေအနေကိုလည်း လက်ငင်းထုတ် နေ့စဉ်သတင်းစာများ ဖတ်ရှုခြင်းဖြင့် လေ့လာသုံးသပ်နိုင်သည်။ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်နိုင်စွမ်းရှိလာစေရန် စာကြည့်တိုက်ရှိစာအုပ်များက အထောက်အကူပြုပေးနိုင်သည်။ အသိအလိမ္မာတိုးစေရန်လည်း ကူညီပံ့ပိုးပေးသည်။ ရှင်မဟာရဋ္ဌသာရက-

**'ဖတ်ပြန်သော်ကား ဖတ်ဖန်များက**

**သားမယားပင် သိမြင်ကင်းကွာ**

**မလိမ္မာလည်း စာပေစကား**

**နေ့တိုင်းကြားက ထူးခြားလိမ္မာရှိသည်သာတည့်....'** ဟု ဆုံးမထားပါသည်။

သို့ကြောင့် စာပေစကား နေ့စဉ်ကြားရန် စာကြည့်တိုက်သို့ အချိန်ရတိုင်းသွားရန် လိုပါသည်။ မှန်နန်းရာဇဝင် ဦးကုလားရာဇဝင်၊ စွယ်စုံကျမ်းများကား ငွေသောင်းချီတန်သောစာအုပ်ကြီးများဖြစ်သည်။ စာကြည့်တိုက်တွင် သွားရောက်ဖတ်ရှုခြင်းဖြင့် မိမိမသိသေးသည့် သမိုင်းကြောင်းများ မင်းများအကြောင်းတို့ကို စုံစုံလင်လင် သိရှိလေ့လာကာ ဗဟုသုတအဖြာဖြာ ရနိုင်ပါသည်။ အခါအခွင့်သင့် ဖတ်ရှုနိုင်လျက် မဖတ်လိုက်က မိုက်မဲလှရာကျသည်။ သို့ကြောင့် စာကြည့်တိုက်တွင် စာအုပ်ဖတ်ရှုခြင်းက လက်ဖက်ရည်ဆိုင်ထိုင်ကာ အချိန်ဖြုန်းခြင်းထက် များစွာတန်ဖိုးရှိသည်။ လိုအပ်မှ စာအုပ်ရှာဖွေဖတ်နေခြင်းထက် လိုအပ်သောအချိန်တွင်း ကိုးကားနိုင်ရေး ကြိုတင်ဖတ်ရှုကာ မှတ်စုရေးထားခြင်းက **'လိုလျှင်ရစေ ကြိုးနှယ်ခွေ'** ထား၏သို့

အကျိုးရှိမည် ဖြစ်သည်။ လောကတွင်ဆောင်ရန် ရှောင်ရန်များကို စာအုပ်စာပေက လမ်းညွှန်ပြသသည်။

'လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနဲ့ကင်းအောင်နေ

ပညာရှိကို အရှည်တွဲလို့ မှီဝဲဆည်းကပ်နည်းယူစေ' ဟု သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်၏ လမ်းညွှန်ချက်ကိုလိုက်နာကာ ပညာရှိကြီးများ ကိုယ်စား ယင်းတို့ရေးသားထားသော စာအုပ်စာပေများကို စာကြည့်တိုက်တွင် သွားရောက် ရှာဖွေဖတ်ရှုနည်းယူတတ်က လူတော်လူကောင်းများဖြစ်လာ၍ မိဘများအတွက် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်ပွင့်ဖြစ်လာနိုင်သည်။ ထို့အတူ ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်မည်။ ထိုမျှသာမက နိုင်ငံ့အတွက်လည်း နိုင်ငံသားကောင်းတစ်ယောက်အဖြစ် ရပ်တည်ကာ နိုင်ငံအကျိုးကို ဆောင်ရွက်နိုင်ပြီး သကာလ ထင်ပေါ်၍ စင်တော်က အကောက်ခံရမည်မှာ သေချာပေသည်။ ဤမျှထိ စာကြည့်တိုက်က မိမိကိုကောင်းကျိုးပြုနိုင်သည်။ စာဖတ်များသော **'စာတိုင်ညို'** ဟု ခေါ်တွင်သည့်လယ်သမားသည် ရှင်ဘုရင်၏သိလိုချက်ကို တိကျမှန်ကန်အောင် ဖြေဆိုနိုင်ခဲ့သဖြင့် ဘုရင်က **'ဝန်စင်းမင်းရာဇာ'** ဟူသောဘွဲ့ဖြင့် နန်းတော်တွင် မြှောက်စားခြင်းခံခဲ့ရသည်။ ပညာဘဏ်တိုက်ကြီးတွင် သုတများ စုဆောင်းထားရှိက လိုအပ်လျှင် အချိန်မရွေးထုတ်ယူသုံးစွဲနိုင်သည်။ ဤသို့စုဆောင်းထားသမျှကို အသုံးချတတ်သူသည် လောကအလယ်တွင် ထင်ပေါ်နိုင်မည်မှာ မြေကြီးလက်ခတ် မလွဲပင်။ စာရေးဆရာ **'ဂျက်လန်ဒန်'** ဆိုလျှင် မကြားဖူးသူ မရှိသလောက်ပင်။ ဂျက်လန်ဒန် သည် လူပေလူတေ တစ်ဦးဖြစ်သည်။ စာကြည့်တိုက်ပေါင်းများစွာကို ဝင်ထွက်ရင်း စာဖတ်သည်။ စာအုပ်ပေါင်း မြောက်မြားစွာကိုဖတ်ရှုပြီး နာမည်ကြီး စာရေးဆရာအဖြစ် ထင်ရှားလာခဲ့သည်။ ဤသည်မှာ စာအုပ်များက သူ့ဘဝကိုမြှင့်တင် ပေးဖို့ လှေခါးသဖွယ် မိုးထိအောင် ထောင်ပေးခြင်းကြောင့်ဟုဆိုကာ မည်သူမျှငြင်း နိုင်မည်မဟုတ်ပေ။ စာကြည့်တိုက်မှာ သုတရှာနဲ့ခြင်း အကျိုးကျေးဇူးကြောင့်သာ လျှောက်ရာလမ်းသည် ဆူးခင်းလမ်းမှ ပန်းမွေ့ရာရွှေကော်ဇောအသွင် ပြောင်းလဲသွား ခဲ့ခြင်းပင်။

'ပညာပြည့်ဝ နှလုံးလှသော်

ကီဠကြီးငယ် အသွယ်သွယ်ကို

ဆောက်သဖွယ်လျှင် ကျည်းကျယ်ထွင်းဖောက်

**ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏....'** ဟု ရှင်မဟာရဋ္ဌသာရက ဆိုထားသည်။ စာကြည့်တိုက်မှာ သုတရှာက ပညာပြည့်ဝနလုံးလှနိုင်သည်။ မည်သည့်ကိစ္စမျိုး ကြုံစေကာမူ မတုန်မလှုပ်ဘဲ အောင်မြင်စွာဖြေရှင်းနိုင်သည်ချည်းသာ။ စာကြည့်တိုက်ကို အသုံးပြုသူအတွက် မိမိလက်တွင် လိုတရပတ္တမြား ဆောင်ထားသည့်နှယ် အောင်မြင်မှုအသွယ်သွယ်ကို အလွယ်တကူ ရယူပိုင်ဆိုင်နိုင်ပါသည်။

ဂျပန်လူမျိုးများသည် အချိန်ကို အလွန်လေးစားသည်။ အချိန်နှင့် ဒီရေသည် လူကိုမစောင့်ကြောင်း နားလည်ရကား အချိန်ကိုအကျိုးရှိစွာ သုံးကြသည်။ ကားပေါ် ရထားပေါ်၌ပင် စာအုပ်ဖတ်လေ့ရှိရကား စာဖတ်ခြင်းကြောင့်ပင် တိုးတက်မှု အရှိန် အဟုန်အလွန်မြန်ခဲ့သည်။ ဟီရိုရှီးမား နာဂါစကီ ဗုံးဒဏ်ခံခဲ့ရငြားလည်း စာဖတ်အားကြောင့် အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ကာ ချမ်းသာသောနိုင်ငံဖြစ်လာခဲ့သည်။ မြန်မာလူငယ်များ ဂိမ်းကစား၊ လက်ဖက်ရည်ဆိုင်ထိုင်၊ ချက်တင်ဝင်ဆဲတွင် သူတို့က စာအုပ်ဖတ်ကာ သုတရှာတတ်၍ ကမ္ဘာ့အလယ် ထည်ဝါဝင့်ကြွားနိုင်ခဲ့သည်။

စင်ကာပူနိုင်ငံသည်လည်း အလွန်တိုးတက်ခဲ့သည်မှာ နိုင်ငံတွင် စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ထားနိုင်၍ဖြစ်သည်။ သူတို့နိုင်ငံတွင် အတုယူအားကျဖွယ် စာကြည့်တိုက်ကြီးတွေများပြားလှကြောင်း ဖတ်ရသည်။ မြို့တစ်မြို့တည်းတွင်ပင် စာကြည့်တိုက်ခွဲ ၂၆ ခုရှိသည်။ ဗဟိုစာကြည့်တိုက်တွင် အထပ် ၁၆ ထပ်ရှိပြီး ကြမ်းခင်းဧရိယာမှာ စတုရန်းမီတာ တစ်သောင်းတစ်ထောင်ကျော် ရှိသည်ဟု သိရသည်။ မြေညီထပ်၏ အောက်ထပ်တစ်ထပ်လုံးတွင် စာအုပ်ပေါင်း ၂ သိန်းကျော်ကို စာအုပ်စင်များပေါ် စီထားသည်။ ကွန်ပျူတာဖြင့် အလုပ်လုပ်သည်။ စာအုပ်ငှားခွင့် အိုင်စီကတ်နှင့် အွန်လိုင်းကက်သလောက်မှ ငှားနိုင်သည်။ အိမ်မှ ထွက်ခွာရန်ပင် မလိုဟု ဆိုသည်။ မိမိနှင့်နီးစပ်ရာ စာကြည့်တိုက်တွင် လိုသောစာအုပ်မရှိက အခြားစာကြည့်တိုက်မှရအောင်စီစဉ်ပေးသည်။ ဝန်ဆောင်ခက ကားခ၊ ရထားခလောက်ပင် မကုန်ဟု သိရသည်။ စာအုပ်အပ်လိုက နီးစပ်ရာ စာကြည့်တိုက်စာအုပ်အပ်ပုံးထဲ ထည့်လိုက်ရုံသာ။ ၂၄ နာရီဖွင့်ထားသည့်အတွက် လူငယ်လူရွယ်လူကြီးပေါင်းစုံ စာကြည့်တိုက်သို့လာ၍ အပန်းဖြေရိပ်သာကြီးသဖွယ် ဖြစ်နေငြား ဆူညံသံ မကြားရ၊ စည်းကမ်းရှိလှသည်ဟု သတင်းစာဆောင်းပါးတွင် ဖတ်ရသည်။ ပြည်သူပြည်သားများကို စာဖတ်စေလိုက နိုင်ငံတော်အစိုးရက မြန်မာပြည် စာကြည့်တိုက်များကိုလည်း ထိုစာကြည့်တိုက်များကဲ့သို့ဖြစ်လာအောင် လုပ်ဆောင်ပေးသင့်သည်။ သို့မှ စာဖတ်

သူ များလာကာ နိုင်ငံလည်း ပိုမိုဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ပေလိမ့်မည်။ စာဖတ်သူ များလာက ဒုစရိုက်သမားများ ပပျောက်ကာ အကြမ်းဖက် ခိုးဆိုးလုယက်မှု ဖျက်ဆီးမှုများလည်း ပပျောက်သွားနိုင်မည်ဖြစ်သည်။ ဓားသွားထက် ကလောင်သွားက ပိုမိုထက်မြက်သည်။

နိုင်ငံတစ်နိုင်ငံတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်းက **"ထောင်တံခါးများ ပိတ်ပစ်သည်မည်၏"** ဟု မှတ်သားရဖူးပါသည်။ စာကြည့်တိုက်၏တန်ဖိုးကား အဖိုးအတိုင်း မသိထိုက်လှဘိ၏။ စာကြည့်တိုက်မှာ သုတရှာခြင်းမှာ တစ်စက်ကျများ ပြည့်သောလားသို့ ပညာဉာဏ်ဖွံ့ဖြိုးတိုးတက်မည်ကား မုချသာတည်း။ စာကြည့်တိုက်တွင် သုတရှာခြင်းဖြင့် ပညာဉာဏ်စွမ်း ချွန်းကို ပိုင်ဆိုင်ရယူနိုင်ရကား စိတ်ဆင်ရိုင်းကို အနိုင်ယူနိုင်မည်။ လောဘ၊ ဒေါသ၊ မောဟတို့ကို ချုပ်တည်းနိုင်စွမ်း ရှိမည်။

ပညာတည်းဟူသော လမ်းပြအိမ်မြှောင်ရှိနေခြင်းကြောင့် လမ်းမှားသို့မလိုက်။ ဒုစရိုက်အမှုကိစ္စတို့ကို စက်ဆုပ်ကာ သူတစ်ပါးအကျိုးသယ်ပိုးနိုင်ကာ လမ်းမှန်အတိုင်း လျှောက်သွားနိုင်မည်။

'ပညာသမ္မာ အာဘာနတ္ထိ' ပညာနှင့်တူသော အလင်းကြောင့် ဘဝမှောင်လမ်းကို မလျှောက်၊ ဆင်ကန်းတောတိုး မသွား၊ အလင်းနှင့်အတူ ပညာရဲရင့်ခြင်းကြောင့် လူ့လောကအလယ် ထင်ရှားကာ ပညာရဲရင့် ပွဲလယ်တင့်မည့်သူ ဖြစ်စေပါသည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာကြီးထွားရေးအတွက် နေ့စဉ် ထမင်းနပ်မှန် မှီဝဲနေကြသည့်နည်းတူ စိတ်နှလုံးမြင့်မြတ်ဖြူစင်ရေး စိတ်ကိုလည်း အာဟာရကျွေးရမည်။ နေ့စဉ် စာမဖတ်ဖြစ်သောနေ့ မရှိရလေအောင် စာကြည့်တိုက်သို့သွားကာ စိတ်နှလုံးအာဟာရကို ဖြည့်ဆည်းပေးသင့်သည်။ စာအုပ်ဖတ်ခြင်းဖြင့် မဟတ္တမဂန္ဒီပင် ပြောင်းလဲလာကြောင်း မှတ်သားရဖူးသည်။ ဆရာဇော်ဂျီသည် မိမိပတ်ဝန်းကျင်တွင် မြင်တွေ့ရသည်တို့ကို စာအုပ်ထဲတွင် ရှာဖွေဖတ်ရှု၍ ရနိုင်သည်ဟူသော အသိဖြင့် စာအုပ်စင်ကိုချစ်တတ်လာသည်။ သို့ကြောင့် မိမိတို့လည်း ဆရာကဲ့သို့ အမြင်ရလေအောင် စာကြည့်တိုက်ရှိ စာအုပ်စင်များမှ သုတများအား တစ်စက်ကျများ ပြည့်သောလားသို့ ရယူပိုင်ဆိုင်နိုင်ဖို့ စာအုပ်များကို ဖတ်ရှုလေ့လာရမည်။

'လှိုင်းကြီးလေ့အောက်၊ တောင်ကြီးဖဝါးအောက်'

စာအုပ်ထဲမှ သုတများ မိမိဦးနှောက်ထဲရောက်စေရန် စာကြည့်တိုက်ကို

အသုံးပြုရပါမည်။ အရှင်ဇနက ဘိဝံသဟောကြားသကဲ့သို့ စာမဖတ်ရသောနေ့ကို အမင်္ဂလာနေ့ဟုယူဆကာ မိမိ၏နေ့ရက်တိုင်း မင်္ဂလာရှိစေရေး စာကြည့်တိုက်သို့ နေ့စဉ်သွားကာ သုတရှာဖွေသင့်လှပေသည်။ ရှေးလူကြီးများ၊ ရှေးစာဆိုများ၏ စာပေများကား ရန့်ထုံသင်းကြိုင်လှိုင်ခြင်းဖြင့် စံကားဝါပန်းခြောက်ကလေးများပမာ ဟောင်းပင်ဟောင်းငြား မွေးရနံ့သင်းပျံ့ကြိုင်လှိုင်ဆဲပင်။ ရှေးကစာဆိုကြီးများ၏ ဆုံးမစာများကို လိုက်နာကျင့်သုံးက လူတစ်လုံးသူတစ်လုံး ဖြစ်လာနိုင်သည်ကို မည်သူမျှ မငြင်းနိုင်။ မိမိ၏သားသမီးများကို ကောင်းမွေပေးနိုင်ရေး မိဘများ စာဖတ်ကြရပါမည်။ နိုင်ငံခြားတိုင်းပြည်တွင် ကလေးငယ်စာမဖတ် တတ်မီကပင် စာအုပ်နှင့် ရင်းနှီးကျွမ်းဝင်ရန် စာဖတ်ပြလေ့ရှိကြသည်။ ဤသည်မှာ ကောင်းသော အကျင့်ကို အလေ့အထရရှိအောင် ပြုစုပျိုးထောင်ခြင်းပင်။ ကလေးကြီးပြင်းလာသည်နှင့် အမျှ စာအုပ်မှပေးသော သုတများကိုနားလည်ကာ စာအုပ်ကိုမြတ်နိုးတတ်လာမည် ဖြစ်သည်။ မိဘများသာမက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အလုပ်သမား၊ စစ်သား အားလုံးစာဖတ်မှသာ မိမိတို့နိုင်ငံ တိုးတက်နိုင်မည်ဖြစ်သည်။ သို့ကြောင့်လည်း ယခုအခါ လူစုံရာ ဈေး၊ ကားဂိတ်၊ ဘူတာ၊ သင်္ဘောဆိပ်၊ ဆေးရုံ ဆေးပေးခန်းတို့တွင် စာပေရေချမ်းစင်များ တည်ထားပေးသည်။ တစ်နေရာနှင့် တစ်နေရာ ရွေ့လျားစာကြည့်တိုက်များ ပြုလုပ်ပေးထားခြင်းကား ကောင်းသော အလားအလာပင်။ ကျောင်းများတွင်လည်း စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆုပေး ကာပင် စာဖတ်ဖြစ်အောင် ဆောင်ရွက်ပေးသည်။ ဤသည်မှာ ကောင်းသော အလားအလာများ၊ နိုင်ငံတိုးတက်ရေးအတွက် မင်္ဂလာရှိသော လုပ်သင့်လုပ်ထိုက်သော အလုပ်များဖြစ်သည်။

စာကြည့်တိုက်မှာ သုတရှာမှသာ ဤကမ္ဘာမြေပေါ်တွင် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ သဒ္ဓါ၊ စာနာစိတ်များ ယိုဖိတ်ကာ ငြိမ်းချမ်းသာယာနိုင်ပါသည်။ ငါဖို့ငါဖို့ ဟူသော အတ္တစိတ်ထားမှသည် အများကိုမျှတဖို့ဟူသော ပရစိတ်ထားများ မွေးမြူ နိုင်လာမည်။

**'သူ၏စီးပွား ငါ့စီးပွားကိုဆောက်ထားမိစေ ကြီးလောဘကို မျှတစေ'** ဟု ရှင်မဟာရဋ္ဌသာရက ဆုံးမထားပါသည်။ စာဖတ်မှ လောဘကို သတ်နိုင်မည်။ ဒေါသကိုထိန်းနိုင်မည်။ မောဟကို ချုပ်တီးနိုင် ပါမည်။

'လိမ္မာစေကြောင်း ကောင်းပါစေလို့ ဆိုပါသမျှ
ဩဝါဒကို နားမှုမထောင် မကြားယောင်သို့
မောင်တို့ပြုက နောင်သံသရာဆက်များစွာ၌
ချမ်းသာမည့်ရေး အလွန်ဝေးသည် သေဘေးမလွဲ
ဝဋ်ဆင်းရဲမှ ရွေခဲဘယ့်နှယ့် အသွယ်သွယ်ကို
လွှဲဖယ်ကြံစည်လွတ်ပါမည်....' ဟုဆိုထားသည့်အတိုင်း အလိမ္မာကို

စာမှာရှာရမည်။ စာအုပ်စာပေ မိတ်ဆွေကောင်းကိုရှာပေါင်းရမည်။ သို့မှ မိမိဘဝ လိုရာရနိုင်မည်။ အရှင်ဇနကာဘိဝံသ၏မိန့်မှာချက်ကို သတိတရဖြင့် မင်္ဂလာရှိ သော နေ့ရက်များစွာနှင့် အသက်ဆက်အံ့သောငှာ စာကြည့်တိုက်မှာ သုတရှာကြရန် လူတိုင်းတွင် တာဝန်ရှိသည်ကို မမေ့အပ်ပေ။ ။

နှုတ်ချိုသျှိုတစ်ပါး

- ❑ နှုတ်ထွက်စကားချိုသာပါမှ လိုရာဆန္ဒပြည့်ဝိုင်ပုံ
- ❑ နှုတ်ထွက်စကား မချိုသာ၍ ဆိုးကျိုးခံစားကြရပုံများ
- ❑ နှုတ်ထွက်ချိုသာရင် ဆိုးဆုံးမစာများရှိပုံ
- ❑ နှုတ်ထွက်စကားချိုသာခြင်းကြောင့် လူမှုဆက်ဆံရေး ချောမော ပြေပြစ် ရသော သာဓကများ
- ❑ မှတ်ဖွယ်မှတ်ရာစာပေများ စသည်

## နှုတ်ချိုသျှိုတစ်ပါး

နှုတ်ချိုသျှိုတစ်ပါးဟူသည် မြန်မာဆိုရိုးစကားဖြစ်သည်။ ချိုသာစွာ ပြောဆို ခြင်းသည် အရေးကိစ္စမှန်သမျှကို အောင်မြင်ပြီးမြောက်စေသည်။ သို့ကြောင့် နှုတ်ချိုစွာပြောကြားကြရန် လူအသီးသီးတို့အား ဤဆိုရိုးက သတိပေးနေသည်။ လူသားတိုင်းအတွက် အဖိုးတန်လှသော လမ်းညွှန်ချက်တစ်ခုပင်။ လိုက်နာကျင့်သုံးက လူမှုရေးနယ်ပယ်တွင် ဆက်ဆံရေးကောင်းကာ အောင်မြင်မှုသရဖူကို ဆောင်းနိုင်မည် ဖြစ်ပါသည်။ နှုတ်ထွက်စကားချိုသာမှ ကိစ္စအဝဝ အောင်မြင်နိုင်၍ နှုတ်ထွက်ကြမ်းက လိုရာခရီးလမ်းကို လျှောက်လှမ်းရာ၌ ခက်ခဲကြမ်းတမ်းပေလိမ့်မည်။

လောကတွင် မိဘနှင့်သားသမီး၊ ဇနီးခင်ပွန်း၊ ချွေးမ၊ သမက်နှင့် ယောက္ခမ၊ ဆရာနှင့် တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ ဈေးသည်နှင့် ဈေးဝယ် စသည်တို့ ကြား စကားပြောဆိုဆက်ဆံသမှုနေ့စဉ် ပြုနေကြရသည်ဖြစ်ရာ ချိုသာစွာ ဆက်ဆံ ပြောဆိုတတ်ဖို့ အထူးလိုအပ်လှသည်။ ထိုသို့ချိုသာစွာပြောဆို ဆက်ဆံကြမှလည်း တစ်ဦးနှင့်တစ်ဦး 'ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ' ပြေလည်မှု ကိုရရှိကာ အေးချမ်း စွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ ထိုသို့မဟုတ်မူဘဲ နှုတ်ထွက်စကား ကြမ်းတမ်း က တစ်ဦးနှင့်တစ်ဦး မပြေမလည်ဖြစ်ကာ ဒေါသထွက်ရခြင်းကြောင့် ရန်လိုနေကြ မည်မှာ ဧကန်ပင်။ သို့ကြောင့်လည်း သားသမီးများကို သည်းမခံနိုင်တော့ဘဲ အချို့မိဘများက သားသမီးအဖြစ်မှ စွန့်လွှတ်သည်။ ခင်ပွန်းကို ဇနီးမယားက ပြတ်စဲသည်။ ဆရာက တပည့်ကို ကျောင်းထုတ်သည်။ အလုပ်ရှင်က အလုပ်သမား ကို အလုပ်ဖြုတ်၊ ဈေးသည်နှင့် ဈေးဝယ်ဖောက်သည်ပျက်ကာ လောကကြီးကို

ရုပ်ဆိုးအကျည်းတန်စေသည်မှာ ကြမ်းတမ်းသောစကား အရင်းခံခြင်းကြောင့်ဆိုက မှားမည်မထင်ပါ။ သို့ကြောင့် နှုတ်ချိုမှသာ အချင်းချင်း ပြေလည်နိုင်မည်။ အတူ ညီညာလက်တွဲလျှောက်လှမ်းနိုင်ဖို့မှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေး အဓိကကျပါသည်။ နှုတ်ချိုမှသာ လောကကြီး သာယာငြိမ်းချမ်းပေလိမ့်မည်။ မကြားဝံ့မနာသာ ဖရုသဝါစာ စကားများလွှမ်းက ငြိမ်းချမ်းမှုရရှိနိုင်မည် မဟုတ်သကဲ့သို့ အောင်မြင်မှုနှင့်လည်း အဝေးကြီးဝေးနေပေလိမ့်မည်။

'**နှုတ်ကောင်းတော့ ပြည်စိုး**' နိုင်သည်။ လူလူချင်းကိုမဆိုထားဘိ တိရစ္ဆာန်လေးများသည်ပင် မိမိတို့အပေါ် ချိုသာစွာပြောဆိုဆက်ဆံသူစကားကို ပိုအလေးထားလေ့ရှိသည်။ မိမိတို့အား အော်ငေါက်ဆဲဆို ကြမ်းတမ်းသူ အနားမကပ်လို။ ဟိန်းလိုက်ဟောက်လိုက်လုပ်သူကို ဝေးဝေးကပင် ရှောင်တတ် ရှားတတ်ကြသည်။ အနားပင် သီလေ့မရှိကြ။ နှုတ်ချိုသူကိုမူ ချစ်တတ်ကြသည့် အားလျော်စွာ အပါးမှမခွာ။ ပွတ်သီးပွတ်သပ်နှင့် အမြဲလိုပင် အတူနေလိုသည်မဟုတ်ပါလော။ သို့ကြောင့်လည်း နှုတ်ချိုက အရိုင်းအစိုင်းတိရစ္ဆာန်ကိုပင် ယဉ်ကျေးလာအောင် ပြုစုထိန်းကျောင်းကာ မိမိလိုလားသည့် ပုံစံပြောင်း ပစ်နိုင်သည်။ ဆပ်ကပ်ပြပွဲများတွင်အောင်မြင်စွာ အသုံးချနိုင်သည်မှာ နှုတ်ချိုသျှိုတစ်ပါး မှန်ကန်ကြောင်း သာဓကတစ်ခုပင်။ အပြောမတတ်က ဆဲသလိုဖြစ်ကာ မိမိအသက်ကိုပင် ပြန်လည်အန္တရာယ်ဖြစ်ပွားစေတတ်ပေသည်။ အပြောခံရသူ၏အမုန်းကိုသာ မလိုလားသော်လည်း ရရှိလာတော့သည်။ '**ကြမ်းကျွံလျှင် နှုတ်၍ရသည်၊ စကားကျွံက နှုတ်၍မရနိုင်တော့**'။ သို့ကြောင့် စကားကိုမပြောမီက ဆင်ခြင်စဉ်းစားပြီးမှသာ ပြောသင့်သည်။ လူတစ်ဖက်သား နာလိုခံခက်သော စကားများကို မပြောမဆိုမိစေရန် သတိထား၍ နှုတ်ကို စောင့်စည်းသင့်သည်။

'**ချစ်စေလို ခံတွင်းလက်လေးသစ်**

**မုန်းစေလို ခံတွင်းလက်လေးသစ်....**' ဟုဆိုထားရာ သူတစ်ဖက်သား ချစ်အောင် ပြောဆိုနိုင်သည်မှာလည်း ဤပါးစပ်၊ မုန်းအောင်ပြောဆိုနိုင်သည် မှာလည်း ဤပါးစပ်ပင်။ သို့ကြောင့် ရန်သူမများစိမ့်ငှာ ဖရုသဝါစာ ကြမ်းတမ်းသောစကားများကို ရှောင်ရှားသင့်သည်။ မိမိစကားသည် တစ်ဖက်သား ရင်ထဲ သံမှိုနှက်သကဲ့သို့ ဒဏ်ရာဒဏ်ချက် ကျန်အောင် ဘယ်သောအခါမှမပြောသင့်ပါ။

ပြောပြီးမှနောင်တ ရနေခြင်းထက် မပြောမီက ရှောင်ရှားဆင်ခြင်ပါမှ ပိုအကျိုးရှိမည်ကို နားလည်သင့်သည်။

'တစ်ယောက်စကား တစ်ယောက်နားမှာ

မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ

ပျားသကာသို့ချိုလှစေ....' ဟူသော လက်သစ်တောင်တာဆုံးမစာတွင် ရှင်မဟာရဋ္ဌသာရက စကားဆိုရာ၌ အများနားမခါးအောင် ပျားသကာသို့ ချိုစေဖို့ တိုက်တွန်း မှာကြားထားသည်။ သို့ချိုမှလည်း အများနာလို၍ မိမိလိုရာကို သူပါအောင်ဆွဲဆောင်နိုင်မည်။ သုတရတနာဆုံးမစာတွင်လည်း

'ချောင်ချိမော သူကပြော

သဘောတူက ကြည်တတ်သည်....' ဟု ဆုံးမထားသည်။ စကားကို ချေချေငံငံ ပြောရမည်။ ချိုချိုသာသာ ပြောသင့်သည်။ ချောမောပြေပြစ်စွာပြောမှသာ တစ်ဖက်သားက ကိုယ့်ကိုကြည်ဖြူစွာ ကိုယ်လိုရာကို လိုက်လျောပေလိမ့်မည်။ နှုတ်ချိုသျှိုတစ်ပါးဟူသော စကားကို အမြဲတစေကျင့်သုံးရမည်။ သို့မှသာ မိတ်ကောင်း ဆွေကောင်းများ ပေါများမည်။ မိတ်ကောင်း ဆွေမှန်ပေါက လောကကြီးတွင် နေပျော်မည်။

'ပျူပျူငှာငှာ လူတကာကို သာသာချိုချို

ချစ်ဖွယ်ဆို၍ စိုစိုပြည်ပြည် ကျင့်မူနည်းဖြင့်

လည်လည်ပတ်ပတ် လောကဝက်၌ ပြတ်ပြတ်သားသား

အပြားပြားလျှင် မှုများခပ်သိမ်းဆောင်တိုင်းငြိမ်းလျက်....' ဟူသော လောကသာရပျို့လာ ဆုံးမ စကားကို လိုက်နာကျင့်သုံးက လူမှုဆက်ဆံရေးနယ်ပယ်တွင် ကျင်လည်စွာထိုးဖောက်နိုင်ပြီး သကာလ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်နိုင်မည်မှာ သေချာလှပေသည်။ ကောင်းသောစကား ချိုသာသော စကားကို ပြောဆိုခြင်းဖြင့် ပြောသူရော နာသူပါ မင်္ဂလာရှိစေနိုင်သည်။

စကားကိုချိုသာစွာပြောနိုင်က ရန်သူကိုပင် မိမိဘက်သို့ပါအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်ကို စကြိုသူမြတ်က သာဓကပြခဲ့သည်။ လူတစ်ဖက်သား ခံရခက်အောင် ပန်းပွတ်သည်မြေးတို့ ကောင်းစားနေ၍ ပန်းပွတ်မည့်သူ မရှိသောကြောင့် ပန်းကပ်ပဲ့နှင့်စားရကြောင်း သူတစ်ပါး အရှက်ရစေရန်ပြောမိ၍ နယ်နှင်ဒဏ်ခံရသော ရာဇသင်္ကြန်၏ စကားကလည်း နောင်လာနောက်သားတို့ ဆင်ခြင်ဖွယ်ပင်။

'**အလျှောက်ကောင်း အထောင်းသက်သာ**'စေသော စကား မျိုးပြောတတ်ရန်လည်း လိုအပ်သည်ပင်။ သို့ဆိုလျှင် စကားကိုပြီးစလွယ်၊ ပေါ့ပေါ့တန်တန်၊ လက်လွတ်စပယ် မပြောသင့်ကြောင်း သတိထားကြရပါမည်။ '**ဆိုခဲစေ၊ မြဲစေ**'ဖို့ လိုအပ်သကဲ့သို့ နားဝင်ချိုဖို့လည်း လိုအပ်လှပါသည်။ လူတို့သည် နှုတ်ထွက် စကား နားဝင်ချိုရေး အထူးအလေးထားသောကြောင့်လည်း ဆုတောင်းရာတွင် '**အသံကြားသနားပါစေ**' ဟုပင် တောင်းတတ်ကြသည်။ နှုတ်ထွက်စကား မည်မျှအရေးပါကြောင်း သိရှိကြ၍ ဖြစ်သည်။

'ဥသြ….ဥသြ' ဟူသော ဥသြတွန်သံကို နားဝင်ချို၍ ကြားရသည်ကို မငြီးငွေ့၊ တမ်းတလေ့ ရှိကြသည်။ တစ်တီတူး၏ အော်မြည်သံကား နားဝင်မချို မကြားလိုကြသည်ကို ပုံစံပြ၍ ဘုရားလောင်း သားတော်မင်းသားက ရန့်ရင်း ကြမ်းတမ်း စကားဆိုတတ်သော မယ်တော်ကို နူးညံ့သိမ်မွေ့သွားစေခဲ့ဖူးသည်။ 'ကြိုးကြာ ကရဝိက်သံ'တို့မှာ နားဝင်ချို၍ ကြားလိုသလောက် မင်္ဂလာမရှိသော ငှက်ဆိုး ထိုးသံကိုကြားဖို့ ကြောက်ကြသည်ကပင် ချိုသာမှုကို လိုလားသော လူ့သဘာဝကို ဖော်ပြနေခြင်းပင်။

'**နှုတ်ကြီးလျှင် သူစွာ**

**လက်ကြီးလျှင် သူလာ**….' ဟုလည်း ဆိုရိုးစကားရှိရာ နှုတ်ထွက်စကား မောက်မာ၊ မော်ကြွား၊ လေလုံးထွားက အများငြီးငွေ့လာကာ ခွာသွားတတ်သည်။ '**စကားစကား ပြောဖန်များ၊ စကားထဲက ဇာတိပြ**'တတ်ကြရကား မိမိနှုတ်ထွက် စကားကြောင့်ပင် မိမိကိုအပေါင်းအသင်းမလုပ်ကြတော့သည့် အဖြစ်မျိုးလည်း ကြုံရတတ်သည်။ စကားဆိုတွေ နာလိုစေသဖြင့် ရသင့်ရထိုက်သော အခွင့်ကို ရရှိသူများ ကိုလည်းတွေ့ရသည်။ မုဆိုးနှင့် မင်းသားသုံးပါးပုံပြင်တွင် နောင်တော်က သားကောင်ထမ်းလာသော မုဆိုးထံမှ '**ဟယ်….မုဆိုး၊ ငါ့အား အသားပေးလော့**….' ဟူသော အာဏာသံနှင့် မောက်မာစွာ တောင်းဆိုသည့်အတိုင်း ခုတ်ပိုင်းကာ အရိုး ကိုသာ ပေးလိုက်သည်။ မင်းသားလတ်ကမူ '**အစ်ကို ကျွန်ုပ်ကို အသားပေးလော့**' ဟုတောင်းရာ ညီအစ်ကိုချစ်ခြင်းဖြင့် အသည်းနှလုံးကိုပေးလိုက်သည်။ အငယ်ဆုံး မင်းသားလေးက '**အဆွေ အကျွန်ုပ်အား အသားနည်းငယ်ပေးပါ**' ဟု ချိုသာစွာ တောင်းခံသောကြောင့် မိတ်ဆွေချစ်ခြင်းဖြင့် နမြောခြင်းကင်းကာ သားကောင်

တစ်ကောင်လုံးကို ပေးလိုက်ကြောင်း မှတ်သားရဖူးပါသည်။ ဤပုံပြင်ကိုကြည့်ကာ နှုတ်ချိုခြင်းသည် မည်မျှတာသွားသည်ကို လေ့လာသိရှိနိုင်ပါသည်။

ပုဏ္ဏားကြီးနှင့် နန္ဒိဝိသာလနွားဇာတ်တော်တွင်လည်း မိမိသခင်ကိုကျေးဇူးဆပ်လို၍ အသပြာတစ်ထောင် လောင်းကြေးထပ်ပါ။ မိမိလှည်းများကိုဆွဲပါမည်ဟု ပြောသဖြင့် လောင်းကြေးထပ်သည်။ သို့ပြား လှည်းမောင်းသောအခါ ပုဏ္ဏားက ရုန့်ရင်းကြမ်းတမ်းသော စကားဆို၍ မောင်းနှင်၏။ သို့ကြောင့် နန္ဒိဝိသာလက မဆွဲနေရာတွင်ရပ်နေ၏။ ပုဏ္ဏားကြီးရှုံးသဖြင့် မှိုင်တွေနေရာ နန္ဒိဝိသာလနွားက မိမိအား ရုန့်ရင်းကြမ်းတမ်းသော စကားဆိုခြင်းကြောင့် မဆွဲကြောင်း ပြောပြသည်။ နှစ်ဆတိုး၍လောင်းစေပြန်သည်။ ထိုအခါတွင်မှ ပုဏ္ဏားကချိုသာစွာ **'ဖေ့သားကြီးရေ ပြေးလိုက်ပါ'** ဟု ပြောဆိုကာ မောင်းနှင်လေ၏။ လျင်မြန်ခြင်းဖြင့် ပြေးဆွဲသဖြင့် အနိုင်ရကာလောင်းကြေးနှစ်ဆ ပြန်ရခဲ့သည်။ ဤကား နှုတ်ချိုသျှိုတစ်ပါး သာဓကတည်း။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား မိမိအား ချိုသာသောစကားဆိုမှ ကြိုက်သည်။ လူကားဆိုဖွယ်မရှိ။ သို့ကြောင့် စကားဆို ထွေသူနာလိုစေဖို့ လူသားတိုင်း အသိတရားရှိရမည်။ မိမိပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသော လူတို့၏ အပြောအဆိုကိုခွဲခြားကြည့်ရှု ဆင်ခြင်ကာ သင်ခန်းစာယူတတ်ပါက နှုတ်ချိုခြင်း အကျိုးရလဒ်ကား အံ့သြဖွယ် ကြီးမားလှကြောင်း တွေ့နိုင်ပါသည်။

ချိုသာစွာပြောဆိုတတ်လျှင် မိထွေးပင်ဖြစ်လင့်ကစား လင်ပါသားကို စည်းရုံးနိုင်သည်။ အင်ဒရူးကာနက်ဂျီ ငယ်စဉ်က အလွန်ဆိုးသည်။ သူ ကိုးနှစ် သားအရွယ်တွင် ဖခင်က နောက်မိန်းမယူသည်။ မိထွေးနှင့်မိတ်ဆက်ပေးရာ၌ ဖခင်ကမိမိအား အလွန်ဆိုးကြောင်းပြောပြသည်။ မိထွေးက ပြုံးပြီး သူ့ခေါင်းကိုပွတ်သပ်ကာ **'မှားနေပြီ သူက လူဆိုးလုံးလုံးတော့ မဟုတ်နိုင်သေးဘူး။ ဉာဏ်ကောင်းပြီး သူ့ဉာဏ်ကိုဘယ်မှာအသုံးချရမှန်းမသိသေးတဲ့ ကလေးငယ် တစ်ယောက်ပါ'** ဟု နှုတ်ချိုစွာ ပြောခဲ့သည့်အတွက် သူနှင့် သူ့မိထွေးဆက်ဆံရေး ပြေလည်သွားခဲ့သည်။ ထိုမျှသာမက ထိုစကားဖြင့်ပင် လူအများကို အောင်မြင်ခြင်းလမ်းမပေါ်အရောက် သူပို့ဆောင်ပေးနိုင်ခဲ့သည်။ ဤသည်ကိုကြည့်လျှင် နှုတ်ချိုခြင်း အကျိုးဆက်က ဘဝကိုလှပစေနိုင်ကြောင်း သိရသည်။

နေ့စဉ်သတင်းများတွင် စကားအပြောအဆို ရိုင်းစိုင်း၍ခံရသူက မခံမရပ်နိုင်သောကြောင့် ထိုသူ၏လက်ချက်ဖြင့် လောကကြီးကို ကျောခိုင်းသွားရသူများ

များစွာရှိကြောင်းဖတ်ရသည်။ စကားပြောမလိမ္မာ၍ အသက်ပင်သေရသည်။ ခရစ်ယာန်သမ္မာကျမ်းစာတွင် **'လျှာသည် မီးဖြစ်၏'** ဟုဆိုထားပါသည်။ ထိုမီးကို ကောင်းစွာအသုံးပြုလျှင် မိမိအတွက် အကျိုးရှိမည်မုချ။ 'မီးကို သုံးတတ် လျှင်ဆေး၊ မသုံးတတ်လျှင် ဘေး'ဖြစ်တတ်သည်။ သူတစ်ဖက်သားကို ပူလောင်စေသည်သာမက မိမိကိုယ်တိုင်ကိုလည်း ပူလောင်စေတတ်ရာ အထူးသတိထားသင့်လှသည်။ နှုတ်လျှာကိုကောင်းစွာအသုံးချ တတ်ဖို့လိုအပ်လှပါသည်။

**'လောဘကြီးသူ စကားချို**

**ဒေါသကြီးသူ စကားတို**

**မောဟကြီးသူ စကားယို....'** ဟု စာဏကျနီတိကျမ်းက ဆိုထားပါသည်။ မိမိတို့သည် လောဘ ကြောင့် စကားချိုခြင်းမျိုးမဟုတ်ဘဲ လူတစ်ယောက်သားအား စာနာစိတ်ဖြင့် ကိုယ့်စိတ်နှင့်နှိုင်းမရိုင်းရလေအောင် စကားကို ချိုချိုသာသာ ပြောဆိုဆက်ဆံခြင်းဖြင့် အောင်မြင်မှုပန်းတိုင်သို့ တက်လှမ်းနိုင်အောင် ကြိုးစားသင့်ကြပေသည်။ ။

**မေ့မရသော သူငယ်ချင်းတစ်ဦး**

- ❑ သူငယ်ချင်းများစွာအနက် မေ့မရသော သူငယ်ချင်းတစ်ဦးရှိခဲ့ပုံ
- ❑ သူငယ်ချင်းနှင့် စတင်ခင်မင်ရပုံ
- ❑ သူငယ်ချင်း၏ချစ်စရာအတုယူစရာ အလေ့အကျင့်များ၊ စိတ်ရှည်သည်းခံအနစ်နာခံတတ်ပုံများ၊ ပညာပြိုင်ခဲ့ကြပုံ
- ❑ သူငယ်ချင်းနှင့်အမှတ်တရ အဖြစ်အပျက်များ
- ❑ ခွဲခွာရစဉ်က ခံစားချက်များ
- ❑ ရည်ရွယ်ချက်တူ ပန်းတိုင်ရောက်အောင် နှစ်ဦးလုံးကြိုးစားနေပုံ။

## မေ့မရသော သူငယ်ချင်းတစ်ဦး

သူငယ်ချင်းဆိုသည်မှာ ငယ်စဉ်ကပင် အဖော်အပေါင်းပြုခဲ့သူကို ခေါ်ပါသည်။ လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း နေလေ့မရှိကြ။ အပေါင်းအသင်း သူငယ်ချင်းများထားကြသည်။ မိမိနှင့် ဝါသနာတူ၊ စရိုက်တူ သူငယ်ချင်းများကိုရှာ၍ ပေါင်းသင်းလေ့ရှိကြသည်။ **'သူတော်ချင်းချင်း သတင်းလွှေလွှေ ပေါင်းဖက်တွေ့'** လေ့ရှိကြသည်။ ကျွန်ုပ်တွင် သူငယ်ချင်းပေါင်း မြောက်မြားစွာရှိပါသည်။ အိမ်နီးနားချင်းသူငယ်ချင်း၊ မူလတန်းကျောင်းနေစဉ်က သူငယ်ချင်းများ၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း တန်းစဉ်အလိုက် သူငယ်ချင်းများကား ရေတွက်၍ မကုန်နိုင်။ သို့ပြားလည်း လူ့လောက ထုံးတမ်းကား **'တွေ့၊ ဆုံ၊ ကြုံ၊ ကွဲ'** ဖြစ်မြဲဓမ္မတာဖြစ်ရကား အချို့သူငယ်ချင်းများနှင့် ခေတ္တခဏသာ ဆုံရသည်။ သူတို့သည် သူတို့ မိဘများတာဝန်ကျရာသို့ လိုက်ပါပြောင်းရွှေ့ သွားကြသည့်အတွက် ကွဲကွာသွားရသည်။ အချို့ကား **'အမှည့်တဝင်းဝင်း သီးကင်းတဖြုတ်ဖြုတ်'** ဆိုသကဲ့သို့ လောကငြေ့သည်အဖြစ် ခေတ္တခဏသာနေလိုက်ရကား သေကွဲကွဲခဲ့ရသည်။ **'ပျောက်သောသူရှာလျှင်တွေ့ သေသောသူ ကြာလျှင်မေ့'** ဆိုသည့်အတိုင်း ကြာတော့လည်း မေ့သွားတော့သည်သာ။

သို့ပါလျက် ကျွန်ုပ်ဘဝတွင် မေ့မရသောသူငယ်ချင်းတစ်ဦးရှိခဲ့ဖူးသည်။ သူနှင့် ကျွန်ုပ်ကား အိမ်နီးနားချင်းလည်းမဟုတ်။ မူလတန်းကတည်းက တတွဲတွဲ နေလာခဲ့သူလည်း မဟုတ်ပါဘဲလျက် တစ်ဦးနှင့်တစ်ဦး တွေ့စကပင် ငယ်ပေါင်း

ကြီးဖော် ပမာ ရင်းနှီးသည်။ ကျွန်ုပ်နေသောကျောင်းသို့ သူက ပြောင်းလာသည်။ ဆရာမက ကျွန်ုပ်ဘေးတွင်သူ့ကိုထိုင်စေကာ ကျောင်းစာများမမီသည်ကို ကူညီ၍ ကူးပေးလိုက်ပါဟု ပြောသည့်အတွက် ကျွန်ုပ်က လိုလိုလားလားပင် ခေါင်းညိတ်ပြမိသည်။ ထိုနေ့က သူပြုံးပြသောအပြုံးကို ကျွန်ုပ်မမေ့။ အားနာပြုံးလေး၊ မျက်လုံးလေးများက သူ့အတွက် ကျွန်ုပ်ဝန်ပိုသွားခြင်းကို တောင်းပန်နေ၏သို့ စိတ်ထဲခံစားရသည်။ "ခင်ရဲညွှန့်"ဟု သိရသည်။ ကျွန်ုပ်ကသူ့ထံမှ စာအုပ်သုံးအုပ် ယူသွားပြီး သုံးအုပ်ကိုငှားလိုက်သည်။ သူက တစ်ရက်တည်းနှင့်အပြီးကူးသည်။ ကျွန်ုပ်ကလည်း တစ်ရက်အတွင်း ပြီးအောင်ကူးပေးလိုက်သည့်အတွက် ကျွန်ုပ်ကိုသူက ခင်မင်သွားသည်။ ကျွန်ုပ်ကလည်း သူ့ကိုအချိန်လေးစားသူအဖြစ် အသိအမှတ်ပြုကာ ခင်မင်မိသည်။ သူ နားမလည်သည်များကို ကျွန်ုပ်အား မေးသည်။ ကျွန်ုပ်က စိတ်ရှည်လက်ရှည် သူနားလည်သည့်အတိုင်း ရှင်းပြသည်။ သို့နှင့် ကျွန်ုပ်တို့ နှစ်ဦးသား ခင်မင်သွားကြသည်။ အလယ်တန်းရောက်မှ လာတွေ့ရသော်လည်း နှစ်ဦးသား ကျောင်းသွားအတူ၊ ကျောင်းပြန်အတူ တွဲမိသည်။ ခုံချင်းကပ်ထိုင်ရ၍ စာလည်း ဆွေးနွေးဖြစ်သည်။ သူက သူထိုးထားသော တက်တင်းလေးများကို လက်ကိုင်ပဝါ အသစ်လေးများတွင်တပ်၍ ကျွန်ုပ်ကို လက်ဆောင်ပေးပါသည်။ သူ့လက်ရာလေးများမှာ အလွန်လှသည်။ သူက တစ်ချောင်းထိုးနှင့် သိုးမွေးအင်္ကျီလေးများလည်း ထိုးတတ်၍ သူ့မောင်ညီမများ အတွက်သာမက ကျွန်ုပ်အတွက်လည်း ထိုးပေးသည်။ သူသည်အချိန်ကိုအမြဲပင် အကျိုးရှိစွာအသုံးပြုသည်။ **'အချိန်နှင့် ဒီရေသည် လူကိုမစောင့်'**ဟူ၍လည်းကောင်း၊ **'ကုန်ဆုံးသွားသော အချိန်ကို ပြန်လည်၍မရနိုင်'** ဟု ခံယူထားသဖြင့် အချိန်ဖြုန်းလေ့ရှိသူမဟုတ်။ အလုပ်နှင့်လက်မပြတ်၊ စာကိုလည်း ကြိုးစားသည်။

**'နှုတ်မှုလက်မှု အတတ်စုကို**
**ငယ်နုသောအား မမေ့ငြားနှင့်**
**ရင်းဖျားကုန်စင် တတ်မြော်မြင်က**
**တစ်စုမှျလျက် အသက်မွေးကျောင်း ဖြစ်တံ့ရှောင်း၏'** ဟု ရွတ်ဆိုပြကာ ကျွန်ုပ်ကိုပင် သင်ပေးချင်သူဖြစ်သည်။ ကျွန်ုပ်က စာဖတ်ရန်သာ ဝါသနာပါသည်။ သူ့ကဲ့သို့ လက်မှုအတတ်ကို ဝါသနာမထုံ။ သူက မာဖလာ၊ ခြေစွပ်ကုတ်များထိုးကာ သူ့အရွယ်နှင့်ပင် မိခင်ကိုပိုက်ဆံအပ်နိုင်သည်။ သူ့လက်ရာက လှပသေသပ်၍

နေရပ်တို့ကို အားရပါးရပြောပြရာ သူတို့အားလုံး တက်ကြွလာကြသည်။ ဆွေမျိုးများရှိရာ မြို့ကြီးများသို့ ကျောင်းသွားနေမည်ဟု အသီးသီးပြောကြသည်။

ညနေ (၆)နာရီခန့်တွင် သူငယ်ချင်းများနှင့်အတူ ဆရာ၊ ဆရာမများ အိမ်သို့လည်ကန်တော့ကြသည်။ တစ်အိမ်ရောက်တိုင်း ဆုံးမစကားများကို နားထောင်၊ ကျွေးသမျှမုန့်ကိုစား၊ တဟီးဟီးတဟားဟားနှင့် လျှောက်လိုက် ဝင်လိုက်သွားကြပြီး ည ၉နာရီလောက်ရောက်မှ လူစုခွဲခဲ့ကြသည်။ အိမ်ရောက်သည်နှင့် ဖေဖေ၊ မေမေတို့နှင့်အတူ အိပ်မည်ပြောပြီး ကုတင်ပေါ်တက်၍ အိပ်နှင့်လိုက်သည်မှာ ဖေဖေ၊ မေမေတို့ မည်သည့်အချိန်ဝင်အိပ်သည်ကိုပင် မသိလိုက်ပါ။ အိပ်ရာက နံနက်နိုးလာချိန်၌ အိပ်ရာမထကြသေးဘဲ ဖေဖေနှင့် မေမေကို ရန်ကုန်မှာ ကျောင်းတက်ရသည့်အကြောင်း၊ အစွမ်းကုန်ကြိုးစားနေသည့်အကြောင်းများကို အားရပါးရ ပြောပြနေမိသည်။ တူမလေးနိုးလာပြီး ကုတင်ပေါ်တက်လာသဖြင့် နေရာလုပြီး မေ့မေ့ကိုတစ်လဲ၊ ဖေဖေ့ကိုတစ်လဲ လုဖက်ရသည်မှာလည်း ပျော်စရာကောင်းလှသည်။

ကျွန်ုပ်အိပ်ရာထသည်နှင့် သူငယ်ချင်းများနှင့် ဈေးသို့သွားပြီး ထမင်းသုပ်၊ မုန့်ပျားသလက်၊ ရွှေရင်အေးများ စားသောက်ကြသည်။ ထို့နောက် စုမွန်အဖေ၏ ကားနှင့် ဧရာဝတီမြစ်ကူး မလွန်တံတားသို့ သွားကြသည်။ အသွားလမ်း (၃) လမ်း၊ အပြန်လမ်း (၃) လမ်းနှင့် ရန်ကုန်ပြည်လမ်းမကြီးကဲ့သို့ တံတားက ကျယ်ပါ၏။ အောက်မှာ ရထားလမ်းနှင့် လူသွားလမ်းရှိသည်။ တောင်တွင်းကြီးနှင့် သရက်သို့သွားသောရထားက နေ့စဉ်ရှိသည်ဟု သူငယ်ချင်းများက ပြောပြသည်။ အသွားအပြန် တစ်နေ့ (၂)ကြိမ် ထွက်ပေးနေ၍ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းသွားလာမှု လွယ်ကူနေကြသည်။ လူသွားလမ်း၌လည်း ဆိုင်ကယ်များ အဆက်မပြတ်သွားလာနေသည်ကို တွေ့ရသည်။ ကောင်းသောပြောင်းလဲမှုများကို တွေ့ရ၍ အလွန်ပျော်ရွှင်ပြီး သူငယ်ချင်းတစ်စု ဓာတ်ပုံများရိုက်ကြသည်။

ထိုသို့သူငယ်ချင်းတစ်စု စိတ်လက်ပေါ့ပါးစွာ အော်ဟစ်ပြောဆိုပြေးလွှားဆော့ကစားပြီး နံနက် ၉ နာရီကျော်ခန့်တွင် မိကျောင်းရဲသို့ပြန်လာ၍ ရေချိုးဆိပ်သို့ဆင်းကာ အားပါးတရ ရေကူးကြပါသည်။ ၁ နာရီကြာမျှ ရေကစားနေရာမှ အိမ်က အခေါ်လွှတ်သဖြင့်သာ မြစ်ဆိပ်ကတက်ခဲ့ရသည်။ ရေဆော့၍ မဝကြသေးပါ။ ရေချိုးဆိပ်နှင့် ဈေးဆိပ်အတူတူဖြစ်၍ ဆူညံရေဆော့နေသော ကျွန်ုပ်တို့ကို လူအများဝိုင်းကြည့်နေကြသဖြင့် အပျိုပေါက်အရွယ်လေးများဖြစ်နေသော ကျွန်ုပ်တို့ကို မိဘ

**ရေပူရေအေး လိုရာပေး၍ မွေးကျွေးကြပေ**’ ဟု ရှင်မဟာရဋ္ဌသာရက ဆုံးမထားသည်ကို လိုက်နာတတ်သော သမီးကောင်းရတနာတစ်ဦးဟူ၍ မေမေက ချီးကျူးကာ သူနှင့်ပေါင်း၍ ကျွန်ုပ်ပင် ယခင်ကကဲ့သို့မဆိုးတော့။ အလိမ္မာ တိုးလာကြောင်း သတင်းကောင်းပါးသည်။ သူ့မိဘများက သူ့အတွက် ဂုဏ်တက်သည်။ သူ့ညီအစ်ကိုမောင်နှမများကလည်း ‘**ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားစဉ်စိုက် ဖြောင့်ဖြောင့်လိုက်**’သည်။ သူ့ပုံကောင်းကိုယူကာ လိမ္မာကြသည်။ ကျွန်ုပ်နှင့်သူကား အတန်းထဲတွင် စာပြိုင်ဘက်များဖြစ်ငြားလည်း တစ်ဦးနှင့်တစ်ဦးမနာလိုစိတ်မထား၊ အမုန်းမပွား၊ အားကျမခံစိတ်နှင့်သာ အပြိုင်ကြိုးစားသည်။ သူနှင့်ကျွန်ုပ် နံပါတ် ၁ အဆင့် ရယူရေးပြိုင်သော်ငြား ကျွန်ုပ်ပထမရလျှင် သူ မငြူစူသကဲ့သို့ သူပထမ ရသွားလျှင်လည်း ကျွန်ုပ်က ကြည်ဖြူသည်ပင်။ ဤမျှထိ ကျွန်ုပ်တို့ ချစ်ခင်သည်။ ချစ်ခင်ရုံမျှမက မမေ့နိုင်စရာ အကြောင်းဖန်လာပြန်သည်။

ကျွန်ုပ်တို့ကို ဆရာမက မြန်မာစာစီစာကုံးမည်မျှ အရေးကြီးပုံ တက္ကသိုလ်တန်းတွင် စာစီစာကုံး အမှတ်အများဆုံးဖြစ်သည်ကို မရေးဘဲထားခဲ့သူများသည် အလွန် မိုက်မဲရာကျပုံအကြောင်း ရှင်းပြသည်။ ထို့နောက် ခေါင်းစဉ်သုံးခုပေး၍ ကြိုက်ရာရွေး ရေးနိုင်ကြောင်း၊ ပထမရသူကို ဆုချမည်ဖြစ်ကြောင်း ပြောကာ သူ့ခြင်းထဲမှ ဆုကိုထုတ်ပြသည်။ ဆုကား အနီအောက်ခံတွင် အဖြူစင်းကလေးများနှင့် စပို့ရှပ် အကောင်းစား ကော်လာလေးနှင့်မို့ အားလုံးသဘောကျနေကြသည်။ ခင်ရဲကိုကြည့်လိုက်တော့ သူ့ပုံစံလေးက ထိုအင်္ကျီလေးကို အလွန်သဘောကျနေကြောင်း တွေ့ရသည်။ သူ့မျက်နှာတွင် အင်္ကျီလေး တန်ဖိုး ၅၅၀၀ ဆိုသည်ကိုဖတ်ကာ အရယူမည်ဟု ဆုံးဖြတ်နေလေရော့သလားဟုပင် ကျွန်ုပ်ထင်မိသည်။ ကျွန်ုပ်ကို ပြုံး၍ မျက်ခုံးလေးချီကာ ရအောင်ရေးကြမယ်ဟု အဖော်ညှိသည့်အလား။ အားထုတ်ရေးစို့ဟု ညှိနှိုင်းတိုင်ပင်သည့် အမူအရာပြသည်။ ကျွန်ုပ်ကလည်း ခေါင်းညိတ်ပြလိုက်သည်။ ကျွန်ုပ်တို့ မိမိကြိုက်ရာ ခေါင်းစဉ်တပ်ကာ ကြိုးစားအားထုတ်ရေးလိုက်ကြသည်မှာ ခေါင်းပင်မဖော်တော့။ ငုံ့ကာရေးဆဲ ဘေးမှ ကျွန်ုပ်ခေါင်းစဉ်ကိုကြည့်ကာ နန္ဒိသာလဟု သူကတိုးတိုးလေး သတိပေးသည်။ ကျွန်ုပ်က ရေးဖို့မေ့။ သို့ပါလျက် သူသတိပေးလာသည်ကို ဂျစ်ကန်ကန်ပြုလေ့ရှိသည့်စရိုက်အတိုင်း ထည့်မရေးဘဲ အားပစ်ခဲ့သည်။ နောက်နှစ်ရက်ကြာသောအခါ ကျွန်ုပ်တို့ မျှော်လင့်စောင့်စားနေသော အဖြေကို ဆရာမက ကြေညာသည်။ ‘သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း

နားရ' ရေးသူ ခင်ရဲညွန့် ပထမရကြောင်း၊ နှုတ်ချိုသျှိုတစ်ပါးရေး သူ ကျွန်ုပ်က အရေးကြီးဆုံး နန္ဒိဝိသာလနွားအကြောင်းပါက ပထမရနိုင်လျက် 'သတိမမူ ဂုမမြင်' ၍ ဆုမချိတ်တော့ကြောင်း ရှင်းပြသည်။ ကျွန်ုပ်က ဆုရသူအတွက် လက်ခုပ်ကို အားပါးတရတီးကာ ဂုဏ်ပြုသည်။ ခင်ရဲ ကျွန်ုပ်ကိုလှည့်ကြည့်ရာ သူ့မျက်လုံးထဲ မျက်ရည်များ ဝေ့နေသည်။

ကျွန်ုပ်၏ ဂျစ်ကန်ကန်ဉာဏ်ကြောင့် သူသတိပေးလိုက်၍ နန္ဒိဝိသာလနွား အကြောင်း ထည့်မရေးခြင်းဖြစ်မည်ဟုတွေးကာ စိတ်မကောင်းဖြစ်သွားပုံရသည်။ မိမိ လိုက်လိုက်လှဲလှဲ ပျော်ရမည့်အချိန်တွင်ပင် သူငယ်ချင်းအတွက် ဖြေမရှင် ဖြစ်နေသည့် သူ့ပုံစံကို ကျွန်ုပ်ဘယ်ခါမျှမေ့နိုင်တော့မည်မထင်ပါ။ ထိုအင်္ကျီလေးကို သူမဝတ်ဘဲ ကျွန်ုပ်၏မွေးနေ့တွင် လက်ဆောင်အဖြစ်ပေးသည်။ ကျွန်ုပ်လုံးဝငြင်းသည် မယူရက်ပါ။ သူ့လိုအင်ကို မေမေက ဖြေရှင်းပေးသည်။ ကျွန်ုပ်အတွက် နှစ်သက် လှသည့် စပို့ရှပ်အရောင်ကွဲ အဝါလေးနှင့်အတူ ခင်ရဲအတွက် ဆုနှင့်ဆင်တူ အနီ ရောင်လေး ဝယ်ပေးသဖြင့် ကျွန်ုပ် သူ့လက်ဆောင်ကို အမှတ်တရ ယူလိုက်ရသည်။ ကျွန်ုပ်က သူ့ကိုဂုဏ်ပြုသည့်အနေနှင့် ပေါ်လီယာနာ ဝတ္ထုလေး ဝယ်ပေးတော့ ပျော်တပြုံးပြုံးဖြစ်နေပုံကို ယခုတိုင်မြင်ယောင်မိသည်။ **'တံငါးနားနီး တံငါ၊ မုဆိုး နားနီး မုဆိုး'** ကျွန်ုပ်နှင့်ပေါင်း၍ သူလည်းစာဖတ် ဝါသနာပါနေသည်။

သူသည် ကျွန်ုပ်အတွက် မိတ်ဆွေကောင်း၊ အသက်သခင်ကျေးဇူးရှင်ဟုပင် တင်စားရမည့်သူဖြစ်နေ၍ ဘယ်ခါမျှ သူ့ကိုမေ့မရပါ။ ကျွန်ုပ်တို့ (၈)တန်းနှစ်က ဖြစ်သည်။ ကျောင်းမှ လေ့လာရေးခရီး ချောင်းသာကမ်းခြေသို့ လိုက်ပို့သည်။ ကျွန်ုပ်တို့အားလုံးပျော်ကြသည်။ ကျွန်ုပ်က ဘောကွင်းကြီးနှင့်ရေထဲဆင်းသည်။ လှိုင်းစီးသည်။ ခင်ရဲက ကမ်းစပ်တွင် ခရုကောက်နေသည်။ အခြားသူငယ်ချင်းများနှင့် သွားစီးကြခြင်းဖြစ်သည်။ မမျှော်လင့်ဘဲ လှိုင်းလုံးကြီးတစ်လုံးက ကျွန်ုပ်အား ရိုက်လိုက်ရာ ဘောကွင်းတခြား လူတခြားဖြစ်၍ ကျွန်ုပ်ယက်ကန်ယက်ကန်နှင့် ဖြစ်သွားသည်။ နားထဲ၊ ပါးစပ်ထဲ၊ နှာခေါင်းထဲ ဆားငန်ရေများဝင်ကာ တဖြည်း ဖြည်း ရေထဲနစ်လာသည်။ ကျွန်ုပ်ရေမကူးတတ်။ အခြားသူငယ်ချင်းများက မည်သူမျှ ဝင်မဆယ်ရဲ။ ရေနစ်သူကိုကယ်ရင်း ကယ်သူသေသွားသည့်အဖြစ်မျိုး လည်းရှိရာ ကျွန်ုပ်ကိုမဆယ်ရဲ။ အော်ဟစ် အကူအညီခေါ်ရုံသာ တတ်နိုင်ကြသည်။ အသက်ရှူမရတော့ အခြေအနေရောက်ခါနီးတွင်မှ ကျွန်ုပ်အား ခင်ရဲက လာရောက်

ဆယ်ယူကာ ကျွန်ုပ်အမည်ကို တဖွဖွခေါ်ရင်းအားပေးစကားတွေ ပြောနေပုံရသော်လည်း မကြားတကြားဖြင့်ပင် မေ့မြောသွားတော့သည်။ ကျွန်ုပ်ကို ရှေးဦးသူနာပြုနည်းဖြင့် ကုသ၍ ရေများပြန်အန်စေရန်လုပ်ပေးပြီးနောက် သူလည်းမေ့သွားသည်ဟုသိရသည်။ ကြောက်လန့်တကြား ရုန်းကန်နေသူအား ရေလယ်မှဆွဲတင်ကူးခပ်ရ၍ ခြေကုန်လက်ပန်းကျသွားခြင်းဖြစ်မည်။ ကျွန်ုပ် သူ့အတွက်စိုးရိမ်၍ ငိုကြွေးမိသည်။ ဆရာ ဆရာမများက ကျွန်ုပ်တို့နှစ်ဦးသား သံယောဇဉ်ကိုမို၍ နားလည်သွားကြသည်။ ခဏကြာမှ သူသတိရလာသည်။ သတိရသည်နှင့်ကျွန်ုပ်နာမည်ကိုခေါ်ကာ သတိရပြီလားဟု မေးကြောင်းသိရသည်။ မိမိအသက်ကိုပင် ပဓာနမထား။ သူငယ်ချင်းကောင်းအတွက် အသက်ပင်ပေးဆပ်ဖို့ ဝန်မလေးသော မိတ်ဆွေစစ် မိတ်ဆွေကောင်း **'ခင်ရဲညွန့်'** ကား ကျွန်ုပ်ဘဝတွင် နှစ်လွှာပေါင်းတစ်ရွက်ဖြစ်သော စွယ်တော်ရွက်ကလေးပမာ အမြဲသတိရ နေဦးတော့မည်သာ။ သူငယ်ချင်းပေါင်း မြောက်မြားစွာထဲမှ မေ့မရသောသူငယ်ချင်းအဖြစ် ထူးထူးခြားခြားထိပ်ဆုံးမှ ရပ်တည်ရန် ထိုက်တန်စွာ နေရာရခဲ့သူပါပေ။

သူသည် မိတ်ဆွေကောင်းမိတ်ဆွေစစ်တစ်ဦးဖြစ်သည်။ ဒုက္ခရောက်သည့်အခါပင် မိမိမိတ်ဆွေကို စွန့်ခွာမည်သူမဟုတ်။ သူသည် အစားကောင်းစားရသည့်အခါတိုင်းလည်း ကျွန်ုပ်အတွက် ယူလာပေးတတ်၏။ **'နည်းလျှင် အမျှ၊ များလျှင် အဝ'** ကျွေးတတ်သည်။ သို့သော် သူကျွေးသော ပင်လယ်စာများကိုကျွန်ုပ်က စားလေ့မရှိ။ မကြိုက်တတ်၊ ရခိုင်က ဆီမကြိုက်၊ ရေတ်သီးစပ်စပ်စားလေ့ရှိသည်။ ကျွန်ုပ်က ဆီရွှဲရွှဲ၊ ငရုတ်သီးမစပ်မှ သို့ကြောင့် သူကျွေးသည်တို့ကိုဟန်ပြသာ စားလင့်ကစား တရှူးရှူးတရှဲရှဲနှင့် နှာရည်များကျသည့်အထိ ဖြစ်သွားရကား သူကအားနာလွန်းသဖြင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေရှာသည်။ သကြားလုံးပြေးဝယ်၍ ကျွေးသည်။ ကျွန်ုပ်ယူလာကျွေးသမျှဆိုက သူကကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မြိန်ရေရှက်ရေစားပြကာ ကြိတ်မှိတ်မျိုချတတ်သူမို့ကျွန်ုပ်ထက် လူမှုလူရေးပိုကျွမ်းကျင်သူဟုယူဆသည်။ သူက လူတိုင်းနှင့် ဝင်ဆံ့အောင် ပေါင်းတတ်သည်။ ထောင်ကျကျ ပြားကျကျ ရင်ဆိုင်နိုင်သည်။ ဟိုကွေ့ရောက် ဟိုတက်နှင့်လျော်၊ သည်ကွေ့ရောက်သည် တက်နှင့်လျော်ကာ ခရီးပန်းတိုင်ရောက်ရေး ကြိုးစားတတ်သူ၊ ကျွန်ုပ်ကဲ့သို့ တစ်ယူသန်တစ်ဇွတ်ထိုးသမားမဟုတ်။

လူတိုင်းကို လိုက်လျောညီထွေ ဆက်ဆံတတ်သည်။ သူ့ကိုမေတ္တာနှင့်ပြည့်ဝသူဟု ကျွန်ုပ်သတ်မှတ်သည်။ ကျွန်ုပ်တို့ ကျမ်းစာတွင်-

**'မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွား ခြင်းမရှိ၊ မာန်မာန မရှိ၊ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်'** ဟု ဆိုထားသကဲ့သို့ သူက လူတကာကို မေတ္တာရှေ့ထား ဆက်ဆံတတ်ရကား သူသည် ကျွန်ုပ်ကို လူမှုလူရေးနားလည်စေရန် သင်ပေးနေသောမိတ်ဆွေကောင်းတစ်ဦးဟု မြင်မိသည်။ ကျွန်ုပ်တို့နှစ်ဦးသားသည် ဘာသာမတူပြားလည်း သူ ဘုရားသွားဖူးလျှင် ကျွန်ုပ် လိုက်ပေးသည်။ သူပုတီးစိပ်လျှင် ကျွန်ုပ်က ပြတိုက်သွားလေ့လာသည်။ ကျွန်ုပ် ဘုရားရှိခိုးကျောင်းတက်လျှင် သူကအဖော်လိုက်ပေးသည်။ ဓမ္မတေးသီချင်းကိုပင် လိုက်ဆိုသည်။ ကျွန်ုပ်တို့ နှစ်ဦးသားသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန များကို ချုပ်တည်းနိုင်အောင် ကြိုးစားသည်။ ကျွန်ုပ်၏ ဂျစ်ကန်ကန် ဉာဉ်ဆိုးကို သူက ပပျောက်သွားစေချင်ရကား ကျွန်ုပ်တို့ကျမ်းစာပါ **'ကောင်းသောအကျင့်ကို သိလျက် မကျင့်ဘဲနေသောသူသည် အပြစ်ရှိ၏'** ဟူသော ကျမ်းချက်လေးကို ကျွန်ုပ်ကိုရွတ်ပြစဉ် အလွတ်ကျက်ထားကာ ကျွန်ုပ်ကိုမကြာမကြာပြန်ရွတ်ပြလေ့ရှိသည်။ သူ့ကြောင့် ကျွန်ုပ်ပင်ဉာဉ်ဆိုးကို တဖြည်းဖြည်း ပပျောက်သွားအောင် ကြိုးစား၍ဖျောက်နေမိပါသည်။ သူသည် ကျွန်ုပ်အတွက် သူငယ်ချင်းကောင်းပင်။

လူ့လောကတွင် **'ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းကား ကွေ့ကွင်း နောက်ဆုံး ရှိချေသည်'** ဟူသည့် လောကထုံးတမ်းအရ ကျွန်ုပ်တို့ တက္ကသိုလ်ဝင်တန်း အရောက်တွင် သူတို့ စစ်တွေသို့ပြန်လည်ပြောင်းရွှေ့သွားကြသည်။ ကျွန်ုပ်တို့ အားလုံး မခွဲခွာလိုကြပြား **'ပျော်ရာမှာမနေ တော်ရာမှာနေရ'**သော ဝန်ထမ်းဘဝကား **'သူ့ ဆန်စားရဲမှ'** တာဝန်ကျရာဒေသသို့ မပြောင်း၍မရပါ။ သူတို့မိသားစု ပြောင်းရွှေ့သွားသော နေ့က ကျွန်ုပ်ရောသူပါ မျက်ရည်မဆည်နိုင်ခဲ့။ တစ်နှစ်တည်း အောင်အောင် ကြိုးစားရန် ရန်ကုန်တက္ကသိုလ်တွင် ပြန်လည်ဆုံတွေ့မည်ဟု ကျွန်ုပ်တို့နှစ်ဦးသား ကတိကဝတ်ပြုမိကြသည်။ ကျွန်ုပ်ဝါသနာပါရာ **'မြန်မာစာ'**ကို သူလည်းယူမည်ဟု ပြောသည်။ သူ့ကို ကျွန်ုပ်ကဲ့သို့ပင် ချစ်ခင်သောမေမေက အိမ်တွင်လာနေ၍ ကျောင်းတက် အစစတာဝန်ယူပေးမည်ဟု ပြောသောကြောင့် ကျွန်ုပ်တို့နှစ်ဦးသား

မျက်ရည်များကြားမှ ဝမ်းသာသွားကြသည်။ သူက ကားပေါ်မတက်မီ ကျွန်ုပ်လက်ထဲ စွယ်တော်ရွက်ကလေး ထည့်ပေးခဲ့သည်။ နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်သော စွယ်တော်ရွက်ကလေး။ လက်တပြပြဖြင့် ကားကြီးခေါ်ဆောင်ရာပါသွားသော ကျွန်ုပ်၏သူငယ်ချင်းအား ကျွန်ုပ်မေ့မရနိုင်ပါ။ စာကိုကြိုးစားကျက်မှတ်ရင်းနှင့် ပြန်လည် ဆုံတွေ့ကြရမည့်ရက် ရောက်လာမည့် အရေးတွေးကာ ကြိုတင်ဝမ်းသာနေမိသည်။

ကျွန်ုပ်မေ့မရသော သူငယ်ချင်းကလည်း ကျွန်ုပ်ကိုသတိရနေလိမ့်မည်ဟု ယုံကြည်နေမိသည်။ ပြန်လည်ဆုံတွေ့ရမည့်ရက်ကို သူလည်းကျွန်ုပ်နှယ် လက်ရေချိုးကာ တွက်နေပေလိမ့်မည်မှာ သေချာပါသည်။

**'ပညာနှင့်တူသော အလင်းမရှိ'**ဟု ကျွန်ုပ်တို့နှစ်ဦးသား ခံယူထားသည်။ ဤအလင်းကို ကျွန်ုပ်တို့နှစ်ဦးသား **'ဆရာမ'** အဖြစ်နှင့် လင်းရောင်ခြည်ဖြန့်ဝေကာ **'သူငါကူးဘိ မသိလျှော့ရာ ထိန်မြဲသာတည့်'** ဟူသော စာဆို ငွေတာရီ၏ ကဗျာပါအတိုင်း ကျင့်သုံးကြမည်ဟု အမိဋ္ဌာန်ပြုထားကြပါသည်။ ထိုနေ့ကို ပိုင်ဆိုင်ဖို့ ကျွန်ုပ်တို့ ကြိုးစားရင်းနှင့် နေထိုင်သွားကြမည်ဖြစ်ပါသည်။ ကျွန်ုပ်မေ့မရသော သူငယ်ချင်းနှင့် ပြန်လည်ဆုံတွေ့ဦးမည်ကို ကျွန်ုပ်ယုံကြည်လျက် ထိုနေ့ရက်ကို စောင့်ကြိုနေမိပါတော့သည်။ ။

နွေရာသီကျောင်းပိတ်ရက်များ

- နွေရာသီကျောင်းပိတ်ရက်ကို ပျော်ကြပုံ၊ ပျော်ရပုံများ
- သင်္ကြန်ရက်များတွင် ပျော်ပါးစွာဆင်နွှဲကြပုံ၊ ခရီးထွက်ကြပုံ
- အားလပ်ရက်တွင် မိဘများက စာပေစုံဖတ်မှတ်စေပုံ
- ကြိုက်နှစ်သက်ရာ စားစရာကို လုပ်ကျွေးရုံမက စာအာဟာရကိုသာ ဖြည့်ဆည်းစေပုံများ
- ကျောင်းပိတ်ရက်ပျော်စရာစုံစုံများ
- အကျိုးတရားခံစားရသည်များ

## နွေရာသီကျောင်းပိတ်ရက်များ

ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားများသည် တစ်နှစ်တာ ကာလပတ်လုံး ကျောင်းတက်ပြီးနောက် နွေရာသီကျောင်းပိတ်ရက်များကို ပိုင်ဆိုင်ကြရသည်မှာ အလွန်ပျော်စရာကောင်းလှပါသည်။ ရက်သတ္တပတ်တွင် ငါးရက်ကျောင်းတက်ပြီး စနေ၊ တနင်္ဂနွေပိတ်ရက် နှစ်ရက်ကား မယ်မယ်ရရ နားလိုက်ရသည်မရှိပါ။ တစ်ခါတလေ ဇကက်တက်ဟောလီးဒေးဟူသော အခါကြီးရက်ကြီး ရုံးပိတ် ကျောင်းပိတ်ရက် ရတတ်ငြားလည်း တစ်ရက်မျှသာဖြစ်၍ သိသိသာသာ နားရသည်ပင် မရှိပါ။ နွေရာသီကျောင်းပိတ်ရက်များကသာ ကျောင်းသူကျောင်းသားများအတွက် အားပါးတရနားချိန်ရသော ပိတ်ရက်များဖြစ်ပါသည်။

ကျွန်ုပ်တို့ ကျောင်းသူ ကျောင်းသားများသည် **'ကစားချိန်ကစား၊ နားချိန် နားရမှ ပျော်ရွှင်ကျန်းမာသော ဘဝကိုပိုင်ဆိုင်နိုင်မည်'** ဖြစ်ပါသည်။ သို့ပါလျက် ယနေ့ခေတ် ကျောင်းသူကျောင်းသားများကား တစ်နှစ်တစ်တန်းမှန်မှန် အောင်မြင်ဖို့ အရေး အပိုချိန်တက်၊ ကျူရှင်တက်နှင့် အပြိုင်အဆိုင်ကြိုးစားကြရကား မနားနိုင်ကြ။ **'ကျောင်းမှန်မှန်တက် စာမကျက်'**၊ **'ဝင်းလက်တောက်ပြောင် တန်းစဉ်အောင်'** ဖို့ ကျားကုတ်ကျားခဲကြိုးစားကြရသည်။ အချို့ကျောင်းသူ ကျောင်းသားက ကိုယ်ပိုင် အတွေးနှင့် ရည်မှန်းချက်ကြီးမားစွာထားကာ (၆)ဘာသာလုံး ဂုဏ်ထူးထွက်ရေး အလေးထားကြိုးစားသည်။ အချို့က မိဘများက တွန်းအားပေးကာ အတင်းအကျပ် ကျက်မှတ်စေသည်။ အချို့က အောင်ရင်ပြီးရောဟု သဘောထားသည်။ မည်သို့ပင်

သဘောထားစေကာမူ ပင်ပန်းစွာ အားထုတ်ရသည်ချည်းပင်။ သို့ကြောင့်လည်း စာမေးပွဲကြီးများ ဖြေဆိုပြီးလျှင် ခြေကုန်လက်ပန်းကျကြတော့သည်သာ။ လူတို့သည် စက်ရုပ်များ မဟုတ်ရကား အားကုန်သွားလျှင် နားလိုက်ရမှ ပြန်လည်အားပြည့်လာနိုင်ပါသည်။ ကျောင်းသူ ကျောင်းသားများလည်း အနားယူဖို့ လိုအပ်၍ စာမေးပွဲကြီး ပြီးလျှင် နားရန် နွေရာသီကျောင်းပိတ်ရက်များကို ခံစားကြရပါသည်။ နွေရာသီ ကျောင်းပိတ်ရက်များကား ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားများအဖို့ သဲကန္တာရကြီး ထဲက စိမ်းစိုရှန်းဝေနေသော အိုအေစစ်ကိုတွေ့ရသကဲ့သို့ ပျော်ရွှင်မှုအပြည့်အဝ ရရှိစေပါသည်။

'သင်္ကြန်တာကူး နှစ်ဦးညောင်ရေ
စာပလွေခင်း ပဥ္စင်းတော်ခံ
စာရေးတံနှင့် မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန် ကထိန်နတ်ကျင်း
မြင်းခင်းထွက်ဝင် သဘင်မီးပုံး

ဝှလုံးသဲပုံ ဆယ်နှစ်စုံ....' ဆိုသည့် ၁၂လရာသီမြို့က ရိုးရာပွဲတော်များနှင့် ဆက်စပ်ကာ နှစ်ကူးသည့် သင်္ကြန်ပွဲတော်ကြီးလည်း နွေရာသီ ကျောင်းပိတ်ရက် တွင် ကျရောက်သည်။ အချို့ပေါ် သကာလောင်းသကဲ့သို့ နှစ်ထောင်းအားရဖြစ်ကာ ဆင်နွှဲဖို့ တာစူကြသည်။ စာမေးပွဲအတွက် ကျားကုတ် ကျားခဲ ကြိုးစားခဲ့ရခြင်းကို အတိုးချပျော်ရန် အားခဲကြသည်။ မိဘများ ပြေလည်၏၊ မပြေလည်၏ မစဉ်းစား၊ ကားငှား၍ပျော်ရန် ရေပက်ခံရန် သတိထားကြသူများကိုလည်း တွေ့ရသည်။ အချို့ကလည်း မဏ္ဍပ်ကြီးများတွင် နေ့စဉ်သွားကစားရရေး ဦးစားပေး၍ ပူဆာကြသည်။ အချို့မိသားစုများကား နွေရာသီ ကျောင်းပိတ်ရက်တွင် မိသားစုများစု၍ ပေလီ၊ ငွေဆောင်၊ ချောင်းသာ၊ မောင်းမကန်ကမ်းခြေ မရောက်ဖူးရာ ဒေသများသို့ မိသားစုလိုက် အပန်းဖြေခရီးထွက်ကြသည်။ အချို့အိမ်များက တစ်နယ်တစ်ကျေးရှိ ဝေးနေသော မိဘများထံသွားရောက် လည်ပတ်ကြသည်။ အချို့မိဘများကမူ သားသမီးများ အပျော်ကြူးကာ အန္တရာယ်ဖြစ်မည်စိုး၍ ဤနွေရာသီ ကျောင်းပိတ်ရက် တွင် ဖွင့်လှစ်ထားသော 'ယဉ်ကျေးလိမ္မာသင်တန်းများ'သို့ သွားရောက် တက်စေ သည်။ အချို့မိသားစုများက ကလေးများ ရှံးပိတ် ကျောင်းပိတ်ရက်တွင် ဘုရားဖူး ထွက်ကြသည်။ အချို့ကား အပူလွန်ကဲသော ဒေသများမှ အပူရှောင်သည့်အနေဖြင့်

အေးမြသော ရာသီဥတုရှိရာ ပြင်ဦးလွင်၊ တောင်ကြီး၊ ကလော စသောနေရာများသို့ သွားရောက်အပန်းဖြေနားနေကြသည်။ အချို့က နွေရာသီတွင်ဖွင့်လှစ်သော သင်တန်းများကို တက်သည်။ ကွန်ပျူတာ သင်တန်း၊ အင်္ဂလိပ် စကားပြောသင်တန်း၊ စက်ပြင်သင်တန်း၊ ကားမောင်းသင်တန်း စသည်ဖြင့်သွားရောက်သင်ယူသည်။

**'နွတ်မှုလက်မှု အတတ်စုကို**

**ငယ်နုသောအား မမေ့ပြားနှင့်**

**ရင်းဖျားကုန်စင် တတ်မြော်မြင်က**

**တစ်ခုမျှလျှက် အသက်မွေးကျောင်း**

**ဖြစ်တုံချောင်း၏....'** ဟုယူဆကာ ကျောင်းပိတ်ရက်တွင် အကျိုးရှိသော အလုပ်ကို လုပ်သည်။ အချို့ကား အိမ်တွင်းအောင်း၍ နှစ်သက်ရာသီချင်းခွေများကို အားပါးတရနားထောင်သကဲ့သို့ အချို့က ရုပ်ရှင်ကားများ ထိုင်ကြည့်သည်။ အချို့ကား အင်တာနက်ဆိုင်ထိုင်ကာ ဗဟုသုတရှာဖွေလေ့လာသူ ရှိသကဲ့သို့ အချို့ကား ဝါသနာပါရာ ဂိမ်းကစားသည်။ နွေရာသီကျောင်းပိတ်ရက်ကို နောက်တစ်တန်းအတွက် ကြိုစာကျက်နေရသူများလည်း မရှား။ အစွန်းတစ်ဖက်ရောက်လွန်းသော မိဘများ၏ လောဘစိတ်ကြောင့် ကလေးများသည် နားရက် ရလင့်ကစား မနားရရှာကြ။ စာပြီးစာ လုပ်နေကြရသည်။ ကလေးကို ဆရာဝန်ဖြစ်မှ ဟူသော လောဘစိတ်နှင့် ထိပ်ဆုံးမှအောင်မြင်ရေး လုံးပန်းကာ ဖိအားပေးနေသည်။ မြတ်စွာဘုရားကပင် **'မဇ္ဈိမပဋိပဒါ မလျော့မတင်း စောင်းကြိုးညှင်း'** ဆိုသကဲ့သို့ ကျင့်ရမည် ဆိုထားလျက် တင်းကျပ်သောစည်းမျဉ်းအောက် ရောက်နေရရှာသော အချို့ကလေးများကား သနားဖွယ်ပင်။ မေမေကမူ ကျွန်ုပ်တို့ မောင်နှမသုံးယောက်လုံးကို အပြည့်အဝအနားယူခိုင်းသည်။ ကုန်ခန်းသွားသော အင်အားများ ပြန်လည်အစားရလာစေရေး အိပ်ရေးလည်းဝဝအိပ်ခိုင်းသည်။ သို့သော်လည်း ကျွန်ုပ်တို့မောင်နှမသုံးယောက်က ငယ်စဉ်ကပင် မေမေလေ့ကျင့် ပေးထားသကဲ့သို့ စောစောထသည်။

**'စောစောအိပ်ထ၊ ပြုကျင့်က တွင်းပကိုယ်ခန္ဓာ။**

**ရောဂါခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာ'** ဟူသည်ကို လိုက်နာသည်။ နံနက်ခင်းစာ စားသောက်ပြီးသည်နှင့် ကျွန်ုပ်က မီးဖိုချောင်တွင် မေမေ့ကို ကူလုပ်ပေးသည်။ (၈)တန်း ညီမလေးက အဝတ်လျှော်ရာ ကျွန်ုပ်ကပါဝိုင်းကူလှမ်းပေးသည်။ (၆)တန်းမောင်လေးက အိမ်သန့်ရှင်းရေး တာဝန်ယူပေးသည်။

မမေ့ကို ကူလုပ်ပေးပြီးသည်နှင့် ခြံတွင်း ပန်းဥယျာဉ်ကိုရေလောင်းပေးသည်။ ကျွန်ုပ်တို့ မောင်နှမတွေ ကူလုပ်ပေး၍ မေမေအပင်ပန်းသက်သာသည်။ မေမေက သားသမီးတို့ကြိုက်ရာ ဟင်းများ တစ်လှည့်စီ ချက်ကျွေးသည်။ နေ့ခင်း နေ့လည် အိမ်ဘေး မန်ကျည်းပင်ရိပ်အောက် ကျွန်ုပ်ရေဖျန်းထားရာ ကွပ်ပျစ်တွင် သင်ဖြူး ဖျာကြီးခင်း၍ သားသမီးများအတွက် ဖေဖေ၊ မေမေတို့ ဝယ်ထားပေးသော ကောင်းနိုးရာရာ ဗဟုသုတရစေမည့် ရသစုံမဂ္ဂဇင်းများ၊ တက်ကျမ်းများ၊ ဝတ္ထုတို ပေါင်းချုပ်၊ ဝတ္ထုရှည်များထဲမှ မိမိတို့နှစ်သက်ရာ ရွေးယူ၍ ဇိမ်နှင့်လှဲကာ ဖတ်ရှု ကြပါသည်။ လေတဖြူးဖြူးနှင့် ထမင်းဆိပ်တက်ကာ အိပ်ပျော်သွားကြသည်လည်း ရှိသည်။ စာအုပ်စွဲကာ မအိပ်နိုင်ဘဲ ပြီးအောင်ဖတ်လိုက်သည်လည်း ရှိ၏။ အင်္ဂလိပ် စကားပြောစာအုပ်ဖတ်ကာ အချင်းချင်းပြောကြသည်။

**'စာအုပ်စာပေ လူ့မိတ်ဆွေ'**

**'အလိမ္မာ စာမှာရှိ....'** ဟူသည်ကို ဖေဖေ၊ မေမေတို့က ယုံကြည်သည့် အတိုင်း ကျွန်ုပ်တို့မောင်နှမများကို မိတ်ဆွေကောင်းရှာပေး၍ လိမ္မာလာစေပါသည်။ နေ့လည်စာအဖြစ် မေမေက တစ်နေ့တစ်မျိုး မရိုးရလေအောင် လက်ဖက်သုပ်၊ ချင်းသုပ်၊ မုန့်တီသုပ်၊ နန်းကြီးသုပ်၊ ကန်စွန်းဥပြုတ်၊ ပဲမြစ်ပြုတ်၊ ဖရဲသီး စသည်များကျွေးကာ စာကိုအေးအေးဆေးဆေးဖတ်ရင်း အနားယူစေပါသည်။ ကျွန်ုပ်အတွက်ကား ဤသို့ နားနေအပန်းဖြေရသောနေ့ရက်များသည် လောကနိဗ္ဗာန် ပင်တည်း။ ကိုယ်ခန္ဓာအတွက် အာဟာရဖြည့်တင်းသကဲ့သို့ စိတ်အတွက် ဝါသနာ ပါရာ အာဟာရအဖြစ် နှစ်သက်သောစာအုပ်များ ဖတ်ရှုရသည့် အရသာကို ဘာနှင့်မျှ မလဲနိုင်ပါ။ မေမေ နှစ်စဉ်နွေကျောင်းပိတ်ရက်၌ ချပေးခဲ့သော စာဖတ်ဝါသနာ မျိုးစေ့လေးကား မှန်မှန်ကြီးထွား၍ မွေးကြိုင်လန်းဆန်းသော ပန်းပွင့် ပွင့်ကာ ချိုမြသောအသီးများပင် သီးလာသည့်နှယ် ကျွန်ုပ်စိတ်သန္တာန်တွင်း၌ ခံစားရရှိလာ ပြီဖြစ်ပါသည်။ အချို့သူငယ်ချင်းများက သူတို့ကိုနွေရာသီ အင်္ဂလိပ် စကားပြော သင်တန်းတက်ရမည်ဟု မိဘများက အတင်းအကျပ်စီမံကြောင်း မတက်လိုကြောင်း ကျွန်ုပ်ကဲ့သို့ ဇိမ်နှင့်နားလိုကြောင်း ရင်ဖွင့်လာသည်။ ကျွန်ုပ်က မေမေဝယ်ပေး ထားသော အင်္ဂလိပ်စကားပြောစာအုပ်ကိုပြ၍ အင်္ဂလိပ်လို မှတ်ပြလိုက်ရာ သူတို့ အံ့အားသင့်သွားကြသည်။ နေပူစပ်ခါး ကားတိုးစီးသွားစရာမလိုဘဲ အိမ်၌ စာအုပ် ဖတ်ကာ လေ့လာ၍ရကြောင်း သူတို့သိသွားကြသည်။ ကျွန်ုပ်၏ မေမေစီစဉ်ထား

ပေးပုံကိုလည်း သဘောကျသွားကြသည်။ **'လိုလျှင်ကြံဆ နည်းလမ်းရ'** ဤနည်းလမ်း လိုက်မည်ဟုပြောပြီး ပြန်သွားကြသည်။ အချို့ မိဘများက လွတ်လွတ်လပ်လပ် နေပါစေဟု နွေရာသီကျောင်းပိတ်ရက်တွင် လွှတ်ထားကြ၍ လမ်းမှားလိုက်ကာ မူးယစ်ဆေးဝါး စွဲသွားသူများရှိသည်ဟုလည်း ကြားရသည်။ **'အကွပ်မဲ့သောကြမ်း ပရမ်းပတာ'** ဖြစ်တတ်ရကား လူငယ် လူရွယ်များကို နွေရာသီကျောင်းပိတ်ရက်များတွင် လွှတ်မထားရန် ဂရုစိုက်သင့်သည်။ **'ချည်ခင်သည် အထိန်းမရှိက ရှုပ်ထွေးတတ်သည်'** စည်းကမ်းနှင့် ထိန်းကွပ်ဖို့မှာ မိဘများတွင်တာဝန်ရှိပါသည်။ မေမေက သားသမီးများကို ကောင်းသော ဝါသနာမျိုးစေ့ချပေးသည်မှာ သားစဉ်မြေးဆက်အတွက် ကောင်းမွေကို လက်ဆင့်ကမ်းပေးခြင်းဟု ကျွန်ုပ်ကတင်စားလိုပါသည်။ မေမေတို့ကိုလည်း မိဘများက ငယ်စဉ်ကပင် နွေရာသီကျောင်းပိတ်ရက်တွင် ဤသို့ စာဖတ်ဝါသနာမျိုးစေ့ ပြုစုပျိုးထောင်ပေးခဲ့သည်ဟု ပြောပြပါသည်။ မေမေ ဖေဖေတို့ကား အမြော်အမြင်ကြီးပေစွ၊ ကျေးဇူးတင်ထိုက်လှသည်။

သင်္ကြန်မကျမီ နယ်တွင်အလုပ်လုပ်သော ကိုကို၊ မမတို့ ရုံးပိတ်ကျောင်းပိတ်၍ အမေ့အိမ်ပြန်လာကြသည်။ တစ်ရက်နှစ်ရက် အမောပြေနားစေပြီး မေမေ့ မေမေ ရှိရာ တောင်ငူသို့ ကျောင်းပိတ်ရက် အလည်သွားကြပါသည်။ သင်္ကြန်ရက်ဖြစ်၍ ရထားစီးရင်း ရေပက်ခံထွက်ကြသည့်နယ် တစ်ချက်ခုတ်နှစ်ချက်ပြတ် ပျော်စရာကောင်းလှသည်။ သီတင်းကျွတ်ပိတ်ရက် ဒီဇင်ဘာပိတ်ရက်တို့တွင် ရက်နည်း၍ မသွားဖြစ်သည်ကို ယခုကဲ့သို့ နွေကျောင်းပိတ်ရက်ရှည်ရမှ ရက်များများနေရသည်ဟု သွားကြခြင်းဖြစ်သည်။ ဘွားဘွားကလည်း ကျွန်ုပ်တို့မိသားစုလာလျှင် အလွန်ပျော်သည်။ မေမေ့ကို ဘွားဘွားက အလွန်ချစ်ခင်သည်။ မြေးများကိုကား ပြောဖွယ်မရှိ။ **'သားသမီးအချစ် မြေးအနှစ်'** ဟုပင် ဆိုရိုးစကားရှိထားသည်။ ဘွားဘွားခြံကြီးကား တစ်ကေနီးနီးကျယ်သည်။ ခြံထဲတွင် စိုက်ထားပျိုးထားသည်မှာလည်း စုံလင်လှသည်။ ဘိုးဘိုးလည်း မရှိတော့။ သားသမီးများကလည်း 'ယောင်နောက်ဆံထုံးပါ'၊ 'ဆံထုံးနောက် ယောင်ပါ' နှင့် တာဝန်ရှိရာ ရေကြည်ရာမြက်နုရာ နေကြရကား ဘွားဘွားမှာ တစ်ဦးတည်း ဖြစ်နေရှာသည်။ သို့သော်လည်း မည်သည့်သားသမီးက ခေါ်ခေါ် ဘွားဘွား သူ့ခြံကို အလွန်သံယောဇဉ်ကြီးသည်။ သားသမီးများက လိုက်နေပါ ခေါ်ကြားလည်း မသွား။ ခေတ္တခဏအလည်လာလျှင်သာ လာသည်။ ခြံကိုပစ်၍ အချိန်ကြာကြာ နေလေ့မရှိ။ အိမ်ကြီးကလည်း သားသမီးမြေးများလာက ကျယ်ကျယ်

လွင့်လွင့် နေရရန် အောက်ကတိုက်ခံနှင့် နှစ်ထပ်အိမ်ကြီးဟည်းနေအောင် ဆောက်ထားသည်။ ကျွန်ုပ်တို့ ခြံဝင်းကျယ်ကျယ် အိမ်ကျယ်ကျယ်တွင် စားချင်ရာ လတ်လတ်ဆတ်ဆတ် ဆွတ်ခူးစားနိုင်သောသီးနှံစုံ၊ ဟင်းသီးဟင်းရွက်စုံ ရ၍ အလွန်ပျော်သည်။ ခြံဝင်းက အရိပ်ကောင်းလှသည်။ သရက်ပင်ကြီးများ၊ မန်ကျည်းပင်၊ ငှက်ပျောပင်တို့က အရိပ်စိပ်သည်။ အုန်းပင်များက ခြံပတ်လည် များစွာစိုက်ထားသည်။

အုန်းသီး၊ သရက်သီး၊ မချစ်စု၊ မနော်နွယ်(စိုင်)၊ သုံးလုံးတစ်တောင်၊ မရန်းချိုသီး၊ မရန်းချဉ်သီး၊ မာလကာချဉ်သီး သေးသေးလေးများ၊ နှင်းသီး၊ ကျွဲကောသီး၊ ဥသျှစ်သီး၊ ဖျော်ရည်သီး၊ သဘော်ဆီးဖြူသီး၊ ပိန္နဲသီး၊ ငှက်ပျောသီးဖီးကြမ်း၊ နံ့သာပု၊ သီးမွှေး တစ်နေ့တစ်မျိုး မရိုးအောင်စားရသည်မှာ အလွန်ပျော်စရာကောင်းလှသည်။ ထိုမျှသာမက ဘွားဘွားခြံထဲတွင် ခူးပုပ်ပင်များက ရေလောင်းပေါင်းသင် အတက်ချိုးပေး၍ စားချင့်စဖွယ် နုဖပ်နေသည်။ ဘွားဘွားက စားမကုန်၍ လာဝယ်သူရှိက ပိုက်ဆံနည်းနည်းနှင့် တစ်အိမ်လုံးစားလောက်အောင် တစ်ပွေ့ကြီး ခူးပေးသည်ကို တွေ့ရသည်။ စေတနာကောင်းလှသည်။ ကင်မွန်းချဉ်လည်း ဝယ်မစားရ၊ ဥသျှစ်ရွက်နု၊ မန်ကျည်းရွက်နုက အလျှံပယ်။ ပိုးစာရွက်များ၊ ဒန့်သလွန်ရွက်များလည်း ဟင်းချိုချက်လိုက ခူးလိုက်ရုံသာ။ ဘွားဘွားက သားသမီးနှင့် မြေးများအတွက် အိုးကြီးခွက်ကြီး ဟင်းကောင်းများ ဝယ်ချက်ကျွေးသည်။ မေမေက သူ့အမေအတွက် ဈေးသွားဝယ်ပြားလည်း အပြန်တွင် ဘွားဘွားက ရွာထဲမှ လာရောင်းသူရှိ၍ ဝက်သားတစ်ပိဿာ ဝယ်ချက်ထားသည်ကို တွေ့ရသည့်အတွက် အံ့ဩနေသည်။ မိဘမေတ္တာကို မျက်ဝါးထင်ထင် ကျွန်ုပ်တို့ မြင်တွေ့ရသည်။ မေမေက ကြက်သား ဘွားဘွားက ဝက်သားနှင့် ကျွန်ုပ်တို့ ဗိုက်ကားအောင်စားရသည့် နွေကျောင်းပိတ်ရက် ထမင်းပွဲကားအမှတ်တရ သတိရစရာဖြစ်နေပါသည်။ ဘွားဘွားက နေ့လည်စားရန် ရွှေကြည်ဆနွင်းမကင်း ဖုတ်ပေးသည်။ တို့ဟူး ကျိုပေးသည်။ ပူတင်း လုပ်ကျွေးသည်။ အိမ်အနီးအနားတွင် မုန့်ဖိုရှိရာ ကိတ်မုန့်မှာကျွေးသည်။ ဘူးပင်မှ ဘူးသီးခူးကာ ယိုဒယားမယ်နှင့်နယ်၍ ကြော်ကျွေးသည်။

ကျွန်ုပ်တို့သည် ဘွားဘွားကျွေးသမျှ စားသကဲ့သို့ ဘွားဘွားစိုက်ထားသမျှ အပင်များကို ရေလောင်းပေးသည်။ ဘွားဘွားခြံထဲ ရေဖျွန်းကာ တံမြက်လှဲပေးသည်။ ဘွားဘွား စောင်ခြင်ထောင် အဝတ်အစားများ လျှော်ပေးကာ ကုသိုလ်ယူကြသည်။

ဘွားဘွားက စာကျက်ထား၍ မောနေမည် နားပါဟုဆိုငြားလည်း မနားကြ။ ဘွားဘွားက သူ့ခြံထဲမှ အုန်းလက်များခုတ်ကာ အိမ်ရှေ့တွင် သင်္ကြန်မဏ္ဍပ်ထိုးပေးသည်။ စည်ပိုင်းကြီးများချပြီး ရေတွင်းမှရေကို သူ့ခြံထဲမှ ဝါးပိုးဝါးကြီးကို အဆစ်ဖြတ်ကာ ရေတံလျှောက်လုပ်ပေးသည်။ တစ်ခဏအတွင်း သင်္ကြန်မဏ္ဍပ်လေး ပြီးပြည့်စုံသွားသည်။ ကိုကိုက ရေတွင်းထဲက ရေခပ်ဖြည့်ပေးသည်။ မြို့ကြီးတွင် သင်္ကြန်တွင်းလျှောက်ကစားဖို့ ရေပက်ခံထွက်ဖို့ ကားခသိန်းချီ၍ ပေးရသည်ဟု သိရသည်။ မဏ္ဍပ်တွင် ကစားဖို့ တစ်ရက်ကို သောင်းချီပေးရသည်ဟု ကြားဖူးသည်။ ယခုကျွန်ုပ်တို့ မဏ္ဍပ်ကား တစ်ပြားတစ်ချပ်မှမကုန်။ ရွာထဲမှ ကလေးလူငယ်များလည်း ဘွားဘွားဖိတ်ခေါ်၍ ကျွန်ုပ်တို့နှင့်အတူ လာကစားရာ ပျော်စရာသင်္ကြန် အမှတ်တရ သင်္ကြန်ဖြစ်ခဲ့သည်။ ကိုကိုရော မမပါဝင်ကစား၍ ကျွန်ုပ်တို့ မောင်နှမများနှင့် ရွာကလေးများပါ ပျော်ရွှင်ချမ်းမြေ့ကြပါသည်။ သင်္ကြန်ရက်တွင် ဘွားဘွား အိမ်နီးနားချင်းများက မုန့်လုပ်ကြ၍ လာပေးသော မုန့်များမှာ စုံလင်လှသည်။ ဘွားဘွားကို ချစ်ခင်လေးစား၍ ဘွားဘွားသားသမီးမြေးများအတွက်ပါ အများအပြား ယူလာပေးကြသည်။ တစ်ဝကြီး စားကြရသည်။ ဘွားဘွားကလည်း အိမ်မှလုပ်သော မုန့်များ ခြံထွက်သီးနှံများ မုန့်လာပေးသူများကိုသာမက လာကစားကြသောကလေးများကိုပါ ဝေမျှစားစေသည်။ ကျီစားသန် ရန်ဖြစ်သည့်ကိစ္စမရှိ။ အန္တရာယ်ကင်းလှသော သင်္ကြန်နှစ်ဟောင်း အညစ်အကြေးကို သန့်စင်ပေးသော ရိုးရာသင်္ကြန်ပီသသည်။

ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဆိုသည်မှာ အလွန်မှန်သောစကားပါပေ။ ဘွားဘွားသည် သားသမီးများအနားမှာ မရှိလင့်ကစား ရွာသူရွာသားအားလုံး၏ ကျန်းမာရေးကိုစောင့်ရှောက်ပေးသော သားဖွားဆရာမကြီးဖြစ်၍ အားလုံးက ဆွေမျိုးရင်းချာပမာ ချစ်ခင်လေးစားကြသည်ကိုတွေ့ရ၍ ဘွားဘွားအတွက် မေမေက စိတ်အေးရသည်ဟု ရွာသူရွာသားများကို ကျေးဇူးတင်ရှာသည်။ **'ကျွန်းကိုမှီ ကိုင်းကျွန်းမှီ'** နေရင်း သားချင်းဆွေမျိုးများပမာ ရေကိုသားအကြားမထင်သကဲ့သို့ ဖြစ်နေသည်။ ဘွားဘွားက ခရစ်ယာန်ဆိုသော်လည်း ဘွားဘွားက မေတ္တာစေတနာ အပေးအကမ်းရက်ရော၍ ကလေးလူကြီးအားလုံးက ခင်သည်ကိုကြည့်ကာ နွေကျောင်းပိတ်ရက်တွင် ကျွန်ုပ်သည် အသိတရားများစွာ ပွားများလှသည်။ တန်ဖိုးရှိလှသည်။

'တစ်လပျော်လိုလျှင် မင်္ဂလာဆောင်
တစ်နှစ်ပျော်လိုက အရက်သောက်
**တစ်သက်ပျော်လိုက သစ်ပင်စိုက်....'** ဟူသော စကားကို မှန်လှကြောင်း ဘွားဘွားက သစ်ပင်စိုက်၍လက်တွေ့ပြခဲ့သည်။ ကျွန်ုပ်တို့ ဘွားဘွားထံ တစ်ပတ်ခန့် နေပြီး ပြန်မည့်ရက်တွင် ဘွားဘွားက သူ့ခြံထွက်များကို ခြင်းကြီးခြင်းငယ်များနှင့် အိမ်ပြန်လက်ဆောင်ပါးသည်။ ကျွန်ုပ်တို့ မောင်နှမများအားလည်း မုန့်ဖိုးဟုဆိုကာ ပိုက်ဆံများပေးပြန်သည်။ ဘွားဘွားသုံးဖို့ မေမေကပေးတာဟု ပြောသောအခါ ထိုပိုက်ဆံမဟုတ်ဟုဆိုသည်။ စဥ့်အိုးလေးများ ထုတ်ပြသည်။ စဥ့်အိုးလေးများ ပေါ်တွင် သီးနှံစုံအမည်နှင့် ဆူးပုပ်၊ ကင်မွန်းချဥ် စသည်ဖြင့် အမည်တပ်ထားသည်။ သီးနှံစုံရောင်းရငွေ၊ ဟင်းသီး ဟင်းရွက်ရောင်းရငွေများကို စနစ်တကျစုထားခြင်းပင်။ ၁၀ ဖို့ ၁ဖို့ဝင်ငွေကိုလည်း ဘုရားကျောင်းလှူရန် သီးခြားစုထားသည်မှာ စည်းစနစ်ကျလှပါသည်။ **'စားလို့ရတာ အကုန်စိုက်'** ၍ တစ်ဝမ်းတစ်ခါးအတွက် အခက်အခဲ မရှိရုံသာမက လှူပင် လှူနိုင်သေးသည်ကိုကြည့်ကာ ဝင်ငွေထွက်ငွေကို ချွေတာသုံး တတ်၍ စုတတ်ဆောင်းတတ်သော ပုံသက်သေကောင်းကိုရသည်။ ၁၀ ဖို့ ၁ဖို့ ဘုရားထံပြန် ပေးတတ်သည့်အတွက် အမွေကောင်းကို လက်ဆင့်ဝေပေးသကဲ့သို့ အသိတရားရစေခြင်းကား အဖိုးအနဂ္ဃ ထိုက်တန်လှသည်။ ယခင်က ကျွန်ုပ်တို့ မိသားစုလည်း မပေးမဟုတ်၊ ပေးပါသည်။ သို့ပြား ဘွားဘွားကဲ့သို့ စနစ်တကျ ရသမျှ၏ ၁၀ဖို့ ၁ဖို့ မဟုတ်ခဲ့။ ဘွားဘွားကတော့ 'တစ်စက်ကျများ ပြည့်သော လားသို့' ရသမျှ ပိုက်ဆံ အကုန်၏ ၁၀ ဖို့ ၁ဖို့ သီးသန့်စုခြင်းကား အတုယူဖွယ် ကောင်းလှပါဘိတော့သည်။

ရထားအထွက်တွင် လက်တပြပြနှင့် မျက်ရည်ဝဲကာ ဘူတာ၌ကျန်ရစ်ခဲ့သော ဘွားဘွားကိုကြည့်ကာ သူ့ဘေးနားတွင် အဖော်လိုက်ပေးသော ကလေးများပါ၍ ကျွန်ုပ်တို့မိသားစု ဘွားဘွားကိုစိတ်ချသည်။ ဘွားဘွားက **'ရယူခြင်းထက် ပေးဆပ်ခြင်းက သာ၍ကောင်းသည်'** ဟု ခံယူထားသူဖြစ်ရကား အခြွေ အရံပေါများလှသည်ကို ကျွန်ုပ်တို့မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရသည်။ ရထားကြီးပေါ်တွင် လူအမျိုးမျိုး စရိုက် အထွေထွေကို ကြုံတွေ့ခဲ့ရသည်။ ဈေးသည်များလာရောင်းရာ သမ္မာအာဇီဝ ကောင်းရောင်းကောင်းဝယ် အသက်မွေးသူထံ အမြဲအားပေး၍ ကောက်ကျစ်စွာ လိမ်လည်၍ အကောင်းကိုပြပြီး မကောင်းသည်ကိုထည့်ပေးလိုက်သော ဘဲကင်သယ် ထံမှ မဝယ်ရန် အလိမ်မိသားစုက သတိပေးနေသည်ကို ကြားရသည်။

'ကောက်သော် စားမလောက်

ဖြောင့်သော် စားမကုန်....' ဆိုသည့်စကားမှန်လှကြောင်း နားလည်ရသည်။ အတွေ့အကြုံအစုံကို နွေကျောင်းပိတ်ရက်များက ရစေခဲ့သည်။ အိမ်ပြန်ရောက်ပြီး နောက်ရက် မမတို့ပြန်ကြမည်ဖြစ်ရာ မေမေက ဘွားဘွားပေးလိုက်သည်တို့ကို အညီအမျှခွဲဝေကာ ပေးပြန်သည်။ ကြော်လှော် ချက်ပြုတ်ပေးပြန်သည်။ မိဘတိုင်းသည် သားသမီးမြေးများအပေါ် မေတ္တာစေတနာလွန်ကြီးမားလှကြောင်း ပိုနားလည်ခံစားမိသည်။ နွေကျောင်းပိတ်ရက်များကိုကား ကျွန်ုပ်အတွက် ဘဝနေနည်း စာအုပ်ကောင်းတစ်အုပ် ဖတ်လိုက်ရသကဲ့သို့ အသိတရား ပေးနိုင်ပါတကားဟု တန်ဖိုးကို နားလည်မိသည်။ မိဘတိုင်း သားသမီးမြေးများအား အမွေကောင်းကို လက်ဆင့်ကမ်းပေးဝေကာ ဤကမ္ဘာကြီးသည် အမြဲတစေ စိမ်းလန်းစိုပြည်သာယာ ပျော်ရွှင်ဖွယ်ကောင်းမည်မှာ သေချာလှသည်ကို နားရက်ရသော နွေကျောင်းပိတ်ရက်များက ဖော်ပြနေ၏သို့ ခံစားသိရှိရပါသည်။ ။

ကျွန်ုပ်၏အိမ်နီးချင်းများ

- ❑ မည်သူမဆို ဘဝရပ်တည်နေထိုင်ရာတွင် အိမ်နီးနားချင်းများရှိပုံ
- ❑ အိမ်နီးနားချင်းများ၏ပံ့ပိုးကူညီမှုများ
- ❑ အိမ်နီးနားချင်းကောင်းများနှင့် နေထိုင်ဆက်ဆံရသောအကျိုးများ
- ❑ ဝိုင်းဝန်းကူညီမှုများကြောင့် စိတ်ကျေနပ်ဝမ်းမြောက်ရပုံများ
- ❑ ဝန်းကျင်ကောင်းတွင်နေထိုင်ကြရခြင်း၏ အကျိုးတရားများခံစားရပုံ

## ကျွန်ုပ်၏အိမ်နီးချင်းများ

မိမိ၏ အိမ်အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများကို အိမ်နီးနားချင်းများဟု ခေါ်ဆိုကြသည်။ အိမ်နီးနားချင်းနိုင်ငံဟုလည်း နီးစပ်ရာနိုင်ငံကိုခေါ်တွင်သည်။ လောကတွင် လူတို့သည် မိမိတို့မျိုးနွယ်တူများသာ စုစည်းနေထိုင်လေ့ရှိကြရာမှ '**တစ်ရွာမပြောင်းသူကောင်းမဖြစ်**' ဟူသော မြန်မာစကားပုံအတိုင်း မိမိအတွက် အကျိုးမဖြစ်ထွန်းသည့်နေရင်းဒေသကို မစွန့်ခွာနိုင်၍သူကောင်းပြုမခံရသကဲ့သို့ ကြီးပွားရာကြီးပွားကြောင်း အလားအလာရှိသည့်နေရာသို့ မပြောင်းရွှေ့လျှင် မတိုးတက်နိုင်ဟု ယူဆကြသည်။ သို့ကြောင့် ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့ကာ နေထိုင်လာကြသည်။ အချို့လည်း ပြောင်းရွှေ့နေထိုင်ရာ၌ အဆင်ပြေသွားကြသည်။ အချို့ကား '**သေချင်တဲ့ကျား တောပြောင်း**' ဟူသကဲ့သို့ ဒုက္ခနှင့်ကြုံရ သည်လည်း ရှိတတ်သည်။ '**တစ်ရွာပြောင်းမှသူကောင်း ကျွန်တော်မှန်**' ဖြစ်သွားတတ်သူများလည်း တွေ့ရတတ်ပါသည်။

လူမျိုးမတူ ဘာသာကွဲပြား အိမ်နီးနားချင်းဖြစ်လျက် သင့်တင့်အောင် ပေါင်းသင်းနေတတ်သူများ ရှိသကဲ့သို့ ဘာသာတူလူမျိုးမခြားဘဲ ရန်တကျက်ကျက် ဖြစ်နေတတ်သည့် အိမ်နီးချင်းများလည်း တွေ့ရတတ်ပါသည်။ အချို့အိမ်နီးချင်းများကား ကိုယ့်ထမင်းကိုယ်စား မည်သူ့ကိုမျှ ဂရုစိုက်စရာမလိုဟု မာန်တက်နေသူများရှိသကဲ့သို့ တစ်ဦးနှင့်တစ်ဦး မနာလိုမုန်းထား အတိဈွာပွားသော အိမ်နီးနားချင်းများ လည်းရှိကြသည်ဟု ကြားဖူးပါသည်။ အချို့ကား ရှေ့တင်တစ်မျိုး ကွယ်ရာတစ်ဖုံပြောတတ်သည့် အိမ်နီးနားချင်းနှင့် ဆုံကြရသည့်အတွက် စိတ်ပျက်ရကြောင်းလည်း ရင်ဖွင့်သည်။ တော်သေးသည်က ကျွန်ုပ်တို့ခေါင်းရင်း၊ ခြေရင်းရှိ အိမ်နီး

နားချင်းများက ထိုကဲ့သို့မဟုတ်။ မာန်မာနမထား၊ မေတ္တာကရုဏာ မုဒိတာပွားတတ် သူများနှင့် ဆုံရခြင်းကြောင့် ကျွန်မတို့တွင် အိမ်နီးနားချင်းနှင့်ပတ်သက်၍ စိတ်ဆင်းရဲစရာ ဘာတစ်ခုမျှ မကြုံတွေ့ခဲ့ရပါ။ မေမေ ရန်ကုန် စီးပွားရေးတက္ကသိုလ်က ပါမောက္ခဌာနမှူးအဖြစ်မှ အငြိမ်းစားယူသောအခါ နေထိုင်ဖို့ ဒဂုံတက္ကသိုလ်အနီးအပါးတွင် အိမ်လေးဝယ်ယူနေထိုင်သည်။ အိမ်လေးကို 'ကျေးရူးတော်' ဟုအမည်ပေးထားသည်။ မိုလ်ဖိုးဝင်း ၂လမ်း၊ ၃ရပ် ကွက်တွင်း ရှိရာသို့ပြောင်းမှ ကျွန်ုပ်၏အိမ်နီးနားချင်းများနှင့် ဆုံတွေ့ရခြင်း ဖြစ်ပါသည်။

**'မြန်ရာဟင်းကောင်း ခင်ရာဆွေမျိုး'** ဆိုသကဲ့သို့ ကျွန်ုပ်တို့ ရန်ကုန်တက္ကသိုလ် ပညာ့ရိပ်သာမှ ပြောင်းလာစဉ်ကတည်းကပင် အိမ်နီးနားချင်းများက သူတို့ကိုယ်သူတို့ မိတ်ဆက်ရင်း ကားကြီးပေါ်မှ အထုပ်အပိုးသေတ္တာများကို လာရောက်ကူညီသယ်ပေးသည်။ အိမ်ခေါင်းရင်းမှ မိသားစုသုံးယောက်လုံးနှင့် ခြေရင်းအိမ်မှဒေါ်ဒေါ်တို့က ကျွန်ုပ်တို့လိုအပ်သမျှ ကူညီကြသည်။ ကျွန်ုပ်တို့မိသားစုကို ခေါင်းရင်းအိမ်က ဟင်း၊ ခြေရင်းအိမ်ကထမင်းများ ချက်ပြုတ်ယူလာပေးပြီး စုပေါင်းစားကြသည်ကို ယနေ့တိုင် မမေ့နိုင်တော့။ သူတို့ချက်ကျွေးသောဘဲဥချဉ်ရည် သီးစုံပဲကုလားဟင်းတစ်အိုးကြီးကို ဆာဆာနှင့် သုံးအိမ်ပေါင်း လွေးလိုက်ကြသည်မှာ တက်တက်စင်ပြောင်သွားသည်ကို ရင်းနှီးခင်မင်မှုအစဟု အမြဲအမှတ်ရနေမိကြသည်။ တိုက်ခန်းများတွင်နေထိုင်သော သူငယ်ချင်းများက သူတို့အခန်းနားနီးချင်းမသိ၊ ပြုံးပြဖော်မရ သူစိမ်းလို ပင်နေကြသည်ဟု ပြောပြသောအခါ အံ့သြမိသည်။

ခေါင်းရင်းအိမ်က ဦးမျိုးတင့် ဒေါ်ခိုင်ရီတို့ကား လယ်စိုက်ရှင်းမှုရုံးအုပ်နှင့် ဌာနစုမှူးတို့ ဖြစ်သည်။ သားတစ်ယောက်၊ သမီးတစ်ယောက်သာရှိသည်။ နှစ်ယောက်လုံး ဘွဲ့ရများဖြစ်၍ အလုပ်အကိုင်ကိုယ်စီ ရှိကြသည်။ အစ်မဖြစ်သူ မရွှေစင်က **'ယောင်နောက်ဆံထုံးပါ'** နေပြည်တော်၌ ခင်ပွန်းအလုပ်အကိုင်ရှိရာလိုက်ပြောင်းရွှေ့သွားသည့်အတွက် မိဘနှစ်ပါးအား မောင်ဖြစ်သူက စောင့်ရှောက်ပြုစုသည်။ ကျွန်ုပ်အစ်ကိုကြီးနှင့် ရွယ်တူဖြစ်ရကား ကိုဇော်ဇော်နှင့်ကိုကိုကြီး၊ ကိုကိုလတ်တို့ပေါင်းမိကြသည်။ ကိုကိုထွေးက သူတို့ခြင်းလုံးခတ်လျှင် ဝင်ခတ်သည့်အတွက် အားလုံးရင်းနှီးခင်မင်ကြသည်။ အလုပ်သွားရာတွင်လည်း လမ်းကြောင်းတူညီ၍ အတူတကွသွားလာရင်း ပိုမိုရင်းနှီးကြသည်။ သူတို့သည် ရပ်ရွာ၏ သာရေး၊

နာရေးတို့တွင် စုပေါင်းပါဝင်ကူညီလုပ်ကိုင်ပေးလေ့ရှိသဖြင့် လူသိများသည်။ လမ်းသန့်ရှင်းရေးအတွက် ကိုကိုတို့က နံနက်တိုင်းရေဖျန်းသူဖျန်း တံမြက်လှည်းသူလှည်း လုပ်သဖြင့် သူတို့ကို ရပ်ကွက်က 'ကိုမာဃ'တို့အဖွဲ့ ဟုခေါ်သည်။ မည်သူ့ကိုမဆို ကူညီဖို့ဝန်မလေးကြ။ မေမေနှင့် ဖေဖေက ဆရာ၊ ဆရာမများဖြစ်သဖြင့် သားတွေ၊ သမီးတွေ လိမ္မာသည်ဟု ချီးမွမ်းခံရသည်။ ဖေဖေ၊ မေမေတို့ကား မိမိတို့သားသမီးမှ မဟုတ် တပည့်မှန်သမျှကို

**'နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသို**

**ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ**

**ဆရာဟူ၏....'** ဟူသော စာချိုးနှင့်အညီ ဆုံးမသည်ချည်းပင်။

ခြေရင်းအိမ်က ကြီးကြီးဒေါ်လှမေကလည်း မေမေကဲ့သို့ ဆရာမကြီးတစ်ဦးပင်။ အထက်တန်း ကျောင်းအုပ်ဆရာမကြီးဖြစ်သည်။ သူ၏အိမ်တွင် သူတစ်ယောက်တည်း အထီးတည်းမို့ ကျွန်ုပ်တို့က သူ့ကို အပျိုကြီးဟု ယူဆမိသည်။ သို့ငြားလည်း မဟုတ်ရှာပါ။ ခင်ပွန်းသည်နှင့် သားသမီး (၇)ယောက်ပင်ရှိသည်ဟု အစချီကာ စိတ်လိုလက်ရ ကျွန်ုပ်တို့အား သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြရှာသည်။ ကျွန်ုပ်တို့သည် ကြီးမေဇာတ်ကြောင်း နားထောင်ရင်း မျက်ရည်စို့မိသည်။ ကြီးမေသည် သားသမီး (၇) ယောက်ကို ကောင်းမွန်စွာပြုစုပျိုးထောင်လိုငြားလည်း ဖခင်ဖြစ်သူက သားသမီးများကို စိတ်လိုလိုက်၊ စိတ်ကြိုက်ဆောင်ကာ ချမ်းသာရာလမ်းကို ဖြတ်လမ်းက ရောက်နိုင်ဖို့ နားသွင်းသည်။ သူကိုယ်တိုင်က အရာရှိကြီးတစ်ဦးဖြစ်လျက် အရက်ဖျက် လောင်းကစားဖျက်သဖြင့် ဘဝပျက်ကာ အသက်ပါ ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ တရားရဖို့ ကောင်းလှပါသည်။ သို့ကြောင့်လည်း ရှင်မဟာရဋ္ဌသာရက

**'သေနှင့်အရက်စီးပွားဖျက်ကို တစ်စက်ကာယ်မျှ မသောက်ကြနှင့် ရှောင်ကြပါလေ ရှင်တော်ဟောသည့် အဆိပ်ရည်'** ဟူ၍လည်းကောင်း၊ **'အပေါ်တွင်ဖျော်ရွှင်မပါး လောင်းကစားကြက်ငှက် မလေ့ကျက်နှင့်....'**ဟူ၍လည်းကောင်း ဆုံးမထားခြင်းဟု ကြီးမေကပြောပြသည်။ ဖအေ့စကား နားဝင်ကာ ဖြတ်လမ်းက လိုက်လိုသော သားသမီး (၅)ဦးက အမေကျော် ခွေးတော်လွှမ်းကာ နိုင်ငံရပ်ခြားတွင် သွားအလုပ်လုပ်လိုသည် အမွေခွဲပေးပါဆို၍ ပါရမီရှိတိုက်ကြီးကိုရောင်းချကာ သားသမီး (၇)ဦးအား အညီအမျှခွဲဝေ ပေးလိုက်သည်။ (၅) ဦး နိုင်ငံခြားထွက်

သွားသည်။ အလုပ်အကိုင်အဆင်ပြေ၍၊ မပြေ၍ပင် မဆက်သွယ်။ ကျန်သားနှင့်သမီးတို့က ယောင်နောက်ဆံထုံးပါ၊ ဆံထုံးနောက်ယောင်ပါကာ မိမိနှင့်အတူမနေနိုင်။ အခါကြီးရက်ကြီး ပိတ်ရက်များတွင်မူ လာကန်တော့ဖော်ရ၍ ဖြေသာပါသေးသည်။ မြေးလေးတွေနှင့် တွေ့ရပါသေးသည်ဟု ပြောပြရှာပါသည်။ ကျန် ၅ ဦးကတော့ သေသည်ရှင်သည်ပင် မသိရပါဟု လွမ်းလွမ်းဆွေးဆွေးပြောပြသံလေးတွင်ပင် မိခင်တစ်ဦး၏ ခံစားချက်က အထင်းသားပေါ်လွင် နေပါသည်။ လောကတွင် ဤသို့သော သားသမီးများရှိပါသေးလားဟု တအံ့တသြဖြစ်မိသည်။ **'မှဆိုးနားနီး မှဆိုး၊ တံငါနားနီး တံငါ'** နိုင်ငံရပ်ခြားမှ မိဘနှင့်သားသမီး ဆက်ဆံရေးအသွင် ရောက်ကာ မိခင်ကိုပင် သူစိမ်းပြင်ပြင်ဖြစ်သွားကြသည်မှာ လွန်လွန်းလှချည့်ဟု ကျွန်ုပ်တို့ မိသားစုက ထိုသားသမီးများကို ပြစ်တင်မိသည်။

မေမေသည် ဈေးဝယ်ထွက်လျှင် ဒေါ်ဒေါ်ရီကို အစ်မက ကြီးမေကိုပါ အမြဲအဖော်ခေါ်သည်။ သူတို့သုံးယောက်သည် ညနေဘက်လမ်းလျှောက်လည်း ထွက်လေ့ရှိသည်။ ကျွန်ုပ်တို့မိသားစုရောက်လာမှ သူ့ဘဝပျော်ရွှင်ချမ်းမြေ့ရသည်ဟုပင် ကြီးမေကပြောပါသည်။ မေမေက ခရစ်ယာန်ဖြစ်ငြားလည်း ကြီးမေဘုရားဖူးသွားလိုက လိုက်ပို့ပေးသည်။ ပုတီးစိပ်လိုက မေမေက ပြတိုက်ကို သွားလေ့လာကာ စောင့်ပေး၍ ကျေးဇူးတင်မဆုံး။ မေမေက အိမ်နီးနားချင်းပီသစွာ တစ်ဦးတစ်ယောက်စာ ထည့်ချက်ပေးမည်ဆိုသည်ကို ကြီးမေကလက်မခံ။ သူကိုယ်တိုင်ချက်ပြုတ်လှုပ်ရှားမှ ကျန်းမာမည်ဟု ခံယူချက်ထားရှိ၍ မေမေက အတင်းအကျပ်မပြောတော့။ ကျွန်ုပ်တို့ မိသားစုက အထီးကျန်နေသောကြီးမေကို အထူးဂရုစိုက်ပေးသည်။ ဟင်းခွက်ကမ်းသည်။ လက်ဖက်သုပ်စားကြလျှင် ကျွန်ုပ်တို့အိမ်ရှေ့ မန်ကျည်းပင်ရိပ်အောက်တွင် မိသားစုသုံးစု ပူးပေါင်းကာ ပျော်ပျော်ပါးပါး စကားတပြောပြောနှင့် စားကြသည်။ လူကြီးများက သူတို့ အသက်အရွယ်အလိုက် တရားစကားပြောသခိုက် ကျွန်ုပ်တို့ လူငယ်တစ်သိုက်က ကိုရီးယား ဇာတ်လမ်းအကြောင်း၊ ဖော်ပိုင်အဆိုကောင်းလှကြောင်း၊ မို့မို့မြင့်အောင် သရုပ်ဆောင်ပိုင်လှကြောင်း ကိုယ်ကြိုက်ရာအကြောင်း ကိုယ်ပြောရင်း ပြင်းကြ ခုန်ကြနှင့် စည်စည်ဝေဝေရှိလှသည်။ လူကြီးပိုင်းတွင် ကြီးမေက မိမိနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိပါလျက် သားသမီးများက စည်းဖောက်ကာ နိုင်ငံခြားသား၊ နိုင်ငံခြားသူများယူကာ စောင့်လေမျိုးနွယ်ဝတ်ကို ဖောက်ဖျက်သည်ထက် အသက်မရှင်ကြသည်က တော်သေးမည်ဖြစ်ကြောင်း သူ့သဘောထားကို ပြောပြ

နေ၍ ကြားရသူကျွန်ုပ်တို့လူငယ်များ ကြက်သီးများပင်ထမိသည်။ မိဘဝတ္တရား ကျေပွန်ပါလျက် သားသမီးများက သားသမီးဝတ္တရားမကျေပွန်ပြန်လျှင် မိဘများ ခံစားရချက် မသက်သာပါလားဟု ကြီးမေပေါ် ကျွန်ုပ်တို့အားလုံးက ကရုဏာ သက်မိကြသည်။ ကြီးမေက တရားရှိ၍သာ။ တရားမရှိသော် သားသမီးစိတ်နှင့်ပင် လုံးပါးပါး သွားနိုင်သည်။

ကျွန်ုပ်တို့မိသားစု သုံးစုပေါင်း ဤသို့ပျော်ပျော်ပါးပါး စားသောက်၊ တစ်အိမ်နှင့်တစ်အိမ် ဝင်ထွက်သွားလာ၊ ကူညီရိုင်းပင်း၊ ညီညွတ်ကြသည်ကို ကြည့်မရဖြစ်နေသည်က မျက်နှာချင်းဆိုင်အိမ်မှ ဦးဘကြိုင်နှင့် ဒေါ်လှတို့ဖြစ်သည်။ သူတို့သားသမီးသုံးယောက်က အများနှင့်မတူ တစ်မူထူးခြားသည်။ အဝတ်အစား လျှပ်ပေါ်လော်လည်သည်။ အိမ်ဆိုင်ဖွင့်ကာ ဒေါ်လှက ငွေတိုးချေးစားသည်။ ဆင်းရဲသားများပေါ် မတရားခေါင်းပုံဖြတ်ကာ နေ့ပြန်တိုးယူသည်။ သားသမီး များအား ကိုယ်ပိုင်ကျောင်းတွင် ထားငြားလည်း စာမကြိုးစားကြ။ သူတို့ ရေမတူး မီက ရေရောင်းစားသော ဦးလှသောင်း၏ ဖောက်သည်အားလုံးကို ငွေချေးပေးသည့် မျက်နှာနှင့် ရေတူးပြီးသည့်အခါ သူ့ထံယူစေသည်။ ဦးလှသောင်းကား ရေရောင်း၍ မိအိုဖအိုကြီးတို့ကိုလုပ်ကျွေးနေသော လူပျိုစာရေးကြီးဖြစ်သည်။ ရေမရောင်းရတော့ ဦးလှသောင်းက ကုန်စုံဆိုင်လေးဖွင့်ကာ ဒေါ်လှဆိုင်တွင် မရောင်းသည့် ကလေးမုန့်ပဲ သရေစာများ ရောင်းသည်။ ကျောင်းသွားရာ လမ်းပေါ်တွင်ဖြစ်၍ ကလေးမိဘများ ကလေးများအတွက် မုန့်ဝယ်ကျွေး၊ မုန့်စားဆင်းချိန် စားရန် မုန့်ဝယ်ထည့်ပေးနှင့် ရောင်းကောင်းလှသည်။ ဒေါ်လှက **'သူ့၏စီးပွား ငါ့စီးပွားကို ထောက်ထားမိစေ ကြီးလောဘကိုမျှတစေ'** ဟူသော ဆုံးမစကားကို မလိုက်နာ။ သူတစ်ပါး စီးပွားကို လုယက်ယူ၍ သူ့ကိုလူမုန်းများလာသည်။ သူ့ဆိုင်ကိုအားမပေးလိုကြတော့။ ဦးလှ သောင်းက မိအိုဖအို တို့ကို လုပ်ကျွေးနေသူဖြစ်ရကား ဒီရေအလားစီးပွားတက် လာသည်။ ဦးဘကြိုင်နှင့် ဒေါ်လှတို့ မတရား ရှာဖွေထားသမျှသည် သူတို့သားသမီး သုံးယောက်၏ ကိုယ်ပိုင်ကျောင်းစရိတ်၊ အဝတ်အစားဖိုးနှင့် သူတို့သုံးယောက် အသုံးစရိတ်ဖြင့် လုံးပါးပါးလာသည်။ တောင်းတိုင်းပေးမလောက် ဖြစ်လာသည်။ သမီးမိန်းကလေးက ယောကျ်ားထည်လဲနှင့်တွဲသကဲ့သို့ ယောကျ်ားလေးနှစ်ယောက် ကလည်း ပွေပွေရှုပ်ရှုပ်။ **'လည်လွန်းသည့်ဘီး ချေးသင့်'** တတ်ရကား သူတို့သမီးက အိမ်ထောင်ရှိသူနှင့် ငြိ၍ အရှက်တကွဲအကျိုးနည်းဖြစ်ရသည်။

**'မိဘစကားနားမထောင် သားတစ်ကောင်နဲ့ တိုးလို့တွဲလဲ'** ဟူသော သမီး၏ အဖြစ်ကြောင့် လင်ရောမယားပါ စိတ်ဆင်းရဲကြရသည်။

**'အကုသိုလ်ဟူသည် တစ်ခုတည်းဘယ်ခါမျှမလာ'** ဟုဆိုသကဲ့သို့ ထိုအချိန်တွင် သားကြီးဖြစ်သူက အရက်သေစာသောက်စားကာ ရန်ဖြစ်ရာမှ လက်လွန်ခြေလွန်နှင့် တစ်ဖက်လူအသက်ဆုံးရှုံးရပြန်သဖြင့် ရုံးရောက်ဂါတ်ရောက် ဖြစ်ကာ ရှိသမျှပစ္စည်း ရောင်းရုံမက အိမ်ကိုပါရောင်း၍ သားလွတ်ရာလွတ်ကြောင်းလိုက်ပြားမရ၊ ထောင်ကျသွားသည်ဟု သိရသည်။

**'သားကို ငယ်ကမဆုံးမသော် မိဘတလည် ရန်သူမည်၏'** ဆိုသည့်အတိုင်း သားသမီးတို့ကို အလိုလိုက် အကြိုက်ဆောင် စည်းမဲ့ကမ်းမဲ့ ကိုယ့်ဘာသာကိုယ့်ယဉ်ကျေးမှုကို လျစ်လျူရှုစေခြင်းကား အန္တရာယ်များလှပါဘိတကားဟု တရားရစေသည်။ ယခုသော် ထိုအိမ်ကိုဝယ်လိုက်သည့် လူကြီးကား ဘုရားတရားနှင့်နေသော တရားသူကြီး အငြိမ်းစားတစ်ဦးဖြစ်ရကား ရပ်ကွက်က ပြောင်းသွားသော မိသားစုထက် ယခုလူကြီးကို ပိုလိုလားကြသည်။ ဖေဖေနှင့် ဦးလေးတင့်တို့ လမ်းလျှောက်ရာ အဖော်တစ်ဦးတိုးလာသကဲ့သို့ မေမေတို့ အမျိုးသမီးသုံးယောက်ဈေးဝယ်ထွက်ရာတွင်လည်း ထိုလူကြီးဦးမြင့်၏ဇနီး ဒေါ်သစ် တစ်ယောက်ထပ်ပေါင်းကာ လေးယောက်ဖြစ်လာသည်။ သားငါးသာဝယ်ရသည်။ အိမ်နောက်ဖေး ဈေးဆိုင်တည်ထား၍ ဟင်းသီးဟင်းရွက် ဝယ်စားစရာမလိုကြ။ တစ်ခါတစ်ရံ မေမေတို့လူကြီးလေးယောက်နှင့် ကျွန်ုပ်တို့ ညီအစ်မစုပေါင်းကာ အိုးရှင်း၊ စီးတီးမတ်တို့သို့ဈေးဝယ်ထွက်ကြသည်။ ပင်စင်မထုတ်ရသေးက မေမေက မမ တစ်လတစ်လထောက်ပံ့သောငွေ၊ ကိုကိုတို့ ထောက်ပံ့သောငွေတို့ကို စုဆောင်းထားရာက ထုတ်ယူ၍ သူ့သူငယ်ချင်းများ လိုချင်သည်ကိုဝယ်နိုင်ရန် ခေတ္တခဏစိုက်ထုတ် ပေးထားလေ့ရှိသည်။ သို့ဖြစ်၍ အိမ်နီးနားချင်းများ တပျော်တပါးခေတ်ပေါ်ပစ္စည်းများလိုရာကို ဝယ်ယူသုံးစွဲကြသည်။ ကျွန်ုပ်တို့ ညီအစ်မကလည်း ဝယ်လာသမျှ အိမ်အလှဆင်ပစ္စည်းတို့ကို တစ်အိမ်နှင့်တစ်အိမ်ကူးကာ အလှဆင်ပေးရသည်ကို အထူးနှစ်သက်သည်။ ကြီးမေက သားသမီးများအစားရသည်ဟု ဝမ်းအသာဆုံး။ ကျွန်ုပ်တို့၏ အစ်ကိုများကိုလည်း သားများသဖွယ်ချစ်ခင်သည်။

ကျွန်ုပ်တို့အိမ်ခြံဝင်းအနောက်တွင်မူ သက်ကြီးရွယ်အို အဘိုးနှင့် အဘွားနှစ်ဦးကို အိမ်ထိန်း မိန်းမကြီးတစ်ဦးနှင့် သားသမီးများက ထားပေးသည်။ ကျွန်ုပ်တို့မိသားစုကိုလည်း အပ်ထားသည်။ သူတို့က ဝေးလံသောဒေသများတွင်တာဝန်ကျနေကြ၍ မကြည့်ရှုမစောင့်ရှောက်နိုင်။ ငွေကြေးသာ ထောက်ပံ့နိုင်ကြ

သည်။ တာဝန်သိတတ်မှုရှိ၍ ဖြေသာပါသည်။ အချို့သားသမီးများက ချမ်းသာပါလျက် မိဘများ အိုမင်းမစွမ်းချိန်တွင် စွန့်ပစ်ကြကြောင်းများ ဖတ်ရသောအခါ ရင်နာရပါသည်။ သွေးမတော်သားမစပ် စိတ်ထားမြင့်သူများက **'နာဂစ်ဆည်းဆာရိပ်'** ဟု ဖွင့်လှစ်ကာ ရောဂါကုသပေး၊ ကျွေးမွေးစောင့်ရှောက် ပြုစုပေးသည့်သတင်း ဖတ်ရသောအခါ စာနာတတ်သူတို့ စုပေါင်းပရဟိတ လုပ်ဆောင်မှုကို ဂုဏ်ယူဝမ်းမြောက်သာစုခေါ်မိပါ၏။ အဘိုးထွန်းနှင့် အဘွားမာ တို့၏ သားသမီးများကဲ့သို့ ကျေးဇူးဆပ်သင့်သည်။ အတုလဆရာတော် ခင်ကြီးဖျော် ဆုံးမသကဲ့သို့-

**'မိမိလက်ျာ ဘယ်မှာလက်ဝဲ အမြဲထမ်းလျက်**

**ရေးကပြုဖူး မွေးကျေးဇူးကို အထူးမြဲနိုင်**

**မဆပ်နိုင်တည့်'** ဟု သိထားသင့်ကြပါသည်။ မြတ်စွာဘုရားပင်လျှင် မိခင်နို့တစ်လုံးဖိုးသာ ကျေအောင်ဆပ်နိုင်ခဲ့ရကား လူသားတိုင်း မိဘကျေးဇူးကို တစ်ခွက်တစ်ဖလားဆပ်နိုင်ရန် ကြိုးစားသင့်ကြောင်း အိမ်နီးနားချင်း သက်ကြီးရွယ်အိုများကိုမြင်ကာ ဆင်ခြင်မိပါသည်။ ထိုအဘိုးအဘွား လိုအပ်သမျှကို ကျွန်ုပ်တို့ အိမ်နီးနားချင်းအားလုံးက ကူညီမစသည်။ **'ကျွန်ုပ်တို့လည်း တစ်နေ့ ဤသို့ အိုရဦးမည်'** ကို သတိတရနှင့် စားဦးစားဖျားများ၊ ပေါ်ဦးပေါ်ဖျားများ သီးနှံတို့ကို သွားရောက်ကျွေးမွေးပါသည်။ အဘိုးနှင့် အဘွားနှစ်ဦးလုံးပင် မိမိတို့ ခန္ဓာကိုယ်ကို ဆေးတက္ကသိုလ်သို့ လှူဒါန်းထားကြောင်းလည်း သိရသည်။ အနေတတ်၊ အသေမြတ်အောင် စိတ်ထားတတ်လှပါဘိဟု အတုယူမိသည်။

ကျွန်ုပ်တို့ ဘာသာရေး ခရစ္စမတ်ပွဲတော်ဆင်နွှဲချိန်တွင် အိမ်နီးနားချင်းအားလုံးလာရောက် ဝိုင်းဝန်းကာ အိုးသူကြီးလုပ်သူ၊ ပစ္စည်းငှားသူ၊ ပန်းကန်ခွက်ယောက်ဆေးကြောပေးသူ၊ အချိုပွဲနှင့် ဖရဲသီးလှီး ပြင်ဆင်ပေးသူ၊ ကြာဇံချက်ထုပ်များကို ရပ်ကွက်ရှိ ကလေးလူကြီးများအား ဝေပေးရာတွင် ကူညီမစသူအဖြစ် တာဝန်ယူပေးကြပါသည်။ တစ်ရပ်ကွက်လုံးက ကျွန်ုပ်တို့ အိမ်နီးနားချင်းတစ်စုကို နှီးကျူးအားကျကြသည်။ တိုက်ခန်းတွင်နေလာသော တရားသူကြီးဇနီးမောင်နှံကယခုကဲ့သို့ သစ်ပင်ရိပ်များနှင့် ဆွေရိပ်မျိုးရိပ်နှင့် အေးချမ်းပျော်ရွှင်စရာကောင်းလှသော အရိပ်များဖန်တီးပေးသည့် အိမ်နီး နားချင်းများနှင့် နေရခြင်းကြောင့် သေပျော်ပါပြီဟု ဆိုခြင်းကို ကျွန်ုပ်က အလွန်အကျုံပြောခြင်းဟု မထင်မိပါချေ။ ။

ညီညွတ်ခြင်းအကျိုး

- ❑ ညီညွတ်မှုရှိပါမှ အဖိုးတန်အကျိုးတရားများ ရရှိခံစားနိုင်ပုံ
- ❑ ညီညွတ်မှုစိတ်ဓာတ်အရေးပါပုံ
- ❑ တိရစ္ဆာန်လောကဖြင့်ပင် စည်းလုံးညီညွတ်စွာသွားလာနေထိုင်ကြပုံများ
- ❑ သက်မဲ့သစ်ပင်၊ ဝါးပင်များသည်ပင် စုစည်းစွာ ပေါက်ရောက်၍ လေပြင်းဒဏ်ကြံ့ကြံ့ခံနိုင်ပုံ
- ❑ စည်းလုံးညီညွတ်မှုကြောင့် အောင်မြင်မှုအကျိုးတရားခံစားရသော ထုံးပုံသာဓကများ၊ စကားပုံများ
- ❑ မိသားတစ်စုမှသည် နိုင်ငံအတိုင်းအတာ၊ ကမ္ဘာနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ခံစားရသော အကျိုးရလာဒ် ကောင်းများ။
- ❑ တစ်ဦးကောင်းတစ်ယောက်ကောင်းထက် စုပေါင်းညီညွတ်စွာ ဆောင်ရွက်လျှင် စွမ်းအားကြီးမားသော အကျိုးရလာဒ်ရရှိလာပုံများ

## ညီညွတ်ခြင်းအကျိုး

ညီညွတ်ခြင်းဟူသည်မှာ လူတစ်ဦးနှင့်တစ်ဦး စိတ်တူသဘောတူဖြင့် ညီညာဖြဖြ ကိစ္စတစ်ခုကို လက်တွဲဆောင်ရွက်ခြင်းဖြစ်သည်။ ညီညွတ်ခြင်း အကျိုးကား အလွန်အဖိုးတန်သည်။ **'ညီညွတ်ခြင်းသည် အင်အား'** ဟုဆိုထားသည်။ ညီညွတ်မှုမရှိက အင်အားမရှိနိုင်၊ သို့ဆိုက ရည်ရွယ်ရာပန်းတိုင် ရောက်နိုင်မည် မဟုတ်ပါ။ ညီညွတ်မှ လိုရာရောက်နိုင်မည်။

နွားလှည်းတစ်စီး လိုရာခရီးပန်းတိုင် အရောက်လှမ်းနိုင်ဖို့ဆိုက နွားနှစ်ကောင် ညီညီညွတ်ညွတ် ရုန်းမှသာဖြစ်မည်။ တစ်ကောင်က အရှေ့၊ တစ်ကောင်က အနောက်လှမ်းနေက လိုရာပန်းတိုင်သို့မရောက်နိုင်။ ညီညွတ်ခြင်းအကျိုးရဖို့ရန် စိတ်အကြံတူမှုဖြစ်မည်။ နွားနှစ်ကောင်လုံး ဦးတည်ချက်တူရာ ညီညာစွာရုန်းပါမှ လိုရာခရီးကို မကြန့်ကြာဘဲ ရောက်နိုင်မည်။ တစ်ကောင်ကတစ်မျိုး၊ နောက်တစ်ကောင် တစ်ဖုံဆိုလျှင် လှည်းမှောက်၍ ဒုက္ခရောက်ရုံသာ။ ကြိုးစားမှုလည်း အရာထင်လိမ့်မည်မဟုတ်။ ထို့အတူ တစ်ဘက်နှင့်တစ်ဘက် အနိုင်ရရှိရေး လွန်ဆွဲကြရာတွင်လည်း ညီညွတ်ခြင်းအင်အားကို တစ်စုတစ်ရုံးတည်း အသုံးပြုနိုင်မှသာ

တစ်ဘက်ကို အနိုင်ရရှိနိုင်မည်။ သူက ညာယိမ်း၊ ကိုယ်က ဘယ်တိမ်းဆိုက အလဲလဲအပြိုပြိုဖြစ်ကာ ညီညာစွာဆွဲသူလက်ထဲ မိမိတို့အလိုက်သင့်ပါသွားကြ၍ ရှုံးနိမ့်မည်မှာသေချာသည်။ ထို့အတူ လှေပြိုင်ပွဲ ဆင်နွှဲကလည်း ညီညီညွတ်ညွတ်ဖြင့် စိတ်ဓာတ်ကြံ့ခိုင်ကာ အနိုင်မခံ အရှုံးမပေးဘဲ တက်ညီလက်ညီ လှော်ခတ်သူတို့သာ အောင်ပန်းကိုဆွတ် လှမ်းနိုင်ဖို့သေချာသည်။ ညီညွတ်မှုမရှိက လမ်းခုလတ်တွင်ပင် စိတ်ဓာတ်ပျက်ပြား ရှုံးနိမ့်သွားမည်ဖြစ်သည်။

လူမဆိုထားဘိ။ တောရိုင်းတိရစ္ဆာန်များသည်ပင် ရန်သူဝင်ရောက် မဖျက်ဆီးရေးအုပ်စုလိုက် ညီညွတ်စွာသွားလာကြသည်။

**'နွားကွဲက ကျားဆွဲသည်၊ နွားကွဲက ကျားကိုက်သည်။'** သို့ကြောင့် စုပေါင်းသွားလာခြင်းဖြင့် ညီညွတ်မှုအင်အားကိုပြက ရန်သူက ကြောက်ရွံ့ကာ ဝင်မဆွဲရဲ၊ မကိုက်ရဲ၊ ညီညွတ်မှုကြောင့် လုံခြုံကာဘေးကင်းမည်မှာ သေချာသည်။ စိတ်ထင်တိုင်း တစ်ကောင်တည်းသွားလာနေက ဘေးအန္တရာယ်ကျ ရောက်မည်မှာ သေချာသလောက်ပင်။ သို့ကြောင့် စုပေါင်းညီညာလက်တွဲကာ ရန်ကိုကာကွယ် ရမည်။ တစ်ယောက်အားနှင့်မရက တစ်သောင်းအားနှင့်ကြိုးစားလျှင် ရနိုင်ပေမည်။ သစ်ပင်များဆိုလျှင်လည်း တစ်ပင်တည်း ထီးထီးမားမား တကွဲတပြား ပေါက်နေ သော အပင်ဆိုလျှင် သဘာဝဘေးဒဏ်ကို ပိုမိုခံရကာ ဝေမျှခံမည့်အပင်မရှိ၍ ယိုင်နဲ့ ပြိုလဲပျက်စီးရသည်။ အကယ်၍ညီညီညာညာ စုစုရုံးရုံးပေါက်နေက အင်အားကြီးမား သည့် သစ်တောအဖြစ်နှင့် အပင်ပေါင်းများစွာက ခုခံစုရုံး ကာကွယ်သည့်အလားဖြစ်နေ၍ သက်သာရာရရှိသည်။ အပင်တိုင်း လေပြင်းမုန်တိုင်း ဒဏ်ကိုပင် စုစည်းညီညာမှုဖြင့် တွန်းလှန်နိုင်ရကား ယိုင်နဲ့ပြိုလဲပျက်စီးခြင်းမရှိ။ လေဒဏ်မိုးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခြင်း ကိုကြည့်ကာ ညီညွတ်ခြင်းသည် အင်အားဖြစ်ကြောင်း နားလည်ရသည်။

ကလေးငယ်များ ညီညွတ်ခြင်းအကျိုးကို ငယ်စဉ်ကပင် နားလည်စေရန် အိုးက မြေးသုံးယောက်အား ထင်းစည်းတစ်စည်း ချိုးခိုင်းသည့်ပုံပြင်ကို ပထမ တန်းတွင် သင်ကြားခဲ့ရသည်။ ထင်းကို အစည်းလိုက် မည်သူမျှမချိုးနိုင်၊ စုစု စည်းစည်း ညီညီညာညာ စုပေါင်းနေက မည်သည့်ရန်သူကမျှ လာရောက်ဖျက်ဆီး၍ မရ။ ထင်းစည်းကိုဖြေ၍ တစ်ချောင်းချင်းချိုးက ကျိုးလွယ်ကြောင်း သာဓကပြ၍ ဆုံးမထားသည်။ သေအတူရှင်မကွဲ စည်းလုံးခြင်းက အောင်ပွဲရနိုင်သည်။ တစ်ဖက် က အင်အားမည်မျှပင် ကြီးမားငြားလည်း စိတ်ဓာတ်ညီညွတ်စွာဖြင့် ညီညာဖြဖြ

တိုက်ခိုက်ကြလျှင် အောင်မြင်နိုင်ကြောင်းကို **'နောင်ရိုးတိုက်ပွဲ'** က ဖော်ပြသည်။ ညီညွတ်စုစည်းမှုမရှိက များပြားသော စစ်သည်ပင် ဖြစ်လင့်ကစား တကွဲတပြားနှင့် စိတ်ဓာတ်အင်အားပျက်ပြားကာ ရှုံးနိမ့်သွားနိုင်သည်။ ခေါင်းဆောင်ကိုယ်တိုင်က အရေအတွက်ကိုမမှု အရည်အချင်းကိုသာ ဂရုပြု၍ စိတ်ဓာတ်ခိုင်မာက အောင်မြင်မှု ရနိုင်သည်မှာ စည်းလုံးညီညွတ်ခြင်း၏ အကျိုးပေတည်း။ လက်နက်အင်အား လူအင်အားကို မနှိုင်းယှဉ်သာသော်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်းအားလုံး၏ ညီညွတ်ခြင်းအကျိုးကြောင့် လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းနိုင်ခဲ့သည်။

ဖက်ဆစ်ဂျပန်၊ အင်္ဂလိပ်နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ကြရာ၌ ကချင်က ငါ့ကားငါစီး မြစ်ကြီးနား ရောက်ရောက်၊ ကယားက ငါ့မြေငါထောက် မော်ချီးရောက်ရောက်၊ ကရင်က ငါ့လှေငါလှော် ဘားအံရောက်ရောက်၊ ချင်းက ငါ့ဂျစ်ငါစီး တီးတိန်ရောက်ရောက်၊ ရှမ်းက ငါစက်လှေငါမောင်း အင်းလေးစောင်း ရောက်ရောက်၊ ရခိုင်ကလည်း ငါ့လှေမှာငါဦးစီးပဲ သံတွဲရောက်ရောက်၊ မွန်က လည်း ငါ့ဆိုင်ကယ်ငါထိုင် ဘယ်သူနှင့်မျှမဆိုင်....' ဟုသာ တစ်ယောက်က တစ်မျိုး၊ တစ်ဦးက တစ်ဖုံ၊ နောက်တစ်ယောက်က တစ်သွယ်နှင့် ဦးတည်ရာ တူညီမှုမရှိ လက်တွဲဖြုတ်ကာ မညီမညွတ်ဖြစ်နေကြလျှင် အဘယ်မှာလွတ်လပ်ရေး ပန်းကို ဆင်မြန်းနိုင်ပါမည်နည်း။ ညီညီညွတ်ညွတ်နှင့် လွတ်လပ်ရေးပန်းကို ဆွတ်ခူး ဆင်မြန်းနိုင်ရေး လက်တွဲညီညာမှ ရနိုင်မည်။ တစ်စိတ်တစ်ဝမ်းတည်းနှင့် အများ ဆုံသော လှေကြီးပေါ်တွင် အတူတကွ တစ်လှေထဲစီး၊ တစ်ခရီးတည်းသွားမှသာ လိုရာကိုရောက်နိုင်မည်။ မခိုမကပ် တက်ညီလက်ညီ လှော်ခတ်ကြပါမှ ခရီးပန်းတိုင် ကို လှမ်းနိုင်မည်။ အေးအတူပူအမျှ ညီညွတ်စည်းလုံးကြမှသာ အောင်ပန်းကိုဆင်မြန်း နိုင်ပေလိမ့်မည်။ လှေစီးရင်းမှ စိတ်ဝမ်းကွဲကာ လှေဝမ်းကို ထိုးဖောက်မည့်သူ ကောက်ကျစ်စိတ်ထားမရှိပါမှ စိတ်အေးချမ်းသာ လှော်ခတ်နိုင်မည်။ အန္တရာယ် ကြုံလာသမျှကို စည်းလုံးညီညာစွာ တိုက်ဖျက်တွန်းလှန်နိုင်မှသာ လိုရာကို ရောက်နိုင်မည်။ ညီညာမှ ပြည်သာမည်။ ညီညွတ်ခြင်းတန်ဖိုးကို နားလည်မှ လိုရာရနိုင်မည်။ ဘာသာမတူ၊ လူမျိုးကွဲပြားလည်း ကိုယ့်တိုင်းပြည်အတွက် တက်ညီ လက်ညီ ဆောင်ရွက်နိုင်ရေး တစ်ဦးနှင့်တစ်ဦး လေးစားရမည်။ ညီညွတ်မှုကို အရင်းခံက မည်မျှပင်အင်အားကြီးမားစေကာမူ အနိုင်ယူနိုင်သည်သာ။ ဘီလုံး

ငှက်မလေး၏ သားငယ်များကို နင်းချေပစ်သော ဆင်ဆိုးကြီးအား သေးငယ်လှသည့် ဘီလုံးငှက်မလေး၊ ယင်ကောင်နှင့်ဖားတို့ လက်တွဲညီညာ စုစည်းကာ ဖြိုဖျက်ခြင်းကြောင့် ကြီးမားလှသော ဆင်ဆိုးကြီး ချောက်ထဲကျ၍ သေပွဲဝင်ခဲ့ရသည့် သာဓကက ညီညွတ်မှု၏အကျိုးကျေးဇူးကို ဖော်ပြနေခြင်းပင်။ ထို့အတူ ဉာဏ်များလှသော မုဆိုးအား သမင်၊ လိပ်၊ ခေါက်ရှာငှက်တို့ တူညီစွာ လက်တွဲတိုက်ခိုက်နိုင်၍ အသက်ဘေးမှ လွတ်မြောက်ခဲ့ရပုံကိုထောက်ကာ ညီညွတ်မှုသည် အင်အားဟု နားလည်ထားကြရမည်ဖြစ်ပါသည်။

ဟင်္သာကိုးသောင်းသည် ဂူဝဠ်ပိတ်နေသော ပင့်ကူကြီးကို တွန်းလှန်တိုက်ခိုက်ဖို့မတွေး၊ ဇာတ်တူသားကိုစားကာ ကိုယ်ဝမ်းဝရေးသာကိုယ် ဦးစားပေးခဲ့သည့်အတွက် အားလုံးအသက်ဆုံးရှုံးခဲ့ရသည်။ အကယ်၍သာ ဟင်္သာအားလုံး စုစည်းညီညာလက်တွဲတွန်းလှန်က ပင့်ကူကိုနိုင်မည်ဖြစ်ငြားလည်း စည်းလုံးမှုမရှိ၍ အားလုံး သေကျေခဲ့ရသည်။ မုဆိုး၏ ပိုက်ကွန်အောက်၌ မိနေသော ငုံးပေါင်းမြောက်မြားစွာသည် စိတ်တူညီညာအားလုံးစုရုံး၍ တစ်ပြိုင်နက် ရုန်းကြသည့်အတွက် မုဆိုး၏လက်မှလွတ်မြောက်ကာ ချမ်းသာရာရခဲ့ကြသည်။ တစ်ယောက်အားဖြင့် ယူသော်မရ တစ်သောင်းအားဖြင့် ယူကြမည်သာ။

စုပေါင်းဆောင်ရွက်ရမည့် ကျောင်းများတွင် ကျောင်းသားများ ညီညီညွတ်ညွတ် စုစုစည်းစည်း တညီတညာ **'တစ်ယောက်တစ်လက် ကျောင်းသားလက်'** ဟူ၍ အင်အားပြနိုင်ခြင်းကြောင့် ကျောင်းကြီး အလှကျက်သရေတိုးသည်။ **'တစ်ယောက်တစ်ပင် ရှင်သန်အောင်'** တပျော်တပါးစုစည်းစိုက်ပျိုးထား၍ ကျောင်းဝန်းကျင်တွင် စိမ်းလန်းစိုပြည် ရောင်စုံပန်းတွေ ဝေနိုင်ခြင်းပင်။ ညီညွတ်ခြင်းသည် အင်အားဟု ဖော်ကျူးနိုင်ခြင်းကြောင့် အားကစားပွဲများတွင်လည်း အနိုင်မခံအရှုံးမပေး။ အောင်ပွဲရယူနိုင်ခဲ့သည်။ အလုပ်သမားများသည်လည်း တာဝန်ကိုယ်စီကျေပွန်ကြခြင်းကြောင့် ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားလာကာ နိုင်ငံအကျိုးသယ်ပိုးနိုင်ကြခြင်းပင်။ လယ်သမားများသည်လည်း တစ်ဦးကောင်း၊ တစ်ယောက်ကောင်း စိတ်မထား။ စုပေါင်းဆွေးနွေးကာ စိုက်ပျိုးရေး ပညာရှင်များ၏ အကြံပေးချက်များကို တစ်သဝေမတိမ်းလိုက်နာကာ စိုက်ပျိုး၍ တစ်သီးစားမှ နှစ်သီးစား။ နှစ်သီးစားမှ သုံးသီးစား၊ သီးထပ်သီးညှပ် စိုက်ပျိုးလာနိုင်ကာ တိုင်းပြည်ဝမ်းစာ ဖူလုံရုံမက ပိုလျှံလာနိုင်ခဲ့ခြင်းပင်။ ညီညွတ်ခြင်းအကျိုးဆက်ကား မိသားစုအတွက် သာမက

နိုင်ငံအတွက်ပါ အရေးပါအရာရောက်လှသည်။ စစ်သားများလည်း တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ရန်သူကိုမနိုင်နိုင်။ ပူးပေါင်းကာစုစည်း၍ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဖြင့် နာခံတိုက်ခိုက်မှသာ ရန်သူ၏အင်အားကို ထိုးဖောက် အနိုင်ယူနိုင်မည်ဖြစ်သည်။ အိမ်တစ်အိမ်တွင်လည်း ဖခင်က တစ်မျိုး၊ မိခင်က တစ်သွယ်၊ သားသမီးများကလည်း ညီညွတ်မှုမရှိ ငါတကောကောနေက ထိုအိမ်သည် သာယာအေးချမ်း ဝပြောနိုင်မည်မဟုတ်။ မိသားစုအားလုံးညီညာစုစည်း တစ်စိတ်တစ်ဝမ်းတည်းရှိမှ အိမ်သည် သာယာမှုအပေါင်း ခညောင်းနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင်လည်း အချင်းချင်း အပုပ်ချ၊ ငယ်ကျိုးငယ်နာဖော်ကာ စိတ်ဝမ်းကွဲပြားအောင်ပြုမူနေထိုင်ကြလျှင် စိတ်ဓာတ်များပျက်ပြားကာ စည်းလုံးမှုပြိုကွဲ၍ တစ်ပါးသော နိုင်ငံများက လာရောက်လွှမ်းမိုးသွားနိုင်သည်။ အချင်းချင်း စုစည်းညီညာ၊ အကောင်းအဆိုး၊ အကြောင်းအကျိုး ဆွေးနွေးပြီးသကာလ အမှားကိုမြင်၊ အမှန်ပြင်ဖို့ကြိုးစားမှသာ နိုင်ငံကောင်းစားနိုင်မည်။ သူတစ်လူ ငါတစ်မင်းနှင့် ထစ်ခနဲရှိ ဆူကြ၊ ပူကြ၊ ဖျက်ကြဆီးကြဆိုက နိုင်ငံပျက်စီးသွားနိုင်သည်။ ညီညွတ်ခြင်းသည် အင်အားဖြစ်၍ ညီညွတ်ဖို့ ကြိုးစားသင့်သည်။ ညီညွတ်မှု မရှိက အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ အချည်းနှီးသာဖြစ်ပေလိမ့်မည်။

ပျားများညီညွတ်ခြင်းကြောင့် ပျားလပို့တွင် ပျားရည်မပြတ်၊ ပုရွက်ဆိတ်များညီညွတ်၍ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းအတွက်မဟုတ် အားလုံးအတွက် စုပေါင်းအစာရှာကာ အားလုံးမျှတ စားသောက်ကြ၍ စည်းလုံးမှုအကျိုး ခံစားရသည်။ **'တစ်စက်ကျများ ပြည့်သောလားသို့ ပျား၏နည်းထုံး မှတ်ကျင့်သုံး၍ ခြပုန်းတောင်ပို့ ဖို့သည်ခြင်းရာ'** ကဲ့သို့ စုပေါင်းညီညာ ဝိုင်းဝန်းဆောင်ရွက်ကြပါမှ အောင်မြင်မှုရရှိနိုင်ပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးလောင်က စုစည်းညီညာ သွားရောက်ငြိမ်းသတ်ပေးကာ မီးကိုအနိုင်ယူနိုင်သည်။ ညီညွတ်ခြင်းမရှိက မည်သို့မျှ မငြိမ်းသတ်နိုင်။ တစ်ဦးနှင့်တစ်ဦး အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ကြ၍သာ မီးကိုနိုင်အောင်ငြိမ်းသတ်နိုင်သည်။ အဆောက်အအုံတစ်ခု ဆောက်လုပ်ရာတွင်လည်း အင်ဂျင်နီယာကြီးတစ်ဦးတည်းနှင့် မရနိုင်ပါ။ ပန်းရံ၊ လက်သမား၊ အုတ်စီ၊ မြေကြီးတူးမှအစ အားလုံးတက်ညီလက်ညီ စုပေါင်းဆောင်ရွက်ကြမှသာ ခိုင်ခံ့သော အိမ်ရရှိနိုင်မည် ဖြစ်သည်။ ကိုယ်ထင်ရာ ကိုယ်စိုင်း၊ တစ်ယောက်တစ်ပေါက်ဖြစ်နေက ကန့်သတ်ချိန်တွင်း မပြီးစီးရုံမက ပြီးပြန်ပါကလည်း အရည်

အသွေး ညှံ့ဖျင်း၍ ကောင်းနိုင်မည်မဟုတ်။ မကြာသောကာလတွင်ပင် ပြိုကျပျက်စီးနိုင်ရကား ဆောက်လုပ်သူများ စီးပွားရေး ပျက်ပြားသွားနိုင်သည်အထိ အကျိုးဆုတ်ယုတ်ခြင်းကို ကြုံတွေ့ရမည်ဖြစ်သည်။

အိဘိုလာကူးစက်ရောဂါကြီးဖြစ်ပွားရာ ကမ္ဘာနှင့်အဝှမ်း လူသားအားလုံး ကြောက်ရွံ့သည်။ ကမ္ဘာ့အရပ်ရပ်ရှိ ဆရာဝန်အမြောက်အမြား၊ သူနာပြုများ၊ သုတေသီများ၊ သက်ဆိုင်ရာ ဆေးပညာအဖွဲ့အစည်း၊ ကုလသမဂ္ဂအပါအဝင် အဖွဲ့အစည်းများအားလုံး စုပေါင်းလက်တွဲကာ ဤရောဂါဆိုးကြီးကို တိုက်ဖျက်နိုင်ရေး ကြိုးစားခဲ့ကြသည်။ စုပေါင်း၍ ရပ်တန့်သွားနိုင်ရေး ကြိုးပမ်းကြသည်။ ငါတို့နှင့် ဝေးသည်၊ ငါတို့နှင့်မဆိုင်ဟု လျစ်လျူရှုမထား။ စာနာစိတ်နှင့် စုပေါင်းညီညာဖြေရှင်းဖို့ ကြိုးစားကြရာ ယခုအခါ ကူးစက်မှု ယခင် ၃၀၀ကျော်မှ ယခု ၁၀ဦးထိ လျော့နည်းသွားပြီဟု သိရသည်။ ဤသည်ကား ညီညွတ်ခြင်းအကျိုးကို ခံစားရရှိနိုင်ခြင်းပေတည်း။

သို့ကြောင့် မည်သို့သော ကိစ္စကိုမဆို တစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် ကြိုးစားနေခြင်းထက် လူသားအားလုံးသည် စုစည်းညီညာလက်တွဲကာ ဖြေရှင်းသင့်သည်။ **'တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏။'** အောင်မြင်မှုကို ရယူပိုင်ဆိုင်နိုင်မည့်အရေး **'ညီညွတ်ခြင်းသည် အင်အား'** ဟူသော စိတ်ဓာတ်များထားရှိဖို့ လိုအပ်လှသည်။ ညီညွတ်ခြင်းအကျိုးကား တန်ဖိုးအနန္တ ထိုက်တန်လှကြောင်း သိထားသင့်ကြပေသည်။ ။

အလှဝေဖြာပြည်မြန်မာ

- ❑ လှပသောမြန်မာနိုင်ငံ၏သဘာဝအလှ
- ❑ ထိုအလှအပများ မြန်မာပြည်အနှံ့ဝေဝေဆာဆာရှိပုံ
- ❑ ဘုရားပုထိုးအလှ၊ ကမ်းခြေအလှ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံအလှ စိတ်ထားအလှ
- ❑ မိမိအမြင်

## အလှဝေဖြာပြည်မြန်မာ

မြန်မာနိုင်ငံသည် အနောက်ဘက်တွင် အိန္ဒိယ၊ အရှေ့ဘက်တွင် တရုတ်နိုင်ငံ အင်အားကြီးနှစ်နိုင်ငံကြားတွင် 'ခြေတစ်ချောင်းထောက် ဒေါင်းမပျို့လေးနှယ်' တင့်တင့်တယ်တယ် ကြွားကြွားဝင့်ဝင့်တည်ရှိပါသည်။ အင်အားကြီး နှစ်နိုင်ငံကြားတွင် တည်ရှိသော်လည်း မိမိ၏အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်သောနိုင်ငံဖြစ်ပါသည်။

'မြန်မာမှန်လျှင် ပုဂံကိုရောက်ဖူးရမည်' အဆိုအတိုင်း ကျောက်ပန်းတောင်းမြို့၏ မိုင် ၃၀ အကွာသာရှိသော ပုဂံသည် ရှေးဟောင်းစေတီပုထိုး ဗိသုကာလက်ရာများကြောင့် မြန်မာနိုင်ငံသားများသာမက နိုင်ငံခြားသားများကိုဆွဲဆောင်နိုင်သော နေရာဖြစ်ပါသည်။ ပုဂံကိုစတင်ဝင်ရောက်ရသည့် သရပါတံခါးမှစ၍ နေရာတိုင်းမှာ စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများကို တွေ့ရှိရသဖြင့် မုဆိုးမပင် ဘုရားတည်နိုင်သည်အဆိုကို ထောက်ခံမိစေပါသည်။ ရှေးမြန်မာများ၏ ဂုဏ်ယူစရာ ဗိသုကာပညာစွမ်းကို ပြသနေပါသည်။ အနုမှာအာနန္ဒာ၊ အလှမှာ ရွှေစည်းခုံ ဉာဏ်မှာ သဗ္ဗညု၊ ထုမှာဓမ္မရံဆိုသည့်အတိုင်း လက်ရာပြောင်မြောက်အသေးစိတ်ပုံကို ကမ္ဘာက အသိအမှတ်ပြုထားပါသည်။ နိုင်ငံခြားသားများက ကမ္ဘာ့တွင်မရနိုင်သော ခံစားမှုဖြစ်သော နေဝင်၊ နေထွက်ချိန် ရှုခင်းကို ပုဂံတွင်ကြည့်ရှု၍ အပန်းဖြေအနားယူကြပါသည်။

မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ တောင်ပိုင်းတွင်တည်ရှိ၍ ရေမြေ၊ တောတောင်၊ ရာသီဥတု ကောင်းမွန်သောပြည်နယ်ဖြစ်ပါသည်။ မွန်ပြည်နယ် ကျိုက်ထိုမြို့မှ ကင်ပွန်းစခန်းသည် ၉မိုင်ကွာဝေးပြီး ၎င်းမှကျိုက်ထီးရိုးတောင်သို့ ကားဖြင့်

သွားရောက်နိုင်ပါသည်။ တချို့သော ပြည်တွင်းခရီးသွားများက တောင်တက်သည့် အရသာကိုခံစားလိုရာ ခြေလျင်တက်ကြပါသည်။ ကျိုက်ထီးရိုး ဘုရားစေတီသည် တောင်ကုန်းအစွန်းပေါ်တွင် ကြက်မဝပ်စာခန့်တည်ရှိပြီး လဲပြိုခြင်းမရှိ၍ ကမ္ဘာ့ အံ့ဖွယ် တစ်ခုအနေဖြင့် ပါဝင်ပါသည်။

ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာနှင့် စစ်တောင်းကျေးရွာ အနီးတွင် စစ်တောင်းတံတားဟောင်း ရှိပါသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များက ဗုံးကြဲဖျက်ဆီးခဲ့ရာ ယနေ့တိုင်ရေလယ်တိုင်များ ကျန်ရှိနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ၄င်းတံတားသို့ နှစ်စဉ်ဂျပန်လူမျိုးအများအပြား လာရောက်လေ့လာ လည်ပတ်ကြပါသည်။

သံဖြူဇရပ်မြို့သည် မော်လမြိုင်မြို့မှ မိုင် ၄၀အကွာတွင်တည်ရှိပြီး ထိုမြို့တွင် ဂျပန်ခေတ် သေမင်းတမန် မီးရထားလမ်း၊ စစ်သင်္ချိုင်း၊ မုဒုံကန်၊ စက်စဲကမ်းခြေ၊ ကျိုက္ကမီရေလယ်ဘုရားတို့မှာ ထင်ရှားပါသည်။

ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၈၀အမြင့်တွင် အင်းလေးကန်တည်ရှိပါသည်။ အင်းလေးကန်သည် ကုန်းတွင်းရေအိုင်ကြီးများအနက် ဒုတိယအကြီးဆုံး ရေအိုင်ဖြစ်ပြီး အာဆီယံ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရသော ကျော်ကြားလှသည့် သဘာဝရေအိုင်ဖြစ်ပါသည်။ တန်ခိုးကြီးဘုရားများ၊ ထူးခြားသောရေလည်မှာ ရေပေါ်ကျွန်းမျောစိုက်ခင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ရေတိမ်ဒေသ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများတည်ရှိမှုကြောင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့အပြားမှ ခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်သော ရေအိုင်ကြီးလည်းဖြစ်ပါသည်။ အိမ်ကိုမြေမှာမဆောက် ရေတွင်ဆောက်၍ လှေကို လက်ဖြင့်မလှော်၊ ခြေဖြင့်လှော်သောဓလေ့မှာ ထူးခြားဆန်းပြားလှပါသည်။ တောင်ကြီး မီးပုံးပျံလွှတ်ပွဲမှာ မြန်မာနိုင်ငံသားများသာမက ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ပါသည်။

မြန်မာနိုင်ငံ၏လုပငေဆာမှုတွင် ကမ်းခြေ၏လှပသာယာမှုကိုမထည့်ပါက ပြည့်စုံမှုရှိမည်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် ပုသိမ်၌ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ထားဝယ်တွင် မောင်းမကန်ကမ်းခြေ၊ ရခိုင်ပြည်နယ် ငပလီကမ်းခြေ၊ မွန်ပြည်တွင် စက်စဲကမ်းခြေ အလှအပများရှိကြပါသည်။

ချောင်းသာကမ်းခြေသည် ရန်ကုန်မြို့နှင့်အနီးဆုံး ၁၄၈မိုင်သာ ကွာဝေးသဖြင့် လူသွားများလှသော ကမ်းခြေဖြစ်ပါသည်။ ကမ်းခြေတွင် အပန်းဖြေဆော့ကစားနိုင်သလို ကျောက်ဖြူကျွန်းနှင့် သဲဖြူမောင်နှမကျွန်းများသို့ သွားရောက်လည်ပတ်နိုင်ပါသည်။

ငွေဆောင်ကမ်းခြေ၏ရေသည် ကြည်လင်သန့်ရှင်း၍ လေကောင်းလေသန့်များစွာ ရရှိသောကြောင့် ပြည်တွင်းခရီးသွားထက် ပြည်ပခရီးသွားများက ပိုမိုလည်ပတ်ကြပါသည်။

မြန်မာနိုင်ငံအနောက်တောင်ဘက် ရခိုင်ပြည်နယ် သံတွဲမြို့တွင် ငပလီကမ်းခြေရှိပါသည်။ ကမ်းခြေ၏အရှည်မှာ ၈မိုင်ခန့်ရှည်လျားပါသည်။ ငပလီကမ်းခြေအနီးတဝိုက် ပုလဲကျွန်း၊ သဲဖြူကျွန်းများကို လှေနှင့်သွားရောက်ရာ လှေဖြင့်ရေအောက်ရှိ သန္တာကျောက်တန်းနှင့် အရောင်အသွေးစုံသောငါးများကို ကြည့်ရှုနိုင်ပါသည်။ ။

သစ်ပင်စိုက်ပျိုးအလှတိုး

- သစ်ပင်ပန်းမာန် စိုက်ပျိုးခြင်းဖြင့် ပြည်ရွာတခွင်အလှဆင်နေပုံ
- အုပ်ချုပ်သူအကြီးအကဲကလည်း အားပေးနေပုံ
- သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုကိုထိန်းသိမ်း၍ စားနပ်ရိက္ခာတိုးပုံ
- သစ်ပင်စိုက်ခြင်းအကျိုး သစ်ပင်ခုတ်ခြင်းအပြစ်
- ပြည်ရွာအလှတိုးရန် သစ်ပင်စိုက်ပျိုးမှုသာအခြေခံဖြစ်ပုံ

## သစ်ပင်စိုက်ပျိုးအလှတိုး

တိုင်းပြည်တစ်ပြည်၏ အလှအပမှာ သစ်ပင်ပန်းမန်များဖြင့် ပန်းရ လှပ တင့်တယ်ခြင်းပင် ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ချယ်ရီပန်း၊ မလေးရှားတွင် အော်ကိဒ်၊ မြန်မာနိုင်ငံတွင် ပိတောက်ပန်းတို့ပင်ဖြစ်ပါသည်။

လူသားတို့သည် 'စားလို့ရတာအကုန်စိုက်' ဟူသော ဆောင်ပုဒ်နှင့်အညီ အိမ်နောက်ဖေးချေးဆိုင်တည်ခြင်းဟူသော စားပင်၊ သီးပင်များကို စိုက်ပျိုးကြပါသည်။ တစ်ဖန် မျက်စိပသာဒဖြစ်စေရန် ပန်းမန်သစ်ပင်များ စိုက်ပျိုးကြပါသည်။

ရှေးက အိုင်ချင်းတစ်ပုဒ်တွင် လုံမပျိုက သူမ၏အိမ်ကိုညွှန်းရာ၌

**အိမ်ရှေ့တွင် အုတ်ပလ္လင်နှင့် ညောင်ပင်နှင့်**

**အိမ်နောက်ကမူ မိဿလင်နှင့် ချင်းပင်နှင့်**

ဟူ၍ ညွှန်းပါသည်။ ထို့ကြောင့် မိမိအိမ်ဝန်းကျင်လှပသာယာစေရန် သစ်ပင်စိုက်ပျိုး သော အလေ့အထ ရှေးကပင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

သစ်ပင်စိုက်ပျိုးအလှတိုးရန်ဆောင်ရွက်ခြင်း ရှေးဘုရင်များလက်ထက်က ပင် ဖြစ်ပါသည်။ မြေလွတ်မြေလပ်များကို ခုတ်ထွင်ရှင်းလင်းရာ မြေကျက်အဖြစ် စိုက်ပျိုးကြပါသည်။ ဆန်ရေစပါးကြွယ်ဝကြစေရန်ရည်သန်ရာ ဘုရင်ကိုယ်တိုင် လယ်ထွန်မင်္ဂလာကျင်းပ၍ ထွန်ယက်စိုက်ပျိုးကြပုံကို

**ယမထာ ရွှေကြိမ်လုံးရယ်နဲ့**
**ထွန်တုံးကိုတဲ့ ခြေတော်တင်**
**နွားကြန်စုံရှင် ပျိုးခင်းကိုဝင်**
**ကောင်းကင်က ရွှေပိန်ညင်းရယ်**
**မိုးခေါ်၍ဆင်း**

ဟူသော လယ်ထွန်မင်္ဂလာသီချင်းက သက်သေခံနေပါသည်။

'ဥတုရာသီတောကိုမီ၏' ဟူသောဆောင်ပုဒ်နှင့်အညီ သစ်တော၊ သစ်ပင်တို့သည် ရာသီဥတုကိုထိန်းသိမ်းနိုင်၍ စားနပ်ရိက္ခာ ပေါကြွယ်ဝလှပါသည်။ ငါးစီးရှင်ကျော်စွာ၏ မြင်စိုင်းရွှေပြည် ကာချင်းတွင် ယာဆီမြေကောင်း၊ ကျွဲသည့်ပြောင်း၊ မနှောင်း မုည့်ဆောလွယ်၊ မုည့်ဆောလွယ်၊ ခါနှင့်ဘုတ်ချိုး၊ ကြက်တောမျိုး၊ လိုစိုးကျက်မြေကျယ် ကျက်မြေကျက် မြေကျယ်အဖွဲ့ကဲ့သို့ မြေဆီသြဇာကောင်းခြင်းမှာ ရာသီအလိုက် နွေရာသီတွင် သင်းခွေပန်း၊ မိုးရာသီ ကင်ပုန်းပန်း၊ ဆောင်းရာသီ ခွာညိုပန်းများ ပွင့်သောကြောင့် ဖြစ်ပါသည်။ သစ်တောသစ်ပင် ပင်စည်ကိုအိမ်၊ အသီးအပွင့်ကို အစားအစာ၊ အဝတ်အထည်များကို ဖန်တီးပေးပါသည်။

သို့သော် လူတို့တီထွင်ထားသော လက်နက်၊ အင်ဂျင်မော်တော်ကားစက်ရုံများမှ ထုတ်လွှင့်သော ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အဆိပ်ဓာတ်ငွေ့များသည် လေထုကဲ့သို့ရောက်ရှိလာသည်။

ထိုကာဗွန်ဒိုင်အောက်ဆိုဒ်သည် ကမ္ဘာကြီးကိုပူနွေးစေသော ဖန်လုံအိမ်ဓာတ်ငွေ့ ဖြစ်ပေါ်လာသည်။ ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၀ရာခိုင်နှုန်း လွှမ်းမိုးသောသစ်တောနှင့် သစ်ပင်အားလုံးသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အဆက်မပြတ်စုပ်ယူပေးခြင်းဖြင့် ကမ္ဘာမြေကြီး၏ အဆမတန်ပူနွေးခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

တဖန်သစ်ပင်တို့သည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုတ်ယူပြီး အောက်ဆီဂျင်ကို ပြန်ထုတ်လွှင့်ပေးသည်။ သစ်ပင်က ထုတ်လွှင့်သောရေငွေ့ကို လေထုကစုပ်ယူပြီး မိုးအဖြစ်ပြန်လည်ရွာသွန်းပေးသည်။ သစ်ပင်သစ်တောသည် ရေသံသရာလည်ခြင်းကို အဓိကအခန်းကဏ္ဍက အကျိုးပြုသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ်သတ်မှတ်ရာ သစ်ပင်စိုက်ပျိုးပွဲများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြိမ့်ခြိမ့်သဲသဲကျင်းပလျက်ရှိသည်။ စိုက်ပျိုးရေးဌာနကလည်း ပျိုးပင်များစွာကိုဖြန့်ဝေ၍ နေရာအနှံ့စိုက်ပျိုးစေသည်။

ထို့ပြင် တက္ကသိုလ်ဖွင့်ပွဲ၊ အဆောက်အအုံပန္နက်ချပွဲ၊ ဘုရားပန္နက် ချပွဲတွင်လည်း သစ်ပင်စိုက်ပျိုးခြင်းကို အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ကြပါသည်။

ထင်းအလို့ငှာ စည်းမဲ့ကမ်းမဲ့ သစ်ပင်ခုတ်သူများကိုလည်း **"သစ်ပင်တစ်ပင်ခုတ် ထောင်သုံးနှစ်"** ဟူ၍ ဥပဒေဖြင့်တားမြစ်ပါသည်။ လူတို့၏စည်းကမ်းမဲ့ သစ်ခုတ်ခြင်းကြောင့် သစ်တော၊ သစ်ပင်ပြုန်းတီးခြင်းသည် ရာသီဥတုဖောက်ပြန်

ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မြေဆီ ဩဇာနည်းပါးခြင်း ဟူသော ဆိုးကျိုးကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ကျွန်းပင်ပေါက်မှသည် ကျွန်းတော၊ ကြိုးတိုင်းသစ်တောများပြုလုပ်၍ ကာကွယ်ပေးလျက်ရှိပါသည်။

'တစ်ရက်ပျော်ချင်ရင် အရက်သောက်၊ တစ်နှစ်ပျော်ချင် မိန်းမယူ၊ တစ်သက်လုံး ပျော်ချင် သစ်ပင်စိုက်' ဟူသော ဆိုရိုးနှင့်အညီ သစ်ပင်စိုက်ပျိုးခြင်းသည် စိတ်နှလုံးကိုချမ်းမြေ့သာယာစေပါသည်။ 'သစ်ပင်စိုက်ပျိုးအလှတိုး' ဆောင်ပုဒ်နှင့်အညီ သစ်ပင်သည် ပြည်ရွာကိုအလှတိုးစေပါသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် တိုင်းပြည် သာယာစိုပြည်စေရန် အဓိကအခြေခံတစ်ရပ် ဖြစ်ပါသည်။ ။

**မြန်မာ့ရိုးရာအားကစားများ**

- နိုင်ငံတိုင်း နိုင်ငံနှင့်လူမျိုးဂုဏ်ရည်ကို ဖော်ပြသောရိုးရာအားကစားရှိပုံ
- မြန်မာ့ရိုးရာအားကစားအမည်တစ်ခုချင်း၏ ကစားပုံနှင့်အကျိုးကျေးဇူး
- အားကစားဆိုင်ရာကဗျာအဖွဲ့
- တိုင်းရင်းသားရိုးရာအားကစားနည်း
- မိမိအမြင်

## မြန်မာ့ရိုးရာအားကစားများ

အားကစားသည် ပြေးခုန်ခြင်း၊ အလေးမခြင်းစသောကိုယ်လက် လှုပ်ရှားမှုဖြစ်ပါသည်။ အားကစားခြင်းဖြင့် ကိုယ်လက်ကြံ့ခိုင်ခြင်းနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေသည်။ အားကစားသည် ဖွဲ၊ လုံ့လ၊ ဝီရိယကိုအခြေခံရာ မိမိနိုင်ငံနှင့်လူမျိုး၏ ဂုဏ်ရည်ကို ဖော်ထုတ်ပြသပါသည်။

ထို့ကြောင့် လူမျိုးတိုင်းတွင် မိမိနိုင်ငံနှင့်လူမျိုး၏ ဂုဏ်ရည်ကို ဖော်ထုတ်ပြသနိုင်သော ရိုးရာအားကစားများရှိကြပါသည်။ ဘောလုံးသည် အင်္ဂလိပ်၊ ဂျူဒိုကရာတေးသည် ဂျပန်၊ ရေကူးသည် တရုတ် တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ရိုးရာအားကစားမြောက်များစွာရှိပါသည်။

ခြင်းလုံးကစားနည်းမှာ အပေးအယူ၊ စိတ်ကြည်ဖြူ၊ ခြင်းမူစာဂ၊ မျှစိတ္တဆောင်ပုဒ်အရ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတစွာဖြင့် အများနှင့် ဝိုင်းဖွဲ့ကစားရပါသည်။ အညောင်းလည်းပြေ၍ အများနှင့် သဟဇာတမျှတအောင် နေတတ်သောစိတ်ပိုင်းဆိုင်ရာကို ပြုပြင်ပြောင်းလဲပေးပါသည်။ သည်းခံခြင်း၊ စိတ်ရှည်ခြင်းဟူသော စိတ်ဓာတ်ကို ခြင်းလုံးကစားနည်းမှ ရရှိစေပါသည်။ ဆရာကြီးဦးဖိုးလိပ်၏ ဆေးမင်ကြောင် ဒွေးချိုးသဖြန်တွင်

"ဖျိုလေးတွေ ရေခဝ်ဆင်းကို

ခြင်းခတ်လို့ချောင်း" ဟု ရေးဖွဲ့ထားပါသည်။

ထုပ်ဆီးတိုးကစားနည်းသည် တိုးသည့်အသင်း၊ ဆီးသည့်အသင်းဟူ၍ အသင်းနှစ်သင်းခွဲ၍ ကစားရသည်။ တိုးဝင်သူကို ထုပ်ဆီးသူက ထိမိလျှင် တစ်ဖွဲ့လုံးသေ၍ ထုပ်ဆီးသူများက ထိမိလျှင်တစ်ဖွဲ့လုံးသေရာ တိုးသည့်အဖွဲ့ကဆီးသည့်အဖွဲ့အဖြစ် ဆောင်ရွက်ရသည်။ ထိပ်စည်းမည်မျှတော်တော် အောက်စည်းပေါက်လျှင် ရှုံးနိမ့်သည်။ ထမင်းရည်ပူစည်းကြောင်းကို နင်းမိလျှင် ရှုံးနိမ့်

သည်။ တစ်ဖွဲ့လုံးစည်းလုံးညီညွတ်စွာဖြင့် အတိုင်အဖောက်ညီမှ အောင်မြင်နိုင်သည့် ကစားနည်းဖြစ်သည်။

ကြက်ဖခွပ်ကစားနည်းသည် နှစ်ယောက်မှခြောက်ယောက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော ကစားနည်းဖြစ်သည်။ ချောမွေ့သောကွင်းပြင်တွင် မိန်းကလေးနှစ်ဦးစောင့်ကြောင့်ထိုင်ရာ ခြေကိုဘယ်တစ်လှည့်၊ ညာတစ်လှည့် ဘေးကို ထိုးထုတ်ရသည်။ နှုတ်မှလည်း 'ကြက်ဖတိန်ညင်၊ တောကိုဝင်၊ မောင်ရင်လာ လေးနဲ့ပစ်၊ မပစ်ပါနဲ့ မောင်ရင်ရယ်၊ ကြက်တက်စူးလို့ သေလိမ့်မယ်၊ ဘယ်ဘက်ကစူးစူး၊ ညာဘက်ကစူးစူး၊ ခွပ်လိုက်ကြစို့သူငယ်ချင်း အောက်အီးအီးအွတ်' ဆိုကာ အပြိုင်ခွပ်ကြပါသည်။ အနားတွင် ဝိုင်းအုံကြည့်သူများကလည်း 'ငါတို့ကြက်ဖနိုင်နိုင်၊ ရွှေဖလားနဲ့ကြက်သားကိုင်၊ နင်တို့ကြက်ဖရှုံးရှုံး၊ ကြေးဖလားနဲ့ ကြက်ချေးတုံး' ဟူ၍ အော်ဟစ်အားပေးကြပါသည်။ မိန်းကလေးတို့၏ အားမာန်နှင့် ကိုယ်လက်အင်္ဂါ သန်စွမ်းစေသော ကစားနည်းဖြစ်ပါသည်။

မြန်မာ့ရိုးရာအားကစား လွန်ဆွဲခြင်းကို ရှင်မထီးလက်ထက် ကျော်စွာသူဌေးကျကို ပုဂံမင်းကသတ်လိုက်သောအခါ နတ်ဖြစ်ပြီး ပုပ္ပားတောင်သို့ရောက်သည်။ နတ်က ဘုရင်ကိုစိတ်နာ၍ ပုဂံမှာရွာသောမိုးကို ပုပ္ပားတောင်က ဝင်ဆီးတားသည်။ ထို့ကြောင့် ပုဂံတွင် မိုးခေါင်သည်။ နတ်စိတ်ပြေရန် မိုးရွာစေရန် မင်း၊ မိဖုရား၊ မှူးမတ်တို့က ဒဏ်ခံသည့်အနေဖြင့် လွန်ဆွဲပွဲ ကျင်းပကြသည်ဟု အယူရှိကြပါသည်။ လွန်ဆွဲရာတွင် တစ်ဖက်လူများကို မိမိဘက် တစ်လံနှစ်လံ ပါအောင်ဆွဲနိုင်သောဘက်က အနိုင်ရပါသည်။

မြန်မာ့ရိုးရာအားကစားကို စာဆိုကဗျာစာဆိုတစ်ဦးက ကစားရှယ်အမည်ဖြင့်

**ရွှေစည်းပုံသုံး အိမ်နှောပါလို့**
**မယ်ရောပမောင်နှင့်ကွယ်**
**ကြောက်ခမန်း**
**ညောင်နန်းမှာလေလေလေပေါ့**
**အတွေတွေတန်ခွေကိုမေးပါလို့**
**ပြေးတဲ့အရှယ်**

ဟု မှတ်တမ်းတင်ရေးဖွဲ့ခဲ့သည်။ မြန်မာကလေးသူငယ်များသည် ငယ်ရွယ်စဉ်တွင် ညောင်ပင်တန္တွေ၊ ဖန်ခုန်ကမ်း၊ ဖန်တို့တမ်းကစားခြင်းဖြင့် ကိုယ်လက်လှုပ်ရှားကာ ငွေကုန်ကြေးကျ ကုန်စရာမလိုဘဲ ကိုယ်ရောစိတ်ပါကျန်းမာ ပျော်ရွှင်ကြပါသည်။

မြန်မာ့ရိုးရာအားကစားတွင် တိုင်းရင်းသားရိုးရာ အားကစားနည်းများလည်း ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ကျင်ပွဲကို ရာသီပွဲ၊ ဘုန်းကြီးပျံပွဲ၊ အခြားပျော်ပွဲရွှင်ပွဲတွင် ထည့်သွင်းကစားကြသည်။ လက်နှင့်ခြေကို ကျင်ပညာဖြင့် အသုံးပြု၍ ဆွဲဖမ်း၊ ငင်ဖမ်း၊ ရောင်ထွက်၊ ချွတ်ထွက်ကိုအသုံးပြုကြရပါသည်။

မြန်မာတိုင်းရင်းသားကို လွှန်ဆွဲရာတွင် လျှော်ကြိုးအသုံးပြုသော်လည်း ပအိုဝ်အမျိုးသားတို့ လွှန်ဆွဲရာတွင် တင်းဝါး (သို့) သိုက်ဝါးကိုအဆစ်အမြစ်ဖယ်ရှား၍၊ ကြိုးသဘောထား၍ လွှန်ဆွဲကြသည်။ ပင်းတယ၊ အောင်ပန်း၊ ပင်လောင်း၊ လွိုင်ကော်၊ ဇရိယာရှိ ကျေးလက်နေ ပအိုဝ်အမျိုးသားတို့ ကစားလေ့ရှိကြပါသည်။

မြန်မာ့ရိုးရာအားကစားများသည် မြန်မာ့ကလေးငယ်များကို ငယ်စဉ်ကတည်းက အားကစားနှင့်ရင်းနှီးကျွမ်းဝင်စေပါသည်။ အရွယ်ရောက်သည့်အခါ အားကစားနှင့်မစိမ်းတော့ဘဲ ထူးချွန်သောအားကစားကောင်းများ ဖြစ်စေရန် လေ့ကျင့်ပေးသည်။ အားကစားခြင်းသည် ကျန်းမာရေးအတွက်သာမက ဉာဏ်ရည်မြင့်မားခြင်းနှင့် လူမှုဆက်ဆံရေးကိုပြေပြစ်စေပါသည်။ ထူးချွန်သော အားကစားများရှိသော နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်သောနိုင်ငံအဖြစ် ဂုဏ်ယူစွာ ရပ်တည်နေနိုင်ပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာအားကစားသည် အမျိုးသားရေးနှင့် ဂုဏ်သိက္ခာ မြင့်မားစေနိုင်အောင် အထောက်အပံ့ပေးသည် ဆိုက မှားနိုင်မည်မထင်ပါ။ ။

လူငယ်နှင့်စာဖတ်ခြင်း

- လူငယ်၊လူရွယ်တို့သည် တိုင်းပြည်၏အနာဂတ်သားကောင်းဖြစ်၍ စာပေဖတ်ရှုလေ့လာသင့်ပုံ
- စာဖတ်ခြင်းအကျိုး
- ဖတ်မှုလေ့လာခဲ့ဖူးသော စာအုပ်စာပေ၏အကျိုး(သာဓက)
- မိမိအမြင်

## လူငယ်နှင့်စာဖတ်ခြင်း

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆောင်ပုဒ်နှင့်အညီ လူငယ်သည် အနာဂတ်၏ ခေါင်းဆောင်လောင်းများ ဖြစ်ပါသည်။ ခေါင်းဆောင်လောင်းများ ဖြစ်သည်နှင့်အညီ လူကြီးများထက် တော်သော၊ ထူးချွန်သော၊ ထက်မြက်သော စွမ်းရည်များရှိမှသာ နိုင်ငံသည် တိုးတက်မှုမြင့်မားမည်ဖြစ်ပါသည်။ မိမိ၏ လောက ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ကို အကျိုးပြုသယ်ပိုးနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဆရာဇော်ဂျီက

**"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး**

**သင်လည်းတစ်ဦး၊ သားထူးသားမြတ်**

**ဖြစ်အပ်ရာသည်၊ စိတ်ကရှည်လော့"**

ဟု တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ယူမည့်လူငယ်များ၏ ထားရှိရမည့် စိတ်ထားကို ညွှန်ပြထားပါသည်။

တိုင်းပြည်ကိုဦးဆောင်မည့် လူငယ်၊ လူရွယ်တို့နှင့် စာဖတ်ခြင်းသည် ဒင်္ဂါး၏ ပန်းနှင့်ခေါင်းကဲ့သို့ အမြဲယှဉ်တွဲရမည်ဖြစ်ပါသည်။ လူ့ခန္ဓာကိုယ်အတွက် အစာအာဟာရလိုအပ်သကဲ့သို့ လူ၏အတွေးအမြင်၊ ဗဟုသုတကျယ်ပြောရန် စာပေကို လေ့လာဖတ်ရှုရမည်ဖြစ်ပါသည်။ တိုးတက်ကြီးပွားသော နိုင်ငံများကို ကြည့်ပါက သယံဇာတထက် လူသားအရင်းအမြစ်ကို အားထားသောကြောင့် တိုးတက်ကြီးပွားသည်ကို တွေ့ရှိရပါသည်။ သာဓကအားဖြင့် သယံဇာတအရင်းအမြစ်၊ ရေအရင်းအမြစ် မရှိသော်လည်း လူသားအရင်းအမြစ်အစွမ်းဖြင့် ခေတ်မီနိုင်ငံ ထူထောင်နိုင်ခဲ့သော စင်ကာပူနိုင်ငံကိုပြသရပေမည်။ ခေတ်ပညာတတ် သမ္မတလီကွမ်ယူ၏ ခေါင်းဆောင်မှုအောက်တွင် စင်ကာပူလူငယ်၊ လူရွယ်တို့၏ ကြိုးပမ်းမှုကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် လူငယ်၊ လူရွယ်တို့သည် စာဖတ်ခြင်းကိုမပျင်းရိဘဲ မည်သည့်စာမျိုးကိုမဆို ဖတ်မှတ်သင့်ပါသည်။ ရှင်မဟာရဋ္ဌသာရရေးသော လက်သစ်တောင်တာဆုံးမစာလာ

**"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို**
**ရှာ၍မပြတ်၊ အိမ်တွင်ဖတ်**
**ဖတ်ပြန်သော်က၊ ဖတ်ဖန်များက**
**သားမယားပင်၊ သိမြင်ကင်းကွာ**
**မလိမ္မာလည်း၊ စာပေစကား**
**နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ**
**ရှိသည်သာတည်း"** ကဲ့သို့ စာပေကိုဖတ်ရှုဆည်းပူးပါက လိမ္မာရေးခြားရှိမည်ဖြစ်ပါသည်။ ယဉ်ကျေးသိမ်မွေ့လာမည်ဖြစ်ပါသည်။ အသိလိမ္မာတိုးမည် ဖြစ်ပါသည်။ စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ ဆိုစကားများနှင့်အညီ စာဖတ်ခြင်းဖြင့် အနည်းဆုံးမိမိ၌ရှိသော လောဘ၊ ဒေါသ၊ မာန်မာန၊ သောကတို့ လျော့ကျနိုင်ပါသည်။ ငါလောကမှ သူ့လောကသို့ အာရုံညွှတ်ရာ အတ္တလောကမှ ပရလောကသို့ ရွေးရှုသွားနိုင်ပါသည်။

ငါးရာ့ငါးဆယ်၊ ဇာတ်ကြီးဆယ်ဘွဲ့ကို လေ့လာဖတ်ရှုခြင်းဖြင့် လေးသင်္ချေကမ္ဘာတစ်သိန်း ပါရမီဖြည့် ကျင့်ကြံသော မြတ်စွာဘုရား၏ ပါရမီတော် ၁၀ ပါးကို ကြည်ညိုဖွယ် သိမှတ်စေပါသည်။ မြတ်စွာဘုရား၏ ဖြစ်တော်စဉ် တေမိယဇာတ်မှ ခန္တီပါရမီ၊ မဟာဇနကဇာတ်မှ လုံ့လပါရမီ၊ မဟော်သဓာဇာတ်မှ ပညာပါရမီတို့ကို အတုယူအားကျစေပါသည်။ တေလပတ္တဇာတ်မှ အာရုံ ၅ ငါးကို သတိချွတ်သော် ဘီလူးစာဖြစ်ကြောင်း သင်ခန်းစာရစေပါသည်။

ပျို့စာပေကို ဖတ်ရှုလေ့လာသော် ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့လာ **"သန္ဓေ၊ တပေလျှိုးလျှိုး၊ တညှဉ်းဆိုးဆိုး၊ တညှိုးလျှလျှ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက်တငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့"** အဖွဲ့အရ ဘဝသည် ချားရဟတ်ကဲ့သို့ ဖြစ်ကြောင်း တရားသံဝေဂရစေသည်။ လောကသာရပျို့လာ ဃရာဝါသ၊ သမ္ဘာဓဟု ကိစ္စများမြောင်၊ လူတို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြနယ်မြေးသား ကဲ့သို့ ချားရဟတ်ကဲ့သို့သောဘဝတွင် အိမ်ထောင်သက်မွေးသောသူတို့၏ ဘဝမှာ မနေမနား သွားလာလုပ်ဆောင်နေရသော ခြသတ္တဝါကဲ့သို့ ကိစ္စများမြောင်လှသည်ကို တရားသံဝေဂ ရစေပါသည်။

ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်စာအုပ်မှ ထမင်းရည်ဖြုန်းတီးသော ကြိမ်ဒဏ်ပေးသော သာလွန်မင်း၊ နရသီဟပတေ့ လက်ထက် ဦးဆွေးဆံမြည့် အမှုထမ်းသော အုတ်လှငယ်၏စိတ်ဓာတ်ကို နှစ်သက်အားကျစေပါသည်။ ဦးပုည၏ ဆဒ္ဒန်ဆင်မင်း ဝတ္ထုမှ အစွယ်လိုသူမိဖုရား၊ အသွားစေနိုင်းသူ မင်းကေရာဇ်၊ လေးပစ်သူဘုရား ကျွန်တော်အဖွဲ့အရ သောနုတ္တရမုဆိုး၏ ထမင်းရည်ပူ လျှာလွှဲ တတ်သော စိတ်ထားမှ မိမိအပေါ် အပြစ်ရောက်သော် သူတစ်ပါးအပေါ် အပြစ် ပုံချတတ်သော လူသဘော၊ လူမနောကို ဆင်ခြင်စေပါသည်။

ဦးဖြိမ့်ရေး ပူတကေ၊ အီတာလျံမှတ်တမ်း၊ ကင်းဝန်မင်းကြီးဦးကောင်း၏ လန်ဒန်သွားမှတ်တမ်း၊ သီပွဲမောင်ဝ၏ ပုဂံ၊ ရဲရမန်း၊ စည်တုတ္တရာအောက်စ်ဖို့ တက္ကသိုလ်နှင့် အခြားခရီးသွားဆောင်းပါးကဲ့သို့သော မှတ်တမ်းစာပေကို ဖတ်ရှု ပါက တစ်ထိုင်တည်းတွင် ငွေကြေးကုန်ကျစရာမလိုဘဲ ကမ္ဘာအနှံ့ဗဟုသုတကို ရရှိမည်ဖြစ်ပါသည်။ စာပေဖတ်ရှုခြင်းဖြင့် ရမိသောအကျိုးကို ရေးသားသော် ကုန်ဆုံးနိုင်မည်မဟုတ်ပါ။ စာပေဖတ်ရှုခြင်းသည် ဗဟုသုတ တိုးပွားရုံမက စိတ် အာရုံကို ဖြူစင်စေပါသည်။

ထို့ကြောင့် လူငယ်တိုင်းသည် ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံးဖြစ်စေရန် စာများများဖတ်ရှုသင့်ပါသည်။ စာဖတ် နာသောသူ သည် ကိုင်းညွတ်သောစပါးနှံကဲ့သို့ နှိမ့်ချတတ်သော စိတ်ကောင်း၊ စိတ်မြတ်ကို ပိုင်ဆိုင်သဖြင့် လူငယ်၊ လူရွယ်တိုင်းမှတ်စရာများသော စာပေကို ဖတ်ရှုလေ့လာသင့်ပါသည်။ ။

**ဆရာနှင့်တပည့်**

- ❑ အနန္တောအနန္တငါးပါးတွင် ဆရာသည်တစ်ပါး အပါအဝင်ဖြစ်ပုံ
- ❑ ဆရာဝတ်နှင့်အညီ စာပေသင်ကြားရုံမက ကျင့်ဝတ်ငါးဖြာနှင့်အညီ စောင့်ရှောက်ပုံ
- ❑ ဆရာကိုရိုသေသောတပည့်များ ဘဝအခြေအနေမြင့်မားလာပုံ(သာဓက)
- ❑ တပည့်ကျင့်ဝတ်နှင့်အညီဆရာကိုရိုသေပုံ
- ❑ ဆရာကိုအာခံသောတပည့်များအကြောင်း(သာဓက)
- ❑ တခြားနိုင်ငံတွင်တွေ့ရခဲ့သော ဆရာတပည့်ဆက်ဆံရေးသည် မြန်မာနိုင်ငံတွင်သာရှိပုံ
- ❑ မိမိအမြင်

## ဆရာနှင့်တပည့်

ဆရာဟူသည် အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ရိုသေကိုင်းရှိုင်းသင့်ပါသည်။ ဆရာသည် သင့်မသင့် တော်မတော်ကို ကြည့်ရှု၍ ဆုံးမသွန်သင်တတ်သူဖြစ်သည်။ အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုးကို သိသူဖြစ်သည်။

ထို့ကြောင့် လောကတွင် ဆရာမပြ နည်းမကျ၊ ဆရာကောင်းတပည့် ပန်းကောင်းပန်ဟူသော စကားပုံဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ဆရာတို့သည် တပည့်တို့၏ ဘဝအတွက် ပဲ့ကိုင်ဖြစ်သည်။ ဘဝ၏ မီးရှူးတန်ဆောင်ဖြစ်ပါသည်။ ဆရာကောင်းဟူသည် အိုးသည်ကဲ့သို့ မိမိလိုချင်သော အိုးပုံသဏ္ဌာန်ရအောင် ရိုက်ပုတ်၍ ပုံသွင်းကြပါသည်။ ထို့ကြောင့်ဆရာကို မဃဒေဝ၌

**"နာနာကြင်ကြင် အပြစ်မြင်တိုင်း**
**ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍**
**ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ**
**ဆရာဟူလော့"**ဟု ဖွင့်ဆိုပါသည်။

ရာဇဝင်တွင် မင်းတုန်းမင်းမဖြစ်မီ မောင်လွင်ဘဝ၌ ငါးခြောက်ပြား တစ်ပြား မထိန်းသိမ်းနိုင်ဘဲ ပျောက်ဆုံး၍ဆရာတော် ဦးစန္ဒိမာ၏ ရိုက်နှက် အပြစ်

ပေးခြင်းကိုခံရသည်။ ငါးခြောက်တစ်ပြားကိုပင် မထိန်းသိမ်းနိုင်သောသူသည် အာယ်ကဲ့သို့သော မင်းကောင်းမင်းမြတ်ဖြစ်မည်နည်းဟု ဆိုဆုံးမခြင်းကို ခံယူခဲ့ရသည်။ ထိုသို့ဆုံးမခြင်းကြောင့်လည်း မြန်မာ့သမိုင်းတွင် မင်းတုန်းမင်းဟူ၍ သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်ခဲ့ရပါသည်။

နှမ်းခိုးစားသောမင်းသားပုံဝတ္ထုတွင် အဘွားအိုထံမှ နှမ်းခိုးစားသော မင်းသားကို ဆရာကအပြစ်ပေးသည်။ ထိုသို့အပြစ်ပေးခြင်းကို အမျက်သိုထား၍ မင်းဖြစ်သောအခါ ဆရာကိုရှေ့တော်သွင်းစေသောအခါ ဆရာက နှမ်းခိုးစားခြင်းကို ဆိုဆုံးမရသောကြောင့်သာ မင်းအဖြစ်ကို ရောက်ခဲ့ရကြောင်း ဆိုဆုံးမပါသည်။

သံဝရမင်းသားသည် အစ်ကို ၉၉ယောက်အောက် ညီငယ်ဖြစ်၍ မင်းဖြစ်ရန် အခွင့်အလမ်းနည်းပါးလှပါသည်။ ဆရာကောင်း၏လမ်းညွှန်မှုကြောင့် အစ်ကို ၉၉ယောက်ကို ကျော်လွန်၍ ဗာရာဏသီမင်းအဖြစ်ကို ရရှိခဲ့ရပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာနှင့်တပည့်တို့သည် ဆရာ့ဝတ်၊ တပည့်ဝတ်နှင့်အညီ လိုက်နာနေထိုင်ကြပါသည်။ ဆရာတို့သည် **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ"** နှင့်အညီ ကျင့်ကြံကြသည်။ အတတ်ပညာသင်ရုံမက ဘေးအန္တရာယ်မကျရောက်ရန်၊ တော်တည့်မှန်ကန်စေရန် စောင့်ရှောက်ပေးသည်။ 'တပည့်မရှားတစ်ပြားမရှိ ပီတိကိုစားအားရှိ၏' အဆိုအရ တပည့်များထံမှ တံစိုးလက်ဆောင်ကို မမျှော်ကိုးဘဲ မိမိသိသမျှ တတ်သမျှကို ဆရာစားမချန်ဘဲ သင်ပေးပါသည်။

တပည့်များကလည်း **"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ် တပည့်ဝတ်၊ မချွတ်ငါးခုသာ"** ဟူသော တပည့်ကျင့်ဝတ်နှင့်အညီ ဆရာတို့အပေါ်ရိုသေကိုင်းရှိုင်းပြီး ဆရာ၏ဝေယျာဝစ္စကို မညည်းမညူ ဆောင်ရွက်ပေးပါသည်။

ဆရာသည် ဘဝအတွက်ပဲ့ကိုင်ဖြစ်ရာ ဆရာဆည်းပူးမှုမှားသော တပည့်များသည် ဒုက္ခရောက်ပါသည်။ ဆရာဒေဝဒတ်ကို ကိုးကွယ်မှားသော အဇာတသတ်သည် အဖသတ်သောကံကြောင့် လောဟကုမ္ဘီငရဲတွင် ကျရောက်နေဆဲ ဖြစ်သည်။ မိတ်ဆွေကောင်း 'ဇီဝက' ကြောင့်သာ ဘုရားရှင်နှင့်တွေ့ပြီး အဝီစိငရဲမှလွတ်ခဲ့ခြင်းဖြစ်သည်။ အင်္ဂုလိမာလသည်လည်း ဆရာ၏ အထင်မြင်မှားမှုကြောင့် လက်ညှိုးတစ်ထောင်ရအောင်လိုက်လံသတ်ဖြတ်သည့် လူသတ်သမားကြီးလုံးလုံး ဖြစ်ခဲ့ရပါသည်။

"ဆရာဗျိုင်းကို ဆရာမတင်လို့ ဆရာမရှိပါ"ဟု ငြင်းဆိုခဲ့သော သူငယ်သည် အာခေါင်လှုံ့စူးသေသည့်ဘ၀သို့ ရောက်ရပါသည်။

ထို့ကြောင့် ဆရာကို အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ရာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာကို လေးစားကြပါသည်။ တပည့်ကလည်း ဆရာကိုရိုသေ၊ ဆရာကလည်းတပည့်အပေါ် မေတ္တာကရုဏာ ရှေးရှုကာ ဆက်ဆံပါသည်။ အခြားသောနိုင်ငံတွင် တွေ့ရခဲသော နွေးထွေးမှု၊ မေတ္တာထားမှု၊ သံယောဇဉ်ထားမှုတို့ကို မြန်မာတို့၏ ဆရာတပည့်ဆက်ဆံရေးတွင် တွေ့ရပါသည်။

လောကနီတိကျမ်းလာ ပညာ၊ သမာ၊ အာဘာနတ္တိပညာနှင့်တူသော ဥစ္စာမရှိ ဟူသော ဆိုရိုးအတိုင်း လူသားတို့သည် ပညာတည်းဟူသော ဥစ္စာရရှိစေရန်အတွက် ဆရာနှင့်တပည့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက် ရမည်ဖြစ်ပါသည်။ ဆရာနှင့်တပည့် ခြေလှမ်းညီညီဖြင့် ညီညွတ်စွာဆောင်ရွက်ပါက မျှော်မှန်းတောင့်တ ပညာခေတ်ကို အရောက်လှမ်းနိုင်မည်မှာ ဧကန်ဖြစ်ပါသည်။ ။

ယဉ်ကျေးသိမ်မွေ့မြန်မာ့ဓလေ့

- ❑ လူမျိုးတိုင်းရိုးရာဓလေ့ရှိပုံ
- ❑ ရိုးရာဓလေ့ဖြင့် ယဉ်ကျေးမှုရှိမရှိ တိုင်းတာပုံ
- ❑ ကံကိုယုံကြည်သောဓလေ့
- ❑ လူမှုဆက်ဆံရေးဓလေ့
- ❑ ဝတ်စားဆင်ယင်မှုဓလေ့
- ❑ ဘာသာတရား၊ ကိုးကွယ်ယုံကြည်မှုဓလေ့ မေတ္တာတရားပေါ် အခြေခံသော ယဉ်ကျေးသိမ်မွေ့သောဓလေ့ကို အနောက်တိုင်း ယဉ်ကျေးမှုက အရောင်ဆိုးလာပုံ
- ❑ မိမိအမြင်

## ယဉ်ကျေးသိမ်မွေ့မြန်မာ့ဓလေ့

လူမျိုးတိုင်းတွင် မိမိ၏ရိုးရာအစဉ်အလာအတိုင်း ကျင့်သုံးသော ဓလေ့ထုံးတမ်းများရှိပါသည်။ လူမျိုးတစ်မျိုး၏ ကျင့်သုံးသော ဓလေ့ထုံးတမ်းကိုကြည့်၍ ထိုလူမျိုး၏ ယဉ်ကျေးခြင်း၊ ရိုင်းပျခြင်းကို ဝေဖန်ပိုင်းခြားကြပါသည်။

မြန်မာတို့၏ ရိုးရာဓလေ့တွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဓလေ့၊ လူမှုရေးဆိုင်ရာ ဓလေ့၊ ဝတ်စားဆင်ယင်မှုဆိုင်ရာဓလေ့ စသည်ဖြင့် ရိုးရာဓလေ့ များစွာ ရှိပါသည်။

မြန်မာနိုင်ငံတွင် ကိုးကွယ်ယုံကြည်မှုအရ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ဗုဒ္ဓဘာသာ၏အယူဝါဒအရ ကံသည်အလုပ်ဖြစ်၍ 'ကံသာ အမိ၊ ကံသာအဖ' ဟု ယုံကြည်ကြပါသည်။ သဗ္ဗေသတ္တာ ကမ္မသကာဟု ယုံကြည်၍ အရာရာတိုင်း ကံကြောင့်ဖြစ်သည်ဟုယူဆ၍ တစ်ပါးသူကို မြူတစ်မှုန်မျှ အပြစ်မတင်ဘဲ မိမိကံကြမ္မာကိုသာ အပြစ်တင်တတ်ကြပါသည်။ ကိုးကွယ်ယုံကြည်မှုဓလေ့အရ ဘုရားသခင်က ဖန်တီး၍မရဘဲ ကောင်းမှု၊ မကောင်းမှုသည် မိမိ၏ အလုပ်ပေါ်မူတည်သည်ဟူသော **"အတ္တာသမ္မာပဏိဓိ"** အယူအဆကြောင့် အေးချမ်းလှပါသည်။ ယဉ်ကျေးလှပါသည်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သည့်အလျောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့်အညီ သားသမီးများက မိအို၊ ဖအိုများကို

မရွေးမွေး၊ မပြုစု၊ မစောင့်ရှောက်သော သားဆိုး၊ သမီးဆိုးများကို မြန်မာ့လူမှု ပတ်ဝန်းကျင်က ဝိုင်းဝန်းအပြစ်တင်ကြပါသည်။

မြန်မာ့ရိုးရာဓလေ့သည် အနောက်နိုင်ငံများကဲ့သို့ ၁၈နှစ် ပြည့်သည်နှင့် မိခင်ရင်ခွင်မှ ထွက်ခွာ၍ ကိုယ့်အားကိုယ်ကိုးရသည်မဟုတ်ဘဲ သားသမီးကို **"မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့သာ"** ဟူသော မိဘဝတ္တရားနှင့်အညီ စောင့်ရှောက်ရပါသည်။ မိဘများသည် သားသမီးများကို ဖဝါးလက်နှစ်လုံး၊ ပခုံး လက်နှစ်သစ်အရွယ်မှ မှက်၊ ခြင်၊ ယင်မသန်းအောင် စောင့်ရှောက်ခြင်းမှ အတတ် ပညာ သင်ကြားခြင်း၊ လူလားမြောက်ပါက အိမ်ရာထူထောင်ပေးခြင်း၊ အရင်းအနှီး ထုတ်ပေးခြင်းထိ စီစဉ်ဆောင်ရွက်ပေးပါသည်။ မြန်မာ့လူနေမှုသည် မိဘဝတ် သားသမီးဝတ်များနှင့် အတုံ့အပြန်တာဝန်ယူထားသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ထို့ကြောင့် သားသမီးများက အတိုင်းအဆမရှိ ကြီးမားသော မိဘမေတ္တာကိုသိရှိစေပြီး သားသမီးနှင့် မိဘကြားနွေးထွေးမှုသံယောဇဉ်ကို ပေါက်ဖွားစေသည်။ ဆရာနှင့် တပည့်ဆက်ဆံရေးတွင် ဆရာကလည်းဆရာ့ဝတ်၊ တပည့်ကလည်း တပည့်ဝတ်နှင့် အညီ ကျင့်သုံးဆောင်ရွက်ရပါသည်။ မြန်မာတို့၏ရိုးရာဓလေ့တွင် ဆရာသည် သင်ကြားရေးတာဝန်သာမက တပည့်၏ ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက် ရပါသည်။ တပည့်ကလည်း 'ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး လုပ်ကျွေး၊ သင်တွေးအံ့ရွတ် တပည့်ဝတ်' ဆိုသည့်အတိုင်း ဆရာ၏ဝေယျာဝစ္စများကို လုပ်ကိုင်ဆောင်ရွက်ပေးရပါသည်။ မြန်မာ့ဓလေ့သည် တခြားနိုင်ငံတွင်တွေ့ရခဲသော ဆရာနှင့်တပည့် ရင်းနှီးကျွမ်းဝင်သော သံယောဇဉ်ကို တွေ့ရှိရပါသည်။

အိမ်ထောင်ရေးတွင် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးသော ဓလေ့ရှိပါ သည်။ သူတစ်ပါးအိမ်ရာကို မပြစ်မှားဘဲ ဆံဖြူ သွားကြွေသည်ထိ မိမိအိမ်ထောင် ဖက်ကို သစ္စာရှိစွာ ပေါင်းဖက်ကြပါသည်။ ဤသို့သေတပန် သက်တဆုံး ပေါင်းဖက် နိုင်ကြခြင်းမှာ မြတ်နိုးဖွယ်ကောင်းသော ဘာသာရေး အခံုအမ ဓလေ့ထုံးတမ်း ကြောင့်သာ ဖြစ်ပါသည်။

လူမှုဆက်ဆံရေးဓလေ့တွင် ကိုယ်၊ နှုတ်၊ နှလုံးကိုထိန်းသိမ်းကြရပါသည်။ ဂါရဝ၊ နိဝါတကို အခြေခံ၍ 'ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား' ဆိုရိုးအတိုင်း လိုက်နာကြရပါသည်။ လူကြီးသူမရှေ့တွင် ခါးညွတ်သွားရခြင်း၊

ပစ္စည်းပေးသော် လက်နှစ်ဖက်ဖြင့် ရိုသေစွာပေးရခြင်းဟူသော ကိုယ်အမူအရာကို ကျင့်သုံးကြရပါသည်။

နှုတ်အားဖြင့်လည်း မိမိထက်ကြီးလျှင် အဖေအရွယ်အဖေ၊ အဒေါ်အရွယ် အဒေါ်၊ အစ်ကိုအရွယ်အစ်ကို၊ ညီအရွယ်ညီ ခေါ်ဝေါ်ကြရပါသည်။ အမိယုတ်သော်နှုတ်ကြမ်း၊ အဖယုတ်သော် ကိုယ်ကြမ်း ဟူသောစကားပုံဖြင့် ယဉ်ကျေးသိမ်မွေ့စေရန် ထိန်းကျောင်းပေးသည်။

အစားအသောက်တွင်လည်း ယဉ်ကျေးသိမ်မွေ့စေရန် ဓလေ့ထုံးတမ်းများ ရှိပါသည်။ ဇွန်းကို ထမင်းပေးသောယာလက်ဖြင့် မကိုင်ရန်၊ အသံမြည်အောင် မစားရန်၊ ထမင်းစားစဉ် စကားမပြောရန် တို့ဖြစ်ပါသည်။

ဝတ်စားဆင်ယင်မှုဓလေ့၌ ဟီရိုဒြတ္တပ္ပတွင် ဆာရီ၊ ဂျပန်တွင်ကီမိုနို ရှိသကဲ့သို့ မြန်မာပြည်တွင် 'အမျိုးသားဆိုလျှင် တိုက်ပုံ၊ လုံချည် အမျိုးသမီးဆိုလျှင် ရင်ဖုံးအင်္ကျီ၊ လုံချည်'တို့ကိုဝတ်စားဆင်ယင်ကြရပါသည်။ ပွဲလမ်းသဘင်တွင် အမျိုးသားဆိုလျှင် ခေါင်းပေါင်း၊ အမျိုးသမီးဆိုလျှင် ပဝါခြုံကြရပါသည်။

မြန်မာ့ရိုးရာဓလေ့အရ အိမ်သာလျှင်ဧည့်လာသည် ဟုယူဆရာ ဧည့်သည် လာလျှင် ငြိုငြင်မှုမရှိဘဲ ကွမ်း၊ ဆေး၊ လက်ဖက်ဖြင့် ဧည့်ခံကြသည်။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စအဖြာဖြာတို့တွင်လည်း 'ကိုယ်နှင့်မဆိုင်'ဟုသဘောမထား လက်နှေးခြင်းမရှိဘဲ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြပါသည်။

မြန်မာ့ရိုးရာဓလေ့များကို ဆန်းစစ်သော် ဘာသာတရား၊ မေတ္တာတရား အပေါ် အခြေခံထားသောကြောင့် ယဉ်ကျေးသိမ်မွေ့လှပါသည်။ သို့သော် ကမ္ဘာကြီး သည် ရွာတစ်ရွာဖြစ်လာသောအခါ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှုချင်းဖလှယ် လာကြပါသည်။

ထိုအခါအနောက်နိုင်ငံကို အထင်ကြီးအားကျသူများက မိမိယဉ်ကျေးမှုကို အထင်မကြီးဘဲ ကိုရီးယား၊ အနောက်တိုင်းယဉ်ကျေးမှုကို တုပလာကြသည်။ ဝတ်စားဆင်ယင်မှုတွင် လျှပ်ပေါ်လော်လီလာသလို အိမ်ထောင်ရေးတွင်လည်း Living Together (လက်မထပ်ဘဲအတူနေထိုင်ခြင်း)ကို အားကျ၍ တုပလာကြ ပါသည်။ ယဉ်ကျေးသောမြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းအပေါ် အရောင်ဆိုး လာကြပါ သည်။

ဘိုးဘွားအစဉ်အဆက်လက်ဆင့်ကမ်းထိန်းသိမ်းလာသော ရိုးရာဓလေ့သည် မောင်သောင်းဖေ စသော ဘိလပ်ပြန်တို့ကြောင့် အောက်ကလိအာ၊ အာကလိအောက် ကျိုးမရောက် ကြက်မမြောက်ဖြစ်ရပါသည်။

ယဉ်ကျေးသိမ်မွေ့လှသော မြန်မာ့ရိုးရာဓလေ့များသည် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းနှင့် အကိုက်ညီဆုံးဖြစ်ပါသည်။ မြန်မာလူမျိုးတိုင်း မြန်မာ့ရိုးရာဓလေ့ကို အရိုးပေါ်အရွက်မဖုံးစေရန် ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

ကျောင်းစဖွင့်သောနေ့မြင်ကွင်း

- ဇွန်လ (၁၁)ရက်နေ့သည် စာသင်ကျောင်းများ ပြန်လည်လှုပ်ရှား အသက်ဝင်သောနေ့ဖြစ်ပုံ
- ကျောင်းလာသောမြင်ကွင်း
- ကျောင်းသရုပ်ဖော်အဖွဲ့
- ဆရာမကြီး၏ဩဝါဒစကား
- စာသင်ကြားပုံမြင်ကွင်း
- မိမိအတွေးအမြင်

## ကျောင်းစဖွင့်သောနေ့မြင်ကွင်း

ဇွန်လ (၁) ရက်နေ့သည် မြန်မာနိုင်ငံရှိ အခြေခံပညာကိုသင်ကြားသော ကျောင်းများ တစ်ပြိုင်တည်းဖွင့်သောနေ့ ဖြစ်ပါသည်။ နိုင်ငံတော်၏အနာဂတ်ပန်း ဖြစ်သော လူငယ်၊ လူရွယ်တို့ကို ပြုစုပျိုးထောင်ရာ စာသင်ကျောင်းများ ပြန်လည် လှုပ်ရှားအသက်ဝင်လာသည့်နေ့ ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းမဖွင့်ခင် မိဘများထံ မိမိတို့ လိုချင်သော ကျောပိုးအိတ်၊ ကျောင်းဝတ်စုံများကို ယူဆောင်ကြပါသည်။ မိဘများ ကလည်း မိဘမေတ္တာနှင့်အညီ သားသမီးများ၏လိုအင်ဆန္ဒကို ဖြည့်ဆည်းကြပါ သည်။ မိဘတို့၏စေတနာ၊ မေတ္တာဖြင့်ထုံမွမ်းထားသော ကျောင်းဝတ်စုံ အသစ် အလွင်များကိုဝတ်ဆင်လျက် ကျောင်းသားသူငယ်လေးများသည် ကျောင်းတော်ကြီး ဆီသို့ တက်ကြွစွာ လာရောက်ကြပါသည်။

တချို့က ကားနှင့်လာကြသည်။ တချို့က စက်ဘီးနှင့်လာကြသည်။ တချို့က ဆိုက်ကားနှင့်လာကြသည်။ တချို့က ကျောင်းကားနှင့်လာကြသည်။ မည်သို့ပင် လူတန်းစားအခြေအနေ မတူညီစေကာမူ ကျောင်းသားနှင့်မိဘများမှာ ကျောင်းလာရသည်ကို ပျော်ရွှင်ကြည်နူးကြပါသည်။

မကြည်နူး၊ မရွှင်မြူးဘဲ ငိုယိုနေကြသည်မှာ မူလတန်းကို တက်ရောက် မည့် ကလေးငယ်တချို့ပင် ဖြစ်ပါသည်။ မိဘများက ထိုခလေးကို မုန့်ဖြင့်ချော့မော့ကာ ကျောင်းတော်ကြီး၏ ပညာနို့သောက်စို့နိုင်ရန် ခေါ်ဆောင်လာပါသည်။ ကျောင်းဝင်း

ဂိတ်အပေါက်ဝတွင် ဝက်သားတုတ်ထိုး၊ ကြာဆံခေါက်ဆွဲသုပ်၊ ဟမ်ဘာဂါ၊ ရေခဲချောင်း၊ ရေခဲမုန့်ရောင်းသော ဈေးသည်များက အပြိုင်အဆိုင် အော်ဟစ်ရောင်းချနေကြပါသည်။ ကျွန်တော်သည် ထိုဈေးသည်များကိုဖြတ်၍ ကျောင်းဝင်းထဲဝင်လာပါသည်။

ကျွန်တော်သင်ကြားမည့် ကျောင်းတော်ကြီးသည် ယူပုံသဏ္ဌာန် တည်ဆောက်ထားသော ကျောင်းတော်ကြီး ဖြစ်ပါသည်။ လက်ဝဲဘက်ဆောင်တွင် အခြေခံပညာအလယ်တန်းအထိ သင်ကြားမည့် အဆောင်ရှိပါသည်။ လက်ျာဘက်တောင်တွင် အထက်တန်းပညာကိုသင်ကြားမည့် အဆောင်ရှိပါသည်။ ယူပုံသဏ္ဌာန်မြက်ခင်းစိမ်းအလယ်တွင် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ် နိုင်ငံတော်အလံကို လွှင့်ထူထားပါသည်။ အလံတိုင်၏နောက်တွင် ပုဏ္ဏရိပ်ပင်များကို ညီညာစွာ စီတန်းစိုက်ထားပါသည်။ စံပယ်ပန်း၊ နှင်းဆီပန်းများကိုလည်း စိုက်ထားသဖြင့် စံပယ်၊ နှင်းဆီရနံ့များ မွှေးထုံနေပါသည်။ ထိုရနံ့များကို အားရပါးရရှူ၍ သင်ကြားရမည့် နဝမတန်း A သို့အကြည့် သူငယ်ချင်း ထွန်းရကို တွေ့ရှိရပါသည်။ ထွန်းရနှင့် ကျွန်တော်သည် အဋ္ဌမတန်းတွင် ကန်တော်မင်ပန်းခြံသို့ ကျောင်းလစ် နေကျဖြစ်ပါသည်။ ညီမဝမ်းကွဲ နွေးနွေး၏ တိုင်ကြားမှုကြောင့် မေမေ၏ကြိမ်လုံးဖြင့် အဆော်ခံရခြင်းမှ စာကြိုးစားခဲ့ခြင်းကြောင့် အဋ္ဌမတန်း အစိုးရစစ်စာမေးပွဲကို အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်ကျောင်းဝင်းအလယ် အလံတိုင်အောက်တွင် လူစုရန်(ပထမ)ခေါင်းလောင်းတီးသံကြားရပါသည်။

ကျောင်းဝန်းအလယ်စုစည်းမိသော ကျောင်းသား၊ ကျောင်းသူအားလုံးသည် ကျောင်းကောင်စီ သစ္စာအဓိဋ္ဌာန်ကိုရွတ်ဆိုကြပါသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဩဝါဒစကားမြွက်ကြားရာတွင် အတန်းသစ်တက်မည့် ကျောင်းသားသူငယ်များအတွက် ကျောင်းစဖွင့်သောနေ့မှာ ဆရာအသစ်၊ သူငယ်ချင်းအသစ်၊ သင်ခန်းစာအသစ်များကိုသင်ကြားရမည့် အတွေ့အကြုံအသစ်အတွက် အထူးပျော်ရွှင်နေကြရမည်ဖြစ်ကြောင်း၊ သို့သော် ကျရှုံး၍ မူလအတန်းတွင် ပြန်နေရသော ကျရှုံးကျောင်းသားများအတွက် အတန်းပညာရှုံးနိမ့်ခြင်းသည် ဘဝအတွက် ဆုံးရှုံးခြင်းမမည်သဖြင့် စိတ်ဓာတ်ကျစရာမလိုကြောင်း၊ တစ်ခါကျရှုံးရုံဖြင့် စိတ်ဓာတ်လဲပြိုစရာမလိုဘဲ ထပ်မံကြိုးစားသင့်ကြောင်း ဆုံးမဩဝါဒစကား ပြောကြားပါသည်။ ဆရာမကြီး၏ စေတနာထားပြောကြားသောစကားသည် ကျွန်တော်၏နားထဲသို့

သံမှိုစွဲသကဲ့သို့ မြဲမြဲနဝင်သွားပြီး သူငယ်ချင်း ထွန်းရကို မြင်ယောင်မိပါသည်။ သူငယ်ချင်း ထွန်းရသည်လည်း ဆရာမကြီး၏ဆိုဆုံးမမှုကို နားဝင်မည်ဟုယုံကြည် လက်ခံမိပါသည်။

ဒုတိယခေါင်းလောင်းထိုးသည့်အခါ ကျောင်းသား၊ ကျောင်းသူအားလုံး မိမိတို့ သင်ကြားရမည့်အတန်းသို့ ဝင်ရောက်ကြရပါသည်။

အတန်းထဲသို့ မြန်မာစာသင်ကြားရမည့် ဆရာမဝင်လာပါသည်။ ဆရာမ သည် မြန်မာစာဆရာမဖြစ်၍ ကဗျာကို စတင်သင်ကြားပါသည်။ တူရွင်းတောင်ခြေတွင် ပုဂံခေတ်က ကျန်စစ်သားမင်းဆည်ဖို့ခဲ့သော မြကန်၏အလှကိုသင်ကြားရင်း ကျန်စစ် မင်း၏ ဂုဏ်ရည်ကို ရှင်းပြပါသည်။ ဆရာမက ကဗျာမူရင်းကိုရွတ်ဆိုရန်စေခိုင်း သောအခါ

'မြကန်သာ
တောင်ကျချောင်းဘေး၊ ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်
ကြာပေါင်း ထုံထုံ၊ ငှက်မျိုးစုံသည်
ဘုံဝတီသာ၊ နန္ဒာပေလော

တူစွ ဟုတ္တာ' ကို ညီညာစွာသံပြိုင်သီဆိုကြသည်မှာ အားရပျော်ရွှင် လှပါသည်။ ကျောင်းစတက်သော(ပထမ)နေ့တွင် ပထမဦးဆုံးသင်ခန်းစာအသစ်ကို သင်ကြားရသည်မှာ ပျော်ရွှင်ကြည်နူး တက်ကြွစရာကောင်းလှပါသည်။ အကယ်၍ ကျွန်တော်သာ ကျရှုံးသောသူဖြစ်၍ သင်ခန်းစာအဟောင်းကိုသာ သင်ကြားရလျှင် ညှိုးမှိုင်တက်ကြွမည်မဟုတ်၊ ပျင်းရိငြီးငွေ့စရာကောင်းလှမည်ဟု စဉ်းစားမိပါသည်။

ကျောင်းအပြန် ခရီးတွင် ကျောင်းစဖွင့်သောနေ့မြင်ကွင်း၏ အတွေ့ အကြုံကို စဉ်းစားမိပါသည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့် စကားပုံအတိုင်း အချိန်နှင့်အမျှ ကြိုးစားမှုမရှိဘဲနေလျှင် ကျောင်းစဖွင့်သောနေ့သည် ကျွန်တော့် အတွက် ပျော်ရွှင်သောနေ့ဖြစ်မည်မဟုတ်ဟု တွေးမိပါသည်။

ထို့ကြောင့် ကံ့ကော်ပန်းရနံ့မွှေးသော တက္ကသိုလ်မြေ မြကျွန်းသာသို့ တက်လှမ်းလိုလျှင် လူမိုက်နောက်မှ နောင်တမရစေရန် ကြိုးစားမှုဖြင့် ဘဝကို တိုးတက်မြင့်မားအောင် လုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက်ချမိပါသည်။ ။

မမေ့နိုင်သော အကျွန်ုပ်ဆရာများ

- သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးသည် ဘဝတွင် ပညာအလင်း ပေးသူများဖြစ်ကြပုံ
- ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် အလင်းတိုင်ထွန်းညှိပေးသူ ဆရာတို့ကျေးဇူးကြီးမားလှပုံ၏
- အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ကြပုံ
- လူမှန်းသိတတ်စအရွယ်မှစ၍ သွန်သင်ပြသ နည်းကောင်းလမ်းမွန်ပေးသူ ဆရာကောင်းများနှင့် တွေ့ခဲ့ရပုံ
- တွေ့ခဲ့ရသော ဆရာများအနက် တစ်သက်တာမမေ့နိုင်သောဆရာ၊ ဆရာမများရှိခဲ့ပုံ
- ဆရာ၊ ဆရာမတို့၏ ရုပ်သွင်၊ အသံ၊ သင်ကြားပုံဟန်ပန်
- ဆုံးမြဩဝါဒပေးပုံများကို မှတ်မှတ်ထင်ထင်ရှိနေ၍ မမေ့နိုင်ပုံများ။

## မမေ့နိုင်သော အကျွန်ုပ်ဆရာများ

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးသည် ဘဝတွင် ပညာအလင်းရောင် ပေးသူများပင် ဖြစ်ပါသည်။ ပညာအလင်းရောင်ထွန်းညှိပေးသူ ဆရာများ၏ ကျေးဇူးသည် ကြီးမားလှပါသည်။ ပုဂံခေတ်ကျောက်စာများတွင် ဆရာဝေါဟာရ ရင်းမြစ်ကို အာစာရ အာစာရျ၊ အာစာယ အာစာယ်ဟူ၍ တွေ့ရပါသည်။ ပါဠိဘာသာတွင် အာစရိယ ဟူ၍ရှိပါသည်။ သင်ကြားပြသသူသည် ဆရာပင်ဖြစ်ပါသည်။ ကျွန်ုပ်တွင် မမေ့နိုင်သော ဆရာများရှိပါသည်။

ဗုဒ္ဓမြတ်စွာဘုရားသည်ပင် သဗ္ဗညုတဉာဏ်တော်ရသော် မိမိ၏ ဆရာဟု မှတ်ယူခဲ့သော ဥဒကနှင့် အာဠာရဂိုဏ်းဆရာကြီးတို့ကို မမေ့နိုင်ဘဲ ကျေးဇူးဆပ် တရားဟောကြားလို၍ ဒိဗ္ဗစက္ခုဖြင့် ရှာခဲ့ပါသေးသည်။ ရှင်သာရိပုတ္တရာသည် ဗုဒ္ဓကိုညွှန်ပြခဲ့သော မိမိ၏ဆရာဟုမှတ်ယူထားသော ရှင်အဿဇိမထေရ်ကို မမေ့သောအားဖြင့် **'ငါ၏ဦးခေါင်းရင်းတွင် ငါ့ဆရာရှိစေသတည်းဟု စိတ်ကရည်မှတ်လျက် ကျိန်းစက်မြဲဖြစ်သည်'**ဟု မှတ်ရပါသည်။ ဆရာဆိုရာတွင် **'မုတ္တာစရိယ ဆရာ'** သည် ကိုယ်ထိလက်ရောက် သင်ကြားပြသသူပင် ဖြစ်ပါသည်။ **'ဒိဋ္ဌာစရိယ ဆရာ'**

သည် အမြင်အားဖြင့် ကြည့်မြင်တတ်မြောက်ရသော ဆရာပင်ဖြစ်ပါသည်။ '**သုတာစရိယ**'သည် အကြားအာရုံဖြင့် သင်ကြားတတ်မြောက်ရသော ဆရာပင် ဖြစ်ပါသည်။ ကျွန်ုပ်ဖြတ်သန်းခဲ့သော ဘဝတာတွင် ဆရာသုံးမျိုးစလုံးပင် မမေ့နိုင်အောင်ရှိခဲ့ပါသည်။

ဘဝတာတွင် အစဉ်အမြဲ ဦးထိပ်ထားကာ မမေ့အပ်သောဆရာသည် လူသုံးပါးတို့၏ဆရာ ဗုဒ္ဓဘုရားရှင်ပင် ဖြစ်ပါသည်။ မိဘနှစ်ပါးသည် ဒုတိယဆရာပင် ဖြစ်ပါသည်။ မိဘများသည် ရည်မွန်ယဉ်ကျေးသော လူလိမ္မာလေးများ ဖြစ်လာစေရန် ဗုဒ္ဓဟောကြားခဲ့သော ငါးရာ့ငါးဆယ်နိပါတ်တော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့များ၊ မင်္ဂလာ ရှစ်ပါးတရားတော်အချုပ်များ၊ မင်္ဂလာတရားတော်များမှ သင့်နိုးရာရာများကို ထုတ်နုတ်၍ ငယ်စဉ်ကပင် ပြောပြသွန်သင်ခဲ့၍ နားယဉ်ခဲ့ရပါသည်။ စာဖတ်တတ်သည့် အရွယ်တွင်လည်း ဉာဏ်ရည်မြင့်မားလာသော အရွယ်အလိုက် ဖတ်ဖွယ်၊ မှတ်ဖွယ်စာအုပ်များကို ဖတ်မှတ်စေခဲ့ပါသည်။

'**အလိမ္မာ စာမှာရှိသည်**' ဟုလည်း မကြာခဏ ဩဝါဒပေးတတ်ပါသည်။ '**အသွားအလာ၊ အနေအထိုင်၊ အပြောအဆို၊ အစားအသောက်မှစ၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာများ**'ကို အနီးကပ်သင်ကြားပြသပေးသူများမှာ မိဘများပင် ဖြစ်ပါသည်။ ပထမဆရာ ဗုဒ္ဓဘုရားရှင်၊ ဒုတိယဆရာ မိဘများ၏ ဆိုဆုံးမ လမ်းညွှန်ပေးသည်များကို ဦးထိပ်ထားကာ တစ်သက်တာမေ့ရမည် မဟုတ်ပါချေ။

ကျောင်းနေရွယ်မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် တွေ့ရသောဆရာ၊ ဆရာမများသည် ဘဝခရီးလမ်းကြောင်း ပညာအလင်းရောင်ထွန်းညှိပေးသော တတိယဆရာများဟု မှတ်ယူထားပါသည်။ နုနယ်သောအရွယ် ရွှံ့ပျော့ကလေးနှင့်တူသော ကျွန်ုပ်အား ကုံ့ကူလက်လှည့်ဆရာဟု ဆိုရမည်ဖြစ်သော လက်ဦးဆရာမှာ ဆရာမ ဒေါ်အေးကျော့ပင်ဖြစ်ပါသည်။ '**ဝ**'ကို ဝိုင်းစက်ပြီး ညီနေအောင် လက်ထပ်သင်ရေး ကျင့်ပေးခဲ့ပါသည်။ '**လက်ရေး လက်သား လှပသပ်ရပ်သည်**' ဟု ချီးကျူးခံရသည်မှာ ဆရာမ၏ ကျေးဇူးပင်ဖြစ်ပါသည်။ ဆရာမသည် အသက် (၃၀) ခန့်ရှိ၍ ဖွေးလှနေသော အင်္ကျီဖြူဖြူရင်ဖုံး၊ ရင်စေ့များကို သပ်ရပ်စွာဝတ်ဆင်၍ လုံချည်ကျောက်စိမ်းရောင်လေးနှင့် အလွန်ကြည့်ကောင်းပါသည်။ ဆရာမ၏ သွင်ပြင်ဟန်ကို ယနေ့တိုင် မမေ့နိုင်အောင်ပါပေ။

တတိယတန်းတွင် စိတ်ရှည်လက်ရှည် သင်ကြားပြသပေးသော ဆရာ

ဦးဘထွန်းကိုလည်း မမေ့နိုင်ပါ။ ကျက်ခိုင်းလိုက်သောစာမရလျှင် ဒဏ်ပေးတတ်ပါသည်။ ဒဏ်ပေးခံရမည်ကိုကြောက်၍ ကျွန်ုပ်အပါအဝင် ကျောင်းသားများသည် စာကို မထစ်မငေါ့ ရအောင်ကျက်လာကြပါသည်။ မူလတန်းတွင် အရေးကြီးသော စတုတ္ထတန်းကိုလည်း ဆရာပင် ဆက်လက်သင်ကြားပါသည်။ စာဖြေရာတွင် ဘောမျဉ်းသားပုံ၊ ခေါင်းစဉ်တပ်ပုံ၊ မေးသည်ကို ဖြေတတ်ရန် ညွှန်ကြားပုံ၊ ဖျက်ရာခြစ်ရာ လွတ်အောင်ဖြေစေပုံမှစ၍ အသေးစိတ် သင်ကြားပေးလိုက်ပါသည်။ ဆရာတော်၍ တပည့်များသည် မြို့နယ်ဆုများပင်ရကြပါသည်။ တက္ကသိုလ်ဝင်တန်းတွင် စနစ်တကျဖြေဆိုတတ်ခြင်းမှာ ဆရာ့ကျေးဇူး ကြောင့်ပင်ဖြစ်ပါသည်။ ဆရာသည် အသားဖြူ၍ အရပ်ရှည်ကာ တိုက်ပုံအနက်ရောင်၊ အဝါရောင်များကို ဝတ်လေ့ရှိပါသည်။ ဆရာ၏ပြောဟန်၊ ဆိုဟန်၊ သင်ကြားဟန်၊ ဆရာ့အသံနှင့် သွားလာလှုပ်ရှားပုံများကို ယနေ့တိုင် မမေ့နိုင်အောင်ပါလေ။

အလယ်တန်းအဆင့်တွင် ဆရာ၊ဆရာမများနှင့် သင်ကြားခဲ့ရသည့် အတွေ့အကြုံများ အတော်အတန်ရခဲ့ပြီဖြစ်ပါသည်။ အင်္ဂလိပ်စာသင်ရာတွင် အင်္ဂလိပ်စကားလုံးများကို ညှပ်ကာညှပ်ကာပြော၍ သင်တတ်သော ဆရာမ ဒေါ်အုန်းကြည်နှင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်း နှစ်နှစ်ဆက်သင်ရပါသည်။ ဗဟုသုတဖြစ်ဖွယ်၊ မှတ်ဖွယ် အင်္ဂလိပ်စကားလုံးများကိုလည်း ကျက်မှတ်စေပါသည်။ စာစီစာကုံးရေးနည်း၊ ပေးစာရေးနည်းများကိုလည်း အချက်အလက်များပေးကာ အရေးအသားလေ့ကျင့်ပေးပါသည်။ နှင်းဆီပန်းကြိုက်သောဆရာမအတွက် နှင်းဆီခြံမှ နှင်းဆီပွင့်လှလှလေးများကိုဝယ်ကာ ဆရာမအတွက် မကြာခဏပေးပါသည်။ မမေ့နိုင်သော ဆရာမပင်ဖြစ်ပါသည်။

သင်္ချာဆရာ ဦးဘသိန်းကမူ သင်္ချာကို အဖြေမထွက်မချင်း တွက်စေပါသည်။ သင်္ချာပုစ္ဆာများကို အကြိမ်ကြိမ်တွက်စေကာ လေ့ကျင့်ပေးပါသည်။ ကျောင်းသားများအပေါ် ကိုယ်စိတ်အပင်ပန်းခံကာ စေတနာထားသောဆရာဟု ခံယူမိပါသည်။

သမိုင်းဆရာမ ဒေါ်အေးကြည်သည် မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းကို အိမ်တွင် အကြည့်လွတ်အောင်၊ မှတ်ဉာဏ်တွင် စွဲထင်သွားအောင် သင်ခန်းစာ ယူစရာများကို စိတ်ဝင်စားဖွယ် ဆွဲဆောင်သင်ကြားနိုင်သူပင်ဖြစ်ပါသည်။ ဆရာမ အခြားမြို့သို့ ပြောင်းသွားသောအခါ တရှုံ့ရှုံ့ငိုပွဲဆင်ကာ ဘူတာသို့ လိုက်ပို့ခဲ့ရသည်ကိုလည်း မမေ့နိုင်အောင်ပါပေ။

မြန်မာစာသင်ကြားသော ဆရာဦးမြင့်ကိုလည်း မမေ့နိုင်ပါပေ။ ဆရာအဖေမှ မွေးသောသားဆရာပင် ဖြစ်ပါသည်။ ဆရာစိတ်ဓာတ် အပြည့်အဝရှိသူ ကျွန်ုပ်မမေ့နိုင်သော ဆရာတစ်ယောက်ပင်ဖြစ်ပါသည်။ ပညာသင်ယူရာတွင် မည်သို့စိတ်တွင် ခံယူရမည်ကို **'ခြေသုတ်ပုဆိုး၊ မြွေဖွယ်ကျိုးသို့၊ ချိုကျိုးနွားလား၊ ဒွန်းဒဏ္ဍားသို့'** ခံယူရမည်ကို မှတ်ဖွယ်ရွတ်ပြပြီး ရေးမှတ် ထားစေပါသည်။ ထို့ပြင် ပညာသင်ယူရပုံကိုလည်း **'အညစ်အကြေးကင်းလျက်၊ မစင်လိမ်းကျံလျက်ရှိသော်လည်း ရွှေခွက်ဟူက ယူရသည်။ ပညာရှိဟုတ်ပါက အမျိုးယုတ်သူပင် ဆရာပညာကို ယူရာသည်'** ဟူ၍ ပညာတန်ဖိုးပြစကားကို မှတ်စေပါသည်။

သိပ္ပံနှင့် ပထဝီဝင်သင်သူ ဆရာဦးမောင်ဝင်းသည် လူငယ်ဆရာ ဖြစ်သောကြောင့် ဖျတ်လတ်သွက်လက်၍ အသံအောင်လှသည်။ စေတနာပြည့်ဖြင့် ကိုယ်ဖိရင်ဖိ သင်ကြားရာတွင် နဖူးမှချွေးတပြိုက်ပြိုက် ကျနေပါသည်။ မြန်မာစာဆရာကမူ ဆရာပါးမဝသေးတဲ့ဆရာဟု မှတ်ချက်ချသည်ကိုလည်း မှတ်မိနေပါသည်။ အလယ်တန်းအဆင့်တွင် မေ့မရနိုင်သော ကျွန်ုပ်၏ဆရာ၊ ဆရာမများပင်ဖြစ်ပါတော့သည်။

အထက်တန်းအဆင့်တွင်မူ မြန်မာစာသင်သူ ဆရာမကြီးဒေါ်မြမူသည် ပင်စင်ယူချိန်နီးနေပြီဖြစ်၍ စာနှံ့ကာ သင်ကြားရေးအတွေ့အကြုံ ရင့်ကျက်နေပြီဖြစ်ပါသည်။ မြန်မာစာဆရာမပီပီ **'တစ်နှယ်ငင် တစ်စင်ပါ၊ ကျွဲကူးရေပါ'** သုတအဖုံဖုံ မှတ်ဖွယ်ရာတို့ကို စိတ်ဝင်စားဖွယ်ကောင်းအောင် လေသံအေးအေးဖြင့် သင်ကြားတတ်သူဖြစ်ပါသည်။ ဆရာမကြီးကျေးဇူးကြောင့် မြန်မာစာဘာသာ လေ့လာနည်းများသိကာ နဝမတန်းတွင် မြန်မာစာဂုဏ်ထူးပင် ထွက်ခဲ့ပါသည်။ ဆရာမပြောပြသော မှတ်ဖွယ်ရာများတွင် အမေရိကန် ခွသမားပြဇာတ် စာရေးဆရာကြီး အိုင်းရစ်စ်လူမျိုး 'ဘားနဒ်ရှောသည် ၁၉၂၅ တွင် နိုဘယ်ဆုရခဲ့သည်။ ဆုကိုလက်ခံယူသော်လည်း ဒေါ်လာသုံးသောင်းခွဲကိုမူ လက်မခံခဲ့ကြောင်း သိရပါသည်။ ဆရာကြီးက အသက် (၉၂)နှစ်အရွယ်တွင် ပြောခဲ့သော မှတ်ဖွယ်စကားမှာ **'ကျွန်ုပ်သည် ပညာသင်ယူနေဆဲ'** ဟူသောစကားပင် ဖြစ်ပါသည်။ တပည့်တို့လည်း တစ်သက်လုံး **'ပညာသင်ယူနေကြရမည်'** ဟု ဆုံးမခဲ့သည်ကို ကြားယောင်နေမိပါသည်။ ဆရာမကြီးကိုလည်း မမေ့နိုင်အောင်ပါပေ။

အင်္ဂလိပ်စာသင်သောဆရာကြီးကမူ အရေး၊ အဖတ် ကျွမ်းကျင်အောင် သင်ကြားပေးပါသည်။ ရေးခိုင်းသမျှကိုလည်း အပင်ပန်းခံကာ မျက်မှန်ထူထူ

ကြီးတပ်လျက် စစ်ဆေးပေးပါသည်။ ဆရာကြီး၏ သင်ကြားဟန် အသံများကို ကြားယောင်နေဆဲ ဖြစ်ပါသည်။ သိပ္ပံဘာသာရပ် အသစ်များကို အင်္ဂလိပ်လို သင်ကြားပေးကြသော ဆရာ၊ဆရာမများကိုလည်း မမေ့ပါလေ။ စေတနာပြည့် သင်ကြားပေးကြသော ဆရာ ၊ဆရာမများပင် ဖြစ်ပါသည်။ ဆရာ၊ဆရာမတိုင်းသည် ဆရာ့ကျင့်ဝတ်ငါးပါးနှင့်အညီ သင်ကြားပေးသူများ ပင်ဖြစ်ပါသည်။ '**ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ ဆရာဟူ၏**' ဟူ၍ မဃဒေဝလင်္ကာသစ်တွင် မန်လည် ဆရာတော်ဘုရား ဖွဲ့ဆိုထားသော ဆရာ့ဂုဏ်နှင့် ပြည့်ဝကြသူများပင် ဖြစ်သည်။ '**အကောင်းဆုံးဆရာသည် တပည့်တို့၏နှလုံးသားကို ပညာမွတ်သိပ်လာအောင် လုပ်ပေးနိုင်သူ**' ဟူ၍ ဆာရစ်ချက်လစ်ဗင်းစတုန်းက ဆိုခဲ့ပါသည်။ ကျွန်ုပ်တွေ့ကြုံ သင်ကြားခဲ့ရသော ဆရာများ၏ သင်ကြားပြသ ဆိုဆုံးမမှု ကောင်းခြင်းတို့ကြောင့် ကျွန်ုပ်သည် ပညာကိုမွတ်သိပ်စွာ ဆည်းပူးသင်ယူနေပြီဖြစ်ပါသည်။

'**ဆရာတို့၏ ဩဇာသက်ရောက်မှုသည် တပည့်များအပေါ်တွင် မည်သည့်အခါမျှ အဆုံးသတ်မည်မဟုတ်**' ဟူသော ပညာရှင် ဟင်နရီဘရွတ်ခ်၏ အဆိုအမိန့်အတိုင်း မမေ့နိုင်သော အကျွန်ုပ်ဆရာများ၏ ဆိုဆုံးမသင်ကြားခဲ့သော ဩဇာသက်ရောက်မှုများသည် ကျွန်ုပ်အပေါ်တွင် ဘဝတစ်သက်တာပါပင်တည်း။ ကျွန်ုပ်၏ ဆရာများကို ဘယ်ခါမမေ့၊ ဆရာ့ဂုဏ်ကျေးဇူးများသည် ကျွန်ုပ်၏ နှလုံးသားတွင် ထာဝရစွဲထင်နေမည်ဖြစ်ပါတော့သည်။ ။

အနန္တကျေးဇူးရှင်

- အနန္တကျေးဇူးရှင်ဟူသည်
- ဗုဒ္ဓကျေးဇူးကြီးမားလှပုံ
- မိဘဆရာသမားတို့၏ ကျေးဇူးကြီးမားလှပုံ
- ကျေးဇူးကြီးမားသူတို့၏ ဂုဏ်ထုတ်ဖော်ချက်များ
- ကျေးဇူးကြီးမားသူတို့၏ ကျေးဇူးကိုအစဉ်မမေ့ထိုက်ဘဲ တတ်နိုင်သမျှ ကျေးဇူးတုံ့ပြန်သင့်ပုံများ။

## အနန္တကျေးဇူးရှင်

**'အနန္တ'**ဟူသည် **'အများအပြား၊ အဆုံးအစမရှိခြင်း၊ အပိုင်းအခြားမရှိခြင်း'** ပင် ဖြစ်ပါသည်။ ကျေးဇူးဟူသည် သူတစ်ဦးက သူတစ်ဦးအပေါ်တွင် ပြုအပ်သော ကောင်းမှု၊ ကောင်းကျိုးပင်ဖြစ်ပါသည်။ အနန္တကျေးဇူးရှင်ဟူသည် ဆုံးစမထင် အပိုင်းအခြားမပြုနိုင်လောက်အောင် ကျေးဇူးတရားကြီးမားလှသူများပင် ဖြစ်တော့သည်။

ဗုဒ္ဓဘာသာဝင်တို့အဖို့ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်သည် အနန္တပါပေ။ သုံးဆယ့်တစ်ဘုံဟူသော သံသရာဝဲဩဃမှ လွတ်မြောက်ရာ ချမ်းသာမှုအမှန် မြတ်နိဗ္ဗာန်ပြည်သို့ လမ်းညွှန်ပို့ဆောင်ပေးနိုင်သူမှာ ဗုဒ္ဓဘုရားရှင်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင် ထိပ်ဆုံးနေရာတွင်ရှိသော အနန္တကျေးဇူးရှင်ပင် ဖြစ်ပါတော့သည်။

အနန္တကျေးဇူးရှင်များတွင် ဒုတိယနေရာရှိနေသူမှာ မိဘများပင်ဖြစ်ပါသည်။ **'အနုသတ္တ ဒုလ္လဘော'**ဟူသော ရခဲလှသော လူ့ဘဝရောက်အောင် ပို့ပေးကြသူများဖြစ်၍ အနန္တကျေးဇူးရှင်များပင် ဖြစ်ပါသည်။ လူ့ဘဝသည် ထက်အောက်စုန်ဆန် ကူးလူးသွားလာနိုင်ရာ အချက်အချာဘုံဘဝဖြစ်ပါသည်။

မိဘနှစ်ပါးသည် **'ကလလရေကြည်'** စတည်သည်ကိုသိရသောအချိန်မှစ၍ ဝမ်းမြောက်ကြည်နူးစွာ လက်ခံကြပါသည်။ အစားအသောက်၊ အနေအထိုင် ဆင်ခြင်ကာ မွေးဖွားပေးသော အမိ၏ဂုဏ်ကျေးဇူးမားလှသလို အမိနှင့် သန္ဓေသားကို အစစဖေးမစောင့်ရှောက်ပေးသော အဖကျေးဇူးသည်လည်း ကြီးမားလှပါသည်။ သားသမီးတို့၏ရုပ်ရည် မည်သို့ရှိမည်။ ဖြူမည်၊ မည်းမည်ကိုပင် မသိမီအချိန်ကပင်

မေတ္တာပြည့်ဖြင့် ကိုယ်လက်အင်္ဂါပြည့်ပြည့်စုံစုံဖြင့် ကျန်းမာသောရင်သွေးလေး ချောမောစွာ မွေးဖွားလာနိုင်ရေးအတွက် အမိ၊ အဖတို့သည် မကြာခဏဆန္ဒပြု ဆုတောင်းခဲ့ကြသည်ဟု သိရပါသည်။ အမိ၊ အဘဖြစ်ရတော့မည်ကို ကြည်နူး ဝမ်းမြောက်စိတ်များ ရင်နှင့်အမျှရှိကြကြောင်း သိရပါသည်။

'**သားသား၊ မီးမီး**'တို့ လူ့ဘဝရောက်လာလျှင် ဝတ်ရန်၊ အိပ်ရန်မှစ၍ အစစကြိုတင် ပြင်ဆင်ထားတတ်ကြပါသည်။ '**အူဝဲ**'ဟူသော ချိုသာသောအသံလေးကြားလိုက်ရသည်နှင့် '**ဖရဏာပီတိ ဝမ်းဆီထိ**'သလို ကြည်နူးစိတ်များ ရင်တွင် သိမ့်သိမ့်ခါပျံ့နှံ့သွားရသည်ဟု မိဘများပြော၍ သိရပါသည်။ကိုယ်လက်အင်္ဂါမစုံလင် ချို့တဲ့သောသားသမီးလေးများ ဖြစ်စေကာမူ မိဘများသည် ချစ်မေတ္တာ မလျော့ပါး တိုး၍ပင် အကြင်နာပိုကာ ပြုစုစောင့်ရှောက်ကြပါသည်။

မိဘများသည် သားသမီးလေးများကို အချိန်ပြည့်ဆိုသလိုပင် ဂရုစိုက်ပြုစု စောင့်ရှောက်ကြပါသည်။ လသားအရွယ်တွင် '**မှတ်၊ ခြင်၊ ယင်၊ နေခြည်**'ပင် မသန်းရအောင် ဂရုစိုက်ကြသည်။တွေးထုပ်ရသော အနှီးကိုပင် ပိုးမွှားကလေး များအား မြင်သာအောင် အဖြူရောင်ကို အသုံးပြုကြပါသည်။ လှုပ်ရှား သွားလာတတ်သည့် အရွယ်တွင်လည်း အနီးကပ် စောင့်ရှောက်ကြမြဲပင်ဖြစ်ပါသည်။

'**ပုဗ္ဗာစရိယ မိနှင့်ဘ**'ဆိုသည့်အတိုင်း အမိသည် ရင်သွေးလေးများအား အနီးကပ် သွန်သင်ဆုံးမပေးသော လက်ဦးဆရာပင်ဖြစ်ပါသည်။ အဘသည်လည်း အနီးကပ်သွန်သင်ပြသတည့်မတ်ပေးသူ ဖြစ်ပါသည်။ '**မကောင်းမြစ်တာ ကောင်းရာ ညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ**'ဟူသော ဝတ္တရားငါးပါး ပျက်ယွင်းသူ မိဘမျိုး ရှားလှပါသည်။ ကျောင်းနေအရွယ်တွင် အကောင်းဆုံးသောကျောင်းမျိုးကို ရွေးချယ်ထားပေး တတ်ကြပါသည်။ ပညာရေးတွင် ထူးချွန်ထက်မြက်လာအောင် အဖက်ဖက်မှ ပံ့ပိုးပေးကြပါသည်။ သားသမီးတို့ပညာရေးတွင် ထူးချွန် ပေါက်မြောက်လာလျှင် ထိပ်ဆုံးမှ ဝမ်းသာကြည်နူးမဆုံး ဖြစ်ရသူများမှာ မိဘများပင်ဖြစ်ပါသည်။ သားသမီးတို့ လိုအပ်ချက်အသီးသီးကို မေတ္တာအပြည့် ပံ့ပိုးကူညီဖြေရှင်းပေးသူများမှာ အနန္တကျေးဇူးရှင် မိဘများပင်ဖြစ်ပါသည်။

ထို့ကြောင့် '**အတုလဆရာတော် ခင်ကြီးဖျော်**'က '**မိကိုလက်ယာ၊ ဘမှာ လက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့ပင်နှစ်စု၊ လုပ်ကျွေးကြလည်း၊ ရှေးက ပြုဖူး၊ မွေးကျေးဇူးကို၊ အထူးမခိုင်၊ မဆပ်နိုင်တည်း**' ဟူ၍ အနန္တကျေးဇူးကို ပေါ်လွင်အောင် စပ်ဆိုခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင်ကလည်း ချိန်ခွင်တစ်ဖက်တွင် မိဘ

ကျေးဇူး၊ တစ်ဘက်တွင် ရေထု၊ မြေထုကိုထည့်ကာ ချိန်တွယ်ပါလျှင် မိဘကျေးဇူး ဘက်ကသာ ချိန်ခွင့်ညွှာ လျှောသာနေမည်ဟု ဟောပြခဲ့ပါသည်။ ဗုဒ္ဓသည် အနန္တကျေးဇူးရှင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား နိဗ္ဗာန်ဝင်သည်အထိ၊ မယ်တော် သန္တုဿိတနတ်သားအား သောတာပန်တည်သည်အထိ အဘိဓမ္မာ တရားဟောပြီး ကျေးဇူးဆပ်ပြခဲ့ပါသည်။

မိဘများနှင့် ရည်တူနေရာတွင်ရှိသော ဒုတိယမိဘမှာ ဆရာများပင်ဖြစ်ပါသည်။ **'အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပအချိန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ'** ဟူသော ဆရာတို့ဝတ္တရားနှင့်အညီ သင်ကြားပြသသော ဆရာတို့ကျေးဇူးသည် အနန္တပါပေ။ **'ဆရာဟူသည် တူညီနှိုင်းဆို၊ မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးတရား၊ ဘုရားနှင့်နှိုင်း၊ တစ်ဂိုဏ်းတည်းပြ၊ အနန္တဂိုဏ်းဝင် ဆရာသခင်'** ဟူ၍ ဆရာတို့၏ အနန္တ ကျေးဇူးဂုဏ်ကို ဖော်ကျူးစပ်ဆိုထားသော စာသားလေးကိုလည်း နှစ်သက်၍ ကျက်မှတ်ထားမိပါသည်။

ဆရာတို့သည် **'လောင်ကျွမ်းမှုကိုခံ၍ အလင်းရောင်ပေးသော ဖယောင်းတိုင်'** နှင့်လည်း တူပါသည်။ **'အိုးကို တင့်တယ်အောင်ခတ်သော အိုးထိန်းသည်'** နှင့်လည်း တူပါသည်။ **'သံတုံးကို လိုရာပုံသွင်းနိုင်သော ပန်းပဲဆရာ'** နှင့်လည်း တူပါသည်။ **'လက်ရာမြောက်လှပသော ရုပ်တုကလေးများ ပုံဖော်ထုလုပ်သော ပန်းပု ဆရာ'** နှင့်လည်း တူပါသည်။ အပင်ပန်းခံ ရေလောင်းပေါင်းသင် ပြုစုပျိုးထောင် သီးပွင့်စေသော ဥယျာဉ်မှူးနှင့်လည်း တူပါပေသည်။ အတတ်ပညာစုံ သင်ကြားပြသပေး၊ ထိန်းကျောင်းပြုပြင် လိုရာပုံသွင်းပေးသော ဒုတိယမိဘများဖြစ်သည့် ဆရာတို့ ဂုဏ်ကျေးဇူးသည်လည်း အနန္တပါပေ။

ထို့ကြောင့် မျက်မှောက်ခေတ်တွင် ဆရာတို့၏ အနန္တဂုဏ်ကျေးဇူးကို သိမြင်ပြီး သိတင်းကျွတ်လရောက်သည်နှင့် ဆရာကန်တော့ပွဲများကို ကျောင်းအသီးသီး၊ အဖွဲ့အစည်းဌာန အသီးသီး၊ မြို့နယ်အသီးသီးတို့တွင် အပျံ့အနှံ့ ကျင်းပကြသည်ကို တွေ့မြင်နိုင်ပါသည်။

ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကြီးမားသည်နှင့်အမျှ ဗုဒ္ဓ၏သားတော် တပည့် လောကုတ္တရာဆရာများဖြစ်ကြသော ဆရာတော်ကြီးများ၏ ကျေးဇူးသည်လည်း အနန္တပါပေ။ ဗုဒ္ဓဟောကြားခဲ့သော တရားအဆီအနှစ်များကို ထုတ်ဖော် ဟောကြားခြင်း၊ သံသရာဝဲသြဃမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရေး တရားဓမ္မများကို ရေးသားပြုစုပေးကြသော ဆရာတော်များ၏ ကျေးဇူးများသည်လည်း အနန္တပါပေ။

မိမိ၏အသက်ကို ကယ်တင်ပေးသောသူသည်လည်းကောင်း၊ ဘေးဒုက္ခ ဘဝ အခက်အခဲများ ကူညီဖြေရှင်းပေးသောသူလည်းကောင်း အနန္တကျေးဇူးရှင်ပင် ဖြစ်ပါသည်။ လောကီ၊ လောကုတ္တရာ အသိဉာဏ်ပညာ ပွင့်လင်းလာအောင် စာကောင်းပေမွန် ရေးသားပြုစုပေးကြသော ပုဂ္ဂိုလ်ကြီးများသည်လည်း အနန္တ ကျေးဇူးရှင်ပါပေ။ မိမိအပေါ် သေးသေးဖွဲ့ဖွဲ့သော ကျေးဇူးတစ်စုံတစ်ရာ ပြုဖူးသူကိုပင် ကျွန်ုပ်သည် အနန္တကျေးဇူးရှင်စာရင်း သွင်းထားမိပါသည်။

ကျွန်ုပ်၏ဘဝတာတွင် ဗုဒ္ဓဘုရားရှင်အစ မိဘဆရာသမားများအားလုံး၊ ကျေးဇူးတင်ထိုက်သူ အားလုံးကို အနန္တကျေးဇူးရှင်များဟု ရင်ထဲ၊ နှလုံးသားထဲတွင် စွဲစွဲမြဲမြဲ မှတ်သားထားမိပါတော့သည်။ ကျေးဇူးရှင်များ၏ အနန္တကျေးဇူးကို ဘဝတာ တစ်လျှောက် တတ်နိုင်သမျှဆပ်သွားမည်ဟုလည်း သိန္နိဋ္ဌာန်ချမိပါတော့သည်။ ။

နှစ်သက်ဖွယ်ရာ ရိုးရာဓလေ့များ

- ❑ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် နှစ်သက်ဖွယ် ရိုးရာဓလေ့များရှိကြပုံ
- ❑ မြန်မာနှင့် တိုင်းရင်းသားလူမျိုးတို့တွင်လည်း နှစ်သက်ဖွယ် စဉ်လာမပျက် ကျင်းပလာသော ရိုးရာဓလေ့များရှိပုံ
- ❑ ဗုဒ္ဓဘာသာဝင် မြန်မာတို့ အရဏ်ဦးမှစ၍ ကုသိုလ်စိတ်ဖြင့် နိုးထကြပုံ
- ❑ ဘုရားစင်၊ ဘုရားခန်းကို မွန်မြတ်သောနေရာတွင်ထားပုံ
- ❑ ကုသိုလ်ရေးကို ရှေ့တန်းတင်၍ စေတနာသဒ္ဓါတရားထက်သန်ကြပုံများ
- ❑ မိတ်ဆက်ပေးသူမရှိဘဲ မိတ်ဆွေဖြစ်လွယ်ပုံ
- ❑ သာရေးနာရေးကူညီရိုင်းပင်းတတ်ကြပုံများ
- ❑ ရိုးရာဓလေ့ယဉ်ကျေးမှုအစဉ်အလာပွဲတော်များကို စဉ်လာမပျက် ကျင်းပလာခဲ့ပုံများ
- ❑ တိုင်းရင်းသားများလည်း ရိုးရာဓလေ့ရှိကြပုံများ

## နှစ်သက်ဖွယ်ရာ ရိုးရာဓလေ့များ

ကမ္ဘာ့နိုင်ငံများတွင် လူမျိုးစုအသီးသီး ရှိကြပါသည်။ လူမျိုးတိုင်း နှစ်သက်ဖွယ် ရိုးရာဓလေ့များ ရှိကြပါသည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသူများတွင် မြန်မာတို့အများစုဖြစ်၍ တိုင်းရင်းသား လူမျိုးစုများလည်း ပေါင်းစည်းနေထိုင်ကြပါသည်။ လူမျိုးတိုင်းတွင် စဉ်လာမပျက် ကျင်းပလေ့ရှိသော နှစ်သက်စဖွယ် ရိုးရာဓလေ့များ ရှိကြပါသည်။

မြန်မာအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ရက်ရောစွာ လှူဒါန်းတတ်ကြသော ဓလေ့များရှိကြောင်း ပုဂံခေတ်ရေးထိုးခဲ့သော ကျောက်စာများက သက်သေပြနေပါသည်။ ပုဂံခေတ်မှသည် မျက်မှောက်ခေတ်တိုင် ခေတ်အဆက်ဆက် 'အလှူရေစက် လက်နှင့်မကွာ' လှူဒါန်းလေ့ရှိပါသည်။ တစ်ယောက်တည်းလည်း လှူသည်။ မိသားစုလိုက်လည်း လှူသည်။ စုပေါင်း၍လည်း လှူကြပါသည်။ ဆယ့်နှစ်ရာသီ ပွဲတော်အများစုမှာလည်း ဘာသာရေးနှင့် တွဲယှဉ်နေပါသည်။ ပျော်စရာအကောင်းဆုံး နှစ်သစ်ကူး မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်သည်ပင် ဘာသာရေးနှင့် တွဲယှဉ်လျက် ကျင်းပလေ့ရှိပါသည်။ လူငယ်လူလတ်များက ရေသဘင်ပွဲတော် ပျော်ရွှင်စွာ နွှဲပျော်လေ့ရှိ၍ သင်္ကြန်ရေသဘင်ပွဲ မဆင်နွှဲလိုသူများနှင့် လူကြီးများက

ကုသိုလ်ပွဲများ ဆင်နွှဲမြဲဖြစ်ပါသည်။ နှစ်သစ်ကူး ခါသမယတွင် ဇီဝိတဒါနအဖြစ် ကျေးငှက် ကလေးများလွှတ်ခြင်း၊ နွားလွှတ်ခြင်း၊ ငါးလွှတ်ခြင်းများသည် နှစ်သက်ဖွယ် ရိုးရာဓလေ့များပင် ဖြစ်ပါသည်။

ရှေးခေတ်က မြစ်တွင်းရေသင်ဖြူးခင်းချိန် တော်သလင်းလတွင် လှေပြိုင်ပွဲ၊ သစ်ဆင်းသဘင်ပွဲများ ကျင်းပလေ့ရှိပါသည်။ ပျော်ပွဲရွှင်ပွဲများပင် ဖြစ်ပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ မီးမျှောပွဲများမှာ ဗုဒ္ဓကိုပူဇော်သော ရိုးရာပွဲများပင် ဖြစ်ပါသည်။ တန်ဆောင်မုန်းတွင် မီးထွန်းပွဲတော်ကို ကျင်းပခြင်းမှာလည်း ဘုရားကို ပူဇော်သော ရိုးရာပွဲတော်ပင် ဖြစ်ပါသည်။ ကြည်နူးနှစ်သက်ဖွယ် ကုသိုလ်ပွဲများ ကျင်းပလေ့ရှိပုံပင် ဖြစ်ပါသည်။ တပို့တွဲလတွင် ဆိုင်းဗုံတီးကာ အားကောင်းမောင်းသန် လူရွယ်လူလတ်တို့ ထမနဲကို အပြိုင်ထိုးပွဲ ကျင်းပမြဲဖြစ်ပါသည်။ ဘုရားကိုကပ်၊ သံဃာကိုလောင်းလှူ လူပရိသတ်များကို ကျွေးမွေးညှော်ခံကြမြဲဖြစ်သော နှစ်သက်စဖွယ် ရိုးရာပွဲပင်ဖြစ်ပါသည်။ တပေါင်းလတွင်မူ ဘုရားပွဲတော်များ စည်ကားစွာ ကျင်းပလေ့ရှိပါသည်။

ဗုဒ္ဓဘာသာ မြန်မာတို့သည် အရုဏ်ဦးနိုးထချိန်မှစ၍ ကုသိုလ်စိတ်ဖြင့် နိုးထလေ့ရှိကြပါသည်။ ဆွမ်းချက်၊ ဆွမ်းတော်ကပ်၊ သောက်ရေချမ်းလဲ၊ ပန်း၊ ဆီမီး ကပ်ကာ ဘုရားဝတ်ပြုကြသည်။ ပိဏ္ဍပါတ် ဆွမ်းဟင်းလောင်းလှူကာ အိမ်သို့ ဆွမ်းခံကြွသော သံဃာများအားလည်း ဆွမ်းနှင့်ဆွမ်းဟင်း လောင်းလှူ တတ်သော အလေ့ရှိကြပါသည်။ ဆွမ်းအတွက် ဖယ်ပြီးလျှင် **'မိဦး၊ ဖဦး၊ ဆရာဦး'** ဟူ၍ ဖယ်ပြီးမှ စားလေ့ရှိပါသည်။ မိအိုဘအိုများကို အိမ်ဦးခန်းတွင်ထားကာ ပြုစု စောင့်ရှောက်လေ့ရှိကြပါသည်။ ဝါတွင်းကာလများတွင် **'နိဗ္ဗာန်ဆော်'** များက ရှစ်ရက်သီတင်း၊ လပြည့်၊ လကွယ်နေ့ နံနက် ၄ နာရီထိုးတွင် ဆွမ်းထချက်ကြရန် ကြေးစည်သံလွင်လွင်ဖြင့် နှုတ်မှလည်း **'ဘွဲ့ဆွော'** ဆိုကာ နှိုးဆော်ကြသော နှစ်သက်ဖွယ် ဓလေ့များရှိပါသည်။

ထို့ပြင် တစ်ဦးနှင့်တစ်ဦးကြား လူမိတ်ဆက်ပေးရန်မလို၊ အပြန်အလှန် ပြုံးပြခြင်းဖြင့် မိတ်ဆွေဖြစ်ကြသည်မှာလည်း နှစ်သက်စဖွယ် မြန်မာ့ရိုးရာ ဓလေ့ပင် ဖြစ်ပါသည်။ ဖော်ရွေခြင်း၊ ကရုဏာကြီးခြင်း၊ အကြင်နာပွားတတ်ခြင်း၊ ပျော်ရွှင်မှုကို နှစ်သက်မြတ်နိုးခုံမင်ခြင်း၊ မိသားစုစိတ်ဓာတ်ကြီးမားခြင်းတို့မှာ မွေးရာပါ ချစ်စရာ ဓလေ့များပင် ဖြစ်ပါသည်။ တစ်ဦး၏ ဒုက္ခကို တစ်ဦးက ကူညီတတ်သော အလေ့၊ သာရေး၊ နာရေးကိစ္စများတွင် ဝိုင်းဝန်းကူညီတတ်ကြသည်များမှာလည်း နှစ်သက်စရာ မြန်မာ့ရိုးရာဓလေ့များပင်ဖြစ်ပါသည်။

ဇရပ်ဆောက်ခြင်းဖြင့် နေရာကုသိုလ်ယူခြင်း၊ သစ်ပင်စိုက်ခြင်းဖြင့် အရိပ်ကုသိုလ်ယူခြင်း၊ ရေတွင်းတူးခြင်း၊ ရေအိုးစင် တည်ခြင်းဖြင့် ရေကုသိုလ်ယူခြင်း၊ စေတီသာကျွေးခြင်းဖြင့် အစားအစာ ကုသိုလ်ယူတတ်ခြင်းတို့မှာလည်း နှစ်သက်စဖွယ်ကောင်းလှသည့် မြန်မာ့ရိုးရာဓလေ့အလှများပင် ဖြစ်ပါသည်။ အလှူမင်္ဂလာပွဲများတွင် ဖြောစည်တီးကာ လှူကြပြီး ကွမ်း၊ လက်ဖက်ပွဲများကို စားကြွင်းစားကျန် မမှတ်ယူ ဆက်လက်စားသုံးတတ်ကြသော ချစ်စဖွယ် ရိုးရာဓလေ့လည်း ရှိပါသေးသည်။ ကျေးလက်တွင် လသာညများ၌ လက်ဖက်ရည် ကြမ်းဝိုင်းများတွင် **'သက်ကြီးစကား သက်ငယ်ကြား'** ဆိုသကဲ့သို့ လူကြီးသူမတို့ ရှေးဟောင်းနှောင်းဖြစ်သုတဖြစ်ဖွယ် ပြောဆိုသော စကားတို့ကို လူငယ်များက မှတ်သားကြသော ချစ်စဖွယ်ဓလေ့လည်း ရှိပါသည်။ ရပ်ဓလေ့၊ ရွာဓလေ့၊ မြို့ဓလေ့ စသည်ဖြင့် နှစ်သက်စဖွယ် မြန်မာ့ရိုးရာဓလေ့များက များပြားလှပါတော့သည်။

မြန်မာခုနစ်မျိုးတွင် ပါဝင်သော ရခိုင်တို့ ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော်ကျင်းပပုံမှာ မြန်မာနှင့်ခပ်ဆင်ဆင် တူသော်လည်း တစ်မူထူးခြားစွာကျင်းပလေ့ရှိပါသည်။ သင်္ကြန်ရက်နီးလျှင် အမျိုးသမီးတို့က နံ့သာရည်သွေးကြရသည်။ ဘုရားအား နံ့သာရည်ဖြင့် သပ္ပာယ်ပူဇော်ရန်ပင်ဖြစ်ပါသည်။ လောင်းလှေကြီးတွင် သွေးထားသော နံ့သာရည်ကို ဖျော်ထည့်ကြသည်။ အမျိုးသားလူပျိုများနှင့် အမျိုးသမီးပျိုများ တစ်ဖက်စီ နေရာယူကာ သံချပ်များထိုးလျက် ပျော်ရွှင်စွာ ရေစင်ပက်ဖျန်းကြသော ချစ်စဖွယ်ဓလေ့ပင်ဖြစ်ပါသည်။

ရခိုင်တို့၏ ရိုးရာဓလေ့ပွဲတော်ဖြစ်သော **'ရထားဆွဲပွဲတော်'** မှာလည်း တပို့တွဲလပြည့်အထိ သုံးရက်ကျင်းပမြဲဖြစ်ပါသည်။ ရာသီဥတုမျှတရန်၊ လယ်ယာသီးနှံအထွက်တိုးရန်၊ တိုင်းပြည်နိုင်ငံ အေးချမ်းစေရန် ရည်ရွယ်ကျင်းပသော ပွဲတော်ပင်ဖြစ်ပါသည်။ မြို့တော်စစ်တွေတွင် ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်က ရထားဆွဲပွဲဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ ပိုဒ်စုံရတုဖြင့် ပွဲဖွင့်ကာ အန္တရာယ်ကင်း ဂါထာများလည်း ရွတ်ဖတ်ပူဇော်ပါသည်။ ဆုရရပ်ကွက်များကို ဆုပေး၍ စည်ကားလှသော ရိုးရာပွဲတော်ပင်ဖြစ်ပါသည်။

ထားဝယ်တို့သည်လည်း မြန်မာခုနစ်မျိုးတွင် ပါဝင်ကြသည်သာ။ ချစ်နှစ်ဖွယ် ရိုးရာဓလေ့မှာ နည်းနည်းစား၍ များများလှူကြသော ရိုးရာဓလေ့ရှိသည့် လူမျိုးပင်ဖြစ်ပါသည်။ ဘာသာ၊ သာသနာကို အထူးလေးစား ကိုင်းရှိုင်းကြသော အလေ့ရှိကြပါသည်။ ညနေတိုင်း ဘုရားသို့သွားကြလေ့ရှိကာ ပန်းများကပ်လှူကြသည်။ မသွားနိုင်သောသူတို့က အိမ်ရှေ့ခြံဝင်းတွင် ပန်းစည်းပန်းခိုင်ကလေးများ

ထိုးထားတတ်ကြသည်။ ဘုရားသွားသူတို့ ယူဆောင်ကပ်လှူပေးရန် ဖြစ်ပါသည်။ နှစ်သက်စဖွယ် ရိုးရာဓလေ့ပင်ဖြစ်ပါသည်။ ထားဝယ်အိမ်ရှင်မတိုင်း နံနက်စောစော ထကာ မိမိအိမ်ဝင်း၊ အိမ်ဝန်းကျင်သန့်ရှင်းရေး လုပ်တတ်ကြသည်မှာလည်း နှစ်သက်စဖွယ် ရိုးရာဓလေ့ဟုပင် ဆိုရပါမည်။ မိုးခေါင်လျှင် ဖားဖို၊ ဖားမတို့ (အသိုးအို၊ အဘွားအို)ဖြင့် မိုးခေါ်ပွဲကျင်းပ တတ်ကြသည်မှာလည်း နှစ်သက်စဖွယ် ရိုးရာဓလေ့ပင် ဖြစ်ပါသည်။

တိုင်းရင်းသား ကရင်တို့ ရိုးရာနှစ်သစ်ကူးပွဲကို ဒုံးယိမ်းအက၊ ဝါးညှပ်အက တို့ကို ဖားစည်သံ တညံညံဖြင့် ပျော်ပျော်ရွှင်ရွှင် ကျင်းပလေ့ရှိပါသည်။ ကောက်သစ်စားပွဲလည်း ရိုးရာပွဲပင်ဖြစ်ပါသည်။ ကယားတို့၏ ကူပိုးထိုးပွဲတော်၊ ကောင်ညှင်းထုပ်ပွဲတော်၊ ဖားစည်ပွဲတော်တို့သည်လည်း ရိုးရာပွဲတော်ပင် ဖြစ်ပါသည်။ ကချင်တို့ကမူ ရိုးရာမနောပွဲကို ခေါင်ရေစုပ်ကာ ပျော်ပျော်ရွှင်ရွှင် ကျင်းပမြဲဖြစ်ပါသည်။ နာဂလူမျိုးတို့သည်ပင် ရိုးရာနှစ်သစ်ကူးပွဲတော်ကို လေရှီး၊ လဟယ်၊ နန်ယွန်းတို့တွင် အလှည့်ကျကျင်းပကြပါသည်။ စည်ကားသောရိုးရာပွဲဖြစ်၍ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားသားများ၊ လေ့လာသူများ၊ ဒေသခံများနှင့် စည်ကားစွာကျင်းပသော ရိုးရာပွဲပင်ဖြစ်ပါသည်။ ရှမ်းတို့ရိုးရာပွဲတော်တွင်မူ ကိန္နရာအကပါမြဲ၊ ရှမ်းအိုးစည်ပါမြဲပင်ဖြစ်ပါသည်။ လူမျိုးတိုင်းတွင် ထူးခြားသော နှစ်သက်ဖွယ် ပွဲတော်များ၊ ရိုးရာဓလေ့များရှိကြသည်သာ ဖြစ်ပါသည်။

အသီးသီးသောလူမျိုးတို့၏ ရိုးရာဓလေ့များမှာ တစ်မျိုးစီပင် နှစ်သက်ဖွယ်ကောင်းလှပါသည်။ ယဉ်ကျေးသော လူမျိုးများဖြစ်ကြ၏။ မိမိတို့၏ ယဉ်ကျေးမှုဖြစ်သော ရိုးရာဓလေ့များကို စဉ်လာမပျက် ထိန်းသိမ်းကြပြီး နှစ်စဉ် ကျင်းပကြသည်သာ ဖြစ်ပါသည်။ အမိမြန်မာနိုင်ငံတော် အခွန့်ရှည်စွာ တည်တံ့နေသရွေ့ သည်မြေတွင်နေထိုင်ကြသူ လူမျိုးအသီးသီးတို့၏ ရိုးရာဓလေ့များသည်လည်း နှစ်သက်ဖွယ်ကောင်းအောင် နှစ်စဉ်ကျင်းပနေကြမည်သာဖြစ်ပါတော့သည်။ ။

ဝါကျွတ်ချိန်

- ဝါလအဓိပ္ပာယ်
- ဝါကျွတ်ချိန်သည် သီတင်းကျွတ်လရာသီဖြစ်ပုံ
- ပွင့်လင်းရာသီဖြစ်၍ အလှူပွဲများကျင်းပကြပုံ
- ဗုဒ္ဓပူဇနီယ မီးထွန်းပွဲများကျင်းပပုံ
- မီးမျှောပွဲများလည်း ကျင်းပကြပုံ
- သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ပျော်ရွှင်ဖွယ်ရာများ
- မိမိအတွေးအမြင်နှင့် ခံစားချက

## ဝါကျွတ်ချိန်

ဝါကျွတ်ချိန်ဟူသည် ဗုဒ္ဓဘာသာဝင်တို့ အလေးမြတ်ထားကြသော ဝါလမှ လွန်မြောက်ကုန်ဆုံးချိန်ပင် ဖြစ်ပါသည်။ **'ဝါ'**ဟူသည် သံဃာတော်တို့သည် **'ဤကျောင်းတွင် သီတင်းသုံးပါမည်'**ဟု စုပေါင်းရွတ်ဆိုခြင်း အဓိပ္ပာယ်ဖြစ်ပါသည်။ **'ဝါမှသည် ဝါသ၊ ဝါသို၊ ဝါဆို'**ဟူ၍ အဆင့်ဆင့် ပြောင်းခေါ်ခဲ့ကြခြင်းဖြစ်ပါသည်။ ဗုဒ္ဓက ဝါတွင်းကာလကို **'ဝါဆိုလပြည့်ကျော်(၁)ရက်မှ သီတင်းကျွတ်လပြည့်အထိ'** သုံးလတာကာလ သတ်မှတ်ထားပါသည်။ ဝါတွင်းကာလတွင် သံဃာတော်များသည် မိမိတို့သီတင်းသုံးရာ ကျောင်းအသီးသီးတွင် ဝါကပ်ကြ၊ ဝါဆိုကြရပါသည်။

ပဝါရဏာပွဲပြုပြီး သီတင်းကျွတ်လပြည့်ကျော် (၁)ရက်တွင် သံဃာတော်တို့ လိုရာခရီး ကြွချီနိုင်ကြပါသည်။ ပဝါယနာပွဲဟူသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံးတော်မူစဉ် ကောသလတိုင်း ဇနပုဒ်ရွာကြီးရှိ ကျောင်းတိုက်တွင် သီတင်းသုံးကြသော ရဟန်းများကို အကြောင်းပြု၍ **'ပဝါရဏာခွင့်ပြုတော်မူခဲ့သောနေ့မှာ သီတင်းကျွတ်လပြည့်နေ့'**ဖြစ်ပါသည်။ ပဝါယနာပွဲဟူသည် တစ်ပါးနှင့်တစ်ပါး အပြစ်တစ်စုံတစ်ရာ ကျူးလွန်နေသည်ကို တွေ့မြင်မိပါက၊ ကြားမိပါက ပြောဆိုညွှန်ပြပေးပါ။ ပြုပြင်စောင့်စည်းပါမည်ဟု အပြစ်စင်ကြယ်မှုကို ရှေ့ရှုဖိတ်ကြားသောပွဲဖြစ်ပါသည်။ ထို့ကြောင့် **'မြတ်သံဃာလဲ၊ ဖိတ်ကြားမြဲ၊ မြဲမြံသဲ့ပဝါယနာ'**ဟူ၍ ဖွဲ့ထားသည်ကို မှတ်ရပါသည်။

ဝါလနောက်ဆုံးသည် သီတင်းကျွတ်လရာသီဖြစ်ပါသည်။ ချိန်ခွင်ကိုင်စွဲထားသော ယောကျ်ားရုပ်သဏ္ဌာန် **'တူရာသီ'**ဖြစ်၍ **'ကျီးတာရာ'**ထွန်းပပါသည်။ စန်းယှဉ်နက္ခတ်မှာ **'အဿဝဏီနက္ခတ်'**ဖြစ်ပါသည်။ မိုးနှောင်းရာသီဖြစ်၍ အပူဓာတ်ကလည်း မလွန်ကဲသေးပါပေ။ ကြည့်လေရာရာ သစ်ပင်ကြီးငယ်တို့ စိမ်းစိုလန်းဆန်းမြရည်ဆမ်းလျက်ရှိနေပါသည်။ မြစ်ချောင်းအင်းအိုင်တို့တွင် ရေများ မခန်းခြောက်သေးပေ။ ကြာမျိုးစုံတို့ ရေကန်သာဝယ် အလှကြွယ်စွာ ပွင့်လန်းနေချိန်လည်းဖြစ်ပါသည်။ ထို့ပြင် စံပယ်၊ စကား၊ ခွန်၊ ယုဇန၊ သနပ်ခါး၊ ခတ္တာ စသောပန်းစုံပွင့်လန်းနေ၍ ဝန်းကျင်တွင်ပန်းမွှေးရနံ့ သင်းပျံ့နေချိန်လည်း ဖြစ်ပါသည်။

ဝါကျွတ်ချိန်သည် **'သရဒရာသီ'**တွင် ပါဝင်နေ၍ ကြည်လင်ကာ ခြေခင်းလက်ခင်း သာယာလှပါသည်။ ဗုဒ္ဓဘုရားရှင်သည် သဗ္ဗညုတရွှေဉာဏ်တော်ရပြီးခုနစ်ဝါမြောက်တွင် 'တာဝတိံသာ'နတ်ပြည်ရှိ သန္တုသိတ မယ်တော်မိနတ်သားအား ကျေးဇူးဆပ်တရားတော်ဟုဆိုရမည့် အဘိဓမ္မာခုနစ်ကျမ်း တရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူပါသည်။ ဟောကြားပြီးသော သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းတွင် သင်္ကဿနဂိုရ်ပြည်သို့ ကြွချီတော်မူလာပါသည်။ နတ်ပြည်မှ လူ့ပြည်ခရီးလမ်းတွင် သိကြားမင်းက 'ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ် ဖန်ဆင်းပူဇော်ပါသည်။ မြတ်စွာဘုရားက အလယ်မှ ပတ္တမြားစောင်းတန်း၊ ဗြဟ္မာတို့က ငွေစောင်းတန်း၊ နတ်တို့က ရွှေစောင်းတန်းဖြင့်ခြံရံကာ သပ္ပာယ်စွာကြွတော်မူရာတွင် သိကြားမင်းက ဘုရားရှင်၏နောက်တော်ပါးမှ ထီးမိုး၍ မာတလိနတ်သားက နတ်ပန်းများကြဲ၍၊ ပဉ္စသိခနတ်သားက ဗေလုဝစောင်းကို တီးခတ်၍၊ သုယာမနတ်သားက သားမြီးယပ်တော်ကို ခပ်လျက် ပူဇော်ကာ လိုက်ပါပို့ဆောင်ကြပါသည်။ မြတ်စွာဘုရား၏ တင့်တယ်သပ္ပာယ်လှသော အဆင်းသရေတော်ကို တွေ့မြင်ရသူတိုင်း ကြည်ညိုစိတ်များယိုဖိတ်လာကြပြီး **'ဘုရားဆု'**မပန်သူမရှိကြပေ။ တန်ခိုးတော်ကြောင့် ငရဲမီးလည်းခေတ္တငြိမ်းကာ စကြဝဠာအလုံး ဟင်းလင်းပွင့်သွားသောချိန်ခါလည်း ဖြစ်ပါသည်။

မြတ်စွာဘုရားအား နတ်ဗြဟ္မာတို့ ပူဇော်သက္ကာယ ပြုကြသည်သာမက ရှင်သာရိပုတ္တရာ သတင်းပေးသောကြောင့် သာဝတ္ထိ၊ ရာဇဂြိုလ်၊ ဗာရာဏသီ စသောပြည်အသီးသီးမှ ရဟန်းရှင်လူများကလည်း ပန်းများ၊ ဆီမီးရောင်ဝါများ ထွန်းညှိ၍ သောင်းသောင်းဖြဖြ ကြည်ညိုစွာ ပူဇော်ကြပါသည်။ ဝါလကင်းလွတ် သီတင်းကျွတ်

လပြည့်နေ့သည် မယ်တော် မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာတို့အား အဘိဓမ္မာ တရားထူး ဟောကြားပြီးသည့်နေ့၊ နတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွချီတော် မူသောနေ့၊ ဗြဟ္မာနတ်လူ ရည်တူကြည်ဖြူစွာ ဗုဒ္ဓကို ပူဇော်ကန်တော့ကြသောနေ့၊ စကြဝဠာတစ်ခွင်လုံး ဟင်းလင်းပွင့်သွားကာ တိုးလျှိုပေါက် တွေ့မြင်ကြရသောနေ့ ဖြစ်၍ ထူးမြတ်သောနေ့ရက်ချိန်ခါလည်းဖြစ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာ တရားတော် ရွတ်ဖတ်ပူဇော်ကြသည်။ သီတင်းသီလဆောက်တည် ကုသိုလ်ဘာဝနာ ပွားများကြပါသည်။

ဗုဒ္ဓဘုရားရှင်အား ဆီမီးရောင်ဝါတို့ဖြင့် ခရီးဦးကြိုပူဇော်ကြသည်မှ အစပြု၍ နှစ်စဉ်ပင် ယနေ့တိုင် ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်လ ဝါကျွတ်ချိန် လပြည့် နေ့ကို ဗဟိုပြု၍ မီးထွန်းပွဲတော် သုံးရက်ကျင်းပကြမြဲ ဖြစ်ပါသည်။ ပုဂံရှိ မြင်းကပါ ဝှပြောက်ကြီးဘုရား နံရံဆေးရေးပန်းချီပုံတွင် **'တာဝတိံသာ'**မှ စောင်းတန်း သုံးသွယ်ဖြင့် ကြွလာတော်မူဟန် တွေ့ရပါသည်။ ထို့ကြောင့် ပုဂံခေတ်မှသည် မျက်မှောက်ခေတ်တိုင် ရိုးရာစဉ်လာမပျက် ဝါကျွတ်ချိန် မီးထွန်းပွဲဆင်နွှဲ လာခဲ့ကြ သည်ကို ခြေရာကောက်နိုင်ပါသည်။ ထို့ပြင် မိုးလေကင်းလွတ်သည့် ဝါကျွတ်ချိန် ဆီမီးရောင်စုံပူဇော်ပွဲကို မြို့ရွာအသီးသီးတွင် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနေ ကြပါသည်။ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိ စေတီတော်၊ ဗြဟ္မာဘုံရှိ ဒုဿ စေတီတော်တို့ကိုရည်စူး၍ မီးပုံးပျံလွှတ်တင်ပူဇော်ကြသော မြင်ကွင်းများကိုလည်း ကြည်နူးဖွယ် တွေ့မြင်ရပါသည်။ ဆီမီး မြင်းမိုရ်ပွဲများလည်း ပူဇော်ထွန်းညှိကြပါ သည်။ အချို့အရပ်ဒေသတွင် မီးမျှောပွဲများလည်း စည်ကားစွာကျင်းပကြပါသည်။

ထို့ပြင် ဗုဒ္ဓအား လူ၊ နတ်၊ ဗြဟ္မာ၊ ရဟန်းရှင်လူတို့ ဆီမီးဖြင့် ကန်တော့ ပူဇော်ကြသည့်ရက်မြတ်တွင် လူကြီးမိဘ ဆရာသမားတို့အား အမွန်အမြတ် ကန်တော့ကြသည့် အစဉ်အလာလည်း ရှိပါသည်။ ရှေးမြန်မာဘုရင်များ လက်ထက် တော်အခါက မင်းညီမင်းသား မှူးတော်မတ်တော်များ၊ အဝေးမြို့ရွာ၊ နယ်စားပယ်စား စော်ဘွားများ စသူတို့က ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့အား ဝါကျွတ် ကန်တော့ပွဲသဘင် ဆင်ယင်ကျင်းပ ဂါရဝပြုမြဲဖြစ်ပါသည်။ ဤသည်ကို **'လျှံဝင်းတဲ့ ပြောင်ထိန်၊ ရွှေနန်းတော်ဦးမှာ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညီးတဲ့ခါချိန်၊ ရှိခိုးငယ်နှိမ်၊ သုံးကြိမ်ရှိပြောင်း သတ္တုစွ ဂါရဝါနှင့်၊ နွှဲကြပေကောင်း'** ဟူ၍ ကဗျာဖွဲ့သီ မှတ်တမ်း တင်ထားပါသည်။

သည်လရာသီတွင် မြန်မာလယ်တော၊ ယာတောဌ် စပါးပင်ထောင်တို့သည် မြရည်လိမ်း၍ စိမ်းစိုနေကြပြီဖြစ်ပါသည်။ စပါးနှံတို့တွင် ဖြစ်တည်လာတော့မည့် စပါးရည်လေးများသည် ဖုံးစလုံးစပြုရန် အားယူနေချိန်လည်းဖြစ်ပါသည်။ အချို့ မြို့နယ်များတွင် အရာကတက်ချိန်၌ စုပေါင်းကပ်လှူသော ဆွမ်းတော်ကြီး တင်ပွဲများ လည်း ကျင်းပတတ်ကြပါသည်။ ဤကုသိုလ်ပွဲများ ဆင်နွှဲပြီးနောက် ဗုဒ္ဓခွင့်ပြု သတ်မှတ်ခဲ့သော တစ်လတာချိန်ခါ ကထိန်ပွဲတော်အတွက် လှူဒါန်းရန် အားသန် နေကြပြီဖြစ်ပါသည်။

ထို့ပြင် လောကီထုံးစံအရ သီတင်းဝါလကျွတ်ချိန်ကို ချစ်သူမောင်နှံ စုံတွဲတို့သည် ရွှေလက်တွဲ နွဲပျော်ကြရန် ငံ့လင့်နေကြမြဲဖြစ်ပါသည်။ လက်ထပ် မင်္ဂလာပွဲ အသီးသီးဆင်ယင်ကျင်းပကြသော အချိန်ခါသည် ဝါကျွတ်ချိန်ခါပင် ဖြစ်ပါတော့သည်။ ဝါတွင်းကာလတွင်း ကျေးငှက်သာရကာတို့ပင် အသိုက်မပြောင်း ဟူသော ဆိုစကားရှိ၍ အိုးအိမ်အပြောင်းအရွှေ့ မပြုကြပါပေ။ သီတင်းဝါလကျွတ်မှ သာ ပြောင်းကြ၊ ရွှေ့ကြပါသည်။ ဇာတ်ပွဲ၊ အငြိမ့်ပွဲ စသော အနုပညာရှင် တို့လည်း ကပြဖျော်ဖြေနိုင်ရန် လှုပ်ရှားနေကြချိန်လည်း ဖြစ်ပါသည်။

ဝါကျွတ်ချိန်သည် ဗုဒ္ဓနှင့်ပတ်သက်၍ အလေးအမြတ်ထားကြသော အဘိဓမ္မာ အခါတော်နေ့ကိုလည်း ကျင်းပကြသည်။ ဘာသာ၊ သာသနာ ရောင်ဝါများ ထွန်းပ နေချိန်လည်းဖြစ်သည်။ ရိုးရာပွဲတော် စဉ်လာမပျက် ကျင်းပနေချိန်လည်း ဖြစ်သည်။ လောကုတ္တရာပန်း၊ လောကီပန်းများ စွယ်စုံပွင့်လန်းသော ဝါကျွတ်ချိန်ခါသည် ထူးမြတ်လှပါတော့သည်။ ။

ကြုံတွေ့ခဲ့ရသော အလှူပွဲတစ်ခု

- ကျင်းပသောနေရာဒေသ
- မည်သည့်အလှူပွဲမျိုးဖြစ်ပုံ
- အလှူပွဲမတိုင် ကြိုတင်ကြပုံများ
- လှူဖွယ်ပစ္စည်းများ သဒ္ဓါကြည်ညိုဖွယ် ပြင်ဆင်ထားပုံ
- အလှူပွဲနေ့မြင်ကွင်း
- သံဃာတော်များအား ဆွမ်း၊ ဘောဇဉ်ဆက်ကပ်လှူဒါန်းပုံ
- ဧည့်သည်များကို ကျွေးမွေးဧည့်ခံပုံ
- ရေစက်ချတရားနာပုံ
- အလှူအထမြောက်အမျှဝေသံနှင့် သာဓုခေါ်သံ ကြည်နူးဖွယ်ကောင်းလှပုံ
- မမေ့နိုင်သောအလှူပွဲဖြစ်ပုံ

## ကြုံတွေ့ခဲ့ရသော အလှူပွဲတစ်ခု

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်၍ **'အလှူရေစက်လက်နှင့်မကွာ'** ဟူသော ဆိုစကားအတိုင်း အလှူအတန်း တစ်နိုင်တစ်ပိုင် လှူဒါန်းလေ့ရှိကြပါသည်။ တစ်ဦးချင်း၊ မိသားစုအလိုက်ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အလှူပွဲများကြည်နူးစွာ ကျင်းပလေ့ရှိပါသည်။ အလှူဒါနမျိုးစေ့ကို စိုက်ပျိုးကြမြဲ ဖြစ်ပါသည်။ အခေါ်က နွေကျောင်းပိတ်ရက်တွင် ရွာ၌အလှူပွဲရှိ၍ လာဖြစ်အောင်လာရန် လူကြုံဖြင့် သတင်းစကားပါးလိုက်ပါသည်။ **'ရေငတ်သူ ရေတွင်းထဲကျ'** ဆိုသကဲ့သို့ ကျေးလက်အလှူပွဲသို့ မရောက်ဖူးသော ကျွန်ုပ်အဖို့ ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်မှာ ဆိုဖွယ်မရှိ ဖြစ်ပါသည်။

အခေါ်နေထိုင်ရာရွာသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုံးအနီးရှိ **'ကဝိုင်ရွာ'** ပင်ဖြစ်ပါသည်။ မန္တလေးမှ ကားတစ်တန်၊ လှည်းတစ်တန်စီး၍ မိခင်နှင့်အတူ သွားခဲ့ပါသည်။ နွားလှည်းမစီးဖူးသူ ကျွန်ုပ်အဖို့ အတွေ့အကြုံသစ်ရ၍ ပျော်စရာကောင်းလှပါသည်။ လှည်းလမ်းကြောင်းဟူသည် ညီညာချောမောနေသည် မဟုတ်ပါပေ။ ထို့ကြောင့် **'မြေခဲယောင်း၊ လှည်းမောင်းပုံစာ အသွားနားဝတံကျင်'** ဟူသော စာသားလေး ကျွန်ုပ်နှုတ်ဖျားဆီ ရောက်လာပါသေးသည်။ ရွာရောက်ခါနီး

တွင်မူ ရွာသားတို့ ဆည်ဖို့ ကုသိုလ်ယူထားသော မြေညီလမ်းလေးကို တွေ့ရပါသည်။ လမ်းဘေးမှ လှည်းမောင်းနေသည်ကို တွေ့ရပါသည်။ မဝေးလှသောနေရာတွင် ထန်းတော ညို့ညို့ကို မြင်ရပါသည်။ ရွာထိပ်တွင် ထနောင်းပင်ကြီးရှိပါသည်။ ခွကြားတွင် ရေချမ်းအိုးကို တွေ့ရပါသည်။

ရွာဦးတွင် **'ရွှေတစ်ဝက်၊ ထုံးသင်္ကန်းတစ်ဝက်'** ကပ်လှူထားသော စေတီတော်ကို ဖူးမြင်ရပါသည်။ ဘုန်းတော်ကြီးကျောင်းဝင်းက ကျယ်ဝန်းလှ၍ တံတိုင်းခတ်ထားပါသည်။ ရွာလယ်တွင် မြေမာလမ်းက ဖြောင့်ဖြူးနေပါသည်။ အိမ်ခြေ ၁၅၀ခန့်ရှိ၍ လူဦးရေ ၂၅၀ခန့်ရှိသည်ဟု သိရပါသည်။ မိရိုးဖလာ စီးပွားရေးလုပ်ကိုင်ကြ၍ ချောင်လည်ကြသည်ဟု သိရပါသည်။

အဒေါ်အိမ်သို့ရောက်ပြီး စကားစမြည်ပြောကာ အလှူအကြောင်း မေးရပါသည်။ ကျွန်ုပ်သည် အလှူပွဲမတိုင်မီ နှစ်ရက်ခန့်တွင် ရောက်သွားခြင်းဖြစ်ပါသည်။ ရွာမှ ငွေကြေးအတန်အသင့်ပြည့်စုံသူ **'ဘုရားဒကာ ဦးအောင်ဘနှင့် ဇနီးဒေါ်မြွေး'** တို့က မ တည်ကာ ကမကထပြုသော စုပေါင်းရှင်ပြုပဥ္စင်းခံ အလှူပွဲဟု သိရပါသည်။ သားသမီး မထွန်းကားသော ဦးအောင်ဘသည် ကိုယ်တိုင်လည်း ပဥ္စင်းခံ၊ ပဥ္စင်းလောင်း ၁၀ ယောက်နှင့် ကိုရင်လောင်း အယောက် ၂၀ ပါဝင်ပါသည်။ မိသားစုများကို အလှူအတွက် တတ်နိုင်သမျှ ထည့်ဝင်စေပါသည်။ လိုအပ်သည်များကို မ တည်သူ က အကုန်အကျခံမည်ဟု သိရပါသည်။

ရွာတွင် လူပျိုခေါင်းမှာ **'ကိုဖိုးသာ'**ဖြစ်၍ အပျိုခေါင်းမှာ အပျိုကြီး**'ဒေါ်မိုး'** ဖြစ်ပါသည်။ အလှူမတိုင်မီ တစ်ပတ်အလိုကပင် မြို့တက်၍ ပရိက္ခရာများနှင့် လှူဖွယ်ဝတ္ထုအစုစုကို ဝယ်ထားကြပြီ ဖြစ်ပါသည်။ ဒေါ်မိုးတို့ အဖွဲ့ကလည်း အလှူအတွက် အခြောက်အခြမ်းများကို ကြိုတင်ဝယ်ထားပြီး ဖြစ်ပါသည်။ ရွာဦး ဘုန်းတော်ကြီးကျောင်းဝင်းကျယ်တွင် မဏ္ဍာပ်ထိုး၍ အလှူပွဲကျင်းပမည်ဖြစ်ပါသည်။ ရွာနှင့် ဘုန်းတော်ကြီးကျောင်းမှာ အတန်ငယ်လှမ်းပါသည်။

အလှူအတွက် ဟင်းပွဲများ၊ အချိုပွဲများလည်း ကြိုတင်စီစဉ် ထားပြီဖြစ်ပါသည်။ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးပိကြော်၊ ပဲဟင်း၊ သရက်ချဉ်သုပ် တို့သည် အဓိကဟင်းများဖြစ်ပါသည်။ အချိုပွဲမှာ ဆနွင်းမကင်း၊ ကျောက်ကျော၊ လက်ဖက်နှင့် ရွာထွက်ငှက်ပျောသီးပင်ဖြစ်ပါသည်။ ခေတ်မီနေပြီဖြစ်၍ ရေသန့် ပုလင်းများလည်း ကြိုတင်ဝယ်ထားပြီဖြစ်ပါသည်။

အလှူအကြိုနေ့နက်တွင် မြို့တက်၍ အပျိုခေါင်း၊ လူပျိုခေါင်းတို့ ဦးဆောင်ကာ ကြက်သားပိဿာချိန် ၁၀၀၊ ဝက်သားပိဿာအချိန် ၈၀ နှင့် တို့စရာ အသီး

အရွက်များ ဝယ်ကြပါသည်။ ဈေးဝယ်ချိန်တွင် ရွာရှိလူငယ်တို့က မဏ္ဍာပ်ထိုးထားကြပြီဖြစ်ပါသည်။ အပျိုအဖွဲ့က သန့်စင်ကာ ထန်းကြောဖျာများ ခင်းကျင်းထားကြပြီဖြစ်ပါသည်။ စဥ်းတီတုံး၊ ဓားများလည်း အသင့်ပြင်ထားကြပြီ ဖြစ်ပါသည်။ အသားများရောက်လာသည်နှင့် တကက်ညီလက်ညီ တုံးတစ်ကြပါသည်။ **'ဝက်သားတုံးကြီး လက်သီးဆုပ်သဏ္ဍာန်'** ဆိုသည့်အတိုင်း ဟင်းတုံးကြီးများက မြို့အလှူများနှင့် ခြားနားလှပါသည်။ အားကောင်းမောင်းသန် လူငယ်တို့က ရေတံသီးကို လက်ဆုံကြီးတွင်ထည့်ကာ ထောင်းပေးကြပါသည်။ အမျိုးသမီး ကြီးငယ်တို့က ကြက်သွန်နှင့်ချင်းများ ဝိုင်းဝန်းသင်ပေးကြပါသည်။

လူငယ်တို့က မြေကျင်းတူးကာ မီးဖိုကြီးလေးဖို ပြင်ဆင်ကြပါသည်။ ဟင်းအတွက် မိုးပြဲဒယ်ကြီးလေးလုံး၊ ထမင်းအတွက် ဒန်အိုးကြီးတစ်လုံးတို့ကို အသင့်ဆေးကြော ပြင်ဆင်ပေးထားကြပါသည်။ နေ့ခင်းလောက်မှစ၍ ချက်ပြုတ်ကြတော့မည်ဖြစ်ပါသည်။ တစ်ရွာလုံး မီးခိုးတိတ်မည်ဖြစ်၍ ဖြောစည်သံကြားလျှင် ရွာဝန်းကျင်မှလည်း အလှူပွဲသို့ လာရောက်ချီးမြှင့် ဆင်နွှဲကြဦးမည်ဖြစ်ပါသည်။

ရွာထဲမှလည်း ပဥ္စင်းလောင်း၊ ရှင်လောင်းတို့ကို ကျောင်းပို့လျှင် ပါဝင်ကြမည့် ဒိုးပတ်အဖွဲ့ကလည်း သံချပ်များ တီးလုံးတိုက်နေသံများ ကြားနေရပါသည်။ မွန်းလွဲ ၂ နာရီခန့်တွင် ပဥ္စင်းလောင်း၊ ရှင်လောင်းများနှင့် ဒိုးပတ်အဖွဲ့သားတို့ ကျောင်းသို့ ရောက်လာကြမည်ဖြစ်ပါသည်။ ကျွန်ုပ်မတွေ့မကြုံဖူးသော ပဥ္စလောင်း၊ ရှင်လောင်းများ ကျောင်းသို့ပို့ကြမည့်မြင်ကွင်းကို တွေ့ရတော့မည်ဖြစ်၍ အလွန်စိတ်ဝင်စားမိပါသည်။

ကျွန်ုပ်သည် ရှင်လောင်းကျောင်းပို့မြင်ကွင်းကို ဗီဒီယိုရိုက် မှတ်တမ်းတင်ရန် အသင့်ပြင်ဆင်စောင့်နေမိပါသည်။ ဒိုးပတ်သံကလည်း နီးသည်ထက် နီးလာပြီဖြစ်ပါသည်။ ရှေ့ဆုံးတွင် ရွာမှ အချောအလှများက ကွမ်းတောင်၊ ပန်းတောင် ကိုင်ကြပါသည်။ ၎င်းတို့နောက်မှ ရှင်လောင်း၊ ရဟန်းလောင်းတို့၏ မိဘဆွေမျိုးများက ပရိက္ခရာများ ပွေ့ပိုက်လျက်၊ ထို့နောက်တွင် ရဟန်းလောင်းများက ပင်နီတိုက်ပုံဆင်တူ၊ ယောပုဆိုးများ ဆင်တူဝတ်ကာ လိုက်ပါလာကြသည်။ နောက်တွင်မှ မောင်ရှင်လောင်းများက ရှိသမျှအစွမ်းကုန်ပြင်ဆင်ကာ လိုက်ပါလာကြသည်။ ထို့နောက်တွင်မှ ဆွေမျိုးများ၊ ဒိုးပတ်အဖွဲ့သားများ လိုက်ပါလာကြပါသည်။ ကျွန်ုပ်သည် ဗီဒီယိုဖြင့် မြင်ကွင်းကို မလွတ်အောင် မှတ်တမ်းတင်ထား လိုက်ပါသည်။ ကျောင်းဝရောက်သည်နှင့် မင်္ဂလာဖြောသံက ဆီးကြိုနေပါတော့သည်။ အလွန်ပင် ကြည်နူးလွမ်းမောဖွယ်ကောင်းလှပါသည်။ ကျွန်ုပ်အဖို့ အတွေ့အကြုံသစ်များ တိုးပွားလာရပါသည်။

မဏ္ဍာပ်တွင်းတွင် သံဃာစင်နှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ညိုဖွယ် ပြင်ဆင်ထားကြပြီ ဖြစ်ပါသည်။ ငွေပဒေသာပင် နှစ်ပင်လည်း ပါရှိပါသည်။ အမျှဝေအပြီး တီးရန် ကြေးစည်ကြီးလည်း ထားရှိပါသည်။ ရှင်လောင်းများအား မိဘဆွေမျိုးများက လက်ဖွဲ့ပစ္စည်းများဖြင့် ချီးမြှင့်ကြပါသည်။ ညနေချမ်းတွင် ရဟန်းလောင်း၊ ရှင်လောင်းများကို ဆံချ သင်္ကန်းစည်းမည်ဖြစ်ပါသည်။ ဤတွင် မိဘမစုံလင် ဖနီးမောင်နှံမစုံသူများက ဆံချချိန်တွင် ပြောသံကလည်း တဖြုန်းဖြုန်း၊ မျက်ရည်ကလည်း ဆွေမဆုံးဖြစ်ကြ၊ ခံစားကြရပါသည်။ သင်္ကန်းများစည်းပြီးချိန်တွင် မိုးပြဲဒယ်ကြီးများထဲက ကြက်သား၊ ဝက်သားဟင်းများ အနံ့က မွှေးကြိုင်နေပြီ ဖြစ်ပါသည်။ အခြားဟင်းများလည်း ပြင်ဆင်ပြီးပြီဖြစ်ပါသည်။ ထမင်းကိုလည်း မိုးပြဲဒယ်ကြီးများဖြင့်ပင် ချက်ကြမည်ဖြစ်ပါသည်။ ညဘက်တွင် ဘယ်ထရီမီးချောင်းများဖြင့် မဏ္ဍာပ်တွင်းပြင် လင်းထိန်နေပါတော့သည်။

အရုဏ်တက်ချိန်တွင် ပြောစည်သံကို ကြည်နူးဖွယ်ကြားရပါသည်။ အရုဏ်ဆွမ်းကပ်လှူကြပါသည်။ ကျွန်းမာသူတိုင်း အလှူပွဲလာရောက်ကာ ဝိုင်းကူ၊ ဝိုင်းစားကြပါသည်။ ရွာအနီးအနားက ဧည့်သည်များလည်း လာရောက်အားပေး စားသောက်ကြပါသည်။ နေ့ဆွမ်းကပ်ပြီးသည်နှင့် တရားနာ ရေစက်ချပါသည်။ ကြေးစည်သံလွှင်လွှင်၊ ပြောသံတဖြုန်းဖြုန်းဖြင့် ခြိမ့်ခြိမ့်သဲသဲ အလှူပွဲတော်မှ အမျှဝေသံ၊ သာဓုခေါ်သံတို့သည် မိုးယံထက်သို့ လွင့်ပျံတက်သွားပါတော့သည်။

ကပိုင်ရွာ စုပေါင်းအလှူပွဲက အထမြောက်အောင်မြင်သွားပြီဖြစ်ပါသည်။ ဦးပဥ္စင်း၊ ကိုရင်တို့၏ မိဘဆွေမျိုးများ၏ ဝမ်းမြောက်ကြည်နူးမှုကို စာမဖွဲ့နိုင်ပါပြီ။ ကျေးလက်စုပေါင်းအလှူပွဲသည် ပကာသနမဖက်၊ ဟန်ဆောင်မှုကင်းသည်။ စိတ်ထဲရှိသမျှ ပွင့်လင်းစွာ ပြောဆိုဆက်ဆံကြသည်။ စည်းလုံးမှု၊ ချစ်ခင်ရင်းနှီးမှုများက ကွယ်မရအောင် ပေါ်လွင်နေပါတော့သည်။ ကျွန်ုပ်အဖို့မူ ကြုံခဲ့ရသော ဤကျေးရွာအလှူပွဲ မြင်ကွင်းစုံစုံသည် မေ့ပျောက်နိုင်မည် မဟုတ်ပါပေ။ ။

ရှေးဟောင်းအမွေအနှစ်တန်ဖိုး

- ရှေးဟောင်းအမွေအနှစ်တန်ဖိုးကြီးမားပုံ
- နိုင်ငံတိုင်းက ရှေးဟောင်းအမွေအနှစ်ကို တန်ဖိုးထားကြပုံ
- မြန်မာတို့သည် ယဉ်ကျေးသောလူမျိုးဖြစ်၍ ရှေးဟောင်းအမွေအနှစ်များရှိပုံ
- ရှေးဟောင်းယဉ်ကျေးမှုဌာနက ထိန်းသိမ်းစောင့်ရှောက်နေပုံ
- တန်ဖိုးမသိသူတို့ကြောင့် ရှေးဟောင်းအမွေအနှစ်များ ပျက်စီးရပုံ
- ရှေးဟောင်းအမွေအနှစ်များကို ရှာဖွေဖော်ထုတ်ရန် ရှိပြီးသော ရှေးဟောင်း အမွေအနှစ်များကို မပျောက်မပျက် ဆက်လက်ထိန်းသိမ်းရန် နိုင်ငံသားတိုင်း တာဝန်ရှိပုံများ

## ရှေးဟောင်းအမွေအနှစ်တန်ဖိုး

ရှေးဟောင်းအမွေအနှစ်ဟူသည် ရှေးနှစ်ပေါင်းများစွာက ဘိုး၊ ဘေး၊ ဘီ၊ ဘင်များ၏ ယဉ်ကျေးမှုအနုပညာ လက်ရာအသီးသီးပင် ဖြစ်ပါသည်။ ထို့ကြောင့် တန်ဖိုးကြီးမားလှပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက ရှေးဟောင်းအမွေအနှစ် ပစ္စည်းများကို တန်ဖိုးထားဖော်ထုတ် စောင့်ရှောက်ထိန်းသိမ်းလျက် ရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ရှေးဟောင်း ယဉ်ကျေးဌာနက **'ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်'** များကို ထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိနေပါသည်။

မြန်မာနိုင်ငံတော်သည် ကမ္ဘာ့မြေပုံပေါ်တွင် သေးငယ်သောနိုင်ငံ၊ မျှတသောရာသီဥတု၊ သာယာသောပတ်ဝန်းကျင်တွင် ရှိသောနိုင်ငံဖြစ်ပါသည်။ နိုင်ငံငယ်သော်လည်း အဖိုးထိုက်ရတနာများ ပိုင်ဆိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ဖြိုးကြွယ်သော နိုင်ငံပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ပုံတောင်ပုံညာတွင်တွေ့ရှိခဲ့သော ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းသည် လူသားမျိုးနွယ်အစအဖြစ် ရှာဖွေတွေ့ရှိချက်ဟူ၍ နိုင်ငံတကာ ရှေးဟောင်းသုတေသနပညာရှင်များအဖွဲ့က ဖော်ထုတ်သတ်မှတ်ခဲ့ကြပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေတစ်သောင်းကျော်မြင့်သော တောင်ကုန်းထက်ရှိ ရှမ်းပြည် ရွာငံအနီးရှိ ပြဒါးလင်းဂူ၊ ဟိုပုံးမြို့အနီးရှိ

**'ထန်စန်းဂူ'** တို့တွင် နံရံပန်းချီလက်ရာများ ရှိနေပါသည်။ ရှေးဘိုးဘေးကြီးများ၏ ရှေးဟောင်းအမွေအနှစ် နံရံဆေးရေးပန်းချီ လက်ရာများပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အေဒီ (၃)ရာစုလောက်မှစ၍ ရှစ်ရာစုလောက်အထိ ယဉ်ကျေးမှုထွန်းကားခဲ့ရာ **'သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း'** ဟူ၍ ပျူမင်းနေပြည်တော်ကြီးများ ထွန်းကားခဲ့ပါသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ စုံနှင့် ဗုဒ္ဓဘာသာ ထွန်းကားခဲ့ပါသည်။ ပျူ (၁၂)ပြည်ထောင်၊ ပျူတပ်မြို့ ကိုးမြို့၊ အင်အားတောင့်တင်းသော ပျူဒေသ ၃၂၊ နေထိုင်ရာအရပ် ၂၉၈၊ လက်အောက်ခံနိုင်ငံ ၁၈နိုင်ငံရှိကြောင်း သိရပါသည်။ သရေခေတ္တရာကို ၁၉၆၂ တွင် တူးဖော်ရာ ကျောက်အိုးကြီးများ၊ ခင်ဗကုန်းတွင် ရွှေပေချပ် ၂၀၊ နန်းတော်ရာကုန်းတူးရာတွင် အုတ်မြို့ရိုးတန်းများ၊ ကြွေပစ္စည်းများ တွေ့ရပါသည်။ ဘောဘောကြီး၊ ဘဲဘဲကြီး စေတီတော်များသည် ဒွတ္တပေါင်မင်းတည်ခဲ့သော စေတီတော်ကြီးများဟု သိရပါသည်။ မြန်မာပြည်တစ်နံတစ်လျားတွင် မြေထဲမှ ငွေဒင်္ဂါး၊ လက်ကောက်၊ လက်စွပ်၊ နားထောင်း၊ ပုတီးစသော ပျူခေတ်လက်ရာများကို တူးဖော်ရရှိသော သတင်းများကို သတင်းစာများတွင် မကြာခဏ ဖတ်ရှုရပါသည်။ ပျူခေတ်နိုင်ငံတော်သည် ယနေ့ မြန်မာပြည်လောက် ကျယ်ဝန်းခဲ့၍ ပန်းဆယ်မျိုးယဉ်ကျေးမှုစုံ မည်မျှထွန်းကားခဲ့မည်ကို ခန့်မှန်းနိုင်လောက်ပါသည်။ မျက်မှောက်ခေတ်တွင် ရှေးဟောင်းအမွေအနှစ် တန်ဖိုးကြီးမားသည်ကို သိလာကြ၍ တွေ့ရှိသည်များကို ရှေးဟောင်းယဉ်ကျေးမှုဌာနသို့ သွားရောက် အပ်နှံကြရာတွင် တန်ဖိုးနှင့်အမျှ ငွေကြေးများပင် ချီးမြှင့်လာသည်။ ၂၀၁၃တွင် ပျူသုံးမြို့သည် (၂၂-၆-၂၀၁၄)ခုနှစ်တွင် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုအလှ အမွေအနှစ်ဒေသ ပုဂံသည် အေဒီ ၁၁ ရာစုက ထွန်းကားခဲ့၍ မြန်မာသာမက ကမ္ဘာကပါ သိကြပါသည်။ ပုဂံမြေတွင် ကျန်ရှိနေသေးသော ယဉ်ကျေးမှုအလှကို ယနေ့တိုင် ရင်သပ်ရှုမော တွေ့မြင်ခံစားနိုင်ပါသည်။ ရှေးဟောင်း ယဉ်ကျေးမှုထိန်းသိမ်းရန် အသိစိတ်နည်းပါးစဉ်က မှိန်နေသော နံရံဆေးရေးပန်းချီများကို ဆေးသုတ်ပစ်ခဲ့ကြပါသည်။ ပြည်ပသို့ ခိုးထုတ်ရောင်းချသည်များ ရှိပါသည်။ ယခုအခါ ရှေးဟောင်းအမွေအနှစ် တန်ဖိုးကို သိလာကြ၍ နိုင်ငံခြားအကူအညီဖြင့် ပြန်လည်ကြိုးပမ်းဖော်ထုတ်မှုများ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ပင်းယခေတ်တွင် တည်ထားကိုးကွယ်ခဲ့သော 'ရွှေစည်းခုံစေတီတော်ကြီး

ချုံနွယ်ပိတ်ပေါင်းဖုံးအုပ် ပျက်စီးနေသည်ကို သီတဂူဆရာတော်ကြီး ဦးဆောင်၍ ပြန်လည်မွမ်းမံ ထီးတော်တင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

သက္ကရာဇ် ၇၂၆ တွင် သတိုးမင်းဖျားတည်ခဲ့သော မင်း ၃၁ ဆက်အုပ်စိုးခဲ့သော မင်းလေးပါးတို့ မင်းနေပြည်တော်အဖြစ် ရွေးချယ်စိုးစံခဲ့သော **'အင်းဝ'**သည် ရှေးဟောင်းအမွေအနှစ် ပေါများလှပါသည်။ **'မယ်နုအုတ်ကျောင်း'**။ ဘကြီးတော်၏ ကျွန်းတိုင် ၂၆၇ တိုင်ရှိသော ဗားကရာကျောင်း စသော ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာလှည့်ခရီးသည်များက အထူးစိတ်ဝင်တစား သွားရောက်လေ့လာကြပါသည်။ ရှေးဟောင်းအမွေအနှစ်တန်ဖိုးက ကြီးမားလှပါပေစွ။

အင်းဝနှင့်ခေတ်ပြိုင် ဟံသာဝတီမွန်မင်းဖြစ်သော ဓမ္မစေတီမင်း ၈၃၈ တွင် တန်ချိန် ၃၀၀၊ ပိဿာချိန် တစ်သိန်းရှစ်ထောင်ခန့်ရှိ ခေါင်းလောင်းကိုသွန်း၍ ရွှေတိဂုံစေတီတွင် လှူခဲ့ပါသည်။ ဇော်ကြောင့် ယခုအခါ ရေထဲတွင် ရှိနေပါသည်။ မော်စကိုခေါင်းလောင်းသည် ၁၂၈ တန်ရှိ၍ မင်းကွန်းခေါင်းလောင်းသည် တန်ချိန် ၈၀ ရှိပါသည်။ မြန်မာတို့ ကြေးသွန်းယဉ်ကျေးမှုအတတ်ပညာကို ခန့်မှန်းနိုင်လောက်ပါသည်။ ရင်သပ်ရှုမော အံ့ဩဖွယ် ခမ်းနားလှသော ကမ္ဘောဇသာဒီနန်းတော်ကြီးသည် တောင်ငူခေတ် သက္ကရာဇ် (၉၂၉) ခုတွင် ဘုရင့်နောင်လက်ထက် တည်ဆောက်ခဲ့ပါသည်။ မီးလောင်ပျက်စီးခဲ့ရသော နန်းတော်ရာကို ၁၉၉၄-၁၉၉၅ တွင်ပြန်လည်တူးဖော်ခဲ့သည်တွင် ကျွန်းတိုင်ကြီးပေါင်း ၁၇၆ တိုင် တူးဖော်ရရှိခဲ့ပါသည်။ ယဉ်ကျေးမှုအနုပညာ ပစ္စည်းများကိုလည်း တူးဖော်ရခဲ့၍ ကမ္ဘောဇသာဒီပြတိုက်တွင် လေ့လာနိုင်ပါသည်။ တန်ဖိုးကြီးလှသော ရှေးဟောင်းအမွေအနှစ်များပင် ဖြစ်ပါသည်။

မင်းတုန်းမင်းလက်ထက် တည်ဆောက်ခဲ့သော မြနန်းစံကျော် ရွှေနန်းတော်ကြီးတွင် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု လက်ရာများက ခမ်းနားလှပါသည်။ ဒုတိယကမ္ဘာစစ်တွင် မီးလောင်ပျက်စီးခဲ့ပြီဖြစ်ပါသည်။ ယခုအခါ ပုံစံတူ **'မြနန်းစံကျော်'**ကိုသာ လေ့လာနိုင်ပါတော့သည်။

ကုန်းဘောင်ခေတ်သည် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်း အမြင့်ဆုံးခေတ်ဟု ဆိုနိုင်ပါသည်။ အလောင်းမင်းတရားက ၁၇၅၆ တွင် ဗြိတိသျှအင်ပါရာ ဂျော့ဘုရင် (၂)ထံ ပေးပို့ခဲ့သော သဝဏ်လွှာသည် ဂျာမဏီနိုင်ငံ ဟန်နိုဘာမြို့တော်ဝင် စာကြည့်တိုက်တွင် ရှိနေပါသည်။ ပတ္တမြား ၂၄ လုံး၊ ရွှေအစစ်ဖြင့် ကွပ်ထားပါသည်။

ပုံတူကူး၍ မြန်မာနိုင်ငံ အမျိုးသားပြတိုက်သို့ လှူဒါန်းရန် ဂျာမဏီအစိုးရက သဘောတူလိုက်ပြီဟူသောသတင်းကို ၂၀၁၄ တွင် ဖတ်လိုက်ရပါသည်။ အစစ်ပြန်ရခဲ့လျှင် ကောင်းပါပေစွ။ (၃-၄-၁၇) နေ့တွင် ယူနက်စ်ကိုက "Memory of the world" စာရင်းသွင်းခဲ့ပြီ ဖြစ်ပါသည်။ အင်္ဂလန်သို့ရောက်နေသော ကုန်းဘောင်မင်းဆက် မင်းခမ်းတော်ပစ္စည်းအမျိုးပေါင်း ၁၆၀ ကျော်ကို ၁၉၆၄ တွင် မြန်မာနိုင်ငံအစိုးရ အကြီးအကဲ၏ မေတ္တာရပ်ခံချက်အရ ပြန်လည်ပေးအပ်ခဲ့ပါသည်။ အလောင်းဘုရား၏ ရတနာခြယ်သလျက်၊ နဝရတ်ကိုးပါးစီ ရွှေမနောလင်ပန်း၊ ရွှေမကိုဋ် စသည်များ ပါဝင်ပါသည်။ ပတ္တမြားငမောက်နှင့် ကုန်းဘောင်မင်းဆက်များ၏ ရွှေကိုယ်လေးရုပ်ထုများ မပါလာခဲ့ပေ။ အချို့ မင်းခမ်းတော်များတွင် ကျောက်မျက်ရတနာများ ပါမလာတော့ပေ။ မြန်မာ့ ရှေးဟောင်းအမွေအနှစ် တန်ဖိုးကား ကြီးမားလှပါပေစွ။

ထို့ပြင် **'ကျောက်စီတန္တုပမာပြု'** ဟူသော ဆိုစကားတွင်ပါသော သဲကျောက်နှဖြင့် ထုဆစ်ပြုလုပ်သော ကျောက်ထီးကြီးများကို ရေစကြို၊ မုံရွာ၊ မုံရွေးစသော ရှေးဟောင်းဘုရားများတွင် တွေ့နိုင်ပါသည်။ စလေ၊ ပခန်းကြီးဘက်တွင် ရုပ်စုံကျောင်းကြီးများသည် ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုများပင်ဖြစ်ပါသည်။ ကျွန်းတစ်လုံးတည်း၊ သက်နက်သားတစ်လုံးတည်းကို ထွင်းထားသော အလျား ၇၅ ပေ၊ ပေ ၈၀ ရှိသော လုံးပတ် ခုနစ်ပေ၊ ရှစ်ပေရှိ လှေကြီးများကို ရှေးဟောင်းယဉ်ကျေးမှုလက်ရာကို မြတ်နိုးသူတို့ ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်ထားဆဲဖြစ်ပါသည်။

အင်ဒိုးယန်းလူနီတို့ ဘိုးဘွားများ၏ အင်ကာမြို့ဟောင်း မိုးပျံယဉ်ကျေးမှုကို ၁၉၁၂ တွင် ရှာဖွေတွေ့ရှိခဲ့သည်။ အီဂျစ်တို့၏ ပိရမစ်ကြီးများကို သိရှိကြပြီးဖြစ်ပါသည်။ အေဒီ ၅ ရာစုက ထင်ရှားခဲ့သော အိန္ဒိယရှိ **'နလန္ဒာတက္ကသိုလ်ကြီး'** သည် ၁၁၉၃ တွင် မင်းဆိုးတို့မှဖျက်၍ ပျက်ဆီးခဲ့ရသည်။ စာကြည့်တိုက်ကိုးထပ်ရှိ၍ စာအုပ်များ မီးရှို့ဖျက်ဆီးရာ သုံးလမီးမငြိမ်းဟု သိရပါသည်။

အေဒီ ၇၀ လောက်က ရောမအင်ဂျင်နီယာတို့ တည်ဆောက်ခဲ့သော ဘဲဥပုံ **'ကိုလော်ဆီယံ'** ခေါ် ကွန်ကရစ်ကျောက်တို့ဖြင့် တည်ဆောက်ခဲ့သော အမိုးမပါသော ပွဲကြည့်စင်ကြီးသည် ပရိသတ်ငါးသောင်း ကြည့်နိုင်ခဲ့သည်ဟု သိရပါသည်။ ကမ္ဘောဒီးယားရှိ အန်ကောဝပ်ဘုရားကျောင်း၊ အင်ဒိုနီးရှားရှိ **'ဗောရောဗုဒု'** ဘုရား

အဆောက်အအုံကြီးများကို ကမ္ဘာကသိကြပါသည်။ ရှေးဟောင်းအမွေအနှစ်တန်ဖိုးကြီးမားလှ၍ ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့နိုင်ငံရှိ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေကြခြင်းဖြစ်ပါသည်။

ရှေးဟောင်းအမွေအနှစ် တန်ဖိုးမည်မျှကြီးမားလှသည်ကို ကမ္ဘာ့နိုင်ငံအသီးသီးက သိရှိကြ၍ မပျောက်မပျက်ရအောင်လည်း ထိန်းသိမ်းစောင့်ရှောက်ကြသည်။ ဖော်ထုတ်ရန်ရှိနေသေးသည်များကိုလည်း ကြိုးပမ်းဖော်ထုတ်ရန်စီမံကိန်းများ ချထားကြပါသည်။ မြန်မာနိုင်ငံတွင်လည်း တကောင်း၊တောင်ငူ၊မြောင်းမြမြို့ဟောင်းများနှင့် မတူးဖော်ရသေးသော ပျူမြို့ဟောင်းများကို ဖော်ထုတ်ရန် ရှိနေပါသေးသည်။ ဖော်ထုတ်တွေ့ရှိ၊ ရရှိထားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို "အမျိုးသား ပြတိုက်"တွင် ပြသထားပါသည်။ မြန်မာပြည်သူတစ်ရပ်လုံးကလည်း ရှေးဟောင်းယဉ်ကျေးမှုပစ္စည်း ပြင်ပသို့မရောက်အောင် တာဝန်သိသိ သတင်းပေးရန် တွေ့ရှိသော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကိုလည်း တန်ဖိုးသိစွာ သက်ဆိုင်ရာသို့ အပ်နှံကြရန် လိုအပ်လှပါတော့သည်။ ။

**နှစ်သက်မိသော စာဆိုတစ်ဦး**

- လေ့လာမိသောစာဆိုများမှ တစ်ဦးကို နှစ်သက်မိပုံ
- စာဆို၏အကြောင်း၊ ဘဝနှင့် စာပေတို့ကို ဆက်စပ်လေ့လာမိပုံ
- စာဆိုကြီး၏အတွေးနှင့်အရေး၊ စီကုံးနှုန်းဖွဲ့ပုံတို့ကို ပို၍နှစ်သက်လာမိပုံ
- နှစ်သက်ရသောအကြောင်း ရေးဖွဲ့ခဲ့သောစာများနှင့် သာဓကအချို့
- စာဆိုကြီး၏ ဘဝနေဝင်ချိန်

## နှစ်သက်မိသော စာဆိုတစ်ဦး

မြန်မာစာဘာသာရပ်ကို အတန်းအသီးသီးတွင် လေ့လာကျက်မှတ် ခဲ့ရပါသည်။ တက္ကသိုလ်ဝင်တန်းအဆင့်သို့ ရောက်လာသည်တွင် ရှေးစာဆို၊ မျက်မှောက်ခေတ်စာဆိုများ၏ စာပေများကို ပို၍လေ့လာမိပါသည်။ စာဆိုကြီးများသည် ဉာဏ်ရည်ပြည့်ဝထူးချွန်၍ တော်လွန်းတတ်လွန်းသူများပင်ဖြစ်ပါသည်။ စာဆိုကြီးများအနက် နှစ်သက်ရာစာဆိုတစ်ဦးသာ ရွေးချယ်ပါဆိုလျှင် **စာဆိုကြီး ဦးပုည**ကိုသာ ရွေးချယ်လိုပါသည်။

အဘိုးဦးပုည၏ စာများအနက် တက္ကသိုလ်ဝင်တန်းတွင် ရေသည်ပြဇာတ်၊ လေးမောင့်စံကျောင်းကဗျာ၊ ဆဒ္ဒန်ဆင်မင်းဝတ္ထုကောက်နုတ်ချက်များကို သင်ကြားလေ့လာရပါသည်။ စာဆိုကြီး၏အကြောင်း အတ္ထုပ္ပတ္တိကို တစ်စေ့တစ်စောင်း လေ့လာရ၍ ပို၍စုံစုံလင်လင် သိလိုသောကြောင့် စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မြန်မာစာပေသမိုင်းတို့ကိုလည်း ရှာဖွေလေ့လာမိပါသည်။ တင်ထွေး ရေးသားပြုစုသော '**ဦးပုည၏ စာပန်းကုံးနှစ်တွဲ**'ကိုလည်း ဉာဏ်မီသမျှ လေ့လာမိပါသည်။ ထို့ကြောင့်လည်း စာဆိုကြီး၏ အတွေးအရေး၊ အစီအကုံး၊ အနှုန်းအဖွဲ့များကို ပို၍တိုး၍ နှစ်သက်လာရပါသည်။

စာဆိုကြီးသည် (၁၁၇၄-၁၂၂၉) ကုန်းဘောင်မင်းဆက်မှသည် မျက်မှောက်ခေတ်တိုင် မြန်မာစာပေစင်မြင့်တွင် မသိသူမရှိ နေရာယူနိုင်ခဲ့သူ ဖြစ်ပါသည်။ ဦးပုည၏ဇာတိမှာ စလေမြို့ဖြစ်သည်။ သူကြီးမျိုးရိုးဖြစ်သည်။ ဖခင်မှာ သာယာဝတီမင်း၏ အကြီးတော် ဦးမြတ်စံဖြစ်၍ မိခင်မှာ စလေပခန်းငယ် မြို့သူကြီးသမီး ဒေါ်လှရင်ဖြစ်ပါသည်။ ငယ်ဆရာများမှာ '**စလေမြို့မခင်ကြီးစနှင့် တူးမောင်းဆရာတော် ဦးဒီပ**'တို့ဖြစ်ပါသည်။ ကြီးဆရာများမှာ '**စလေ ခင်ကြီးသာ၊**

ဒလခင်ကြီး၊ **ဗန်းမော်ဆရာတော်** တို့ဖြစ်ပါသည်။ မိကောင်းဖခင်သား၊ ဆရာကောင်း တပည့် ပီသသူပင်ဖြစ်ပါသည်။

ဦးပုညသည် ဉာဏ်ပညာထက်မြက်သူဖြစ်၍ ငယ်စဉ်ကပင် သဒ္ဒါကျမ်း၊ အဘိဓမ္မာကျမ်းကြီးများ သင်ယူခဲ့သည်။ ကိုရင်ဘဝကပင် ပိဋကသုံးပုံ သင်ယူခဲ့ သည်။ ဗန်းမော်တိုက်၌ ပိဋကတ်ဗေဒင်ကဗျာ လင်္ကာများ ဆက်လက်သင်ယူခဲ့ပါသည်။ မွေးဖွားစကပင် ဗေဒင်တွက်ရာတွင် ဥပဇ္ဈေဒကံပါလာသူဟု ဟောကိန်းထုတ်ခဲ့၍ လောကီလူ့ဘောင်နှင့် သာသနာ့ဘောင်ကို စုန်ဆန်ကူးလူးလျက် ဘဝခရီးဆက်ခဲ့သူ ဖြစ်ပါသည်။ ငယ်စဉ်ကပင် တရားစာ၊ မေတ္တာစာ၊ ဗေဒင်၊ လင်္ကာ၊ ဆေးကျမ်းတို့ကို ပြုစုခဲ့ပါသည်။ မွေးရာပါ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းသူ ဖြစ်သော်လည်း ဗန်းမော် ဆရာတော်ကျေးဇူးကြောင့် အိမ်ရှေ့မင်းသား ကနောင်မင်းသားထံ ခစားခွင့်ရခဲ့ပါ သည်။ ထိုမှသတင်းကြီး၍ မင်းတုန်းမင်းက ရွှေတော်သွင်းစေကာ နန်းတော်တွင် ဝင်ထွက်ခစားခွင့်ရခဲ့ပါသည်။

ကင်းဝန်မင်းကြီး၏ ရတနာနဒီမော်ကွန်းနှင့် ဦးပုည၏ ရတနာနဒီမော်ကွန်း တို့ကို စာတော်ဖတ်များက ဖတ်လျှောက်ကြသည်တွင် မင်းတုန်းမင်းက ဦးပုည၏ မော်ကွန်းက ပို၍ကောင်းကြောင်း ထုတ်ဖော်ချီးကျူးခဲ့ပါသည်။ မင်းတုန်းမင်းက ဦးပုညကို **'မင်းလှသခ်ယာ'** ဘွဲ့ပေးကာ စာဆိုတော်အရာမြှောက်စားပြီး လစာငွေနှင့် တကွ ဝင်းမြေနေအိမ်ချီးမြှင့်ကာ **'ရွာစည်'** ရွာကို စားစေခဲ့ပါသည်။

စာဆိုဦးပုညသည် ပြဇာတ်ငါးပုဒ်၊ ဝတ္ထု ၂၃ ပုဒ်၊ မော်ကွန်း နှစ်ပုဒ်၊ ဒုံးချင်း ခြောက်ပုဒ်၊ သဒ္ဒါပုဒ်စစ် ၁၇ ပုဒ်၊ ပင့်ရစ်သတ်ပုံ ၁၃ ပုဒ်၊ မေတ္တာစာအပုဒ် ၆၀ ကျော်၊ တေးထပ်ကဗျာများ၊ ဆေးနည်းလင်္ကာများ၊ သာသနာလျှောက် စာတမ်း၊ ဆွမ်းတော်ကြီးတင် စာတမ်း၊ ဝိချင်းရှည်များ၊ သဘင်တေးဘွဲ့အမျိုးမျိုး၊ သင်္ဂြိုလ် ကိုးပိုဒ်၊ တရားဟောစာပုဒ်ရေ ၃၀ ကျော် စသည်ဖြင့် အမျိုးအမည် စုံလင်လှပါသည်။ မြန်မာစာပေကဏ္ဍစုံကို ဖြည့်ဆည်းပေးခဲ့သော ရှားပါးစာဆိုကြီးလည်း ဖြစ်ပါသည်။ တစ်ခေတ်တွင် တစ်ယောက် နေလပမာထင်ရှားခဲ့သော စာဆိုကြီးလည်း ဖြစ်ပါ သည်။

ဝိဇယပြဇာတ်ကို နှုတ်ကစီပေး၍ လိုက်ရေးစေသည်တွင် နှစ်ရက်ဖြင့် ပြီးသွားသည်။ ရေသည်ပြဇာတ်လည်း ထို့နည်းတူ နှစ်ရက်ဖြင့်ပြီးသွားသည်။ ပဒုမ ပြဇာတ်သည် ညတွင်းချင်းပင်ပြီးသွားပါသည်။ ရေသည်ပြဇာတ်ကို မင်းတုန်းမင်းကြီး

ကြိုက်လှ၍ အကြိမ်ကြိမ်ဖတ်လျှောက် ကပြစေခဲ့သည်ဟု သိရပါသည်။ ဦးပုညလို တော်လွန်း၊ တတ်လွန်း၊ စကားသုံးပြောင်မြောက်၊ ဝေါဟာရကြွယ်လှသော စာဆိုမျိုး မရှိခဲ့ပါ။ ဆရာကောင်းများထံတွင် သင်ကြားရကာ စာနှံ၍ ဉာဏ်ပညာထက်မြက်သူ ဖြစ်ခြင်းကြောင့် သူ့စာများတွင် ပြောင်မြောက်သော ဝေါဟာရများ ကြွယ်ချင်တိုင်း ကြွယ်နေပါတော့သည်။ ထို့ကြောင့် နောင်းခေတ်ပညာရှင်များက ဦးပုည၏ စာများကို 'ဝေါဟာရ ဘဏ်တိုက်' ဟုပင် တင်စားဆိုကြပါသည်။ ဦးပုညသည် အာဝဇ္ဇန်းရွှင်သည်၊ စေနပဋိဘာန်ရှင်သန်သည်၊ တစ်ဆုပ္ပတ္တိဉာဏ် လျင်သည်။ ထို့ကြောင့် သူ့စာများသည် သူမတူအောင် ရှန်းရှန်းဝေ တောက်ပနေပါတော့သည်။ စာဆိုကိုယ်တိုင်ကလည်း ဉာဏ်ရည်ပြည့်ဝလှပုံကို 'ကဗျာဉာဏ်အာဘော်ကလည်း ကလော့တိုင်းထွက်သောကြောင့်' ဟု ဆိုခဲ့ဖူးပါသည်။

ဦးပုည၏ စာများကို အဘယ်ကြောင့် နှစ်သက်မိကြောင်း သာဓကအချို့ ထုတ်နုတ်ပြပါမည်။ ရေသည်ပြဇာတ်တွင် ရေသည်မိန်းမအား နှုတ်ဆက်လိုက်သော အာလုပ်စကားတွင် 'ဆံထုံးတော်ကြီး တမာသီးနှင့် ခါးစည်းဝတ်လဲ၊ ချုပ်စပြဲကို တဲ့အုပ်နှင့်တွယ်၊ လှမြင်သမျှ စိတ်ဖျက်အောင်လှပါတဲ့ မရေသည်' ဟူ၍ ရေးဖွဲ့ ထားပါသည်။ ဟာသလည်းမြောက် သရုပ်လည်းပေါ်လွင်လှသော အရေးအဖွဲ့ပင် ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်ဆီက ထင်ရှားသော ဝတ္ထုရေးဆရာကြီးလည်း ဖြစ်သည်။ ပြဇာတ်ရေးဆရာကြီးလည်းဖြစ်သည်။ ဇာတ်ကွဲဇာတ်လမ်း မဆန်းသော် လည်း လူ့သရုပ်ပီသအောင် ဖန်ဆင်းရေးဖွဲ့နိုင်ခြင်းကြောင့် ကျော်ကြားခြင်းဖြစ်ပါ သည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် လူ့စရိုက်လူ့သဘာဝအဖွဲ့များက ပီပြင်လှသည်။ သောနုတ္တရမုဆိုးချင်း 'အစွယ်လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးဝစ်သူ အုရှားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက်သားအနက်တွင်မှ ကံကွက်ကြား၍ ဖိုက်သားမုဆိုးလေ နင်ချည်းပင်သေခဲရော့မှာ ရွှေဆောင်ကြီးအမှာန် ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော့်အား သတ်လျှင်လည်း မလွတ်နိုင်ရာ သေရပါတော့မည်' ဟူသော ကိုယ်လွတ်စကားက လူ့သဘာဝ ပီပြင်လှသည်။ ဆဒ္ဒန်ဆင်မင်းဝတ္ထု တစ်ပုဒ်လုံးတွင် ကာရန်ရိုက်စကားပြေဖြင့် အစ္ဆာဗျတ္တိဂုဏ်မြောက် ရေးသား ထားပြီး အလင်္ကာမြောက် အသုံးများကလည်း မွှမ်းမွှမ်းတစ်ပ်နေပါသည်။ ဦးပုည၏ စကားအသုံး အစီအကုံး အနှမ်းအဖွဲ့ကို နှစ်သက်မဆုံး ဖြစ်ရပါသည်။

ကာလဝလိယဝတ္ထုတွင် ဆင်းရဲလှသော မောင်ကာကာတို့မောင်နှံ၏ အိမ်ကို 'ဖျော်ကြသည့်ခန်းဝါ၊ အကာဆွေးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံးဖျာမရှိ၊ ဘူမိကမ္ဗလာ၊ မြေမွေ့ရာနှင့်၊ ချူချာတော်မူလှသော၊ ကာကလိယ၊ မွဲပြာကျမောင်နှံတို့ စံကြသည့်အိမ်'ဟူ၍ ဖွဲ့ပြထားပါသည်။ ဒေါနဆီအမှတ်ဖြင့် လှူလိုက်သည်မှာ ရေနံဆီဖြစ်နေပုံကို ဟာသရသမြောက် သမာဓိဂုဏ်မြောက်စွာ ဝက်ဝုတ္တိနည်းဖြင့် ဖွဲ့ထားပုံမှာ 'ဆီမွှေး ပူဇော်မည့်အကြံနှင့်၊ ရောင်လျှံတော်မထိဦးကာ၊ ဖန်ဘူးကိုစောင်း၍၊ လောင်းလိုက် ရာတွင်၊ ရုပ်ရှင်တော်မြတ်စွာသည်၊ နံရှာတော်မူလွန်း၍၊ ရွှေခွန်းတော်မတွံ့၊ အနိုင်သာ ငုံ့ပြီးလျှင် ရှုံ့၍သာ ခံတော်မူရချေသည်'ဟူ၍ ဆင်းတုတော်ကိုပင် အသက်သွင်း၍ သရုပ်ပေါ်အောင် ရေးဖွဲ့ထားသည်ကို ကြိုက်လွန်း၍ နှုတ်ထက်ကျက်ထားမိပါသည်။

စာဆိုကြီး၏ ဘဝနေဝင်ချိန်မှာ မလှပခဲ့ပေ။ မြင်ကွန်း၊ မြင်းခုံတိုင်မင်းသားတို့ ပုန်ကန်မှုတွင် သက်ာမကင်းမှုဖြင့် မြို့ဝန်ဦးသာအိုးအိမ်တွင် အကျယ်ချုပ်ကျခဲ့သည်။ ဦးသာအိုး၏ မယားငယ် ခင်သုန်နှင့် သက်ာမကင်းဖြစ်ပြီး ပတိမ်းမင်းသား ပုန်ကန်မှု တွင် သုတ်သင်ခံရသူတို့နှင့်ရောကာ ရေချသုတ်သင်ခံခဲ့ရပါသည်။ မင်းတုန်းမင်းကြီး သိသည့်အခါ 'လူကို ခွေးသတ်လေခြင်း'ဟု နမြောလှစွာ မိန့်တော်မူခဲ့ပါသည်။ သူသတ်တို့လက်တွင်း ရောက်မှပင် 'ဟုတ်ပလေ၊ နှုတ်ချွေဟာရမှာဖြင့်၊ ပုဗ္ဗစထင်ရဲ့ လေး၊ ကောသလငယ်တို့၊ ဘဝအသရေလျှမ်းပါတဲ့၊ ရွှေနန်းစံရာ၊ နရိန္ဒတို့တောင် ခါချိန်တန်ပျက်စမြဲဟာမို့၊ စွဲမိသံဝေ'စသော လေးဆစ်သဖြန်ကို နောက်ဆုံးရေးဖွဲ့ခဲ့ ပါသေးသည်။ ဦးပုညသည် ပညာရည် ပြည့်ဝနေတုန်း အသက် (၅၅)နှစ်အရွယ်တွင် အကြွေစောစွာ ရေတိမ်နစ်ခဲ့ရသည်ကို နမြောတသမဆုံး ဖြစ်ရပါသည်။

စာဆိုဦးပုညသည် စကားတတ်၊ တရားတတ်ကာ စာနှံ့သည်။ အတွေး အခေါ် ရှုးရှနက်ရှိုင်းသည်။ အဆိုအမိန့် ကျစ်လျစ်သည်။ လူ့သဘာဝသရုပ်ဖော် ပီပြင်လှသည်။ ဝေါဟာရအသစ်များ တီထွင်သုံးနှုန်းတတ်သည်။ အထေ့အငေါ့၊ အလှော်အပြောင်၊ အကော်အကပ်၊ ဆော်စာနက်စာ ပြောင်မြောက်သည်။ အလွမ်း အသော၊ အတည်အခန့် စွယ်စုံရသည်။ ဦးပုည၏ 'ပြန်ပေးမေတ္တာစာ'တစ်ပုဒ်ဖြင့်ပင် ဦးပုည၏ စကားသုံးပြောင်မြောက်စွာထိုးနက်မှုကိုသိနိုင်လောက်ပါသည်။ ပြိုင်စံရှား စာဆိုကြီး ဦးပုညကို စာဆိုပေါင်းများစွာအနက် နှစ်သက်မိသော စာဆိုတစ်ဦးအဖြစ် ရွေးချယ်တင်ပြရပါသည်။ ။

**ယနေ့လူငယ်တို့အခန်းကဏ္ဍ**

- ❑ ယနေ့လူငယ်တို့သည် အနာဂတ်နိုင်ငံတော်တည်ဆောက်ကြမည့် အခြေခံအုတ်မြစ်ဖြစ်ပုံ
- ❑ စာဖတ်သောလူငယ်များ၊ ပညာရည်မြင့်မားသူများဖြစ်ရန် ယဉ်ကျေးလိမ္မာသူများဖြစ်ရန် မိဘဆရာများက ပိုင်းဝန်းပံ့ပိုးနေကြပုံ
- ❑ စည်းကမ်းရှိသူများ၊ ကိုယ်ကျင့်တရားကောင်းသူများဖြစ်ရန် လိုအပ်ပုံ
- ❑ အနုပညာ၊ အားကစား ဘက်စုံဖွံ့ဖြိုးရန်လိုပုံ
- ❑ အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်များရှိရန် လိုအပ်ပုံ
- ❑ အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြမည့် ယနေ့လူငယ်တို့ ဘက်စုံ အရည်အချင်းပြည့်ဝရန် လိုအပ်ပုံများ။

## ယနေ့လူငယ်တို့အခန်းကဏ္ဍ

**'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ် ဖြစ်အပ်ရာသည်'** ဟူသော ဆရာဇော်ဂျီ၏ ကဗျာစာသားအတိုင်း ကျွန်ုပ်အပါအဝင် ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ သားထူးသားမြတ်များဖြစ်လာရလေအောင် ကြိုးစားရပါမည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ နိုင်ငံနှင့်လူမျိုးအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို ဆက်လက် ပခုံးပြောင်းတာဝန်ယူကြရမည့်သူများသည် နိုင်ငံတော်အညွန့် မျိုးဆက်သစ်လူငယ်များပင် ဖြစ်ပါသည်။ ယနေ့လူငယ်တို့သည် အနာဂတ်နိုင်ငံတော်၏ အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။

ယနေ့လူငယ်များကို ကမ္ဘာက **'အနာဂတ်စွမ်းအားရှင်'**များဟု လက်ခံထားကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂကြီးက ၁၉၈၅ ခုနှစ်ကို **'အပြည်ပြည်ဆိုင်ရာလူငယ်များနှစ်'**အဖြစ် သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ လူငယ်ဆိုရာတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှသည် ၁၈နှစ်မှ ၂၅ နှစ်အရွယ်အထိ ပါဝင်ပါသည်။ ကျောင်းသားလူငယ်၊ အလုပ်သမားလူငယ်၊ လယ်သမားလူငယ်များသည် နိုင်ငံတော်က အားထားရမည့် လူငယ်အင်အားစုပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ကလည်း လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာလူငယ်ကလေးများဘဝ အလင်းတံခါးပွင့် ဉာဏ်ပညာထက်မြက်စေရန် သုတစုံ၊ ရသစုံ စာဖတ်ကြရပေမည်။ စာဖတ်မှသာ အသိပညာ၊ အတတ်ပညာများ တိုးကာ အနာဂတ်အတွက် ကြီးမားသောကောင်းကျိုးများ ဖြစ်ထွန်းလာအောင် ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဘဝတိုးတက်မှုမြင့်မားလာအောင် အားလပ်ချိန် ရတိုင်း စာဖတ်ကြရန်လိုပါသည်။ ယနေ့လူငယ်တို့ ထူးချွန်ထက်မြက်မှု မြင့်မားလာ သည်နှင့်အမျှ ခေတ်မီနိုင်ငံတော်သစ်ကို ပုံဖော်ထုဆစ်နိုင်မည် ဖြစ်ပါသည်။ စာဖတ် သော နိုင်ငံတိုင်း ကမ္ဘာ့ရှေ့တန်းမျက်နှာစာတွင် နေရာယူနိုင်ကြပါသည်။ လူငယ်တို့ စာဖတ်မှသာ မျက်စိပွင့်၊ နားပွင့်ကာ နိုင်ငံနှင့်လူမျိုးအကျိုးကို အုပ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်တည်ဆောက်နိုင်ကြမည် ဖြစ်ပါသည်။

လိမ္မာသော၊ ထူးချွန်သော လူငယ်လေးများဖြစ်လာစေရန် မိဘဆရာများက ဝိုင်းဝန်းပံ့ပိုးနေကြပါသည်။ လူငယ်လေးများသည် ပျော့ပျောင်းနူးညံ့သော အရွယ် များဖြစ်၍ လိုသလိုပုံသွင်းနိုင်ပါသည်။ ပတ်ဝန်းကျင်ကောင်းနှင့် ထိတွေ့ရန်လည်း လိုအပ်လှပါသည်။ ယနေ့လူငယ်အများစုသည် ဘုရားကျောင်းကန်များနှင့် ဝေးနေကြ ခြင်း၊ လူကြီးသူမများ၏ အဆုံးအမများနှင့် စိမ်းနေခြင်းများကြောင့် ယဉ်ကျေးမှု ဆိုင်ရာ၊ စာရိတ္တဆိုင်ရာတွင် အားနည်းလာကြပါသည်။ ရိုးရာယဉ်ကျေးမှုကို ခံမင်စွာ ထိန်းသိမ်းလိုစိတ်များလည်း အားနည်းလာပါသည်။

အနာဂတ်နိုင်ငံပိုင်ရှင် လူငယ်တို့ ပညာတော်သော၊ ကိုယ်ကျင့်တရား ကောင်း သော၊ ယဉ်ကျေးလိမ္မာသော၊ အမျိုးဂုဏ်နှင့် ယဉ်ကျေးမှုထိန်းသိမ်းသော နိုင်ငံ သားကောင်း၊ သမီးကောင်းများဖြစ်လာကြရန်မှာ မိဘဆရာသမားတို့၏ သွန်သင် ဆုံးမမှုကို နာခံတတ်ရပေမည်။ မိမိတို့ကိုယ်တိုင်လည်း ခံယူချက် ခိုင်မာရပေမည်။ အနောက်တိုင်းယဉ်ကျေးမှု၊ မျိုးခြားယဉ်ကျေးမှု ခံမင်လက်ခံလာကြလျှင် ကိုယ်ပိုင် ယဉ်ကျေးမှုကို တန်ဖိုးထားစိတ်များ လျော့နည်းလာကာ အမျိုးသားရေးစိတ်ဓာတ် များလည်း လျော့ပါးလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ယဉ်ကျေးမှု အစဉ်အလာ ကောင်းများကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်တတ်ရန် လေ့ကျင့်ပျိုးထောင် ပေးရပါမည်။

မျိုးဆက်သစ်လူငယ်လေးများအား မိမိအကျိုးထက် အများအကျိုး သည်ပိုး တတ်စေရန် မြို့ရွာရပ်ကွက် လူမှုအကျိုးပြု တစ်ပိုင်တစ်နိုင် စေတနာပါပါ ဆောင် ရွက်တတ်စေရန် မိဘဆရာများက လက်တွဲခေါ်ဆောင်ကြရပေမည်။ သို့မှသာ

ကြီးလာသည့်အခါ မိမိရပ်ရွာဒေသ၊ ပတ်ဝန်းကျင် အကျိုးပြုလုပ်ငန်းများကို စေတနာပါပါ ဆောင်ရွက်လာကြမည်ဖြစ်ပါသည်။

ယနေ့လူငယ်များအား စည်းကမ်းရှိသူများ၊ ကိုယ့်ကျင့်တရားကောင်းသူများ၊ မှန်မြတ်သော စိတ်ထားပိုင်ရှင်များ ဖြစ်လာရလေအောင် မိဘ၊ ဆရာများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးနေကြပါသည်။ အခြေခံကျောင်းများတွင် "**စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ**" ဟူသော စာလုံးကြီးကြီးများကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံတော်ကလည်း လူငယ်တို့ စွမ်းအားဖွံ့ဖြိုးတိုးတက်စေရန် ၁၉၆၄ ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့သော်လည်း ရပ်နားခဲ့သော လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်မှစ၍ ပြန်လည်ရှင်သန်စေခဲ့ပြီဖြစ်ပါသည်။ ထို့ပြင် ၁၉၁၀ ပြည့်လွန်နှစ်များကပင် စတင်ဖွဲ့စည်းလှုပ်ရှားခဲ့သော '**ကင်းထောက် လူငယ်အဖွဲ့ အစည်းများ**' ကို ၁၉၆၃ခုနှစ်တွင် ရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် ပြန်လည် အသက်သွင်းခဲ့ပြီဖြစ်ပါသည်။ ကင်းထောက်အဖွဲ့အစည်းသည် ရည်ရွယ်ချက်ကောင်း၍ နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်သော အဖွဲ့အစည်းမျိုးဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးက ဖွဲ့စည်းဆောင်ရွက်နေကြသည်။

ယနေ့လူငယ်များသည် စိတ်ဓာတ်တက်ကြွနိုးကြားလျက် ဘဝအားမာန်အပြည့်ရှိကြပါသည်။ မိဘ၊ ဆရာတို့က လူငယ်တို့ ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တကောင်းစေရန်လည်း ဖေးမသွန်သင်ကြရပါမည်။ နိုင်ငံတကာ၏ တိုးတက်မှုကို အမီလိုက်နိုင်ရန်မှာ လူငယ်ထုအင်အားသည် မရှိမဖြစ်လိုအပ်နေပါသည်။ ထို့ကြောင့် အဘက်ဘက်မှ ဘက်စုံတိုးတက်စေရန် လူငယ်တို့ကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးကြရပေမည်။

မျိုးဆက်သစ်လူငယ်တို့တွင် အနုပညာဝါသနာပါသော လူငယ်တို့ကလည်း မြန်မာ့ယဉ်ကျေးမှု အနုပညာများကို ဝါသနာပါစိတ်ဝင်စားပြီး နည်းကောင်းလမ်းမှန်များနှင့် ခေတ်မီအမြင်သစ်များကို ဖော်ဆောင်နိုင်အောင် ကြိုးစားကြရပါမည်။ အနုပညာကဏ္ဍမှ တိုးတက်လာလျှင် နိုင်ငံတကာသို့ မြန်မာယဉ်ကျေးမှုအနုပညာကို ထုတ်ဖော်ပြသခွင့်ရမည်ဖြစ်ပါသည်။ အားကစားကဏ္ဍတွင်လည်း လူငယ်တို့စွမ်းပကား အရေးပါနေပါသည်။ အားကစားနည်းမျိုးစုံကို ထူးချွန်ထက်မြက်လာအောင် လေ့ကျင့်ပျိုးထောင်ပေးမှသာ ကမ္ဘာ့မျက်နှာစာတွင် မြန်မာလူငယ်တို့ အားကစားကဏ္ဍ၌ ဦးမော့ဂုဏ်ယူနိုင်မည်ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံသည် မြန်မာနိုင်ငံ၏ သုံးပုံတစ်ပုံသာ ကျယ်ဝန်းပါသည်။ နေမဝင်အင်ပါယာထူထောင်ပြီး ကမ္ဘာကို နယ်ချဲ့အုပ်စိုးနိုင်ခြင်းမှာ "**စည်းကမ်း၊ ပညာ၊ လုံ့လ**"နှင့်ပြည့်စုံ၍ အတွေးအခေါ်၊ အမြော်အမြင်ကြီးမားသောကြောင့် ဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် ဧရိယာစတုရန်းမိုင် ၂၅၀ ခန့် (ချောင်းဆုံမြို့နယ်) လောက်သာကျယ်ဝန်းသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ မထွက်ပေ၊ ၁၉၅၈ ခုနှစ်တွင် လွတ်လပ်ရေးရသောနိုင်ငံဖြစ်သည်။ နည်းပညာကို ကျွမ်းကျင်လိမ္မာစွာ အသုံးချပြီး စီမံခန့်ခွဲမှုကြောင့် ကမ္ဘာ့ရှေ့တန်းတွင် မားမား မတ်မတ် ရပ်တည်နိုင်သောနိုင်ငံဖြစ်လာသည်။ ယနေ့လူငယ်တို့ အတုယူအားကျဖွယ် ကောင်းပါပေစွ။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ လူငယ်အစည်းအဝေးပွဲသို့ ကမ္ဘာ့လူငယ်များ၊ ခေါင်းဆောင်များ ပါဝင်တက်ရောက် ကြသည်။ ထူးချွန်ပြောင်မြောက်ပြီး အလားအလာရှိသော လူငယ်ခေါင်းဆောင်တို့ အကြံဉာဏ်ကောင်းများ ဖလှယ်ကြသည်။ စိန်ခေါ်မှုများကို ဖြေရှင်း၍ ချဉ်းကပ်မှု အသစ်များနှင့် မျက်မှောက်ကမ္ဘာကို ပုံဖော်နိုင်ရန် ဆွေးနွေးတိုင်ပင်ကြသည်။ ထိုလူငယ်များကို အားကျ၍ ဘက်စုံကြိုးစားရန် လိုအပ်လှပါသည်။

ထို့ပြင် နိုင်ငံတကာသုံး ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ တတ်မြောက် ရန် လိုပါသည်။ သို့မှသာ ဗဟုသုတ၊ အတွေးအခေါ်များနှင့် နိုင်ငံတကာနှင့် အမီလိုက်ကာ ကဏ္ဍပေါင်းစုံဆက်သွယ်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံ့သိက္ခာလည်း မြင့်မားလာမည်ဖြစ်ပါသည်။ လူငယ်များအား ၂၀၁၃-၂၀၁၄မှစ၍ နိုင်ငံတကာသို့ ပညာတော်သင်စေလွှတ်ခဲ့ပါသည်။ နိုင်ငံတော်၏ ပံ့ပိုးမှုများပင်ဖြစ်ပါသည်။

မျက်မှောက်ခေတ် လူငယ်တို့သည် အနာဂတ်နိုင်ငံတော် တည်ဆောက်ရာ တွင် အဓိကကျသောကဏ္ဍမှ ပါဝင်နေသည်ဟူသော အဆိုသည် ငြင်းဖွယ်မရှိပါပြီ။ မျိုးဆက်သစ်လူငယ်တို့သည် တိုးတက်လျက်ရှိနေသော ခေတ်မီနည်းပညာ အသစ် အဆန်းများကို လေ့လာတတ်မြောက်ပြီး ကမ္ဘာ့ရွာကြီးထဲတွင် ကျင်လည်နိုင်ကြပြီ ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်သော နိုင်ငံတော်သစ် တည်ဆောက် ရန်မှာ ယနေ့လူငယ်တို့၏ အဓိကကျသောအခန်းကဏ္ဍပင်ဖြစ်ပါတော့သည်။ ။

ဆရာကောင်းတပည့်

- ယနေ့လူငယ်တို့သည် အနာဂတ်နိုင်ငံတော်တည်ဆောက်ကြမည့် အခြေခံအုတ်မြစ်ဖြစ်ပုံ
- စာဖတ်သောလူငယ်များ၊ ပညာရည်မြင့်မားသူများဖြစ်ရန် ယဉ်ကျေးလိမ္မာသူများဖြစ်ရန်မိဘဆရာများက ဝိုင်းဝန်းပံ့ပိုးနေကြပုံ
- စည်းကမ်းရှိသူများ၊ ကိုယ်ကျင့်တရားကောင်းသူများဖြစ်ရန် လိုအပ်ပုံ
- အနုပညာ၊ အားကစား ဘက်စုံဖွံ့ဖြိုးရန်လိုပုံ
- အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်များရှိရန် လိုအပ်ပုံ
- အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြမည့် ယနေ့လူငယ်တို့ ဘက်စုံအရည်အချင်း ပြည့်ဝရန် လိုအပ်ပုံများ။

## ဆရာကောင်းတပည့်

ဆရာသည် အနန္တော အနန္တငါးပါးတွင်ပါဝင်သည်။ ဘုရားနှင့် တစ်ဂိုဏ်းတည်းပင်ဖြစ်ပါသည်။ ဆရာဆိုရာတွင် "**မုတာစရိယ သင်ဆရာ၊ ဒိဋ္ဌာစရိယ မြင်ဆရာ၊ သုတာစရိယ ကြားဆရာ**" ဟူ၍ ဆရာသုံးမျိုးရှိပါသည်။ မည်သည့်ပညာမျိုးမဆို အရည်အချင်းပြည့်ဆရာထံတွင် တပည့်ခံထိုက်သည်သာ ဖြစ်ပါသည်။ ဆရာမရှိဘဲ အလိုအလျောက် သိမြင်တတ်ကျွမ်းနိုင်သည် မဟုတ်ပါချေ။ "**ဆရာမပြလျှင် ဝေဖုတ်ပင် နည်းမကျ**" ဟူသော ဆိုစကားရှိပါသည်။ ဆရာကောင်းတပည့် ဖြစ်စေရန် တပည့်ဖြစ်သူကလည်း ဆရာကောင်းထံတွင် ပညာကိုလိုလားစွာ ကျိုးကျိုးနွံနွံ သင်ယူရန်လိုပါသည်။

တစ်စုံတစ်ယောက်သည် ပညာရပ်တစ်ခုခုတွင် ထူးချွန်လာပါလျှင် ဆရာမည်သူနည်း။ မည်သူ၏ တပည့်နည်းဟု စူးစမ်းမေးမြန်းတတ်ကြပါသည်။ ရှေးစာဆိုပညာရှိများ၏ ဆရာကိုထုတ်ဖော်ပြမြဲဖြစ်ပါသည်။ အရည်အချင်းပြည့်ဝသော ဆရာကောင်း၊ ထူးချွန်ထက်မြက်သော ဆရာသမားများ၏ ကျော်ကြားသော သတင်းမွှေးရနံ့ ပျံ့လွင့်လာကြမြဲဖြစ်ပါသည်။ တစ်စုံတစ်ရာသောပညာကို ထူးချွန်စွာ တတ်မြောက်အောင် သင်ကြားလိုသူသည် ဆရာကောင်းကို ရှာမြဲဖြစ်ပါသည်။ ဆရာကောင်းကို တွေ့ရှိပြီး ထူးထူးချွန်ချွန်တတ်မြောက်အောင် ရိုကျိုးစွာ တပည့်ခံသင်ယူသူမျိုးသာ ဆရာကောင်းတပည့် ပီသမည်ဖြစ်ပါသည်။

ရှေးခေတ်များဆီက တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက် ဆရာကြီးထံတွင် မင်းသား၊ အမတ်သား၊ သူဌေးသူကြွယ်သား၊ ကုန်သည်သား စသည်တို့သည် အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်ကို ပေါက်မြောက်အောင် သင်ယူကြရပါသည်။ ဆရာကြီးကလည်း ကျောသားရင်သား မခွဲခြားဘဲ ဆရာ့စိတ်ပြည့်ဝစွာ ဆရာ့ ဝတ္တရားနှင့်အညီ တပည့်အရည်အသွေးကိုကြည့်၍ သင့်လျော်ရာပညာရပ်ကို ထူးချွန်စွာ တတ်မြောက်အောင် သင်ကြားပေးမြဲဖြစ်ပါသည်။

သုံးလူ့ထွတ်သား ရှင်တော်ဘုရားသည်ပင် မိမိဟောပြော ညွှန်ကြားပြသသော တရားတော်မြတ်တို့ကို ဆင်ခြင်မဲ့လက်ခံရန် မသင့်ပုံကို **"ငါ့ကို ကြည်ညိုစိတ်ဖြင့် ငါ့တရားကို လက်ခံရန်မသင့်၊ ပန်းထိမ်ဆရာသည် ရွှေကိုမီးဖြင့် စစ်ဆေးသကဲ့သို့ စစ်ဆေးပြီးမှ လက်ခံရာ၏"** ဟူ၍ မှတ်ကျောက်တင်ခံ ဆရာ့ဂုဏ်ကို ရိုးသားစွာ ဖော်ကျူးခဲ့ပါသည်။ ဆရာကောင်းတို့မည်သည် စည်းရုံးသောနည်းဖြင့် တပည့် မမွေးကြပါပေ။ ဆရာ့အရည်အသွေး တောက်ပြောင်မှုကြောင့် မိမိထံပါး လိုလားစွာ လာရောက် တပည့်ခံသူများကိုသာ ဆရာစားမချန် တပြေးညီသင်ကြား ညွှန်ပြပေးတတ်ကြပါသည်။

အရိပ်ငါးပါးတွင် **"အာစရိယဆာယာ"**ဟူသော ဆရာတို့အရိပ်သည် ပါဝင်နေပါသည်။ ညောင်ပင်ကြီးနှင့်တူသော ဆရာကောင်းတို့သည် ညောင်သီးနှင့်တူသော တပည့်များစွာကို ပြန့်ပွားပျိုးထောင် မွေးထုတ်ပေးသည်သာ ဖြစ်ပါသည်။ တပည့်များ ဆရာကောင်းကို ရှာတတ်ရန် မန်လည်ဆရာတော်ဘုရားက **"ရှိသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွဲမိုက် ဆုံးမ၊ မေးသမျှခံ၊ မခံ့နက်နဲ ဟောနိုင်မြဲ၍၊ ကျိုးနဲမထွန်း၊ ခုနစ်ခန်းနှင့် ပြည့်လျှမ်းညီညာ၊ ဤဆရာ ညီညာတပည့်ခံ"** ဟူ၍ ဆရာကောင်းတို့ ဂုဏ်အင်္ဂါကို ဖော်ကျူးရေးဖွဲ့ခဲ့ပါသည်။ ဆရာကောင်းတို့မည်သည် ချစ်ခင်ကြည်ညိုဖွယ်ဂုဏ်၊ လေးစားထိုက်သောဂုဏ်၊ သီလသမာဓိဂုဏ်၊ ကရုဏာရှေ့ထား ဆုံးမတတ်သောဂုဏ်၊ အကျိုးလို၍ ပြောလာသောစကားကို နာခံတတ်သောဂုဏ်၊ အဖိုးတန်ပညာရပ်များ စကားများကို နက်နက်နဲနဲ သင်ကြားဟောပြောပြတတ်သောဂုဏ်၊ မသင့်လျော်ရာကို မတိုက်တွန်းတတ်သော ဂုဏ်များနှင့် ပြည့်စုံရပါသည်။ ဤသို့သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ဆရာကောင်းတို့ထံတွင် ကျိုးနွံစွာပညာသင်ယူသော တပည့်သည် အဘယ်မှာ မထူးချွန်မပေါက်မြောက်ဘဲ ရှိနိုင်ပါအံ့နည်း၊ ဆရာကောင်း တပည့်ပီသသူ ဖြစ်လာမည်မှာ မလွဲပါတည်း။

ဆရာကောင်းဖြစ်သူ ပုရောဟိတ် ဆရာပုဏ္ဏား၏ လမ်းညွှန်ပြသ ဆိုဆုံးမ စကားတို့ကို လုံးဝဥဿုံနာယူ ဆောင်ရွက်သဖြင့် **သံဝရမင်းသားလေးသည်** နောင်တော် မင်းသားကိုးဆယ့်ကိုးယောက်ကိုကျော်၍ ဗာရာဏသီပြည့်ရှင်မင်း ဖြစ်ခဲ့ဖူးပါသည်။ သုံးလူ့ရှင်ထွတ်သား ဗုဒ္ဓရှင်တော်ဘုရားဟူသော ဆရာကောင်းနှင့် ကြုံတွေ့ရသော လူ၊ နတ်၊ ဗြဟ္မာတို့ သုံးဆယ့်တစ်ဘုံမှ လွတ်လမ်းမြင်ကာ အမြိုက်နိဗ္ဗာန်ခွင် ဝင်နိုင်ခဲ့ကြပါသည်။ ဒေဝဒတ်ဟူသော ဆရာဆိုးနှင့် ကြုံတွေ့ရ၍ အဇာတသတ်သည် ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အကျိုးယုတ်ကာ ငရဲဘုံကျရပါသည်။ ဓားသံမည်မျှပင် ကောင်းစေကာမူ ညံ့လှသော ဓားသွေး ကျောက်ပေါ်တင်သွေးပါက ထက်မြက်လာမည် မဟုတ်ပါချေ။ ဆရာကောင်းမည်သည် ဓားသွေးကျောက်ကောင်းနှင့်လည်း တူပါပေသည်။

တပည့်ကောင်းတို့မည်သည် မိမိတို့၏ ဆရာကောင်းတို့၏ ဩဝါဒစကား၊ ဆိုဆုံးမစကားတို့ကို နာခံမှတ်သားမြဲဖြစ်၍ ဆရာ့ဂုဏ်ကျေးဇူးကို ဖော်ကျူးကြမြဲဖြစ်ပါသည်။ ပညာအရာတွင် ဧတဒဂ်ရသော ရှင်သာရိပုတ္တရာသည် ဥပတိဿပရိဗိုဇ် ဘဝတွင် ပဥ္စဝဂ္ဂီငါးပါးဝင် ရှင်အဿဇိမထေရ်မြတ်၏ တရားတော်ကို ဦးစွာနာရ၍ ဉာဏ်အလင်းရခဲ့ပါသည်။ ဆရာ၏ဂုဏ်ကျေးဇူးကို အစဉ်ဦးထိပ်ထားမမေ့တတ်သူ ရှင်သာရိပုတ္တရာသည် ဆရာအဿဇိမထေရ် ရှိရာအရပ်ကို ရှေ့ရှု၍ ဦးခေါင်းရင်း၌ ငါ့ဆရာရှိသည် မည်စေသတည်းဟူ၍ ဆရာရှိရာ အရပ်ဘက် ရည်စူး၍ အမြဲခေါင်းပြုကျိန်းစက်လေ့ ရှိပါသည်။ ရှင်သာရိပုတ္တရာက ရှင်မဟာမောဂ္ဂလာန်အား ပြောသောစကားကိုလည်း စွဲမြဲစွာ မှတ်သားထားမိပါသေးသည်။ **"ဝစီဝိညတ်ကို မှီပြု၍ ဖြစ်ပေါ်လာသော ထောပတ် ပျားရော နို့ဃနာဆွမ်းကို သုံးဆောင်မိအံ့၊ သူတော်ကောင်းတို့ ကဲ့ရဲ့မည်။ ငါ၏အူခွေတို့ အပြင်ထွက် ကျက်စားစေကာမူ၊ အသက်စွန့်ရစေကာမူ သီလကိုမဖျက်၊ ဘုရားရှင် စက်ဆုပ်သောအမှုကို ရှောင်ကြဉ်ပါအံ့"** ဟူ၍ပင်။ သုံးလူ့ထွတ်ထား ရှင်တော်ဘုရား ချမှတ်ထားသော ဝိနည်းသိက္ခာပုဒ်ကိုမဖျက်၊ အသက်နှင့်လဲ၍ နာခံမည်ဟူ၍ ဆိုခဲ့ပါသည်။ ဆရာသမား၏ စကားကို ဤမျှအထိ တလေးတစား နာခံမှတ်သားသော ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဆရာကောင်းတပည့် ပီသပါပေသည်။

ပုဂံရှိ အာနန္ဒာဘုရားတွင် "ရှင်အရဟံရုပ်ထု၊ ကျန်စစ်သားရုပ်ထု" တို့ကို တွေ့မြင်နိုင်ပါသည်။ ကျန်စစ်သားမင်းကြီးသည် မိမိနှင့်တကွ ပုဂံပြည်သူတို့ကို လောကုတ္တရာတရား အလင်းပြသပေးသော ဆရာ၏ဂုဏ်ကျေးဇူးကို မှတ်မှတ်ထင်ထင် ဖော်ကျူးပြသထားခြင်းပင်ဖြစ်ပါသည်။ ဟံသာဝတီရောက် မင်းတရားကြီး

သည် မိမိဆရာ ဝန်ကြီးပဒေသရာဇာကို ဘွဲ့ထူးဂုဏ်ထူးများပေးအပ်ပြီး လေးလေး စားစား ချီးမြှင့်မြှောက်စားခဲ့ပါသည်။ ဤမင်းတို့သည် ဆရာကောင်း တပည့် ပီသသူများပင် ဖြစ်ပါသည်။

စိန္တကျော်သူ ဦးညိုသည် နှစ်ပေါင်း ၂၂၁နှစ် ကွာလှမ်းသော ရှင်မဟာရဋ္ဌသာရ ဟူသော စာပေဆရာ ဂုဏ်ကျေးဇူးကို ကဝိလက္ခဏာ သတ်ပုံသံပေါက် ပဏာမ၌ "ရှင်မဟာရဋ္ဌသာရ၏နည်းကို အမှီပြု၍ ဖွဲ့ဆိုပေအံ့" ဟူ၍ ဖော်ကျူးခဲ့ပါသည်။ မျက်မှောက်ခေတ်တွင် ဆရာကြီးဦးသုခသည် အကယ်ဒမီဆုရစဉ် ဆရာဖြစ်သူ ဦးတင်မောင်၏ ဂုဏ်ကျေးဇူးကို အများရှေ့တွင် ထုတ်ဖော်ကာ ကန်တော့ခဲ့ပါသည်။ ဆရာကောင်းတပည့် ပီသသူများပင်ဖြစ်ပါသည်။ ဆရာ့ဂုဏ်ကျေးဇူးကို ထုတ်ဖော် ပြောရန် ဝန်မလေးသင့်ပါပေ။ ဆရာကိုကာပြန်လျှင် အာခေါင်လှံစူးသော သာဓက ရှိခဲ့ဖူးပါသည်။ ဗျိုင်းကဖမ်းမိသော ငါးကလေးကို ရုတ်တရက် မစားသေးဘဲ မြှောက်ကာဖမ်းကာ ကစားနေသည်ကို ဒွားကျောင်းသား လုလင်တစ်ဦး မြင်ခဲ့သည်။ ဗျိုင်း၏ အတုယူပြီး လှံကိုမြှောက်ကာ ပါးစပ်ဖြင့် ဖမ်းသောအတတ်ကို တတ်ကျွမ်းခဲ့ သည်။ ဘုရင့်ရှေ့မှောက်ရောက်၍ ဆရာသည် မည်သူနည်းမေးသော် ဗျိုင်းငှက်ဟု ထုတ်ဖော် ပြောရမည်ကို ရှက်စနိုး၍ "ဆရာမရှိ"ဆိုခဲ့သည်။ ကစားပြသည့်အခါ အာခေါင်ကို လှံစူး၍ သေရတော့သည်။ ငါးရှာငါးဆယ် ဇာတ်တော်လာသော နှမ်းခိုးစားသော တပည့်ဆိုးမျိုး မဖြစ်ရအောင်လည်း ရှောင်ကြဉ်ရပါမည်။

မျက်မှောက်ခေတ်တွင်လည်း တော်သောတတ်သော ထူးချွန်သော ဆရာ ကောင်းတို့ထံတွင် တပည့်ခံကြမြဲ ဖြစ်ပါသည်။ ဆရာ့ပညာကို ဖဝါးခြေထပ် ဆက်ချပ်မကွာ အမီလိုက်ကာ သင်ယူဆည်းပူးနိုင်သော မျိုးဆက်သစ် တပည့်များ မွေးထုတ်နေကြပြီ ဖြစ်ပါသည်။ ဆရာ့ဂုဏ်ကျေးဇူးကို သိမြင်လာကြ၍လည်း ဆရာကန်တော့ပွဲများ နေရာအနှံ့ ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေကြသည်ကို တွေ့မြင်နိုင် ပါသည်။

မည်သို့သောဆရာသည် ဆရာကောင်းဟု သိမြင်ကာ ချဉ်းကပ်သင်ယူပြီး တပည့်ကောင်းများဖြစ်အောင် ကြိုးစားသင်ယူကြရပါမည်။ အသိပညာ အတတ်ပညာ များကိုသင်ကြားပေးသော "သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ"အားလုံး၏ ကျေးဇူး ကို အထူးသိမြင်သော၊ မမေ့လျော့သော တပည့်များဖြစ်ရန် လိုအပ်ပါသည်။ ဆရာကောင်းတို့မည်သည် မိမိတို့၏တပည့်များ ထွန်းပေါက်အောင်မြင်မှုကို မြင်ရ၊ ကြားရသည့်အခါ မည်သည့်ရသနှင့်မျှမတူသော ဝမ်းမြောက်ကြည်နူးမှု ပီတိရသကို ကျေနပ်စွာ တသိမ့်သိမ့် ခံစားနေတတ်ကြသည်သာ ဖြစ်ပါသည်။ ။

**သစ်ပင်စိုက်ပျိုးပြည်သူ့အကျိုး**

- ❑ သစ်ပင်အမျိုးမျိုးစိုက်ပျိုးသင့်ပုံ
- ❑ စားပင်သီးပင်၊ အရိပ်ရပင်၊ လေကာပင်စသည်များ စိုက်ပျိုးခြင်းဖြင့် မိမိဝန်းကျင် သဘာဝရေမြေတောတောင် ရာသီဥတုကိုပြုပြင်ပေးနိုင်ပုံ
- ❑ သစ်ပင်စုံ၊ ပန်းပင်စုံ စိုက်ပျိုးခြင်းဖြင့် မြန်ပြည်တစ်ခွင် လှပသာယာသော အကျိုးတရားများ ဖြစ်ထွန်းစေပုံ
- ❑ သစ်ပင်သစ်တောပြုန်းတီးမှုကြောင့် အရာရာကို ထိခိုက်ပျက်စီးမှု ဆိုးကျိုးများ ခံစားရပုံ
- ❑ မိမိအမြင်နှင့်သုံးသပ်ချက်

---

## သစ်ပင်စိုက်ပျိုးပြည်သူ့အကျိုး

မြန်မာနိုင်ငံသည် သစ်ပင်စိုက်ပျိုးရေးဖြစ်ထွန်းသော နိုင်ငံပင်ဖြစ်သည်။ မြေရှိသည်။ မြေပေါ်မြေအောက်ရေရှိသည်။ နေရောင်ခြည်ကို ဥတုသုံးပါးလုံး ရရှိသည်။ 'သစ်ပင်စိုက်ပျိုးခြင်း'ဟူသော ပြည်သူတို့၏ စိုက်ပျိုးရေးဝါသနာ ပေါင်းစည်းလိုက်လျှင် အကျိုးတရားများ မလွဲမသွေ ရယူခံစားနိုင်မည်မှာ မလွဲပါပေ။

မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် "**အစိမ်းရောင်စီးပွားရေး သင်တို့အားလုံး ပါဝင်ဆောင်ရွက်ပေး**" ဟူသော လှုံ့ဆော်မှုများ သတင်းစာများတွင် နေ့စဉ်လိုပင် ပါရှိနေပေသည်။ အစိမ်းရောင်စီးပွားရေးဆိုသည်မှာ မြသွေးမြရည် လျှမ်းနေသော အမြင်အေးချမ်း စိတ်ကြည်လင်လန်းဆန်းစေသော ကြည်နူးဖွယ်ကောင်းလှသည့် လယ်ယာ၊ ဥယျာဉ်အပါအဝင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး အောင်မြင်မှုအသီးအပွင့်ပင် ဖြစ်ပါသည်။ မြန်မာမြေတွင် စားပင်သီးပင်၊ ပန်းအလှပင်၊ အရိပ်ရပင်၊ နှစ်ရှည်ပင်၊ လေကာပင်၊ သစ်တောအစားဖြည့်အပင် စသည့်အပင်စုံ စိုက်ပျိုးဖြစ်ထွန်းပါသည်။

အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် ဆောင်ရွက်မှုမှာ "**မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကျိုးပြုလမ်းကြောင်းသစ်**"ပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံ ဖွံ့ဖြိုးဆဲနိုင်ငံပင်ဖြစ်ပါသည်။

အစိမ်းရောင်စီးပွားရေးလမ်းကြောင်းအပေါ် လျှောက်လှမ်းရန် အချိန်နောက်မကျသေးပါပေ။

မြန်မာနိုင်ငံသည် သဘာဝကပေးဆက်ထားသော သစ်တောဇရိယာများအဖြစ် "**အရှေ့ရိုးမ၊ အနောက်ရိုးမ၊ ပဲခူးရိုးမ၊ ရခိုင်ရိုးမ၊ တနင်္သာရီရိုးမ**" သစ်တောကြီးများကိုလည်း အားရဖွယ်ပိုင်ဆိုင်ထားသေးသည်။ သစ်တောကြိုးဝိုင်းကြီးများကိုလည်း ပိုင်ဆိုင်ထားသေးသည်။ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ထိမ်၊ မဟော်ဂနီ၊ ပိတောက်၊ မျောက်ချော စသည်ဖြင့် အပင်ကြီးများ အပြည့်ပါပင်။ သစ်တော ဦးစီးဌာနက သစ်တောကြိုးဝိုင်းများကို ထိန်းသိမ်းကာကွယ်လျက်ရှိပေသည်။ သစ်တောကြီးများ အပင်ကြီးများကြောင့် မြန်မာ့ရာသီဥတုသည် ယခင်က နွေ၊ မိုး၊ ဆောင်း လေးလစီရှိခဲ့ပါသည်။ မျက်မှောက်ကာလတွင် အောက်ပြည်ရွာတွင် ဆောင်းမှာ အဝင်အထွက်ပင် မသိလိုက်သယောင်ပါပေ။ အနည်းငယ်သာ အေးသယောင်ရှိချိန်ကို ဆောင်းဟုအသိအမှတ်ပြုလိုက်ရပြီး မကြာမီပင် ဆောင်းအငွေ့အသက် ပြယ်သွားရတော့သည်။ ဤသည်မှာ ရာသီဥတုကို ထိန်းသိမ်းပေးသော သစ်တောကြီးများကို မဆင်မခြင်ခုတ်ပစ်ခြင်း နာဂစ်စသော သဘာဝဘေးရန် ဖျက်ဆီးမှုခံရသောကြောင့် အပင်ကြီးများ ပြိုလဲပျက်စီးကာ နည်းပါးသွားရခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။ "**ဥတုရာသီသည် တောကိုမှီ**" နေပါသည်။ တောပြုန်း၍ အပင်ကြီးများမရှိတော့၍ ရာသီပျက်ရခြင်းပါပင်။

ဤအချက်ကို ကြိုတင်သိမြင်သော နိုင်ငံတော် သစ်တောဦးစီးဌာနက (၁၉၅၄) ဇွန် (၇)ရက်တွင် စတင်ကာ 'သစ်ပင်ပွဲတော်နေ့" သတ်မှတ်ကာ "သစ်ပင်တစ်သိန်း၊ သစ်စေ့မျိုးစုံ သုံးသိန်းကျော်" ကို လူထုလှုပ်ရှားမှုဖြင့် အားကြိုးစိုက်ပျိုးစေခဲ့ပါသည်။ (၁၉၇၇)ခုနှစ် ဇွန် (၂၄)နေ့ ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။ (၁၉၇၇)မှစ၍ မိုးရေဖြင့် မြေနူးနေသော ဇူလိုင်လကို "သစ်ပင်စိုက်ပျိုးလ" သတ်မှတ်ကာ သစ်တောဦးစီးဌာနက ပျိုးပင်များကို အခမဲ့ဖြန့်ဝေကာ အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရကျောင်းများ၊ ရပ်ကွက်ကျေးရွာများတိုင် လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးစေခဲ့ပါသည်။

ယခုအခါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို မြန်မာပြည်တစ်နံတစ်လျားကျင်းပနေသော မင်္ဂလာသတင်းများ မကြာခဏဖတ်ရှုနေရ၍ အားတက်ကျေနပ်နေမိပါသည်။ (၂၀၁၃)ခု ဇူလိုင်(၁၄)ရက် "**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်**

**ရေးနေ့တွင် အခြေခံကျောင်းသားများအားလုံး ပါဝင်ဆင်နွှဲပါစို့''** ဟူ၍ ပညာရေးဝန်ကြီးဌာနက နှိုးဆော်နေသည်ကို သတင်းစာများတွင် တွေ့မြင်နေရပါသည်။ စာသင်ပို့ချနေဆဲ ကျောင်းသားများ စာသင်ပိုနေအရွယ်ကပင် သစ်ပင်၊ ပန်းပင်စိုက်ပျိုးသော ဝါသနာမျိုးစေ့ ချပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ စိုက်ပျိုးရုံဖြင့် တာဝန်မကျေ၊ ဆက်လက်ပြုစု ပျိုးထောင်မှသာလျှင် ရှင်သန်ဖွံ့ထွားပြီး ရည်ရွယ်ချက်အောင်မြင်မည် ဖြစ်ပါသည်။

နိုင်ငံတော်က ကျွန်းစိုက်ခင်းများကိုလည်း မြော်မြင်ကြီးစွာ ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၃)ခုတွင် မိုးရာသီအမီ စိုက်ပျိုးရန် ကျွန်း၊ ပျဉ်းကတိုးအပါအဝင် သစ်ပင်မျိုးစုံ အပင် (၁၅)သန်းကို တစ်နိုင်ငံလုံး ဖြန့်ဝေပေးထားပြီးဖြစ်ပါသည်။ သစ်တောကြိုးဝိုင်းများကို စနစ်တကျထိန်းသိမ်းစေကာ ခုတ်လှဲလိုက်သော အစားဖြည့်အပင်များ တိုးချဲ့စိုက်ပျိုးစေခဲ့ပါသည်။ သစ်တောကြီးများ စိမ်းလန်းစိုပြည် အုံ့ဆိုင်းညို့မှိုင်းနေမှသာ ရာသီဥတုထိန်းနိုင်ကာ မိုးမှန်၍ စိုက်ပျိုးရေးရှင်သန်အောင်မြင်ပြီး ပြည်သူတို့အတွက် အကျိုးများမည်ဖြစ်ပါသည်။ သစ်တောကြီးများသည် နိုင်ငံတော်စီးပွားရေးအတွက် အားထားရသည်။ နိုင်ငံတော် စီးပွားရေးဟူသည် ပြည်သူ့အကျိုးရှေးရှုနေသည်သာ ဖြစ်ပါသည်။ သစ်တောကြီးများသည် **'သားငှက်နှင့် တိရစ္ဆာန်စိဝမျိုးစုံ မျိုးကွဲသောဂေဟစနစ်တည်ငြိမ်မှု'** ကိုလည်း အကျိုးပြုပါသည်။ ရာသီဥတုညီညွတ်မျှတမှုကိုလည်း ဖြစ်စေပါသည်။ နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အပင်ရှင်သန်ပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်းဖြင့် မြန်မာ့ရေမြေပတ်ဝန်းကျင် ထာဝစဉ်စိမ်းလန်းစိုပြေနေမည် ဖြစ်ပါသည်။ အပင်အားလုံးသည် မြန်မာပြည်သူတို့အတွက်၊ သက်ရှိများအတွက် အဓိကမရှိမဖြစ် အကျိုးပြုလိုအပ်ချက်ကြီးပင် ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်လောက်မှစ၍ **'ပုပ္ပားတောင် မောင်ခေါင်းတုံးကို ယောင်ထုံးခဲ့'** ကြသည်။ ပုပ္ပားနယ်မြေသည် သစ်ရိပ်ဝါးရိပ်တို့ဖြင့် အေးမြစိုပြည်စိမ်းလန်းလာခဲ့သည်။ နွေတွင်ပင် ရာသီမပူဘဲ (၉၀)ဒီဂရီဖာရင်ဟိုက်လောက်သာ ရှိခဲ့သည်ဟု သိရပါသည်။ အညာမြေပူရခြင်းမှာ အရိပ်နည်းသော ထန်း၊ ထနောင်း၊ မန်ကျည်းပင်၊ ဆီးပင်စသည်များ၊ ဆူးချုံပင်များ ပေါများသောကြောင့် ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်က အပူပိုင်း(၉)ခရိုင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ခဲ့ရာမှ (၁၃)ခရိုင်အထိ တိုးမြှင့်ဆောင်ရွက်နေပြီးဖြစ်ပါသည်။ အောက်ပြည်တစ်ခွင်သို့ ဝေဟင်မှ မြေပြင်သို့ ကြည့်လိုက်ပါလျှင် ဒီရေတောများ၊ အစိမ်းရောင် စိုပြည်

နေသော မြင်ကွင်းများကို ရှုမောမဆုံး မြင်ကွင်းကျယ် တွေ့မြင်နိုင်ပါသည်။ မြန်မာပြည် တစ်ပြည်လုံးအတိုင်းအတာနှင့် ဆိုပါလျှင် (၅၁%)သည် သစ်တောများ ဖုံးလွှမ်းနေသည်ဟု သိရပါသည်။ သစ်ပင်ကြီးများ၊ အမြဲရှင်သန်နေရန်၊ တောတောင် ညို့မှိုင်း အုံ့ဆိုင်းနေစေရန် တာဝန်ရှိသည်မှာ သစ်တောဌာနသာမက ပြည်သူများကလည်း 'ပြည်သူအားလုံးအကျိုးအတွက်' တာဝန်ရှိနေသည်သာ ဖြစ်ပါသည်။

ရှေးလူကြီးများက **'တစ်သက်တာပျော်ချင်လျှင် သစ်ပင်စိုက်'**ဟု ဆိုခဲ့ပါသည်။ မိမိအတွက် မိမိဝန်းကျင်အတွက် အကျိုးပြုမှတ်ဖွယ် စကားပင်ဖြစ်ပါသည်။ မိမိပတ်ဝန်းကျင်တွင် စိုက်နိုင်သော အုန်း၊ ထန်း၊ ကွမ်းသီး၊ သရက်၊ ဩဇာ၊ မာလကာ စသော စားပင်သီးပင်များ၊ ကံ့ကော်၊ ပိတောက်၊ ပျဉ်းမ၊ ကျည်း၊ စံကား၊ ခရေ၊ စိန်ပန်းနီဝါပြာ၊ ငုစသော မျက်စိပသာဒ ဖြစ်ဖွယ် ပွင့်ပင်များ၊ ယုဇန၊ ဇီဇဝါ၊ ဆလပ်၊ စံပယ်၊ ဇွန်စသော မွှေးသောသင်းသော ရနံ့ရအပင်များ၊ သစ်ခွ၊ ဂန္ဓမာ၊ ဒေလီယာ၊ ဂမုန်း၊ ရွက်လှစသော မမွှေးသော အပင်များသည် စိတ်ကို အလွန်ကြည်နူးစေပါသည်။ ခြံကြီးများတွင် စိုက်ရသော ရာဘာ၊ သီဟိုဠ်၊ သစ်မွှေးစသော အပင်များ၊ မင်းကွတ်၊ ဒူးရင်း၊ ကျွဲကော၊ ရှောက် သံပုရာစသော အပင်များက သားစဉ်မြေးဆက် အကျိုးတရားခံစားနိုင်ပါသည်။ ကုက္ကို၊ ညောင်၊ ဗာဒံ၊ မအူ စသောအပင်များက မြို့အဝင်၊ ရွာအဝင် နှစ်ရှည် အေးရိပ်ပေးသော အပင်များ ဖြစ်ပါသည်။

သစ်ပင်တိုင်း သစ်ပင်တိုင်း မည်သည့်သစ်ပင်ကို စိုက်ပျိုးသည်ဖြစ်စေ၊ အကျိုးမဲ့ အပင်ဟူ၍မရှိပေ။ ဘဝတာတစ်လျှောက် ရွှေသီးငွေသီး၊ ရွှေပွင့်ငွေပွင့်များကို ဆွတ်ယူစားသုံးနိုင်သော အကျိုးတရားများလည်း ရရှိနိုင်ပါသည်။ ပန်းအလှပင်များကို တွေ့မြင်ရသူတိုင်း မျက်စိပသာဒဖြစ်ကာ နှလုံးအေးမြစေသော အကျိုးတရားများ ရယူခံစားနိုင်ပါသည်။ သီးပင်စားပင်များကို တွေ့မြင်ရသူတိုင်း ကြည်နူးပီတိဖြာဝေစေပါသည်။ အရိပ်ရသစ်ပင်ကြီးများတွင် ခိုနားသူများကို မြင်ရတိုင်း စိတ်ကြည်နူးချမ်းမြေ့ရပါသည်။ သစ်ပင်တစ်နိုင်တစ်ပိုင် စိုက်ပျိုးခြင်းသည် ပြည်သူတိုင်းအတွက် ရှုထောင့်အဖုံဖုံ အဖက်ဖက်မှ အကျိုးတရားများ ရယူခံစားစေသည်သာ ဖြစ်ပါသည်။ လူတို့ရှူထုတ်လိုက်သော ကာဗွန်သည် သစ်ပင်များအတွက် အာဟာရဖြစ်စေပြီး သစ်ပင်များမှ ထုတ်လွှတ်သော အောက်ဆီဂျင်သည် လူသားတို့အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ပင်ဖြစ်သည်။ အပင်ကြီးငယ်တို့သည် မိုးရေကို

ထိန်းသိမ်းထားနိုင်သလို မြေဆီလွှာကိုလည်း ထိန်းချုပ်ထားနိုင်ပေသည်။ သစ်ပင်စိုက်ပျိုးခြင်းသည် အနှစ်သာရ တန်ဖိုးရှိလှသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း '**ကမ္ဘာ့သစ်ပင်စိုက်ပျိုးနေ့**' သတ်မှတ်ကာ အဖွဲ့ဝင်နိုင်ငံတိုင်း မိမိတို့နိုင်ငံနှင့် ကိုက်ညီသော ရာသီချိန်တွင် သစ်ပင်စုံ စိုက်ပျိုးကြရန် နှိုးဆော်ပေးခဲ့ပါသည်။ သို့မှသာ နိုင်ငံအသီးသီးမှသည် ကမ္ဘာ့ရာသီ ဥတုလည်း ကောင်းမွန်လာ၍ ကမ္ဘာပြည်သူအားလုံး စားရေရိက္ခာပြည့်စုံခြင်း၊ မျှတသော ရာသီဥတုတွင် နေထိုင်ကြရခြင်းဖြင့် ကိုယ်စိတ်အေးချမ်းသော အကျိုး တရားများ ခံစားကြရမည်ဖြစ်ပါသည်။ သစ်ပင်မရှိလျှင် ကမ္ဘာ့မြေပျက်သုဉ်းပြီး လူသားများ သက်ရှိများပင် ပျက်စီးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်(၅၀)ကပင် လိုက်နာဖွယ် သစ်တောဆောင်ပုဒ်များရှိခဲ့ပါသည်။ "သစ်ပင်စိုက်မှ အရိပ်ရ၊ မျှတရာသီရှိချေမည်" "တောတောင်စိမ်းစိုသာယာပို၏ တောတောင်ခြောက်ခန်းလယ်ယာနွမ်း၏။ တောတောင်စိမ်းမှစမ်းရေရ၏၊ တောမဲ့မြေသား ရေတိုက်စား၏ တောတောင်တင့်တယ် စားကျက်ကွယ်၏၊ တောကိုမဖြုန်း၊ ချင့်ချိန်သုံး၍ နှစ်ဆုံးရှည်ကြာ ထိန်းသိမ်းပါလော့" စသော ဆောင်ပုဒ်များသည် သတိပြုဖွယ် မှတ်သားလိုက်နာဖွယ်ကောင်းသော သစ်ပင်သစ်တောနှင့် ပတ်သက်၍ အဖိုးတန် ဆောင်ပုဒ်များပင်ဖြစ်ပါသည်။

မျက်မှောက်ကာလတွင်လည်း သစ်တောထိန်းသိမ်းရန် သစ်ပင်စိုက်ပျိုးရန်နှင့်ပတ်သက်၍ "သတိနှိုးထားသော လိုက်နာဖွယ်ဆောင်ပုဒ်များ" ကို နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့နေရပါသည်။ "သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏" ၊ "သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက်၊ ရေတိုက်ကိုစိုး"၊ "သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ"၊ "သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပကြည်နူးရ"၊ "သစ်တောသစ်ပင် တို့ချစ်ခင်၊ နှစ်စဉ်စိုက်ပျိုးအလှတိုး"၊ စိမ်းလန်းသာယာမြို့များစွာ ကမ္ဘာ့အတွက် စီမံချက်" စသည်ဖြင့် ပြည်သူများအကျိုးအတွက် ဂရုပြုဖွယ်၊ အလေးထားဖွယ် ဆောင်ပုဒ်များပင်ဖြစ်ပါသည်။

ဖော်ပြပါဆောင်ပုဒ်များကို ဖတ်ရှုမိပြီး မြို့ပြကျေးရွာဒေသတိုင်း စားပင် သီးပင်၊ အရိပ်ရပင်၊ လေကာပင်၊ ပန်းအလှပင် စသည်တို့ကို တစ်ဦးတစ်ယောက်တိုင်း စိုက်ပျိုးရေးဝါသနာပါလာကာ တစ်ပင်မှသည် သိန်းသန်းချီပြီး တစ်နိုင်ငံလုံး

အတိုင်းအတာဖြင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက် ရှင်သန်အောင် ပြုစုပျိုးထောင်ပါလျှင် မကြာတော့သောအနာဂတ်မြန်မာနိုင်ငံသည် မြရောင်လဲ့သော လှပသောအစိမ်းရောင်နိုင်ငံ ဖြစ်လာပေတော့မည်။ မြန်မာ့ရာသီဥတုလည်း ပုံမှန်ပြန်ဖြစ်လာမည် မလွဲပါပေ။ သစ်ပင်စိုက်ပျိုးခြင်းသည် ပြည်သူတို့အတွက် အဘက်ဘက်မှ အကျိုးတရားများ ခံစားရရှိလာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်ပါတော့သည်။ ။

## ပညာမြင့်မှ လူမျိုးတင့်မည်

- ❑ ပညာ၏အဓိပ္ပာယ်
- ❑ နိုင်ငံတော်၏ ဦးတည်ချက်လေးရပ်
- ❑ နိုင်ငံတိုးတက်နေပုံ
- ❑ မြန်မာလူမျိုးနှင့် မြန်မာ့ပညာရေး
- ❑ ပညာရည်မြင့်မားရန် ရှေးပညာရှိတို့ လမ်းညွှန်ထားချက်များ
- ❑ မျက်မှောက်ခေတ် ပညာရပ်မျိုးစုံထွန်းကားနေပုံ
- ❑ ခေတ်နှင့်အညီ သင်ကြားတတ်မြောက်ထားရန် လိုအပ်ပုံ
- ❑ မြန်မာလူမျိုးတို့ ကမ္ဘာ့အလယ်တင့်တယ်စွာ မျက်နှာပန်းပွင့်စေရေးအတွက် ခေတ်မီပညာရပ်များ အဆင့်မြင့်မြင့် ထူးချွန်စွာတတ်မြောက်ရန် လိုအပ်ပုံ

---

# ပညာမြင့်မှ လူမျိုးတင့်မည်

'ပညာမြင့်မှ လူမျိုးတင့်မည်' ဟူသော ဤစာစီစာကုံးခေါင်းစဉ်သည် 'ရေမြင့်မှ ကြာတင့်မည်' ဆိုစကားမှ နှီးနွှယ်လာခြင်းဖြစ်ပေသည်။ နိုင်ငံတော်အစိုးရ၏ လူမှုရေးဦးတည်ချက်(၄)ရပ်တွင် 'တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေး' ဟူသော ဦးတည်ချက်တစ်ရပ် ပါဝင်နေပေသည်။ နိုင်ငံ တစ်နိုင်ငံရှိ လူမျိုးဂုဏ်ရောင်ထွန်းပြောင်တင့်တယ်နိုင်ရေးတွင် ပညာရည်မြင့်မားမှုက ရှေ့တန်းမှ နေရာယူနေပေသည်။

ပညာ၏အဓိပ္ပာယ်ကို 'အသေးစိတ်သိနားလည်ခြင်း' ဟုဖွင့်ဆိုကြသည်။ သင့်မသင့် ရာမရာ ကောင်းကျိုးဆိုးပြစ် ခွဲခြားသိမြင်သော အသိဉာဏ်သည် ပညာအခြေခံပင်ဖြစ်ပါသည်။ 'ပညာတန်ဆောင် ဉာဏ်အရောင်ကား မိုက်မှောင်အတွင်း ထွန်းတောက်လင်း၏' ဟုမှတ်ရပါသည်။ ပညာတန်ဆောင် ဆီမီးထွန်းပနေမှသာ ဘဝတာတစ်လျှောက် အမိုက်အမှောင်ဟူသမျှ ဖြိုခွင်းပြီး တောက်ပသောအလင်းရောင်ရရှိမည်ဖြစ်ပါသည်။ ပညာရည်မြင့်မားသော လူမျိုးများ တည်ဆောက်ထားသောနိုင်ငံသည်သာ ကမ္ဘာ့ရှေ့တန်းမျက်နှာစာတွင် အာဘက်ဘက်က တုမယှဉ်သာအောင် တိုးတက်ဖြစ်ထွန်း နေရာယူလျက်ရှိသည်ကို မျက်မြင်ထင်ရှားတွေ့နေရပေသည်။

အေဒီ ၁၁၀၂ခုတွင် ကျန်စစ်သားမင်းကြီးရေးထိုးခဲ့သော 'နန်းတည်ဒေးမွန်ကျောက်စာ'တွင် 'မိရမာ' ဟူ၍တွေ့ရပါသည်။ 'မြန်မာ' ဟူသော ဝေါဟာရကိုမူ အေဒီ ၁၁၉၀ထိုးမြန်မာကျောက်စာတွင် အစောဆုံးတွေ့ရပါသည်။ ကျွန်ုပ်တို့၏ ဘိုးဘေးကြီးများသည် ပုဂံခေတ်မှသည် မျက်မှောက်ခေတ်တိုင်အောင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှုစသည် မြန်မာဟူသော အမည်မပျောက်မပျက်အောင် အသက်သွေးချွေးများစွာ ရင်းနှီး၍ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည်။ ကမ္ဘာ့တစ်ခွင် မြန်မာလူမျိုးတို့ ဂုဏ်သိက္ခာရှိရှိ တင့်တယ်စွာ ရပ်တည်နိုင်ခြင်းသည် ရှေးဘိုးဘွားကြီးတို့၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။

ရှေးဘိုးဘွားကြီးများသည် 'ပညာရည်မြင့်မားမှ လူမျိုးတင့်တယ်မည်' ဟု မြော်မြင်ကြီးစွာ တွေးမြင်ခဲ့ကြ၍ ခေတ်အဆက်ဆက် ခေတ်အခါအလျောက် ပညာတန်ဖိုးသိရှိအောင် ဆိုဆုံးမလမ်းညွှန်ပြခဲ့ကြပါသည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက "ပထမအရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမှ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊ မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်" ဟူ၍ ငယ်စဉ်အခါမှစ၍ ပညာရည်မြင့်မားအောင် သင်ကြားမှသာ လူ့ပွဲအလယ်တင့်တယ်မည်ဖြစ်ကြောင်း ဆိုဆုံးမခဲ့ပါသည်။ မန်လည်ဆရာတော်ကမူ 'မရှိပညာ၊ ဤလူ့ရွာ၌ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏' ဟူ၍ ပညာဉာဏ်ရည်နိမ့်ပါးပါက မျက်စိစုံကန်းသူနှင့် တူမည်၊ လူ မည်ကာ မတ္တသာ ခေါ်ဆိုနိုင်၍ ပေါက်ပွင့်ပမာ တန်ဖိုးမဲ့ကြောင်း၊ ဤသို့သူများသာ များနေပါလျှင် ပညာရည်နိမ့်ပါးသော လူမျိုးဖြစ်ပြီး အဘယ်မှာတင့်တယ်နိုင်ပါအံ့နည်း။ အသိဉာဏ်ပညာမြင့်မားမှသာ လူမျိုးဂုဏ်ဝင့်ထည် တင့်တယ်နိုင်မည် ဖြစ်ပါသည်။

'ပညာရှိမှ မြင်သိရေးရာ၊ အဖြာဖြာ၌၊ လိမ္မာသောအား၊ တော်ဖြောင့်ငြား၍ အများသုခ ချမ်းသာကြ၏' ဟူ၍ပညာရှိသူတို့သည် အသိအလိမ္မာ ဉာဏ်ပညာကြွယ်ကာ အများကောင်းကျိုးသယ်ပိုးနိုင်မည်ဖြစ်ကြောင်း၊ လူမျိုးဂုဏ်ရောင်ထွန်းပြောင် တင့်တယ်နိုင်မည်ဖြစ်ကြောင်း မှတ်ရပါသည်။ ထို့ပြင်လည်း 'ပညာပြည့်ဝ နလုံးလုသော် ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏' ဟူ၍ ပညာရည်ပြည့်ဝမြင့်မားသူတို့ စိတ်ထား

လုသူတို့သည် မည်သည့်ကိစ္စရပ်မျိုးမဆို လိုရာပြီးပြည့်စုံအောင် စွမ်းဆောင်နိုင်မည်ဟု သိမှတ်ရပါသည်။ ဤသို့ ပညာရည် ပြည့်ဝမြင့်မားသူများ ပေါ်များမှ တစ်မျိုးလုံး အခြားလူမျိုးနှင့်ယှဉ်လျှင် တင့်တယ်နိုင်မည် ဝင့်ထည်နိုင်မည် ဖြစ်ပါသည်။ ပညာ ဂုဏ်နိမ့်ပါးသူတို့သည် လူ့ပွဲသဘင်တွင် နှုတ်ပိတ်နေရမည်သာဖြစ်ပါသည်။ ပညာ ဂုဏ်မြင့်မားသူတို့သာ လူ့ပွဲသဘင် မင်းပွဲစိုးပွဲ သဘင်တွင် တင့်တယ်စွာ ပွဲဝင်နိုင် မည်ဖြစ်ပါသည်။

'ပညာရှိမှ လူဆရာ၊' 'ပညာရှိကိုပေါင်း သမားကောင်းကိုဖက်' ဆိုစကား လည်း ရှိပါသည်။ ရှေးခေတ်က မြန်မာဘုရင်တို့အပါးတော်တွင် ပညာရှိများခစားရမြဲ ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုး အစွန့်ရှည်တည်မြဲရေးအတွက် ပညာရှိတို့၏ အကြံ ဉာဏ်ကောင်းများ ရယူရမြဲဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင်လည်း ပညာဉာဏ် ကြီးသူများကို နိုင်ငံတော်က အကြံပေးအဖြစ် ခန့်အပ်ထားပါသည်။

ရှေးလူကြီးများက စာပေပညာကို အခြေခံထား သင်ယူကြရန် လမ်းညွှန်ခဲ့ကြ သည်။ မျက်မှောက်ခေတ်တွင်လည်း စာပေပညာကို အခြေခံထား သင်ယူလျက် ရှိကြသည်။ အ.ထ.က ကျောင်းကြီးများတွင် မြင်သာသော နေရာများ၌ 'ပညာမြင့်မှ လူမျိုးတင့်မည်' ဟူသော စာလုံးကြီးများကို မြင်နိုင်ပါသည်။ ယနေ့ အိုင်တီခေတ်၊ အင်တာနက်ခေတ်၊ သိပ္ပံနှင့် နည်းပညာစုံ အရှိန်နှင့်အဟုန် ထွန်းကားနေသောခေတ်တွင် လူငယ်လူရွယ်တို့သည် ခေတ်မီနည်းပညာအရပ်ရပ်ကို သူထက်ငါ သင်ယူလျက် ရှိနေကြပေသည်။ သို့မှသာ ခေတ်နှင့်အညီ တိုးတက်ထွန်းကားနေသော နိုင်ငံတကာ ပညာရှင်များနှင့် ရင်ပေါင်တန်းနိုင်ပေမည်။ ပြည်ပနိုင်ငံ တက္ကသိုလ်များတွင် သွားရောက်သင်ကြားနေကြသော မြန်မာကျောင်းသားတို့သည် ပညာအရာတွင် အောက်မကျနောက်မကျ ရှေ့တန်း လူတော်စာရင်းတွင် ပါဝင်သင်ကြားလျက်ရှိကြ သည်ဟူသော သတင်းမွှေးလည်း ကြားနေရဆဲပင်ဖြစ်ပါသည်။ ပညာရည်မြင့်၍ မြန်မာလူမျိုးတို့ ဂုဏ်တင့်ဝင့်ထည် နိုင်ကြပေသည်။

ပညာဆိုရာတွင် စာပေပညာသာမက နှုတ်မှုပညာ၊ လက်မှုပညာ၊ ယဉ်ကျေးမှု အနုပညာစသည် အားလုံးအကျုံးဝင်နေပါသည်။ မြန်မာ့ယဉ်ကျေးမှုအနုပညာက လည်း မြင့်မားလှပါသည်။ ကမ္ဘာ့နိုင်ငံကြီးကပင် အံ့သြချီးကျူးကြရပေသည်။ ထို့ကြောင့်လည်း မြန်မာလူမျိုးတို့ ဂုဏ်တင့်တယ် ဝင့်ထည်ရခြင်းဖြစ်ပါသည်။

ပညာသည် တိုင်းရေးပြည်ရေး၊ စီးပွားရေး၊ ဘာသာရေး၊ အလုံးစုံတို့၏

အခြေခံ စင်စစ်ဖြစ်သည်ဟု ဆရာကြီးဦးဖိုးကျားက ဆိုခဲ့ပါသည်။ ပညာရည်မြင့်မား ပါမှ နိုင်ငံ၏အရေးများစွာကို တိုးတက်မြင့်မားထွန်းကားလာအောင် ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။ မြန်မာဟူသော အမျိုးဂုဏ်ရောင်လည်း တင့်တယ်စွာထွန်းပြောင် နိုင်မည်ဖြစ်ပါသည်။ အင်းဝခေတ်မြန်မာဘုရင်မင်းခေါင်နှင့် ဟံသာဝတီပြည့်ရှင် မွန်ဘုရင် ရာဇာဓိရာဇ်တို့ နှစ်လေးဆယ်ကြာ စစ်မက်ဖြစ်ပွားခဲ့သည်။ စစ်ပြေငြိမ်း ရေးအတွက် မြန်မာဘုရင်ဘက်က ပညာရှိအမတ်ကြီး ဖိုးရာဇာနှင့် မွန်ဘုရင်ဘက်က ပညာရှိအမတ် သိဟပတေ့တို့ သစ်ကညင်အရပ်တွင် စကားဆိုခဲ့ကြသည်။ ပညာရှိ နှစ်ဦး ဆိုစကားများကို နှစ်ဘက်ပရိသတ်တို့ ကြားနာခဲ့ကြသည်။ မြန်မာပညာရှိ အမတ်ကြီးဆိုစကားသည် မြန်မာလူမျိုးတို့ ဂုဏ်တင့်တယ်ဝင့်ထည်စေခဲ့သည်။ မွန် ပညာရှိအမတ်ကြီး၏ ဆိုစကားသည် မွန်လူမျိုးတို့၏ ဂုဏ်ရည်တင့်စေသည်။ ပညာ ရည်မြင့်မားသော ပညာရှိအမတ်နှစ်ဦးသည် မိမိတို့လူမျိုး၏ ဂုဏ်တင့်တယ်စေမှုကို စွမ်းဆောင်နိုင်ခြင်း ဖြစ်ပါသည်။

ပညာရည်မြင့်မားသူတို့ အုပ်ချုပ်သော နိုင်ငံ၊ ပညာတတ်ပေါများသော နိုင်ငံသည် မိမိတို့နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို အမြော်အမြင်ကြီးစွာ ဆောင်ရွက် နိုင်ကြ၍ ကမ္ဘာ့အလယ် အတင့်အတယ် ရပ်တည်နေနိုင်ကြသည့် သာဓကများစွာရှိ နေပါသည်။ ပညာရေးဝန်ကြီးဌာနသည် နိုင်ငံ တိုးတက်ထွန်းကားရေး၊ လူမျိုး ဂုဏ်ရောင် တင့်တယ်စွာ ထွန်းပြောင်နိုင်အောင် စွမ်းဆောင်နိုင်သော အဓိကကျသော ဝန်ကြီးဌာနဟုပင် ဆိုရပါမည်။

ခေတ်မီနည်းပညာစုံ အတတ်ပညာများ မြင့်မားသည်ထက်မြင့်မားလာအောင် အစွမ်းကုန်ကြိုးပမ်းသင်ယူရမည်မှာ မျက်မှောက်ခေတ်လူငယ်တို့အတွက် သမိုင်း ပေးတာဝန်ပင်ဖြစ်ပါသည်။ မိမိတို့ ကြိုးပမ်းသင်ယူတတ်မြောက်သော ခေတ်မီနည်း ပညာများသည် မိမိလူမျိုးနှင့်နိုင်ငံတော်အတွက်သာ ဖြစ်စေရမည်ဟူသော ခိုင်မာ သော ဆုံးဖြတ်ချက်များလည်း ရှိရန်လိုအပ်ပါသည်။ မြန်မာလူမျိုးတို့ ဂုဏ်ရောင် တင့်တယ်ဝင့်ထည်စေရန်မှာ အဆင့်မြင့် ခေတ်မီနည်းပညာများ ဆည်းပူးသင်ယူ နေကြသော နောင်တစ်ခေတ်တိုင်းပြည်၏ ဗိသုကာလောင်း မျိုးဆက်သစ် လူငယ် လူရွယ်လေးများ၏ တာဝန်သာဖြစ်ပါတော့သည်။ ပညာရည်မြင့်ပါမှ လူမျိုးဂုဏ် တင့်မည်ဖြစ်ပါသည်။ ။

မြန်မာ့ရိုးရာပွဲတော်တစ်ခု

- ကဆုန်လ၏ သဘာဝ
- ကဆုန်လ၏ထူးခြားချက်များ
- ယခင်က ညောင်ရေသွန်းပွဲတော်များကျင်းပပုံ
- မြန်မာပြည်အနှံ့ ညောင်ရေသွန်းပွဲတော်ကျင်းပခြင်းအကြောင်းအရင်း
- ယနေ့ခေတ်ညောင်ရေသွန်းပွဲကျင်းပပုံ

## မြန်မာ့ရိုးရာပွဲတော်တစ်ခု

ကဆုန်လသည် မြန်မာလများတွင် ဒုတိယလဖြစ်၍ နွေဥတုတွင် ပါဝင်ပါသည်။ နွေရာသီ၏ ဗဟိုတွင်ကျသော လဖြစ်သောကြောင့် အပူရှိန် လွန်ကဲသောလဖြစ်သည်။ လကဆုန်၏ အပူချိန်ပြင်းပြမှုကြောင့် အင်းအိုင် ချောင်းမြောင်းများ ရေခန်းခြောက်ကြပါသည်။ တန်ခူးလတွင် ရွာခဲ့သော ဖက်ဆွတ်မိုးကြောင့် မြက်နုကလေးများ ခေါင်းပြူထွက်လာကြသော်လည်း နေမင်း၏ အပူချိန်ကြောင့် မလန်းဆန်းနိုင်ကြပါ။ မိုးဒေဝါသည်ထစ်ချုန်းကာ ခြောက်လှန့်နေသော်လည်း မရွာပါ။ မိုးနံ့သာ ပေးသောကြောင့် မြေသင်းနံ့များသာ မြေပြင်အနှံ့ မွှေးလျက်ရှိပါသည်။

ကဆုန်လသည် **"ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင် စံဝင်နန်းနိဗ္ဗာန်"** ဟူသည်နှင့်အညီ ဘုရားလောင်း သုမေဓာရှင်ရသေ့ ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှာ ဗျာဒိတ်ခံယူသောနေ့ဖြစ်ခြင်း၊ ဗုဒ္ဓဖွားမြင်တော်မူခြင်း၊ သစ္စာလေးပါးကို သိမြင်တော်မူခြင်း၊ ဘုရားဖြစ်တော်မူခြင်း၊ မဟာဗောဓိပင်အောက် ရွှေပလ္လင်ပေါက်ခြင်း၊ ပရိနိဗ္ဗာန်ဝင် စံတော်မူခြင်းဟူသော ဗုဒ္ဓဝင်မှတ်တိုင် စိုက်ထူသော နေ့ထူးနေ့မြတ်များဖြစ်ပါသည်။ ထိုနေ့ထူးနေ့မြတ်များအနက် မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို ရိုးရာယဉ်ကျေးမှုပွဲတော်အဖြစ် တခမ်းတနား ကျင်းပလေ့ရှိကြပါသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပရခြင်းမှာ အလွန်ပူပြင်းသော လရာသီတွင် မဟာဗောဓိပင်အား အေးမြစေခြင်း၊ အေးချမ်းစေခြင်း၊ အသက်ရှည်စေခြင်းအလို့ငှာ ရေစင်ရေချမ်းပက်ဖျန်းသည့်အဓိပ္ပာယ်ပင် ဖြစ်ပါသည်။ ထိုသို့ ကဆုန်လ၌ ညောင်ရေသွန်းလောင်းကြရာတွင်

ညောင်ပင်တိုင်းကို သွန်းလောင်းကြသည်မဟုတ်ပါ။ ဘုရားရှင်ပွင့်တော်မူရာ မူလ မဟာဗောဓိပင်၏ ပင်ပွားကိုသာ သွန်းလောင်းကြခြင်း ဖြစ်သည်။ ပဒေသရာဇ်ခေတ်က ညောင်ရေသွန်းပွဲတော်မှာ ဘုရင်မင်းမြတ်ကိုယ်တိုင် ကြီးမှူးကျင်းပသဖြင့် အလွန်ကြီးကျယ်ခမ်းနား စည်ကားလှပါသည်။ ပဒေသရာဇ်ခေတ်ကစ၍ မျိုးစေ့ချခဲ့သော ကဆုန်ညောင်ရေသွန်းပွဲတော်သည် ယနေ့ခေတ်တိုင်ရှင်သန် ကျင်းပလျက်ရှိပါသည်။ ကဆုန်လပြည့်နေ့သို့ ရောက်တိုင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မြို့ရွာဒေသ အသီးသီး၌ မိမိတို့ စေတနာသဒ္ဓါတရားအလိုက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပ ဆင်နွှဲလေ့ရှိပါသည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီ၊ ကမ္ဘာအေးစေတီ၊ ဗိုလ်တထောင်စေတီ၊ ဆူးလေစေတီတို့၌ ညောင်ရေသွန်းပွဲတော်ကို တခမ်းတနား ကျင်းပကြပါသည်။

ရွှေတိဂုံစေတီတော် အင်္ဂါထောင့်တွင် ညောင်ရေသွန်းပွဲတော်ကို ၁၂၈၈ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်ဟု သိရပါသည်။ ညောင်ရေသွန်းလောင်းပူဇော်သည့် ဗောဓိပင်မှာ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်မှအစေ့ကိုယူ၍ မဟာဗောဓိအသင်းက စိုက်ပျိုးထားသော မဟာဗောဓိပင်မြတ်ဖြစ်ပါသည်။ ထိုမဟာဗောဓိပင်မြတ်ကို ရေသွန်းလောင်းပူဇော်ကြမည့် အဖွဲ့ပေါင်းစုံတို့သည် ကဆုန်လပြည့်နေ့ နံနက် ၅နာရီအချိန်တွင် ရွှေတိဂုံစေတီတော် အင်္ဂါထောင့်သို့ ကြိုတင်ရောက်ရှိကြရသည်။ ၆နာရီထိုးသည်နှင့် ထိုအသင်းအဖွဲ့များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ျာရစ်ပတ်လှည့်လည် ပူဇော်ကြ၍ အင်္ဂါထောင့်ရှိ မဟာဗောဓိပင်ကြီးအနီးတွင် စုဝေးကြ၊ နေရာယူကြသည်။ နံနက်၆နာရီခွဲတွင် အခမ်းအနားမှူးက ညောင်ရေသွန်းပွဲတော် အခမ်းအနားစတင်ပြီဖြစ်ကြောင်း ကြေညာပါသည်။ ရှေးဦးစွာ သမ္ဗာဒေဝ နတ်ဗြဟ္မာတို့အား ပင့်ဖိတ်၍ ဂုဏ်သရေရှိလူကြီးတစ်ဦးက မဟာဗောဓိပင်အား ရှိသေစွာ ကိုးကွယ်ဆည်းကပ်ပါ၏ဟု အဓိပ္ပာယ်ရသော ဂါထာကိုရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပါသည်။ ပြီးလျှင် ကြွရောက်လာသော ဆရာတော် သံဃာတော်များက ငါးပါးသီလ ပေးပါသည်။ ပရိသတ်များက ငါးပါးသီလ ခံယူပြီးသော် သံဃာတော်များက ဥဒါန်းဂါထာတော်များနှင့် မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြပါသည်။

ပရိသတ်အားလုံး တရားနာယူပြီးဆုံးသော် မဟာဗောဓိညောင်ပင်အား ရေချမ်းတော် ဆက်ကပ်ကြပါသည်။ ထို့နောက် ဗြဟ္မာ၊ နတ်၊ သိကြား၊ နဂါး၊

ဂျွန်ဝတ်စုံများကို ဝတ်ဆင်ထားသည့် လူရှစ်ဦးက ဗောဓိညောင်ပင်ကို လှည့်ပတ်၍ ဝိုင်းရံထားပါသည်။ မြန်မာဝတ်စုံများကို ဝတ်ဆင်ထားသော အမျိုးသားရှစ်ဦးတို့က ဗောဓိညောင်ပင်၏ အရပ်ရှစ်မျက်နှာသို့ သွားရောက်ကာ ညောင်ရေသွန်းလောင်းရန် အသင့်အနေထားတွင် ရှိနေပါသည်။ ထို့ပြင် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဗောမိပင်၏ အရပ် ၄မျက်နှာတွင် အမျိုးသမီး ၁၆ဦးစီက ရေသွန်းလောင်းရန် အသင့်စောင့်ဆိုင်းနေကြရသည်။ အခမ်းအနားမှူးက ရေသွန်းလောင်းပူဇော်ရန် ခွင့်ပြုသည်နှင့်တစ်ပြိုင်နက် ဂါထာများသီကျူး၍ ညောင်ရေသွန်းလောင်း ပူဇော်ကြပါသည်။ ဝတ်အဖွဲ့ဝင်အမျိုးသမီး ၆၄ ဦးတို့သည် ဆုတောင်းပတ္တနာ ရှစ်လုံးဘွဲ့ ကဗျာများကို ရွတ်ဆိုဆုတောင်းပြီး မေတ္တာပို့အမျှဝေ၍ နတ်ပြဟ္မာများကို ပြန်ပို့ကြပါသည်။ နောက်ဆုံးတွင် ကြွရောက်လာသည့် ပရိသတ်များက သာဓုသုံးကြိမ်ခေါ်ဆို၍ ခရသင်းကြေးစည်များ တီးမှုတ်ကာ ညောင်ရေသွန်းပွဲတော် အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

ဤသို့ဖြင့် မြန်မာများသည် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံမပျက်အောင် ညောင်ရေသွန်းပွဲတော်ကို ယနေ့ခေတ်တိုင် အစဉ်အလာ မပျက်ဆင်ယင်ကျင်းပလေ့ ရှိကြပါသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာထွန်းကားနေသ၍ ဆက်လက်ကျင်းပနေမည့် ရိုးရာရက်မြတ်ပွဲတော်လည်း ဖြစ်ပါသည်။ ။

အနှစ်သက်ဆုံးရာသီ

- ဆောင်းရာသီကို နှစ်သက်ပုံ
- ဆောင်းရာသီကို နှစ်သက်ရခြင်းအကြောင်း
- ဆောင်းရာသီ၏ သဘောသဘာဝများ
- ဆောင်းရာသီ၏ ရာသီပန်းနှင့် ရာသီပွဲများ

## အနှစ်သက်ဆုံးရာသီ

မြန်မာ့ရာသီ သုံးရာသီတွင် ကျွန်တော်သည် ဆောင်းရာသီကို အနှစ်သက်ဆုံး ဖြစ်ပါသည်။ နွေသည် ပူသည်။ မိုးသည် စိုစွတ်သည်။ ထိုင်းမှိုင်းသည်။ ဆောင်းသည် အေးမြသည်။ နှင်းသည် သန့်စင်သည်။ ထို့ကြောင့် ဆောင်းရာသီကို နှစ်သက်ပါသည်။ ဆောင်းနှင့်အတူ တွဲပါလာသော နှင်းရည်နှင်းစက်များသည် သန့်ရှင်းဖြူဖွေး၍ အေးမြပါသည်။ အအေးဓာတ်ကြောင့် သဇင်၊ ခဝဲ၊ ခွာညို၊ ပေါက်၊ လဲ တို့သည် ဖူးပွင့်ကာ ဆောင်းရာသီကိုအလှဆင်နေပါသည်။ **"နွယ်ပန်း ခွာညို ပွင့်ပေလို့၊ ပြာသိုဆောင်းလလယ်"**ဟူ၍ပင် ပင်းယခေတ်ဆီကပင် စာဖွဲ့ခဲ့သည် မဟုတ်ပါလော။

ဆောင်းနှင့်အတူ မြောက်ပြန်လေလည်း ပါဝင်ဆင်နွှဲပါသည်။ မြောက်ပြန်လေ ပြန်ချိန်သည် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလတို့တွင် ဖြစ်ပါသည်။ ချမ်းဆောင်းမြမြသော ကာလဖြစ်သောကြောင့် နှစ်သက်စရာလ ဖြစ်ပါသည်။ ဆောင်းရာသီလည်းဖြစ်သောကြောင့် ပတ်ဝန်းကျင်လင်းလက်ပါသည်။ ခရီးသွားလာ၍ ကောင်းမွန်သောလဖြစ်သည်။ ဆောင်းရာသီကို ဂီတသမား၊ အနုပညာသမား၊ ပန်းချီဆရာများကလည်း နှစ်သက်မြတ်နိုးကြသည်။ ဆောင်းနှင့်ပတ်သက်၍ တေးဖွဲ့ကြသည်။ ရေးဆွဲကြသည်။ ဆောင်းနှင့်အတူ ပါလာသော နှင်းစက်များ၊ နှင်းမှုန်များ၊ နှင်းခဲများကို မြတ်နိုးနှစ်သက်ကြသည်။ ရေးကြဆိုကြ၊ တေးဖွဲ့ကြသည်။ များသောအားဖြင့် နှင်းသည် ညအခါတွင် သိပ်သည်းစွာကျလာပြီး နေခြည်ထွန်းပနံနက်လင်းသည်နှင့် မှုန်ဝါးပျက်ပြယ်စ ပြုတတ်ပါသည်။ ငွေနှင်းရည်စက်များ ပက်ဖျန်းထားသည့် ရာသီပန်းတို့မှာ စိမ်းစို၍ နှစ်သက်စဖွယ် ဖြစ်နေပါသည်။ ကျွန်တော်သည် အိမ်ရာမှ နိုးသည်နှင့် နှင်းရည်ဆမ်းသော ပန်းကလေးများကိုကြည့်ကာ

အလွန်ကြည်နူးမိပါသည်။ အနည်းငယ်သာအေးသော ဆောင်းဦးကာလများတွင် အနွေးထည်လှလှလေးကို ခြုံထားရုံနှင့်နွေးထွေးပါသည်။ ကော်ဖီပူပူလေးသောက်လိုက်လျှင် ပို၍နွေးသွားပါသည်။ အလွန်လည်း အရသာရှိပါသည်။

ကျွန်တော်ဖတ်ဖူးသော ကဗျာတစ်ပုဒ်ကို သတိရမိပါသည်။ "**လွမ်းသလေ၊ မန်းမြေတမိတော့၊ ကမ်းခြေမှာ စမ်းရေစရယ်နှင့် ဖြန်းလေက တသုန်သုန်၊ တဲတစ်ဖက်၊ ဆွဲဖျက်ကာအလျှင်လိုရှေ့ထင်၊ ကရင်အို ယာပြင်ကြီးမှာကွယ် မီးထည့်ကာလှုံ**" ဟူသော ကဗျာဖြစ်ပါသည်။ ယာလုပ်သား ကရင်အိုကြီးမှာ ချမ်းလွန်းသဖြင့် မနေနိုင်သောကြောင့် တဲတစ်ဖက်ကိုဆွဲဖျက်၍ မီးလှုံပုံဖြစ်ပါသည်။ ဆောင်းကိုအန်တုသော ယာလုပ်သားကြီးဖြစ်ပါသည်။ ကျွန်တော်တို့ သင်ရသော အချုပ်တန်းဆရာဖေ၏ ဆောင်းရာသီဖွဲ့ကဗျာတွင် "**ငွေနှင်းငယ်မှုန်၊ လေညင်းရယ် တသုန်သုန်နှင့် ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့၊ မန်းတုန်အောင် လမ်းဆုံက ဟစ်ချင်တော့**" ဟု ဆောင်း၏အအေးဒဏ်ကို ခံစားရကြောင်း စာဖွဲ့ပါသည်။ ထို့ကြောင့် အချို့တေးဖွဲ့သူများက "**ဆောင်းလရာသီ၊ ပြောင်းရရင်လည်း၊ ပြောင်းပစ်ချင်ပါသည်**" ဟု တေးဖွဲ့ပါသည်။ မည်သို့ပင်ဆိုစေ ကျွန်တော် ဆောင်းရာသီကိုကြိုက်ပါသည်။ နှစ်သက်ပါသည်။ ဆောင်း၏အေးမြခြင်းကို အပြစ်မတင်ရက်ပါ။

ထိုသို့ချမ်းအေးရခြင်းမှာ မြောက်ပြန်လေကြောင့် ဖြစ်ပါသည်။ မြောက်ပြန်လေသည် နှင်းမုန်တိုင်းနှင့် ရေခဲတောင်ကိုဖြတ်ကာ အအေးဓာတ်ကို သယ်ဆောင်လာခဲ့သဖြင့် ဆောင်းသည် အေးမြရခြင်းဖြစ်ပါသည်။ နွေ၏ အပူဒဏ်၊ မိုး၏ စိုစွတ်ထိုင်းမှိုင်းဒဏ်နှင့် အေးမြခြင်း၊ ကြည်လင်ခြင်းကိုရွေးပါဟုဆိုပါလျှင် ဆောင်း၏ အေးမြကြည်လင်ခြင်းကို လူတိုင်း နှစ်သက်ကြမည်ထင်ပါသည်။ ဆောင်းရာသီတွင် မိုးရာသီက စိုက်ပျိုးထားသော စပါးပင်များရင့်မှည့်လာကြပြီ ဖြစ်သောကြောင့် ရိတ်သိမ်းကြသည်။ တန်ဆောင်မုန်းလတွင် အချို့ဒေသ၌ စပါးပင်များရိတ်သိမ်းပြီး၍ တောင်လိုပုံကာ "**ဝိုင်းကြီးပတ်ပတ် ကလို့ခုန်၊ စပါးတောင်လိုပုံ**" ဟူသော တေးကို ဆိုကာ လယ်သမားများပျော်မြူးကြသော ပျော်ရွှင်ကြသော အချိန်ဖြစ်ပါသည်။ တန်ဆောင်မုန်းလသည် အလှူပွဲများ ကထိန်ပွဲများ ဆင်ယင်ကျင်းပသောလဖြစ်သည်။ လယ်သမားဦးကြီးများသည် '**ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်း**' ဟူသော စကားနှင့်အညီ ခဝဲပန်းများ လှိုင်လှိုင် ပွင့်နေသည့်အချိန်တွင် အလှူပွဲများ မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပကြပါသည်။

**"နွယ်ပန်းခွာညို၊ နှင်းစိုစို၊ ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်"**

ဟူသော သံပေါက်ကဗျာအရ ပြာသိုလဆန်းတွင် ခွာညိုပန်းများပွင့်လန်းကြသည်။ တပို့တွဲလသည် ဆောင်းရာသီ၏ ထူးခြားဆုံးလဖြစ်ပါသည်။ ကျွန်တော်သည် တပို့တွဲလရောက်လျှင် ပျော်ပါသည်။ အလွန်အေးမြသည့် တပို့တွဲလတွင် ဘုရားဆင်းတုတော်ရှေ့၌ နံ့သာထင်းဖြင့် မီးပူဇော်လှူဒါန်းသည့်ပွဲကို မီးဖုန်းပွဲဟု ခေါ်ကြကြောင်း ရဟန်းသံဃာများနှင့် သက်ကြီးရွယ်အိုများအား အအေးဓာတ်ရစေရန် နံ့သာထင်း၊ မီးအိုးထင်း စသည့်တို့ကို ကျောင်း၊ ဘုရားပွဲတို့၌ လှူဒါန်းသည့် ပွဲကိုလည်း မီးဖုန်းပွဲဟုခေါ်ကြောင်း ဖေဖေပြောပြ၍သိရပါသည်။ အလွန်အံ့ဩဖွယ်ကောင်းသော ကျွန်တော်မသိသေးသည့် အကြောင်းအရာတစ်ခုမှာ တပို့တွဲလတွင် မြတ်စွာဘုရားသခင်က ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကို လက်ဝဲရံ၊ လက်ျာရံရာထူးပေးသောလ၊ ရဟန္တာအဖြစ် အသိအမှတ်ပြုသောလဖြစ်၍ တပို့တွဲလသည် အလွန်ထူးခြားသောလဖြစ်ကြောင်း ဖေဖေပြောပြ၍ သိရပါသည်။

အေးမြသော ဟေမန္တရာသီ၏ တပို့တွဲလတွင် မြန်မာလူမျိုးတို့သည် ရာသီပွဲအဖြစ် ထမနဲထိုးကြပါသည်။ ထမနဲသည်ဆေးဖက်ဝင်၍ ကျန်းမာရေးအတွက် ရာသီစာလည်းဖြစ်ပါသည်။ ကျွန်တော်သည် တပို့တွဲလရောက်လျှင် အလွန်ပျော်ပါသည်။ ကျွန်တော်အနှစ်သက်ဆုံးသော ထမနဲစားရတော့မည်ဖြစ်သောကြောင့် အမြဲမျှော်လင့်နေပါသည်။ ထမနဲစားခြင်းသည် အသားအရေ စိုပြည်ပါသည်။ အပူဓာတ်ကိုလည်းရနိုင်သည်။ မေမေက ထမနဲစားခြင်းဖြင့် မိုးတွင်းတွင် ဝမ်းရောဂါကာကွယ်နိုင်သည်ဟု ပြောပါသည်။

နွေမိုးဆောင်းဟူ၍ သုံးရာသီရှိရာ နွေသည် ပူပြင်းခြောက်သွေ့လွန်းသဖြင့် လူသားများ ပင်ပန်းနွမ်းနယ်ကြပါသည်။ သစ်ပင်တို့အရွက်ကြွေနေပါသည်။ မိုးရာသီသည် စိုစွတ်ထိုင်းမှိုင်းလွန်းသဖြင့် သွားရေးလာရေးခက်ခဲပါသည်။ ရောဂါများလည်း ထူပြောတတ်ပါသည်။ နွေရာသီ၊ မိုးရာသီနှင့် လုံးဝမတူသောရာသီမှာ ဆောင်းရာသီဖြစ်ပါသည်။ ဆောင်းရာသီသည် ပွင့်လင်းသောရာသီဖြစ်သည်။ ခြေခင်းလက်ခင်းသာယာသဖြင့် သွားလာလှုပ်ရှား၍ ကောင်းသောကြောင့် လူတိုင်းစိတ်ရွှင်လန်းကြပါသည်။ စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြစ်ကြပါသည်။ ထိုသို့ကောင်းကျိုး အဖြာဖြာပြည့်စုံသောကြောင့် ကျွန်တော်သည် ဆောင်းရာသီကို အနှစ်သက်ဆုံးဖြစ်ပါသည်။ ။

**မိုးဦးကာလကျောင်းဖွင့်ချိန်**

- ကျောင်းဖွင့်ချိန်
- ကျောင်းတည်နေရာ၊ ပတ်ဝန်းကျင်
- ကျောင်းတက်ရန်ပြင်ဆင်ပုံ
- စာသင်ချိန်ခံစားမိသမျှ

## မိုးဦးကာလကျောင်းဖွင့်ချိန်

ကျွန်တော်တို့ကျောင်း ဇွန်လဆန်း ၆ရက်နေ့တွင် ဖွင့်ပါသည်။ ကျွန်တော်သည် ကျောင်းဖွင့်လျှင် သတ္တမတန်းသို့ တက်ရမည်ဖြစ်ပါသည်။ ကျောင်းမဖွင့်မီ နှစ်ရက်ခန့်အလိုတွင် ကျွန်တော်တက်ရမည့် သတ္တမတန်း သင်ခန်းစာအုပ်များကို မေမေ့အား အဆင်သင့်ထားစေပါသည်။ မေမေကလည်း ကျွန်တော်လိုချင်သည့် စာအုပ်များကို အပြည့်အစုံဝယ်ပေးပါသည်။ ကျွန်တော်သည် စာအုပ်များကိုကြည့်ကာ သဘောကျ ကျေနပ်နေပါသည်။

ကျောင်းမဖွင့်မီ တစ်ရက်အလိုတွင် အိပ်ရာမှ စောစောထပြီး သင်ကြားရမည့် စာအုပ်များကို တစ်အုပ်ချင်းကြည့်နေပါသည်။ မြန်မာစာ စာအုပ်များကို အလွယ်တကူဖတ်နိုင်သော်လည်း အချို့အကြောင်းအရာများ၊ ကဗျာများ၏ အဓိပ္ပာယ်ကို နားမလည်ပါ။ ဆရာ၊ ဆရာမများ သင်ပေးမှာပါဟု တွေးရင်း အခြားဘာသာရပ်စာအုပ်များကို ကိုင်တွယ်ကြည့်ရင်း ကျောင်းဖွင့်လျှင် တွေ့ဆုံရမည့် သူငယ်ချင်းများကို သတိရမိပါသည်။ သူတို့နှင့် ပြန်တွေ့ရတော့မည်။ သူငယ်ချင်းအသစ်များကိုလည်း ရဦးမည်ဟုတွေးကာ ပျော်နေမိပါသည်။

ကျောင်းဖွင့်သည့်အချိန်သည် မိုးဦးကာလဖြစ်သောကြောင့် မိုးရေအေးအေးတွင် ကျောင်းသွားရမည်ကိုတွေး၍ ပျော်ပါသည်။ ကျွန်တော်တို့ကျောင်းသည် ယှဉ်လျက်ရှိသော ကားလမ်းသည် မီးရထားလမ်း၏ နောက်ဘက်တွင်ရှိပါသည်။ ကျောင်း၏ပတ်ပတ်လည်တွင် လယ်ကွင်းများရှိပါသည်။ လယ်ကွင်းများအားလုံး စိမ်းလဲ့နေပါသည်။ ကောင်းကင်ပြာနှင့် လယ်ကွင်းစိမ်းသည် အလွန်ပနံရလှပါသည်။ ကျွန်တော်သည် မိုးရွာလျှင်ဝတ်ရန် မိုးကာအင်္ကျီလှလှလေးနှင့် မိုးစိုခံ ကျောပိုးအိတ်ကို မေမေ့အား ဝယ်ခိုင်းထားပြီး ဖြစ်ပါသည်။ မိုးရွာလျှင် ကျွန်တော် ဝတ်ဆင်ရမည့် ဝတ်စုံနှင့် ကျောင်းသင်ခန်းစာများ အပြည့်အစုံရှိပြီဖြစ်သောကြောင့် ကျောင်းဖွင့်မည့်နေ့ကို မျှော်နေမိပါသည်။

ဇွန်လ ၆ ရက်နေ့တွင် ကျောင်းဖွင့်ပြီဖြစ်သောကြောင့် မေမေက ကျွန်တော့်ကို ကျောင်းလိုက်ပို့ပါသည်။ မိုးစက်ကလေးများ တဖွဲဖွဲကျနေသဖြင့် မိုးကာကို ဝတ်ရပါသည်။ ကျောပိုးအိတ်ကို ကျောပိုးထားပါသည်။ မေမေက ထီးဆောင်းပေးထားပါသည်။ သို့နှင့် ကျောင်းသို့ရောက်သောအခါ သူငယ်ချင်းများနှင့် တွေ့ရပါသည်။ သူငယ်ချင်းများကို လက်ရမ်းနှုတ်ဆက်သည့်အခါ မေမေ့ကို မေ့သွားပါသည်။ ကျွန်တော်တို့ သူငယ်ချင်းအားလုံး ကျောင်းပတ်လည်ရှိ လယ်ကွင်းစိမ်းစိမ်းများကို ကြည့်ကာ ထိုလယ်ကွင်းထဲသို့ ပြေးဆော့ချင်စိတ်များ ဖြစ်ပေါ်လာပါသည်။ ထိုသို့ ပျော်မြူးစွာ လယ်ကွင်းနားသို့သွားစဉ် ကျောင်းတက်ခေါင်းလောင်းထိုးသံကိုကြား၍ ကျောင်းခန်းမထဲသို့ ပြေးဝင်ကြပါသည်။ မိုးသည်းလာပြီ ဖြစ်သောကြောင့် တစ်ကိုယ်လုံးရွှဲသူရွှဲ၊ ရွှံ့ပေသူပေနှင့် ကျောင်းဝန်းထဲ ပြေးဝင်လာသော ကျောင်းသား ကျောင်းသူများကို တွေ့ရပါသည်။

စာသင်ခန်း၏ ဒေါင့်တစ်ခုတွင် ပလပ်စတစ်ပုံးတစ်ခုထောင်ထားပါသည်။ ရေစိုထီးများထည့်ရန် ထားခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ သူငယ်ချင်တစ်စုသည် ထီးများ၊ မိုးကာများကို ထိုပုံးထဲတွင်ထောင်ကာ ထည့်ထားကြပါသည်။ ရွှံ့ပေသော ခြေထောက်များ၊ ဖိနပ်များကို ကျောင်းပေါက်ဝတွင်ရှိ ရေတိုင်ကီမှရေကို ခပ်ကာ ဆေးကြရပါသည်။ ခြေထောက်ရေဆေးပြီးသော် မိမိတို့၏ စာသင်ခန်းများသို့ အပြေးအလွှားဝင်သွားကြပါသည်။ မိမိတို့အတွက် သတ်မှတ်ထားသော နေရာများတွင်ထိုင်ပြီး ကျောပိုးအိတ်ထဲမှ ခဲတံ၊ ဘောလ်ပင်နှင့် ဗလာစာအုပ်များကိုထုတ်ကာ ဆရာမ သင်မည့် သင်ခန်းစာခေါင်းစဉ်ကို စာအုပ်အဖုံးတွင် မှတ်လိုက်ပါသည်။ ထိုအချိန်တွင် မိုးသည် သဲသဲမဲမဲ ရွာလာသောကြောင့် ဆရာမ၏အသံကို ကောင်းစွာ မကြားရပါ။ ဆရာမက ကျောင်းသားများကြားနိုင်အောင် အတန်းအလယ်သို့ လာရောက်ကာ သင်ကြားပါသည်။ ဆရာမသည် ကျွန်တော်တို့ကြားအောင် အော်၍ သင်ကြားသောကြောင့် ချွေးများပင်ထွက်နေသည်ကို ကျွန်တော်တွေ့ပါသည်။

အဖြူအစိမ်းဝတ်စုံများဝတ်၍ ထိုင်ခုံများတွင် ငြိမ်သက်စွာ နားထောင်နေသော ကျွန်တော်တို့ကိုကြည့်၍ ဆရာမသည် ပြုံးပျော်ကြည်နူးစွာ စာသင်ပါသည်။ အားမာန်အပြည့်နှင့် သင်ပါသည်။ ဆရာ၊ ဆရာမများသည် ကျွန်တော်တို့ ပညာတတ်ရန် အားကြိုးမာန်တက် သင်ကြားသည်ကို ကျွန်တော်လေးစား ကြည်ညိုစွာ ခံစားနားလည်ရပါတော့သည်။ ။

**ရိုးသားကြိုးစားလူငယ်များ**

- ☐ လူငယ်တို့လိုက်နာရမည့် နည်းစနစ်များ
- ☐ လူငယ်တိုင်းထားရှိရမည့် သဘောတရား
- ☐ လူငယ်နှင့် စည်းကမ်း
- ☐ ပညာ၏ အရေးပါပုံ
- ☐ ရရှိမည့်အကျိုးတရား

## ရိုးသားကြိုးစားလူငယ်များ

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်လာမည့် လူငယ်များသည် လူကြီးဖြစ်လာသောအခါ ရိုးသားကြိုးစား၍ ကြီးပွားတိုးတက်ရန်လိုပါသည်။ လူငယ်ဘဝကတည်းက ရိုးသားစွာကြိုးစားသင့်ပါသည်။ ရိုးသားမှုဆိုင်ရာ၌ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စည်းကမ်းရှိခြင်းနှင့် အသိဉာဏ်ပညာတတ်ကျွမ်းခြင်းတို့ ပါဝင်ပါသည်။ ထိုအချက်များကို လိုက်နာကျင့်သုံး၍ ရိုးသားစွာကြိုးစားရမည်ဖြစ်ပါသည်။

ကိုယ်ကျင့်တရားသည် လူ၏ တန်ဖိုးဖြစ်ပါသည်။ ငယ်ကတည်းက ကိုယ်ကျင့်တရားကောင်းမွန်အောင် ကြိုးစားရပါမည်။ မိဘဆရာသမားတို့သည် မိမိသားသမီးများ၊ တပည့်များကို တန်ဖိုးရှိသော ကိုယ်ကျင့်တရားကောင်းမွန်သောသူများဖြစ်စေလိုပါသည်။ ငယ်စဉ်က ကိုယ်ကျင့်တရားကို သင်ယူခြင်း၊ လေ့ကျင့်ခြင်းမရှိလျှင် ကြီးလာသောအခါ အောင်မြင်သော ကြီးပွားတိုးတက်သောသူ မဖြစ်နိုင်ပါ။ တစ်ခါက ဒိသာပါမောက္ခကြီးတစ်ဦးသည် မိမိသမီးအား ကိုယ်ကျင့်တရားကြံ့ခိုင်သူနှင့် နေရာချပေးချင်သောကြောင့် တပည့်သုံးယောက်အား မိမိတို့အိမ်မှ အဖိုးတန်ပစ္စည်းတစ်ခုကို မိဘနှင့်တကွ အိမ်သားများမသိစေရန် ယူခဲ့ရမည်။ ယူခဲ့နိုင်သူအား မိမိသမီးနှင့် ပေးစားမည်ဟုဆိုကာ ယူခိုင်းသည်။ တပည့်နှစ်ဦးက ဆရာမှာသည့်အတိုင်း ပစ္စည်းတစ်ခုစီယူလာကြသည်။ တစ်ဦးကမူ ကိုယ်ကျင့်တရားအပျက်ခံ၍ ပစ္စည်းကို မယူခဲ့ပါဟု ဆရာကြီးအားပြောသောအခါ ဆရာကြီးကသဘောကျ၍ ကိုယ်ကျင့်တရားကြံ့ခိုင်ကောင်းမွန်သော တပည့်အား သမီးနှင့် နေရာချပေးလိုက်သည်။ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၏ အကျိုးကျေးဇူးဖြစ်ပါသည်။

ကိုယ်ကျင့်တရားကောင်းမွန်သော သူသည် ကိုယ်နှုတ်နှလုံး၊ သုံးပါးလုံး ယဉ်ကျေးပါသည်။ ယဉ်ကျေးမှုဆိုသည်မှာ အပြောအဆို၊ အပြုအမူ အနေအထိုင်၌ သိမ်မွေ့ခြင်း၊ ပြေပြစ်ခြင်း တတ်သိလိမ္မာမှုရှိခြင်းဖြစ်သည်။ မိဘများသည် မိမိတို့၏ သားသမီးများကို ယဉ်ကျေးသိမ်မွေ့အောင်ငယ်စဉ်ကပင် သင်ကြားပေးကြသည်။ ဘာသာတရား ရှိသေကိုင်းရှိုင်းအောင် စာပေဗဟုသုတပြည့်စုံအောင် ငယ်စဉ်က သင်ကြားပေးခြင်းသည် လူငယ်များအား ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်စေပါသည်။ ရိုးသားကြိုးစားသော လူငယ်များဖြစ်စေပါသည်။

ရိုးသားကြိုးစားသော လူငယ်များဖြစ်ရန် စည်းကမ်းရှိရန်လည်း လိုအပ်ပါသည်။ စည်းကမ်းသည် လူ၏တန်ဖိုးပင်မဟုတ်ပါလော။ ထို့ကြောင့် မိဘနှင့် ဆရာသမားတို့က မိမိတို့၏သားသမီးများ၊ တပည့်များကို စည်းကမ်းရှိစွာ ပြောဆို နေထိုင်တတ်အောင် ဖိဖိစီးစီးကွပ်ကဲဆုံးမကြသည်။ စည်းကမ်းလိုက်နာသော သားသမီး၊ တပည့်များသည် ရိုးသားကြိုးစားသော လူငယ်များ ဖြစ်လာကြပါသည်။ တိုးတက်ကြီးပွား အောင်မြင်သူဖြစ်ရန် ရိုးသားနေရုံနှင့်မပြီးပါ။ ကြိုးစားရန်လိုပါသည်။ ပညာကိုထူးချွန်ထက်မြက်အောင် ကြိုးစားရပါမည်။ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ နှစ်ဆယ့်တစ်ရာစု၏ လူငယ်သည် ပညာခေတ်၏ လူငယ်ဖြစ်သည်။ ယနေ့ခေတ်သည် ပညာကို နိုင်ငံတကာက အပမ်းတကြီး ရှာဖွေနေကြသည်။ လူကြီးများက လူငယ်များကို လက်ဆင့်ကမ်းပညာ အမွေပေးကြသည်။ လူငယ်များကလည်း ပညာကို သူ့ထက်ငါထူးကဲစွာ နားလည်အောင် တတ်မြောက်အောင်သင်ယူကြရပါမည်။ ပညာသည် လူ့ဘဝ၏အလင်းရောင်ဖြစ်သည်။ ပညာဆီမီး ထိန်ထိန်ညီးအောင် တတ်မြောက်မှ ဘဝသည် ထွန်းလင်းတောက်ပြောင်လာပါမည်။ ထို့ကြောင့် ပညာကို ရိုးသားတည်ကြည် ဖြောင့်မတ်စွာ သင်ကြရပါမည်။ သို့မှသာ ရိုးသားကြိုးစား လူငယ်များဖြစ်လာပါလိမ့်မည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့်လူငယ်များသည် ကိုယ်ကျင့်တရားကောင်းစွာ ယဉ်ကျေးသိမ်မွေ့စွာ၊ စည်းကမ်းကျနစွာ၊ ထူးချွန်ထက်မြက်အောင် ပညာသင်ကြားပါမှ လူတော်လူကောင်းဖြစ်လာမည်။ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး ကိုအောင်မြင်စွာ ထမ်းဆောင်နိုင်သော လူငယ်များ ဖြစ်လာမည်ဖြစ်ပါသည်။ ။

မမေ့နိုင်သောမွေးရပ်မြေ

- မည်သူမဆို မွေးရပ်ဇာတိမြေရှိ၍ မွေးရပ်မြေကိုချစ်ခင်မြတ်နိုးကြပုံ
- မွေးရပ်ဇာတိမြေ၏ အမည်၊ တည်နေရာ၊ ပတ်ဝန်းကျင်
- မွေးရပ်မြေ၏စီးပွားရေးအခြေအနေ
- မွေးရပ်မြေတွင် ပျော်ရွှင်စွာကြီးပြင်းခဲ့ရပုံ
- ပွဲတော်များကျင်းပကြပုံ ငြိမ်းချမ်းပျော်ရွှင်ကြပုံ
- မွေးရပ်မြေကိုကျေးဇူးပြုပုံ

## မမေ့နိုင်သောမွေးရပ်မြေ

ကျွန်တော်၏ မွေးရပ်ဇာတိမြေသည် မြို့ပြကြီးမဟုတ်ပါ။ ကြီးကျယ်ခမ်းနားသော နေရာလည်းမဟုတ်ပါ။ အများသူငါ လူသိများသော အထင်ကရ နေရာမျိုးလည်း မဟုတ်ပါ။ သို့သော် ထိုနေရာတွင် ကျွန်တော့်အတွက် ချစ်ခင်ဖွယ်ရာ၊ မြတ်နိုးဖွယ်ရာ၊ တွယ်တာဖွယ်ရာ၊ မမေ့နိုင်စရာများ အပြည့်ရှိနေပါသည်။ ကျွန်ုပ်၏ မိဘ၊ ဆွေမျိုး၊ ညီအစ်ကို မောင်နှမများရှိနေပါသည်။ ကျွန်တော့်အတွက် ပျော်ရွှင်ချမ်းမြေ့စရာများ ရှိနေပါသည်။

ကျွန်တော်မွေးဖွားကြီးပြင်းခဲ့သော လူလားမြောက်ခဲ့သော ကျွန်တော် မမေ့နိုင်သော မွေးရပ်မြေမှာ မြန်မာနိုင်ငံ ပဲခူးတိုင်းအတွင်းရှိ ကျေးရွာကလေး တစ်ရွာမျှသာဖြစ်ပါသည်။ ကား၊ ရထားတို့ဖြင့် အချိန်မရွေး လာရောက်နိုင်ပါသည်။ **"စံပြသာယာကုန်းကျေးရွာ"**ဟု အမည်ရသော ထိုကျေးရွာကလေးသည် အလွန်လှပသော ရွာကလေးဖြစ်ပါသည်။ အိမ်ခြေတစ်ရာခန့်ရှိသော ထိုရွာကလေး၏ အရှေ့ဘက်တွင် ညောင်ပင်သာရွာ၊ အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီး၊ မြောက်ဘက်တွင် အရှေ့မှအနောက်သို့ စီးဆင်းနေသော တုံးလှဲချောင်း၊ တောင်ဘက်တွင် မျက်စိတစ်ဆုံး ရှုမဆုံးနိုင်အောင် ကျယ်ပြောလှသော လယ်ကွင်းများရှိပါသည်။ ဆည်းဆာညနေချမ်းတွင် လယ်ကွင်းအတွင်းရှိ စပါးပင်စိမ်းစိုစို၊ ကောင်းကင်ပြာပြာတွင် တိမ်ဖြူ၊ တိမ်ဝါ၊ တိမ်နီ၊ တိမ်ရောင်စုံတို့ဖြင့် လှပသော ပန်းချီကားတစ်ချပ်သဖွယ် ဖြစ်ပါသည်။

ထိုကျေးရွာကလေးရှိ ရွာသူရွာသားများသည် လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ ကျွန်တော်၏ မိဘများမှာမူ ကုန်စုံဆိုင်ကလေးဖွင့်လှစ် ရောင်းချ၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ထိုဆိုင်ကလေးမှာ ဈေးနှုန်းချိုသာခြင်း၊

ဖွဲ့စည်းမှန်ကန်ခြင်း၊ ဖေဖေ၊ မေမေတို့၏ စေတနာနှင့် ဆက်ဆံရေး ကောင်းခြင်းတို့ကြောင့် ရွာကလေးရှိ လူများ၏အားထားရာဖြစ်ခဲ့ပါသည်။

နံနက်တိုင်း ဘကြီးဦးဘဖေ သန့်ရှင်းရေးလုပ်သောကြောင့် သန့်ရှင်းနေသော ရွာလယ်လမ်းမကြီးကြောင့်လည်းကောင်း၊ မွေးမြူရေးလုပ်ကိုင်ကြသော်လည်း ညစ်ပတ်မှုမရှိ ပတ်ဝန်းကျင် သန့်ရှင်းခြင်း ကြောင့်လည်းကောင်း၊ ရွာသူရွာသားများ စည်းလုံးညီညွတ်စွာ စုပေါင်းလုပ်ဆောင်တတ်ခြင်းတို့ကြောင့် လည်းကောင်း ကျွန်တော်တို့ ဇာတိမြေရွာကလေးသည် စံပြကျေးရွာဖြစ်ခဲ့ပါသည်။ ရွာဦးဘုန်းကြီးကျောင်းကြီးသည်လည်း ခန့်ညားထည်ဝါစွာရှိပါသည်။ ကျေးရွာဆေးပေးခန်းတွင် ကျန်းမာရေးမှူးတစ်ဦး၊ သားဖွားဆရာမတစ်ဦး ရှိပါသည်။ ရွာအလယ်ပိုင်းတွင် အလယ်တန်းကျောင်း တစ်ကျောင်းရှိပါသည်။ ကျွန်တော်သည် မူလတန်းမှစ၍ အလယ်တန်း အောင်မြင်သည်အထိ ထိုအလယ်တန်းကျောင်းတွင် ကျောင်းတက်ခဲ့ရပါသည်။ ထိုကျောင်းတွင် ကျောင်းတက်ခဲ့ရသော အချိန်များသည် ကျွန်တော့်အတွက် မမေ့နိုင်သောအချိန်များဖြစ်ပါသည်။

ကျောင်းတက်ရက်များတွင် စာသင်ရင်းပျော်ခဲ့ကြသလို နွေရာသီ ကျောင်းပိတ်ရက်တွင်လည်း ကျွန်တော်တို့ သူငယ်ချင်းများနှင့် ဆော့ကစားရခြင်းသည် အလွန်ပျော်စရာကောင်းပြီး မမေ့နိုင်စရာ ဖြစ်ပါသည်။ လသာသော ညများတွင် ဆော့ကစားရသည်မှာ ပို၍ပျော်စရာကောင်းပါသည်။ ကျောင်းပိတ်ရက်တွင် မိဘများကိုကူညီ၍ ဈေးရောင်းပေးခြင်း၊ ရွာဦးကျောင်းသို့ ဆွမ်းပို့ပေးခြင်းများ ပြုလုပ်ပေးပါသည်။ တစ်ခါတစ်ရံရွာ၏ မြောက်ဘက်ရှိချောင်းအတွင်း ငါးဖမ်းခြင်း၊ ရေကူးခြင်းများ ပြုပါသည်။ လူကြီးများသိသော် အဆူခံရပါသည်။ ဤအကြောင်းသည်လည်း မမေ့နိုင်စရာတစ်ခု ဖြစ်ပါသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စု အပျော်ရွှင်ဆုံးနှင့် ယနေ့တိုင် မမေ့နိုင်သော အကြောင်းအရာတစ်ခုမှာ နှစ်စဉ် သင်္ကြန်ပွဲတော်ကျင်းပသော အချိန်ပင်ဖြစ်ပါသည်။ ရွာ၏ သင်္ကြန်ပွဲတော်မှာ အလွန်စည်ကားလှပါသည်။ သင်္ကြန်တွင်းမှန့်လုံးရေပေါ်များလုံးခြင်း၊ စတုဒိသာကျွေးခြင်း၊ အချင်းချင်း တစ်အိမ်နှင့်တစ်အိမ်စားသောက်ဖွယ်ရာများ ပေးဝေဒါနပြုခြင်း၊ သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့ခြင်း၊ ခေါင်းလျှော်ခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်း၊ အမွှေးနံ့သာလိမ်းကျံပေးခြင်း၊ ငါးကလေးငှက်ကလေးများ ဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ရေးများ ပြုလုပ်ကြသည်မှာ အလွန်ပျော်ရွှင် စရာကောင်းပါသည်။

သီတင်းကျွတ်ကာလဆိုလျှင်လည်း လူကြီးမိဘဆရာသမားတို့အား သွားရောက်ကန်တော့ခြင်း၊ အဆုံးအမခံယူခြင်း၊ ရွာထဲရှိ အိမ်ရှေ့တိုင်းတွင် မီးပုံး

ကလေးများချိတ်ဆွဲ၍ မီးထွန်းခြင်း၊ ရွာဦးစေတီသို့ သွားရောက်၍ ဆီမီးများပူဇော်ခြင်း၊ ရွာဦးဘုန်းကြီးကျောင်းမှ ဆရာတော်အား လှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ပြုလုပ်ကြသည်မှာ အလွန်ပျော်စရာကောင်းပြီး မမေ့နိုင်စရာဖြစ်ပါသည်။

ကျွန်တော်၏မွေးရပ်ဇာတိမြေရှိ ရွာသူရွာသားအပေါင်းတို့သည် တစ်ဦးကို တစ်ဦး ချစ်ခင်ရိုင်းပင်းခြင်း၊ စေတနာထားခြင်း၊ အချိန်နေရာမရွေး ကူညီတတ်ခြင်း တို့ကြောင့် အလွန်ချစ်ခင်စရာ ကောင်းပါသည်။ တစ်ခါတစ်ရံတွင် လူငယ်များ အချင်းချင်း စိတ်အခန့်မသင့်၍ ရန်ဖြစ်ခဲ့သော် ရွာဦးဘုန်းကြီးကျောင်း ဆရာတော်က ရန်ဖြစ်သည့်နှစ်ဖက်စလုံးကိုခေါ်၍ ကြိမ်လုံးနှင့်ရိုက်တတ်သောကြောင့် ကျွန်တော်၏ မွေးရပ်ဇာတိမြေရွာကလေးတွင် ရန်ပွဲလည်း မရှိသလောက် ဖြစ်ပါသည်။ ဤသည် ကပင် မမေ့နိုင်စရာအကြောင်းတစ်ရပ် ဖြစ်ပါသည်။

ကျွန်တော်အလယ်တန်းအောင်မြင်ပြီးသောအခါ ရွာတွင် အထက်တန်း ကျောင်းမရှိသည့်အတွက် မြို့ကျောင်းတက်ရန် ဖေဖေ၊ မေမေတို့ စီစဉ်သောအခါ ကျွန်တော်သည် အလွန်ဝမ်းနည်းခဲ့ရပါသည်။ ကျွန်တော်ချစ်သော မိဘ၊ သူငယ်ချင်း များနှင့် ရွာကလေးကိုခွဲခွာရမည် ဖြစ်သောကြောင့် ကျွန်တော် မသွားချင်ခဲ့ပါ။ သို့သော် မိမိ၏ဘဝတိုးတက်ရေးအတွက် ပညာသင်ကြားရန် ဖြစ်သောကြောင့် မွေးရပ်မြေကိုခွဲခွာကာ မြို့သို့သွားခဲ့ရပါသည်။

ယခုအချိန်တွင် ကျွန်တော်သည် ရွာနှင့် ဆယ်မိုင်ကျော်ဝေးသော မြို့ပေါ် တွင် ကျောင်းတက်နေပြီဖြစ်ပါသည်။ မည်သည့်နေရာဒေသ ရောက်ရောက် ကျွန်တော်၏ မွေးရပ်မြေရွာကလေးကို မေ့နိုင်မည်မဟုတ်ပါ။ သီတင်းကျွတ် ကျောင်းပိတ်ရက်၊ နွေကျောင်းပိတ်ရက်များမှသာ ရွာကလေးသို့ ပြန်ခွင့်ရပါသည်။

ကျွန်တော်တို့ရွာတွင် အထက်တန်းကျောင်း တစ်ကျောင်းရှိစေချင်ပါသည်။ ထိုအထက်တန်းကျောင်းတွင် လုံလောက်သော ဆရာများလည်း ရှိစေချင်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဒသမတန်း အောင်မြင်ပြီးလျှင် ရန်ကုန်မြို့ကြီးတွင် တက္ကသိုလ်ပညာရပ်များ သင်ယူပါမည်။ တက္ကသိုလ်မှဘွဲ့ရပြီးလျှင် ကျွန်ုပ်မွေးရပ် မြေကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်၊ မွေးရပ်မြေမှ ကလေးငယ်များ အခက်အခဲမရှိ ပညာသင်ကြားနိုင်ရန် ဆရာအလုပ်လုပ်၍ ကျေးရွာနေရာမှ တာဝန်ထမ်းဆောင်မည်ဟု ဆုံးဖြတ်မိပါသည်။ ။

ပညာရည်ချွန်ဆုပေးပွဲမြင်ကွင်း

- ❑ မိမိကိုယ်တိုင် ပညာရည်ချွန်ဆုရရန် ကြိုးစားခဲ့ပုံ
- ❑ မိဘ၊ ညီအစ်ကိုမောင်နှမများ၊ မိတ်ဆွေများက ပိုင်းဝန်းဂုဏ်ပြုပုံ
- ❑ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားပြင်ဆင်ထားပုံ
- ❑ ကိုယ်တိုင်ဆုတက်ရောက်ယူရ၍ ဝမ်းသာပီတိဖြစ်ရပုံ
- ❑ ဆက်လက်ကြိုးစားရန် သန္နိဋ္ဌာန်ချပုံ

## ပညာရည်ချွန်ဆုပေးပွဲမြင်ကွင်း

လူဆိုသည်မှာ အစဉ်အမြဲကြိုးစားနေရပါသည်။ မိမိ၏ကြိုးစားမှုကြောင့် ရရှိလာသော အသီးအပွင့်များကိုလည်း အပြည့်အဝခံစားရပါမည်။ လူတိုင်းသည် ဘဝတွင်ကြိုးစားခွင့်ရှိကြပါသည်။ မိမိရရှိလာသော အခွင့်အလမ်းများကိုအသုံးချ၍ကြိုးစားလျှင် မည်သည့်အရာမဆို အောင်မြင်နိုင်ပါသည်။

ကျွန်တော်သည်လည်း ကြိုးစားခဲ့သမျှ အရာထင်ခဲ့လေပြီ။ ကျွန်တော်သည် အခြေခံပညာ အလယ်တန်းကို ဂုဏ်ထူးများနှင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့သည့်အတွက် အမိကျောင်းတော်ကြီးမှ ချီးမြှင့်သော ပညာရည်ချွန်ဆုကို ထိုက်တန်စွာ ရရှိတော့မည်ဖြစ်ပါသည်။ 'ပညာ' ဟူသည် ရွှေအိုးကဲ့သို့ တန်ဖိုးရှိလှပေသည်။ ထိုတန်ဖိုးအရှိဆုံးပညာကို ပိုင်ဆိုင်သူ၊ ထူးချွန်သူကိုအများက ချီးမွမ်းလေးစား အသိအမှတ်ပြုကြသည်။ ကျွန်တော်သည် ဆွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဟန်ချက်ညီညီ ကြိုးစားခဲ့ခြင်းကြောင့် အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့သည်။ ကျေးဇူးရှင် ဖေဖေ၊ မေမေတို့၏ အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေး ပံ့ပိုးမှုတို့ကြောင့်လည်း ကျွန်တော်တောင့်တခဲ့သော "**ပညာရည်ချွန်ဆု**" ကို ရယူပိုင်ဆိုင်နိုင်တော့မည်။

ကျွန်တော်သည် ပညာရည်ချွန်ဆုပေးပွဲ မတက်ရောက်ခင်ကတည်းကပင် ကြိုတင်၍ ရင်ခုန်ပျော်ရွှင်နေပါသည်။ မေမေသည် ကျွန်တော့်အတွက် ကျောင်းဝတ်စုံ အသစ်ချုပ်ပေးပါသည်။ ဖိနပ်အသစ်၊ ကျောင်းဝတ်စုံအသစ်တို့ကို မကြာခဏ ထုတ်ကြည့်မိရင်း ဖော်မပြနိုင်အောင် ကြည်နူးနေမိပါသည်။ ကိုကိုနှင့် မမက ဆုလက်ဆောင်အဖြစ် လှပနှစ်သက်ဖွယ်ကောင်းသော လက်ပတ်နာရီလေး တစ်လုံး ဝယ်ပေးပါသည်။ ဖေဖေကမူ ပြုံးရွှင်သောမျက်နှာနှင့် ကားကိုအရောင် တောက် ပအောင်ဆေးကြောနေပါသည်။ ကျွန်တော့်မိသားစုနှင့်အတူ အိမ်နီးချင်း မိတ်ဆွေ

သူငယ်ချင်းများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးပြီး ထူးချွန်စွာအောင်မြင်သည့် ကျွန်တော့်အား ဂုဏ်ပြုစကားများပြောကြပါသည်။ ပျော်ရွှင်ကြည်နူးနေသော စိတ်ကြောင့် ညဖက်တွင်အိပ်၍ပင် မပျော်နိုင်ပါ။

ဤသို့ဖြင့် ကျွန်တော်ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်ယူရမည့်နေ့သို့ ရောက်လာပါသည်။ နံနက်စောစော အိပ်ရာမှ နိုးနေသည်။ ရင်ခုန်နေသည့်အတွက် အဆာပြေပင် မစားနိုင်ပါ။ ပြင်ဆင်ပြီး အိမ်မှစောစောထွက်ခဲ့ကြပါသည်။

ပညာရည်ချွန်ဆုပေးပွဲကျင်းပသော ကျောင်းတော်ကြီး၏ **'ပညာသီရိ'** ခန်းမဆောင်အတွင်းသို့ ဝင်သော ကျွန်တော်၏ခြေလှမ်းများသည် မြေနှင့်ပင် ထိမည်မထင်ပါ။ လေထဲတွင်မြောက်၍လွင့်နေသလို ခံစားရပါသည်။ တစ်ကျောင်းလုံးရှိ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသားကျောင်းသူများနှင့် မိဘများအပါအဝင် ဖိတ်ကြားထားသော ဧည့်တော်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ အားလုံးသည် **'ပညာသီရိ'** ခန်းမကြီးအတွင်း စုရုံးရောက်ရှိ နေရာယူနေကြသည်။ ခန်းမဆောင်အတွင်းစင်မြင့်၏ နောက်ခံအစိမ်းရောင် ကတ္တီပါစပေါ်တွင် **"၂၀၁၄-၁၅ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား"** ဟူသော ငွေရောင်စာသားကို ခမ်းနားစွာ ရေးထားပါသည်။ စင်မြင့်၏ ထောင့်တစ်ဖက်စီတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံ၊ ကျောင်း၏အလံ၊ အသင်းငါးသင်း အလံများ စိုက်ထူထားပါသည်။ ခန်းမဆောင်အတွင်း **"မြန်မာ့ကျောင်းသား"** သီချင်းသံက ပျံ့လွင့်လျက်ရှိပါသည်။ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမတို့၏ မျက်နှာများမှာလည်း တပည့်များအတွက် ဝမ်းသာဂုဏ်ယူမှုအပြည့်နှင့် ပြုံးပန်းဝေလျက်ရှိပါသည်။ အတန်းတွင် စာသင်နေစဉ် ကျောင်းစည်းကမ်းများ ပြောစဉ်အခါက မျက်နှာထားများနှင့်မတူ အထူး ရွှင်လန်းနေပါသည်။

မကြာမီ အခမ်းအနားမှူးဆရာက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပါသည်။ ပထမဦးစွာကျောင်းအုပ်ဆရာမကြီးက မိန့်ခွန်းစကား ပြောကြားရာတွင် ကျောင်းသားများအား ထူးချွန်ထက်မြက်အောင် သင်ကြားပေးသော ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကို ကျေးဇူးတင် ဂုဏ်ပြုကြောင်း ပြောကြားပါသည်။ ထို့နောက် အတန်းအသီးသီးမှ ထူးချွန်ကျောင်းသားများအား ဂုဏ်ယူကြောင်း၊ နောင်နှစ်များတွင်လည်း ယခုကဲ့သို့ပင် ထူးချွန်အောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း၊ ကျောင်း၏ ဂုဏ်နှင့် အစဉ်အလာကောင်းကို ထိန်းသိမ်းစေလိုကြောင်း တိုက်တွန်းပြောဆိုသွားပါသည်။

ကျောင်းအကျိုးတော်ဆောင် ပုဂ္ဂိုလ်ကြီးတစ်ဦးကလည်း ဤကျောင်း၏

ကြီးမားကောင်းမွန်သော ဂုဏ်များကိုလက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်း၍ ကျောင်း၏ကောင်းကျိုးများကို ဆောင်ရွက်နိုင်ကြရန် တိုက်တွန်းကြောင်း အမှာစကားပြောကြားပါသည်။

ပြီးနောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားစတင်ရာ ပထမဦးစွာ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင်များကို ဆုချီးမြှင့်ပေးအပ်ပါသည်။ ကျွန်တော်သည် ဘာသာစုံဂုဏ်ထူးရှင်များကိုကြည့်၍ အားကျစိတ်၊ အတုယူစိတ်များ ဖြစ်ပေါ်လာပါသည်။ မိမိလည်း ထိုကဲ့သို့ထူးချွန်အောင်ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်မိပါသည်။ ကျွန်တော်သည် သူတို့အတွက် ဝမ်းမြောက်စွာလက်ခုပ်တီး၍ ဂုဏ်ပြုမိပါသည်။

တဖြည်းဖြည်းနှင့် နဝမတန်း ထူးချွန်စွာအောင်မြင်သူများကို ဆုပေးရာတွင် ကျွန်ုပ်အလှည့်ရောက်လာပါပြီ။ ကျွန်တော်၏အမည်နှင့် ဂုဏ်ထူးရဘာသာ (၅) ခုကိုကြေညာလိုက်သောအခါ လက်ခုပ်သံများကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။ ထိုလက်ခုပ်သံများထဲတွင် ဖေဖေနှင့် မေမေတို့၏ လက်ခုပ်သံတို့က အကျယ်ဆုံးဖြစ်ပေလိမ့်မည်။ မေမေ၏မျက်ဝန်းတွင် ဝမ်းသာကြည်နူးမှုကြောင့် မျက်ရည်ဝဲနေပေလိမ့်မည်။ ကျွန်တော် ဆုလက်ခံယူလိုက်သည့်အချိန်မှာပင် စင်မြင့်ပေါ်မှနေ၍ ဖေဖေ၊ မေမေတို့ထိုင်နေရာဆီသို့ လှမ်းကြည့်မိသည်။ ဖေဖေ၊ မေမေတို့၏ ဂုဏ်ယူသောမျက်နှာ၊ ပြုံးပျော်ရွှင်နေသော မျက်နှာတို့သည် ကျွန်တော်အတွက် အားဆေးတစ်ခွက်၊ အင်အားတစ်ချက်ဖြစ်ပါသည်။

ကျွန်တော့်နောက်မှ ဆုယူသူများအတွက်လည်း ကျွန်တော်သည် လက်ခုပ်တီး၍ အားပေးဂုဏ်ပြုခဲ့ပါသည်။ မကြာမီ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားပြီးဆုံးသွားပါသည်။ ကြွရောက်လာသော ဧည့်သည်များ၊ ကျောင်းသားကျောင်းသူများ၊ မိဘများ၊ ဆရာ ဆရာမများကို အကျွေးအမွေးများနှင့် ဧည့်ခံပါသည်။ စားသောက်နေစဉ် ကျောင်းသား ကျောင်းသူကလေးများ၏ အဆိုအကများနှင့် သီဆိုဖျော်ဖြေကြပါသည်။ ကျွန်တော်နှင့် သူငယ်ချင်းများသည် ကိတ်မုန့်နှင့် ရေခဲမုန့်များကို အားရပါးရစားရင်း သီချင်းများနားထောင်ကာ အထူးပင်ပျော်ရွှင်နေကြပါသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး၊ အတန်းပိုင် ဆရာမ၊ သူငယ်ချင်းများနှင့်တွဲ၍ ဓာတ်ပုံရိုက်ကြပါသည်။ ပြီးလျှင် ပျော်ရွှင်စွာ အိမ်ပြန်လာခဲ့ကြပါသည်။

ကျွန်တော်၏ ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်၍ ကြိုးစားမှု၊ ဖေဖေ၊ မေမေတို့၏ အားပေးပံ့ပိုးကူညီမှုတို့ကြောင့် ရရှိခဲ့သောပညာရည်ချွန်ဆုကို ကျွန်တော့်တစ်သက်တာ တန်ဖိုးထားမည်ဖြစ်ပါသည်။ ကြိုးစားမှုရလဒ်ဖြစ်၍လည်း ပို၍

မြတ်နိုးမိပါသည်။ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဤပညာရည်ချွန် ဆုပေးပွဲ မြင်ကွင်းကိုလည်း မည်သည့်အခါမှ မေ့နိုင်တော့မည်မဟုတ်ပါ။

နောင်နှစ်စဉ်နှစ်တိုင်း ပညာရည်ချွန်ဆုပေးပွဲတိုင်း တက်ရောက်နိုင်သည့် ထူးချွန်ထက်မြက်သည့် လူတစ်ယောက် ဖြစ်အောင်ကြိုးစားမည်ဟူ၍ ရဲရင့်ခိုင်မာသော စိတ်ဖြင့် သန္နိဋ္ဌာန်ချမိပါတော့သည်။ ။

- ❑ နေ့တစ်နေ့ အစပျိုးပုံ
- ❑ နံနက်ဆည်းဆာအချိန်၏ ကောင်းကင်သဘာဝအလှ
- ❑ လူသားတို့ကုသိုလ်စိတ်ဖြင့် နိုးထကာ ကုသိုလ်ရေးများဆောင်ရွက်ကြပုံ
- ❑ လူသားတို့ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးအတွက် လှုပ်ရှားကြပုံ
- ❑ နံနက်ဆည်းဆာချိန်သည် ဘဝအတွက် အကောင်းဆုံးအချိန်ဖြစ်ပုံ

# နံနက်ဆည်းဆာ

သတ္တလောကမှ လူသားအပါအဝင် သတ္တဝါအပေါင်းတို့သည် နေကို လိုလားတောင့်တကြသည်။ တစ်ညတာကုန်ဆုံးပြီး နောက်နေ့သစ်တစ်ခုသို့ရောက်လာသည်မှာ သဘာဝတရားပင်ဖြစ်ပါသည်။ နေ့တစ်နေ့၏ အစသည်ကား နံနက်ဆည်းဆာအချိန် နံနက်အရုဏ်တက်ချိန်ပင်ဖြစ်ပါသည်။

မှောင်မိုက်သောညများ နိဂုံးချုပ်လျှင် နံနက်အလင်းသစ်သည် နိဒါန်းအစပျိုးလေသည်။ မိုးကောင်းကင်သည် မည်းမှောင်ရာမှ တဖြည်းဖြည်းအပြာရောင်၊ အဝါရောင်၊ ပုစွန်ဆီရောင်သို့ ပြောင်းလဲသွားသည်။ မကြာမီ မိုးကုပ်စက်ဝိုင်းဆီမှ နေမင်းကြီး၏ ရွှေတော်ပြေးအလင်းရောင်တန်း သန့်သန့်ကလေးထွက်ပေါ်လာသည်။ နေ့တစ်နေ့၏ အလှဆုံးအချိန်ဖြစ်သော နံနက်ဆည်းဆာချိန်ရောက်ရှိလာပါသည်။ မိုးကောင်းကင်တစ်ခုလုံးသည်လည်း အပြာနုရောင်အောက်ခံဝယ် တိမ်ငွေမ်းဆိုင်ဖြူဖြူ အိအိကလေးများဖြင့် အလှဆင်ထားပေသည်။ ငှက်ကလေးများသည်လည်း အိပ်တန်းမှ နိုးထလာကြပေပြီ။ သဘာဝက ဖန်တီးပေးထားသော အလှတရားသည် လူတို့ရေးဆွဲသောပန်းချီကားတစ်ချပ်ထက် ပိုမိုလှပနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထိုအချိန်တွင် ရွာဦးကျောင်းက ဖြည်းဖြည်းလေးလေး မှန်မှန်ခေါက်လိုက်သော အုန်းမောင်းခေါက်သံကို ကြားရသည်။ အုန်းမောင်းခေါက်သံသည် ဖြည်းဖြည်းမှန်မှန်မှ ခပ်စိပ်စိပ်မြန်မြန်ဖြစ်လာသည်။ အိပ်မောကျနေသူများ အိပ်ရာမှ နိုးထလာကြပြီ။ နံနက်ဆည်းဆာချိန်တွင် နိဗ္ဗာန်ဆော်၏ကြေးစည်သံ တနောင်နောင်နှင့်အတူ နိဗ္ဗာန်ဆော်၏ "ဘွန္တော····" အစချီသည့် ဆွမ်းချက်ရန် ဆော်ဩသံကြောင့် အိပ်ရာမှနိုးထသူများ ဆွမ်းချက်ရန် ပြင်ဆင်ကြသည်။

'ငှက်ကလေးတွေ စိုးစီစိုးစီ၊ ဝင်းပေါက်မှာမြည်

ချိန်တန်ပြီ ညီမထွေးရဲ့ ဆွမ်းချက်စို့လေး····" ဟူသော ဆရာကြီး

မင်းသုဝဏ်၏ ကဗျာစာသားလေးအတိုင်း ကျက်သရေရှိသော မင်္ဂလာနေ့သစ်ကို ငှက်ကလေးများ၏ တေးဆိုသံနှင့်ကြို ဆိုလိုက်ပါသည်။

ဖြည်းညင်းစွာ တိုက်ခတ်လိုက်သောလေကြောင့် ရှာဦးစေတီတော်မှ ဆည်းလည်းလေးများ လှုပ်ခတ်သံနှင့်အတူ ငှက်ကလေးများ၏ တေးဆိုသံများသည် လည်း ကျက်သရေဝေဖြာနေသည့် နံနက်ဆည်းဆာချိန် အလှကို ပိုမိုအားဖြည့်လိုက်ပါ သည်။

ကျေးလက်ရှိ အချို့သောအိမ်များမှ သက်ကြီးရွယ်အိုတို့၏ ဘုရားရှိခိုးသံ၊ ကြေးစည်သံ၊ အမျှဝေသံ၊ မေတ္တာပို့သံတို့ကိုလည်း ကြားရပါသည်။ ထိုအသံတို့သည် မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ကုသိုလ်ရေးအသံများပင် ဖြစ်ပါသည်။ အရပ်လေးမျက်နှာပတ်ဝန်းကျင်မှ သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်ရသည့် အတွက် လူသားတိုင်း တစ်နေ့တာလုပ်ငန်းဆောင်တာများ ပြုလုပ်ရန် ခွန်အားသစ် များကို ဖြစ်ပေါ်စေပါသည်။

မြို့ပြများတွင်မူ နိဗ္ဗာန်ဆော်တို့၏ ဆွမ်းချက်ရန်ဆော်သြသံကိုကြားရန် ခဲယဉ်းပါသည်။ သို့သော် နံနက်ခင်းတေးသံဖြစ်သည့် 'ပဲပြုတ်....' ဟူသော ဆွဲဆွဲငင်ငင် အော်သံကိုမူ ကြားနိုင်ပါသည်။ အချို့သောအိမ်များ၊ တိုက်ခန်းများမှ ပရိတ်တရားတော်၊ မြတ်ဘုရား၏ဂုဏ်တော်၊ မေတ္တာပို့အမျှဝေသည့် ဓမ္မတေးသံများကို ကြားရမည် ဖြစ်သည်။ ထို့ပြင် ဈေးဆင်းသော ကားသံ၊ နံနက်စောစောဖွင့်သော လက်ဖက်ရည်ဆိုင်တို့မှ မတိုးမကျယ်ဖွင့်သော ဓမ္မတေးသံများကိုလည်း ကြားရပါ သည်။

အချို့သောရပ်ကွက်များတွင်မူ နံနက်ဆည်းဆာချိန်တွင် ဆွမ်းခံကြွလာ သော သံဃာတော် အရှင်သူမြတ်တို့ကို ဆွမ်းလောင်းလှူကြသည်ကို တွေ့မြင်နိုင် ပါသည်။ နေအရုဏ်တက်ချိန် နံနက်ဆည်းဆာချိန်တွင် နီရွှေရောင်သင်္ကန်းများကို ဆင်မြန်းကာ စကြုတ္ကနြွေဆောင်၍ တစ်လှမ်းစီလှမ်းရင်း တန်းစီ၍ဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်တို့ကို ဖူးတွေ့ရသည်မှာလည်း ကြည်ညိုဖွယ် ကျက်သရေ အရှိဆုံး မြင်ကွင်းတစ်ရပ်ပင်ဖြစ်ပါသည်။ မည်သည့်နိုင်ငံခြားသားများနှင့်မျှ မတူ သော မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တို့၏ စေတနာသဒ္ဓါတရားထက်သန်ပုံကို မြင်တွေ့ နိုင်ပါသည်။

ကျေးလက်တောရွာများတွင်မူ နံနက်ဆည်းဆာချိန်တွင် ကားသံ၊ လူသံ ဆူညံမှုတို့အစား "တဖူးဖူးတဖဲဖဲ" အော်နေသော ကျွဲနွားသံ၊ "အောက်အီးအီးအွတ်" ဟု တွန်လိုက်သောကြက်ဖကြီးအသံ၊ "ကတော်ကတော်" ဟု အော်နေသော

ကြက်မကြီးအသံ၊ **"တဂတ်ဂတ်တရှဲရှဲ"** အော်နေသော ဘဲသံ တို့ကိုကြားရမည် ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းခွင်ဝင်ရန်ပြင်ဆင်ပြီး သွားလာနေကြသော လယ်သမား ဦးကြီးများကိုလည်း တွေ့ရပါသည်။ မြန်မာနိုင်ငံအတွက် စားရေရိက္ခာ ဖူလုံစေရန်ကြိုးစားကြသော လယ်ယာဦးကြီးများကို လေးစားမိသလို စိတ်ဓာတ် တက်ကြွဖွယ် မြင်ကွင်းလည်း ဖြစ်ပါသည်။

မြို့ပြနေရာများတွင်မူ **"ကျန်းမာခြင်းသည် လာဘ်တစ်ပါး"** ဟူသော ဆောင်ပုဒ်အတိုင်း လူတို့သည် ထိုနံနက်ဆည်းဆာအချိန်တွင် လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းများကို အားကြိုးမာန်တက် လုပ်ဆောင်နေကြပါသည်။ ရန်ကုန် မြို့လယ် မဟာဗန္ဓုလပန်းခြံအတွင်း၊ ကမ်းနားလမ်း ဆိပ်ကမ်းအနီး၊ ကန်တော်ကြီး ပတ်လည်၊ အင်းယားကန်ပေါင် စသည့်နေရာများတွင် လေ့ကျင့်ခန်းလုပ်သူများ၊ ယောဂကျင့်သူများ များစွာရှိနေပါသည်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည် ဖြစ်သောကြောင့် လူတိုင်းကျန်းမာရေးကို ဂရုစိုက်သင့်လှပေသည်။ နံနက်ဆည်းဆာချိန်တွင် သစ်ပင်များမှထုတ်လွှင့်သော အောက်ဆီဂျင်ဓာတ်ငွေ့သည် လူသားတို့အတွက် အကောင်းဆုံးဖြစ်သောကြောင့် နံနက်ဆည်းဆာချိန်တွင် လေကိုဝအောင် ရှူရှိုက်ခြင်းဖြင့် ကျန်းမာသောဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

နေ့တစ်နေ့၏ အစဦးဆုံးအချိန်ဖြစ်သော နံနက်ဆည်းဆာအချိန်တွင် ပန်းကလေးများသည်လည်း လှပစွာဖူးပွင့်ကြရင်းသူ၏ ပတ်ဝန်းကျင်ကိုမွှေးရနံ့များ ပေး၍လည်းကောင်း၊ ငှက်ကလေးများသည်လည်း သာယာစွာတေးဆိုရင်း သူ၏ ဝန်းကျင်ကို စိတ်ကြည်နူးမှုပေး၍လည်းကောင်း၊ သူ့တာဝန်သူ ထမ်းဆောင်နေပြီ ဖြစ်ပါသည်။

သက်ရှိလူသားတို့သည်လည်း မိမိနှင့်သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ ဝင်ကြရတော့မည်။ အလုပ်သမားများလည်း သူတို့၏ အလုပ်ခွင်၊ ကျောင်းသား ကျောင်းသူ လူငယ်များသည်လည်း အနာဂတ်တွင် နိုင်ငံ့သားကောင်းရတနာလေးများဖြစ်ရန် ကျောင်းစာသင်ခန်းဆီသို့ ရွှင်လန်းတက်ကြွစွာ ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေ ကြပါသည်။

ဤသို့လျှင် နံနက်ဆည်းဆာချိန်သည် နုပျိုသော၊ တက်ကြွသော၊ ထက်မြက်သော လူငယ်တို့၏အားမာန်နှင့်တူသည်ဟု တင်စားချင်ပါသည်။ ဘဝ တစ်ခု၏ အစပျိုးချိန်တွင် အားမာန်အပြည့်နှင့် တက်ကြွစွာလှုပ်ရှားရန်းကန်ရသည့် နည်းတူ နံနက်ဆည်းဆာချိန်သည်လည်း နေ့တစ်နေ့၏ အစပျိုးချိန် ဖြစ်သောကြောင့် နိုးကြားတက်ကြွနေရန် လိုအပ်ပါသည်။

ကမ္ဘာကြီး၏ဖြစ်မြဲ သဘောသဘာဝအရ နေ့နှင့်ညသည် တစ်လှည့်စီ ဖြစ်ပေါ်နေမည်မှာ ကမ္ဘာတည်သရွေ့ဖြစ်ပါသည်။ လူဖြစ်နေသမျှ ကာလပတ်လုံး နံနက်ဆည်းချိန်များကို အမြဲကြုံတွေ့ နေရမည်သာဖြစ်ပါသည်။ နံနက်ဆည်းဆာချိန်သည် ဘဝ၏အားမာန်များကို ပိုမိုဖြစ်ထွန်းစေသော အချိန်ကောင်းဟုပင် ဆိုချင်ပါတော့သည်။ ။

- ပါရမီ (၁၀) ပါးတွင် ခန္တီပါရမီပါဝင်ပုံ
- မိဘ၊ ဆရာတို့က မြန်မာကလေးသူငယ်တို့အား သည်းခံစိတ် မွေးမြူတတ်ရန် ဆိုဆုံးမပုံ
- သည်းခံခြင်းအကျိုး
- သည်းမခံခြင်း၏ ဆိုးကျိုး
- သည်းခံသူကို အနိုင်ကျင့်တတ်သောကြောင့် သည်းမခံလိုကြပုံ
- မိမိနိုင်ငံ၊ လူမျိုး၊ မိဘဂုဏ်ကိုထောက်ထား၍ သူများရိုင်းပျတိုင်း မရိုင်းဘဲ သည်းခံစိတ်မွေးမြူသင့်ပုံ

## သည်းခံသောစိတ်

သည်းခံမှ နိဗ္ဗာန်ရောက်မည်ဟူသော ဆိုရိုးစကားနှင့်အညီ မြတ်စွာဘုရားသခင်သည် နိဗ္ဗာန်သို့ရောက်ရှိရန် သည်းခံခြင်းဟူသော ခန္တီပါရမီ အပါအဝင် ပါရမီ ၁၀ ပါးကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။ သည်းခံခြင်းဟူသည်မှာ ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်း နှိပ်စက်မှုကို ခွင့်လွှတ်သည်းခံ၍ ဥပေက္ခာပြုမှုနေထိုင်ခြင်းဖြစ်ပါသည်။

မြန်မာလူ့ဘောင်အဖွဲ့အစည်းတွင် မိဘ၊ ဆရာသမားများက မိမိတို့၏ သားသမီး၊ တပည့်များကို သည်းခံစိတ်မွေးမြူရန်၊ သူတစ်ပါးရိုင်းပျတိုင်း ကိုယ်မရိုင်းရန် ဆိုဆုံးမ သွန်သင်ကြပါသည်။ **'အမိယုတ်တော့ နွားကြမ်းသည်၊ အဖယုတ်တော့ ကိုယ်ကြမ်းသည်'** ဆိုရိုးစကားနှင့်အညီ မိမိ၏အမိအဖဂုဏ်ကို ထောက်ထား၍ ရန်ကိုရန်ချင်းမတုံ့နှင်းရန်၊ သည်းခံရန် ဆိုဆုံးမကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့က သည်းခံသောစိတ် မွေးမြူတတ်ရန် ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်မှု ရရှိသူများဖြစ်ပါသည်။

စာသင်ကျောင်းသို့ ရောက်သောအခါ၌လည်း ဆရာသမားများ သင်ကြားသော သင်ခန်းစာကလည်း ရန်မလို ရန်၊ ရန်လိုလျှင် ရန်ပြုတတ်၍ သည်းခံတတ်ရန် သင်ကြားပေးပါသည်။

သည်းခံခြင်းစွမ်းပကားကို တင်ပြရလျှင် ၅၃၈ ခုမြောက် တေမိယ ဇာတ်ကို ချန်လှပ်၍မရပါ။ ဘုရားလောင်း တေမိယမင်းသားသည် ရှေးဘဝ

ဘုရင်ဖြစ်စဉ်က မုဆိုးမမြေကွက်ကို မင်းအာဏာဖြင့်သိမ်းခဲ့သော အကုသိုလ် အကျိုးဆက်ကြောင့် ဥဿဒငရဲတွင် အနှစ်ရှစ်သောင်း ကျခံခဲ့ရသည်။ ငရဲမှ လွှန်မြောက်သော် တေမိယမင်းသားဘဝ၌ နောက်တစ်ဖန် ငရဲကျမည်ကို စိုးရိမ်၍ စကားမပြောဘဲ အချင်ယောင်ဆောင်ခဲ့ပါသည်။ ခမည်းတော်၊မယ်တော် တို့က စကားပြောနိုင်ရန် သစ်သီး၊ စားဖွယ်၊ မီး၊ ဆင်၊ မြွေ၊ ကချေသည် စသည်ဖြင့် အမျိုးမျိုး အလိုစမ်းပါသည်။ ဘုရားလောင်းတေမိယ စကားပြောနိုင်ရန်အလို့ငှာ တစ်ဆယ့်ခုနစ်နှစ်တိုင်တိုင် တစ်ဆယ့်ခုနစ်မျိုးဖြင့် အလိုစမ်းပါသည်။ ဘုရားလောင်း တေမိယမင်းသားသည် သတိတစ်ချက် မလွတ်ဘဲ အလိုဆန္ဒကို အောင့်အည်းပြီး သည်းခံနိုင်သောကြောင့် အလိုစမ်းခန်းကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါသည်။

ဇာတ်တော် ၃၁၃ ခန္တိဝါဒီဇာတ်တွင် ဘုရားလောင်းရသေ့သည် အရက်မူး သော ကလာဗုမင်း၏ ဆူးတပ်သောကြိမ်ဖြင့် အချက် ၂၀၀၀ဖြင့် ရိုက်သော်လည်း အမျက်မထွက်ပေ။ ဘုရားလောင်းရသေ့သည် သူ၏လက်၊ ခြေ၊ နား၊ နှာခေါင်းကို ဖြတ်စေသော်လည်း ကလာဗုမင်းအား အမျက်မထွက်ဘဲ မင်းသည် ကြာမြင့်စွာ အသက်ရှည်ပါစေ၊ ငါနှင့်တူသော ပညာရှိတို့သည် အမျက်မထွက်ကုန် ဟုဆိုကာ ခန္တီပါရမီကို ကျင့်ကြံခဲ့သည်။ ထို့ကြောင့် ပညာရှိတို့သည် <u>ပညာရှိအမျက် အပြင်မထွက်</u> ဆိုရိုးနှင့်အညီ မေတ္တာထား၍ ကျင့်ကြံနေထိုင်ပြုမူကြပါသည်။

မြန်မာနိုင်ငံတွင် မဟာမိတ်တပ်များ ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်စဉ် မြန်မာလူမျိုးများသည် ဖက်ဆစ်စနစ်အရ ဆိုးသွမ်းရက်စက်စွာပြုမူခဲ့သော ဂျပန် လူမျိုးများကို သည်းခံခွင့်လွှတ်၍ အသက်စွန့်ကယ်တင်ခြင်း၊ အစာရေစာပေးခြင်း များ ပြုလုပ်ခဲ့သည်။ သည်းခံခွင့်လွှတ်၍ မေတ္တာရှေ့ထား ပြုမူသော မြန်မာလူမျိုး များကို စစ်ပြန်ဂျပန်များက ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပညာတော်သင်ဆုများ ပေးအပ်ခဲ့ရာ မျိုးဆက်သစ်မြန်မာကျောင်းသား လူငယ်များ ခံစားရပါသည်။ ဤသည်မှာ သည်းခံသောစိတ်၏ အကျိုးတရား ဖြစ်ပါသည်။

ကျောင်းသားလူငယ်များသည် မိမိရည်မှန်းသည့်ဘဝပန်းတိုင်သို့ ရောက်ရှိ ရန် အပျော်အပါး၊ စိတ်အလို လိုက်မှုကိုရှောင်ရှားပြီး အစားလျှော့၊ အအိပ်လျှော့ကာ **'ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသကဲ့သို့'** စာပေကို အပတ်တကုတ် ကြိုးစား လေ့လာမှသာ လိုရာပန်းတိုင်ရောက်ရှိမည် ဖြစ်ပါသည်။

လောကတွင် အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရဟူသော စကားနှင့် အညီ လူတိုင်းလောကဓံတရား၊ ဒုက္ခတရား၊ အမှုအခင်းကိစ္စများနှင့် ကြုံတွေ့ရင်ဆိုင် ကြရမည်ဖြစ်ပါသည်။ အမှုအခင်းများကို ကြုံတွေ့သော် သည်းမခံဘဲ ဟာမှုရာဘီကိုစ

ဥပဒေအရ မျက်စိတစ်လုံးကို တစ်လုံးချင်း လိုက်လံလက်တုံ့ပြန်နေပါက 'ကျားသစ်နှင့် ကြောင်မ' ဇာတ်လမ်းကဲ့သို့ ဆုံးနိုင်မည်မဟုတ်ပေ။ မှုခင်းဂျာနယ်များကို ဖတ်ရှုသော ငွေကြေးအနည်းငယ်အတွက် သည်းမခံဘဲ လူသတ်သည်အထိ ရက်စက်စွာ ပြုမူနေကြသည်ကို တွေ့ရပါသည်။

တချို့လူများက သည်းခံသောလူများကို လူကြောက်၊ လူပျော့၊ လူညံ့ဟု မှတ်ယူကာ စော်ကားရိုင်းပျခြင်းကို ပြုမူဆောင်ရွက်တတ်ကြသည်။ ထိုစရိုက်ရှိသူများကြောင့် တချို့လူများက သည်းခံသင့်မှ သည်းခံမည်၊ နဂါးမှန်း တွေးသိအောင် အမောက်ထောင်ပြရမည်ဟူသော အတွေးဆိုးများဖြင့် နေထိုင်ပြုမူကြပါသည်။

အမှန်မူ အမည်မသိကဗျာစာဆိုရေးသော

**မဲလေးပင်ပျိုအောက်**

**ပေါက်လာတဲ့ရွှေတာမာ**

**ခါးချက်ကနာ**

**ရေစီးရယ်တစ်ခါ**

**ရေသာရယ်တစ်လှည့်**

**သူများလို တို့မရိုင်းတယ်**

**တိုင်းသိပါရဲ့။**

ကဗျာစာသားကဲ့သို့ မိမိ၏လူမျိုးဂုဏ်၊ မိဂုဏ်၊ဖဂုဏ်ကို ထောက်ထား၍ ရိုင်းပျမှုမရှိဘဲ သည်းခံနေထိုင် ပြုမူသင့်ပါသည်။ သို့မှသာ ပစ္စုပ္ပန်သာမက နောက်သံသရာအထိ အေးချမ်းမည် ဖြစ်ပါသည်။ သည်းမခံခြင်းကြောင့် ဖြစ်ပေါ်လာမည့်အကြောင်းရင်းမှာ ဆင်းရဲဒုက္ခ အထွေထွေသာဖြစ်ပါသည်။ ထို့ကြောင့် ဒေါသလာပေးသူကို သည်းခံခြင်းဖြင့် အနိုင်ယူပါက သူတစ်ပါးက အပူလာပေးသော်လည်း ကိုယ့်အပူအဖြစ် လက်မခံခြင်းဖြစ်သည်ဟု ပညာရှိ သူတော်ကောင်းတို့က ဆိုကြပါသည်။

သည်းခံသောစိတ် မွေးမြူတတ်သူများသည် သူတော်ကောင်း စရိုက်လက္ခဏာကို ဖော်ပြခြင်းပင် ဖြစ်ပါသည်။ ပစ္စုပ္ပန်ဘဝတွင် သည်းခံစိတ်ရှိသူများကို လူလည်းချစ်ခင်၊ နတ်လည်းချစ်ခင်၍ လောကီတွင် ထင်ပေါ်ကျော်ကြားမည် ဖြစ်ပါသည်။ လောကုတ္တရာ ဘက်တွင်လည်း နိဗ္ဗာန်အထိ ရောက်ရှိနိုင်မည် ဖြစ်ပါသည်။ ။

လရောင်ရွှန်းပ ညတစ်ည

- ❑ လမင်းကြီး၏ အေးချမ်းသောအလှ
- ❑ လမင်းကြီး၏သာယာသော လရောင်အောက်ဝယ် လှုပ်ရှားသော လူတို့၏ လှုပ်ရှားမှုအထွေထွေ
- ❑ မိုင်းငင်ပုံ၊ စကားထာဝှက်ပုံ၊ ရပ်ရေးရွာရေးဆွေးနွေးပုံ
- ❑ ကျီးမနိုးပွဲပြုလုပ်ပုံ၊ ကလေးသူငယ်တို့ ပြေးလွှားဆော့ကစားပုံ
- ❑ မိမိအမြင်

## လရောင်ရွှန်းပ ညတစ်ည

အကာလ ညအခါဝယ် အမှောင်ခွင်း၍ အလင်းကိုဆောင်ပေးသည်မှာ ဖိုးရွှေလမင်းကြီးပင်ဖြစ်ပါသည်။ လမင်းကြီး၏ အလင်းကြောင့် လရောင်သည် ပတ်ဝန်းကျင်ကိုအလင်းဆောင်သလို လူတို့၏စိတ်နှလုံးကို ကြည်နူးသာယာစေပါသည်။

တန်ဆောင်မုန်းလသည် ရာသီဥတုသာယာလှသည့်အတွက် ခြေခင်းလက်ခင်း သာယာလှပါသည်။ တန်ဆောင်မုန်းလပြည့်ညသည် အခြားသော လပြည့်ညနှင့်မတူ ပြည့်ပြည့်ဝဝလင်း၍ အစွမ်းကုန်သာယာလှပနေပါသည်။ ထိုနေ့တွင် အိမ်တိုင်း မြတ်စွာဘုရားဂုဏ်တော်ကို ရည်မျှော်၍ ဆီမီးထွန်းညှိပူဇော်ကြပါသည်။

ဥက်ထော်တို့သည် လမင်း၏အလင်းရောင်ကိုမှီ၍ မိုင်းငင်နေကြပါသည်။ လသာတုန်းမိုင်းငင် စကားပုံအတိုင်း လသာတုန်း ကြိုးစားမိုင်းငင်ကြပါသည်။ လူပျိုသိုးကြီးသာလှက 'ဥက်ထော်' မိုင်းငင်သည့် အနီးအနားတွင် လူပျိုသဘာဝ ချစ်ရေးကြူနေပါသည်။

လှလှ၊ မြမြအပျိုဖြန်းတစ်သိုက်နှင့် လူပျိုသိုးကြီး '**ရွှေထွန်း**' တို့ ကလည်း သူတစ်ပြန် ကိုယ်တစ်လှည့် စကားထာဝှက်၍ ပညာစမ်းနေကြပါသည်။ '**နွားနို့တစ်ပန်းကန် တစ်ပြည်လုံးလျှံ**'ဟု စကားထာဝှက်သည် အခါ 'လ'ဟု ဖြေပါသည်။

မဲဇလီပင်သည် တန်ဆောင်မုန်းလပြည့်နေ့တွင် '**ဆေးပေါင်းခ သည့်အပင်**' ဖြစ်သည်ဟု ယူဆကြသည်။ ထိုအချိန်တွင်မဲဇလီဖူးကို သုပ်စားသော် ဘုန်းကြီးနိုင်သည်၊ သက်ရှည်နိုင်သည်၊ အန္တရာယ်ကင်းနိုင်သည် ဟု ယူဆကြသည်။ ထို့ကြောင့်

မဲဇလီဖူးသုပ်၍ တခြားအိမ်နီးချင်းများကို **'အန္တရာယ်ကင်းဆေး'** အဖြစ် ဝေငှ ဝေးကမ်းကြပါသည်။ ရွာလူကြီးဦးဖိုးလှနှင့် ရပ်ရွာလူကြီးများသည် ကွပ်ပျစ်ပေါ်တွင် ထိုင်၍ မဲဇလီဖူးသုပ်စားရင်း ရွာ၏သာရေး၊ နာရေးကိစ္စများကို ဆွေးနွေးတိုင်ပင် ကြပါသည်။ ဘုရားပွဲတော် ကျင်းပသောနေ့တွင် **'ဓာတ်မင်းသားဖိုးချစ်'**သဘင် ငှားရန် တိုင်ပင်နေပါသည်။

တန်ဆောင်မုန်းလပြည့်နေ့ည လူများအိပ်ချိန်နှင့် အရုဏ်မတက်မီ အချိန် တွင် **'ကျီးမနိုးပွဲ'**များ ကျင်းပလေ့ရှိပါသည်။ အိမ်ရှေ့၊ အိမ်ဝင်းရှိ ပစ္စည်းများကို ပိုင်ရှင်မသိအောင် ဆောင်ကြဉ်း၍ ဝှက်ထားကြပါသည်။ ရယ်ရွှင်ဖွယ်ဖြစ်အောင် အပျော်သဘောနှင့် စကြနောက်ကြပါသည်။ ရွာတောင်ပိုင်းမှ ကာလသားခေါင်း ချက်ကြီးတို့အုပ်စုသည် ကျီးမနိုးပွဲလုပ်ရန် ပန်းအိုး၊ ပန်းပင်၊ ဆိုင်းဘုတ်များကို ဖြုတ်ခြင်း၊ ရွှေ့ခြင်းများ ပြုလုပ်ရင်းနှင့် အလုပ်ရှုပ်နေပါသည်။ **'အရှောင်'**အိမ်မှ အပေါင်ဆိုင်းဘုတ်ကို အပျိုကြီး မြမြအိမ်ရှေ့တွင် ချိတ်ကြသည်။

တစ်ဖန်လရောင်အောက်တွင် ခိုးယူလာသော ကြက်သားနှင့် ကာလသား ဟင်းချက်ရန် ထင်းရှာသူကရှာ၊ မီးမွှေးသူကမွှေးနှင့် အလုပ်ရှုပ်နေကြပါသည်။ ကြက်မှာ အပျိုကြီးမမွှေး၏ ကြက်ဖြစ်ရာ မိုးလင်းလျှင် သွားရောက် တိုင်ကြားရန် ကျွန်တော်တို့ ကလေးတစ်စုက အားခဲထားပါသည်။

လရောင်အောက်တွင် ကလေးတစ်စုက ဖန်ခုန်သူခုန်၊ ပြေးသူပြေး၊ လွှားသူ လွှား၊ သူခိုး၊ ပုလိပ်ကစားသူကစားနှင့် ဆူညံအသက်ဝင်နေပါသည်။ ကျွန်တော် ကတော့ ခါတိုင်းထက် ပြည့်ဝလှသော လမင်းကြီးကိုမော့ကြည့်၍ ထမင်းဆီဆမ်းနှင့် ရွှေလင်ဗန်းပေးရန် တောင်းဆိုပါသည်။

ရွှေအိ၊ ရွှေမိတို့ ညီအစ်မနှစ်ယောက်သည် ရွာလယ်ရှိ ဆုတောင်းပြည့် စေတီတွင် ပဌာန်းရွတ်ဆိုပူဇော်ကြပါသည်။ ဘုရားစာရွတ်သံ၊ လက်ခတ်သံ၊ ကလေး တို့၏ ပြေးလွှားဆော့ကစားသံ၊ လူကြီးတို့၏ ရပ်ရေးရွာရေး ဆွေးနွေးသံတို့သည် လရောင်ရွှန်းပသောညကို အသက်ဝင်လှုပ်ရှားစေပါသည်။

လရောင်ရွှန်းပသော လပြည့်ညသည် သာမန်ရပ်ရေးရွာရေးသာမက သာသနာ အဓွန့်ရှည်ထွန်းကားရေးကို ဆောင်ရွက်စောင့်ရှောက်သော ညဖြစ်သဖြင့် ထူးခြားမွန်မြတ်သော ည၊ ရိုးရာအစဉ်အလာကို ထိန်းသိမ်းသော ည ဖြစ်ပါ သည်။ ။

**မိုးသောက်ချိန်အလှ**

- တစ်ညတာကုန်ဆုံးပြီး နောက်နေ့အရုဏ်တက်သည့် မိုးသောက်ချိန် သဘာဝမိုးသောက်ချိန်ကို ခံစားနိုင်ရန် အိပ်ရာ စောစောထသင့်ပုံ
- အရုဏ်တက်ချိန်တွင် လုပ်ဆောင်ကြသော လူတို့၏လှုပ်ရှားမှု ဆွမ်းလောင်းပုံ
- လမ်းလျှောက်ထွက်ပုံ၊ ကျောင်းသွားပုံ၊ စက်ရုံအလုပ်ရုံဝင်ပုံ
- လယ်ယာလုပ်ငန်းခွင်ဝင်ပုံ
- မိမိအမြင်

## မိုးသောက်ချိန်အလှ

နေသည် ကမ္ဘာကို တစ်ပတ်ပတ်သည်နှင့် **'နေ့တာနှင့် ညတာ'** ဖြစ်ပေါ်လာပါသည်။ နေ့ပြီးည၊ ညပြီးနေ့ သံသရာလည်နေသည်။ တစ်ညတာကုန်ဆုံးပြီး မိုးသောက်ထ နေရောင်ပျပျ ပေါ်လာသည်နှင့် အရုဏ်ဦးအလှ (သို့) မိုးသောက်ချိန်အလှကို မြင်တွေ့ကြရပါသည်။

နံနက်မိုးသောက်သည်နှင့် လင်းကြက်တွန်သံကို ဟိုတစ်စ၊ သည်တစ်စ ကြားရပါသည်။ မည်းမှောင်သော မိုးကောင်းကင်သည် တဖြည်းဖြည်း တစ်စတစ်စ အပြာရောင်သန်းလာသည်။ အပြာမှ အဝါ၊ အဝါမှ ပုစွန်ဆီသန်းလာပါသည်။ အရှေ့မိုးကုပ်စက်ဝိုင်းမှ နေမင်း၏ ရှေ့တော်ပြေး အလင်းရောင်သန့်သန့် ရောင်စဉ်တန်းသည် မြေပြင်သို့ သွယ်ယှက်လာပါသည်။

အဆိုတော် **'မင်းအောင်'** သီဆိုသကဲ့သို့-

**နံနက်မိုးသောက်ပါပြီ**

**အိပ်ရာမှထကြ၊ မထသေးသောသူသည်**

**ပျင်းရိသူဖြစ်သည်....။**

သီချင်းအရ မိုးသောက်ချိန်အလှအပ ရှုခင်းကို မမြင်တွေ့ရပေ။ ရှေးလူကြီးများသည် အိပ်ရာထနောက်ကျခြင်းကို မနှစ်မြို့၊ အိပ်ရာထ နောက်ကျလျှင် ကိုယ်စောင့်နတ်မကြိုက်၊ ကြီးပွားတိုးတက်မှုမရှိဟု ယူဆကြပါသည်။ မည်သို့ပင်ဆိုစေကာမူ အိပ်ရာထနောက်ကျသူမှာ မိုးသောက်ချိန် အလှအပကို ကြည့်ရှုခံစားခွင့် ဆုံးရှုံးမည်က အမှန်ဖြစ်ပါသည်။

နံနက်မိုးသောက်အရုဏ်ရောက်သည်နှင့် ဘိုးဘိုး၊ ဘွားဘွားများက ဘုရားရှိခိုး၍ မေတ္တာပို့ အမျှဝေပြီးနောက် တီးခတ်သည့် ကြေးစည်သံ လွင်လွင်ကို ကြားကြရပါသည်။

နိဗ္ဗာန်ဆော်တို့ကလည်း

**'ဘုဒ္ဓေါ သပ္ပုရိသ သူတော်ကောင်းအပေါင်းတို့'** ဟု ဟစ်အော်၍ ရဟန်းသံဃာတို့အား ဆွမ်းလောင်းလှူရန် ဆော်ဩကြပါသည်။ နိဗ္ဗာန်ဆော်တို့၏အသံကြောင့် အမှောင်ကိုအားပြု၍ မကောင်းမှုပြုရန်ကြံစည်သောသူတို့သည် မိုးသောက်သည့် သင်္ကေတကို သိရှိသည်နှင့် မကောင်းမှုပြုခြင်းမှ သွေဖည်သွားကြသည်။ မိုးသောက်ချိန်သည် ကောင်းမှုကုသိုလ်အစုစုနှင့် ပြည့်လျှမ်းသောအချိန်ဖြစ်ပါသည်။

မေမေသည် ဆွမ်းနှင့်ရေချမ်းကို ကပ်လှူ၍ တစ်မိသားစုလုံး ကျန်းမာချမ်းသာစေရန် အမျှဝေဆုတောင်းသည်။ အမေ၏ ဆွမ်းကပ်သံ၊ ဆုတောင်းအမျှဝေသံကြောင့် ကျွန်တော်တို့ကလေးများ ထရပါသည်။ အမေက ကောင်းမှုကုသိုလ်အကြီးကြီး မပြုလုပ်နိုင်သော်လည်း ဘုရားသားတော် သံဃာတော်များအား နိစ္စဓူဝဆွမ်းလှူခြင်းသည်လျှင် ကုသိုလ်တစ်ခုဖြစ်ကြောင်း သွန်သင်ထား၍ ဖြစ်ပါသည်။

ကျွန်တော်သည် မေမေပြင်ထားပေးသော ဆွမ်းအုပ်မှ ဇွန်းကြီးနှင့် သံဃာတော် အရှင်မြတ်များကို တစ်ဇွန်းချင်း လောင်းလှူကုသိုလ်ယူပါသည်။ မိုးသောက်ချိန် အလင်းရောင်ပျပျ ဝယ်သံဃာတော်တို့၏ နီရွှေရောင်မှာ ဘာသာသာသနာထွန်းကားခြင်း နိမိတ်ဆောင်စေပါသည်။ **'ဆွမ်းတော်ဗျို့'** ဟု အော်သံ နိဗ္ဗာန်ဆော်တို့၏ ကြေးစည်သံမှာ မိုးသောက်ချိန်နှင့်လိုက်ဖက် ပနံရ၍ ဗုဒ္ဓဘာသာဝင်တို့အတွက် နားဝင်ချိုလှပါသည်။

တိတ်ဆိတ်ငြိမ်သက်မှုသည် နေလုံးကြီးနှင့်အတူ ကျောင်းတက်ရန်၊ လုပ်ငန်းခွင်သွားရန်ပြင်ဆင်သော လူသံ၊ကားသံများဖြင့် ဆူညံလာပါသည်။ နံနက်ခင်းအလှတွင် ကျန်းမာရေးအတွက် လမ်းလျှောက်မရသူများကလည်း ပြင်ဆင်လမ်းလျှောက်ခြင်းသည်လည်း ပါဝင်ပါသည်။ လမ်းလျှောက်ထွက်ရန် နှိုးဆော်သော **'စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့'** သီချင်းသံကြောင့် မိုးသောက်ချိန်သည် ပိုမိုမြိုင်ဆိုင်လာပါသည်။

နံနက်ခင်းတွင် ရွှေကျီးတို့ **'အာအာ'** မြည်သံနှင့်အတူ နံနက်စာ ပဲပြုတ်နှင့် ထမင်းကြော် စားလိုသူများ စားနိုင်ရန် ပဲပြုတ်သည်၏ **'ပဲပြုတ် ပဲပြုတ်'** အော်သံသည် မိုးသောက်ချိန်အလှကို အားဖြည့်နေသည်နှင့် တူလှပါသည်။

ကျွန်တော်သည် မေမေထည့်ပေးသော ထမင်းဗူးကိုထုပ်၍ ကျောင်းသို့ သွားပါသည်။ ကျောင်းတွင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုကို ကောင်းစွာနာယူ၍ နောင်အနာဂတ်ဝယ် အသိပညာရှင်၊ အတတ်ပညာရှင်ကြီး ဖြစ်အောင် ကြိုးစားမည် ဖြစ်ပါသည်။

ထို့အတူ အလုပ်သမားများသည်လည်း စက်ရုံ၊ အလုပ်ရုံသို့ သွားရောက်၍ လုပ်ငန်းခွင်ဝင်ကြပါသည်။ တောင်သူလယ်သမားများကလည်း မိုးသောက်သည်နှင့် နွားကိုဆွဲ၍ လယ်ယာလုပ်ငန်းခွင်သို့ တက်တက်ကြွကြွ သွားရောက်ကြမည်ဖြစ်ပါသည်။

မိုးသောက်ချိန်သည် နုပျိုခြင်း၊ တက်ကြွခြင်း၊ ကြည်နူးချမ်းမြေ့ ခြင်းတို့ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် မိုးသောက်သည်နှင့် လုပ်ငန်းခွင်သို့ ကိုယ်စီသွားနေသည့် လူသားအားလုံး၏ ခြေလှမ်းသည် အားမာန်ပြည့်ဝခြင်းနှင့်အတူ လောက၏ အလှကို ဆင်နေပါသည်။ ဘဝအတွက် အားမာန်အပြည့်နှင့် ကြိုးစားခြင်းကိုလည်း ဆောင်ပါသည်။

မိုးသောက်ချိန်သည် လူသားတို့အား မပျင်းရန်၊ မဖျင်းရန်၊ အလုပ်လုပ်ရန်၊ ကြိုးစားရန် တွန်းအားပေးပါသည်။ ထို့ကြောင့် ကျွန်တော်တို့ လူငယ်တို့သည် **'ယနေ့လူငယ် နောင်ဝယ်လူကြီး'** ဆိုရိုးအတိုင်း လူကြီး၏ ပခုံးပြောင်းတာဝန် ထမ်းဆောင်နိုင်ရန်အတွက် မိုးသောက်ချိန်တိုင်း အားမာန်အသစ် မွေး၍တက်ကြွသော ခြေလှမ်းများဖြင့် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ။

ပင်လယ်ကမ်းခြေသို့ တစ်ခေါက်

- မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းခြေပေါ်များ၍ ပင်လယ်ကမ်းခြေ သဘာဝနှင့်အလှ
- ကမ်းခြေတွင် အနားယူအပန်းဖြေသော လူတို့၏လှုပ်ရှားမှုအထွေထွေ
- ကမ်းခြေအလှအပကို ဖော်ကျူးသော ကဗျာအဖွဲ့များ
- ကမ်းခြေနှင့်ပတ်သက်၍ တွေးမိသည့်အမြင်

## ပင်လယ်ကမ်းခြေသို့ တစ်ခေါက်

မြန်မာနိုင်ငံ၏ ကမ်းခြေအလှသဘာဝမှာ အံ့မခန်း သာယာလှပသောကြောင့် ကမ္ဘာ့ အလယ်တွင် ထင်ရှား ကျော်ကြားလှပါသည်။ မွန်ပြည်နယ် စက်စဲကမ်းခြေ၊ ပုသိမ်ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ထားဝယ်အနီး မောင်းမကန်ကမ်းခြေ တို့သည် လူသိများထင်ရှားသော ကမ်းခြေများဖြစ်ပါသည်။

လူသားတို့သည် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့်အတွက် ပင်ပန်းနွမ်းနယ်ကြပါသည်။ ထိုပင်ပန်းနွမ်းနယ်မှုကို ခရီးထွက် အပန်းဖြေခြင်းဖြင့် စိတ်ကို ရှင်လန်းတက်ကြွစေပါသည်။ ထို့ကြောင့် လူတိုင်း နွေရာသီပိတ်ရက်ရှည် များကာလတွင် တစ်နှစ်တစ်ကြိမ် အပန်းဖြေခြင်းဖြင့် ပင်ပန်းနွမ်းနယ်မှုကို ဖြေဖျောက်ကြပါသည်။

ကျွန်တော်သည် နဝမတန်းစာမေးပွဲဖြေဆိုပြီးသည်နှင့် အဒေါ်ဖြစ်သူ၏ စီစဉ်မှုကြောင့် ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးထွက်ခွင့် ရခဲ့ပါသည်။ ချောင်းသာသည် ရန်ကုန်နှင့်အနီးဆုံး ပင်လယ်ကမ်းခြေဖြစ်ပါသည်။ ရန်ကုန်မှ ပုသိမ်သို့ လေးနာရီကြာ ကားစီးပြီးသောအခါ ချောင်းသာကမ်းခြေသို့ရောက်ပါသည်။

ချောင်းသာသို့ ရောက်သည့်အခါ အုန်းပင်တန်းများ ဝိုင်းရံနေသော ဟိုတယ်၊ မိုတယ်များကို စတင်တွေ့ရှိရပါသည်။ ငွေကြေးအကုန်အကျပေါ်မူတည်၍ ခမ်းနားထည်ဝါမှု ကွာခြားသွားကြသည်ကို တွေ့ရှိရပါသည်။ အုန်းပင်တန်းမှ ဖြတ်လာသော လေနုအေး၊ ရေလှိုင်းသံများ၏ တဝုန်းဝုန်းသံများက ကျွန်တော်တို့၏ စိတ်ကို ကမ်းခြေသို့ဆင်းရန် ဆွဲဆောင်နေပါသည်။

ကျွန်တော်တို့အားလုံးသည် သဲသောင်ပြင်သို့ဖြတ်၍ ဘောကွင်းများကို ငှား၍ လှိုင်းစီးကြသည်။ လှိုင်း၏ အရွယ်အစားအလိုက်စီးမြောရင်း လှိုင်းလုံးကြီး ပုတ်လိုက်သောအခါ ဘောတခြား လူတခြားဖြစ်မှုကို ပျော်ရွှင်ရယ်မောကြပါသည်။

လှိုင်းလုံးကြားမှ ကုန်းရှန်းထကာ တဖန် လှိုင်းစီးကြပြန်ပါသည်။ လှိုင်းစီးရင်း ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာမှ

**ဗေဒါပျံ့ အံကိုခဲ**

**ပန်းပန်လျက်ပဲ**

ကဗျာတစ်ပိုင်းတစ်စကို သတိရမိပြန်ပါသည်။ လောကခံလှိုင်း အရိုက်အပုတ်ကို တွန်းမလှန်ဘဲ ရေစုန်မျောသူသည် အောင်မြင်မှုပန်းတိုင်နှင့် ဝေးနိုင်ကြောင်း သတိရမိပြန်သည်။

နေဝန်းနီသည် ဝေါယာကျွန်းအနောက်ဘက်သို့ နီရာမှ ညို၊ ညိုရာမှ မှောင်၍ပျောက်ကွယ်ရန် အားယူနေသည့် နေဝင်ချိန်ထိ ရေထဲက မတက်ချင်ကြသေးပါ။ အဒေါ်က သူငယ်ချင်းများနှင့် ကျွန်တော့်ကို ကမ်းပေါ်ပြန်တက်ရန် ဆော်ဩမှ ဘန်ဂလိုသို့ ပြန်ခဲ့ပါသည်။ ဘန်ဂလိုတွင် ရေမိုးချိုး၍ ထမင်းစားပြီး ကမ်းခြေသို့ တစ်ဖန် လမ်းလျှောက်ခဲ့ပါသည်။

ကမ်းခြေ သဲသောင်ပြင်တွင် လမ်းလျှောက်သူများ၊ မြင်းစီးသူများ၊ စွန်လွှတ်သူများနှင့် ရှုပ်ယှက်ခတ်နေပါသည်။ တချို့ကလည်း မီးပုံပွဲကျင်းပ၍ ပါဆယ်ဂီမ်းကစားနေကြပါသည်။ တချို့ သီချင်းဆိုကြပါသည်။ တချို့က အကင်ထုပ်များဖောက်၍ လှီးဖြတ်ပြီး တုတ်ဖြင့်ထိုးသွင်းကာ ကိုယ်တိုင် ကင်စားကြပါသည်။ အကင်များကို တစ်ယောက်တစ်လက်ဝိုင်းဝန်းပြုလုပ်ပြီး စားသောက်ကြသည်ကို ကြည့်ရှုရသည်မှာ ပျော်ရွှင်စရာကောင်းလှပါသည်။ ဈေးသည်ကလေးများ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ငါးကင်၊ ဗုစွန်ကင်များထည့်ထားသော ဗန်းများရွက်၍ သဲပြင်တစ်လျှောက် ရောင်းချနေပါသည်။ ဆင်းရဲသော်လည်း မိမိတို့ဘဝအတွက် အပြုံးမပျက်သော ကလေးတို့၏ စိတ်ဓာတ်မှာ အားတက်ကြည်နူးစရာကောင်းလှပါသည်။

အပန်းဖြေသောလူတို့တွင် မည်သူ့ကိုကြည့်ကြည့် တာဝန်နှင့် စိတ်ဖိစီးမှုကို ဘေးဖယ်၍ စိတ်လက်ပေါ့ပါး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။ စားလိုက်၊ သောက်လိုက်၊ ကစားလိုက်၊ သီချင်းဆိုလိုက်နှင့် သီးခြားကမ္ဘာသို့ ရောက်ရှိနေသကဲ့သို့ပင် ပြာလဲ့လဲ့ ကောင်းကင်ကြီးအောက်တွင် လှိုင်းကြက်ခွပ်များက ကမ်းခြေသို့ တဖြည်းဖြည်းရောက်လိုက်တစ်လီ၊ လှိုင်းလုံးကြီးများဖြင့် ဒေါသတကြီး ဝင်ရောက်လိုက်တစ်ဖုံ သရုပ်သဏ္ဌာန်မှာ မျက်စိပသာဒ ဖြစ်လှပါသည်။ ပင်လယ်ရနံ့ပါသောလေကို ရှူရှိုက်၍ကမ်းခြေတွင် အအေးခံရသော အရသာမှာ အထူးကောင်းမွန်သောကြောင့် ဘန်ဂလိုသို့ ပြန်မအိပ်ချင်အောင် ဖြစ်ရပါသည်။

နောက်တစ်နေ့မနက်စောစော လမ်းထလျှောက်၍ ချောင်းသာဘုရားကိုဖူးမြော်ကြည်ညိုကြပါသည်။ လမ်းတစ်လျှောက် တွေ့သောခရုများကို ကောက်ကြပါသည်။ ခရုအဖြူ၊ ခရုအနီပဲ့၍ အထွေထွေအမျိုးမျိုး ဆန်းပြားသောခရုများကို တွေ့ရသဖြင့် ဦးကြင်ဥ၏ ကြုံစဖူးမြင်ဖူးမှ ယုံစဖွယ်လေးချိုးမှ-

**ဖြန့်ဝါပြာတစ်စုနှင့် ခရုထွေလာဆန်း**

**ကမ်းကွေ့ပတ်လည်၊ ရွှေမင်တံ သံပခြိပ်နှင့်**

**ဟန်ရုပ်ပြသွယ်သွယ်၊ နတ်မယ်လျှဆံထိုး**

**ဝင်ကစွပ်၊ မြင်ဆွတ်ကကြည်ဖို့ရာ**

**ဟိုသို့လာ သည်သို့သွားနှင့်၊ အငှားခန္ဓာ**

**မြှောင်ရတယ်၊ ဆန်းခေါင်ထိမျိုး**

ကဗျာကို သတိရမိပါသည်။ ခရုကောက်ရသည်မှာ ပျော်ရွှင်စရာ ကောင်းလှသလို အုန်းစိမ်းရေချိုမြမြကို ပိုက်ဖြင့်စုပ်ယူ သောက်သုံးရသည်မှာလည်း အမှတ်တရ ဖြစ်ပါသည်။

ကျွန်တော်၏ အဒေါ်က ခရုဖြင့်ပြုလုပ်ထားသော ပိုက်ဆံအိတ်၊ ခရုဆွဲကြိုး၊ ခရုဖူး၊ ငါးခြောက်များကို အမှတ်တရပေးရန် ဝယ်ယူနေပါသည်။ ကျွန်တော်က ပင်လယ်ပြင်၏ သဘာဝအလှသည် လူတို့၏စိတ်နှလုံးကို ရွှင်ပြုံးစေသလို လူသားတို့၏ စားဝတ်နေရေးဖူလုံစေရန် ထောက်ပံ့ကူညီပေးသည်ကို တွေးမြင်မိသည်။ ပင်လယ်ပြင်ကြီးကို ကျေးဇူးရှင်အဖြစ် မြင်မိစေပါသည်။

ပင်လယ်ပြင်က လှိုင်းလုံး ဖြူဖြူဖွေးဖွေးများသည် တလိမ့်လိမ့်တက်လိုက်၊ တဝုန်းဝုန်းဆင်းလိုက်နှင့် သူ့တာဝန်ကို သူထမ်းဆောင်နေပါသည်။ ထို့အတူ ကျွန်တော်တို့လည်း ဧည့်သည်များပီပီ အချိန်တန် အိမ်ပြန်ကြရပါသည်။ အိမ်ပြန်ခရီးတွင် ဤပင်လယ်ကမ်းခြေသို့တစ်ခေါက် ရောက်ခဲ့ရသော ချောင်းသာခရီးသည် ပျော်ရွှင်စေရုံသာမက အတွေးအသိအမြင်များရရှိစေသော ခရီးတစ်ခု ဖြစ်ကြောင်း တွေးထင်မိပါသည်။ ။

သူငယ်ချင်းကောင်း

- ☐ လူသည် လူမှုဆက်ဆံရေးသတ္တဝါဖြစ်၍ သူငယ်ချင်းထားသင့်ပုံ
- ☐ သူငယ်ချင်းကောင်းနှင့် သူငယ်ချင်းတု ကွာခြားပုံ (သာဓက)
- ☐ သူငယ်ချင်းအတု၊ အစစ် မည်သို့ခွဲနိုင်ပုံ
- ☐ မိမိအမြင်

## သူငယ်ချင်းကောင်း

လူသားတို့သည် လူမှုဆက်ဆံရေးသတ္တဝါများဖြစ်သည့်အလျောက် တစ်ဦးတစ်ယောက်တည်း နေထိုင်၍မရဘဲ အများနှင့်လိုက်လျောညီထွေ ပြောဆိုဆက်ဆံကြရပါသည်။ သူငယ်ချင်း ဆိုသောစကားမှာ **'သဟာယ အဖော်ဟူ၍လည်းကောင်း၊ ရောင်းရင်းရဲဘော် ဟူ၍လည်းကောင်း ဆိုလိုသည်မဟုတ်၊ ရွယ်တူငယ်စဉ်က မြူမှုန်ကစားဖက် ချစ်ကြည်ဖြူသူကို သူငယ်ချင်း'** ဟု ခေါ်သည်။

သူငယ်ချင်းကောင်းဟူသည် မိမိအရေးထက် သူတစ်ပါးအရေးကိစ္စကို ကိုယ်နှင့်ထပ်တူထားပြီး ဆောင်ရွက်ပေးတတ်သည်။

**'သင်္ဂဇာဆရာတော်' ရေး**

**ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်သား**

**စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ**

**သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ**

အတိုင်း သူငယ်ချင်းကောင်းသည် မိတ်ဆွေဝတ္တရားနှင့်အညီ ဆောင်ရွက်တတ်သူဖြစ်သည်။ သူငယ်ချင်းဘေးတွေ့သော် ရှောင်ခွာပြေးခြင်းမရှိဘဲ ကူညီဆောင်ရွက်ပေးသည်။ အသက်ဘေး ကြုံတွေ့သည့်တိုင် ကူညီဆောင်ရွက်ပေးသည်။ ထို့ကြောင့် လောကနီတိတွင် -

**"အကြင်အပေါင်းအဖော်သည်**

**ရောဂါဝေဒနာကျရောက်စွဲကပ်သောအခါ၌လည်းကောင်း၊**

**ဝတ်မွတ်ခေါင်းပါးဘေးဒုက္ခရောက်သောအခါ၌လည်းကောင်း၊**

**ဥစ္စာစည်းစိမ်ဆုံးရှုံးပျက်စီးသောအခါ၌လည်းကောင်း၊**

**ရန်သူဖမ်းဆီးခြင်းခံရသောအခါ၌လည်းကောင်း၊**

**တရားရုံး၌ အမှုကိုရင်ဆိုင်ရသောအခါ၌လည်းကောင်း၊**
**နာရေးကိစ္စရှာပနကို ကြုံရသောအခါ မိမိနှင့်အတူတည်ပေး၏။**
**ထိုသူသည် အဆွေခင်ပွန်းကောင်းမည်၏**''ဟု ဆိုပါသည်။

သို့သော် လောကတွင် **'လူအကြောင်း ပေါင်းကြည့်မှသိ'**၊ **'စိန်ကဲ၊ မြကဲခတ်ခြင်းထက် လူကဲခတ်ရန်ခက်သည်'** ဆိုရိုးအတိုင်း သူငယ်ချင်းကောင်းကို ရှာဖွေရန် ခဲယဉ်းလှပါသည်။

သူငယ်ချင်းတုဟူသည် သာပေါင်းညာစား၍၊ မှားမှား၊ မှန်မှန် အကြိုက်ဆောင်၍ ပြောတတ်သည်။ မြှောက်ထိုးပင့်ကော် လုပ်တတ်သည်။ အကြံအစည်မှားယွင်းလျှင်လည်း လက်ပိုက်ကြည့်နေတတ်သည်။ ဘေးဖြစ်လျှင် ရှောင်ခွာပြေးတတ်သည်။

သူငယ်ချင်းကောင်း၊ သူငယ်ချင်းတုကို မည်သို့ခွဲခြားနိုင်သနည်း ဆိုသော် အရေးကိစ္စ ကြုံသောအခါ၊ ငတ်မွတ်သောအခါ၊ တရားတပေါင် ရင်ဆိုင်ရသောအခါ၊ ရန်သူဖမ်းမိသောအခါ သိနိုင်ပါသည်။ မြန်မာနာမည်ကြီးရုပ်ရှင် ဖာတစ်လုံးခေါင်းကျားသည် ရုပ်ဖျက်၍ မိတ်ဆွေ ရှာဖွေသော **'မိတ်ဆွေတု၊ မိတ်ဆွေယောင်၊ သူငယ်ချင်းတု၊ သူငယ်ချင်းယောင်'**များပြားသည်သည်ကို တွေ့ရှိရပါသည်။

ပညာသင်ကြားနေချိန်တွင် နားမလည်သောစာကို ရှင်းလင်းပြောကြားပေးခြင်းမရှိဘဲ ခိုးချခွင့်၊ ကူးချခွင့် ပြုသောသူငယ်ချင်းသည် စစ်မှန်သောချစ်ခြင်းဖြင့် ချစ်ခင်သောသူငယ်ချင်းကောင်း မဟုတ်ပေ။ အကျိုးလိုလားယောင်ပြ၍ ဒုက္ခရောက်အောင်၊ ဘေးတွေ့အောင် ပြုလုပ်သောသူသာ ဖြစ်ပါသည်။

ပုဂံရာဇဝင်တွင် စောလူးမင်းသည် နို့စို့ဖက် ငရမန်ကန်းနှင့် ကြွေအန်ကစားခဲ့ရာ ငရမန်ကန်းက စောလူးမင်းအပေါ် အငြိုးထားသည်။ ထိုအငြိုးဖြင့် စောလူးမင်းကို ငရမန်ကန်းက ဖမ်းချုပ်သည်။ စောလူးမင်းသည် သူငယ်ချင်းအတု ငရမန်ကန်းက သူ့အပေါ်ငဲ့ညာ၍ သတ်မည် မထင်သောကြောင့် ကျန်စစ်သားမင်း ကယ်သည်ကို **'ကျုန်စစ်သား ငါ့ကိုခိုးသည်'**ဟု အော်ဟစ် သည်။ ကျန်စစ်သားက ချုပ်ထားခဲ့ခြင်းကြောင့် ငရမန်ကန်း၏ သတ်ဖြတ်ခြင်းကို ခံရသည်။ ထို့ကြောင့် လောကတွင် သူငယ်ချင်းပေါင်းသင်းရာတွင် မည်မျှအရေးကြီးကြောင်း သာဓက ပြနေပါသည်။ ထို့ကြောင့် ကြည့်ကန်ရှင်ကြီးမေတ္တာစာတွင် ထိုလူမျိုးကိုရှောင်ရန်

**ဝူဖျက်ကိုလည်း မအောင်းနှင့်၊ လူဖျက်ကိုလည်း မပေါင်းနှင့်။**

ဝူဖျက်ကိုအောင်းက ဝိတတ်သည်။ လူဖျက်ကိုပေါင်းက ငြိတတ်သည်ဟု သတိပေးထားပါသည်။ သူငယ်ချင်းကောင်းနှင့်ကြုံတွေ့လျှင် သူငယ်ချင်းကောင်းကြောင့် ဂုဏ်တက်၍ မြင့်မားသော ဘဝအခြေအနေကို ပိုင်ဆိုင်ခွင့် ရနိုင်ပါသည်။ ကမ္ဘာ့ဥာန်းဆရာကြီး ဦးဂိုအင်ကာသည် အသက် (၃၁)နှစ်အရွယ်တွင် ခေါင်းခဲဝေဒနာစွဲကပ်သည်။ သူငယ်ချင်းဖြစ်သူ တရားရုံးချုပ်တရားသူကြီး ဦးချန်ထွန်း ညွှန်ပြပေးရာ ဝိပဿနာဆရာကြီး ဦးဘခင်ထံရောက်မှ တရားထိုင်၍ ခေါင်းခဲဝေဒနာစွဲကပ်ခြင်းပျောက်ကင်းခဲ့ရပါသည်။ မပုကြွယ်နှင့် ခရင်ယ်ပုံပြင်တွင် စာကျက်ပျင်းသော မပုကြွယ်အား အသိဉာဏ်ပညာပေးသော ခရုငယ်သည် မပုကြွယ်၏ သူငယ်ချင်းကောင်းဖြစ်ပါသည်။

ထို့ကြောင့် လူမှုဆက်ဆံရေးတွင် သူငယ်ချင်း၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှ၍ သူငယ်ချင်းကောင်း၊ သူငယ်ချင်းစစ်ကို ပေါင်းသင်းမိရန် လွန်စွာအရေးကြီးလှပါသည်။ ။

တိုင်းရင်းသားတို့ ပျော်ရာမြေ

- ❑ ပင်လုံစာချုပ်ဖြင့် အချုပ်အခြာတည်တံ့သော မြန်မာနိုင်ငံသည် တိုင်းရင်းသားတို့ ပျော်ရာမြေဖြစ်ပုံ
- ❑ တိုင်းရင်းသားလူမျိုးတစ်မျိုးစီ၏ တည်နေရာ
- ❑ နေထိုင်သော မျိုးနွယ်
- ❑ ရိုးရာပွဲတော်၊ ဓလေ့ထုံးစံ
- ❑ သယံဇာတ၊ တန်ဖိုးကြီးသောဘုရားပုထိုး
- ❑ မိမိအမြင်

## တိုင်းရင်းသားတို့ ပျော်ရာမြေ

ပြည်ထောင်စုမြန်မာနိုင်ငံဟူသည် ပြည်ထောင်စုဟူသော စကားဝေါဟာရနှင့်အညီ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော တိုင်းရင်းသားမျိုးနွယ် ၁၃၅မျိုး စုစည်းနေထိုင်ရာ ပြည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဗမာတစ်မျိုးသာပိုင်ဆိုင်သောပြည်မဟုတ်၊ ပြည်ထောင်စုသားအားလုံး ပိုင်ဆိုင်ရာပြည် ဖြစ်ပါသည်။ တောင်ပေါ်မြေပြန့်နေ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုဖြင့် ချုပ်ဆိုသော ပင်လုံစာချုပ်ကြောင့်လည်း အမိမြန်မာပြည်သည် ယနေ့တိုင် တည်တံ့ခဲ့သည်။

အမိမြန်မာပြည်၏ သယံဇာတအလှ၊ သဘာဝတောတောင်ရေမြေ အလှအပတို့ကြောင့် တိုင်းရင်းသားတို့ ပျော်စံရာမြေဖြစ်ခဲ့ပါသည်။ နိုင်ငံတော်သီချင်းလာ **'ဒါ တို့ပြည် ဒါတို့မြေ'** သီချင်းစာသားအတိုင်း တိုင်းရင်းသားတို့ ပျော်မွေ့စွာ မှီတင်းနေထိုင်သောပြည် ဖြစ်ခဲ့သည်။

မြန်မာပြည်၏ မြောက်ပိုင်း ကချင်ပြည်နယ်တွင် ကချင်၊ ဂျိမ်းဖော၊ မရူ၊ ရဝမ်၊ လီဆူးအစရှိသည့် တိုင်းရင်းသားတို့ နေထိုင်ကြပါသည်။ ကချင်ပြည်နယ်တွင် မေခနှင့်မလိခမြစ်နှစ်သွယ်ပေါင်းဆုံသည် မြစ်ဆုံအလှ တည်ရှိပါသည်။ ကျောက်စိမ်းပေါများရာမြေဖြစ်၍ ကျောက်စိမ်းတောဟု ခေါ်ဆိုနိုင်ပါသည်။ ကချင်တို့၏ မနောပွဲ၊ ကောက်သစ်စားပွဲတို့သည် ကချင်တိုင်းရင်းသားတို့ ပျော်ရွှင်သော ရိုးရာပွဲတော် ဖြစ်ပါသည်။ ကချင်ပြည်နယ်သို့ လည်ပတ်ပါက ကချင်တိုင်းရင်းသားတို့က **'ထောင်ကာအကာ'** ဖြင့် ကြိုဆိုကြမည်ဖြစ်ပါသည်။

ကယားတို့ပျော်စရာ ငွေတောင်ပြည်တွင် ကယား၊ ကရင်၊ ဂေခို၊ ဂေဘား၊ ကယမ်း၊ ပရဲ၊ မနူမနော်၊ ယင်းတော်၊ ယင်းတလဲတို့ နေထိုင်ကြပါသည်။ လည်ပင်းကြေးကွင်းစွပ်ထားသော ပဒေါင်လူမျိုးများကြောင့် ကယားပြည်နယ်သည် ထင်ရှားသောနေရာဖြစ်ခဲ့ပါသည်။ ကယားပြည်နယ်တွင် ဒုတိယကမ္ဘာစစ် စစ်ရှုံးလျော်ကြေးအဖြစ် တည်ဆောက်ပေးသော လောပိတရေတံခွန် ရှိပါသည်။ လောပိတရေတံခွန်မှ မြန်မာပြည်အနှံ့ လျှပ်စစ်ဓာတ်အား ပို့လွှတ်သဖြင့် လောပိတရေတံခွန်သည် ကယားတိုင်းရင်းသားတို့ ဂုဏ်ယူစရာဖြစ်ပါသည်။ ငွေတောင်ဆည်၊ မိုးဗြဲဆည်တို့သည် စိုက်ပျိုးရေးကို အထောက်အပံ့ပေးပါသည်။ တောင်နှစ်လုံးကြားတည်ဆောက်ထားသော တောင်ကွဲစေတီသည် တန်ခိုးကြီးလှပါသည်။ ကယားပြည်နယ်၏ ဒဏ္ဍာရီဖြစ်သော သုမနေ၊ ဒွေးမယ်နော် ချစ်ဇာတ်လမ်းမှာ လွမ်းမောဖွယ်ကောင်းလှပါသည်။

မြန်မာပြည်၏ အရှေ့တောင်ပိုင်း ကရင်ပြည်နယ်တွင် စကောကရင်၊ ပိုးကရင်တို့ နေထိုင်ကြပါသည်။ ကရင်ပြည်နယ်တွင် လှပသော ဇွဲကပင်တောင်၊ ဘုရင့်ညီဂူ၊ ကော့ကျွန်းဂူ ရှိပါသည်။

ချင်းတိုင်းရင်းသားတို့ပျော်စံရာ တောင်ဇလပ်ပန်းများပွင့်သော ချင်းပြည်နယ်တွင် ချင်းမျိုးနွယ်စုများနေထိုင်ကြသည်။ ကန်ပက်လက်ရှိ နတ်မတောင်၊ ကနေဒီတောင်၊ ရိဒ်ရေကန်၊ ရှာလ်လုမ်းခံတပ်တို့သည် ချင်းပြည်နယ်ကို ပိုမိုလှပစေပါသည်။

မွန်ဘာသာစကားပြောကြသော မွန်တိုင်းရင်းသားအများစုသည် မွန်ပြည်နယ်တွင် နေထိုင်ကြပါသည်။ မွန်လူမျိုးတို့သည် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး စသော ဒေသအနှံ့အပြား၌လည်း အတန်အသင့်နေထိုင်ကြပါသည်။ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးဘုရားသည် တန်ခိုးကြီးလှ၍ မြန်မာပြည်အနှံ့က ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြပါသည်။

မြန်မာပြည် အနောက်ပိုင်းတွင် သဇင်ပန်းဝေသော ရခိုင်ပြည်နယ်ရှိ၍ ရခိုင်လူမျိုးအများစု နေထိုင်ကြပါသည်။ ရခိုင်လူမျိုးတို့ပြောသော ရခိုင်စကားအပြင် သက်၊ ဒိုင်နက်၊ မြို တိုင်းရင်းသား ဘာသာစကားပြောသော လူမျိုးကွဲများရှိပါသည်။ ရခိုင်ပြည်နယ်တွင် မြောက်ဦး၊ ကျောက်တော်၊ ရှစ်သောင်း၊ ကိုးသောင်းဘုရား၊

ဆံတော်ရှင်ဘုရားတို့သည် ရှေးဟောင်းဘုရားဖြစ်၍ ပုဂံဘုရားများထက်ပို၍ ရှေးကျပါသည်။

ရှမ်းဘာသာစကားကို ပြောဆိုသော ရှမ်းတိုင်းရင်းသားအများစုသည် ချယ်ရီပန်းပွင့်သော ရှမ်းပြည်နယ်တွင် နေထိုင်ကြပါသည်။ ရှမ်းပြည်နယ်တွင် မြန်မာအစုဖြစ်သော မနု၊ အင်းသား၊ တောင်ရိုး၊ လိုလိုအစုဝင်ဖြစ်သော လီဆူ၊ လားဟူ၊ အီကော်၊ ကရင်အစုဝင်ဖြစ်သော ပအိုဝ် တိုင်းရင်းသားတို့ နေထိုင်ကြသည်။ ရှမ်းပြည်နယ်သည် ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်း လားရှိုးနှင့် အရှေ့ပိုင်း ကျိုင်းတုံတို့ပေါင်းစုရာ တိုင်းရင်းသားတို့ပျော်စံရာမြေ ဖြစ်ပါသည်။ နှစ်စဉ်တန်ဆောင်မုန်းလပြည့်ရောက်တိုင်း တောင်ကြီးမီးပုံးပျံလွှတ်ပွဲသည် စည်ကားသိုက်မြိုက်လှပါသည်။ အင်းလေးကန်သည် ရှမ်းပြည်နယ်၏ အထင်ကရ ကန်ဖြစ်၍ လက်ဖြင့်မလှော်၊ ခြေဖြင့်လှော်သွားကြသော ရှမ်းတိုင်းရင်းသားတို့၏ ဓလေ့ထုံးစံမှာ တစ်မူထူးခြားဆန်းပြားလှပါသည်။ **'ဖောင်တော်ဦးစေတီတော်၊ ပင်းတယ လိုဏ်ဂူ၊ မြင်းမထိလိုဏ်ဂူ'**တို့သည် ရှမ်းတိုင်းရင်းသားတို့၏ ဂုဏ်ဒြပ် ကို ဖော်ပြပါသည်။ ရှမ်းတိုင်းရင်းသားတို့သည် ကောက်သစ်ပေါ်သောအချိန်တွင် ကောက်သစ်စားပွဲဖြင့် လမုန်းအကဖြင့် ပျော်ရွှင်စွာ ကခုန်ကြပါသည်။ ရှမ်းတိုင်းရင်းသားတို့၏ အထင်ကရ ဘော်ကြိုဘုရားပွဲတွင် ကချင်၊ ရှမ်း၊ ပလောင်တိုင်းရင်းသားတို့ပျော်ရွှင်သော စိတ်ဖြင့် စုဝေးပုံကို ဆရာဇော်ဂျီ၏ ကမ္ဘောဇသို့ ကဗျာတွင်

**'ကချင်မယ်လွယ်ပလိုင်းနဲ့**
**သင်တိုင်းက နီပြာပြာ**
**ပါလေရဲ့ ပန်းပွား**
**မောရှမ်းတောင်သူနဲ့**
**ပလောင်သူ ငွေရှေပါး**
**နှင်းဆီတဲ့လား'** ဟု ရေးဖွဲ့ခဲ့ပါသည်။

မြန်မာနိုင်ငံ၏တောင်ပိုင်း မြိတ်ကျွန်းစုတွင် ရေပြင်ကို အိမ်သဖွယ် သဘောထား၍ ပုလဲကို ရေငုပ်ရှာဖွေ၍ အသက်မွေးသော ဆလုံတိုင်းရင်းသားများ နေထိုင်ကြပါသည်။ မြိတ်ကျွန်းရှိ သဘာဝသန္တာကျောက်တန်းများမှာ အံ့ချီးဖွယ်ဖြစ်လှပါသည်။

မြန်မာနိုင်ငံ၏ အနောက်မြောက်ဒေသ စစ်ကိုင်းတိုင်းတွင် တောင်စဉ်

တောင်တန်းများနှင့် သာယာလှပသည့် ခန္တီးခရိုင်တွင် နာဂတိုင်းရင်းသားများ နေထိုင်ကြပါသည်။ နာဂတိုင်းရင်းသား တို့သည် နှစ်စဉ် ရိုးရာမပျက် နှစ်သစ်ကူး ပွဲတော်၊ ကောက်သစ်စားပွဲတော်၊ မုန့်ထောင်းပွဲတော်များကို ကျင်းပကြပါသည်။

**'လူလည်းတစ်ထွေ၊ ရေလည်းတခြား'** ဆိုသကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးခြင်းရှိသော်လည်း တိုင်းရင်းသားအပေါင်း တို့သည် ရောင့်ရဲခြင်း၊ ပျော်ရွှင်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်း စိတ်ထားများဖြင့် ဇာတိမြေတွင် ပျော်ရွှင်စွာ နေထိုင်ကြလျက် ရှိပါသည်။ ။

ဆောင်းနှင်းဝေဝေ

- ဆောင်းနှင်းဝေသော ဆောင်းရာသီတွင် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုတွင်ပါဝင်ပုံ
- ထိုလသုံးလ၏ ရာသီ၊ နက္ခတ်၊ ရာသီပန်း၊ ရာသီသဘာဝအလှ
- ရာသီပွဲ၊ လအလိုက်ဆောင်ရွက်မှု
- ရှေးစာဆိုတို့၏ ရာသီအဖွဲ့အနွဲ့
- မိမိအမြင်

## ဆောင်းနှင်းဝေဝေ

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ရာသီသုံးလီရှိသည့်အနက် ရာသီတိုင်း သူ့သဘာဝ၊ သူ့အလှနှင့် ရှိပါသည်။ ဟေမန္တဆောင်းရာသီသည် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလသုံးလီတွင် ပါဝင်ပါသည်။

မိုးအကုန် ဆောင်းအကူး တန်ဆောင်မုန်းလတွင် ဆောင်းတွင်းဝင်လဖြစ်၍ ဆောင်း၏အငွေ့အသက်ကို ခံစားစပြုသောလဖြစ်ပါသည်။ နတ်တော်လ ဆန်းယှဉ် နက္ခတ်မှာ မိဂသီနက္ခတ်ဖြစ်ပြီး ရာသီမှာ ဓနုရာသီဖြစ်ပါသည်။ သဇင်ပန်းဝေသော လဖြစ်ပါသည်။

နတ်တော်လသည် မိုးရာသီကဲ့သို့ မိုးရွာခြင်းမရှိသဖြင့် စွတ်စိုထိုင်းမှိုင်း ခြင်းမရှိပါ။ ပွင့်လင်းရာသီဖြစ်၍ ဘုရားဖူးဝါသနာပါသူများ မြန်မာပြည်အနှံ့ လှည့်လည်ဘုရားဖူးကြသည်။ နိုင်ငံခြားဧည့်သည်များ မြန်မာပြည်တွင်း လာရောက် လည်ပတ်သဖြင့် နိုင်ငံခြားဝင်ငွေ အများဆုံးရသောလဖြစ်ပါသည်။ နတ်တော်လတွင် ကျင်းပသော ရိုးရာဓလေ့မှာ မဟာပိန္နဲပူဇော်ပွဲနှင့် ဆင်ဖမ်းပွဲ ကျင်းပပါသည်။ စစ်အင်္ဂါလေးပါးအနက် ဆင်တပ်သည် အရေးကြီးသော စစ်အင်္ဂါဖြစ်၍ နတ်တော် လတွင် ဆင်ကိုကျုံးသွင်းကြသည်မှာ အမျိုးသားရေးတာဝန် ဖြစ်ပါသည်။ ယခုအခါ မဟာပိန္နဲပူဇော်ပွဲနှင့် ဆင်ဖမ်းပွဲမှာမေးမှိန်သွားပြီ ဖြစ်ပါသည်။ နတ်တော်လ (ဒီဇင်ဘာလ)တွင် ထူးချွန်သော ရုပ်ရှင်သရုပ်ဆောင်များကို အကယ်ဒမီ ဆုပေးပွဲ ရှိပါသည်။

စာပေဗဟုသုတပြည့်ဝသော စာဆိုတော်များကို ဘိုးတော်ဘုရား

လက်ထက်က စတင်ချီးမြှင့်မြှောက်စားပါသည်။ ၁၉၄၂-၄၃ ဂျပန်ခေတ်တွင် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်သည်။ ယခုခေတ်တွင် နတ်တော်လဆန်း (၁)ရက်နေ့ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ရာ ပြည်သူအကျိုးပြု စာရေးဆရာများကို စာပေဆုချီးမြှင့်ပါသည်။

ပြာသိုလသည် ဆောင်းရာသီအလယ်လဖြစ်၍ ငွေနှင်းစိုစို၊ လပြာသိုဆိုရိုးနှင့်အညီ မြူနှင်းဝေ၍ အချမ်းပိုသောလဖြစ်ပါသည်။ ပြာသိုလ၏ စန်းယှဉ်နက္ခတ်မှာ ဖုဿျှနက္ခတ်ဖြစ်ပြီး ရာသီမှာ မကာရရာသီဖြစ်ပါသည်။ မဟာအတုလမင်းကြီး၏

**'တိမ်ခြေငယ်ရှင်းပါလို့၊ မြူနှင်းငယ်စိုစို၊ လပြာသိုလမှာ**

**နှယ်ခွာညိုမြိုင်မြိုင်နှင့် လှိုင်လှိုင်သင်းတဲ့လကိုလေ'** အဖွဲ့အရ ခွာညိုပန်းဝေသောလဖြစ်ပါသည်။

ရှေးမြန်မာမင်းလက်ထက်က ချမ်းအေးသောပြာသလိုတွင် '<u>မြင်းခင်းသဘင်ပွဲ</u>' ကျင်းပပေးသည်။ မြင်းခင်းသဘင်ပွဲသည် စားရေး၊ လုံရေး၊ ဆင်ရေး ကျွမ်းကျင်းသော သူရဲကောင်းများကို မွေးထုတ်ပေးသည်။ သက္ကရာဇ် ဖ၇၄ ပင်းယတစ်စီးရှင် သီဟသူ လက်ထက်ကျင်းပသော မြင်းခင်းသဘင်ပွဲကို

**'ခါးပတ်တော်မှာ ရွှေချည်စုံ၊ မိုင်းလုံးရွှေဝတ်လုံ**

**မလုံသာချမ်းအေးမြ၊ မိုးသောက်ထ ရောင်နီလာ'** ဟု မှတ်တမ်းတင်ရေးဖွဲ့ပါသည်။ ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကျင်းပသည်။ ထို့ပြင် ထူးချွန်ထက်မြက်သည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များချီးမြှင့်အပ်နှင်းပွဲများ ကျင်းပပေးပါသည်။

တပို့တွဲလသည် မာဃနက္ခတ်နှင့်စန်းယှဉ်သော **'ကုံရာသီ'**လ ဖြစ်ပါသည်။ ပေါက်ပန်းပွင့်သောလ ဖြစ်ပါသည်။ တပို့တွဲလတွင် တော၊ တောင် ပတ်ဝန်းကျင်ရှိ သစ်ရွက်များသည် စိမ်းရာမှ ညို၊ ညိုရာမှဝါ၊ ဝါရာမှ ခြောက်၍ အပင်အောက်ကြွေကျသောသဘာဝရှိပါသည်။ ရှင်ဥတ္တမကျော်က ရွှေစက်တော်လားတောလားတွင် တပို့တွဲလ၏ သဘာဝကို

**"လေခမြေသက်ရျာန်ဝိတက်သို့**

**သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်**

**သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ**

**ခြယ်သောပုံသို့"** ဟူ၍ စာပန်းချီခြယ်သပါသည်။

တပို့တွဲလတွင် '**ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ**' ဆိုသည့်အတိုင်း ရှေးကအခေါ် ယာဂုပြုလုပ်ကြပါသည်။ ယခုအခါ ထမနဲပွဲကို ပြုလုပ်ကြပါသည်။

နှင်းမှုန်ကျသော ချမ်းအေးသောရာသီနှင့် လိုက်ဖက်စွာ အပူဓာတ်ပေးနိုင်သော ကောက်ညှင်း၊ ဆန်၊ မြေပဲ၊ နှမ်း၊ အုန်းသီးတို့ဖြင့် ထမနဲထိုး၍ ဘုရားသို့ ကပ်လှူပူဇော်ကြသည်။ မြို့ရွာ၊ ရပ်ကွက်အနှံ့ ထမနဲထိုးပြိုင်ပွဲ ကျင်းပကြပါသည်။

တပို့တွဲလသည် အချမ်းလွန်ကဲသည့်အတွက် '**ဘုရားရှင်၏ ရွှေလက်တော် မီးဖွေ့ခံသောလ**' ဟု အဆိုရှိသည်။ '**မီးမယ်ဖျူး ရွှေလက်ကင်သည် ရွှေစက်သွင်း အေးသည့်ကာလ**' ဟု စာဖွဲ့ကြသည်။ လူတို့သည် အေးချမ်းမှုဒဏ်ကို ခံနိုင်ရန် မီးလှုံ၍ လက်ကင်သောမြင်ကွင်းကို နေရာအနှံ့တွင် တွေ့ရပါသည်။

အချုပ်ဆိုသော ဆောင်းနှင်းဝေ၊ မြူနှင်းဝေသော လရာသီသည် သီးနှံပေါ်ချိန်ဖြစ်၍ ဘာသာသာသနာ ဆောင်ရွက်မှုပေါ်များသောလဖြစ်ပါသည်။ လောကီ၊ လောကုတ္တရာဘက်တွင် ပညာထူးချွန်သူများကို ဆုချီးမြှင့်သော ဖြစ်ပါသည်။ ရှေးယခင်က စစ်ရေးကျွမ်းကျင်သော စစ်သူရဲကောင်းများ မွေးထုတ်ပေးသောလ ဖြစ်ပါသည်။ ထို့ကြောင့် ဆောင်းအလှသည် တော၊ တောင်၊ ရေမြေသဘာဝအလှသာမက လောကီ၊ လောကုတ္တရာအလှအပ၊ ဘာသာရေးအလှအပများနှင့် ပြည့်လျှမ်းထုံမွှမ်းသောလဖြစ်ပါသည်။ ။

ပညာဂုဏ်ရောင်ထွန်းလင်းပြောင်

- ပညာနှင့်တူသော အလင်းရောင်မရှိပုံ
- ပညာ၏ တန်ဖိုးကြီးမားပုံ
- ပညာကို ကြိုးစားသင်ယူသင့်ပုံ
- ပညာရှိခြင်း၏ အကျိုးကျေးဇူးများ
- ပညာမဲ့ခြင်း၏ အပြစ်များ
- မိမိအမြင်

## ပညာဂုဏ်ရောင်ထွန်းလင်းပြောင်

"ပညာ သမာ၊ အာဘာ နတ္ထိ" ဟူ၍ မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။ အဓိပ္ပာယ်မှာ ပညာသမာ- ပညာနှင့်တူသော အာဘာ- အလင်းရောင်သည် နတ္ထိ- မရှိဟူ၍ ဖြစ်ပါသည်။ နေရောင်၊ လရောင်တို့သည် ကမ္ဘာလောကကြီးတစ်ခုလုံးကို အလင်းရောင်ပေးနိုင်စွမ်းရှိသည်။ မည်မျှပင်အလင်းရောင် ပေးနိုင်စေကာမူ ပညာက ပေးနိုင်စွမ်းသော အလင်းရောင်းကို မမီသဖြင့် မြတ်ဗုဒ္ဓက "ပညာသမာ၊ အာဘာ နတ္ထိ" ဟုဟောကြားခဲ့ခြင်း ဖြစ်ပါသည်။ ပညာကသာလျှင် လူတစ်ဦးချင်းစီ၏ ဘဝကို ထွန်းလင်းပြောင်အောင် အလင်းရောင်ပေးနိုင်စွမ်းပါသည်။

ပညာ၏တန်ဖိုးက ကြီးမြတ်လှပါသည်။ ပညာသည် အဖိုးတန်ဆုံးဥစ္စာပင် ဖြစ်ပါသည်။ ပညာ၏ တန်ဖိုးကြီးမြတ်ပုံကို **လောကနီတိ**တွင် -

"သိပ္ပ သမံ ဓနံ နတ္ထိ၊
သိပ္ပံစောရာ န ဂဏှန္တိ။
ဣဓ လောကေ သိပ္ပံ မိတ္တံ
ပရ လောကေ သုခါဝဟံ။"

ဟု မိန့်ဆိုထားပါသည်။ အတတ်ပညာနှင့်တူသော ဥစ္စာသည်မရှိ။ အတတ်ပညာကို ခိုးသူတို့ ခိုးဝှက်လုယက်၍ မရနိုင်ပါ။ ဤမျက်မှောက် လောက၌ အတတ်ပညာသည် မိတ်ဆွေကောင်းဖြစ်၏။ တမလွန် လောက၌လည်း ချမ်းသာခြင်းကို ဆောင်ကြောင်း ပြဆိုထားပါသည်။

ပညာ၏ တန်ဖိုးသည် ကြီးမြတ်လှသဖြင့် ပညာမဲ့သူမဖြစ်ရအောင် ပညာကို

ယှဉ်ယှဉ်စဉ်မှစ၍ ဘဝတစ်သက်တာလုံးသင်ယူနေရမည်ဖြစ်ပါသည်။ "ပညာရှာပမာ သူဖုန်းစား" ဟူသော ရှေးလူကြီးတို့၏ စကားကိုနာယူကာ အရှက်အကြောက်၊ အကြွားအဝါ၊ မာန်မာနတို့ကို ပယ်ဖျောက်၍ သင်ယူရပါမည်။ ပညာကို လိုလားသူသည် ပညာရှိထံ ဆည်းကပ်ရမည်။ ဤသဘောကို ထန်တော်မင်းကျောင်းဆရာတော်က လောကသာရပျို့တွင်-

"ပညာလိုသော်၊ ပညာရှိကိုယှဉ်၊ မေးစဉ်နေ့ညမပြတ်၊ အဖတ်အအံ၊
အကြံအရေး၊ ရှေးရှေးပုံကိုဆောင်၊ ရှူးကျွန်မှူ၍ကပ်၊ သွပ်ကျွန်မှူ၍ချောင်း"

ဟူ၍ ဆုံးမထားသည်မှာ ပညာကိုလိုလားသူတိုင်း လိုက်နာကျင့်ကြံအပ်သော ဆုံးမစကားပင်ဖြစ်ပါသည်။

ပညာသင်ချိန်တွင် ပညာကို ကြိုးကြိုးစားစား သင်ယူမည့်သူတိုင်းအတွက် ရှင်မဟာရဋ္ဌသာရက "သီကုံးပန်းသွင်နေ့တိုင်းဆင်" ကောပိဒ်ရတုဖြင့် လမ်းညွှန်ခဲ့ပါသည်။ "သုစိပုဘာ၊ ဝိလသိဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို သီကုံးပန်းသွင်၊ နေ့တိုင်ဆင်လော့" ဟု လမ်းညွှန်ခဲ့သည့်အတိုင်း ကြားနာခြင်း၊ ကြံစည်ခြင်း၊ မေးမြန်းခြင်း၊ ပြောဆိုခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ ရေးမှတ်ခြင်း၊ လေ့ကျင့်ခြင်း၊ နှုတ်တက်ဆောင်ခြင်း တို့ကို နေ့စဉ်ပြုလုပ်ရပါမည်။ ထို့ပြင် မိမိသင်ယူထားသော စာများကို စွဲမြဲစွာမှတ်ယူအပ်ကြောင်းကိုလည်း -

"စာသင်ဟူက၊ ကျမ်းထိုမျှကို၊ တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊
ကျွတ်ကျွတ်ဝါးသို့။ လွှသွားပမာ၊ ကျောက်ထက်စာသို့"

ဟူ၍ဆုံးမထားပါသည်။ ပညာကိုကြိုးစားသင်ယူသူတိုင်း လိုက်နာအပ်သော ဆုံးမစကားပင် ဖြစ်ပါသည်။ မြတ်စွာဘုရားသခင်သည် အလုံးစုံကို နှံ့စပ်သိမြင်သော ဉာဏ်ပညာရရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့ရပါသည်။ ပစ္ဆိမဘဝတွင် ဘုရားဖြစ်ရန် ခြောက်နှစ်လုံးလုံး ဒုက္ကရစရိယာ ကျင့်ကြံခဲ့ရပါသည်။ သဗ္ဗညုတ ဉာဏ်တော်ရရန် လွယ်ကူသော အရာမဟုတ်ပါ။ ဘဝအဆက်ဆက် ဖြည့်ဆည်းခဲ့သော ပါရမီအဟုန်ကြောင့် ပညာကြီးမားလှသည့် မြတ်စွာဘုရားအား လူ၊ နတ်၊ ဗြဟ္မာ အပေါင်းက ကြည်လင် ညွတ်တွားစွာ ပူဇော်ရပေသည်။

ဘုရားလောင်း မဟောသဓာသည် ငယ်ရွယ်စဉ်ကပင် ပြဿနာအမျိုးမျိုးကို ပညာဖြင့် ဖြေရှင်းပေးနိုင်ခဲ့သဖြင့် ဝိဒေဟရာဇ်မင်းကြီးက ချီးမြှောက်ခဲ့သည်။ ဝိဒေဟရာဇ်မင်းကြီး၏ အကြံအစည်မှန်သမျှကို ဖြည့်စွမ်းပေးနိုင်သည်မှာလည်း

မဟောသဓာ၏ ပညာကြီးမှုကြောင့်ပင်ဖြစ်ပါသည်။ ဝိဒေဟရာဇ်မင်းကြီး နတ်ရွာစံသောအခါတွင် စူဠဏီဗြဟ္မဒတ်မင်းကြီးက မိမိ၏ တိုင်းပြည်တစ်ခုလုံးကို မဟောသဓာ အလိုအတိုင်း ဖြစ်စေခဲ့ပါသည်။ လောကတွင် ပညာရှိသူကို ရန်သူကပင် ချီးမြှင့်မြှောက်စားခံရသည်အထိ အကျိုးရမည်သာဖြစ်ပါသည်။

ဘုရားလောင်းဝိဓူရအမတ်ကြီးသည်လည်း ပညာဂုဏ်ရောင်ထွန်းလင်းပြောင်သူတို့တွင် ထင်ရှားသူပင်ဖြစ်ပါသည်။ ကောရဗျမင်းနှင့်တကွ နဂါး၊ ဂဠုန်နှင့် သိကြားမင်းတို့ မဖြေရှင်းနိုင်သော ပြဿနာကို ဖြေရှင်းပေးနိုင်သဖြင့် မင်းလေးပါးတို့၏ ကြည်ညို ချီးမြှောက်ခြင်းကို ခံခဲ့ရသည်။ ကောရဗျမင်းကြီးက ဝိဓူရသုခမိန်သည် မိမိ၏ကိုယ်ပင်ဖြစ်၏။ မိမိ၏ကိုးကွယ်ရာဖြစ်သည်ဟု ပင်ဆိုခဲ့ပါသည်။ ဝိဓူရသုခမိန်သည် နဂါးပြည်အထိ တရားဟောအေး တိုက်ကျွေးနိုင်သူပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ပညာရှိသူသည် လူ့ပြည်လူ့ဘုံတွင်သာမက နဂါးပြည်အထိပင် ပွဲလယ်တင့်ကြောင်း သိမြင်နိုင်ပါသည်။

မြန်မာရာဇဝင်တွင် ပညာရှိအဖြစ် ထင်ရှားသော **ဝန်ဇင်းမင်းရာဇာ**သည် မူလကဆင်းရဲသား လယ်သမား ညီနောင်သာဖြစ်ပါသည်။ သို့သော် စာပေဗဟုသုတများကို အချိန်ရသမျှ လေ့လာခဲ့ပါသည်။ အခြားသူများ မဖြေရှင်းနိုင်သော ပြဿနာကို ဖြေရှင်းပေးနိုင်သည်မှအစပြုပြီး ဘုရင်၏မြှောက်စားခြင်းကိုခံရကာ "ဝန်ဇင်းမင်းရာဇာ"ဟူသော ဘွဲ့ဖြင့် ပညာရှိအမတ်ကြီး ဖြစ်လာရပေသည်။

အမေရိကန်၏ သမ္မတဖြစ်ခဲ့သော **လင်ကွန်း**သည် မူလက ဆင်းရဲသား မိသားစုမှ ဆင်းသက်လာသူ ဖြစ်ပါသည်။ ထင်းမီးဖို၏ အလင်းရောင်ဖြင့် စာပေဗဟုသုတများကို လေ့လာဆည်းပူးခဲ့ရသည်။ ထိုသို့ပညာကို ကြိုးစားသဖြင့် ဆင်းဆင်းရဲရဲဘဝမှ အမေရိကန်နိုင်ငံ၏ သမ္မတပင်ဖြစ်ခဲ့ရပါသည်။

ယနေ့ခေတ်တွင်လည်း ပညာဉာဏ်ကြီးသဖြင့် ချီးမြှောက်ခြင်းခံရသူများစွာ ရှိပါသည်။ ပညာရှိသူကို လူတိုင်းကရိုသေကြသည်။ ပညာရှိသူသည် ဥစ္စာစည်းစိမ်ကြွယ်ဝသူထက် တင့်တယ်ပါသည်။ ထို့ကြောင့် အတတ်ပညာကို ဦးစွာသင်ယူအပ်ပါသည်။ သို့ဖြစ်၍ "**ပညာကိုရှေး၊ ဥစ္စာကိုနောက်**"ဟု ရှေးမြန်မာတို့ အစဉ်အလာ ဆိုရိုးစကားအဖြစ် ဆိုစမှတ်ပြုကြခြင်းဖြစ်ပါသည်။

ပညာရှိသူသည် ပရိသတ်အလယ်တွင် ပွဲလယ်တင့်သော်လည်း ပညာမဲ့သူသည် လောကအလယ်တွင် မတင့်မတယ် ကြောက်ဖွယ် ဖြစ်နေကြရပါသည်။ ငါးရာငါးဆယ် ဇာတ်တော်လာ **လှည်းကုန်သည်**ဇာတ်တွင် ဘုရားလောင်း

လှည်းကုန်သည် လမ်းခရီးတွင်တွေ့ရသော အသီးအပွင့် ဝေဆာနေသော သစ်ပင်ကို တွေ့သည်။ ဉာဏ်ပညာဖြင့်ဆင်ခြင်းပြီး အဆိပ်သီးဟုသိရှိပြီး၊ အဖော်လှည်းသမားတို့ကို မစားရန် တားမြစ်ခဲ့၍ လှည်းကုန်သည်တို့ အသက်ဘေးရန်မှ ကင်းလွတ်ခဲ့သည်။ ဒေဝဒတ်လောင်း လှည်းကုန်သည်တို့မှာမူ ပညာဉာဏ်မရှိသဖြင့် အဆိပ်သီးမှန်း မသိဘဲ ဆွတ်ယူစားသောကြောင့် သေကျေပျက်စီးကြလေသည်။ ပညာမဲ့ခြင်း၏ အပြစ်က အသက်အန္တရာယ်ကိုပင် ဖြစ်စေသည်အထိ ကြောက်စရာကောင်းလှပေသည်။

ရှေးအခါက **ကုဋေရှစ်ဆယ်သူဌေးသား**သည် မိဘချမ်းသာ၍ ငွေဂုဏ်မောက်ကာ ပညာမသင်ယူခဲ့ပေ။ မိဘတို့ကွယ်လွန်သောအခါ ပညာမဲ့သဖြင့် ဥစ္စာပစ္စည်းတို့ကို မထိန်းသိမ်းနိုင်ဘဲ ခွက်လက်စွဲ၍ တောင်းရမ်းစားသောက်ကာ အသေဆိုးဖြင့် သေခဲ့ရပါသည်။

ပညာမရှိလျှင် သူတစ်ပါးအနိုင်းခံရမည်ဖြစ်ကြောင်းကို **"ပညာမရှိသူ၏ ဝန်ထမ်း"** ဟူသော ဆိုရိုးစကားဖြင့် သတိပေးထားပါသည်။ ပညာမဲ့သူသည် လောကအလယ်တွင် မည်သို့မျှ မတင့်တယ်နိုင်ပါ။ ပညာမဲ့ခြင်းကြောင့် မတင့်တယ်နိုင်ပုံကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့တွင် ဆုံးမလမ်းညွှန်ခဲ့ပါသည်။ ပညာမဲ့သူသည် ပရိသတ်အလယ်၌ စကားဆိုစရာ ကြုံလာပါက ခံတွင်းမဲ့သူကဲ့သို့ နှုတ်ဆိတ်နေရမည်။ ညှိုးငယ်ထိတ်လန့်နေရမည်။ ပြောပြန်လျှင်လည်း ဆင်ကန်းတောတိုးသကဲ့သို့ ဖြစ်နေမည်ဟု ဆုံးမသည်။ ပညာမဲ့သူသည် ဘိုးဘွားမိဘတို့ပေး၍ ချမ်းသာစေကာမူ ပညာရန်မရှိသဖြင့် **"အဆင်းလှဆန်း လူ့ပေါက်ပန်း"** ဟူ၍ ကဲ့ရဲ့ခြင်းခံရပေမည်။ ပထမအရွယ်တွင် ပညာမသင်ခဲ့ပါက အသက်အရွယ်ကြီးရင့်လာသောအခါ "မဟာဒုက္ခတွင်းဆုံးကျ" မည်ဖြစ်ကြောင်း ဆုံးမထားသည်မှ သတိပြုဆင်ခြင်ဖွယ်ပင်ဖြစ်ပါသည်။

ပညာဂုဏ်ရောင်က ထွန်းလင်းတောက်ပသဖြင့် ပညာပြည့်ဝသူသည် လူ့လောကအလယ်တွင် ထင်ရှားကျော်ကြားမြဲဖြစ်ပါသည်။ ပညာရှိသူကို မည်သူတစ်ဦးတစ်ယောက်က မည်မျှပင်ချိုးနှိမ်စေကာမူ နိမ့်ကျသွားမည်မဟုတ်ပါ။ ထို့ကြောင့် **"ပတ္တမြားမှန်လျှင် ရွံ့မှာနစ်သော်လည်း မညစ်"** ဟူသော စကားပုံမှာ ယနေ့တိုင်ထင်ရှားနေခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူသားတိုင်းသည် ဟာသ်တို့အလယ်တွင် ဗျိုင်းမတင့်တယ်သည့် အဖြစ်မျိုးနှင့် မကြုံတွေ့ကြစေရန် လူ့ဘဝကို အလင်းရောင်အတောက်ပဆုံးပေးစွမ်းနိုင်သောပညာကို မျက်မှောက်ဘဝမှသည် ဘဝအဆက်ဆက် ဖြည့်ဆည်းကျင့်ကြံအပ်လှပေသတည်း။ ။

လူငယ်နှင့် အားကစား

- အားကစားဟူသည်
- အားကစားနည်းအမျိုးမျိုးရှိပုံ
- လူသားတို့၏ ကျန်းမာရေးအတွက် အားကစားက အထောက်အကူပြုပုံ
- အားကစားစိတ်ဓာတ်က လူငယ်များကို အကျိုးပြုပုံ
- လူငယ်တိုင်း အားကစားလိုက်စားသင့်ပုံ
- အားကစားဖြင့် တိုင်းပြည်ဂုဏ်ဆောင်နိုင်ပုံ
- ထင်မြင်သုံးသပ်ချက်

## လူငယ်နှင့် အားကစား

"အားကစား" ၏အဓိပ္ပာယ်ကို **မြန်မာအဘိဓာန်**တွင် **"ပြေးခုန်ခြင်း၊ အလေးမခြင်းစသော ကိုယ်လက်လှုပ်ရှားမှု"** ဟုအနက်ဖွင့်ထားပါသည်။ ကိုယ်လက်လှုပ်ရှားမှုသည် လူတိုင်း၏ ကျန်းမာရေးအတွက် အဓိကလိုအပ်ချက် ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်း၏ ကျန်းမာရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ကိုယ်လက်လှုပ်ရှားအားကစားကို နေ့စဉ်လုပ်ဆောင်ကြရန် အထူးသတိပြု သင့်လှပါသည်။

လူတိုင်းအတွက် လိုအပ်လှသော အားကစားကို ကမ္ဘာ့နိုင်ငံအသီးသီးက အားပေး ဆောင်ရွက်ကြပါသည်။ အားကစားနည်းအမျိုးမျိုးကို တီထွင်ခဲ့ကြပါသည်။ ဘောလုံး၊ ဘောလီဘော၊ ဘတ်စကက်ဘော၊ တင်းနစ်၊ ဝါတာပိုလို၊ မြင်းစီး၊ မြားပစ်၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ်၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ တာတို၊ တာလတ်၊ မာရသွန်အပြေး၊ ရေကူး၊ လက်ဝှေ့၊ အလျားခုန်၊ အမြင့်ခုန်၊ တုတ်ထောက်ခုန်၊ ကြက်တောင် စသည်ဖြင့် အားကစားနည်းမျိုးစုံရှိပါသည်။ မြန်မာရိုးရာ အားကစားနည်းများအဖြစ် ခြင်းခတ်၊ ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ လက်ဝှေ့၊ ဈေးတိုင်တက်၊ ခေါင်းအုံးရိုက်၊ လှေလှော်၊ နပန်း စသည်ဖြင့် အမျိုးမျိုးရှိပါသည်။ မည်သည့်ကစားနည်းကိုပင် ကစားသည်ဖြစ်စေ အားကစားသည် ကိုယ်လက်လှုပ်ရှားမှုပင် ဖြစ်ရာ သွေးလေလည်ပတ်မှုကောင်းစေကာ ကျန်းမာရေးကို အထောက်အကူပြုမည်သာဖြစ်ပါသည်။

ကျန်းမာခြင်းသည် လူတိုင်းအတွက် အရေးကြီးလှသဖြင့် သုံးလောက

ထွက်ထား သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားက "အာရောဂျ ပရမံ လာဘံ"(ကျန်းမာခြင်းသည် လာဘ်တစ်ပါး)ဟု မိန့်တော်မူခဲ့ပါသည်။ ကာယသုခ၊ စိတ္တသုခနှစ်ဖြာသော ချမ်းသာသုခနှင့် ပြည့်စုံမှာ ကျန်းမာရေးနှင့် ပြည့်စုံသည်ဟု ဆိုနိုင်ပါသည်။ ကျန်းမာခြင်းနှင့် ပြည့်စုံမှသာ လောကီ၊ လောကုတ္တရာ နှစ်သွယ်သော ကောင်းကျိုးကို ဆောင်နိုင်ပါမည်။ ထို့ကြောင့် ကျန်းမာခြင်းသည် လူသားတိုင်းအတွက် မည်မျှအရေးကြီးကြောင်း သိမြင်နိုင်ပါသည်။ အရေးကြီးလှသော ကျန်းမာခြင်းအတွက် အားကစားက များစွာအထောက်အကူပြုကြောင်းကိုလည်း လူတိုင်းက သိမြင်ကြပါသည်။

**"ယနေ့လူငယ်နောင်ဝယ်လူကြီး"** ဟူသောစကားအတိုင်း လူငယ်တို့သည် နောင်အနာဂတ်ကို ဦးဆောင်ကြမည့်သူများပင်ဖြစ်ပါသည်။ သို့သော် လူငယ်တိုင်းက နောင်အနာဂတ်ကို ဦးဆောင်နိုင်ကြမည် မဟုတ်ပါ။ ပညာတတ် လူငယ်များကသာ နောင်အနာဂတ်ကို ဦးဆောင်နိုင်ကြမည် ဖြစ်ပါသည်။ ပညာကို အပတ်တကုတ် ကြိုးစားရှာမှီးနိုင်ရန် ကျန်းမာရေးသည် အဓိကကျလှပါသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းက အရေးပါ လှပါသည်။

လူငယ်တို့သည် အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာသန်စွမ်း တောင့်တင်းသူများ ဖြစ်လာသကဲ့သို့ အားကစားစိတ်ဓာတ်လည်း ပြည့်ဝလာစေပါသည်။ အားကစားစိတ်ဓာတ်ဆိုသည်မှာ သည်းခံခြင်း၊ ဇွဲရှိခြင်း၊ အနစ်နာခံခြင်း၊ တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ရေသာမခိုခြင်း၊ စုပေါင်းလုပ်ဆောင်လိုသော စိတ်ဓာတ်ရှိခြင်း၊ စည်းကမ်းလိုက်နာတတ်ခြင်း၊ မှန်ကန်သော အဆုံးအဖြတ်ကို ခံယူတတ်ခြင်း၊ အရှုံးကို အပြုံးနှင့်ရင်ဆိုင်တတ်ခြင်း၊ အောင်မြင်မှုကို တရားသဖြင့် ရအောင်ဖန်တီးတတ်ခြင်း စသည်တို့ဖြစ်ပါသည်။ အားကစားစိတ်ဓာတ်သည် စိတ်ဓာတ်ရင့်ကျက်သူတို့တွင်သာ ရှိနိုင်ပါသည်။ စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်ပြီး အားကစားစိတ်ဓာတ်ပြည့်ဝသော လူငယ်တို့သည်သာ နောင်အနာဂတ်ကိုဦးဆောင် နိုင်ကြပေမည်။ အားကစားစိတ်ဓာတ်က လူငယ်များကို အစဉ်အမြဲအကျိုး ပြုနေမည်သာဖြစ်ပါသည်။

လူငယ်တိုင်းသည် အားကစားကို လိုက်စားသင့်ပါသည်။ နံနက်စောစော လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အလွယ်ကူဆုံးသော အားကစား လေကျင့်ခန်းဖြစ်ပါသည်။ **"စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက် ကြပါစို့၊ ကိုယ်ခန္ဓာ သန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ သူငယ်ချင်းအပေါင်း**

အသင်းတစ်စုနဲ့ ပျော်ဖို့ရှင်ဖို့ ကျန်းမာစေဖို့'' ဟူသော သီချင်းသံက ပြည်သူတို့ ကျန်းမာရေးအတွက် အားကစားတစ်ရပ်ဖြစ်သော လမ်းလျှောက်ခြင်းကို နေ့စဉ် ပြုလုပ်ရန် တိုက်တွန်းလှုံ့ဆော်နေပါသည်။

ကျောင်းသားလူငယ်တို့သည် ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းရေးအတွက် အားကစားတစ်ခုခုကို ငယ်စဉ်ကပင် လိုက်စားသင့်ပါသည်။ ကျောင်းသား လူငယ်တို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးမှုကို အထောက်အကူပြုနေသည်မှာ အားကစားပင်ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေးက အစဉ်အမြဲဒွန်တွဲနေမည်သာဖြစ်ပါသည်။

အားကစားနည်းအမျိုးမျိုးအနက် အားကစားနည်းအချို့သည် တစ်ဦးချင်း ကစားရသောနည်းဖြစ်ပြီး အားကစားနည်းအချို့သည် အစုအဖွဲ့နှင့် ကစားရသော နည်းဖြစ်ပါသည်။ တစ်ဦးချင်းကစားနည်းသည် တစ်ဦးချင်း၏ ဖွဲ့လုံ့လရှိခြင်း၊ အလေ့အကျင့်များခြင်းပေါ် မူတည်ပြီး ထူးချွန်မှုရှိခြင်း၊ မရှိခြင်းဖြစ်လာပါသည်။

ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော စသော အားကစားနည်းများသည် အစုအဖွဲ့နှင့် ကစားရသောနည်း ဖြစ်ပါသည်။ အဆိုပါ အားကစားနည်းမျိုးသည် တစ်ဦးတည်း၏ စွမ်းရည်ထက်အသင်းသား အားလုံး၏ လျင်မြန်ဖျတ်လတ်မှု၊ စည်းလုံးညီညွတ်မှု၊ အသင်းသားအချင်းချင်းနားလည်မှုရရန် အထူးလိုအပ်ပါသည်။ တစ်ကိုယ်ကောင်းဆန်သူများ ပါဝင်လာပါက အသင်း၏စည်းလုံးညီညွတ်မှု ပျက်ပြားကာ အရှုံးနှင့်သာ ရင်ဆိုင်ရပါသည်။ အသင်းသားအားလုံးက အားကစား စိတ်ဓာတ် အပြည့်အဝ ရှိကြရန်လိုအပ်ပါသည်။

ကျေးလက်တောရွာများတွင် မြန်မာ့ရိုးရာအားကစားများကို ရေးယခင်မှ ယခုတိုင် ပြုလုပ်နေကြပါသည်။ ကျေးလက်လူငယ်တိုင်းက ပျော်စရာအားကစား တစ်ရပ်အဖြစ် ပြုလုပ်ကြသည့် အားကစားတစ်ရပ်မှာ ခြင်းခတ်ကစားနည်း ပင်ဖြစ်ပါသည်။ ခါးတောင်းကို မြှောင်နေအောင်ကျိုက်ကာ မမောနိုင်မပန်းနိုင် ဝိုင်းဖွဲ့ ခြင်းခတ်ကြသော ကျေးလက်လူငယ်တို့၏ ခြင်းဝိုင်းက ကျေးလက်ညနေခင်းအလှကို ပို၍ရှုမောဖွယ်ဖြစ်စေပါသည်။ အပေးအယူမျှကာ ဖေးကူတတ်ကြသော စည်းလုံး ညီညွတ်မှု စိတ်ဓာတ်အလှကိုလည်း ဖော်ပြနေသယောင် ရှိပါသည်။

ကျေးလက်အလှကို ထပ်မံဖြည့်စွက်ပေးသောအလှမှာ လသာည မြေ ကွက်လပ်တွင် ထုပ်ဆီးတိုး ကစားနေကြသော မြင်ကွင်းပင်ဖြစ်ပါသည်။ ကျေးလက်

လုံမပျိုကလေးများသည် သနပ်ခါးပါးကွက်ကျားလိမ်းကာ သူနိုင်ငါနိုင် အပြိုင်ကြဲနေကြသည်။ ချွေးသံတရွှဲရွှဲဖြင့် မမောနိုင် မပမ်းနိုင်ကစားနေကြသည်မှာ ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှပါသည်။ မြန်မာ့ရိုးရာ ထုပ်ဆီးတိုးအားကစားကြောင့် မြို့သူများကဲ့သို့ "ပိန်ကြုံပါးလှီ၊ ရှုံ့မဲ့ရှိုက်ကုန်း၊ ပိချပ်ပြား၊ ငါးဖောင်ရိုး၊ ကမ္ဘာ့ဒွန်းရုပ်၊ ဖြူဖပ်ဖြူရော်၊ ညောင်ညော်ညော်" များမဟုတ်ကြဘဲ တောင့်တင်းသန်မာထွားကျိုင်းကြပါသည်။

နိုင်ငံတော်အစိုးရကလည်း **"မြန်မာအားကစား ကမ္ဘာကို လွှမ်းစေရမည်"** ဟူသော ဆောင်ပုဒ်ဖြင့် အားကစားကို မြှင့်တင်အားပေးလျက်ရှိပါသည်။ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက်၊ ပြည်နယ်နှင့်တိုင်းအလိုက် ပြိုင်ပွဲများ အဆင့်ဆင့်ယှဉ်ပြိုင်စေကာ အားကစားသမားကောင်းများကို မွေးထုတ်ပေးသကဲ့သို့ အခြေခံကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်အဆင့်များတွင်လည်း ဘာသာရပ်အလိုက်၊ အသင်းအလိုက်စသည်ဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်စေကာ အားကစားသမားကောင်းများကို မွေးထုတ်ပေးလျက်ရှိပါသည်။

ဤကဲ့သို့ နိုင်ငံတော်က အဆင့်ဆင့်ပျိုးထောင်မှုကြောင့် ထူးချွန်သော အားကစားသမားများ ပေါ်ထွက်လာကာ တိုင်းပြည်ဂုဏ်ဆောင်နိုင်ခဲ့ကြပါသည်။ အရှေ့တောင်အာရှ အားကစားပွဲတော်များတွင်လည်း အားကစားနည်းမျိုးစုံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်အမျိုးမျိုး ဆွတ်ခူးကာ တိုင်းပြည်ဂုဏ်ကို နှစ်စဉ် ဆောင်နိုင်ခဲ့ကြပါသည်။

**"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့"** ဟူသောကြွေးကြော်သံဖြင့် ချီတက်နေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ယနေ့နှင့် အနာဂတ်တိုးတက်ရေးအတွက် အရေးပါဆုံးသော အင်အားသည် ပညာတတ်လူငယ်တို့၏ အင်အားပင်ဖြစ်ပါသည်။ ကျောင်းသားလူငယ်တို့သည် စိတ်ပိုင်းရုပ်ပိုင်းဖွံ့ဖြိုးမှ အနာဂတ်နိုင်ငံတော်ကြီးကို ဦးဆောင်နိုင်မည့် ပညာတတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာနိုင်ပါသည်။ လူငယ်တို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဖွံ့ဖြိုးမှုကို အထောက်အကူပြုနေသည်မှာ အားကစားပင်ဖြစ်ပါသည်။ လူငယ်နှင့်အားကစား၊ အားကစားနှင့်လူငယ်သည် ခွဲခြား၍မရပေ။ ထို့ကြောင့် ကျောင်းသားလူငယ်တိုင်းသည် စာပေပညာများကို အပတ်တကုတ် ကြိုးစားသည့်အပြင် ကိုယ်လက်လှုပ်ရှားအားကစားကိုလည်း နေ့စဉ်ပြုလုပ်ကြရန် လိုအပ်လှပေသတည်း။ ။

**မေ့မရသော အကျွန်ုပ်ဆရာတစ်ဦး**

- ❑ ဆရာ့အား မေ့မရပုံ
- ❑ ဆရာ့အမည်၊ အသက်၊ ပုံပန်း၊ စိတ်ထားနှင့် ဝါသနာ
- ❑ ဆရာ၏ ဂုဏ်ရည်နှင့် ပြည့်စုံပုံ
- ❑ မေတ္တာစေတနာဖြင့် သင်ကြားပေးပုံ
- ❑ အစဉ်အမြဲ သွန်သင်ဆုံးမလမ်းညွှန်ပုံ
- ❑ တပည့်တို့ တိုးတတ်ရေးကို အမြဲအာရုံစိုက်ပုံ
- ❑ ဆရာ၏စေတနာမေတ္တာကြောင့် တပည့်တို့၏ဘဝ တိုးတက်လာပုံ
- ❑ အမှတ်တရဖြစ်ရပ်တစ်ခု
- ❑ မိမိ၏ ခံစားမှုနှင့် အမြင်

---

## မေ့မရသော အကျွန်ုပ်ဆရာတစ်ဦး

တပည့်တိုင်းသည် ဆရာနှင့် မကင်းပါ။ ကျွန်တော်သည် ကကြီး ခခွေး ဝိုင်းဝိုင်းရေးတတ်အောင် သင်ကြားခဲ့ရသော သူငယ်တန်းကျောင်းသားဘဝမှအစပြု၍ ယခုတက္ကသိုလ်ဝင်တန်းကျောင်းသား ဘဝသို့တိုင်အောင် ဆရာ၊ ဆရာမများစွာနှင့် ပညာသင်ဖူးပါသည်။ ဆရာ၊ ဆရာမတို့၏ ကျေးဇူးကြောင့် အတန်းတိုင်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ပါသည်။ ထိုသို့ထူးချွန်စွာအောင်မြင်စေရန် သွန်သင်ဆုံးမ ခဲ့သော ဆရာတစ်ဦး၏ ကျေးဇူးကိုမူ ယနေ့တိုင်အောင် မေ့မရနိုင်ပါ။ နောင်မည်သည့် အခါတွင်မျှလည်း မေ့၍ရမည်မဟုတ်ပါ။ ဆရာအကြောင်းကို တွေးမိတိုင်း ဆရာ၏ ကျေးဇူးကို သတိရမိပါသည်။

ကျွန်တော်မေ့မရနိုင်သော ဆရာ၏အမည်မှာ 'ဦးမြင့်မြတ်' ဖြစ်ပါသည်။ အမည်ကပင် ဆရာ၏လေးစားထိုက်သော စိတ်ထားကို ဖော်ပြနေပါသည်။ ဆရာ၏အသက်မှာ ကျွန်တော်နှင့်စတင်တွေ့သောအချိန်က အသက်၂၅နှစ်သာ ရှိမည် ထင်ပါသည်။ အရပ်က မနိမ့်မမြင့်၊ ခန္ဓာကိုယ်ကသေးသေး ဖြစ်သည်။ စတစ် ကော်လံ အင်္ကျီအဖြူပေါ်တွင် တိုက်ပုံအင်္ကျီအဖြူကိုဝတ်၍ ပုဆိုးအစိမ်းကို ခပ်တိုတို ဝတ်လေ့ရှိသည်။ ဆရာ၏ ပုံပန်းသွင်ပြင်နှင့် ဝတ်စားဆင်ယင်ပုံမှာ ဆရာ၏ ရိုးသားမှုကို ဖော်ပြနေပါသည်။

ဆရာသည် ပုံပန်းသွင်ပြင်ရိုးလွန်းသည်မဟုတ် စိတ်ထားကလည်း အလွန်သိမ်မွေ့ မြင့်မြတ်လှပါသည်။ ကျောင်းသူကျောင်းသားများ၏ အခက်အခဲများကိုသာမက ဘဝတူဆရာ၊ ဆရာမများ၏ အခက်အခဲများကို အတတ်နိုင်ဆုံးကူညီဖြေရှင်းတတ်ပါသည်။ ဆရာသည် စာသင်ချိန်မှလွဲ၍ မည်သည့်အချိန် ကြည့်ကြည့် စာဖတ်နေသည်ကိုသာ တွေ့ရပါသည်။ ဆရာသည် မြန်မာစာပြဆရာပီပီ ဆရာ၏ အကြီးမားဆုံးသောဝါသနာမှာ စာဖတ်ဝါသနာပင်ဖြစ်ပါသည်။

ဆရာသည် ဆရာကျင့်ဝတ်၊ ဆရာ့ဂုဏ်ရည်နှင့် ပြည့်စုံသော မြတ်ဆရာဖြစ်ပါသည်။ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဟူသော ဆရာဝတ်ငါးပါးကို ရွတ်ဆိုမိတိုင်း ဆရာ့ကို ပို၍သတိရမိပါသည်။ ဆရာ့ကျင့်ဝတ်၊ ဆရာ့ဂုဏ်ရည်နှင့် အပြည့်စုံဆုံးဆရာကား ကျွန်တော်၏ ဆရာ ဦးမြင့်မြတ်ပင် ဖြစ်ပါသည်။

ဆရာသည် ကျွန်တော် ပဉ္စမတန်းကျောင်းသားဘဝက မြန်မာစာဘာသာရပ်ကို သင်ကြားပေးပါသည်။ ဆရာသည် စာသင်ကြားရာတွင် စေတနာမေတ္တာဖြင့် သင်ကြားပေးပါသည်။ တပည့်များက နားမလည်၍မေးလျှင် စိတ်ရှည်လက်ရှည် ပြန်လည် ရှင်းပြလေ့ရှိပါသည်။ ဆရာသည် စာဖတ်အားများသော ဆရာဖြစ်သည့်အလျောက် စာအသင်အပြလည်း အလွန်ကောင်းပါသည်။ တပည့်များစိတ်ဝင်စားအောင် ပုံဝတ္ထုသာဓကများဖြင့် သင်ကြားလေ့ရှိပါသည်။

ဆရာသည် တပည့်တို့ကို ထူးချွန်သူများဖြစ်အောင် သင်ကြားပေးနိုင်သည်သာမက အစဉ်အမြဲသွန်သင်ဆုံးမ လမ်းညွှန်လေ့ရှိပါသည်။ အထူးသဖြင့် မိဘကျေးဇူး သိတတ်ရန်၊ ကိုယ်ကျင့်တရား ထိန်းသိမ်းရန်၊ အမှန်တရားကို မြတ်နိုးရန် ဆုံးမလမ်းညွှန်လေ့ရှိပါသည်။ မိမိတို့၏ ကိုးကွယ်ယုံကြည်မှု ဘာသာ၊ ယဉ်ကျေးမှု၊ အမျိုးအနွယ်ကိုစောင့်ရှောက်ရန်၊ အမျိုးစောင့်တရား လက်ကိုင်ထားရန်လည်း ဆုံးမပါသည်။ 'စာပေမြင့်မှ လူမျိုးတင့်မည်'ဖြစ်သည့်အတွက် မိခင်ဘာသာစကားဖြစ်သော မြန်မာစာပေတိုးတတ်ရေးသည် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိကြောင်း ပြောဆိုသည်ကိုလည်း အစဉ်အမြဲကြားယောင်နေမိပါသည်။

ဆရာသည် ဆရာကောင်းဆရာမြတ်ဖြစ်သည့်အလျောက် တပည့်တို့ တိုးတက်ရေးကို အမြဲအာရုံစိုက်ပါသည်။ ချို့တဲ့သော တပည့်များကို ငွေအား၊ လူအားဖြင့် ကူညီလေ့ရှိပါသည်။ ဆရာ၏ စေတနာမေတ္တာကြောင့် တပည့်တို့၏ ဘဝတိုးတက်လာ

ခဲ့ပါသည်။ ဆရာ၏ ကူညီထောက်ပံ့မှုဖြင့် ဆရာဝန်၊ အင်ဂျင်နီယာဖြစ်သွားကြသောသူများစွာကို တွေ့ခဲ့ရဖူးပါသည်။ စေတနာ၊ အနစ်နာ၊ ဝါသနာ၊ နည်းနာသာမက အကြင်နာပါပေးနိုင်သော ဆရာကား ကျွန်တော်မမေ့မရနိုင်သော ဆရာဦးမြင့်မြတ်ပင်ဖြစ်ပါသည်။

ဆရာနှင့်ပတ်သက်သော အမှတ်တရဖြစ်ရပ်တစ်ခုရှိခဲ့ပါသည်။ ထိုအမှတ်တရဖြစ်ရပ်မှာ သာမန် ဖြစ်ရပ်တစ်ခုမဟုတ်ဘဲ ကျွန်တော်တစ်သက် မေ့ဖျောက်၍မရနိုင်သော ဖြစ်ရပ်ပင်ဖြစ်ပါသည်။ ကျောင်းဆင်းချိန် တစ်ညနေခင်း ဖြစ်ပါသည်။ ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းသားများသည် လမ်းလျှောက်ပြန်သူကပြန်၊ ကျောင်းကြိုကားများဆီသို့ သွားသူကသွား၊ လာကြိုကြသော မိဘများနှင့်အတူပြန်သူကပြန်ဖြင့် ကျောင်းရှေ့တွင် ကားသံ လူသံများဖြင့် ဆူညံနေပါသည်။ ထိုစဉ်အရှိန်နှင့်မောင်းလာသောကားတစ်စီးသည် လမ်းဖြတ်ကူးနေသော ကျောင်းသားတစ်ဦးကို တိုက်မိမလိုဖြစ်စဉ် ဆရာကတွန်းလိုက်ပါသည်။ ထိုကျောင်းသားမှာ လွတ်သွားသော်လည်း ဝုန်းခနဲမြည်သော အသံနှင့်အတူ သွေးအိုင်ထဲတွင် သေဆုံးသွားသောဆရာကိုမြင်လိုက်ရပါသည်။ တပည့်တို့အပေါ် အသက်နှင့်လဲ၍ အကာအကွယ်ပေးသွားသော ဆရာ၏မေတ္တာစေတနာကို ကျွန်တော့်တစ်သက်မေ့၍ ရနိုင်တော့မည်မဟုတ်ပါ။

ဆရာသည် ကျွန်တော်တို့၏ဘဝမှ ခွဲခွာသွားသည်မှာ ၅နှစ်နီးပါးပင်ရှိပါပြီ။ သို့သော် တစ်နေ့မှမေ့၍မရပါ။ ကျွန်တော်ချစ်ရသော၊ ကျွန်တော်လေးစားရသော ဆရာသည် ကျွန်တော့်ကို သူကဲ့သို့သော ဆရာဖြစ်စေချင်ပါသည်။ ဆရာ့ကျေးဇူးကို ဆပ်သည့်အနေဖြင့် ကျွန်တော်တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးပါက ပညာရေးတက္ကသိုလ်တက်ကာ ဆရာဖြစ်စေလိုသော ဆရာ့ဘဝဖြင့် ဆရာကျွန်တော့်ကို သင်ခဲ့သော ကျောင်းမှာပင် ဆရာသင်ခဲ့သော မြန်မာစာဘာသာရပ်ကိုပင် သင်ကြားကာ ဆရာ့ကျေးဇူးကို ဆပ်နိုင်ရန်ကြိုးစားမည်ဟု ဆုံးဖြတ်မိပါတော့သည်။ ။

တို့ပြည်တို့ချစ်မြတ်နိုးသည်

- ငယ်စဉ်ကပင် တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ပုံ
- သမိုင်းအစဉ်အလာကြီးမားခဲ့ပုံ
- တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်ကြပုံ
- သဘာဝအလှ၊ ယဉ်ကျေးမှုအနုလက်ရာများ ပြည့်စုံပုံ
- ရှေးဟောင်းအမွေအနှစ်များ၊ သယံဇာတများကြွယ်ဝပုံ
- ဘာသာရေးနှင့် ပတ်သက်သော ကြည်ညိုဖွယ်မြင်ကွင်းများ
- ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော မြို့ပြရှုခင်းများ
- လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပုံ
- မိမိခံစားချက်နှင့် အမြင်

## တို့ပြည်တို့ချစ်မြတ်နိုးသည်

ကျွန်ုပ်တို့၏ တိုင်းပြည်သည် တိုင်းရင်းသားပေါင်းစုံတို့ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘိုးဘေးများသည် ဤမြေမှာမွေးပြီး ဤမြေမှာပင် ရှင်သန်ရပ်တည်ခဲ့ကြပါသည်။ ကျွန်ုပ်၏ မိဘ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးသားချင်းများသည်လည်း ဤမြေမှာမွေးကာ ဤမြေမှာပင် ရှင်သန်ရပ်တည်နေကြပါသည်။ ကျွန်ုပ်၏ မိဘနှစ်ပါးသည် ကျွန်ုပ် ငယ်စဉ်ကပင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးရန် တိုက်တွန်းလမ်းညွှန်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည်ငယ်စဉ်ကပင် တိုင်းချစ်ပြည်ချစ် စိတ်ထက်သန်ခဲ့ပါသည်။

ကျွန်ုပ်တို့၏တိုင်းပြည်သည် သမိုင်းအစဉ်အလာကြီးမားခဲ့သော တိုင်းပြည်ဖြစ်ပါသည်။ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အနော်ရထာမင်းကြီး၏ ဘုန်းကံ၊ တရားအစစ်အမှန်ကို ပြခဲ့သော ရှင်အရဟံ၊ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော ဘုရင့်နောင်၊ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးတို့၏ ဘုန်းတန်ခိုးအရှိန်အဝါကြီးမားမှုတို့ကား မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ကောင်းလှပါသည်။

ကျွန်ုပ်တို့၏တိုင်းပြည်သည် ကချင်၊ ကယား၊ ကရင်၊ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း

စသော တိုင်းရင်းသားလူမျိုးစုများ အတူတကွစုပေါင်းနေထိုင်ကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုအားလုံးသည် တစ်မိတည်းက မွေးဖွားလာသော ညီရင်းအစ်ကို မောင်နှမရင်းခြာပမာ ချစ်ကြည် စည်းလုံးကြပါသည်။ နယ်ချဲ့ရန်စွယ်မှန်သမျှကိုလည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့၏ သွေးစည်းညီညွတ်မှုဖြင့်တွန်းလှန်ကာ အောင်ပွဲခံမြဲဖြစ်ပါသည်။ နှစ်ပေါင်းထောင်ချီ သက်တမ်းရှည်ကြာစွာ ကမ္ဘာတွင် **မြန်မာ**ဟူ၍ ရပ်တည်နိုင်ခြင်းသည် တိုင်းရင်းသားညီအစ်ကို မောင်နှမတို့၏ သွေးစည်းညီညွတ်မှုကြောင့်ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့ တိုင်းပြည်သည် သာယာလှပသော ရေမြေတောတောင်သဘာဝ အလှတို့နှင့် ပြည့်စုံလှပါသည်။ **ဆရာမင်းယုဝေ**၏ ''တို့တိုင်းပြည်နှင့် တို့လူမျိုး'' ကဗျာလာ-

''တို့ပြည်တို့ရွာ၊ တို့ဒေသမှာ
ညိုပြာယှက်သန်း၊ တောင်ပြာတန်းနှင့်
သွန်းဖျန်းငွေရည်၊ မြစ်ချောင်းဆည်နှင့်
နီဝါမြသွင်၊ ပန်းသစ်ပင်နှင့်
မြေပြင်လယ်ကွင်း၊ ရွှေရောင်ဝင်းသည်
အဆင်းလှပပေသည်တကား''

ဟူသော ကဗျာစာသားကလေးကို ရွတ်ဆိုမိတိုင်း ပြည်မြန်မာ၏အလှကို ထင်ယောင်မြင်ယောင်မိစေပါသည်။ ပြည်မြန်မာတစ်ဝှမ်းတွင် တောင်ပြာတန်းများလည်းရှိသည်။ ငွေရည်ငွေစက်နှင့်တူသော မိုးရေမိုးစက်တို့ သွန်းဖျန်းထားသဖြင့် ရေဖွေးဖွေးနှင့် ပြည့်လျှက်ရှိသည်။ မြစ်ချောင်းဆည်မြောင်းများ ပေါများလှသည်။ သစ်ပင်ကြီးငယ်များ စိမ်းညို့ညို့နှင့်သာမက ရွှေဝါရောင်စပါးခင်းများကလည်း ရှုမျှော်မဆုံး ကျယ်ပြန့်လှပါသည်။

ပြည်မြန်မာ၏သဘာဝရှုခင်းများက နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စိမ်းလန်းစိုပြည်နေပါသည်။ အရှေ့ဘက်တွင် ရှမ်းကုန်းပြင်မြင့်၊ အနောက်ဘက်တွင် ရခိုင်ရိုးမနှင့် ချင်းတောင်တန်း၊ မြောက်ဘက်တွင် ကချင်ပြည်နယ် တောင်တန်းကြီးများ၊ တောင်ဘက်တွင် တနင်္သာရီတောင်တန်း၊ အလယ်ပိုင်းတွင် အလယ်ရိုးမ တောင်တန်းကြီးများရှိသည်။ ထိုတောင်တန်းကြီးများတွင် သစ်ပင်ကြီးငယ်များ အုပ်ဆိုင်းလွှမ်းခြုံကာ စိမ်းညို့နေပါသည်။ မြောက်ဖျားမေခ၊ မလိခမှ မြစ်ဖျားခံကာ

စီးဆင်းနေသော ဧရာဝတီမြစ်၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်တို့ကလည်း တသွင်သွင်စီးဆင်းလျက်ရှိသည်။ ရှမ်းပြည်ရှိ အင်းလေးကန်ဒေသ၏ ထူးခြားသော လူနေမှုဘဝကလည်း ကြည်နူးဖွယ်ပင်ဖြစ်ပါသည်။ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးအိုင်ကလည်း စိမ်းမြကြည်လင်နေပါသည်။ တောင်တန်းများ၊ ကန်ရေပြင်များက ကြည်နူးဖွယ်ကောင်းသကဲ့သို့ ပင်လယ်ကမ်းခြေအလှများကလည်း လွမ်းမောဖွယ်ပင်ဖြစ်ပါသည်။ မောင်းမကန်၊ ငွေဆောင်၊ ချောင်းသာ၊ ကျိုက္ကမိ၊ စက်စဲ၊ ငပလီကမ်းခြေအလှများကလည်း ကမ္ဘာလှည့် ခရီးသည်များကိုပင် ဆွဲဆောင်နိုင်စွမ်းကြီးမားလှပါသည်။ ဤမျှသဘာဝအလှနှင့် ပြည့်စုံသော ကျွန်ုပ်၏တိုင်းပြည်ကို ကျွန်ုပ်ချစ်မြတ်နိုးရပါသည်။

ကျွန်ုပ်တို့တိုင်းပြည်သည် ယဉ်ကျေးမှုအနုလက်ရာများနှင့်လည်း ပြည့်စုံလှပါသည်။ ကမ္ဘာအလယ်တွင် မြန်မာပြည်သည် ယဉ်ကျေးမှုမြင့်မားသော နိုင်ငံအဖြစ် ဂုဏ်ကြွားစွာရပ်တည်နိုင်သည်။ ရှေးဘိုးဘေး မြန်မာကြီးများ တည်ဆောက်ခဲ့သော နှစ်ပေါင်းထောင်ချီရှိနေပြီး ထုထည်ကြီးမားသော ယဉ်ကျေးမှု အနုပညာလက်ရာများနှင့် ခမ်းနားတင့်တယ်သော တိုင်းပြည်ဖြစ်ကြောင်းကို **စာဆိုထီလာစစ်သူက** "မြန်မာ့ပြည်ထောင်" ကဗျာတွင် -

"နှစ်ပေါင်းထောင်ချီ၊ ဘိုးဘေးတည်သော
ဤပြည်ထောင်စု၊ ယဉ်ကျေးမှုများ
ထုနှင့်တည်နှင့် ၊ ခမ်းနားတင့်၍
ကြီးမြင့်ကျော်ကြား၊ ရှာမှရှားကို
အများလေးမြတ်မဆုံးနိုင်"

ဟု ဂုဏ်တင်ရေးဖွဲ့ထားပါသည်။ ချစ်စရာ ယဉ်ကျေးမှုအနုလက်ရာများနှင့် ချစ်မြတ်နိုးဖွယ်ကောင်းသော တိုင်းပြည်ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့တိုင်းပြည်သည် ရှေးဟောင်းအမွေအနှစ်များနှင့် ပြည့်စုံသော တိုင်းပြည်ဖြစ်ပါသည်။ မွန်ပြည်နယ်ရှိ သုဝဏ္ဏဘူမိမြို့ဟောင်း၊ ဟန်လင်း၊ သရေခေတ္တရာစသော ရှေးဟောင်းပျူမြို့ပြနိုင်ငံတော်၊ ရှေးဟောင်းရခိုင်တို့၏ မြို့တော်ဖြစ်သော ဝေသာလီမြို့ဟောင်းတို့သည် ရှေးမြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ပြဆိုနေပါသည်။

ကျွန်ုပ်တို့တိုင်းပြည်သည် သယံဇာတများလည်းကြွယ်ဝလှပါသည်။ **ပတ္တမြား**

မြေ၊ **ကျောက်စိမ်းမြေ**ဟု ထင်ရှားသော မိုးကုတ်ဒေသ၊ ကချင်ပြည်နယ် ဖားကန့်ဒေသတို့မှ တွင်းထွက်ပစ္စည်းတို့ကို နိုင်ငံတကာမှကျောက်မျက်ကုန်သည်တို့ နှစ်စဉ်ဝယ်ယူနေကြသဖြင့် နိုင်ငံတော်ဝင်ငွေများစွာ ရရှိပါသည်။ ကမ္ဘာ့အရည်အသွေးမီရွှေ သည်လည်း ကချင်ပြည်နယ်က နှစ်စဉ်ထွက်လျက်ရှိပါသည်။ ရေနံချောင်း၊ ချောက် စသော ရေနံမြေမှသာမက ကမ်းလွန်ရေနံတွင်းများမှလည်း ရေနံများစွာ ထွက်ရှိ လျက်ရှိပါသည်။ "**သယံဇာတပေါတဲ့မြေ**" ဟု ဂုဏ်တင်ရေးဖွဲ့သော သီချင်းသံကလည်း သီဆိုပျံ့လွင့်လျက်ရှိပါသည်။

ကျွန်ုပ်တို့တိုင်းပြည်သည် ကမ္ဘာတွင်ဗုဒ္ဓဘာသာ အထွန်းကားဆုံးတိုင်းပြည်ဟု အသိအမှတ်ပြုခြင်းခံရသော တိုင်းပြည်ဖြစ်သည့်အလျောက် ဘာသာရေးနှင့်ပတ်သက်သော ကြည်ညိုဖွယ်မြင်ကွင်းများက ပြည်ရွာအနှံ့ တွေ့မြင်နိုင်ပါသည်။ ဘာသာရေးမြင်ကွင်းများအနက် နိုင်ငံတကာမှ ကမ္ဘာလှည့် ခရီးသည်များကိုပင် ဆွဲဆောင်နိုင်သော စေတီကား လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးပင် ဖြစ်ပါသည်။ ရွှေတောင်ကြီးမိုးသို့စွင့်နေသည်ဟု တင်စားကြသည်။ မြန်မာစာပါမောက္ခဆရာကြီး ဦးမောင်မောင်ကြီးက "**နိုင်ငံတော့်မျက်နှာ**" ဆောင်းပါးတွင်

> "ပင်လယ်ကြောင်းမှ ရောက်လာသော နိုင်ငံခြားသားများ သည်လည်းကောင်း၊ လေကြောင်းမှလာသော တိုင်းတစ်ပါးသားများသည်လည်းကောင်း ရွှေတိဂုံစေတီတော်ကြီးပါတကား။ အံ့သြကြည်ညိုစရာပါတကားဟု ရင်သပ်ရှေးမော အံ့သြကာ မချီးကျူးဘဲမနေနိုင်၊ ရွှေတိဂုံစေတီတော်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံမှာ မျက်နှာရှိသည်။ ရွှေတိဂုံစေတီတော်ကြီးကား နိုင်ငံတော်၏ မျက်နှာပါတကား"

ဟု ချီးကျူးမှတ်တမ်းတင်ထားပါသည်။ မန္တလေးမြို့က မဟာမုနိရုပ်ရှင်တော်မြတ်၊ ပုဂံမြို့က ရှေးဟောင်းဘုရားစေတီများ၊ ပေါင်းတည်မြို့က မြတ်စွယ်တော်ဘုရား၊ မကွေးမြို့က မြသလွန်ဘုရား၊ သီပေါမြို့က ပေါ်ကြိုစေတီ၊ မြောက်ဦးမြို့က ရှေးဟောင်း ဘုရားစေတီစသည်ဖြင့် ရေတွက်၍မကုန်နိုင်လောက်အောင် တန်ခိုးကြီးဘုရားများ ဖြင့် အံ့သြကြည်ညိုမဆုံး ဖူးတွေ့နိုင်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော မြို့ပြရှုခင်းများကလည်း ကျွန်ုပ်တို့၏တိုင်းပြည်ကို အလှဆင်နေပါသည်။ နေပြည်တော်မြို့တော်၏ နိုင်ငံတကာအဆင့်မီလမ်းမကြီးများ၊ ခေတ်မီဟိုတယ် အဆောက်အအုံကြီးများကလည်း ခံ့ညားထည်ဝါ

လုပါသည်။ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် မိုးထိမြင့်မားသော ကွန်ဒိုတိုက်ကြီးများကို မြို့အနှံ့ဆောက်လုပ်ဆဲများကို တွေ့မြင်ရပါသည်။ နောင်နှစ်မကြာမီကာလတွင် ကမ္ဘာ့အဆင့်မီ မြို့ပြဖြစ်တော့မည့် မြို့ ရန်ကုန်နှင့် မန္တလေးရှုခင်းများက တွေးကြည့်လိုက်တိုင်း ကြည်နူးဖွယ်ပင် ဖြစ်ပါသည်။

နိုင်ငံတော်က **"တောင်ကိုတွေ့လျှင် ဖောက်၊ မြစ်ကိုတွေ့လျှင် တံတားဆောက်"** ဟူသော ကြွေးကြော်သံဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နေပါသည်။ ဧရာဝတီတိုင်းက ဗိုလ်မြတ်ထွန်းတံတား၊ မွန်ပြည်နယ်က သံလွင်တံတား၊ ကချင်ပြည်နယ်က ဗလမင်းထင်တံတား၊ ပြည်မြို့က နဝဒေးတံတား စသည်တို့သည် ကျွန်ုပ်တို့တိုင်းပြည်၏ ဆက်သွယ်ရေးအလှပင်ဖြစ်ပါသည်။ မြန်မာပြည်တစ်ဝှမ်းလုံး လေကြောင်း၊ ရေကြောင်းကပဲသွားသွား၊ ကုန်းလမ်းခရီး အဖြစ် ကားလမ်း၊ မီးရထားလမ်းများစသည်ဖြင့် နှစ်သက်ရာဖြင့် သွားလာနိုင်ပါသည်။

ကျွန်ုပ်တို့တိုင်းပြည်သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်လည်း နေခဲ့ရဖူးပါသည်။ နှစ်ပေါင်းရာချီပြီး သူ့ကျွန်ဘဝနှင့်လည်း နေခဲ့ရဖူးပါသည်။ ယနေ့ ခေတ်တွင်မူ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်ကာ ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းကြပါသည်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမတို့ကလည်း ငြိမ်းချမ်းရေးလက်မှတ်များ ရေးထိုးကာ တက်ညီ လက်ညီ လက်တွဲနေကြပါပြီ။ ဤမျှပျော်မွေ့ဖွယ်ကောင်းသော ကျွန်ုပ်တို့၏ တိုင်းပြည်ကို ကျွန်ုပ်၏ နှလုံးသည်းပွတ်ကပင် ချစ်ခင်မြတ်နိုးတန်ဖိုးထားမိပါတော့သည်။ ။

မိုးသည်းသောနေ့ မြင်ကွင်း

- ❑ မြန်မာနိုင်ငံတွင် ရာသီဥတုသုံးပါးရှိပုံ
- ❑ ရာသီသုံးပါးအနက် မိုးရာသီကို အနှစ်သက်ဆုံးဖြစ်ပုံ
- ❑ မိုးရာသီ သဘာဝရှုခင်း အလှ
- ❑ အကောင်းအဆိုးဒွန်တွဲနေသော ရာသီသဘာဝ
- ❑ မိုးသည်းသောနေ့မြင်ကွင်း
- ❑ မိုးသည်းသောနေ့က အမှတ်တရ ဖြစ်ရပ်တစ်ခု
- ❑ မိမိအတွေးနှင့် ခံစားချက်

## မိုးသည်းသောနေ့ မြင်ကွင်း

မြန်မာနိုင်ငံတွင် ဥတုရာသီနှင့်ပတ်သက်၍ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီဟူ၍ သုံးမျိုးခွဲခြားထားပါသည်။ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်ကို နွေရာသီ၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်ကို မိုးရာသီ၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို တပို့တွဲကို ဆောင်းရာသီဟု ယေဘုယျအားဖြင့် ဆယ့်နှစ်လခွဲခြားထားပါသည်။ နွေ၏သင်္ကေတ ပူပြင်းခြောက်သွေ့ခြင်း၊ မိုး၏သင်္ကေတ စိမ်းစိုလန်းဆန်းခြင်း၊ ဆောင်း၏ သင်္ကေတက အေးမြခြင်းပင်ဖြစ်ပါသည်။ ထိုရာသီသုံးပါးအနက် ကျွန်တော်အနှစ်သက်ရဆုံးရာသီမှာ မိုးရာသီပင်ဖြစ်ပါသည်။

ကျွန်တော့်ဘဝတွင် ဥတုသုံးလီအနက် မိုးရာသီကို နှစ်သက်ရခြင်းမှာ ဘဝဖြတ်သန်းမှုနှင့်လည်း ဆိုင်သည်ထင်ပါသည်။ ကျွန်တော်တို့မိသားစုသည် လယ်လုပ်ငန်းဖြင့် အသက်မွေးရသော မိသားစုဖြစ်ပါသည်။ ကျွန်တော့်အဖေကား လယ်သမား၊ ကျွန်တော့်အမေကား လယ်သမား၏ ဇနီးမယား၊ ကျွန်တော်က လယ်သမား၏သားပင်ဖြစ်သည်။ ကျွန်တော်တို့မိသားစုနေထိုင်ရာ ဘုံဗိမာန်သည် မိုးကုပ်စက်ဝိုင်းအောက်က လယ်မြေပတ်လည်ဝိုင်းနေသော တဲငယ်လေးပင် ဖြစ်ပါသည်။ 'မိုးရွာမှ ပျိုးသာမည်' ဟူသော ဆိုရိုးစကားရှိသည့်အတိုင်း လယ်သမားတို့သည် မိုးကိုအားထားရသည်။ မိုးကိုမှီ၍ရှင်သန်ကြရသည်။ မိုးသည် ကျွန်တော်တို့မိသားစု၏ ကျေးဇူးရှင်ပင်ဖြစ်ပါသည်။

မိုးရာသီသဘာဝရှုခင်းများက စိတ္တရံသီ ယန်းချီဆရာပင် စုတ်ချက်မီအောင်

ရေးခြယ်ရပင်ခက်မည် ထင်ပါသည်။ မိုးရေမိုးစက်များပက်ဖျန်းလိုက်လျှင်ပင် အပင်တိုင်းတွင် ရွက်သစ်များလောင်းလေပြီ။ အသစ်ထွက်ပေါ်လာသော အကိုင်းနုတို့မှ အဖူးအညွန့်တို့ ဝေဆာလာသည်ကို လှိုင်ထိပ်ခေါင်တင်က **"ရွက်သစ်လောင်းချိန်"** လွမ်းချင်းတွင် -

**"ဝသန်ခါပြောင်း၊ ရွက်သစ်ကယ်လောင်းလို့၊ နှာမောင်းရစ်ခွေ၊ ဖူးညွန့်ဝေနှင့်"** ဟု စာပန်းချီခြယ်ခဲ့ပါသည်။ မိုးအခါရောက်ပြီဆိုလျှင် "ဝါဆိုဝါခေါင်၊ ရေတွေကြီးလို့၊ သပြေသီးမှည့်ကောက်စို့ကွယ်" ဟူသော ကဗျာလေးကို ရေရွတ်မိပါသည်။ မြစ်ချောင်းအင်းအိုင်တို့မှာလည်း ရေဖွေးဖွေးနှင့် လွမ်းမောဖွယ်ကောင်းလှပါသည်။

မိုးရာသီလယ်တောအ၏ ရှုခင်းကို ဆရာမင်းသုဝဏ်က **"လယ်စောင့်တဲ"** ကဗျာတွင် -

"မိုးရေတက်ရေ၊ တဖွေးဖွေး
ကွင်းကျယ်အဝေးဝေး၊ လယ်စောင့်တဲလေး
ခြေတံရှည်၊ မိုးကုပ်အောက်မှာတည်
ကြာနီတစ်ပွင့်၊ ဖြူတစ်ပွင့်
တဲနဲ့ပန်းတင့်"

ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။ လယ်ကွင်းထဲမှာ ကြီးပြင်းခဲ့ရသော ကျွန်တော့်ဘဝတွင် ကျွန်တော်တို့၏ လယ်တဲကလေးကိုပင် ဖွဲ့ထားလေရော့သလားဟုပင် ထင်မြင်မိပါသည်။ လယ်ယာမြေရှုခင်းများအနက် လယ်သမားကြီးတို့က မိုးကို အန်တုပြီး ထွန်ရေးငင်နေကြသော ရှုခင်းကလည်း လွမ်းမောဖွယ်ပင်ဖြစ်ပါသည်။ ထိုသို့ ပြည်သူ့ထမင်းရှင် လယ်သမားကြီးထွန်ရေးငင်နေပုံကို ညောင်ရမ်းခေတ် စာဆိုဝန်ကြီး ပဒေသရာဇာက **"ဝသန်ကာလမိုးကျတည့်လျှင်"** တျာချင်းကဗျာတွင် -

"မိုးရေစွတ်လို့၊ အဝတ်ကယ်မပါ
သားသမီးကို၊ ကိုယ်ထီးပွေ့လို့သာ
ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း
လယ်ကွက်တစ်ခွင်၊ ထွန်ရေးငင်"

ဟုသရုပ်ဖော်ရေးဖွဲ့ထားပါသည်။ မြတ်လေး၊ ခတ္တာ၊ ရင်းမာ၊ ကြာပန်းစသော ရာသီပန်းကလေးများနှင့် တောပန်းတောင်ပန်းကလေးများကလည်း ခါဝသန်ကို အလှဆင်နေပါသည်။

လောကတွင် အကောင်းနှင့်အဆိုးသည် ခွန်တွဲနေမြဲဖြစ်ပါသည်။ အကောင်းအဆိုးနှင့်ပတ်သက်၍လည်း ခံယူသူ၏သဘောထားပေါ်တွင် မူတည်နေပါသည်။ တချို့က မိုးရွာပြီဆိုလျှင် သွားရေးလာရေးခက်သည်ဆိုကာ မိုးရွာသည်ကို အဆိုးဘက်က မြင်တတ်ကြပါသည်။ ကလေးငယ်များကမူ မိုးရွာပြီဆိုလျှင် မိုးရေထဲမှာ အော်ဟစ်ပြေးလွှားဆော့ကစားကြရသဖြင့် အကောင်းဘက်က မြင်တတ်ကြပါသည်။ တချို့ကလည်း ညအခါမိုးရွာပြီဆိုလျှင် အိမ်ခေါင်မိုးပေါ်သို့ မိုးစက်မိုးပေါက်သံများကို ဂီတသံအလားထင်မှတ်ကာ အိပ်ရသည်မှာ ဇိမ်ကျလှသည်ဟု အကောင်းဘက်က မြင်တတ်ကြပြန်သည်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးမို့ မိုးနတ်မင်းကြီးက အားလုံးအလိုကျ ဖြည့်စွမ်းပေးနိုင်ခြင်းမရှိပါ။

မိုးကိုလူအများက နှစ်သက်ကြသော်လည်း မိုးသည်ထန်စွာ ရွာမှာကိုမူ မနှစ်မြို့ကြပါ။ အထူးသဖြင့် မိုးနှင့်အတူ မုန်တိုင်းပါ ပါလာမှာကို ပို၍ကြောက်ကြပါသည်။ သို့သော် ကျွန်တော်တို့ မိသားစုကမူ အခြားသူများနှင့်မတူဘဲ မိုးသည်းထန်စွာ ရွာမှာကို တောင့်တကြပါသည်။ ကျွန်တော်တို့လယ်မှာ ကုန်းပိုင်းကျသဖြင့် မိုးတော်ရုံရွာ၍ ရေတင်လေ့မရှိပါ။ လယ်ကွက်အချို့မှာ အလွန်ကုန်းပိုင်းကျသဖြင့် မိုးသည်းထန်စွာရွာမည့်နေ့ကို စောင့်ကြရပါသည်။

ယခုနှစ်မိုးသည် ဝါဆိုလကုန်၍ ဝါခေါင်လဆန်းရောက်သည့်တိုင် မိုးကသည်းထန်စွာ ရွာသွန်းခြင်းမရှိပါ။ မိုးသည် သဲသဲမဲမဲ ရွာသင့်ချိန်တွင် မရွာဘဲ ဖောက်ပြန်နေသဖြင့် ကုန်းဘောင်ခေတ် စာဆိုလက်ဝဲသုန္ဒရ၏ **“ချိုညိုစွန်းကအလွမ်းဖြေ”** ကဗျာလာ -

“ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့်
ရွာတောင်ကချောင်း၊ ရွာနောက်ပေါင်းကို
ထနောင်းကြောင်းကျစ်၊ ဆူးရစ်ပွင့်ခါ၊
မိုးမရွာသည်၊ ရွာပါသော်လည်း၊ မိုးမသည်း”

ဟူသော ကဗျာစာသားကလေးကို အော်ဟစ်ရွတ်ဆိုရတော့မလိုဖြစ်နေပါသည်။ အမေနှင့် ကျွန်တော်က မိုးမရွာသဖြင့် စိတ်ပူနေကြသော်လည်း အဖေကမူ အားမလျှော့ပါ။ “ဝါခေါင်လမိုက်၊ လယ်ကောက်စိုက်” ဟူသောရှေးလူကြီးတို့၏ စကားရှိကြောင်း၊ မကြာမီဝါခေါင်လမိုက်ရက်ရောက်လျှင် စိုက်ပျိုးနိုင်မည်ဖြစ်၍ အားမလျှော့သင့်ကြောင်း ပြောဆိုပါသည်။

ဝါခေါင်လပြည့်ကျော်သော အချိန်မှစ၍ မိုးကိုမျှော်ကြပါသည်။ သို့သော် လပြည့်ကျော် ၇ ရက်နေ့အထိ မိုးတစ်ပေါက်မျှမရွာပါ။ သို့သော် လပြည့်ကျော် ၈ရက်နေ့ရောက်သောအခါ အရပ်ရှစ်မျက်နှာတစ်ခွင်လုံး မိုးသားတိမ်လိပ်များ တက်လာကာ မှောင်မည်းလာပါသည်။ ညဦးကပင် မိုးက သဲသဲမဲမဲရွာပါတော့သည်။ အဖေ၊ အမေနှင့် ကျွန်တော်တို့သည် အပျော်ကြီးပျော်ကြပါသည်။

မိုးသည် တစ်ညလုံး ရွာထားသဖြင့် လယ်တစ်ကွင်းလုံး ရေများဖွေးနေပါသည်။ အဖေသည် မိုးမလင်းခင်ကပင် လယ်ကွက်ထဲဆင်းကာ ထွန်ရေးငင်နေပါသည်။ မိုးကလည်း သဲသဲမဲမဲရွာနေဆဲပင် ဖြစ်ပါသည်။ မိုးလင်းသည်နှင့် တစ်ပြိုင်နက် အနီးအနားရှိ လယ်သမားများက ထွန်တုံးကိုယ်စီဖြင့်လာ၍ ဝိုင်းထွန်ကြပါသည်။ အချို့ကလည်း ပျိုးပင်များကို ဝိုင်းနုတ်ကြပါသည်။ လယ်သူမများကလည်း လာပြီး လုပ်အားပေးကာ ဝိုင်းစိုက်ကြပါသည်။ မိုးကလည်း တစ်နေကုန်မရပ်မနားဘဲ **"အုံ့ကာမည်း၊ ကြည်းကာ ရိုက်ကြိုး၊ ပျဉ်ထောင်မိုး"** ဟုဆိုရလောက်အောင် မရပ်မနားဘဲ သဲသဲမဲမဲရွာသွန်းနေပါသည်။

အမေကလည်း လုပ်အားပေးထွန်ယက်စိုက်ပျိုးပေးကြသော အနီးပတ်ဝန်းကျင်က လယ်သမားများ၊ လယ်သူမများကို စားသောက်သောက်ဖွယ်များ ချက်ပြုတ်ကျွေးမွေးပါသည်။ ကျွန်တော်တိုကမိသားစုသည် အပျော်ကြီးပျော်နေကြပါသည်။ ကျွန်တော်တို့မိသားစုနှင့် မဆောနိုင်မပန်းနိုင် တစ်နေကုန် ဝိုင်းဝန်းကူညီပေးကြသော သူများကလည်း ကျွန်တော်တို့မိသားစု၏ အပျော်များကူးစက်ကာ ပျော်နေကြသည်ကို တွေ့ရပါသည်။

အဆိုပါမိုးသည်းသောနေ့တစ်နေ့ကြောင့် ကျွန်တော်တို့၏ ကုန်းကျသော လယ်ကွင်းများကို စိုက်ပျိုးနိုင်ခဲ့သည်။ နောက်ရက်ပေါင်းများစွာကလည်း မိုးမှန်မှန် ရွာသွန်းသဖြင့် ထိုနှစ်က စပါးအထွက်ကောင်းခဲ့ပါသည်။ စပါးဈေးကလည်း ကောင်းသဖြင့် ထိုနှစ်နွေရာသီတွင် ကျွန်တော်တို့အိမ်တွင် "ဗြောတဗြုန်းဗြုန်း တအုန်းအုန်း" ဖြင့် အလှူပွဲကြီးကျင်းပခဲ့ပါသည်။ အဖေက ပဉ္စင်းတက်၊ ကျွန်တော်က ရှင်သာမဏေဝတ်ခဲ့ပါသည်။ အလှူ့အမကြီး အမေကတော့ ပျော်မဆုံးမော်မဆုံး ဖြစ်ခဲ့ရပါသည်။ မိုးသည်းသောနေ့တစ်နေ့ကြောင့် ကျွန်တော်တို့က မိသားစုလှူဒါန်းနိုင်သည်အထိ အဆင်ပြေခဲ့ရပါသည်။ ထိုမိုးသည်းသောနေ့မြင်ကွင်းကား ကျွန်တော့်ဘဝအတွက် အားတက်ကြည်နူးစရာ အကောင်းဆုံးမြင်ကွင်းအဖြစ် အစဉ်အမြဲ အမှတ်ထင်ထင်ရှိနေပါတော့သည်။ ။

**ချွေတာသုံးစွဲသင့်သောရေ**

- ❑ ရေ၏အရေးပါပုံ
- ❑ အသက်ရှင်ရပ်တည်ရေးအတွက် ရေလိုအပ်ပုံ
- ❑ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေလိုအပ်ပုံ
- ❑ စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံအတွက် ရေအရင်းအမြစ် အရေးကြီးပုံ
- ❑ ကျေးလက်လူနေမှုဘဝအတွက် ရေလိုအပ်ပုံ
- ❑ မြို့ပြလူနေမှုဘဝ လှပစေရန် ရေ၏အရေးပါပုံ
- ❑ ရေကိုချွေတာသုံးစွဲသင့်ပုံ
- ❑ မိမိ၏အမြင်

---

## ချွေတာသုံးစွဲသင့်သောရေ

ရေသည် အရေးပါလှပါသည်။ "**ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက်**" ဟူသော ဆိုရိုးစကားသည် မရှိမဖြစ်လိုအပ်သော ရေ၏အရေးပါပုံကို ပြဆိုနေပါသည်။ လူ့ခန္ဓာကိုယ်၌ ထမင်းတစ်နပ်၏ သြဇာဓာတ်သည် ခုနစ်ရက်ကြာမှ ကုန်ခန်းသော်လည်း ရေတစ်ခွက်၏ သြဇာဓာတ်သည် တစ်မနက်မှာပင် ကုန်ခန်း ပါသည်။ သတ္တဝါတိုင်းသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါးနှင့် တည်ဆောက်ထားပါသည်။ ထိုဓာတ်ကြီးလေးပါးအနက် အာပေါဟူသော ရေဓာတ်က အရေးကြီးဆုံးဖြစ်မည်ဟုထင်ပါသည်။

လူ့ဘဝ အသက်ရှင်ရပ်တည်ရေးအတွက် ရေသည် အထူးလိုအပ်လှပါ သည်။ လူသည် အသက်ရှင်ရပ်တည်ရန် ကျန်းမာအောင်နေထိုင်ကျင့်ကြံရပါမည်။ "အာရောဂျ ပရမံလာဘံ (ကျန်းမာခြင်းသည် လာဘ်တစ်ပါး)" ဟု မြတ်ဗုဒ္ဓက ပင် မိန့်တော်မူခဲ့ပါသည်။ ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ရန် ကျန်းမာရေး အတွက် အခြေခံလိုအပ်ချက်ဖြစ်သော အစားအသောက် အနေအထိုင်ဆင်ခြင်ရန် လိုအပ်ပါသည်။ အာဟာရပြည့်ဝသော အစားအစာစားခြင်း၊ ကျန်းမာရေးလေ့ကျင့်မှု များပြုလုပ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ မိမိပတ်ဝန်းကျင် သန့်ရှင်းရေးတို့ကို နေ့စဉ် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကျန်းမာရေးနှင့် ပြည့်စုံသောဘဝကိုရရန် "စောစောအိပ်ထ ပြုကျင့်က တွင်းပ ကိုယ်ခန္ဓာ" ဟူသော ဆောင်ပုဒ်အတိုင်း ကျင့်ကြံရပါသည်။ အိပ်ရာက နိုးပြီဆိုလျှင် မျက်နှာသစ်ရပါသည်။ သွားတိုက်ရပါသည်။ ရေနှင့်မကင်းပါ။ ထမင်းအိုးတည်၊ ဟင်းအိုးတည်၊ ရေနွေးအိုးတည်လျှင်လည်း ရေနှင့်မကင်းပါ။ ရေချိုးပြီဆိုလျှင် ရေကိုအဓိက သုံးရပါသည်။ အညစ်အကြေးပေကျံလျှင်လည်း ရေနှင့်ပင်ဆေးရပါသည်။ ဆေးသောက်လျှင်လည်း ရေပါမှသောက်၍ရပါမည်။ နေ့စဉ်ဘဝတွင် ရေကသာ အရေးပါဆုံးဖြစ်ပါသည်။ ဆရာဝန်တိုင်းက ရေကို ဂရုစိုက်သောက်ရန် ပြောလေ့ရှိပါသည်။ ရေသောက်နည်းသူသည် ရောဂါတစ်မျိုးမျိုး စွဲကပ်လာမည်မှာ သေချာပါသည်။ ထို့ကြောင့် လူ့ဘဝအသက်ရှင် ရပ်တည်ရေးအတွက် ရေသည် အလိုအပ်ဆုံးပင်ဖြစ်ပါသည်။ ဤမျှ အလိုအပ်ဆုံး သုံးရေကို လူတိုင်းက ချွေတာသုံးစွဲသင့်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းမြှင့်တင်ရန် အဓိကလိုအပ်ချက်မှာ လယ်ယာမြေနှင့် ရေအရင်းအမြစ်သည် အရေးပါသော အခန်းကဏ္ဍက ပါဝင်နေပါသည်။ ထို့ကြောင့် လယ်ယာမြေဖော်ထုတ်ခြင်းနှင့် ဆည်ရေပေးခြင်းကို နိုင်ငံတော်အစိုးရက အားထုတ်ကြိုးပမ်းခဲ့ပါသည်။ ၁၉၈၈ခုနှစ်တွင် လယ်ယာမြေဧက ၂၃.၈သန်းရှိရာမှ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဧကပေါင်း ၅၈.၃သန်းအထိ ရှိလာပါသည်။ ယခုအခါ ဆည်ပေါင်း ၃၇၁ဆည် ဆောက်လုပ်ပြီးစီးကာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်ရေပေးခြင်းလုပ်ငန်းကို အားသွန်ခွန်စိုက် ဆောင်ရွက်နေပါသည်။ နွေရာသီ မြစ်ရေတင် စီမံကိန်းချမှတ်ကာ ၃၂၇ ခုအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အထက်အညာဒေသကို ယခင်က မိုးခေါင်ရေရှားရပ်ဝန်းဒေသဟု သတ်မှတ်ခဲ့ပါသည်။ သို့သော် ယခုအခါတွင် နိုင်ငံတော်အစိုးရ၏ အားထုတ် ကြိုးပမ်းမှုကြောင့် စိမ်းလန်းစိုပြည်သောဒေသ ဖြစ်လာပါသည်။ နွေသီးနှံများ စိုက်ပျိုးရန်ဆည်များကို နှစ်စဉ်တိုးချဲ့ဆောက်လုပ်နေပါသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးဆည်၊ အရှေ့တောင်အာရှ၏ အရှည်ဆုံးဆည်ဖြစ်သော **သဖန်းဆိပ်ဆည်**ကို ၂၀၀၁ခု၊ ဧပြီလ ၁၇ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ သဖန်းဆိပ်ဆည်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် တည်ရှိပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိက အားထားရသော ဆည်ကြီးပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧကပေါင်းများစွာအနက် မိုးစပါးဧက ၁၇သန်းနီးပါး၊ နွေစပါးဧက ၁၀သန်းကျော် နှစ်စဉ်စိုက်ပျိုးနိုင်ခဲ့ပါသည်။ ယခုအခါ အာရှ၏ဆန်အိုးအဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာဆန်ဖြင့် နိုင်ငံခြား ဝင်ငွေနှစ်စဉ်များစွာရရှိနေပါသည်။

စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာ ရရှိခြင်းသည် သီးနှံထုတ်လုပ်ခြင်းကိုတိုးမြှင့်ရန် အရေးပါလှပါသည်။ မြေအောက်ရေရရှိခြင်းသည် စိုက်ပျိုးရေစီမံကိန်းအောင်မြင်ရန် အဓိကကျပါသည်။ မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကသီးနှံအဖြစ်သတ်မှတ်ထားပါသည်။ စပါးစိုက်ပျိုးရန် အရေးကြီးဆုံးမှာ ရေလုံလောက်စွာရရှိခြင်းပင်ဖြစ်ပါသည်။ ရေအရင်းအမြစ် ကြွယ်ဝသောနိုင်ငံဖြစ်သည့် အလျောက်ဆန်စပါးသည် နိုင်ငံအတွက် လုံလောက်သည်သာမက ပိုလျှံသည်ကို တင်ပို့နိုင်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် ကျေးရွာပေါင်းများစွာနှင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်ပါသည်။ ကျေးရွာတိုးတက်မှ မြို့ပြတိုးတက်မည်။ မြို့ပြတိုးတက်မှ နိုင်ငံတော်တိုးတက်မည်။ ကျေးရွာတိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းပင်ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနေပါသည်။ ခေတ်မီစက်ကိရိယာများဖြင့် ထွန်ယက် စိုက်ပျိုးသည်သာမကရေအရင်းအမြစ်လုံလောက်စွာရရှိသည့် ကျေးရွာတိုင်း၏ စိုက်ပျိုးရေးလုပ်ငန်းသည်တိုးတက်အောင်မြင်ကာ လူနေမှုဘဝလည်း မြင့်မား လာကြပါသည်။

ကျေးလက်လူနေမှုဘဝတိုးတက်ရန်အတွက် ရေသည်လိုအပ်သည်သာမကမြို့ပြလူနေမှုဘဝ တိုးတက်ရန် ရေသည် မရှိမဖြစ်လိုအပ်ပါသည်။ လူနေထူထပ်လှသော မြို့ပြတွင် ရေလုံလောက်စွာရရှိရန် လိုအပ်လှပါသည်။ အထူးသဖြင့်လူနေအများဆုံးဖြစ်သော ရန်ကုန်မြို့တွင် ဂျိုးဖြူကန် တစ်ကန်တည်းက ပေးသောရေဖြင့် မလုံလောက်သဖြင့် ဖူးကြီးရေလှောင်ကန်ကို ဆည်ဖို့ကာ ရေပေးခဲ့သဖြင့်ရေလုံလောက်စွာရရှိလာပါသည်။ နှစ်စဉ်တိုးတက်လာသော လူဦးရေအတွက် ရေလုံလောက်စေရန် မြို့နေပြည်သူတို့ကလည်း ရေကို ချွေတာသုံးစွဲသင့်လှပါသည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝသောနိုင်ငံဖြစ်ပါသည်။ ပေါများလွန်းသဖြင့် လူများစွာသည် ရေကိုတန်ဖိုးထားရကောင်းမှန်မသိဘဲ အကျိုးမဲ့ဖြုန်းတီးနေကြပါသည်။ အသုံးနှင့်အဖြုန်းကိုပင် ခွဲခြားမသိဖြစ်နေပါသည်။ "ချွေတာ

စုဆောင်း သူဌေးလောင်း'' ဟူသော ဆိုရိုးစကားအတိုင်း အသုံးအစွဲချွေတာပြီး ငွေကြေးစုဆောင်းလျှင် သူဌေးဖြစ်နိုင်သည်။ ရေကို ချွေတာသုံးစွဲလျှင်မှ နိုင်ငံအတွက် ရေအရင်းအမြစ် ဆုံးရှုံးမှုနည်းပါးလာသဖြင့် နိုင်ငံပင် ကြွယ်ဝလာနိုင်ပါသည်။ ထို့ကြောင့် လူတိုင်းသည် ရေကိုချွေတာသုံးစွဲသင့်ပါသည်။

ကမ္ဘာ့နိုင်ငံအချို့သည် ရေအရင်းအမြစ်နည်းပါးလှပါသည်။ **စင်ကာပူနိုင်ငံသည် ရေအရင်းအမြစ်လုံးဝ မရှိသော နိုင်ငံ**ပင်ဖြစ်ပါသည်။ ရေအရင်းအမြစ်မရှိသောစိန်ခေါ်မှုကြီးကို ရေစီမံကိန်းများပြုလုပ်ကာ ကျော်လွှားနိုင်ခဲ့ပါသည်။ အရှေ့တော်အာရှတွင် ကြွယ်ဝချမ်းသာသောနိုင်ငံပင် ဖြစ်လာခဲ့ပါသည်။ ရေကို မလေးရှားနိုင်ငံကပင် သွင်းကုန်အဖြစ်ဝယ်ယူခဲ့ရပါသည်။ ထို့ပြင် ပင်လယ်ရေကို ရေချိုဖြစ်အောင် ပြုလုပ်သောနည်းစနစ်ကိုလည်း အသုံးပြုခဲ့ပါသည်။ ရေကို ချွေတာစွာသုံးစွဲပြီး စက်မှုနိုင်ငံအဖြစ် ထူထောင်ခဲ့သဖြင့် လူဦးရေနည်းပါးလှသော ကျွန်းနိုင်ငံကလေးပင် ဖြစ်စေကာမူ ကြွယ်ဝချမ်းသာနေပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင်မူ ရေအရင်းအမြစ်သည် ပေါများလှသဖြင့် တန်ဖိုးထားရကောင်းမှန်မသိဘဲ သုံးဖြုန်းနေကြပါသည်။ လူတစ်ယောက်ချင်း ချွေတာမှသာ ရေအရင်းအမြစ်များ ရေရှည်တည်မြဲမည်ဖြစ်ပါသည်။ လူတစ်ယောက်သည် တစ်နေ့လျှင် တစ်ဂါလံမျှ ချွေတာသုံးစွဲလျှင်ပင် မြန်မာနိုင်ငံ၏ လူဦးရေနှင့် တွက်ပါက ဂါလံသန်းပေါင်းများစွာ လေလွင့်မှုကိုတားဆီးနိုင်ပါလိမ့်မည်။ ရေအရင်းအမြစ် ရေရှည်တည်တံ့စေရန် ရေကို ချွေတာသုံးစွဲရပါမည်။ ထို့ပြင် သစ်တောသစ်ပင်ကိုလည်း ထိန်းသိမ်းရပါမည်။ သို့မှသာ ရာသီဥတုမျှတပြီး ရေအရင်းအမြစ်လည်း တည်မြဲနိုင်ပါမည်။ ပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော် ကြီးပွားတိုးတက်စေရန် ရေကို ချွေတာသုံးစွဲကာ တက်ညီလက်ညီ ကြိုးပမ်းသင့်ကြပေသတည်း။ ။

မြစ်ကမ်းခြေဆည်းဆာအလှ

- ညနေခင်းဆည်းဆာအချိန်ရောက်လာပုံ
- ညနေခင်းကောင်းကင်မှ တိမ်တောက်တိမ်လိပ်တို့၏အလှ
- မြစ်ကမ်းခြေ နေဝင်ခါနီးဆည်းဆာအလှ
- မြစ်ကမ်းခြေ လမ်းလျှောက်ကြပုံမြင်ကွင်း
- တံငါသည်တို့၏ ဘဝမြင်ကွင်း
- ကျေးငှက်သာရကာတို့၏ သဘာဝ
- မြစ်ကမ်းခြေဆည်းဆာအလှအပေါ် စာဆိုတို့၏ ခံစားမှုနှင့် အဖွဲ့များ
- မိမိ၏ အမြင်

## မြစ်ကမ်းခြေဆည်းဆာအလှ

ရောင်ခြည်တစ်ထောင် အလင်းဆောင်သော သူရကန်စက် ဖန်ဂယက်လည်း ယုဂန်စွန်းက ထိမ်ပင်ပေါက်ရာ အနောက်ဂေါယာကျွန်းသို့ ယွန်းပေတော့မည်။ နေမင်း၏ အသွင်သည် ရွှမ်းလျနေဟန် ရှိနေလေပြီ။ တစ်နေ့တာ လုပ်ငန်းစခန်းဝယ် မောပန်းခဲ့ဟန်တူလေသည်။ အရုဏ်တက်စ အခါသမယကဲ့သို့ မရွှင်းပနိုင်တော့ချေ။ မွန်းတည့်နေကဲ့သို့လည်း မခိုးမဝေနိုင်တော့ပေ။ နီဖျော့ဖျော့အဆင်းနှင့် အားတင်း၍သာ လင်းနေရှာတော့သည်။

တစ်နေ့တာကုန်ဆုံး၍ တစ်ညသို့ကူးပြောင်းသွားတော့မည့် အချိန်သည် ညနေဆည်းဆာချိန်ပင် ဖြစ်ပါသည်။ တချို့က ညနေဆည်းဆာကိုပင် နေညိုချိန်ဟူ၍လည်းကောင်း၊ ညနေခင်းဟူ၍လည်းကောင်း၊ နေဝင်ချိန်ဟူ၍ လည်းကောင်းခေါ်ကြပြန်သည်။

နေမင်း၏ အလင်းရောင်သည် ကြေးဝါရောင်မှ ကြေးနီရောင်၊ ကြေးနီရောင်မှ လိမ္မော်ရောင်၊ လိမ္မော်ရောင်မှ ပတ္တမြားသွေးရောင်ပြောင်း၍ သွားသည်မှာ ဆွတ်ပျံ့ဖွယ် ကောင်းလှပါသည်။ နေဝန်းကြီးမှာ တဖြည်းဖြည်းကြီး၍ ကြီး၍ လာပြီး ဩကာသလောကကြီးကို ပတ္တမြားသွေးရည် သွန်းလောင်းပေးနေသည်။ ညနေဆည်းဆာတွင်နေမင်း၏ အလင်းရောင်တို့မှာ တဖြည်းဖြည်းဖျော့တော့လာသည်။ ညနေဆည်းဆာတွင် နေမင်း၏ အလင်းရောင်တို့မှာ တဖြည်းဖြည်း ဖျော့တော့လာသည်။ အပူရှိန်လည်း တစ်စတစ်စ လျော့နည်းလာသည်။

ညနေဆည်းဆာတွင် သဘာဝပန်းချီဆရာကြီးက အစွမ်းကုန်ခြယ်သထားသည့်အလား ထက်ကောင်းကင်တစ်ခုလုံး အရောင်အသွေးစုံစွာ တောက်ပနေသည်။ မိုးသားတိမ်လွှာကင်းစင်သော ထက်အာကာ ကြည်ပြာရောင် နောက်ခံအရေးမှာ တိမ်ညိုတိမ်ပန်းတို့ တရွေ့ရွေ့ လှုပ်ရှားနေကြပါသည်။ တစ်ခါတစ်ခါ ဝယ်နီစွေးသော ပတ္တမြားသွေးရောင်တိမ်မျှင်တို့သည် အနောက်ဘက် မိုးကောင်းကင်တွင် စိုးမိုးနေတတ်သည်။ နေခြည်ဝင်းဝင်းတွင် ရွှေရည်အဆင်းတောက်ပနေသော တိမ်ပန်းတိမ်ခက်များသည် လှချင်တိုင်းလှ ဆန်းချင်တိုင်းဆန်နေသည်မှာ မြင်ရသူအဖို့ ရွှေသည်းဆွတ်ပျံ့ဆည် မအံ့နိုင်လောက်အောင်ပင် လွမ်းရလောက်ပါသည်။ ညနေဆည်းဆာချိန်ထက် အာကာတစ်ခွင် တိမ်တောင်တိမ်လိပ်တို့၏ သဘာဝကို ရှင်ဥတ္တမကျော်ကတောလား တိမ်ဘွဲ့တွင်-

"တိမ်ညိုမိလ္လာ၊ တိမ်စူကာနှင့်၊ တိမ်ပြာရောယှက်၊ မရန်းဖက်၍၊

တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်၊ မှောင်ခဲ့တချို့၊ ညိုခဲ့တလီ"

ဟုဖွဲ့ဆိုထားသကဲ့သို့ အညိုရောင်မှ အနီရောင်၊ အနီရောင်မှ အပြာရောင်၊ အပြာရောင်မှ မရန်းရောင်သို့ အရောင်အသွေးစုံ ရောယှက်နေပုံမှာ ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှပါသည်။

ညနေဆည်းဆာအချိန် မိုးသည်းထန်စွာ ရွာမည့်နေမျိုးဆိုလျှင် အရပ်ရှစ်မျက်နှာတစ်ခွင်၌ တိမ်များသည် မင်တုံးမင်ခဲများကဲ့သို့ မည်းမှောင်နေပါသည်။ တိမ်များသည်ထုထည်ကြီးမားလွန်းသဖြင့် ပြိုကျအံကျတော့မယောင် ထင်မိစေပါသည်။ တိမ်ရောင်စုံများကို မမြင်ရတော့ဘဲ မဟူရာရောင်လွှမ်းနေသော တိမ်ညိုတိမ်မည်းများကိုသာ မြင်ရပါသည်။ ထိုအချိန်အခါမျိုးတွင် ဘုတ်ငှက်ကလေးကလည်း တအီအီအော်မြည်နေသည်မှာ ဖော်ကွာဝေးသူတို့အဖို့ အလွမ်းပိုစေပါသည်။ အဆိုပါမြင်ကွင်းမျိုးကို စာဆိုဦးကြင်ဥက "ဌာနီပြည်ကြီး ကဝေးသနှင့်" ကဗျာတွင်-

"နယ်ရှစ်ခွင်လုံး၊ တိမ်မင်တုံး

မိုးလုံးအိသို့၊ အိုသိတတ်ပြီ

မြိုင်ခြေအုပ်က၊ ရွှေဘုတ်ကယ်အီသည်

ဌာနီပြည်ကြီး ကလည်းဝေးသနှင့်

ဟုဖွဲ့စပ်ချယ်ခဲ့ပါသည်။

မြစ်ကမ်းခြေနေဝင်ခါနီး ဆည်းဆာအလှကား မြင်ရသူတိုင်း၏ စိတ်အာရုံတွင် စွဲငြိထင်ကျန်ရစ်စေသော အလှပင်ဖြစ်ပါသည်။ နေဝင်ခါနီး မြစ်ကမ်းစပ်တွင် ဗေဒါပင်လေးများ ရေစီးနှင့် အတူမျောပါနေပါသည်။ တစ်ခါတစ်ရံ လှိုင်းအပုတ်တွင် ဗေဒါပင်အချို့သည် မြစ်ကမ်းခြေတွင်တင်ကျန်ရစ်ခဲ့ပါသည်။ သူ့အဖော် ဗေဒါပင်များကဲ့သို့ ရေစီးနှင့်အတူ မသွားနိုင်တော့ဘဲ အဖော်ကွဲ ကျန်ရစ်ပါတော့သည်။ လောကဓံလှိုင်း၏ အရိုက်အပုတ်ကို လူသားများနည်းတူ ခံရရှာလေသလောဟူ၍ တွေးထင်မိပါသည်။

မြစ်ကမ်းခြေနေဝင်ခါနီး ဆည်းဆာချိန်လမ်းလျှောက်ကြသော မြင်ကွင်းကလည်း ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှပါသည်။ မြစ်ပြင်ကို ဖြတ်သန်းလာသော လေပြည်လေညင်းကလည်း လတ်ဆတ်အေးမြ နေပါသည်။ ကလူကျီစယ်နေကြသော သမီးရည်းစားစုံတွဲများ၊ ကြည့်မဝရှုမဝသော သားသမီးများကို လက်ကဆွဲကာ လမ်းလျှောက်နေကြသော ပျော်ရွှင်ဖွယ်ကောင်းလှသော မိသားစု၊ မသန်မစွမ်းတော့သော အဘိုးအဘွားတို့ကို ဖေးကူတွဲကာ လမ်းလျှောက်လာသော မြေးအဘိုးတို့၏ မြင်ကွင်းများက မြစ်ကမ်းခြေ ဆည်းဆာအလှကို ပို၍လှပလာစေပါသည်။

ညနေဆည်းဆာအချိန်သည် များစွာသော လူတို့အတွက် တစ်နေကုန် ပင်ပန်းသမျှ အနားယူကြသော အချိန်ဖြစ်ပါသည်။ သို့သော် ရေလုပ်သားတို့သည် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အနားမယူနိုင်ဘဲ မြစ်ပြင်တစ်လျှောက် ပိုက်ချနေကြပါသည်။ မိသားစု စားဝတ်နေရေးအတွက် သီချင်းတအေးအေးဖြင့် မမောနိုင်မပန်းနိုင် အလုပ်ခွင်ဝင်နေသော မြင်ကွင်းမှာ လွမ်းမောဖွယ်ကောင်းသကဲ့သို့ ကြည်နူးဖွယ်လည်းကောင်းလှပါသည်။ "အိုတံငါ၊ ရေယဉ်စီးပါလို့၊ ပိုက်ကြီးကို ရေချလာ၊ အဲ့ဒါညီလေးတို့ တောရဲ့သဘာဝပါ" ဟူသော သီချင်းကိုပင် ဆိုညည်းမိပါတော့သည်။

ညနေဆည်းဆာချိန်သည် ကျေးငှက်သာရကာတို့ အိပ်တန်းတက်ချိန်လည်းဖြစ်ပါသည်။ မြစ်ကမ်းခြေရှိ ကုက္ကိုပင်ကြီးပေါ်တွင် တစ်နေကုန်အစာရှာပြီး အိပ်တန်းတက်လာသော ကျေးငှက်ကလေးများသည် ငှက်မျိုးစုံသကဲ့သို့ ဆည်းဆာအရောင်ဟပ်သဖြင့် အရောင်အသွေးစုံလှပါသည်။ ဟသ်ာ၊ စင်ရော်၊ ရေကြက်ကလေးများကမူ ရေစီးနှင့်အတူ မျောပါလိုက်သဲသောင်ပြင်ပေါ် ပျံဝဲလိုက်နှင့် ပျော်ချင်တိုင်းပျော် မြူးချင်တိုင်းမြူးနေဆဲပင်ဖြစ်ပါသည်။ လင်းဆွဲငှက်များကမူ အခြားငှက်များနှင့် မတူဘဲ တစ်နေကုန် အိပ်စက်အနားယူပြီး ညနေဆည်းဆာ

အချိန်ရောက်မှ အစာရှာရန် အိပ်တန်းကခွာပြီး အဝေးသို့ ပျံထွက်သွားပါသည်။

မြစ်ကမ်းခြေဆည်းဆာအလှအပေါ် စာဆိုအသီးသီးကလည်း ခံစားမှုအဖုံဖုံဖြင့် ရေးဖွဲ့ကြပါသည်။ သိပ္ပံမောင်ဝက "**ညနေခင်း**" ဆောင်းပါးတွင်-

"နေမင်းသည် ဝင်လုပြီဖြစ်သောကြောင့် နေရောင်ခြည်မြေပြင်ကိုဟပ်သဖြင့် တစ်ဖျပ်ဖျပ်နှင့်နေသည်မှာ ရှုမငြီးနိုင်အောင်ဖြစ်၏။ အဖြူရောင် တိမ်တိုက်တို့ကို နေရောင်ဖျန်းလိုက်သဖြင့် မရန်းရောင် တစ်လှည့်၊ အဝါရောင် တစ်ခါ၊ အပြာရောင် တစ်မျိုး၊ မီးခိုးရောင်တစ်သွယ် တင့်တယ်ဘိတောင်း၊ မြင်ရသူ အပေါင်း အဘယ်မှာလျှင် နှစ်ထောင်းအားရ တင်းတိမ်နိုင်အံ့နည်း"

ဟူ၍ရေးဖွဲ့ထားပါသည်။

ထို့ပြင် သိပ္ပံမောင်ဝ၏"**မင်းလတ်**" ဆောင်းပါးတွင် မြစ်ကမ်းခြေ နေဝင်ချိန်ရှုခင်းကို -

"နေမင်းလည်းစိုသော အရောင်တို့ကို လွှတ်၏။ ထိုနီသော အရောင်တို့ကာ ဧရာဝတီ မြစ်ကျောပေါ်သို့ကျလျှင် မြစ်တစ်မြစ်လုံး နီနီရဲရဲကြီးနေပေ၏။ စိတ်ကြည်နူးဖွယ် ကောင်းလှပေသည်။ အတန်ကြာလျှင် နေမင်းသည် အနောက်ရိုးမ တောင်ကြားသို့ ဝင်၍သွား၏။ ဧရာဝတီမြစ်ကြီးလည်း နီရာမှဝါ၊ ဝါရာမှ ခရမ်းရောင်၊ ခရမ်းရောင်မှ အပြာ၊ အပြာမှ အနက်သို့ ကူးပြောင်း၍ သွားတော့သတည်း"

ဟူ၍ ရေးဖွဲ့ထားပါသည်။

ဆရာဇော်ဂျီကမူ "**ပန်းခဲ့သည်ပဲ**" ကဗျာတွင် မြစ်ကမ်းခြေညနေဆည်းဆာအလှကို -

"နေလုံးရယ်နီ
တိမ်ပန်းချီနေသွေးနဲ့၊ နတ်ရေးသည်သို့
ဒီအကျပေမို့
အလှလတာပြင်က၊ ကျူရိုးရှင်လှေကလေးနဲ့
မျှော်ငေးလိုလို့"

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားပါသည်။

မြစ်ကမ်းခြေဆည်းဆာအလှကာ လောကကို အလှဆင်နေပါသည်။ နေမင်းကြီးသည် ပတ္တမြားသွေးရောင်နီရဲနေပါသည်။ ကမ္ဘာမြေနှင့် တစ်ညတာ ခွဲခါနီးတွင် နှုတ်ဆက်လက်ဆောင်အဖြစ် ရောင်ခြည်များကို အစွမ်းကုန် ဖြန့်ကျက်ပေးနေပါသည်။

နေမင်းကြီးသည် တဖြည်းဖြည်း နိမ့်ဆင်းလာရာ အနောက်ဘက် မြစ်ကမ်းခြေတွင် မေးတင်နေရာမှ ဝင်သွားပါသည်။ အလင်းရောင်သည်လည်း တစ်စတစ်စ မှေးမှိန်လာပြီး အမှောင်သန်းလာပါသည်။ ကောင်းကင်တွင်ကြယ်စင်ကလေးများ ပြိုးပြက်လင်းလက်သည်ကို မြင်ရချိန်သည် ညနေဆည်းဆာ၏ နိဂုံးအဆုံးသတ်ပင်ဖြစ်ပါသည်။ မြစ်ကမ်းခြေ ဆည်းဆာအလှကာ ကြည်နူးလွမ်းမောဖွယ်ကောင်းလှပါသတည်း။ ။

မြန်မာ့ရေအလှ မြေအလှ

- မြန်မာပြည်တည်ရာ
- ဇီဝနယ်မြေနှင့် အင်းလေး
- ရာသီမသိပန်းနှင့်ညှို
- မြန်မာ့နှလုံးသားအလှ
- အလှပေါင်းစုံရာ ပြည်မြန်မာ

## မြန်မာ့ရေအလှ မြေအလှ

ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကဟူသော လောကသုံးပါးလုံးသည် တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်ပြီး အတူတကွ ပေါက်ဖွားကာ မြန်မာ့ရေအလှ၊ မြန်မာ့မြေအလှကို ဖော်ကျူးနေပါသည်။ မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ် ပူတာအိုမှသည် တောင်ဖျား တနင်္သာရီအနောက်ဖက် ကမ်းရိုးတန်း၊ ရခိုင်မှ အရှေ့ဘက်ရှမ်းကုန်းပြင်မြင့်အထိ ပိုင်းခြားနိုင်သော မြန်မာ့ရေအလှ၊ မြေအလှကို ကြည်နူးမွေ့လျော်ဖွယ် ခံစားနိုင်ပါသည်။

မြန်မာပြည်သည် တောတောင်ရေမြေသဘာဝအလှများစွာကို ပိုင်ဆိုင်ထားသော တိုင်းပြည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်တွင်ရှိသော ပင်းတယဂူ၊ ထန်စန်းဂူ၊ ပြဒါးလင်းဂူတို့ကိုတွေ့ရသည့်အခါ သဘာဝ၏ ဆန်းကြယ်ပုံများကို ရင်သပ်ရှုမောတွေ့ရှိရပါသည်။ ကျောက်ဂူများ၏ မျက်နှာကျက်များသည် ကျောက်စွယ်၊ ကျောက်မျှင်များ ချိတ်ဆွဲထားသည့်နှယ် ဂူအလင်းပေါက်မှဝင်လာသော အလင်းရောင်ဖြင့် ဂူအတွင်းရှိ ဘုရားပုံတော်အမျိုးမျိုးကို ကြည်ညိုပူဇော်ရပါသည်။

အထူးသဖြင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့တွင်ရှိသော **အင်းလေးကန်ကြီးကို ယူနက်စကို၏ ပထမဆုံး ဇီဝအဝန်းနယ်မြေအဖြစ်** သတ်မှတ်ထားသည်။ အင်းလေးကန်ဒေသသည် လူသားနှင့် ဇီဝနယ်မြေအဖြစ် သတ်မှတ်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းဆောင်ရွက်ထားပါသည်။ မြန်မာ့မြေ၊ မြန်မာ့ရေ၏ အလှအပေါင်းကို ကမ္ဘာက အသိအမှတ်ပြုခြင်းသည်ပင် ဂုဏ်ယူဖွယ်မဟုတ်ပါလော။

အင်းလေးကန်သည် သဘာဝကုန်းတွင်ရေကန်များအနက် ဒုတိယအကြီးဆုံးကန်ဖြစ်ပါသည်။ အင်းလေးကန်ဝန်းကျင်တွင် ရွာငယ်ပေါင်း ၃၀ ကျော်နှင့် ပတ်ဝန်းကျင်ရှိ တောင်စွယ်တောင်တန်းများ၊ ရေပြင်ပေါ်ရှိ ရာသီအလိုက် ရေပေါ်

စိုက်ခင်းများ၊ ရေခြံများသည် သဘာဝကပေးထားသော မြေအလှ၊ ရေအလှပင် ဖြစ်ပါသည်။ အင်းလေးတွင် အင်းလေးဖောင်တော်ဦးဘုရား၊ ရွှေအင်းတိန်ဘုရား များသည် သမိုင်းဝင် ရှေးဟောင်းတန်ခိုးကြီးဘုရားများအဖြစ် ထင်ရှားပါသည်။

မြန်မာ့ရေခံမြေခံကောင်းပေါ်တွင် သဘာဝပေးထားသော ပန်းလက်ဆောင် များသည်လည်း ၁၂ လပတ်လုံး ဖူးပွင့်ပါသည်။ **'ရာသီမသိ ပန်းနှင့်ညီ'** ဟူသော ဆိုရိုးစကားကဲ့သို့ပင် **'ပန်းကုံကော်ရွှေစကား၊ ငွေသားနုစပယ်မှန်၊ မုလေးခတ္တာနှင့် ရွှေယင်းမာ ကြာခဝဲ ဖွဲ့စနင်းလျှို သဇင်ကျန် ညာတံပေါက်လဲ ပွတ်ဝတ်ကယ်ရွှေဖီမင်း သင်းထုံနံ့ကဲ'** ဟူ၍ ရာသီအလိုက် ပန်းများဖူးပွင့်ပါသည်။

၁၂ လရာသီပန်းများတွင် စာဆိုဦးကြော့ဖွဲ့ဆိုထားသော တစ်နှစ်တွင်တစ်လ၊ တစ်လတွင်မှတစ်ရက်သာ ဖူးပွင့်လေ့ရှိသော တန်ခူးလတွင်ပွင့်သော ပိတောက်ပန်း သည်လည်း မြန်မာ့နလုံးသားကို ဆွဲဆောင်နိုင်စွမ်းရှိပါသည်။ ဆရာဇော်ဂျီ၏ ပိတောက်ပန်းကဗျာတွင် ပိတောက်ပန်းလေးများသည် ကမ္ဘာသူကမ္ဘာသားများ စိတ် ချမ်းမြေ့ပျော်ရွှင်စေရန်နှင့် သာသနာတော်ထွန်းကားရန် တမင်မှန်းဆရည်ရွယ်၍ ဖူးပွင့်လေသလားဟူ၍ ရေးဖွဲ့ထားပါသည်။ သပြေပန်းကို လည်း အမျိုးသားရေးပန်း၊ အောင်ပန်းဟု တင်စားကာ ဆရာကြီး မင်းသုဝဏ်၏ **'သပြေညို'** ကဗျာတွင် တွေ့ရ ပါသည်။ သူ့ကျွန်ဘဝမှလွတ်မြောက်လိုသောမြန်မာတို့သည် **'ရောင်နီမှာ အောင်စည် ရွှမ်းရအောင် သပြေညို ရွှေဘိုပန်းရယ်နဲ့ လှမ်းကြစို့လေး'** ဟု ကိုယ့်ထီး ကိုယ့်နန်းကို တမ်းတခဲ့ကြပါသည်။

တန်ခူးလအခါတွင် မြန်မာလူမျိုးတို့သည် သင်္ကြန်ရေကစားရုံမျှသာ မကပါ။ **'ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ'** ဟု ဆိုရလောက်အောင်ပင် အလှူဒါနများကို စုပေါင်းလှူဒါန်းကြပါသည်။ မုန့်လုံး ရေပေါ်၊ ရွှေရင်အေး စသည့်မုန့်များကို စတုဒိသာကျွေးကြပါသည်။ အသက်လွှတ်ပွဲအဖြစ် နွားများ၊ ဆိတ်များ၊ ငှက်များ၊ ငါးများကို လွှတ်ကြပါသည်။ သက်ကြီးရွယ်အို ဘိုးဘွားများကို လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာလိမ်းကျံခြင်းနှင့် ပူဇော် ကန်တော့ပွဲများ ပြုကြပါသည်။

**'ဂါရဝေါ စ နိဝါတော စ'** ဟူသော မင်္ဂလာတရားနှင့်အညီ ဝါကျွတ်အခါတွင် မိဘ၊ ဘိုးဘွား၊ ဆရာသမားများကို ကန်တော့သည့်အလေ့မှာလည်း မြန်မာ့အလှပင် ဖြစ်ပါသည်။ ကန်တော့ခံ မိဘ၊ ဘိုးဘွားများကလည်း **'သက်ရှည်ကျန်းမာ စိတ် ချမ်းသာပါစေ၊ လိုရာဆုများ ပြည့်စုံကြပါစေ'** ဟု ဆုပေးရုံမကပါ။ မုန့်ဖိုးလည်းပေး ကြသဖြင့် ကလေးများ အလွန်ပင်ဝမ်းသာကြပါသည်။ မြန်မာမင်းများလက်ထက်

အခါကပင် ဝါကျွတ်ကန်တော့ပွဲများ ကျင်းပလေ့ရှိကြောင်း ယဉ်ကျေးမှုအစဉ်အလာ ကောင်းများသည် မြန်မာ့မြေ၊ မြန်မာ့ရေ၏ ဂုဏ်အင်တစ်ရပ်ပင် ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား လက်ကိုင်ထားသည့် နှလုံးသားအလှနှင့် ပြည့်စုံသူများဖြစ်ကြသည်။ မေတ္တာဦးစီးသောစိတ်ထားဖြင့် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့် အချင်းချင်း ဆက်ဆံကြပါသည်။ ရှေးအခါက မြန်မာမိသားစုထမင်းဝိုင်းတွင် နီးဒေါင်းလန်းကြီးနှင့် လက်ရေတစ်ပြင်တည်း စားသောက်လေ့ရှိပါသည်။ **'ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် ရှေးကထက် ပိုချစ်ကြတယ်'** ဟူသည့် သီချင်းလေးကိုပင် သတိရမိပါသည်။

လောကကောင်းကျိုးကို ဆောင်သော ပရဟိတလုပ်ငန်းများကို အသင်း အဖွဲ့လိုက်ဖြစ်စေ၊ တစ်ကိုယ်တော်ဖြစ်စေ လုပ်ကိုင်နေကြပါသည်။ **ရှင်ကူအဖွဲ့**သည် ရန်ကုန်ဆေးရုံကြီးတွင် ဆန်ပြုတ်လှူခြင်း၊ အရေးပေါ်လူနာများကို အိမ်အရောက် သွားခေါ်၍ လိုအပ်သည့်ဆေးရုံများသို့ ပို့ဆောင်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများကို ပြုပါသည်။ တစ်ကိုယ်တော် ပရဟိတကွန်ရက်ဖြစ်သော **လူငယ် ခင်နှင်းကြည်သာ**သည် အညာဒေသ တောင်းတန်းဒေသများတွင် လိုအပ်သောရေတွင်း၊ ရေကန် တူးခြင်း၊ စာသင်ကျောင်းဆောက်ခြင်း၊ စပေါင်းရှင်ပြုခြင်းများကို ဆောင်ရွက်နေပါသည်။ နာရေးကူညီမှု အသင်းအဖွဲ့များ၊ စေတနာဆေးခန်းများ ပေါ်ထွန်းနေသည်မှာလည်း ဝမ်းမြောက်စရာ၊ သာဓုခေါ်စရာပင်။ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ ဆည်းဆာဘိုးဘွားရိပ်သာ၊ သဘာဝတရားဘိုးဘွားရိပ်သာ စသည်တို့သည်လည်း မိုကိုးရာမဲ့သော ဘိုးဘွားများ၏ နောက်ဆုံးနေဝင်ချိန်လေးကို သောကမဲ့စွာ၊ အေးချမ်းစွာ ဖြတ်သန်း ရင်ဆိုင်နိုင် ရန်ဟူသော စေတနာဖြင့် တည်ထောင်ဖွင့်လှစ်ထားပါသည်။

အလှပေါ်အယဉ်ဆင့်ဟူသော စကားဥပမာလေးကဲ့သို့ပင် မြန်မာလူမျိုးတို့ ပရဟိတစိတ်ထားကောင်း ပြယုဂ်များကို ယခုအခါ တွေ့နေရပါပြီ။ လူသားတို့၏ နှလုံးသားအလှတရားတို့ဖြင့် ဩကာသလောကကြီးကို အသက်ဝင်စေပါသည်။ မေတ္တာစေတနာစွမ်းအင်တို့ဖြင့် မြန်မာ့မြေ၊ မြန်မာ့ရေတို့သည် လင်းလက် တောက်ပနေသည်ဟု ဆိုချင်ပါသည်။ ။

မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း

- ❑ မြန်မာနိုင်ငံနှင့် ဘာသာဝါဒ
- ❑ ဗုဒ္ဓအဆုံးအမနှင့် မြန်မာ့စိတ်ထား
- ❑ မြန်မာ့အလှရေမြေသဘာဝအင်းလေးအလှ
- ❑ မြစ်ကြီးလေးသွယ်နှင့် မြန်မာပြည်
- ❑ မြန်မာပြည်သည် တို့ပြည်

## မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း

မြန်မာလူမျိုးတို့သည် သမိုင်းကြောင်းကို ပြန်ကြည့်ပါလျှင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည်ဖြင့် ခေတ်အစဉ်အဆက် လှေလာသိရှိနိုင်ပါသည်။ အနော်ရထာ မင်းကြီးထူထောင်ခဲ့သော ပထမမြန်မာ နိုင်ငံတော်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာ ထူထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားကြီး ထူထောင်ခဲ့သော တတိယမြန်မာနိုင်ငံတော် စသည်ဖြင့် ခေတ်အဆက်ဆက် သမိုင်းတွင်ခဲ့ပါသည်။

ပုဂံခေတ်မတိုင်မီက ကိုးကွယ်မှုဘာသာတရား ယုံကြည်မှုတွင် ဗြဟ္မဏ ဝါဒ၊ အရည်းကြီးဝါဒဟူ၍ အမျိုးမျိုးရှိခဲ့သော်လည်း ဗုဒ္ဓဝါဒ မထွန်းကားသေးပါ။ ပုဂံခေတ် အနော်ရထာမင်းကြီး သထုံပြည်မှ ပင့်ဆောင်လာခဲ့သော အရဟံအရှင်မြတ် နှင့် ပိဋကတ်စာပေများ၏အကျိုးကြောင့် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု ဒုတိယအကြိမ် စတင်ခဲ့ပါသည်။

ဗုဒ္ဓ၏အဆုံးအမကို ခံယူကြကုန်သော ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထားသည် လောကီ လောကုတ္တရာနှစ်ဖြာအတွက် အကျိုးများပါသည်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်။ သူ့အသက်သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းကို မပေးဘဲမယူခြင်း၊ မသုံးစွဲခြင်း၊ မခိုးခြင်း၊ လိမ်ညာ စကား မပြောခြင်း၊ သူများအိမ်ရာ မကျူးလွန်ခြင်း၊ အရက်သေစာမသောက်စားခြင်း စသော ကိုယ်ကျင့် တရား ရှိသူများဖြစ်အောင် ယဉ်စဉ်ကပင် သင်ယူခဲ့ကြပါသည်။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ" ဆိုရိုးစကားအတိုင်းပင် မိဘများက ကိုယ်ကျင့်သီလကောင်းအောင် ပြုစုပျိုးထောင်ခြင်းဖြင့် လူကောင်း၊ လူတော်များဖြစ်လာပါသည်။ ကျောင်းမှာ ဆရာကလည်း သင်ကြားသည်။ ထိုသို့သော ပြုစုပျိုးထောင်ခြင်းကြောင့် မြန်မာလူငယ်လူကြီး အပေါင်းတို့၏

စိတ်ရင်းစေတနာသည် ဖြူစင်သည်။ မကောင်းမှုကို ကြောက်တတ်၏။ ကောင်းမှုကို မြတ်နိုး၏။ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားကြ၏။ ဗြဟ္မစိုရ်တရားလေးပါး နှင့်အညီ ကျင့်ကြံနေထိုင်၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယအကျင့် တစ်နည်း မြတ်သောအကျင့်ကို မြန်မာတို့၏ ကိုယ်ကျင့်သီလအဖြစ် ခံယူ၏။ မေတ္တာဟူသော ချစ်ခြင်းဖြင့် လူအချင်းချင်း ဆက်ဆံသောကြောင့် ထိုပတ်ဝန်းကျင်တွင် အေးငြိမ်း၏။ အမျက်ဒေါသနည်း၏။ ကရုဏာစိတ်ဖြင့် လူအချင်းချင်း ဆက်ဆံ၏။ မုဒိတာဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ချစ်ခြင်းမုန်းခြင်းမရှိ ဥပေက္ခာဖြင့် ငြိမ်းအေး၏။ ထိုသို့သော နှလုံးသားစိတ်ရင်းရှိသော မြန်မာတို့ နေထိုင်ရာ မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့တောတောင်သဘာဝ ကြွယ်ဝကုန်သော မြန်မာ့ရှုခင်းသည်လှပ၏။ သာယာ၏။ ငြိမ်းအေး၏။ စိတ်နှလုံး ကြည်မွေ့ဖွယ်ဖြစ်၏။

မြန်မာလူမျိုးတို့၏စိတ်ထားသည် ဗုဒ္ဓ၏အဆုံးအမ၊ သာသနာ၏ အထိန်း အကွပ်ဖြင့် စိတ်ထားကောင်းမွေးကြပါသည်။ စိတ်ထားကောင်းသော ကြင်နာသနား တတ်သော ဖြူစင်မြင့်မြတ်သောမြန်မာ၊ "မကောင်းမှုရှောင် ကောင်းမှု ဆောင်သော မြန်မာ" ဟု ဆိုနိုင်ပါသည်။ ကုသိုလ်၏အကျိုး၊ အကုသိုလ်၏အပြစ်ကို ခွဲခြားသိမြင် ပြီး ကုသိုလ်ပြုခြင်းကို အားစိုက်ကြ၏။ အကုသိုလ်အမှုကို သတိဖြင့် ရှောင်ရှား ကြ၏။

စိတ်ရင်းကောင်းသော မြန်မာလူမျိုးတို့နေထိုင်ရာ မြန်မာ့အလှ၊ မြန်မာ့ရှုခင်း၊ ရေမြေတောတောင်သဘာဝတို့ကို ကမ္ဘာကသဘောကျကြပါသည်။ မြန်မာ့တောတောင် အလှ၊ ရေ၏အလှသည် ကမ္ဘာတွင် စံပြုထိုက်ပါသည်။ ဥပမာ- တောင်ကြီး၊ ညောင်ရွှေမြို့ရှိ အင်းလေးကန် ရေပြင်ကျယ်ကြီးသည် မျက်စိတစ်ဆုံး ကျယ်ပြန့်လေစွ။ အင်းလေးကန်၏ အနားသတ်မှာ တောင်တန်းနိမ့်မြင့်၊ စိမ်းစိုညို့မှိုင်းသော တောင် တန်းပေါ်မှ အုပ်မိုးဖြန့်ကျက်ထားသော တိမ်စိုင်တိမ်လိပ်များ၊ တိမ်ဖြူ၊ တိမ်ညို၊ တိမ်မည်းများဖြင့် ပန်းချီခြယ်ထားသည့်နှယ် လှလွန်းပေစွ။ အင်းလေးရေပြင်ကျယ်ကြီး တွင် အင်းသားတို့သည် လှေငယ်ကို ခြေဖြင့်လှော်ခတ်၍သွားလာကြသည်။ **'တစ်မူး ရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား'** ဟု ပြောစမှတ်ပြုရလောက်အောင် အလှူအတန်းပြုကြသည်။ အင်းလေးကန်ရှိ ဖောင်တော်ဦးစေတီ၊ ရွှေအင်းတိန်ဘုရား စသည်များဖြစ်၍ သပ္ပာယ်လှပါသည်။

အင်းလေးကန်အတွင်းမှာပင် ကျေးရွာပေါင်း ၃၀ကျော်ခန့်ရှိပါသည်။ အများန မှာ အင်းလေးယက္ကန်းလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ပန်းပဲ၊

ပန်းထိမ်လုပ်ငန်းများဖြင့် အသက်မွေးကြသည်။ မြန်မာပြည်၏ ရှမ်းပြည်နယ်ရှိ အင်းလေးဒေသသည်ပင် သဘာဝအလှများ ပြီးပြည့်စုံသော ရှေးဟောင်းအမွေအနှစ်အဖြစ် မှတ်တမ်းတင်ထားလေပြီ။ နွေရာသီတွင် အင်းလေးရေခန်း လာသောကြောင့် အင်းလေးကန် ထိန်းသိမ်းရေးအဖြစ် သောင်များ၊ နုန်းမြေများကို မြေတူးစက်ကြီးများဖြင့် တူးဖော်ဖယ်ရှားနေသည်ကိုလည်း တွေ့ရသည်။ အင်းလေးရေပြင်တွင် ကျက်စားလေ့ရှိသော စင်ရော်ငှက်များပင် မရှိတော့သည်မှာလည်း သဘာဝရေမြေများကို ထိန်းသိမ်းရန် အထူးလိုအပ်သည်ဟု သတိပေးသည့်နှယ်။

မေခ၊ မလိခမြစ်ဆုံမှ မြစ်ဖျားခံလာသော မိခင်ဧရာဝတီမြစ်ကြီးသည်လည်း မြန်မာ့မြေအလှ၊ မြန်မာ့ရှုခင်းအလှ ပင်ဖြစ်ပါသည်။ ယခုအခါ မိခင်ဧရာဝတီမြစ်ကြီးကို ကာကွယ်ရန်၊ ကယ်တင်ထိန်းသိမ်းရန် လှုံ့ဆော်နေသည့်ကာလလည်းဖြစ်ပါသည်။ မိခင်ဧရာဝတီမြစ်ကြီးနှင့်အတူ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများကိုလည်း အစွန့်ရှည် တည်တံ့ရေးအတွက် လုပ်ဆောင်ကြရပေမည်။ သဘာဝပေးထားသော သဘာဝအလှတို့ကို လူတို့ကြောင့် မပျက်စီး စေလိုပါ။

သယံဇာတကြွယ်ဝလှသော မြန်မာ့တောင်တောင် သစ်တောသစ်ပင်ရေမြေတို့ဘေးကင်းရေးတွက်၊ မပျောက်ပျက်ရေးအတွက် အမျိုးသားရေးအမြင် လက်ကိုင်ထားလျက် စည်းလုံးတက်ကြွစွာ ကာကွယ်ကြရမည်ဟု မှတ်ယူမိပါသည်။ 'ဒါတို့ပြည်၊ ဒါတို့မြေ' ဟူသောခံယူချက်ကို သမိုင်းပေးတာဝန်အဖြစ် လက်ခံ၍ ထိန်းသိမ်းမြတ်နိုးရန် လိုအပ်လှပါပေသတည်း။ ။

## သုတရှာရာ စာကမ္ဘာလေးများ

- သုတ၊ ရသ ရှာဖွေမှ
- စာအုပ်စာပေ လူ့မိတ်ဆွေ
- စာပေတန်ဆောင်
- စာဖတ်သူတိုးပွားရေးနှင့် ပညာခေတ်
- စာကြည့်တိုက်ရှင်သန်တိုးတက်ရေး

## သုတရှာရာ စာကမ္ဘာလေးများ

'သုတ' ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ အကြားအမြင်ဟူ၍ဖြစ်ပါသည်။ အကြားအမြင် ဗဟုသုတ တိုးပွားခြင်းအကြောင်းရင်းမှာ စာပေဖတ်ရှု လေ့လာခြင်း ပင်ဖြစ်သည်။ သုတ၊ ရသ စုံလင်လှသော စာအုပ်စာပေများကို စာကြည့်တိုက်တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။ လောကလူ့ဘောင်၏ ကောင်းကျိုးဆောင်နိုင်ရန် လူသား အရင်းအမြစ်၏ အရေးကြီးသောကဏ္ဍတစ်ရပ်အဖြစ် စာအုပ်စာပေများ စုဆောင်း ထိန်းသိမ်းရာ စာကြည့်တိုက်ဖွံ့ဖြိုးရေးသည် အလွန်အရေးပါလှပါသည်။

ဆင်းရဲချမ်းသာမရွေး တန်းတူညီမျှ အခွင့်အရေးပေးနိုင်သော ဗဟုသုတ ဟင်းလေးအိုးကြီးများရှိသော နေရာမှာ စာကြည့်တိုက်များဖြစ်ပါသည်။ ငွေကြေး ပြည့်စုံသူများသာ စာအုပ်စာပေကျမ်းကြီး၊ ကျမ်းငယ်များကို ဝယ်ယူ ဖတ်ရှုနိုင် ပါသည်။ ဆင်းရဲနွမ်းပါးသူများမှာမူ စာအုပ်ဝယ်ရန် မတတ်နိုင်ပါ။ စားဝတ်နေရေး အတွက် ရုန်းကန်နေကြရသည်မှာ ငွေကြေးမပြည့်စုံသူတို့၏ နိစ္စဓူဝအလုပ်ဖြစ်ပါ သည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ၊ အမှောင်ခွင်း၍ အလင်း ဆောင်အံ့" ဟူသော ဆောင်ပုဒ်အသီးသီးကို လေ့လာပါလျှင် အသိဉာဏ်ပွင့်လင်းရေး၊ ဉာဏ်ပညာအမြော်အမြင်ရှိရေး၊ ကောင်းကျိုးဆိုးပြစ်ကို ခွဲခြမ်းစိတ်ဖြာနိုင်ရေး အတွက် စာပေဗဟုသုတရှိရေးသည် အဓိကကျပါသည်။ ထို့ကြောင့်ပင် အလိမ္မာ စာမှာရှိ၊ အမှောင်ခွင်း၍ အလင်းဆောင်အံ့ဟူသော ဆောင်ပုဒ်အသီးသီးဖြင့် လမ်းညွှန်အသိပေးထားပါသည်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝအဆင့်မြင့်မားရေး၊ အသိ ပညာရေး ကြွယ်ဝရေးအတွက် နိုင်ငံတော်ကလည်း စာကြည့်တိုက်များ ဖွင့်လှစ် ခြင်းကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ လူငယ်များ ကိုယ့်ကျင့်တရား

ကောင်းမွန်လာစေရေး၊ ပညာထူးချွန် ထက်မြက်အောင်ကြိုးစားရေး၊ လူမှုပတ်ဝန်းကျင်တွင် ဝင်ဆံ့ပြီး လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စာဖတ်ခြင်းအလေ့အထကို တစ်စိုက်မတ်မတ် ကြိုးစား ရပေမည်။ သုတစာပေဖတ်လျှင် ဦးနှောက်ဖွံ့ဖြိုးကာ အသိဉာဏ်တိုးပွားလာပါမည်။ ရသစာပေဖတ်လျှင် နှလုံးသား အာဟာရပြည့်စုံသော စိတ်ကောင်းစိတ်မြတ် ထားနိုင်သူများ ဖြစ်လာပေမည်။

'**ယနေ့လူငယ် နောင်ဝယ်လူကြီး**' ဟူသော ဆိုရိုးစကားအတိုင်းပင် တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် လူငယ်ထုတစ်ရပ်လုံးအတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန် ပြည့်ဝရေးသည် အလွန်လိုအပ်ပါသည်။ ဗလငါးတန်ပြည့်ဝသော လူငယ်များ တိုးပွားလာရေးအတွက် စာကြည့်တိုက်ကဏ္ဍသည် အထူးအရေးပါသည့် လိုအပ်ချက် တစ်ရပ်ဖြစ်ပါသည်။ လောကကောင်းကျိုးအတွက် သုတသည် အရေးပါသကဲ့သို့ စာနာတတ်ရန် ဗြဟ္မစိုရ်တရား လက်ကိုင်ထားနိုင်ရန် ရသစာပေသည် မဖြစ်ရှိမဖြစ် လိုအပ်ပါသည်။ သုတစာပေ ဖတ်ရှုခြင်းဖြင့် အချက်အလက်များစွာကို ရှာဖွေနိုင်သကဲ့သို့ ရသစာပေဖတ်ရှုခြင်းသည်လည်း စိတ်ဓာတ်အရည်အသွေးကောင်းများ မွေးမြူလာနိုင်ပါသည်။ '**မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား**' ဟူသော ဗုဒ္ဓ၏ အဆုံးအမသည် သုတရောရသပါ ပြည့်စုံသောစာပေများ ဖတ်ရှုရန် လိုအပ်ကြောင်း မီးမောင်းထိုး ပြခြင်းဖြစ်ပါသည်။

စာပေသည် လူမျိုး၏ပြဒါးတိုင်၊ စာပေမြင့်မှ လူမျိုးတင့်သကဲ့သို့ လူမျိုးမြင့်လျှင်လည်း စာပေအဆင့်အတန်း မြင့်မားလာပေမည်။ ကျွန်ုပ်တို့သည် '**စာမတတ်သူ ပပျောက်ရေး**' လှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်ပြင်းစွာဖြင့် ဆယ်စုနှစ်များစွာ လုပ်ဆောင် အောင်မြင်ခဲ့ကြပါသည်။ ယခုအခါ စာမတတ်သူပပျောက်ရေးထက် စာမဖတ်သူပပျောက်ရေးကို တပ်လှန့်နိုးဆော်ရန် လိုအပ်သည့်အတွက် စည်းရုံးခြင်း၊ အသိပညာပေးခြင်း၊ စာပေဟောပြောခြင်းများကို နိုင်ငံတော်က ဆောင်ရွက်နေပါသည်။

မြို့ကြီးများတွင် ရှိပြီးသော စာကြည့်တိုက်များသာမက ကျေးလက်တောရွာများအထိ စုရွာများ စာကြည့်တိုက်များ ဖွင့်လှစ်ပေးနေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးဦးသန့်ကို ဂုဏ်ပြုခြင်း အထိမ်းအမှတ်အဖြစ် ဦးသန့်ဇာတိမြေ ပန်းတနော်မြို့တွင် စာကြည့်တိုက်ဖွင့်နိုင်ခဲ့ပါသည်။ ထို့အတူ ဆရာဇော်ဂျီ (ဦးသိန်းဟန်)ကို ဂုဏ်ပြုသည့်အနေဖြင့် ဆရာဇော်ဂျီ၏ ဇာတိမြေ ပျားပုံမြို့တွင်

ဆရာဇော်ဂျီ စာကြည့်တိုက် ဖွင့်နိုင်ခဲ့ပါသည်။ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း ၎င်း၏ မဲဆန္ဒနယ်မြေ ကော့မှူးမြို့တွင် ရွှေလျှားစာကြည့်တိုက်ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပါသည်။

ဤသို့ စာကြည့်တိုက်များရှိခြင်းကြောင့် စာဖတ်ခြင်းအလေ့အထကို ပျိုးထောင်လာနိုင်ကြပါသည်။ စာဖတ်သူ တိုးပွားလာလေလေ တိုင်းပြည်အတွက် အကျိုးများလေလေပင်ဖြစ်ပါသည်။ စာရေးဆရာကြီး ပီမိုးနင်းသည် သွားလေရာရာတွင် လွယ်အိတ်ထဲ၌ ဖတ်စရာစာအုပ်များ အမြဲယူဆောင်လေ့ရှိသည်ဟု မှတ်သားဖူးပါသည်။ လမ်းမှားရောက်နိုင်သော ဘဝလမ်းအခြေအနေအမျိုးမျိုးမှ စာပေ၏ အထိန်းအကွပ်ဖြင့် လူငယ်တော်တော်များများသည် လမ်းမှန်သို့ လျှောက်လှမ်းနိုင်ကြပါသည်။ လူငယ်ဘဝ ဆယ်ကျော်သက်အရွယ်တွင် မိဘမဲ့ ဘဝရောက်ရသော ဒေါက်တာဦးခင်အေး၊ မောင်ခင်မင်(ဓနုဖြူ)၏ အမျိုးသား စာပေဆုရသော နှစ်လေးဆယ်ဘဝမှတ်တိုင်များစာအုပ်တွင် စာဖတ်ဝါသနာပါသော လူငယ်တစ်ဦး၏ ဘဝလမ်းကြောင်း ဖြောင့်ခဲ့ရပုံကို ဖော်ပြထားပါသည်။

မူးယစ်ဆေးဝါးအမျိုးမျိုးကို သုံးစွဲနေကြသော လူငယ်များစွာကို ယခုအခါ တွေ့မြင်နေရပါသည်။ လမ်းမှားရောက်နေသော စာရိတ္တမကျိုင် ယိမ်းယိုင်နေသော လူငယ်များစွာတို့အတွက် စာဖတ် ဝါသနာပါလာအောင် ပျိုးထောင်ပေးရန် အထူး လိုအပ်ပါသည်။ မူးယစ်ဆေးဝါး၏ သားကောင်လူငယ်များ ငယ်စဉ်မှာပင် အသက် ဆုံးရှုံးကြပါသည်။ တိုင်းပြည်အတွက် လုပ်အားများ ယုတ်လျော့ရပါသည်။ ထိုသို့ လူငယ်များကို ပညာရေးပြုပြင်ပေးရေးသည် အရေးကြီးပါသည်။ ထိုလူငယ်များ စာပေဝါသနာ ပါလာမှသာလျှင် ဆင်ခြင်ဉာဏ်စွမ်းအား ကောင်းလာပါမည်။ ထို့ကြောင့် သုတရှာရာ စာကမ္ဘာလေးများဖြစ်သည့် စာကြည့်တိုက်များ ရွာတိုင်း၊ နယ်တိုင်း၊ မြို့တိုင်းတွင်ရှိရမည်။ အချို့သော ကျေးရွာများတွင် စာကြည့်တိုက် ဆိုင်းဘုတ်သည် ယိမ်းယိုင်လျက် မြက်ပင်များ၊ ကိုင်းပင်များ ဖုံးအုပ်ကာ အသုံးပြုသူ ကင်းမဲ့နေသော စာကြည့်တိုက်များကိုလည်း ပြုပြင်ရပေမည်။

စာကြည့်တိုက်များသည် ဒီမိုကရေစီပညာရေးအတွက် မရှိမဖြစ် လိုအပ်ပါသည်။ သင်ရိုးသင်ခန်းစာကိုသာ နှုတ်တိုက်အာရုံဆောင်သည့် အလေ့အကျင့်မှ ဘက်စုံထောင်စုံမှ ဆွေးနွေးခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ဝေဖန်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စာကြည့်တိုက်အထောက်အကူ များစွာလိုအပ်ပါသည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်မှူးများကိုလည်း လေ့ကျင့် ပျိုးထောင်ရန် အရေးကြီးပါသည်။

ယနေ့ကာလ၏ ပညာခေတ် (Knowledge Age) တွင် စာကြည့်တိုက်များသည် ပြည်သူလူထုအတွက် အသိဉာဏ်၊ ဗဟုသုတ သတင်းအချက်အလက်နှင့် စာဖတ်သူများ၏ လိုအပ်သောအကြောင်းအရာများကို လူတန်းစားအားလုံးအတွက် အညီအမျှ ပံ့ပိုးကူညီလျက်ရှိပါသည်။ အထူးခြားဆုံးဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ လက်တလောထူးခြားဖြစ်စဉ်များ (Current Affairs) နှင့် Downloaded Internet အချက်အလက်များကို တစ်ထိုင်တည်းဖတ်ရှုနိုင်အောင် စီစဉ်ပေးထားသည့် (Current Corner)ပင် ဖြစ်ပါသည်။

အတန်းပညာတတ်ရုံသာမက ဘဝပညာအမျိုးမျိုးကို သင်ယူနိုင်မှသာ ပညာရဲရင့် ပွဲလယ်တင့်နိုင်ပါသည်။ သုတရသ စာမျိုးစုံကို ဖတ်ရှုကြခြင်းဖြင့် သင်ယူနိုင်သော စွမ်းရည်များ ထက်မြက်လာပါလိမ့်မည်။ ပညာရင်းမြစ် ရှာဖွေစာအုပ်ဖြစ်ရမည်။ ပညာပြည့်ဝ နလုံးလှကြရန် စာပေဟောင်းလေးအိုးကြီး များသိမ်းဆည်းရာ စာကြည့်တိုက်များကို လူငယ်ထုတစ်ရပ်လုံးက မွေ့လျော်နှစ်ခြိုက်စွာ အသုံးပြုကြရန် အထူးလိုအပ်ပါသည်။ သုတရှာရာ စာကမ္ဘာလေးများဟု ညွှန်းဆိုထားသည့် စာကြည့်တိုက်များ အသက်ဝင်ရှင်သန်ရေး၊ အသုံးချနိုင်ရေး အတွက် ကျွန်ုပ်တို့တစ်မျိုးသားလုံးက အမျိုးသားတိုးတက်ရေးအမြင်ဖြင့် ကြိုးပမ်း အားထုတ်ကြရမည်သာတည်း။ ။

သာယာသောဆည်းဆာညနေချမ်း

- ဆည်းဆာဟူသည်
- အပန်းဖြေခရီးအစ
- ဆည်းဆာချိန်
- ရေမြေတောတောင်နှင့် ဆည်းဆာအလှ
- ဘယ်ပန်းချီရေးလို့မမီ

## သာယာသောဆည်းဆာညနေချမ်း

အချိန်ကာလတစ်ခုနှင့်တစ်ခု အပြောင်းအလဲကာလကို ဆည်းဆာဟု ခေါ်ပါသည်။ ညမှသည် နေ့သို့ကူးပြောင်းသည့်အချိန်ကို နံနက်ဆည်းဆာ၊ နေ့မှသည် ညသို့ကူးပြောင်းသည့်အချိန်ကာလကို ညနေဆည်းဆာဟု ခေါ်နိုင်ပါသည်။ နံနက်ဆည်းဆာဖြစ်စေ ညနေဆည်းဆာဖြစ်စေ သာယာပါသည်။ လှပပါသည်။ နှစ်သက်ဖွယ်၊ ကြည်နူးဖွယ်အလှများကို ဆည်းဆာချိန်တွင် မြင်တွေ့ခံစားနိုင်ပါသည်။

သက်ရှိလူနှင့် သတ္တလောက၊ သစ်ပင်တောတောင်ရေမြေ သက်မဲ့ သဘာဝတရားကြီးကို ဩကာသလောက၊ အစဉ်အမြဲ ပြောင်းလဲတတ်သော မမြဲသောသဘောတို့ကို သင်္ခါရလောကဟူ၍ သတ်မှတ်ပါသည်။ ထိုလောက သုံးပါးတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြမ်း၍မရ ရောပြွမ်းနေသည်သာ။ မြစ်ချောင်း အင်းအိုင်ပေါများသော မြန်မာနိုင်ငံသည် ရေ၏အလှ၊ မြစ်၏အလှ၊ ချောင်း၏အလှတို့ဖြင့် ပန်းချီကားတစ်ချပ်သဖွယ် လှပါသည်။ တောအလှ တောင်အလှတို့သည်လည်း ခန့်ထည်ပါသည်။ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊ ညောင်ချောင်းသာ အစရှိသော ကမ်းခြေများသို့ အပန်းဖြေခရီးသွားကြပါသည်။

ကျွန်ုပ်သည်လည်း သူငယ်ချင်းများနှင့်အတူ ငွေဆောင်အပန်းဖြေခရီးကို ရန်ကုန်မှ ထွက်ခဲ့ပါသည်။ ရန်ကုန်မှ နံနက် ၅ နာရီခန့်တွင်ထွက်ခဲ့သော မော်တော်ကားသည် ပုသိမ်သို့ နံနက် ၁၀ နာရီခန့်တွင် ရောက်ပါသည်။ နံနက်စာကို ပုသိမ်ခခကြီးထမင်းဆိုင်တွင် ငါးရံ့အူ၊ ပုစွန်ထုပ်အစရှိသော ရေထွက်ဟင်းလျာများကိုသာ မှာယူစားသောက်ကြပါသည်။ အရသာရှိလေစွ။ ထမင်းစားပြီး ခရီးဆက်ကြပါသည်။ ငွေဆောင်ကမ်းခြေ ဖွင့်စအချိန်ဖြစ်သောကြောင့် ပုသိမ်မှ ငွေဆောင်ကမ်းခြေအထိ ကားလမ်းသည် မပြောင့်ဖြူးသေးပါ။ တောင်ပတ်လမ်းတွင် မြေတူးကားကြီးများက

မြေတူးဆဲ၊ ကရိန်းကားကြီးများ ကလည်း မြေစိုင်မြေခဲများကို ရှင်းထုတ်ဆဲ၊ ရန်ကုန်အထွက်ခရီးမှသည် သီချင်းဆိုနေကြသော စည်းချက်နှင့်အတူ လှုပ်ရှားနေသော လူငယ်များ၏ အသံသည် တစ်စတစ်စ တိတ်ဆိတ်ငြိမ်သက်လာပါသည်။ ပြုပြင်ဆဲ ကားလမ်းတစ်လျှောက် ဖုန်မှုန့်များထနေသောကြောင့် ကားမှန်များကို မဖွင့်ရဲ၊ လေအေးစက်ကလည်း နေးတခါ မြန်တလှည့် မောင်းနေရသောကားထဲတွင် မအေးတော့ပေ။ ကျွန်ုပ်တို့အားလုံး ဇောချွေးပြန်နေကြလေပြီ။ မွန်းတည့်နေ၏ ပူပြင်းမှုကို ခံစားနေကြရသော လူကြီးလူငယ် ကလေးအားလုံးပင် ရေအေးပုလင်းများကို အားကိုး၍ အပူငြိမ်းနေကြသည်။ ယပ်ခပ်သူကခပ်၊ မရောက်နိုင်ပါလားဟု ညည်းသူကညည်း၊ ပင်ပန်းနေကြလေပြီ။ ငွေဆောင်ရောက်ရင် အမောပြေသွားမယ်ဟော့၊ ရောက်ခါ နီးပြီဟု အားပေးသူကပေးသည်။ ရောက်နိုင်ခဲချည့်လားဟု ညည်းသူက ညည်းသည်။ ငွေဆောင်ခရီးစဉ်သည် လွန်ခဲ့သော ၁၄ နှစ်၊ ၂၀၀၁ ခုနှစ်ကဖြစ်ပါသည်။ ထိုအချိန်က ဖောက်လုပ်ဆဲကားလမ်းတွင် မြန်မြန်မမောင်းနိုင်၊ အပန်းဖြေခရီးတွင် ပင်ပန်းကြချေပြီ။

ညနေ ၃ နာရီခန့်တွင် အဝေးတမျှော်တခေါ်တွင် ရေပြင်ပြာပြာကို တွေ့ရချေပြီ။ '**ရောက်တော့မယ်ဟေ့၊ တွေ့ရပြီ၊ တွေ့ရပြီ**' ဟု ဝမ်းသာအားရ အော်ကြပါသည်။ ကမ်းခြေတစ်လျှောက် ဆောက်လုပ်ဆဲ ဟိုတယ်များကိုလည်း လှမ်းမြင်နေရပါပြီ။ ကျွန်ုပ်တို့ကားကြီးလည်း ဟိုတယ်ခပ်လှမ်းလှမ်း နေရာတွင် ရပ်ပြီး အထုပ်အပိုးအိတ်များကို ကားပေါ်မှချကြပါသည်။ ဧည့်ကြိုဝန်ထမ်းများ ပြေးလာ၍ ပစ္စည်းများကို သယ်ယူပေးကြပါသည်။

ဧည့်သည် ၂၅ ဦးကို See View ခေါ် ပင်လယ်သို့ မျက်နှာမူသောနေရာများတွင် နေရာချပေးပါသည်။ ပင်ပန်းခဲ့သမျှ ယူပစ်သလို ပျောက်သွားပါပြီ။ ညနေစောင်း ပင်လယ်လေညင်းကို တစ်ဝကြီးရှူလိုက်ပါသည်။ ရှည်လျားပြန့်ပြူးသော သဲသောင်ပြင်ပေါ်တွင် ကျွန်ုပ်တို့အားလုံး လမ်းလျှောက်ထားကြပါသည်။ ကက်ဆက်မှ သီချင်းသံနှင့်အတူ ပျော်မြူးစွာ လေညင်းခံနေကြလေပြီ။

ပင်လယ်ကမ်းစပ် ရေတိမ်ပိုင်းတွင် ဘောကွင်းများကိုင်လျက် ရေတွင်ဆော့နေကြသော မြင်ကွင်းကို တွေ့ရပါပြီ။ ရေထဲရှိလူငယ်၊ လူရွယ်ကလေးအားလုံးပင် ပျော်ရွှင်နေကြပါသည်။ နွေပင်ဖြစ်လင့်ကစား လှိုင်းလုံးကြီးများကား တစ်လုံးပြီးတစ်လုံး စည်းချက်မှန်မှန် တစ်လိမ့်ချင်းတစ်လိမ့်ချင်းလာ၍ တဝုန်းဝုန်းမြည်ကာ ကမ်းစပ်တွင် လှိုင်းကွဲသွားပါသည်။ သဲသောင်စပ်မှ သဲပြင်ကြီးသည် လှိုင်းအကျနှင့်အတူ ရေထဲသို့ ငုပ်ဆင်းသွားသည့်အလား သဲများလျှောကျသွားလေသည်။

သဲစပ်တွင် ရပ်နေသော ကျွန်ုပ်သည်လည်း သဲနှင့်အတူ ရေသို့ပါသွားဘိအလား ခံစားရပါသည်။

ရေသို့ဆင်းသူကဆင်း၊ ကူးသူကူး၊ ရေကြောက်သူများက ဘောကွင်းကြီးကိုစွတ်၍ လှိုင်းအလာကို တထိတ်ထိတ်ခံစားရင်း ပျော်နေသည်သာ။ ကျွန်ုပ်သည် ရေထဲသို့မဆင်းသေးဘဲ လေကိုသာအားစိုက်၍ ရှူသွင်းရှူထုတ်လုပ်ပါသည်။ ပင်လယ်ပြင်မှ လေအေးသည် အဆုပ်ရင်ခေါင်းမှသည် ခြေဖျားထိ ရောက်သွားသည့်အလား လမ်းလျှောက်ရင်း လက်လွှဲကြသည်။ အညောင်းဖြေကြသည်။ နေမင်းကြီးသည်လည်း အနောက်မိုးကုတ်စက်ဝန်းကြီးတွင် မေးတင်စပြုပြီ။ ပြင်းစွာသော အပူရှိန်မှ တစ်စတစ်စ အေးလာသည့်နှယ် အရောင်ပြောင်းစပြုလာပါပြီ။ ပုစွန်ဆီရောင်၊ လိမ္မော်ရင့်ရောင်သန်းစပြုနေလေပြီ။ နေလုံးနီနီကြီးသည် ပင်လယ်တွင်းသို့ ငုပ်လျှိုးတော့မည့်ဟန်။

မိုးကုပ်စက်ဝန်းဆီသို့ မျှော်မဆုံး၊ ငေးမဆုံး ကျယ်ပြောလှသော ပင်လယ်ပြင်ကြီးတွင် ငါးဖမ်းစက်လှေများကိုလည်း မြင်တွေ့ရပါသည်။ တောတန်းနှင့် တောင်စွယ်၊ ပင်လယ်ပြင်နှင့် ငါးဖမ်းစက်လှေများ၊ ရေပြင်ထက်တွင် လှိုင်းစီးနေကြသူများ၊ ရှည်လျားပုံပြုသော သဲသောင်ပြင်တွင် လမ်းလျှောက်နေသူများ၊ စက်ဘီးစီးနေကြသူများ၊ မြင်းစီးနေကြသူများကြောင့် ဆည်းဆာချိန်သည် လှုပ်လှုပ်ရှားရှား အသက်ဝင်လှပနေပါသည်။ ဆည်းဆာ၏အလှကို အသက်ဝင်စေသော မိန်းမပျိုငယ်တို့၏ ဟန်အမျိုးမျိုး၊ အလှအမျိုးမျိုးနှင့် ဓာတ်ပုံရိုက်နေကြသည်မှာလည်း ငေးမောဖွယ်၊ ကြည်နူးဖွယ်၊ ရင်ခုန်ဖွယ်။

**'ငါးကင်တွေ၊ ပုစွန်ကင်တွေရမယ်'** ဟု ငါးကင်၊ ပုစွန်ကင်များကို လက်ကကိုင်၍တစ်မျိုး၊ ခေါင်းပေါ်တွင်ရွက်၍တစ်ဖုံ၊ ဈေးခေါ်ကာ လူးလာခေါက်တုံ့ လျှောက်နေသည်မှာလည်း မောပန်းဖို့ပင် မေ့နေပါပြီ။ ငါးကင်၊ ပုစွန်ကင်ရောင်းရန်မပါဘဲ **'ညီမလေးတို့ ဒီညနေ ဘာဟင်းသုံးဆောင်မလဲ၊ လတ်လတ်ဆတ်ဆတ် ချက်ပေးနော်'** ဟု ပြောသူက ပြောသည်။ အားလုံးတွင် တူညီသောအချက်မှာ မျှော်လင့်ခြင်းမျက်လုံး၊ ပြုံးနေသောနှုတ်ခမ်း၊ ရိုကျိုးသောအမူအရာများပင်ဖြစ်ပါသည်။ သာယာသော ညနေဆည်းဆာတွင် ဈေးရောင်း သူတို့၏ အားထုတ်မှုသည်လည်း အလှတစ်မျိုးဟု ခံစားမိပါသည်။

အပန်းဖြေနေကြသူများစွာတို့သည် အားလုံးပျော်နေကြသည်။ လူမှုဒုက္ခ အဖုံဖုံကို မေ့လျော့ထားနိုင်ပြီ။ အားလုံးပင် တက်ကြွလျက်၊ လန်းဆန်းလျက်၊ ပြုံးပျော်လျက် ဆည်းဆာချိန်၏ နေလုံးကြီး ပင်လယ်တွင်းသို့ ငုပ်လျှိုးသွားမည့်ရှုခင်းကို

စောင့်ကြည့်နေကြပါသည်။ ဩကာသလောက၊ သတ္တလောက၏ အလှအဖုံဖုံကို ညနေဆည်းဆာတွင် ခံစားလိုက်ရပါပြီ။ နေလုံးကြီးဆီသို့ ချိန်ရင်း ဓာတ်ပုံရိုက်ကြသူများလည်း များလှသည်။ မြို့ပြတွင်း မတွေ့နိုင်သော ထိုညနေဆည်းဆာအလှကို မှတ်တမ်းတင်နေကြလေပြီ။

တိမ်တောင်၊ တိမ်လိပ်တို့သည်လည်း ကောင်းကင်ပြင်ထက်ဝယ် ရောင်စုံခြယ်သည့်အလား လှချင်တိုင်းလှနေသည်။ သက်တံရောင်စုံသော တိမ်တောင်၊ တိမ်လိပ်တို့တွင် ငွေမျှင်ရောင်တို့ဖြင့် အနားသတ်ထားသည့်နှယ် လှပလွန်းပေစွ။ 'မှောင်ခဲ့အခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တစ်လီ'ဟု ဆိုရလောက်အောင် အရောင်အမျိုးမျိုးပြောင်း၍ လောကကို အလှဆင်နေပါသည်။ တိမ်ပန်းချီတို့က ဆွဲဆောင်နိုင်စွမ်းရှိပေစွ။

ပင်လယ်တွင်းသို့ တအိအိ ငုပ်လျှိုးနေသောနေလုံးကြီး၏ တစ်ဝက် တစ်ပိုင်းကိုသာ လှမ်းမြင်နေရပါပြီ။ 'အချိန်နှင့်ဒီရေသည် လူကိုမစောင့်'ဟူသော ဆိုရိုးစကားအတိုင်း ရဲရဲနီသွေးသော နေလုံးကြီးသည် တစ်စတစ်စ ပင်လယ်ရေပြင်တွင်းသို့ ဝင်၍သာ ကျန်ပါသည်။ အိပ်တန်းတက်မည့် ကျေးငှက်များစွာတို့သည် ပင်လယ်ကိုဖြတ်၍ ကျွန်းမြေဆီသို့ အုပ်စုဖွဲ့ ပျံသန်းနေကြပါသည်။ မိသားစု အသိုက်အမြုံဆီသို့ ဦးတည်၍သာ။ နေမင်းကြီး၏အလင်းရောင်သည် နီရင့်မှဝါနီ၊ ဝါနီမှ ညိုမှောင်သော အရောင်သမ်းကာ ပင်လယ်တွင်းသို့ တိုးဝင်သွားပါသည်။ လောကဓာတ်တစ်ခုလုံး မှောင်ရီ သန်းသွားပါပြီ။ သာယာသော ဆည်းဆာအလှကို ပန်းချီခြယ်မှုန်း၍ပင် ပြည့်စုံမည် မဟုတ်ပါ။ နတ်ပန်းချီ ရှုံးလောက်သည့် ဆည်းဆာညနေချမ်းပါတကား။ ။

ရောက်ဖူးသောကျေးရွာတစ်ရွာ

- ဇာတိချက်ကြွေ မွေးရပ်မြေ
- ရွာဦးဘုန်းတော်ကြီးကျောင်း
- အလုပ်အကိုင်
- အတိတ်၏အရိပ်
- ကုသိုလ်ရေးနှင့်ရွာအရေး

## ရောက်ဖူးသောကျေးရွာတစ်ရွာ

ဇာတိချက်ကြွေမွေးရပ်မြေသို့ တစ်ကြိမ်ပြန်ရောက်ခဲ့ပါပြီ။ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ရေလဲကျေးရွာဖြစ်ပါသည်။ ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများသည် ရွက်ဝါများ ကြွေလွင့်လျက် ရိုးတံပြိုင်းပြိုင်း ထနေပါပြီ။ လယ်ကွင်းများတွင်လည်း မြေပဲများကို ရိတ်သိမ်းနေသော လုပ်သားများကို တွေ့ရပါသည်။ ရေလဲရွာဟူသော ဆိုင်းဘုတ်ကို မြင်ရပါပြီ။ ရွာ၏ တာလမ်းဘေးရှိ 'ရွှေဘုန်းကျော်အောင်' စေတီတော်မြတ်ကို အဝေးမှပင် လှမ်းမြင် ဖူးမြော်လိုက်ရသည့်အခိုက် စိတ်နှလုံး အေးချမ်းသည့်သုခကို မှတ်မှတ်ထင်ထင် ခံစားမိပါသည်။

ရေလဲရွာတွင် အများစုမှာ လယ်ယာလုပ်ငန်းသာ လုပ်ကိုင်ကြပါသည်။ ရွာလမ်းဟူ၍ တာရိုးတန်း၊ ကမ်းနားလမ်းမျှသာ။ အိမ်ခြေမှာလည်း ၈၀ ခန့်သာ ရှိပါသည်။ မိခင်တို့ငယ်စဉ်အခါကမူ ရေလဲရွာသည် ကုန်သည်ရွာဟု ဆိုကြသည်။ ရွာနားနီးမှ လာသမျှ ကုန်စိမ်းသည်၊ ငါးသည်မှန်သမျှ ရေလဲရွာရောက်လျှင် ကုန်ကြသည်သာ။ ရေလဲရွာတွင် တံငါဖြင့် အသက်မွေးသူမရှိ။ အညာသို့ ကုန်ရောင်း ထွက်ကြသည်။ အစုန်ခရီးတွင် အညာကုန်ပါလာသည်။ ငွေကြေးပြည့်စုံသူများသည်ဟု မိခင်က ပြောဖူးပါသည်။ လယ်လုပ်သူများမှာလည်း လယ်ပိုင်၊ နွားပိုင်၊ စာရင်းငှားအလုပ်သမားနှင့် ထည်ထည်ဝါဝါ နေနိုင်ကြသည်။

ရွာကြီးမဟုတ်သော်လည်း ရွာတွင် ဘုန်းကြီးကျောင်းနှစ်ကျောင်း ရှိပါသည်။ ရွာမြောက်ဘက်ထိပ်တွင် ညောင်ပင်သာကျောင်းနှင့် တောင်ဘက်ထိပ်တွင် ရွှေဘို ကျောင်းဟူ၍ရှိသော်လည်း သူ့ကျောင်းကိုယ့်ကျောင်း မခွဲခြားဘဲ လှူဒါန်းကြပါသည်။

ကျွန်ုပ်၏ ဘိုးဘွားမိဘများ ကိုးကွယ်သည့်ကျောင်းသည် ရွှေဘိုကျောင်းဖြစ်ပါသည်။ အဘိုးဆရာတော်သည် ရွှေဘိုကျောင်း၏ ကျောင်းထိုင် ဆရာတော်ဖြစ်ပါသည်။ မြေး ရဟန်းပင် လွန်ခဲ့သော ခြောက်နှစ်က သက်တော် (၉၀)အရွယ်တွင် ဘဝနတ်ထံ စံသွားပါပြီ။ ရွှေဘိုကျောင်းသည် ခြေတံရှည်ဖြစ်၍ ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားသည်။ နှစ်စဉ် ရေနံချေးသုတ်သဖြင့် ရေနံဝနေသော ကျွန်းရောင်သည် အဝေးကပင် လှမ်းမြင်ရသည်မှာ ကျက်သရေ ရှိလှပါသည်။ ဘုရားခန်းကြီးမှာလည်း အတန်ပင် ကျယ်ပါသည်။ ရွှေပလ္လင်ပေါ်ရှိ ကျောက်ဆင်းတုဘုရားမှာလည်း သပ္ပာယ်လှပါသည်။ ဘိုးဘွားစဉ်ဆက် ပူဇော်ခဲ့သော ရှေးဟောင်းဘုရားဟု မှတ်သားရပါသည်။ မျက်နှာတော်မှာလည်း ပြုံးယောင်ယောင်နှင့် ရွှေရောင်တောက်ပသော ရှေးလက်ရာ မကိုဋ်သည် ဦးခေါင်းတော်ထက်တွင် တင့်တယ်လှပါသည်။ ထူးခြားသည်မှာ ဘုရားပလ္လင်တော်၏ အနောက်တွင်ရှိသော ဘုရားကျောင်းဆောင် ဘုရားတံကဲပင်ဖြစ်ပါသည်။ ဘုရားတံကဲနောက်တွင် လူနှစ်ယောက် မတ်တတ်ရပ်နေလျှင်ပင် ရှေ့မှမမြင်ရပါ။ မေမြို့ပန်း၊ ဇော်စိမ်းပန်းများနှင့် ဆွမ်းတော်၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ပူဇော်ထား ပါသည်။ ဘုရားကို ရိုသေစွာ ရှိခိုးပူဇော်လိုက်ပါသည်။

မိခင်ပြောပြခဲ့ဖူးသော ရှေးခေတ် ၁၉၄၃-၄၄ လောက်က ရွာ၏အဖြစ်အပျက်ကို ပြန်တွေးမိပါသည်။ ကရင်သောင်းကျန်းသူများ ထကြွ၍ တိုင်းပြည်မငြိမ်သောကာလတွင် ကရင်သူပုန်များက မကျေနပ်သူကို ညဘက် လာခေါ်သွားပါသည်။ ရွာပြင်ရောက်လျှင် ရွာမှ သေနတ်သံကြားရပါသည်။ သူတို့ခေါ်သွားသူကို ပစ်သတ်လိုက်ခြင်းဖြစ်ပါသည်။ ခေတ်ပျက်ကာလတွင် ရွာကိုမီးရှို့ခြင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းတို့ဖြင့် ထိတ်လန့်နေရသော ကာလဖြစ်ပါသည်။ မိခင်၏ ဦးလေးတော်သူမှာ ရွာလူကြီးတစ်ဦးဖြစ်ပါသည်။ ရပ်ရွာကောင်းကျိုးနှင့် ရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးတတ်သောကြောင့် တစ်ရွာလုံးက ချစ်ကြောက်ရိုသေကြပါသည်။ မှောင်ရီသန်းသည်နှင့် ရွာသူရွာသား အားလုံး စိုးရိမ်ထိတ်လန့်နေကြသည်။ ဆွေမျိုးမိတ်ဆွေများ စုပေါင်း၍ တစ်အိမ်တွင် စုပေါင်းအိပ်ကြသည်ဟု မိခင်က ပြောပြပါသည်။ နံနက်မိုးလင်းလျှင် မည်သူ့အိမ်ကို ဓားပြတိုက်သွားသည်။ ဘယ်ရွာတွင် ရွာလူကြီးကို ဖမ်းသွားသည် စသည်ဖြင့် စိတ်မချမ်းမြေ့ဖွယ်များကိုသာ ကြားရပါသည်။

တစ်ညတွင် အိမ်တစ်လုံး၌ စုပေါင်းနေခိုက် ရွာအဝင်လမ်းမှ ခွေးဟောင်သံ

မှအပ အပ်ကျသံ ပင်ကြားရလောက်အောင် တိတ်ဆိတ်နေပါသည်။ ရွာလမ်းဆီက ခြေသံများကြားနေရသဖြင့် အားလုံးက ဘုရားတကာ သမ္မာဒိဋ္ဌိဂါထာရွတ်သူက ရွတ်၏။ ဦးခေါင်းပေါ်လက်နှစ်ဖက်တင်ကာ 'ဘုရား၊ ဘုရား' ဟု တတွတ်တွတ် ရွတ်သူကရွတ်၏။ ထိုအချိန်တွင် သေနတ်သံကြားသည်နှင့် ဦးလေးတစ်ယောက်က ထပြေးကာ သေနတ်မှန်သွားပြီဟု အော်ပါသည်။ ဦးလေးခြေထောက်ကို လက်နှင့် ဖိသူကဖိ၊ ရင်ဘတ်ကို ဖိသူကဖိနှင့် တုန်လှုပ်နေကြပါသည်။ ရွာလမ်းဆီမှ လူသံများ တိတ်သွားမှ သေနတ်ဒဏ်ရာကို မီးထိုးကြည့်လိုက်သောအခါ သွေးထွက်ခြင်းမဟုတ်ဘဲ အကြောက်လွန်၍ သေးထွက်သွားခြင်းဟု သိလိုက်ရသဖြင့် အားရပါးရ ရယ်မောကြသည်ဟု မိခင် ပြောထားသမျှကို ပြန်လည်ခံစား မိပါသည်။ ဓားပြများလိုက်ရှာ နေသော ဘထွေးတစ်ဦးမှာလည်း ဘုရားတံကဲ နောက်တွင် ပုန်းနေသောကြောင့် အသက်ဘေးမှ လွတ်မြောက်သွားပါသည်။ ထိတ်လန့်စရာမှ ဝမ်းသာစရာအဖြစ် အပျက်တစ်ခုပင်တည်း။ အတိတ်၏အရိပ်ပင် ဖြစ်လင့်ကစား ရင်မှာလှုပ်ခတ် ခံစား လိုက်ရပါသည်။

ရေလဲရွာသူရွာသားအားလုံးပင် ဘာသာတရားကိုင်းရှိုင်းကြသည်။ နံနက် အရုဏ်တက်စမှာပင် ရွာဦးဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်ပါသည်။ ဆွမ်းချက်သူကချက်၏။ ဘုရားရှိခိုးသူက ရှိခိုး၏။ ဘုရားစာရွတ် သံ၊ မေတ္တာပို့သံ၊ ကြေးစည်သံတို့သည် ရွာ၏ကျက်သရေကိုဆောင်ပါသည်။ ညနေ ၄ နာရီခန့်တွင် ညစာစားကြလေပြီ။ မှောင်ရီသန်းသည့်ညနေ ၆ နာရီခန့်တွင် ရွာတန်းမှ အိမ်တိုင်း လိုလို ဘုရားရှိခိုးကြသည်။ ထူးခြားသည်မှာ ကြီးသူ၊ ငယ်သူ၊ ဘိုးဘွားများပင် အသံကျယ်ကျယ် ဘုရားရှိခိုးကြပါသည်။ နှလုံးစိတ်ဝမ်း ချမ်းမြေ့စရာပင်။ ကလေး သူငယ်များမှာလည်း ဘုရားရှိခိုးအမျိုးမျိုးကို သင်ပေးစရာမလိုဘဲ ရွတ်ဖတ်နိုင် ကြပါသည်။ ငယ်စဉ်ကမိခင်၏ ဘုရားရှိခိုးသံနားထောင်ရင်း အိပ်ပျော်သွားခြင်းကို အလွန်ပင်ကျေနပ်ပါသည်။

ရေလဲရွာတွင် ပြာသိုလပြည့်နေ့မှစ၍ (၁၀) ရက်တရားစခန်းကို ရွှေဘို ကျောင်းတွင် ကျင်းပပါသည်။ မိမိတို့ရွာမှသာမက ရွာနားနီးမှလည်း တရားစခန်း ဝင်သူများရှိပါသည်။ ပြာသိုလပြည့်နေ့ညတွင် ရွာဦး 'ရွှေဘုန်းကျော်အောင်' ဘုရားကို ဘုရားအနေကဇာတင်ခြင်း၊ ပဋ္ဌာန်းတရား၊ ပရိတ်ကြီး(၁၁)သုတ်၊ ဓမ္မစကြာတရားဖြင့် ပူဇော်ခြင်းကို အလှည့်ကျညလုံးပေါက်ပူဇော် ကြပါသည်။ ဘုရားပွဲရက် အရုဏ်ဆွမ်း

ကပ်သူများ၊ ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ပူဇော်ကြပါသည်။ ဘုရားပွဲ နောက်ဆုံးညတွင် ညလုံးပေါက် ရုပ်ရှင်ပြသောကြောင့် ကလေးများအလွန်ပျော်ပါသည်။ မုန့်ပဲသရေစာ ရောင်းကြသော ဈေးသည်များကလည်း ဈေးရောင်းကောင်းကြပါသည်။ ပြာသိုလပြည့်နေ့ညမှာပင် သတိပဋ္ဌာန် အလုပ်ပေးတရားများကို ဆရာတော်က ဟောကြားပါသည်။ ခန္ဓာဉာဏ် ရောက်တရားဖြင့် အသေမဦးခင် ဉာဏ်ဦးအောင် ဆရာတော်က နေ့စဉ်တရားဟောပါသည်။

တရားအားထုတ်သူ ယောဂီများအတွက် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အလှူရှင်များမှာ တရားပွဲကျင်းပရက်ထက် ပိုများနေပါသည်။ အလှူငွေများကို သင်္ကြန်တရားပွဲအတွက် ကြိုတင်ကောက်ခံပေးပါသည်။ သင်္ကြန်တရားပွဲကိုလည်း ရန်ကုန်မြို့က ဓမ္မကထိကဆရာတော်နှစ်ပါးပင့်ဖိတ်၍ တရားဟောပေးပါသည်။

ရွာရှိ လူငယ်များသည် တစ်စိတ်ဝမ်း တစ်လက်ညီ ပြည်ရေးကိုပြိုင်တူညီဟူသကဲ့သို့ ကုသိုလ်ရေး ကို တက်တက်ကြွကြွ ညီညီညွတ်ညွတ် ဆောင်ရွက်ကြပါသည်။ ရွာတွင် စုပေါင်းဘုံကထိန်ကိုလည်း နှစ်စဉ်စည်ကားစွာ ကျင်းပပါသည်။ ယခုနှစ် ရွာကထိန်ကို ရန်ကုန်က ကထိန်ဒါယကာခံကာ လှူဒါန်းသည်ဟုသိရပါသည်။ အိမ်ခြေ ၈၀ မျှသာရှိသော ရွာငယ်လေးပင်ဖြစ်စေကာမူ အလှူရေစက် လက်နှင့်မကွာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြပါသည်။ ရွာလယ်ရှိ ညောင်ပင်ကြီးတွင် ကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းပွဲကို ရွာလုံးကျွတ် ကျင်းပကြပါသည်။ သပြေပန်းနှင့် ရေချမ်းအိုးကိုင်ကာ 'ဇယန္တော ဗောဓိယာ မူလေ' အစချီသော ဘုရားစာရွတ်ဖတ်သံသည် အဝေးကပင် နာကြားရပါသည်။ ရွာတွင် စာကြည့်တိုက်၊ ဆေးပေးခန်း၊ အထက်တန်းကျောင်း စသည်ဖြင့်လည်း ရွာကျက်သရေကို ဆောင်နေပါသည်။

ကျွန်ုပ်ရောက်ခိုက် လူငယ်များက ရွာ၏လုပ်ငန်းများကို ပြောပြပါသည်။ ရွာတာလမ်းမှ ရွာထဲအထိ ကားလမ်းဖောက်လုပ်ပြီးပါပြီ။ ဆေးပေးခန်းမှ ကျန်းမာရေးမှူးကလည်း ကာကွယ်ရေး၊ ကုသရေး၊ ဆေးဝါးပြည့်စုံရေးအတွက် လိုလေသေးမရှိအောင်ဆောင်ရွက်ထားပါသည်။ ကျန်းမာရေးသာမက လူငယ်များ စာကြည့်တိုက်အသုံးချရေး၊ နေ့စဉ်စာဖတ်ဝိုင်းများလုပ်၍ စာပေဆွေးနွေး ကြသည်ကိုလည်း ကြပ်မတ်ပေးပါသည်။ ရွာ၏ အထက်တန်းကျောင်းမှလည်း နှစ်စဉ်အောင်ချက် တိုးတက်လာသည်ဟုသိရသဖြင့် ဝမ်းသာရသည်။ ယခုနှစ်တွင်လည်း တက္ကသိုလ်

ဝင်တန်း ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်ကို ရွှေဘိုကျောင်းတိုက်တွင် စုပေါင်း၍ စာကျက်ဝိုင်းများ ပြုလုပ်ပေးပါသည်။ ညလုံးပေါက် မီးစက်မောင်း၍ ကြောင့်ကြမှုမရှိရအောင် ကူညီပါသည်။

ကျွန်ုပ်ရောက်ခဲ့သော မွေးရပ်မြေရေလဲရွာလေးသည် စည်းလုံးညီညာခြင်းကြောင့် ကျန်းမာရေး၊ ပညာရေးနှင့် ရပ်ရွာတိုးတက်ရေး စသည်တို့တွင် အောင်မြင်နေပါပြီ။ 'မကောင်းမှုရှောင် ကောင်းမှုဆောင်'ဟူသော စိတ်ထားမျိုးကို မွေးမြူလေ့ကျင့်ရင်း စိတ်ထားကောင်းသည့်လူငယ်များဖြစ်နေကြလေပြီ။ အမိဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းပေါ်တွင်ရှိသော ရေလဲရွာလေးတွင် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်ဖြစ်လာမည့် လူငယ်များစွာပေါ်ထွန်းလာမည်ဟု မျှော်လင့်ယုံကြည်မိပါသည်။ ။

**လမ်းလျှောက်ခြင်းအကျိုး**

- ကျန်းမာကြံ့ခိုင် တို့မဏ္ဍိုင်
- ရောဂါကင်းဝေး အသက်ရှည်ဆေး
- ရုပ်ပျို ကိုယ်နုလမ်းလျှောက်မှု
- လောကီလောကုတ္တရာကောင်းကျိုးအဖြာဖြာ
- လမ်းလျှောက်ဖို့သာ အရေးကြီးဆုံးပါ

## လမ်းလျှောက်ခြင်းအကျိုး

'ကျန်းမာကြံ့ခိုင် တို့မဏ္ဍိုင် မယိုင်လဲစေဖို့ လမ်းလျှောက်ခြင်းဖြင့် တည်ဆောက်စို့' ဟူသော ဆောင်ပုဒ်သည် လမ်းလျှောက်ခြင်း၏အကျိုးကို ပေါ်လွင်စေပါသည်။ လူသားအားလုံးအတွက် အရေးကြီးဆုံးအရာသည် ကျန်းမာကြံ့ခိုင်ခြင်းပင်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သောလူတစ်ဦးဖြစ်ရန် လမ်းလျှောက်ခြင်းဖြင့် တည်ဆောက်နိုင်ပါသည်။

ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်အရွယ် လူ့ဘဝသို့ စတင်ဝင်ရောက်စအခါတွင် အူဝဲ၊ အူဝဲဟူသော ဘာသာစကားကို အော်ဟစ်ရင်း လူ့ဘဝ စတင်ခဲ့ပါသည်။ မွေးကင်းစကလေးဘဝမှသည် မှောက်နိုင်သည်၊ လေးဘက် တွားသွားသည်၊ ထိုင်နိုင်သည်၊ တစ်နှစ်သားအရွယ်ခန့်တွင် စတင်၍ မတ်တတ် ရပ်နိုင်ပေပြီ။ မတ်တပ်ရပ်နိုင်စကလေးငယ်လေး လှည်းကလေးအတွင်းထား၍ ခြေလှမ်းတတ်ရန် လေ့ကျင့်ပေးပါသည်။ ကလေးကို လက်နှစ်ဖက်မှတွဲ၍ တစ်လှမ်းချင်းလှမ်းနိုင်ရန် ဖေးကူပါသည်။

လမ်းလျှောက်တတ်ခါစတွင် မကြာခဏ လဲတတ်သည်။ ခလုတ်တိုက် တတ်သည်။ သို့သော် သဘာဝတရားက လူသားတစ်ဦးအဖြစ် ကြံ့ကြံ့ခိုင်ခိုင် လမ်းလျှောက်နိုင်ရန် ဖေးမသောအခါ လျင်မြန်သွက်လက်စွာ လျှောက်နိုင်သော ကလေးဘဝကို ပိုင်ဆိုင်သွားပါပြီ။ မသေမချင်း လိုရာသွင်းနိုင်ရန် ခြေအစုံကို အားပြုလမ်းလျှောက်ရသည်။ အားပြုရသည့်ခြေအစုံသည် မြဲမြံရန်လိုသည်။ ကြံ့ခိုင်ရန်လိုသည်။ မြဲမြံကြံ့ခိုင်ရန်အတွက် လိုအပ်ချက်မှာလည်း လမ်းလျှောက်ခြင်းပင်ဖြစ်ပါသည်။

လမ်းလျှောက်ခြင်းသည် အသက်ရှည်ဆေးတစ်လက်ဟု ဆိုနိုင်ပါသည်။ **'စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက် ကြပါစို့'** ဟူသော

ဆော်ညြသံဖြင့် ဒီဇင်ဘာဆောင်းကာလတွင် လူထုလမ်းလျှောက်ပွဲများ ဆင်နွှဲကြသည်။ ဒီဇင်ဘာလ တစ်လသာလမ်းလျှောက် လေ့ကျင့်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောဘဝကို အမြဲထာဝရမရနိုင်ပါ။ လမ်းလျှောက်လေ့ကျင့်ခန်းကို နေ့စဉ်လုပ်သင့်ပါသည်။ ဆီးချိုရောဂါသည်တစ်ဦးအတွက် အချိုရည်တစ်ပုလင်းသောက်လျှင် နှစ်မိုင်ခရီးကို လမ်းလျှောက်ရမည်ဟု ဆရာဝန်ကြီးတစ်ဦး၏ လမ်းညွှန်ချက်ကို ကြားဖူးပါသည်။ ဆီးချိုဝေဒနာရှင်များအတွက် အစားရှောင်ရန် လိုအပ်သကဲ့သို့ နေ့စဉ် တစ်နာရီလမ်းလျှောက်ရန်လည်း လိုအပ်ပါသည်။

အသက် (၉၀)ကျော်မှ ကွယ်လွန်သွားသော သိပ္ပံမျိုးတင်သည် လမ်းလျှောက်ရန် လိုအပ်ကြောင်း ဟောပြောပါသည်။ အဆုတ်ကျန်းမာဖို့ ဆေးလိပ်မသောက်ရန် လမ်းညွှန်သကဲ့သို့ နှလုံးအားကောင်းနေသော်လည်း ပုံမှန် လမ်းလျှောက်လေ့ကျင့်ခြင်းဖြင့် သက်တမ်းရှည်နိုင်ကြောင်း သိပ္ပံမျိုးတင်၏ ကိုယ်တွေ့ဖြစ်ရပ်ကို နာကြားဖူးပါသည်။

ယခုခေတ် လူကြီးပိုင်းအများစုမှာ ဒူးနာရောဂါသည်များ ဖြစ်ကြပါသည်။ ဒူးနာနေသော်လည်း တတ်နိုင်သမျှ လမ်းလျှောက်ပေးရန်လိုအပ်ကြောင်း ဆရာဝန်များက ညွှန်ကြားပါသည်။ လမ်းမလျှောက်လျှင် ကြွက်သားများ၊ အရိုးများ မသန်မာတော့ဘဲ ကြာလျှင် ထိုင်ရာမှပင် မထနိုင်တော့ကြောင်း သိမှတ်ရပါသည်။

စင်္ကြံအကျိုးဟူ၍ မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းများကို ဟောကြားထားပါသည်။ တရားအားထုတ်ဆဲ ယောဂီများအိပ်ချင်လျှင် လမ်းလျှောက်ပါ။ အိပ်ချင် ပြေပါသည်။ ဆက်လက်၍ တရားရှုမှတ်နိုင်ပါသည်။ လမ်းလျှောက်ခြင်းဖြင့် ဝမ်းမီးကောင်း၍ အစာကြေညက်နိုင်ပါသည်။ ဝမ်းတစ်လုံးကောင်းသူသည် ကျန်းမာသည်။ သွေးလေလည်ပတ်ပါသည်။ နံနက်ခင်းလေပြည်လေညင်းကို ရှူရသောကြောင့် ကိုယ်စိတ်နှစ်ပါး လန်းဆန်းပါသည်။ ငွေနှင့်ဝယ်ယူ၍မရနိုင်သော အကျိုးဟု ဆိုချင်ပါသည်။

နေ့စဉ် လမ်းလျှောက်လေ့ကျင့်သူသည် လမ်းမလျှောက်သူထက် ကျန်းမာရေးပိုကောင်း၏။ အသားအရေစိုပြည်၏။ တက်ကြွသောဟန်၊ သွက်လက်သောအမူအရာရှိ၏။ ကိုယ်ရည်ကိုယ်သွေးကောင်းသူဖြစ်၏။ တိတ်တဆိတ် လူသတ်သမားဟုခေါ်ဆိုနိုင်သော ဆီးချို၊ သွေးတိုးရောဂါ ရှိသူများသည်ပင် ဆေးကိုလည်းမှီဝဲရမည်။ လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းကို လည်း နေ့စဉ်လုပ်လျှင် သက်တမ်းရှေနိုင်ပါသည်။ လမ်းလျှောက်ခြင်းသည် ကျန်းမာကြံ့ခိုင်ရုံမျှမကပါ။ လူမှုဆက်ဆံရေးတွင်လည်း အပေါင်းအသင်းများ ပါသည်။ နံနက်စောစော လမ်းလျှောက်ရင်း မရင်းနှီးသူများပင်

ဖြစ်လင့်ကစား 'မင်္ဂလာပါ' ဟု နှုတ်ဆက်ကြပါသည်။

ကျွန်ုပ်အတွက်မူ လမ်းလျှောက်ခြင်းသည် ကျန်းမာကြံ့ခိုင်သော အကျိုးကို ပေးသည်သာမကပါ။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟုပင် မှတ်ယူချင်ပါသည်။ နံနက်စောစော လမ်းလျှောက်လျှင် ဦးဝိစာရလမ်းကြောင်းကို ရွေးချယ်ပါသည်။ တောင်မှမြောက်သို့ ဦးတည်၍ ဂုဏ်တော်ပွားရင်း လျှောက်ပါသည်။ ဘုရားအာရုံပြုပါသည်။ ရွှေတိဂုံစေတီတော်၏ ငှက်မြတ်နားမှသည် ထီးတော်၊ ငှက်ပျောဖူး၊ ဖောင်းရစ်တော် စသည်ဖြင့် ရွှေတိဂုံဘုရားနှင့် နီးလာလေလေ ပစ္စယံအဆင့်ဆင့်တိုင်း ဖူးမြော်ရပါသည်။ ကျန်းမာရုံသာမကပါ။ နိဗ္ဗာန်မျက်မှောက်ပြုနိုင်သည့် ကုသိုလ်အကျိုးပေးကိုလည်း ရနိုင်ပါသည်။

ထို့ကြောင့်ပင် လူသားတိုင်း မိမိပိုင်ဆိုင်ထားသော ခြေအစုံကို အကျိုးရှိအောင် အသုံးချရန် အထူးလိုအပ်ပါသည်။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာဟူသော ကောင်းကျိုးအဖြာဖြာကို လမ်းလျှောက်ခြင်းဖြင့် ရယူနိုင်ပေသည်။ လမ်းလျှောက်ခြင်းကပင် လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးဆုလာဘ်ကြီးကို ပေးအပ်ပေလိမ့်မည်ကား အမှန်ပင်တည်း။ ။

အရှေ့ဏ်ဦးမြင်ကွင်း

- နေ့၏အစ
- သမုဒ္ဒရာဝမ်းတစ်ထွာ
- အရှေ့ဏ်ဦးကပေးသောကုသိုလ်
- အရှေ့ဏ်ဦးအကုသိုလ်မြင်ကွင်း
- ကြည်နူးဖွယ်အာရုံဦး

## အရှေ့ဏ်ဦးမြင်ကွင်း

မြန်မာနိုင်ငံ၏ နွေ၊ မိုး၊ ဆောင်းဟူသော သုံးရာသီစလုံးပင် သူ့အလှနှင့်သူ ကြည်နူးဖွယ်၊ ပျော်ရွှင်ဖွယ်၊ လွမ်းမောဖွယ်ပင်တည်း။ ထို့အတူ တစ်နေ့ဝင်ပြီး တစ်မိုးသောက် နေ့သည်သာရာအခါတွင် နေ့၏အစ အရှေ့ဏ်ဦးအချိန်သည် ခံစားမှု အဖုံဖုံကို ပေးစွမ်းနိုင်သော ကာလဟုဆိုချင်ပါသည်။

ကျွန်ုပ်မမေ့နိုင်သောဖြစ်ရပ်တစ်ခု အရှေ့ဏ်ဦးမြင်ကွင်းကို ပြန်ပြောင်း သတိရ မိပါသည်။ အာရောဂျံ ပရမ်လာဘ်ဟူသော ဆောင်ပုဒ်အတိုင်းပင် ကျွန်ုပ်သည် ကျန်းမာရေးကို ဂရုစိုက်သူဖြစ်ပါသည်။ နံနက် ၄ နာရီခွဲခန့်တွင် အိပ်ရာထ၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုးသည်။ ထို့နောက် အားကစား ဝတ်စုံဝတ်ပြီး လမ်းပေါ်ရောက်ပါပြီ။ ရန်ကုန်အနောက်ပိုင်း ဘုန်းကြီး လမ်းမှစ၍ မိုလ်ချုပ်လမ်းအတိုင်း အရှေ့ဘက်သို့ဦးတည်၍ လျှောက်သည်။ လမ်းလျှောက်၍ အရှိန်ရလာလျှင် ခပ်ရွရွပြေးပါသည်။ မောလာလျှင် အသက်ပြင်းပြင်းရှူသွင်း၊ ရှူထုတ်လုပ်၍ အမောဖြေသည်။ အမောပြေလျှင် လမ်းသွက်သွက် လျှောက်သည်။ မိုလ်ချုပ်လမ်းမှသည် လမ်းမတော် ဆေးကျောင်းရောက်လျှင် ကွေ့၍ မြောက်ဘက်သို့ ဦးတည်ကာ ဆက်လျှောက်သည်။ စစ်ဆေးရုံ(၁)ဘေးမှသည် ဦးဝိစာရလမ်းပေါ် ရောက်လျှင် ရွှေတိဂုံဘုရားကြီး သို့ဦးတည်၍ ဆက်လျှောက်ပါသည်။

တစ်နေ့သော် ဦးဝိစာရလမ်းသို့မရောက်မီပင် ကျွန်ုပ်အတွက် ဆန်းသစ်သော အသံနှင့်မြင်ကွင်းများကို ကြုံလိုက်ရပါသည်။ ဖခင်နှင့်သားအရွယ် ယောကျ်ား နှစ်ယောက်သည် အရှေ့ဏ်ဦးတွင် လမ်းလျှောက်ခြင်း လည်းမဟုတ်၊ ပြေးခြင်းလည်း မဟုတ်။ သစ်ပင်အုပ်ကြီးပေါ်သို့မော့ကြည့်လျက် ဖခင်က သားကိုညွှန်ပြနေသည်။ ဖခင်ဟုထင်ရသူအနီးသို့ ကျွန်ုပ်ရောက်သောအခါ သစ်ပင်အုပ်ဆီသို့ မော့ကြည့်ရုံမျှ

မက လက်ထဲတွင်လည်း ကြိုးတစ်ချောင်းကို ကိုင်ဆွဲလျက် ရှေ့တိုးနောက်ဆုတ် အလုပ်များနေပါသည်။ ထိုအချိန်တွင်ပင် သစ်ပင်အုပ်ကြီး၏ အကိုင်းအခက် အရွက်များကြားမှ ကျီးငှက်များစွာတို့၏ အော်သံကို ကြားလိုက်ရပါသည်။ ချောက်ချားစွာပင် ထိတ်လန့်စွာအော်နေသော ကျီးသံတို့သည် ထက်ဝန်းကျင် တစ်ဝိုက်တွင် စီစီညံလျက်။ ကျီးငှက်တို့သည် အစာကိုမြင်သည့်အခါ အစာရှိရာသို့ ပျံဝဲလာပြီး မစားသေးဘဲ ရှေ့နောက်ဝဲယာ ကြည့်သည်။ အစာကိုမစားဘဲ ရန်သူရှိ၊ မရှိအကဲခတ်သည်။ ရန်သူကိုမတွေ့ရမှ အဖော်ကျီးငှက်များကို အသံပေးအချက်ပြ သည်။ ထိုအခါမှ အခြားအဖော် ကျီးငှက်များသည် အစာရှိရာသို့ပျံဝဲလာပြီး သူ့ထက် ငါဦးအောင် အလုအယက် အစာကို ချီသုတ်ပြီး ပျံသန်းကြလေ့ရှိသည်။

ယခု ကျွန်ုပ်ကြားလိုက်ရသော ကျီးတစ်အုပ်၏အသံသည် ကြည်နူးဖွယ် မဟုတ်ပါ။ အစာမြင်၍ အချက်ပေးအော်သံမဟုတ်ပါ။ ထိတ်လန့်ကြောက်ရွံ့သဖြင့် အော်မြည်ကြသည့်အသံဖြစ်ပါသည်။ ထိုအချိန်တွင် ဖခင်နှင့်တူသောလူကြီးက သားဖြစ်သူကို 'ကြိုးကိုမြန်မြန်ဆွဲဟ' ဟုပြောကာ သူကိုယ်တိုင်လည်း ကြိုးစကို အလျင်အမြန်ဆွဲနေပါသည်။ အရုဏ်ဦးအလင်းရောင် မှုန်ပျပျထဲတွင် ကျွန်ုပ်လည်း စိတ်မချမ်းသာစွာ နားလည်လိုက်ပါသည်။ ထိုသားအဖနှစ်ဦးမှာ သမုဒ္ဒရာ ဝမ်း တစ်ထွာအတွက် အကုသိုလ်လုပ်ငန်းကြီးကို လုံ့လထုတ်နေကြသည်ဟု သဘော ပေါက်မိပါသည်။ ကျီးတို့ကို ပိုက်ထောင်၍ ဖမ်းနေကြခြင်း ဖြစ်ပါသည်။ မြို့ပြ၏ အရုဏ်ဦးမြင်ကွင်းတစ်ခုမှာ ကျွန်ုပ်၏နှလုံးသားကို သံမှိုကြီးကြီးနှင့် ရိုက်နှက်လိုက် သကဲ့သို့ပင်။

ကျွန်ုပ်လည်း ဦးဝိစာရလမ်းဘက်သို့ဦးတည်၍ ခပ်ရှုရှုပြေးရင်း 'ဥတ်ဒ် မောနင်း'၊ 'ဥတ်ဒ်မောနင်း' ဟု မိမိကဲ့သို့ လမ်းလျှောက်သူများကို သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ နှုတ်ဆက်လေ့ရှိပါသည်။ လက်များကို ဆေ့ရမ်း၍ ပြန်လည်နှုတ်ဆက် ကြပါသည်။ မင်္ဂလာနံနက်ခင်းဟု နှုတ်ဆက်သံကြားရတိုင်း ကြည်နူးမိပါသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အဝေးဆီကပင် လှမ်းမြင် ဖူးမြော်နိုင်ပါသည်။ ဦးဝိစာရလမ်းတစ်လျှောက် အပြေးလျှောက်ရင်း လက်အုပ်ချီမိုး ရှိခိုးလိုက်ပါသည်။ သိင်္ဂုတ္တရ ကုန်းမြင့်ပေါ်တွင် စေတီတော်မြတ်ကြီးကို ရွှေတောင် ကြီးအလား ဝင်းဝါတောက်ပစွာ လှမ်းမြင်ရသည်။ မီးရောင်၊ ရွှေရောင်တို့ဖြင့် ပတ်ဝန်းကျင်ကောင်းကင်ကြီးသည်လည်း အရုဏ်ဦးအချိန် ဖြစ်လင့်ကစား လင်းထိန် နေပါသည်။ ရတနာရောင်တို့ လင်းလက်နေသော ငှက်မြတ်နားတော်၊ ထီးတော်၊ ဖောင်းရစ်တော်၊ ကြာမှောက် ကြာလှန်ခေါင်းလောင်းပုံ၊ ပစ္စယာ အဆင့်ဆင့်တို့ဖြင့်

လူတစ်ရစ်၊ နတ်တစ်ရစ် တည်ထားသည့်အလား လက်ရာတို့မှာ အံ့ဖွယ်၊ ဂုဏ်ယူဖွယ် ကျက်သရေဆောင်သည့် မြန်မာ့အလုတစ်ပါးပင်။ ဗုဒ္ဓသာသနာထွန်းကားခဲ့ရာ အမှတ်တံဆိပ်အဖြစ် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပါပြီ။ နံနက်အရုဏ်ဦးတွင် ရေသပ္ပာယ်သူများဖြင့် သက်ဆိုင်ရာ မွေးနံ့ထောင့်ဂြိုဟ်တိုင်များတွင် စည်ကားနေပေလိမ့်မည်။ အရုဏ်ဆွမ်းကပ်ရန် ဆွမ်း၊ သစ်သီး၊ ရေချမ်းတို့ဖြင့် ပူဇော်ရှိခိုး နေကြပေလိမ့်မည်။ ဘုရားကို အဝေးမှဖူးမြော်ရင်း ရင်မြင်ပေါ်မှ အရုဏ်ဦးအလှုပြုသူများကို အတွေးဖြင့် မြင်ယောင်မိပါသည်။ နှလုံးစိတ်ဝမ်းအေးချမ်းလေစွ။

ကျေးလက်၏ အရုဏ်ဦးတွင် ရွာဦးဘုန်းတော်ကြီးကျောင်းဆီက အုန်းမောင်းခေါက်သံကို ကြားရသည်။ ရွာနားနီးရွာများမှလည်း အုန်းမောင်းခေါက်သံကို ကြားရသည်။ 'အိပ်ရာမှထကြလော့'ဟု ဆော်ဩသည့်အလား အိပ်ရာမှထကြသည်။ မီးဖိုသို့သွား၍ မီးမွေးသည်။ ပြီးမှ မျက်နှာသစ်သည်။ မီးအရှိန်ရသည်နှင့် ရေနွေးတည်သည်။ ပြီးလျှင် ဆွမ်းတော်ကပ်ရန် ထမင်းချက်သည်။ ထမင်းအိုး ငှဲ့ရမည့်အချိန်တွင် ငါးပါးသီလခံယူပြီးနှင့်သည်။ ပြီးမှ ဆွမ်းပွဲပြင်၍ ဆွမ်းတော်ကပ်သည်။ ပန်း၊ ရေချမ်း၊ ဆီမီး မြိုင်မြိုင်ဆိုင်ဆိုင်။ ထို့နောက် မေတ္တာပို့သံ၊ အမျှဝေသံ၊ ကြေးစည်တီးသံတို့ကို ကြားရမြဲ။ အရုဏ်ဆွမ်းလောင်းရန်အတွက် ညဦးကချက်ထားသော ဆွမ်းဟင်းတို့ကို အသင့်ပြင်ထားသည်။ ကုသိုလ်ဖြင့် နေ့တစ်နေ့၏အရုဏ်ဦးကို အစပြုကြသောကျေးလက် အလေ့အကျင့်ကို သာခုခေါ်မိသည်။

ရွာ၏ကမ်းနားပိုင်းတွင် နေထိုင်ကြသော တံငါလုပ်သည့် သားအဖနှစ်ဦးသည် ညသန်းခေါင်ယံမှ အရုဏ်တက်အထိ မြစ်ပြင်တွင် ညဦးကချထားသော ငါးပိုက်တွင်းသို့ ငါးတိုးမတိုး စောင့်နေကြသည်။ လှေဦးတွင်တစ်ယောက်၊ လှေပဲ့တွင်တစ်ယောက်၊ တစ်ခါတစ်ရံ ရေတိမ်ပိုင်းတွင် သမီးဖြစ်သူက လက်နှိပ်ဓာတ်မီးနှင့် မီးထိုးပြသည်။ ဖခင်ဖြစ်သူက ငါး၏ဦးခေါင်းပိုင်းကိုချိန်၍ မှိန်းနှင့်ထိုးသည်။ ထိသည့်အခါလည်းထိ၏။ လွတ်သည့်အခါလည်း လွတ်၏။ ကျွန်ုပ်သည် သမီးဖြစ်သူနှင့်တွေ့လျှင် ငါးမဖမ်းတော့ဘဲ အခြားသမာအာဇီဝအလုပ်များ လုပ်ပါဟု ပြောဖူးပါသည်။ ဈေးရောင်း၍ စီးပွားရှာရန် အကြံပေးခဲ့ပါသည်။ သမီးဖြစ်သူသည် အမြဲ ခေါင်းကိုက်ကာ နားထင်နှစ်ဖက်လုံးတွင် ဆေးလူးထားသည်ကို တွေ့ရပါသည်။ 'သမီးတို့ ငါးကိုမှိန်းနဲ့ထိုးတာလေ'ဟု သတိပေးလိုက်ပါသည်။ သားအဖနှစ်ဦးသည် အရုဏ်တက်ချိန်တွင် လှေဆိပ်မှရွာဆီသို့ ပြန်လာနေပါသည်။ သမီးဖြစ်သူမှာ ငါးနှစ်ကောင်ကိုဆွဲ၍ ဖမ်းမိသောငါးများကို အဝယ်ဒိုင်မှာ ရောင်းပြီး ဖခင်ဖြစ်သူ

မှာ ပိုက်ကိုထမ်း၍ ပြန်လာကြပါပြီ။ အိမ်အနီးရောက်လျှင် 'အမေရေ အဖေနဲ့အစ်မ ပြန်လာကြပြီ' ဟူ၍ ဝမ်းသာအားရ ကြိုဆိုသံ ကြားရသည်။ 'အငယ်မရေ ဒီနေ့ ငါးဟင်းချက်မယ်။ ဆွမ်းလောင်းဖို့ ငါးကြီးမိလာတယ်' ဟု ဝမ်းသာအားရ ပြောသံပင် ဖြစ်လင့်ကစား ရွှေနိုင်ကဲ့ ဝမ်းမသာနိုင်ပါ။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အလုပ်ရွေးချယ်ခွင့် မရနိုင်သော ဘဝအကျိုးပေး ပိုင်ဆိုင်သူများပင်တည်း။ -

နေ့သစ်၏ အရုဏ်ဦးအလင်းရောင်သည် ကျေးလက်မြို့ပြ ခွဲခြားမှုမရှိဘဲ အလင်းသစ်ကို ပေးမြဲပေးပါသည်။ ကျေးလက် မြို့ပြကွဲပြားလင့်ကစား ကုသိုလ်ပြုသူကပြု၏။ အကုသိုလ်ပြုသူက ပြုမြဲပြု၏။ သမုဒ္ဒရာဝမ်းတစ်ထွာကို အကြောင်းပြု၍ ငှက်ထောင်၏။ ငါးဖမ်း၏။ ကံ၊ ကံ၏အကျိုးကို မစဉ်းစားမိ။ ငရဲကိုကြောက်ဖို့ သတိမရ မေ့နေ၏။ နေ့သစ်၏အရုဏ်ဦးမှာပင် ငါးပါးသီလ ဆောက်တည်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်သူကကပ်၏။ အရုဏ်ဆွမ်းလောင်း၏။ ထိုသို့သောကုသိုလ်တို့ဖြင့် ထုံမွှမ်းနေသူများအတွက် နေ့သစ်ပေါင်းများစွာ၊ အရုဏ်ဦးပေါင်းများစွာကို ကြည်နူးပျော်ရွှင်စွာ ရင်ဆိုင်နိုင်ကြပေလိမ့်မည်တည်း။ ။